ပခုက္ကူမြို့

မဟာဝိသုဒ္ဓါရာမတိုက် …ချုပ်ဆရာတော်

# အရှင်ဇေကာလာဘသ

[ဓမ္မာစရိယ၊ …ါစကာ၊ ဘိ•ဓ… ဂုဏ်ထူး)]

ရေးသားစီရင်တော်မူအပ်သည့်

ဝိနိစ္ဆယ အဖုံဖုံ ဗဟုသုတမျိုး… တို့ဖြင့်

မွမ်းခြယ်စုံလင် တန်းဆာဆင်အပ်သော

# ပခုက္ကူ
# အဘိဓာန်ကိုသ…သစ်

စာချ, စာသင်, မာ…, ကျမ်းပြု, စာ…ပ သုတေသီများအတွက်

အဘိဓာနက္ခရာဝလ နှင့် လက္ခိတဥပဒါဝလိများ ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ စက်တင်ဘာလ ၁၉၇၉

6412

၁၉၄၈၂

ပခုက္ကူမြို့
မဟာဝိသုတာရာမတိုက် စာချဆရာတော်

**အရှင်ကေလာသ**

[ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီ-အေ (ဂုဏ်ထူး)]

ရေးသားစီရင်တော်မူအပ်သည့်

ငံနိဿယ အဖုံဖုံ ဗဟုသုတမျိုးစုံ တို့ဖြင့်

မှုန်းခြယ်စုံလင် တန်းဆာဆင်အပ်သော

# ပခုက္ကူ
# အဘိဓာန်နိဿယသစ်

စာချ, စာသင်, စာပွဲဝင်, ကျမ်းပြု, စာပေ သုတေသီများအတွက်
အဘိဓာနက္ခရာဝလိ နှင့် လက္ခိတဋ္ဌပဒါဝလိများ ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ စက်တင်ဘာလ ၁၉၇၉

# ပဒုက္ကူအဘိဓာန်နိဿယသစ်

ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း စာအုပ်ရေ-၃၀၀၀၊ ၁၉၇၉။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# မခုဏ္ဍူ အဘိဓာန်နိဿယသစ်

# ကျမ်းဦးမှတ်ဖွယ်

---

## နက်နဲခက်ခဲသော ပိဋကသုံးပုံ နိကာယ်ငါးရပ်

ဘုရားမြတ်စွာ လေးဆယ့်ငါးဝါတိုင်ပတ်လုံး ဟောကြားတော်မူအပ်သော ဒေသနာတော်သည် ဝိမုတ္တိရသ၏ အစွမ်းအားဖြင့် ၁-ပါး၊ ဓမ္မ, ဝိနယ၏ အစွမ်းအားဖြင့် ၂-ပါး၊ အစ, အလယ်, အဆုံး စကားတော်၏ အစွမ်းအား ဖြင့် ၃-ပါး၊ ပိဋက၏ အစွမ်းအားဖြင့် ၃-ပါး၊ နိကာယ်၏ အစွမ်းအားဖြင့် ၅-ပါး (၅–ရပ်)၊ အင်္ဂါ၏ အစွမ်းအားဖြင့် ၉-ပါး (၉–တန်)၊ ဓမ္မက္ခန္ဓာ၏ အစွမ်းအားဖြင့် ၈-သောင်း ၄-ထောင် အရေအတွက်ရှိ၏။

ထို ဘုရားရှင့်ဒေသနာတော်ဟူသော ပိဋက ၃-သွယ် နိကာယ် ၅-ရပ်သည် ပါဠိ, အနက်, ဟောပြောမှု, ထိုးထွင်း၍သိမှု အားဖြင့် လွန်စွာ နက်နဲ ခက်ခဲလှပေ၏။ မြစ်ပြင်ကျယ်နှင့် ပင်လယ်သမုဒ္ဒရာကို လှေ,သင်္ဘော မပါပဲ ကူးခပ် သက်ဝင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ပိဋက ၃-သွယ် နိကာယ် ၅-ရပ် သမုဒ္ဒရာ အတွင်းသို့လည်း ဗျာကရုဏ်းကျမ်း, ကောသကျမ်း, ဆန်းကျမ်း, အလင်္ကာ ကျမ်းဟူသော လှေ,သင်္ဘော ကင်းလျက် သက်ဆင်းရန်, ကူးခပ်ရန်, သွား လာရန်, ကျက်စားရန် မလွယ်ကူချေ။

## ကျမ်း ၄ ကျမ်းတတ်မြောက်မှ ကူးခပ်နိုင်

ဖော်ပြပါ ဗျာကရုဏ်းကျမ်းခေါ်သော သဒ္ဒါကျမ်းများ, ကောသခေါ် အဘိဓာန်ကျမ်း, အလင်္ကာကျမ်း, ဆန်းကျမ်းတို့ကို ပါရဂူရောက် တတ် မြောက်ပါမှ ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ် ကျမ်းပင်လယ်ကို အလွယ်တကူ ကူးခပ်သက်ဝင်နိုင်ပေသည်။

ဗျာကရုဏ်းခေါ် သဒ္ဒါကျမ်းများဖြင့် အက္ခရကောသလ္လဉာဏ် ရင့်သန် တိုးတက်မှုကို ရရှိစေနိုင်၏။ ကောသခေါ် အဘိဓာန်ကျမ်းဖြင့် ပဒကောသလ္လ- ဉာဏ်ကို ရရှိစေနိုင်၏။ အလင်္ကာကျမ်းဖြင့် စုဏ္ဏိယအဖွဲ့, ဂါထာအဖွဲ့, ကဗျာ

အဖွဲ့တို့၌ လုပချော‌ပြေအောင် ဖွဲ့ဆိုသီကုံးနိုင်သော ဉာဏ်ရည် ဉာဏ်သွား စွမ်းပကားကို ရရှိစေနိုင်၏။ ဆန်းကျမ်း‌ဖြင့် ဂါထာမျိုးစုံကို အပြစ်ကင်းစွာ စံနစ်တကျ ပြောင်ပြောင်မြောက်မြောက် ရေးသားနိုင်သော ဉာဏ်ရည် ဉာဏ်သွားကို ရရှိစေနိုင်သည်။

ထို့ကြောင့် အရှင်သံဃရက္ခိတမထေရ်က—

> ယော သဒ္ဒသတ္ထကုသလော ကုသလော နိဃဏ္ဍု·
> ဆန္ဒောအလင်္ကာရ်ဘိသု နိစ္စကတာ’ ဘိယောဂေါ။
> သော’ ယံ ကဝိတ္တဝိကလောပိ ကဝီသု သင်္ချ·
> မောဂ္ဂယှ ဂိန္ဒတိ ဟိ ကိတ္တိ’ မမန္ဒရူပံ—

ဟု သုဗောဓာလင်္ကာရ။ ၁၆၃-၌ မိန့်ဆိုတော်မူခဲ့သည်။

ပေါ်ထွန်းခဲ့သော သက္ကတအဘိဓာန် ၁၉၂-ကျမ်း

ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို ကူးခပ်သက်ဝင်ရာ၌ ကောသကျမ်း ခေါ် အဘိဓာန်သည် အရေးပါအရာရောက်သကဲ့သို့ သက္ကတဘာသာကို ကူးခပ်ရာ၌လည်း အဘိဓာန်သည် အရေးပါ အရာရောက်လှ၏။ သို့ဖြစ်၍ ရှေးဦးမဆွ ခေတ်ဦးပိုင်းကပင် သက္ကတပညာရှင်တို့သည် သက္ကတအဘိဓာန် တို့ကို ရာဂဏန်းနှင့်ချီ၍ ရေတွက်နိုင်လောက်အောင် ပြုစီရင်ခဲ့ကြကုန်၏။ ယင်းသက္ကတအဘိဓာန်ကျမ်းတို့ကို အဘိဓာန် သုတေသနပြုသူတို့နှင့် အဘိ ဓာန်သမိုင်း ရေးသူတို့ အကျိုးငှါ ဤကျမ်းဦးမှတ်ဖွယ်၌ သက္ကတမှတ်တမ်း များမှ လာသည့်အတိုင်း ထုတ်ပြဦးအံ့—

(၁) အမရသိံဟ ပြုစုသော နာမလိင်္ဂါနုသာသန (အမရ· ကောသ) အဘိဓာန်။ (၂) ကေသဝ ပြုစုသော ကလ္ပဒ္ဒုမ အဘိဓာန်။ (၃) ဒုဂ္ဂါဒါသ ပြုစုသော သဒ္ဒဏ္ဏဝ အဘိဓာန်။ (၄) ဓနဉ္စယ ပြုစုသော ပမာဏနာမမာလာ အဘိဓာန်။ (၅) ပုရိသုတ္တမဒေဝ ပြုစုသော တိကဏ္ဍသေသ အဘိဓာန်။ (၆) ပုရိသုတ္တမဒေဝပင် ပြုစုသော ဟာရာဝလိ အဘိဓာန်။ (၇) ပုရိသုတ္တမဒေဝပင် ပြုစု သော ဧကက္ခရကောသ အဘိဓာန်။ (၈) ပုရိသုတ္တမဒေဝပင် ပြုစု သော ဒွိရူပကောသ အဘိဓာန်။ (၉) ဘရတသေနမလ္လ ပြုစု

သော ဒိဋ္ဌိရူပကောသ အဘိဓာန်။ (၁၀) မဟိဒါသ ပြုစုသော မာတိကာ နိဿယ အဘိဓာန်။

(၁၁) မဟာကဿပ ပြုစုသော အနေကတ္ထဓနိမဉ္ဇရီ အဘိဓာန်။ (၁၂) မဟာဒေဝ ပြုစုသော အဗျယကောသ အဘိဓာန်။ (၁၃) မဟောသဓ ပြုစုသော ဝိဿပကာသ အဘိဓာန်။ (၁၄) မဟောသရပင် ပြုစုသော သဒ္ဒဘေဒပကာသ အဘိဓာန်။ (၁၅) မေဒိနီကရ ပြုစုသော နာနတ္ထမဉ္ဇရီ အဘိဓာန်။ (၁၆) ယာဒဝ ပြုစုသော ဝေဇယန္တီ အဘိဓာန်။ (၁၇) ဝရရုစိ ပြုစုသော လိင်္ဂဝိဓေသဝိဓိ အဘိဓာန်။ (၁၈) ဝေဏီဒတ္တ ပြုစုသော ပညာသဘာဝပကာသ (ပဉ္စာတတ္တပြကာဇ) အဘိဓာန်။ (၁၉) သန္တ ပြုစုသော နာနတ္ထသမုစ္စယ အဘိဓာန်။ (၂၀) သိဝဆုမ္မ ပြုစုသော ဂဏိတနာမမာလာ အဘိဓာန်။

(၂၁) ဟရိဒတ္တ ပြုစုသော ဂဏိတနာမမာလာ အဘိဓာန်။ (၂၂) ဟလာယုဓ ပြုစုသော အဘိဓာနရတနမာလာ။ (၂၃) ဟဿကိတ္တိ ပြုစုသော သာရဒီနာမမာလာ အဘိဓာန်။ (၂၄) ဟေမစန္ဒ ပြုစုသော အနေကတ္ထသင်္ဂဟ အဘိဓာန်။ (၂၅) ဟေမစန္ဒပင် ပြုစုသော အဘိဓာနစိန္တာမဏိ။ (၂၆) ဟေမစန္ဒပင် ပြုစုသော အဘိဓာနစိန္တာမဏိနာမမာလာ ပရိသိဋ္ဌ။ (၂၇) ဟေမစန္ဒပင် ပြုစုသော လိင်္ဂါနုသာသန အဘိဓာန်။ (၂၈) ဇိနဒေဝမုနီဿရ ပြုစုသော အဘိဓာနစိန္တာမဏိသိလောဉ္ဆ။ (၂၉) မဒနပါလ ပြုစုသော မဒနပါလနိဿယ အဘိဓာန်။ (၃၀) သိရိဓရ ပြုစုသော မုတ္တာဝလိ အဘိဓာန်။

(၃၁) ဒဏ္ဍာဓိနာထောပနာမဏ္ဍရုဂပ္ပ ပြုစုံသော ရတနမာလာ အဘိဓာန်။ (၃၂) အဇ္ဇပတိ ပြုစုသော သဒ္ဒသင်္ဂဟနိဿယ အဘိဓာန်။ (၃၃) အဇယပါလ ပြုစုသော နာနတ္ထသင်္ဂဟ အဘိဓာန်။ (၃၄) အပ္ပယာဒိခိတ္တ ပြုစုသော နာမသင်္ဂဟမာလာ အဘိဓာန်။ (၃၅) အမရသိံဟ ပြုစုသော ကောက္ခရနာမမာလာ အဘိဓာန်။ (၃၆) ကာလိဒါသ ပြုစုသော ပဿုတ္တာဒမဉ္ဇရီ အဘိဓာန်။ (၃၇) ကာသိနာထ ပြုစုသော သဒ္ဒဏ္ဏဝ အဘိဓာန်။ (၃၈) ကေသဝ

ပြုစုသော လဃုနိဿက္ကုသာရ အဘိဓာန်။ (၃၉) ခေမေန္ဒြာ ပြုစုသော လောကပကာသ အဘိဓာန်။ (၄၀) ဂဒသိံဟ ပြုစုသော အနေကတ္ထဓနိမဥ္စရီ အဘိဓာန်။

(၄၁) ဂေါပီနာထ ပြုစုသော သဒ္ဒမာလာ အဘိဓာန်။ (၄၂) ဂေါဝဒ္ဓန ပြုစုသော နာမမာလိ အဘိဓာန်။ (၄၃) ဂေါဝိန္ဒသမ္ဘ ပြုစုသော သဒ္ဒသာဂရ အဘိဓာန်။ (၄၄) ဧက္ကပါဏိဒတ္တ ပြုစုသော သဒ္ဒစန္ဒြိကာ အဘိဓာန်။ (၄၅) ဇဋ္ဌာဓရာစရိယ ပြုစုသော အဘိဓာနတန္တရ အဘိဓာန်။ (၄၆) ဇေမိနိ ပြုစုသော နိဃဏ္ဍု အဘိဓာန်။ (၄၇) နိတ္ထာသွာမိ ပြုစုသော ကောမလသင်္ဂဟ အဘိဓာန်။ (၄၈) တံဝိက္ကမာစရိယ ပြုစုသော ဂိဝါဏာဘူသန အဘိဓာန်။ (၄၉) ဒဏ္ဍနာထ (မဟာသက္ကရ) ပြုစုသော နာနတ္ထရတနမာလာ အဘိဓာန်။ (၅၀) ဒုဂ္ဂ ပြုစုသော နာမမာလာ အဘိဓာန်။

(၅၁) ဒေဝကီနန္ဒန ပြုစုသော ဝေဇယန္တ အဘိဓာန်။ (၅၂) ဓရဏိဿရ ပြုစုသော နာနတ္ထသမုစ္စယ အဘိဓာန်။ (၅၃) ဓမ္မရာဇ ပြုစုသော ကဝိဇီဝန အဘိဓာန်။ (၅၄) နက္ကိရကဝိ ပြုစုသော ဗာလပဗောဓိကာ အဘိဓာန်။ (၅၅) နန္ဒနဘဋ္ဋာစရိယ ပြုစုသော ဝဏ္ဏာဘိဓာန အဘိဓာန်။ (၅၆) နရသိံဟပဏ္ဍိတ ပြုစုသော ရာဇနိဃဏ္ဍု အဘိဓာန်။ (၅၇) နာရာယဏဒါသ ပြုစုသော ရာဇဝလ္လဘ အဘိဓာန်။ (၅၈) နရသိံဟမုန် ပြုစုသော ရတနကောသ အဘိဓာန်။ (၅၉) ပဒ္မနာဘ(ပဒုမနာဘ)ပြုစုသော ဘူရိပယောဂ အဘိဓာန်။ (၆၀) ပုဏ္ဍရိကဝိဋ္ဌလ ပြုစုသော သိဿဗောဓိနီ နာမမာလာ အဘိဓာန်။

(၆၁) ပုရိသုတ္တမဒေဝ ပြုစုသော ဝဏ္ဏဒေသနာ အဘိဓာန်။ (၆၂) ပထဝီဓရာစရိယ ပြုစုသော ရတနကောသ အဘိဓာန်။ (၆၃) ဝဏ္ဏဘဋ္ဋကဝိ ပြုစုသော သဒ္ဒစန္ဒြိကာ အဘိဓာန်။ (၆၄) ဝါဏီကေယမိဿ ပြုစုသော နိဃဏ္ဍုကေကာဗ္ဗာယ အဘိဓာန်။ (၆၅) ဗိဟဏ ပြုစုသော တိရူပကောသ အဘိဓာန်။ (၆၆) ဘာဂဝါစရိယ ပြုစုသော နာမသင်္ဂဟနိဃဏ္ဍု အဘိဓာန်။ (၆၇) ဘောဇရာဇ ပြုစုသော နာမမာလာ အဘိဓာန်။ (၆၈) မခ် ပြုစု

သော မဓ်ကောသ အဘိဓာန်။ (၆၉) မထုရေသ ပြုစုသော သဒ္ဒရတနာဝလိ အဘိဓာန်။ (၇၀) မယူရဘဋ္ဋ ပြုစုသော ပဒ-စန္ဒြိကာ အဘိဓာန်။

(၇၁) မဟိပ ပြုစုသော အနေကတ္ထတိလက အဘိဓာန်။ (၇၂) မဟိပသည်ပင် ပြုစုသော သဒ္ဒရတနာကရ အဘိဓာန်။ (၇၃) မာဓ ပြုစုသော ကေက္ခရနိဃဏ္ဍု။ (၇၄) မုဉ္ဇရီ ပြုစုသော သုပသိဒ္ဓပဒမဉ္ဇရီ အဘိဓာန်။ (၇၅) ရဘနမာလာကာရ ပြုစုသော အာယုဗ္ဗေဒပရိယာယရတနမာလာ အဘိဓာန်။ (၇၆) ရက္ခသ ပြုစုသော သဒ္ဒတ္ထနိဃဏ္ဍု အဘိဓာန်။ (၇၇) ရာမ ပြုစုသော ကဝိဒပ္ပဏနိဃဏ္ဍု အဘိဓာန်။ (၇၈) ရာမသမ္မ(ရာမဂမ်) ပြုစုသော ဥဏာဒိကောသ အဘိဓာန်။ (၇၉) ရာမိဿရ ပြုစုသော သဒ္ဒမာလာ အဘိဓာန်။ (၈၀) ရူပစန္ဒြ ပြုစုသော ရူပမဉ္ဇရီနာမ-မာလာ အဘိဓာန်။

(၈၁) ဝရဒရာဇ ပြုစုသော နာမမာတိကာ နိဃဏ္ဍု အဘိဓာန်။ (၈၂) ဝရရုစိ ပြုစုသော ရေန္ဒြနိဃဏ္ဍု အဘိဓာန်။ (၈၃) ဝလ္လဘ ပြုစုသော ကဝိမဉ္ဇရီနိတိ။ (၈၄) ဝါမနဘဋ္ဋ ပြုစုသော သဒ္ဒရဘနာကရ အဘိဓာန်။ (၈၅) ဝိက္ကမာဒိစ္စ (ဝိကြ-မာဒိဂျ) ပြုစုသော ကဝိဒီပိကာ နိဃဏ္ဍု အဘိဓာန်။ (၈၆) ဝိဋ္ဌလာစရိယ ပြုစုသော သဒ္ဒတ္ထစိန္တာမဏိ အဘိဓာန်။ (၈၇) ဝိဿနာထ (ဝိဍ္ဎနာထ) ပြုစုသော ကောသကပ္ပတရု အဘိဓာန်။ (၈၈) ဝေင်္ကဋ ပြုစုသော သဒ္ဒတ္ထကပ္ပတရု အဘိဓာန်။ (၈၉) ဝေင်္ကဋသည်ပင် ပြုစုသော သဒ္ဒိကဂ်ိဒ္ဓါကဝိပမောဒက အဘိဓာန်။ (၉၀) ဝေဒန္တာစရိယ ပြုစုသော ဒသဒီပနိဃဏ္ဍု အဘိဓာန်။

(၉၁) သင်္ကရ ပြုစုသော သံယမိနာမမာလာ အဘိဓာန်။ (၉၂) သိဝဒတ္တ ပြုစုသော သိဝကောသ အဘိဓာန်။ (၉၃) သိရိဟဿ ပြုစုသော ဒွိရူပကောသ အဘိဓာန်။ (၉၄) သိရိဟဿ သည်ပင် ပြုစုသော သိလိဋ္ဌတ္တပဒသင်္ဂဟ အဘိဓာန်။ (၉၅) သဒါစာရ ပြုစုသော ကေက္ခရနိဃဏ္ဍု အဘိဓာန်။ (၉၆) သာရိဿရ ပြုစုသော လိင်္ဂပကာသ အဘိဓာန်။ (၉၇) သဗ္ဗ-

ဘုမ္မိဿ ပြုစုသော ဘုဝနပဒီပိကာ အဘိဓာန်။ (၉၈) သုန္ဒရ-ဂဏီ ပြုစုသော သဒ္ဒရတနာကရ အဘိဓာန်။ (၉၉) သောမဓဝ ပြုစုသော အနေကတ္ထတိလက အဘိဓာန်။ (၁၀၀) သောမရိ ပြုစုသော ကေဠနာမမာလာ အဘိဓာန်။

(၁၀၁) သောမရှိပင် ပြုစုသော ဒွယက္ခရနာမမာလာ အဘိဓာန်။ (၁၀၂) အမရဒတ္တ ပြုစုသော အဘိဓာန်။ (၁၀၃) ကိစ္စ (ကြိတျ) ပြုစုသော အဘိဓာန်။ (၁၀၄) ဂင်္ဂါဓရ ပြုစုသော အဘိဓာန်။ (၁၀၅) စန္ဒဂေါမိန် ပြုစုသော အဘိဓာန်။ (၁၀၆) တာရပါလ ပြုစုသော အဘိဓာန်။ (၁၀၇) ဒါမောဒရ ပြုစုသော အဘိဓာန်။ (၁၀၈) ဓမ္မဒါသ ပြုစုသော အဘိဓာန်။ (၁၀၉) ဝေါပါလိတ ပြုစုသော အဘိဓာန်။ (၁၁၀) ဘာဿုရိ ပြုစုသော အဘိဓာန်။

(၁၁၁) ဘောဂိန္ဒြ ပြုစုသော အဘိဓာန်။ (၁၁၂) မင်္ဂလ (မင်္ကလ) ပြုစုသော အဘိဓာန်။ (၁၁၃) မာတ္တဏ္ဍ ပြုစုသော အဘိဓာန်။ (၁၁၄) သန္တိဒေဝ ပြုစုသော အဘိဓာန်။ (၁၁၅) ရဘသပါလ ပြုစုသော အဘိဓာန်။ (၁၁၆) ရာဇသေခရ ပြုစုသော အဘိဓာန်။ (၁၁၇) ရာဇမုဏ္ဍ ပြုစုသော အဘိဓာန်။ (၁၁၈) ရုဒြ ပြုစုသော အဘိဓာန်၊ (၁၁၉) ဓရဏီဓရ ပြုစုသော အဘိဓာန်။ (၁၂၀) ဝါစဘဋ္ဋ ပြုစုသော အဘိဓာန်။

(၁၂၁) သင္ဃရေ (သင်ဓရ) ပြုစုသော အဘိဓာန်။ (၁၂၂) ဝါစပ္ပတိ ပြုစုသော အဘိဓာန်။ (၁၂၃) ရာဇဒေဝ ပြုစုသော အဘိဓာန်။ (၁၂၄) ဝါမန ပြုစုသော အဘိဓာန်။ (၁၂၅) မုကုန္ဒ ပြုစုသော အဘိဓာန်။ (၁၂၆) ဝိက္ကမာဒိစ္စ (ဝိကြမာဒိတျ) ပြုစုသော အဘိဓာန်။ (၁၂၇) ဝိသ္သရူပ ပြုစုသော အဘိဓာန်။ (၁၂၈) ဘဋ္ဋမလ္လ ပြုစုသော အဘိဓာန်။ (၁၂၉) ဗျာဠိ (ဗျာဍိ) ပြုစုသော အဘိဓာန်။ (၁၃၀) ဝိဿဝိလောစန ပြုစုသော အဘိဓာန်။

(၁၃၁) သုဘင်္ဂ (ဂ်) ပြုစုသော အဘိဓာန်။ (၁၃၂) သောမနန္ဒီ ပြုစုသော အဘိဓာန်။ (၁၃၃) သင္ဃန ပြုစုသော

အဘိဓာန်။ (၁၃၄) သာဟာသာက် ပြုစုသော အဘိဓာန်။ (၁၃၅) ဟဋ္ဋစန္ဒြ ပြုစုသော အဘိဓာန်။ (၁၃၆) ဟရ ပြုစုသော အဘိဓာန်။ (၁၃၇) ကစ္စာယန (ကာတျာယန) ပြုစုသော အဘိဓာန်[၁]။ (၁၃၈) အမရမာလာ အဘိဓာန်။ (၁၃၉) အသာလတိပကာသ အဘိဓာန်။ (၁၄၀) အာနန္ဒကောသ အဘိဓာန်။

(၁၄၁) ကေဝဏ္ဏသင်္ဂဟ အဘိဓာန်။ (၁၄၂) ကေက္ခရကောသ အဘိဓာန်။ (၁၄၃) ဥပ္ပလိနီ အဘိဓာန်။ (၁၄၄) ဥသ္မဝိဝေက အဘိဓာန်။ (၁၄၅) အဇယ အဘိဓာန်။ (၁၄၆) အနေကာ အဘိဓာန်။ (၁၄၇) ဣန္ဒုကောသ အဘိဓာန်။ (၁၄၈) ကပ္ပတရုကောသ အဘိဓာန်။ (၁၄၉) ဂဟာဘိဓာန အဘိဓာန်[၂]။ (၁၅၀) ဇကာရဘေဒ အဘိဓာန်[၃]။

(၁၅၁) ဒဏ္ဍိကောသ အဘိဓာန်။ (၁၅၂) သုဘူတိကောသ အဘိဓာန်။ (၁၅၃) ဓန္ဒန္တရိနိဃဏ္ဍု အဘိဓာန်။ (၁၅၄) နက္ခတ္တာဘိဓာန အဘိဓာန်။ (၁၅၅) ဒေသိကောသ အဘိဓာန်။ (၁၅၆) နာနတ္ထမဥ္ဇရီ အဘိဓာန်။ (၁၅၇) နာမနိဒါန အဘိဓာန်။ (၁၅၈) ပဒ္မကောသ (ပဒုမကောသ) အဘိဓာန်။ (၁၅၉) ဘာဂုရိကောသ အဘိဓာန်။ (၁၆၀) စကာရဘေဒ အဘိဓာန်။

(၁၆၁) ဗီဇကောသ အဘိဓာန်။ (၁၆၂) ဗိဟာဒမရ ကောသ အဘိဓာန်[၄]။ (၁၆၃) မဟာခဏ္ဍနကောသ အဘိဓာန်။ (၁၆၄) ပဒရတနာဝလိ အဘိဓာန်။ (၁၆၅) ရာဇကောသ နိဃဏ္ဍု အဘိဓာန်၊ (၁၆၆) ပုဂ္ဂလကောသ အဘိဓာန်။ (၁၆၇) လိင်္ဂကာသ အဘိဓာန်။ (၁၆၈) မုနိကောသ အဘိဓာန်။ (၁၆၉) ဝဏ္ဏပကာသကောသ အဘိဓာန်။ (၁၇၀) ပါလကောသ အဘိဓာန်။

---

၁။ ၁၀၂ မှစ၍ ၁၃၇-တိုင်အောင်သော အဘိဓာန်များမှာ ကျမ်းပြုသူသာ ထင်ရှား ပြီး ကျမ်းနာမည် မထင်ရှား။

၂။ ဒေဝဇ္ဇမုခမဏ္ဍန အဘိဓာန်ဟု ခေါ်သည်။

၃။ ၎င်းကို ဗာဏဘဋ္ဋဆရာ ပြုသည်ဟုလည်း ဆိုကြသည်။

၄။ ၎င်းကို အမရသိံဟ ပြုစုသည်ဟုလည်း ဆိုကြသည်။

(၁၇၁) ဝဏ္ဏာသနကောသ အဘိဓာန်။ (၁၇၂) ကောသသာရ အဘိဓာန်။ (၁၇၃) သဒ္ဒတရင်္ဂိနီ အဘိဓာန်။ (၁၇၄) ဂင်္ဂါဓရ အဘိဓာန်။ (၁၇၅) သဒ္ဒဒီပိကာ အဘိဓာန်။ (၁၇၆) ဝေါဝဒ္ဓနကောသ အဘိဓာန်။ (၁၇၇) သဒ္ဒရတနသမုစ္စယ အဘိဓာန်။ (၁၇၈) သဒ္ဒသာရနိဃဏ္ဍု အဘိဓာန်။ (၁၇၉) စန္ဒကောသ အဘိဓာန်။ (၁၈၀) သံသာရဝတ္တ အဘိဓာန်။

(၁၈၁) စရကကောသ အဘိဓာန်။ (၁၈၂) သကလဂန္ဓဒီပိကာ အဘိဓာန်။ (၁၈၃) သကာရဘေဒ အဘိဓာန်။ (၁၈၄) သဠိဝနီ အဘိဓာန်။ (၁၈၅) သမ္ဘူဓဝဏ္ဏ နိဃဏ္ဍု အဘိဓာန်။ (၁၈၆) သရသသဒ္ဒသရဏီ အဘိဓာန်။ (၁၈၇) သူရဿတီ နိဃဏ္ဍု (သရသ္သတီနိဃဏ္ဍု) အဘိဓာန်။ (၁၈၈) သာရကောသ အဘိဓာန်။ (၁၈၉) ရတနကောသ အဘိဓာန်။ (၁၉၀) သူရဿတီ အဘိဓာန်။ (သရသ္သတာဘိဓာနမ်)။ (၁၉၁) ဟနုမန် နိဃဏ္ဍု အဘိဓာန်။ (၁၉၂) သိဒ္ဓေါသဓ နိဃဏ္ဍု အဘိဓာန်။

ဤသည်လျှင် ၁၉၁၆-ခုနှစ်ဖိုက် တိကဏ္ဍသေသ ငွိကာကျမ်း နောက်ဆက်တွဲလာ သက္ကတအဘိဓာန်များ အမည်ဖြစ်၏။ ၁၉၁၆-ခုနှစ် နောက်ကာလ၌လည်း ဘာရတိယ ပညာရှင်တို့ ပြုစုသည့် သက္ကတအဘိဓာန်တို့လည်း အတိအကျ ဖော်မပြနိုင်အောင် များစွာပေါ်ထွန်းခဲ့ကုန်၏။ ဤသို့ဖြင့် သက္ကတပညာရှင်တို့သည် သက္ကတကျမ်းစာများကို အလွယ်တကူ ကူးခပ်နိုင်ရန် သက္ကတအဘိဓာန်တို့ကို များစွာပြုစုခဲ့ကြောင်း သိသာလေသည်။

**အဘိဓာနပ္ပဒီပိကာကျမ်း**

သာသနာသက္ကရာဇ် ၁၇၀၀ ကျော်ခန့်တွင် သီဟိုဠ်ကျွန်း၌ လွန်စွာကျော်စောသော သချော ါမမူလာယတန နိကာယဝင် အရှင်မောဂ္ဂလ္လာန် ထေရ်သည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို မွှေနှောက်ချောက်ချား၍ အမရကောသ အစရှိသော သက္ကတအဘိဓာန်တို့မှလည်း သာသနာတော်အားလျော်သော ပရိယာယ်တို့ကို ယူကာ ပိဋကတ် ၃-ပုံကို သင်ယူပို့ချသူတို့ လိုင်၌လိမ္မာကျွမ်းကျင်ပြီး ယုံမှားသံသယမရှိပဲ အနက်အဓိပ္ပါယ်ကို ဆုံးဖြတ်

---

၁။ ရင်းကို ဗာဏဘဋ္ဋ ပြုစုသည်ဟု ဆိုကြသည်။

ယူဆနိုင်ရန် အကျိုးငှါ ဤမည်သော အဘိဓာနပ္ပဒီပိကာကျမ်းကို ကြိုးပမ်း စီရင်တော်မူခဲ့လေသည်^၁။

## ကျမ်းပြုပုံ အခြင်းအရာ

ကျမ်းပြုစုပုံမှာလည်း လွန်စွာခေတ်မှီ ကျစ်လစ်သည်။ ရှေးဦးစွာ ဗုဒ္ဓပ္ပဏာမ, ဓမ္မပ္ပဏာမ, သံဃပ္ပဏာမ, ပဋိညာဉ်, ပရိဘာသာတို့ဖြင့် အဘိဓာနပ္ပဒီပိကာကျမ်းကို စတင်အားထုတ်တော်မူသည်။ ဤကျမ်း၌ အခန်းကဏ္ဍကိုလည်း ၃-ခန်း ၃-ကဏ္ဍ ဖွဲ့ထား၏။ ယင်း အခန်း ၃-ခန်း, ၃-ကဏ္ဍမှာ—

၁။ သဂ္ဂကဏ္ဍ၊

၂။ ဘူကဏ္ဍ၊

၃။ သာမညကဏ္ဍ—

တို့ ဖြစ်လေသည်။

ယင်း ၃-ကဏ္ဍတို့တွင် သဂ္ဂကဏ္ဍ၌ ဂါထာပေါင်း ၁၇၉-ဂါထာ ပါရှိ၏။ ယင်းသဂ္ဂကဏ္ဍ၏ အဆုံး၌ ဤအဘိဓာနပ္ပဒီပိကာကျမ်းကို စွဲမက်ခင်မင်စွာ နှုတ်ဝယ်တွတ်တွတ် ရွတ်တိုင်းရအောင် ဆောင်မှတ်ထားသော စာသင်, စာချ, စာပြု, စာဆို ပုဂ္ဂိုလ်ဘို့သည် ကျမ်းဂန်ဘူးဖော လာလေသမျှ သိမ်မွေ့သေးဖွဲ့ နက်နဲကြီးကျယ် အနက်အဓိပ္ပါယ်တို့ကို လွယ်ကူမပန်း ချမ်းသာစွာ သိမြင်နိုင်မည်ဖြစ်ကြောင်း—

ဓာရေန္တော ဇန္တု သဒ္ဒေဟ-မဘိဓာနပ္ပဒီပိကံ။
ခုဒ္ဒကာဒျတ္တဇာတာနိ၊ သမ္ဗုဿတိ ယထာသုခံ—

ဟူသော ဂါထာဖြင့် အဘိဓာန်ကို ကျက်ချင်ဆောင်ချင်လာအောင် ဖော်ပြတော်မူခဲ့လေသည်။

ဘူကဏ္ဍ၌—

(၁) ဘူမိဝဂ်၊

(၂) ပုရဝဂ်၊

(၃) နရဝဂ်၊

---

၁။ မဟာဝိသုဒ္ဓာရာမ နိကာယသာသနာဝင်။ ၉၃-၄-ကြည့်။

(၄) စတုဗ္ဗဏ္ဏဝဂ်၊
(၅) အရညဝဂ်၊
(၆) အရညာဒိဝဂ်၊
(၇) ပါဘာလဝဂ်–

အားဖြင့် ဝဂ်ပေါင်း ၇-ဝဂ်ပါရှိ၏။ ယင်း ၇-ဝဂ်ဖြင့်ပင် လောက, သာသနာ ဝေါဟာရစကားလုံးများ၊ ရေမြေတောတောင် သမုဒ္ဒရာ မြစ် ချောင်း အင်း အိုင် သားကောင် ငါးကောင်မှစ၍ ဝေါဟာရစကားလုံးများ စုံလင်လှပေသည်။

တဖန် သာမညကဏ္ဍ-၌–

(၁) ဝိသေသျာဓိနဝဂ်၊
(၂) သံကိဏ္ဏဝဂ်၊
(၃) အနေကတ္ထဝဂ်၊
(၄) အဗျယဝဂ်–

အားဖြင့် ၄-ဝဂ် ပါရှိ၏။ ယင်း ၄-ဝဂ်ဖြင့် ဝိသေသျပုဒ်နှင့်စပ်သည့် ဝိသေသန ပုဒ်များ, ပစ္စည်းဖြင့် လိင်ကို သိရသည့်ပုဒ်များ, ပုဒ်တပုဒ်က ဟောနိုင်သည့် အနက်များ, နိပါတ်ပုဒ်-ဥပသာရပုဒ်ဟုသော အဗျယပုဒ်တို့ကိုပါ စုံလင်စွာ ဖော်ပြထား၏။ သို့ဖြစ်၍ ဤအဘိဓာနပ္ပဒီပိကာကျမ်းကို တကယ်တမ်း "ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါး" နှုတ်တက်ရသူမှာ စာပေအတွက် အောင်ပွဲခံရမည့်သူသာ ဖြစ်ပေသည်။

အဘိဓာန်ရလျှင် ပိဋကသုံးပုံ တတ်မြောက်ကျွမ်းကျင်

ကျမ်းပြုဆရာတော် အရှင်မောဂ္ဂလ္လာန်သည် ကျမ်းစာရေးသားပုံ အစီအဉ်ကို ဖော်ပြ၍ရင်း၊ မဟာပရက္ကမဗာဟုမင်းကြီး၏ သာသနာပြု ကုသိုလ်တော်ဘို့ကို ဖော်ပြ၍ရင်း၊ မိမိ၏ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ကို ဖော်ပြ၍ရင်း မိမိကျမ်းစာကို လက်စသတ်တော်မူလိုက်သည်။

ရင်းပြင် ဤအဘိဓာန် (အဘိဓာနပ္ပဒီပိကာ) ကျမ်းကိုသာ တကယ် လိမ္မာတတ်မြောက် ကျွမ်းကျင်ပါက ဘုရားရှင်၏ ပိဋကတ်သုံးပေါ်စကား

တော်၌ တတ်မြောက်ကျွမ်းကျင်သည့် လူတော်လူကောင်း ဖြစ်နိုင်[illegible]
ကြောင်းကို—

ဣဟ ယော ကုသလော မတိမာ သ နရော၊
ပဋ္ဌု ဟောတိ မဟာမုနိနော ဝစနေ—

ဟု နိဂမန ၂-ဂါထာဖြင့် ရဲဝံ့စွာ အာမခံချက် ပေးတော်မူခဲ့သည်။

## မြန်မာ့သာသနာ့ဝန်ထမ်းတို့ သင်ရိုးညွှန်းတမ်းဝင် ကျမ်းစာဖြစ်ခြင်း

ဤ အဘိဓာနပ္ပဒီပိကာ ကျမ်းကို မြန်မာနိုင်ငံ၌ အလွန်လျှင် အလေ့အလာ ပြုကြသည်။ ကျမ်းစာပေါ်ထွန်းရာ သီဟိုဠ်ကျွန်းထက်ပင် ပို၍အလေ့အလာ ပြုကြသည်။ စင်စစ်ကား မြန်မာ့သာသနာ့ဝန်ထမ်းတို့၏ သင်ရိုးညွှန်းတမ်းဝင် ကျမ်းစာ ၁-ဆူပင် ဖြစ်လေသည်။ အစိုးရစာမေးပွဲ ပဌမကြီးတန်း, မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီးမှ ပြုလုပ်သည့် သကျသီဟ စာမေးပွဲ စာသင်တန်း, ရန်ကုန်မြို့ စေတိယင်္ဂဏ အသင်းကြီးမှ ပြုလုပ်သည့် စာမေးပွဲ စာသင်တန်းများ၌ ပြဋ္ဌာန်းသော ကျမ်းစာ ၁-ဆူလည်း ဖြစ်လေသည်။

## မြန်မာနိုင်ငံရောက်လာပုံနှင့် စာအုပ်ရိုက်နှိပ်ခြင်း

သက္ကရာဇ် ၅၄၃-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ အရှင်ဆပဋ္ဌမထေရ်, အရှင်သီဝလိမထေရ်, အရှင်တာမလိန္ဒမထေရ်, အရှင်အာနန္ဒာမထေရ်, အရှင်ရာဟုလာမထေရ် ငါးပါးတို့သည် ပုဂံပြည်သို့ ကြွလာတော်မူစဉ်ကပင် ဤ အဘိဓာနပ္ပဒီပိကာကျမ်း စာတော်ပေကို ဆောင်ယူတော်မူခဲ့ကြ၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံသို့ ကျမ်းစာတော်ပေ ရောက်ခဲ့သည်မှစ၍ ပုဂံ, ပင်းယ, စစ်ကိုင်း, အင်းဝ, အမရပူရ, ရတနာပုံ ခေတ်များနှင့် ယခုခေတ်သို့တိုင်အောင် ခေတ်အဆက်ဆက် ရဟန်း, သာမဏေအချို့တို့ နှုတ်ရဆောင်တော်မူ၍ ပရိယတ္တိသာသနာကို ထမ်းဆောင်တော်မူကြကုန်၏။ ပဌမတွင် ပေစာဖြင့် တည်ရှိခဲ့ရာ မြန်မာနိုင်ငံတွင် ပုံနှိပ်တိုက်များ ပေါ်ခါစ အချိန်အခါလောက်ကပင် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်လာခဲ့လေသည်။ ပါဠိပညာရှင်

တိုင်း အလေးအမြတ်ပြုအပ်သော ကျမ်းကောင်းတဆူလည်း ဖြစ်လာခဲ့လေသည်။

## ဆရာတော် ဦးဗုဓ် အဘိဓာန်နှုတ်ရဆောင်ခြင်း

၁၁၄၉-ခုနှစ်တွင် ဖွားမြင်၍ ၁၂၀၄-ခုနှစ်တွင် ပျံလွန်တော်မူသော ရူပသိဒ္ဓိနိဿျ, ရူပသိဒ္ဓိဋီကာနိဿျ, သဒ္ဒနီတိပဒမာလာနိဿျ, သဒ္ဒနီတိဓာတုမာလာနိဿျ, သဒ္ဒနီတိသုတ္တမာလာနိဿျ-စသော ကျမ်းပေါင်း ၄၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သည့် "ဗုဓ်စ, ဗုဓ်လယ်, ဗုဓ်ဆုံး" ဟူသော သာသနာ့မှတ်တိုင်တွင် "ဗုဓ်ဆုံး" ဖြစ်သော "စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဗုဓ်သည် အဘိဓာန်ကျမ်းကို အမြဲထာဝစဉ် အရဆောင်တော်မူသည်။ စာပေပို့ချယင်း တပည့်တို့အားလည်း "ဦးပဉ္ဇင်းတို့.... အဘိဓာန်ကို အရဆောင်ကြပါ၊ စာပေပို့ချ, ကျမ်းဂန် ပြုစုရာတို့မှာ အလွန် ကျေးဇူးများ၏"ဟု မိန့်ကြားကြောင်း ဆရာစဉ်ဆက် မိန့်ကြားချက်ကို မှတ်သားရဘူး၏။ ဆရာတော်သည် မိမိစီရင်သည့် ကျမ်းဂန်များ၌လည်း အဘိဓာန်ကို များစွာ အကိုးသာဓကပြုတော်မူသည်။ သဒ္ဒနီတိပဒမာလာနိဿျ[၁] တကျမ်းတည်း၌ပင် အဘိဓာန်ကိုးကားချက် အနည်းဆုံး ၈-ဌာန တွေ့ရ၏။

## ဆရာတော် အရှင်အရိယာဝံသ ဓမ္မသေနာပတိထေရ် အဘိဓာန် လက်သုံးပြု

မဏိသာရမဉ္ဇူသာဋီကာ, မဏိဒီပဋီကာ, ဂန္ထာဘရဏကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော ဆရာတော် အရှင်အရိယာဝံသ ဓမ္မသေနာပတိထေရ်သည် အဘိဓာန် (အဘိဓာနပ္ပဒီပိကာ) ကျမ်းကို လက်ကိုင် ကျမ်းစာကဲ့သို့ များစွာ အသုံးပြုတော်မူကြောင်း ဆရာတော်ရေး ကျမ်းစာများ၌ ကိုးကား, သာဓကမှုချက်တို့ကို တွေ့ရသဖြင့် သိသာသည်။ အဘိဓာန်ကျမ်း ကိုးကားချက်တို့ကို မဏိသာရမဉ္ဇူသာဋီကာ၌ရှင်း[၂], မဏိဒီပဋီကာ၌ရှင်း[၃] များစွာတွေ့ရ၏။

---

၁။ နီတိ၊ ပဒ၊ နိဿျ။ ၁၁၅၊ ၅၅၊ ၅၇၊ ၁၂၃၊ ၂၂၀၊ ၂၇၄၊ ၃၃၅၊ ၃၈၀။

၂။ မဏိသာရမဉ္ဇူသာ။ ၅။ ၁၃။ ၂၂။ ၂၄။ ၂၅။ ၂၇-စသည်။

၃။ မဏိဒီပဋီကာ။ ၁။ ၁၁။ ၃၁။ ၄၇။ ၇၃။ ၉၂-စသည်။

**တိပိဋကာလင်္ကာရ တောင်ဖီလာ ပုဂ္ဂိုလ်ကျော်နှင့်**
**အဘိဓာနပ္ပဒီပိကာ**

စစ်ကိုင်း ကောင်းမှုတော်ဒါယကာ သာလွန်မင်းတရားကြီး၏ မင်းဆရာ ဝေဿန္တရာ ပျို့ဟောင်း, ယသဝဍ္ဎနဝတ္ထု, ဝိနယာလင်္ကာရဋီကာ-စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော "တိပိဋကာလင်္ကာရ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာပုဂ္ဂိုလ်ကျော် အရှင်မုနိန္ဒဃောသသည်လည်း အဘိဓာနပ္ပဒီပိကာခေါ် အဘိဓာန်ကျမ်းကို များစွာအလေ့အလာ ပြုတော်မူသည်။ ဆရာတော် ပြုစုသော ဝိနယာလင်္ကာရဋီကာ၌ အဘိဓာန် ကိုးကားချက်တို့ကို များစွာတွေ့ရှိရလေသည်။[၁]

**ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု**
**ဘုရားကြီး ဆရာတော်နှင့် အဘိဓာန်**

"ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် ၃ ထပ်ရ ဂန္ထာဘရဏဋီကာ, ဘုရားကြီးနိဿယ, အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိ, သံပျင်ဋီကာနိဿယ, ဥဘတောဝိဘင်း ပါဠိတော်နိဿယ, ပါစိတျာဒိယောဇနာ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော (၁၁၇၂ ၁၂၆၄) မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီး ဆရာတော် အရှင်ဇာဂရာဘိဝံသသည် အဘိဓာနပ္ပဒီပိကာ (အဘိဓာန်ကျမ်း)ကို များစွာ အလေ့အလာ ပြုတော်မူသည်။ ဉာဏ်လည်း အလွန်ထက်မြက်တော်မူရာ အဘိဓာန်ကို ကရားရေလွှတ် တတွတ်တွတ် အရဆောင်ခဲ့သော ဆရာတော်အဖြစ် ထင်ရှားသည်။ ထို့ကြောင့် ထိုခေတ်က စာလိုက်သံဃာ အများဆုံးရှိသော စာချဆရာတော်ကြီးအဖြစ် ထင်ရှားသည်။ အဘိဓာန်ကျမ်းအပါအဝင် ကျမ်းဂန်များစွာတို့ကို အရအမိ များလှသဖြင့် ပဉ္စမ သံဂါယနာတင်စဉ်က ဒကြီးအချုပ် မဟာနာယကပုဂ္ဂိုလ်အဖြစ် အားလုံး သံဃာထုနှင့် ပဉ္စမသံဂါယနာတင် မင်းတရားကြီး၏ ဆန္ဒအရ တင်မြှောက်ခြင်း ခံတော်မူရလေသည်။ ဆရာတော်စီရင်သည့် ကျမ်းဂန်များ၌ အဘိဓာန် ကိုးကားချက်တို့ကို များစွာတွေ့ရှိရသည်။ ပါစိတျာ

---

၁။ ဝိနယာလင်္ကာရဋီကာ၊ ၁။၁၀၂။၁၀၅။ ဝိနယာလင်္ကာရဋီကာ၊ ၂။၁၄၉။

ဒိယောဇနာကျမ်း[၁] တကျမ်းတည်း၌ပင် အဘိဓာန် ကိုးကားချက် များစွာပါရှိ၏။ ဤသို့စသည်ဖြင့် ပါဠိပညာရှင်တိုင်း အလေးအမြတ် ပြု၊ အကိုးသာဓက မှုရသည့် ကျမ်းစာကောင်း ဖြစ်လေသည်။

## သီဟိုဠ် အဘိဓာန် နိဿယဟောင်း

အဘိဓာနပ္ပဒီပိကာပါဠ် ( အဘိဓာန်ကျမ်း ) ပေါ်ထွန်း၍ နှစ်များ အလွန်မကြာမီတွင် ပေါ်ထွက်ခဲ့သည်ဟု အဆိုရှိသော **အဘိဓာနပ္ပဒီပိကာသန္နယ** သီဟိုဠ် အဘိဓာန်နိဿယဟောင်း ကျမ်းတဆူလည်း သီဟိုဠ်ကျွန်း၌ ရှိ၏။ ယင်းကျမ်းကို ဝယ်လိဂေါဓာဒေ အမ္ဗဂဟပိဋိယကျောင်းတိုက်နေ ဓောဇ္ဇဂမုဝ အရှင်ပညာမောဠိတိဿထေရ် သုတ်သင်ပြင်ဆင်၍ ခရစ်သက္ကရာဇ် ၁၈၉၅-ခုနှစ် ဇူလိုင်လ ၂၀-ရက်နေ့ နေ့စွဲဖြင့် နိဒါန်း အမှာစာ ရေးပြီး ယင်းသည့် ၁၈၉၅-ခုနှစ်၌ပင် သီဟိုဠ်ကျွန်း သစ္စသမုဒယ ပုံနှိပ်တိုက်တွင် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ-၁၆၁ ရှိ၏။ အရှင်ပညာမောဠိတိဿထေရ်သည် မြန်မာနိုင်ငံမှ စတုရင်္ဂဗလ၏ ဋီကာကို ကြည့်ရှု၍ ပြင်ဆင်၍ ဋီကာအဆိုအမိန့်များကို အောက်ခြေ မှတ်ချက်ဖြင့် ဖော်ပြထား၏။ ကျမ်း၏အစ ဂန္ထာရမ္ဘ, ကျမ်း၏အဆုံး နိဂုံး တစုံတရာ မပါရှိချေ။ ယင်းနိဿယမှာ လွန်စွာကျစ်လစ်သည့် နိဿယကျဉ်း ဖြစ်လေသည်။ ယင်း အဘိဓာန် နိဿယကျဉ်းကို "ဆဘာသာ ပရမိဿရ" ပဒသာဓန ဋီကာ,ပဉ္စိကာပဒီပ စသည့် ကျမ်းဂန်များကို ပြုစုသော (ခရစ်သက္ကရာဇ် ၁၄၁၅-၁၄၆၇) သံဃရာဇာ ရာဟုလာမထေရ်ပင် အလေးအမြတ်ပြုကြောင်းလည်း နိဒါန်း၌ပါရှိ၏။

## အင်္ဂလိပ်-သီဟိုဠ် ဘာသာပြန် အဘိဓာန်

နာမမာလာကျမ်း, အဘိဓာနပ္ပဒီပိကာသူစိကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ခရစ်သက္ကရာဇ် ၁၈၅၉-ခုနှစ် ဖွားမြင်၍ ၁၉၁၇-ခုနှစ် ဧပြီလ ၁၉-ရက်နေ့တွင် ပျံလွန်တော်မူသော သီဟိုဠ်ကျွန်း ဝသ်ကဒုဝရှာ ဇာတိ ဆရာတော် အရှင်သုဘူတိသည် အဘိဓာနပ္ပဒီပိကာပါဠ်( အဘိဓာန် )ကို သီဟိုဠ်,အင်္ဂလိပ်, မူရင်းပါဠိ သုံးဘာသာတွဲပြီး စိစဉ် ရိုက်နှိပ် ထုတ်ဝေခဲ့ရာ

---

၁။ ပါစိဘ်၊ ယော။ ၇၄။ ၉၆။ ၁၅၃။ ၁၅၉။ ၂၈၃-စသည်။

အကြိမ်ကြိမ် ရိုက်နှိပ်ရသည်။ ဤပခုက္ကူအဘိဓာန်နိဿယသစ်ကို ရေးရာ၌ အရှင်သုဘူတိ၏ စတုတ္ထအကြိမ် ၁၉၂၁-ခုနှစ်က ရိုက်နှိပ်သော နိသျကို လည်း ကြည့်ရှု၍ ရေးခွင့်ရ၏။ ဖော်ပြပါ အရှင်သုဘူတိ၏ နိသျကျမ်းမှာ ကိုလံဘိုမြို့ မဟာဗောဓိ ပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၁၇၃-မျက်နှာ ရှိလေသည်။

**အဘိဓာနပ္ပဒီပိကာသူစိ**

သုံးဘာသာ သိဟိုဠ် အဘိဓာန်ကျမ်းပြု ဝဲကဒုဝ-ရှာဇာတိ အရှင် သုဘူတိထေရ်သည်ပင် ဤအဘိဓာနပ္ပဒီပိကာသူစိ ကျမ်းကြီးကို စတုရင် ဗလအမတ် ပြုစီရင်သည့် အဘိဓာန်ဋီကာကို အမှီပြုပြီး စီရင် ရေးသား တော်မူ၍ သိဟိုဠ်ကျွန်း၌ ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ တဖန် သိဟိုဠ် အက္ခရာမှ မြန်မာအက္ခရာပြန်၍ ခရစ်သက္ကရာဇ် ၁၉၀၅-ခုနှစ်တွင် ရန်ကုန် မြို့ ဆူးလေဘုရားလမ်း ဟံသာဝတီသတင်းစာတိုက်၌ ပဌမအကြိမ် ရိုက် နှိပ်ထုတ်ဝေခဲ့လေသည်။ ယင်း ပဌမအကြိမ်ရိုက် စာမူမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ-၆၇၀ ရှိလေသည်။ သက္ကရာဇ် ၁၃၁၉-ခုနှစ် ရန်ကုန်မြို့ ဇမ္ဗူ့ မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်သော စာမူမှာ ကရောင်း ၈-ချိုး ဆိုက်ကြီးဖြင့် စာမျက်နှာ-၆၀၂ ရှိလေသည်။ ဤကား သိဟိုဠ်ကျွန်းဖြစ် အဘိဓာန် အခြံအရံ ကျမ်း ၃-ကျမ်း၏ သမိုင်းအကျဉ်းတည်း။

**အဘိဓာနပ္ပဒီပိကာဋီကာ**

အဘိဓာနပ္ပဒီပိကာဋီကာကို မြန်မာတို့က အပိုင်ကိုက်သဖြင့် အဘိဓာန် ဋီကာဟု ခေါ်ကြသည်။ သိဟိုဠ်ပညာရှင်တို့က နိဿဏ္ဍုဋီကာဟု ခေါ်ကြ သည်။ မြန်မာတို့အဖို့ လွန်စွာဂုဏ်ယူစရာ ကျမ်းဂန်ကြီးဖြစ်၏။ ယင်း အဘိဓာန်ဋီကာကျမ်းကြီးကို ပင်းယခေတ် ဆင်ဖြူလေးစီးရှင် (တစီးရှင်) သီဟသူမင်းလက်ထက် သိရီမဟာစတုရင်္ဂဗလ အမတ်ကြီးသည် ပါဠိ၊ အဋ္ဌ ကထာ ကျမ်းဂန်တချို့နှင့် အမရကောသ၊ တိကဏ္ဍသေသ၊ နာနတ္ထသင်္ဂဟ ကောသ၊ ဗျာချာသုဓာဋီကာ၊ စိန္တာမဏိဋီကာ-အစရှိသော သက္ကတကျမ်း တို့ကို မှီငြမ်းပြု၍ စီရင်ခဲ့ရာ စာချ၊ စာသင်၊ စာပြင်၊ ပုဂ္ဂိုလ်တို့အား ကျေးဇူးများလှပေ၏။ ယင်း စတုရင်္ဂဗလ အမတ်ကြီးသည်—

ပဌမ [ ၁ ]—

ယဿာ ဉာဏံ သဒါ ဉာဏံ၊ နာညေယျာ ဉာဏကံ ဝိနာ။
နိဿယဂုဏယုတ္တဿ၊ တဿ နတ္ထာ မဟောသိနော။
သတ္ထန္တရ သမာဒါယ၊ သာရံ သဗ္ဗဓရာ တထာ။
ကရိယျတေ ဘိဓာနပ္ပ-ဒီပကဿတ္တဝဏ္ဏနာ—

ဟူသော ၂-ဂါထာဖြင့် ပဏာမ, ကရဏပ္ပကာရ, ပဋိညာဉ်များကို ပြု၍ ရေးသားစီရင်ခဲ့လေသည်။ သဂ္ဂသဏ္ဍာနှင့် ဘူကဏ္ဍလာ ဝဂ်များ, သာမညသဏ္ဍတွင် ဝိသေသျာဓိနဝဂ်, သံကိဏ္ဏဝဂ်တို့မှာ ဖွင့်ပုံကျယ်ဝန်းပြီး အနေကတ္ထဝဂ်နှင့် အဗျယဝဂ်တို့မှာ ဖွင့်ပုံကျဉ်းဟန်ရှိ၏။ အဘိဓာန်ဋီကာကျမ်းကြီးမှာ စာပေသမားတို့ အားကိုးအားထား ပြုလောက်အောင် ကျယ်ဝန်းပြည့်စုံသော ကျမ်းစာကြီးဖြစ်၏။ သို့ရာတွင် ကျမ်းပြုဆရာ အမတ်ကြီးက ကျဉ်းနေသေး၍ အားရဟန်မတူချေ။ ယင်းသို့ ဖြစ်ကြောင်း—

သခေပတော ကာသိ'မိမံ ဝိသုဒ္ဓိ-
သံဝဏ္ဏနံ သောတုဟိတံ သုဗောခံ—

ဟူသော နိဂုံးစကားဖြင့် သိသာပေသည်။ ယင်းအဘိဓာန်ဋီကာကျမ်းကြီးကို မြန်မာနိုင်ငံ၌ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၌ သက္ကရာဇ် ၁၂၇၃-ခုနှစ်က ပါဠိဆရာ ဦးဖြေ ကြီးကြပ်ပြင်ဆင်ပုံနှိပ်သည့် စာမူမှာ ရှိုင်ဆိုက်ဖြင့် ၄၅၂-မျက်နှာ ရှိသည်။

ဗုဒ္ဓသာသနာအဖွဲ့မှ ၁၃၂၆-ခုနှစ်က ပြင်ဆင်ရိုက်နှိပ်ရာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ-၆၂၁ ရှိလေသည်။ စာနေစာထားလည်း အလွန်ကောင်းမွန်လာလေသည်။

**အဘိဓာန်ဋီကာနိသျှဟောင်း**

သက္ကရာဇ် ၁၀ဂ၁-ပြည့်နှစ်တွင် ဖွားမြင်၍ ၁၁၆၉-ခုနှစ်တွင် ပျံလွန်တော်မူသော ဝေါဟာရတ္ထပကာသနီကျမ်း, ဝုတ္တောဒယဆန်းနိသျှ နံကျယ်ကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော ဒုတိယ ကျော်အောင်စံထားဆရာတော်သည် အဘိဓာန်ဋီကာနိသျှကိုလည်း ပြုစီရင်တော်မူခဲ့ရာ ၁၁၄ဂ-ခုနှစ်တွင် ပြီးဆုံးသည်ဟု သိရ၏။ သို့ရာတွင် ၎င်းနိသျှမှာ စာအုပ်အဖြစ်သို့ မရောက်ပဲ ပေစာအဖြစ်ဖြင့်သာ တည်ရှိနေလေသည်။ ၎င်းသည် မောင်းထောင်ဆရာ

တော် အရှင်ပညာသာမိ၏ အဘိဓာန်ဋီကာနိဿျကို ထောက်၍ အဘိဓာန် ဋီကာ နိဿျဟောင်းဟု တွင်လေသည်။

**အဘိဓာန်ဋီကာနိဿျသစ်**

၁၁၇၇-ခုနှစ်တွင် ဖွားမြင်၍ ၁၂၃၀-ခုနှစ်တွင် ပျံလွန်တော်မူသော "ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း, ဝိဝါဒဝိနိစ္ဆယကျမ်း, အက္ခရဝိသောဓနီကျမ်း, သာသနဝံသပ္ပဒီပိကာကျမ်း, ဗုဒ္ဓနငမ ဝိနိစ္ဆယကျမ်း, သီလကထာကျမ်း, ဥပါယကထာကျမ်း, ဒေါသကထာကျမ်း, ရာဇဓမ္မဝေကဒီပနီကျမ်း, ဥပေါသထ ဝိနိစ္ဆယကျမ်း, အာပတ္တိဝိနိစ္ဆယကျမ်း, နာဂရာဇုပ္ပတ္တိကျမ်း, ဝေါဟာရဘေဒတ္ထကျမ်း, နိရယကထာဒီပကကျမ်း, ဇာတ်ဋီကာပါဠ်, သဒ္ဒနီတိဋီကာပါဠ်, ပေါရာဏကထာပါဠ်-စသော ကျမ်းပေါင်း ၂၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော တတိယမောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် အဘိဓာန်ဋီကာနိဿျ ကျမ်းကြီးကိုလည်း ရေးသားစီရင်တော်မူခဲ့သည်။ ယင်းနိဿျကို ရန်ကုန်မြို့ ကဝိမျက်မှန် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ဒုတိယတွဲကို ၁၂၇၃-ခုနှစ် တန်ခူးလတွင် အပြီးရိုက်နှိပ်ခဲ့သည်။ ရှိုင်ဆိုက်ဖြင့် ပဌမတွဲ စာမျက်နှာ-၄၅၂, ဒုတိယတွဲ စာမျက်နှာ-၅၉၇ ရှိ၏။

**အဘိဓာန်နိဿျဟောင်း**

သက္ကရာဇ် ၇၀၄-ခုနှစ်တွင် ရေးထိုးခဲ့သည့် ပုဂံဝက်ကြီးအင်း တက်နွယ် ကျောင်း ကျောက်စာ၌ ကျောင်းနှင့်တပါတည်း လှူဒါန်းသည့် ပိဋကတ်ကျမ်းစာများ စာရင်းတွင် အဘိဓာန်နိဿရေည်း-ဟု ပါရှိသဖြင့် အဘိဓာန်ဋီကာ ပေါ်ထွန်းပြီး များစွာမကြာမီတွင် အဘိဓာန်နိဿျများ ပေါ်ထွန်းခဲ့ကြောင်း သိသာ၏။ ကျော်အောင်စံထားဆရာတော်၏နိဿျ ထွက်ပေါ်ရာ ၁၁၀၈-ခုနှစ်အတွင်း အဘိဓာနပ္ပဒီပိကာ (အဘိဓာန်) နိဿျများ တစောင်ပင်မက ၃-စောင်အောက်မနည်း များစွာပေါ်ထွက်ခဲ့ကြောင်း ဖော်ပြပါ ကျော်အောင်စံထား နိဿျလာ အမှာစကားတို့ကို ထောက်ထား၍ သိနိုင်ပေသည်။ ကျော်အောင်စံထားမူ နိဿျ ပဏာမာဒိကထာ၌—

သော ပဿန္တော ဘူပါလော၊ ဝဇိရူပမစက္ခုနာ။
နိဿယေသု ပုရာဏေသု”-ဘိဓာနဿ ဦနာဓိကံ။
စက္ကမူလမိဒံ သတ္တံ၊ ကာရေဟာ’စရိယေ မမ။
ဝဒေတိ မဟာမတ္တဿ၊ မဟာသတ္တိဝရာဇိနော။

ဟူသော ၂-ဂါထာဖြင့်ရင်း,

သော ဘူပါလော၊ ထိုရေမြေသခင်သည်လျှင်။ ဝဇိရူပမစက္ခု-နာ၊ ဝဇိရစိန် လက်နက်နှင့်တူသော ဉာဏ်တော်မျက်စိဖြင့်။ ပုရာ-ဏေသု၊ ရှေး၌ဖြစ်ကုန်သော။ အဘိဓာနဿ၊ အဘိဓာန်၏။ နိ-ဿယေသု၊ နိဿယတို့၌၊ ဦနာဓိကံ၊ အယုတ်အလွန် မညီမညွတ်ရှိသည်ကို။ ပဿန္တော၊ မြင်တော်မူသည်ဖြစ်၍။ ဣဒံ သတ္တံ၊ ဤအဘိဓာန်ကျမ်းသည်။ စက္ကမူလံ၊ သာသနာတော်၏ အမြစ်သဖွယ်ဖြစ်၏။ မမ၊ ငါ၏။ အာစရိယေ၊ ဆရာတော်တို့ကို။ ကာရေဟိ၊ ရေးသားပြုစုစေလော့၊ ဣတိ၊ ဤသို့။ မဟာသတ္တိဝရာဇိနော၊ သတိုးမင်းကြီး အမည်ရှိသော။ မဟာမတ္တဿ၊ အမတ်ကြီးအား။ ဝဒေတိ၊ အမိန့်တော်ရှိ၏[၁] —

ဟူသော ဂါထာအနက်ဖြင့် ရင်း,

ရင်းပြင်—

ဟိရညဂဗ္ဘော၊ ရွှေတန်းဆာရှိသောသူ။ ဤတွင် ရှေးနိသျတို့၌ “ရွှေဟူသော ကိုယ်ဝမ်းရှိသည်”ဟု သမ္ဗန်လေသည်ကား မှားလေစွ[၂]။

စာကိုယ်၌ “သိခါ ဇာလစ္စ စာပုမေ” ဝယ် ဆန်းသို့လိုက်၍ “စာ-ပုမေ” ဟု အာကာရန္တနှင့် ထားသတည်း။ ရှေးနိသျတို့၌ အပုမေ ပုဒ်ဖြတ်၍ ဣတ္ထိလိင်, နပုံးလိင်၌ ဟု သမ္ဗန်သည်ကား ဋီကာနှင့်မညီ[၃]။

---

၁။ ကျော်အောင်စံထားနိသျ။ ပဏာမဒီကာဘာ။
၂။ ကျော်အောင်စံထားနိသျ။ ၁၅-ဂါထာ။
၃။ ကျော်အောင်စံထားနိသျ။ ၃၄-ဂါထာ။

ရှေးနိဿျဘစောင်၌ သတဘိသဇော-၌ သတ-ကို သဟ-ထင်၍ ဘိသဇော-မျကိုသာ အနက်သမ္ဘန်လေသည်၊ မသင့်[၁]။

အဘ္ဘာ၊ မြဲမြံခိုင်ခံ့ခြင်းသို့ ရောက်စေဟတ်သောနတ်။ "ဟိက် သရီရာဓိပတိဒေဝေ"ဟူသော ဋီကာနှင့်အညီ ပေး၏။ ဆရာတို့ကား "ကိုယ်ဟူသော အနက်သာ သာမန်ပေးကုန်၏။ ဋီကာနှင့်မညီ၊ မသင့်စနိုး[၂]။—

ဟူသော စကားများဖြင့်ရင်း သိသာသည်။

ဤသို့စသည်ဖြင့် ကျော်အောင်စံထားနိဿျ၌ ရှေးနိဿျတို့၏ အဆိုများ ထုတ်ပြချက်တွေ များစွာပါရှိ၏။ သို့ဖြစ်၍ ကျော်အောင်စံထားဆရာတော် ၏ နိဿျပေါ်ထွက်ရာ ၁၁၀၀-ခုနှစ် မတိုင်မီကပင် အဘိဓာန်နိဿျများ တော်တော်များများ ပေါ်ထွက်ခဲ့ကြောင်း သံသယမရှိ သိနိုင်ပေသည်။

## ကျော်အောင်စံထားမှူ အဘိဓာန်နိဿျ

ပခုက္ကူခရိုင် မြိုင်မြို့နယ်(ယခင် ပခန်းနယ်)ပိုက်သင်ရွာ၌ အဘ ဦးရွှေ အောင်, အမိ-ဒေါ်ကြုတ်တို့မှ သက္ကရာဇ် ၁၀၆၇-ခုနှစ်တွင် ဖွားမြင်၍ ၁၁၁၅ ခုနှစ်တွင် ပျံလွန်တော်မူသော ပဌမကျော် ဘွဲ့တံဆိပ်တော်နှင့် "ဇိနစက္ကာဘိဓာမ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပဌမ **ကျော်အောင် စံထား** ဆရာတော်ဘုရားကြီးသည် ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်း, ရာဇာလင်္ကာရကျမ်း, ကစ္စာယနသာရနိဿျသစ် အကျယ်ကျမ်း, ဇမ္ဗူဝါစာ- ဂဏ္ဌိကျမ်း, ဒုဋ္ဌက္ခရဂဏ္ဌိကျမ်း, စက္ကာဝိနိစ္ဆယကျမ်း, ဟောနပ္ပကာရပါဠိ- နိဿျ, အဋ္ဌသာလိနီဂဏ္ဌိကျမ်း, ပါတိမောက္ခလေနကျမ်း, ဝုတ္တောဒယဘာသာ- နိဿျ, သုရာဝိနိစ္ဆယ, အနုသုရာဝိနိစ္ဆယကျမ်း စသည်တို့ကိုလည်း ပြုစီရင် တော်မူခဲ့သည်[၃]။

ဆရာတော်သည် မဟာဓမ္မရာဇာဓိပတိ အမည်ရှိသော ဟံသာဝတီရောက် ရှေမြေရှင် လျှောက်ထားချက်စကားဖြင့် သတိုးမင်းကြီး အဂ္ဂသေနာပတိ

---

၁။ ကျော်အောင်စံထားနိဿျ။ ၆၀-ဂါထာ။

၂။ ကျော်အောင်စံထားနိဿျ၊ ၉၂-ဂါထာ။

၃။ ပခုက္ကူသာသနာဝင်။ ၁၇၄–၁၇၆–ကြည့်။

အမတ်ကြီး ရှိသေညတ်ပျောင်း တိုက်တွန်းလျှောက်ထား တောင်းပန်သဖြင့် အဘိဓာန်နိသျကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းနိသျကို ဆရာတော် ကိုယ်တိုင်က ရှေးက အဘိဓာန်နိသျ များစွာပေါ်ရှိပြီး ဖြစ်သဖြင့် "နဝနိဿယ=နိသျသစ်"ဟု အမည် မှည့်တော်မူခဲ့သည်။ ယင်းသို့ဖြစ်ကြောင်း—

ဥယျောဇိတော ဘုပါလဿ၊ သာသနဿ ဇုတိတ္ထိနော။
ဝါစာယ ယေနာပတိနာ၊ တေနေဝ စိတ္တဗုဒ္ဓိနာ။
ရာဇသေယျေ ဝသန္တေနာဟံ၊ သတမနိ္ဒရဝါရိတော။
ကိဥ္စိ တံ အပနေတွာန၊ လိခိဿံ နဝနိဿယံ—

ဟူသော ပဏ္ဏာမာဒိကထာ လာ ၂-ဂါထာဖြင့် သိသာသည်။

ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကို အသင့်အတင့် ကြည့်ရှုအားပြု၍ အဘိဓာန်ဋီကာကို များစွာအားပြုပြီး စီရင်-ရးသားတော်မူခဲ့သည်။ ကျမ်းဦး၌—

ရာဇရာဇ မဟာပုညံ၊ ဓမ္မဝမ္မံ မဟာဒုနံ။
ဿလသံယံ နမေ ဓာရုံ၊ နမိတွာ ဓာဒရံ ဓာယံ—

အစရှိသော ပ-ဂါထာဖြင့် မှတ်နုတ္တာပဏာမ ပြသည်ပြု၍ အဘိဓာန်နိသျကို ရေးသားစီရင်တော်မူခဲ့ရာ သက္ကရာဇ် ၁၁ဝ၇-ခုနှစ် နယုန်လဆန်း ၇-ရက် ကြာသပတေးနေ့တွင် ပြီးဆုံးခဲ့ကြောင်း—

နိဋ္ဌိတော ဧသော သက္ကာရာဇေ၊ သဟဿေ'ဋ္ဌသတာဓိကေ။
ဇေဋ္ဌမာသေ ဇုဏှပက္ခေ၊ သတ္တမိယံ ဂုရုဒိနေ—

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ယင်း နိသျကြီးသည်လည်း မရှိးနိုင်သော နိသျကြီး ဖြစ်လေသည်။ ခရစ်သက္ကရာဇ် ၁၉၂၃-ခုနှစ် မန္တလေးမြို့ ရတနာသိဒ္ဓိ ပိဋကတ် ပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၆၄, ၁၉၅၉-ခုနှစ် မန္တလေးမြို့ ရတနာဒီပ ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၅၆,

———

၁။ ကျော်အောင်စံထား အဘိဓာန်နိသျ ပဏ္ဏာမာဒိကထာ။ ၇, ဂ-ဂါထာ။

မြန်မာကောဇာ သက္ကရာဇ် ၁၂၆၆-ခုနှစ် ၂၅-လမ်း စာဆိုတန်းကဒ်မျက်မှန် စာပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ဒိမိုင်းဆိုက်ဖြင့် စာမျက်နှာ-၄၄၈ ရှိလေသည်။

**ဝိသုဒ္ဓါရုံမူ အဘိဓာန်နိသျ**

သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် ဖွားမြင်၍ ၁၃၀၅-ခုနှစ်တွင် ပျံလွန်တော်မူသော မောဂ္ဂလ္လာန်နိသျသစ်, မောဂ္ဂလ္လာန်ပဋိကာနိသျ, သမ္ဗန္ဓစိန္တာစာကိုယ်နိသျ, ဏွာဒိဝုတ္တိနိသျ, မုဒ္ဓဗောဓနိသျ, အမရကောသနိသျ, ဟိတောပဒေသနိသျ, ပဋိကာဒီပကနိသျ, ကာတန္တနိသျ, ကာဗျဒသဒဏ္ဍီနိသျ, ရဃုဝံသကာဗျနိသျ, မေဃဒူတကာဗျနိသျ, ဝိသုံဂါမဝိနိစ္ဆယ-စသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ အနောက်ပြင် အဘယာရာမ ဆရာတော်ဘုရားကြီး **အရှင်အဂ္ဂဓမ္မာဘိဝံသသည်** မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်၌ စာပေချပို့၍ သီတင်းသုံးနေတော်မူစဉ် ပိဋကတ် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်များနှင့် သိဟိုဠ်အဘိဓာန်နိသျ, အမရကောသ, ဝေကာစိန္တာ, ဗျာချာသုဓာဋီကာ, ပသုပက္ခိဝေဇ္ဇသိက္ခာ အစရှိသည့်ကျမ်းတို့ကို မှီငြမ်းပြု၍ အဘိဓာန်နိသျသစ် တစောင်ကို ၁၂၈၅-ခုနှစ်တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်။

ဆရာတော် ဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံးစဉ် ရေးသားစီရင်သည့် နိသျဖြစ်ရကား ဝိသုဒ္ဓါရုံမူ အဘိဓာန်နိသျဟု မှည့်ခေါ်သည်။ အဘယာရာမမူ အဘိဓာန်နိသျဟူ၍လည်း ခေါ်ဝေါ်ကြသည်။ သာသနာတော်၌ လွန်စွာ ကျေးဇူးများလှသည့် နိသျဖြစ်၏။ ဆရာတော်လည်း ကျမ်းဦး၌—

သဒ္ဒသတ္ထမဟာရညာ-သဉ္စာရီ ဗုဒ္ဓကေယရိ။
ဘာဝယံ သဒ္ဒိဘဂ္ဂါဟိ၊ မယံ မနောဂုဟာသယိ—

ဟူ၍ရှိသော ၅-ဂါထာတို့ဖြင့် ပဏာမ စာသည်ပြု၍ စီရင်တော်မူခဲ့သည်၊ ယင်း ဝိသုဒ္ဓါရုံမူ အဘိဓာန် နိသျသစ်ကို ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်၌ ပဌမအကြိမ် ရိုက်နှိပ်ထုတ်ဝေရာ နှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၀၀ ရှိ၏။ ဆရာတော်၏ နိဒါန်းပြီး ခုနှစ်မှာ ၁၂၈၇-ခုနှစ် ဖြစ်သည်။ ၁၃၅၃-ခုနှစ် ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေ ပိဋကတ် ပုံနှိပ်တိုက်မှ စာမျက်နှာ-၄၁၂ ရှိ၏။

## တောင်ပေါက်မှု အဘိဓာန်နိဿယသစ်

သက္ကရာဇ် ၁၂၃၉-ခုနှစ်ဖွား ၁၃၁၅-ခုနှစ်တွင် ပျံတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆန္ဒောမဉ္ဇရီချုနက်နိဿယ, ပဋ္ဌမဓုနိဿယ, အနိရုဒ္ဓသတ္တကနိဿယ, ဒိဋ္ဌန္တသတ္တကနိဿယ, ပဋ္ဌာနဒ္ဒနိဿယ, သဒ္ဒမ္မဝါကျောပဒေသနိဿယ, နာဠိဂုရိက္ခာနိဿယ, ကာဗျဒသနိဿယ, ရသဝါဟိနီဂါထာများနိဿယ, ဗာလာဝတာရနိဿယ,ဗာလာဝတာရဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယသာရ-စသောကျမ်းပေါင်း ၅၀-ကျော်ဘို့ကို ပြုစီရင်တော်မူခဲ့သော ပိဋကတ္တယကောဝိဒ, ဘာသန္တရဝိဒူ ဖြစ်တော်မူသော မော်သပြိုင်မြို့ တောင်ပေါက်ကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်စက္ကပါလ မဟာထေရ်သည် ပါဠိ, အဋ္ဌကထာ, ဋီကာ, သက္ကတ, မာဂဓ, ပါကတ, ဒေသိ, သိဟိုဠ်, ယိုးဒယား စသော လိပျန္တရ ဘာသန္တရကျမ်းများ, နိဿယဟောင်းများနှင့် ညှိနှိုင်းတိုက်ဆိုင် သုတ်သင်ပြင်ဆင်၍ အဘိဓာန်နိဿယသစ်ကို ရေးသားစီရင်တော်မူခဲ့ရာ ပညာရှင်တို့ လေးမြတ်ခြင်းကိုခံရသော နိဿယသစ် ဖြစ်လေသည်။ ယင်း နိဿယသစ်၌ မှတ်သားဖွယ်ရာ ရစနာဂါထာနိတိများ, ရှစ်လုံးဖွဲ့များ, သံပေါက်များ ပါရှိရာ အလွန်လျှင် မှတ်သားဖွယ်ရာ, စိတ်ဝင်စားစရာ ကောင်းလှ၏။

မာဂဓာ ပါကတာ စေဝ၊ သဟသဒ္ဒတဘာသယာ။
တိဿန္နံ ကောဝိဒေါ ယော သော၊ မိဿော ပါဠိ ဝိသောဓယေ[၁]။

သဒ္ဒါမဲ့ဆန်း၊ သူကန်း ခေါ်တွင်၊
တက်ကျမ်းမရ သူအ ဖြစ်အင်။
အလင်္ကာချို သူကျိုး အသွင်၊
ဘိဓာန်ကင်း နားပင်းဖြစ်ဘိုပင်[၂]။

နာမဝါစက၊ ပုဒ်နှောင်မှ၊ သက်ကြဗဟုဝုစ်။
ဇနပဒ၊ ပုဒ်နှောင်မှ၊ သက်ရမှန်မယုတ်။
ဇာတိဝါစက၊ ဖြစ်၍ပ၊ သက်ရးကဝုစ်[၃]—

စသည် ပုံစံ။

---

၁။ တောင်ပေါက် အဘိဓာန်နိဿယ။ နှာ-၁၉၀။

၂။ တောင်ပေါက် အဘိဓာန်နိဿယ။ နှာ-၇၆။

၃။ တောင်ပေါက် အဘိဓာန်နိဿယ။ နှာ-၁၁၀။

ကျမ်းဦး၌ "ဘုသံ ဒိပ္ပတု သဒ္ဓမ္မော၊ စိရံ ဌာတုံဟ နိမ္မလော" ဟူသော အာသီသပတ္ထနာမှတပါး ဂဏ္ဍာမဂါထာစသည် မပါမရှိချေ။ နိဂုံးလည်း မပါမရှိချေ။ ၁၃၁၇-ခုနှစ်က မြန်မာ့တာရာ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ရာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ-၆၄၅ ရှိလေသည်။

## မြန်မာ-အင်္ဂလိပ် ဘာသာပြန် အဘိဓာန်

ခရစ်သက္ကရာဇ် ၁၈၈၇-ခုနှစ် ဇူလိုင်လ ၂၃-ရက်နေ့ ဖွား၍ ၁၉၆၂-ခုနှစ် နိုဝင်ဘာလ ၉-ရက်နေ့တွင် ပျံလွန်သော ပါဠိ- အင်္ဂလိပ် အဘိဓာန်, အင်္ဂလိပ်-ပါဠိ အဘိဓာန်,ပါဠိသဒ္ဒါတို့, ပါဠိဘာသာဝတာရဏ-စသော ကျမ်းပေါင်း ၈၀-ကျော်တို့ကို ရေးသား ဘာသာပြန် သုတ်သင်ခဲ့သော အဂ္ဂမဟာပဏ္ဍိတ, သဒ္ဒါတို့စက္ကဝတ္တိ သီဟိုဠ်ဆရာတော် အရှင်ဗုဒ္ဓဒတ္တ သည် မြန်မာနိုင်ငံ၌နေစဉ် ခရစ်သက္ကရာဇ် ၁၉၀၈-ခုနှစ်က အဘိဓာနပ္ပဒီပိကာ (အဘိဓာန်) ကျမ်းကို မြန်မာ-အင်္ဂလိပ် ၂-ဘာသာဖြင့် ပြန်ဆို စီရင် ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။ ၎င်းကျမ်းစာ အတွင်းမျက်နှာဖုံး၌—

> "အဘိဓာနပ္ပဒီပိကာ" ဣတိ ဝေါဟာရံ ဂတော ပါဠိ နိဃဏ္ဍု-ဂန္ထော သဗ္ဗသတ္ထဏ္ဏဝပါရဂေန အာစရိယမောဂ္ဂလ္လာနမဟာထေရ-ဝရေန ဝိရစိတော။ လင်္ကာဒီပေ ဝိဿာမသာလာထလဂါမေ အဂ္ဂါ-ရာမ ဝိဟာရာဓိပတိနှော သီပေါမဟာရာဇဂုရု သဒ္ဓမ္မဝံသပါလ-သိရိဓမ္မဓာရထေရောတိ လဒ္ဓရာဇလဉ္ဆနဿ ရာဇဂုရုမဟာထေရ-ပါဒဿ သိဿဘူတေန ဗုဒ္ဓဒတ္တနာမကေန သီဟဠိကဘိက္ခုနာ ပေါရာဏတ္ထဝိဝရဏာဒိမနုဂမ္မ မရမ္မဘာသာဣင်္ဂလိသ်ဘာသာဟိ စ လိင်္ဂလက္ခဏေဟိ စ အကာရာဒိနာ စ ယောဇိတော။ ရန်ကုန်နဂရေ ပြည်ကြီးမိတ်ဆွေတျာဘိဓာနေ ယန္တာလယေ မုဒ္ဒါပိတော" —

ဟု ပါရှိသည်။ ဂန္ထာရမ္ဘအဆုံး၌—

> ယေ မိရာ သတတံ သစိတ္တသဒနေ သမ္ဗုဒ္ဓဓမ္မေသိနော၊
> ပဥ္စာလေန္တ၂ဘိဓာနဒီပိကပဒီပံ ဓာရဏာဒ်ဝသာ။
> တေ သဗ္ဗတ္ထ ဘဝန္တိ ဓမ္မဝိနယေ နိက္ကင်္ခိနော'တ္ထညုနော၊
> တသ္မာ'ဒံ ဟိ သဒါဝ သာရမတယော ဂဏှန္တု သမ္မာဒရာ။—

ဟူသော ဂါထာဖြင့် အဘိဓာန်ကျမ်းကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားရန် တိုက်တွန်းခဲ့လေသည်။ ထိုမြန်မာ-အင်္ဂလိပ်ဘာသာပြန် အဘိဓာနပ္ပဒီပိကာ (အဘိဓာန်) ကျမ်းသည် ရှိုင်ဆိုက်ဖြင့် စာမျက်နှာ -၂၄၅ ရှိ၏။

**သီဟဠ အဘိဓာနက္ခရာဝလိကျမ်း**

ရန်ကုန်မြို့ ဗဟန်းဆရာတော် အရှင်စန္ဒိမာ၏တပည့် အရှင်သာသနဓဇသည် အဘိဓာနပ္ပဒီပိကာ (အဘိဓာန်) ကျမ်း၏ ပါဠိ သီဟိုဠ်ပြန် အက္ခရာဝလိကျမ်းကို ပါဠိ-မြန်မာ အက္ခရာဝလိကျမ်းအဖြစ် ပြန်ဆို ရေးသားပြီး သီဟဠအဘိဓာနက္ခရာဝလိကျမ်းဟူသော အမည်ဖြင့် ၁၂၇၄-ခုနှစ်တွင် ရန်ကုန်မြို့ ပုဇွန်တောင် ဇေယျာပူရိန် စာပုံနှိပ်တိုက်၌ ရိုက်နှိပ်စေ၍ ထုတ်ဝေခဲ့လေသည်။ ယင်း သီဟဠ အဘိဓာနက္ခရာဝလိကျမ်း၌ ပါဠိ, အနက်, လိင်, ဝဂ်-တို့ကို ဖော်ပြညွှန်းဆိုထား၏။ ၎င်းပြင် အနေကတ္ထဝဂ်, အဗျယဝဂ်လာ ပုဒ်တို့ကိုလည်း ပုဒ်တည်၍ ဟောနိုင်သမျှ အနက်တို့ကို အဘိဓာန်ကျမ်းရင်းအတိုင်း ထုတ်ပြ၍ စီစဉ်ထား၏။ အဘိဓာန်ကို အရမဆောင်နိုင်သော ပုဂ္ဂိုလ်များ လွယ်လွယ်ကူကူ ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားခြင်းဖြစ်ရာ ကျမ်းကောင်း တစောင်ပင် ဖြစ်လေသည်။ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ-၄၅၃ ရှိလေသည်။

**ထက်စွဲ အဘိဓာန်**

သက္ကရာဇ် ၁၂၆၆-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် ဖွားမြင်၍ ၁၃၃၁-ခုနှစ် နတ်တော်လဆုတ် ၃-ရက်နေ့တွင် ပျံလွန်တော်မူသော ပဋ္ဌမကျော် ပရိယတ္တိသာသနဟိတမဟာဓမ္မာစရိယ, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ အနောက်ပြင် ဝိဇ္ဇာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ မထေရ်သည် အဘိဓာနပ္ပဒီပိကာ (အဘိဓာန်) ကျမ်းကို ပါဠိဂါထာနှင့် မြန်မာပရိယာယ် ပြန်ဆို တွဲယှဉ်၍ ခက်ခဲသည် ထင်ရသည့် အနက်အဓိပ္ပါယ်ကို အောက်ခြေမှတ်ချက် အဖြစ်ဖြင့် ဖော်ပြပြီး လက်စွဲအဘိဓာန်အမည်ဖြင့် ၁၂၉၉-ခုနှစ်က ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။ ယင်း လက်စွဲအဘိဓာန်၌ မြန်မာအနက် အက္ခရာစဉ်ကို ဆိုင်ရာပါဠိဂါထာနံပါတ်ညွှန်း၍ ဖော်ပြထားရာ မြန်မာစကားအတွက် ပါဠိကိုရှာရန် လွယ်ကူ၏။ ၁၃၁၄-ခုနှစ်

မန္တလေးမြို့ ဓာတ်နန်းရပ် လှခင်အင်ဆန်း စာပုံနှိပ်တိုက်ရိုက် ကရောင်း ၁၆-ချိုးဆိုက်ဖြင့် စာမူရင်း အက္ခရာဝလိနှင့်တကွ စာမျက်နှာ-၃၁၆ ရှိ၏။

**နိဒါန်း၌–**

ဥုံ ဌာတံ သာသနံ ယာဝ၊ သတ္တေဒံ သောတုကာမတံ။
ဥုံ သောတူနံ ပဟာသေတုံ၊ ဒုရဘ္ဌာဗျဥ္ဇနာရိတံ–

ဟူသော ဂါထာဖြင့် စပ်ရေးသား၍ ကျမ်းစာရေးပုံ အစီအစဉ်ကို ပြဆိုထား၏။

**ပခုက္ကူအဘိဓာန်နိဿယသစ်**

ဤစာပြုသူသည် အသက် ၁၅-နှစ်သားအရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည်။ ရှင်သာမဏေတော်ပြီး ကစ္စည်း သဒ္ဒါကြီးကို ၃-လခန့် လေ့လာသင်ယူ၍ မိလိန္ဒပဉှာ ပါဠိတော်နှင့် ပါရာဇိကဏ် ပါဠိတော်တို့ကို ဆိုဝါဖြင့် သင်ယူခဲ့ရ၏။ ဆရာ့ထံတွင် အဘိဓာနပ္ပဒီပိကာ (အဘိဓာန်)ကျမ်းကိုလည်း တနေ့လျှင် ၂-ဂါထာမျှ ကျော်အောင်စံထား နိသျအတိုင်း ပါဌ်အနက်ကို အာဂုံကျက်၍ ဆရာ့ထံ၌ နေ့စဉ်ပြန်ရသည်။ သို့ဖြစ်၍ ပဌမကြီးတန်း ဖြေဆိုသောအခါ အဘိဓာန်ကို မတက်ရတော့ချေ။ အနက်လည်း နိသျမတိုက်ရတော့ချေ။ အဘိဓာန်ဂါထာပေါင်း ၁၂၀၃-ဂါထာကို ငယ်ငယ်ကပင် အာဂုံရခဲ့သဖြင့် ပိဋကစာပေကို လေ့လာ ချင်းနှင်းရာ၌ လွန်စွာကျေးဇူးများခဲ့ပါသည်။

သို့ဖြစ်၍ မိမိသည် ရဟန်း ၃-ဝါရ စာချတန်း အောင်မြင်ပြီးနောက် မန္တလေးမြို့၌ ဆက်လက် ပညာသင်ကြားနေစဉ်, ဆဋ္ဌသံဂါယနာ တင်ချိန် ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေ၌ ၅-နှစ်ကြာမျှ နေထိုင်၍ ကျမ်းစာများ သုတ်သင်နေစဉ်, သီဟိုဠ်ကျွန်း၌ ၅-နှစ်ခန့် နေထိုင်၍ ပညာသင်ကြားစဉ်, ယခု ပခုက္ကူမဟာဝိသုတာရာမ တိုက်ကြီး၌နေထိုင်ပြီး စာပေ ချပို့၍ ကျမ်းစာများ ရေးသားစဉ်တို့၌လည်း အဘိဓာန်ကို အမေ့မခံပဲ မပြတ် လေ့လာနေခဲ့ပါသည်။

စာပေချပို့ရာ၌ရင်း၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်နှင့် သာသနာဝင် ကျမ်းများ, ထေရုပ္ပတ္တိ ကျမ်းများ စသည့် ကျမ်းဂန်များကို ပြုစုရာ၌ရင်း

ဤအဘိဓာန်ကျမ်းသည် များစွာ အထောက်အကူပြုပါသည်။ ဤသို့လျှင် အဘိဓာန်ကျမ်းသည် မိမိအတွက် လွန်စွာကျေးဇူးများလှပါသည်။ သို့ဖြစ်၍ မိမိသည် ကျမ်းပြုဆရာတော်အရှင်မောဂ္ဂလ္လာန်မထေရ်အား ကျေးဇူး ဆပ်သည့်အနေဖြင့် မိမိတတ်နိုင်သမျှ ပိဋက ၃-ပုံ၊ နိကာယ် ၅-ရပ် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများ၊ သဒ္ဒနီတိ, မောဂ္ဂလ္လာန်, ရူပသိဒ္ဓိ, ရူပသိဒ္ဓိဋီကာ အစရှိသော ဗျာကရဏ်းကျမ်းများ၊ ဒီပဝံသ, မဟာဝံသ အစရှိသော သမိုင်းကျမ်းများ၊ ဘေသဇ္ဇမဉ္ဇူသာ, ဒဗ္ဗဂုဏပကာသနီ, အဥ္စနနိဒါန်း အစရှိသော ဆေးကျမ်းများ၊ အမရကောသ, မေဒိနီကောသ, ရာဇနိဃဏ္ဍု, တိကဏ္ဍသေသ, ထောမန်ဝိ, စိန္တာမဏိ-အစရှိသော သက္ကတအဘိဓာန်ကျမ်းများ၊ ဤအဘိဓာန်ကျမ်း၏အဖွင့် အဘိဓာန်ဋီကာ၊ထွက်ပေါ်ပြီးနိသျများ၊ သီဟိုဠ်ဘာသာရေး အဘိဓာန် နိသျနှင့် သီဟိုဠ်အက္ခရာဝလိအဘိဓာန်ကျမ်းများ အစရှိသည့် ကျမ်းဂန်များစွာတို့ကို ချင်းနင်းသက်ဝင် မှီငြမ်းပြု၍ ဤမည်သော **ပဋ္ဌာန်းအဘိဓာန်နိဿယသစ်** ကျမ်းကြီးကို ကြိုးပမ်း စီရင်ရေးသားပါသည်။

## ရေးသားပုံ အစီအစဉ်

ဤအဘိဓာန်နိဿယသစ်ကို ရေးသားစီရင်ရာ၌"ဗုဒ္ဓေါ၊ ဘုရား။ ဒသဗလော၊ဘုရား"စသည်ဖြင့် ကာရန်ကိုမဖျောက်ပဲ အနက်ယောဇနာပါသည်။ ယင်းသို့ အနက်ယောဇနာသည့်အတွက် ပါဠိကျက်စဉ်, အနက်ဆိုစဉ်ပါ ကာရန်ကိုနှုတ်တက်နေသဖြင့် လိုင်အနေအထား ကျမ်းကျင်ရန်အတွက် ပို၍ အထောက်အကူ ပြုပါသည်။ မိမိကျက်စဉ်ကလည်း ကျော်အောင်စံထား နိသျအတိုင်း ကျက်ခဲ့ရသဖြင့် ကာရန်များပါ ကျက်ပြီးသား ဖြစ်ခဲ့ပါသည်။ မိမိသည် ရံခါ ကြိုးကြား ပဌမကြီးတန်း ဖြေဆိုမည့် တပည့်များကို ချပို့ပေးခဲ့သည်။ ယင်းသို့ ချပို့ပေးရာ၌လည်း "ဗုဒ္ဓေါ၊ ဘုရား။ ဒသဗလော၊ ဘုရား" စသည်ဖြင့် ချပို့ပေးခဲ့ပါသည်။ သို့ဖြစ်၍ "ဗုဒ္ဓေါ၊ ဘုရား။ ဒသဗလော၊ ဘုရား"စသည်ဖြင့် ကာရန်နှင့်တကွ အနက် ယောဇနာ၍ ဤ နိဿယသစ်ကို ရေးပါသည်။

ရင်းပြင် အဆုံးအဖြတ်များ, မှတ်သားဖွယ်များ, ဆောင်ပုဒ်များကို ဒေါင့်ကွင်းတွင် သွင်း၍ ရေးပါသည်။ ဂါထာတိုင်း ဂါထာတိုင်း၌ ပရိယာယ်

ပုဒ် အရေအတွက်ကို ဖော်ပြ၍ အဓိပ္ပါယ် အဆုံးအဖြတ်ကို ဖော်ပြသည့် ဒေါင့်ကွင်းများ ပါရှိသည်ချည်း ဖြစ်ပါသည်။အထူးသဖြင့် ပါဠိ,အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်တို့မှ အဆိုအမိန့်တို့ကို ပိုမိုဦးစားပေး၍ စိစဉ် ရေးသား ထားပါသည်။

**တိုက်တွန်းချက်**

သဒ္ဒါ အဘိဓာန်၊ ဆန်းကျမ်းမှန်၊ မှတ်ရန် အလင်္ကာ။
လေးကျမ်းတတ်မြောက်၊တံခွန်ဆောက်၊ ပါမောက် ကျမ်းပြုသာ—

ဟူသည်နှင့်အညီ စာပေကျမ်းဂန်တတ် , ပါမောက္ခ ကျမ်းပြုလက္ခဏာ ဖြစ်ရေး၌ အဓိကအခန်းက ပါဝင်နေသော အဘိဓာန်ကျမ်းကိုလည်း "ကြောင် ပုဇွန်စား ကျွတ်ကျွတ်ဝါး"သို့ အဝါးဝစွာ လေ့လာကျက်မှတ်ကြ ပြီးလျှင် ဤ ပခုက္ကူအဘိဓာန်နိဿယသစ်ကိုလည်း လက်မလွှတ်တမ်း လေ့လာကြည့်ရှု၍ ဝိညူဂိုဏ်းဝင်များ စင်စစ် ဖြစ်ကြပါစေဟု ဆုမွန်ကောင်း တောင်းယင်း ဤ ကျမ်းဦးမှတ်ဖွယ်ကို လက်စသတ်လိုက်ပါပြီ။

**အရှင်ကေလာသ**
ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီ-အေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။
၁၃၄၀-ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂-ရက်။

ပစ္စက္ကျအဘိဓာန်နိဿယသစ်

# မာတိကာ


| အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|
| ပဏာမနှင့် ပဋိညာဉ် | .... | .... | .... | ၁ |
| ဗုဒ္ဓပဏာမ | .... | .... | .... | ၅ |
| ဓမ္မပဏာမ | .... | .... | .... | ၆ |
| သံဃပဏာမ | .... | .... | .... | ၇ |
| ပဋိညာဉ် | .... | .... | .... | ၈ |
| ပရိဘာသာ | .... | .... | .... | ၉ |
| ၁။ သဂ္ဂကဏ္ဍ | .... | .... | .... | ၁၁ |
| ၂။ ဘူကဏ္ဍ | .... | .... | .... | ၁၂၀-၃၃၇ |
| ၁။ ဘူမိဝဂ် | .... | .... | .... | ၁၂၀ |
| ၂။ ပုရဝဂ် | .... | .... | .... | ၁၄၀ |
| ၃။ နရဝဂ် | .... | .... | .... | ၁၅၅ |
| ၄။ စတုဗ္ဗဏ္ဏဝဂ် | .... | .... | .... | ၂၀၇ |
| ခတ္တိယဝဂ် | .... | .... | .... | ၂၀၇ |
| ဗြာဟ္မဏဝဂ် | .... | .... | .... | ၂၇၂ |
| ဝေဿ | .... | .... | .... | ၃၀၃ |
| သုဒ္ဒဝဂ် | .... | .... | .... | ၃၃၇ |
| ၅။ အရညဝဂ် | .... | .... | .... | ၃၅၀ |
| ၆။ အရညာဒိဝဂ် | .... | .... | .... | ၄၀၀ |
| ၇။ ပါတာလဝဂ် | .... | .... | .... | ၃၃၇ |

# ပခုက္ကူအဘိဓာန်နိဿယသစ်


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၃။ သာမညကဏ္ဍ .... .... .... | ၄၄၈-၆၈၆ |
| ၁။ ဝိသေသျာဓိနဝဂ် .... .... .... | ၄၄၈ |
| ၂။ သံကိဏ္ဏဝဂ် .... .... .... | ၄၈၃ |
| ၃။ အနေကတ္ထဝဂ် .... .... .... | ၄၉၂-၆၃၂ |
| ဂါထာနေကတ္ထဝဂ် .... .... | ၄၉၂ |
| အဒ္ဓါနေကတ္ထဝဂ် .... .... .... | ၅၂၄ |
| ပါဒါနေကတ္ထဝဂ် .... .... .... | ၆၃၂ |
| ၄။ အဗျယဝဂ် .... .... .... | ၆၈၆ |
| အဘိဓာနပ္ပဒီပိကာနိဂုံး .... .... .... | ၇၂၆ |
| ပခုက္ကူအဘိဓာန်နိဿယသစ် နိဂုံး.... .... .... | ၇၃၃ |
| အဘိဓာန်ပုဒ်-အက္ခရာစဉ် .... .... | ၇၃၇ |
| မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွန်း .... | ၈၂၇ |

# ပရိတ်ကြီးအဘိဓာန်နိဿယသစ်

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ရတနတ္တယ ပဏာမ

သဗ္ဗညေယျေ သုသမ္ဗုဒ္ဓံ၊ ဓမ္မဉ္စ တေန သေဝိတံ။
သံဃဉ္စာပိ ဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

အဟံ၊ အဘိဓာန် နိဿယသစ်ကျမ်း ကြိုးပမ်းအားထုတ် အကျွန်ုပ်သည်။ သဗ္ဗညေယျေ၊ သိစရာရှိသမျှ လောကီလောကုတ္တရာ ဓမ္မဉဿံ အလုံးစုံတို့ကို။ သုသမ္ဗုဒ္ဓံ၊ ပိတ်ဆည်းမရှိ ကောင်းစွာ အကြွင်းမဲ့ သိတော်မူတတ်သော မြတ်စွာဘုရားကိုရင်း။ တေန၊ ထိုသိစရာရှိသမျှ ဓမ္မဉဿံ အကုန်သိမြင်တော် မူတတ်သော ဘုရားရှင်သည်။ သေဝိတံ၊ ဂေါစရာသေဝန, ဘာဝနာ သေဝနတို့၏ အစွမ်းအားဖြင့် ထာဝရအမြဲ မှီဝဲအပ်တော်မူသော။ ဓမ္မဉ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုရင်း။ သံဃဉ္စာပိ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုရင်း။ သုနိဝါတေန၊ လွန်စွာနှိမ်ချ ရှိတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ ဘယလာဘ ကုလအာစာ မိစ္ဆာကျင့်ရိုး မမျှော်ကိုးပဲ ရှိခိုးဦးချပါ၏။

[မိမိသည် ခက်ရာခက်ဆစ် ကျမ်းကြီးတကျမ်းကို ပြုတော့မည်ဖြစ်ရာ အန္တရာယ်ပျောက်ခြင်း ကျမ်းစာပြီးဆုံးခြင်းကို အလွန်လျှင် အလိုရှိပါသည်။ ဘုရား, တရား သံဃာ-ဟူသော ရတနာ ၃-ပါးကို ရှိခိုးဦးချပူဇော်သဖြင့် အန္တရာယ်ဟူ မြူမျှမတင်ပဲ အမှန်ပင် ကျမ်းကြီးပြီးလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ "သဗ္ဗညေယျေ သုသမ္ဗုဒ္ဓံ" စသော ဂါထာဖြင့် ရတနာ ၃ ပါးအားဝစီပဏာမ ပြုပါသည်။ နေ့စဉ်နေ့တိုင်းလည်း ရတနာ ၃-ပါးဂုဏ်ကို အာရုံပြုပြီး မှန်မှန်ရေးသွားရန် ဖြစ်ပါသည်။]

## အာစရိယပဏာမ

ပုဗ္ဗာစရိယသီဟေ စ၊ ဝိသုတာရာမဝါသိနော။
နိကာယပြဟာရညုမှို၊ ဝိသာရဒေ ဗဟုဿုတေ။

နိကာယပြဟာရညုမှို၊ နိကာယ်ငါးဆိုင် ဘောနက်ဂနိုင်၌။ ဝါ၊ အပြော ကျယ်စွာ နိကာယ်ငါးဖြာ ဘောအုပ်၌။ ဝိသာရဒေ၊ ရွံ့ရှားခြင်းကင်း ရဲ တင်းတော်မူကြကုန်သော။ ဗဟုဿုတေ၊ သမယ, သမယန္တရ ဗဟုဿုတ ဂုဏ် ပြည့်ဝကုံလုံတော်မူကြကုန်သော။ ဝိသုတာရာမ ဝါသိနော၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချကျောင်းတိုက်ကြီးအတွင်း ၌ သီတင်းသုံး စံပျော်နေထိုင်တော်မူလေ့ ရှိကုန်သော။ ပုဗ္ဗာစရိယ သီဟေ စ၊ မဟာဝိသုတာရာမ နိကာယတက္ကသိုလ်တည် ဒီဃဒဿီ ရေစကြိုဆရာ တော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်, အဘိဓဇ မဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ မဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်, အရှင် မာဃိန္ဒမဟာထေရ် အစရှိကုန်သော ရှေးဆရာမြတ်တို့ကိုလည်း။ အဘိဝန္ဒာမိ၊ သဒ္ဓါကြည်နူး အထူးအားဖြင့် ရှိခိုးဦးချပါ၏။

[သပ္ပုရိသူပနိဿယ, ကလျာဏမိတ္တ သမ္ပဒါသည် အလွန်အရေး ကောင်းပါသည်။ ယင်းသပ္ပုရိသူပနိဿယစက် ချွတ်ယွင်းခဲ့လျှင် ကလျာဏမိတ္တ သမ္ပဒါမရခဲ့လျှင် ဘယ်နည်းနှင့်မျှ လောကီ, လောကုတ္တရာ ဂုဏ်ကျေးဇူးတို့ မဖြစ်ထွန်း မတိုးတက်နိုင်ပါ။ မိမိသည် သူတော်ကောင်းကြီးများ ဖြစ်တော်မူကြသော ကျေးဇူးရှင် ဆရာသမားတို့၏ ခြေမြောက်မှုကြောင့် ပိဋကတ်ကျမ်းစာ အမျိုး မျိုး ချပို့ခွင့်, ရေးလိုသည့် ကျမ်းစာများရေးသားခွင့်ကို ရပါသည်။ ဤကျမ်းစာကြီးကို ရေးရာ၌ ကျေးဇူးရှင် ဒီဃဒဿီ ရေစကြိုဆရာ တော်ဘုရားကြီး အရှင်ဂန္ဓသာရ သီတင်းသုံးသည့် ကျောင်းပေါ် ၌ နေ၍ ရေးရသာ ရေစကြိုဆရာတော်ဘုရားကြီး ကျေးဇူးသည် လည်း အလွန်ကြီးကျယ်လှပါသည်။ ဆရာတော်အရှင်ပညာထံ မိမိကို မိဖများက လိုက်ပို့အပ်နှံသဖြင့် ပခုက္ကူတိုက်ကြီးသို့ ရောက် ရှိရသာ ဆရာတော်အရှင်ပညာသည်လည်း ကျေးဇူးရှင်တပါး ဖြစ်

တော်မူသည်။ အဘိဓမ္မမဟာရဋ္ဌဂုရု ဆရာတော်ကြီး အရှင်သုန္ဒရမှာ ငယ်စဉ်ကတည်းက အမျိုးမျိုးအဖုံဖုံ ချီးမြှောက်တော်မူရာ ဆပ်၍မကုန်နိုင်အောင် ကျေးဇူးများလှပါ၏။ ဆရာတော် အရှင်နန္ဒဝံသ, အရှင်ဂန္ဓမာ, အရှင်မာဃိန္ဒ, အရှင်နန္ဒိယတို့ထံ၌လည်း စာလိုက်ရ, စာဆိုရ, ဩဝါဒများကို နာကြားရလေရာ အလွန်ကျေးဇူးများလှ၏။ သို့ဖြစ်၍ "ပုဗ္ဗာစရိယသီဟော စ" အစရှိသော ဂါထာဖြင့် ဖော်ပြပါ ကျေးဇူးရှင် ဆရာသမားတို့ကိုလည်း ရှိခိုးဦးချပူဇော်ပါသည်။]

## ပဋိညာဉ်

နိဿယံ အာရဘိဿာမိ၊ ဝိနိစ္ဆယေဟိ မဏ္ဍိတံ။
အဘိဓာနသုပါဌဿ၊ ဂန္ထံ သဗ္ဗင်္ဂသောဘနံ။

အဘိဝန္ဒိတွာ၊ ရတနာသုံးပါးဆရာသမားတို့ကို ရိုသေမြတ်နိုး အထူးအားဖြင့် ရှိခိုးဦးချပြီး၍။ ဝိနိစ္ဆယေဟိ၊ ဝိနိစ္ဆယဖြတ်ထုံး မျိုးစုံတို့ဖြင့်။ မဏ္ဍိတံ၊ တန်ဆာဆင်အပ်သော။ အဘိဓာနသုပါဌဿ၊ ကောင်းမြတ်သော အဘိဓာနပ္ပဒီပိကာပါဠ်၏။ သဗ္ဗင်္ဂသောဘနံ၊ အခန်းတိုင်း အပိုင်းတိုင်း၌ တင့်တယ်သော။ နိဿယံ ဂန္ထံ၊ပခုက္ကူနိဿယသစ်ကျမ်းကို။အာရဘိဿာမိ၊ လုံ့ပန်းကြိုးကုတ် အားထုတ်ပါအံ့သတည်း။

[မိမိသည် ပခုက္ကူအဘိဓာန်နိဿယသစ်ကျမ်းကြီး ပြုစီရင်ရာ၌ ဂါထာတိုင်း ဂါထာတိုင်း အဆုံးအဖြတ်မျိုးစုံတို့ကို ဖော်ပြ၍ ယထာဗလ, ယထာသတ္တိ စွမ်းရည်ရှိသလောက် မခိုမကပ်ပဲ ရေးသားမည်ဖြစ်ပါသည်။ ဤကျမ်းကို ပိုင်ပိုင်မိမိ ကြည့်ရှုလေ့လာသည့် စာသင်, စာချ, စာပြင်ပုဂ္ဂိုလ်မှာ မုချကေန် အမှန်အကျိုး ရှိပါမည်။]

# ပဒကာ။ အဘိဓာဒိနိဿယသစ်

## ဗုဒ္ဓပဏာမ

(က) တထာဂတော ယော ကရုဏာကရော ကရော။
ပယာတမောဃံ သုခပစ္စယံ ပဒံ။
အကာ ပရတ္ထံ ကလိသမ္ဘဝေ ဘဝေ၊
နမာမိ တံ ကေဝလဒုက္ကရံ ကရံ။

ကရုဏာကရော၊မဟာကရုဏာတော်၏တည်ရာဖြစ်တော်မူသော။ ယော တထာဂတော၊ ရှေးနှောင်တော် သယမ္ဘူတို့အတူ ကြွလာခြင်း ကောင်း တော်မူသော အကြင်မြတ်စွာဘုရားသည်။ ကရောပယာတံ၊ လက်တော်၏ အနီးသို့ ရောက်နေသော။ ဝါ၊ လက်တော်သို့ ရောက်လုနီးဖြစ်သော။ သုခပစ္စယံ၊ ချမ်းသာသုခ၏ တည်ရာဖြစ်သော။ ဝါ၊ ချမ်းသာသုခကို ပေး တတ်သော။ ပဒံ၊ နိဗ္ဗာန်ကို။ ဩသဇ္ဇ၊ စွန့်ပယ်တော်မူ၍။ ကလိသမ္ဘဝေ၊ ဆင်းရဲဒုက္ခ၏အကြောင်းဖြစ်သော။ဘဝေ၊သံသရာတခွင်၌။ ကေဝလဒုက္ကရံ၊ ပုဂ္ဂိုလ်သာမန်တို့ ကေန်ပြုနိုင်ခဲလှစွာသော ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးစု မြတ်ကောင်းမှုကို။ ကရံ၊ သဗ္ဗညုဉာဏ် ရရန်မြော်ရှု ပြုတော် မူလျက်။ ပရတ္ထံ၊ သူတပါးတို့၏ အကျိုးကို။ အကာ၊ ပြုတော်မူပြီ။ ဝါ၊ သည်ပိုးရွက်ဆောင်တော်မူပြီ။ တံ တထာဂတံ၊ ရှေးနှောင်တော် သယမ္ဘူ တို့အတူ ကြွလာခြင်း ကောင်းတော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးဦးချပါ၏။

[ကျမ်းဦးအစ ပဏာမမင်္ဂလာကို ပြုရာငယ် ထူးခြားသော ဂုဏ်ကို ထုတ်ဖော်၍ ပဏာမပြုလျှင် သဒ္ဓါတရား သာလွန်၍ ပေါများ တိုးပွားဖွယ်ရှိရကား ဂုဏ်ထူးဝိသေသကို ဖော်ပြကာ ပဏာမပြုလိုသော အရှင်မောဂ္ဂလ္လာန်သည် တထာဂတော ယော ကရုဏာကရော စသော ဂါထာကို မိန့်။ ဒီပင်္ကရာဘုရားရှင် လက်ထက်က နိဗ္ဗာန်မယူခဲ့ပဲ ယင်း နိဗ္ဗာန်ချမ်းသာကို စွန့်၍

လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး အလွန်အမင်းဆင်းရဲ အပင်ပန်းခံတော်မူကာ သဗ္ဗညုတဉာဏ်ရရန် ရှုမြော်တော်မူလျက် သတ္တဝါတို့၏အကျိုးကို ပြုတော်မူသော မဟာကရုဏာပိုင်ရှင် ဘုရားသခင်ကို ရှိခိုးပါ၏ဟူလို။ ]

### ဓမ္မပဏာမ

(၁) အပ္ပဇယုံ ယံ မုနိကုဉ္ဇရာ ဇရာ၊
ရုဇာဒိမုတ္တာ ယဟိံမုတ္တရေ တရေ။
ဌိတာ တံဝဋ္ဋမ္ဗုနိဓိံ နရာနရာ၊
တရိံသု တံ ဓမ္မမဃပ္ပဟံ ပဟံ။

ဇရာရုဇာဒိမုတ္တာ၊ သွားကြီးဆံဖြူ ယေမ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ဒေပျော်ချခြင်း, အခံခက်စွာ နာကျင်ခြင်းအစရှိသော သံသရာ့ဘေးဒုက္ခတို့မှ လွှတ်မြောက်တော်မူကြကုန်ပြီးသော။ မုနိကုဉ္ဇရာ၊ ဘုရားမြတ်တို့သည်။ ယံ ဓမ္မံ၊ အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို။ အပ္ပဇယုံ ပူဇော်တော်မူကြကုန်ပြီ။ ဥတ္တရေ၊ ကောင်းမွန်ထူးဘင့် မြင့်မြတ်သော။ ယဟိံ တရေ၊ အကြင်တရားတော်ဟူသော လှေသင်္ဘောယာဉ်၌။ တနည်း၊ ယဟိံ ဓမ္မေ၊ အကြင်တရားတော်၌။ ဌိတာ၊ တည်ရှိကြကုန်သော။ ဥတ္တရေ တရေ၊ မြတ်ကုန် ယုတ်ကုန်သော။ (ဥတ္တရ+ဥတ္တရေ ဟု ပုဒ်ဖြတ်) နရာနရာ၊ လူနှင့်နတ်တို့သည်။ တံဝဋ္ဋမ္ဗုနိဓိံ ဝဋ်သုံးပါးဟူသော အပြောကျယ်စွာ သမုဒ္ဒရာပင်လယ်ကို။ တရိံသု၊ ကူးသွားကြလေကုန်ပြီ။ အဃပ္ပဟံ၊ မကောင်းမှု အရပ်ရပ်ကို ပယ်ရှားတတ်သော။ တံ ဓမ္မံ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကိုလည်း။ နမာမိ၊ ကော်ရော်မြတ်နိုး ရှိခိုးပါ၏။

[ မဟာကရုဏာတော်ဖြင့် ဘုရားဖြစ်နေ၏ ဂုဏ်တော်အားလုံး ကို ချီးမြှောက် ဗုဒ္ဓဝန္ဒနာ ပဏာမပြုပြီး၍ ယခုအခါ တရားတော်ကို ဓမ္မဝန္ဒနာ ပဏာမပြုလိုရကား အပ္ပဇယုံ ယံ မုနိကုဉ္ဇရာ ဇရာ အစရှိသော ဂါထာကို မိန့်။ ဘုရားရှင်အားလုံးတို့ ပူဇော်အပ်သော တရားတော်, အကြင်တရား၌တည်၍ လူလူ, နတ်နတ်

အရပ်ရပ်တို့ ဝဋ္ဋ ၃-ပါးလွန်မြောက် နိဗ္ဗာန်သို့ ဆပ်ရောက်ကြ ကုန်ပြီ၊ ထိုတရားတော်ကို ရှိခိုးပါ၏ ဟူလို။]

### သံဃပဏာမ

(၈) ဂတံ မုနိန္ဒောရသသူနုတံ နုဟံ၊
သုပုညက္ခေတ္တံ ဘုဝနေ သုတံ သုတံ။
ဂဏမ္ပိ ပါဏိကတသံဝရံ ပရံ၊
သဒါ ဂုဏောဃေန နိရန္တရန္တရံ။

မုနိန္ဒော ရသသူနုတံ၊ မုနိ၀ါးဖြာ ထွတ်ချာမုန်ကင်း ရဟန်းမင်းဘုရား ၏ ရွှေရင်တော်နှစ် သားတော်စစ် အဖြစ်သို့။ ဂတံ၊ မှန်စွာမဖောက် ရောက်တော်မူပြီးသော။ နုတံ၊ ဂုဏ်တော်ထိုထို မြွက်ဆိုချီးမွမ်းအပ် ပူဇော် အပ်သော။ သုပုညက္ခေတ္တံ၊ ပစ်ချစိုက်ပျိုး ကောင်းမှုမျိုးကို မညှိုးမချောက် အကျိုးမြောက်အောင် စောင့်ရှောက် ကာကွယ်တော်မူသော။ ဘုဝနေ၊ လောကသုံးခွင် ဘုံအပြင်၌၊ သုတံ၊ လွှမ်းတက်ထင်ပေါ် ကျော်စောတော် မူသော။ အသုတံ၊ ကိလေသာမိုးရေ မစွတ်စို မပေကျံတော့သော။ ပါဏိကတသံဝရံ၊ အသက်တန္တု ပြုအပ်သော ပါတိမောက္ခ သံဝရသီလရှိတော် မူသော။ ဝရံ၊ တောင့်တအပ် မြတ်တော်မူသော။ သဒါ၊ အခါခပ်သိမ်း။ ဂုဏောဃေန၊ သီလအစရှိသော ဂုဏ်တော်အယဉ် ဂုဏ်တော်အပေါင်းနှင့်။ နိရန္တရန္တရံ၊ မပြတ်ထာဝစဉ် ထုံအပ်သော စိတ်ရှိတော်မူသော။ တံ ဂဏမ္ပိ၊ ထိုရှစ်ပါးအရိယာ မြတ်သံဃာ အပေါင်းကိုလည်း၊ နမာမိ၊ ကော်ရော် မြတ်နိုး ရှိခိုးပါ၏။

[တရားတော်ကို ထောမနာ ပဏာမပြုပြီး၍ ယခုအခါ၌ သံဃာ တော်ကိုထောမနာ ပဏာမပြုလိုရကား ဂတံ မုနိန္ဒော ရသသူနုတံ စသော ဂါထာကိုမိန့်။ ဘုရားရှင်၏ တရားရင်နှစ် သားတော်စစ် လည်းဖြစ် ကိလေသာ တစုံတရာမရှိတော့သဖြင့် ချီးမွမ်းထိုက်သော ဂုဏ်စသည်နှင့် ပြည့်စုံသော အရိယာ သံဃာတော်မြတ် အပေါင်း ကိုလည်း ရှိခိုးပါ၏ ဟူလို။]

## ပဋိညာ

(ဃ) နာမလိင်္ဂေသု ကောသလ္လ-မတ္ထနိစ္ဆယကာရဏံ။
ယတော မဟာဗလံ ဗုဒ္ဓ-ဝစနေ ပါဋဝတ္ထိနံ။

(င) နာမလိင်္ဂါန်ယတော ဗုဒ္ဓ-ဘာသိတဿာရဟာန္ယဟံ။
ဒဿယန္တော ပကာသေဿ-မဘိဓာနပ္ပဒီပိကံ။

ဗုဒ္ဓဝစနေ၊ ဘုရားမြွက်စွာ ပါဠိတော်၌။ ပါဋဝတ္ထီနံ၊ လိမ္မာကျွမ်းကျင်သူ၏ အဖြစ်ဟူသော အကျိုးကို အလိုရှိကြကုန်သော။ ဝါ၊ လိမ္မာကျွမ်းကျင်ခြင်းကို အလိုရှိကြကုန်သော။ သောတူနံ၊ သင်လိုနာလို စာသင်ပျိုတို့၏။ နာမလိင်္ဂေသု၊ နာမ်လိင်တို့၌။ ကောသလ္လံ၊ လိမ္မာ ကျွမ်းကျင် ကုန်သူတို့၏ အဖြစ်သည်။ ယတော၊ အကြင့်ကြောင့်။ မဟာဗလံ၊ အားကြီးသော။ အတ္ထနိစ္ဆယကာရဏံ၊ အနက်ကို ဆုံးဖြတ်နိုင်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

အတော၊ ထိုကြောင့်။ ဗုဒ္ဓဘာသိတဿ၊ ဘုရားဟောဖော် ပါဠိတော်အား။ အရဟာနိ၊ ထိုက်တန် တော်လျော်ကုန်သော။ နာမလိင်္ဂါနိ၊ နာမ်လိင်တို့ကို။ ဒဿယန္တော၊ လင်းလင်းထင်ထင် ရှုမြင်စေလိုသော။ ဝါ၊ ယထာသတ္တိ ယထာဗလ ပြလိုသော။ အဟံ၊ အဘိဓာနပ္ပဒီပိကာ ကျမ်းပြုဆရာ ငါသည်။ အဘိဓာနပ္ပဒီပိကံ၊ အဘိဓာနပ္ပဒီပိကာ သညာတင့်ဆန်း ဤသည့်ကျမ်းကို။ ပကာသေဿံ၊ စီရင်ပြဆိုပေအံ့။

[ရတနတ္တယ ပဏာမ ပြုပြီး၍ ကျမ်းပြုခြင်း၏ အကြောင်းနှင့် ပဋိညာဉ်ကို ပြလိုသဖြင့် "နာမလိင်္ဂေသု ကောသလ္လ" စသော ဂါထာကို မိန့်။ ဘုရားဟော ပိဋကတ်ကို တတ်မြောက်အောင် သင်ကြား လေ့လာသူသည် ဒာမည် ပရိယာယ် ပုဒ်တွေ များများ နှုတ်တက်ရရှိပါမှ၊ ပုဒ်မြင်လိုက်လျှင် ဣတ္ထိလိင်ပဲ၊ ပုလ္လိင်ပဲ၊ နပုလ္လိင်ပဲ စသည်ဖြင့် ကွဲပြားနားလည်ပါမှ ပိဋကတ်ကို တတ်မြောက် လိမ္မာနိုင်သည်။ သို့ဖြစ်၍ ဘုရားဟော ပိဋကတ်အားလျော်သော နာမ် (ပရိယာယ်ပုဒ်တွေ) လိင်တို့ကို ပြဆိုမည် ဟူလို။]

## ပရိဘာသာ

(စ) ဘိယျော ရူပန္တရာ သာဟ-စရိယေန စ ကတ္ထစိ။
ကွစာဟစ္စဝိဓာနေန၊ ဉေယျံ ထီပုန္နပုံသကံ။

ဘိယျော၊ များသောအားဖြင့်။ ဝါ၊ ယေဘုယျအားဖြင့်။ ရူပန္တရာ စ၊ ရုပ်အထူးအားဖြင့်၎င်း။ ကတ္ထစိ၊ အချို့သောအရာ၌။ သာဟစရိယေန စ၊ လိင်မြဲသော သဒ္ဒါနှင့်တကွဖြစ်သောအားဖြင့်၎င်း။ ကွစိ၊ အချို့သောအရာ၌။ အာဟစ္စဝိဓာနေန စ၊ အထူးပြု၍ စီရင်ခြင်းအားဖြင့်၎င်း။ ဝါ၊ အထူးပြုဆို စီရင်ခြင်းအားဖြင့်၎င်း။ ထီပုန္နပုံသကံ၊ ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်၏ အဖြစ်ကို။ ဉေယျံ၊ သိအပ်၏။

[ ရူပန္တရာ၊ ရုပ်အထူးအားဖြင့် ဟူသည် အာ, ဤ, ဣနီ အဆုံး ပုဒ်တို့ကိုတွေ့လျှင် ဣတ္ထိလိင်ဟု သိပါ။ ပုံစံ-ကညာ, နဒီ, ဘိက္ခုနီ စသည်တည်း။ ဩဆုံးလျှင် ပုလ္လိင်ဟု သိပါ။ ပုံစံ-ခဂ္ဂေါ စသည် ဖြစ်၏။ နိဂ္ဂဟိတ်ဆုံးလျှင် နပုလ္လိင်ဟု သိပါ။ ပုံစံ-ပါဏိယံ, သလိလံ စသည်တည်း။ သာဟစရိယေန၊ လိင်မြဲသော သဒ္ဒါနှင့်တကွ ဖြစ်သောအားဖြင့် ဟူရာ၌ သဟာယကော သုဇမ္ပတိ စသည်၌ သဟာယကော သဒ္ဒါသည် ပုလ္လိင် မြဲသည်။ ယင်း ပုလ္လိင် မြဲသော သဟာယကော တွဲကပ်ဆိုထားသဖြင့် သုဇမ္ပတိကိုလည်း ပုလ္လိင်ဟု သိပါဟူလို။ အာဟစ္စဝိဓာနေန၊ အထူးပြု၍ စီရင်ခြင်းအားဖြင့် ဟူသည် ဓိတိတ္ထိယံ စသည်၌ ဓိတိသဒ္ဒါ ဣတ္ထိလိင်၌ဖြစ်သည်ဟု အထူးပြု၍ ထုတ်ဆိုခြင်း စသည်ဖြစ်၏။ အဗ္ဘံ တီသု၌ အဗ္ဘသဒ္ဒါ လိင်သုံးပါး၌ဖြစ်ကြောင်းသိရှိရန် တီသု ဟု အထူးပြု၍ ဆိုသည်။]

(ဆ) အဘိန္နလိင်္ဂါနံ ယေဝ၊ ဒွန္ဒော စ လိင်္ဂဝါစကာ။
ဂါထာပါဒန္တမဇ္ဈဋ္ဌာ၊ ပုဗ္ဗံ ယန္တျပရေ ပရံ။

အဘိန္နလိင်္ဂါနံယေဝ၊ မပြားသော လိင်ရှိသော သဒ္ဒါတို့၏သာလျှင်။ ဝါ၊ လိင်တူသဒ္ဒါတို့၏သာလျှင်။ ဒွန္ဒော စ၊ ဒွန်သမာသ်တွဲစပ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဂါထာပါဒန္တမဇ္ဈဋ္ဌာ၊ ဂါထာပါဒ၏ အဆုံး,ဂါထာ ပါဒ၏ အလယ်၌ တည်ကုန်သော။ လိင်္ဂဝါစကာ၊ ထိယံ, ဣတ္ထိယံ, ပုမေ, နပုံသကေ, ဒွိသု, တီသု, သာ, သော, တံ ဟူသော လိင်ဟော သဒ္ဒါတို့

သည်။ ပုဗ္ဗ၊ ရှေ့သို့။ ယန္တိ၊ သွားကုန်၏။ အပရေ၊ တပါးကုန်သော ဂါထာပါဒ၏ အစ၌တည်ကုန်သော လိင်ဟော သဒ္ဒါတို့သည်။ ပရံ၊ နောက်သို့။ ယန္တိ၊ သွားကုန်၏။

[ကျမ်းဆရာက မှာစရာ ရှိသမျှ ကျမ်းဦး၌ ပြည့်ပြည့်စုံစုံ မှာ၏၊ လိင်တူပုဒ်များကိုသာ ဒွန်သမာသ်တွဲပြီးဆိုမည်ဟူ၏။ ပုံစံ- ဝိမုတ္တျသခ်တဓာတု၊ သုဒ္ဓိ နိဗ္ဗုတိယော သိယုံ စသည်တည်း။ ဝိမုတ္တိ- အသခ်တဓာတုကွတ္ထိလိင်ချင်းတူသည်။ သုဒ္ဓိ နိဗ္ဗုတိ၊ ကွတ္ထိလိင်ချင်း တူသည်။ နင်္ဂေါ ဒိဂမ္ဗရာဝတ္ထော၊ ပုလ္လိင်ချင်းတူ ပုံစံ။]

(၄) ပုမိတ္ထိယံ ပဒံ ဒွိသု၊ သဗ္ဗလိင်ေ စ တီသွိတိ။
အဘိဓာနဋ္ဌရာရမ္ဘော၊ ဉေယျံ တွန္တ မထာဒိ စ။

ဒွိသူတိ ပဒံ၊ ဒွိသုဟူသော ပုဒ်ကို။ ပုမိတ္ထိယံ၊ ပုလ္လိင် ကွတ္ထိလိင်၌။ ဉေယျံ၊ သိအပ်၏။ ဝါ၊ သိပါလေ။ စ၊ ထိုမှတပါး။ တီသွိတိ ပဒံ၊ တီသု ဟူသောပုဒ်ကို။ သဗ္ဗလိင်ေ၊ အလုံးစုံသောလိင်၌။ ဝါ၊ လိင်သုံးပါး၌။ ဉေယျံ၊ သိအပ်၏။ ဝါ၊ သိပါလေ။ အဘိဓာနဋ္ဌရာရမ္ဘော၊ အမည်ပရိယာယ် ဝေဝုစ်တပါးကို အားထုတ်ရာ၌။ တွန္တံ စ၊ တု ဆုံးသောပုဒ်ကိုရင်း။ အထာဒိ စ၊ အထသဒ္ဒါအစရှိသော ပုဒ်ကိုရင်း။ ဉေယျံ၊ သိအပ်၏။ ဝါ၊ သိပါလေ။

[ဒွိသု ပုဒ်ကို ကွတ္ထိလင် ပုလ္လိင် ၂-လိင် ညွှန်းသည်ဟု သိရမည်။ တီသု တွေ့လျှင် လိင် ၃-ပါးလုံး သိရမည်။ ပရိယာယ်သစ် အား ထုတ်လျှင် နောက်က တုထား၍ ဆိုမည်ဟူ၏။ ပုံစံ-ဗိနော သက္ကော တု သိဒ္ဓတ္ထော၊ စသည်တည်း။ ပရိယာယ်သစ်ကိုဆိုလျှင် အထ-သဒ္ဒါကိုမူကား အစက ဆိုမည်ဟူ၏။ ပုံစံ-ပါဏကော စာပျ ထော ဥစ္စာ-လိင်ေါ လောမသပါဏကော၊ စသည်တည်း။]

(၅) ဘိယျော ပယောဂမာဂမ္မ၊ သောဂတေ အာဂမေ ကွစိ။
နိဿဓ္ဓာယတ္တိဥ္စာနိယ၊ နာမလိင်ံ ကထိယတိတိ။

မယာ၊ ကျမ်းပြုဆရာ ငါသည်။ ဘိယျော၊ များသောအားဖြင့်။ ဝါ၊ ယေဘုယျ အားဖြင့်။ သောဂတေ ဘုရားရှင်စကားတော်ဖြစ်သော။ အာဂမေ၊ ပိဋကသုံးပုံ၌။ ပယောဂံ၊ ဥဒါဟရဏ် ပြယုဂ် ပုံစံကို။ အာဂမ္မ စ၊

ယူ၍ရင်း။ နိဿက္ကယုတ္တိ၊ နိဿက္ကကျမ်းလာ ပိဋကသုံးပုံ ဘုရားရှင်စကားတော်အား လျော်သော ဥဒါဟရုဏ် ပုံစံ ပရိယာယ်စကားများကို။ အာနိယ စ၊ ဆောင်ယူ၍ရင်း။ နာမလိင်္ဂ၊ နာမ်လိင်ကို။ ကထိယတိ၊ သောတုဇဉ်များ အကျိုးများရန် ကေန်မှုချ ပြဆိုအပ်၏။ ဣတိ၊ ဤတွင် ပဏာမ, ပဋိညာဉ်, ပရိဘာသာ အပြီးတည်း။

[နာမလိင်္ဂါနုသာသနမည်သော ဤအဘိဓာနပ္ပဒီပိကာကျမ်းကို ပိဋကတ်လာ ပရိယာယ်ပုဒ်တွေနှင့် ပိဋကတ်တော် ဘုရားစကားတော်အား လျော်ကန်ကိုက်ညီသော အမရကောသ အစရှိသော နိဿက္ကခေါ် သက္ကတအဘိဓာန်ကျမ်းများမှ ပရိယာယ်စကားများကိုပါယူ၍ ပြဆိုရေးသားမည်ဟူ၏။]

၁-သဂ္ဂကဏ္ဍ

(၁) ဗုဒ္ဓေါ ဒသဗလော သတ္ထာ၊ သဗ္ဗညူ ဒ္ဝိပဒုတ္တမော။
မုနိန္ဒော ဘဂဝါ နာထော၊ စက္ခုမင်္ဂီရသော မုနိ။

(၂) လောကနာထောနဓိဝရော၊ မဟေသိ စ ဝိနာယကော။
သမန္တစက္ခု သုဂတော၊ ဘူရိပညော စ မာရဇိ။

(၃) နရသီဟော နရဝရော၊ ဓမ္မရာဇာ မဟာမုနိ။
ဒေဝဒေဝေါ လောကဂရု၊ ဓမ္မဿာမီ တထာဂတော။

(၄) သယမ္ဘူ သမ္မာသမ္ဗုဒ္ဓေါ၊ ဝရပညော စ နာယကော။
ဇိနော သက္ကော တု သိဒ္ဓတ္ထော၊ သုဒ္ဓေါဒနိ စ ဂေါတမော။

(၅) သကျသီဟော တထာ သကျ-မုနိ စာဒိစ္စဗန္ဓု စ။

(၁-၅) ဗုဒ္ဓေါ၊ ဒသဗလော၊ သတ္ထာ (သတ္ထု-ပုဒ်ရင်း)၊ သဗ္ဗညူ၊ ဒ္ဝိပဒုတ္တမော၊ မုနိန္ဒော၊ ဘဂဝါ (ဘဂဝန္တု-ပုဒ်ရင်း)၊ နာထော၊ စက္ခုမာ၊ (စက္ခုမန္တု-ပုဒ်ရင်း)၊ အင်္ဂီရသော၊ မုနိ၊ လောကနာထော၊ အနဓိဝရော၊ မဟေသိ၊ ဝိနာယကော၊ သမန္တစက္ခု၊ သုဂတော၊ ဘူရိပညော၊ မာရဇိ၊ နရသီဟော၊ နရဝရော၊ ဓမ္မရာဇာ၊ မဟာမုနိ၊ ဒေဝဒေဝေါ၊ လောကဂရု၊ ဓမ္မဿာမီ၊ တထာဂတော၊ သယမ္ဘူ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝရပညော၊ နာယကော၊ ဇိနော၊ ဘုရား။ ဘုရားပရိယာယ် (၃၂)ပုဒ်။ (ဤပရိယာယ်

( ၃၂ ) ပုဒ်ကား ဘုရားအားလုံးနှင့် ဆက်ဆံသော အမည်ပရိယာယ် ပုဒ်များတည်း။) တု၊ ပရိယာယ်အသစ် ထုတ်ဖော်လှစ်အံ့။ သက္ကော၊ သိဒ္ဓတ္ထော၊ သုဒ္ဓေါဒနိ၊ ဂေါတမော၊ သကျသီဟော၊ ဂေါတမဘုရား။ တထာ၊ ထိုမှတပါး။ သကျမုနိ၊ အာဒိစ္စဗန္ဓု၊ ဂေါတမဘုရား။ ဤ(၇)ပုဒ် တို့ကား ငါတို့ ဂေါတမဘုရား၏ အမည်တော်တို့တည်း။

[စ-သဒ္ဒါ, အပိ-သဒ္ဒါ, ပိ-သဒ္ဒါ, တု-သဒ္ဒါ, အထ-သဒ္ဒါတို့ကို သင့်လျော်သော အရာ၌သာ အနက်ယောဇနာမည်၊ တချို့ စ, အပိ, ပိ, အထ, တု စသော သဒ္ဒါတို့မှာ ဂါထာပြည့်ရုံ ဆိုထားရာ အနက် မယောဇနာသော်လည်း အပြစ်တစုံတရာ မရှိချေ။

ဗုဒ္ဓ မည်ကြောင်းကို—

အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ။

ဟူ၍ သေလပုဏ္ဏားအား ဘုရားရှင် ဟောတော်မူ၏။ မ၊ ၂။ ၃၅၂- သေလသုတ်။ သုတ္တနိ။ ၃၄၈ သေလသုတ်။ ဗုဒ္ဓေါတိ ကေနဋ္ဌေန ဗုဒ္ဓေါ၊ ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ၊ သဗ္ဗညုတာယ ဗုဒ္ဓေါ၊ သဗ္ဗဒဿာဝိတာယ ဗုဒ္ဓေါ၊ အနည- နေယျတာယ ဗုဒ္ဓေါ၊ ဝိသဝိတာယ ဗုဒ္ဓေါ၊ ခီဏာသဝသင်္ခါတေန ဗုဒ္ဓေါ၊ နိရုပလေပသင်္ခါတေန ဗုဒ္ဓေါ၊ ဧကန္တဝီတရာဂေါတိ ဗုဒ္ဓေါ၊ ဧကန္တဝီတဒေါသောတိ ဗုဒ္ဓေါ၊ ဧကန္တဝီတမောဟောတိ ဗုဒ္ဓေါ၊ ဧကန္တနိက္ကိလေသောတိ ဗုဒ္ဓေါ၊ ဧကာယနမဂ္ဂံ ဂတောတိ ဗုဒ္ဓေါ၊ ဧကော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ဗုဒ္ဓေါ၊ အဗုဒ္ဓိ- ဝိဟတတ္တာ ဗုဒ္ဓိပဋိလာဘတ္တာ ဗုဒ္ဓေါ—စသည်ဖြင့်လည်း မဟာ နိဒ္ဒေသပါဠိ။ သာရိပုတ္တ-သုတ္တနိဒ္ဒေသ၌လည်း လာ၏။

ဒသဗလ။ ။အားတော် ၁၀-ပါးဟူသော ကာယဗလ, ဉာဏ်တော် ၁၀-ပါးဟူသော ဉာဏဗလနှင့် ပြည့်စုံတော်မူရကား ဘုရားရှင်သည် ဒသဗလ မည်၏။ ဆဒ္ဒန်ဆင် ၁၀ စီး၏ အားနှင့် တူသော အား ၁၀-ပါးသည် ကာယဗလ ၁၀-ပါး ဖြစ်၏။

(၁) ဌာနာဌာနဉာဏ်။ (၂) ကမ္မဝိပါကဉာဏ်။ (၃) သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်။ (၄) အနေကဓာတု နာနာဓာတုလောကဉာဏ် (၅) နာနာဓိမုတ္တိကတာ ဉာဏ်။ (၆) ဣန္ဒြိယပရောပရိယတ္တဉာဏ်။ (၇) ဈာနာဒိသံကိလေသ ဝေါဒါနဝုဋ္ဌာန ဉာဏ်။ (၈) ပုဗ္ဗေနိဝါသဉာဏ်။ (၉) စုတူပပါတဉာဏ်။ (၁၀) အာသဝက္ခယဉာဏ်-အားဖြင့် ဉာဏဗလ ၁၀-ပါး ဖြစ်၏။

(ဆောင်) ဆဒ္ဒန်ဆယ်ကောင်၊ အားစွမ်းဆောင်၊ ဘုန်းခေါင်ဒို့မြတ်စွာ။

ဌာနာ, ကမ္မ၊ သဗ္ဗတ္ထနှင့်၊ အနေက, နာနာ၊ ဈာနာ, ဣန္ဒြိ၊ နိဝါပုဗ္ဗေ၊ တထွေစုတု၊ အာသဝက်ရှု၊ ၁၀-ခု ဉာဏ်စွမ်းဖြာ။

ဗျာချာသုဓာဋီကာနှင့် ထောမနိဓိစသည်တို့၌ ဒါန, သီလ, ခမာ, ဝီရိယ, ဈာန်, ပညာ, ဗိုလ်, ဥပါယ, ပဏိဓိ, ဉာဏ်-သည် ဒသဗလမည်၏ဟု ဆို၏။

**သတ္ထာ**-သည် သာသနာတော် ရတ္ထုပစ္စည်းဖြင့် ပြီးရကား သတ္ထုပုဒ်ရင်းဖြစ်၏။ ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ အနုသာသတီတိ သတ္ထာ။ အပိ စ သတ္ထာ ဝိယာတိ သတ္ထာ၊ ဘဂဝါ သတ္ထဝါဟော။ ဝိ၊ ဋ္ဌ' ၁။ ၉၃။ ဝိသုဒ္ဓိ၊ ၁။ ၂၀၂။

**သဗ္ဗညူ**။ ။သဗ္ဗံ ဇာနာတီတိ သီလေနာတိ သဗ္ဗညူ ဟု နိရုတ္တိ။ ၇၉၉-၌ ဝိဂ္ဂဟပြု၏။ ဋ္ဌ၊ ဋီ-တို့၌ (၁) ကမသဗ္ဗညူ။ (၂) သကိံသဗ္ဗညူ။ (၃) သတတသဗ္ဗညူ။ (၄) သတ္တိသဗ္ဗညူ။ (၅) ဉာတသဗ္ဗညူ အားဖြင့် သဗ္ဗညူ ၅-မျိုး ပြကြကုန်၏။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၅၄။ ထေရ၊ဋ္ဌ၊ ၂။ ၂၇၀။ သံဋီ၊၁။၆၉။ ဤ၌ ဉာတသဗ္ဗညူကို ယူရာ၏။

**(ဆောင်)** သကိံကမ၊ သတတနှင့်၊ ဉာတသတ္တိ၊ ငါးပါးရှိ၊ သိဘိသဗ္ဗညူ။
ဉာတသဗ္ဗညူ၊ ဤမှာမူ၊ မှတ်ယူ များဗိုလ်လူ။

**ဒိပဒုတ္တမ**။ ။ဒိပဒါနံ ဥတ္တမော ဒိပဒုတ္တမော-ဟု ဗုဒ္ဓဝံ၊ ဋ္ဌ။ ၅၂-၌ ဝိဂ္ဂဟပြုသည်။ မာနိ၊ဋီ-၌ ဒိပဒါနံ ဒိပဒေသု ဝါ ဥတ္တမော

ဒွိပဒုတ္တမော-ဟု ပြုသည်။ ပုစ္ဆာမိ မုနိံ ပဟူတပညံ၊........ဒွိပဒုတ္တမံ သာရတ္ထိနံ ပဝ၊။ သုတ္တနိ။ ၂၉၃။ စုန္ဒသုတ်။

**မုနိန္ဒ။** ။မုနီနံ ဣန္ဒော မုနိန္ဒော။ (၁) အဂါရမုနိ။ (၂) အနာဂါရမုနိ။ (၃) သေက္ခမုနိ။ (၄) အသေက္ခမုနိ။ (၅) ပစ္စေက မုနိ-ဟူသော မုနိ ၅-ပါးတို့၏ အစိုးရမုနိကြီး ဖြစ်ရကား မုနိန္ဒ မည်သည်။ တေနေဝ ဟိ မုနိန္ဒေန၊ ယေဝါပနကာနာမတော။ ဋီကာကျော်။ ဂ၁။

**ဘဂဝါ။** ။ဘဂ+ဝန္တု။မဟာနိဒ္ဒေသပါဠိ၌ ဘဂဝါတိ ဂါရဝါဓိ- ဝစနံ။ အပိ စ ဘဂ္ဂရာဂေါတိ ဘဂဝါ၊ ဘဂ္ဂဒေါသောတိ ဘဂဝါ၊ ဘဂ္ဂမောဟောတိ ဘဂဝါ၊ ဘဂ္ဂမာနောတိ ဘဂဝါ-စသည်ဖြင့် ကျယ်ဝန်းစွာလာ၏။ ဝိ၊ဋ္ဌ၊၁။၉၅။ ဝိသုဒ္ဓိ၊၁။၂၀၃-စသည်တို့လည်း ကြည့်။

**နာထ။** ။နာထပုဒ်ကို အနိပ္ဖန္နပါဋိပဒိက-ဟု နီတိ၊ဓာ။၇၂-၌ ဆို၏။ နာထတီတိ လောကပဋိသရဏော လောကသာမိ၊ လောက နာယကောတိ ဝုတ္တံ ဟောတိ။ သာရတ္ထ၊၁။ဂ။

**စက္ခုမာ။** ။စက္ခုပုဒ် မန္တုပစ္စည်းဖြင့် ပြီးသော တဒ္ဓိတ်ပုဒ် တည်း။ သဗ္ဗညုတဉာဏ်တော် မျက်စိရှိတော်မူသော ဘုရားရှင်။ ဓမ္မေသု စက္ခုမာ(သုတ္တနိ။ ၃၀၃)တိ ပုစ္ဆန္တော သဗ္ဗဓမ္မေသု အပ္ပ- ဋိဟတဿ ဉာဏစက္ခုနော။ သုတ္တနိ၊ဋ္ဌ၊၁။၂၀၂။ ဗုဒ္ဓ,ဓမ္မ,ဒိဗ္ဗ,မံသ, သမန္တ စက္ခု-ဟူသော စက္ခု ၅-ပါးရှိသော ဘုရားရှင်။ စက္ခုမာ ပရိနိဗ္ဗုတော။ ဒီ၊၂။ ၁၀၂။ အံ၊၁။၃၀၈။ စက္ခုမာတိ ပဉ္စဟိ စက္ခူဟိ စက္ခုမာ။ ဒီ၊ဋ္ဌ၊၂။၁၅၅။ အံ၊ဋ္ဌ၊၂။၂၄၉။

**အင်္ဂီရသ။** ။အင်္ဂ+ရသ။ဤ-လာ။ကိုယ်အင်္ဂါတို့မှ ထွက်သော အရောင်ရှိသော ဘုရားရှင်။ အင်္ဂီရသဿ နမတ္ထု။ ဒီ၊၃။၁၅၉။ အင်္ဂီရသံ ပဿ ဝိရောစမာနံ။ သံ၊၁။ဂ၁။

**မုနိ။** ။အတ္ထာနတ္ထံ မုနာတိ, ဥဘယျမံ့ လက္ခဏာဒိဝသေန ဝါ ဇာနာတီတိ မုနိ။ ကစ္စည်း။ ၃၁၂။ မုနိ စရန္တံ ဝိရတံ မေထု-

နသ္မာ။ သုတ္တနိ။၃၁၀။ မောနေယျမ္ပေသမက္ခာဂမေန မုနိံ။ သုတ္တနိ၊ ၄၊၁။ ၂၅၉။

**လောကနာထ။** ။သတ္တလောက၏ အားထားရာ ဘုရားရှင်၊ အညထာ လောကနာထမှိ။ ထေရ။၃၃၀။ မဟာဘိနိဟာရတော ပဋ္ဌာယ ဟိ ယာဝ မဟာပရိနိဗ္ဗာနာ လောကဟိတတ္ထမေဝ လောကနာထော တိဋ္ဌန္တိ။ သာရတ္ထ။၁။၉။

**အနုစိဝရ။** ။မိမိသက် လွန်မြတ်သောသူ မရှိသော ဘုရား၊ ဗြဟ္မာ စ လောကာဓိပတိ သဟမ္ပတိ၊ ကတဉ္ဇလီ အနုစိဝရံ အယာစထ။ ဗုဒ္ဓဝံ။၂၉၉။

**သမန္တစက္ခု။** ။သမန္တစက္ခု မည်ကြောင်း သမန္တစက္ခုတိ ကေနဋ္ဌေန သမန္တစက္ခု ဂုဒ္ဓသ ဗုဒ္ဓဉာဏာနိ ဒုက္ခေ ဉာဏံ-စသည် ဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ အကျယ်လာ၏။ ပဋိသံ။၁၂၇၊၁၂၈ ကြည့်။ အဘိဓာန်ကျမ်းပြုဆရာတော်သည် ဘုရားရှင်၏ အမည် များကို အမြွက်မျှသာ ထုတ်ပြခြင်းဖြစ်သည်။ စင်စစ်တမူကား—

အသင်္ချေယျာနိ နာမာနိ၊ သဂုဏေန မဟေသိနော။
ဂုဏေန နာမမုဒ္ဓေယျံ၊ အပိ နာမသဟဿတော [၁]။

ဟူသည်နှင့်အညီ ဘုရားရှင်၏ အမည်တို့ကား မရေတွက်နိုင်အောင် များလှကုန်၏။ နေတ္တိ၊၄၆-၌ ဗလနိပ္ဖတ္တိဂတ၊ ဝေသာရဇ္ဇပ္ပတ္တ၊ အဓိဂတပဋိသမ္ဘိဒ၊ စတုယောဂဝိပ္ပဟီန၊ အဂတိဂမန ဝီတိဝတ္တ၊ ဥဒ္ဓဋသလ္လ၊ နိရူဠဝဏ၊ မဒ္ဒိတကဏ္ဋက၊ နိဗ္ဗာပိတပရိယုဋ္ဌာန၊ ဗန္ဓနာတီတ၊ ဂန္ထဝိနိဝေဌန၊ အဇ္ဈာသယဝီတိဝတ္တ၊ ဘိန္နန္ဓကာရ၊ စသောပုဒ်များ၊ ဓာန်၊ ၄-၌ သမန္တဘဒြ၊ လောကဇိ၊ ဆင္ဃဘိည၊ အဒ္ဒယဝါဒီ၊ သိရီဃန၊ အကနိဋ္ဌဂ၊ ဓမ္မစက္က၊ ရာဂါသနိ၊ တိသရဏ၊ ခသမ၊ ဂုဏာကရ၊ မဟာသုခ၊ ဝဇိရ၊ မေတ္တာဗလ၊ အသမ၊ ဇိတာရိ၊ မဟာဗောဓိ၊ ဓမ္မဓာတု၊ သေတကေတု၊ ခဇိ၊ တိမုတ္တိ၊ ဒသဘူမိဿရ၊ ပဋ္ဌဉာဏ၊ ဗဟုကမ္မ၊ သာမုဒ္ဒ၊ သဗ္ဗဒဿီ၊ မဟာဗလ၊ သဗ္ဗဗောဓ၊

၁။ အဘိ၊ဋ္ဌ၊၁၊၄၂၀။ ဥဒါန၊ဋ္ဌ။၃၀၆။ နေတ္တိ၊ဋ္ဌ။၁၁၉။ ပဋိသံ၊ဋ္ဌ၊၁။၂၇၄။

ဓမ္မကာယ၊ သံဂုတ္တ၊ အရဟ၊ ဒွါဒသကမ္မ၊ ဝိတရာဂ-ဟူသော ပုဒ်များကို ထုတ်ပြထား၏။

ငှင်းပြင် ဂုဏာန္တရ၊ လောကက္ခနာယက-စသော ပုဒ်များကိုလည်း ထည့်သွင်းရာ၏။ ငှင်းပြင် ဣသိသတ္တမ-ကို ဂေါတမဘုရား၏ ပရိယာယ်အဖြစ် ထုတ်ရာ၏။]

(၆) မောဂ္ဂေဘာ နိရောဓော နိဗ္ဗာနံ၊ ဒီပေါ တဏှက္ခယော ပရံ။
တာဏံ လေဏ မရူပဥ္စ၊ သန္တံ သစ္စံ မနာလယံ။

(၇) အသင်္ခတံ သိဝံ မမတံ သုဒုဒ္ဒသံ၊ ပရာယဏံ သရဏ မနီတိကံ တထာ။
အနာသဝံ ဓုဝံ မနိဒဿနာ ကတာ၊ ပလောကိတံ နိပုဏ မနန္တ မက္ခရံ။

(၈) ဒုက္ခက္ခယော ဗျာဗဇ္ဈံ စ၊ ဝိဝဋ္ဋံ ခေမကေဝလံ။
အပဝဂ္ဂေါ ဝိရာဂေါ စ၊ ပဏီတမစ္စုတံ ပဒံ။

(၉) ယောဂက္ခေမော ပါရမပိ၊ မုတ္တိ သန္တိ ဝိသုဒ္ဓိယော။
ဝိမုတျသင်္ခတဓာတု၊ သုဒ္ဓိ နိဗ္ဗုတိယော သိယုံ။

(၆-၉) မောဂ္ဂေဘာ၊ နိရောဓော၊ နိဗ္ဗာနံ၊ ဒီပေါ၊ တဏှက္ခယော၊ ပရံ၊ တာဏံ၊ လေဏံ၊ အရူပံ၊ သန္တံ၊ သစ္စံ၊ အနာလယံ၊ အသင်္ခတံ၊ သိဝံ၊ အမတံ၊ သုဒုဒ္ဒသံ၊ ပရာယဏံ၊ သရဏံ၊ အနီတိကံ၊ နိဗ္ဗာနံ။ တထာ၊ ထိုမှတပါး။ အနာသဝံ၊ ဓုဝံ၊ အနိဒဿနံ၊ အကတံ၊ အပလောကိတံ၊ နိပုဏံ၊ အနန္တံ၊ အက္ခရံ၊ ဒုက္ခက္ခယော၊ အဗျာဗဇ္ဈံ၊ ဝိဝဋ္ဋံ၊ ခေမံ၊ ကေဝလံ၊ အပဝဂ္ဂေါ၊ ဝိရာဂေါ၊ ပဏီတံ၊ အစ္စုတံ၊ ပဒံ၊ ယောဂက္ခေမော၊ ပါရံ၊ မုတ္တိ၊ သန္တိ၊ ဝိသုဒ္ဓိ၊ (ဝိသုဒ္ဓိယော-ရှိရာ ကေဝုစ် ပြင်၍ ပေးသည်။) ဝိမုတ္တိ၊ အသင်္ခတဓာတု၊ သုဒ္ဓိ၊ နိဗ္ဗုတိ၊ နိဗ္ဗာနံ။ (ကေဝုစ်ပြင်ပေး) သမာ၊ အနက်တူကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ နိဗ္ဗာန်ပရိယာယ်(၄၆)ပုဒ်။

-[သဋ္ဌာယတနဝဂ္ဂသံယုတ် အသင်္ခတသံယုတ်လာ—

အသင်္ခတံ အနတံ အနာသဝံ၊ သစ္စဥ္စ ပါရံ နိပုဏံ သုဒုဒ္ဒသံ။
အဇဇ္ဇရံ ဓုဝံ အပလောကိတံ၊ အနိဒဿနံ နိပ္ပပဉ္စသန္တံ။

၁။ ဓာန်၊ဋီ။ ၁၃-ကြည့်။

အမတံ ပဏီတဉ္စ သိဝဉ္စ ခေမံ၊ တဏှက္ခယော အစ္ဆရိယဉ္စ အဗ္ဘုတံ။
အနီတိကံ အနီတိကဓမ္မံ၊ နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။
အဗျာပဇ္ဈော ဝိရာဂေါ စ၊ သုဒ္ဓိ မုတ္တိ အနာလယော။
ဒီပေါ လေဏဉ္စ တာဏဉ္စ၊ သရဏဉ္စ ပရာယနံ [1]။—

ဟူသော ဥဒါန်းစဉ် ဂါထာများဖြင့်လည်း နိဗ္ဗာန်ပရိယာယ်များကို သိရာ၏။ ရှင်းပြင် နေတ္တိပါဠိတော် ဝေဝစနာဟာရဝိဘင်း၌ အသင်္ခတ သံယုတ်လာ အသင်္ခတံ-စသော ၂-ဂါထာအပြင် အောက်ပါ ၃-ဂါထာ အပို လာရှိသေး၏။

အဇာတံ အဘူတံ အနုပဒ္ဒဝဉ္စ၊
အကတံ အသောကဉ္စ အထော ဝိသောကံ။
အနုပသဂ္ဂံ နုပသဂ္ဂဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။

ဂမ္ဘီရဉ္စေဝ ဒုပ္ပဿံ၊ ဥတ္တရဉ္စ အနုတ္တရံ။
အသမံ အပ္ပဋိသမံ၊ ဇေဋ္ဌံ သေဋ္ဌန္တိ ဝုစ္စတိ။

လေဏံ တာဏံ အရဏံ အနင်္ဂဏံ၊ အကာစ မေတံ ဝိမလန္တိ ဝုစ္စတိ။
ဒီပေါ သုခံ အပ္ပမာဏံ ပတိဋ္ဌာ၊ အကိဉ္စနံ အပ္ပပဉ္စန္တိ ဝုတ္တံ [2]။

နိဗ္ဗာန်၏အမည်များမှာ လွန်စွာ များကုန်၏။ တိပိဋကပါဠိ-မြန်မာ အဘိဓာန် အတွဲ ၁၁၊ နိဗ္ဗာန-ပုဒ် နိဗ္ဗာနနာမာဝလိ - ဟူသော ခေါင်းစဉ်ကို ကြည့်ရှုရာ၏။]

(၁၀) ခီဏာသဝေါ တွသေက္ခော စ၊ ဝီတရာဂေါ တထာရဟာ။
ဒေဝလောကော ဒိဝေါ သဂ္ဂေါ၊ တိဒိဝေါ တိဒသာလယော။

(၁၀) တုပရိယာယ်တပါးကား။ ခီဏာသဝေါ၊ ရဟန္တာ။ အသေက္ခော၊ ရဟန္တာ။ ဝီတရာဂေါ၊ ရဟန္တာ။ တထာ၊ ထိုမှတပါး။ အရဟာ၊ ရဟန္တာ။ ရဟန္တာပရိယာယ် ၄-ပုဒ်။ ဒေဝလောကော၊ နတ်ပြည်။ ဒိဝေါ၊ နတ်ပြည်။ သဂ္ဂေါ၊ နတ်ပြည်။ တိဒိဝေါ၊ နတ်ပြည်။ တိဒသာလယော၊ နတ်ပြည်။ [နတ်ပြည်ပရိယာယ် ၅-ပုဒ်။]

---

၁။ သံ၊ ၂။၅၄၃။ ၂။ နေတ္တိ။၄၇။

[နာဂ, ဝိတဒေါသ, ဝိတမောဟ-စသည်တို့လည်း ရဟန္တာ ပရိယာယ်တို့ ဖြစ်ကုန်၏။ ဗြာဟ္မဏ-လည်း ရဟန္တာဟော ပရိယာယ်တည်း။ ဗြာဟ္မဏာဘ ဒိဏာသဝဘာဝံ သန္တာယာဟ။ မ၊ဋ္ဌ၊၃။ ၂၃၄။ တိဒိဝပုရ, ဒေဝနဂရ, သုရာလယ စသည်တို့လည်း နတ်ပြည်ပရိယာယ်တို့ ဖြစ်ကုန်၏။ သဗ္ဗာ ဓာတုကထံ နာမ၊ ဒေသယိဘွာ သုရာလယေ။ အဘိ၊ဋ္ဌ၊၃။ ၂၅။ အမရကောသ၌ သွ, နာက, ဒျော, ကြိဝိဋ္ဌပ-ပုဒ်များ အပိုလာ၏။]

(၁၁) တိဒသာ တွမရာ ဒေဝါ၊ ဝိဗုဓာ စ သုဓာသိနော။
သုရာ မရူ ဒိဝေါကာ စာ-မတပါ သဂ္ဂဝါသိနော။

(၁၂) နိဇ္ဇရာနိမိသာ ဒိဗ္ဗာ၊ အပုမေ ဒေဝတာနိ စ။

(၁၁-၁၂) တုလိုပုတပါ။ တိဒသာ၊ အမရာ၊ ဒေဝါ၊ ဝိဗုဓာ၊ သုဓာသိနော၊ သုရာ၊ မရူ၊ ဒိဝေါကာ၊ အမတပါ၊ သဂ္ဂဝါသိနော၊ နိဇ္ဇရာ၊ အနိမိသာ၊ ဒိဗ္ဗာ၊ ဒေဝတာနိ၊ နတ်တို့။ အယံ၊ ဤ ဒေဝတ-သဒ္ဒါသည်။ အပုမေ၊ ပုလ္လိင်မဟုတ် ဣတ္ထိလိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ [နတ်ပရိယာယ် (၁၄)ပုဒ်။]

[တိဒသ-သဒ္ဒါကား ၃-လိင်ဆံသဖြင့် ကေဝုစ်နှင့် တိဒသာ, တိဒသော, တိဒသံ-ဟု နေနိုင်၏။ အမရ-သဒ္ဒါကား ပုလ္လိင်တည်း။ ဂါသဘ၌ အသွားမကောင်းသဖြင့် ဗဟုဝုစ်နှင့် ကျမ်းဆရာ သွားဟန်တူ၏။ ဋီကာ၌ ဇူတ္တိနံ ဗဟုတ္တာ ဗဟုဝစနနိဒ္ဒေသော= ဒြပ်တွေများသောကြောင့် ဗဟုဝုစ်နှင့် ဆိုသည်ဟူ၏။ တံ ဝိမာနံ အဘိရုဠှာယ၊ အမရာနံ သုခေသိနံ။ ဇာ၊၂။ ၂၃။ ဒေဝတာ-သဒ္ဒါ ပါ, ဋ္ဌ, ဋီ-တို့၌ ဣတ္ထိလိင်ဖြင့်ချည်းသာ တွေ့ရသည်။ အမရကောသ ၌ ဒဝတာနိပုံသိ ါဒေဝတာဤယာမ် ဟုလာသည်။ အဘယာ၊ ခါန်၊ သျ-၌ ဒေဝေါဗ ဒေဝတာ-ဟူသော ပဌမသကတ္တိက တာ-ပစ္စည်း အခိုက် ဣတ္ထိလိင်၊ ဒေဝေါ ဝေ ဒေဝတံ-ဟူသော ဒုတိယသကတ္တိက အ-ပစ္စည်းအခိုက် နပုလ္လိင်ဟူလိုဟု ဆိုးဖြတ်၏။ အမရကောသ၌ နတ်ပရိယာယ် ၂၆-ပုဒ်လာ ရှိသည်။ သုပဝ်ါဏ, သုမနသ, တြိဒိဝေ-

ဂ, ဒိဝေါကသ, အာဒိတေယ, ဒိဝိပဒ, လေခါ, အဒိတိနန္ဒန, အာဒိတျ-စသော ပုဒ်များ ပို၏။]

(၁၃) သိဒ္ဓေါ ဘူတော စ ဂန္ဓဗ္ဗော၊ ဂုယှကော ယက္ခ ရက္ခသာ။
ကုမ္ဘဏ္ဍော စ ပိသာစာဒီ၊ နိဒ္ဒိဋ္ဌာ ဒေဝယောနိယော။

(၁၃) သိဒ္ဓေါ၊ သိဒ္ဓနတ်မျိုးငှင်း။ ဘူတော စ၊ ဘူတနတ်မျိုးငှင်း။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်မျိုးငှင်း။ ဂုယှကော၊ ဂုယှကနတ်မျိုးငှင်း။ ယက္ခ-ရက္ခသာ၊ ယက္ခနတ်မျိုး ရက္ခိုသ်နတ်မျိုးတို့ငှင်း။ ကုမ္ဘဏ္ဍော စ၊ ကုမ္ဘဏ် နတ်မျိုးငှင်း။ ပိသာစာဒီ၊ ပိသာစ-စသော နတ်မျိုးတို့ငှင်း။ ဣတိ၊ ဤသို့။ တော၊ ဤနတ်မျိုးတို့ကို။ ဒေဝယောနိယော၊ နတ်မျိုးတို့ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်ကုန်၏။

[ဣတိ တော-တို့ကို ထည့်၍ ယောဇနာသည်။ ပဋိစ္စာဒေတွာ နိဂုဟိတွာ ပဋိစ္စာဒနတော ဂရုဋ္ဌာ ဂုယှကာ နာမ ဇာတာ-ဟူသော အပါဋ္ဌ၊၂။၃၀၀-ဖြင့် ဂဋ္ဌုန်ကို ဂုယှက-ဟု တနည်းသိလေ။ အိုးပမာဏ လိင်ဥရှိသောကြောင့် ကုမ္ဘဏ္ဍ-ဟု ခေါ်သည်။ ကုမ္ဘဏ္ဍာ-နန္တိ တေ ကိရ ဒေဝါ မဟောဒရာ ဟောန္တိ၊ ရဟဿင်္ဂမ္ပိ စ နေသံ ကုမ္ဘော ဝိယ မဟန္တံ ဟောတိ။ တသ္မာ ကုမ္ဘဏ္ဍာတိ ဝုစ္စန္တိ။ ဒီ၊ဋ္ဌ၊၃။၁၄၆။

အမရကောသ-၌—

ဝိဒျာဓရော့ပ္သရော၊ ယက္ခရက္ခော ဂန္ဓဝ်ကိန္နရား။
ပိဓါစော ဂုဟျကး သိဒ္ဓေါ-ဘူတော မီဒေဝယောနယး—

ဟူသော ဂါထာဖြင့် ဂိဇ္ဇာခဲရိန်နတ်, နတ်ပြည့်တန်ဆာမ, နတ်ဘီလူး, ရက္ခိုသ်, နတ်သီချင်းသည်, ကိန္နရာ, မြေဘုတ်ဘီလူး, ဥစ္စာစောင့် နတ်, သိဒ္ဓနတ်, ဘူတနတ်အားဖြင့် နတ်မျိုး ၁၀-မျိုးကို ပြ၏။ အမရ၊၁။၁၁။]

(၁၄) ပုဗ္ဗဒေဝါ သုရရိပူ၊ အသုရာ ဒါနဝါ ပုမေ။
တဗ္ဗိသေသာ ပဟာရာဒေါ၊ သမ္ဗရော ဗလိအာဒယော။

(၁၄) ပုဗ္ဗဒေဝါ၊ အသုရာတို့။ သုရရိပူ၊ အသုရာတို့။ အသုရာ၊ ဒါနဝါ၊ အသုရာတို့။ ဣန္ဒမ၊ ဤသဒ္ဒါတို့သည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ (ဣမေ ဝတ္တန္တိ-တို့ကား ထည့်ပါ၍။) အသုရာသာမည ပရိယာယ် ၄-ပုဒ်။ ပဟာရာဒေါ၊ ပဟာရာဒ အသုရာသည်ရင်း။ သမ္ဗရော၊ သမ္ဗရအသုရာ သည်ရင်း။ ဗလိအာဒယော၊ ဗလိအသုရာ အစရှိသည်တို့သည်ရင်း။ တဗ္ဗိ-သေသာ၊ တိုအသုရာအထူးတို့တည်း။

[“ဒြဒ်မှာကား၊ ဟောနည်းပြား၊ ချင်ြား ဗဟုဝုစ်” နှင့်အညီ ငြဝ်များသဖြင့် ဗဟုဝုစ်နှင့်ချသည်။ နောက်၌လည်း ဤနည်း နှင်နှင်သိ။

အသုရာ-ဟူသည် ဝေပစိတ္တိ, ရာဟု-စသော နတ်တို့တည်း။ ငါတို့တကွေ့ သေရည်မသောက်တော့ပြီဟု ၎င်းတို့ မြွက်ဆိုသော စကားကြောင့် အသုရာ မည်ကုန်၏။ ၎င်းတို့သည် မြင်းမိုရ်တောင် ခြေ ယူဇနာတသောင်းကျယ်ဝန်းသော အသုရာနတ်ပြည်၌ နေကြ သည်။ ကုမ္ဘဏ္ဍာ ဒါနဝါ ဂရုဠာ။ အပ၊ ၁။ ၂၀။ ဒိတျ, ဒိတေယ, ဒနုဇ, ဣန္ဒာရိ, ဂုကြဂိမ၊ ဒိတိသုတ, သုရဒ္ဒိမ တို့လည်း အသုရာဟော ပုဒ်တို့ဘည်း။ အမရကောသ။ ၁။ ၁၂။]

(၁၅) ပိတာမဟော ပိတာ ဗြဟ္မာ၊ လောကေသော ကမလာသနော။
တဆာ ဟိရညဂဗ္ဘော စ၊ သုရဇေဋ္ဌော ပဇာပတိ။

(၁၅) ပိတာမဟော၊ ဗြဟ္မာ။ ပိတာ၊ ဗြဟ္မာ။ ဗြဟ္မာ၊ ဗြဟ္မာ။ လောကေသော၊ ဗြဟ္မာ။ ကမလာသနော၊ ဗြဟ္မာ။ တထာ၊ ထိုမှတပါး။ ဟိရညဂဗ္ဘော၊ ဗြဟ္မာ။ သုရဇေဋ္ဌော၊ ဗြဟ္မာ။ ပဇာပတိ၊ ဗြဟ္မာ။ ဗြဟ္မာ ပရိယာယ် ၈-ပုဒ်။

[ ဗန္ဓု-သဒ္ဒါလည်း ဗြဟ္မာဟောဖြစ်သည်။ ဗန္ဓုပါဒါပစ္စာတိ ဗန္ဓုကြိ ဗြဟ္မာ အဓိပ္ပေတော။ ဒီ၊ ဋ္ဌ၊ ၁။ ၂၂၇။ မ၊ ဋ္ဌ၊ ၂။ ၃၁၈၊

အမရကောသ ၁။ ၁၆-၌ အတ္တဘူ-စသည်ဖြင့် ဗြဟ္မာ ပရိယာယ်ပုဒ်များ လာရှိသေး၏။ ဋီကာ၌လည်းထုတ်ပြထားသည်။]

(၁၆) ဝါသုဒေဝေါ ဟရိ ကဏှော၊ ကေသဝေါ စက္ကပါဏျထ။
မဟိဿရော သိဝေါ သူလီ၊ ဣဿရော ပသုပတျပိ။

(၁၇) ဟရော ဝုတ္တော ကုမာရော တု၊ ခန္ဒော သတ္တိဓရော ဘဝေ။

(၁၆-၁၇) ဝါသုဒေဝေါ၊ဟရိ၊ကဏှော၊ကေသဝေါ၊စက္ကပါဏိ၊ဗိဿဏုး။ ဗိဿဏုး ပရိယာယ် ၅-ပုဒ်။ အသ၊ ထိုမှတပါး။ မဟိဿရော၊ သိဝနတ်။ ဝါ၊ မဟာဒေဝ။ သိဝေါ၊ သူလီ။ ဣဿရော၊ သိဝနတ်။ ဝါ၊ မဟာဒေဝ။ အပိ၊ ထိုပြင်တပါးကား။ ပသုပတိ၊ သိဝနတ်။ ဝါ၊ မဟာဒေဝ။ ဟရော၊ သိဝနတ်။ ဝါ၊မဟာဒေဝ။ သမော၊ အနက်တူ၏ဟူ၍။(သမော-ထည့်ပါ၍) ဝုတ္တော၊ ဆိုအပ်၏။ သိဝနတ်ပရိယာယ် ၆-ပုဒ်။ တု၊ထိုမှတပါး။ ကုမာရော၊ ခန္ဒနတ်။ ခန္ဒော၊ ခန္ဒနတ်။ သတ္တိဓရော၊ ခန္ဒနတ်။ သမော၊ အနက်တူသည်။ (သမော-ထည့်)။ ဘဝေ၊ ဖြစ်၏။

[အမရကောသ၌ ဗိဿဏုးပရိယာယ် ၄၆-ပုဒ်လာ၏။ သိဝနတ်ပရိယာယ် ၅၂-ပုဒ်လာ၏။ ယင်းခန္ဒနတ်ကို ကဒ်နတ်, မဟာပိန္နဲနတ်, ပရမိသွာနတ်, ကုမာရနတ်, အသုရဗိုလ်အစုကို ဖြိုဖျက်တတ်သော နတ်ဟူ၍လည်း ခေါ်ကြသည်။ ခန္ဒော သေဌော၊ သိဝေါ သေဌော။ မ၊ ဋ္ဌ၊ ၄။ ၁၈၃။ ခန္ဒောတိ ကုမာရော။ မ၊ ဋ္ဌီ၊ ၃။ ၃၈၀။ ယင်းခန္ဒနတ်သည် ကောက်သော နှုတ်သီးရှိ၏။ ခန္ဓာကိုယ်ကြီး၏။ နေအစင်းကုဋေတမျှ အရောင်အလင်းရှိ၏ စသည်ဖြင့် လွှန်လွှန်မင်းမင်း ခန္ဒနတ် ကိုးကွယ်သူတို့ ချီးကျူးကြ၏။

ဝေကြတုဏ္ဍမဟာကာယ၊ ကောဋိသုယိသမပ္ပဘ။
အဝိဃံ ကုရုမေဒေဝ၊ သဗ္ဗကာယေ်မှုသဗ္ဗဒါ—

ဟူသော ဂါထာဖြင့်လည်း အနှောင့်အယှက် မရှိအောင် ဟိန္ဒူဘာသာဝင်တို့ ဆုတောင်းကြ၏။]

(၁၈) သက္ကော ပုရိန္ဒဒေါ ဒေဝ—ရာဇာ ဝဇိရပါဏိ စ။
သုဇမ္ပတိ သဟဿက္ခော၊ မဟိန္ဒော ဝဇိရာဝုဓော။

(၁၉) ဝါသဝေါ စ ဒသသတ—နယနော တိဒိဝါဓိဘူ။
သုရနာထော စ ဝဇိရ—ဟတ္ထော စ ဘူတပတျပိ။

(၂၀) မဃဝါ ကောသိယော ဣန္ဒော၊ ဝတြဘူ ပါကသာသနော။
ဝိဠောဇော’ထ သုဇာ တဿ၊ ဘရိယာ’ထ ပုရံ ဘဝေ။

(၂၁) မသက္ကသာရ ဝသောက-သာရ စေဝါ မရာဝတီ။
ဝေဇယန္တော တု ပါသာဒေါ၊ သုဓမ္မာ တု သဘာ မတာ။

(၁၈-၂၁) သက္ကော၊ ပုရိန္ဒဒေါ၊ ဒေဝရာဇာ၊ ဝဇိရပါဏိ၊ သုဇမ္ပတိ၊ သဟဿက္ခော၊ မဟိန္ဒော၊ ဝဇိရာဝုဓော၊ ဝါသဝေါ၊ ဒသသတနယနော၊ တိဒိဝါဓိဘူ၊ သုရနာထော၊ ဝဇိရဟတ္ထော၊ ဘူတပတိ၊ မဃဝါ၊ (မဃဝန္တု-ပုဒ်ရင်း)၊ ကောသိယော၊ ဣန္ဒော၊ ဝတြဘူ၊ ပါကသာသနော၊ ဝိဠောဇော၊သိကြားမင်း။ သိကြားမင်း ပရိယာယ်-၂၀။

အထ၊ ထိုမှတပါး။ တဿ၊ ထိုသိကြားမင်း၏။ ဘရိယာ၊မယားသည်။ သုဇာ၊ သုဇာ မည်၏။ အထ၊ ထိုမှတပါး။ ပုရံ၊ မြို့တော်သည်။ မသက္ကသာရ၊ မသက္ကသာရ အမည်ရှိသည်ရင်း။ ဝသောကသာရ စေဝ၊ ဝသောကသာရ အမည်ရှိသည်ရင်း။ အမရာဝတီ၊အမရာဝတီ အမည်ရှိသည်ရင်း။ ဘဝေ၊ဖြစ်၏။ တု၊ ထိုမှတပါး။ ပါသာဒေါ၊ ပြာသာဒ်ကို။ ဝေဇယန္တော၊ ဝေဇယန္တ မည်၏ဟူ၍။ မတော၊ သိအပ်၏။ (နောက်က မတာကို မတောဟု ပါသာဒေါနှင့် ကိုက်ညီအောင်ပြင်သည်။)သဘာ တု၊ စည်းဝေးညီမူရာ စရပ်ကိုကား။ သုဓမ္မာ၊ သုဓမ္မာမည်၏ဟူ၍။ မတာ၊ သိအပ်၏။

[သံ၊၁။ ၂၃၀။ သက္ကနာမသုတ်၌—

သက္ကော ဘိက္ခဝေ ဒေဝါနမိန္ဒော ပုဗ္ဗေ မနုဿဘူတော သမာနော မဃော နာမ မာဏဝေါ အဟောသိ၊ တသ္မာ "မဃဝါ"တိ ဝုစ္စတိ။ သက္ကော ဘိက္ခဝေ... သမာနော ပုရေ ဒါနံ အဒါသိ၊ တသ္မာ "ပုရိန္ဒဒေါ"တိ ဝုစ္စတိ။ သက္ကော ဘိက္ခဝေ.... သမာနော သက္ကစ္စံ ဒါနံ အဒါသိ၊ တသ္မာ "သက္ကော"တိ ဝုစ္စတိ။ သက္ကော ဘိက္ခဝေ....သမာနော အာဝသထံ အဒါသိ၊ တသ္မာ "ဝါသဝေါ"တိ ဝုစ္စတိ။ သက္ကော ဘိက္ခဝေ... ဒေဝါနမိန္ဒော သဟဿမ္ပိ အတ္ထာနံ မုဟုတ္တေန စိန္တေတိ၊ တသ္မာ "သဟဿက္ခော"-တိ ဝုစ္စတိ။ သက္ကဿ ဘိက္ခဝေ ဒေဝါနမိန္ဒဿ သုဇာ နာမ

အသုရကညာ ပဇာပတိ၊ တဿာ "သုဇမ္ပတိ"တိ ဝုစ္စတိ။ သက္ကော ဘိက္ခဝေ ဒေဝါနမိန္ဒော ဒေဝါနံ တာဝတိံသာနံ ဣဿရိယာဓိ-ပစ္စံ ရဇ္ဇံ ကာရေတိ၊ တဿာ "ဒေဝါနမိန္ဒော"တိ ဝုစ္စတိ-ဟူ၍ မဃဝါမည်ကြောင်း, ပုရိန္ဒဒမည်ကြောင်း, သက္ကမည်ကြောင်း, ဝါသဝမည်ကြောင်း, သဟဿက္ခမည်ကြောင်း, သုဇမ္ပတိမည်ကြောင်း, ဒေဝါနမိန္ဒမည်ကြောင်းတို့ လာရှိ၏။

သို့ဖြစ်၍ အဘိဓာန်၌ မလာသော ဒေဝါနမိန္ဒ-ကိုလည်း သိကြားမင်းပရိယာယ်တွင် ထည့်သွင်း၍ မှတ်ယူရာ၏။ဒေဝိန္ဒလည်း သိကြားပရိယာယ်ဖြစ်၏။ အပိ သက္ကောဝ ဒေဝိန္ဒော။ ဝိမာန။၂၁။ သဟဿနေတ္တ-ကိုလည်း ထည့်သွင်းရာ၏။ သဟဿနေတ္တော သိရသာ ပဋိဂ္ဂဟိ။ မဂ္ဂ၊၂။၁။ ၎င်းပြင် ယက္ခ-ပုဒ်လည်း သိကြားကို ဟောရကား သိကြားပရိယာယ်လည်း သင့်၏။ ဝဇိရပါဏိ ယက္ခော။ ဒီ၊၁။၈၉။ မ၊၁။၂၉၄။ အမရကောသ-၌ သိကြားမင်း ပရိယာယ် ၃၅-ပုဒ် လာ၏။ ဋီကာ၌လည်း ထုတ်ပြထား၏။

အမရကောသ-၌ သိကြားမင်း၏ မယား သုဇာ၏ ပရိယာယ် များကို ပုလောမဇာ, ၐစီ, ဣန္ဒြာဏီ-ဟု ထုတ်ပြထား၏။ သိကြား မင်း ပျော်စံရာ ဝေဇယန္တာပြာသာဒ်ကြီး၏ ရတနာ ၇-ပါးဖြင့် ပြီးပုံ, ယူဇနာ ခုနစ်ရာ မြင့်ပုံ စသည်တို့ မမ္ဂ၊၁။၁၇၃။ မဟာ ဝတ္ထု-၌ လာရှိ၏။ ယင်း ဝေဇယန္တာပြာသာဒ်ကြီး၏ ရွှေတိုင်, ငွေတိုင်, ပတ္တမြားတိုင်, သန္တာတိုင်, ပတ္တမြားနီတိုင်, ပတ္တမြား ပြောက်တိုင်, ပုလဲတိုင်, ရတနာ ၇-ပါးဖြင့်ပြီးသော တိုင်ကြီး များဖြင့် တည်ရှိပုံ စသည်ကို "မာရိသ မောဂ္ဂလ္လာန ဣဒမ္ပိ ဝေဇယန္တဿ ပါသာဒဿ ရာမဏေယျကံ ပဿ၊ သုဝဏ္ဏတ္ထမ္ဘေ ပဿ၊ ရဇတတ္ထမ္ဘေ မဏိတ္ထမ္ဘေ ပဝါဠတ္ထမ္ဘေ လောဟိတင်္ကတ္ထမ္ဘေ မသာရဂလ္လတ္ထမ္ဘေ မုတ္တတ္ထမ္ဘေ သတ္တရတနတ္ထမ္ဘေ"စသော (မဂ္ဂ၊၂။ ၂၀၃။) စူဠတဏှာသင်္ခယသုတ်လာ စကားဖြင့် သိရာ၏။]

(၂၂) ဝေဇယန္တော ရထော တဿ၊ ဝုတ္တော မာတလိ သာရထိ။ ဇာယာ သစီ ဂဇော ပဏ္ဍု-ကမ္ဗလော တု သိလာသနံ။

(၂၂) တဿ၊ ထိုသိကြားမင်း၏။ ရထော၊ ရထားသည်။ ဝေဇယန္တော၊ ဝေဇယန္တ မည်၏။ သာရထိ၊ ရထားထိန်းကို။ မာတလိ၊ မာတလိ ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ ဂဇော၊ စီးတော်ဆင်သည်။ ဧရာဝဏော၊ ဧရာဝဏ် မည်၏။ တု၊ ထိုမှတပါး။ သိလာသနံ၊ ထိုင်ရာ ကျောက်နေရာသည်။ ဝါ၊ ထိုင်နေရာ ကျောက်ဖျာသည်။ ပဏ္ဍုကမ္ဗလော၊ ပဏ္ဍုကမ္ဗလ မည်၏။

[ဝေဇယန္တာ ရထားသည် ရထားအိမ်၌ ဝင်ရိုးဖွဲ့မှ ရထားဦးအထိ ယူဇနာ-၅၀၊ ရထားအိမ် ယူဇနာ-၅၀၊ ရထားအိမ်နှင့် ဝင်ရိုးဖွဲ့ရာမှ နောက်ဆုံးအထိ ယူဇနာ ၅၀-အားဖြင့် ယူဇနာ ၁၅၀-ရှည်၏။ သော ပန ဝိဇ္ဇရထော ဒိယဍ္ဎယောဇနသတိကော ဟောတိ၊ နဒ္ဓိတော ပဋ္ဌာယ ရထသီသံ ပညာသယောဇနာနိ၊ အက္ခဗန္ဓော ပဏ္ဏာသယောဇနာနိ၊ အက္ခဗန္ဓတော ပဋ္ဌာယ ပစ္ဆာဘာဂေါ ပဏ္ဏာသယောဇနာနိ၊ သဗ္ဗော သတ္တရတနမယော။

နတ်ပြည်၌ တိရစ္ဆာန်မျိုး မရှိ၊ ဧရာဝဏ်နတ်သားက သိကြားမင်း ဥယျာဉ်တော်ထွက်ရာအခါ စသည်များ၌ နတ်ကိုယ်ကို ပယ်ဖျောက်၍ ယူဇနာ ၁၅၀-ရှိ ဆင်ကိုယ် ဖန်ဆင်းကာ သိကြားမင်း၏ စီးတော်ဆင် ဖြစ်ရသည်။ ဓမ္မ ဋ္ဌ၊၁။၁၇၃။

ဓမ္မ၊ဋ္ဌ၊၁။၁၇၃။ မဃဝတ္ထု-၌ "ပါရိစ္ဆတ္တကမူလေ ဒီဃတော သဋ္ဌိယောဇနာ ပုထုလတော ပဏ္ဏာသယောဇနာ ဗဟလတော ပဉ္စဒသယောဇနာ ဇယသုမနရတ္တကမ္ဗလဝဏ္ဏာ ပဏ္ဍုကမ္ဗလသိလာ နိဗ္ဗတ္တိ" ဖြင့် ပဏ္ဍုကမ္ဗလာကျောက်ဖျာ၏ အလျားယူဇနာ-၆၀၊ အနံယူဇနာ-၅၀၊ အထု ၁၅-ယူဇနာရှိပုံ၊ လယ် ခေါင်ရန်းပွင့်အသွေးနီတွေးသော အဆင်းရှိပုံ လာရှိ၏။]

(၂၃) သုဓမ္မာ ဒေဝသဘာ ပုတ္တာ၊ နန္ဒာ ပေါက္ခရဏီ ဘဝေ။
နန္ဒနံ မိဿကံ စိတ္တ-လတာ ဖာရုသကံ ဝနာ။

(၂၃) ပုတ္တာ၊ သားတော်တို့သည်။ သုဓမ္မာ ဒေဝသဘာ၊ သုဓမ္မာ စသည်တို့တည်း။ ပေါက္ခရဏီ၊ ရေကန်သည်။ နန္ဒာ၊ နန္ဒာမည်သည်။ ဘဝေ၊ ဖြစ်၏။ ဝနာ၊ ဥယျာဉ်တော်တို့သည်။ နန္ဒနံ၊ နန္ဒနဥယျာဉ်သည် ၎င်း။ ဝါ-နန္ဒဝန်ဥယျာဉ်သည်၎င်း။ မိဿကံ၊ မိဿကဥယျာဉ်သည်၎င်း။

စိတ္တလတာ၊ စိတ္တလတာ ဥယျာဉ်သည်ရှင်း။ ဖာရုသကံ၊ ဖာရုသကဥယျာဉ်သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

[သုဝိရောစ္စာဒယော-၌ အာဒိ၏ အာဒိဝန်ကား ဇယန္တ-စသည်ကိုယူ။ ဇယန္တ စသော သားများလည်း သိကြားမင်း၌ ရှိကုန်၏။ နန္ဒာရေကန် ယူဇနာ ၅၀၀-ကျယ်ကြောင်း "တဿာ ပဉ္စယောဇနသတိကာ နန္ဒာ နာမ ပေါက္ခရဏီ နိဗ္ဗတ္တိ"ဟု ဓမ္မ၊ ဋ္ဌ၊ ၂။ ၁၇၄-၌ လာ၏။ နန္ဒာရေကန်သည် ယူဇနာ ၅၀-ရှိ၏။ ပညာသယောဇနာ နန္ဒာ နာမ ပေါက္ခရဏီ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၀၀။ အင်္ဂုတ္တရ ၂-စောင် အဆို ကွဲနေ၏။

ယင်း ဥယျာဉ်များအနက် နန္ဒဝန်ဥယျာဉ်ကား—

န တေ သုခံ ပဇာနန္တိ၊ ယေ န ပဿန္တိ နန္ဒနံ။
အာဝါသံ နရဒေဝါနံ၊ တိဒသာနံ ယသဿိနံ (သံ၊ ၁။ ၆။)—

ဟု စာဖွဲ့လောက်အောင် ခမ်းနားလှ၏။ ယေ နာ ပဿန္တိ နန္ဒနန္တိ ယေ တတြ ပဉ္စကာမဂုဏာနုဘဝနဝသေန နန္ဒနဝနံ န ပဿန္တိ။ သံ၊ ဋ္ဌ၊ ၁။ ၂၉။ နန္ဒနေတိ ဇေ အနွတ္ထနာမကေ ဥယျာနေ။ သံ၊ ဋီ၊ ၁။ ၇၄။ မိဿကဥယျာဉ်ကို "နာနာဒိဗ္ဗရုက္ခေဟိ မိဿကတ္တာ မိဿကံ"ဟု ဋီကာ၌ ဝိဂ္ဂုဟ်ပြု၏။ သိကြားမင်း၏ ဇနီး စိတ္တာ နတ်သမီး၏ ပန်းဥယျာဉ်ပြုလုပ်ခဲ့ဘူးသော ကောင်းမှုကြောင့် ဖြစ်ပေါ်လာသော နွယ်ပေါ်များသည့် ဥယျာဉ်ဖြစ်သောကြောင့်ရှင်း၊ ဆန်းကြယ်သော အပွင့်အသီးရှိသည့် သန္တာနကနွယ် စသည် ပေါများသော ဥယျာဉ်ဖြစ်သောကြောင့်ရှင်း စိတ္တလတာဥယျာဉ်မည်သည်။ ဝိမာန၊ ဋ္ဌ။ ဂ၅။ ဇာ၊ ဋ္ဌ၊ ၁။ ၂၂၀။ နှစ်တထောင်ကြာမှ တခါသာသီးသည့် အာသာဝတီနွယ်ပင်သည် ဤစိတ္တလတာဥယျာဉ်၌ ရှိ၏။ အပ၊ ၁။ ၄၅။ ဖာရုသကဥယျာဉ်သည်လည်း သိကြားမင်း အပန်းဖြေရာ နတ်သမီးများနှင့် ပျော်ပါးရာ ဥယျာဉ်ဖြစ်၏။

ဖာရုသကံ စိတ္တလတံ၊ မိဿကံ နန္ဒနံ ဝနံ။
ဝေဇယန္တဉ္စ ပါသာဒံ၊ မဏိမှိ ပဿ နိမ္မိတံ။
ဇာ၊ ၂။ ၂၈၃။ ဝိဓုရဇာတ်။]

(၂၄) အသနိ ဒွိသု ကုလိသံ၊ ဝဇိရံ ပုန္နပုံသကေ။
အစ္ဆရာယောတ္တိယံ ဝုတ္တာ၊ ရမ္ဘာ အလမ္ဗုသာဒယော။
ဒေဝိတ္ထိယောထ ဂန္ဓဗ္ဗာ၊ ပဉ္စသိခါဒိ အာဒယော။

(၂၄) အသနိ၊ မိုးကြိုး။ အယံ၊ ဤအသနိသဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ကုလိသံ၊ မိုးကြိုး။ ဝဇိရံ၊ မိုးကြိုး။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ ပုန္နပုံသကေ၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ မိုးကြိုးပရိယာယ် ၃-ပုဒ်။ ရမ္ဘာအလမ္ဗုသာဒယော၊ ရမ္ဘာ အလမ္ဗုသာ အစရှိကုန်သော။ ဒေဝိတ္ထိယော၊ နတ်မိန်းမတို့ကို။ အစ္ဆရာယောတိ၊ နတ်သမီးအထူးတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ အယံ၊ ဤ အစ္ဆရာ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ပဉ္စသိခါဒိ-အာဒယော၊ ပဉ္စသိခ အစရှိသော နတ်တို့သည်။ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်တို့မည်ကုန်၏။ ဝါ၊ ကချေသည် နတ်တို့မည်ကုန်၏။ ဝါ၊ အဆိုတော်နတ်တို့မည်ကုန်၏။

[ဒီ၊ ဋ္ဌ၊ ၂။ ၁၆၀။ မဟာပရိနိဗ္ဗာနသုတ်-၌ နဝဝိဓာ ဟိ အသနိယော အသညာ ဝိစက္ကာ သတေရာ ဂဂ္ဂရာ ကပိသီသာ မစ္ဆဝိလောလိကာ ကုက္ကုဋကာ ဒဏ္ဍမဏိကာ သုက္ခာသနီတိ။ ဟေတ္ထ အသညာ အသည် ကရော့ဝိ-စသည်ဖြင့် မိုးကြိုး ၉-မျိုး အမိပ္ပါယ်နှင့်တကွ လာ၏။ ဋီကာ၌ အစ္ဆရာ ပုဒ်ကို အစ္ဆော နိမ္မလဝဏ္ဏောတောသမတ္ထီတိ အစ္ဆရာယော-ဟု ဝိဂ္ဂြိဟ်ပြုသည်။ ညစ်ကြေးမတင် သန့်ရှင်း စင်ကြယ် လှပသော အရေအရောင် ရုပ်ဆင်း သဏ္ဌာန်ရှိသဖြင့် အစ္ဆရာမည်၏ဟူလို။]

(၂၅) ဝိမာနော နိတ္ထိယံ ဗျမ္ဟံ၊ ပီယူသံ တွမတံ သုဓာ။
သိနေရု မေရု တိဒိဝါ ဓာရော နေရု သုမေရု စ။

(၂၅) ဝိမာနော၊ ဗိမာန်။ ဗျမ္ဟံ၊ ဗိမာန်။ အယံ၊ ဤဝိမာနသဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဗိမာန်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပီယူသံ၊ အမတံ၊ သုဓာ၊ နတ်သုဓာ။ ဝါ၊ နတ်ထမင်း။ ဝါ၊ သုဓာဘုတ်။ နတ်သုဓာပရိယာယ် ၃-ပုဒ်။ သိနေရု၊ မေရု၊ တိဒိဝါဓာရော၊ နေရု၊ သုမေရု၊ မြင်းမိုရ်တောင်။ မြင်းမိုရ်တောင်ပရိယာယ် ၅-ပုဒ်။

[ ဝိမာန-သဒ္ဒါကို ဠတ္တိလိင် ပုလ္လိင် ၂-လိင်ဟု ဆိုသည်မှာ "ဗျော-မယာနံ ဝိမာနေ၁ အဣ္ဌိ"ဟူသော အမရကောသ။၁။၅၁-ကိုမှီး၍ ဆိုဟန်တူ၏။ ပါ, ဋ္ဌ, ဋီ တို့၌ ဝိမာန-သဒ္ဒါ နပုလ္လိင်ချည်း လာသည်။ သံ၊ ၁။ ၁၅၀။ ဝိမာန။ ၁၂။ ဝိမာန။ ၃၃-စသည်ကြည့်။ ဗျုမှ-သဒ္ဒါလည်း နိစ္စနပုလ္လိင်တည်း။ ဗျုမ္ဟံ သုဘံ ကဋ္ဌနဇာလဆန္နံ။ ပေတ။၂၀၇။ အမရကောသ-၌ မေရု သုမေရု ဟေမာဒြိ ရတ္န-သာနု သုရာလယ ဟူ၍ မြင်းမိုရ်တောင် ပရိယာယ် ၅-ပုဒ်ပင် လာ၏။ ]

(၂၆) ယုဂန္ဓရော ဤသဓရော၊ ကရဝီကော သုဒဿနော။
နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ကုလာစလာ။

(၂၆) ယုဂန္ဓရော၊ ယုဂန္ဓိုရ်တောင်ရင်း။ ဤသဓရော၊ ဤသဓရ တောင်ရင်း။ ကရဝီကော၊ ကရဝီကတောင်ရင်း။ သုဒဿနော၊ သုဒဿန တောင်ရင်း။ နေမိန္ဓရော၊ နေမိန္ဓရတောင်ရင်း။ ဝိနတကော၊ ဝိနတက တောင်ရင်း။ အဿကဏ္ဏော၊ အဿကဏ္ဏတောင်ရင်း။ ဣတိ၊ ဤသို့။ ဧတေ၊ ဤတောင် ၇-လုံးတို့သည်။ ကုလာစလာ၊ ကုလတောင်တို့ မည်ကုန်၏။ ဝါ၊ တောင်ရံတို့ မည်ကုန်၏။ ဝါ၊ တောင်စဉ် ၇-ထပ်တို့ မည်ကုန်၏။

[ တောင်စဉ် ၇-ထပ်တို့ဟူ၍ ပေးရိုးပေးစဉ်အတိုင်း ပေးလိုက်၏။

ယုဂန္ဓရော ဤသဓရော၊ ကရဝီကော သုဒဿနော။

နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရိ ဗြဟာ။

ဧတေ သတ္တ မဟာသေလာ၊ သိနေရုဿ သမန္တတော။

မဟာရာဇာနမာဝါသာ၊ ဒေဝယက္ခနိသေဝိတာ—

ဟု ဝိ၊ ဋ္ဌ၊ ၁။ ၉၀-၌ လာရှိရာ သာရတ္ထ၊၁။ ၂၅၁-၌ သိနေရုဿ သမန္တတောတိ ပရိက္ခိပနဝသေန သိနေရုဿ သမန္တတော ဌိတာ-ဟု လာသဖြင့် မြင်းမိုရ်တောင်၏ အရံတောင်များ ဖြစ်ကုန်၏။ ယင်း တောင်များသည် မြင်းမိုရ်တောင်နှင့် ယုဂန္ဓိုရ် စသည်များ၏

အလယ်ကြား၌ သီဒန္တရ သမုဒ္ဒရာ ရှိ၏။ ယင်းသမုဒ္ဒရာထဲ၌ တည်သော တောင်များ ဖြစ်ကုန်၏။ ယင်းသို့ဖြစ်ကြောင်း—

သုဒဿနော ကရဝီကော၊ ဤသဓရော ယုဂန္ဓရော။
နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရိ ဗြဟာ။

ဧတေ သီဒန္တရေ နဂါ၊ အနုပုဗ္ဗသမုဂ္ဂတာ။
မဟာရာဇာန မာဝါသာ၊ ယာနိ တွံ ရာဇ ပဿသိ—

ဟူသော ဇာ၊ ၂။ ၂၀၁-၂၀၂။ နိမိဇာတ်ဖြင့် သိသာ၏။]

(၂၇) မန္ဒာကိနီ တထာကာသ-ဂင်္ဂါ သုရနဒီ ပျသ။

(၂၇) မန္ဒာကိနီ၊ ကောင်းကင်မြစ်။ ဝါ၊ နတ်မြစ်။ တထာ၊ ထို့မှတပါး။ အာကာသဂင်္ဂါ၊ သုရနဒီ၊ ကောင်းကင်မြစ်။ ဝါ၊ နတ်မြစ်။ နတ်မြစ်ပရိယာယ် ၃-ပုဒ်။

[အပိ အလ-တို့ကား ပါဒပူရဏမျှသာတည်း။ သီတိုင်ငြိနိဿယနှစ်စောင်လုံး၌ မန္ဒာကိနီ၊ အာကာသဂင်္ဂါ၊ သုရနဒီ ၃-ပုဒ်လုံး ကောင်းကင်မြစ်၏ပရိယာယ်ဟု ဆိုသည်။ သုရဒီဃိကာသည်လည်း ကောင်းကင်မြစ်၏ ပရိယာယ်ပင်တည်း။ အာကာသေန သန္ဒိယော-ဇနာနိ ဂတဗ္ဗာနေ အာကာသဂင်္ဂါတိ။ မါဋီ၊ ၃။ ၂၆။ ကောင်းကင်၌ စီးသွားသော ရေအယဉ်, ရေခါးတင်, ရေတံခွန်တို့လည်း အာကာသဂင်္ဂါမည်၏။ အာကာသဂင်္ဂံ ဩဘာရေန္တော ဝိယ.... ဗဟုဒေဝရတ္တိံ သန္ဒဿေတွာ သမ္ပဟံသေတွာ ဥယျောဇေသိ။ ဒီဋ္ဌ၊ ၂။ ၁၂၃။ မါဋ္ဌ၊ ၃။ ၁၈။]

(၂၈) ကောဝိဠာရော တထာ ပါရိ-စ္ဆတ္တကော ပါရိဇာတကော။
ကပ္ပရုက္ခော တု သန္တာနာ ဒနယာ ဒေဝဒ္ဒုမာ သိယုံ။

(၂၈) ကောဝိဠာရော၊ ပင်လယ်ကသစ်။ တထာ၊ ထို့မှတပါး။ ပါရိစ္ဆတ္တကော၊ ပါရိဇာတကော၊ ပင်လယ်ကသစ်။ ပင်လယ်ကသစ် ပရိယာယ် ၃-ပုဒ်။ တု၊ ထို့ပြင်တပါးကား။ ကပ္ပရုက္ခော၊ ပဒေသာပင်သည်၎င်း။ သန္တာနာဒယော၊ ကုက္ကိုပင် အစရှိသော သစ်ပင်တို့သည်၎င်း။ ဒေဝဒ္ဒုမာ၊ နတ်သစ်ပင်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ပင်လယ်ကသစ်သည် ကသစ်ပင်အမျိုးအစားတွင် ပါဝင်သည့် ဆေးဖက်ဝင် အဖိုးတန် သစ်ပင်တမျိုး ဖြစ်သည်။ ပင်လယ်ကသစ်, ရေကသစ် ကုန်းကသစ်, တောင်ကသစ် စသည်ဖြင့် ကသစ်သည် အမျိုးမျိုး ရှိ၏။ ပင်လယ်ကသစ်မှာ သစ်ကြီး ၇-ပင်တွင် ပါဝင်၍ တာဝတိံသာ နတ်တို့၏ အထိမ်းအမှတ်အဖြစ် တင်ရှား၏။ နှယ် ဖြစ်သော ကသစ်မှတပါး ကျန်ကသစ်အားလုံး ဆူးရှိသည်ဟုသိရ၏။ ပင်လယ်ကသစ်ပင်၏ အခေါက်ကို အဖျားရောဂါ အတွက်ငှင်း၊ အရွက် ကို ကိုယ်ပေါ် အူင်ပေါက်သည့် အနာအတွက်ပင်း ဆေ အဖြစ် သုံးစွဲနိုင်သည်။ ဒေဝဒ္ဒုမ-အရ နတ်သစ်ပင်တို့ကား—

ပါဠလိ သိမ္ဗလိ ဇမ္ဗူ၊ ဒေဝါနံ ပါရိစ္ဆတ္တကော။
ကဒမ္ဗော ကပ္ပရုက္ခေါ၊ သိရီသေန ဘဝတိ သတ္တမံ။

အဘိဓ္ဋ၊၁။၃၃၇။ သာရတ္ထ၊၁။ ၂၅၉ နှင့်အညီ သခွတ်, လက်ပံ, သပြေ, ပင်လယ်ကသစ်, ထိမ်, ပဒေသာပင်, ကုက္ကိုပင်တို့တည်း။ ဤကား သာသနာတော်ကျမ်းများ အလိုဖြစ်၏။

အမရကောသ။၁။၅၃-၌—

ပဉ္စေတေ ဒေဝတရဝေါ၊ မန္ဒာရးပါရိဇာတကး။
သန္တာနကလ္ပဝဒ္တတ္ဖ၊ ပုံသိ ဝါ ဟရိစန္ဒနမ်—

ဟူသော ဂါထာဖြင့် ထင်ရှားပင်, ပင်လယ်ကသစ်ပင်, ကုက္ကိုပင်, ပဒေသာပင်, စန္ဒကူးရွှေပင်အားဖြင့် နတ်သစ်ပင် ၅-ပင် လာရှိ၏။]

(၂၉) ပါစီ ပတီစျုဒီစိတ္ထိ၊ ပုဗ္ဗ ပစ္ဆိမ ဥတ္တရာ။
ဒိသာထ ဒက္ခိဏာပါစီ၊ ဝိဒိသာနုဒိသာ ဘဝေ။

(၂၉) ပုဗ္ဗပစ္ဆိမဥတ္တရာဒိသာ၊ အရှေ့အရပ်, အနောက်အရပ်, မြောက် အရပ်တို့သည်။ ပါစီပတီစျုဒီစီ၊ အစဉ်အတိုင်း ပါစီ ပတီစီ ဥဒီစီတို့ မည်ကုန် ၏၊ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ ပါစီ၊ အရှေ့အရပ်။ ပတီစီ၊ အနောက်အရပ်။ ဥဒီစီ၊ မြောက်အရပ်။ အထ၊ ထိုမှတပါး။ ဒက္ခိဏာ ဒိသာ၊ တောင်အရပ် သည်။ အပါစီ၊ အပါစီမည်၏။ ဝိဒိသာ၊ အထောင့်အရပ်သည်။ အနုဒိသာ၊ အနုဒိသာ မည်သည်။ ဘဝေ၊ ဖြစ်၏။

[ပါစီပတီစျူဒီစိတ္တိ-စသော ဂါထာကို ကျမ်းပြုဆရာတော် အရှင်မောဂ္ဂလ္လာန်သည် အမရကောသ-စသော သက္ကတအဘိဓာန် များလာ ပြာစီ, ပြတီစီ, ဥဒီစီ, အဝါစီ-ဟူသော သက္ကတ နိဿက္ကု ကျမ်းများလာ ဥဒါဟရဏ်များကို ယူ၍ ဖော်ပြသည်။ သက္ကတ-ပြာစီသည် ပါဠိ ပါစီဖြစ်၏။ သက္ကတ ပြတီစီသည် ပါဠိ ပတီစီ-ဖြစ်၏။ သက္ကတ ဥဒီစီသည် ပါဠိ ဥဒီစီပင် ဖြစ်၏။ သက္ကတ အဝါဒီ သည် ပါဠိ အပါစီ ဖြစ်၏။ အမရကောသ၌ တောင်အရပ်၌ ဖြစ်သော အရာသည် အဝါစီနှ၊ မြောက်အရပ်၌ဖြစ်သော အရာ သည် ဥဒီစီနှ၊ အနောက်အရပ်၌ ဖြစ်သောအရာသည် ပြတီစီနှ၊ အရှေ့အရပ်၌ဖြစ်သော အရာသည် ပြာစီနှမည်ကြောင်း ပြသေး၏။ ပါဠိကျမ်းဂန်များ၌ အရှေ့အရပ်ကို ပါစီန-ဟု အသုံးတွေ့၏။ ပါစီန-သီဟပဉ္ဇရဌာနေ ရထံ နိဝတ္တေတွာ....။ မင်္ဂ၊၃။ ၂၁၈။]

(၃၀) ဧရာဝတော ပုဏ္ဍရီကော၊ ဝါမနော ကုမုဒေါဉ္ဇနော။
ပုပ္ဖဒန္တော သဗ္ဗဘုမ္မော၊ သုပ္ပတီကော ဒိသာဂဇာ။

(၃၀) ဧရာဝတော၊ ဧရာဝတဆင်ရှင်း။ ပုဏ္ဍရီကော၊ ပုဏ္ဍရီကဆင်ရှင်း။ ဝါမနော၊ ဝါမနဆင်ရှင်း။ ကုမုဒေါ၊ ကုမုဒဆင်ရှင်း။ အဉ္ဇနော၊ အဉ္ဇနဆင်ရှင်း။ ပုပ္ဖဒန္တော၊ ပုပ္ဖဒန္တဆင်ရှင်း။ သဗ္ဗဘုမ္မော၊ သဗ္ဗဘုမ္မဆင်ရှင်း။ သုပ္ပတီကော၊ သုပ္ပတီကဆင်ရှင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ် အားဖြင့်။ ဣမေ၊ ဤဆင်ရှစ်စီးတို့သည်။ ဒိသာဂဇာ၊ ဒိသာဂဇတို့ မည်ကုန်၏။ ဝါ၊ အရပ်မျက်နှာစောင့် ဆင်တို့မည်ကုန်၏။

[အဘိဓာနပ္ပဒီပိကာကျမ်းပြု ဆရာတော်သည်–

အဲရာဝတး ပုဏ္ဍရီကော၊ ဝါမနး ကုမုဒေါဥ္စနး။
ပုဥ္ပဒန္တး သာဝ်ဘော်မး၊ သုပြတီက ဓွဒိဂ္ဂဇား—

ဟူသော အမရကောသ။၃။၄-ဂါထာအတိုင်း ဖိရင်တော်မူသည်။ ဤ ဧရာဝတအစရှိသော ဆင်ရှစ်စီးတို့သည် အရှေ့အရပ်မှစ၍ လက်ျာရစ် အစဉ်အတိုင်း အရပ်မျက်နှာတို့ကို စောင့်သော ဆင်တို့ မည်ကုန်၏။]

(၃၁) ဓတရဋ္ဌော စ ဂန္ဓဗ္ဗာ-ဓိပေါ ကုမ္ဘဏ္ဍာသာမိ တု။
ဝိရူဠှကော ဝိရူပက္ခော၊ တု နာဂါဓိပတိရိတော။

(၃၁) ဓတရဋ္ဌော၊ ဓတရဋ္ဌနတ်မင်း။ ဂန္ဓဗ္ဗာဓိပေါ၊ဓတရဋ္ဌနတ်မင်း။ ဓတရဋ္ဌနတ်မင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကုမ္ဘဏ္ဍာသာမိ၊ ဝိရူဠှက နတ်မင်း။ ဝိရူဠှကော၊ ဝိရူဠှကနတ်မင်း။ ဝိရူဠှကနတ်မင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိရူပက္ခော၊ ဝိရူပက္ခနတ်မင်း။ နာဂါဓိပတိ၊ ဝိရူပက္ခနတ်မင်း။ သဓော၊ အနက်ဟူ၏ဟူ၍။ ဤရိတော၊ ဆိုအပ်၏။ ဝိရူပက္ခနတ်မင်း ပရိယာယ် ၂-ပုဒ်။

[ဂန္ဓံ အဗ္ဗန္တိ ပရိဘုဉ္ဇန္တိတိ ဂန္ဓဗ္ဗာ၊ ဓတရဋ္ဌသာ မဟာရာဇဿ ပရိဝါရဘူတာ။ ဒီ၊ဋ္ဌ၊၂။၉၅-နှင့် အဘိဓာန်ဆရာစကား ကိုက်ညီ၏။ ဝိရူဠှကော ကုမ္ဘဏ္ဍရာဇာ ကုမ္ဘဏ္ဍဒေဝတာနံ ကောဋ္ဌိသတသဟဿာန ပရိဝုတော။ ဒီ၊ဋ္ဌ၊၂။၂၄၁-ကို ထောက်၍ ကုမ္ဘဏ္ဍရာဇ၊ ဝိရူဠှကနတ်မင်းဟု ပရိယာယ်တပုဒ် ရ၏။ ဝိရူဠှကနတ်မင်းဟူသည် ကုမ္ဘဏ်မင်း၊ သို့မဟုတ် ကုမ္ဘဏ်နတ်မင်း ဟူ၏။

နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။
ဒီ၊၃။၁၆၁။]

(၃၂) ယက္ခာဓိပေါ ဝေဿဝဏော၊ ကုဝေရော နရဝါဟနော။
အဠကာဠကမန္ဒာဿ၊ ပုရီ ပဟာရဏံ ဂဒါ။
စတုဒ္ဒိသာနမဓိပါ၊ ပုဗ္ဗာဒီနံ ကမာ ဣမေ။

(၃၂) ယက္ခာဓိပေါ၊ ဝေဿဝဏော၊ ကုဝေရော၊ နရဝါဟနော၊ ဝေဿဝဏ်နတ်မင်း။ ဝေဿဝဏ်နတ်မင်းပရိယာယ် ၄-ပုဒ်။ အဿ၊ ထို ဝေဿဝဏ် နတ်မင်း၏။ ပုရီ၊ မြို့တော်သည်။ အဠကာ၊ အဠကာမည်သည်ရင်း။ အဠက မန္ဒာ၊ အဠကမန္ဒာမည်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ပဟာရဏံ၊ လက်နက် သည်။ ဂဒါ၊ သံတင်းပုတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣမေ၊ ဤ နတ်မင်းကြီး တို့သည်။ ကမာ၊ အစဉ်အတိုင်း။ ပုဗ္ဗာဒီနံ၊ အရှေ့အရပ်မျက်နှာ အစရှိကုန် သော။ စတုဒ္ဒိသာနံ၊ အရပ်လေးမျက်နှာတို့ကို။ အဓိပါ၊ အစိုးရကြကုန်၏။

[ဝေဿဝဏ်နတ်မင်း၏ မြို့တော်များကား အဋ္ဌကာမြို့နှင့် အဋ္ဌကမန္ဒာမြို့များသာ မဟုတ်သေး၊ ဝိသာဏာ မည်သော မြို့တော်လည်း ရှိသေးကြောင်း–

“ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ နာမ ရာဇဓာနီ၊ ယသ္မာ ကုဝေရော မဟာရာဇာ ဝေဿ-ဝဏောတိ ပဝုစ္စတိ”—

ဟူသော ဒီ ၃။၁၆၂။ အာဋာနာဋိယသုတ်လာ စကားဖြင့် သိနိုင်၏။ ကျမ်းပြုပုဂ္ဂိုလ်များ မဟာကဝိများတို့သည် စည်ကားသော မြို့များကို စာဖွဲ့လျှင် ဝေဿဝဏ်နတ်မင်း၏ အဋ္ဌကမန္ဒာနတ်မြို့တော်နှင့် ဥပမာခိုင်း၍ ဖွဲ့ဆိုကြကုန်၏။

အဋ္ဌကမန္ဒာဝ ဒေဝါနံ၊ သာဝတ္ထိ ပုရမုတ္တမံ။ မဋ္ဌ၊၁။၆၂။]

(၃၃) ဇာတဝေဒေါ သိခီ ဇောတိ၊ ပါဝကော ဒဟနော'နလော။
ဟုတာဝဟော'စ္စိမာ ဓူမ-ကေတွဂ္ဂိ ဂိနိ ဘာနုမာ။

(၃၄) တေဇော ဓူမသိခေါ ဝါယု-သခေါ စ ကဏှဝတ္တနိ။
ဝေဿာနရော ဟုတာသော'ထ၊ သိခါ ဇာလစ္စိ စာပုမေ။

(၃၃-၃၄) ဇာတဝေဒေါ၊ သိခီ၊ ဇောတိ၊ ပါဝကော၊ ဒဟနော၊ အနလော၊ ဟုတာဝဟော၊ အစ္စိမာ၊ မီး(အစ္စိမန္တု-ပုဒ်ရင်း)။ ဓူမကေတု၊ အဂ္ဂိ၊ ဂိနိ၊ ဘာနုမာ၊ မီး(ဘာနုမန္တု-ပုဒ်ရင်း)။ တေဇော၊ ဓူမသိခေါ၊ ဝါယုသခေါ၊ ကဏှဝတ္တနိ၊ ဝေဿာနရော၊ ဟုတာသော၊ မီး။ မီးပရိယာယ် ၁၈-ပုဒ်။ အထ၊ ထိုမှတပါး။ သိခါ၊ ဇာလာ၊ အစ္စိ၊ မီးလျှံ။ အယံ၊ ဤ အစ္စိ သဒ္ဒါသည်။ အပုမေ၊ ပုလ္လိင်မဟုတ် ဣတ္ထိလိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ မီးလျှံပရိယာယ် ၃-ပုဒ်။

[ဇာတဝေဒေါတိ အဂ္ဂိ အာလပတိ။ သော ဟိ ဇာတော'ဝ ဝေဒယတိ၊ ဓူမဇာလုဋ္ဌာနေန ပညာယတိ တသ္မာ ဇာတဝေဒေါ”တိ ဝုစ္စတိ။ စရိယာဋ္ဌ။၂၂၇။ ဖြစ်ပေါ်လာလျှင် သိစေတတ်, ထင်ရှားပေါ်လွင်ရကား ဇာတဝေဒမည်ကြောင်း ဖွင့်သည်။ ဋီကာနှင့်ကား မတူချေ။ ဖွင့်ပုံကောင်း၏။ ဇာဋ္ဌ၊၁။၂၃၀-၌လည်း ဆင်တူလာ၏။

သိခါ ဇာလစ္စိ စာပုမေ-ကား သိခါ ဇာလက္ခိ စာပုမေ-ဟူ၍ရှင်း၊ သိခါ ဇာလစ္စိ မာပုမေ-ဟူ၍ရှင်း ရှိတတ်သည်။ ယခု ရှိရင်းပါဠိအတိုင်း သီဟိုဠ်မူ၌ တညီတည်းရှိ၏။ အမရကောသ။ ၁။၅၉-၌ မီးပရိယာယ် ၃၄-ပုဒ် လာ၏။ ပါဠိစာပေနှင့် လျော်သလောက်သာ ကျမ်းဆရာ ယူ၍ ထုတ်ပြသည်။]

(၃၅) ဝိပ္ဖုလိင်္ဂံ ဖုလိင်္ဂဉ္စ၊ ဘသ္မာ တု သေဋ္ဌိ ဆာရိကာ။

(၃၅) ဝိပ္ဖုလိင်္ဂံ၊ ဖုလိင်္ဂံ၊ မီးဖွား။ ဝါ၊ မီးပေါက် မီးဖွား။ မီးဖွား ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဘသ္မာ၊ သေဋ္ဌိ၊ ဆာရိကာ၊ ပြာ။ ပြာ ပရိယာယ် ၃-ပုဒ်။

[အဂ္ဂိပပဋိက,အစ္စိကရဏ-တို့လည်း မီးဖွားပရိယာယ်တို့တည်း။ အဂ္ဂိပပဋိကန္တိ အစ္စိကရဏံ။ ဝိပ္ဖုလိင်္ဂန္တိ အတ္ထော။ အံ၊ဋီ၊၁။၇၉။ ဝိပ္ဖုလိင်-ပုဒ် ပါ,ဠ,ဋီ-တို့၌ အလွန်ရှား၏။ ဖုလိင်္ဂါနိ ပတန္တိ ကာယေ။ ဇာ၊၂။ဂ။ မ၊ဋ္ဌ၊၃။၄၅။ ဖုလိင်္ဂါနီတိ ဝိတစ္စိတင်္ဂါရာ။ ဇာ၊ဋ္ဌ၊၅။၁၅၂။ ဖုလိင်္ဂါနီတိ အဂ္ဂိကရဏာနိ။ မ၊ဋီ၊၃။၃၂။ ဘဿ-သဒ္ဒါလည်း ပြာဟောဖြစ်သည်။ ဘဿန္တာတိ ဘသ္မန္တာ။ ဒီ၊ဋ္ဌ၊၁။ ၁၅၀။ မ၊ဋ္ဌ၊၃။၁၅၉။]

(၃၆) ကုက္ကုဠော တုဏှဘသ္မသ္မိံ-မင်္ဂါရော လာတမုမ္မုကံ။
သမိဓာ ဣဓုမံ ဧဓော၊ ဥပါဒါနံ တထိန္ဓနံ။

(၃၆) တု၊ ထိုမှတပါး။ ကုက္ကုဠော' ကုက္ကုဠ သဒ္ဒါသည်။ ဥဏှဘသ္မသ္မိံ၊ ပူသောပြာ၌။ ဝါ၊ ပြာပူ၌။ ဝတ္တတိ၊ ဖြစ်၏။ (ဝတ္တတိ-ထည့်ပါဠ်) ကုက္ကုဠော၊ ဥဏှဘသ္မံ၊ ပြာပူ။ ပြာပူပရိယာယ် ၂-ပုဒ်။ အင်္ဂါရော၊ မီးကျီးခဲ။ မီးကျီးခဲပရိယာယ် ၁-ပုဒ်။ အလာတံ၊ ဥမ္မုကံ၊ မီးစ။ မီးစ ပရိယာယ် ၂-ပုဒ်။ သမိဓာ၊ ဣဓုမံ၊ ဧဓော၊ ဥပါဒါနံ၊ မီးစာ။ ဝါ၊ လောင်စာ။ တထာ၊ ထိုမှတပါး။ ဣန္ဓနံ၊ မီးစာ။ ဝါ၊ လောင်စာ။ မီးစာ ပရိယာယ် ၅-ပုဒ်။

[တေလကဋ္ဋိကေန မကွေတွာ ကုက္ကုဠေ တာပေတွာ။ မ၊ဋ္ဌ၊ ၃။၂၃၆။ အင်္ဂါရ-ကို တချို့ နိဿယတို့၌ မီးစ-ဟု ပြန်ဆို၏။

မီးကျီးဟောတည်း။ ဟတ္ထေန ဝါ ပါဒေန ဝါ အင်္ဂါရံ အက္ကမိတွာ။ မ၁။၃၉၉။ မီးသွေးဟောလည်း ရှိ၏။ တေ တတော အင်္ဂါရံ ဟရိံသု။ ဒီ၊၂။၁၃၇-မဟာပရိနိဗ္ဗာနသုတ်၌ မီးသွေးဟောဖြစ်၏။ မီးစ-ဟူသည် မီးရဲပြီး မီးညိပြီး ထင်းတည်း။ ဥသုကာဒေရာ တေဇနံ ဒွိသု အလာတေသု အာတာပေတိ။ မ၊၂၊၁၁။ သမိဓာ-ကို ကပ္ပဒုမ-၌ သမိဇ္ဈတေ ဇလမာယာတိ သမိဓော-ဟု ဝိဂြိုဟ်ပြု၏။ သမိဓာပက္ခေပံ ဗိဇနဝါတစ္ဆ လဘိလ္လာ။ သုတ္တနိ၊၄၂၁။၁၅၇။]

(၃၇) အထောဘာသော ပဘာသော စာ-
လောကောဇ္ဇောတာတပါ သမာ။
မာလုတော ပဝနော ဝါယု၊ ဝါတောနိလသမီရဏာ။
ဂန္ဓဝါဟော တထာ ဝါယော၊ သမီရော စ သဒါဂတိ။

(၃၇) အထ၊ ထိုမှတပါး။ ဩဘာသော၊ ပဘာသော၊ အာလောကော၊ ဥဇ္ဇောတော၊ အလင်း။ အာတပေါ၊ အလင်းတို့။ ဣမေ၊ ဤသဒ္ဒါတို့သည်။ သမာ၊ အနက်တူကုန်၏။ (ဣမေ-ထည့်ပါ၌) . အလင်းပရိယာယ် ၅-ပုဒ်။ မာလုတော၊ ပဝနော၊ ဝါယု၊ ဝါတော၊ အနိလော၊ သမီရဏော၊ ဂန္ဓဝါဟော၊ လေ။ တထာ၊ ထိုမှတပါး။ ဝါယော၊ သမီရော၊ သဒါဂတိ၊ လေ။ လေ ပရိယာယ် ၁၀-ပုဒ်။

[ဩဘာသော - စသည်ကို အလင်းဟု ပေးရာ၏။ အရောင် အလင်းဟု မပေးနှင့်။ နောက် ၆၄-ဂါထာ၌ ရံသိ အာဘာ ပဘာ ဒိတ္တိ-စသည်ဖြင့် အရောင် သီးခြား လာလတ္တံ့။ မာရုတ-လည်း လေဟော ရှိ၏။ ရ-နှင့်-လကာရီ ကာရိယ။ ဂန္ဓဝဟ-လည်း လေဟော ရှိ၏။ ဂန္ဓဝါဟ နှင့် ဒီဃရဿ သာ ထူးသည်။]

(၃၈) ဝါယု ဘေဒါ ဣမေ ဆုဒ္ဓ-င်္ဂမော စာဓောဂမော တထာ။
ကုစ္ဆိဋ္ဌော စ ကောဋ္ဌာသယော၊ အဿာသင်္ဂါနုသာရိနော။

(၃၈) ဥဒ္ဓင်္ဂမော စ၊ ဥဒ္ဓင်္ဂမ လေရင်း။ ဝါ၊ အထက်သို့ ဆန်တက်သော လေရင်း။ အဓောဂမော စ၊ အဓောဂမ လေရင်း။ ဝါ၊ အောက်သို့ စုန်ဆင်းသော လေရင်း။ တထာ၊ ထိုမှတပါး။ ကုစ္ဆိဋ္ဌော စ၊ ကုစ္ဆိဋ္ဌ လေရင်း။ ဝါ၊ ဝမ်း၌တည်သော လေရင်း။ ကောဋ္ဌာသယော စ၊ ကောဋ္ဌာသယ

လေရင်း။ ဝါ၊ အရှဉ်တည်သော လေရင်း။ အဿာသော စ၊ အဿာသ လေရင်း။ ဝါ၊ ထွက်သက် ဝင်သက်လေရင်း။ အင်္ဂါနုသာရိနော၊ အင်္ဂါနု-သာရိလေတို့ရင်း။ ဝါ၊ အင်္ဂါကြီးငယ်သို့ လျှောက်တတ်သော လေတို့ရင်း။ ဣတိ၊ ဤသို့။ ဣမေ ဆ၊ ဤခြောက်ပါးတို့သည်။ ဝါယုဘေဒါ၊ လေအထူးတို့တည်း။ (ဣတိ-ကား ထည့်ပါ၍)

[ဤဝါယုဘေဒါ ဣမေ ဆုဒ္ဒင်္ဂမော-စသော ဂါထာကား ခန္ဓာကိုယ်တွင်း၌ဖြစ်သော အဇ္ဈတ္တလေကို ဆိုသည်။ ကတမာ စာဝုသော အဇ္ဈတ္တိကာ ဝါယောဓာတု။ ယံ အဇ္ဈတ္တံ ပစ္စတ္တံ ဝါယော ဝါယော-ဂတံ ဥပါဒိန္နံ၊ သေယျထိဒံ၊ ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊ ကုစ္ဆိသယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အဿာသော ပဿာသော ဣတိ။ မ၊၁။ ၂၄၆။ မဟာဟတ္ထိ-ပဒေါပမသုတ်။

အဿာသင်္ဂါနုသာရိနော-ကား အင်္ဂမင်္ဂါနုသာရိနှင့် အဿာသ ပဿာသ-ကို ဝိစ္ဆေပေက်ာသိသ် လုပ်ထားသည်။]

(၃၉) အထော အပါနံ ပဿာသော၊ အဿာသော အာနမုစ္စတေ။

(၃၉) အထော၊ ထိုမှတပါး။ ပဿာသော၊ ဝင်သက်လေကို။ အပါနံ၊ အပါနဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အဿာသော၊ ထွက်သက်လေကို။ အာနံ၊ အာနဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အပါနံ၊ ဝင်သက်လေ။ ပဿာသော၊ ဝင်သက်လေ။ [ဝင်သက်လေ ပရိယာယ် ၂-ပုဒ်။] အဿာသော၊ ထွက်သက်လေ။ အာနံ၊ ထွက်သက်လေ။ [ထွက်သက်လေ ပရိယာယ် ၂-ပုဒ်။]

[ဝိနည်းအဋ္ဌကထာ၌ အဿာသ-ကို ထွက်သက်လေ၊ ပဿာသ-ကို ဝင်သက်လေဟု ဖွင့်သည်။ သုတ္တန်အဋ္ဌကထာများ၌ကား အဿာသ-ကိုဝင်သက်လေ၊ ပဿာသ-ကို ထွက်သက်လေဟု ဖွင့်သည်။ အာဒိမှိ သာသော အဿာသော။ သာရတ္ထ၊ ၂။၁၈၈-နှင့် အညီ ရှေးဦးစွာ ဖြစ်သော လေကို အဿာသ-ဟု ဆိုရာ၌ မိခင်ဝမ်းမှ မွေးဖွားသော ကလေးသူငယ်အား ထွက်သက်လေ ရှေးဦးစွာ ဖြစ်သောကြောင့် ထွက်သက်လေကို အဿာသ ဟု ဝိနည်းအဋ္ဌကထာများ၌ ဖွင့်ဆိုကြခြင်းဖြစ်သည်။ အာနာပါနဿတိကမ္မဋ္ဌာန်း အားထုတ်သော

အခါ ဦးစွာပဌမ ဝင်သက်လေကို သတိထား၍ ရှုမှတ် ဆင်ခြင်ရသောကြောင့် ဝင်သက်လေကို အဿာသ-ဟု သုတ္တန်အဋ္ဌကထာများ၌ ဆိုခြင်းဖြစ်သည်။]

(၄၀) ဝေဂေါ ဇဝေါ ရယော ခိပ္ပံ၊ တု သီဃံ တုရိတံ လဟု။
အာသု တုဏ္ဏ မရံ စာဝိ-လမ္ဗိတံ တုဝဋံ ပိ စ။

(၄၀) ဝေဂေါ၊ အဟုန်။ ဇဝေါ၊ အဟုန်။ ရယော၊ အဟုန်။ အဟုန် ပရိယာယ် ၃-ပုဒ်။ ခိပ္ပံ၊ သီဃံ၊ တုရိတံ၊ လဟု၊ အာသု၊ တုဏ္ဏံ၊ အရံ၊ အဝိလမ္ဗိ-တံ၊ တုဝဋံ၊ လျင်ခြင်း။ ဝါ၊ မြန်ခြင်း။ လျင်ခြင်း မြန်ခြင်း ပရိယာယ် ၉-ပုဒ်။

[ဝေဂ-စသော သဒ္ဒါ ၃-ပုဒ် အဟုန်ဟော အရှိန်ဟော များ၌ လာ၏။ ဝေဂေါ မဟာ ဟောတိ သာဂရဿ။ ဇာ၊၁။၂၄၄။ သမုဒ္ဒါ၏ ဘောက်လာ ဝေဂ-ကား အဟုန်အရှိန် ဟောတည်း။ ဒေဝနှ ဝေဂေနာတိ ဤမိနာ ဇဝေန။ ဝိမာန၊၄။၁၁၆-၌လည်းအဟုန် အရှိန်ဟောပင်။ အာဘ ဒက္ခထ မေ ဝေဂံ အထ မေ ပရက္ကမံ ပဿထ။ ဇာ၊၄၊၅။၃၂၈-၌ ဝေဂသဒ္ဒါ အားထုတ်မှု လုံ့လ ဟောတည်း။ ဝါတဝေဂေန ဝါတပ္ပဟာရေန။ အပ၊၄၊၁။၁၁၇-၌ ဝေဂ-သဒ္ဒါ ပိုက်ခတ်ခြင်းတည်း။ တုဝဋံ စိတ္တံ သမာဓိယတိတိ မေတ္တာဝိဟာရိနော ခိပ္ပမေဝ စိတ္တံ သမာဓိယတိ။ ပဋိသံ၊၄၊၂။၂၀၈။ တုဝဋံ-ဟုလည်း ရှိတတ်သည်။]

(၄၁) သာတတံ နိစ္စမဝိရတာ-နာရတသန္တတမနဝရတံ စ ဓုဝံ။
ဘုသ မတိသယော စ ဒဠှံ၊ တိဗ္ဗေကန္တာတိမတ္တ ဗာဠှာနိ။
ခိပ္ပါဒီ ပဏ္ဍကေ ဒဗ္ဗေ၊ ဒဗ္ဗဂါ တေသု ယေ တိသု။

(၄၁) သာတတံ၊ နိစ္စံ၊ အဝိရတံ၊ အနာရတံ၊ သန္တတံ၊ အနဝရတံ၊ ဓုဝံ၊ အမြဲ။ [အမြဲပရိယာယ် ၇-ပုဒ်။] ဘုသံ၊ အတိသယော၊ ဒဠှံ၊ တိဗ္ဗံ၊ အလွန်အကဲ။ ဝါ၊ အပြင်းအထန် (ထက်ထက်မြက်မြက်သော်လည်းဟူ)။ ဧကန္တံ၊ အလွန်အကဲ။ ဝါ၊ အပြင်းအဘန် (စင်စစ်သော်လည်း ဟူ)။ အတိမတ္တံ၊ အလွန်အကဲ။ ဝါ၊ အပြင်းအထန်။ ဗာဠှာနိ၊ အလွန်အကဲတို့။ ဝါ၊ အပြင်းအထန်တို့။

(ဗာဠှံ၊ အလွန်အကဲ။ ဝါ၊ အပြင်းအထန်-ဟု ဂေဠုစ်သော်လည်း ပြင်ပေး) အလွန်အကဲပရိယာယ် ၇-ပုဒ်။

ခိပ္ပါဒိ၊ ခိပ္ပအစရှိသော သဒ္ဒါတို့သည်။ အဒဗ္ဗေ၊ ဒြဗ်မဟုတ် ဂုဏ်၌ ဖြစ်မှုကား။ ပဏ္ဍကေ၊ နပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထို ခိပ္ပ စသော သဒ္ဒါတို့တွင်။ ယေ၊ အကြင်သဒ္ဒါတို့သည်။ ဒဗ္ဗဂါ၊ ဒြဗ်ကိုဟောကုန် ၏။ တေ၊ ထိုသဒ္ဒါတို့သည်။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[နိရန္တရ-လည်း အမြဲဟောဖြစ်၏။ သန္တတသီလာတိ သတတ- သီလာ နိရန္တရသီလာ။ မ႑ေဋ၃။ ၂။ ခိပ္ပါဒိ ပဏ္ဍကေ ဒဗ္ဗေ-၁သည်ဖြင့် ၄၀-ဂါထာလာ ခိပ္ပ, သီဃ စသော သဒ္ဒါများကို ပြန်၍ ကျမ်းဆရာ ပြောပြ၏။ ခိပ္ပ-စသော သဒ္ဒါများ လျင်မြန်ခြင်း ဂုဏ်ကိုဟောလျှင် နပုလ္လိင်ဟု သိပါ။ သို့မဟုတ် လျင်မြန်သော သဗ္ဗဝါ-စသည့် ဒြဗ်ကို ဟောလျှင် သုံးလိင်ဟု ဆို၏။]

(၄၂) အဝိဂ္ဂဟော တု ကာမော စ၊ မနောဘူ မဒနော ဘဝေ။
အနင္ဂေါ ဝသဝတ္တီ စ၊ ပါပိမာ စ ပဇာပတိ။

(၄၃) ပမတ္တဗန္ဓု ကာလော စ၊ မာရော နမုစိ တဿ တု။
တဏှာရတိ ရဂါ ဓီတာ၊ ဟတ္ထိ တု ဂိရိမေခလော။

(၄၂-၄၃) တု၊ ပရိယာယ်အသစ် ထုတ်ဖော်လုပ်ဒဲ့။ အဝိဂ္ဂဟော၊ ကာမော၊ မနောဘူ၊ မဒနော၊ ကာမနတ်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ကာမနတ်ပရိယာယ် ၄-ပုဒ်။ အနင္ဂေါ၊ ဝသဝတ္တီ၊ ပါပိမာ၊ မာရ်နတ် (ပါပိမန္တုပုဒ်ရင်း)။ ပဇာပတိ၊ ပမတ္တဗန္ဓု၊ ကဏှော၊ မာရော၊ နမုစိ၊ မာရ်နတ်။ မာရ်နတ်ပရိယာယ် ၈-ပုဒ်။ တု၊ ထိုမှတပါး။ တဿ၊ ထို မာရ်နတ်၏။ ဓီတူ၊ သမီးတို့သည်။ တဏှာ၊ တဏှာသည်၎င်း။ အရတိ၊ အရတိသည်၎င်း။ ရဂါ၊ ရဂါသည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တု၊ ထိုမှတပါး။ တဿ၊ ထိုမာရ်နတ်၏။ ဟတ္ထိ၊ စီးတော်ဆင်သည်။ ဂိရိမေခလော၊ ဂိရိမေခလာ အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။

[ကာမနတ်ကို သီဟိုဠ်လို အနင်္ဂယာ-ဟု ခေါ်သည်။ သုဘူတိ၏ သီဟိုဠ်နိဿယ၌ အနင်္ဂယာ-ဟု ပြန်ဆိုသည်။ ကျော်အောင် စံထား ဆရာတော်နိဿယ၌ အဝိဂ္ဂဟ-အစ နမုစိ-အဆုံး ၁၂-ပုဒ်

လုံးကို မာရ်နဝ်ဟုချည်း ပေး၏။ ဤ၌ အရှင်သုဘူတိ၏ သိဟိုဠ်နိဿယအတိုင်း ပေးလိုက်သည်။ အဘယာရာမ ဆရာတော်သည်လည်း သိဟိုဠ်နိဿယအတိုင်းပင် ယောဇနာတော်မူသည်။ ကုသိုလ်ကောင်းမှုတို့၏ ပျက်စီးခြင်းကို ပြုတတ်သောကြောင့် အန္တက (သံ၊ဋီ၊၁။)။ ဝိရာဂ-စသော ဂုဏ်များ၏ ပျက်စီးခြင်းကိုပြုတတ်သောကြောင့် အန္တက (ဒီ၊ဋီ။ သံ၊ဋီ၊၂။ ဒံ၊ဋီ။)။ အန္တကာတိလာမကပါပိနု သဒ္ဒါ။ ဝိ၊ဋ္ဌ၊၃။၂၄၈။ ကုသလကမ္မာနံ အန္တံကရောတီတိ အန္တကော။ သံ၊ဋီ၊၁။၂၀၁။ ကဏှော အန္တကော နမုစိ ပမတ္တဗန္ဓုတိပိ တဿေဝ နာမာနိ။ ဒီ၊ဋ္ဌ၊၂။၁၄၅။ ဆိုးဝါးသော တရားတို့နှင့် ပြည့်စုံသောကြောင့် ကဏှ။ ပါပဓမ္မေဟိ သမန္နာဂတတ္တာ ကဏှံ။ မ၊ဋီ၊၂။၃၂၃။ လူအပေါင်း၏ ဝိဝဋ္ဋူပနိဿယဂုဏ်ကို ဖျက်ဆီးတတ်သော အာနုဘော်ဖြင့် ဖျက်ဆီးတတ်သတ်တတ်သောကြောင့် မာရ။ မဟာဇနဿ မာရဏတော မာရော နာမ။ မ၊ဋ္ဌ၊၂။၃၀၄။ မဟာဇနဿ ဝိဝဋ္ဋူပနိဿယဂုဏာဝိနာသနေန အာနုဘာဝေန မာရဏတော။ မ၊ဋီ၊၂။၃၀၇။ သံ၊၁။၁၂၅။ မာရ သံယုတ်။ မာရဓိတု သုတ်။ "အာထ ခေါ တဏှာ စ အရတိ စ ရဂါ စ မာရဓိတာရော ယေန မာရော ပါပိမာ တေနုပသင်္ကမိံသု။" စသည်ဖြင့် လာရာ၌ မာရ်နတ်မင်းသမီးသုံးယောက်သာ လာ၏။ ကိုရတွင် လလိတဝိတ္ထာရ ဗုဒ္ဓဝံ၌ မာရ်နတ်မင်း၏ သမီးပေါင်း ၃၀-ကျော်လာရှိ၏။ ဂိရိမေခလာဆင်ကို ယူဇနာ ၁၅၀-မြင့်သည်ဟု ဆို၏။ ဒိယဍ္ဎယောဇနသတပ္ပမာဏံ ဂိရိမေခလံ ဟတ္ထိရာဇာနံ အာရုယှ။ သုတ္တနိ၊ဋ္ဌ၊၂။၁၁၉။

(ဆောင်) မာရ်နတ်မင်းဆင်၊ အလွန်လျှင်၊ ကြီးအင်မြင့်စောက်လှ။
တရာ့ငါးဆယ်၊ ယူဇနာချယ်၊ ကျမ်းဝယ်မိန့်မြွက်ဟ။]

(၄၇) ယမရာဇာ စ ဝေသာယိ၊ ယမော ဿ နယနာဝုဓံ။
ဝေပစိတ္တိ ပုလောမော စ၊ ကိမ္ပုရိသော တု ကိန္နရော။

(၄၇) ယမရာဇာ၊ ဝေသာယိ၊ ယမော၊ ယမမင်း။ ယမမင်းပရိယာယ် ၃-ပုဒ်။ အဿ၊ ထိုယမမင်း၏။ အာဝုဓံ၊ လက်နက်သည်။ နယနံ၊ မျက်စိတည်း။ ဝေပစိတ္တိ၊ ပုလောမော၊ ဝေပစိတ္တိအသုရာ။ ဝေပစိတ္တိအသုရာ

ပရိယာယ် ၂-ပုဒ်။ တ္။ ထိုမှတပါး။ ကိမ္ပုရိသော၊ ကိန္နရော၊ ကိန္နရာ။ ကိန္နရာပရိယာယ် ၂-ပုဒ်။

[ယမ-ပုဒ်ကို "ဒေဝဒူတသရာပနဝသေန သတ္တေ ယထူပစိတေ ပုညကမ္မေ ယမေတိ နိယမေတီတိ ယမော"ဟု မ၊ဋီ၊၃။၃၆၂-ဒေဝဒူတသုတ်၌ ဝိဂ္ဂဟပြုသည်။ အန္တက-လည်း ယမမင်းကို ဟောသည်။ သေမင်းကိုလည်း ဟောသည်။ အန္တကေနာဓိပန္နဿ။ သံ၊၁။၇၂။ ဓမ္မပဒ။ ၅၄။ ဓမ္မရာဇ, ကတန္တ, သမဝတ္တီ, ကာလ, ဒဏ္ဍဓရ တို့လည်း ယမမင်း၏ အမည်များဖြစ်သည်။ ယမမင်း၏ မျက်စိသည် အလွန်အမင်း ထက်မြက်၏။ စိတ်ဆိုး၍ ကြည့်လိုက်လျှင် ကြေမွသွားသည် ဟူ၏။ ယမမင်းအပါအဝင် ဝေဿဝဏ် နတ်မင်း, သိကြားမင်း, အာဠဝကဘီလူး တို့၏ လက်နက်များကို–

"ဝေဿဝဏ္ဏော၊ ယမောသက္က၊ အာဠဝကနှင့်၊နိစ္စအမြဲ၊ လက်နက်စွဲသား၊ တွေခဲသံချောင်း၊ ငဲ့စောင်းမျက်ရှိန်၊ ဝရဇိန်မိုးကြိုး၊ ပုဆိုးနှင့်သော်၊ လေးပါးကျော်သို့"–

ဟု စပ်ဆိုတော်မူကြကုန်၏။

ကိန္နရ-ပုဒ်ကို အဿမုခသရီရတာယ ကုစ္ဆိတော ပုရိသော-စသည်ဖြင့် ဋီကာ၌ ဖွင့်၏။ ဋီကာဆရာသည် ကိဉ္စိနရော အဿ-မုခတ္တာ၊ ကုစ္ဆိတော ဝါ နရော ကိန္နရော-ဟူသော စိန္တာမဏိ စသည့် အဆိုအမိန့်ကို နည်းယူ၍ ဖွင့်ခြင်းဖြစ်၏။ ဤစာပြုသူကား နရော ကိံ-မှ ပြန်၍ ကိန္နရ-ဖြစ်သည်ဟု ထင်မိ၏။ နရော ကိံ၊လူလေလား။ ဣတိ ဝိမတုပ္ပတ္တိတော၊ ဤသို့ ယုံမှားဖြစ်ခြင်းကြောင့်။ ကိန္နရော၊ ကိန္နရမည်၏။ လူလေလားဟု ယုံမှားလောက်အောင် အလွန် လူနှင့်တူသဖြင့် ကိန္နရာ-ဟု ဆိုချင်၏။ အများဆိုသည်ကား လူ တပိုင်း ငှက်တပိုင်း သတ္တဝါပင် ဖြစ်၏။ ယင်း ကိန္နရာများသည် အိန္ဒိယမြောက်ပိုင်း ဟိမဝန္တာတောင်နှင့် တစပ်တည်း တည်ရှိသော တောကြီးများ၌ နေထိုင်ကျက်စားလေ့ရှိသည်။ မဃဒေဝလင်္ကာ သစ်၌–

"ဟေမာလယ၊ တောမြိုင်မကာ၊ ဒေဝစန္ဒ၊ သကုဏနှင့်၊ ဒုမကောန္တ၊ ဒက္ခမာဏဝိ၊ ထိုပြီအပ၊ ကဏ္ဏပါဝု၊ အစပြုသား၊ လူ့ကိုယ် လူ့လက်၊ လူ့မျက်ခွက်နှင့်၊ တချက်ရှပ်ဆောင်း၊ မြင်းခေါင်းတူလှည့်၊ ငှက်၏ကိုယ်မှာ၊ လူ့မျက်နှာက၊ လူ့ဝါ လူ့သွင်၊ ဆံပင် နောက်လန်၊ ယမံ ငယ်သွေး၊ ငှက်မွေး တောင်ပေါက်၊ ရှယ်မဖောက်ပဲ"–

ဟူ၍ မဟာကုဏာလဇာတ်လာအတိုင်း ကိန္နရာနှင့် ပတ်သက်၍ စပ်ဆိုတော်မူ၏။]

(၄၅) အန္တလိက္ခံ ခမာဒိစ္စ-ပထောဗ္ဘံ ဂဂနံမ္ဗရံ။
ဝေဟာသော စာနိလပထော၊ အာကာသော နိတ္ထိယံ နဘံ။

(၄၆) ဒေဝေါ ဝေဟာယသော တာရာ-ပထော သုရပထော အဃံ။

(၄၅-၄၆) အန္တလိက္ခံ၊ ခံ၊ အာဒိစ္စပထော၊ အဗ္ဘံ၊ ဂဂနံ၊ အမ္ဗရံ၊ ဝေဟာသော၊ အနိလပထော၊ အာကာသော၊ ကောင်းကင်။ အဃံ၊ ဤ အာကာသ-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ နဘံ၊ ဒေဝေါ၊ ဝေဟာယသော၊ တာရာပထော၊ သုရ-ပထော၊ အဃံ၊ ကောင်းကင်။ ကောင်းကင်ပရိယာယ် ၁၅-ပုဒ်။

[အန္တလိက္ခ-ပုဒ်ကို အန္တရေန ဆိဒ္ဒေန ဣက္ခိတဗ္ဗောတိ အန္တ-လိက္ခော ဟူ၍ငင်း။ န ကသိယတိ န ဝိလေခိယတီတိ အကာ-သော၊ သော ယေဝ အာကာသော-ဟူ၍ငင်း။ ပါဝိတ်၊ ယော။ ၅၁-၌ ဝိဂ္ဂိုဟ်ပြု၏။ အန္တရိက္ခ, အနိလဥသ (သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊ ဂစ္ဆန္တံ အနိလဥသေ), အနန္တ-စသည်တို့လည်း ကောင်းကင် ပရိယာယ်တို့ ဖြစ်ကုန်၏။]

(၄၇) မေဃော ဝလာဟကော ဒေဝေါ၊ ပဇ္ဇုန္နောမ္ဗုဓရော ဃနော။
ဓာရာဓရော စ ဇီမူတော၊ ဝါရိဝါဟော တထာမ္ဗုဒေါ။

(၄၈) အဗ္ဘံ တိသွထ ဝဿံ စ၊ ဝဿနံ ဝုဋ္ဌိ နာရိယံ။
သတေရတာက္ခဏာ ဝိဇ္ဇု၊ ဝိဇ္ဇုတာ စာစိရပ္ပဘာ။

(၄၇ ၄၈) မေဃော၊ မိုးတိမ်။ ဝလာဟကော၊ ဒေဝေါ၊ ပဇ္ဇုန္နော၊ အမ္ဗုဓရော၊ ဃနော၊ ဓာရာဓရော၊ ဇီမူတော၊ ဝါရိဝါဟော၊ မိုးတိမ်။

တထာ၊ ထိုမှတပါး။ အမ္ဗုဒေါ၊ မိုးတိမ်။ အဗ္ဘံ၊ မိုးတိမ်။ အယံ၊ ဤအဗ္ဘသဒ္ဒါသည်။ တိသု၊ လိင် သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ (အယံ, ဝတ္တတိ-ထည့် ပါ၍) မိုးတိမ်ပရိယာယ် ၁၁-ပုဒ်။

အထ၊ ထိုမှတပါး။ ဝဿံ၊ ဝဿနံ၊ ဝုဋ္ဌိ၊ မိုးရွာခြင်း။ အယံ၊ ဤဝုဋ္ဌိသဒ္ဒါသည်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ မိုးရွာခြင်းပရိယာယ် ၃-ပုဒ်။ သတေရတာ၊ အက္ခဏာ၊ ဝိဇ္ဇု၊ ဝိဇ္ဇုတာ၊ အစိရပ္ပဘာ၊ လျှပ်စစ်။ လျှပ်စစ်ပရိယာယ် ၅-ပုဒ်။

[ဝါရိဒ-လည်း မိုးတိမ်ဟောတည်း။ တမေကတ္ထံ ယထာ ဘာတိ၊ ဝါရိဒေါ ဝါရိဒေါ အယံ။ သုဗောဓာလင်္ကာရ။ ၄၀။ ပယောဓရ-လည်း မိုးတိမ်ဟော၏။ နိန္နာဒိတော တဒါ ဘူမိ၊ ဂဇ္ဇိံသု စ ပယောဓရာ။ အပ၊ ၂။ ၁၅၆။ ပယောဒ-လည်း မိုးတိမ်ဟောတည်း။ ကာလေ ပဝဿန္တု သဒါ ပယောဒါ။ ကင်္ခါ၊ ဋီ၊ သစ်။ ၄၇၉။ မိုးနတ်သမီးနှင့် တူသောကြောင့် လျှပ်စစ်သည် သတေရတာ-မည်၏။ ဇာ၊ ဋ္ဌ၊ ၅။ ၁၅။ ဝိမာန၊ ဋ္ဌ။ ၂၅၇-ကြည့်။ ဝိဇ္ဇုမ္မာလာ, ဝိဇ္ဇုလတာ, ဝိဇ္ဇုကလာပ, ဝိဇ္ဇုလ္လတာ-စသည်တို့ သည်လည်း လျှပ်စစ်၏ ပရိယာယ်တို့တည်း။ ဝိဇ္ဇုလ္လတာဝ ပရိက္ခိပန္တော ဝိယ။ မငွ္ဂ၊ ၃။ ၁၄။ မေဃမုခေဟိ ဝိဇ္ဇုကလာပါ ဝိယ။ မ၊ ဋီ၊ ၃။ ၁၄။ သတေရတာသင်္ခါတဝိဇ္ဇုလတာ =လျှပ်စစ်။ ဝိမာန၊ ဋ္ဌ။ ၂၅၇။]

(၄၉) မေဃနာဒေ တု မန္ဒိတံ၊ ဂဇ္ဇိတံ ရသိတာဒိ စ။
ဣန္ဒာဝုဓံ ဣန္ဒဓနု၊ ဝါတက္ခိတ္တမ္ဗု သီကရော။

(၄၉) တု၊ ပရိယာယ်အသစ် ထုတ်ဖော်လုစ်အံ့။ မန္ဒိတံ၊ မန္ဒိတ-သဒ္ဒါသည်၎င်း။ ဂဇ္ဇိတံ၊ ဂဇ္ဇိတ-သဒ္ဒါသည်၎င်း။ ရသိတာဒိ စ၊ ရသိတ အစရှိသော သဒ္ဒါသည်၎င်း။ မေဃနာဒေ၊ မိုးချုန်းသံ၌။ ဝါ၊ မိုးဟိန်းသံ၌။ ဝတ္တတိ၊ ဖြစ်၏။ မိုးချုန်းသံ ပရိယာယ် ၄-ပုဒ်။ ဣန္ဒာဝုဓံ၊ သက်တင်။ ဝါ၊ စို့။ ဣန္ဒဓနု၊ သက်တင်။ ဝါ၊ စို့။ စို့ပရိယာယ် ၂-ပုဒ်။ ဝါတက္ခိတ္တမ္ဗု၊ လေသည် လွင့်အပ်သော မိုးရေပေါက်သည်။ သီကရော၊ သီကရမည်၏။ သီကရော၊ မိုးပေါက်။

[“မိုးစည်အုန်းအုန်း၊ ဆော်ရိုက်တုန်း၊ ရှန်းရှန်း ငြိမ့်သဲသဲ” ဟူသော ကဝိလက္ခဏာ သတ်ပုံနှင့်အညီ မိုးချုန်းသံကို မိုးစည်သံ ဟုလည်း သိရာ၏။ မိုးချုန်းသံ ပရိယာယ်များတွင် ထန-ဓာတ် တ-ပစ္စည်း ြံ့ ထနိတ-ဟုလည်း ရှိနိုင်သည်။ ထနော မေဃသဒ္ဒေ စု သဒ္ဒေ ဘူ-ဟူသော ဓာတ်ကျမ်းနှင့် ကိုက်ညီ၏။ သီဟိုဠ်နိဿယ ဟောင်း၌လည်း ထနိတ-ပါဠ်ကိုပင် အနက်ပေး၏။ သက္ကတ၌ သ္တနိတ-တည်း။ အမရကောသ။ ၃။ ၉-၌ “သ္တနိတံ ဂဇ္ဇိတံ မေဃ-နိဃောသေ ရသိတာဒိ စ” ဟု လာရှိ၏။ သက်တင်ကို သိကြား လင်းလေး သက်တင်ရေး ဟုလည်း ခေါ်ကြသည်။ သက်တံ ဟူ၍လည်း ခေါ်ကြ၏။ များသောအားဖြင့် မိုးရွာခါနီးအချိန်၊ သို့မဟုတ် မိုးရွာစ အချိန်မျိုးတွင် နေကလည်း ပွင့်လျက်ရှိတုန်း ကောင်းကင်၌ လေးကိုင်းကဲ့သို့ ညွတ်ကွေးလျက်ရှိသော ပုံစံဖြင့် စက်ဝိုင်းခြမ်းနီးပါး ထင်နေတတ်သည့် ရောင်စုံ အရာဝတ္ထုသည် သက်တံဖြစ်၏။]

(၅၀) အာသာရော ဓာရာ သမ္ပာတော၊ ကရကာ တု ဃနောပလံ။
ဒုဒ္ဒိနံ မေဃစ္ဆန္နာဟေ၊ ပိဓာနံ တွပဓာရဏံ။

(၅၁) တိရောဓာနန္တရဓာနာ-ပိဓာနဆာဒနာနိ စ။
ဣန္ဒု စန္ဒော စ နက္ခတ္တ-ရာဇာ သောမော နိသာကရော။

(၅၂) ဩသဓီသော ဟိမရံသိ၊ သသင်္ကော စန္ဒိမာ သသီ။
သီတရံသိ နိသာနာထော၊ ဥဠုရာဇာ စ မာ ပုမေ။

(၅၀-၅၁-၅၂) အာသာရော၊ ဓာရာ၊ သမ္ပာတော၊ မိုးရေအယဉ်။ မိုးရေ အယဉ် ပရိယာယ် ၃-ပုဒ်။ တု-ထိုမှတပါး။ ကရကာ၊ မိုးသီး။ ဃနောပလံ၊ မိုးသီး။ ဒုဒ္ဒိနံ၊ ဒုဒ္ဒိန သဒ္ဒါသည်။ မေဃစ္ဆန္နာဟေ၊ မိုးအုပ်သောနေ့၌။ ဝါ၊ မိုးအုံ့သောနေ့၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ပရိယာယ်အသစ် ထုတ်ဖော် လှစ်အံ့။ ပိဓာနံ၊ အပဓာရဏံ၊ တိရောဓာနံ၊ အန္တရဓာနံ၊ အပိဓာနံ၊ အပိတ်။ ဝါ၊ အဖုံး။ ဝါ၊ ဖုံးပိတ်ခြင်း။ ဆာဒနာနိ၊ အပိတ်တို့။ ဝါ၊ အဖုံးတို့။ ဝါ၊ ဖုံးပိတ်ခြင်းတို့။ အပိတ် အဖုံး ပရိယာယ် ၆-ပုဒ်။

ဣန္ဒု၊ စန္ဒော၊ နက္ခတ္တရာဇာ၊ သောမော၊ နိသာကရော၊ ဩသဓီသော၊ ဟိမရံသိ၊ သသင်္ကော၊ စန္ဒိမာ (စန္ဒိမန္တုပုဒ်ရင်း)၊ သသီ၊ သီတရံသိ၊ နိသာနာထော၊ ဥဠုရာဇာ၊ မာ၊ လ။ ဝါ၊ လဗိမာန်။ အယံ၊ ဤမာ-သဒ္ဒါသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ လ ပရိယာယ် ၁၄-ပုဒ်။

[မိုးရေအယဉ်ဟု ဆိုသော်လည်း အရာအားလျော်စွာ သဒ္ဒန္တရိတ်ကို ထောက်၍ နို့ရည်အယဉ်, ကုသိုလ်အယဉ်, ရောင်ခြည်အယဉ် စသည်ကိုလည်း ဟောသည်။ ဒွေ့ ဥဒကာဿ ဓာရာ အန္တလိက္ခာ ပါတုဘဝန္တိ။ ဒီ၊ ၂။၁၃။ ကရကာ, ဃနောပလ-ကို သီဟိုဠ်နိဿယ နှစ်စောင်လုံး၌ ပါဏဝဿယ-ဟု ပြန်သည်။ မိုးသီးပင်။ ကျော်အောင်စံထား ဆရာတော်နိဿယ၌ ရွာက်ရွာမိုးဟုလည်း ပြန်ဆိုသေး၏။ ဋီကာ၌ လ-ပရိယာယ်ကြွင်းများကို အမရကောသ။ ၃။ ၁၄၊ ၁၅-ဂါထာတို့မှ ယူ၍ ဟိမံသု, ကုမုဒဗန္ဓု, ဝိဓု, သုဓံသု, သုဘ္ဘံသု နိသာပတိ, မိဂင်္ကော, ကလာနိဓိ, ဒွိဇရာဇော, သသဓရော, နက္ခတ္တေသော- တို့ကို ပြသေး၏။ ပါဠိဂါထာ ဝါကျ စီကုံးရာ၌ ကျေးဇူးများသဖြင့် ထုတ်ပြလိုက်၏။]

(၅၃) ကလာ သောဠသမော ဘာဂေါ၊ ဗိမ္ဗံ တု မဏ္ဍလံ ဘဝေ။
အဍ္ဎော တွဍ္ဎေါ ဥပဍ္ဎော စ၊ ဝါ ခဏ္ဍံ သကလံ ပုမေ။

(၅၃) အဿ၊ ထိုလ၏။ သောဠသမော ဘာဂေါ၊ ၁၆-စိတ် တစိတ်သည်။ ကလာ၊ ကလာမည်၏။ ဗိမ္ဗံ၊ လပြည့်ဝန်း။ မဏ္ဍလံ၊ လပြည့်ဝန်း။ ဣဒံ ဒွယံ၊ ဤသဒ္ဒါနှစ်ခု အပေါင်းသည်။ သမံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ လပြည့်ဝန်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဍ္ဎော၊ အစိတ်။ အဍ္ဎေါ၊ အစိတ်။ ဥပဍ္ဎော၊ အစိတ်။ ခဏ္ဍံ၊ အစိတ်။ သကလံ၊ အစိတ်။ ဒွယံ၊ ခဏ္ဍ-သဒ္ဒါ သကလ-သဒ္ဒါ နှစ်ခုအပေါင်းသည်။ ဝါ၊ ဝိကပ်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အစိတ်ပရိယာယ် ၅-ပုဒ်။

[အဍ္ဎ, အဍ္ဎ, ဥပဍ္ဎ ၃-ပုဒ်ကို အစိတ်, အခွဲ, ထက်ဝက်, တဝက်ဟု ပေးလျှင် သင့်လျော်၏။ ခဏ္ဍ, သကလ-တို့ကိုကား အစိတ်, အပိုင်းဟု ပေးသော် သင့်မြတ်၏။]

(၅၄) အဒ္ဒံ ငုတ္တံ သမေ ဘာဂေ၊ ပသာဒေါ တု ပသန္နတာ။
ကောမုဒီ စန္ဒိကာ ဇုဏှာ၊ ကန္တိ သောဘာ ဇုတိစ္ဆဝိ။

(၅၄) အဒ္ဒံ၊ နပုလ္လိင် အဒ္ဓ-သဒ္ဒါကို။ သမေ၊ တူမျှသော။ ဘာဂေ၊ အဖို့အစိတ်၌။ ဝုတ္တံ၊ ဆိုအပ်၏။ တူမျှသော အဖို့ပရိယာယ် ၁-ပုဒ်။ တု၊ ပရိယာယ်အသစ် ထုတ်ဖော်လှစ်အံ့။ ပသာဒေါ၊ ကြည်လင်ခြင်း။ ပသန္နတာ ကြည်လင်ခြင်း။ ကြည်လင်ခြင်း ပရိယာယ် ၂-ပုဒ်။ ကောမုဒီ၊ လရောင်။ စန္ဒိကာ၊ လရောင်။ ဇုဏှာ၊ လရောင်။ လရောင်ပရိယာယ် ၃-ပုဒ်။ ကန္တိ၊ တင့်တယ်ခြင်း။ သောဘာ၊ ဇုတိ၊ ဆဝိ၊ တင့်တယ်ခြင်း။ တင့်တယ်ခြင်း ပရိယာယ် ၄-ပုဒ်။

[ပြာကရိတ် ဘာသာ၌ ပါဠိ လရောင်ဟော စန္ဒိကာသည် စံဒိမာ-ဖြစ်၏။ သက္ကတ စန္ဒြိကာ-တည်း။ စန္ဒြိကာယာမဲ-ဟူသော ပါကတပ္ပကာသ-၂။ ၆-သုတ်ဖြင့် က-ကို မ-ပြု။ ဆိုင်ရာသုတ်များဖြင့် န-ကို နိဂ္ဂဟိတ် ပြု၊ ရ-ကို ချေ၍ စံဒိမာ-ဖြစ်၏။ စံဒိမာ၊ လရောင်။

စန္ဒြိကာယာ ကကာရဿ၊ မကာရာဒေသော ဥစ္စတေ။
ဘာနေ့ဟ စန္ဒြိကာသဒ္ဒေ၊ ရူပံ သိဇ္ဈတိ စံဒိမာ —

ဟူ၍ သိဘ်္ဂိ ပါကတပ္ပကာသနိဿယ-၌ လာ၏။]

(၅၅) ကလင်္ကော လဉ္ဆနံ လက္ခံ၊ အင်္ကောဘိညာဏ လက္ခဏံ။
စိဟနံ စာပိ သောဘာ တု၊ ပရမာ သုသမာထ စ။

(၅၅) ကလင်္ကော၊ လဉ္ဆနံ၊ လက္ခံ၊ အင်္ကော၊ အဘိညာဏံ၊ လက္ခဏံ၊ တံဆိပ်။ ပါ၊ အမှတ်အသား။ တံဆိပ်၊ အမှတ်အသား ပရိယာယ် ၇-ပုဒ်။ တု၊ ပရိယာယ်အသစ် ထုတ်ဖော်လှစ်အံ့။ ပရမာ၊ လွန်မြတ်သော။ သောဘာ၊ တင့်တယ်ခြင်း သည်။ သုသမာ၊ သုသမာ မည်သည်။ ဘဝေ၊ ဖြစ်၏။ လွန်မြတ်သော တင့်တယ်ခြင်း ဟော ၁-ပုဒ်။

[ကလင်္က-သဒ္ဒါ ပါ,ဠ,ဋ္ဌ-၌ အတွေ့ရမရှိသလောက်ပင် ဖြစ်၏။ စန္ဒေ ကလင်္ကော ဘိင်္ဂေါ ဝေ၊ တုပမာပေက္ခိနီ အယံ။ သုဗောဓာ လင်္ကာရ။ ၂၀၈။ ဤ ကလင်္ကော လဉ္ဆနံ-စသော ဂါထာကို အဘိ ဓာန်ဆရာသည်—

ကလက်ာကော်လာဠ္ဍနံ စ၊ ဝိပ္ပဿံလက္ခဏ စ လက္ခဏမ်။
သုမာ ပရမာ ဂေါဘာ၊ ဂေါဘာ ကာန္တိဒျုတိစ္ဆဝိး—

ဟူသော အမရကောသ။ ၃။ ၁၇-ဂါထာကို မှီး၍ ဆိုဟန်ရှိ၏။

လဋ္ဌံ-လည်း တံဆိပ်ဟောသည်။ ခြေတော်ရာတံဆိပ်ကို လဋ္ဌ ဟု သုံးသည်ကို တွေ့ရ၏။

အာရုဗ္ဘိတော သစ္စကတာပသေန၊
အာကာ တုဝံ သစ္စကဗဒ္ဓသောလေ။
ပါဒဿ လဋ္ဌံ ဇဂတော ဟိတာယ၊
မဟျမ္ဘိ ဟောတံ တမနုဂ္ဂဟန္တံ။

သမန္တကူဋဝဏ္ဏနာ။ ၇၇၈-ဂါထာ။]

(၅၆) သီတံ ဂုဏော ဂုဏီလိင်္ဂေ၊ သီတာ သိသိရ သီတလာ။
ဟိမံ တုဟိန မုဿာဝေါ၊ နီဟာရော မဟိကာ ပျထ။

(၅၆) သီတံ၊ နပုလ္လိင် သီတ-သဒ္ဒါသည်။ ဂုဏော၊ အချမ်းအအေး ဟူသော ဖောဋ္ဌဗ္ဗဂုဏ်၌။ ဝတ္တတိ၊ ဖြစ်၏ (ဝတ္တတိ-ထည့်ပါ၌)။ သီတသိသိရ-သီတလာ၊ သီတသဒ္ဒါ, သိသိရသဒ္ဒါ, သီတလသဒ္ဒါတို့သည်။ ဂုဏီလိင်္ဂေ၊ ဂုဏောလိင်သို့ လိုက်ကုန်၏။ သီတ၊ သိသိရ၊ သီတလ၊ ချမ်းအေးသော အရာဝတ္ထု။ ချမ်းအေးသော အရာဝတ္ထု ပရိယာယ် ၃-ပုဒ်။ ဟိမံ၊ တုဟိနံ၊ ဥဿာဝေါ၊ နီဟာရော၊ မဟိကာ၊ ဆီးနှင်း။ ဆီးနှင်းပရိယာယ် ၅-ပုဒ်။

[သီတသဒ္ဒါ ချမ်းခြင်း အေးခြင်း ချမ်းမှု အေးမှု ဟူသောဂုဏ် ၌ ဖြစ်ရကား နပုလ္လိင်တည်း ဟူ၏။ ပုံစံ—ဒေဝဒတ္တဿ သီတံ ဝတ္တတိ-တည်း။ သီတသဒ္ဒါ ဂုဏောလိင်လိုက်ပုံကား သီတာ ဘူမိ၊ သီတံ ဥဒကံ၊သီတော ဝါတော-ဟူသည်တည်း။ ဋီကာ၌ နောက်ဆုံး ပုဒ် ဖြစ်သော သီတလ-ကို သီတလာ ဘူမိ၊သီတလံ ဇလံ၊ သီတလော ဝါတော-ဟု ပုံစံထုတ်သည်။ အေးမြသောမြေ၊ အေးမြသောရေ၊ အေးမြသောလေ-ဟူသော ဝတ္ထုကို ရအပ်၏။ ဂါထာအဆုံး အထ, စ-တို့ကို အနက်မဲ့ကြံ။]

(၅၇) နက္ခတ္တံ ဇောတိ ဘံ တာရာ၊ အပုမေ တာရကောဠု စ။

(၅၇) နက္ခတ္တံ၊ ဇောတိ၊ ဘံ၊ တာရာ၊ တာရကာ၊ ဥဠု၊ နက္ခတ်။ ဣမေ၊ ဤ တာရ, တာရကာ, ဥဠု သဒ္ဒါ ၃ ပါးတို့သည်။ အပုမေ၊ ပုလ္လိင် မဟုတ် ဣတ္ထိလိင် နပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ နက္ခတ်ပရိယာယ် ၆-ပုဒ်။

["တာရာနက်သတ်၊ နေလကြတ်၊ မိုးလတ်အာကာခွင်"ဟူသော ကဝိလက္ခဏာ ၉၉၇-နှင့်အညီ နက္ခတ်ကို တာရာဟူ၍လည်း ခေါ်သည်။ တာရာ-ဟူသော ပါဠိအတိုင်း ခေါ်ကြခြင်းဖြစ်၏။ နက်သတ် ဟုလည်း ခေါ်ကြသည်။]

(၅၈) အဿယုဇော ဘရဏိတ္ထီ၊ သကတ္တိကာ ရောဟိဏီပိ စ။
မိဂသိရမဒ္ဒါ စ ပုနဗ္ဗသု၊ ဖုဿော စာသိလေသပိ။

(၅၉) မာဃော စ ဖဂ္ဂုနီ ဒွေ စ၊ ဟတ္ထာ စိတ္တာ စ သွာတိပိ။
ဝိသာခါနုရာဓာ ဇေဋ္ဌာ၊ မူလာသာဠှာ ဒုဝေ တထာ။

(၆၀) သဝဏော စ ဓနိဋ္ဌာ စ၊ သတဘိသဇော ပုဗ္ဗုတ္တရဘဒ္ဒပဒါ။
ရေဝတျဘိဇိ ကမတော၊ သတ္တာဝီသတိ နက္ခတ္တာ။

(၅၈-၅၉-၆၀) အဿယုဇော၊ အဿယုဇနက္ခတ်ရင်း။ ဝါ၊ အဿဝဏီနက္ခတ်ရင်း။ ဘရဏီ၊ ဘရဏီနက္ခတ်ရင်း။ ဣတ္ထီ၊ ဘရဏီသဒ္ဒါ ဣတ္ထီလိင်တည်း။ သကတ္တိကာ၊ ကြတ္တိကာနက္ခတ်နှင့် တကွဖြစ်သော။ ရောဟိဏီပိ စ၊ ရောဟဏီနက္ခတ်ရင်း။ မိဂသိရံ၊ မိဂသီနက္ခတ်ရင်း။ အဒ္ဒါ စ၊ အဒြနက္ခတ်ရင်း။ ပုနဗ္ဗသု၊ ပုနဗ္ဗသျှုနက္ခတ်ရင်း။ ဖုဿော၊ ဖုသျှနက္ခတ်ရင်း။ အသိလေသာပိ၊ အဿလိဿနက္ခတ်ရင်း။ မာဃော စ၊ မာဃနက္ခတ်ရင်း။ ဒွေ၊ နှစ်လုံးကုန်သော။ ဖဂ္ဂုနီ စ၊ ပြုဗ္ဗဖလဂ္ဂုနီ, ဥတ္တရဖလဂ္ဂုနီ နက္ခတ်တို့ရင်း။ ဟတ္ထာ စ၊ ဟသတနက္ခတ်ရင်း။ စိတ္တာ စ၊ စိတြနက္ခတ်ရင်း။ သွာတိပိ၊ သွာတိနက္ခတ်ရင်း။ ဝိသာခါ၊ ဝိသာခါနက္ခတ်ရင်း။ အနုရာဓာ၊ အနုရာဓနက္ခတ်ရင်း။ ဇေဋ္ဌာ၊ ဇေဋ္ဌနက္ခတ်ရင်း။ မူလာ၊ မူလနက္ခတ်ရင်း။ တထာ၊ ထိုမှတပါး။ ဒုဝေ၊ နှစ်လုံးကုန်သော။ အာသာဠှာ စ၊ ပြုဗ္ဗာသာဠ်, ဥတ္တရာသာဠ် နက္ခတ်တို့ရင်း။ သဝဏော စ၊ သရဝဏ်နက္ခတ်ရင်း။ ဓနိဋ္ဌာ စ၊ ဓနသိဋ္ဌနက္ခတ်ရင်း။ သတဘိသဇော၊ သတဘိသျှနက္ခတ်ရင်း။ ပုဗ္ဗုတ္တရဘဒ္ဒပဒါ၊ ပြုဗ္ဗ

ဘဒြပိုဒ်, ဥတ္တရာဘဒြပိုဒ် နက္ခတ်တို့ရင်း။ ရေဝတီ၊ ရေဝတီနက္ခတ်ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ကမတော၊ အစဉ်အားဖြင့်။ သတ္တာဝီကဝီသနက္ခတ္တာ၊ ၇-လုံးအလွန်ရှိသော နှစ်ဆယ်သော နက္ခတ်တို့သည်။ ဝါ၊ ၂၇-လုံးသော နက္ခတ်တို့သည်။ ဟောန္တိ၊ ရှိကုန်၏။

[နက္ခတ် ၂၇-လုံးတို့ကား— အဿဝဏီ, ဘရဏီ, ကြတ္တိကာ, ရောဟဏီ, မိဂသီ, အဒြ, ပုဏ္ဏဖုသျှ, ဖုသျှ, အဿလိဿ, မာဃ, ပြုဗ္ဗဖလဂ္ဂုနီ, ဥတ္တရဖလဂ္ဂုနီ, ဟဿတ, စိတြ, သွာတိ, ဝိသာခါ, အနုရာဓ, ဇေဋ္ဌ, မူလ, ပြုဗ္ဗာသာဠ်,ဥတ္တရာသာဠ်, သရဝဏ်, ဓနသိဋ္ဌ, သတဘိသျှ, ပြုဗ္ဗဘဒြပိုဒ်, ဥတ္တရဘဒြပိုဒ်, ရေဝတီ-တို့ ဖြစ်ကုန်၏။ ဤကား ရှင်းရှင်းနှုတ်တိုက်မှတ်လိုသူတို့အတွက်ဖော်ပြချက်တည်း။]

နက္ခတ်လုံးရေနှင့် ပုံသဏ္ဌာန်တို့ကို အောက်ပါအတိုင်း အကျဉ်း မှတ်သားရာသေး၏—

"အဿဝဏီ၊ ခြောက်လုံးညီ၊ တူပြိုမြင်းခေါင်းလို" ဟူသည်နှင့် အညီ အဿဝဏီနက္ခတ်မှာ မြင်းခေါင်းသဏ္ဌာန် ၆-လုံးရှိ၍ တူရာသီ စန်းယှဉ်နက္ခတ် ဖြစ်၏။ (၁)။

"ဘရဏီမှာ၊ သုံးလုံးသာ၊ ပမာခုံလှောက်ဆို" ဟူသည်နှင့်အညီ ဘရဏီနက္ခတ်မှာ ခုံလှောက်သဏ္ဌာန် ၃-လုံးရှိ၍ ဘရဏီနတ်သမီး ၏ ဗိမာန်ဖြစ်သည်။ (၂)။

"ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ငယ်စုသလို" ဟူသည်နှင့် အညီ ကြတ္တိကာ နက္ခတ်မှာ ကြက်ငယ်စုသဏ္ဌာန် ၇-လုံးရှိ၏။ ဖျောက်ဆိပ်ကြယ်ဟူ၍ရင်း၊ သူခိုး နက္ခတ်ဟူ၍ရင်း ခေါ်ကြ သေးသည်။ (၃)။

"ရောဟဏီမှာ၊ ဆယ်လုံးသာ၊ ပမာကြောင်းလို" ဟူသည်နှင့် အညီ ရောဟဏီနက္ခတ်မှာ ကြောင်းသဏ္ဌာန် ၁၀-လုံးရှိ၏။ (၄)။

"မိဂသီမှာ၊ သုံးလုံးသာ၊ ပမာလိပ်ခေါင်းဆို" ဟူသည်နှင့်အညီ မိဂသီနက္ခတ်မှာ လိပ်ခေါင်းသဏ္ဌာန် ၃-လုံးရှိ၏။ (၅)။

"လိပ်လက်ခေါ်ကြ၊ အဒြ၊ ကေတလုံးဆို" ဟူသည်နှင့်အညီ အဒြနက္ခတ်မှာ လိပ်လက်သဏ္ဌာန် ၁-လုံးရှိ၏။ (၆)။

"ပုဏ္ဏဖုသျှ၊ ငါးလုံးငှ၊ နှိုင်းတုသဘောလို" ဟူသည်နှင့်အညီ ပုဏ္ဏဖုသျှနက္ခတ်မှာ သဘောပုံသဏ္ဌာန် လုံးရေ ၅-လုံးရှိ၏။ (၇)။

"ငှက်ချေးခံသွင်၊ ဆယ်လုံးမြင်၊ ခေါ်တွင် ဖုသျှဆို" ဟူသည်နှင့်အညီ ဖုသျှနက္ခတ်မှာ ငှက်ချေးခံသဏ္ဌာန်ဖြစ်၍ လုံးရေ ၁၀-လုံးရှိ၏။ (၈)။

"အဿလိဿ၊ လေးလုံးပ၊ တူမျှခက်ရင်းဆို" ဟူသည်နှင့်အညီ အဿလိဿနက္ခတ်မှာ ခက်ရင်းသဏ္ဌာန် ၄-လုံးရှိ၏။ (၉)။

"ကြယ်မာဃမှာ၊ လေးလုံးသာ၊ တူစွာသံကောက်ဆို" ဟူသည်နှင့်အညီ မာဃနက္ခတ်မှာ သံကောက်သဏ္ဌာန် ၄-လုံးရှိ၏။ (၁၀)။

"ပြုဗ္ဗာဖလဂုဏ္ဏီ၊ ဥတ္တရာဖလဂုဏ္ဏီ၊ နှစ်လုံးစီ၊ တူပြီ ညောင်စောင်းလို" ဟူသည်နှင့်အညီ ပြုဗ္ဗာဖလဂုဏ္ဏီ၊ ဥတ္တရာဖလဂုဏ္ဏီ ၂-လုံးမှာ ညောင်စောင်းသဏ္ဌာန် ၄-လုံးရှိ၏။ (၁၁၊၁၂)။

"ဟဿတမှာ၊ ငါးလုံးသာ၊ ပမာလက်ဝါးဆို" ဟူသည်နှင့်အညီ ဟဿတနက္ခတ်မှာ လက် ၅-ချောင်းသဏ္ဌာန် ၅-လုံးရှိ၏။ (၁၃)။

"စိတြမှာ၊ တလုံးသာ၊ ပမာပုလဲလို" ဟူသည်နှင့်အညီ စိတြနက္ခတ်မှာ ပုလဲသဏ္ဌာန် ၁-လုံး ရှိ၏။ ထိုနက္ခတ်ကို တမ္ပနတ်အစိုးရ၏။ (၁၄)။

"သွာတိကားနှစ်၊ သဏ္ဌာန်စစ်၊ ကသစ်ပွင့်လိုလို" ဟူသည်နှင့်အညီ သွာတိနက္ခတ်မှာ ကသစ်ပွင့်သဏ္ဌာန် ၂-လုံးရှိ၏။ (၁၅)။

"ဆယ့်လေးလုံးသာ၊ ဝိသာခါ၊ ပမာပတ်ဝိုင်းလို" ဟူသည်နှင့်အညီ ဝိသာခါနက္ခတ်မှာ ပက်ဆိုင်းဝိုင်းသဏ္ဌာန် ၁၄-လုံးရှိ၏။ (၁၆)

"ဆယ့်ငါးလုံးရ၊ နုရာဓ၊ နဂါလည်ဆစ်လို" ဟူသည်နှင့်အညီ အနုရာဓနက္ခတ်မှာ နဂါးလည်ဆစ်သဏ္ဌာန် ၁၅-လုံးရှိ၏။ (၁၇)။

"ငါးလုံးမှန်လှ၊ ကြယ်ဇေဋ္ဌ၊ နာဂချက်ဟုဆို" ဟူသည်နှင့် အညီ ဇေဋ္ဌနက္ခတ်မှာ နဂါးချက်မဟု ခေါ်ဆို၍ ၅-လုံးရှိ၏။ (၁၈)

"လေးလုံးမှန်လှ၊ကြယ်မူလ၊ နာဂမြီးဖျားဆို"ဟူသည်နှင့်အညီ မူလနက္ခတ်မှာ လေးလုံးရှိ၍ နဂါးအမြီးဟုခေါ်သည်။ (၁၉)။

"ပြုဗ္ဗာသာဠ် ဥတ္တရာသာဠ်၊ လေးလုံးမှန်၊ လှမ်းဟန်ဆင်မလို" ဟူသည်နှင့်အညီ ပြုဗ္ဗာသာဠ်, ဥတ္တရာသာဠ် နက္ခတ်နှစ်လုံးမှာ ဆင်မလှမ်းဟန် ၄-လုံးရှိ၏။ (၂၀၊၂၁)။

"သုံးလုံးမြားဟန်၊ သရဝဏ်၊ ရောင်လျှံ ရွှန်းစိုစို"ဟူသည်နှင့် အညီ သရဝဏ်နက္ခတ်မှာ မြားသဏ္ဌာန်၊ သို့မဟုတ် မောင်ရင် ဆိုင်းထမ်းသဏ္ဌာန် သုံးလုံးတန်းလျက် ရှိ၏။ (၂၂)။

"အင်ကြွင်းသီးသွင်၊ လေးလုံးမြင်၊ ခေါ်တွင် ဓနသိဒ္ဓဆို" ဟူသည်နှင့်အညီ ဓနသိဒ္ဓနက္ခတ်မှာ အင်ကြွင်းသီးသဏ္ဌာန် ၄-လုံး ရှိ၏။ (၂၃)။

"သတ္တဘိသျှ၊ ခြောက်လုံးပြ၊ တူလှဆုံကြီးလို"ဟူသည်နှင့်အညီ သတ္တဘိသျှနက္ခတ်မှာ ဆုံကြီးသဏ္ဌာန် ၆-လုံး ရှိ၏။ (၂၄)။

"ပြုဗ္ဗဘဒြပိုဒ် ဥတ္တရာဘဒြပိုဒ်၊ ခေါ်သမိုက်၊ မှတ်ပိုက် ညောင်စောင်းလို"ဟူသည်နှင့်အညီ ပြုဗ္ဗဘဒြပိုဒ် ဥတ္တရာဘဒြပိုဒ် ၂-လုံးပေါင်း၍ ညောင်စောင်းသဏ္ဌာန် ရှိ၏ဟု ဆို၏။ (၂၅၊၂၆)။

"ကိုးလုံးအညီ၊ ရေဝတီ၊ တူပြီမြှုံးလိုလို" ဟူသည်နှင့်အညီ ရေဝတီနက္ခတ်မှာ မြှုံးသဏ္ဌာန် ၉-လုံးရှိ၏။ (၂၇)။

နက္ခတ် (၂၇) လုံးတို့သည် ရာသီစက်လှည့်၏ အစဉ်အတိုင်း တရာသီမှ တရာသီသို့ ကူးဝင်ကုန်ရာ တရာသီလျှင် ၂-လုံး တပါဒ် အားဖြင့် ၁၂-ရာသီတွင် နက္ခတ်စက် တပါဒ်လည်မိ၍ တနှစ်ဟု ခေါ်သည်။ ၁၂-ရာသီစန်းယှဉ်ရာ နက္ခတ်များမှာ ရာသီအလိုက် ၁၂-လုံး ရှိ၏။ ဤကား အလျဉ်းသင့်သဖြင့် နက္ခတ်နှင့် စပ်၍ ဆိုင်ရာကျမ်းများမှယူလျက် ထုတ်ပြချက်တည်း။

မဟာနိဒ္ဒေသပါဠိ။ ၂၉၈။ တုဝဋ္ဋကသုတ္တနိဒ္ဒေသ-၌ အဋ္ဌဝီသတိ နက္ခတ္တာနိ ဣမိနာ နက္ခတ္တေန ဃရပဝေသော ကာတဗ္ဗော· စသည်ဖြင့် နက္ခတ် ၂၈-လုံးရှိကြောင်း လာရှိ၏။ ယင်း နက္ခတ် ၂၈-လုံးမှာ ဖော်ပြခဲ့ပြီး ၂၇-လုံးထဲတွင် အဘိဇိနက္ခတ်ကို ထည့်သွင်းလျှင် ၂၈-လုံးဖြစ်သည်။]

(၆၁) သောဗ္ဘာနု ကဿဘော ရာဟု၊ သူရာဒီ တု နဝဂ္ဂဟာ။
ရာသိ မေသာဒိကော ဘဒ္ဒ-ပဒါ ပေါဋ္ဌပဒါ သမာ။

(၆၁) သောဗ္ဘာနု၊ ရာဟု။ ဝါ၊ ရာဟုဂြိုဟ်။ ဝါ၊ ရာဟုအသူရိန်။ ရာဟု၊ ရာဟု။ ဝါ၊ ရာဟုဂြိုဟ်။ ဝါ၊ ရာဟုအသူရိန်။ သမော၊ အနက်တူ၏ ဟူ၍။ ကဿတော၊ ဆိုအပ်၏။ ရာဟုဂြိုဟ်ပရိယာယ် ၂ပုဒ်။ (ရာဟု အသူရိန်လည်း ဟူ)။ တု၊ ထိုမှတပါး။ သူရာဒိ၊ တနင်္ဂနွေ အစရှိသည် တို့သည်။ နဝဂ္ဂဟာ၊ ဂြိုဟ် ၉-လုံးတို့ မည်ကုန်၏။ မေသာဒိကော၊ မိဿ အစရှိသည်သည်။ ရာသိ၊ ရာသီမည်၏။ ဘဒ္ဒပဒါ၊ ဘဒြပိုဒ်နက္ခတ်။ ပေါဋ္ဌပဒါ၊ ဘဒြပိုဒ်နက္ခတ်။ သမာ၊ အနက်တူကုန်၏။

[ရာဟုအသုရိန္ဒ ရာဟု၏ ပရိယာယ်ပင် ဖြစ်၏။ ယင်းရာဟု အသူရိန်၏ ခန္ဓာကိုယ်ပမာဏအတိုင်းအတာကို ဒီ၊ဋ္ဌ၊ ၂။၇၈၊ သံ၊ဋ္ဌ၊ ၁။၈၂။ သုတ္တနိ၊ဋ္ဌ၊၁။ ၁၈၆-တို့၌ လာ၏။ အဘိဓာန်ဋီကာ ၊နှံ့ ဿယ၌ မောင်းထောင် ဆရာတော် အရှင်ဉာဏာဘိဝံသ သည် အောက်ပါ သံပေါက်များဖြင့် မှတ်တမ်းပြုတော်မူခဲ့သည်။

ဆောင်) လေးဆောင့်ရှစ်ရာ၊ ယူဇနာ ရာဟု အစောက်ထား။
ဘဲထောင့်နှစ်ရာ၊ ယူဇနာ၊ ဗာဟု လက်ရုံးကြား။
ကျောနှင့် ရင်မူ၊ အတူယူ၊ ယူဇနာခြောက်ရာထား။
ဦးခေါင်းကိုးရာ၊ ယူဇနာ၊ သချ်ာမှတ်ပိုင်းခြား။
နဖူးသုံးရာ၊ ယူဇနာ ဃာနာနည်းတူပြား။
သုံးရာယောဇန၊ ခံတွင်း၀၊ ကျယ်စွထိန္ဒုတ်အား။
နှစ်ရာစွင့်စွင့်၊ အထူးချင့်၊ လက်နှင့် ခြေဘဝါး။
**ယူဇနာငါးဆယ်၊လက်မဝယ်၊ ပေါယယ် လွန်ကြီးမား။**

"အာဒိအမှန်၊အာဒိဝန်၊ မကျန်ရအောင်ရှာ" ဟူသည်နှင့်အညီ သူရာဒိ-၌ အာဒိဝန်ကား စန္ဒ, အင်္ဂါရ, ဗုဓ, ဇီဝ, သုက္က, သနိ (သနေစရ), ရာဟု, ကေတုတို့ကို ယူ။ မေသာဒိ-၌ အာဒိဝန်-ကား ဥသဘ, မေထုန, ကက္ကဋ, သီဟ, ကညာ, တုလာ, ဝိစ္ဆိက, ဓနု, မကာရ, ကုမ္ဘ, မီန-တို့တည်း။]

(၆၂) အာဒိစ္စော သူရိယော သူရော၊ သတရံသိ ဒိဝါကရော။
ဝေရောစနော ဒိနကရော၊ ဥဏှရံသိ ပဘာကရော။

(၆၃) အံသုမာလီ ဒိနပတိ၊ တပနော ရဝိ ဘာနုမာ။
ရံသိမာ ဘာကရော ဘာနု၊ အက္ကော သဟဿရံသိ စ။

(၆၂၊၆၃) အာဒိစ္စော၊ သူရိယော၊ သူရော၊ သတရံသိ၊ ဒိဝါကရော၊ ဝေရောစနော၊ ဒိနကရော၊ ဥဏှရံသိ၊ ပဘာကရော၊ အံသုမာလဲ၊ ဒိနပတိ၊ တပနော၊ ရဝိ၊ ဘာနုမာ (ဘာနုမန္တု-ပုဒ်ရင်း)၊ နေ။ ရံသိမာ၊ နေ (ရံသိ-မန္တု-ပုဒ်ရင်း)။ ဘာကရော၊ ဘာနု၊ အက္ကော၊ သဟဿရံသိ၊ နေ။ နေ ပရိယာယ် ၁၉-ပုဒ်။

[အမရကောသ။၁။ ၂၈-၃၁-ဂါထာတို့ဖြင့် နေပရိယာယ် ၅၄-ပုဒ် ကိုပြ၏။ အာဒိစ္စ ပုဒ်ကို ဒီ၊ဋ္ဌ၊၃။၁၄၅-၌ အာဒိစ္စောတိ အာဒိတိယာ ပုတ္တော၊ ဝေဝစနမတ္တံ ဝါ ဧကံ သူရိယသဒ္ဒဿ-ဟု ဖွင့်သည်။ ဒီ၊ဋီ၊၃။၁၂၃-၌ကား အဒိတိယာ ပုတ္တောတိ လောကသမုဒါစာရ-ဝသေန ဝုတ္တံ။ လောကိယာ ဟိ ဒေဝေ အဒိတိယာ ပုတ္တာ၊ အသုရေ အတိထိယာ ပုတ္တာတိ ဝဒန္တိ။ အာဒိပ္ပနတော ပန အာဒိစ္စော။ ကေပ္ပဟာရေနေဝ တိသု ဒီပေသု အာလောကဝိဒ္ဓံ-သနေန သမုဇ္ဇလနတောတိ အတ္ထော-ဟု ဖွင့်ရာ၌ နေမင်းကို အဒိတိ နတ်သမီး၏ သားဟူသည် လောကဆိုရိုးရှိ၍ ပွင့်သည်၊ တကယ်မဟုတ်ဟု သိစေသည်။ ဒိဝါ ကပတိ အာဒိစ္စော၊ ရတ္တိမာ-ဘာတိ စန္ဒိမာ။ ဓမ္မပဒ။၆၉။အာနန္ဒတ္ထေရဝတ္ထု။ ညဥ့်အခါ၌လည်း နေရောင်ကား ရှိသည်ပင်။သို့ရာတွင် မြင်းမိုရ်တောင်ကွယ်နေသဖြင့် ဤကျွန်း၌ မထွန်းလင်းသောကြောင့် ဒိဝါ တပတိ-ဟု ဆို၏။ အပ၊၂။၂၂၆-၌ "ဥပေဝ္ဍာ ဇိနမဒ္ဒက္ခံ၊ ဥဒယန္တံဝ ဘာကရံ"ဟု ဘာကရ-ပုဒ် လာသေး၏။]

(၆၄) ရံသိ အာဘာ ပဘာ ဒိတ္တိ၊ ရုစိ ဘာ ဇုတိ ဒီဓိတိ။
မရီစိ ဒီသု ဘာနုသု၊ မယူခေါ ကိရဏော ကရော။

(၆၄) ရံသိ၊ အာဘာ၊ ပဘာ၊ ဒိတ္တိ၊ ရုစိ၊ ဘာ၊ ဇုတိ၊ ဒီဓိတိ၊ မရီစိ၊ အရောင်။ အယံ၊ ဤ မရီစိ-သဒ္ဒါသည်။ ဒီသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဘာနု၊ အံသု၊ မယူခေါ၊ ကိရဏော၊ ကရော၊ အရောင်။ အရောင်ပရိယာယ် ၁၄-ပုဒ်။

[သဒ္ဒနီတိ ဓာတုမာလာ ၁၁၀-၌—
ရသ္မိ အာဘာ ပဘာ ရံသိ၊ ဒိတ္တိ ဘာ ရုစိ ဒီဓိတိ။
မရီစိ ဇုတိ ဘာနုံသု၊ မယူခေါ ကိရဏော ကရော။
နာဂမေဝ စ အာလောကော၊ ဥဇ္ဇောတာ ရသ္မိမာလိကာ—
ဟူသော ဂါထာဖြင့် အရောင်ပရိယာယ် ၁၇-ပုဒ်ကို ဖော်ပြထား၏။ အမရကောသ။ ၁။၃၃-၌ ၁၁-ပုဒ်ဟောရှိ၏။ သြကဏ္ဍာ-လည်း အရောင်ပရိယာယ်တည်း။ သြက္ကာဘိ ပဘာ နေ့ဘို၌။ ၂၃၁။]

(၆၅) ပရိဓိ ပရိဝေသာထ၊ မရီစိ မိဂတဏှိကာ။
သူရုဒယာဒိသူ ကာ ပုဗ္ဗ-ဒိတရံသိ သိယာရုဏော။

(၆၅) ပရိဓိ၊ ပရိဝေသော၊ နေ့အိမ်ဝန်း။ နေ့အိမ်ဝန်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထို့မှတပါး။ မရီစိ၊ မိဂတဏှိကာ၊ တံလျှပ်။ တံလျှပ်ပရိယာယ် ၂-ပုဒ်။ ဥဒယာဒိသု၊ ထွက်သည်။ ဒါ၊ ထိုနေ ထွက်တွန်းပြု ဥဒည်မူလာသော။ သူရဿ၊ နေ၏၊ ပုဗ္ဗုဒ္ဓိတရံသိ၊ ရှေးဦးစွာထက်သော အရောင်သည်။ အရုဏော၊ အရုဏ်မည်သည်။ သိယာ၊ ဖြစ်ရာ၏။

[ပရိဓိ၊ ပရိဝေသ၊ နေရောင်ဝန်းလည်း သင့်သည်သာ။ သုဘူတိ သီဟိုဠ်နိဿယ၌ ဣရမဏ္ဍလ-ဟူ၏။ နေဝန်း၊ နေအိမ်ဝန်းပင်တည်း။ မရီစိကာ-လည်း တံလျှပ်ပင်။ အမရကောသ။ ၁။၃၅-၌ မဒဂတ-ဒဗ္ဗာ မရီစိကာ-ဟု လာ၏။ နွေရာသီ နေအလွန်ပူပြင်းချိန်တွင် ရေအသွင်ထင်ရသော နေရောင်ခြည်လှိုင်းတွန့်သည် တံလျှပ်မည်၏။ သားကောင်များသည် ယင်း တံလျှပ်ကို ရေထင်၍ လိုက်တတ်သည်။ မောပြီး တချို့သားကောင်တို့ သေကုန်၏။ တံလျှပ်ကိုရေ၊ မှတ်မှား

ချေ၍၊ လိုက်လေလိုက်လေ၊ တော်မပြေသည်၊ ပန်းခြေလက်မျှ၊ သောက်ချင်တသို့။ ကိုးခန်းပျို့။ ၃၃။ နေပူတံလှပ်၊ ထင်လျှပ်လျှပ်၊ တပ်တပ် မမြင်သာ။ ကဝိလက္ခဏာသတ်ပုံ။ ၁၃၇၅။ လင်းလှပ်ဟု လည်း ခေါ်သည်။ နေမထွက်ခင် စက်နာရီဖြင့် ၁-နာရီ ၃၆-မိနစ် အချိန်ကို အရုဏောဒယ=အရုဏ်တက်ချိန်ဟု မှတ်လေ။

(ဆောင်) နေမထွက်မီ၊ တနာ၂ရီ၊ ဆတ္တိ မိနစ်မှတ်။
အရုဏောဒယ၊ မှတ်ကုန်ကြ၊ ဗေဒ မှန်ပညတ်။
(တောင်ပေါက်ဆရာတော်)]

(၆၆) ကာလောဒ္ဓါ သမယော ဝေလာ၊ တဗ္ဗိသေသာ ခဏာဒယော။
ခဏော ဒသစ္ဆရာကာလော၊ ခဏာ ဒသ လယော ဘဝေ။

(၆၇) လယာ ဒသ ခဏလယော၊ မုဟုတ္တော တေ သိယာ ဒသ။
ဒသ ခဏမုဟုတ္တော တေ၊ ဒိဝသော တု အဟံ ဒိနံ။

(၆၆၊၆၇) ကာလော၊ အဒ္ဓါ၊ သမယော၊ ဝေလာ၊ အခါ။ အခါ ပရိယာယ် ၄-ပုဒ်။ ခဏာဒယော၊ ခဏ-အစရှိသည်တို့သည်။ တဗ္ဗိသေသာ၊ ထိုအခါအထူးတို့တည်း။ ဒသစ္ဆရာကာလော၊ လက်ဖျစ်ဆယ်တွက်အခါသည်။ ခဏော၊ ခဏမည်၏။ ဒသခဏာ၊ ဆယ်ခဏတို့သည်။ လယော၊ လယ မည်သည်။ ဘဝေ၊ ဖြစ်၏။

ဒသလယာ၊ လယဆယ်ခုတို့သည်။ ခဏလယော၊ ခဏလယမည်၏။ တေ ဒသ၊ ထို ခဏလယဆယ်ခုတို့သည်။ မုဟုတ္တော၊ မုဟုတ္တမည်သည်။ သိယာ၊ ဖြစ်ရာ၏။ တေ ဒသ၊ ထို မုဟုတ္တဆယ်ခုတို့သည်။ ခဏမုဟုတ္တော၊ ခဏမုဟုတ္တမည်၏။ ဒိဝသော၊ အဟံ၊ ဒိနံ၊ နေ့။ နေ့ပရိယာယ် ၃-ပုဒ်။

[သဒ္ဒနီတိ ဓာတုမာလာ ၃၄၂-၌-

တေသံ ဟောသံ သတ္တာနံ အာယုံ ကာလယတိ ခေပေတိ ဒိဝသေ ဒိဝသေ အပ္ပံ အပ္ပံ ကရောတီတိ ကာလောတိ ဝုစ္စတိ-ဟု ဝိဂ္ဂိုဟ်ပြု၏။ ယင်း၏အမှီ သာဓကကား-

ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။
ယော စ ကာလဃသော ဘူတော၊ သဘူတပစနိံ ပစိ-

ဟူသော ဂါထာ။ ဇာ၁။၆၀။ မူလပရိယာယဇာတ်ဖြစ်၏။]

(၆၈) ပဘာတံ စ ဝိဘာတံ စ၊ ပစ္စူသော ကလ္လမပျထ။
အဘိဒေါသော ပဒေါသောထ၊ သာယော သဥ္ဇျာ ဒိနစ္စယော။

(၆၈) ပဘာတံ၊ ဝိဘာတံ၊ ပစ္စူသော၊ ကလ္လံ၊ မိုးသောက်။ ဝါ၊ မိုးလင်း။ မိုးသောက်ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ အဘိဒေါသော၊ ပဒေါသော၊ ညဉ့်ဦး။ ညဉ့်ဦးပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သာယော၊ သဥ္ဇျာ၊ ဒိနစ္စယော၊ ဆည်းဆာ။

[ပဘာတ-စသည်ကို မောင်းထောင်ဆရာတော် အရှင်ပညာသာမိက မိုးသောက်လင်း။ ဝါ၊ ရောင်နီလာချိန်ဟု ပေးလို၏။ ပဘာတေ ဝိယာ တာရာယော၊ န ဒိဿန္တိ ဇိနေ ရသာ။ အပ၊ ၂။ ၂၀၈။ မဟာပဋ္ဌာနပတိဂေါဓမိထေရီအပဒါန်။ ပစ္စူသ-ကို ပခုက္ကူဆရာတော်ကြီးများက အမိုက်ကိုဖျောက်၊ အလင်းရောက်သည့်၊ မိုးသောက်ထန်း၊ လင်းအားကြီး-ဟု အနက်ပေးတော်မူ၏။ ပစ္စူသတိ ဝိနာသေတိ တိမိရံ ဧတ္ထာသော ဋီကာနှင့် အညီတည်း။ အဟောရတ္တ, ဉိသ-တို့လည်း မိုးသောက်ပရိယာယ်ပင်ဖြစ်၏။ ဒိနန္တ-သည်လည်း ဆည်းဆာပရိယာယ်တည်း။]

(၆၉) နိသာ စ ရဇနီ၊ ရတ္တိ၊ တိယာမာ သံဝရီ ဘဝေ။
ဇုဏှာ တု စန္ဒိကာယုတ္တာ၊ တမုဿန္နာ တိမိသိကာ။

(၆၉) နိသာ၊ ရဇနီ၊ ရတ္တိ၊ တိယာမာ၊ သံဝရီ၊ ညဉ့်။ ညဉ့်ပရိယာယ် ၅-ပုဒ်။ စန္ဒိကာယုတ္တာ၊ လရောင်နှင့်ယှဉ်သော ညဉ့်သည်။ ဝါ၊လမင်းထိန်ဝါသာသောညဉ့်သည်။ ဝါ၊ လသာသောညဉ့်သည်။ ဇုဏှာ၊ ဇုဏှာမည်သည်။ ဘဝေ၊ ဖြစ်၏။ တမုဿန္နာ၊ အမိုက်မှောင်များသော ညဉ့်သည်။ ဝါ၊ အလွန်မှောင်သော ညဉ့်သည်။ တိမိသိကာ၊ တိမိသိကာမည်၏။

[အမရကောသ။၄။၄-၌ ညဉ့်ဟော ပရိယာယ် ၁၂-ပုဒ်လာ၏။ ရတ္တိပုဒ်ဆည် ရန္-ဓာတ် တိ-ပစ္စည်းဖြင့် ပြီးသည်။ တနည်း ပါသဒ္ဒမူလသဒ္ဒ တိရ-ဓာတ် ကိ-ပစ္စည်းဖြင့် ပြီးကြောင်းဆို၏။

ရန္ဇဓာတုဝသာ စေဝ၊ ရာပုဗ္ဗတိရတောပိ စ။
ရတ္တိသဒ္ဒဿ နိပ္ဖတ္တိံ၊ သဒ္ဒတ္ထညူ ဝိဘာဝယေ။

[သဒ္ဒနီတိ ဓာတုမာလာ။ ၃၆၈။ နိသာ-ဟု ဣတ္ထိလိင်နှင့်လာ သော်လည်း ဇာ၊၁။၃၆၇-စူဠဟံသဇာတ်၌ နိသေ အဂ္ဂိဝ ဘာသတိ ဟု ပုလ္လိင် နပုလ္လိင် အနေဖြင့် လာ၏။ နိသေ အဂ္ဂိဝါတိ....ရတ္တိံ အဂ္ဂိက္ခန္ဓော ဝိယ ဩဘာသတိ။ ဇာ၊ဋ္ဌ၊၄။၄၃၁၊ ဇုဏှ-ပုဒ်ကို ဇုဏှောတိ ဇောသေတိ လောကဿ ပီတိံ သောမနဿဥ္စ ဥပ္ပါ- ဒေတီတိ ဇုဏှော-ဟု သဒ္ဒနီတိဓာတုမာလာ။ ၂၅၈-၌ ဝိဂ္ဂဟ်ပြု၏။ ဇုသိ-ဓာတ် ဏှာ-ပစ္စည်းဖြင့်ပြီးသော ပုဒ်တည်း။ ဇုသိ ပီတိသေဝ- နေသု-ဟု ဓာတ်နက်ကြား၏။ မှန်၏၊ လဆန်းရောက်လျှင် ရွှေလ သာသဖြင့် လူတွေ ပျော်ကြသည်။ လဆန်းချိန်ခါ၊ လူများစွာ၊ ဝမ်းသာပျော်ရွှင်နွဲ့-ဟူ၏။ ]

(၇၀) နိသီထော မဇ္ဈိမာရတ္တိ၊ အဍ္ဍရတ္တော မဟာနိသာ။
အန္ဓကာရော တမော နိတ္တိ၊ တိမိသံ တိမိရံ မတံ။

(၇၀) နိသီထော၊ မဇ္ဈိမာရတ္တိ၊ အဍ္ဍရတ္တော၊ မဟာနိသာ၊ သန်းခေါင်။ သန်းခေါင် ပရိယာယ် ၄-ပုဒ်။ အန္ဓကာရော၊ အမိုက်။ဝါ၊မှောင်။ တမော၊ အမိုက်။ ဝါ၊ မှောင်။ ဒွယံ၊ အန္ဓကာရ, တမ-သဒ္ဒါ နှစ်ခုအပေါင်းသည်။ နိတ္တိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ တိမိသံ၊ အမိုက်။ ဝါ၊ မှောင်။ တိမိရံ၊ အမိုက်။ ဝါ၊ မှောင်။ ဒွယံ၊ ပုဒ်နှစ်ပုဒ်ကို။ သမံ၊ အနက် တူ၏ဟူ၍။ မတံ၊ သိအပ်၏။ အမိုက်၊ မှောင်ပရိယာယ် ၄-ပုဒ်။

[သက္ကတ အဘိဓာန်လာ နိဂီထပုဒ်ကိုယူ၍ အဘိဓာန်၌ ထည့် သွင်းသည်ဟု ထင်မိ၏။ ယင်းသို့ ထည့်သွင်းသော ကြောင့် ပါဠိ စာပေ ရေးသားသူတို့အတွက် အကျိုးရှိလေသည်။ နိသီထေ သမယေ နာရီ၊ နရေန သမ္ပမောဒတိ-စသည်ဖြင့် ညဥ့်နက် သန်းခေါင်ကို စကားလုံးလှလှ ပါဠိ စီကုံးနိုင်၏။ ပြာကရိတ် ဘာသာ၌ ဏိသီဟ-ဖြစ်၏။ အဒ္ဓမာဂဓီအခေါ် နိသီဟ-ဖြစ်၏။ ရှေးက သန်ကောင်ဟု ရေးရိုးရှိ၏။ "သန်ကောင်ညဥ့်ခန်း၊ နေနှယ် ထွန်းလျက်"စသည်ဖြင့် နေမိဘုံခဏ်း၌ လာ၏။ သို့ရာတွင် ယခု ခေတ်တွင်ကား မသုံးတော့ပြီ။ သန်းခေါင်ဟု တွင်ကျယ်နေ၏။]

(၇၁) စတုရင်္ဂတမံ ဧဝံ၊ ကာဠပက္ခစတုဒ္ဒသီ။
ဝနသဏ္ဍော ဃနော မေဃ—ပဋလံ စာဍ္ဍရတ္တိ စ။

(၇၁) ကာဠပက္ခစတုဒ္ဒသိ၊ လဆုတ်ပက္ခ လကွယ်နေ့ရင်း။ ဃနော၊ တခဲနက်ဖြစ်သော။ ဝနသဏ္ဍော၊ တောအုပ်ရင်း။ မေဃပဋလံ၊ မိုးတိမ်အုပ်ဆိုင်းခြင်းရင်း။ ဝါ၊ မိုးမှောင်ကျခြင်းရင်း။ အဍ္ဎရတ္တိ၊ သန်းခေါင်ညဥ့်နက်အခါရင်း။ ဧပံ၊ ဤသို့။ စတုရင်္ဂတမံ၊ အင်္ဂါလေးပါးရှိသော အမိုက်မှောင်ကို။ မတံ၊ သိအပ်၏။ (မတံ-ဆား ထည့် ပါဠ်။)

[အန္ဓကာရေတိ ကာဠပက္ခစာဝတုဒ္ဒသိ အဍ္ဎရတ္တိ ဃနဝနသဏ္ဍ-မေဃပဋလေဟိ စတုရင်္ဂတမေ-ဟု သာရတ္ထ၊၃။၁၉၆-၌ စတုရင်္ဂ-တမ-လာရှိ၏။ မဟာနိ။၂၇၆၊ ၂၆၆။ မဟာနိ၊ဋ္ဌ။၃၃၁။ နေတ္တိ၊ဋ္ဌ။၄၉-စသည်၌လည်း လာရှိ၏။ သန်းခေါင်, လကွယ်, ၊ တောအုပ်လယ်၌, ၊ ရှစ်နယ်ပတ်လုံး၊ အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်ဒ-ပြား၊ ဤလေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏။ လယ်တီဆရာတော်။]

(၇၂) အန္ဓတမံ ဃနတမေ၊ ပဟာရော ယာမသညိတော။
ပါဋိပဒေါ တု ဒုတိယာ၊ တတိယာဒိ တိထီ ဒွိသု။

(၇၂) အန္ဓတမံ၊ အန္ဓတမသဒ္ဒါသည်။ ဃနတမေ၊ တခဲနက်သော အမိုက်၌။ ဝါ၊ လွန်ကဲသော အမိုက်၌။ ဝတ္တတိ၊ ဖြစ်၏။ ပဟာရော၊ ပဟိုရ်ကို။ ယာမသညိတော၊ ယာမ်ဟု ခေါ်ဆိုပညတ် သတ်မှတ်အပ်၏။ ဝါ၊ ယာမ်ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်၏။ တု၊ ထိုမှတပါး။ ပါဋိပဒေါ၊ အထွက်တရက်နေ့။ ဝါ၊ ဥပုသ်ထွက် လပြည့်ကျော် ၁-ရက်, လဆန်း ၁-ရက်နေ့။ ဒုတိယာ တတိယာ ဒိ၊ နှစ်ရက်မြောက်သောနေ့ သုံးရက်မြောက်သောနေ့ စသည်တို့သည်။ တိထီ၊ တိထီတို့ မည်ကုန်၏။ တနည်း-ပါဋိပဒေါ၊ အထွက်တရက် နေ့သည်ရင်း။ ဝါ၊ ပါဋိပဒမည်သော လပြည့်ကျော် ၁-ရက်, လဆန်း ၁-ရက်သည်ရင်း။ ဒုတိယာ တတိယာ ဒိ၊ ၂-ရက်မြောက်နေ့ ၃-ရက်မြောက်နေ့ စသည်တို့သည်ရင်း။ တိထီ၊ တိထီတို့ မည်ကုန်၏။ အယံ၊ ဤ တိထီသဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။

[သီဟိုဠ်ကျွန်း နာဂဒီပသို့ ဘုရားရှင်ကြွတော်မူ၍ စစ်တိုက်ရန် ပြင်ဆင်နေကြသည့် စူဠောဒရ, မဟောဒရ နဂါးမင်းတို့နှင့် နဂါး

ပရိသတ်တို့ စစ်တိုက်မဖြစ်အောင် တန်ခိုးတော်ဖြင့် မှောင်ချတော်မူ၏။ ယင်းအမိုက်မှောင်သည် လွန်ကဲသော အမိုက်မှောင်ဖြစ်၏။ ယင်းကို အန္ဓတမ-ဟု သုံးသည်။

နဘာ ဂန္တွာန သမ္ဗုဒ္ဓေါ၊ ဥဘော နာဂါနမန္တရေ။
**အန္ဓကာရတမံ** ဃောရံ၊ အကာသိ လောကနာယကော။
**အန္ဓတမံ** တဒါ ဟောတိ၊ လောကနာထဿ ဣဒ္ဓိယာ။ ဒီပဝံသ။ ၂။
ရတ္တော အတ္ထံ န ဇာနာတိ၊ ရတ္တော ဓမ္မံ န ပဿတိ။
**အန္ဓတမံ** တဒါ ဟောတိ၊ ယံ ရာဂေါ သဟတေ နရံ—

နေတ္တိ။ ၁၂-၌ လွန်ကဲသော ကိလေသာမှောင် ဟောတည်း။

၂၀၊ ၂၁။ပဟိုရ်နှင့်စပ်၍ မှတ်ဖွယ် ၇၄-ဂါထာကြည့်။ သီဟိုဠ်နိဿယ ဟောင်း၌ ပါဋိပဒေါ၊ ပါဋိပဒနေ့။ ဝါ၊ ဥပုသ်အထွက်နေ့။ ဒုတိယာ တတိယာဒီ၊ ၁-ရက်မြောက်နေ့ ၂-ရက်မြောက်နေ့ စသည်တို့သည်။ တိထိ၊ တိထိမည်ကုန်၏-ဟု ယောဇနာ၏။ သုဘူတိ သီဟိုဠ်နိဿယ၌ ဒုတိယာ၊ ၂-ရက်မြောက် နေ့သည်။ ပါဋိပဒေါ၊ ပါဋိပဒ မည်၏။ တတိယာဒီ၊ ၃-ရက်မြောက်နေ့ စသည်တို့သည်။ တိထိ၊တိထိတို့မည် ကုန်၏-ဟု ယောဇနာ၏။]

(၇၃) ပန္နရသီ ပဥ္စဒသီ၊ ပုဏ္ဏမာသီ တု ပုဏ္ဏမာ။
အမာဝသီ ပျမာဝါသီ၊ ထိယံ ပန္နရသီပရာ။

(၇၃) ပန္နရသီ၊ တဆယ့်ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့။ ဝါ၊ တဆယ့်ငါးရက်မြောက်နေ့။ ပဥ္စဒသီ၊ တဆယ့်ငါးရက်တို့၏ ပြည့်ကြောင်း ဖြစ်သောနေ့။ ဝါ၊ တဆယ့်ငါးရက်မြောက်နေ့။ ၁၅-ရက်မြောက်နေ့ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပုဏ္ဏမာသီ၊ လပြည့်နေ့။ ပုဏ္ဏမာ၊ လပြည့် နေ့။ လပြည့်နေ့ပရိယာယ် ၂-ပုဒ်။ ဒ္ပရာ၊ တပါးသော။ ဝါ၊ လကွယ်ဖြစ် သော။ ပန္နရသီ၊ ပန္နရသီသည်။ အမာဝသီပိ၊ အမာဝသီလည်း မည်၏။ အမာဝါသီ၊ အမာဝါသီလည်း မည်၏။ လကွယ်နေ့ပရိယာယ် ၂-ပုဒ်။

[ပုဏ္ဏမီ-လည်း လပြည့်နေ့ဟော ပရိယာယ်ပင် ဖြစ်၏။ မေဓာ ဝုစ္စတိ စန္ဒော၊.... ပုဏ္ဏမီ ပုဏ္ဏမာတိ စ နိဒဿနပဒါနိ။ နီတိ၊ ပဒ။ ၃၂၁။ လပြည့်နေ့ပင် ဖြစ်သော်လည်း လဗိမာန် ၁၆-ကလာ

မပြည့်သေးလျှင် အနုမတိမည်၍ ၁၆-ကလာပြည့်လျှင် ရာကာ-ဟု ခေါ်ကြောင်း အမရကောသ။၄။ ၈-၌ ဆို၏။

(ဆောင်) ရွှေလသော်တာ၊ ကလာမပြည့်၊ နုမတိ၊ ကလာပြည့်မူ၊ ရာကာဟူ၏။

လကွယ်နေ့ပင် ဖြစ်သော်လည်း လမြင်ရသေးလျှင် သိနီဝါလီ ခေါ်၍၊ လုံး၀ လမမြင်ရမူ ကုဟူ မည်၏-ဟု ဆိုသေး၏။]

(၇၄) ဃဋိကာသဋ္ဌျဟောရတ္တော၊ ပက္ခော တေ ဒသ ပဉ္စ စ။
တေ တု ပုဗ္ဗာပရာ သုက္က-ကာဠာ မာသော တု တေ ဒုဝေ။

(၇၄) သဋ္ဌိဃဋိကာ၊ နာရီခြောက်ဆယ်သည်။ အဟောရတ္တော၊ တနေ့တည္ဌ်မည်၏။ ဝါ၊ တရက်မည်၏။ တေ ပဉ္စ ဒသ၊ ထိုတဆယ့်ငါးရက်တို့သည်။ ပက္ခော၊ တပက္ခမည်၏။ တု၊ အထူးမှတ်သားစရာကား။ ပုဗ္ဗာပရာ၊ ရှေ့နောက်ဖြစ်ကုန်သော။ တေ၊ ထိုပက္ခတို့သည်။ သုက္ကကာဠာ၊ သုက္ကပက္ခ၊ ကာဠပက္ခတို့ မည်ကုန်၏။ ဝါ၊ လဆန်းပက္ခ လဆုတ်ပက္ခတို့ မည်ကုန်၏။ တု၊ ထိုမှတပါး။ ဒုဝေ၊ နှစ်ပါးကုန်သော။ တေ၊ ထိုပက္ခတို့သည်။ မာသော၊ တလမည်၏။

[ရေပြည့်သော ဖလားကြီးကို ငြိမ်သက်စွာထား၊ ဖလားငယ်ကို အပ်ဖျားခန့်ဖောက်၍ ရေ၌ချထား၊ ရေဝင်သဖြင့် တကြိမ် ဖလားငယ် နစ်မြုပ်လျှင် တမောင်းတီးရသည်။ ယင်းကို ၁-နာရီဟု ရှေးက ခေါ်သည်။ ၁၀-နာရီမြောက်သော အသုည့်တွင် စည်တော်ကို တီးရသည်။ ထိုသို့ တီးခြင်းကို ပဟိုရ်ဟု ခေါ်သည်။ ယာမ်ဟုလည်း ခေါ်၏။ ဤကဲ့သို့ နေ့နာရီ ၃၀, ညဉ့် နာရီ ၃၀၊ ၂-ရပ်ပေါင်း နာရီ ၆၀-သည် တနေ့တည္ဌ် မည်၏။ ဝါ၊ တရက်မည်၏ ဟူလို။

ရှေးကျလှသော အခါသမယက နာရီ ၆၀-နှင့် ကိုက်ညီအောင် နာရီခေါက်ပုံ အစီအရင်ကို အောက်ပါ ဇောတိဝေဒါဘရဏခေါ် သက္ကတကျမ်းလာနှင့်အညီ စီရင်အပ်သော ရှေးဖောင်းလေးဆစ် မြင့် သိသာ၏။

## နာရီဘွဲ့ ရှေးဟောင်းလေးဆစ်ကဗျာ

လောဟိတတမ္ဗ၊သောဠသ ကဟာပဏာ။ သတ္တင်္ဂုလုဗ္ဗေဓေနှင့်၊ မုခေမှာနဝင်္ဂုံ၊ ထားမှူမှန်စွာ။ ။ဆယ်နှစ်ရှယ် ကညာ၊ ဆံကေသာသွယ်ပြောင်း။ ။ဆယ့်ခြောက်ပင် ဝင်ရှုံလှစ်ပါလို့၊ ခါနှစ်လျှင် နာရီကြေ့တယ် တီးတော့ငွေမောင်း။]

(၇၅) စိတ္တော ဝေဿခဇေဋ္ဌော စာ-သာဠ္ဌော ဒွိသု စ သာဝဏော။
ပေါဋ္ဌပါဒဿယုဇာ စ၊ မာသာ ဒွါဒသ ကတ္တိကော။

(၇၆) မာဂသိရော တထာ ဖုဿော၊ ကမေန မာဃဖဂ္ဂုဏာ။
ကတ္တိကဿယုဇာ မာသာ၊ ပစ္ဆိမ ပုဗ္ဗကတ္တိကာ။

(၇၅-၇၆) စိတ္တော၊ တန်ခူးလရင်း။ ဝေဿခဇေဋ္ဌော စ၊ ကဆုန်လ, နယုန်လရင်း။ အာသာဠ္ဌော၊ ဝါဆိုလရင်း။ အယံ၊ ဤအာသာဠ္ဌသဒ္ဒါသည်။ ဒွိသု၊ ဂုတ္တိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ သာဝဏော၊ ဝါခေါင်လရင်း။ ပေါဋ္ဌပါဒဿယုဇာ စ၊ တော်သလင်းလ, သီတင်းကျွတ်လတို့ရင်း။ ကတ္တိကော၊ တန်ဆောင်မုန်းလရင်း။ မာဂသိရော၊ နတ်တော်လရင်း။ တထာ၊ ထိုမှတပါး။ ဖုဿော၊ ပြာသိုလရင်း။ မာဃဖဂ္ဂုဏာ၊ တပို့တွဲလ, တပေါင်းလတို့ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ကမေန၊ အစဉ်အားဖြင့်။ မာသာ၊ လ တို့သည်။ ဒွါဒသ၊ ၁၂-ဆယ့်နှစ်လ တို့တည်း။ ကတ္တိကဿယုဇာ မာသာ၊ တန်ဆောင်မုန်းလ, သီတင်းကျွတ်လ တို့သည်။ ပစ္ဆိမပုဗ္ဗကတ္တိကာ၊ ပစ္ဆိမကတ္တိက, ပုဗ္ဗကတ္တိကတို့ မည်ကုန်၏။

[“စိတ္တာယ ယုတ္တော ပေက္ခိတော မာသော တု စိတ္တမာသော” ဟူသည်နှင့် အညီ လပြည့်နှင့်ယှဉ်သော စိတ္တာနက္ခတ်နှင့် ယှဉ်သော လ-သည်။ ဝါ၊ စိတ္တ (စိတြ) နက္ခတ် စန်းယှဉ်လ သည် တန်ခူးလ မည်၏။ တနည်း—လပြည့်နှင့် ယှဉ်သော စိတ္တာနက္ခတ်ဖြင့် မှတ်အပ်သော လသည်။ ဝါ၊ စန်းနှင့်ယှဉ်သော စိတ္တာနက္ခတ်ဖြင့် မှတ်အပ်သော လသည် တန်ခူးလမည်၏ ဟူ၏။ ယင်းသည့် တန်ခူးလကွယ် နေ့၌ ဘုရားရှင် သိဟိုဠ်ကျွန်း နာဂဒီပသို့ ကြွတော်မူ၍ နဂါးတို့ကို ဆုံးမတော်မူ၏။ ယင်းသို့ဖြစ်ကြောင်း—

မဟာကာရုဏိကော သတ္ထာ၊ သဗ္ဗလောကဟိတေ ရတော။
ပေါဒိတော ပဉ္စမေ ဝဿေ၊ ဝသံ ဇေတဝနေ ဇိနော။
မဟောဒရဿ နာဂဿ၊ တထာ စူဠောဒရဿ စ။
မာတုလဘာဂိနေယျာနံ၊ မဏိပလ္လင်္ကဟေတုကံ။
ဒိသွာန သပါရိသဇ္ဇာနံ၊ သင်္ဂါမံ ပစ္စုပဋ္ဌိတံ။
သမ္ဗုဒ္ဓေါ စိတ္တမာသဿ၊ ကာဠပက္ခေ ဥပေါသထေ။
ပါတောယေဝ သမာဒါယ၊ ပဝရံ ပတ္တစီဝရံ။
အနုကမ္ပာယ နာဂါနံ၊ နာဂဒီပမုပါဂမိ–

ဟူသော ဂါထာများဖြင့် မဟာဝံသ ၌ ဆို၏။ ဝိသာခါယ နိယုတ္တော မာသော ဝေသာခေါ၊ လပြည့်နေ့၌ ဝိသာခါနက္ခတ်နှင့်လ ယှဉ်တွဲ၍ ထွက်သောလ=ကဆုန်လ ဟူ၏။ ယင်း ကဆုန်လပြည့်နေ့ ကား—

ကဆုန်မာသ၊ ပုဏ္ဏရက်တွင်၊
ငါတို့ဘုရား၊ မွေးဖွားသန့်စင်။
ငါးပါးမာရ်ယုတ်၊ ပယ်ဖြုတ်အောင်မြင်၊
ကိစ္စပြီး၊ ပြည်ကြီးနိဗ္ဗာန်ဝင်—

ဟူသည်နှင့်အညီ ဘုရားရှင် ဖွားမြင်ရာ, ဘုရားဖြစ်ရာ, ပရိနိဗ္ဗာန် ပြုရာ လ-ဖြစ်၏။ ယင်းကဆုန်လပြည့်နေ့၌ပင် သီဟိုဠ်ကျွန်းသို့ ဂ-ဝါ မြောက် တတိယအကြိမ် ကြွတော်မူသည်။

ဒုတိယေ ဒိဝသေ ဘတ္တ-ကာလေ အာရောစိတေ ဇိနော။
ရမ္မေ ဝေသာခမာသမှိ၊ ပုဏ္ဏမာယ မုနိဿရော။
မဟာဝံသ။ ၁။ ၇၃။

ဇေဋ္ဌာယ နိယုတ္တော မာသော ဇေဋ္ဌော၊ လပြည့်နေ့၌ ဇေဋ္ဌ နက္ခတ်နှင့် လ-ယှဉ်တွဲ၍ ထွက်သော လ=နယုန်လ။ ယင်း နယုန် လ ကား—

---

၁။ မဟာဝံသ။ ၁။ ၄၄၊ ၄၅၊ ၄၆၊ ၄၇။

တတ္ထ မာသံ ဝသိတွာန၊ ဇေဋ္ဌမာသသ္သုပေါသထေ။
ထေရော စတူဟိ ထေရေဟိ၊ သုမနေနာ’ထ ဘဏ္ဍုနာ။
သဒ္ဓိံ တေန ဂဟဋ္ဌေန၊ န ရတော ဉာတိဟေတုနာ။
တသ္မာ ဝိဟာရာ အာကာသံ၊ ဥဂ္ဂန္တွာ သော မဟိဒ္ဓိကော။
ခဏေနေဝ ဣဓာဂမ္မ၊ ရမ္မေ မိဿကပဗ္ဗတေ။
အဋ္ဌာသိ ပိလုကူဋမှိ၊ ရုစိရမ္ဗတ္ထလေ ဝရေ–

ဟူသော မဟာဝံသ[၁]နှင့်အညီ အရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်း သာသနာပြုကြွရာလဖြစ်၏။ အာသာဠှာယ ယုတ္တော မာသော အာသာဠှော၊ အာသာဠှီနက္ခတ်နှင့် ယှဉ်သော လပြည့်ရှိသော လ=ဝါဆိုလ။ ယင်း ဝါဆိုလပြည့်နေ့ကား ဘုရားရှင် ဓမ္မစကြာတရားဟောရာ လ ဖြစ်၏။

သဝဏေန နက္ခတ္တေန (ပရိပုဏ္ဏေန္ဒုယုတ္တေန) ယုတ္တော မာသော သာဝဏော-ဟူသည်နှင့် အညီ လပြည့်နှင့် ယှဉ်သော သရဝဏ်-နက္ခတ်နှင့် ယှဉ်သော လ သည် ဝါခေါင်လ မည်၏။

တသ္မိံ ဝသော ဝ သာဝဏော၊ မာသေ နဝမဒိဝသေ။ နေတ္တိ၊ဝိ။၃၅၆။

ပေါဋ္ဌပါဒါယ ပရိပုဏ္ဏေန္ဒုယုတ္တာယ ယုတ္တော မာသော ပေါဋ္ဌ-ပါဒေါ-ဟူသည်နှင့် အညီ လပြည့်နှင့်ယှဉ်သောပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်သော လ သည် တော်သလင်းလမည်၏။

ပရိပုဏ္ဏေန္ဒုယုတ္တေန အဿယုဇေန ယုတ္တော မာသော အဿ-ယုဇော-ဟူသည်နှင့်အညီ အဿယုဇနက္ခတ်နှင့် စန်းယှဉ်သော လ၊ သီတင်းကျွတ်လ။ အဿယုဇကတ္တိကမာသာ ဟိ လောကေ သရဒဥတူတိ ဝုစ္စန္တိ။ ဣတိဝုတ်၊ဋ္ဌ။၇၆။

ကတ္တိကာယ နိယုတ္တော မာသော ကတ္တိကော။ ကစ္စည်း။၃၅၂။ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သောလ၊ တန်ဆောင်မုန်းလ။ တတော စ ကတ္တိကော ပုဏ္ဏော၊ ပုဏ္ဏမာသီ ဥပဋ္ဌိတာ။ နေတ္တိ။ ၁၂၂။

---

၁။ မဟာဝံသ။၁၃။၁၇၊၁၉၊၂၀။ (အရှင်မဟိန္ဒထေရ်သည် သာသနာသက္ကရာဇ် ၂၃၆-ခု နယုန်လပြည့်နေ့တွင် သီဟိုဠ်သို့ ကြွ၍ သာသနာပြုတော်မူ၏။)

မာဂသိရေန ပုဏ္ဏစန္ဒယုတ္တေန နက္ခတ္တေန ယုတ္တော မာသော မာဂသိရော။ မိဂသီနက္ခတ်နှင့် စန်းယှဉ်သော လ၊ နတ်တော်လ။

ဖုဿေန ပုဏ္ဏစန္ဒယုတ္တေန နက္ခတ္တေန ယုတ္တော မာသော ဖုဿော။ ဖုသျှနက္ခတ်နှင့် စန်းယှဉ်သော လ၊ ပြာသိုလ။ ယင်း ပြာသိုလပြည့်နေ့၌ ဘုရားရှင် သီဟိုဠ်ကျွန်းသို့ ပဌမအကြိမ် ကြွ တော်မူသည်။

ဗောဓိတော နဝမေ မာသေ၊ ဖုဿပုဏ္ဏမိယံ ဇိနော။
လင်္ကာဒီပံ ဝိသောဓေတုံ၊ လင်္ကာဒီပမုပါဂမိ၊

မဟာဝံသ။ ၁။ ၁၉။

မဃာယ ပုဏ္ဏစန္ဒယုတ္တာယ ယုတ္တော မာသော မာဃော။ မ(မာ)ဃ နက္ခတ်နှင့် စန်းယှဉ်သောလ၊ တပို့တွဲလ။ မာဃဿ စ ဖဂ္ဂုဏဿ စ အန္တရေ အဋ္ဌသု။ ဝိ၊ ဋ္ဌ၊ ၃။ ၄၀၉။

ဖဂ္ဂုနိယာ ပရိပုဏ္ဏစန္ဒယုတ္တာယ ယုတ္တော မာသော ဖဂ္ဂုဏော။ ဖဂ္ဂုနီနက္ခတ်နှင့် စန်းယှဉ်သောလ၊ တပေါင်းလ။ ဂိမှဉတု နာမ ဖဂ္ဂုနဿ ကာဠပက္ခပါဋိပဒတော ပဋ္ဌာယ။ ကင်္ခါဋီ၊ သစ်။ ၁၃၊ ။ စန်းယှဉ်နက္ခတ်များနှင့် စပ်၍ သူရိယသိဒ္ဓန္တစာကိုယ်, ဋီကာ-တို့ ကဆို တောင်ပေါက်အဘိဓာန် နိဿယ-ကြည့်။]

(၇၇) သာဝဏော နိက္ခမနီယော၊ စိတ္တမာသော တု ရမ္မကော။

(၇၇) သာဝဏော၊ဝါခေါင်လသည်။ နိက္ခမနီယော၊နိက္ခမနီယမည်၏။ ဝါခေါင်လ ပရိယာယ် ၂-ပုဒ်။ တု၊ ဆိုမှတပါး။ စိတ္တမာသော၊တန်ခူးလသည်။ ရမ္မကော၊ရမ္မကမည်၏။ တန်ခူးလပရိယာယ် ၂-ပုဒ်။

[နေသူရိယ၏ ယုဂန်ထိပ်များ သွားနာခရီးမှာ အပသို့ သွားရာ လဖြစ်၍ နိက္ခမနီယမည်၏ ဟူ၏။ အထူးထူး အမျိုးမျိုးသော အပွင့်အသီးတို့ဖြင့် ဆန်းကြယ်သဖြင့် လောကသားတို့ မွေ့လျော် ပျော်ရွှင်ဖွယ်ဖြစ်၍ တန်ခူးလကို ရမ္မကမည်ကြောင်း ဆိုကြ၏။

**တိသန္ဓိပါတ်။ သမ္ဘဝဇာတ်-၌လည်း—**

ယထာပိ ရမ္မကော မာသော၊ ဂိမှာနံ ဟောတိ ဗြာဟ္မဏ။
အတေ၀ ညေဟိ မာသေဟိ၊ ဒုမပုပ္ဖေဟိ သောဘတိ–၁

ဟူ၍လည်း တန်ခူးလဘွဲ့ကို တွေ့ရ၏။]

(၇၈) စတုရော စတုရော မာသာ၊ ကတ္တိကကာဠပက္ခတော။
ကမာ ဟေမန္တဂိမှာန-၀ဿာနာ ဥတုယော ဒွိသု။

(၇၈) ကတ္တိကကာဠပက္ခတော၊ တန်ဆောင်မုန်းလဆုတ် ၁-ရက်နေ့မှ၊ ကမာ၊ အစဉ်အတိုင်း။ စတုရော စတုရော မာသာ၊ လေးလ လေးလတို့သည်။ ဟေမန္တဂိမှာန၀ဿာနာ၊ ဟေမန္တ, ဂိမှာန, ၀ဿာန ဟု ဆိုအပ်ကုန်သော။ ဝါးဆောင်းဥတု, နွေဥတု, မိုးဥတုဟု ဆိုအပ်ကုန်သော။ ဥတုယော၊ ဥတုတို့မည်ကုန်၏။ အယံ၊ ဤဥတုသဒ္ဒါသည်။ ဒွိသု၊ ပုလ္လိင် ပုလ္လိင် နှစ်လိင်တို့၌။ ၀တ္တတိ၊ ဖြစ်၏။ (အယံ ထည့်ပါ၍)

[တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ဟေမန္တဥတု၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ဂိမှာန ဥတု၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ ၀ဿာနဥတု ဖြစ်၏။ မဇ္ဈိ၊ ၄၊ ၁။ ၁၀၅-တို့၌ "သာ မေဃဥတုဇာ ပဗ္ဗတဥတုဇာ အရုဏဥတုဇာ ဂဟေတွာ ဇာတတ္တာ ပုတ္တဿ ဥတောနာမံ အကာသိ" ဟူ၍ မိုးဥတု, တောင်ခိုးကိုစွဲ၍ ဖြစ်သော အပူငွေ့, နေရောင်နီ ပူငွေ့ဥတု–ဟူ၍ ဥတု ၃-မျိုးလာ၏။ မ၊ ဋ္ဌ၊ ၃။ ၂၂၄-၌ ဒါရကဿ မေဃဥတုဇ ပဗ္ဗတဥတုဇ ဂဟေတွာ... ဟူ၍ မေဃဥတု,ပဗ္ဗတဥတု ၂-မျိုးလာ၏။ မေဃဥတုန္တိ မေဃံ ပဋိစ္စ ဥပ္ပန္နသီတဥတုံ။ ပဗ္ဗတဥတုန္တိ ပဗ္ဗတံ ပဋိစ္စ ဥဏှဥတုံ။ မ၊ ဋီ၊ ၃။ ၁၅၃။]

(၇၉) ဟေမန္တော သိသိရမုတူ၊ ဆ ဝါ ၀သန္တော စ ဂိမှ၀ဿာနာ။
သရဒေါတိ ကမာ မာသာ၊ ဒွေ ဒွေ ဝုတ္တာ နုသာရေန။

(၇၉) ဝါ၊ တနည်းကား။ ဥတူ၊ ဥတုတို့သည်။ ဝုတ္တာနုသာရေန၊ ဆိုအပ်ခဲ့ပြီးသော နည်းကို အစဉ်မှီးသဖြင့်။ ကမာ၊ အစဉ်အတိုင်း။ ဒွေ-

ဒွေ မာသာ၊နှစ်လစီ, နှစ်လစီတို့သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ (ဟုတွာထည့်။) ဟေမန္တော၊ ဟေမန္တဥတုရင်း။ သိသိရံ၊ သိသိရဥတုရင်း။ ဝသန္တော စ၊ ဝသန္တဥတုရင်း။ ဂိမှဝဿာနာ၊ ဂိမှဥတု, ဝဿာနဥတုတို့ရင်း။ သရဒေါ၊ သရဒဥတုရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဆ၊ ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ အောက်ပါအတိုင်းဖွင့်ဆို၏။နတ်တော်, ပြာသို ၂-လသည် ဟေမန္တဥတု၊ တပို့တွဲ, တပေါင်း ၂-လသည် သိသိရဥတု၊ တန်ခူး, ကဆုန် ၂-လသည် ဝသန္တဥတု၊ နယုန်, ဝါဆို ၂-လသည် ဂိမှဥတု၊ ဝါခေါင်, တော်သလင်း ၂-လသည် ဝဿာန ဥတု၊ သီတင်းကျွတ်, တန်ဆောင်မုန်း ၂-လသည် သရဒဥတုမည်၏။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၄၀၉။

တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ ပြာသိုလပြည့် နေ့အထိ ၂-လသည် ဟေမန္တဥတု၊ ပြာသိုလပြည့်ကျော် ၁-ရက်နေ့ မှ တပေါင်းလပြည့်နေ့အထိ ၂-လသည် သိသိရဥတု၊ တပေါင်း လပြည့်ကျော် ၁-ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ ၂-လသည် ဝသန္တဥတု၊ ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ၂-လ သည် ဂိမှဥတု၊ ဝါဆိုလပြည့်ကျော် ၁-ရက် နေ့မှစ၍ တော် သလင်းလပြည့်နေ့အထိ ၂-လသည် ဝဿာနဥတု၊ တော်သလင်း လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ ၂-လ သည်သရဒဥတု မည်၏။

ဤကား ဋီကာလာ သောကိကျမ်းများလာ နည်းတည်း။]

(၈၀) ဥဏှော နိဒါဃော ဂိမှော၀၊ ဝဿော ဝဿာနပါဝုသာ။
ဥတူဟိ တီဟိ ဝဿာနာ-ဒိကေဟိ ဒက္ခိဏာယနံ။

(၈၁) ဥတ္တရာယန မညေဟိ၊ တီဟိ ဝဿာယနဒွယံ။
ဝဿ သံဝစ္ဆရာ နိတ္ထိ၊ သရဒေါ ဟာယနော သမာ။

(၈၀၊၈၁) ဥဏှော၊ နွေဥတု။ နိဒါဃော၊ နွေဥတု။ ဂိမှော၊ နွေဥတု။ နွေဥတုပရိယာယ် ၃-ပုဒ်။ အထံ၊ ထိုမှတပါး။ ဝဿော၊ မိုးဥတု။ ဝဿာနံ၊ မိုးဥတု။ ပါဝုသာ၊ မိုးဥတု။ မိုးဥတုပရိယာယ် ၃-ပုဒ်။ ဝဿာနာဒိကေဟိ၊

ဝဿာနဥတု-အစရှိကုန်သော။ တီဟိ၊ သုံးပါးကုန်သော။ ဥတူဟိ၊ ဥတု တို့ဖြင့်။ ဒက္ခိဏာယနံ၊ နေ၏ ဒက္ခိဏာယာဉ်သွားခြင်းသည်။ ဝါ၊ နေ၏ တောင်အရပ်သို့ သွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အညေဟိ၊ တပါးကုန်သော။ တီဟိ၊ သုံးပါးကုန်သော။ ဥတူဟိ၊ ဥတု တို့ဖြင့်။ ဥတ္တရာယနံ၊ နေ၏ ဥတ္တရာယာဉ် သွားခြင်းသည်။ ဝါ၊ နေ၏ မြောက်အရပ်သို့ သွားခြင်းသည်။ ဟောတိ၊ ၏။ အယနဒွယံ၊ အသွားနှစ်ခု အပေါင်းသည်။ ဝဿော၊ တနှစ်မည်၏။ ဝဿ၊ နှစ်။ သံဝစ္ဆရာ၊ နှစ်တို့။ အယံ၊ ဤ ဝဿ သဒ္ဒါ သံဝစ္ဆရ သဒ္ဒါသည်။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ သရဒေါ၊ နှစ်။ ဟာယနော၊ နှစ်။ သမာ၊ နှစ်။ နှစ် ပရိယာယ်၅-ပုဒ်။

[ဝဿာန, သရဒ, ဟေမန္တ ၃-ဥတုတို့၌ နေ ဒက္ခိဏာယာဉ် သွား၏။ သိသိရ, ဝသန္တ, ဂိမှ ၃-ဥတုတို့၌ နေ ဥတ္တရာယာဉ် သွားသည် ဟူ၏။

တွမ္ပိ ဝဿသတံ ဇီဝ၊ အပရာနိ စ ဝီသတိ။
ဝီသံ ပိသာစာ ခါဒန္တု၊ ဇီဝ တွံ သရဒေါသတံ—

ဟူသော ဒုကနိပါတ် ဘဂ္ဂဇာတ်လာ ဂါထာတွင် သရဒေါ သတံ-၌ သရဒ-သည် နှစ် ဟောဖြစ်၏။ ၎င်းပြင်—

အင်္ဂါ အင်္ဂါ သမ္ဘဝသိ၊ ဟဒယာ အဓိဇာယသေ။
အတ္တာ ဝေ ပုတ္တော နာမာသိ၊ သ ဇီဝ သရဒေါသတံ—

ဟူသော ကောသီတကိဥပနိသျှ (ဝဇီရ။ ၂၆။ မဋ္ဌီ၃။၇၅) လာ ဂါထာတွင် သရဒေါသတံ-၌ သရဒ-သည်လည်း နှစ်ဟော တည်း။ ၁၁၂၄-ဂါထာလည်းကြည့်။]

(၈၂) ကပ္ပက္ခယော တု သံဝဋ္ဋော၊ ယုဂန္တ ပလယာ အပိ။
အလက္ခိ ကာလကဏ္ဏိတ္ထိ၊ ဒွယ လက္ခီ သိရိတ္ထိယံ။

(၈၂) တု၊ ထိုမှတပါး။ ကပ္ပက္ခယော၊ ကမ္ဘာပျက်ခြင်း။ သံဝဋ္ဋော၊ ကမ္ဘာပျက်ခြင်း။ ယုဂန္တ၊ ကမ္ဘာပျက်ခြင်း။ ပလယာ၊ ကမ္ဘာပျက်ခြင်း။ ကမ္ဘာပျက်ခြင်း ပရိယာယ် ၄-ပုဒ်။ အလက္ခိ၊ အယုတ်။ ဝါ၊ သူယုတ်။

ကာလကဏ္ဍ၊ အယုတ်။ ဝါ၊ သူယုတ်။ ဒွယံ၊ သဒ္ဒါနှစ်ခုအပေါင်းသည်။ ဝူတ္တိ၊ ဝူတ္တိလိင်တည်း။ အထ၊ ထိုမှတပါး။ လက္ခိ၊ ကျက်သရေ။ သိရီ၊ ကျက်သရေ။ ဒွယံ၊ သဒ္ဒါနှစ်ခုအပေါင်းသည်။ ဝူတ္တိယံ၊ ဝူတ္တိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ဋီကာနှင့် ကျော်အောင်စံထား နိဿယတို့၌ ကပ္ပက္ခယာ-၌ ကပ္ပတပုဒ် ခယတပုဒ် ယူ၍ ကမ္ဘာပျက်ခြင်း ပရိယာယ် ၅-ပုဒ်ဟု ဆို၏။ သီဟိုဠ်နိဿယဟောင်းနှင့် သုဘူတိနိဿယတို့၌ ၄-ပုဒ်ပင် ခွဲသည်။ သို့ဖြစ်၍ ဤကျမ်း၌လည်း ၄-ပုဒ်ပင် ခွဲလိုက်၏။ အလက္ခီ-ကို ကျက်သရေမရှိသော သူ၊ ကျက်သရေတုံးသူ၊ ကျက်သရေ မဲ့သူဟူ၍လည်း ပြည့်စုံစွာပေးရာ၏။ သိရီ တာတ အလက္ခီ စ၊ ပုစ္ဆိတာ တေဒဖြဝုံ။ ဇာ၊၂။၁။ ကျက်သရေ၊ မရှိခြင်းကိုလည်း ဟော၏။ အတ္တနာ ကုရုတေ လက္ခိံ၊ အလက္ခိံ ကုရုတတ္တနာ။ ဇာ၊၁။၁၄၃၊ လက္ခီ-သည် ကျက်သရေ စည်းစိမ်၊ ဇာင့်တယ်ခြင်း ဟောတည်း။ ဥယျောဂိနံ ပုရိသသိံဟာနမုပေတိ လက္ခီ။ ဟိတောပဒေသ၊ နိဒါနကထာ။ ၂၉-ဂါထာ။ ကျက်သရေ သိရီ ဟူသည် ပစ္စည်းဥစ္စာ စည်းစိမ်တို့နှင့် ပြည့်စုံခြင်းကို ဆို၏။ သဒ္ဒါ ဗန္ဓတိ ပါထေယ့ံ၊ သိရီ ဘောဂါနမာသယော။ သံ၊၁။၄၁။ ပါထေယျသုတ်။]

(၀၃) ဒန္တ ဒါနဝမာတာ ထ၊ ဒေဝမာတာ ပနာဒိတိ။

(၀၃) ဒါနဝမာတာ၊ အသုရာတို့၏ အမိသည်။ ဒနု၊ ဒနုမည်၏။ အထ၊ ထိုမှတပါး။ ဒေဝမာတာ ပန၊ နတ်တို့၏ အမိသည်ကား။ အဒိတိ၊ အဒိတိမည်၏။

[ဒနု၊ အသုရာတို့၏ အမိ။ ဒါနဝမာတာ၊ အသုရာတို့၏ အမိ-ဟုလည်း ပေးရာ၏။ အထ၊ ထိုမှတပါး။ ဒေဝမာတာ၊ နတ်တို့၏ အမိ။ အဒိတိ၊ နတ်တို့၏ အမိ-ဟု ပြန်ဆို၍ ပရိယာယ် ၂-ပုဒ်စီ ယူလျှင်လည်း ကောင်း၏။ ကပ်ဦးအစကို ရည်ရွယ်၏။ အသုရာတို့၏ လက်ဦးအဘကား ကဿပ-တည်း၊ အမိကား ဒနု-တည်း။ တနည်း ဒိတိ, ဒနု-နှစ်ယောက်တည်း။]

(၈၄) ပါပံ စ ကိဗ္ဗိသံ ဝေရာ-ဃံ ဒုစ္စရိတ ဒုက္ကဋံ။
အပုညာကုသလံ ကဏှံ၊ ကလုသံ ဒုရိတာဂု စ။

(၈၄) ပါပံ၊ ကိဗ္ဗိသံ၊ ဝေရံ၊ အဃံ၊ ဒုစ္စရိတံ၊ ဒုက္ကဋံ၊ အပုညံ၊ အကုသလံ၊ ကဏှံ၊ ကလုသံ၊ ဒုရိတံ၊ အာဂု၊ မကောင်းမှု။ မကောင်းမှုပရိယာယ် ၁၂-ပုဒ်။

[မကောင်းမှုဟူသည် အကုသိုလ်ပင် ဖြစ်၏။ အဃ-သဒ္ဒါ ဆင်းရဲဒုက္ခလည်း ဟော၏။ အဃန္တိ ဒုက္ခံ။ ကိလေသာကိုလည်း အဃ-ဟု ဆို၏။ အဃောတိ ကိလေသော၊ တေန အဃေန အရဟာ အနဃော။ နီတိ၊ ဓာ။ ၂၉၀။ အာဂု-သဒ္ဒါ မကောင်းမှုကိုရင်း၊ ပြစ်မှုကိုရင်း ဟော၏။ အာဂုံ နု ဂါမသ္မိမကာသိ ကိဥ္စိ။ သံ၊ ၁။ ၁၂၃။ အာဂုံ ကိရ မဟာရာဇ၊ အကရိ ကမ္မဒုက္ကဋံ။ ဇာ၊ ၂။ ၁၇၇။]

(၈၅) ကုသလံ သုကတံ သုက္ကံ၊ ပုညံ ဓမ္မမနိတ္ထိယံ။
သုစရိတမထော ဒိဋ္ဌ-ဓမ္မိကံ ဣဟလောကိကံ။

(၈၆) သန္ဒိဋ္ဌိကမထော ပါရ-လောကိကံ သမ္ပရာယိကံ။
တက္ကာလံ တု တဒါတွံ ဥေ-တ္တရကာလော တု အာယတိ။

(၈၅-၈၆) ကုသလံ၊ ကောင်းမှု။ ဝါ၊ ကုသိုလ်။ သုကတံ၊ ကောင်းမှု။ ဝါ၊ ကုသိုလ်။ သုက္ကံ၊ ကောင်းမှု။ ဝါ၊ ကုသိုလ်။ ပုညံ၊ ကောင်းမှု။ ဝါ၊ ကုသိုလ်။ ဓမ္မံ၊ ကောင်းမှု။ ဝါ၊ ကုသိုလ်။ အယံ၊ ဤဓမ္မ-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ပတ္တော၊ ဖြစ်၏။ သုစရိတံ၊ ကောင်းမှု။ ဝါ၊ ကုသိုလ်။ ကောင်းမှုကုသိုလ်ပရိယာယ် ၆-ပုဒ်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်၌ဖြစ်သော အကျိုး။ ဣဟလောကိကံ၊ မျက်မှောက်၌ဖြစ်သော အကျိုး။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်၌ဖြစ်သော အကျိုး။ မျက်မှောက်၌ ဖြစ်သော အကျိုးပရိယာယ် ၃-ပုဒ်။ အထော၊ ထို့မှတပါး။ ပါရလောကိကံ၊ တမလွန်၌ဖြစ်သော အကျိုး။ သမ္ပရာယိကံ၊ တမလွန်၌ဖြစ်သော အကျိုး။ တမလွန်၌ဖြစ်သော အကျိုးပရိယာယ် ၂-ပုဒ်။ တု၊ ထို့မှတပါး။ တက္ကာလံ၊ ထိုကာလ။ ဝါ၊ ထိုခဏ။ ဝါ၊ ချက်ချင်း။ ဝါ၊ လက်ငင်း။ တဒါတွံ၊ ထိုကာလ။ ဝါ၊ ထိုခဏ။ ဝါ၊ ချက်ချင်း။ ဝါ၊ လက်ငင်း။ ထိုကာလ၊ ထိုခဏ၊ ချက်ချင်း၊ လက်ငင်း ပရိယာယ် ၂-ပုဒ်။ ဥတ္တရကာလော၊ နောက်အခါ။

ဝါ၊ နောင်ကာလ။ အာယတိ၊ နောက်အခါ။ ဝါ၊ နောင်ကာလ။ (အနာဂတ် ကာလလည်း ဟူ)။ နောက်အခါ၊ နောင်ကာလပရိယာယ် ၂-ပုဒ်။

[နီတိ၊ဓာ။၁၁၉-၌—

ကလျာဏံ ကုသလံ ပုညံ၊ သုဘာမိစ္စေဝ နိဒ္ဒိသေ။
ကမ္မသ ကုသလဿာဒိ-ဝစနံ ဝစနေ ပဋု–

ဟူသော ဂါထာဖြင့် ကောင်းမှုကုသိုလ်ပရိယာယ် ၄-ပုဒ် လာရှိ၏။]

(၇၇) ဟာသောတ္တမနတာ ပီတိ၊ ဝိတ္တိ တုဋ္ဌိ စ နာရိယံ။
အာနန္ဒော ပမုဒါမောဒေါ၊ သန္တောသော နန္ဒိ သမ္မဒေါ။

(၇၈) ပါမောဇ္ဇံ စ ပမောဒေါထ၊ သုခံ သာတံ စ ဖာသုထ။
ဘဒ္ဒံ သေယျော သုဘံ ခေမံ၊ ကလျာဏံ မင်္ဂလံ သိဝံ။

(၇၇၊၇၈) ဟာသော၊ အတ္တမနတာ၊ ပီတိ၊ ဝိတ္တိ၊ တုဋ္ဌိ၊ ဝမ်းမြောက်ခြင်း။ စတုက္ကံ၊ အတ္တမနတာ, ပီတိ, ဝိတ္တိ, တုဋ္ဌိ-ဟူသော သဒ္ဒါလေးပုဒ်အပေါင်း သည်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အာနန္ဒော၊ ပမုဒေါ၊ အာမောဒေါ၊ သန္တောသော၊ နန္ဒိ၊ သမ္မဒေါ၊ ပါမောဇ္ဇံ၊ ပမောဒေါ၊ ဝမ်း မြောက်ခြင်း။ ဝမ်းမြောက်ခြင်းပရိယာယ် ၁၃-ပုဒ်။ သုခံ၊ ချမ်းသာခြင်း။ သာတံ၊ ချမ်းသာခြင်း။ ဖာသု၊ ချမ်းသာခြင်း။ ချမ်းသာခြင်းပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ဘဒ္ဒံ၊ သေယျော၊ သုဘံ၊ ခေမံ၊ ကလျာဏံ၊ မင်္ဂလံ၊ သိဝံ၊ ကောင်းခြင်းမင်္ဂလာ။ ကောင်းခြင်းမင်္ဂလာ ပရိယာယ် ၇-ပုဒ်။

[ခုဒ္ဒိကာ ပီတိ, ခဏိကာ ပီတိ, ဩက္ကန္တိကာ ပီတိ, ဥဗ္ဗေဂါ ပီတိ, ဖရဏာ ပီတိ-ဟူသော ပီတိငါးမျိုး အဋ္ဌကထာများ၌ လာရှိ၏။ သာ ပနေသာ ခုဒ္ဒိကာ ပီတိ, ခဏိကာ ပီတိ, ဩက္ကန္တိကာ ပီတိ, ဥဗ္ဗေဂါ ပီတိ, ဖရဏာ ပီတီတိ ပဉ္စဝိဓာ ဟောတိ။ တတ္ထ ခုဒ္ဒိကာ ပီတိ သရီရေ လောမဟံသနမတ္တမေဝ ကာတုံ သက္ကောတိ။ ခဏိကာ ပီတိ ခဏေ ခဏေ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောတိ။ ဩက္ကန္တိကာ ပီတိ သမုဒ္ဒတီရံ ဝီစိ ဝိယ ကာယံ ဩက္ကမိတွာ ဩက္ကမိတွာ ဘိဇ္ဇတိ။ ဥဗ္ဗေဂါ ပီတိ ဗလဝတီ ဟောတိ၊ ကာယံ ဥဒ္ဓဂ္ဂံ ကတွာ အာကာသေ လင်္ဃာပနပ္ပမာဏပ္ပတ္တာ။ ဖရဏာပီတိယာ

ပန ဥပ္ပန္နာယ သကလသရီရံ ဓမိတ္ဝာ ပူရိတဝတ္ထိ ဝိယ, မဟတာ ဥဒကောဃေန ပက္ခန္ဒပဗ္ဗတကုစ္ဆိ ဝိယ စ အနုပရိပ္ဖုဋံ ဟောတိ။ ဇေဝံ ပဉ္စဝိဓာ ပီတိ။ အဘိ၊ဋ္ဌ၊၁။၁၅၉။ ဝိသုဒ္ဓိ၊၁။၁၃၉၊၁၄၀။ ပဋိသံ၊ဋ္ဌ၊၁။၁၆၉။ နီတိ၊ဓာ။၂၅၃။

အမရ။၄။၂၅၊၂၆-၌ ကောင်းခြင်းမင်္ဂလာပရိယာယ် ၁၂-ပုဒ် လာ၏။]

(၇၉) ဒုက္ခံ စ ကသိရံ ကိစ္ဆံ၊ နီဃော စ ဗျသနံ အဃံ။
ဒဗ္ဗေ တု ပါပပုညာနိ၊ တီသွာကိစ္ဆံ သုခါဒိ စ။

(၇၉) ဒုက္ခံ၊ ကသိရံ၊ ကိစ္ဆံ၊ နီဃော၊ ဗျသနံ၊ အဃံ၊ ဆင်းရဲခြင်း။ ဆင်းရဲခြင်းပရိယာယ် ၆-ပုဒ်။ တု၊ ထိုမှတပါး။ ပါပပုညာနိ စ၊ ပါပ-သဒ္ဒါ, ပုည-သဒ္ဒါတို့သည်ရင်း။ အာကိစ္ဆံ၊ ကိစ္ဆ-သဒ္ဒါတိုင်အောင်သော။ သုခါဒီ စ၊ သုခ အစရှိသော သဒ္ဒါသည်ရင်း။ ဒဗ္ဗေ၊ ဒြဗ်၌။ ဝတ္တမာနာနိ၊ ဖြစ်ကုန်သည် ရှိသော်။ တီသု၊ လိင် သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ (ဝတ္တမာနာနိနှင့် ဝတ္တန္တိ ၂-ပုဒ် ထည့်သည်။)

[ပါပ-သဒ္ဒါနှင့် ပုည-သဒ္ဒါ, အောက်ဂါထာလာ သုခ, သာတ, ဖာသု, ဘဒ္ဒ, သေယျ, သုဘ, မင်္ဂလ, ခေမ, ကလျာဏ-သဒ္ဒါတို့နှင့် ဤဂါထာလာ ဒုက္ခ, ကသိရ, ကိစ္ဆ-သဒ္ဒါတို့ကား ဒြဗ်ဟောလျှင် ၃-လိင်၌ ဖြစ်သည် ဟူ၏။ ဂုဏ်ဟောလျှင် ကျမ်းဆရာပြသည့် အတိုင်း သေယျ-တပုဒ်သာ ပုလ္လိင်ဟု သိ၍ ကျန်ပုဒ်များ နပုလ္လိင် ဟု သိရာ၏။ ပါပ-သဒ္ဒါ, ပုည-သဒ္ဒါ, သုခ-သဒ္ဒါတို့ ဒြဗ်ဟော၍ လိင် ၃-ပါး၌ ဖြစ်ပုံကို ဋီကာ၌—

ပါပါ ဥတုမတီ ကညာ၊ ပါပေါ ရာဇင်္ဂရက္ခကော။
ပါပံ ဗျာခကုလံ ဟိံသံ၊ ပါပေါ ဝိပ္ပေါ စ သေဝကော။
ပုညံ တိတ္ထမိဒံ ပုညာ၊ နဒီ ပုညော ယမဃမော။
သုခံ ကာမိကုလံ ဒဗ္ဗံ၊ သုခေါ ဝါသော သဟာ'မ္ဗယာ။
သုခါ ယုဝတီ ရိဇ္ဇန္တီ၊ သုခါ ယုဝတိကာ ဂဟာ—

ဟူသော ဂါထာဖြင့် ပြထား၏။

ပါပါ၊ ယုတ်မာသော။ ဥတုမတီ၊ ဥတုလာသော။ ကညာ၊ သတို့သမီး။ ပါပေါ၊ ယုတ်မာသော။ ရာဇင်္ဂရက္ခကော၊ မင်း၏ကိုယ်ရံတော်။ ပါပံ၊ ယုတ်မာသော။ ဗျာဓကုလံ၊ မုဆိုးမျိုးသည်။ ဟိံသံ၊ ညှဥ်းဆဲတတ်၏။ ပါပေါ၊ ယုတ်မာသော။ ဝိပ္ပေါ စ၊ ပုဏ္ဏားသည် ကား။ သောကော၊ မကောင်းမှုကို မှီဝဲတတ် ပြုတတ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ တိတ္ထံ၊ ရေဆိပ်သဖွယ်ဖြစ်၏။ ပုညာ၊ ကောင်းမှုသည်။ နဒီ၊ မြစ်သဖွယ်တည်း။ ပုညော၊ ကောင်းမှုသည်။ ယမဿမော၊ ငါးပါးသီလ ယမနှင့် တူ၏။ သုခံ၊ ချမ်းသာသော။ ကာမိကုလံ၊ ကာမဂုဏ်ရှိသော အမျိုးသည်။ ဒဗ္ဗံ၊ ဥစ္စာရှိ၏။ သုခေါ၊ ချမ်းသာသော။ အမ္ဗယာ၊ အမိနှင့်။ သဟ၊ အတူတကွ။ ဝါသော၊ နေသောသူ။ သုခါ၊ ချမ်းသာသော။ ယုဝတိ ရိစ္ဆန္တီ၊ လုံမပျို အလိုကြီးသော မိန်းမငယ်။ သုခါ၊ ချမ်းသာသော။ ယုဝတိကာ၊ အရွယ်ပျိုနုသော။ ဂဟာ၊ အိမ်ရှင်မ။ ဤကား ဋီကာလာ ဂါထာနက်။ ဋီကာဂါထာကို အနက်ပေးဖြစ်အောင် သင့်သလို ပြင်လိုက်သည်။]

(၉၀) ဘာဂျံ နိယတိ ဘာဂေါ စ၊ ဘာဂဓေယျံ ဝိဓိရိတော။
အဒ္ဓထာ ဥပ္ပတ္တိ နိဗ္ဗတ္တိ၊ ဇာတိ ဇနနမုဗ္ဘဝေါ။

(၉၀) ဘာဂျံ၊ နိယတိ၊ ဘာဂေါ၊ ဘာဂဓေယျံ၊ ဝိဓိ၊ ကံဟောင်း။ ဝါ၊ ရေးကံကြမ္မာ။ သမော၊ အနက်တူသည်ဟူ၍။ ဤရိတော၊ ဆိုအပ်၏။ (သမော ထည့်ပုဒ်) ကံဟောင်း ပရိယာယ် ၅-ပုဒ်။ အထော၊ ထိုမှတပါး။ ဥပ္ပတ္တိ၊ နိဗ္ဗတ္တိ၊ ဇာတိ၊ ဇနနံ၊ ဥဗ္ဘဝေါ၊ ဖြစ်ခြင်း။

[ဒေဝံ ဒိဋ္ဌံ ဘာဂဓေယျံ၊ ဘာဂျံ ထိ နိယတိ ဝိဓိ-ဟူသော အမရ။ ၄။ ၂၈-ဂါထာမှ သာသနာတော်နှင့် အသုံးတည့်လောက်သော ဘာဂဓေယျ, ဘာဂျ, နိယတိ, ဝိဓိ-ဟူသော ၄-ပုဒ်ကို ယူ၍ ဘာဂ-ပုဒ်ကို ထည့်၍ ကျမ်းဆရာဆိုသည်။ အယ, သုဘာဝဟ-တို့ လည်း ရေးကံဟောင်း ပရိယာယ်တို့တည်း။ ဖြစ်ခြင်း ပရိယာယ် ၅-ပုဒ်ဟွင် သဥ္ဇာတိ, အဘိနိဗ္ဗတ္တိ-တို့ကိုလည်း ထည့်စွက်၍ မှတ်သားရာ၏။]

(၉၁) နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။
နိဒါနံ ပဘဝေါ ဟေတု၊ သမ္ဘဝေါ သေတု ပစ္စယော။

(၉၁) နိမိတ္တံ၊ ကာရဏံ၊ ဌာနံ၊ ပဒံ၊ ဗီဇံ၊ နိဗန္ဓနံ၊ နိဒါနံ၊ ပဘဝေါ၊ ဟေတု၊ သမ္ဘဝေါ၊ သေတု၊ ပစ္စယော၊ အကြောင်း။ အကြောင်း ပရိယာယ် ၁၂-ပုဒ်။

[ယမက၊ ၁။ ၆-၌—

မူလံ ဟေတု နိဒါနဉ္စ၊ သမ္ဘဝေါ ပဘဝေန စ။
သမုဋ္ဌာနာဟာရာရမ္မဏံ၊ ပစ္စယော သမုဒယေန စ—

ဟူသော ဂါထာဖြင့် အကြောင်းပရိယာယ် ၁၀-ပုဒ်လာသေးသည်။ အဘိဓာန်ဂါထာနှင့် မတူသော ပရိယာယ်များလည်း ပါရှိ၏။ မူလံ ဟေတု နိဒါနဉ္စာတိ ဂါထာ ဒသန္နမ္ပိ ဝါရာနံ ဥဒ္ဒါနဂါထာ နာမ။ တတ္ထ မူလာဒီနိ သဗ္ဗာနိပိ ကာရဏဝေဝစနာနေဝ။ ကာရဏဉ္ဟိ ပတိဋ္ဌာနဋ္ဌေန မူလံ၊ အတ္တနော ဖလနိပ္ဖါဒနတ္ထံ ဟိနောတိ ပဝတ္တတီတိ ဟေတု၊ ဟန္ဒ နံ ဂဏှထာတိ ဒဿေန္တံ ဝိယ အတ္တနော ဖလံ နိဒေတီတိ နိဒါနံ၊ ဧတသ္မာ ဖလံ သမ္ဘောတီတိ သမ္ဘဝေါ၊ ပဘဝတီတိ ပဘဝေါ၊ သမုဋ္ဌာတိ ဧတ္ထ ဖလံ, ဧတေန ဝါ သမုဋ္ဌာတီတိ သမုဋ္ဌာနံ၊ အတ္တနော ဖလံ အာဟရတီတိ အာဟာရော၊ အပ္ပဋိက္ခိပိတဗ္ဗေန အတ္တနော ဖလေန အာလမ္ဗိယတီတိ အာလမ္ဗဏံ၊ ဧတံ ပဋိစ္စ အပဋိက္ခိပိတွာ ဖလံ ဧတိ ပဝတ္တတီတိ ပစ္စယော၊ ဧတသ္မာ ဖလံ သမုဒေတီတိ သမုဒယော။ အဘိ၊ ဋ္ဌ၊ ၃။ ၂၇၉။ ဒေသ-သဒ္ဒါလည်း အကြောင်း ဟောပရိယာယ် ဖြစ်သည်။ ကိဥ္စိဒေဝ ဒေသန္တိ ကိဥ္စိဒေဝ ကာရဏံ။ သံ၊ ဋ္ဌ၊ ၂။ ၃၃။]

(၉၂) ကာရဏံ ယံ သမာသန္နံ၊ ပဒဋ္ဌာနန္တိ တံ မတံ။
ဇီဝေါ တု ပုရိသောတ္တာယ၊ ပမာနံ ပကတိတ္ထိယံ။

(၉၂) ယံ ကာရဏံ၊ အကြင် အကြောင်းသည်။ သမာသန္နံ၊ အလွန် နီးကပ်၏။ တံ ကာရဏံ၊ ထိုအကြောင်းကို။ ပဒဋ္ဌာနန္တိ၊ ပဒဋ္ဌာန် မည်၏ ဟူ၍။ မတံ၊ သိအပ်၏။ တု၊ ပရိယာယ်အသစ် ထုတ်ဖော်လှစ်အံ့။ ဇီဝေါ၊

ပုရိသော၊ အတ္တာ၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တ။ ဝါ၊ တိတ္ထိတို့ ကြံဆအပ်သော အသက်, လိပ်ပြာ, ဝိညာဉ်ကောင်။ တိတ္ထိတို့ ကြံဆအပ်သော အတ္တာပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ပဓာန်၊ ပကတိ၊ သတ္တ ရဇ တမဂုဏ် သုံးပါးတို့၏ တူမျှသည်၏အဖြစ် ဟူသော မာယာ။ ဝါ၊ သတ္တ, ရဇ, တမ-ဟု ဆိုအပ်သော သုခ, ဒုက္ခ, မောဟအပေါင်း။ အယံ၊ ဤပကတိသဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သတ္တရဇတမဂုဏ် သုံးပါးတို့၏ တူသည်၏အဖြစ်ဟူသော မာယာပရိယာယ် ၂-ပုဒ်။]

[ပဒဋ္ဌာန်နှင့် စပ်၍—

သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပယေ။
ဖလံ ဝါ ပစ္စုပဋ္ဌာန-မုပဋ္ဌာနနယောပိ ဝါ။
အာသန္နကာရဏံ ယံ တု၊ တံ ပဒဋ္ဌာနသညိတံ—

ဟူသော အဘိဓမ္မာဝတာရ၊ ၆၃၄ ဂါထာများဖြင့် လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို တပေါင်းတည်း ပြချက်ဖြင့်လည်း သိနိုင်၏။ ပဒဋ္ဌာနကို ကာရဏ-ဟု ဖွင့်သည့်အရာလည်း ရှိသည်။ ယံ ပဒဋ္ဌာနန္တိ ယံ ကာရဏံ။ နေတ္တိ၊ ၄။ ၂၄။ အတ္တနှင့် စပ်၍ မှတ်သားဖွယ်များ အာယာရာမဆရာတော်၏ အဘိဓာန်နိဿယသစ် ကြည့်ရာ၏။ အတ္တ ၅-မျိုး ဒီ၊ ဋီ၊ ၁။ ၁၅၅။ အံ၊ ဋီ၊ ၃။ ၂၀-ကြည့်။ သတ္တ ရဇ တမသင်္ခါတာနံ တိဏ္ဏံ ဂုဏာနံ သမဘာဝေါ ပကတိ။ အနုဋီ၊ ၃။ ၆၄။ သတ္တ (သတ္တ) ရဇ တမသင်္ခါတာနံ သုခဒုက္ခမောဟာနံ သမုဒါယော ပကတိ ပဓာနန္တိ ဝုစ္စတိ-နှင့် အညီ ပရဂါဒီတို့၏ အယူအဆအတိုင်း ပဓာန်နှင့် ပကတိ-ကို အနက်ယောဇနာသည်။]

(၉၃) ပါဏော သရီရီ ဘူတံ ဝါ၊ သတ္တော ဒေဟီ စ ပုဂ္ဂလော။
ဇီဝေါ ပါဏီ ပဇာ ဇန္တု၊ ဇနော လောကော တထာဂတော။

(၉၃) ပါဏော၊ သရီရီ၊ ဘူတံ၊ သတ္တဝါ။ အယံ၊ ဤ ဘူတ-သဒ္ဒါ ... ဝါ၊ ... ပုလ္လိင် နပုလ္လိင်တည်း။ (အယံ-ထည့်) သတ္တော၊ ဒေဟီ၊

ပုဂ္ဂလော၊ ဇီဝေါ၊ ပါဏော၊ ပဇာ၊ ဇန္တု၊ ဇနော၊ လောကော၊ တထာဂတော၊ သတ္တဝါ။ သတ္တဝါပရိယာယ် ၁၃-ပုဒ်။

[မဟာနိ။ ၃။ ကာမသုတ္တနိဒ္ဒေသ၌ မစ္စောတိ သတ္တော နရော မာနဝေါ ပေါသော ပုဂ္ဂလော ဇီဝေါ ဇာဂု ဇန္တု ဣန္ဒဂု (ဟိန္ဒဂူ) မနုဇော-ဟူ၍ သတ္တဝါ ဟောပုဒ်များ လာရှိသည်။ ဒေဟီ-ပုဒ် ပါဠိတော်များ၌ မတွေ့ရ။ အဋ္ဌကထာများ, ဋီကာများနှင့် သက္ကတကျမ်းများ၌ တွေ့ရ၏။ သဗ္ဗေပိ ဒေဟိနော ဟောန္တု။ ဥဒါန၊ ဋ္ဌ။ ၃၉၃။ ဝိမာန၊ ဋ္ဌ။ ၃၃၄။ ပေတ၊ ဋ္ဌ။ ၂၆၉။ ထေရီ၊ ဋ္ဌ။ ၃၀၅။ နေတ္တိ၊ ဋ္ဌ။ ၂၇၆။ ဒေဟိနောတိ မနုဿဝိဂ္ဂဟာဿ။ ဝိ၊ နိဿယ၊ ဋီ၊ ၁။ ၁၃၈-နှာ။ နျာနျာနိ သံယာတိ နဝါနိ ဒေဟီ။ ဘဂဝတ်ဂီတ၊ ၂။ ၂၂။ ဒေဟီ ဒေဟဝတိ....စိန္တာမဏိ။ သတ္တဝါကို တထာဂတ-ဆိုသည်ကား ထိုရှေးသတ္တဝါတို့အတူ ကံကိလေသာတို့ကြောင့် ဖြစ်တတ် လာတတ် ရောက်တတ် သောကြောင့်တည်း။ သတ္တောတိ ယထေကော ကမ္မကိလေသေဟိ ဣတ္ထတ္တံ အာဂတော၊ တထာ အပရောပိ အာဂတောတိ "တထာဂတော"တိ ဝုစ္စတိ။ မ၊ ဋီ၊ ၂။ ၉၇။]

(၉၄) ရူပံ သဒ္ဒေါ ဂန္ဓရသာ၊ ဖဿော ဓမ္မော စ ဂေါစရာ။
အာလမ္ဗာ ဝိသယာ ဟေ ဆာ-ရမ္မဏာ လမ္ဗဏာနိ စ။

(၉၄) ရူပံ၊ ရူပါရုံဂုဏ်း။ သဒ္ဒေါ၊ သဒ္ဒါရုံဂုဏ်း။ ဂန္ဓရသာ၊ ဂန္ဓာရုံ ရသာရုံတို့ဂုဏ်း။ ဖဿော၊ ဖောဋ္ဌဗ္ဗာရုံဂုဏ်း။ ဓမ္မော စ၊ ဓမ္မာရုံဂုဏ်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဧတေ ဆ၊ ဤအာရုံခြောက်ပါးတို့သည်။ ဂေါစရာ၊ ဂေါစရတို့လည်း မည်ကုန်၏။ အာလမ္ဗာ၊ အာလမ္ဗတို့လည်း မည်ကုန်၏။ ဝိသယာ၊ ဝိသယတို့လည်း မည်ကုန်၏။ အာရမ္မဏာ၊ အာရမ္မဏတို့လည်း မည်ကုန်၏။ အာလမ္ဗဏာနိ စ၊ အာလမ္ဗဏတို့လည်း မည်ကုန်၏။

[အဖြူ အနီ စသော အရောင်အမျိုးမျိုးသည် ရူပါရုံ၊ သက်ရှိ သတ္တဝါ, သက်မဲ့အရာဝတ္ထုတို့၏ အသံအမျိုးမျိုးသည် သဒ္ဒါရုံ၊ ကောင်းကောင်းဆိုးဆိုး အနံ့အမျိုးမျိုးသည် ဂန္ဓာရုံ၊ ချို, ချဉ်,

စပ်, ငန်, ခါး, အဖန်-ဟူသော အရသာ ခြောက်ပါးသည် ရသာချုံ၊ ပထဝီ, တေဇော, ဝါယောဟူသော တွေ့ထိ၍ ရကောင်းသမျှ ခက် ၃-ပါးသည် ဖောဋ္ဌဗ္ဗာရုံ၊ ထိုအာရုံ ၆-ပါးမှ အလွတ်ဖြစ်သော ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့သည် ဓမ္မာရုံ မည်၏။ အဘိ၊ ဓ။ ၁၆၂၊ ၁၆၃။]

(၉၅) သုက္ကော ဂေါရော သိတောဒါတာ၊ ဓဝလော သေတပဏ္ဍရာ။
သောဏော တု လောဟိတော ရတ္တော၊ တမ္ဗမဉ္ဇိဋ္ဌ ရောဟိတာ။

(၉၅) သုက္ကော၊ ဂေါရော၊ သိတော၊ ဩဒါတာ၊ အဖြူတို့။ ဓဝလော၊ သေတ၊ ပဏ္ဍရာ၊ အဖြူတို့။ အဖြူပရိယာယ် ၇-ပုဒ်။ တု၊ ထိုမှတပါး။ သောဏော၊ လောဟိတော၊ ရတ္တော၊ တမ္ဗ၊ မဉ္ဇိဋ္ဌ၊ ရောဟိတာ၊ အနီတို့။ အနီပရိယာယ် ၆-ပုဒ်။

[နီတိ၊ ဓာ။ ၆၇-၌—

သေတံ သိတံ သုစိ သုက္ကံ၊ ပဏ္ဍရံ ဓဝလမ္ပိ ဝါ။
အဝာတံ ဂေါရမောဒါတံ၊ သေတနာမာနိ ဟောန္တိ ဟိ—

ဟူ၍ အဖြူဟောပရိယာယ် ၉-ပုဒ် လာရှိ၏။]

(၉၆) နီလော ကဏှာသိတာ ကာဠော၊ မေစကော သာမသာမလာ။
သိတပီတေ ဘု ပဏ္ဍုတ္တော၊ ဤသံပဏ္ဍု တု ဓူသရော။

(၉၆) နီလော၊ ကဏှ၊ အသိတာ၊ ကာဠော၊ မေစကော၊ သာမ၊ သာမလာ၊ အမည်း။ ဝါ၊ အနက်။ အမည်းအနက်ပရိယာယ် ၇-ပုဒ်။ တု၊ ထိုမှတပါး။ ပဏ္ဍု၊ ပဏ္ဍု-သဒ္ဒါကို၊ သိတပီတေ၊ အဖြူ အရွှေရောသော အဆင်း၌။ ဝါ၊ ဖျော့သောအဆင်း၌။ ဥတ္တော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဤသံပဏ္ဍု၊ စဉ်းငယ်ဖျော့သော အဆင်းသည်။ ဓူသရော၊ ဓူသရ မည်၏။

[နီလ-စသော အဆင်းဂုဏ်ဟော ပုဒ်များသည် ဂုဏနာမ်ပုဒ် များ ဖြစ်ရကား နီလော ပုရိသော၊ နီလာ ကညာ၊ နီလံ ရူပံ-စသည်ဖြင့် ၃-လိင် ဆံပုဒ်များဟု မှတ်ရာ၏။ ရူပသိဒ္ဓိ၊ ၁၁၁-၌လည်း—

နီလာဒိဂုဏနာမဥ္စ၊ ဗဟုဗ္ဗီဟိ စ တဒ္ဓိတံ။
သာမညဝုတ္တျတိတာဒိ-ကိတန္တံ ဝါစ္စလိင်္ဂိကံ—

ဟု မိန့်ဆို၏။]

(၉၇) အရုဏော ကိဉ္စိရတ္တောထ၊ ပါဋလော သေတလောဟိတော။
အထော ပီတော ဟလိဒ္ဒါဘော၊ ပလာသော ဟရိတော ဟရိ။

(၉၇) ကိဉ္စိရတ္တော၊ စဉ်းငယ်နီသော။ ဝဏ္ဏော၊ အဆင်းသည်။ အရုဏော၊ အရုဏ်အဆင်း မည်၏။ အာ၊ ထိုမှတပါး။ သေတလောဟိတော၊ အဖြူ အနီ ရောသော အဆင်းသည်။ ပါဋလော၊ ပါဋလမည်၏။ ဝါ၊ နှင်းဆီပွင့်အဆင်း မည်၏ (အဘယ ဘရာမ ဆရာတော်အနက်)။ အထော၊ ထိုမှတပါး။ ပီတော၊ ရွှေသောအဆင်း။ ဝါ၊ ဝါသောအဆင်း။ ဟလိဒ္ဒါ-ဘော၊ ရွှေသောအဆင်း။ ဝါ၊ ဝါသောအဆင်း။ ဝါသောအဆင်း ပရိယာယ် ၂-ပုဒ်။ ပလာသော၊ စိမ်းသောအဆင်း။ ဟရိတော၊ စိမ်းသောအဆင်း။ ဟရိ၊ စိမ်းသော အဆင်း။ စိမ်းသောအဆင်း ပရိယာယ် ၃-ပုဒ်။

[အရုဏ်ဟူသည် နေမထွက်မီ ရှေးဦးစွာထွက်လာသော နေ၏ ရွှေပြေး အရောင်တည်း။ အရုဏော နာမ ပုရတ္ထိမဒိသာယ သူရိ-ယောဒယတော ပုရေတရမေဝ ဥဋ္ဌိတောဘာသော။ ဥဒါန၊ ဋ္ဌ။ ၁၆၇။ ဟလိဒ္ဒါဘော၊ နနွင်းကဲ့သို့ ဝါသောအဆင်း ဟူ၍ငင်း။ ပလာသော၊ ဖက်ရွက်အဆင်း ဟူ၍ငင်း ကျော်အောင်စံထား ဆရာတော် ယောဇနာတော်မူသည်။ သဒ္ဒါနက်တည်း။]

(၉၈) ကဠာရော ကပိလော နီလ-ပီတေတ ရောစနပ္ပဘော။
ပိင်္ဂေါ ပိသင်္ဂေါ ပျထဝါ၊ ကဠာရုဒီ တု ပိင်္ဂလေ။

(၉၈) ကဠာရော၊ ကဠာရ-သဒ္ဒါသည်၎င်း။ ကပိလော၊ ကပိလ-သဒ္ဒါ သည်၎င်း။ နီလပီတော၊ အညို အဝါရောသော အဆင်း၌။ ဝါ၊ အမည်း အဝါ ရောသော အဆင်း၌။ ဝါ၊ ကြောင်ကျားသော အဆင်း၌ ဟ္တတိ၊ ဖြစ်၏။ ကြောင်သောအဆင်း ပရိယာယ် ၂-ပုဒ်။ အကာ၊ ထိုမှတပါး။ ပိင်္ဂေါ၊ ပိင်္ဂ သဒ္ဒါ-သည်၎င်း။ ပိသင်္ဂေါ၊ ပိသင်္ဂ-သဒ္ဒါသည်၎င်း။ ရောစနပ္ပဘော၊ ဂေါရောစဉ်း

ကျောက်ရောင်နှင့် တူသော အရောင်ရှိသော အဆင်း၌။ ဝါ၊ ပြိုးပြိုးပြက် အရောင်ရှိသော အဆင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ပြိုးပြိုးပြက် အရောင်ရှိသော အဆင်းပရိယာယ် ၂ ပုဒ်။ အထဝါ၊ တနည်းကား။ ကဋ္ဌာရာဒိ တု၊ ကဋ္ဌာရ-အစရှိသော သဒ္ဒါတို့သည်ကား။ ဝါ၊ ကဋ္ဌာရ-အစ ပိသင်္ဂ-အဆုံးရှိသော သဒ္ဒါတို့သည်ကား။ ပိင်္ဂလေ၊ ကြောင်သောအဆင်း သာမန်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ရောစနပ္ပဘော-ကို "ရောစနပ္ပဘော ဂေါရောစနသဒိသပ္ပဘာယံ ပိင်္ဂေ၊ ပိသင်္ဂေ စ ဝတ္တန္တိ" ဟူသော ဋီကာနှင့်အညီ ယောဇနာသည်။]

(၉၉) ကမ္ဗာသော သဗလော စိတ္တော၊ သာဝေါ တု ကဏှပီတကေ။
ဝါစ္စလိင်္ဂါ ဂုဏိန္ယေတေ၊ ဂုဏေ သုက္ကာဒယော ပုမေ။

(၉၉) ကမ္ဗာသော၊ ပြောက်ကျားသောအဆင်း။ သဗလော၊ ပြောက်ကျားသော အဆင်း။ စိတ္တော၊ ပြောက်ကျားသော အဆင်း။ တု၊ ထိုမှ တပါး။ သာဝေါ၊ သာဝသဒ္ဒါသည်။ ကဏှပီတကေ၊ အမည်း အဝါရောသော အဆင်း၌။ ဝါ၊ အမည်း အရွှေရောသော အဆင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဧတေ သုက္ကာဒယော၊ ထိုသုက္က-အစရှိသော သဒ္ဒါတို့သည်။ ဂုဏိနိ၊ ဂုဏော၌။ ဝတ္တမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ ဝါစ္စလိင်္ဂါ၊ ဝါစ္စ၏လိင်သို့ လိုက်ကုန်၏။ ဝါ၊ ဂုဏော၏လိင်သို့ လိုက်ကုန်၏။ ဂုဏေ၊ ဂုဏ်၌၊ ဝတ္တမာနာ၊ ဖြစ်ပါကုန်မူကား။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ပြောက်ကျားသောအဆင်းဟူသည် ဥဩ လည်ပင်း အဆင်း အလား ပြောက်ကျားသော အဆင်းတည်း။ ဝါ၊ ကြောင်ကြောင် ကျားကျား အဆင်းတည်း။ သုက္က-စသော သဒ္ဒါများ ဂုဏော၌ဖြစ်၍ ၃-လိင် ဖြစ်ရာ၌ ပုံစံကား—သုက္ကော ဟံသော၊ သုက္ကာ ဟံသီ၊ သုက္ကံ ဟံသကုလံ-စသည်တည်း။ ဂုဏ်သက်သက်၌ဖြစ်မူ ပုလ္လိင်ဟူ၏။ ပုံစံကား——ဟံသဿ သုက္ကော၊ မယူရဿ စိတ္တော-စသည်တည်း။]

(၁၀၀) နစ္စံ နဋ္ဋံ စ နဋ္ဋနံ၊ နတ္တနံ လာသနံ ဘဝေ။
နစ္စံ တု ဝါဒိတံ ဂီတ-မိတိ နာဋျမိဒံ တယံ။

(၁၀၀) နစ္စံ၊ ကခြင်း။ နင့္ဓံ၊ ကခြင်း။ နဋ္ဋနံ၊ ကခြင်း။ နတ္တနံ၊ ကခြင်း။ လာသနံ၊ ကခြင်း။ သမော၊ အနက်တူသည်။ ဘာဝေ၊ ဖြစ်၏။ (သမော-ထည့်ပါ၍) ကခြင်းပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ နစ္စံ၊ ကခြင်းရင်း။ ဝါဒိတံ၊ တီးမှုတ်ခြင်းရင်း။ ဂီတံ၊ သီဆိုခြင်းရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဣဒံ တယံ၊ က, တီး, သီဆို ဤသုံးပါးသည်။ နာဋျံ၊ နာဋျမည်သည်။ ဝါ၊ ကချေသည်တို့၏ အမှု လုပ်ငန်းမည်သည်။ ဝါ၊ ကချေသည်တို့၏ ဥစ္စာမည်သည်။ ဘာဝေ၊ ဖြစ်၏။

[ကခြင်းဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို အချက်ကျကျ လှုပ်ရှားခြင်းဖြစ်၏။ သို့ဖြစ်ရာ "နတော ဟု ဂတ္တဝိက္ခေပေ" ဟူသော ဓာတ်နက်နှင့် ကိုက်ညီလှပေ၏။ က-ပြရာ၌ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ လှုပ်ရှားပြရုံနှင့် မပြီးသေး၊ အတီးအမှုတ် အဆိုလည်း ပါမှ ဖြစ်၏။ သို့ဖြစ်၍ ယင်း အက, အတီး, အဆိုကို "ကချေသည်တို့၏ အမှု လုပ်ငန်း၊ ဝါ၊ ကချေသည်တို့၏ ဥစ္စာ" ဟု ခေါ်လေသည်။ ယင်းသို့ ကခြင်း, တီးမှုတ်ခြင်း, သီဆိုခြင်း တို့မှာ နတ်,လူနှင့် တိရစ္ဆာန်များ၌ ရှိ၏။]

(၁၀၁) နစ္စဋ္ဌာနံ သိယာ ရင်္ဂါ-ဘိနယော သူစျသူစနံ။
အင်္ဂဟာရောင်္ဂဝိက္ခေပေါ၊ နဋ္ဋကော နဋ္ဋကော နဋ္ဋော။

(၁၀၁) နစ္စဋ္ဌာနံ၊ ကရာအရပ်သည်။ ရင်္ဂေါ၊ ရင်မည်သည်။ သိယာ၊ ဖြစ်ရာ၏။ သူစျသူစနံ၊ ပြသင့်ပြထိုက်သော ခေါးခုတ်ဟန် အစရှိသည်ကို လက်အစရှိသည်တို့ဖြင့် ပြခြင်းသည်။ အဘိနယော၊ အဘိနယ မည်၏။ အင်္ဂဟာရော၊ လက်ခြေစသား အင်္ဂါများကို ပစ်နွဲခြင်း။ ဝါ၊ လက်ခြေစသား အင်္ဂါများကို လှုပ်ရှားစေခြင်း။ အင်္ဂဝိက္ခေပေါ၊ လက်ခြေစသား အင်္ဂါ များကို ပစ်နွဲခြင်း။ ဝါ၊ လက်ခြေစသား အင်္ဂါများကို လှုပ်ရှားစေခြင်း။ လက်ခြေစသည့် အင်္ဂါများ ပစ်နွဲခြင်း ပရိယာယ် ၂-ပုဒ်။ နဋ္ဋကော၊ ကချေသည်။ နဋ္ဋကော၊ ကချေသည်။ နဋ္ဋော၊ ကချေသည်။ ကချေသည် ပရိယာယ် ၃-ပုဒ်။

[ပွဲကြည့်သူတို့အား ခေါးခုတ်ဟန်, လုံထိုးဟန် စသည်တို့ကို ပြခြင်းသည် အဘိနယမည်၏။ နယနံ နယော၊ ပယာဘိမုခံ နယောတိ ကတ္ဘာ။ ဗျဥ္ဇနကောတိပိ တဿေဝ နာမံ။ ဋီကာ။]

(၁၀၂) သိင်္ဂါရော ကရုဏော ဝီရ-ဗ္ဘုတ ဟဿ ဘယာ နကာ။
သန္တော ဗီဘစ္ဆ ရုဒ္ဒါနိ၊ နဝ နာဋျရသာ ဣမေ။

(၁၀၂) သိင်္ဂါရော၊ ချစ်ကြိုက်ခြင်းရင်း။ ကရုဏော၊ သနားကြင်နာခြင်းရင်း။ ဝီရော၊ ရဲရင့်ခြင်းရင်း။ အဗ္ဘုတဟဿဘယာနကာ၊ အံ့ဖွယ်သရဲဖြစ်ခြင်း, ရယ်ရွှင်ခြင်း, ကြောက်ခြင်းတို့ရင်း။ သန္တော၊ ငြိမ်သက်ခြင်းရင်း။ ဗီဘစ္ဆရုဒ္ဒါနိ၊ စက်ဆုပ်ခြင်း, ကြမ်းကြုတ်ခြင်းတို့ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့် (ဣတိ-ထည့်ပါ၄)။ ဣမေ နဝ၊ ဤကိုးပါးတို့သည်။ နာဋျရသာ၊ နာဋျရသ မည်ကုန်၏။ နာဋျရသ ၉-ပါး ဟူ၏။

[ကျော်အောင်စံထား နိဿယ-၌ "သိင်္ဂါရော၊ စံပယ်ခြင်း"ဟု ပြန်ဆို၏။ ငုပ်နေသည်၊ ချစ်ကြိုက်ခြင်း-ဟု ပြန်ခြင်းက ပို၍ပေါ်လွင်သည်။ နောက်ဂါထာလည်း ကြည့်။ ရသီယတီတိ ရသော-ဟူသည်နှင့် အညီ သာယာအပ်သော သဘောကို အရသာဟု ခေါ်သည်။ ဟင်းလျာ၏အရသာကို သိသူသည် "ချို,ဆိမ့်,ချဉ်, ဖန်၊ ခါး,အငန်၊ ခြောက်တန်အရသာ"ဟူသည့်အတိုင်း ဟင်းလျာ၌ ပါရှိသော အရသာကို သာယာအပ်၏။ ထို့အတူ ကဗျာ၊ သို့မဟုတ် စာပေ၏ အရသာကို သိသူသည် လွမ်းစရာကဗျာ၊ သို့မဟုတ် စာပေ သီချင်းကို ဖတ်ရ,ကြားရလျှင် လွမ်းခြင်းသည်ပင် သာယာသည် မည်၏။

သုဗောဓာလင်္ကာရ၊ ၃၄၂-လာ—

ရတိ ဟာသော စ သောကော စ၊ ကောဓုဿာဟ ဘယံပိ စ။
ဇိဂုစ္ဆာ ဝိမှယော စေဝ၊ သမော စ နဝဋ္ဌာယိနော—

ဟူသော ဌာယီဘာဝ ၉-ပါးသည်လည်း အမည်ကွဲသော်လည်း ဤရသ ၉-ပါးနှင့် အတူ ဖြစ်၏။]

(၁၀၃) ပေါဿ နာရိယံ ပေါသော၊ ဣတ္ထိယာ သင်္ကမံ ပတိ။
ယာ ပိဟာ သေ သိင်္ဂါရော၊ ရတိကီဠာဒိကာရဏော။

(၁၀၃) ပေါဿ၊ ယောကျ်ား၏။ ဝါ၊ ဖိုသတ္တဝါ၏။ နာရိယံ၊ မိန်းမ၌။ ဝါ၊ မိန်းမနှင့်။ ဝါ၊ မသတ္တဝါ၌။ ဝါ၊ မသတ္တဝါနှင့် (သဟာဒိ-

ယောဂတ္တ ၌ သတ္တမီသက်)။ သင်္ဂမံ၊ ပေါင်းဆုံနှီးနှော ခြင်းကို။ ပတိ၊ စွဲ၍ ဖြစ်သည်ကို။ ဝါ၊ ၏။ ပေါသော၊ ၌။ ဝါ၊ နှင့်။ သင်္ဂမံ၊ ကို။ ပတိ၊ စွဲ၍ ဖြစ်တတ်သည်ကို။ ယာ ပိဟာ၊ အကြင် ချစ်ကြိုက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ရတိကီဠာဒိ-ကာရဏော၊ မွေ့လျော်ပျော်ပိုက်ခြင်း, ကစားမြူးထူးခြင်း အစရှိသည်လျှင် အကြောင်းရင်းရှိသော။ သော၊ ဤ ချစ်ကြိုက်ခြင်းသည်။ သိင်္ဂါရော၊ သိင်္ဂါရ မည်၏။

[ဤ ဂါထာကား သိင်္ဂါရ ရသ အဓိပ္ပါယ်ကို ပြသည်။ ယောကျ်ား မိန်းမ၊ တနည်း ဖိုသတ္တဝါ မသတ္တဝါတို့ နှစ်ဦး သဘောတူ ချစ်တင်းနှီးနှောခြင်း။ ဝါ၊ ချစ်သွေး မြူးခြင်းသည် သိင်္ဂါရရသ မည်၏။]

(၁၀၄) ဥတ္တမပ္ပကတိပ္ပါယော၊ ဣတ္ထိပုရိသ ဟေတုကော။
သော သမ္ဘောဂေါ ဝိယောဂေါတိ၊
သိင်္ဂါရော ဒုဝိဓော မတော။

(၁၀၄) ဥတ္တမပ္ပကတိပ္ပါယော၊ မြတ်သောသဘော များစွာပါရှိသော။ ဣတ္ထိပုရိသဟေတုကော၊ မိန်းမ ယောကျ်ားလျှင် အကြောင်းရင်းရှိသော။ ဝါ၊ မိန်းမ ယောကျ်ားတို့၏ ချစ်ကြိုက်ခြင်းလျှင် အကြောင်းရင်းရှိသော။ သော သိင်္ဂါရော၊ ထို သိင်္ဂါရကို။ သမ္ဘောဂေါ၊ သမ္ဘောဂ သိင်္ဂါရဟူ၍၎င်း။ ဝါ၊ တကွကြိုက်ကြုံ ပေါင်းဆုံ နှီးနှောခြင်းဟူ၍၎င်း။ ဝိယောဂေါ၊ ဝိယောဂ-သိင်္ဂါရဟူ၍၎င်း။ ဝါ၊ ကွေကွင်း ကွဲကွာခြင်းဟူ၍၎င်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ ခွဲခြား သရုပ်အားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏ ဟူ၍။ မတော၊ သိအပ်၏။

[ဤ ဂါထာဖြင့် သမ္ဘောဂသိင်္ဂါရ ရသ, ဝိယောဂသိင်္ဂါရ ရသ အားဖြင့် ၂-မျိုး ပြားသေးကြောင်း ပြ၏။ မိန်းမ ယောကျ်ားတို့ အချစ်သဘော အကြိုက်သဘောဖြင့် စည်းစိမ် ခံစားခြင်းသည် သိင်္ဂါရ သမ္ဘောဂရသ မည်၏။ ချစ်ကြိုက်နေတုန်း ပျော်တုန်း ပါးတုန်း သေကွဲ ရှင်ကွဲ ကွဲကွာခြင်းသည် ဝိယောဂသိင်္ဂါရရသ မည်၏။]

(၁၀၅) ဘာသိတံ လပိတံ ဘာသာ၊ ဝေါဟာရော ဝစနံ ဝစော။
ဥတ္တိ ဝါစာ ဂိရာ ဝါဏီ၊ ဘာရတီ ကထိတာ ဝစီ။

(၁၀၅) ဘာသိတံ၊ လပိတံ၊ ဘာသာ၊ ဝေါဟာရော၊ ဝစနံ၊ ဝစော၊ ဥတ္တိ၊ ဝါစာ၊ ဂိရာ၊ ဝါဏီ၊ ဘာရတီ၊ ကထိတာ၊ ဝစီ၊ စကား။ စကား ပရိယာယ် ၁၃-ပုဒ်။

[ဝါစ္စလိင်သို့ လိုက်သော ဘာသိတ-သဒ္ဒါ ၃-လိင်တည်း။ ပုံစံ– ဘာသိတော ဓမ္မော၊ ဘာသိတံ ဝစနံ၊ ဘာသိတာ ဝါစာ။ နီတိ၊ ဓာ။ ၁၈၀ ကြည့်။ ဗြာဟ္မီ, ဂီ, ရာ, သရဿတီ, ဗျဝဟာရ, သဒ္ဒေါဝတီ-တို့လည်း စကားဟော ပရိယာယ် သဒ္ဒါတို့ဟု သိလေ။ ဂိရာ-သဒ္ဒါ ပါဠိသုံး ပေါ်များ၏။ သုတ္တန္တ မဝုရ် ဂိရံ။ သံ၊၁။၁၉၂။ ဂိရာဟိတိ ဝစနေဟိ။ ဒီဋ္ဌ၊၂။၂၇၉။ ဗျပ္ပထ-လည်း စကားဟော ပရိယာယ်တည်း။ ဝိသံဝါဒနပုရေက္ခာရဿ ဝါစာ ဂိရာ ဗျပ္ပထော။ ဝိ၊၂။၂။]

(၁၀၆) ကောချာတော ပဒစယော၊ သိယာ ဝါကျံ သကာရကော။
အာမေဍိတန္တိ ဝိညေယျံ၊ ဒွတ္တိက္ခတ္တုမုဒီရဏံ။

(၁၀၆) ကောချာတော၊ တခုသော အာချာတ်ပုဒ်ရှိသော။ သကာရကော၊ ကာရကနှင့် တကွဖြစ်သော။ ပဒစယော၊ ပုဒ်အပေါင်းသည်။ ဝါကျံ၊ ဝါကျမည်သည်။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ်သုံးကြိမ်။ ဥဒီရဏံ၊ ရွတ်ဆိုခြင်းကို။ အာမေဍိတံ၊ အာမေဍိတ်ဟူ၍။ ဝိညေယျံ၊ သိအပ်၏။

[အမရ။၆။၂-၌ "တိသ်ုဗန္တစယော ဝါကျံ၊ ကြိယာ ဝါ ကာရကန္ဒိတာ"ဟူသော ဂါထာ ၂-ပါဒဖြင့် "အာချာတ်ဝိဘတ်, နာမ်ဝိဘတ် အဆုံးရှိသော အချင်းချင်း စပ်သော အနက်ရှိသော ပုဒ်အပေါင်းသည် ဝါကျ။ တနည်း–ကာရကတို့နှင့် စပ်ယှဉ်သော ကြိယာသည် ဝါကျမည်၏"ဟု ဆို၏။ ဘေဒစိန္တာ၌ကား—

ဘေဒါ ဘေဒကဘူတတ္ထံ၊ ပဏ္ဍ ဝေါဟာရ နိဿိတံ။
နာနာပဒံ ဝိဘာဝေတိ၊ ယံ တံ ဝါကျန္တိ ဝုစ္စတိ–

ဟူသော ဂါထာ(၁၂)ဖြင့် "လူများ ပြောရိုးဆိုစဉ်ကိုမှီး၍ ဝိသေသန ဝိသေသျဖြစ်သော ဝဒန္တအလိုအတိုင်း ပြည့်စုံသော အနက်ကို ပြတတ်သော ပုဒ်အမျိုးမျိုးကို ဝါကျ"ဟု ဆိုကြောင်း ပြသည်။

ရင်းအပြင် ဘေဒစိန္တာ၌ပင်—

ပဋိညာဥပမာဟေတု–ဥဒါဟရဏာနိဂမ။
ဝိသေနာဝယဝါ ပဥ္စ–ဝိဝ ဝါဓကျ ယဟာရဟံ—

ဟူသော ဂါထာ(၁၄)ဖြင့် သက္ကတနျာယကျမ်းလာ ဝါကျာဝယဝ ၅-ပါးကိုလည်း မှတ်ဖွယ်ရာအဖြစ် ပြထား၏။ အာမေဍိတ်ကို "အာမေဍိယတိ ဝါ ပုနပ္ပုနမုစ္စာရိယတီတိ အာမေဍိတံ"ဟု သီ၊ ဋီ၊ သစ်၊ ၂။ ၁၆၇-နှင့် ဓာန်၊ ဋီ-တို့၌ ဝိဂ္ဂဟ်ပြု၏။

ကြောက်ရာအခါ - စသည်၌ ဆိုအပ်သော အာမေဍိတ်သည် ကေဝလာမေဍိတ် မည်၏။ ဝိစ္ဆာသည် အနေကာမေဍိတ် မည်၏။ မောဂ်၊ သျ၊ ၁။ နှာ။ ၁၇၀။

ဘေဒစိန္တာ။ ၂၇၂-၌—

ဘုဒသာရိတေပိ နေကတ္တံ၊ ဝိစ္ဆာဝစနမီရိတံ။
အာမေဍိတံ ပနေကတ္တံ၊ ဒွတ္တိက္ခတ္တုမုဒီရိတံ—

ဟူသော ဂါထာဖြင့် "အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုအပ်သော သဒ္ဒါများတွင် အနက်များသော သဒ္ဒါကို ဝိစ္ဆာ၊ တနက်သာရှိသော ၂-ကြိမ် ၃-ကြိမ် ရွတ်ဆိုအပ်သော သဒ္ဒါကို အာမေဍိတ်" ဟု ဆို၏။]

(၁၀၇) ဘယေ ကောဓေ ပသံသာယံ၊ တုရိတေ ကောတူဟလစ္ဆရေ။
ဟာသေ သောကေ ပသာဒေ စ၊ ကရေ အာမေဍိတံ ဗုဓော။

(၁၀၇) ဘယေ၊ လိုက်ခုန် တုန်နန့် ကြောက်လန့်ရာ အခါ၌ရင်း။ ကောဓေ၊ ပြင်းစွာအမျက် ချောင်းချောင်းထွက်ရာ အခါ၌ရင်း။ ပသံ-သာယံ၊ နှစ်သက်အားရမ်း - ချီးမွမ်းရာအခါ၌ရင်း။ တုရိတေ၊ အဆောတလျင်ပြုရာ အခါ၌ရင်း။ ကောတူဟလေ၊ အထူးအဆန်းကို တွေ့မြင်ရာ အခါ၌ရင်း။ ဝါ၊ အုဘ်အုဘ် ကျက်ကျက် ကျက်ကျက်ဆူဖြစ်ရာ အခါ၌

ဌင်း။ အစ္ဆရော၊ အံ့ဩဖွယ် အခါ၌ဌင်း။ ဟာသော၊ ရွှင်လန်းရာ အခါ၌ဌင်း။ သောကေ၊ စိုးရိမ်ရာ အခါ၌ဌင်း။ ပသာဒေ စ၊ ဝမ်းမြောက် သာရွှင် ကြည်လင်ရာ အခါ၌ဌင်း။ ဗုဓော၊ ပညာရှိသည်။ အာမေဍိတံ၊ အာမေဍိတ်ကို။ ကဒေ၊ ပြုရာ၏။

[ဤ ဘယေ ကောဓေ ပသံသာယံ-စသော ဂါထာ–ဝိ၊ ၁။ ၁၊ ၉။ ဒီ၊ ဋ္ဌ၊ ၁။ ၂၃၀။ မ၊ ဋ္ဌ၊ ၁။ ၁၃၄။ အံ၊ ဋ္ဌ၊ ၂။ ၁၅-စသည် တို့၌လည်း လာ၏။ ဥဒါပ ရုဏ်များနှင့်စပ်၍ ပြပုံကို အောက်ပါ ဋီကာများလာ စကားဖြင့် သိရာ၏—

တတ္ထ "စောရော စောရော၊ သပ္ပေါ သပ္ပေါ"တိအာဒီသု ဘယေ အာမေဍိတံ။ "ဝိဇ္ဈ ဝိဇ္ဈ၊ ပဟရ ပဟရာ"တိ အာဒီသု ကောဓေ။ "သာဓု သာဓူ"တိ အာဒီသု ပသံသာယံ။ "ဂစ္ဆ ဂစ္ဆ၊ လုနာဟိ လုနာဟီ"တိ အာဒီသု တုရိတေ။ "အာဂစ္ဆ အာဂစ္ဆာ"တိ အာဒီသု ကောတူဟလေ။ "ဗုဒ္ဓေါ ဗုဒ္ဓေါတိ စိန္တေန္တော"တိ အာဒီသု အစ္ဆရေ။ "အဘိက္ကမထာယသ္မန္တော၊ အဘိက္ကမထာယသ္မန္တော"တိ အာဒီသု ဟာသေ။ "ကဟံ ဧကပုတ္တက၊ ကဟံ ဧကပုတ္တကာ"တိ အာဒီသု သောကေ။ "အဟော သုခံ၊ အဟော သုခ"န္တိ အာဒီသု ပသာဒေ။ စ-သဒ္ဒေါ အဝုတ္တသမုစ္စယတ္ထော။ တေန ဂရဟာအသမ္မာနာဒီနံ သင်္ဂဟော ဒဋ္ဌဗ္ဗော။ တတ္ထ "ပါပေါ ပါပေါ"တိ အာဒီသု ဂရဟာယံ။ "အဘိရူပက အဘိရူပကာ"တိ အာဒီသု အသမ္မာနေ ဒဋ္ဌဗ္ဗံ။ သာရတ္ထ၊ ၁။ ၄၁၁။ ဒီ၊ ဋီ၊ ၁။ ၂၇၃။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၆၆။ မ၊ ဋီ၊ ၁။ ၂၃၀။ အံ၊ ဋီ၊ ၂။ ၁၅။

(ဆောင်) ကြောက်၊ မျက်၊ ချီးလျှင်၊ အုတ်၊ အံ့၊ ရွှင်၊ စိုး၊ လျှင်၊ ကဲ့လွန်နိုး။ အာမေဍိတ်ပြား၊ အမြွက်ကြား၊ မှတ်သား သိဿမျိုး၊ (ဆရာတော် ဦးဗုဓ်) ]

(၁၀၇) ဣရု နာရိ ယဇု သာမ–မိတိ ဝေဒါ တယော သိယုံ။
အေတေ ဧဝ တယီ နာရိ၊ ဝေဒေါ မန္တော သုတိတ္ထိယံ။

(၁၀၈) ဣရု၊ ဣရုဝေဒဌင်း။ ဝါ၊ ဣရုဗေဒင်ဌင်း။ အယံ၊ ဤ ဣရု-သဒ္ဒါသည်။ နာရီ၊ ဣတ္ထိလိင်တည်း။ ယဇု၊ ယဇုဝေဒဌင်း။ ဝါ၊ ယဇုဗေဒင်

ရင်း။ သာမံ၊ သာမဝေဒရင်း။ ဝါ၊ သာမဗေဒင်ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဝေဒါ၊ ဝေဒကျမ်းတို့သည်။ ဝါ၊ ဗေဒင်တို့သည်။ တယော၊ သုံးပါးတို့သည်။ ဝါ၊ သုံးပုံတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ တေ ဧဝ၊ ဤဝေဒသုံးပါးတို့သည်သာလျှင်။ ဝါ၊ ဤဗေဒင်သုံးပုံတို့သည်သာလျှင်။ တယီ၊ တယီလည်း မည်၏။ နာရိ၊ ဣတ္ထိလိင်တည်း။ ဝေဒေါ၊ မန္တော၊ သုတိ၊ ဗေဒင်ကျမ်း။ အယံ၊ ဤ သုတိ-သဒ္ဒါသည်။ ဣတ္ထိယံ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ၏။ ဗေဒင်ပရိယာယ်၃-ပုဒ်။

[ဣရုဝေဒ-ဟူသည် နေလကြတ်ခြင်း, နက္ခတ် တာရာများ အသွားမမှန်ခြင်းကြောင့် ဘေးဥပဒ် အန္တရာယ်ဖြစ်တတ်, ပျက်တတ်ပုံကို ပြရာကျမ်းတည်း။ ယဇုဝေဒ-ဟူသည် မိမိတို့ အပေါ်၌ ရောက်ဆဲ,ရောက်လတံ့ ဘေးရန်များမှ လွတ်ကင်း ပျောက်ငြေရန် ဂြိုဟ်နက္ခတ်-စသည် တို့ကို ပူဇော်သောနည်း, ယတြာပြုနည်းကို ပြဆိုရာ ကျမ်းတည်း။ သာမဝေဒ-ဟူသည် နေလတို့၏ သွားရာ လမ်းကို ၁၂-ရာသီခွင်ပြု၍ မည်သည့်ရာသီခွင်၌ မည်သည့်ဂြိုဟ် ရပ်တန့်နေသည်ကို ကြည့်ပြီးလျှင် အင်္သာ, လိတ္တာ, တြွင်း,နဝင်း-စသည်တို့ဖြင့် ဝေဘန်လျက် ကောင်း-မကောင်း ဟောရာကျမ်းတည်း။ အာထဗ္ဗဏဝေဒ (အာထဗ္ဗဏဗေဒင်) ကိုထည့်၍ ဗေဒင် ၄-ပုံဟုလည်း အသုံးရှိ၏။ အာထဗ္ဗဏဝေဒကျမ်းကား—အာထဗ္ဗရသေ့ ညွှန်းပြစီရင်သော ဗေဒင်ကျမ်းတည်း။ မိုးထွန်းခြင်း,မန္တန်စုပ်ခြင်း-စသော တပါးသူတို့ သေစေဖို့, ပျက်စီးဖို့ အစီရင်ကို ပြဆိုရာကျမ်း။ အာထဗ္ဗဏိကာတိ ပရူပဃာတမန္တဇာနနကာ။ မဟာနိ၊ ၄။ ၂၆၄။]

(၁၀၉) အဋ္ဌကော ဝါမကော ဝါမ-ဒေဝေါ စင်္ဂီရသော ဘဂု။
ယမဒဂ္ဂိ စ ဝါသိဋ္ဌော၊ ဘာရဒွါဇော စ ကဿပေါ။
ဝေဿာမိတ္တောတိ မန္တာနံ၊ ကတ္တာရော ဣသယော ဣမေ။

(၁၀၉) အဋ္ဌကော၊ အဋ္ဌကရသေ့ရင်း။ ဝါမကော၊ ဝါမကရသေ့ရင်း။ ဝါမဒေဝေါ၊ ဝါမဒေဝရသေ့ရင်း။ အင်္ဂီရသော၊ အင်္ဂီရသရသေ့ရင်း။ ဘဂု၊ ဘဂုရသေ့ရင်း။ ယမဒဂ္ဂိ စ၊ ယမဒဂ္ဂိရသေ့ရင်း။ ဝါသိဋ္ဌော၊ ဝါသိဋ္ဌရသေ့ရင်း။ ဘာရဒွါဇော စ၊ ဘာရဒွါဇရသေ့ရင်း။ ကဿပေါ၊ ကဿပရသေ့

ရင်း။ ဝေဿာမိတ္တော၊ ဝေဿာမိတ္တရသေ့ရင်း။ ဣတိ၊ ဤသို့။ ဣမေ ဣသယော၊ ဤရသေ့တို့သည်။ မန္တာနံ၊ ဗေဒင်ကျမ်းဂန်တို့ကို။ ကတ္တာရော၊ ပြုစီရင်တတ်ကုန်သော ရသေ့တို့ မည်ကုန်၏။ ဗေဒင်ကျမ်းပြုရသေ့ ၁၀-ယောက်။

[ယင်းဝေဒ (ဗေဒင်) ကျမ်းဂန်များကို စီရင်ခဲ့သော ရသေ့ ၁၀-ယောက်တို့ ပုဗ္ဗကာ ဣသယော မန္တာနံ ကတ္တာရော.... သေယျထိဒံ၊ အဋ္ဌကော, ဝါမကော, ဝါမဒေဝေါ, ဝေဿာမိတ္တော, ယမတဂ္ဂိ, အင်္ဂီရသော, ဘာရဒွါဇော, ဝါသေဋ္ဌော, ကဿပေါ, ဘဂု-စသည်ဖြင့် ပါဠိတော်များ၌ လာရှိ၏။ ဝိ၊ ၃။ ၃၄၃။ ဒီ၊ ၁။ ၉၇၊ ၂၂၄၊ ၂၂၈။ မ၊ ၂။ ၃၈၁။ အံ၊ ၂။ ၁၉၇၊ ၂၀၂-တို့ကြည့်။ အဘိဓာန် စာကိုယ်လာ နာမည်များနှင့် ကွဲလွဲချက်များလည်း ပါရှိ၏။]

(၁၁၀) ကပ္ပေါ ဗျာကရဏံ ဇောတိ- သတ္ထံ သိက္ခာ နိရုတ္တိ စ။
ဆန္ဒောဝိစိတိ ဧတာနိ ဝေဒင်္ဂါနိ၊ ဝဒန္တိ ဆ။

(၁၁၀) ကပ္ပေါ၊ ကပ္ပကျမ်းရင်း။ ဝါ၊ ယဇ်ပူဇော်ခြင်း အစီအရင်ကို ပြဆိုရာ ကပ္ပကျမ်းရင်း။ ဗျာကရဏံ၊ ပါဏိနိ-အစရှိသော ဗျာကရဏ်းကျမ်း ရင်း။ ဇောတိသတ္ထံ၊ ဇောတိသတ္ထကျမ်းရင်း။ ဝါ၊ ဟူးရားကျမ်းရင်း။ ဝါ၊ ဂြိုဟ်နက္ခတ်များ၏ အသွားအလာ သဏ္ဌာန်နှင့်တကွ သုဘ, အသုဘကို ပြဆိုရာ ဇောတိသတ္ထကျမ်းရင်း။ သိက္ခာ၊ သရ, ဗျည်း, ဌာန်, ကရိုဏ်း, ပယတ်တို့ကို ပြဆိုရာ ပါဏိနိသိက္ခာ, နာရဒသိက္ခာ-အစရှိသောကျမ်းရင်း။ နိရုတ္တိ စ၊ နိရုတ္တိကျမ်းရင်း။ ဝါ၊ ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယ-အစရှိသော လက္ခဏာတို့ဖြင့် ပကတိ, ပစ္စည်း, အနက်အဓိပ္ပါယ်, ဝိဂြိုဟ် ဝစနတ္ထ တို့ကို ပြဆိုရာကျမ်းရင်း။ ဆန္ဒောဝိစိတိ၊ ဇဂတိ အစရှိသော ဆန်းတို့ကို စီစစ်ပုံကို ပြဆိုရာ ပိင်္ဂလ-စသောကျမ်းရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ် အားဖြင့်။ ဧတာနိ ဆ၊ ဤခြောက်ကျမ်းတို့ကို။ ဝေဒင်္ဂါနိ၊ ဝေဒ၏အစိတ် အင်္ဂါတို့ဟူ၍။ ဝါ၊ ဝေဒ၏ အစိတ် (ဗေဒင်) တို့ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။

[ကပ္ပ-ကို "တတ္ထ ဝုတ္တနယေန ယညကိရိယဝိဓာနံ ကပ္ပေါ" ဟူသော သီ၊ဋီ၊သစ်၊ ၂။ ၂၂၇-အတိုင်း ယောဇနာသည်။ အဘယာ ဆရာတော်၏ အဆိုကို အဘယာနိသျ-ကြည့်။ ယင်း ကပ္ပ-အစရှိ သော ၆-ကျမ်းကို–

ဆန္ဒေ ပါဒါ တု ဆေဒသာ၊ ဟတ္ထာ ကပ္ပေါလ ဝုစ္စန္တ။
ဇောတိသမယန္နံ စက္ခု၊ နိရုတ္တံ သောတမုစ္စတေ။
သိက္ခာ ဃာနံ တု ဝေဒဿ၊ မုခံ ဗျာကရဏံ မတံ–

ဟူသည်နှင့်အညီ ဆန်းကျမ်းကား ဗေဒင်၏ ခြေတော်၊ ကပ္ပ-ကျမ်းကား လက်၊ ဇောတိသတ်ကျမ်းကား မျက်စိ၊ နိရုတ္တိကျမ်းကား နား၊ သိက္ခာကျမ်းကား နှာခေါင်း၊ ဗျာကရဏ်းကျမ်းကား ခံတွင်းဖြစ်၍ ဗေဒင်ကျမ်းများ၏ အစိတ်ဟု သိရာ၏။]

(၁၁၁) ဣတိဟာသ သာ ပုရာဝုတ္တ-ပ္ပဗန္ဓော ဘာရတာဒိကော။
နာမပ္ပကာသကံ သတ္ထံ၊ ရုက္ခာဒီနံ နိဃဏ္ဍု သော။

(၁၁၁) ဘာရတာဒိကော၊ မဟာဘာရတ-အစရှိသော။ ပုရာဝုတ္တပ္ပ-ဗန္ဓော၊ ရှေး၌ဆိုအပ်သော စကားအစဉ်သည်။ ဝါ၊ ရှေးဟောင်းနှောင်းဖြစ် စကားအစဉ်သည်။ ဣတိဟာသော၊ ဣတိဟာသ မည်၏။ ဝါ၊ သမိုင်း ရာဇဝင် မည်၏။ ရုက္ခာဒီနံ၊ သစ်ပင်-အစရှိသည်တို့၏။ နာမပ္ပကာသကံ၊ အမည်နာမကို ပြတတ်သော၊ သတ္ထံ၊ ကျမ်းသည်။ နိဃဏ္ဍု၊ နိဃဏ္ဍု မည်၏။ ဝါ၊ အဘိဓာန်ကျမ်း မည်၏။ သော၊ နိဃဏ္ဍု-သဒ္ဒါ ပုလ္လိင်တည်း။

(၁၇၂) အဝမာနံ၊ တိရက္ကာရော၊ ပရိဘဝေါ၊ အနာဒရော၊ ပရာဘဝေါ၊ အဝညာ၊ မရိုမသေ ပြုခြင်း။ မရိုမသေ ပြုခြင်းပရိယာယ် ၆-ပုဒ်။ အထ၊ ထိုမှတပါး။ ဥမ္မာဒေါ၊ ရူးသွပ်ခြင်း။ စိတ္တဝိဗ္ဘမော၊ ရူးသွပ်ခြင်း။ ရူးသွပ်ခြင်း ပရိယာယ် ၂-ပုဒ်။

[ယုတ်ညံ့အောက်ကျသော မာန၊ မရိုမသေပြုခြင်း၊ မလေးမခန့်ပြုခြင်း-ဟုလည်း ပေးနိုင်၏။ ဩမာနော အဝမာနော....စူဠနိ။ ၂၀၅။ အဝမာနန္တိ အဝမညနံ အနာဒရံ။ သီ၊ ဋီ၊ သစ်၊ ၂။ ၇။]

(၁၇၃) ပေမံ သိနေဟော သ္နေဟော ထ၊ စိတ္တပီဠာ ဝိသညိတာ။
ပပာဒေါ သတိဝေါဿဂ္ဂေါ၊ ကောတူဟလံ ကုတူဟလံ။

(၁၇၃) ပေမံ၊ ချစ်ခြင်း။ သိနေဟော၊ ချစ်ခြင်း။ သ္နေဟော၊ ချစ်ခြင်း။ ချစ်ခြင်းပရိယာယ် ၃-ပုဒ်။ စိတ္တပီဠာ၊ တွေဝေခြင်း။ ဝိသညိတာ၊ တွေဝေခြင်း။ တွေဝေခြင်း ပရိယာယ် ၂-ပုဒ်။ ပမာဒေါ၊ မေ့လျော့ခြင်း။

သတိဝေါသာဂ္ဂေါ၊ မေလျော့ခြင်း။ ကောတူဟလံ၊ အုတ်အုတ်ကျက်ကျက်။ ကုတူဟလံ၊ အုတ်အုတ်ကျက်ကျက်။ အုတ်အုတ်ကျက်ကျက် ပရိယာယ် ၂-ပုဒ်။

[ကောတူဟလ, ကုတူဟလ-တို့ကို "မမြင်စဘူး အထူးအဆန်း ကို စုံစမ်းကြည့်ရှုလိုခြင်း။ အထူးအဆန်း ကြည့်ရှုလိုခြင်း" ဟူ၍ လည်း ပေးကြ၏။ ၁၃၀-ဂါထာ၌ လာသော ကောလာဟလော, ကလဟလော-တို့လည်း အုတ်အုတ်ကျက်ကျက်ဟော ပရိယာယ်တို့ နှင့် တူ၏။ ကောတုကံ, ကုတုကံ-တို့လည်း ပရိယာယ်တူအဖြစ် အမရ။ ၇။ ၃၁-ဂါထာ၌ လာ၏။]

(၁၃၄) ဝိလာသော လလိတံ လီလာ၊ ဟာဝေါ ဟေဠာ စ ဝိဗ္ဗမော။ ဣစ္စာဒိကာ သိယုံ နာရိ-သိင်္ဂါရဘာဝဇာ ကိရိယာ။

(၁၃၄) ဝိလာသော၊ ဝိလာသမာယာရင်း။ လလိတံ၊ လလိတမာယာ ရင်း။ လီလာ၊ လီလာမာယာရင်း။ ဟာဝေါ၊ ဟာဝမာယာရင်း။ ဟေဠာ၊ ဟေဠာမာယာရင်း။ ဝိဗ္ဗမော၊ ဝိဗ္ဗမမာယာရင်း။ ဣစ္စာဒိကာ၊ ဤသို့အစ ရှိကုန်သော။ ကိရိယာ၊ မူရာမာယာတို့သည်။ နာရိသိင်္ဂါရဘာဝဇာ၊ မိန်းမ တို့၏ မြူးဘူးပျော်ပါး မွေ့လျော်ခြင်းကြောင့် ဖြစ်ကုန်သော။ ကိရိယာ၊ အမူအရာတို့သည်။ ဝါ၊ ပြုမူချက်တို့သည်။ ဝါ၊ မာယာတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ မိန်းမတို့၏ မူရာမာယာ ၆-ပါး။

[ဤဂါထာလာ ဝိလာသ-စသည်တို့ကား မိန်းမတို့၏ မူရာ မာယာများတို့ပင်တည်း။ ၎င်းတို့၏ အဓိပ္ပါယ်ကျဉ်းကို ယောမနိဝိ, စိန္တာမဏိ-စသော သက္ကတကျမ်းတို့ အဆိုအမိန့်အတိုင်း ဖော်ပြ ဦးအံ့။

ဂတိဌာနာသနာဒီနံ၊ မုခနေတ္တာဒိကမ္မနံ။
ဝိသေသော ဝိလာသော ဟောတိ၊ ဣဋ္ဌသန္ဒဿနာဒိနာ-

ဟူသော ယောမနိဝိ ဆောင်ပြသည့် ဂါထာနှင့်အညီ မိန်းမများ၏ မိမိစွဲမက်ချစ်ခင်နေသော ယောကျ်ားကို မြင်ရသဖြင့် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း မျက်ရိပ်မျက်ခြည် ပစ်ခြင်း-စသည့် အမူအရာ များ၏ ထူးခြားခြင်းသည် 'ဝိလာသ'မည်၏။

(ဆောင်) နာရီမည်ရ၊ မခပဲတို့၊ စွဲမက်ချစ်ခင်၊ ယောကျ်ားမြင်က၊ သွားထထိုင်မူ၊ ကြည့်ရှုပုံက၊ ထူးသမျှ၊ ဝိလာသ မည်သတည်း။

ဟတ္ထပါဒင်္ဂဝိန္နျာသော၊ တရုဏီနံ လလိတံ ဝိဒူ။

ယောကျ်ားပျိုတို့ မြင်လိုက်လျှင် မိမိအပေါ် စိတ်ဝင်စားလာအောင် မိန်းမပျို လုံမပျိုတို့၏ လက်ခြေအစရှိသော ကိုယ်အင်္ဂါတို့ကို ချထားလှုပ်ရှားခြင်းသည် ‘လလိတ’မည်၏။

(ဆောင်) လုလင်ပျိုတို့၊ ကိုယ့်ကိုမြင်လျှင်၊ လိုချင်ပစေ၊ ကြိုက်ပစေဟု၊ ခြေလက်ထားနေ၊ ပြင်ဆင်လေ၊ မသွေ လလိတ။

ယင်း လလိတအဓိပ္ပါယ်ကား စိန္တာမဏိ၌ များစွာလာ၏။

အင်္ဂဝိသာလက်ာရေဟိ၊ ပေမီဟိ ဝစနေဟိပိ။
ပိတိယောဇိတေဟိ လီလံ၊ ပိယဿာနုကတိံ ဝိဒူ။

ချစ်ခင်ခြင်းသည် တိုက်တွန်း စေခိုင်းအပ်သည့်အတွက် အင်္ဂါငယ်ကြီး အသီးသီးတို့ လှုပ်ရှားခြင်း, ချစ်စရာ စကားလုံးတို့ကို ပြောဆိုခြင်း တို့ဖြင့် လင်ယောကျ်ားအား ဟန်မူခြင်း အချွဲအခရာ ပိုခြင်းသည် ‘လီလာ’မည်၏။

(ဆောင်) မိမိလင်အား၊ အင်္ဂါငယ်ကြီး၊ သီးသီးလှုပ်ပြ၊ ချစ်စရာ စကား၊ ပြောကြားချွဲမြူ၊ ဟန်ပန်မူ၊ မှတ်ယူ လီလာမည်သတည်း။

ဘူနေတ္တာဒိဝိကာရေဟိ၊ သမ္ဘောဂိစ္ဆာပကာသကော။
ဘာဝေါပ္ပလက္ခဝိကာရော၊ ဟာဝေါတိ ပဝုစ္စတေ—

ဟူသည်နှင့်အညီ မျက်စပစ်ခြင်း မျက်စိဒေါင့်ကပ် စောင်းငဲ့၍ ကြည့်ခြင်း-စသည်တို့ဖြင့် မွေ့လျော်လိုမှုကို ပြတတ်သော မသိသာ မပေါ်လွင်လှသော အမူအရာရှိသော စိတ်အလိုကို ‘ဟာဝ’ဟု သိရာ၏။

(ဆောင်) မျက်ခုံးမျက်စိ၊ စရှိအင်္ဂါ၊ ဖောက်ပြန်ကာဖြင့်၊ လာ
ရောက်လှည့်ပါ၊ ပျော်စမ်းပါဟု၊ သာယာချိုငေါ်၊
ဖိတ်ခေါ်သောသွင်၊မပေါ်လွင်လှပါ၊ မူအရာ၊ မှတ်ပါ
ဟာဝမည်သတည်း။

ဟေလာစ္စ ဌသမာလက္ခ-ဝိကာရော ဧသ ဘာဝေ—

ဟူသည်နှင့်အညီ သိသာပေါ်လွင်သော ပေါင်းဖော်လိုမှုကို ပြတတ်
သော စိတ်အလိုသည် 'ဟေလာ'မည်၏။

(ဆောင်) တူစုံနှဲလို၊ ပေါင်းဖော်လို၍၊ ပိုမိုကဲလှ၊ သိသာလှပါ၊
မူအရာ၊ မှတ်ပါ ဟေလာ မည်သတည်း။

တုရိတံ ဟသဘရာဝေနံ၊ ဒယိတာ ဂမနာဒိသု၊
အင်္ဂာနေ ဘူသနာဒိနံ၊ ငံန္ဒ္ဓေသော ဝိဗ္ဗမော မတော။

လင်ယောကျ်ား ရုတ်တရက် ရောက်ရှိလာသည့်အခါ-စသည်များ၌
ပျော်အားကြီးလွန်ခြင်း ချစ်ခင်မှုလွန်ခြင်း-စသည့်ကြောင့် မသင့်
လျော်သောအရပ်၌ ယောင်ယောင်မှားမှား တန်းဆာဆင်ခြင်းကို
'ဝိဗ္ဗမ'ဟု သိအပ်၏။

(ဆောင်) မိမိမြဲကျင်၊ ချစ်လင်မြင်သော်၊ ရွှင်ကြည်ခြင်းများ၊
တပ်စွန်းများသဖြင့်၊ ယောင်ယောင်မှားမှား၊ ဝတ်
စားဆင်မှု၊ အစုစု၊ မှတ်ရှု ဝိဗ္ဗမ။

"အာဒိအမှန်၊ အာဒိဝန်၊ ကျမ်းဂန် တွေ့တိုင်းရှာ"ဟူသည်နှင့်
အညီ အာဒိဝန်အရ အနည်းအပါး တန်းဆာဆင်၍ လှပစေတတ်
သော အသွင်အပြင် ပြုစီရင်ခြင်း 'ဝိစ္ဆိတ္တိ'၊ လင်နှင့်ပေါင်းဖော်
ခြင်းကြောင့် ရယ်ခြင်း ငိုခြင်း ထိတ်လန့်သလိုလုပ်ခြင်း နာကျင်
သလိုလုပ်ခြင်း-စသော 'ကိလကိဉ္စိတ'၊ လင်စကားကြားသောအခါ
မချင့်မရဲ နားကိုဖျောက်ခြင်း 'မောဋ္ဋာယိတ'၊ ကြိုက်ပါလျက်
မကြိုက်လေယောင်ဆောင်ခြင်း 'ကုဋ္ဋမိတ'၊မာန်မူလွန်းများသဖြင့်
အလိုရှိသော ဝတ္ထု၌ပင်လျှင် မရိုမသေ မလေးမစားပြုခြင်း
'ဝိဗ္ဗောက'၊ ပြောဆိုသင့်လျက် မပြော ခြင်း 'ဝိကတ'-တို့ကို
ယူရာ၏။ နာဋကရတနကောသ၊ ဋီကာလည်း-ကြည့်။]

(၁၇၅) ဟသနံ ဟသိတံ ဟာသော၊ မန္ဒော သော မိဟိတံ သိတံ။
အဋ္ဋဟာသော မဟာဟာသော၊ ရောမဉ္စော လောမဟံသနံ။

(၁၇၅) ဟသနံ၊ ဟသိတံ၊ ဟာသော၊ ရယ်ခြင်း။ ရယ်ခြင်း ပရိယာယ် ၃-ပုဒ်။ သော၊ ထိုရယ်ခြင်းသည်။ မန္ဒော၊ ဖြည်းညှင်းမူကား။ မိဟိတံ, သိတံ၊ မိဟိတ, သိတ မည်၏၊ မိဟိတံ၊ ပြုံးခြင်း။ သိတံ၊ ပြုံးခြင်း။ ပြုံးခြင်း ပရိယာယ် ၂-ပုဒ်။ အဋ္ဋဟာသော၊ ပြင်းစွာရယ်ခြင်း။ မဟာဟာသော၊ ပြင်းစွာရယ်ခြင်း။ ပြင်းစွာရယ်ခြင်းပရိယာယ် ၂ ပုဒ်။ ရောမဉ္စော၊ ကြက်သီးမွေးညှင်းထခြင်း။ လောမဟံသနံ၊ ကြက်သီးမွေးညှင်းထခြင်း။ ကြက်သီးမွေးညှင်းထခြင်း ပရိယာယ် ၂-ပုဒ်။

[သ-သံယုက်နှင့် ဟဿ-လည်း ရယ်ခြင်းဟောပရိယာယ်-ဟု သိရာ၏။ လောမဟံသ-လည်း ကြက်သီးမွေးညှင်းထခြင်းပရိယာယ်တွင် သွင်းရာ၏။ ပါ, ဋ္ဌ, ဋီ-တို့၌ လောမဟံသ-ပုဒ် များစွာလာ၏။ ဝိ၊၁။၁၉၊၈၇။ ဝိ၊၄။၃၀၃။ ဒီ၊၁။၄၆-စသည်။ ဗုဒ္ဓါနံ ပန ဟသိတံ ဟဋ္ဌပဟဋ္ဌာကာရမတ္တမေဝ ဟောတိ။ မ၊ဋ္ဌ၊၂။၁၉၃။ ရယ်ခြင်း ၆-မျိုးကို လူမြတ်, လူလတ်, လူယုတ်တို့နှင့် တွဲစပ်၍ သုဗောဓာလင်္ကာရ။၃၅၉၊၃၆၀-၌–

သိတ မိဟ ဝိကာသိနယနံ၊ ကိဉ္စာ'လက္ခိယ ဒိဇံ တု တံ ဟသိတံ။
မဓုရဿရံ ဝိဟသိတံ၊ အံသသိရောကမ္ပ မုပဟသိတံ။
အပဟသိတံ သဇလ'က္ခိ၊ ဝိက္ခိတ္တင်္ဂ ဘဝတျ'တိဟသိတံ။
ဒွေ ဒွေ ကထိတာ စေ'သံ၊ ဇေဋ္ဌေ မဇ္ဈေ'ဓမေ စ ကမသော–

ဟူသော ၂-ဂါထာဖြင့် ပြထား၏။

(ဆောင်) မျက်စိပွင့်မျှ၊ ရယ်လေက၊ ခေါ်ကြယင်းသိတာ။
သွားပေါ်ရုံမျှ၊ ရယ်လေက၊ ခေါ်ကြ ဟသိတာ။
ညှင်းညှင်းသံမျှ၊ ထွက်ရုံပ၊ ခေါ်ကြ ဝိဟသိတာ။
ဦးခေါင်းလှုပ်ကာ၊ ရယ်လေရာ၊ သိပါ ဥပဟသိတာ။
မျက်ရည်ပေါက်ကျ၊ ရယ်ပြန်က၊ အပဟသိတာ။
ဟိုသည်ရွှေ့ရှား၊ ရယ်လေငြား၊ မှတ်သား အတိဟ-
သိတာ။

သူမြတ်ဘို့မှာ၊ ပြုံးရယ်ရာ၊ သိတာ ဟသိတာ။

သူလတ်အများ၊ ရယ်လေငြား၊ မှတ်သား ဝိဟသိတ ဥပဟသိတာ။
သူယုတ်အများ၊ရယ်လေငြား၊ မှတ်သား အပဟသိတ ဥပဟသိတာ။

ဟူသော ဆောင်ပုဒ်များကိုလည်း အရဆောင်၍ သိရာ၏။]

(၁၇၆) ပရိဟာသော ဒဝေါ ခိဍ္ဍာ၊ ကေဠိ ကီဠာ စ ကီဠိတံ။
နိဒ္ဒါ တု သုပိနံ သောပ္ပံ၊ မိဒ္ဓံ စ ပစလာယိကာ။

(၁၇၆) ပရိဟာသော၊ ဒဝေါ၊ ခိဍ္ဍာ၊ ကေဠိ၊ ကီဠာ၊ ကီဠိတံ၊ ပြောင်လှောင်ခြင်း။ ပြောင်လှောင်ခြင်း ပရိယာယ် ၆-ပုဒ်။ တု၊ ထိုမှတပါး။ နိဒ္ဒါ၊ အိပ်ခြင်း။ သုပိနံ၊ အိပ်ခြင်း။ သောပ္ပံ၊ အိပ်ခြင်း။ အိပ်ခြင်း ပရိယာယ် ၃-ပုဒ်။ မိဒ္ဓံ၊ ငိုက်မျဉ်းခြင်း။ ပစလာယိကာ၊ ငိုက်မျဉ်းခြင်း။ ငိုက်မျဉ်းခြင်း ပရိယာယ် ၂-ပုဒ်။

[ပြောင်လှောင်ခြင်း, ပျော်ရွှင်ခြင်း, သရော်ခြင်း, မြူးတူး ပျော်ပါးခြင်း, ကစားခြင်း-စသည်ဖြင့် ပရိယာယ်-စသည်တို့ အနက် ပေးနိုင်၏။ ငိုက်မျည်း-ဟူ၍လည်း ရေးကြ၏။ ဤ၌ "ပေယဉ်း ပေ ယဉ်း၊ မိန်းငိုက်မျဉ်း၊ စိုးစဉ်းသိရိပ်ခြည်" ဟူသော ကဝိလက္ခဏာ သတ်ပုံအတိုင်းရေး၏။ မေဓာဝီသိ မိဒ္ဓံ၊ အင်္ဂုတ္တိုရ်လာဒီနံ ပစလာဘာဝံ ကရောတီတိ ပစလာယိကာ။ အဘိ၊ ဋီ၊ ၁။ ၄၀၉။]

(၁၇၇) ထိယံ နိကတိ ကူဋံ စ၊ ဒမ္ဘော သာဌျံ စ ကေတဝံ။
သဘာဝေါ တု နိသဂ္ဂေါ စ၊ သရူပံ ပကတိတ္ထိယံ။

(၁၇၈) သီလံ စ လက္ခဏံ ဘာဝေါ၊ ဥဿဝေါ တု ဆဏော မဟော။

(၁၇၇-၈) နိကတိ၊ စဉ်းလဲခြင်း။ အယံ၊ ဤနိကတိ-သဒ္ဒါသည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ကူဋံ၊ ဒမ္ဘော၊ သာဌျံ၊ ကေတဝံ၊ စဉ်းလဲခြင်း။ စဉ်းလဲခြင်း ပရိယာယ် ၅-ပုဒ်။ သဘာဝေါ၊ နိသဂ္ဂေါ၊ သရူပံ၊ ပကတိ၊ သဘော။ အယံ၊ ဤပကတိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သီလံ၊ လက္ခဏံ၊ ဘာဝေါ၊ သဘော။ သဘောပရိယာယ် ၇-ပုဒ်။ ဥဿဝေါ၊ ဆဏော၊ မဟော၊ ပျော်ပွဲ။ ဝါ၊ ပူဇော်ပွဲ။ ပျော်ပွဲ(ပူဇော်ပွဲ) ပရိယာယ် ၃-ပုဒ်။

[“ကိတဝဿ ဓမ္မော ကေတဝံ”ဟူ၍ ဋီကာဖွင့်သည်။ “ကေတဗိနော ဓမ္မော ကေတဝံ”ဟူ၍လည်း လုပ်နိုင်သည်။ သဌော မာယာ-ဝိနော ကေတဗိနော ဥဒ္ဓတာ ဥန္နဠာ။ မ၊ ၁။ ၃၈။ ကေတဝ-သဒ္ဒါ လောင်းတမ်းကစားလည်း ဟောသည်။ ဇုတံ တွနိတ္ထိ ကေတဝံ။ ဓာန်။ ၅၃၁။]

(၁၇၉) ဓာရေန္တော ဇန္တု သဒ္ဒေဟ-မဘိဓာနပ္ပဒီပိကံ။
ခုဒ္ဒကာဒျတ္ထဇာတာနိ၊ သမ္မသာတိ ယထာသုခံ။
သဂ္ဂကဏ္ဍော ပဌမော။

(၁၇၉) အဘိဓာနပ္ပဒီပိကံ၊ အဘိဓာနပ္ပဒီပိကာ မည်သာတင့်ဆန်း ဤကောသကျမ်းကို။ သဒ္ဒေဟံ၊ အလှန်လျှင် ချစ်ခင်မြတ်နိုးခြင်းနှင့် တကွ။ ဓာရေန္တော၊ ကရုးရေလွှတ် ဟတွတ်တွတ် ရွတ်လိုက်တိုင်းရအောင် ဆောင်၍ထားသော။ ဇန္တု၊ စာသင်, စာချ, စာပြင်, ကျမ်းပြု လူရှင်ရဟန်းသည်။ ခုဒ္ဒကာဒျတ္ထဇာတာနိ၊ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ် လာသမျှ သိမ်မွေ့ သေးဖွဲ့ နက်နဲကြီးကျယ် နက်ခိပ္ပါယ် အဝဝတို့ကို။ ယထာသုခံ၊ လွယ်ကူမပန်း ချမ်းသာစွာ။ သမ္မသာတိ၊ ခက်ခဲမထင် ကောင်းစွာ မြင်နိုင်၏။

[ဋီကာ၌ ဥပမာ ဥပမေယျလုပ်၍ အနက်ယောဇနာ၏။ ဤ၌ သိသာရုံ ယောဇနာသည်။ သဒ္ဒေဟ-သဒ္ဒါ “သဒ္ဒေဟော တေလေ ဓိကပေ္ပမေ” ဟူသည်နှင့်အညီ လွန်လွန်ကဲကဲ ချစ်ခင်မြတ်နိုးခြင်း ဟောတည်း။]

ပဌမော၊ ရှေးဦးစွာသော။ သဂ္ဂကဏ္ဍော၊ သဂ္ဂကဏ္ဍသည်။ နိဋ္ဌိတော၊ အောင်လံစိုက်ဆောက် အပြီးသို့ရောက်ပြီ။

---

၂-ဘူကဏ္ဍ၊ ၁-ဘူမိဝဂ်

(၁၈၈) ဝဂ္ဂါ ဘူမိ ပုရိ မစ္စ-စတုဗ္ဗဏ္ဏဝနာဒိဟိ။
ပါတာလေန စ ဝုစ္စန္တေ၊ သင်္ဂေါပင်္ဂေဟိကမ္မော။

(၁၈၀) ဣဓ၊ ဤ ရ ဏ္ဍာသ္မိ။ သင်္ဂေါပင်္ဂေဟိ၊ မိမိပြဋ္ဌာန်းသဖြင့် ကျေးဇူး ပြုတတ်သော ဓါရ-အစရှိသော အင်္ဂ,အင်္ဂအား ကျေးဇူးပြုတတ်သော-

အဒ္ဓါ အစရှိသော ဥပဂ်နှင့် အကျွဖြစ်ကုန်သော။ ပါ၊ ပြင္ဒာန်းသော အစိတ် ဖြစ်သော ခါရ၊ မက္ကိကာ-အ ရှိသော အင်၊ ထိုအင်ကိုပွဲသော မဂ္ဂ-အစရှိသော ဥပဂ်နှင့် ကျွဖြစ်ကုန်သော။ ဘူမိ ရှိ မစ္စတု ဏ္ဍာ နာဒိဟိ-ဘူမိ ဝဂ်၊ ပုရဝဂ်၊ မစ္စဝဂ်၊ စဘုဒ္ဓကဏ္ဍဝဂ်၊ ဝနပဂ် စသော ဆယ်ဝဂ်တို့ဖြင့်ရင်း။ ပါတာ လေန စ၊ ပါတာလဝဂ်ဖြင့်ရင်း။ ဂဂ္ဂါ၊ ဝဂ်တို့ကို။ ကမာ၊ အစဉ်အတိုင်း။ မယာ၊ ကျမ်းပြုဆရာ ငါမောဂ္ဂလ္လာန် မယောရ်သည်။ ဝုစ္စတေ၊ ဆိုအပ်ကုန်၏။

[ဤအဘိဓာန်ကျမ်း နိဂုံးလာ—

သဂ္ဂကဏ္ဍော စ ဘူကဏ္ဍော၊ ဟေဌာ သာမညကဏ္ဍိတိ။
ကဏ္ဍတ္တယာန္ဝိတာ ဧသာ၊ အဘိဓာနပ္ပဒီပိကာ—

ဟူသည်နှင့်အညီ ဤအဘိဓာန်ကျမ်း၌ (၁) သဂ္ဂကဏ္ဍ, (၂) ဘူကဏ္ဍ, (၃) သာမညကဏ္ဍ-အားဖြင့် အပိုင်းကဏ္ဍ ၃-ခု ရှိလေရာ ကျမ်းဆရာသည် ဝဂ္ဂါဘူမိပုရိမစ္စ-အစရှိသော ဤဂါထာဖြင့် သဂ္ဂကဏ္ဍကို စီရင်ပြီးနောက် ပါဝင်မည့် အခန်းကဏ္ဍ, အကြောင်းအရာ များနှင့်တကွ ရှေ့ညွှန်ပြုတော်မူသည်။

သာခဂ် ပါဝင်ဟိ၌ သင်၊ ဥပင် ကို သ+အင်၊ ဥပ+အင်-ဟု ပုဒ် ခွဲ၍ သ+အင်-အား "ပဓာနကျသော ခါရ-အစရှိသော အစိတ် အပိုင်း"ဟု သိရာ၏။ ဥပ+အင်-အရကား "ယင်းပဓာနကျသော ခါရ-စသော အင်အား ဖေ ကျေးဇူးပြုကုန်သော အဒ္ဓါ-စသော အစိတ် အပိုင်းများ"ဟု သိရာ၏။]

(၁၈၁) ဝသုန္ဓရာ ဆမာ ဘူမိ၊ ပထဝီ မေဒနီ မဟီ။
ဥဗ္ဗီ ဝသုမတီ ဂေါ ကု၊ ဝသုဓာ ဓရဏီ ဓရာ။
ပုထဝီ ဇဂတီ ဘူရိ၊ ဘူ စ ဘူတဓာရာဝနီ။

(၁၈၁) ဝသုန္ဓရာ၊ ဆမာ၊ ဘူမိ၊ ပထဝီ၊ မေဒနီ၊ မဟီ၊ ဥဗ္ဗီ၊ ဝသုမတီ၊ ဂေါ၊ ကု၊ ဝသုဓာ၊ ဓရဏီ၊ ဓရာ၊ ပုထဝီ၊ ဇဂတီ၊ ဘူရီ၊ ဘူ၊ ဘူတဓာရာ၊ အဝနီ၊ မြေ။ မြေပရိယာယ် ၁၉-ပုဒ်။

ပရက္က။ ၉—ပ-ပ-သ-၁

[ယင်း မြေပေါ ပရိယာယ်များအနက် ဆမာ-ကို "ဆမန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဆမာ"ဟု နိတိ၊ ဓာ။ ၁၃၂-၌ ဝိဂြိုဟ်ပြု၏။ ဋီကာ၌ ပထဝီ-ဟု မဆိုပဲ "ပုထုဿ ပုထုအာဒေဒသော, ဝုဒ္ဓိမှိ စ ကတေ ပုထဝီ၊ ဥဿုဝါဒေသော ပုထုဝီ"ဟု ပုထဝီ,ပုထုဝီ- နှစ်ပုဒ်ကို ဆို၏။ ပထဝီ သည် (၁) လက္ခဏပထဝီ, (၂) သသမ္ဘာရပထဝီ, (၃) အာရမ္မဏ ပထဝီ, (၄) သမ္မုတိပထဝီ-ဟု ၄-မျိုးပြား၏။ အကျယ် မာ၊ ဋ၊ ၁။ ၂၆-ကြည့်။]

(၁၈၂) ခါရာ တု မတ္တိကာ ဦသော၊ ဦသဝါ တူသရော တိသု။
ထလံ ထလိဗ္ဗ ဘူဘာဂေ ထဒ္ဓလူခမှိ ဇင်္ဂလော။

(၁၈၂) တု၊ ထိုမှတပါး။ ခါရာ၊ ငန်သော။ မတ္တိကာ၊ မြေသည်။ ဦသော၊ ဦသမည်၏။ ဦသော၊ ဆားဆပ်ပြာမြေ။ တု၊ ထိုမှတပါး။ ဦသဝါ၊ ဆားဆပ်ပြာရှိသော မြေ။ ဝါ၊ ဆားဆပ်ပြာပေါက်သောမြေ (ဦသဝန္တု-ပုဒ်ရင်း)။ ဦသရော၊ ဆားဆပ်ပြာ ရှိသောမြေ။ ဝါ၊ ဆားဆပ်ပြာ ပေါက် သော မြေ။ တိသု၊ လိင်သုံးပါး၌ ပဝတ္တတိ၊ ဖြစ်၏။ ဆားဆပ်ပြာပေါက်ရာ မြေပရိယာယ် ၂-ပုဒ်။ ထလံ၊ ကြည့်။ ဝါ၊ ကုန်း။ ထလီ၊ ကြည့်။ ဝါ၊ ကုန်း။ ဣတ္ထိ၊ ထလီ-သဒ္ဒါ ကုန်းလိင်တည်း။ ဇင်္ဂလော၊ ဇင်္ဂလ-သဒ္ဒါသည်။ ထဒ္ဓလူခမှိ၊ ရေဝေးကုန်ခန်း ကြမ်းတမ်း ခြောက်သွေ့သော။ ဘူဘာဂေ၊ မြေအဘို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ဥဇ္ဇင်္ဂလန္တိ ဧတ္ထ ဇင်္ဂလံ ဝုစ္စတိ လူခဓူသရော အနူဒကော ဘူမိပ္ပဒေသော။ ဝိမာန်၊ ဋ၊ ၃၁၄။ ကြမ်းတမ်းသော မြေ၊ ခြောက် သွေ့သော မြေ၊ ကျတ်တီးကုန်း မြေ၊ ခရောင်းတောမြေ-ဟုလည်း ပေးလေ။]

(၁၈၃) ပုဗ္ဗဝိဒေဟော စာပရ-ဂေါယာနံ ဇမ္ဗုဒီပေါ စ။
ဥတ္တရကုရု စေတိ သိယုံ၊ စတ္တာရော’မေ မဟာဒီပါ။

(၁၈၃) ပုဗ္ဗဝိဒေဟော ဝါ၊ ပုဗ္ဗဝိဒေဟကျွန်းရင်း။ ဝါ၊ အရှေ့ကျွန်းရင်း။ အပရဂေါယာနံ၊ အပရဂေါယာန ကျွန်းရင်း။ ဝါ၊ အနောက်ကျွန်းရင်း။ ဇမ္ဗုဒီပေါ စ၊ ဇမ္ဗူဒိပ်ကျွန်းရင်း။ ဝါ၊ တောင်ကျွန်းရင်း။ ဥတ္တရကုရု စ၊ ဥတ္တရကုရုကျွန်းရင်း။ ဝါ၊ မြောက်ကျွန်းရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့

ခွဲခြား သရုပ်အားဖြင့်။ ဣမေ စတ္တာရော၊ ဤ လေးကျွန်းတို့သည်။ မဟာဒီပါ၊ ကျွန်းကြီးတို့မည်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ပုဗ္ဗဝိဒေဟကျွန်း ယူဇနာ ၇-ထောင်ကျယ်၏၊ အပရဂေါယာနကျွန်းလည်း ယူဇနာ ၇ ထောင်ပင် ကျယ်၏၊ ဇမ္ဗူဒိပ်ကျွန်း ယူဇနာ ၁-သောင်းကျယ်၏၊ ဥတ္တရကုရုကျွန်း ယူဇနာ ၈-ထောင်ကျယ်၏။ ဝိ၊ဋ္ဌ၊၁။၉၂။]

(၁၈၄) ပုမ္ဗဟုတ္တေ ကုရူ သက္ကာ၊ ကောသလာ မဂဓာ သိဝိ။
ကာလိင်္ဂါ'ဝန္တိ ပဉ္စာလာ၊ ဝဇ္ဇီ ဂန္ဓာရ စေတယော။

(၁၈၅) ဝင်္ဂါ ဝိဒေဟာ ကမ္ဗောဇာ၊ မဒ္ဒါ ဘဂ္ဂ'င်္ဂ သီဟဠာ။
ကသ္မီရာ ကာသိ ပဏ္ဍုဝါဒိ၊ သိယုံ ဇနပဒန္တရာ။

(၁၈၄၊၁၈၅) ကုရူ၊ ကုရုတိုင်းတို့ရင်း။ သက္ကာ၊ သက္ကတိုင်းတို့ရင်း။ ကောသလာ၊ ကောသလတိုင်းတို့ရင်း။ မဂဓာ၊ မဂဓတိုင်းတို့ရင်း။ သိဝိ၊ သိဝိတိုင်းတို့ရင်း။ ကာလိင်္ဂါ၊ ကာလိင်္ဂတိုင်းတို့ရင်း။ အဝန္တိ၊ အဝန္တိတိုင်းတို့ရင်း။ ပဉ္စာလာ၊ ပဉ္စာလတိုင်းတို့ရင်း။ ဝဇ္ဇီ ဝဇ္ဇီတိုင်းတို့ရင်း။ ဂန္ဓာရ-စေတယော၊ ဂန္ဓာရတိုင်း, စေတိတိုင်းတို့ရင်း။ ဝင်္ဂါ၊ ဝင်္ဂတိုင်းတို့ရင်း။ ဝိဒေဟကမ္ဗောဇာ၊ ဝိဒေဟတိုင်း, ကမ္ဗောဇတိုင်းတို့ရင်း။ မဒ္ဒါ၊ မဒ္ဒတိုင်းတို့ရင်း။ ဘဂ္ဂင်္ဂသီဟဠာ၊ ဘဂ္ဂတိုင်း, အင်္ဂတိုင်း, သီဟဠတိုင်းတို့ရင်း။ ကသ္မီရာ၊ ကသ္မီရတိုင်းတို့ရင်း။ ကာသိပဏ္ဍုဝါဒိ၊ ကာသိတိုင်း, ပဏ္ဍုတိုင်း အစရှိသည်တို့ရင်း။ ဣတိ၊ ဤသို့။ ဣမေ၊ ဤသည်တို့ကား။ ဇနပဒန္တရာ၊ ဇနပုဒ်အထူးတို့တည်း။ ပုမ္ဗဟုတ္တေ၊ ပုလ္လိင်ဗဟုဝုစ်၌။ သိယုံ၊ ဖြစ်ကုန်၏။

[ကုရု, သက္က, ကောသလ အစရှိသော နာမဝါစကသဒ္ဒါတို့နောင် ဗဟုဝုစ် ဝိဘတ်သက်ရမည်။ သို့ဖြစ်၍ ပါဠိတော်တို့၌ "ကောသလေသု စာရိကံ စရမာနော (ဒီ ၁။ ၈၂။ ၂၂၂။) အင်္ဂေသု စာရိကံ စရမာနော (ဒီ၊၁။၁၁၄။) မဂဓေသု စာရိကံ စရမာနော (ဒီ၊၁။ ၁၂၀။) မလ္လေသု ဝိဟရတိ အနုပိယံ နာမ မလ္လာနံ နိဂမော (ဒီ၊ ၃။၁။) ကုရူသု ဝိဟရတိ (ဒီ၊ ၂။ ၂၃၁။ မ၊၁။ ၇၀) "ဟု လာရှိ၏။ ဤကား နာမဝါစက ဖြစ်သော ကုရု-စသော သဒ္ဒါများနောင် ဗဟုဝုစ် ဝိဘတ်ဖြင့် နေပုံတည်း။ တနည်းအားဖြင့်ကား ဌာနီ

ဖြစ်သော ဇနပုဒ်နေ မင်းသားတို့၏ နေရာဖြစ်၍ ဇနပုဒ်တခု တည်းကို ရှင်ဦးအားဖြင့် ဗဟုဝုစ်နှင့် ဟောတော်မူသည်။ ဇာတိဝါစက ဇနပဒ-ပုဒ် နောင်ကား ကေဝုစ်နှင့်သာ နေရသည်။ သို့ဖြစ်၍ "ကုရူသု ဇနပဒေ, သက္ကေသု ဇနပဒေ, ကောသလေသု ဇနပဒေ" ဟု နေသည်ကို သိရာ၏။

တိုင်းကြီး ၁၆-တိုင်း အမည်ကို အံ၊၁။၂၁၃-၌—

သေယျထာပိ ပိသာခေ ယော ဣမေသံ သောဠသန္နံ မဟာဇနပဒါနံ ပဟူတရတ္တရတနာနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေယျ။ သေယျထိဒံ၊ အင်္ဂါနံ မဂဓာနံ ကာသီနံ ကောသလာနံ ဝဇ္ဇီနံ မလ္လာနံ စေတီနံ ဝင်္ဂါနံ ကုရူနံ ပဉ္စာလာနံ မစ္ဆာနံ သူရသေနာနံ အဿကာနံ အဝန္တီနံ ဂန္ဓာရာနံ ကမ္ဗောဇာနံ-ဟု တွေ့ရ၏။

ရှင်းပြင် ဒီ၊၂။၁၇၉-၌—

ဒန္တပုရံ ကလိင်္ဂါနံ၊ အဿကာနဉ္စ ပေါတနံ။
မဟေဿယံ အဝန္တီနံ၊ သောဝီရာနဉ္စ ရောရုကံ။
မိထိလာ စ ဝိဒေဟာနံ၊ စမ္ပာ အင်္ဂေသု မာပိတာ။
ဗာရာဏသီ စ ကာသီနံ၊ ဧတေ ဂေါဝိန္ဒမာပိတာ—

ဟူ၍ ဂေါဝိန္ဒပုဏ္ဏား တည်ထောင်ခဲ့သော မြို့တော်များကို တိုင်းကြီးများနှင့် တွဲ၍ ဖော်ပြထား၏။]

(၁၈၆) လောကော စ ဘုဝနံ ဝုတ္တံ၊ ဒေသော တု ဝိသယောပျထ။
မိလက္ခဒေသော ပစ္စန္တော၊ မဇ္ဈဒေသော တု မဇ္ဈိမော။

(၁၈၆) လောကော၊ လောက။ ဘုဝနံ၊ လောက။ ဝုတ္တံ၊ အနက်တူ၏ဟူ၍ ဆိုအပ်၏။ လောကပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဒေသော၊ အရပ်။ ဝိသယော၊ အရပ်။ အရပ်ပရိယာယ် ၂-ပုဒ်။ မိလက္ခဒေသော၊ ပစ္စန္တအရပ်။ ဝါ၊ တိုင်းစွန်ပြည်နား အရပ်။ ပစ္စန္တော၊ ပစ္စန္တအရပ်။ ဝါ၊ တိုင်းစွန်ပြည်နားအရပ်။ ပစ္စန္တအရပ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မဇ္ဈဒေသော၊ မဇ္ဈိမဒေသ။ ဝါ၊ ဖြူစင်သော အကျင့်ရှိသူတို့ ပေါ်ထွန်းရာအရပ်။ မဇ္ဈိမော၊ မဇ္ဈိမဒေသ။ ဝါ၊ ဖြူစင်သော အကျင့်ရှိသူတို့ ပေါ်ထွန်းရာအရပ်။ မဇ္ဈိမဒေသပရိယာယ် ၂-ပုဒ်။

ဋီကာ၌—

ဗျဝတ္ထာ စတုဝဏ္ဏာနံ၊ ယသ္မိံ ဒေသေ န ဝိဇ္ဇတေ။

မိလက္ခဒေသော သော ဝုတ္တော၊ မဇ္ဈဒေသော တတော ပရံ—

ဟူသော စိန္တာမဏိဋီကာလာ ဂါထာဖြင့် မိလက္ခဒေသ-အရကို မိန့်ဆို၏။ ဆိုလိုရင်းကား ခတ္တိယ, ဗြာဟ္မဏ, ဝေဿ, သုဒ္ဒ-ဟူသော အမျိုး ၄-ပါးတို့၏ တသီးတသန့် မရှိရာအရပ်သည် 'မိလက္ခဒေသ' မည်၏ ဟူလို။

မဇ္ဈိမဒေသ အပိုင်းအခြားကို "ပုရတ္ထိမာယ ဒိသာယ ဂဇင်္ဂလံ နာမ နိဂမော၊ တဿာပရေန မဟာသာလော၊ တတောပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ၊ ပုရတ္ထိမဒက္ခိဏာယ ဒိသာယ သလ္လဝတီ နာမ နဒီ၊ တတောပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ၊ ဒက္ခိဏာယ ဒိသာယ သေတကဏ္ဏိကံ နာမ နိဂမော၊ တတောပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ၊ ပစ္ဆိမာယ ဒိသာယ ထူဏံ နာမ ဗြာဟ္မဏဂါမော၊ တတောပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ၊ ဥတ္တရာယ ဒိသာယ ဥသိရဒ္ဓဇော နာမ ပဗ္ဗတော၊ တတောပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ"တိ ဧဝံ ပရိစ္ဆိန္နေ အာယာမတော တိယောဇနသတေ, ဝိတ္ထာရတော အဍ္ဍတေယျ ယောဇနသတေ ပရိက္ခေပတော နဝယောဇနသတေ မဇ္ဈိမပဒေသေ ဥပ္ပဇ္ဇတိ-ဟု ဒီ၊ဌ၊၁။၁၅၆-၌ လာရှိ၏။ လွယ်လွယ် အောက်ပါ ဆောင်ပုဒ်ကို ကျက်မှတ်ရာ၏။

(ဆောင်) အရှေ့ဇင်္ဂလ၊ ရှေ့တောင်ကမူ၊ သလ္လဝတီ၊ တောင်ဆီ
သေတ၊ နောက်ယူဏ၊ မြောက်မှ ဥသိရဒ္ဓဇာ။
နိမိတ် ၅-ရပ်၊ ပိုင်းခြားအပ်၊ တွင်းရပ်မဇ္ဈိမာ။

(သုခမ္မဝတီ ဗုဒ္ဓဝင်။၁၈၂။)

ဋီကာနိသျှယ ပေါင်းထောင်ဆရာတော်၏ လက်ရာမှာ ပို၍ ပြည့်စုံသဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်သည်၊ ကျက်မှတ်ကြ လေ။

(ဆောင်) ဇင်္ဂလရွာ၊ ရွှေမျက်နှာ၊ ပြင်မှာ ပစ္စန္တ။
သလ္လဝတီ၊ မြစ်နဒီ၊ ရွှေဆိတောင်စောင်းက။
သေတကဏ္ဏိ၊ အမည်ရှိ၊ နိဂုံးဒက္ခိဏ။
အနောက်မှာကား၊ ကန့်ကွက်ခြား၊ ပုဏ္ဏားရွာထူဏ။
မြောက်၌ဟည်ဘိ၊ တောင်ညိုအိ၊ ဥသိရဒ္ဓဇ။
အလျားယူဇနာ၊ တွက်သချာ၊ သုံးရာမှတ်ကုန်ကြ။
အစုံတေယျာ၊ ဝိတ္ထာရာ၊ သချာမှန်မုချ။
ကိုးရာအဝန်း၊ ဇမ္ဗူကျွန်း၊ ၌ထွန်းမဇ္ဈိမ။

မနုဓမ္မသတ်ကျမ်း၌မူကား—
ဟိမဝိဥ္ဈာနံ မဇ္ဈံ၊ ပုဗ္ဗံ ဝိနသနာဒပိ။
ပစ္စိမံ ဧဝ ပယာဂါ၊ မဇ္ဈဒေသော ပကိတ္တိတော။
ဟိမဝန္တာတောင် ဝိဥ္ဈာတောင်တို့၏ အလယ်, ဝိနသနဆိပ် (ကုရုနယ်)မှ အရှေ့ဖက်, ပယာဂဆိပ်မှ အနောက်အရပ်ကို မဇ္ဈိမဒေသ-ဟု ဆိုသေး၏။ ဗဟုသုတအဖြစ် မှတ်ရုံသာဖြစ်၏။

(ဆောင်) မြောက်ဟိမဝါ၊ တောင်ဝိဥ္ဈာ၊ အရှေ့မှာ၊ ကုရုကတ္တ။
အနောက်ကား ပယာဂ။]

(၁၀၇) အနူပေါ် သလိလပ္ပါယော၊ ကစ္ဆော ပုမနပုံသကော။
သဒ္ဒလော ဟရိတော ဒေသော၊ တိဏေနာ'ဘိနဝေန ဟိ။

(၁၀၇) သလိလပ္ပါယော၊ ရေပေါများသောအရပ်သည် ဝါ၊ စိမ့်မြေသည်။ အနူပေါ်၊ အနူပမည်၏။ ကစ္ဆော၊ ကစ္ဆလည်းမည်၏။ အယံ၊ ဤကစ္ဆသဒ္ဒါသည်။ ပုမနပုံသကော၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ စိမ့်မြေ ပရိယာယ် ၃-ပုဒ်။ သဒ္ဒလော၊ သဒ္ဒလ သဒ္ဒါသည်။ အဘိနဝေန၊ ပေါက်ခါစဖြစ်သော။ တိဏေန၊ မြက်ပင်များဖြင့်။ လက္ခိတော၊ မှတ်အပ်သော။ ဟရိတော၊ စိမ်းလန်းစိုပြေသော။ ဒေသော၊ အရပ်၌။ ဝတ္တတိ၊ ဖြစ်၏။ သဒ္ဒလော၊ မြေနုကျွန်းပေါ်အရပ်။

[ရေလုံလောက်စွာ ရရှိသောအရပ်သည် အနူပ-စသည်မည်၏။
ဣမာ တာ ဟရိတာနူပါ၊ ဣမာ နဇ္ဇော သဝန္တိယော။ ဇာ၊ ၁။

၃၀၁။ ဟရိတာနူပါကီ ဥဒကနိဒ္ဒမနဿ ဥဒ္ဒကာသု ပဿေသု ဟရိကတိဏသဉ္ဆန္နာ အနူပဘူမိယော။ ဇာ၊ ဋ္ဌ၊၄။၃၅၉။

မနုညဘူတာ စ မဟီသမန္တာ၊
ဝိရာဇမာနာ ဟရိတာဝ သဒ္ဒလာ။
သုပုပ္ဖိတာ မောဠိနိဝလက်တာ၊
သမယော မပာဝိရ အင်္ဂီရသာနံ။ ဗုဒ္ဓဝံ၊ဋ္ဌ။၃၀။]

(၁၈၈) နဒျမ္ဗုဇီဝနော ဒေသော၊ ဝုဋ္ဌိနိပ္ဖဇ္ဇသဿကော။
ယော နဒီမာတိကော ဒေဝ-မာတိကော စ ကမေန သော။

(၁၈၈) ယော ဒေသော၊ အကြင်အရပ်သည်။ နဒျမ္ဗုဇီဝနော၊ မြစ်ရေကိုမှီ၍ အသက်မွေး၏။ သော ဒေသော၊ ထိုအရပ်သည်။ နဒီမာ-တိကော၊ နဒီမာတိက မည်၏။ ဝါ၊ မြစ်ရေဝင် မြစ်ရေသောက် အရပ် မည်၏။ ယော ဒေသော၊ အကြင်အရပ်သည်။ ဝုဋ္ဌိနိပ္ဖဇ္ဇသဿကော၊ မိုးရေဖြင့်ပြီးသော ကောက်ရှိ၏။ ဝါ၊ မိုးရေဖြင့် အောင်မြင် ပြည့်စုံ လုံလောက်သော ကောက်ရှိ၏။ သော ဒေသော၊ ထိုအရပ်သည်။ ဒေဝ-မာတိကော၊ ဒေဝမာတိက မည်၏။ ဝါ၊ မိုးရေဝင် မိုးရေသောက်အရပ် မည်၏။ ဣတိ၊ ဤသို့။ ကမေန၊ အစဉ်အားဖြင့်။ ဝုစ္စတေ၊ ဆိုအပ်၏။

[ဒေသော နဒျမ္ဗုဝဿမ္ဗု၊ သမ္ပန္နဝီဟိ ပါလိတော။
ဘဝေ နဒီမာတိကော ဒေဝ-မာတိကော စ ယထာက္ကမံ—

ဟူသော အမရ။၁၁။၁၂-ကို မှီး၍ စီရင်သော ဂါထာဖြစ်သည်။]

(၁၈၉) တိသ္ဝနူပါဒျထော စန္ဒ—သူရာဒေါ် သဿတီရိတော။
ရဋ္ဌံ တု ဝိဇိတဉ္စာထ၊ ပုရိသေ သေတု အာလိယံ။

(၁၈၇) အနူပါဒီ၊ အနူပ-အစ ဒေဝမာတိက-အဆုံးရှိသော သဒ္ဒါတို့ သည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ အထော၊ ထိုမှတပါး။ သဿတိ၊ သဿတိ-သဒ္ဒါကို။ စန္ဒသူရာဒေါ၊ လ နေ-အစရှိသည်၌။ ဤရိတော၊ ဆိုအပ်၏။ ရဋ္ဌံ၊ တိုင်းနိုင်ငံ (နိုင်ငံတော်)။ ဝိဇိတံ၊ တိုင်းနိုင်ငံ။ တိုင်းနိုင်ငံ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ပုရိသေ သေတု၊ ပုလ္လိင် သေတု-သဒ္ဒါသည်။ အာလိယံ၊ တံတား၌။ ဝါ၊ ကန်ပေါင်၌။ ဝါ၊ ကံသင်း၌။ ဝတ္တတိ၊ ဖြစ်၏။ တံတား, ကန်ပေါင်, ကန်သင်း ပရိယာယ် ၂-ပုဒ်။

[စန္ဒသူရာဒေါ-၌ အာဒိဖြင့် ကမ္ဗောဇ-ပင်လုံးတည်သော မြင်းမိုရ် တောင်,မြေကြီး-စသည်တို့ကို ယူ။ ဌဿတိ သဿတိသမံ-ပုံစံ။ သဿတိသမန္တိ သိနေရု, မဟာပထဝီ, စန္ဒိမ, သူရိယာဒီဟိ သဿ-တီဟိ သမံ။ သံ၊ ဋ္ဌ၊ ၂။ ၂၉၇။ ရန္တ္တိ ထွောတိ ရင်္ဂ-ဟု ကစ္စည်း။ ၆၅၉-၌ ဝိဂ္ဂိုဟ်ပြုသည်။ ဘိုင်းပြည် တစိတ်တဒေသကိုလည်း ရဋ္ဌ-ဟု သုံးသည်။ ရဋ္ဌန္တိ ဇနပဒေကဒေသံ။ မဟာနိ၊ ဋ္ဌ။ ၁၂။]

(၁၉၀) ဥပါန္တဘူ ပရိသရော၊ ဂေါဋ္ဌံ တု ဂေါကုလံ ဝဇော။
မဂ္ဂေါ ပန္ထော ပထော အဒ္ဓါ၊ အဉ္ဇသံ ဝဋုမံ တထာ။

(၁၉၁) ပဇ္ဇောယနံ စ ပဒဝီ၊ ဝတ္တနိ ပဒ္ဓတိတ္ထိယံ။
တဗ္ဘေဒါ ဇင်္ဃသကဋ-မဂ္ဂါ တေ စ မဟာဒ္ဓနိ။

(၁၉၀၊၁၉၁) ဥပါန္တဘူ၊ မြို့, ရွာ, တောင်-အစရှိသည်တို့၏ အနီးဖြစ်သော မြေအရပ်သည်။ ပရိသရော၊ ပရိသရမည်၏။ ပရိသရော၊ မြို့ဥပစာ, ရွာဥပစာ, တောင်ဥပစာ။ တု၊ ထိုမှတပါး၊ဂေါဋ္ဌံ၊ နွားခြံ။ ဂေါကုလံ၊ နွားခြံ။ ဝဇော၊ နွားခြံ။ နွားခြံပရိယာယ် ၃-ပုဒ်။ မဂ္ဂေါ၊ ပန္ထော၊ ပထော၊ အဒ္ဓါ၊ အဉ္ဇသံ၊ ဝဋုမံ၊ လမ်း။ တထာ၊ ထိုမှတပါး။ ပဇ္ဇော၊ အယနံ၊ ပဒဝီ၊ ဝတ္တနိ၊ ပဒ္ဓတိ၊ လမ်း။ ဝါ၊ ခရီး။ အယံ၊ ဤပဒ္ဓတိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ လမ်းခရီး ပရိယာယ် ၁၁-ပုဒ်။ ဇင်္ဃသကဋမဂ္ဂါ၊ ခြေလမ်း, လှည်းလမ်းတို့သည်။ ဝါ၊ ခြေကြောင်းခရီး, လှည်းကြောင်းခရီးတို့သည်။ တဗ္ဘေဒါ၊ ထိုလမ်းခရီးအထူးတို့တည်း။ တေ စ၊ ထိုဇင်္ဃမဂ္ဂ,သကဋမဂ္ဂတို့သည်လည်း။ မဟာဒ္ဓနိ၊ ကျယ်ပြောသော ခရီးလမ်းမ၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ဥပါန္တဘူ-ကို "နဂရပဗ္ဗတာဒိနော ဥပါန္တဘူ"ဟု ဋီကာ၌ ဖွင့်သည်။ နဂရ-ဖြင့် မြို့ရွာ,နိဂုံး,ဇနပုဒ်တို့ကို ယူရာ၏။ မြို့ဥပစာ, ရွာဥပစာ, နိဂုံး ဥပစာ, ဇနပုဒ်ဥပစာ-ဟု သိရာ၏။

စူဠနိ၊ ၂၀၁။ဒီ၊ဋ္ဌ၊၂။၃၃၅။ မ၊ဋ္ဌ၊၁။၂၃၄။ သံ၊ဋ္ဌ၊၃။၂၁၃-တို့၌—

မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော၊ အဉ္ဇသံ ဝဋုမာယနံ။
နာဝါ ဥတ္တရသေတူ စ၊ ကုလ္လော စ ဘိသိသင်္ကမော—

ဟူ၍ ခရီးပရိယာယ်များ လာသေး၏။]

(၁၉၂) ကေပဒ္ဒေကပဒိကော၊ ကန္တာရော တု စ ဒုဂ္ဂမေ။

(၁၉၂) ကေပဒိ၊ ကေပဒိ-သဒ္ဒါသည်။ ကေပဒိကော၊ တဖဝါးသာ ချလောက်သော လမ်း၌။ ဝါ၊ လူတယောက်သာ သွားသာသောလမ်း၌။ ဝါ၊ လူတယောက်သာ သွားသာသော ခရီး၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှ တပါး။ ကန္တာရော၊ ကန္တာရ-သဒ္ဒါသည်။ ဒုဂ္ဂမေ၊ သွားလာနိုင်ခဲသော ခရီး၌။ ဝါ၊ ခက်ခက်ခဲခဲ သွားရောက်အပ်သော ခရီး၌။ ဝတ္တတိ၊ ဖြစ်၏။ ခရီးခဲ ပရိယာယ် ၂-ပုဒ်။

[ "ကံ ဥဒကံ တာရေန္တိ ဧတ္ထာတိ ကန္တာရော၊ နိရုဒကော အရညပ္ပဒေသော။ ရုဋ္ဌိဝသေန ပန ဠုတရောပိ အရညပ္ပဒေသော တထာ ဝုစ္စတိ" ဟု သာရတ္ထ၊ ၁။ ၂၉၃-၌ ကန္တာရကို ဖွင့်ပြ၏။ ကန္တာရ-သဒ္ဒါ သောက်သုံးရန် ရေမရှိသော ခရီးခဲ, လူကင်း ဆိတ်သော တောအုပ်ကြီးတို့ကို ဟောသည်။ ကန္တာရသည် (၁) စောရကန္တာရ=ခိုးသား ဒမြ ထကြွ သောင်းကျန်းသော လမ်းခရီး၊ (၂) ဝါဠကန္တာရ=ခြင်္သေ့ သစ်ကျား သားရဲ တိရစ္ဆာန်တို့ ထကြွ ဆိုးသွမ်းသော လမ်းခရီး၊ (၃) နိရုဒကကန္တာရ=ချိုးရန်သောက် သုံးရန် ရေမရှိသော လမ်းခရီး၊ (၄) အမနုဿကန္တာရ= ဘီလူး စိုးပိုင်သော လမ်းခရီး၊ (၅) အပ္ပဘက္ခကန္တာရ= စားစရာအစာ အာဟာရ မရှိသော လမ်းခရီးအားဖြင့် ကျမ်းဂန်များ၌ ၅-မျိုး လာရှိ၏။ မဟာနိ။ ၂၇၈။ စူဠနိ။ ၂၂၆။ ဂီသုဒ္ဓိ၊ ၁။ ၂၀၂။

(ဆောင်) စောရ, ဝါဠ၊ နိရုဒ၊ အမနုဿာထည့်။
အပ္ပဘက္ခ၊ ပေါင်းပဉ္စ၊ ကန္တာရမှာ သိ။]

(၁၉၃) ပဋိမဂ္ဂေါ ပဋိပထော၊ အဒ္ဓါနံ ဒီဃ မဒ္ဓသံ။
သုပ္ပထော တု သုပန္ထော စ၊ ဥပ္ပထံ တွပထံ ဘဝေ။

(၁၉၃) ပဋိမဂ္ဂေါ၊ ခရီးရင်ဆိုင်။ ဝါ၊ မျက်နှာချင်းဆိုင် ခရီး။ ပဋိပထော၊ ခရီးရင်ဆိုင်။ ဝါ၊ မျက်နှာချင်းဆိုင်ခရီး။ ခရီးရင်ဆိုင် ပရိယာယ် ၂-ပုဒ်။ ဒီဃံ၊ အလွန်ကွာလှမ်း ရှည်ဝေးသော။ အဒ္ဓသံ၊ လမ်းခရီးသည်။ အဒ္ဓါနံ၊ အဒ္ဓါနမည်၏။ တု၊ ထိုမှတပါး။ သုပ္ပထော၊ ကောင်းသောခရီး။ ဝါ၊ လမ်းကောင်း။ သုပန္ထော၊ ကောင်းသောခရီး။ ဝါ၊ လမ်းကောင်း။

လမ်းကောင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဥပ္ပထံ၊ ခရီးမဟုတ်။ အပထံ၊ ခရီးမဟုတ်။ ခရီးမဟုတ် ပရိယာယ် ၂-ပုဒ်။

[ မဂ္ဂါ ဥက္ကမ္မ နိဝတ္တိတ္ဝာ ပဋိမဂ္ဂံ အာရောဟတိ။ မ၊ ၄၊၁။ ၅။ ယူဇနာ၀က် ခရီးမှစ၍ အထက်သည် ရှည်လျားသောခရီး မည်၏။ အစုဓေ ၊ ၁ဇနတော ပဋ္ဌာယ မဂ္ဂေါ အဒ္ဓါနန္တိ ဝုစ္စတိ။ သံ၊ ၄၊၂။ ၁၆၇။ ]

(၁၉၄) ဆတ္တိ ံသ ပရမာဏူန – မေကောဏုစ ဆတ္တိ ံသ တေ။
တဇ္ဇာရိ တာပိ ဆတ္တိံသ၊ ရထရေဏု ဆတ္တိံသ တေ။

(၁၉၅) လိက္ခာ တာ သတ္တ ဦကာ တာ၊ ဓညမာသောတိ သတ္တ တေ။
သတ္တင်္ဂုလမမုဒ္ဒိဋ္ဌာ ဝိဒတ္ထိ တာ ဒုဝေ သိယုံ။

(၁၉၆) ရတနံ တာနိ သတ္တေဝ၊ ယဋ္ဌိ တာ ဝီသတူသဘံ။
ဂါဝုတမုသဘာသီတိ၊ ယောဇနံ စတုဂါဝုတံ။

(၁၉၄၊ ၁၉၅၊ ၁၉၆) ပရမာဏူနံ၊ ပရမာဏုမြူတို့၏။ ဆတ္တိ ံသ၊ သုံးဆယ့်ခြောက်ခုတို့သည်။ ကောဏု၊ အဏုမြူတခုဖြစ်၏။ တေ ဆတ္တိ ံသ၊ ထိုအဏုမြူ သုံးဆယ့်ခြောက်ခုတို့သည်။ တဇ္ဇာရိ၊ တဇ္ဇာရီ မြူတခုဖြစ်၏။ တာပိ ဆတ္တိ ံသ၊ ထိုတဇ္ဇာရီမြူ သုံးဆယ့်ခြောက်ခုတို့သည်လည်း။ ရထရေဏု၊ ရထရေဏုမြူတခုဖြစ်၏။ တေ ဆတ္တိံသ၊ ထိုရထရေဏုမြူ သုံးဆယ့်ခြောက်ခုတို့သည်။ လိက္ခာ၊ တလိက္ခာဖြစ်၏။ တာ သတ္တ၊ ထိုလိက္ခာ ခုနစ်ခုတို့သည်။ ဦကာ၊ တသန်းဖြစ်၏။ တာ သတ္တ၊ ထို သန်းခုနစ်ကောင်တို့သည်။ ဓည-မ သော၊ တစပါးမည်၏။ (တိ-သဒ္ဒါ ဂါထာပါဒ ပူရဏ)။ တေ သတ္တ၊ ထိုခုနစ်စပါးတို့သည်။ အင်္ဂုလံ၊ တလက်သစ်ဖြစ်၏။ အမုဒ္ဒိဋ္ဌာ၊ ထိုတဆယ့်နှစ်လက်သစ်တို့သည်။ ဝိဒတ္ထိ၊ တထွာဖြစ်၏။ တာ ဒုဝေ၊ ထိုနှစ်ထွာတို့သည်။ ရတနံ၊ တတောင်သည်။ သိယုံ၊ ဖြစ်ကုန်၏။ တာနိ သတ္တေဝ၊ ထို ခုနစ်တောင်တို့သည်သာလျှင်။ ယဋ္ဌိ၊ တတာဖြစ်၏။ တာ ဝီသတိ၊ ထိုတာ နှစ်ဆယ်တို့သည်။ ဥသဘံ၊တဥသဘဖြစ်၏။ ဥသဘာသီတိ၊ ဥသဘရှစ်ဆယ်သည်။ ဂါဝုတံ၊ တဂါဝုတ်ဖြစ်၏။ စတုဂါဝုတံ၊ လေးဂါဝုတ်သည်။ ယော-ဇနံ၊ တယူဇနာဖြစ်၏။

[ ဆတ္တိံသ ပရမာဏူနံ-စသော ဂါထာများ၏ မိုးဂှာကား ဓျာနဝိဘင်း အဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂။ ၃၂၈။) ဖြစ်သည်။ ယင်း အဋ္ဌကထာ၌ အောက်ပါအတိုင်းလာရှိ၏။

တေသု ပန ဆတ္တိံသ ပရမာဏုဝေါ ကေသာ အဏုနော ပမာဏံ။ ဆတ္တိံသ အဏူ ဧကော တဇ္ဇာရိယာ ပမာဏံ။ ဆတ္တိံသ တဇ္ဇာရိယော ဧကော ရထရေဏု။ ဆတ္တိံသ ရထရေဏူ ဧကော လိက္ခာ။ သတ္တ လိက္ခာ ဧကာ ဦကာ။ သတ္တ ဦကာ ဧကော ဓည-မာသော။ သတ္တဓညမာသပ္ပမာဏံ ဧကံ အင်္ဂုလံ။ တေနင်္ဂုလေန ဒွါဒသင်္ဂုလာနိ ဝိဒတ္ထိ။ ဒွေ ဝိဒတ္ထိယော ရတနံ။ သတ္တ ရတနာနိ ယဋ္ဌိ။ တာယ ယဋ္ဌိ ဝ ဝီသတိ ယဋ္ဌိယော ဥသဘံ။ အသီတိ ဥသဘာနိ ဂါဝုတံ။ စတ္တာရိ ဂါဝုတာနိ ယောဇနံ။

ရူပသိဒ္ဓိဋီကာ။ နှာ ၉၆-၌—

မနုပဥ္စသတံ ကောသံ၊ စတုကောသဥ္စ ဂါဝုတံ။
ဂါဝုတာနိ စ စတ္တာရိ၊ ယောဇနန္တိ စ ဝုစ္စတိ—

ဟု ကောသ, ဂါဝုတ, ယောဇနတို့၏ ပမာဏ လာသေး၏။]

(၁၉၇) ဓနုပဥ္စသတံ ကောသော၊ ကရီသံ စတုရမ္ဗဏံ။
အဋ္ဌန္တရံ တု ပာဿာန-မင္ဂီဝါ ပမာဏတော။
ဘူမိဝဂ္ဂေါ နိဋ္ဌိတော။

(၁၉၇) ဓနုပဥ္စသတံ၊ ကုပ်လုပ်လေးတာ အပြန့်ငါးရာသည်။ ကော-သော၊ တကောသမည်၏။ စတုရမ္ဗဏံ၊ လေးအမ္ဗဏ မျိုးကြဲလောက်သော အရပ်သည်။ ကရီသံ၊ ကရီသမည်၏။ ဂါ၊ တာယမည်၏။ တု၊ ထိုမှတပါး။ ပမာဏတော၊ ပမာဏအားဖြင့်။ ပာဿာနံ၊ အတောင်တို့၏။ အဋ္ဌဝီသ၊ နှစ်ဆယ့်ရှစ်တောင်သည်။ အဋ္ဌန္တရံ၊ အဋ္ဌန္တရမည်၏။

[ အမ္ဗဏသည် ၁၁-စိတ်ရှိ၏။ ၄၄-စိတ်=၁၁ တင်း မျိုးကြဲနိုင်သော အရပ်ကို 'တပယ်'ဟု ခေါ်၏။ ၇-ဒေါင်တာဖြင့် စတုရန်း

၂၅-တာကို 'ဆင်းရဲသားပယ်'၊ စတုရန်း ၅၀-တာကို 'မင်းပယ်'ဟု ၂-မျိုး ပြဆိုကြ၏။

(ဆောင်) ခုနစ်တောင်တာ၊ ကျည်းဝိသာ၊ မှတ်ပါစတုရန်း။
ဆင်းရဲသားပယ်၊ ခေါ်ဆိုဖွယ်၊ မင်းပယ်နှစ်ဆမှန်း။]

ဘူမိဝဂ်၊ ဘူမိဝဂ်သည်။ နိဋ္ဌိတော၊ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

---

## ၂-ဘူကဏ္ဍ ၂-ပုရဝဂ်

(၁၉၇) ပုရံ နဂရမိတ္ထီ ဝါ၊ ဌာနိယံ ပုဋဘေဒနံ။
ထိယံ တု ရာဇဓာနီ စ၊ ခန္ဓာဝါရော ဘဝေထ စ။

(၁၉၇) ပုရံ၊ မြို့၊ နဂရံ၊ မြို့။ ဣတ္ထီ ဝါ၊ ပုရ,နဂရ-သဒ္ဒါနှစ်ခု ဣတ္ထိလိင် လည်းရှိ၏။ ဌာနိယံ၊ မြို့၊ ပုဋဘေဒနံ၊ မြို့။ တု ထိုမှတပါး။ ရာဇဓာနီ၊ မြို့တော်၊ ဝါ၊ မင်းနေပြည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ခန္ဓာ ဝါရော၊ မင်းနေပြည်။ ဘဝေ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။

တနည်း ရာဇဓာနီ၊ မြို့တော်။ ဝါ၊ မင်းနေပြည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဘဝေ၊ ဖြစ်၏။ အဘ၊ ထိုမှတပါး။ ခန္ဓာဝါရော၊ သစ်တပ်မြို့။ ဝါ၊ သစ်ခက် တဲနန်းမြို့၊ ဝါ၊ တပ်စခန်းချရာအရပ်။

[ဂေါပါလိတ ဆရာကမူ-

ပဋ္ဋနဉ္စ အဓိဋ္ဌာနံ၊ နဂရံ ပုဋဘေဒနံ။
ထိယော ပူ နဂရီ ပုရိယော၊ ဌာနိယံ ကဗ္ဗဋံ ပုဋံ-

ဟူ၍ မြို့ဟောပရိယာယ် ၁၀-ပုဒ် ဖော်ပြ၏။

စိန္တာမဏိဋီကာ။ ၁၂။ ၁-၌-

ဝိစိတ္တာဒေဝါယတနံ၊ ပါသာဒါပဏမန္ဒိရံ။
နဂရံ ဒဿယေ ဝိဒ္ဒါ၊ ရာဇမဂ္ဂေါပသောဘိတံ-

ဟူသော ဂါထာဖြင့် မြို့လက္ခဏာကို ပြထား၏။ မြို့ဟူသည် ဆန်း ကြယ်လှပသော နတ်ကွန်းပြာသာဒ် ဈေးရုံ အဆောက်အဦများ

ရှိပြီး မင်းလမ်းမကြီးဖြင့် တင့်တယ်သော လူနေတည့်ရှိရာကို 'မြို့' ဟုဆို၏။ ၎င်းကား ဟိန္ဒိဘာသာဝင်တို့ ပေည်ရှိရာကို ရည်ရွယ်၍ ဆိုဟန်ရှိ၏။ ဗုဒ္ဓဘာသာဝင်အတွက်မူ—

စေတိယဝိဟာရာကိဏ္ဏံ၊ ပါသာဒါပဏမန္ဒိရံ။
နဂရံ ဒဿယေ ဝိဒ္ဓါ၊ ရာဇမဂ္ဂေါပသောဘိတံ—

ဟူ၍ မှတ်သားရာ၏။

ရာဇဓာနီနှင့် ခန္ဓာဝါရကို တခြားစီခွဲပေးမှ ပို၍ကောင်းမည်ဟု ထင်မိ၏။ ခန္ဓာဝါရ ဟု ရှိမှ ပိုကောင်းသည်။ ကောဉ္စိ ဌာနေ ခန္ဓာဝါရံ ဗန္ဓိတွာ သမန္တာ ဂါဝုယောဇနံ ဥဗ္ဗာသေတွာ ဝသတိ။ ဝိ၊ ဋ္ဌ၊ ၂။ ၆၈။]

(၁၉၉) သာခါနဂရမညတြ၊ ယံ တံ မူလပုရာ ပုရံ။
ဗာရာဏသီ စ သာဝတ္ထိ၊ ဝေသာလီ မိထိလာဠဝိ။

(၂၀၀) ကောသမ္ဗုဇ္ဇေနိယော ၊ တက္က – သိလာ စမ္ပာ စ သာဂလံ။
သုသုမာရဂိရံ ရာဇဂဟံ ကပိလဝတ္ထု စ။

(၂၀၁) သာကေတ မိန္ဒပတ္ထဥ္စော – က္ကဋ္ဌာ ပါဋလိပုတ္တကံ။
ဇေတုတ္တရံ စ သင်္ကဿံ၊ ကုသိနာရာဒယော ပုရီ။

(၁၉၉၊ ၂၀၀၊ ၂၀၁) မူလပုရာ၊ မြို့မမှ။ ဝါ၊ မြို့တော်မှ။ ဝါ၊ ဒေချက်အချာမြို့မှ။ အညတြ၊ တပါးသောအရပ်၌။ ယံ ပုရံ၊ အကြင် အခက်အလက်မြို့သည်။ အတ္ထိ၊ ရှိ၏။ တံ ပုရံ၊ ထိုအခက်အလက်ဖြစ်သော မြို့သည်။ သာခါနဂရံ၊ သာခါနဂရ မည်၏။ ဝါ၊ မြို့လက်မည်၏။ မြို့လက်ဟော ၁-ပုဒ်။

ဗာရာဏသီ၊ ဗာရာဏသီမြို့တော်။ သာဝတ္ထိ၊ သာဝတ္ထိမြို့တော်။ ဝေသာလီ၊ ဝေသာလီမြို့တော်။ မိထိလာ၊ မိထိလာမြို့တော်။ အာဠဝိ၊ အာဠဝီမြို့တော်။ ကောသမ္ဗီ၊ ကောသမ္ဗီမြို့တော်။ ဥဇ္ဇေနီ၊ ဥဇ္ဇေနီမြို့တော်။ တက္ကသီလာ၊ တက္ကသိုလ်မြို့တော်။ စမ္ပာ၊ စမ္ပာမြို့တော်၊ သာဂလံ၊ သာဂလမြို့တော်။ သုသုမာရဂိရံ၊ သုသုမာရဂိရမြို့တော်။ ရာဇဂဟံ၊ ရာဇဂြိုဟ်မြို့တော်။ ကပိလဝတ္ထု၊ ကပိလဝတ်မြို့တော်။ သာကေတံ၊ သာကေတမြို့တော်။ ဣန္ဒပတ္ထံ၊ ဣန္ဒပတ္ထမြို့တော်။ ဥက္ကဋ္ဌံ၊ ဥက္ကဋ္ဌမြို့တော်။ ပါဋလိပုတ္တံ၊ ပါဋလိပုတ်မြို့တော်။ ဇေ-

တုတ္တရမြို့တော်။ သင်္ကဿ၊ သင်္ကဿမြို့တော်။ ကုသိနာရာဒယော၊ ကုသိနာရုံ မြို့တော် အစရှိသည်တို့သည်။ ပုရိ၊ မြို့တော်အထူးတို့တည်း။ မြို့တော်-၂၀။ (မြို့ကြီးများလည်း ဟူ၏။)

[ဤနေရာတွင် တိုင်း, ဇနပုဒ်, မြို့, နိဂုံး, ရွာ-တို့၏ အထူးကို အောက်ပါ ဆောင်ပုဒ်ဖြင့် သိရာ၏။

(ဆောင်) ဟမင်းအာဏာ၊ နှံ့လေရာ၊ ရဋ္ဌာတိုင်းသမုတ်။
တိုင်းတွင်တစု၊ တနယ်ပြု၊ ခေါ်မှုဇနပုဒ်။
တံတိုင်းရံပြု၊ ဈေးလည်းစု၊ မြို့ဟုခေါ်သမုတ်။
တံတိုင်းမလုံ၊ ဈေးသာစုံ၊ နိဂုံမည်သမုတ်။
တံတိုင်းဈေးနှာ၊ မရှိပါ၊ ရွာသာမှည့်သမုတ်။

ဗာရာဏသီ-စသည်တို့ကို 'ပြည်' ဟု မပြန်ပဲ 'မြို့တော်' ဟု အနက်ပြန်လိုက်သည်။ ဗာရာဏသီ-စသည်တို့ကား တိုင်းပြည်နိုင်ငံ ၏ မြို့တော်တို့သာတည်း။ သို့ဖြစ်၍ 'မြို့တော်'ဟု အနက်ပြန်သည်။ ဗာရာဏသီသည် ကာသိတိုင်း၏ မြို့တော်၊ သာဝတ္ထိသည် ကောသလတိုင်း၏မြို့တော်၊ ဝေသာလီသည် ဝဇ္ဇီတိုင်း၏ မြို့တော်၊ မိထိလာ သည် ဝိဒေဟတိုင်း၏ မြို့တော်၊အာဠဝီသည် အာဠဝီတိုင်း၏မြို့တော်၊ ကောသမ္ဗီသည် ဝံသတိုင်း၏ မြို့တော်၊ ဥဇ္ဇေနီသည် အဝန္တိတိုင်း၏ မြို့တော်၊ တက္ကသိုလ်သည် ဂန္ဓာရတိုင်း၏ မြို့တော်၊စမ္ပာသည် အင်္ဂ တိုင်း၏ မြို့တော်၊ သာဂလသည် မဒ္ဒတိုင်း၏ မြို့တော်၊ သုသုမာရ- ဂိရသည် ဘဂ္ဂတိုင်း၏ မြို့တော်၊ ရာဇဂြိုဟ်သည် မဂဓတိုင်း၏ မြို့ တော်၊ ကပိလဝတ္ထုသည် သက္ကတိုင်း၏ မြို့တော်ဖြစ်သည်။ သာကေ တသည် သာဝတ္ထိမြို့တော်မှ ၆-ယူဇနာကွာသည်၊ ထင်ရှားသည့် မြို့ကြီးဖြစ်သည်။ ဣန္ဒပတ္ထသည် ကုရုတိုင်း၏ မြို့တော်၊ ဥက္ကဋ္ဌသည် ကောသလတိုင်း၌ ထင်ရှားသည့်မြို့ကြီးဖြစ်သည်။ ပါဋလိပုတ်သည် ဓမ္မာသောကမင်း နန်းစံ ပုပ္ဖပုရ,ကုသုမပုရ-စသည်ဖြင့် ထင်ရှား သည့် ရာဇဂြိုဟ်ပျက်ပြီးနောက် မဂဓတိုင်း၏ မြို့တော်ဖြစ်သည်။ ဇေတုတ္တရသည် သိဝိတိုင်း၏ မြို့တော်ဖြစ်သည်။ သင်္ကဿမြို့သည် မဇ္ဈိမဒေသမှ ၄-ယူဇနာကွာတွင် ထင်ရှားသည့် မြို့ကြီးဖြစ်သည်။ ကုသိနာရုံသည် မလ္လတိုင်း၏ မြို့တော် ဖြစ်သည်၊ ယင်းမြို့တော်များ

အနက် သာဝတ္ထိမြို့တော်ဘွဲ့ကို အဋ္ဌကထာများ၌ အောက်ပါ အတိုင်း လာရှိ၏။

သဗ္ဗဒါ သဗ္ဗူပကရဏာံ၊ သာဝတ္ထိယံ သမောဟိတံ။
တသ္မာ သဗ္ဗမုပါဒါယ၊ သာဝတ္ထီတိ ပဝုစ္စတိ။
ကောသလာနံ ပုရံ ရမ္မံ၊ ဒဿနေယျံ မနောရမံ။
ဒသဟိ သဒ္ဒေဟိ အဝိဝိတ္တံ၊ အန္နပါန သမာယုတံ။
ဝုဒ္ဓိံ ဝေပုလ္လတံ ပတ္တံ၊ ဣဒ္ဓံ ဖီတံ မနောရမံ။
အဠကမန္ဒာဝ၊ သာဝတ္ထိ ပုရမုတ္တမံ။

မ၊ ဋ္ဌ၊ ၁။ ၆၂။ ခုဒ္ဒက၊ ဋ္ဌ၊ ၉၄။]

(၂၀၂) ရစ္ဆာ စ ဝိသိခါ ဝုတ္တာ၊ ရထိကာ ဝီထိ စာပျထ။
ဗျူဟော ရစ္ဆာ အနိဗ္ဗိဒ္ဓါ၊ နိဗ္ဗိဒ္ဓါ တု ပထဒ္ဓိ စ။

(၂၀၂) ရစ္ဆာ၊ ဝိသိခါ၊ ရထိကာ၊ ဝီထိ၊ မြို့တွင်းရှာတွင်းလမ်း။ မြို့တွင်းရှာတွင်းလမ်း ပရိယာယ် ၄-ပုဒ်။ ဣမေ၊ ဤသဒ္ဒါတို့ကို။ သမာ၊ အနက်တူတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။ (ဣမေ-ထည့်) အထ၊ ထိုမှတပါး။ အနိဗ္ဗိဒ္ဓါ၊ ထုတ်ချင်းမပေါက်သော။ ရစ္ဆာ၊ လမ်းသည်။ ဗျူဟော၊ ဗျူဟ မည်၏။ တု၊ ထိုမှတပါး။ နိဗ္ဗိဒ္ဓါ၊ ထုတ်ချင်းပေါက်ခရီးသည်။ ပထော၊ ပထလည်းမည်၏။ အဒ္ဓိ၊ အဒ္ဓိလည်း မည်၏။ တနည်း—ပထဒ္ဓိ၊ ပထဒ္ဓိ မည်၏။

[ရထိကာ နာမ ရစ္ဆာ ဝုစ္စတိ၊ ဗျူဟံ နာမ ယေနေဝ ပဝိသန္တိ၊ တေနေဝ နိက္ခမန္တိ။ ဇါ၊ ၂။ ၃၅၆။

ပထဒ္ဓိ-ကို ပဌမနည်း ဋီကာနည်း၊ ဒုတိယနည်းလည်း သင့်သ ဖြင့် ယောဇနာသည်။ မခွဲပဲ ပထဒ္ဓိ-မည်၏ဟု ယောဇနာလျှင် လည်း သင့်သည်။ ပထဒ္ဓိယောတိ နိဗ္ဗိဒ္ဓဝီထိယော။ ဇာ၊ ဋ္ဌ၊ ၇။ ၁၇၅-ကိုထောက်။]

(၂၀၃) စတုက္ကံ စစ္စရေ မဂ္ဂ—သန္ဓိ သိင်္ဃာဋကံ ဘဝေ။
ပါကာရော ဝရဏော စာထ၊ ဥဒ္ဒါပေါ ဥပကာရိကာ။

(၂၀၃) စတုက္ကံ၊ စတုက္က-သဒ္ဒါသည်၎င်း။ မဂ္ဂသန္ဓိ၊ မဂ္ဂသန္ဓိ-သဒ္ဒါသည် ၎င်း။ သိင်္ဃာဋကံ၊ သိင်္ဃာဋက-သဒ္ဒါသည်၎င်း။ စစ္စရေ၊ လမ်းလေးလမ်း

အဆုံး၌။ ဝါ လမ်းလေးဆုံ၌။ ဝါ၊ လမ်းလေးခွ၌။ ဘဝေ၊ ဖြစ်၏။ ခရီးလေးဆုံ ၃-ပုဒ်။ ပါကာရော၊ မြို့ရိုး။ ဝါ၊ တံတိုင်း။ ဝရဏော၊ မြို့ရိုး။ ဝါ၊ တံတိုင်း။ မြို့ရိုး တံတိုင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဥဒ္ဒါပေါ၊ တံတိုင်းခြေ၊ ဥပကာရိကာ၊ တံတိုင်းခြေ။ တံတိုင်းခြေ ပရိယာယ် ၂-ပုဒ်။

[စတုန္နံ ပထာနံ သမာဟာရော စတုက္ကံ။ ဓာန်၊ ဋီ။၁၅၁။ သိဃ်ာဌကေတိ ဝိထိစတုက္ကာနိ။ ဇာ၊ ဌ၊၇။၁၇၅။ သိဃ်ာဋကော နာမ စတုရံ ဝုဍ္ဍတိ။ ဝိ၊၂။၃၅၆။

အဘိဓာန်ဇာကိုယ်၌ ဥဒ္ဒါပေါ-ဟုသံယုတ်မဲ့ရှိ၏၊ သင့်သည်ပင်။ ပိဋကတ၌ သံယုတ်နှင့် ဥဒ္ဒါပ-ဟုလည်းရှိသည်။ ဒဠှုဒ္ဒါပန္တိ ထိရမူလပါကာရံ။ သံ၊ဌ၊၃။၂၄၄။]

(၂၀၄) ကုဋ္ဋံ တု ဘိတ္တိ နာရီထ၊ ဂေါပုရံ ဒွါရကောဋ္ဌကော။
သေကာ ဣန္ဒခိလော စ၊ အဋ္ဋော တွဋ္ဋာလကော ဘဝေ။

(၂၀၄) ကုဋ္ဋံ၊ နံရံ၊ ဘိတ္တိ၊ နံရံ၊ အယံ၊ ဤ ဘိတ္တိသဒ္ဒါသည်။ နာရီ၊ ဣတ္ထိလိင်တည်း။ နံရံပရိယာယ် ၂-ပုဒ်။ ဂေါပုရံ၊ တံခါးမုခ်။ ဒွါရကောဋ္ဌကော၊ တံခါးမုခ်။ တံခါးမုခ်ပရိယာယ် ၂-ပုဒ်။ သေကာ၊ တံခါးတိုင်။ ဣန္ဒခိလော၊ တံခါးတိုင်။ တံခါးတိုင်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဋ္ဋော၊ အဋ္ဋာလကော၊ ပစ်ခင်။ ဝါ၊ ပြအိုး။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။

[ကုဋ္ဋ-သဒ္ဒါကို ပုလ္လိင် နပုလ္လိင် ၂-လိင်၌ဖြစ်သည်ဟု သိရာ၏။ ကုဋ္ဋော နာမ တယော ကုဋ္ဋာ ဣဋ္ဌကာကုဋ္ဋော သိလာကုဋ္ဋော ဒါရုကုဋ္ဋော။ ဝိ၊၂။၃၄၈။ ကုဋ္ဋောတိ စ ဂေဟဘိတ္တိ။ ပဋိသံ၊ဌ၊၁။ ၃၈၉။ ကုဋ္ဋ-သဒ္ဒါ တံဘိုင်းဟောလည်းရှိ၏။ ကုဋ္ဋာတိ ပါကာရာ။ ဗုဒ္ဓဝံ၊ဌ။၁၂၇။ ပစ်စင်, ပြအိုးဟော အဋ္ဋကို "အဋ္ဋော ပဋိရာဇူနံ ပဋိဗာဟနယောဂ္ဂေါ စတုပဉ္စဘူမကော ပတိဿယဝိသေသော" ဟု ဒီ၊ဋီ၊၁။၂၅၆-၌ဖွင့်၏။]

(၂၀၅) တောရဏံ တု ဗဟိဒ္ဒွါရံ၊ ပရိခါ တု စ ဒီဃိကာ။
မန္ဒိရံ သဒနာဂါရံ၊ နိကာယော နိလယာလယော။

(၂၀၆) အာဝါသော ဘဝနံ ဝေသ္မံ၊ နိကေတနံ နိဝေသနံ။
ဃရံ ဂဟံ စာဝသထော၊ သရဏံ စ ပတိဿယော။

(၂၀၇) ဩကံ သာလာ ခယော ဝါသော၊ ထိယံ ကုဋိ ဝသတျပိ။
ဂေဟံ စာနိတ္ထိ သဒုမံ၊ စေတိယာယတနာနိ တု။

(၂၀၅၊၂၀၆၊၂၀၇) တောရဏံ၊ တုရိုဏ်း။ ဗဟိဒွါရံ၊ တုရိုဏ်း။ တုရိုဏ်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပရိခါ၊ ကျုံး။ ဒီဃိကာ၊ ကျုံး။ ကျုံး ပရိယာယ် ၂-ပုဒ်။ မန္ဒိရံ၊ သဒနံ၊ အဂါရံ၊ နိကာယော၊ နိလယော၊ အာလယော၊ အာဝါသော၊ ဘဝနံ၊ ဝေသ္မံ၊ နိကေတနံ၊ နိဝေသနံ၊ ဃရံ၊ ဂဟံ၊ အာဝသထော၊ သရဏံ၊ ပဋိဿယော၊ ဩကံ၊ သာလာ၊ ခယော၊ ဝါသော၊ ကုဋိ၊ ဝသတိ၊ အိမ်။ ဒွယံ၊ ကုဋိ, ဝသတိ-သဒ္ဒါ နှစ်ပုဒ် အပေါင်းသည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဂေဟံ၊ အိမ်။ အနိတ္ထိ၊ ဂေဟ-သဒ္ဒါ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ သဒုမံ၊ အိမ်။ အိမ်ပရိယာယ် ၂၄-ပုဒ်။ စေတိယံ၊ နတ်ကွန်း။ ဝါ၊ ဘုရားကျောင်း။ အာယတနာနိ၊ နတ်ကွန်း။ ဝါ၊ ဘုရားကျောင်း။ နတ်ကွန်း, ဘုရားကျောင်းပရိယာယ် ၂-ပုဒ်။

[တုရိုဏ်း-ဟူသည် လေးကိုင်းသဏ္ဌာန် ပြုအပ်သော မုခ်ကုန်း။ ယင်းမုခ်ကုန်းတံခါးပါရှိသော တံခါးမုခ်ပြာသာဒ်တည်း။ အနုဋာနာမိ ဘိက္ခဝေ ကောဋ္ဌကံ အပေသိံ ယမကကဝါဋံ တောရဏံ ပလိဃန္တိ။ ဝိ၊၄။၃၀၀။ တောရဏူပပန္နန္တိ ဝိဝိဓမာလာကမ္မာဒိဝိစိတ္တေန သတ္တရတနမယေန တောရဏေန ဥပေတံ။ တောရဏန္တိ ဝါ ဒွါရကောဋ္ဌကပါသာဒဿ နာမံ။ ဝိမာန၊ဋ္ဌ။၁၄၅။ တံခါးတိုင်များ၏ အထက်၌ အလှအပ ခြသေ့ရုပ် စသည်တို့ဖြင့် ပြုလုပ်ထားသည့် 'သီဟဒွါရ' ခေါ် မုခ်ကုန်းကိုလည်း တုရိုဏ်းဟုခေါ်သည်။ ထမ္ဘော ပရိစိတော သီဟဒွါရာရော်။ စိန္တာမဏိ။

စေတိယနှင့် အာယတန-ကို ဓာန်၊ ဋီ-၌ "ဒွယံ မုခရဟိတဒေဝကုလသဒိသေ ယညာယတနေ"ဟု ဖွင့်သည်။ မုခ်မပါ မရှိသည့် နတ်ခင်နှင့်တူသော ယဇ်ပူဇော်ရာဟု ဆိုလိုသည်။ ရတနာကောသ-၌ စေတီနတ်အိမ်ပူဇော်ရာ သစ်ပင်-ဟူ၏။ လူတို့ပူဇော်ရာ နတ်ကွန်း နဘ်နန်းပင် ဖြစ်သည်။ ဝဇ္ဇီနံ ဝဇ္ဇိစေတိယာနိတိ

ဝဋ္ဋိရာဇာနံ ဝဋ္ဋိရန္ဒေ စိတ္တိကတဝေနေ စေတိယာနိတိ လဒ္ဒနာမာနိ ယက္ခဋ္ဌာနာနိ။ ဒီ၊ဋ္ဌ၊၂။၁၁၀။ စေတိယာယတနာနိ တ-၌လည်း "စေတိယ ဒေဝါယတနာနိ"ဟု ဆိုလို၏။ ဂါထာကိုက်ရန် "စေတိယာယတနာနိ တု" ဟု ဆိုသည်။ ဒေဝါနံ ဒေဝါယတနံ ဝိယ အစိဋ္ဌာနဋ္ဌေန အာယတနဥ္စ။ ပဋိသံ၊ဋ္ဌ၊၂။၁၅၆။]

(၂၀၈) ပါသာဒေါ စေဝ ယူပေါထ၊ မုဏ္ဍစ္ဆဒေါ စ ဟမ္မိယံ။
ယူပေါ တု ဂဇကုမ္ဘမ္ဘိ၊ ဟတ္ထိနခေါ ပတိဋ္ဌိတော။

(၂၀၉) ပါသာဒေါ၊ ပြာသာဒ်။ ယူပေါ၊ ပြာသာဒ်။ ပြာသာဒ်ပရိယာယ် ၂-ပုဒ်။ မုဏ္ဍစ္ဆဒေါ၊ ပြာသာဒ်ဦးပြည်း။ ဝါ၊ တိုက်ကတုံး။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်း။ ဝါ၊ တိုက်ကတုံး ပြာသာဒ်ဦးပြည်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဂဇကုမ္ဘမ္ဘိ၊ ဆင်ခြေ-လျှာမြေ၌။ ပတိဋ္ဌိတော၊ တည်သော။ ယူပေါ၊ ပြာသာဒ်သည်။ ဟတ္ထိနခေါ၊ ဟတ္ထိနခမည်၏။

[မုဏ္ဍစ္ဆဒ, ဟမ္မိယ-တို့ကို "သဒလုသဟိတဂေဟ"ဟု သုဘူတိနိဿယ၌ သီဟိုဠ်လို ဖွင့်သည်။ လသာဆောင်ပါရှိသောအိမ်ဟူ၏။]

(၂၁၀] သုပဏ္ဏဝင်္ကစ္ဆဒန—မစုယောဂေါ သိယာထ စ။
ကောကုဋ္ဌယုတော မာဋ္ဋော၊ ပါသာဒေါ စတုရဿကော။

(၂၁၀) သုပဏ္ဏဝင်္ကစ္ဆဒနံ၊ ဂဠုန်တောင် တဖက်ချ၍ မိုးအပ်သော အိမ်သည်။ အစုယောဂေါ၊ အစုယောဂမည်သည်။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ကောကုဋ္ဌယုတော၊ အထွတ်တခုနှင့်ယှဉ်သောတန်ဆောင်းသည်။ ဝါ၊ အထွတ်တခုတပ် တန်ဆောင်းသည်။ မာဋ္ဋော၊ မာဠမည်၏။ စတုရဿကော၊ လေးထောင့်ပုံသဏ္ဌာန် ပြာသာဒ်သည်။ ပါသာဒေါ၊ ပါသာဒမည်၏။

[ဂဠုန်တောင် တဖက်စောင်းမိုးကျောင်း သို့မဟုတ် တဖက်မိုးကျောင်းသည် အစုယောဂမည်၏။ အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရံ အစုယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟံ။ ဝိ၊၄။ ၂၉၀။ အစုယောဂေါတိ သုပဏ္ဏဝင်္ကဂေဟံ။ ဝိ၊ဋ္ဌ၊၄။၅၀။ သီဟိုဠ်ကျွန်း၌ စိတ္တလတောင်, စေတိယတောင်, မုလဂိရိတောင် စသည့်

ကောင်ဘောမျောနှ ယင်း ဂင်္ဂုနိဝောင် ဘာကောင်းမိုး ကျောင်းများကို များစွာတွေ့ရ၏။]

(၂၁၀) သဘာယံ စ သဘာ စာထ၊ မဏ္ဍပံ ဝါ ဇနာလယော။
အဒေလာ အာသနသာလာယံ၊ ပဋိက္ကမနမိရိတံ။

(၂၁၀) သဘာယံ၊ သဘာ၊ သဘင်။ ဝါ၊ အစည်းအဝေးခန်းမ။ သဘင်, အစည်းအဝေးခန်းမ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ မဏ္ဍပံ၊ မဏ္ဍပ်။ ဝါ၊ မဏ္ဍပ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ဇနာလယော၊ မဏ္ဍပ်။ မဏ္ဍပ်ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ ပဋိက္ကမနံ၊ ပဋိက္ကမန-သဒ္ဒါကို။ အာသနသာလာယံ၊ ဆွမ်းစားစရပ်၌။ ဝါ၊ ဆွမ်းစားကျောင်း၌။ ဤရိတံ၊ ဆိုအပ်၏။

[သဘာယ, သဘာ-တို့ကား အစည်းအဝေးခန်းမ ဟောတို့တည်း။ သီဟိုဠ်၌ မြို့တော်ခန်းမကို နဂရသဘာ, နဂရသာလာ-ဟု သုံးသည်။ သုဘူတိ၏ နိဿယ၌ "အစည်းအဝေးခန်းမ" ဟုပင် ပြန်၏။ မဏ္ဍပ-သဒ္ဒါ ပုလ္လိင်ဖြင့်လည်း ရှိသည်။ သို့ဖြစ်၍ "မဏ္ဍပံ ဝါ" ဟု ဆိုသည်။ သမန္တာ ယောဇနသတံ၊ မဏ္ဍပေါ မေ ခရိယတိ။ အပ၊ ၁။ ၄၁၁။ မဏ္ဍပေါ နာမ ပရိစ္ဆန္နာပရိစ္ဆန္နသာနီပါတမဏ္ဍပေါ။ ဝိနယဝိနိစ္ဆယဋီကာ။ ပဌမ။ ၄၂၃။ ပဋိက္ကမန-သဒ္ဒါ၊ ဆွမ်းစားစရပ် ဆွမ်းစားကျောင်း ဟောတည်း။ ပဋိက္ကမနံ နိပဇ္ဇိတွာတိ အာသနသာလံ ဟာရိတွာ။ ဝိ၊ ဋ္ဌ၊ ၃။ ၈၇။ ပဋိက္ကမနေတိ အာသနသာလာယံ။ သာရတ္ထ၊ ၃။ ၂၃၃။ မိဿကောဒနံ ဂဟေတွာ ပဋိက္ကမနသာလာယံ နိသိန္နော။ မ၊ ဋ္ဌ၊ ၃။ ၅၈။]

(၂၁၁) ဇိနသာ ဝါသဘာဝန - မိတ္တိ ဂန္ဓကုဋိ ပျထ။
ထိယံ ရသဝတီ ပါက - ဌာနံ စေဝ မဟာနသံ။

(၂၁၁) ဇိနဿ၊ ဘုရားရှင်၏။ ဝါသဘာဝနံ၊ သီတင်းသုံးတော်မူရာ ကျောင်းတော်သည်။ ဂန္ဓကုဋိ၊ ဂန္ဓကုဋိမည်၏။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ အထ၊ ထိုမှတပါး။ ရသဝတီ၊ စဖိုအိမ်။ ထိယံ၊ ဣတ္ထိလိင်၌။ ဟောတိ၊ ဖြစ်၏။ ပါကဋ္ဌာနံ၊ မဟာနသံ၊ စဖိုအိမ်။ စဖိုအိမ်ပရိယာယ် ၃-ပုဒ်။

[ဂန္ဓကုဋိသည် တကျောင်းတည်းသာမက ဘုရားရှင် သီတင်းသုံးရာ ကျောင်းတိုင်းကိုပင် ဂန္ဓကုဋိ-ဟု ခေါ်သည်။ ဓာန်၊ ဋီ ၌ "ဒိဗ္ဗဂန္ဓေဟိ ပရိဘာဝိတာ ကုဋိ ဂန္ဓကုဋိ" ဟု ဖွင့်သည်။ သီ၊ ဋီ၊ သစ်၊ ၁။ ၂၀၈-၌ "စတုဇ္ဇာတိကေန ဂန္ဓေန ပရိဘာဝိတာ ကုဋိ ဂန္ဓကုဋိ" ဟု ဖွင့်သည်။]

(၂၁၂) အာဝေသနံ သိပ္ပသာလာ၊ သောဏ္ဍာ တု ပါနမန္ဒိရံ။
ဝစ္စဋ္ဌာနံ ဝစ္စကုဋိ၊ မုနီနံ ဌာနမဿမော။

(၂၁၂) အာဝေသနံ၊ အလုပ်ရုံ။ သိပ္ပသာလာ၊ အလုပ်ရုံ။ အလုပ်ရုံ ပရိယာယ် ၂-ပုဒ်။ တု၊ ထို့ပြင်။ သောဏ္ဍာ၊ ဘုံဆိုင်။ ဝါ၊ သေတင်းကုပ်။ ပါနမန္ဒိရံ၊ ဘုံဆိုင်။ ဝါ၊ သေတင်းကုပ်။ ဘုံဆိုင် ပရိယာယ် ၂-ပုဒ်။ ဝစ္စဋ္ဌာနံ၊ ကုဋိအိမ်၊ ဝါ၊ အိမ်သာ။ ဝစ္စကုဋိ၊ ကုဋိအိမ်။ ဝါ၊ အိမ်သာ။ ကုဋိ၊ အိမ်သာ ပရိယာယ် ၂-ပုဒ်။ မုနီနံ၊ ရသေ့ ရဟန်းတို့၏။ ဌာနံ၊ နေရာအရပ်သည်။ အဿမော၊ အဿမမည်၏။ အဿမော၊ သင်္ခမ်းကျောင်း။ ဝါ၊ ကျောင်းသင်္ခမ်း။

[အာဝေသန-သဒ္ဒါ ပိဋကတော်၌ နေရာအိမ် သာမန်ဟော တွေ့ရသည်။ ဂဗ္ဘေ ဘိက္ခုဝေ ဃဋိကာရဿ ကုမ္ဘကာရဿ အာဝေသနံ ဥဇ္ဈိဋ္ဌံ ကရောထ။ မ၊ ၂။ ၂၇၃။ ကမ္မသာလာ၊ ကမ္မန္တသာလာ-စသည်တို့လည်း အလုပ်ရုံဟော ပရိယာယ်တည်း။ ပါနာဂါရ, ပါနဂေဟ, ပါနဂဟ-စသည်တို့သည် ဘုံဆိုင်, သေတင်းကုပ်ဟော ပရိယာယ်တို့တည်း။ ပါနာဂါရဘိက္ခုနီ ဝေါစရော။ မ၊ ဋ္ဌ၊ ၃။ ၄။]

(၂၁၃) ပဏ္ဏဝိက္ကယသာလာ တု၊ အာပဏော ပဏ္ဏဝီထိကာ။
ဥဒေါသိတော ဘဏ္ဍသာလာ၊ စက်မန္တံ တု စက်မော။

(၂၁၃) တု၊ ထို့မှတပါး။ ပဏ္ဏဝိက္ကယသာလာ၊ အာပဏော၊ ပဏ္ဏဝီထိကာ၊ ဈေးရုံ။ ဝါ၊ ဈေးတန်း။ ဈေးရုံ ဈေးတန်း ပရိယာယ် ၃-ပုဒ်။ ဥဒေါသိတော၊ ဘဏ္ဍသာလာ၊ ကုန်တိုက်။ ဝါ၊ ကုန်လှောင်ရုံ။ ဝါ၊ ဂိုဒေါင်။ ကုန်တိုက် ပရိယာယ် ၂-ပုဒ်။ တု၊ ထို့မှတပါး။ စက်မန္တံ၊ စက်မော၊ စကြံ။ စကြံ ပရိယာယ် ၂-ပုဒ်။

[ပဏျဝိက္ကယသာလာ ပဏ ဗျဝဟာရေ။ ပဏိတဗ္ဗာတိ ပဏျာ၊ ဝတ္ထာဒယော၊ တေ တ္တေ ဝိက္ကိဏန္တိတိ ပဏျဝိက္ကယော၊ ကီ ဒဗ္ဗဝိနိ-မယေ၊ သော ဝေ သာလာ ဂေဟန္တိ ပဏျဝိက္ကယသာလာ။ ဋီကာ။ ပါပဏိကာ·လည်း အိမ် ဈေးဟောတည်း။ ပါပဏိကာ ဝါ နန္တကာနိ ဥစ္စိနိတွာ။ မ၊ ၂။ ၁၉၉။ အမရ။ ၁၂။ ၂-၌ အာပဏ, နိသဒျာ, ဝိပဏိ, ပဏျဝိထိကာ-ဟူ၍ ဈေးရုံ, ဈေးလမ်းဟော ၄-ပုဒ်လာ၏။]

(၂၁၄) ဇန္တာဃရံ တ္ဝဂ္ဂိသာလာ၊ ပပါ ပါနီယသာလိကာ။
ဂဗ္ဘော ဩဝရကော ဝါသာ–ဂါရံ တု သယနိဂ္ဂဟံ။

(၂၁၄) တု၊ ထိုမှတပါး။ ဇန္တာဃရံ၊ အဂ္ဂိသာလာ၊ မီးတင်းကုပ်။ မီးတင်းကုပ် ပရိယာယ် ၂-ပုဒ်။ ပပါ၊ ပါနီယသာလိကာ၊ ရေအိုးစင်။ ရေအိုးစင်ပရိယာယ် ၂-ပုဒ်။ ဂဗ္ဘော၊ ဩဝရကော၊ တိုက်ခန်း။ တိုက်ခန်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝါသာဂါရံ၊ သယနိဂ္ဂဟံ၊ အိပ်ခန်း။ အိပ်ခန်း ပရိယာယ် ၂-ပုဒ်။

[ဇန္တာဃရ·သဒ္ဒါသည် ဇရုံးအိမ်ကိုလည်း ဟောသည်။ ဇရုံးအိမ် ဟူသည် ချွေးထုတ်ချွေးအောင်းရာ အိမ်တည်း။ ဇန္တာဃရဥ္စနာမ ဟိမပါတဗဟုလေသု ဒေသေသု တပ္ပစ္စယရောဂပီဠာဒိနိဝါရဏတ္ထံ သရီရသေဒါပနဋ္ဌာနံ။ ဝိမတိ၊ ၂။ ၁၀၂။ အဂ္ဂျာဂါရ-သည်လည်း မီးတင်းကုပ်ဟော လွန်စွာထင်ရှား အသုံးများ၏။ ဝသေယျာမ ကေရတ္တံ အဂ္ဂျာဂါရေ။ ဝိ၊ ၃။ ၃၂။ ဤအဘိဓာန်ကျမ်း၌ အိပ်ခန်း ပရိယာယ် ၂-ပုဒ်သာ လာ၏။ သယနိလည်း အိပ်ခန်းဟော ဖြစ်၏၊ သယနမေတထာ အတ္ထီတိ သယနီ၊ သယနီ စ တံ ဃရဥ္စာတိ ဝိဂ္ဂဟော။ ဝိ၊ ဝိနိစ္ဆယ၊ ဋီ၊ ၁။ ၅၁၂။ သယနိယ, သယနိဃရ, သယနိဂေဟ-စသည်တို့လည်း အိပ်ခန်းဟော ပရိယာယ်များ ဖြစ်သည်။ သယနိဃရေတိ သယနိယဃရေ။ ဝိ၊ ဋ္ဌ၊ ၃။ ၁၂၂။]

(၂၁၅) ကုဋ္ဌာဂါရံ တု ဩရောဓော၊ သုဒ္ဓန္တော’န္တေပုရံပိ စ။
အသဗ္ဗဝိသယဋ္ဌာနံ၊ ရညံ ကစ္ဆန္တရံ မတံ။

(၂၁၅) တု၊ ထိုမှတပါး။ ကုဋ္ဌာဂါရံ၊ မောင်းမဆောင်။ ဝါ၊ မင်းမိန်းမဆောင်။ ဩရောဓော၊ မောင်းမဆောင်။ သုဒ္ဓန္တော၊ မောင်းမဆောင်။

အန္တေပုရံ၊ မောင်းမဆောင်။ မောင်းမဆောင် ပရိယာယ် ၄-ပုဒ်။ ရည်၊ မင်းတို့၏၊ အသဗ္ဗဝိသယဌာနံ၊ လူအားလုံးတို့နှင့် မဆက်ဆံသော အရပ်ကို။ ကစ္ဆန္တရံ၊ ကစ္ဆန္တရဟူ၍။ မတံ၊ သိအပ်၏။

[ရှေးမြန်မာမင်းများ လက်ထက်က ထိပ်ထားအောက် မယား ကို 'ကိုယ်လုပ်တော်'ဟု ခေါ်သည်။ ကိုယ်လုပ်ဆိုသည်မှာ ကိုယ် တော်၏ အပါးတွင် အလုပ်အကျွေးအဖြစ် နေရသော မယားကို ဆိုလို၏။ ၎င်းအောက် မယားကို 'မောင်းမ' ဟု ခေါ်သည်။ ယင်း မောင်းမများ၏ နေရာအဆောင်ကိုလည်း 'ဩဃာဂါရ'ဟု ခေါ်သည်။ စင်စစ်ကား ဩဃာဂါရ-စသည်မှာ ဘုရင်များမှာ မိဖုရား ခေါင်ကြီးမှတပါး မိဖုရားငယ်များရှိရာ ယင်းမိဖုရားငယ်များ၏ နေရာအဆောင်ဖြစ်သည်။ ပုံစံပြရလျှင် ကောသလမင်းကြီးမှာ မလ္လိကာမိဖုရားကြီးမှတပါး ဝါသဘာမိဖုရား, သောမာမိဖုရား, သကုလာမိဖုရား-စသည့် မိဖုရားငယ်တို့ များစွာရှိကုန်၏။ ၎င်းမိဖု ရားငယ်ကဲ့သို့သော မိဖုရားငယ်တို့၏ နေရာများသည်လည်း ဩဃာဂါရ-စသည်ပင်ဖြစ်သည်။ ရာဇိတ္ထိနမဂါရံ ဩဃာဂါရံ။ ဋီကာ။]

(၁၁၆) သောပါနော ဝါ'ရောဟဏံ စ၊ နိဿေဏိ သာ'ဓိရောဟိဏီ။
ဝါတပါနံ ဂဝက္ခော စ၊ ဇာလံ စ သီဟပဉ္ဇရံ။

(၂၁၇) အာလောကသန္ဓိ ဝုတ္တောထ၊ လင်္ဂီတ္ထီ ပလိဃော ဘဝေ။
ကပိသီသောဂ္ဂလတ္ထမ္ဘော၊ နိဗ္ဗံ တု ဆဒ္ဒကောဋိယံ။

(၂၁၆၊ ၂၁၇) သောပါနော၊ အုတ်လှေကား။ ဝါ၊ စောင်းတန်း။ ဝါ၊ နပုလ္လိင်လည်းရှိ၏။ အာရောဟဏံ၊ အုတ်လှေကား။ ဝါ၊ စောင်းတန်း။ အုတ်လှေကား ပရိယာယ် ၂-ပုဒ်။ နိဿေဏိ၊ သစ်သားလှေကား။ အဓိရော- ဟိဏိ၊ သစ်သားလှေကား။ သာ၊ ဣတ္ထိလိင်တည်း။ သစ်သားလှေကား ပရိယာယ် ၂-ပုဒ်။ ဝါတပါနံ၊ ဂဝက္ခော၊ ဇာလံ၊ သီဟပဉ္ဇရံ၊ အာလောက- သန္ဓိ၊ လေသာပြူတင်း။ အယံ၊ ဤအာလောကသန္ဓိ-သဒ္ဒါကို။ ဝုတ္တော၊ ပုလ္လိင်ဟုဆိုအပ်၏။ လေသာပြူတင်း ပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှ တပါး။ လင်္ဂီ၊ တံခါးကျည်။ ဝါ၊ မင်းတုတ်။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ ပလိဃော၊ တံခါးကျည်။ ဝါ၊ မင်းတုတ်။ တံခါးကျည် ပရိယာယ် ၂-ပုဒ်။

ကပိသီသော၊ အဂ္ဂလတ္တမ္ဘော၊ တံခါးတိုင်။ (တံခါးချည်တိုင်လည်းဟူ) တံခါးတိုင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ နိဗ္ဗံ၊ နိဗ္ဗ-သဒ္ဒါသည်။ ဆဒ္ဒ ကောဋ္ဌိယံ၊ အမိုးစွန်း၌။ ဝါ၊ တံစက်မြိတ်၌။ ဝတ္တတိ၊ ဖြစ်၏။

["ဒွယံ ဏ္ဍဋ္ဌကာဒိရစိတေ အာခရောဟဏော"ဟု ဋီကာဆိုသဖြင့် သောပါဏ, အာရောဟဏ-ကို 'အုတ်လှေကား' ဟု ပေးသည်။ "ဒွယံ ကဋ္ဌာဒိရစိတာယံ"ဟု ဋီကာဆိုသဖြင့် နိဿေဏိနှင့် အဓိ-ရောဟိဏိ-ကို 'သစ်သားလှေကား' ဟု ပြန်ဆိုသည်။ သို့ရာတွင် စာပေရေးသားရာ၌ သင့်ယလို သုံးစွဲရာ နိဿေဏိ-လည်း အုတ်လှေကား ဟောရိုပ်ကို တွေ့ရသည်။ ပုနဗ္ဗဟာလမဓုကတေလနာဂ-ဗလ ပိဏ္ဍိလ္လာဒီနံ ကုဋ္ဋေ ပူရေတွာ နိဿေဏိမဂ္ဂကေ ဌပါပေသိ။ မ၊ ဋ္ဌ၊ ၃။ ၄၇။ ဤ၌ အုတ်လှေကားဟော ပို၍ကောင်းဖွယ် ရှိ၏။ သော တဿာ သဒ္ဒေန အရုဏေ ဥဂ္ဂတေ ရုက္ခမူလံ အာဂတော ဇာတိံ ပုစ္ဆိတွာ နိဿေဏိံ ဗန္ဓိတွာ ဩတာရေတွာ။ မ၊ ဋ္ဌ၊ ၃။ ၂၂၄။ ဤ၌ သစ်သားလှေကားတည်း။ သီဟိုဠ် နိဿယ ဟောင်း၌။ သောပါန စသော ၄-ပုဒ်လုံး စောင်းတန်းလှေကား ဟော ပရိယာယ်တူ ပြု၏။ သာဘူတိ- သီဟိုဠ်နိဿယ၌ ၂-ပုဒ်စီ ခွဲ၏။ ကပိသီသ-ကို တံခါးချည်တိုင်၊ မင်းတုတ်လျှိုစရာတိုင်၊ တံခါး ကျည်း၊ တံခါးရှက်ဖုံး၊ မျောက်လက်တိုင်-စသည်ဖြင့် အမျိုးမျိုး ပြန်ဆိုကြ၏။]

(၂၁၇) ဆဒနံ ပဋလံ ဆဒ္ဒ—မဇိရံ စစ္စရင်္ဂဏံ။
ပဃာနော ပဃနာလိန္ဒော၊ ပမုခံ ဒွါရဗန္ဓနံ။

(၂၁၉) ပိဋ္ဌသင်္ဃာဋကံ ဒွါရ—ဗာဟာ ကူဋံ တု ကဏ္ဏိကာ။
ဒွါရံ စ ပဋိဟာရောဟ၊ ဥမ္မာရော ဒေဟနိတ္ထိယံ။

(၂၂၀) ဋ္ဌေကော ဠန္ဒခိလောထ၊ ထမ္ဘော ထူဏော ပုမိတ္ထိယံ။
ပါဠိကာ'စ္ဆေန္နပါသာဏော၊ ဂိဉ္ဇကာ တု စ ဠဋ္ဌကာ။

(၂၁၇၊ ၂၁၉၊ ၂၂၀) ဆဒနံ၊ ပဋလံ၊ ဆဒ္ဒံ၊ အမိုး။ အမိုးပရိယာယ် ၃-ပုဒ်။ အဇိရံ၊ စစ္စရံ၊ အင်္ဂဏံ၊ အိမ်အပြင်။ ဝါ၊ ကြမ်းပြင်၊ အိမ်အပြင် ကြမ်းပြင်ပရိယာယ် ၃-ပုဒ်။ ပဃာနော၊ ပဃနော၊ ခွေးကပါက်။ ခွေး

ကတက်ပရိယာယ် ၂-ပုဒ်။ အာလိန္ဒော၊ ပမုခံ၊ အိမ်ဦး။ ဝါ၊ ဆင်ဝင်။ အိမ်ဦးဆင်ဝင်ပရိယာယ် ၂-ပုဒ်။ ဒွါရဗန္ဓနံ၊ ပိဋ္ဌသင်္ဃာဋကံ၊ ဒွါရဗာဟာ၊ တံခါးပေါင်။ ဝါ၊ ကျည်းခွေ။ တံခါးပေါင်ကျည်းခွေ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကုဋ္ဋံ၊ ကဏ္ဏိကာ၊ အထွတ်။ အထွတ်ပရိယာယ် ၂-ပုဒ်။ ဒွါရံ၊ ပဋိဟာရော၊ တံခါး။ တံခါးပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဥမ္မာရော၊ ဒေဟနီ၊ တံခါးခုံ။ အယံ၊ ဤဒေဟနီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဧဠကော၊ ဣန္ဒခိလော၊ တံခါးခုံ။ တံခါးခုံ ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ ထမ္ဘော၊ ထူဏော၊ တိုင်။ အယံ၊ ဤထူဏ-သဒ္ဒါသည်။ ပုမိတ္ထိယံ၊ ပုလ္လိင်, ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ပါဠိကာ၊ ပါဠိကာ-သဒ္ဒါသည်။ အစ္စုန္နပါသာဏော၊ လခွဲ လခြမ်း သဏ္ဌာန်ရှိသော လှေကားစောင်းတန်းဦးကျောက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဂိဉ္ဇကာ၊ ဣဋ္ဌကာ၊ အုတ်။ အုတ်ပရိယာယ် ၂-ပုဒ်။

[ပဃန် နာမ ယံ နိက္ခမန္တာ စ ပဝိသန္တာ စ ပါဒေဟိ ဟနန္တိ၊ တဿ ဝိဟာရဒွါရေ ဥဘတော ကုဋ္ဋံ နီဟရိတွာ ကတပဒေသဿေတံ အဓိဝစနံ။ ပဃာနန္တိပိ ဝုစ္စတိ။ ဝိ၊ ဋ္ဌ၊ ၄။ ၆၂။ ခွေးအိပ်၊ ခြေနင်းခုံဟော ဖြစ်၏။ စံကျောင်းဆရာတော်က စူဠဝါ ပါဠိတော်နိဿယ၌ "ပဃန်၊ ထွက်ဝင်ရာ တံခါး" ဟု ပြန်ဆို၏။ သိဟိုဠ်နိဿယ ၂-စောင်လုံး၌ ပဃာန, ပဃန, အာလိန္ဒ, ပမုခ ၄-ပုဒ်လုံး ပရိယာယ်တူ "အိမ်ဦးဆင်ဝင်" ဟု ပြန်ဆိုကြ၏။ ၄-ပုဒ်လုံးကိုပင် "အိမ်ဦး, ဆင်ဝင်, ခြေသုတ်ရာဌာန,ခွေးကတက်" ဟု ပြန်နိုင်၏။ အာဠိန္ဒ ပဝိသိတွာ ဥက္ကာသိတွာ အဂ္ဂဠံ အာကောဋေဟိ။ မ၊ ၂။ ၃၂၂-၌။ အာဠိန္ဒ-ဟု။ မုဒ္ဒြ၊ ဋ္ဌ-နှင့် ရှိ၏။ ကာရိကာရိယသာ။ ဒုဝါခ-သဒ္ဒါလည်း တံခါးဟော ပရိယာယ်တည်း။ ဒက္ခိဏမှို ဒုဝါရမှို၊ ပိသာစေ အာသယံ တဒါ။ အပ၊ ၁။ ၂၇၁။ တိတ္ထာရာမဒုဝါရေနု၊ ရထာရစ္ဆော ပလာယတိ။ မဟာဝံသ။ ၃၃။ ၄၃။ ပါဠိကာ-သည် သီဟိုဠ်ဘာသာအားဖြင့် 'သန္ဒကလ် ပဟဏ'-ဖြစ်၏။ ရှေးက သီဟိုဠ်ကျွန်း ကျောင်းလှေခါးဦးများ၌ ရုပ်စုံဖော်၍ လခြမ်းသဏ္ဌာန် ကျောက်ပြားခင်းရိုး အလွန်ခေတ်စားခဲ့သည်။]

(၂၂၁) ဝလဘိစ္ဆာဒိဒါရုမှိ၊ ဝင်္ကေ ဂေါပါနသိတ္ထိယံ။
ကပေါတပါလိကာယံ တု၊ ဝိဋင်္ကော နံ့တ္ထိယံ ဘဝေ။

(၂၂၁) ဂေါပါနသိ၊ ဂေါပါနသီ-သဒ္ဒါသည်။ ဝင်္ကေ၊ ကောက်သော။ ဝလဘိစ္ဆာဒိဒါရုမှိ၊ ခေါင်ကိုမိုးသော သစ်သား၌။ ဝါ၊ ခေါင်ကိုမိုးကြောင်းဖြစ်သော အခြင်ယနယ်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌-ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ဝိဋင်္ကော၊ ဝိဋင်္က-သဒ္ဒါသည်။ ကပေါတ-ပါလိကာယံ၊ ခိုစင်၌။ ဝတ္တတိ၊ ဖြစ်၏။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဘဝေ၊ ဖြစ်၏။

[ဂေါပါနသိဝက်န္တိ ဂေါပါနသီ ငိယ ဝက်ံ။ ဒီ၊ ဋ္ဌ၊ ၂။ ၂၆။ မ၊ ဋ္ဌ၊ ၁။ ၃၆၅-စသည်ကိုထောက်၍ အခြင်ယနယ်ကိုသာယူရာ၏။ "ကပေါတပါလိကာယံ တု၊ ဝိတင်္ကံ ပုန္နပုံသကံ" ဟူသော အမရ၊ ၁၂။၁၅-ကို ယူ၍ ဆိုဟန်တူ၏။]

(၂၂၂) ကုဋ္ဋိကာဝိဝရံ ဘာဋ္ဌ-စ္ဆိဂ္ဂလောပျထ ကုဋ္ဋိကာ။
တာဋ္ဌော' ပါပုရဏံ စာထ၊ ဝေဒိကာ ဝေဒိ ကထျတေ။

(၂၂၂) ကုဋ္ဋိကာဝိဝရံ၊ တာလစ္ဆိဂ္ဂလော၊ သံကောက်ပေါက်။ ဝါ၊ သော့ပေါက်။ သံကောက်ပေါက် သော့ပေါက်ပရိယာယ် ၂-ပုဒ်။ ကုဋ္ဋိကာ၊ တာဋ္ဌော၊ အာဝါပုရဏံ၊ သံကောက်။ ဝါ၊ သော့။ သံကောက်,သော့ ပရိယာယ် ၃-ပုဒ်။ ဝေဒိကာ၊ ဝေဒိ၊ ဝရံတာ။ (ဇရံတာ-ဟုလည်း ခေါ်ကြသည်။) သမော၊ အနက်တူ၏ဟူ၍။ ကထျတေ၊ ဆိုအပ်၏။ ဝရံတာ ပရိယာယ် ၂-ပုဒ်။

[ဝေဒိကာ, ဝေဒိ-တို့ကား အရာအားလျော်စွာ ပွတ်လုံး, ပွတ်တိုင်, ဝရံတာ, လက်ရမ်း, စိန်တောင်, ပန်းတင်ပစ္စယံ, ထိုင်ခုံ, အကျည်, ယဇ်ပလ္လင်-စသည်တို့ကို ဟော၏။ တာ ခေါ် ပနာနန္ဒ ပေါက္ခရဏိယော ဒွိဟိ ဝေဒိကာဟိ ပရိက္ခိတ္တာ အဟေသုံ ကော ဝေဒိကာ သောဝဏ္ဏမယာ ကော ရူပိယာမယာ။ ဒီ၊ ၂။ ၁၄၆-၌ ဝရံတာ, လက်ရမ်း-ဟော ဖြစ်၏။ ဝေဒိကာဘူမိယံ ပရိပုဏ္ဏာနိ ပုပ္ဖာနိ ပတိတွာ။ မ၊ ဋ္ဌ၊ ၃။ ၁၇၀-၌ စေတီယင်ပြင်,စေတီယင်ပြင် ပန်းတင်ခုံ-ဟောတည်း။]

(၂၂၃) သံဃာတော ပဏ္ဍုပါသော စ၊ မန္ဒိရင်္ဂါ တုလာ အပိ။
ထိယံ သမ္မုဥ္ဇနီ စေဝ၊ သမ္မဇ္ဇနီ စ သောဓနီ။

(၂၂၃) သံဃာတော၊ လျှောက်ရင်း။ ပဏ္ဍုပါသော၊ ခေါင်းအုပ်ရင်း။ တုလာအပိ၊ ထုတ်ရင်း။ ဣမေ၊ ဤသည်တို့သည်ကား။ မန္ဒိရင်္ဂါ၊ အိမ်အင်္ဂါ အစိတ်အပိုင်းတို့တည်း။ ထိယံ၊ ဝုလာ-သဒ္ဒါ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သမ္မုဥ္ဇနီ၊ သမ္မဇ္ဇနီ၊ သောဓနီ၊ တံမြက်စည်း။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တံမြက်စည်း ပရိယာယ် ၃-ပုဒ်။

[လျှောက်, ခေါင်းအုပ်, ထုတ်တို့ကား အိမ်အဆောက်အဦ၏ ပဓာနအင်္ဂါများ ဟူ၏။ ကျော်အောင်စံထား သျှ-၌ "သံဃာ-ဋော၊ ထုတ်လျှောက်။ ပဏ္ဍုပါသော၊ ဝမ်းဘဲတောင်ခေါင်းအုပ်။ တုလာ၊ ခေါင်လျှောက်နှာရောင်"ဟု ယောဇနာတော်မူ၏။]

(၂၂၄) သင်္ကီရံ တု သင်္ကာရ−ဋ္ဌာနံ သင်္ကာရကူဋကံ။
အထော ကစဝရောက္လာပေါ၊ သင်္ကာရော စ ကသမ္ဗုပိ။

(၂၂၄) တု၊ ထိုမှတပါး။ သင်္ကီရံ၊ သင်္ကာရဋ္ဌာနံ၊ သင်္ကာရကူဋကံ၊ အမှိုက်ပုံ၊ ဝါ၊ အမှိုက်စွန့်ရာအရပ်။ အမှိုက်ပုံ, တံမြက်ချေးစွန့်ရာအရပ် ပရိယာယ် ၃-ပုဒ်။ အထော၊ ထိုမှတပါး။ ကစဝရော၊ ဥက္လာပေါ၊ သင်္ကာရော၊ ကသမ္ဗု၊ အမှိုက်။ အမှိုက်ပရိယာယ် ၄-ပုဒ်။

["နာနာဝိဓေဟိ တိဏာဒီဟိ သင်္ကီရိယတေ မိဿီယတေတိ သင်္ကာရော"ဟု ဓာန်၊ ဋီ-ဖွင့်သည်။ အမှိုက်သရိုက်၊ တံမြက်ချေးစု တည်း။ သင်္ကာရံ နာမ ကစဝရံ ဝုစ္စတိ။ ဝိ၊ ၂။၃၄၀။]

(၂၂၅) ဃရာဒိဘူမိ တံ ဝတ္ထု၊ ဂါမော သံဝသထော ထ သော။
ပါကဋ္ဌော နိဂမော ဘောဂ−မစ္စာဒိဘျာ'ဓိဘူ'ဒိတော။

(၂၂၆) သီမာ စ မရိယာဒါထ၊ ဃောသော ဂေါပါလဂါမကော။
ပုရဝဂ္ဂေါ နိဋ္ဌိတော။

(၂၂၅၊၂၂၆) ဃရာဒိဘူမိ၊ အိမ်တည်ရာ-အစရှိသော မြေသည်။ ဝတ္ထု၊ ဝတ္ထုမည်၏။ တံ၊ နပုလ္လိင်တည်း။ ဂါမော၊ သံဝသထော၊ ရွာ။ ရွာပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သော၊ ထိုရွာကို။ ဘောဂမစ္စာဒိသို့ ဥစ္စာ

ပစ္စည်းအသုံးအဆောင် ကိုထုံကြွယ်ဝသောသူ-အစရှိသည်တို့ဖြင့်။ ပါကဋ္ဌော၊ တင်ရှားမှု။ နိဂမော၊ နိဂုံးမည်၏ဟူ၍ရင်း။ အဓိဘူ၊ အဓိဘူဟူ၍ရင်း။ ဥဒိတော၊ ဆိုအပ်၏။ ဩဓိ၊ အပိုင်းအခြား။ ဥဒိတော၊ ယင်းဩဓိ-သဒ္ဒါကို ပုလ္လိင်ဟု ဆိုအပ်၏။ သီမာ၊ မရိယာဒါ၊ အပိုင်းအခြား။ အပိုင်းအခြား ပရိယာယ် ၃-ပုဒ်။ အဏ၊ ထိုမှတပါး။ ဃောသော၊ ဂေါပါလဂါမကော၊ နွားကျောင်းသားရွာ။ နွားကျောင်းသားရွာ၏ ပရိယာယ် ၂-ပုဒ်။

> [၂၂၅-ဂါထာ အနက်ပေးပုံ နိဿယ အချင်းချင်း မတူကြ၊ ဩဓိ-သဒ္ဒါ အပိုင်းအခြားဟော ထင်ရှား၏။ သီဟိုဠ်နိဿယ ၂-စောင်လုံး၌ ဩဓိ,သီမာ,မရိယာဒ-၃-ပုဒ်လုံး ပရိယာယ်တူပင် ယောဇနာသည်။]

ပုရဝဂ္ဂေါ၊ ပုရဝဂ်သည်။ နိဋ္ဌိတော၊ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

---

## ၂-ဘူကဏ္ဍ ၃-နရဝဂ်

(၂၂၇) မနုဿော မာနုသော မစ္စော၊ မာနဝေါ မနုဇော နရော။
ပေါသော ပုမာ စ ပုရိသော၊ ပေါရိသော ပျထ ပဏ္ဍိတော။

(၂၂၈) ဗုဓော ဝိဒ္ဒါ ဝိဘာဝီ စ၊ သန္တော သပ္ပညကောဝိဒါ။
ဓီမာ သုဓီ ကဝိ ဗျတ္တော၊ ဝိစက္ခဏော ဝိသာရဒေါ။

(၂၂၉) မေဓာဝီ မတိမာ ပညော၊ ဝိညူ စ ဝိဒူရော ဝိဒူ။
ဓီရော ဝိပဿီ ဒေါသညူ၊ ဗုဒ္ဓေါ စ ဒဗ္ဗ ဝိဒ္ဒသု။

(၂၂၇၊၂၂၈၊၂၂၉)မ နုဿော၊ မာနုသော၊ မစ္စော၊ မာနဝေါ၊ မနုဇော၊ နရော၊ လူ။ လူပရိယာယ် ၆-ပုဒ်။ ပေါသော၊ ပုမာ၊ ပုရိသော၊ ပေါရိသော၊ ယောကျ်ား။ ယောကျ်ား ပရိယာယ် ၄-ပုဒ်။ ပဏ္ဍိတော၊ ဗုဓော၊ ဝိဒ္ဒါ၊ ဝိဘာဝီ၊ သန္တော၊ သပ္ပညာ၊ ကောဝိဒါ၊ ပညာရှိ။ (ကောဝိဒ် နှင့် ပုဒ်နေ ကောဝိဒေါ-တည်း။) ဓီမာ၊ ပညာရှိ (ဓီမန္တု-ပုဒ်ရင်း)။ သုဓီ၊ ကဝိ၊ ဗျတ္တော၊ ဝိစက္ခဏော၊ ဝိသာရဒေါ၊ မေဓာဝီ၊ မတိမာ၊ ပညာရှိ (မတိမန္တု-ပုဒ်ရင်း)။ ပညော၊ ဝိညူ၊ ဝိဒူရော၊ ဝိဒူ၊ ဓီရော၊ ဝိပဿီ၊ ဒေါသညူ၊ ဗုဒ္ဓေါ၊ ဒဗ္ဗ၊ ဝိဒ္ဒသု၊ ပညာရှိ။ ပညာရှိပရိယာယ် ၂၅-ပုဒ်။

[နိပုဏ, ပရိက္ခက-တို့လည်း ပညာရှိဟော ပရိယာယ် ဖြစ်၏။ ကုသလောတိ ပဏ္ဍိတော နိပုဏော, ပရိက္ခကော။ နေတ္တိ၊ဋ္ဌ။၁၉၀။ ပဏ္ဍိတနှင့်စပ်၍ အောက်ပါအတိုင်း မှတ်သားရာ၏။

ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။ သံ၊၁။၉၀။
ပဏ္ဍိတာနန္တိ ပဏ္ဍန္တီတိ ပဏ္ဍိတာ၊ သန္ဒိဋ္ဌိကသမ္ပရာယိကေသု အတ္ထေသု ဉာဏဂတိယာ ဂစ္ဆန္တီတိ အဓိပ္ပါယော။ ခုဒ္ဒက၊ ဋ္ဌ။၁၀၄။ သုတ္တနိ၊ဋ္ဌ၊၂။၁၀။

ပဏ္ဍာတိ ပညာ။ သာ ဟိ သုခုမေသုပိ အတ္ထေသု ပဏ္ဍတိ ဂစ္ဆတိ ဒုက္ခာဒီနံ ပိဠနာဒိကမ္ပိ အာကာရံ ဇာနာတီတိ "ပဏ္ဍာ"တိ ဝုစ္စတိ။ ပဏ္ဍိတောတိ ပဏ္ဍာယ ဣတော ဂတော ပဝတ္တောတိ ပဏ္ဍိတော။ အထ ဝါ သဉ္ဇာတာ ပဏ္ဍာ ဧတဿာတိ ပဏ္ဍိတော။ ပဏ္ဍတိ ဉာဏဂတိယာ ဂစ္ဆတီတိပိ ပဏ္ဍိတော။ နီတိ၊ဓာ။၅၈။

ဓမ္မောဇ ပညာနှင့်လည်း ပြည့်စုံသူကို 'မေဓာဝီ'-ဟု သိရာ၏။ မေဓာဝီတိ ဓမ္မောဇပညာယ သမန္နာဂတော ပုဂ္ဂလော။ ဓမ္မ၊ဋ္ဌ၊၁။ ၁၆၃။]

(၂၃၀) ဣတ္ထိ သီမန္တိနီ နာရီ၊ ထီ ဝဓူ ဝနိတာင်္ဂနာ။
ပမဒါ သုန္ဒရီ ကန္တာ၊ ရမဏီ ဒယိတာဗလာ။

(၂၃၁) မာတုဂါမော စ မဟိလာ၊ လလနာ ဘီရု ကာမိနီ။
ကုမာရိကာ တု ကညာထ၊ ယုဝတိ တရုဏီ ဘဝေ။

(၂၃၀၊၂၃၁) ဣတ္ထီ၊ သီမန္တိနီ၊ နာရီ၊ ထီ၊ ဝဓူ၊ ဝနိတာ၊ အင်္ဂနာ၊ ပမဒါ၊ သုန္ဒရီ၊ ကန္တာ၊ ရမဏီ၊ ဒယိတာ၊ အဗလာ၊ မာတုဂါမော၊ မဟိလာ၊ လလနာ၊ ဘီရု၊ ကာမိနီ၊ မိန်းမ။ မိန်းမပရိယာယ် ၁၈-ပုဒ်။ တု၊ ထိုမှတပါး။ ကုမာရိကာ၊ သတို့သမီး။ ဝါ၊ သူငယ်မ။ ဝါ၊ လုံမပျို။ ကညာ၊ သတို့သမီး။ ဝါ၊ သူငယ်မ။ သတို့သမီး သူငယ်မ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ယုဝတိ၊ တရုဏီ၊ အပျို။ ဝါ၊ လုံမပျို။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အပျို လုံမပျို ပရိယာယ် ၂-ပုဒ်။

[ဋီကာ၌ လလနာ, ဘီရူ, ကာမိနီ ၃-ပုဒ်ကို အမရကောသလာ မိန်းမထူး ပရိယာယ်တွင် ပါဝင်သော ပုဒ်များဖြစ်၍ မိန်းမထူး များ’ဟု ယူ၏။

အမရ။၁၆။၃-၌—

ဝိသေသာ တွင်္ဂနာ ဘီရူ၊ ကာမိနီ ဝါမလောစနာ။
ပမဒါ မာနိနီ ကာန္တာ၊ လလနာ စ နိတမ္ဗိနီ။
သုန္ဒရီ ရမဏီ ရာမာ၊ ကောပနာ သာ၀ ဘာမိနီ။
ဝရာရောဟာ မတ္တကာသိနီ၊ ဥတ္တမာ ဝရဝဏ္ဏိနီ—

ဟူသော ၂-ဂါထာဖြင့် မိန်းမထူးပရိယာယ် ၁၇-ပုဒ်ကို ပြ၏။

**ဂါထာများအနက်**။ ။တု၊ ထိုမှတပါး။ ဝိသေသာ၊ မိန်းမထူး တို့ကား။ အင်္ဂနာ၊ ချီးမွမ်းအပ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းရှိ သော မိန်းမ။ ဘီရူ၊ ကြောက်လေ့ရှိသော မိန်းမ။ ကာမိနီ၊ ကာမ နှင့်ယှဉ်သော မိန်းမ။ ဝါ၊ မူရာမာယာများသောမိန်းမ။ ဝါမ-လောစနာ၊ တင့်တယ်လှပသော မျက်လုံးရှိသော မိန်းမ။ ပမဒါ၊ ကာမဂုဏ်လွန်ကဲသောမိန်းမ။ ဝါ၊ အဆင်းလှသဖြင့် လွန်လွန်ကဲကဲ မာန်ယစ်သောမိန်းမ။ မာနိနီ၊ မာန်မူခြင်းရှိသောမိန်းမ။ ကာန္တာ၊ နှစ်သက်ဖွယ်ကောင်းသောမိန်းမ။ လလနာ၊ နူးညံ့သော ကိုယ်အင်္ဂါ ရှိသော မိန်းမ။ နိတမ္ဗိနီ၊ တင့်တယ်သော တင်ပါးရှိသော မိန်းမ။ သုန္ဒရီ၊ တင့်တယ်လှပသော ကိုယ်နေကိုယ်ဟန်ရှိသော မိန်းမ။ ရမဏီ၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စေတတ်သော မိန်းမ။ ရာမာ၊ ပျော်ရွှင်တတ်သော မိန်းမ။ ကောပနာ အမျက်ထွက်လေ့ရှိသော မိန်းမ။ ဝါ၊စိတ်တိုတတ်သောမိန်းမ။ သာ၀၊ထိုမိန်းမသည်ပင်လျှင်။ ဘာမိနီ၊ ဘာမိနီမည်၏။ ဝရာရောဟာ၊ မြတ်သောမိန်းမ။ မတ္တကာသိနီ၊ မိန်းမမြတ်။ ဥတ္တမာ၊ မိန်းမမြတ်။ ဝရဝဏ္ဏိနီ၊ မိန်းမမြတ်။ ဝါ၊ လုံးကြီးပေါက်လှမိန်းမမြတ်။

စိန္တာမဏိဋီကာ။ ၁၆။ ၈၊ ၌—

**အင္ဂဝသာ ဘဝေ ဂေါရီ၊ ဒသဝဿာ တု ကညကာ။**
**သမ္ပတ္တေ ဒွါဒသဝဿေ၊ ကုမာရီ တျ’ဘိဓီယတေ—**

ဂါထာဖြင့် ၈-နှစ် အရွယ် မိန်းမကို 'ဂေါရီ'၊ ၁၀-နှစ် အရွယ် မိန်းမကို 'ကညာ'၊ ၁၂-နှစ်အရွယ် မိန်းမကို 'ကုမာရီ'မည်ကြောင်း ဆို၏။

သံဝတ္တသမုတိကျမ်း, မဏိပဘာဋီကာတို့၌—

အဋ္ဌဝဿာ ဘဝေ ဂေါရီ၊ နဝဝဿာ စ ရောဟိဏီ။
ဒသမေ ဘဝေ ကညာကာ၊ အထော ဥဒ္ဓံ ရဇဿလာ—

ဟူသော ဂါထာဖြင့် ၈-နှစ် အရွယ် မိန်းမကို 'ဂေါရီ'၊ ၉-နှစ်အရွယ် မိန်းမကို 'ရောဟိဏီ'၊ ၁၀-နှစ်အရွယ် မိန်းမကို 'ကညာ'၊ ၁၀-နှစ်က အသက် မိန်းမကို 'ရဇဿလာ' မည်ကြောင်း ဆိုသေး၏။]

(၂၃၂) မဟေသိ သာဘိသေကာညာ၊ ဘောဂိနီ ရာဇနာရိယော။
ခဝတ္ထိနီ တု သင်္ကေတံ၊ ယာတိ ယာ သာ'ဘိသာရိကာ။

(၂၃၂) သာဘိသေကာ၊ အဘိသိက်ခံပြီးသော မင်းမိန်းမသည်။ မဟေသိ၊ မဟေသီမည်၏။ ဝါ၊ မိဖုရားခေါင်ကြီးမည်၏ အညာ၊ မိဖုရားကြီးမှ တပါးကုန်သော။ ရာဇနာရိယော၊ မင်းမိန်းမတို့သည်။ ဘောဂိနီ၊ ဘောဂိနီမည်ကုန်၏။ ဝါ၊ ကိုယ်လုပ်တော်, မောင်းမတို့မည်ကုန်၏။ တု၊ ထိုမှ တပါး။ ယာ၊ အကြင် မိန်းမသည်။ ခဝတ္ထိနီ၊ လင်ကို အလိုရှိသည်ဖြစ်၍။ ဝါ၊ လင်လိုချင်သည်ဖြစ်၍။ သင်္ကေတံ၊ ချိန်းချက်ရာ အရပ်သို့။ ယာတိ၊ သွားတတ်၏။ သာ၊ ထိုမိန်းမသည်။ အဘိသာရိကာ၊ အဘိသာရိကာ မည်၏။

[သီဃံ ဂစ္ဆတု အဒ္ဓါနံ၊ ဇာတကာ အဘိသာရိကာ။ ဇာ၊ ၁။ ၁၁၆။ ယာ တေ အမ္မေ အဝဟာရိ၊ သာ ပတိံ ပတ္ထယမာနာ တဿ သန္တိကံ အဘိသရဏတာယ အဘိသာရိကာ နာမ ဟုတွာ ဇာတကာ အဒုတိယာ ဂါဝုတဒ္ဒိဂါဝုတမတ္တံ ဒီဃံ အဒ္ဓါနံ ဂစ္ဆတု။ ဇာ၊ ဋ္ဌ၊ ၃။ ၁၂၇။ "သရက်သီး သူခိုးမသည် လင်ချိန်းချက်ရာ ခရီးဝေးသို့ တယောက်တည်း သွားရစေသတည်း"ဟု ကျိန်စာ တိုက်သော စကားဖြစ်သည်။]

(၂၃၃) ဂဏိကာ ဝေသိယာ ဝဏ္ဏ–ဒါသီ နဂရသောဘိနီ။
ရူပူပဇီဝိနီ ဝေသီ၊ ကုလဋ္ဌာ တု စ ဗန္ဓကီ။

(၂၃၃) ဂဏိကာ၊ ဝေသိယာ၊ ဝဏ္ဏဒါသီ၊ နဂရသောဘိနီ၊ ရူပူပဇီဝိနီ၊ ဝေသီ၊ ပြည့်တန်ဆာမ။ ပြည့်တန်ဆာမပရိယာယ် ၆-ပုဒ်။ ကုလဋ္ဌာ၊ ဗန္ဓကီ။ လင်မြောင်ထားသော မိန်းမ။ ဝါ၊ လင်ငယ်နေသောမိန်းမ။ လင်မြောင်ထားသော မိန်းမပရိယာယ် ၂-ပုဒ်။

[ ဂဏိကာ လာသိကာ စေဝ၊ နစ္စန္တိ အစ္ဆရာဂဏာ။ အပ၊ ၁။ ၅။ နစ္စဂီတေသု ဆေကာ ဂဏိကာ နစ္စိတ္ထိယော ၈။ အပ၊ ၄၊ ၁။ ၁၂၃။ ရှေးယခင် ခေတ်အဆက်ဆက်ကပင် ကချေသည်မတို့ ပြည့်တန်ဆာမတို့ များဟန်တူ၏။ အမရ။ ၁၆။ ၁၀-၌ ပုံစ္စလီ၊ ဓသိဏီ၊ ဗန္ဓကီ၊ အသတီ၊ ကုလဋ္ဌာ၊ ဣတွရီ၊ သွေရိဏီ၊ ပါသုလာ-အားဖြင့် လင်မြောင်ထားသော မိန်းမပရိယာယ် ၈-ပုဒ်လာ၏။]

(၂၃၄) ဝရာရောဟောတ္တမာ မတ္တ–ကာသိနီ ဝရဝဏ္ဏိနီ။
ပတိဗ္ဗတာ ကုပိ သတီ၊ ကုလိတ္ထီ ကုလပါလိကာ။

(၂၃၄) ဝရာရောဟာ၊ ဥတ္တမာ၊ မတ္တကာသိနီ၊ ဝရဝဏ္ဏိနီ၊ မိန်းမမြတ်။ မိန်းမမြတ်ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ပတိဗ္ဗတာ၊ သူတော်ကောင်းမ၊ ဝါ၊ လင်ကိုမလွန်ကျူးတတ်သောမိန်းမ။ ဝါ၊ လင်အလိုသာလျှင် အလိုရှိသော မိန်းမ။ သတီ၊ သူတော်ကောင်းမ။ ဝါ၊ လင်ကို မလွန်ကျူးတတ်သော မိန်းမ။ ဝါ၊ လင်၏အလိုဖြင့်သာ ဖြစ်တတ်သောမိန်းမ။ သူတော်ကောင်းမ ပရိယာယ် ၂-ပုဒ်။ ကုလိတ္ထီ၊ အမျိုးကို စောင့်စည်းတတ်သော မိန်းမ။ ကုလပါလိကာ၊ အမျိုးကိုစောင့်စည်းတတ်သောမိန်းမ။ အမျိုးကို စောင့်စည်းတတ်သော မိန်းမ ပရိယာယ် ၂-ပုဒ်။

[ ဝရာရောဟာ-ကို "အလုံးအရပ် တင့်တယ်သော မိန်းမ"ဟု ကျော်အောင်စံထားဆရာတော် ယောဇနာတော်မူသည်။ အရပ်မြင့်မြင့် ဝဝတောင့်တောင့် မိန်းမဟူလို၏။ ဋီကာ၌ "ဝရော အာ-ရောဟော သောဏိ ယဿာ သာ ဝရာရောဟာ"ဟု ဝိဂ္ဂဟ်ပြုပြုသည်။ ခါးတောင်း တင်ကောင်းသော မိန်းမ ဟူလို။ ယင်းဋီကာ ဝိဂ္ဂဟ်သည် –

သုဝဏ္ဏစိရဝသနေ၊ ဇာတရူပသုမေခလေ။
သုဿောဏိ တဝ ကာမေဟိ၊ နာဟံ ရဇ္ဇေန မတ္ထိကော–

ဟူသော ဇာ၊ ၂။ ၆၆–ကုသဇာတ်လာ ပဘာဝတီ၏ အလှနှင့် ကိုက်ညီ၏။ အလောင်းတော် ကုသမင်းကြီးသည် ခါး,တင် ကောင်းသော ပဘာဝတီကို တိုင်းပြည်ထက်ပို၍ လိုချင်သည် ဟူ၏။

ဝရဝဏ္ဏ-ကို “မြတ်သော အဆင်းရှိသော မိန်းမ” ဟု ကျော်အောင်စံထားဆရာတော် ပြန်ဆိုတော်မူ၏။ ဝဏ္ဏ-ကို ချီးမွမ်း ဖွယ် ဂုဏ်ဟောကြံ၍ “မြတ်သော ချီးမွမ်းဖွယ် ဂုဏ်ရှိသော မိန်းမ” ဟု ပြန်လျှင် ပိုကောင်းပေမည်။ စိန္တာမဏိ ဋီကာ,ဗျာချာသုဓာ ဋီကာ- စသည်တို့၌လာသည့်–

သီတေ သုခေါဏှသဗ္ဗင်္ဂီ၊ ဂိမ္ဟေ ယာ သုခသီတလာ။
ဘတ္တု ဘတ္တာ စ ယာ နာရီ၊ သာ ဘဝေ ဝရဝဏ္ဏိနီ–

ဟူသော ဂါထာနှင့်လည်း ကိုက်ညီပေ၏။

**ဂါထာနက်။** ။ယာ နာရီ၊ အကြင်မိန်းမသည်။ သီတေ၊ ချမ်းစိမ့်စိမ့်ဆောင်းရာသီ၌။ သုခေါဏှသဗ္ဗင်္ဂီ၊ ယောကျ်ားကို ချမ်းသာစေတတ်သော ပူနွေးနွေးကိုယ်အင်္ဂါ အလုံးစုံရှိ၏။ ဂိမ္ဟေ၊ ပူရာ အိုက်ရာနွေရာသီ၌။သုခသီတလာ၊ ယောကျ်ားကို အအေးဓာတ်ပေး လျက် ချမ်းသာစေတတ်၏။ ဘတ္တု၊ ချစ်လင်ကို။ ဘတ္တာ စ၊ ယုယု ယယ လုပ်ကျွေးပြုစုလည်း လုပ်ကျွေးပြုစုတတ်၏။ သာ နာရီ၊ ထို မိန်းမသည်။ ဝရဝဏ္ဏိနီ၊ ဝရဝဏ္ဏိနီမည်သည်။ ဘဝေ၊ ဖြစ်၏။ ]

(၂၃၅) ဝိဓဝါ ပတိသုညာထ၊ ပတိမ္ဗရာ သယမ္ဗရာ။
ဝိဇာတာ တု ပသူတာ စ၊ ဇာတာပစ္စာ ပသူတိကာ။

(၂၃၅) ဝိဓဝါ၊ ပတိသုညာ၊ မုဆိုးမ။ မုဆိုးမပရိယာယ် ၂-ပုဒ်။ ပတိမ္ဗရာ၊ သယမ္ဗရာ၊ မိမိအလိုအကြိုက်အတိုင်း လက်ထပ်သောမိန်းမ။ ဝါ၊ မိမိစိတ်ကြိုက်အတိုင်း လက်ထပ်သောမိန်းမ။ မိမိအလိုအကြိုက် အတိုင်း လက်ထပ်သော မိန်းမပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိဇာတာ၊

ပသူတာ၊ ဇာတာပစ္စာ၊ ပသူတိကာ၊ သားဖွားသော မိန်းမ။ သားဖွားသော မိန်းမ ပရိယာယ် ၄-ပုဒ်။

[ဝိဓဝါ, ပတိသုညာ-တို့ကား လင်ကွာ လင်သေ မုဆိုးမ မိန်းမ ဟော တို့တည်း။

တရားမသိ၊ ဣတ္တိတ်ထွာ၊ ဓမ္မတာဖြင့်၊ လင်ကွာလင်သေ၊ ကိုယ်နေပျက်ပြီး၊ မိန်းမကြီးတို့ နုပ်ပြီးကုန်ကြ၊ လူ့ဘာပဌ်၊ ကိစ္စသတ္တိ၊ လက်စွမ်းသိ၍၊ ဟိရိဩတ္တပ်၊ မကပ်ကြောက်ရှက်၊ တလင်းတက်၏။ မဃဒေဝ။ ၂၀၄။ ၂၉၀။]

(၂၃၆) ဒူတီ သဉ္စာရိကာ ဒါသီ၊ တု စေဋီ ကုဋ္ဋဓာရိကာ။
ဝါရမုဏီ ဂဏိကာ တုလျာ၊ ခတ္တိယာနီ တု ခတ္တိယာ။

(၂၃၆) ဒူတီ၊ သဉ္စာရိကာ၊ အောင်သည်မ။ အောင်သည်မ ပရိယာယ် ၂-ပုဒ်။ တု၊ ထို့မှတပါး။ ဒါသီ၊ စေဋီ၊ ကုဋ္ဋဓာရိကာ၊ ကျွန်မ။ ကျွန်မ ပရိယာယ် ၃-ပုဒ်။ ဝါရမုဏီ၊ ဂဏိကာ၊ နတ်ဝင်မ။ တုလျာ၊ အနက်တူကုန်၏။ တု၊ ထို့မှတပါး။ ခတ္တိယာနီ၊ ခတ္တိယာ၊ မင်းသမီး။ မင်းသမီးပရိယာယ် ၂-ပုဒ်။

[အောင်သွယ်, အောင်သည်မ, အောင်သည်မိန်းမ။ ကုဋ္ဋဓာရိကာ-ကို "ကုဋံ ဥဒကကုမ္ဘံ ဓာရေတီတိ ကုဋ္ဋဓာရိကာ"ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြုသည်။ ဝါရမုဏီ, ဂဏိကာ-တို့ကို နတ်ဝင်မ-ဟူ၍ရင်း၊ နတ်ဝင်သည်မ-ဟူ၍ရင်း၊ မယ်ကတော်မ-ဟူ၍ရင်း၊ နတ်ကတော်မ-ဟူ၍ရင်း ပြန်ဆိုကြ၏။ နတ်ဝင်သည်မ-ကား အသုံးများ၏။ ဂဏိကာ-ကို "သုဘာသုဘဿ ဂဏနံ နိရုပနံ ယဿာတ္ထီတိ ဂဏိကာ" ဟု ဝိဂ္ဂြိုဟ်ပြု၏။ ခတ္တိယာနီ ဝါ ဝေလာမိကာ ဝါ။ သံ၊ ၂။ ၁၁၉။ ပိယာ တေ ဝါသဘာ ခတ္တိယာ။ မ၊ ၃။ ၃၁၃။ ခတ္တိယီ လည်း မင်းသမီးဟောတည်း။ ခတ္တိယီ ဝါ ဗြာဟ္မဏီ ဝါ ဝေဿီ ဝါ သုဒ္ဒီ ဝါ။ ဝိ၊ ၁။၁၉၄။ ဒီ၊ ၁။ ၁၇၀။]

(၂၃၇) ဒါရော ဇာယာ ကလတ္တဉ္စ၊ ဃရဏီ ဘရိယာ ပိယာ။
ပဇာပတီ စ ဒုတိယာ၊ သာ ပါဒပရိစာရိကာ။

(၂၇၇) ဒါရော၊ ဇာယာ၊ ကလတ္တံ၊ ဃရဏီ၊ ဘရိယာ၊ ပိယာ၊ ပဇာ-ပတိ၊ ဒုတိယာ၊ ပါဒပရိစာရိကာ၊ မယား။ သာ၊ ဣတ္ထိလိင်တည်း။ မယားပရိယာယ် ၉-ပုဒ်။

[ခေတ္တ လည်း မယားဟောတည်း။ ဘရိယာယံ တု ကေဒါရေ၊ သရီရေ ခေတ္တမိရိတံ။ ဓာန်။ ၈၈၀။ ပတိနီ, ပါဏိဂဟိတာ, သဟ-ဓမ္မိနီ-တို့လည်း မယားဟော ပရိယာယ်တို့တည်း။ မယားကို သက်နံ့-ဟူ၍ရင်း၊ငေါ်း-ဟူ၍ရင်း၊ ကတော်-ဟူ၍ရင်း ခေါ်သေး၏။ စလေဦးပုညက မယား၏ ဗျုပ္ပတ်ကို—

"လင်ယောကျ်ားကို ယားခြင်းမရှိ ကိစ္စပြီးအောင်ဝမ်းကြောညှိ ဣတိ ထို့ကြောင့် မယားတဲ့-ဟူ၍ရင်း၊ ယောကျ်ားပျင်းရိယားကျိကျိနှင့် ရှိသောအခါ အယားပျောက်အောင် ဖျောက်စရာ ကမ္ဘာဦးက မယားတဲ့"ဟူ၍ရင်း ဆို၏။ ]

(၂၇၈) သခီ တွာလီ ဝယဿာထ၊ ဇာရီ စေဝါ'တိစာရိနီ။
ပုမေ တူတု ရဇော ပုပ္ဖံ၊ ဥတုနီ တု ရဇဿလာ။

(၂၇၉) ပုပ္ဖဝတီ ဂဗ္ဘိဂဗ္ဘာ–ပန္နသတ္တာ စ ဂဗ္ဘိနီ။
ဂဗ္ဘာသယော ဇလာဗုဝိ—ကလလံ ပုန္နပုံသကေ။

(၂၇၈၊၂၇၉) တု၊ ထိုမှတပါး။ သခီ၊ မိတ်ဆွေမ။ အာလီ၊ မိတ်ဆွေမ။ ဝယဿာ၊မိတ်ဆွေမ။ မိတ်ဆွေမပရိယာယ် ၃-ပုဒ်။ဇာရီ၊ သယောက်မယား။ ဝါ၊ မယားမျောင်။ အတိစာရိနီ၊ သယောက်မယား။ ဝါ၊ အမျောင်မယား။ တု၊ ကိုမှတပါး။ ဥတု၊ ဥတုပန်း။ ဝါ၊ ရာသီပန်း။ အယ်၊ဤဥတုသဒ္ဒါသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ရဇော၊ ဥတုပန်း။ ဝါ၊ ရာသီပန်း။ ပုပ္ဖံ၊ ဥတုပန်း။ ဝါ၊ ရာသီပန်း။ ဥတုပန်း ရာသီပန်းပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဥတုနီ၊ ရဇဿလာ၊ ပုပ္ဖဝတီ၊ ဥတုပန်းပွင့်သော မိန်းမ။ ဝါ၊ဥတုလာသောမိန်းမ။ဝါ၊ရာသီလာသောမိန်းမ။ဥတုပန်းပွင့်သောမိန်းမပရိယာယ် ၃-ပုဒ်။ ဂဗ္ဘိဂဗ္ဘာ၊ကိုယ်ဝန်ဆောင် မိန်းမ။ အာပန္နသတ္တာ၊ ကိုယ်ဝန်ဆောင် မိန်းမ။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ဆောင်မိန်းမ။ ကိုယ်ဝန်ဆောင်မိန်းမ ပရိယာယ် ၃-ပုဒ်။ ဂဗ္ဘာသယော၊ အချင်း။ ဝါ၊ သွယ်အိမ်။ ဇလာဗု၊ အချင်း။ဝါ၊

သူငယ်ဒိမ်။ အချင်း ပရိယာယ် ၂-ပုဒ်။ ကလလံ၊ ကလလရေကြည်။ ပုန္နပုံသကော၊ ပုလ္လင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ကိဝမ္မိန္ဒံ, အဝီ, အဓတ္တေယိ, မလိနိ, ဥတုမတီ, ဥဒကီ-ဂသည် တို့သည်လည်း ဥတုပန်းပွင့်သော မိန်းမဟော ပရိယာယ်တို့တည်း။ ဂရုဘာရာ, ကုစ္ဆိမတီ-တို့သည်လည်း ကိုယ်ဝန်ဆောင်မိန်းမဟော ပရိယာယ်တို့-ဟု သိအပ်၏။ ရာဇမဟေသီ ဂရုဘာရာ အာကာသ- တလေ ရညာ သဒ္ဒိံ ဗာလာတပံ တပ္ပမာနာ။ မ၊ ၄၊ ၃။ ၂၂၃။ အထ ခေါ မေ အယျာ ကုစ္ဆိမတီ ယေန ဘဂဝါ တေနုပသင်္ကမိ။ မ၊ ၂။ ၃၁၀၊ ကုစ္ဆိမတိံ အာပန္နသတ္တာ။ မ၊ ၄၊ ၃။ ၂၂၆။ ကလလရေကြည်သည် ပဋိသန္ဓေတည်ဝေမှ စ၍ ၇-ရက်အတွင်း၌ ဖြစ်သော ရုပ်အစဉ်၏ ဝေါဟာရဖြစ်၏။ ကလလ ရေကြည်ပမာဏ သူ့ပုံ ဝါဒအ-ဂျူးမျိုး-အဘိ၊ ၄၊ ၂။ ၂၀။ သာရတ္ထ၊ ၂။ ၂၅၂။ သံ၊ ဋီ၊ ၁။ ၃၀၆-တို့ကြည့်။]

(၂၄၀) ဓဝေါ တု သာမိကော ဘတ္တာ၊ ကန္တော ပတိ ဝရော ပိယော။
အထောပပတိ ဇာရောထာ–ပစ္စံ ပုတ္တော ဩရသော သုတော။

(၂၄၁) တနုဇော တနယော သူနု–ပုတ္တာဒီ မိတရိတ္ထိယံ။
နာရိယံ ဒုဟိတာ မိတာ သဇာတော တော့ာရသော သုတော။

(၂၄၀၊ ၂၄၁) တု၊ ထိုမှတပါး။ ဓဝေါ၊ သာမိကော၊ ဘတ္တာ၊ ကန္တော၊ ပတိ၊ ဝရော၊ ပိယော၊ လင်။ လင်ပရိယာယ် ၇-ပုဒ်။ အထော၊ ထိုမှတပါး။ ဥပပတိ၊ ဇာရော၊ သခိုးယောက်လင်။ ဝါ၊ လင်မျှောင်။ သယောက်လင်, လင်မျှောင်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အပစ္စံ၊ ပုတ္တော၊ အဩ- ရသော၊ သုတော၊ တနုဇော၊ တနယော၊ သူနု၊ သား။ သားပရိယာယ် ၇-ပုဒ်။ ပုတ္တာဒီ၊ ပုတ္တ-အစရှိသော သဒ္ဒါတို့သည်။ မိတရိ၊ သမီး၌။ ဝတ္တမာ- နာ၊ ဖြစ်ကုန်သည်ရှိသော်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဒုဟိတာ၊ မိတာ၊ သမီး။ (ဒုဟိတု, မိတု-ပုဒ်ရင်း) နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သမီးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သဇာတော၊ မိမိကြောင့်ဖြစ်သော။ သုတော တု၊ သားသည်ကား။ ဩရသော၊ ဩရသ မည်၏။ ဝါ၊ သားရင်းမည်၏။

[အပစ္စ-သဒ္ဒါသည် သားဟောသာ မဟုတ်သေးပဲ မြေးမြစ် အစရှိသည်ကိုလည်းဟောသည်။ ထိုကြောင့် နီတိ၊ ဓာ။ ၁၁၈-၌—

ပုတ္တော’ တြဇော သုတော သူနု၊ တနုဇော တနယော’ ရသော။

ပုတ္တနတ္တာဒယော စာထ၊ အပစ္စန္တိ ပဝုစ္စရေ—

ဟု မိန့်ဆို၏။ တ-သံယုတ်နှင့် အတ္တဇ-လည်း သားဟော ဖြစ်၏။ ပုတ္တ စသော သဒ္ဒါများသည် ဣတ္ထိလိင် ဇောတက အာ, ဤ-ပစ္စည်းသက်လျှင် သမီးဟောဖြစ်၏။ ပုတ္တီ,ဓီတာ, ဒုဟိတာ, အတြ-ဇာ-ပုံစံ။ နီတိ၊ ဓာ။၁၁၉- ၌လည်း—

ဣတ္ထိလိင်မှိ ဝတ္တဗ္ဗေ၊ ပုတ္တီတိ အတြဇာတိ စ။
ဝတ္တဗ္ဗံ သေသဋ္ဌာနေသု၊ ယထာရဟမုဒီရယေ။
ပါဠိယဥ္စ အတြဇာ ဟိ၊ ဣတ္ထီ ပုတ္တီ ကထိယတိ—

ဟူ၍ မိန့်ဆိုလေသည်။

သဇာတော တွေ့ရသော သုတော-၌ သဇာတ-သဒ္ဒါဖြင့် ကုဏ္ဍက,ဂေါလက, ခတ္တ, မာဂဓ-သားတို့ကိုယူ။ လင်ကြီးအသက် ရှင်စဉ် သယောက်လင်ကြောင့် မွေးသောသားသည် ‘ကုဏ္ဍက’၊ လင်ကြီးသေပြီးမှ သယောက်လင်ကြောင့် မွေးသောသားသည် ‘ဂေါလက’၊ မိခင်မင်းမျိုး, ဖခင်သူဆင်းရဲမျိုးမှ ဖြစ်သောသား သည် ‘ခတ္တ’၊ မိခင်သူဆင်းရဲမျိုး, ဖခင်မင်းမျိုးမှ ဖြစ်သော သားသည် ‘မာဂဓ’ မည်၏။ ဋီကာ။

(ဆောင်) ကုဏ္ဍကနှင့်၊ ဂေါလက, ခတ္တ၊ မာဂဓ၊ ၄-ဖြာ သား မျိုးဟူ။

သဇာတဖြင့်၊ ဉာဏ်ဝယ်ချင့်၊ အသင့်စွဲမှတ်ယူ။

ဣတိဝုတ်။ ၂၃၉-၌ အတိဇာတသား, အနုဇာတသား, အဝ-ဇာတသား-အားဖြင့် သား ၃-မျိုး လာ၏။

အတိဇာတံ အနုဇာတံ၊ ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ။
အဝဇာတံ န ဣစ္ဆန္တိ၊ ယော ဟောတိ ကုလဂန္ဓနော။

ဣတိဝုတ်။ ၂၃၉။

ကိံသနိပါတ်-ပဏ္ဏရနာဂရာဇဇာတ်၌ "အနွေဝါသီသား, ဒိန္နက သား, အတြဇသား" ဟု တနည်း ၃-မျိုးလာ၏။

အဘယော ဟိ ပုတ္တာ န ဟိ အညော ဇတ္ထိ။
အနွေဝါသီ ဒိန္နကော အတြဇော စ၊
ရဇ္ဇသု ပုတ္တညတရော မေ အဟောသိ။

ဇာ၊ ၁။ ၃၉၁။

ရင်းပြင် မဟာနိဒ္ဒေသပါဠိတော်-ပုရာဘေဒသုတ်၌– အတြဇ သား, ခေတ္တဇသား, ဒိန္နကသား, အနွေဝါသိကသား-အားဖြင့် သား ၄-မျိုးလာ၏။

ပုတ္တာတိ စတ္တာရော ပုတ္တာ အတ္တဇော ပုတ္တော, ခေတ္တဇော ပုတ္တော, ဒိန္နကော ပုတ္တော, အနွေဝါသိကော ပုတ္တော။ မဟာနိ။ ၁၉၁။

ပဋ္ဌာနတ္ထကျမ်း သိင်္ဟဥယာဘကထာ၌——

ဇာတော ပုတ္တာနုဇာတော စ၊ အဝဇာတော တထေဝ စ။
အပဇာတော စ လောကေ အသ္မိံ၊ မန္တဗ္ဗာ သတ္တဝေဒိဘိ။
မာတုပိတုလျုဂုဏော ဇာတော၊ အနုဇာတော ပိတုသမော။
အတိဇာတော ဓိကော တသ္မာ၊ အပဇာတော ဓမာဓမော——

ဟူသော ၄၂၆၊ ၄၂၇-ဂါထာတို့ဖြင့် "ဇာတသား, အနုဇာတသား, အတိဇာတသား, အပဇာတသား" ဟူ၍ သား ၄-မျိုးလာ၏။]

(၂၄၂) ဇာယာပတိ ဇာနိပတိ၊ ဇယမ္ပတိ တု ဒမ္ပတိ။
အထ ဝဿဝရော ဝုဍ္ဎော၊ ပဏ္ဍကော စ နပုံသကံ။

(၂၄၂) ဇာယာပတိ၊ ဇာနိပတိ၊ ဇယမ္ပတိ၊ ဒမ္ပတိ၊ လင်မယား။ လင်မယား ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ ဝဿဝရော၊ နပုံးပဏ္ဍုက်။ ပဏ္ဍကော၊ နပုံးပဏ္ဍုက်။ နပုံသကံ၊ နပုံးပဏ္ဍုက်။ သမော၊ အနက်တူ၏ဟူ၍။ ဝုဍ္ဎော၊ ဆိုအပ်၏။ နပုံးပဏ္ဍုက် ပရိယာယ် ၃-ပုဒ်။

[အမရ။ ၁၆။ ၃၈-၌——

ဒမ္ပတိ ဇမ္ပတီ ဇာယာပတိ၊ ဘရိယာ ပတိ စ တေ–နှင့်အညီ ဤ၌လည်း "ဒမ္ပတိ-လင်မယား" ဟုယူလေ။ "ဘရိယာပကတိ၊

နပုံးပဏ္ဏုက်။ ပဏ္ဏော၊ နပုံးပဏ္ဏုက်။ ကလိဝံ၊ နပုံးပဏ္ဏုက်” ဟူ၍လည်း နပုံးပဏ္ဏုက်ပရိယာယ်တွင် ထည့်သွင်းယူရာ၏။ မိန်းမသည် ‘ပဌမပကတိ’ မည်၏။ ယောကျ်ားသည် ‘ဒုတိယပကတိ’ မည်၏။ နပုံးပဏ္ဏုက်သည် ‘တတိယပကတိ’ မည်၏-ဟူလို။ ပဏ္ဍတိ ကုစ္ဆိတာ-ကာရေန ပဝတ္တတီတိ ပဏ္ဍော။ ကလိယ-တိ ဂဏှိယတီတိ ကလိဝံ၊ ကလ သင်္ချာ ဏေဝါ။]

(၂၄၃) ဗန္ဓဝေါ ဗန္ဓု သဇနော၊ သဂေါတ္တော ဉာတိ ဉာတကော။
သာလောဟိတော သပိဏ္ဍော စ၊ တာတော တု ဇနကော ပိတာ။

(၂၄၃) ဗန္ဓဝေါ၊ ဗန္ဓု၊ သဇနော၊ သဂေါတ္တော၊ ဉာတိ၊ ဉာတကော၊ ဆွေမျိုး။ ဆွေမျိုး ပရိယာယ် ၆-ပုဒ်။ သာလောဟိတော၊ သပိဏ္ဍော၊ သားချင်း။ သားချင်း ပရိယာယ် ၂-ပုဒ်။ တာတော၊ ဇနကော၊ ပိတာ၊ အဖ။ အဖ ပရိယာယ် ၃-ပုဒ်။

[သာလောဟိတ-ကို မွေးချင်း, သားချင်း, သွေးတူသူ ဟူ၏။ အမွေစားဖက် ဆွေ ၇-ဆက်လည်း သာလောဟိတမည်၏။ ဉာတိ-သာလောဟိတ-လာရှိရာ၌ အဖဖက်မှ တော်စပ်သော ဆွေမျိုးသည် ‘ဉာတိ’၊ အမိဖက်မှ တော်စပ်သော ဆွေမျိုးသည် ‘သာလော-ဟိတ’။ တနည်း-မိဖတို့ဖက်မှ တော်စပ်သော ဆွေမျိုးသည်‘ဉာတိ’၊ ယောက္ခမဖက်မှ တော်စပ်သော ဆွေမျိုးသည် ‘သာလောဟိတ’။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၁၄၅။ ပဟာနိ၊ ဋ္ဌ။ ၂၂၄။ တနည်း-ယောက္ခမဖက်မှ တော်စပ်သော ဆွေမျိုးသည် ‘ဉာတိ’၊ မိဖဖက်မှ တော်စပ်သော ဆွေမျိုးသည် ‘သာလောဟိတ’။ သံ၊ ဋ္ဌ၊ ၃။ ၃၁၆။]

(၂၄၄) အမ္မမ္ဗာ ဇနနီ မာတာ၊ ဇနေတ္တိ ဇနိကာ ဘဝေ။
ဥပမ-တာ တု ဓာတိတ္ထီ၊ သာလော ဇာယာယ ဘာတိကော။

(၂၄၄) အမ္မာ၊ အမ္ဗာ၊ ဇနနီ၊ မာတာ၊ ဇနေတ္တိ၊ ဇနိကာ၊ အမိ။ သမော' အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အမိ ပရိယာယ် ၆-ပုဒ်။ တု၊ ထိုမှတပါး။ ဥပမာတာ၊ အထိန်း။ ဝါ၊ နို့ထိန်း။ (ဥပမာတု-ပုဒ်ရင်း) ဓာတိ၊ အထိန်း။ ဝါ၊ နို့ထိန်း။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ အထိန်း, နို့ထိန်း ပရိယာယ် ၂-ပုဒ်။

ဇာယာယ၊ မယား၏။ ဘာတိကော၊ မောင်သည်။ သာလော၊ သာလမည်၏။ ဝါ၊ ယောက်ဖမည်၏။

[မာတာ-သည် အမိရင်းကိုလည်း ဟောသည်။ မိထွေးကိုရင်း၊ မိကြီးကိုရင်း ဟောနိုင်သေး၏။ မာ မာနေ သဒ္ဒေ စ။ မာတိ။ မာတာ။ ထွေ မာတာတိ ဇနိကာ ဝါ စူဠမာတာ ဝါ မဟာမာတာ ဝါ။ နီတိ၊ ဓာ။ ၁၃၀။ ဉပမာတာ-ကို အပ္ပဓာနဘူတာ မာတာ ဉပမာတာ။ မိခင်ရင်းကဲ့သို့ မပြဋ္ဌာန်းသော အမိ ဟူ၏။]

(၂၄၅) နနန္ဒာ သာမိဘဂိနီ၊ မာတာမဟီ တု အယျိကာ။
မာတုလော မာတုဘာတာဿ၊ မာတုလာနီ တု ဇာပတိ။

(၂၄၅) သာမိဘဂိနီ၊ လင်၏နှမသည်။ ဝါ၊ လင်၏အမ ညီမသည်။ နနန္ဒာ၊ နနန္ဒာမည်၏။ ဝါ၊ ယောက်မမည်၏။ တု၊ ထိုမှတပါး။ မာတာမဟီ၊ အဘွား။ အယျိကာ၊ အဘွား။ အဘွား ပရိယာယ် ၂-ပုဒ်။ မာတုဘာတာ၊ အမိ၏မောင်သည်။ မာတုလော၊ မာတုလမည်၏။ ဝါ၊ ဦးရီးမည်၏။ အဿ၊ ထိုဦးရီး၏။ ဇာပတိ၊ မယားသည်။ မာတုလာနီ၊ မာတုလာနီမည်၏။ ဝါ၊ အရီးမည်၏။

[နနန္ဒာ-ကို ထောမ-၌ "န နန္ဒတိ ကတာသုမပိ သေဝါယံ န တုဿတိ" ဟု ဖွင့်သည်။ လုပ်ကျွေးပြုစုမှု၊ မွှေဝဲဆည်းကပ်မှုကို ပြုသော်လည်း မနှစ်သက်တတ်သောကြောင့် 'နနန္ဒ'-ဟု ဆို၏။ ယောက်မက "မိမိမောင်၏ဇနီးကို မနှစ်သက်နိုင် မကျေနပ်နိုင်" ဟု အဓိပ္ပါယ်ရ၏။ ပတိကုလံ ဂန္တွာ ကေဒိဝသံ အတ္တနော နနန္ဒာယ သဒ္ဓိံ ကလဟံ ကရောန္တီ။ ဇာ၊ ၄။ ၇၀။ အယျိကာနီ-လည်း အဘွား ဟော ပရိယာယ်တည်း။ ဤ-ပစ္စည်း နှောင်းရာ၌ အယျိကာ၏ အစိတ် အာ-ကို အာနု-ပြု၍ 'အယျိကာနီ'-ဟု ပြီးသည်။ မာတုလာဒီနမာနော အာနာ ဤ-ပစ္စယော။ မာတုလာနီ အယျိကာနီ။ နီတိ၊ သုတ္တ။ ၂၆၁-သုတ်။]

(၂၄၆) ဇာယာပတိနံ ဇနီ၊ သဿု ဝုတ္တာဿ တပ္ပိတာ။
သဿုရော ဘာဂိနေယျော တု၊ ပုတ္တော ဘဂိနိယာ ဘဝေ။

(၂၄၆) ဧာယာပတိနံ၊ လင်မယားတို့၏။ ( သမီး ခင်ပွန်းတို့၏။) ဇနီ၊အမိကို။ သဿု၊ သဿု ဟူ၍။ ဝါ၊ ယောက္ခမ မိန်းမသူ ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ တပ္ပိတာ၊ ထိုလင်မယားတို့၏ အဖကို။ သသု-ရော၊ သသုရ ဟူ၍။ ဝါ၊ ယောက္ခမယောကျ်ားသူဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဘာဂိနိယာ၊ နှမ၏။ ပုတ္တော၊ သားသည်။ ဘာဂိနေယျော၊ ဘာဂိနေယျ မည်သည်။ ဝါ၊ တူမည်သည်။ ဘဝေ၊ ဖြစ်၏။

[ကထာ မိမံသယုတ္တာ ဝ၊ ဓမ္မစာရိ သဒါ တထာ။
ယထာသတ္တံဝ ပေမာ စ၊ သဿုယာ သသုရမှိ စ။
လလ်တဝိတ္ထာရ။

ဆန်းကြောင့် သ-ဒွေးဘော်ဖြင့် ယောက္ခမ ယောကျ်ားသူ ဟော သဿုရ-လည်းရှိ၏။

ဘာတ္တု မမ သဿု မာတာ၊ ပိတာ စာပိ စ သဿုရော။
ဇာ၊ ၁။ ၂၀၉။ ]

(၂၄၇) နတ္တာ ဝုတ္တော ပပုတ္တောထ၊ သာမိဘာတာ တု ဒေဝရော။
မိတုပတိ တု ဧာမာတာ၊ အယျကော တု ပိတာမဟော။

(၂၄၇) နတ္တာ၊မြေး။ (နတ္တု-ပုဒ်ရင်း။) ပပုတ္တော၊ မြေး။ သာမော၊ အနက်တူ၏ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ မြေးပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှ တပါး။ သာမိဘာတာ၊ လင်၏အစ်ကိုသည်။ ဒေဝရော၊ ဒေဝရမည်၏။ ဝါ၊ မတ်မည်၏။ ဝါ၊ ခဲအိုမည်၏။ တု၊ ထိုမှတပါး။ မိတုပတိ၊ သမီး၏လင် သည်။ (သမီး၏ ခင်ပွန်းသည်။) ဧာမာတာ၊ သမက်မည်၏။ တု၊ ထိုမှ တပါး။ အယျကော၊ အဘိုး။ ပိတာမဟော၊ အဘိုး။ အဘိုး ပရိယာယ် ၂-ပုဒ်။

[ ပုတ္တဿ ပုတ္တော ပပုတ္တော၊ ခါန်၊ ၃၂။ ဝိဂ္ဂိုဟ်။ ပုတ္တာ နေဝ ဧာယန္တု ကတော ပပုတ္တာ။ ဇာ၊ ၂။ ၂၅၂။ တတော ပပုတ္တာတိ ပုတ္တာနမ္ပိ နေဝ ပုတ္တာ ဧာယန္တူတိ။ ဇာ၊ ၄၊ ၇။ ၉၆။ ခါန်၊ ၃၂။ ဝိဂ္ဂိုဟ်နှင့် ကိုက်ညီ၏။ လင်၏ညီကို'မတ်'၊ လင်၏အစ်ကို ကို 'ခဲအို' ဟု ခေါ်၏။ ဒေဝရာတိ ပတိဘာတုကာ။ ဇာ၊ ၄၊ ၇။ ၉၀။ ပါကတ အခေါ် 'ဒိဟရ' အဒ္ဓမာဂဓိအခေါ် 'ဒိယရ' ဖြစ်၏။ ]

(၂၄၈) မာတုစ္ဆာ မာတုဘဂိနီ၊ ပိတုစ္ဆာ ဘဂိနီ ပိတု။
ပပိတာမဟော ပယျကော၊ သုဏှာ တု သုဏိသာ ဟုသာ။

(၂၄၈) မာတုဘဂိနီ၊ အမိ၏အမ, ညီမသည်။ မာတုစ္ဆာ၊ မာတုစ္ဆာ မည်၏။ ဝါ၊ မိကြီး, မိထွေးမည်၏။ ပိတုဘဂိနီ၊ အဖ၏ အမ,ညီမသည်။ ပိတုစ္ဆာ၊ ပိတုစ္ဆာမည်၏။ ဝါ၊ အရီးမည်၏။ ပပိတာမဟော၊ အဘေး။ ပယျကော၊ အဘေး။ (အဘိုး၏ အဖ)။ အဘေးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သုဏှာ၊သုဏိသာ၊ ဟုသာ၊ ချွေးမ။ ချွေးမပရိယာယ် ၃-ပုဒ်။

[ ပယျက-ကို "ပိတုနော အယျကော ပယျကော"ဟု ဓာန်၊ဋီ။ ဝိဂြိုဟ်ပြု၏။ ]

(၂၄၉)) သောဒရိယော သဂဗ္ဘော စ၊ သောဒရော သဟဇောပျထ။
မာတာပိတူ တေ ပိတရော၊ ပုတ္တာ တု ပုတ္တဓီတရော။

(၂၄၉) သောဒရိယော၊ သဂဗ္ဘော၊ သောဒရော၊ သဟဇော၊ မွေးချင်း။ ဝါ၊ တမိသားချင်း။ မွေးချင်း, တမိသားချင်းပရိယာယ် ၄-ပုဒ်။ တေ မာတာပိတူ၊ ထိုအမိ,အဖတို့သည်။ ပိတရော၊ ပိတုတို့ မည်ကုန်၏။ တု၊ ထိုမှတပါး။ ပုတ္တဓီတရော၊ သား,သမီးတို့သည်။ ပုတ္တာ၊ ပုတ္တတို့မည်ကုန်၏။

[သမာနောဒရေ ဌိတော သောဒရိယော၊ သမာနသာ သော။ သမော ဂဗ္ဘော သဂဗ္ဘော-စသည်ဖြင့် ဋီကာ၌ ဆို၏။

နေကတ္ထာဘိဟိတေ နေက–သဒ္ဒတ္ထာ ပတိပဇ္ဇတေ။
ဒွန္ဒပဒတ္ထိကေနေက–သေသော တိမုနိသတ္တကေ–

ဟူသော ဘေဒစိန္တာ (၂၇၀)နှင့်အညီ ပါဏိနီ, ပတဉ္ဇလိ, ဝါသုကီ ရသေ့ ၃-ဦး စီရင်သော ပါဏိနီသဒ္ဒါကျမ်း (တိမုနိသတ္တက) ၌ ဒွန္ဒပဒတ္ထိက ဆရာက အနက်ဒြပ်များစွာ ဟောလို၍၌ အနက်များ သလောက် သဒ္ဒါတွေများမည် စိုးသောကြောင့် သဒ္ဒါတခုတည်း ဖြစ်ရအောင် 'ဧကသေသ်' စီရင်ရသည်-ဟူသည့် အတိုင်း အမိ အဖ ဒြပ် ၂-ခုလုံးကို ပိတု-သဒ္ဒါတခုဖြင့်ရင်း၊ သားသမီးအနက် ဒြပ် ၂-ခုလုံးကို ပုတ္တ-သဒ္ဒါ တခုဖြင့်ရင်း 'ဝိရူပေကသေသ်' ပြု၍ သုံးစွဲသည်။ ]

(၂၅၀) သသုရာ သဿုသသုရာ၊ ဘာတုဘဂိနီ ဘာတရော။
ဗာလတ္တံ ဗာလတာ ဗာလျံ၊ ယောဗ္ဗညံ တု စ ယောဗ္ဗနံ။

(၂၅၀) သဿုသသုရာ၊ ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ားသူ တို့သည်။ (ယောက္ခမမိန်းမ, ယောက္ခမ ယောကျ်ားတို့သည်) သသုရာ၊ သသုရ-တို့မည်ကုန်၏။ ဝါ ယောက္ခမ အစုံတို့မည်ကုန်၏။ ဘာတုဘဂိနီ၊ မောင်နှင့်နှမတို့သည်။ ဘာတရော၊ ဘာတု-တို့ မည်ကုန်၏။ ဝါ၊ မောင် နှမတို့မည်ကုန်၏။ ဗာလတ္တံ၊ ဗာလတာ၊ ဗာလျံ၊ သူငယ်၏အဖြစ်။ သူငယ်၏ အဖြစ် ပရိယာယ် ၃-ပုဒ်။ တု၊ ဆိုမှတပါး။ ယောဗ္ဗညံ၊ ယောဗ္ဗနံ၊ နုပျိုသည် ၏အဖြစ်။ နုပျိုသည်၏အဖြစ် ပရိယာယ် ၂-ပုဒ်။

[စာပေရေးသားရာ၌ ယောက္ခမ မိန်းမ,ယောက္ခမ ယောကျ်ား ၂-ဦးလုံးကို ဆိုလိုလျှင် စာနေကျဉ်းရန် 'သဿု သသုရာ'ဟု မသုံး စွဲပဲ 'သဿု စ+သသုရော စ=သသုရာ'ဟု ဝိရူပေကသေသ်လုပ်၍ သုံးပါ ဟူ၏။ မောင်နှမ နှစ်ဦးလုံးကို ဆိုရာ၌လည်း စာနေကျဉ်း စေလို၍ 'ဘာတု ဘဂိနီ'ဟု မသုံးစွဲပဲ 'ဘာတာ စ+ဘဂိနီ စ= ဘာတရော'ဟု ကေသေသ်ပြု၍ သုံးပါ ဟူလို။ ]

(၂၅၁) သုက္ကာ တု ပလိတံ ကေသာ-ဒယော ထ ဇရတာ ဇရာ။
ပုထုကော ပိလ္လကော ဆာပေါ၊ ကုမာရော ဗာလပေါတကာ။

(၂၅၁) တု၊ ဆိုမှတပါး။ သုက္ကာ၊ ဖြူကုန်သော။ ကေသာဒယော၊ ဆံပင် အစရှိသည်တို့သည်။ ပလိတံ၊ ပလိတမည်၏။ အထ၊ ဆိုမှတပါး။ ဇရ-တာ၊ ဇရာ၊ အိုခြင်း။ (သွားကျိုး ဆံဖြူ ယော်မှုန်ယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသော်လည်းပေး။) အိုခြင်းပရိယာယ် ၂-ပုဒ်။ ပုထုကော၊ ပိလ္လ-ကော၊ ဆာပေါ၊ ကုမာရော၊ ဗာလကော၊ ပေါတကော၊ သူငယ်။ (ကလေး သော်လည်း ပေး။) သူငယ် ပရိယာယ် ၆-ပုဒ်။

[အဘိ၊ ၂။ ၁၄၇-၌- ဇရာ, ဇီရဏတာ, ခဏ္ဍိစ္စံ, ပါလိစ္စံ,ဝလိ-တ္တစတာ, အာယုနော သံဟာနိ, ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ-ဟု ဇရာအရ ဘုရားရှင် ဟောတော်မူ၏။ ပေါတကော၊ သူငယ်။ သူငယ်မဖြစ်လျှင် ပေါတကီ-ဟူ၏။ ပေါတော, သာဝေါ,

သာဝကော, အဗ္ဗကော, ဒိမ္ဘော, သသုကော, သုသု-စသည်တို့ သည်လည်း သူငယ်ဟော ပရိယာယ်တို့တည်း။ ]

(၂၅၂) အထုတ္တာန သယုတ္တာန—သေယျကာ ထနပေါပိ စ။

(၂၅၂) အသ၊ ထိုမှတပါး။ ဥတ္တာနသယော၊ ဥတ္တာနသေယျကော၊ ထနပေါ၊ နို့စို့ကလေး။ နို့စို့ကလေးပရိယာယ် ၃-ပုဒ်။

[ပဌမာ ဝိဘာတျန္တနှင့် ဥတ္တာနသယော-စသည်ဖြင့် ခေတ္တာပြင်၍ ယောဇနာသည်။ ပိ, စ-တို့ကား ပါဒပူရဏ နိပါတ်မျှတည်း။ ကျော်အောင်စံထားဆရာတော်ကမူ– "ဥတ္တာနသယ၊ ပက်လက်အိပ်တတ်သော သူငယ်။ ဥတ္တာနသေယျက၊ ပက်လက်အိပ်တတ်သော သူငယ်။ မမှောက်တတ်သော သူငယ်။ ထနပေါ၊ နို့စို့သူငယ်။ နို့မကွာသေးသောသူငယ်"ဟု ယောဇနာတော်မူသည်။]

(၂၅၃) တရုဏော စ ဝယဋ္ဌော စ၊ ဒဟရော စ ယုဝါ သုသု။
မာဏဝေါ ဒါရကော စာထ၊ သုကုမာရော သုခေဓိတော။

(၂၅၃) တရုဏော၊ ဝယဋ္ဌော၊ ဒဟရော၊ ယုဝါ၊ သုသု၊ မာဏဝေါ၊ ဒါရကော၊ လူပျို။ ဝါ၊ လုလင်ပျို။ လူပျို, လုလင်ပျို ပရိယာယ် ၇-ပုဒ်။ တု၊ ထိုမှတပါး။ သုကုမာရော၊ သုခေဓိတော၊ ချမ်းသာသဖြင့် ကြီးပွါးသောသူ။ ချမ်းသာသဖြင့် ကြီးပွါးသူ ပရိယာယ် ၂-ပုဒ်။

[ဥဒါန်း အဋ္ဌကထာ ကုမာရက-သုတ်၌ "အကောင်းအဆိုး မှတ်နိုင်ရုံအရွယ် 'ကုမာရက'၊ အရွယ်ဖြင့်ပိုင်းလျှင် ဖွားမြင်သည်မှ ၁၅–နှစ်တိုင် အရွယ်သည် 'ကုမာရက, ဗာလ' မည်၏။ ၁၅-နှစ်မှ အထက် ၂၀-အထိ အရွယ် 'ယုဝါ'မည်၏ဟု ဆို၏။ ယေ သုဘာသိတ-ဒုဗ္ဘာသိတဿ အတ္ထံ ဇာနန္တိ၊ တေ ဣဓ ကုမာရကာတိ အဓိပ္ပေတာ။ ဣမေ ဟိ သတ္တာ ဇာတဒိဝသတော ပဋ္ဌာယ ယာဝ ပန္နရသဝဿကာ၊ တာဝ "ကုမာရကာ, ဗာလာ" တိ စ ဝုစ္စန္တိ၊ တတော ပရံ ဝီသတိ-ဝဿာနိ "ယုဝါနော" တိ။ ဥဒါန၊ ဋ္ဌ။ ၂၆၇။

အဘိဓာန်ဋီကာ၌—

အာသောဠသာ ဘဝေ ဗာလော၊ တရုဏော တု တာဝတော ဘဝေ။
ဝုဍ္ဎော တု သတ္တတျာယုမှာ၊ တိကာ ဝယာနိ လက္ခယေ—

ဟူသော ဂါထာဖြင့် ၁၆-နှစ်တိုင်အောင် အရွယ် 'ဗာလ'၊ ၁၆-နှစ်မှ အထက် 'တရုဏ'၊ အသက် ၇၀-မှ အထက် 'ဝုဍ္ဎ' မည်ကြောင်း ဆို၏။]

(၂၅၄) မဟလ္လကော စ ဝုဍ္ဎော စ၊ ထေရော ဇိဏ္ဏော စ ဇိဏ္ဏကော။
အဂ္ဂဇော ပုဗ္ဗဇော ဇေဋ္ဌော၊ ကနိယော ကနိဋ္ဌောနုဇော။

(၂၅၄) မဟလ္လကော၊ ဝုဍ္ဎော၊ (ဝုဒ္ဓော-လည်းသင့်။) ထေရော၊ ဇိဏ္ဏော၊ ဇိဏ္ဏကော၊ အသက်ကြီးသူ။ ဝါ၊ လူအို။ အသက်ကြီးသူ, လူအို ပရိယာယ် ၅-ပုဒ်။ အဂ္ဂဇော၊ ပုဗ္ဗဇော၊ ဇေဋ္ဌော၊ အစ်ကို။ (အစ်ကိုကြီးလည်း ဟူ) အစ်ကို ပရိယာယ် ၃-ပုဒ်။ ကနိယော၊ ကနိဋ္ဌော၊ အနုဇော၊ ညီ။ (ညီငယ်လည်း ဟူ) ညီပရိယာယ် ၃-ပုဒ်။

[အဒ္ဓဂတော, ဝယောအနုပ္ပတ္တော-တို့လည်း လူအို ပရိယာယ်တို့တည်း။ မဟလ္လကောတိ ဇာတိမဟလ္လကတာယ သမန္နာဂတော၊ စိရကာလပ္ပသုတောတိ ဝုတ္တံ ဟောတိ။ ဝုဍ္ဎောတိ အင်္ဂပစ္စင်္ဂါနံ ဝုဍ္ဎိမရိယာဒပ္ပတ္တော။ ဇိဏ္ဏောတိ ဇရာဇိဏ္ဏတာယ ဇရာယ ခဏ္ဍိစ္စာဒိဘာဝံ အာပါဒိတော။ ဝိ၊ ဋ္ဌ၊ ၁။ ၁၀၁။

ညီ-ဟော ပရိယာယ်တွင် အနုဇ-ကို "အနု ပစ္ဆာကာလေ ဇာ-တော အနုဇော" ဟု ပြု။ ဇဃညဇော, အပရဇော, ယဝိယော, ... ရဇော-တို့လည်း ညီဟော ပရိယာယ်တို့တည်း။]

(၂၅၅) ဝလိတ္တစော တု ဝလိနော၊ တိသုတ္တာနသယာဒယော။

(၂၅၅) တု၊ ထိုမှတပါး။ ဝလိတ္တစော၊ ဝလိနော၊ အရေတွန့်သူ။ အရေတွန့်သူ ပရိယာယ် ၂-ပုဒ်။ ဥတ္တာနသယာဒယော၊ ဥတ္တာနသယ-အာစ ဝလိန-အဆုံးရှိကုန်သော သဒ္ဒါတို့သည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ဥတ္တာနသယော ဗာလော၊ ဥတ္တာနသယာ ကုမာရီ၊
ဥတ္တာနသယံ နပုံသကံ-ဟု ၃-လိင်၌ ဖြစ်ပုံကိုသိရာ၏။]

(၂၅၆) သီသော’ တ္တမင်္ဂါနိ သိရော၊ မုဒ္ဓါ စ မတ္ထကော ဘဝေ။
ကေသော တု ကုန္တလော ဝါလော–တ္တမင်္ဂရှဟာ မုဒ္ဓဇာ။

(၂၅၆) သီသံ၊ ဥတ္တမင်္ဂါနိ၊ ဦးခေါင်းတို့။ (ကေဝုစ်-ဥတ္တမင်္ဂ၊ ဦးခေါင်း။) သိရော၊ မုဒ္ဓါ၊ မတ္ထကော၊ ဦးခေါင်း။ (ဦးထိပ်လည်း သင့်။) တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဦးခေါင်း ပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ ကေသော၊ ကုန္တလော၊ ဝါလော၊ ဥတ္တမင်္ဂရှဟာ၊ မုဒ္ဓဇာ၊ ဆံပင်တို့။ ဆံပင် ပရိယာယ် ၅-ပုဒ်။

[ဥတ္တမင်္ဂရှဟာ မယုံ၊ ဠမေ ဇာတာ ဝယောဟာရာ။ ဇာ၊ ၁။ ၃။ ဥတ္တမင်္ဂရှဟာတိ ကေသာ။ ကေသာ ဟိ သဗ္ဗေသံ ဟတ္ထပါဒါဒိနံ အင်္ဂါနံ ဥတ္တမေ သိရသ္မိံ ရှဟတ္တာ “ဥတ္တမင်္ဂရှဟာ”တိ ဝုစ္စန္တိ။ ဇာ၊ ဋ္ဌ၊ ၁။ ၁၅၅။ ဝလ္လိတဂ္ဂါ မမ မုဒ္ဓဇာ အဟုံ။ ထေရီ။ ၄၀၀။ မုဒ္ဓဇာတိ ကေသာ။ ထေရီ၊ ဋ္ဌ။ ၂၁၇။]

(၂၅၇) ဓမ္မိလ္လော သံယတာ ကေသာ၊ ကာကပက္ခော သိခဏ္ဍကော။
ပါသော ဟတ္တော ကေသစယေ၊ တာပသာနံ တဟိံ ဇဋာ။

(၂၅၇) သံယတာ၊ တပေါင်းတည်း စုရုံးထုံးဖွဲ့အပ်ကုန်သော။ ကေသာ၊ ဆံပင်တို့သည်။ ဓမ္မိလ္လော၊ ဓမ္မိလ္လမည်၏။ ဝါ၊ ဖိးလိမ်းပြုပြင် တန်းဆာဆင်အပ်သော ဆံထုံးမည်၏။ ကာကပက္ခော၊ သိခဏ္ဍကော၊ ကြက်တောင်စည်း။ ကြက်တောင်စည်း ပရိယာယ် ၂-ပုဒ်။ ပါသော၊ ပါသ-သဒ္ဒါသည်၎င်း။ ဟတ္တော၊ ဟတ္ထ-သဒ္ဒါသည်၎င်း။ ကေသစယေ၊ ဆံပင်တို့၏အပေါင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဆံစု ပရိယာယ် ၂-ပုဒ်။ ဇဋာ၊ ဇဋာ-သဒ္ဒါသည်။ တာပသာနံ၊ ရသေ့တို့၏။ တဟိံ ကေသစယေ၊ ထိုဆံပင်အပေါင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဇဋာ၊ ဆံကျစ်။

[ဒွယံ ကုမာရာနံ သိခါပဉ္စကေ၊ ကာကာနံ ပက္ခသဏ္ဌာနတ္တာ ကာကပက္ခော-ဟု ဋီကာဖွင့်ရကား “ကာကပက္ခော၊ ဦးစွန်း။ သိခဏ္ဍော၊ ဦးစွန်း။ ဝါ၊ ဦးစွန်းဖုတ်” ဟုလည်း ပြန်ဆိုရာ၏။ ဆံတို့ ဆံထောက်-ဟူ၍လည်း ပြန်ဆိုကြ၏။]

(၂၅၈) ထိယံ ဝေဏီ ပဝေဏီ စ၊ အထော စူဠာ သိခါ သိယာ။
သီမန္တော တု မဇ္ဈေ နာရီ–ကေသာမဂ္ဂမှိ ပဒ္ဓတိ။

(၂၂၈) ဝေဏီ၊ ပဝေဏီ၊ မဖိးမလိမ်းသော ဆံထုံး။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ မဖိးမလိမ်းသော ဆံထုံး ပရိယာယ် ၂-ပုဒ်။ အထော၊ ထို့မှ တပါး။ စူဠာ၊ ဦးစွန်းဖုတ်။ သိခါ၊ ဦးစွန်းဖုတ်။ ဒွယံ၊ သဒ္ဒါနှစ်ခု အပေါင်းသည်။ တုလျံ၊ အနက်တူသည်။ သိယာ၊ ဖြစ်၏။ တု၊ ထို့မှတပါး။ နာရိ-ကေသမဇ္ဈမှို၊ မိန်းမတို့၏ ဆံပင်အလယ်၌။ ပဒ္ဓတိ၊ ဖြောင့်ဖြောင့်သွားသော အရေးအကြောင်းကို။ သီမန္တော၊ သီမန္တမည်၏ ဟူ၍။ ဝါ၊ ထိပ်လယ်ဆံရေး အကြောင်း ဟူ၍။ မတော၊ သိအပ်၏။

[သင်ယောကျ်ား အရပ်တပါးသွားသဖြင့် မဖိးမလိမ်း မပြင်မဆင် ဖြင်ကတတ်ဆန်း ထုံးထားသည့် ဆံထုံးကို 'ဝေဏီ, ပဝေဏီ' ဟုခေါ်သည်။ ဓမ္မိလ္လ-သဒ္ဒါ ပြင်ပြင်ဆင်ဆင် လှလှပပ သပ်သပ်ယပ်ယပ် ထုံးထားသော ဆံထုံးကိုဟောသည်။ ပေါသိတဘတ္တာဒီဟိယာ ဗန္ဓုဝေဏီ တတြ ဝေဏီ, ပဝေဏီ စ။ ပေါသိတဘတ္တာ-သဒ္ဒါ အရပ်တပါးသို့သွားသော ယောကျ်ားရှိသော မိန်းမဟောတည်း။ (ဋီကာ၊ ၂၅၈။)]

(၂၅၉) လောမံ တနုရုဟံ ရောမံ၊ ပမှံ ပခုမ မက္ခိဂံ။
မဿု ဝုတ္တံ ပုမမုခေ၊ ဘူတိတ္ထိ ဘမုကော ဘမု။

(၂၅၉) လောမံ၊ တနုရုဟံ၊ ရောမံ၊ အမွေး။ အမွေး ပရိယာယ် ၃-ပုဒ်။ အက္ခိဂံ၊ မျက်လုံး၌ ပေါက်ရောက်သော အမွေးသည်။ ပမှံ၊ ပမှမည်၏။ ပခုမံ၊ ပခုမလည်း မည်၏။ ပမှံ၊ ပခုမံ၊ မျက်တောင်မွေး။ မျက်တောင်မွေး ပရိယာယ် ၂-ပုဒ်။ ပုမမုခေ၊ ယောကျ်ားတို့၏ မျက်နှာ၌ ပေါက်ရောက်သော အမွေးကို။ မဿု မဿု ဟူ၍။ ဝါ၊ မုတ်ဆိပ်ကြင်စွယ် ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တု၊ ထို့မှတပါး။ ဘူ၊ ဘမုကော၊ ဘမု၊ မျက်မှောင်။ ဝါ၊ မျက်ခုံး။ မျက်မှောင်, မျက်ခုံးဟော ပရိယာယ် ၂-ပုဒ်။

[နီတိ၊ ဓာ။ ၂၆-၌ -

စက္ခုက္ခိ နယနံ နေတ္တံ၊ လောစနံ ဒိဋ္ဌိ ဒဿနံ။
ပေ-ဘွနံ အက္ခိ ပမှံ တု၊ "ပခုမ"န္တိ ပဝုစ္စတိ—

ဟူသော ဂါထာတွင် 'ပမှံ တု ပခုမန္တိ ပဝုစ္စတိ'နှင့် ဤ အဘိဓာန်လာ 'ပမှံ ပခုမမက္ခိဂံ' ကား ကိုက်ညီ၏။]

(၂၆၀) ဗပ္ပေါ နေတ္တဇလသာနို၊ နေတ္တတာရာ ကနီနိကာ။
ဝဒနံ တု မုခံ တုဏ္ဍံ၊ ဝတ္တံ လပန မာနနံ။

(၂၆၀) ဗပ္ပေါ၊နေတ္တဇလံ၊ အဿူနိ၊ မျက်ရည်တို့။ (အဿု၊ မျက်ရည်-ဟု ကေဝလစ်နှင့်သော်လည်း ပြင်၍ပေး။) မျက်ရည်ပရိယာယ် ၃-ပုဒ်။ နေတ္တ-တာရာ၊ ကနီနိကာ၊ မျက်နက်ဝန်း။ ဝါ၊ သူလာ။ မျက်နက်ဝန်း၊ သူလာ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝဒနံ၊ မုခံ၊ တုဏ္ဍံ၊ ဝတ္တံ၊ လပနံ၊ အာနနံ၊ ခံတွင်း။ ခံတွင်းပရိယာယ် ၆-ပုဒ်။

[မျက်ရည်ဟောသည် ဗပ္ပ-သာတည်း။ ခပ္ပ-မဟုတ်။ သီဟိုဠ်မှ ကူးစဉ်က လွဲခဲ့ဟန်တူ၏။ သီဟိုဠ် အက္ခရာ ခ-နှင့် ဗ-သည် ဆင်တူ ဖြစ်၏။ သို့ဖြစ်၍ အကူးလွဲဟန်တူသည်။

ဝဒန-သဒ္ဒါ မျက်နှာဟောလည်းရှိ၏။

နဒတော ပရိသာယံယေဝ၊ ဂါဒိတဗ္ဗပဟာရိနော။
ယေ တေ ဒက္ခန္တိ ဝဒနံ၊ ဓညာ တေ နရပုင်္ဂဝ။

အပ၊ ၂။ ၂၁၁။

မုခ-သဒ္ဒါလည်း မျက်နှာဟော များစွာရှိ၏။ မုခနိမိတ္တန္တိ မုခပဋိဗိမ္ဗံ။ မ၊ ဋ္ဌ၊ ၁။ ၃၇၁။ တုဏ္ဍ-သဒ္ဒါ နှုတ်သီးလည်း ဟောသည်။ တုဏ္ဍံ ပက္ခီနံ မုခံ။ ရူ၊ ဋီ။ ၁၉၆။ အာနန-သဒ္ဒါလည်း မျက်နှာဟော ရှိ၏။ ဝိကာသိ ပဒုမံ ဝါတိ၊ သုန္ဒရံ သုဂတာနနံ။ သုဗောဓာလင်္ကာရ။ ၂၈၆ ဂါထာ။]

(၂၆၁) ဒ္ဝိဇော လပနဇော ဒန္တော၊ ဒသနော ရဒနော ရဒေါ။
ဒါဌာ တု ဒန္တဘေဒသ္မိံ၊ အပါင်္ဂေါ တွက္ခိကောဋိသု။

(၂၆၁) ဒ္ဝိဇော၊ လပနဇော၊ ဒန္တော၊ ဒသနော၊ ရဒနော၊ ရဒေါ၊ သွား။ သွားပရိယာယ် ၆-ပုဒ်။ တု၊ ထိုမှတပါး။ ဒါဌာ၊ ဒါဌာ-သဒ္ဒါသည်။ ဒန္တဘေဒသ္မိံ၊ သွားအထူး၌။ ဝါ၊ အစွယ်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှ တပါး။ အပါင်္ဂေါ၊ အပါင်-သဒ္ဒါသည်။ အက္ခိကောဋိသု၊ မျက်ထောင့်တို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ဒါဌာ-သဒ္ဒါ ပုလ္လိင်, သတ္တဝါတဦးဦး၏ အစွယ်ကိုလည်း ဟောသည်၊ ဘုရားရှင်၏ စွယ်တော်ကို ဟောရာ၌ လွန်စွာ ထင်ရှား၏။ ဗြာဟ္မဏောပိ ဒါဌာယ အနုစ္ဆဝိကံ သက္ကာရံ ကာတုံ န သက္ကိ-ဿတိ။ ဒီ၊ဋ္ဌ၊၂။၂၀၁။ တထာဂတဿ စတုဟ် ဒါဌာဟိ... ရသ္မိယော ဥဋ္ဌဟိတွာ။ မ၊ဋ္ဌ၊၃။၁၉၃။

ကောဒါဌာ တိဒသပုရေ၊ ဧကာ နာဂပုရေ အဟု။
ဧကာ ဂန္ဓာရဝိသယေ၊ ဧကာသိ ပုန သီဟဠေ။

ဒါဌာဝံသ။ သီဟိုဠ်နိဿ၂။ ၁၀။

နဝမေ တဿ ဝဿမှိ၊ ဒါဌာ ဓာတုံ မဟေသိနော။
ဗြာဟ္မဏီ ကာဝိမာဒါယ၊ ကာလိင်္ဂမှာ ဣဓာနယိ။

မဟာဝံသ။ ၃၇၊ ၉၂။]

(၂၆၂) ဒန္တာဝရဏမောဋ္ဌော စ ၁ – ပ္ပမဓရော ဒသနစ္ဆဒေါ။
ဂဏ္ဍော ကပေါလော ဟနွိတ္ထီ၊ စုဗုကံ တွဓရာ အဓော။

(၂၆၂) ဒန္တာဝရဏံ၊ ဩဋ္ဌော၊ အဓရော၊ ဒသနစ္ဆဒေါ၊ နှုတ်ခမ်း။ နှုတ်ခမ်း ပရိယာယ် ၄-ပုဒ်။ ဂဏ္ဍော၊ ကပေါလော၊ ပါးစောင်။ ပါးစောင် ပရိယာယ် ၂-ပုဒ်။

ဟနု၊ မေး။ ဣတ္ထီ၊ ဟနု-သဒ္ဒါ ဣတ္ထိလိင်တည်း။ တု၊ ဆိုမှုတပါး။ အဓရာ၊ နှုတ်ခမ်းမှ။ အဓော၊ အောက်အဖို့သည်။ စုဗုကံ၊ စုဗုကမည်၏။ ဝါ၊ မေးဖျား မည်၏။

[ဋီကာ၌ "ဂဏ္ဍော ကပေါလော ဂဏ္ဍိတ္ထီ"ဟု ရှိ၏။ ဂဏ္ဍီ-ကို ပါးစောင်ပရိယာယ်၌ ထည့်သွင်းသဖြင့် ပါးစောင် ပရိယာယ် ၃-ပုဒ် ဖြစ်၏။ ကျော်ဟောင်စံထား၊ သျှ-၌လည်း ဋီကာအတိုင်း ယောဇနာသည်။ သီဟိုဠ်မူ၌လည်း "ဂဏ္ဍော ကပေါလော ဟနွိတ္ထီ" ဟုပင် ရှိသည်။ ယင်းဂါထာ၏ မှီရာ အမရ။၁၆။၉၀-၌လည်း "အဓရော့ စိဗုကံ ဂဏ္ဍော၊ ကပေါလော တပ္ပရာ ဟနု"ဟု ရှိသည်။ အဓရ-ဟူသောပုဒ်၌ အ-သဒ္ဒါသည် ဤသံ(စဉ်းငယ်) အနက်ကို ဟောသည်။ "ဤသံ ကိဉ္စိ ကာလံ ဓာရေတိ ဘာကူမေတ္တာတိ

အဓရော”ဟု ဝိဂ္ဂဟ်ပြု၏။ ပုလ္လိင် အ-သဒ္ဒါသည် ဗိဿနိုးဟော၏။ နပုလ္လိင် အ-ကား မြစ်ခြင်း, စဉ်းငယ်, ဆန့်ကျင်ခြင်း, အတူအနက် တို့ကို ဟော၏။

အ ပုမေ မာဝေ ဥဋ္ဌယျော၊ ပဋိဓသာဝေ တဒဗျယံ။
ဤသဒတ္တေ စ ဝိရဒ္ဓေ၊ သဒိသတ္တေ ပယောဂတော။
ကေကခ္ခရကောသကျမ်းလာ-ဓာန်ငြိုး သာဓက။
အနဥ္ဍိတာ သိတံ နေတ္တံ၊ အဓရော ရဥ္ဥာဝ ဂုဏော။
သုဗောဓာလင်္ကာရ။ ၂၅၀-ဂါထာ။]

(၂၆၃) ဂလော စ ကဏ္ဌော ဂီဝါ စ၊ ကန္ဓရာ စ သိရောဓရာ။
ကမ္ဗုဂီဝါ တု ယာ ဂီဝါ၊ သုဝဏ္ဏာလိင်္ဂသန္နိဘာ။
အဝဋ်တာ တိဟိ လေခါဟိ၊ ကမ္ဗုဂီဝါ ထဝါ မတာ။

(၂၆၃) ဂလော၊ ကဏ္ဌော၊ လည်ချောင်း။ ဝါ၊ ရေမျို။ လည်ချောင်း, ရေမျိုပရိယာယ် ၂-ပုဒ်။ ဂီဝါ၊ ကန္ဓရာ၊ သိရောဓရာ၊ လည်ပင်း။ ဝါ၊ လည်တိုင်။ လည်ပင်း, လည်တိုင် ပရိယာယ် ၃-ပုဒ်။ ယာ ဂီဝါ၊ အကြင် လည်ပင်းသည်။ သုဝဏ္ဏာလိင်္ဂသန္နိဘာ၊ ရွှေမရိုးစည်ငယ်သဖွယ် ဖြစ်၏။ ဝါ၊ ရွှေမရိုးစည်ငယ်နှင့် တူ၏။ သာ ဂီဝါ၊ ထိုလည်ပင်းသည်။ ကမ္ဗုဂီဝါ၊ ကမ္ဗုဂီဝါမည်၏။ အထ ဝါ၊ တနည်းကား။ တိဟိ လေခါဟိ၊ အရေးသုံးခုတို့ဖြင့်။ အဝဋ်တာ၊ မှတ်အပ်သော လည်ပင်းကို။ ကမ္ဗုဂီဝါ၊ ကမ္ဗုဂီဝါ ဟူ၍။ မတာ၊ သိအပ်၏။

[ကမ္ဗုဂီဝေါတိ သုဝဏ္ဏာလိင်္ဂသဒိသဂီဝေါ၊ သုဝဏ္ဏဥ္ဟိ ကမ္ဗုတိ ဝုစ္စတိ။ ဇာ၊ဌ၊၄။၁၃၃။ ကမ္ဗုဂီဝါ ကုဟိ ဂယာ။ အပ၊၂။၂၅၆။ ယင်း ကမ္ဗုဂီဝါ-သည် ယောကျ်ားမြတ် မိန်းမမြတ်တို့၏ လက္ခဏာ တည်း။ ထို့ကြောင့် “လည်ရေးသုံးဆင့်၊ ဖြိုးဖြိုးတင့်သော်၊ မိမင့် သမီး၊ ဘုန်းတန်းကြီးလိမ့်”ဟု စပ်ဆိုကြကုန်၏။]

(၂၆၄) အံသော နိတ္ထိ ဘုဇသိရော၊ ခန္ဓော တဿန္ဓိ ဇတ္တု တံ။
ဗာဟုမူလံ တု ကစ္ဆော’ ခော၊ တဿ ပဿ မနိတ္ထိယံ။

(၂၆၄) အံသော၊ ပခုံး။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လင် နပုလ္လိင် တည်း။ ဘုဇသိရော၊ ခန္ဓော၊ ပခုံး။ ပခုံးပရိယာယ် ၃-ပုဒ်။ တဿန္ဓိ၊

ထိုပခုံး၏အစပ်သည်။ ဇတ္တု၊ ဇတ္တုမည်၏။ ဇတ္တု၊ ပခုံးစွန်း။ တံ၊ နပုလ္လိင်တည်း။ တု၊ ထိုမှတပါး။ ဗာဟုမူလံ၊ မောင်းရင်းသည်။ ကစ္ဆော၊ ကစ္ဆမည်၏။ ကစ္ဆော၊ လက်ကတီး။ ဝါ၊ ချိုင်းမည်၏။ (လက်ကတီးကြား, ချိုင်းကြားလည်းဟူ) တု၊ ထိုမှတပါး။ အဿ၊ ထိုလက်ကတီး၏။ ဝါ၊ ထိုချိုင်း၏။ အဓော၊ အောက်အဖို့သည်။ ပဿံ၊ နံပါးမည်၏။ အယံ၊ ဤပဿ-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ်သော ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ကျော်အောင်စံထား နိဿျ-၌ "ဇတ္တု၊ လည်ကုတ် မည်၏"ဟု ယောဇနာတော်မူ၏။ ဝိ၊ဝိနိစ္ဆယ။ ၁၇၅-၌ "တထာ အကတွာ ဘိက္ခုဿ၊ ဇတ္တုနိပိ ဥရမ္ပိ ဝ" ဟု လာ၏။ ရင်းဋီကာ၌ "ဇတ္တုနိပီ-တိ ဥဘော အံသကူဋာနိပိ"ဟု ဖွင့်သည်။ ကာယံ ဝိဝရိတွာတိ ဇတ္တုမ္ပိ ဥရမ္ပိ ဝိဝရိတွာ။ ဝိ၊ ၄၊ ၃။ ၁၆၂-၌လည်း ပခုံးဟောပင် ဖြစ်၏။]

(၂၆၅) ဗာဟု ဘုဇော ဒွိသု ဗာဟာ၊ ဟတ္ထော တု ကရပါဏယော။
မဏိဗန္ဓော ပကောဋ္ဌန္တော၊ ကပ္ပရော တု ကပေါဏျထ။

(၂၆၅) ဗာဟု၊ ဘုဇော၊ လက်မောင်း။ ဒွယံ၊ သဒ္ဒါ ၂-ခု အပေါင်းသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဗာဟာ၊ လက်မောင်း။ လက်မောင်းပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဟတ္ထော၊ ကရော၊ ပါဏိ၊ လက်။ (ကရပါဏယော-ကို ကရော, ပါဏိ-ဟု အခိုက်အတန့် ပြင်၍ ယောဇနာသည်။ ကရ-သဒ္ဒါ ပုလ္လိင်တည်း။) လက်ပရိယာယ် ၃-ပုဒ်။ ပကောဋ္ဌန္တော၊ တတောင်၏ အဆုံးသည်။ ဗဏိဗန္ဓော၊ မဏိဗန္ဓ မည်၏။ ဝါ၊ လက်ကောက်ဝတ် မည်၏။ တု၊ ထိုမှတပါး။ ကပ္ပရော၊ တတောင်ဆစ်။ ကပေါဏိ၊ တတောင်ဆစ်။ တတောင်ဆစ် ပရိယာယ် ၂-ပုဒ်။

[သီဟိုဠ်မူ အဘိဓာန်၌ ကဖောဏိ-ဟု ရှိ၏။ သို့ဖြစ်၍ "ကပ္ပရော၊ တတောင်ဆစ်။ ကပေါဏိ၊ တတောင်ဆစ်။ ကဖောဏိ၊ တတောင်ဆစ်" ဟု ၃-ပုဒ် ရနိုင်၏။ ဝိဒ္ဒူရှ ပေါလ်ပိယတိဿ၏ အင်္ဂလိပ်ပါဠိ အဘိဓာန်၌ကား ကပေါဏိ-ဟုပင် ပ-စောက်နှင့် ရှိ၏။ ကပေါဏျထ-၌ အထ အနက်မဲ့။]

(၂၆၆) မဏိဗန္ဓကနိင္ဂုဒ္ဓနံ၊ ပါဏိသ္မာ ကရဘော’န္တရံ။
ကရသာခါင်္ဂုလီ တာ တု၊ ပဒ္မင်္ဂုဋ္ဌော စ တဇ္ဇနီ။
မဇ္ဈိမာ’နာမိကာ စာပိ၊ ကနိဋ္ဌာတိ ကမာ သိယုံ။

(၂၆၆) ပါဏိသ္မာ၊ လက်ဝါးနှင့်။ သမ္ဗန္ဓိနံ၊ စပ်ကုန်သော။ (ပါဏိတ-လသ္မာ သမ္ဗန္ဓိနံ) မဏိဗန္ဓကနိဋ္ဌာနံ၊ လက်ကောက်ဝတ် လက်သန်းတို့၏။ အန္တရံ၊ အကြားသည်။ ကရဘော၊ လက်ဝါးစောင်း မည်၏။ ကရသာခါ၊ အင်္ဂုလီ၊ လက်ချောင်း။ လက်ချောင်းပရိယာယ် ၂-ပုဒ်။ တာ တု၊ ထို လက်ချောင်းတို့သည်ကား။ အင်္ဂုဋ္ဌော၊ လက်မ။ တဇ္ဇနီ၊ လက်ညှိုး။ မဇ္ဈိမာ၊ လက်လယ်။ အနာမိကာ၊ လက်သူကြွယ်။ ကနိဋ္ဌာ၊ လက်သန်း။ ဣတိ၊ ဤသို့။ ကမာ၊အစဉ်အတိုင်း။ ပဥ္စ၊ ငါးချောင်းတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

["အင်္ဂေ ပုရေ တိဋ္ဌတီတိ အင်္ဂုဋ္ဌော။ တဇ္ဇေတိ ယာယာတိ တဇ္ဇနီ။ မဇ္ဈေ တိဋ္ဌတီတိ မဇ္ဈိမာ။ နတ္ထိ နာမ မဿာတိ အနာ-မိကာ။ အတိသယေန ခုဒ္ဒကာတိ ကနိဋ္ဌာ"ဟူသော ဋီကာဝိဂ္ဂြိုဟ်များ မှတ်သားရာ၏။ ကနိဋ္ဌ-ကို လက်သူငယ်-ဟုလည်း အသုံး ရှိ၏။ ]

(၂၆၇) ပဒေသော တာလ ဂေါကဏ္ဏာ၊ ဝိဒတ္ထိတ္ထိ ကမာ တတေ။
တဇ္ဇန္ယာဒိယုတေ’င်္ဂုဋ္ဌေ၊ ပသတော ပါဏိ ကုဉ္စိတော။

(၂၆၇) တဇ္ဇန္ယာဒိယုတေ၊ လက်ညှိုး-အစ ရှိသည် နှင့် ယှဉ်သော။ အင်္ဂုဋ္ဌေ၊ လက်မကို။ တတေ. ဆန့်အပ်သည်ရှိသော်။ ဝါ၊ ဖြန့်အပ်သည်ရှိသော်။ ကမာ၊ အစဉ်အတိုင်း။ ပဒေသော၊ လက်ညှိုးထွာ။ တာလ၊ လက်လယ်ထွာ။ ဂေါကဏ္ဏာ၊ လက်သူကြွယ်ထွာ။ ဝိဒတ္ထိ၊ လက်သန်းထွာ။ ဣတ္ထိ၊ ဝိဒတ္ထိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ဣတိ၊ ဤသို့။ ကမာ၊ အစဉ်အတိုင်း။ သိယုံ၊ ဖြစ်ကုန်၏။ (ဣတိ ကမာ သိယုံ-တို့ထည့်။) ကုဉ္စိတော၊ တွန့်ခုန်း အပ်သော။ ဝါ၊ တွန့်ခုန်းထားသော။ ပါဏိ၊ လက်သည်။ ပသတော၊ ပသတ မည်၏။ပသတော၊ တလက်ဖက်။

[ လက်မနှင့် လက်ညှိုးထွာလျှင် လက်ညှိုးထွာ၊ လက်မနှင့် လက်လယ်ထွာလျှင် လက်လယ်ထွာ၊ လက်မနှင့် လက်သူကြွယ် ထွာလျှင် လက်သူကြွယ်ထွာ၊ လက်မနှင့် လက်သန်းထွာလျှင် လက်

သန်းလွာ-ဟူ၏။ တလက်ဖက်-ကို ပသတ-ဟုလည်း ခေါ်၏။ "ဝိဘာ ဝာင်္ဂုလိ" ဟူ၍လည်း ခေါ်၏။ တံခွန်စွဲတိုင်သော လက်အုပ်, လက်ဖုပ်ကို "သမ္ပုဋဉ္ဇလိ" ဟု ခေါ်သည်။

ကုဋ္ဋဝေါ စ တထာကုဋ္ဌော၊ သမ္ပသာကောတိ သမ္မတော။
ပကောဋ္ဌကေပိ တု ဟတ္ထေဟိ၊ သမ္ပုဋဉ္ဇလိ ကုဋ္ဌိတော။

ဋီကာ-ကြည့်။]

(၂၆၈) ရတနံ ကုက္ကု ဟတ္ထော ဝါ၊ ပုမေ ကရပုဋော'ဉ္ဇလီ။
ကရဇော တု နခေါ နိတ္ထီ၊ ဝဋ္ဋကော မုဋ္ဌိ စ ဒွိသု။

(၂၆၈) ရတနံ၊ ကုက္ကု၊ ဟတ္ထော၊ အတောင်။ အတောင်ပရိယာယ် ၃-ပုဒ်။ ဒသ ဖိုမှတ်ပါး။ ကရပုဋော၊ အဉ္ဇလိ၊ လက်ခုပ်။ ဝါ၊ လက်အုပ်။ ဣဒွံ၊ ဤသဒ္ဒါနှစ်ပါးသည်၊ ပုမေ၊ ပုလ္လိင်၌။ ဟောတိ၊ ဖြစ်၏။ တု၊ ထိုမှ တပါး။ ကရဇော၊ နခေါ၊ လက်သည်း။ နိတ္ထီ၊ ပုလ္လိင် နပုလ္လိင်တည်း။ လက်သည်း ပရိယာယ် ၂-ပုဒ်။ ဝဋ္ဋကော၊ လက်ဆုပ်။ မုဋ္ဌိ၊ လက်ဆုပ်။ အယံ၊ ဤမုဋ္ဌိ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ကရပုဋ, အဉ္ဇလိ၊ လက်အုပ်တို့ကို သမ္ပုဋဉ္ဇလိ-ဟုလည်း ခေါ်သည်။ ရတနာ ၃-ပါး သရာသမား, မိဘ, နတ်တို့အား အရိုအသေပြုမှု လက်အုပ်ချီမှုသည် ကရပုဋ,အဉ္ဇလိ,သမ္ပုဋဉ္ဇလိ-မည်၏။ ကတဉ္ဇလီတိ သိရသိ ဌပိတဉ္ဇလိပုဋော။ အပါဌ၊ ၂။ ၃၀။]

(၂၆၉) ဗျာမော သဟကရာ ဗာဟု၊ ဒွေ ပဿဒွယဝိတ္ထတာ။
ဥဒ္ဓဋ္ဌိတ ဘုဇပေါသ-ပ္ပမာဏော ပေါရိသံ တိသု။

(၂၆၉) ပဿဒွယဝိတ္ထတာ၊ နံပါး နှစ်ဖက်သို့ ဖြန့်အပ်ကုန်သော။ သဟကရာ၊ လက်နှင့်တကွ ဖြစ်ကုန်သော။ ဒွေ ဗာဟု၊ လက်မောင်းနှစ်ခု တို့သည်။ ဗျာမော၊ အလံ မည်၏။ တိသု ပေါရိသံ၊ သုံးလိင်ဆံ ပေါရိသ-သဒ္ဒါသည်။ ဥဒ္ဓဋ္ဌိတ ဘုဇပေါသပ္ပမာဏော၊ အထက်၌ ဆန့်တန်းအပ်သော လက်ရှိသော လူတို့၏ အပိုင်းအရှည် ပမာဏ၌။ ဝါ၊ တသူ့,လက်ခုပ် တဘောင်၌။ ပတ္တတိ၊ ဖြစ်၏။

[ဝဲယာဘက် ၂-ဖက် ဆန့်လားသည်ကို ‘တတံ’ ဟူ၏။ အလည္ဗိ ဇေဝကုမာရော နိုဗြောဓပရိမဏ္ဍလော ယာဝတကွာယ ကာယော၊ ကာဝတကွာယ ဗျာမော။ ဒီ၊၂။၁၇။ ပုရိသာသာ ဗျာမံ ပေါရိသံ- ဟု ဝိဂြိုဟ်ပြု။ ဂုရိ ပ ဂုဏ် ဗျာမ (ပရိဗျာမ) အနက် ဏ-ပစ္စည်း ဖြင့် ပြီးသည်။ ဥ-လိင်ဆံပုံ ပုံစံ—ဒ ပေါရိသံ ဘတံ၊ ပေါရိဒသာ ဟတ္ထိ၊ ပေါရိသီ ယဋ္ဌိတည်း။]

(၂၇၀) ဥရဇော စ ဟာယိ ဂဏ္ဍာ၊ ကဠေနာ ကုစ ပယောဓရာ။
စုစုကာ ကုစ လမ္ဗန္တိ၊ ပိဏ္ဍံ ကုစ ပိဏ္ဍိ နာရိယာ။

(၂၇၀) ဥရဇော၊ ဟာယိ၊ ရင်။ (ရင်ဘတ်သော်လည်း ဟူ) ရင် ပရိယာယ် ၂-ပုဒ်။ ဂဏ္ဍ၊ ထိုမှတပါး။ ကဠေနော၊ ကုစော၊ ပယောဓရော၊ နို့။ (သားမြွတ်လည်း ဟူ။ ကုစော, ပယောဓရော-ဟု အခိုက်အတန့် ပြင်သည်။) နို့ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး၊ စုစုကံ၊ စုစုက-သဒ္ဒါသည်။ ထနဂ္ဂသိ၊ နို့သီး၌။ (သားမြွတ်ဖျား၌လည်း ဟူ) ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ပိဏ္ဍံ၊ ပိဏ္ဍိ၊ ကျောက်ကုန်း။ ဂါ၊ ကျော။ ကျောက်ကုန်း, ကျောပရိယာယ် ၂-ပုဒ်။ နာရိယံ၊ ပိဏ္ဍိ-သဒ္ဒါ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ကောင့်, ဘုဇန္တရံ, ဝဇက္ခာ-တို့သည်လည်း ရင်ဟောရိယာယ် တို့တည်း။ ထန, ကုစ, ပယောဓရ-တို့သည် နို့, နို့အုံ, နို့ရိုင်, ရင်သား ဟောကည်း။ န ထနော ဝိဂရိက္ခာ ဘိက္ခုနီ ဒဟောတဗ္ဗော။ ဝိ၊၄။၄၅၃။ ထနေသု ခိရံ ဆိဇ္ဇတိ။ အံ၊၁၊၁။၃၂။

ပိနဝဋ္ဋသဟိတုဂ္ဂတာ ဥဘော၊ သောဘရေ သုထနကာ ပုရေ မမ။
ထေဝိကိဝ လမ္ဗန္တိ နောဒကာ၊ သစ္စဝါဒိဝစနံ အနညထာ။
ထေရီ။ ၄၁၀။

ဥရဇ-သဒ္ဒါလည်း နို့ဟောတည်း။ ဥရဇ-ကား ဂ-လိင် ဆံ၏။
ဒုဝိဓာ စာတကာ ဥရဇာ အဂ္ဂဏ္ဍာ သာဒု ပဏ္ဍုဒါ။
ပယောဓရာ ဘာဂတိကာ၊ အဂ္ဂလာပုသာမော တနာ။

ဇာ၊၂။၁၄။

ကုစ-သဒ္ဒါ ပုလ္လိင်-ဟု ဆိုကြသည်။ ပယောဓရ-သဒ္ဒါ နပုလ္လိင်, ပုလ္လိင်-ဟု ဆိုကြသည်။ နပုလ္လိင် ပို၍ အတွေ့များသည်။ ထနုဒရန္တိ ပယောဓရေဥ ဥဒရဥ အဓိပ္ပေတံ။ ဗိဒ္ဓိ၊ ၂။ ၂၄၉။]

(၂၇၁) ဂေဇ္ဇော ကုစ္ဆိ ပိလဂေါ စ၊ မဇ္ဇိမံ ကုစ္ဆိ တု ဒွိသု။
ဂဟဏီ ညူဒရံ ပ-ဗ္ဗာ၊ ကောဌော ဝေဋ္ဌကောဌိယံ ဘဝေ။

(၂၇၁) မဇ္ဈော၊ ခါးလည်။ ဝါ၊ ခါးစည်း။ အနိတ္ထိ၊ မဇ္ဈ-သဒ္ဒါ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်ဖြစ်၏။ ဝိလဂ္ဂေါ၊ မဇ္ဈိမံ၊ ခါးလည်။ ဝါ၊ ခါးစည်း။ ခါးလည်, ခါးစည်းပမည်ယာသယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကုစ္ဆိ၊ ဝမ်း။ ဝါ၊ ဗိုက်။ အယံ၊ ဤကုစ္ဆိ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဂဟဏီ၊ ဥဒရံ၊ ဝမ်း။ ဝါ၊ ဗိုက်။ ဝမ်း,ဗိုက် ပရိယာယ် ၃-ပုဒ်။ ဂဗ္ဘော၊ ဂဗ္ဘ-သဒ္ဒါသည်၎င်း။ ကောဋ္ဌော၊ ကောဋ္ဌ-သဒ္ဒါသည်၎င်း။ အဝေဋ္ဌကောဋ္ဌိယံ၊ မဲ့ပွင့်၌။ ဘဝေ၊ ဖြစ်၏။ ဂဗ္ဘော၊ ကောဋ္ဌော၊ ဝမ်းတွင်း (ဗိုက်တွင်းလည်း ဟူ)။ ဝမ်းတွင်း ပရိယာယ် ၂-ပုဒ်။

[ဋီကာ၌ စတုက္ကံ ဥဒရေ ဝမ်းဗိုက်ပရိယာယ်ကို ကုစ္ဆိ,ဂဟဏီ, ဥဒရ, ဂဗ္ဘ-၄-ပုဒ်ယူလိုက်၏။ သို့ရာတွင် ဂဗ္ဘ-သဒ္ဒါ ဝမ်းတွင်း,အမိဝမ်း တွင်း ဟောကို ပါဠိ၌ တွေ့ရသည်။ ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။ ဇာ၊ ၁။ ၃၃၃။ ဝိသုဒ္ဓိ၊ ၁။ ၂၂၃။ စရိယာ၊ ၄။ ၁၉၂။ သာရတ္ထ၊ ၂။ ၁၄-စသည်။ ယင်း ဂဗ္ဘ-သည် အမိဝမ်းတွင်းကို ဟောသည်။ အနေကဝဏ္ဏဝဂ် ၉၄၄—

ဂဗ္ဘော ကုစ္ဆိဋ္ဌသတ္တေ စ၊ ကုစ္ဆိ ဩဝရကေသု စ—

ဂါထာလာ ဂဗ္ဘ-လည်း ဝမ်းတွင်း,ဝမ်းတိုက်ဟော ဖြစ်၏။]

(၂၇၂) ဥဒ္ဒါနံ တု နိတမ္ဗော စ၊ သောဏိ စ ကဋိ နာရိယံ။
အင်္ဂဇာတံ ရဟဿင်္ဂံ၊ ပတ္တာဂုယှံ စ မေဟနံ။

(၂၇၃) နိမိတ္တံ စ ဝရင်္ဂံ စ၊ ဗီဇံ စ ဖလမေဝ စ။
လိင်္ဂံ အဏ္ဍံ တု ကောသော စ၊ ယောနိ တွိတ္ထိ ပုမေ ဘဂံ။

(၂၇၂၊ ၂၇၃) တု၊ ထိုမှတပါး။ ဇဃနံ၊ နိတမ္ဗော၊ သောဏိ၊ ကဋိ၊ တင်ပါး။ ဝါ၊ ခါး။ ဒွယံ၊ သောဏိ,ကဋိ-သဒ္ဒါ နှစ်ခုအပေါင်းသည်။ နာရိယံ၊

ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တင်းပါး, ခါးပရိယာယ် ၄-ပုဒ်။ အင်္ဂဇာတံ၊ ရဟဿင်္ဂံ၊ ဝတ္ထဂုယှံ၊ မေဟနံ၊ နိမိတ္တံ၊ ဝရင်္ဂံ၊ ဗီဇံ၊ဖလံ၊လိင်္ဂံ၊ အင်္ဂါဇာတ်။ အင်္ဂါဇာတ်ပရိယာယ်၉-ပုဒ်။ တု၊ ထိုမှတပါး။ အဏ္ဍံ၊ ကောသော၊ဝှေးစေ့။ ဝါ၊ သိုအိမ်။ ဝါ၊ လိင်အိမ်။ ဝါ၊ လိင်အိပ်။ ဝှေးစေ့, သိုအိမ်, လိင်အိမ်, လိင်အိပ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ယောနိ၊ မိန်းမအင်္ဂါဇာတ်။ ဣတ္ထိ ပုမေ၊ ဣတ္ထိလိင် ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဘဂံ၊ မိန်းမအင်္ဂါဇာတ်။

[ဇဃန–စသည်တို့ကား ခါး, တင်ပါး ၂-မျိုးလုံးကို ဟော၏။ ဘိက္ခုနိယော အင္ဂဇလ္လေန ဇဃနံ ဃာသာပေန္တိ။ ဝိ၊ ၄။ ၄၅၈။ ဇဃနန္တိ ကဋိပ္ပဒေသော ဝုစ္စတိ။ ဝိ၊ ဋ၊ ၄။ ၁၂၉။ ပုရတော ကဋိံ ပိ စာလေသိ။ ဝိ၊၁။ ၂၅။ ဋီကာ၌ ခါး ပရိယာယ်ဟု ဆိုသည်။ ဇဃန-သည် မိန်းမများ၏ 'ရှေ့ ပိုင်း ခါး'။ နိတမ္ဗ-သည် မိန်းမတို့၏ 'နောက်ဖက်ခါး' ဟု အမရ။ ၁၆။ ၇၄-အဆိုကိုယူ၍ ဋီကာဆိုသည်။

(ဆောင်) မိန်းမရှေ့ခါး၊ ဟောဆိုငြား၊ မှတ်သား ဇဃန။
မိန်းမနောက်ခါး၊ ဟောဆိုငြား၊ မှတ်သား နိတမ္ဗ။

မာရမန္ဒိရ, မာရကူပ-တို့လည်း မိန်းမ အင်္ဂါဇာတ်ဟော ပရိယာယ်တို့တည်း။]

(၂၇၄) အသုစိ သမ္ဘဝေါ သုက္ကံ၊ ပါယု တု ပုရိသေ ဂုဒံ။
ဝါ ပုမေ ဂူထကရီသ-ဝစ္စာနိ စ မလံ ဆကံ။

(၂၇၅) ဥစ္စာရော မီဠ မုက္ကာရော၊ ပဿာဝေါ မုတ္တမုစ္စတေ။
ပူတိမုတ္တံ စ ဂေါမုတ္တ-ဿာဒီနံ ဆကဏံ မလေ။

(၂၇၄၊ ၂၇၅) အသုစိ၊ သမ္ဘဝေါ၊ သုက္ကံ၊ သုက်။ သုက်ပရိယာယ်၃-ပုဒ်။ တု၊ ထိုမှတပါး။ ပါယု၊ ဝစ္စမဂ်။ ပုရိသေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဂုဒံ၊ ဝစ္စမဂ်။ ဝစ္စမဂ်ပရိယာယ် ၂-ပုဒ်။ ဂူထံ၊ ကရီသံ၊ ဝစ္စံ၊ ကျင်ကြီး။ (ဝစ္စာ-နိကို အခိုက်အတန့် ဝစ္စံ-ဟုပြင်၍ ယောဇနာသည်။ ဂူထ, ကရီသ-တို့ကား နပုလ္လိင်။ ရံခါပုလ္လိင်။) တယံ၊ ဂူထ, ကရီသ, ဝစ္စ-သဒ္ဒါ ၃-ခုအပေါင်းသည်။ ဝါပုမေ၊ ဝိကပ် ပုလ္လိင်၌ ဖြစ်၏။ (ပုလ္လိင် နပုလ္လိင် ဟူ၏။) မလံ၊ ဆကံ၊

ဥစ္စာရှော၊ မိဋ္ဌ၊ ဥက္ကာမှော၊ ကျင်ကြီး။ ကျင်ကြီးပရိယာယ် ၈-ပုဒ်။ ပဿာဝေါ၊ မုတ္တံ၊ ကျင်ငယ်။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ ဟူ၍။ ဥစ္စဝေါ၊ ဆိုအပ်၏။ ကျင်ငယ်ပရိယာယ် ၂-ပုဒ်။ ပူတိမုတ္တံ၊ ပူတိမုတ္တသဒ္ဒါသည်။ ဂေါမုတ္တော၊ နွားကျင်ငယ်၌။ ဝတ္တတိ၊ ဖြစ်၏။ ဆကဏံ၊ဆကဏ သဒ္ဒါသည်။ အဿာဒ်နံ၊ မြင်းအစရှိသော သတ္တဝါတို့၏။ မလေ၊ အညစ်အကြေး၌။ ဝတ္တတိ၊ ဖြစ်၏။

[ ဝိကဋ္ဌ-သဒ္ဒါလည်း ကျင်ကြီးဟော ပရိယာယ်တည်း။ ဝေကဋ္ဌံ-ဒကာတိ ဝိက...ါ... ...ာ၊ ဝိကဋ္ဌန္တိ ဂူထံ ဝုစ္စတိ။ မဟာနိ၊ ၄။ ၃၈၁။ ...ကဋ္ဌန္တိ ... ဝုစ္စတိ အာသယဝသေန ဝိရူပံ ဇာတန္တိ ကတ္ထာ။ ဒီ၊ ဋီ၊ ၁။ ၃... ။ ယာနေ့ လောလော လတ်လတ် ဖြစ်သော ကျင်ငယ်သည် ... ... ပုပ်ခြင်းသဘောရှိသဖြင့် ပူတိမုတ္တ မည်၏ဟု သိရာ၏။ အဋ္ဌ ...တ္တာမ္ပိ ဟိ တံ ဒုဂ္ဂန္ဓဘာဝေန ပူတိမုတ္တန္တွေဝ ဝုစ္စတိ ယထာ ပူတိကာယောတိ။ ဋီကာ။]

(၂၇၆) ဒ္ဒိသူဓော နာဘိယာ ဝတ္ထိ၊ ဥစ္ဆင်္ဂကော တုဘော ပုမေ။
ဥိရှ သတ္ထိ ပုမေ ဥိ...-ပဗ္ဗံ ဝ... ... ...။

(၂၇၆) နာဘိယာ၊ ချက်၏။ အဓော၊ အောက်အဖို့သည်။ ဝတ္ထိ၊ ဝတ္ထိမည်၏။ ဝတ္ထိ၊ စည့်ဘောင်း။ ဝါ၊ သီးစ။ ဝါ၊ ဆီးဖုံး။ ဝါ၊ ဆီးခုံ။ ဒ္ဒိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဥစ္ဆင်္ဂ၊ အင်္ကော၊ ခါးပိုက်။ ဝါ၊ ရင်ခွင်။ (အခိုက်အတန့် အင်္ကော ပြင်သည်။) ဥဘော၊ သဒ္ဒါနှစ်ခုဘို့သည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ခါးပိုက်ရင်ခွင် ပရိယာယ် ၂-ပုဒ်။ ဥိရှ၊ သတ္ထိ၊ ပေါင်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ဥိရုပဗ္ဗံ၊ ဒူးဆစ် (ပေါင်ဆစ်လည်း ဟူ)။ ဇာဏု၊ ဇဏ္ဏု၊ ဒူးဆစ်။ ဒူးဆစ် ပရိယာယ် ၃-ပုဒ်။

[ဝသတိ မုတ္တမေတ္ထာတိ ဝတ္ထိ-ဟု ဝိဂ္ဂိုဟ်ပြု။ ကျင်ငယ်၏ တည်ရာဖြစ်ရကား ဝတ္ထိမည်၏ ဟူလို။ သတ္ထိ-ကို သဇ္ဇောတိ ဂ... အနေနာတိ သတ္ထိ-ဟု ဝိဂ္ဂိုဟ်ပြု။ ဏွာဒိ။ ၉၀-ကြည့်။ ဥိရု-ပရိယာယော ဣဓ သတ္ထိ-သဒ္ဒေါတိ အာဟ "နဥိရုံ ဥန္နာမေတိ"တိ။ မ၊ ဋီ၊ ၃။ ၁၇၇။ ဥိရုပဗ္ဗ-ကို ပေါင်ဆစ်ဟု သဒ္ဒါနက် ပြန်ရမည်ကဲ့သို့

ဖြစ်၏။ ဝေါဟာရမသက်ရောက် ဒူးဆစ်တည်း။ ဒဿုဝ, ဇဏ္ဏုက, ဇာဏုက-တို့လည်း ဒူးဆစ်ဟော ပရိယာယ်ဖြစ်၏။ အဋ္ဌုဝေန အဋ္ဌု-ဝန္တိ ဇဏ္ဏုကေန ဇဏ္ဏုကံ။ မ၊ ဌ၊ ၃။ ၂၆၅။ ]

(၂၇၇) ဂေါပ္ဖကာ ပါဒဂဏ္ဌိပိ၊ ပုမေ တု ပဏှိ ပါသဏှိ။
ပါဒဂ္ဂံ ပပဒေါ ပါဒေါ၊ တု ပဒေါ စရဏာံ စ ဝါ။

(၂၇၇) ဂေါပ္ဖကော၊ ပါဒဂဏ္ဌိ၊ ခြေမျက်စိ။ ဝါ၊ ဖမျက်။ ခြေမျက်စိ, ဖမျက် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပဏှိ၊ ပါသဏှိ၊ ဖနှောင့်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဖနှောင့်ပရိယာယ် ၂-ပုဒ်။ ပါဒဂ္ဂံ၊ ခြေဖျား။ ပပဒေါ၊ ခြေဖျား။ ခြေဖျားပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပါဒေါ၊ ပဒေါ၊ စရဏာံ၊ ခြေ။ ဝါ၊ စရဏ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ခြေပရိယာယ် ၃-ပုဒ်။

[ခြေမျက်စိ, ဖမျက်, ဖဝါးမျက် ပရိယာယ်ပင်ဖြစ်၏။ ဖဝါး မျက်ကား ရှေးသုံးတည်း။ ဃုဋိကာ-လည်း ခြေမျက်စိဟော ပရိယာယ်တည်း။ "ဃုဋ္ဌ ပရိဝတ္တနေ၊ ဃုဋ္ဌတေ အနေနာတိ ဃုဋိကာ" ဟု ဋီကာ ဝိဂ္ဂဟ်ပြု၏။]

(၂၇၈) အင်္ဂံ တွ'ဝယဝေါ ဝုတ္တော၊ ဖာသုလိကာ တု ဖာသုကာ။
ပဏ္ဏကေ အဋ္ဌိ ခါတွတ္ထိ၊ ဂလန္တဋ္ဌိ တု အက္ခကော။

(၂၇၈) တု၊ ထိုမှတပါး။ အင်္ဂံ၊ အဝယဝေါ၊ ကိုယ်အင်္ဂါ။ သဓမာ၊ အနက်တူ၏ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဖာသုလိကာ၊ ဖာသုကာ၊ နံရိုး။ နံရိုးပရိယာယ် ၂-ပုဒ်။ အဋ္ဌိ၊ အရိုး။ အယံ၊ ဤ အဋ္ဌိ-သဒ္ဒါသည်။ ပဏ္ဏကေ၊ နပုလ္လိင်၌။ ပဝတ္တတိ၊ ဖြစ်၏။ ခါတု၊ အရိုး။ ဣတ္ထိ၊ ခါတု-သဒ္ဒါ ဣတ္ထိလိင်တည်း။ တု၊ ထိုမှတပါး။ ဂလန္တဋ္ဌိ၊ အက္ခကော၊ ညှပ်ရိုး။ ညှပ်ရိုး ပရိယာယ် ၂-ပုဒ်။

[ဖ-မှ ပ-သို့ ပြောင်း၍ ပါသုလိကာ, ပါသုကာ-ဟုလည်း နံရိုး ဟော ရှိတတ်၏။ "ဂလန္တဋ္ဌိ၊ လည်ချောင်း၏ အောက်အစွန်း၌ တည်သော အရိုးသည်။ အက္ခကော၊ အက္ခကမည်၏" ဟူ၍လည်း ယောဇနာနိုင်သည်။]

(၂၇၉) ကပ္ပရော တု ကပါလံ ဝါ၊ ကဏ္ဍရာ တု မဟာသိရာ။
ပုမေ နှာရု စိတ္တိ သိရာ၊ ဓမနိထ ရသဂ္ဂသာ။

(၂၈၀) ရသဟရဏျဴထော မံသ- မာမိသံ ပိသိတံ ဘဝေ။
ကိလိဂ်ံ ကံ ထူလသ္လူရ-မုတ္တတ္တံ အထ လောဟိတံ။

(၂၈၁) ရုဓိရံ သောဏိတံ ရတ္တံ၊ လာလာ ခေဠော လော ဘဝေ။
ပုရိသော မာယု ပိတ္တံ စ၊ သေမှော နိတ္တိ သိလေသုမော။

(၂၇၉၊ ၂၈၀၊ ၂၈၁) တု၊ ထိုမှတပါး။ ကပ္ပရော၊ ကပါလံ၊ ဦးခေါင်းခွံ။ ဝါ၊ ကပါလ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်၌ ဖြစ်၏။ ဦးခေါင်းခွံ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကဏ္ဍရာ၊ မဟာသိရာ၊ အကြောမ။ အကြောမ ပရိယာယ် ၂-ပုဒ်။ နှာရု၊ အကြော။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သိရာ၊ ဓမနိ၊ အကြော။ ဣတ္ထိ၊ သဒ္ဒါနှစ်ခု ဣတ္ထိလိင်တည်း။ အထ၊ ထိုမှတပါး။ ရသဂ္ဂသာ၊ ရသဟရဏီ၊ အရသာကြော။ (အရသာကို ဆောင်တတ်သော အကြော။) အရသာကြော ပရိယာယ် ၂-ပုဒ်။ အထော၊ ထုမှတပါး။ မံသံ၊ အာမိသံ၊ ပိသိတံ၊ အသား။ ဣဒံ တယံ၊ ဤသဒ္ဒါ သုံးပါးအပေါင်းသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ဝလ္လူရံ၊ ဥတ္တတ္တံ၊ အသားချောက်။ ဝါ၊ အမဲချောက်။ ဝါ၊ စမဲချောက်။ အသားချောက်, အမဲချောက်, စမဲချောက် ပရိယာယ် ၂-ပုဒ်။

အထ၊ ထိုမှတပါး။ လောဟိတံ၊ ရုဓိရံ၊ သောဏိတံ၊ ရတ္တံ၊ သွေး။ သွေး ပရိယာယ် ၄-ပုဒ်။ လာလာ၊ ခေဠော၊ လော၊ တံတွေး။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ မာယု၊ သည်းခြေ။ အယံ၊ ဤ မာယု-သဒ္ဒါသည်။ ပုရိသော၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ပိတ္တံ၊ သည်းခြေ။ သေမှော၊ သိလေသုမော၊ သလိပ်။ အနိတ္တိ၊ သဒ္ဒါနှစ်ခု ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။

[ကပ္ပရ-သဒ္ဒါ ဤ၌ ဦးခေါင်းခွံဟော ဖြစ်သော်လည်း တတောင်ဆစ်ဟော များ၏လာ၏၊ ဟတ္ထော နာမ ကပ္ပရံ ဥပါဒါယ ယာဝ အင်္ဂုလိ။ ဝိ၊ ၂။ ၁၇၄။ ကပါလ-သဒ္ဒါသည် အိုးကင်းဟောလည်း ရှိသည်။ ကပါလာဒီသု ဝါ အလ္လမံသံ ပက္ခိပိတွာ နိက္ခိတ္တာနိ ဟောန္တိ။ ဝိ၊ သင်္ဂဟ။ ၇၉။ သပိတ်ဟောလည်း ရှိသည်။ စီဝရံ နိဝါသေတွာ ကပါလံ ဂဟေတွာ။ သံ၊ ဋ၊ ၂။ ၂၇၇။ လိပ်ခွံလည်း

ဟောသေးသည်။ သောဏ္ဍိ ပဥ္စမာနိ အင်္ဂါနိ သကေ ကပါလေ နိဒဟိတွာ။ မိလိန္ဒ။ ၃၅၃။ န္ဟာရု-ကဲ့သို့ နဟာရု-လည်း အကြောဟော ပရိယာယ်ဖြစ်၏။ ရသဂ္ဂသာ-ကို အဋ္ဌကထာများ၌ "ရသံ ဂသန္တိ ဟရန္တီတိ ရသဂ္ဂသာ၊ ရသာဟရဏိနမေတံ အဓိဝစနံ" ဟု ဝိဂ္ဂိုဟ်နှင့် အရကောက် ဖွင့်ပြကြကုန်၏။ ဒီ၊ ဋ္ဌ၊ ၂။ ၄၁။ မ၊ ဋ္ဌ၊ ၃။ ၂၆၁။ ဝလ္လူရ, ဥတ္တတ္တ-တို့သည် အသားချောက်, အမဲချောက်, စမဲချောက်, အသားညှင်း, သားညှင်းဟောတို့တည်း။ ဝလ္လတိ ဝလ္လဘာဝေန ဘဝတီတိ ဝလ္လူရော၊ ဝလ္လ တိ အညမညံ ဗန္ဓတီတိ ဝါ ဝလ္လူရော။ ဇာ၊ ဋ္ဌ၊ ၂။ ၂၂၄။ ကစ္စည်း။ ၆၇၀။]

(၂၀၂) ဝသာ ဝိလီနသ္နေဟောထ၊ မေဒေါ စေဝ ဝပါ ဘဝေ။
အာကပ္ပေါ ဝေသော နေပစ္ဆံ၊ မဏ္ဍနံ တု ပသာဓနံ။

(၂၀၃) ဝိဘူသနံ စာဘရဏံ၊ အလင်္ကာရော ပိလန္ဓနံ။
ကိရီဋ္ဌ မကုဋ္ဌာ နိတ္ထိ၊ စူဠာမဏိ သိရောမဏိ။

(၂၀၂၊ ၂၀၃) ဝသာ၊ ဝိလီနသ္နေဟော၊ ဆီကြည်။ ဆီကြည် ပရိယာယ် ၂-ပုဒ်။ မေဒေါ၊ ဝပါ၊ အဆီခဲ။ ဒွယံ၊ သဒ္ဒါနှစ်ခု အပေါင်းသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အဆီခဲ ပရိယာယ် ၂-ပုဒ်။ အာကပ္ပေါ၊ ဝေသော၊ နေပစ္ဆံ၊ အသွင်အပြင်။ ဝါ၊ အမူအရာ။ အသွင်အပြင်, အမူအရာ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ မဏ္ဍနံ၊ ပသာဓနံ၊ ဝိဘူသနံ၊ အာဘရဏံ၊ အလင်္ကာရော၊ ပိလန္ဓနံ၊ အဆင်တန်းဆာ။ အဆင်တန်းဆာ ပရိယာယ် ၆-ပုဒ်။ ကိရီဋ္ဌ၊ မကုဋ္ဌော၊ မကိုဋ်။ (မကုဋ္ဌော-ဟု အခိုက်အတန့် ပြင်သည်) နိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တို့တည်း။ မကိုဋ် ပရိယာယ် ၂-ပုဒ်။ စူဠာမဏိ၊ သိရောမဏိ၊ မကိုဋ်ထွတ်ကျောက်။ မကိုဋ်ထွတ်ကျောက် ပရိယာယ် ၂-ပုဒ်။

[တိကံ စန္ဒနသုဝဏ္ဏာဒျလင်္ကာရကာတသရိရသောဘာယံ-ဋီကာကို ထောက်၍ နိဿျ-ဟောင်း, သစ် ဆရာတော်တို့ အာကပ္ပ, ဝေသ, နေပစ္ဆ-တို့ကို "တင့်တယ်သော အသွင်အပြင်" ဟု ပြန်ဆိုကြ၏။ တင့်တယ်သော အသွင်အပြင်ဖြစ်စေ, မတင့်တယ်သော အသွင်အပြင်ဖြစ်စေ ဟောနိုင်၏။ အသွင်သာဖန် ဟောတည်း။ အာကပ္ပေန

ဘိက္ခဝေ ဣတ္ထိ ပုရိသံ ဗန္ဓတိ။ အံ၊ ၃။ ၃၇။ "အာကပ္ပေနာဂတိ နိဝါသနပါရုပနာဒိနာ ဝိဓာဓနန"။ အံ၊ ၄၊ ၃။ ၂၁၇။ အာကပ္ပေါတိ ဂမနာဒိအာကာရော။ အဘိ၊ ၄၊ ၁။ ၃၂၇။ ကိရိဋ္ဌ, မကုဋ္ဌ မကိုဋ္ဌ ဟော ပရိယာယ်များ ဖြစ်သကဲ့သို့ မောလိဝိသေသ·လည်း မကိုဋ္ဌ ဟော ပရိယာယ်ဖြစ်သည်။ ဝါသဝေါသုဓေဝါဒီနံ ဝိယ မောလိဝိ· သေသော ကိရိဋ္ဌံ။ အနုဋီ၊ ၃။ ၃၉။]

(၂၈၄) သိရောဝေဌန မုကိုသံ၊ ကုဏ္ဍလံ ကဏ္ဏဝေဌနံ။
ကဏ္ဍိကာ ကဏ္ဏပူရော စ၊ သိယာ ကဏ္ဏဝိဘူသနံ။

(၂၈၄) သိရောဝေဌနံ၊ ဥဏှီသံ၊ သင်းကျစ်။ (နဖူးတန်းဆာသော် လည်းဟူ၏) သင်းကျစ် ပရိယာယ် ၂-ပုဒ်။ ကုဏ္ဍလံ၊ ကဏ္ဏဝေဌနံ၊ နားဒောင်း။ နားဒောင်း ပရိယာယ် ၂-ပုဒ်။ ကဏ္ဍိကာ၊ ကဏ္ဏပူရော၊ ကဏ္ဏဝိဘူသနံ၊ နားတန်းဆာ။ ဝါ၊ နားသွယ်ပန်း။ ထားယံ၊ ပုဒ်သုံးခုအပေါင်း သည်။ တုလျှံ အနက်တူသည်။ သိယာ၊ ဖြစ်ရာ၏။ နားတန်းဆာ,နားသွယ် ပန်း ပရိယာယ် ၃-ပုဒ်။

[သိရောဝေဌန-သည် သင်းကျစ်, နဖူးတန်းဆာ-ဟု ပေးသော်လည်း "သိရသော ဝေဌနံ သိရောဝေဌနံ" ဟုပြု၍ ခေါင်းစွပ်, ခေါင်းပေါင်း-စသည်ကို ဟောနိုင်၏။ ကုဏ္ဍလ, ကဏ္ဏဝေဌန-ကို သည် ရတနာဖြင့် ပြုလုပ်သော နားဒောင်းကိုယူ။ ရှေးက မိန်းမ များသာမဟုတ် ယောကျ်ားများလည်း နားဒောင်း ဝတ်ဆင်ကြ သည်။ သာသနာသင်္ကေရာဇ် ၃၀၃-၄၀၇။ သီဟိုဠ်၌ နန်းတက်သော ဒုဋ္ဌဂါမဏိမင်းကြီး စစ်တိုက်စဉ် နားဒောင်းတို့ကို ဆပ်ထမင်းနှင့် လဲယူ၍ ရဟန္တာတပါးအား လှူခဲ့ကြောင်းလာသည်။

ကောဋ္ဌနာမမှိ မလယေ၊ အက္ခက္ခာယိကဆာတကေ။
ကုဏ္ဍလာနိ မဟဂ္ဃါနိ၊ ဒုဝေ ဒတွာန ဂဏှိယ။

မဟာဝံသ။၃၂။၂၉။

ကဏ္ဏပိဠန္ဓန-လည်း နားဘန်းဆာ, နားသွယ်ပန်းဟော ပရိယာယ်ဖြစ်၏။ သော အဂ္ဃနကံ ပန ကဏ္ဏပိဠန္ဓနံ ဓာရေသိ။ အံ၊ဠ၊၁။

၁၈၆။ တာလပတ္တလည်း နှားတန်းဆောဟော ဖြစ်၏၊ တာလပတ္တံ ပူဇြ။ ဋီကာ။ ယေဘုယျေန တာလပတ္တေန နိဗ္ဗတ္တံ တာလပတ္တံ-ဟုပြု။ နားပန်း, နားတောက်, နားဆွဲ-စသည်တို့သည် ကဏ္ဏိက-စသည့်မည်၏ဟု သိရ၏။]

(၂၈၅) ကဏ္ဍဘူသာ တု ဂီဝေယျံ၊ ဟာရေ မုတ္တာဝလိတ္ထိယံ။
နိယုရော ဝလယော နိတ္ထိ၊ ကင္ကဏံ ပရိဟာရကံ။

(၂၈၅) တု၊ ထိုမှတပါး။ ကဏ္ဍဘူသာ၊ ဂီဝေယျံ၊ လည်ရွဲတန်းဆာ။ ဝါ၊ ပုတီး။ လည်ရွဲတန်းဆာ, ပုတီးပရိယာယ် ၂-ပုဒ်။ ဟာရော၊ မုတ္တာဝလိ၊ ပုလဲသွယ်။ ဝါ၊ ပုလဲကုံး။ ဒွယံ၊ ဤမုတ္တာဝလိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ပုလဲသွယ်, ပုလဲကုံး ပရိယာယ် ၂-ပုဒ်။ နိယုရော၊ ဝလယော၊ လက်ကောက်။ နိတ္ထိ ဝလယသဒ္ဒါ ဣတ္ထိလိင်မှတပါး ပုလ္လိင် နပုလ္လိင်တည်း။ ကင္ကဏံ ပရိဟာရကံ၊ လက်ကောက်။ လက်ကောက် ပရိယာယ် ၄-ပုဒ်။

[ယခုကာလ ခေတ်စားနေသော ဘယက်, ဆွဲကြိုး, လည်တုန့်တို့လည်း ကဏ္ဍဘူသာ, ဂီဝေယျ-တို့ပင်မည်၏။ ကဏ္ဍသုတ္တက-လည်း လည်ရွဲတန်းဆာ, ပုတီး, ဘယက်, ဆွဲကြိုး, လည်တုန့်-ကို ဟောသည်။ ကဏ္ဍသုတ္တကန္တိ ယံကိဉ္စိ ဂီဝူပဂအာဘရဏံ၊ ဝိ၊ ဋ္ဌ၊ ၄။ ၄၄။ အာဝါပက-လည်း လက်ကောက်ဟော ပရိယာယ်ဖြစ်၏။ အာဝါပကောပျတြ။ ဋီကာ။ ဝလယ-သဒ္ဒါကား လက်ကောက်သာမက ခြေကျင်းကိုလည်း ဟောသည်။ ဝလယန္တိ ဟတ္ထပါဒဝလယံ။ ဝိမတိ၊ ၂။ ၂၂၈။]

(၂၈၆) ကေယူရံ ကဋကာ ထ၊ ကိင်္ကိဏီ ခုဒ္ဒဃဏ္ဋိကာ။
အင်္ဂုလိယက မင်္ဂုလျာ- ဘရဏံ သာကျွရံ တု တံ။

(၂၈၇) မုဒ္ဒိကာ င်္ဂုလိမုဒ္ဒါ ထ၊ ရသနာ မေခလာ ဘဝေ။
ကေယူရ မင်္ဂဒံ စေဝ၊ ဗာဟုမူလဝိဘူသနံ။

(၂၈၆၊ ၂၈၇) ကင်ကဏံ၊ ကဋကာ၊ ပုလဲ, စိန်-စသား ရတနာများဖြင့် စီခြယ်အပ်သော လက်ကောက်။ ဝါ၊ ကျောက်မျက်တို့ဖြင့် ပြုအပ်သော

လက်ဝတ်တန်းဆာ။ ပုလဲ, စိန်-စသား ရတနာများဖြင့် စီခြယ်အပ်သော လက်ကောက် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကိင်္ကဏီ၊ ခုဒ္ဒဃဏ္ဍိကာ၊ ခြေကျင်းဝတ်ချူငယ်။ ခြေကျင်းဝတ်ချူငယ် ပရိယာယ် ၂-ပုဒ်။ အင်္ဂုလိယကံ၊ အင်္ဂုလျာဘရဏံ၊ လက်စွပ်။ လက်စွပ်ပရိယာယ် ၂-ပုဒ်။ တု၊ အထူးမှတ်ရန်ကား။ တံ၊ ထိုလက်စွပ်သည်။ သာက္ခရံ၊ အက္ခရာအမှတ်အသား ပါရှိပါမူ။ မုဒ္ဒိကာ၊ မုဒ္ဒိကာမည်၏။ မုဒ္ဒိကာ၊ အင်္ဂုလိမုဒ္ဒါ၊ အမှတ်အသား အက္ခရာပါသော လက်စွပ်။ အမှတ်အသား အက္ခရာပါသော လက်စွပ် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ရသနာ၊ မေခလာ၊ ခါးပတ်။ ဝါ၊ ခါးကြိုးတန်းဆာ။ ကေယူရံ၊ အင်္ဂဒံ၊ ဗာဟုမူလဝိဘူသနံ၊ လက်ကြပ်။ ဝါ၊ လက်မောင်းဝတ်တန်းဆာ။ လက်ကြပ်, လက်မောင်းဝတ်တန်းဆာ ပရိယာယ် ၃-ပုဒ်။

[ကင်္ကဏ, ကရဘူသ-တို့သည် ပုလဲ, စိန်-စသည့် ကျောက်များ တပ်ဆင် စီခြယ်ထားသည့် လက်ကောက်ကို ဟောသည်။ ပုလဲ လက်ကောက်, စိန်လက်ကောက် ဟူ၏။ ဒွယံ မုတ္တာဒိဃဋိတဝလယ-ဝိကတျာဘရဏေ - ဟု ဋီကာဆို၏။ ရသနာ, မေခလာ-တို့သည် မိန်းမတို့၏ ခါးပတ်, ခါးကြိုးတန်းဆာဟော ပရိယာယ်တို့တည်း။ ယင်း ခါးကြိုးတန်းဆာကို ကြိုးအမြိတ် ၁-ချောင်းရှိမူ 'ကာဉ္စီ'၊ ကြိုးအမြိတ် ၈-ချောင်းရှိမူ 'မေခလာ'၊ ကြိုးအမြိတ် ၁၆-ချောင်းရှိမူ 'ရသနာ'၊ ကြိုးအမြိတ် ၂၅-ချောင်းရှိမူ 'ကလာပ'ဟူ၍ ခေါ်သည် ဟု စိန္တာမဏိဋီကာ၌ ဆို၏။

ကောယဋ္ဌိ ဘဝေ ကာဉ္စိ၊ မေခလာ တွဋ္ဌယဋ္ဌိကာ။
ရသနာ သောဠသ ဉေယျာ၊ ဂ လာပါ ပဉ္စဝီသတိ။
စိန္တာမဏိဋီကာ။၁၆။၁၀၈။]

(၂၀၈) ပါဒင်္ဂဒံ တု မဉ္ဇီရော၊ ပါဒကဋကနူပုရာ။

(၂၀၈) တု၊ ထိုမှတပါး။ ပါဒင်္ဂဒံ၊ မဉ္ဇီရော၊ ပါဒကဋကံ၊ နူပုရာ၊ ခြေကျင်း။ ခြေကျင်းပရိယာယ် ၄-ပုဒ်။

[မိန်းမတို့ ဝတ်ဆင်သော ခြေကျင်း ဟူ၏။ ယင်း ခြေကျင်း သည်လည်း ရွှေခြေကျင်း, မိုးကြိုး ခြေကျင်း, ငွေခြေကျင်း-စသည်

ဖြင့် များစွာရှိ၏။ တုလာကောဋ္ဌိ,ဟံသက-တို့သည်လည်း ခြေကျင်း ပရိယာယ်တို့တည်း။ ကုဋ္ဌိလကောဋ္ဌိတ္တာ တုလာကောဋ္ဌိ။ ဟံသ-ဂတိတ္တာ ဟံသကော။ ဋီကာ။]

(၂၇၉) အလင်္ကာရပ္ပဘေဒါ တု၊ မုခဖုလ္လံ တထောဏ္ဏတံ။
ဥဂ္ဂတ္ထနံ ဂိဂ်မက-မိစ္စေဝ မာဒယော သိယုံ။

(၂၇၉) မုခဖုလ္လံ၊ မျက်နှာတန်းဆာရင်း။ တထာ၊ ထိုမှတပါး။ ဥဏ္ဏ-တံ၊ နဖူးစည်းတန်းဆာရင်း။ ဥဂ္ဂတ္ထနံ၊ ရင်လွှမ်းတန်းဆာရင်း။ ဝါ၊ လေး ချောင်း လေးသွယ်ရှိသော ပုလဲသွယ်ရင်း။ ဂိဂ်မကံ၊ သုံးဆယ့်နှစ်ချောင်း သုံးဆယ့်နှစ်သွယ်ရှိသော ပုလဲသွယ်ရင်း။ ဣစ္စေဝမာဒယော၊ ဤသို့ အစ ရှိသော တန်းဆာတို့သည်ကား။ အလင်္ကာရပ္ပဘေဒါ၊ တန်းဆာအထူးတို့ သည်။ သိယုံ၊ ဖြစ်ကုန်၏။

[မုခဖုလ္လ-ကို အမျိုးမျိုး ယူကြ၏။ မျက်နှာဝတ်ရွှေပြား တန်းဆာကိုလည်း မုခဖုလ္လ-ဟု ခေါ်သည်။ မုခ-ကို ပါးစပ်ယူ၍ အလှစိုက်ထားသည့် ရွှေသွားကိုလည်း မုခဖုလ္လ-ဟု ဋီကာ၌ တနည်း ဆို၏။ ဆောမနိမိ-၌ မုခဘူသန-လာ၏။ နှုတ်ခမ်းနီဆိုးခြင်း ကွမ်း စား၍ နှုတ်ခမ်းနီစေခြင်းကိုလည်း မုခဖုလ္လ-မည်၏ဟု ယူနိုင်၏။ အဘယာရာမ ဆရာတော်ကမူ မှံကူခြင်း, နံ့သာပျောက်ထိုးခြင်း သည် မုခဖုလ္လ-မည်၏ဟု ဆို၏။ ဣစ္စေဝမာဒယော-၌ အာဒိအရကို-

အဒ္ဓဟာရော မာဏဝကော၊ ကောဝလျေကယဋ္ဌိကော။
ဘဝေ နက္ခတ္တမာလာ သာ၊ သတ္တဝီသတိ မုတ္တိဟိ—

ဟူသည့် အမရ။၁၆။၁၀၆-နှင့်အညီ အဒ္ဓဟာရ=၁၂-သွယ်ရှိ ပုလဲ သွယ်။ မာဏဝက=အသွယ် ၂၀-ရှိ ပုလဲပုတီး၊ ကြိုး ၁-သွယ်ရှိ၍ ပုလဲလုံး ၂၇-လုံးရှိသော နက္ခတ္တမာလာမည်သော ပုလဲသွယ်ကို ယူရာ၏။]

(၂၈၀) စေလ မစ္ဆာဒနံ ဝတ္ထံ၊ ဝါသော ဝသန မံသုကံ။
အမ္ဗရံ စ ပဋော နိတ္ထိ၊ ဒုဿံ စောဠော စ သာဋကော။

(၂၉၀) စေလံ၊ အစ္ဆာဒနံ၊ ဝတ္ထံ၊ ဝါသော၊ ဝသနံ၊ အံသုကံ၊ အမ္ဗရံ၊ ပဋော၊ အဝတ်အထည်။ အနိတ္ထံ၊ ပဋ - သဒ္ဒါ ပုလ္လိင် နပုလ္လိင်တည်း။ (ပုဆိုးလည်း ဟူ၏) ဒုဿံ၊ စောဠော၊ သာဋကော၊ အဝတ်အထည်။ အဝတ်အထည်ပရိယာယ် ၁၁-ပုဒ်။

[အမရ။၁၄၅။၁၁၀-၌ "တစဖလကိမိလောမာနိ ဝတ္ထာသာ ယောနိ= သစ်ခွံ, သစ်ခေါက်, သစ်သီး, ပိုးကောင်, သားမွေးတို့ကို အဝတ်ဖြစ်ကြောင်းတို့"ဟူ၍ ပြဆိုလေသည်။ ဤအဘိဓာန်။၂၉၇-ဂါထာလည်း ကြည့်။]

(၂၉၁) ခေါမံ ဒုကူလံ ကောသေယျံ၊ ပတ္တုဏ္ဏံ ကမ္ဗလော စ ဝါ။
သာဏံ ကောဋုမ္ဗရံ ဘင်္ဂ−န္တိ၂ာဒိ ဝတ္ထန္တရံ မတံ။

(၂၉၁) ခေါမံ၊ ချည်အဝတ်အထည်ရင်း။ ဒုကုလံ၊ လျှော်ချည်အဝတ်အသည်ရင်း။ ဝါ၊ ချောမွတ်ပါးလှပ်သော အဝတ်ရင်း။ ကောသေယျံ၊ ပိုးချည်အဝတ်အထည်ရင်း။ ပတ္တုဏ္ဏံ၊ ဖွပ်လျှော်ပြီး ပိုးချည်အဝတ်အထည်ရင်း။ ဝါ၊ ပတ္တုဏ္ဏာတိုင်းဖြစ် ပိုးသည်အဝတ်ရင်း။ ကမ္ဗလော စ၊ သိုးမွေးချည်အဝတ်အသည်ရင်း။ ဝါ၊ သကလပ်သည်ရင်း။ သာဏံ၊ ပိုက်ဆံလျှော်ချည်အဝတ်အသည်ရင်း။ ကောဋုမ္ဗရံ၊ ကုဋုမ္ဗရတိုင်းဖြစ် အဝတ်အထည်ရင်း။ ဘင်္ဂံ၊ ဘန်ချည်အဝတ်အထည်ရင်း။ ဝါ၊ ချည်အမျိုးမျိုး ရောယှက်၍ ရက်အပ်သော အဝတ်အထည်ရင်း။ ဣတျာဒိ၊ ဤသို့အစရှိသော အဝတ်အထည်များကို။ ဝတ္ထန္တရံ၊ အဝတ်အထည်အထူးဟူ၍။ မတံ၊ သိအပ်၏။

[အဝတ်အထည်အထူး ၈-မျိုးပြထားသည်။ ကမ္ဗလော စ ဝါ-၌ ဝါ-သည် ကမ္ဗလ-သဒ္ဒါ နပုလ္လိင်ရှိသေးကြောင်း ပြသည်။ ဒုကူလံ-ကို ဘဲ့ဖြူပုဆိုးဟု ပြန်ဆိုရိုးရှိ၏။ စင်စစ်မှာ နူးညံ့ပါးလှပ်သော အဝတ်အထည်ဖြစ်၏။ ဂိမ္ဘိကေ....ဘူမတ္ထရဏာဒီနိ ဒုကူလမယာနိ ဝတ္ထာနိ-ဟု မဋ္ဌ၊၃။၁၄၉-၌ နွေရာသီသုံး အခင်းအနှီးအထည်များလာရာ နူးညံ့ပါးလှပ်သော အဝတ်အထည်ဟောသချာသည်။ ပတ္တုဏ္ဏ-သည်လည်း ပိုးချည်ကို ဟောသည်။ ဖွပ်လျှော်ပြီး ပိုးချည်ယူ။ ထောမ၌ "ပတ္တောသု ဥဏ္ဏာ ယဿာတိ ပတ္တုဏ္ဏံ"ဟု ဝိဂ္ဂိုဟ်ပြု၏။]

(၂၉၂) နိဝါသနန္တရီယာနျ–န္တရ မန္တရဝါ သကော။
ပါဝါရော တုတ္တရာသင်္ဂေါ၊ ဥပသံဗျာန မုတ္တရံ။

(၂၉၃) ဥတ္တရီယ မထော ဝတ္ထ–မဟာတန္တိ မတံ နဝံ။
နန္တကံ ကပ္ပဋော ဇိဏ္ဏ–ဝသန် တု ပဋစ္စရံ။

(၂၉၂၊၂၉၃) နိဝါသနံ၊ အန္တရီယံ၊ အန္တရံ၊ အန္တရဝါသကော၊ ခါးဝတ် အထည်။ ခါးဝတ် အထည် ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ပါဝါရော၊ ဥတ္တရာသင်္ဂေါ၊ ဥပသံဗျာနံ၊ ဥတ္တရံ၊ ဥတ္တရီယံ၊ စုလျား။ ဝါ၊ အပေါ်ရုံ။ စုလျား, အပေါ်ရုံပရိယာယ် ၅-ပုဒ်။ အ.ထာ၊ ထိုမှတပါး။ နဝံ၊ အသစ်ဖြစ်သေ.။ ဝတ္ထံ၊ အဝတ်ကို။ အဟတန္တိ၊ အဟတ ဟူ၍။ ဝါ၊ အဝတ်သစ် ဟူ၍။ မတံ၊ သိအပ်၏။ နန္တကံ၊ ကပ္ပဋော၊ အဝတ်စုတ်။ အဝတ်စုတ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဇိဏ္ဏဝသနံ၊ ပဋစ္စရံ၊ အဝတ်ဟောင်း။ ဝါ၊ အဝတ်ဆွေး။ အဝတ်ဟောင်း, အဝတ်ဆွေး ပရိယာယ် ၂-ပုဒ်။

[နိဝါသန-ကို "အဓောဘာဂေ ဝသီယတေတိ နိဝါသနံ"ဟု ဒိဂြိုဟ်ပြု။ နိ-သဒ္ဒါ အောက်အရပ် အောက်ပိုင်းအနက်ဟောတည်း။ ရှင်, ရဟန်းတို့၏ အဝတ်ဖြစ်မူ 'သင်းပိုင်'ဟု ယူရာ၏။ အမရ။၁၆။ ၁၁၆-၌—

အန္တရီယောပသံဗျာနံ၊ ပရိဓာနေ'ဓော အံသုကေ–

ဟု ဆို၏။ ဥပသံဗျာန-သည် ခါးဝတ်အထည်ဟော လာ၏။ ဋီကာဆရာလည်း ယင်း အမရကောသမှယူ၍ "ဥပသံဗျာနံ ပျြံ"ဟု ဆိုသည်။ စုလျားကို အပေါ်တင် ဟူ၍ရင်း၊ ဘုံပတီး ဟူ၍ရင်း၊ ပတီး ဟူ၍ရင်း ခေါ်သေးကြောင်း ဆိုကြသည်။

စုလျားဣတိ အပေါ်တင်ဝ၊ ပုဆိုး ဣတိ ဝိဇာနိယာ။
ဝုတ္တာဒြ ရဋ္ဌသာရေန၊ ဟတ္ထိပါလ အလင်္ကာယံ။
စုလျားပေါ်တင် နီလွှင်ကိုယ်ဝတ်၊ ဒုပဋ္ဋကမ္ဗလမိတျာဒိ။
တမေဝ ဘုံပတီးစေဝ၊ ပတီးတိ စ ဝိဇာနိယာ။
ပေါရာဏကထာ။ဂ။၉။]

(၂၉၄) ကဋ္ဋုကော ဝါရဝါဏံ ဝါ–ထ ဝတ္တာဝယဝေ ဒသာ။
နာလိပဋ္ဋောတိ ကထိတော၊ ဥတ္တမင်္ဂမှိ ကဋ္ဋုကော။

(၂၉၄) ကဋ္ဋုကော၊ ဝါရဝါဏံ၊ သင်တိုင်း။ ဝါ၊ ကိုယ်ကျပ်။ ဝါ၊ ဝါရဝါဏ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ သင်တိုင်း,ကိုယ်ကျပ်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဒသာ၊ ဒသာ-သဒ္ဒါသည်။ ဝတ္တာဝယဝေ၊ အဝတ်အထည်၏ အပိုင်းအစိတ် အဆာအမြိတ်၌။ ဝတ္တတိ၊ ဖြစ်၏။ ဥတ္တမင်္ဂမှိ၊ ဦးခေါင်း၌။ ကဋ္ဋုကော၊ စွပ်အပ်သော သင်တိုင်းကို။ ဝါ၊ စွပ်အပ်သော ခေါင်းစွပ်ကို။ နာလိပဋ္ဋောတိ၊ နာလိပဋ္ဋ ဟူ၍။ ဝါ၊ ဦးထုပ်, ဦးစွပ် ဟူ၍။ ကထိတော၊ ဆိုအပ်၏။

[ကဋ္ဋုက, ဝါရဏ-တို့ကား ချုပ်မိန့်ညို စစ်ဝတ်တန်းဆာ-ဟု ပြန်လျှင်လည်း သင့်မြတ်၏။ ဒွယံ ကောဋ္ဌိကာဒိသန္နာဟေ, ဓောင္ဓေ စ။....ဝါဏံ သရံ ဝါရယတီတိ ဝါရဝါဏော။ ဋီကာ။ နာလိပဋ္ဋ-သဒ္ဒါသည် ဦးထုပ်ဟောသကဲ့သို့ သိသကံ, သိရိယံ, သိရောဟ-တို့လည်း ဦးထုပ်ဟော တို့တည်း။]

(၂၉၅) အာယာမော ဒီဃတာရောဟော၊ ပရိဏာဟော ဝိသာလတာ။

(၂၉၅) အာယာမော၊ ဒီဃတာ၊ အာရောဟော၊ အလျား။ အလျား ပရိယာယ် ၃-ပုဒ်။ ပရိဏာဟော၊ ဝိသာလတာ၊ အနံ။ အနံပရိယာယ် ၂-ပုဒ်။

[အာယာမ-ကို"အာဘုသော ယာတိ ဂစ္ဆတီတိ အာယာမော" ဟု ဝိဂ္ဂဟပြု။ ပရိဏာဟ-ကို "သမန္တတော နယှတီတိ ပရိဏာ-ဟော" ဟု ဝိဂ္ဂဟပြု။ ယင်း ပရိဏာဟ-ကား အဝတ်အထည်ကို တိုင်းတာရာ၌ သုံးစွဲလျှင် 'အနံ'-ဟု သုံးရာ၏။ သစ်ပင်, သစ်သား စသည်များ၌ 'အဝန်း, အလုံး, လုံးပတ်'-ဟု သိရာ၏။ ရုက္ခနိမိတ္တေ တစသာရော............ဥဗ္ဗေဓေတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိဒဏ္ဍကပ္ပမာဏောပိ ဝဋ္ဋတိ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၂၀။]

(၂၉၆) အရဟာဒ္ဓဇော စ ကာသာယ–ကာသာဝါနိ စ စီဝရံ။
မင်္ဂလံ တု တဒင်္ဂါနိ၊ ဝိဝဋ္ဋကုသိအာဒယော။

(၂၉၆) အရဟဒ္ဓဇော၊ ကာသာယ၊ ကာသာဝံ၊ သင်္ကန်း။ (ကာသာဝါနိ-ကို ကာသာဝံ-ဟု အနိုက်အတန့်ပြင်) စီဝရံ၊ သင်္ကန်း။ သင်္ကန်းပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ မင်္ဂလံ၊ အိမ်ဝန်းကြီးသည်ရင်း။ ဝိဝဋ္ဋ-ကုသိအာဒယော၊ မြောင်းရှည်, အနားပတ် - အစရှိသည်တို့သည်ရင်း။ တဒင်္ဂါနိ၊ ထိုသင်္ကန်း၏ အစိတ်အပိုင်းတို့တည်း။

[ဝိဝဋ္ဋကုသိအာဒယော ၌ အာဒိဖြင့် အစုကုသိ= မြောင်းတို၊ တလုပ်မြောင်း။ အစုမင်္ဂလ=အိမ်ဝန်းငယ်။ အနုဝိဝဋ္ဋ=ခေါင်ရံ ၂-စပ်။ ဂီဝေယျက=အထက်အလျား နပတ်။ ဇင်္ဃေယျက = အောက်အလျား နပတ်။ ဗာဟန္တ=ပြင်လက်လိပ် ၂-စပ်တို့ကို ယူ။ ဝိ၊ ၄၊ ၃။ ၄၀၀၊ ၄၀၉-ကြည့်။

(ဆောင်) အစုကုသိ အစုမင်္ဂလာ–နုဝဋ္ဋံ စ ဂီဝေယျကံ။
ဇင်္ဃေယျကံ ဗာဟန္တာပိ၊ အာဒိသဒ္ဒေန ဂယှရေ။]

(၂၉၇) ဖလတ္တစ ကိမိရောမဘ–ဇျောတာ ဝတ္ထာ ယောနိယော။
ဖာလံ ကပ္ပါသိကံ တီသု၊ ခေါမာဒီ တု တဇ္ဇာဝါ။

(၂၉၇) ယာနိ ဖလတ္တစကိမိရောမာနိ၊ အကြင် အသီး, အခေါက်, ပိုးကောင်, သားမွေးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတာ၊ ထိုအသီး, အခေါက်, ပိုးကောင်, သားမွေးတို့သည်။ ဝတ္ထာ၊ အဝတ်အထည်၏။ ယောနိယော၊ ဖြစ်ကြောင်းတို့တည်း။ ကပ္ပါသိကံ၊ ဝါချည် အဝတ်အထည်သည်။ ဖာလံ၊ အသီးမှ ဖြစ်၏။ အယံ၊ ဤ ဖာလ-သဒ္ဒါသည်။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ခေါမာဒီ တု၊ ခုံချည်-စသည်တို့သည်ကား။ တဇ္ဇာဝါ၊ သစ်ခွံ (လျှော်) မှ ဖြစ်ကုန်၏။

[ဖာလ-သဒ္ဒါ လိင်၃-ပါး၌ ဖြစ်ပုံကား–ဖာလော ပဋော၊ ဖာလာ စေလီ၊ ဖာလံ ဝတ္ထံ-တည်း။]

(၂၉၇) ကောသေယျံ ကိမိဇံ ခေါမ – မယံ တု ကမ္ဗလံ တဝေ။
သမာနတ္ထာ ဇဝနိကာ၊ သာ တိရောကရဏီ ပျထ။

(၂၉၇) ကောသေယျံ၊ ပိုးသည် အဝတ်အထည်သည်။ ကိမိဇံ၊ ပိုးကောင်မှ ဖြစ်၏။ တု၊ ထိုမှတပါး။ ကမ္ဗလံ၊ ကမ္ဗလာ အဝတ်အထည်သည်။ ရောမမယံ၊ သားမွေးဖြင့် ပြုသည်။ ဘဝေ၊ ဖြစ်၏။ ဇဝနိကာ၊ တိရော-ကရဏီ၊ ကန့်လန့်ကာ။ သာ၊ ဤသို့လိုင်ပြည်း။ သမာနတ္ထာ၊ တူသော အနက်ရှိကုန်၏။ ကန့်လန့်ကာ ပရိယာယ် ၂-ပုဒ်။

[ပတိသိရာ-လည်း ကန့်လန့်ကာဟော ပရိယာယ်တည်း။ ပတိသိရာ ဇဝနိကာ၊ ဘဝေ တိရောကရဏီ စ သာ။ အမရ၊ ၁၆။ ၁၂၀။ (သက္ကတဂါထာ ပါဠိ ပြန်ဆိုက်၏။)]

(၂၉၉) ပုန္နပုံသက မုလ္လောစံ၊ ဝိတာနံ ဒွယ မိရိတံ။
နပာနံ စ သိနာဒေန သော–ဗ္ဗဋ္ဋနမ္ဗဋ္ဋနံ သမံ။

(၂၉၉) အထ၊ ထိုမှတပါး။ ဥလ္လောစံ၊ ဝိတာနံ၊ မိတာန်။ ဝါ၊ မျက်နှာကြက်။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ ပုန္နပုံသကံ၊ ပုလ္လိင် နပုလ္လိင်ဟူ၍။ ဤရိတံ၊ ဆိုအပ်၏။ မိတာန်, မျက်နှာကြက်ပရိယာယ် ၂-ပုဒ်။ နဟာနံ၊ နဟာန-သဒ္ဒါသည်။ သိနာဒေ၊ ရေချိုးခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ဥဗ္ဗဋ္ဋနံ၊ ဥမ္ဗဋ္ဋနံ၊ ကြေးပွတ်ခြင်း။ သမံ၊ အနက်တူ၏။ ကြေးပွတ်ခြင်းပရိယာယ် ၂-ပုဒ်။

[အနုဇာနာမိ ဘိက္ခဝေ ဝိတာနံ။ ဝိ၊ ၄။ ၂၉၇။ ဝိတာန-သဒ္ဒါ ပုလ္လိင် နပုလ္လိင်ဟု ဆိုသော်လည်း ပိဋကတ်တော်၌ နပုလ္လိင်သာ အတွေ့ရ များ၏။ ဥပရိဝိတာနံ ဟုတ္ဝာ တိဋ္ဌန္တိ။ ဒီ၊ ဌ၊ ၁။ ၄၆။ ဝိတာနံ ဝိယ ပသာရိယတိ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၀၂။ စာရုသောဘဏံ ဝိတာနံ။ ဝိမတိ၊ ၁။ ၁၆။]

(၃၀၀) ဝိသေသကော တု တိလကော၊ တျုဘော နိတ္ထိ စ စိတ္တကံ။
စန္ဒနော နိတ္ထိယံ ဂန္ဓ–သာရော မလယဇော ပျထ။

(၃၀၀) တု၊ ထိုမှတပါး။ ဝိသေသကော၊ တိလကော၊ မှန်ကူခြင်း။ ဣတိ ဥဘော၊ ဤဝိသေသက, တိလက-သဒ္ဒါနှစ်ခုတို့သည်။ အနိတ္ထိ၊ ဣတ္ထိ

လိင်မဟုတ် ပုလ္လိင် နပုလ္လိင်တို့တည်း။ စိတ္တကံ၊ မှန်ကူခြင်း။ မှန်ကူခြင်းပရိယာယ် ၃-ပုဒ်။ စန္ဒနော၊ စန္ဒကူး။ အယံ၊ ဤစန္ဒန်-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌၊ ဝတ္တတေ၊ ဖြစ်၏။ ဂန္ဓသာရော၊ မလယဇော၊ စန္ဒကူး။ စန္ဒကူးပရိယာယ် ၃-ပုဒ်။

[မှန်ကူခြင်းသည် အိန္ဒိယ, သီဟိုဠ်-စသည့်နိုင်ငံများ၌ လွန်စွာ ခေတ်စားသည်။ ၎င်းနိုင်ငံတို့၌ မှန်မကူသော အမျိုးသမီး မရှိသလောက် ဖြစ်၏။ မှန်ကူခြင်းဟူသည် နဖူးနှာတံ၌ နံ့သာပျောက်ချေခြင်း, အနီ ရောင်- စသည် ခြယ်ခြင်းပင်တည်း။ ယင်းသည် သိဟိုဠ်အခေါ် တိလကယ-ဖြစ်သည်။ နဋ္ဌလေ် အန္ဒိနလကုဏာက်= နဖူးအမှတ်အသား-ဟုလည်း ခေါ်သည်။ အမျိုးသားများ စူးစိုက် ကြည့်ချင်အောင် အမျိုးသမီးတို့၏ ပုံပြင် ခြယ်လှယ်ခြင်း ဖြစ်သည်။ ယင်းမှန်ကူခြင်းသည် နှမ်းပွင့်သဏ္ဍာန် မှန်ကူခြင်းသည် 'တိလက'၊ အသွေးအသွေး အမျိုးမျိုး ပန်းနွယ်သဏ္ဍာန် မှန်ကူခြင်းသည် 'စိတ္တက'-ဟု သိလေ။ ပန်းညိုရွက်သဏ္ဍာန် မှန်ကူခြင်းသည် 'တမာလပတ္တ' မည်၏ဟုလည်း ဝ-ဖြင့် ယူရာ၏။ တိလကာ-ကတိ တိလကော။ စိတ္တကာကတိ စိတ္တကံ။ စ-ကာရေန တမာလပတ္တာ ကတိ တမာလပတ္တံ။ သာမညေန ဝိသေသကံ။ ဋီကာ။ ကေနေဝ တိလကေန နလာဋ္ဌံ န သောဘတိ။ မ၊ ဌ၊ ၂။ ၃၃။ နလာဋေ တိလကော ကတော။ ဇာ၊ ဋ္ဌ၊ ၆။ ၉၁။ ဘဒ္ဒသိရိ-သည်လည်း စန္ဒကူးဟော ပရိယာယ် ဖြစ်သည်။ ဘဒ္ဒါယ သိရိယာ သမ္ပန္နတ္တာ ဘဒ္ဒသိရိ-ဟု ပို။]

(၃၀၁) ဂေါသီသံ တေလပဏ္ဏိကံ၊ ပုမေ ဝါ ဟရိစန္ဒနံ။
တိလပဏ္ဏိ တု ပတ္တင်္ဂံ၊ ရဉ္ဇနံ ရတ္တစန္ဒနံ။

(၃၀၁) အထ၊ ထိုမှတပါး။ ဂေါသီသံ၊ တေလပဏ္ဏိကံ၊ ဟရိစန္ဒနံ၊ စန္ဒကူးရွှေ။ အယံ၊ ဤဟရိစန္ဒန-သဒ္ဒါသည်။ ပုမေ ဝါ၊ ပုလ္လိင်၌လည်း။ ဝတ္တတိ၊ ဖြစ်သေး၏။ စန္ဒကူးရွှေပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ တိလပဏ္ဏိ၊ ပတ္တင်္ဂံ၊ ရဉ္ဇနံ၊ ရတ္တစန္ဒနံ၊ စန္ဒကူးနီ။ စန္ဒကူးနီပရိယာယ် ၄-ပုဒ်။

[သီဟိုဠ် သုဘူတိနိဿျ၌ ဤအတိုင်းပင် ယောဇနာသည်၊ ကျော်အောင်စံထား ဆရာတော်လည်း နည်းတူ ဖြစ်၏။ ဋီကာ၌လည်း နည်းတူပင်တည်း။ ပိဋသာရ, သုသိတ-တို့လည်း စန္ဒကူး ရှေဟော ပရိယာယ်တည်း။ န တံ သဇလဒါ ဝါတာ၊ န စာပိ ဟရိစန္ဒနံ။ ဝိသုဒ္ဓိ၊ ၁။ ၁၀။ အိန္ဒိယနိုင်ငံ ဝေ-ါင်ပိုင်း, အရှေ့အိန္ဒိယကျွန်းစု, ဖိလစ်ပိုင်ကျွန်းစု, သြစတြေးလီးယားနိုင်ငံများမှ ထွက်သည်-ဟု သိရ၏။ ဟိန္ဒူဆေးကျမ်းများ၌ "စန္ဒကူးသည် ဖန်သော အရသာရှိ၍ အားခွန်ဗလကို ဖြစ်စေတတ်သည်"ဟု ဆို၏။ သီဟိုဠ်ကျွန်း ပညာရှင်တချို့ကမူ "ဗမာပြည်ရှိ သနပ်ခါးများသည်လည်း စန္ဒကူးမျိုးတွင် ပါသည်"ဟု ဆိုကြသည်။]

(၃၀၂) ကာဠာနုသာရိ ကာဠိယံ၊ လောဟံ တုင်္ဂရ စာဂရုံ။
ကာဠာဂရု တု ကာဠေယျံ၊ တုရုက္ခော ဟု ပိဏ္ဍကော။

(၃၀၂) ကာဠာနုသာရီ၊ ကာဠိယံ၊ စန္ဒကူးနက်။ ဝါ၊ ကရမက်။ စန္ဒကူးနက်, ကရမက်ပရိယာယ် ၂-ပုဒ်။ ဝ၊ ထိုမှတပါး။ လောဟံ၊ အဂရု၊ အဂရု၊ အကျော်။ အကျော်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကာဠာဂရု၊ ကာဠာဂရု-သဒ္ဒါသည်။ ကာဠေယျ၊ နက်သော။ အသိ၊ ထိုအကျော်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ တုရုက္ခော၊ ပိဏ္ဍကော၊ ကမျည်း။ ဝါ၊ လောဗန်း။ ကမျည်း, လောဗန်းပရိယာယ် ၂-ပုဒ်။

[ကာဠာနုသာရိယ-လည်း စန္ဒကူးနက် ကရမက်ဟော ပရိယာယ်တည်း။ ကာဠာနုသာရီ, ကာဠာနုသာရိယ-တို့သည် အမြစ်နံ့သာတို့တည်း။ သေယျထာပိ ဘိက္ခဝေ ယေကေစိ မူလဂန္ဓာ၊ ကာဠာနုသာရိယံ တေသံ အဂ္ဂမက္ခာယတိ။ အံ၊ ၃။ ၂၇၄။ ကာဠာဂရု-လည်း အကျော်နက်ဟော ပရိယာယ် ဖြစ်သည်။ ကာဠာဂရုဋ္ဌာတိ ကာဠဝဏ္ဏအဂရုံ စ၊ ယော မရမ္မဘာသာယ "အကျော်နက်"တိ ဝုစ္စတိ။ အဂရုတိပိ တဿေဝ နာမံ။ ဇာ၊ဋီ၊သစ်၊ပေ။]

(၃၀၃) ကတ္ထူရိကာ မိဂမဒေါ၊ ကုင္ခံ တု အဇပါလကံ။
လဝင်္ဂံ ဒေဝကုသုမံ၊ ကင္ကိရဇံ တု ကုင်္ကုမံ။

(၃၀၃) ကတ္ထူရိကာ၊ မိဂမဒေါ၊ ကတိုးကောင်။ ကတိုးကောင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကုင္ခံ၊ အဇပါလကံ၊ ပန်းဥ။ ပန်းဥ ပရိယာယ် ၂-ပုဒ်။ လဝင်္ဂံ၊ ဒေဝကုသုမံ၊ လေးညှင်း။ လေးညှင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကင္ကိရဇံ၊ ကုင်္ကုမံ၊ ကုံကမံ။ ဝါ၊ မာလာကျိုကျူ။ ကုံကမံ့ မာလာကျိုကျူ ပရိယာယ် ၂-ပုဒ်။

[ကတိုးကောင်ကိုသတ်၍ ချက်, ဝေးစေ့၌ ပါသော အဆီကို နံ့သာအဖြစ် အသုံးပြုကြသည်။ သို့ဖြစ်၍ မိဂမရတွင် ရ-မှ ဒ-သို့ ပြောင်း၍ မိဂမဒဖြစ်သည်-ဟု မိန့်ဆိုကြ၏။ အမရ။ ၁၆။ ၁၂၉-၌ "မိဂနာဘိ, မိဂမဒေါ, ကတ္ထူရီ"ဟု ဆိုသည်။ စိန္တာမဏိ၊ ခန်-၌ ကတ္ထူရိကာ၊ ကတ္ထူရိကာ၊ ကတ္ထူရီ၊ မိဂမဒ ၄-ပုဒ်လာရှိ၏။ ပုက္ကလော-လည်း ကတိုးကောင်ဟော ပရိယာယ်တည်း။ ကတ္ထူရီ၊ မလ္လိကာ-လည်း ကသိုးနံ့ အထုံအနေဖြင့် လာသေး၏။

သိဒ္ဓန္တကောမုဒီ-စသည်၌—

စမ္မနိ ဒီပိနံ ဟန္တိ၊ ဒန္တေသု ဟန္တိ ကုဉ္ဇရံ။
ကေသေသု စမရိံ ဟန္တိ၊ သိမနိ ပုက္ခလော ဟတော—

ဟု လာရှိသောဝယ် သိမနိ၊ ဝေးစေ့ကြောင့်။ ပုက္ခလော၊ ကတိုးကောင်ကို။ ဟတော၊ သတ်အပ်၏။ ဝေးစေ့ကို နံ့သာအဖြစ် အသုံးပြုလို၍ ကတိုးကို သတ်ရကြောင်း သိသာ၏။ ယင်းကတိုးကောင်သည် ဟိမဝန္တာ တောင်ကုန်းမြင့် သစ်တောကြီးများတွင် ရှိသော ဒရယ်တမျိုးဖြစ်သည်။ တကောင်တည်း အနေများသည်။ ရံခါ ဖိုမတွဲ၍ နေတတ်သည်။ ကတိုးအထီး၏ဝေးစေ့ (ဂလင်းအိတ်) မှာ သံပုရာသီးခန့်ရှိ၍ ကတိုးဆီ တအောင်စခန့် ပါရှိသည်။

အဂ္ဂိသိခံ, ဝရံ, ဝလ္လိကံ, ပီတနံ, ရတ္တသင်္ကောစံ, ပိသုနံ, ဓီရံ, လောဟိတစန္ဒနံ-တို့သည်း ကုံကမံဟော ပရိယာယ်တို့တည်း။]

(၃၀၄) ယက္ခမူပေါ် သဇ္ဇုလသော၊ တက္ကောလံ တုစ ကောလကံ။
ကောသဖလ မထော ဇာတိ-ကောသံ ဇာတိဖလံ ဘဝေ။

(၃၀၃) ယက္ခဒူပေါ၊ သဇ္ဇုလဒသာ၊ ပွဲလျက်။ ပွဲလျက်ပရိယာယ် ၂-ပုဒ်။ တုး ထိုမှတပါး။ တက္ကောလံ၊ ကောလကံ၊ ကောသဖလံ၊ ကရဝေး။ ကရဝေး ပရိယာယ် ၃-ပုဒ်။ အထော၊ ထိုမှတပါး။ ဇာတိကောသံ၊ ဇာတိ ဖလံ၊ ဇာတိပ္ဖိုလ်။ တုလျှံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဇာတိပ္ဖိုလ် ပရိယာယ် ၂-ပုဒ်။

[ပွဲလျက်ကို ခင်တွဲ, ကသွင်-ဟု ခေါ်သည်။ ပွဲရက်ဟူ၍ရင်း ပွဲညက်ဟူ၍ရင်း ခေါ်ကြသေးသည်။ ကရဝေးရွက် ကရဝေးသီး များ သွေး, လေ, သလိပ်, ချောင်းဆိုး ကူးပျံ့နာ, ဝမ်းကျခြင်း တို့ကို ပယ်ဖျောက်နိုင်၏-ဟု တိုရ ဆေးကျမ်း စသည်၌ ဆို၏။ ဇာတိပ္ဖိုလ် လေနာရောဂါ,အဖျားရောဂါ,သလိပ်ရော ဂါများကို ပျောက်ကင်းစေနိုင်၏။ ဇာတိပ္ဖိုလ်ပင်းသည် ဝမ်းပျက် လေပျက်, အမှုးအမှဲကို ပယ်နိုင်၏-ဟု ဆေးကျမ်းတို့၌ ဆို၏။]

(၃၀၅) ဃနသာရော သိတဗ္ဘော စ၊ ကပ္ပူရံ ပုန္နပုံသကာ။
အလတ္တကော ယာဝကော စ၊ လာခါ ဇတု နပုံသကော။

(၃၀၅) ဃနသာရော၊ သိတဗ္ဘော၊ ကပ္ပူရံ၊ ပရုပ်။ အသံ၊ ဤကပ္ပူရ- သဒ္ဒါသည်။ ပုန္နပုံသကော၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တ သည်၊ ဖြစ်၏။ ပရုပ်ပရိယာယ် ၃-ပုဒ်။ အလတ္တကော၊ ယာဝကော၊ လာခါ၊ ဇတု၊ ချိပ်။ ဒဇယံ ဤဇတု- သဒ္ဒါသည်။ နပုံသကော၊ နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ချိပ်ပရိယာယ် ၄-ပုဒ်။

[ပရုပ်သည် ဖုန်းမသိမ်ရွက်ကို မီးပေါ်တင်ချက်၍ ရရှိသော ပရုပ်အမျိုး၊ ဖုန်းမသိမ်မြစ်, အရွက်တို့ ဖုတ်၍ရရှိသော ပြာကို ချက်၍ရသော ပရုပ်လည်း ဟုမျိုးဟု ၂-မျိုးရှိကြောင်း ဆေး အဘိဓာန်များ၌ ဆို၏။ ဦးရော, စန္ဒသညာ, ဟိမပါလုကော, ဟိမာဂုဏယော-တို့လည်း ပရုပ်ကိုယ်ထက် ဆိုကြသည်။ အလတ္တက-ကို "အဘာဝသော ဘုံ ကဒရတိတိ အလတ္တကော"ဟု ရွှေမာဒ္ဒ၌ပြိုဟ် ပြု၏။ အလတ္တကကာတာ ပါဒါ မုခံ ဖုဋ္ဌကမ္ဘာကြိဘာ။ မ၊ ။ ၂၅၃။၂

(၁၀၆) သိရိဝါသော တု သရလ-ဒ္ဒဝေါဠုန် တု ကဇ္ဇလံ။
ဝါသစုဏ္ဏံ ဝါသယောဂေါ၊ ဝဏ္ဏကံ တု ဝိလေပနံ။

(၁၀၆) တု၊ ထိုမှတပါး။ သိရိဝါသော၊ သရလဒ္ဒဝေါ၊ ထင်းရှူးဆီ။ ထင်းရှူးဆီ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဉ္ဇနံ၊ ကဇ္ဇလံ၊ မျက်စဉ်း။ မျက်စဉ်း ပရိယာယ် ၂-ပုဒ်။ ဝါသစုဏ္ဏံ၊ ဝါသယောဂေါ၊ နံ့သာမှုန့်။ နံ့သာမှုန့် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝဏ္ဏကံ၊ နံ့သာပျောင်း၊ ဝိလေပနံ၊ နံ့သာပျောင်း။ နံ့သာပျောင်း ပရိယာယ် ၂-ပုဒ်။

[ရသောဒက, သရလနိယျာသ-တို့လည်း ထင်းရှူးဆီ, ထင်းရှူးစေး တို့ကို ဟောသည်။ အလှပြုပြင်ရန် အဆောက်အဦ ပစ္စည်းဝတ္ထုတို့တည်း။ ရသောဒကေနာတိ သရလနိယျာသရသမိဿေန ဥဒကေန။ မဋ္ဌီ၊၃။၁၄၃။ ဝဏ္ဏက, ဩဘာသနကစုဏ္ဏ-တို့လည်း နံ့သာပျောင်းဟော ပရိယာယ် တို့တည်း။ စုဏ္ဏကမက္ခိတန္တိ.... ဩဘာသနကစုဏ္ဏေဟိ မက္ခိတံ။ မဋ္ဌီ၊၃။၁၄၃။]

(၁၀၇) ဂန္ဓမာလျာဒိသိဒ္ဓါရော၊ ယော တံ ဝါသန မုစ္စတေ။
မာလာ မာလျံ ပုပ္ဖဒါမေ၊ ဘာဝိတံ ဝါသိတံ တိသု။

(၁၀၇) ဂန္ဓမာလျာဒိသိဒ္ဓါရော၊ ပန်းနံ့သာ အစရှိသည်တို့ဖြင့် စီရင်အပ်သော။ ယော ဂန္ဓော၊ အကြင်အနံ့သည်၊ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအနံ့ကို။ ဝါသနံ၊ ဝါသန ဟူ၍။ ဝါ၊ ထုံခြင်းဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ မာလာ မာလျံ၊ မာလာ-သဒ္ဒါ မာလျ-သဒ္ဒါသည်။ ပုပ္ဖဒါမေ၊ ပန်းကုံး၌။ ဝတ္တတိ၊ ဖြစ်၏။ ဘာဝိတံ၊ ထုံအပ်သော အရာဝတ္ထု။ ဝါ၊ အထုံ။ ဝါသိတံ၊ ထုံအပ်သောအရာဝတ္ထု။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ထုံအပ်သော အရာဝတ္ထု ပရိယာယ် ၂-ပုဒ်။

[ဘာဝိတ, ဝါသိတ-တို့ ၃-လိင်ဆံပုံကား ဘာဝိတော ပဋော၊ ဘာဝိတာ စေလီ၊ ဘာဝိတံ ဝတ္ထံ။ ဝါသိတော ပဋော၊ ဝါသိတာ စေလီ၊ ဝါသိတံ ဝတ္ထံ တည်း။]

(၃၀၇) ဥတ္တံသော သေခရာ ဝေဠ္ဌာ၊ မုဒ္ဒမာလျေ ဝဋံသကော။
ဧလယျာ စ သယန် သေန်၊ ပလ္လင်္ကော တု စ မဥ္စကော။

(၃၀၇) ဥတ္တံသော၊ သေခရော၊ အာဝေဠော၊ မုဒ္ဒမာလျေ၊ ဦးဆောက်ပန်း။ ဝါ၊ ဦးစိုက်ပန်း။ (ဝိဘတ်ကို ပဓာန မပြုပဲ ပေးသည်။ (မုဒ္ဒမာလျ-ပုဒ်ရင်း။) ဝဋံသကော၊ ဦးဆောက်ပန်း။ ဝါ၊ ဦးစိုက်ပန်း၊ ဦးဆောက်ပန်း, ဦးစိုက်ပန်း ပရိယာယ် ၅-ပုဒ်။ သေယျာ၊ သယနံ၊ သေနံ၊ အိပ်ရာ။ အိပ်ရာ ပရိယာယ် ၃-ပုဒ်။ တု၊ ယိုမှတပါး။ ပလ္လင်္ကော၊ မဉ္စကော၊ ညောင်စောင်း။ ဝါ၊ ခင်။ ညောင်စောင်း, ခင်ပရိယာယ် ၂-ပုဒ်။

[ဓမ္မရတနာ-စသည်ဖြင့်ပြီးသော ဦးခေါင်း၌ စိုက်အပ်သော ဦးခေါင်းအ ဆင် ပန်းဆာသည် ဦးဆောက်ပန်း, ဦးစိုက်ပန်းမည်၏၊ သဠလံ ပုပ္ဖိတံ ဒိသွာ၊ ဂန္ဓိတွာန ဝဋံသကံ။ အပ၊၁။၁၉၂။ ထင်းရှူးပန်း-စသည့် ပန်းတမျိုးမျိုးကိုဖြစ်စေ၊ ပန်းမျိုးစုံကိုဖြစ်စေ၊ ထိုးသိဖွဲ့ယှက်၍ ဦးအပ်ဆော ဦးခေါင်းစိုက်ပန်းသည်လည်း ဦးဆောက်ပန်း, ဦးစိုက်ပန်း မည်၏။ သော တံ ဝဋံသကံ သုရတိ၊ ဝဏ္ဏဝန္တံ မနောရမံ-(နေတ္တိ။ ၁၁၇။) ကို ထောက်၍ အနံ့သင်း အဆင်းလှသည့် ပန်းတမျိုး ပန်းအထုးသည်လည်း ဦးဆောက်ပန်း, ဦးစိုက်ပန်း ဟူ၍လည်း ယူနိုင်၏။ နား၏အထက် ဦးထိပ်ဦးခေါင်း၌ ပန်ဆင်သည့် ဦးခေါင်းပန်းဆာ-ဟူ၍လည်း ဆိုကြသေးသည်။ ညောင်စောင်းပရိယာယ် ဤ၌ ၂-ပုဒ်လာ၏။ ထန်းလျှော်နှီး-အစ ရှိသည်တို့ဖြင့် ရက်လုပ်အပ်သော ညောင်စောင်းအညံ့စား "ခဋ္ဋော-ပီကာ, ဝိလိဝမဉ္စက"-တို့ကိုလည်း ညောင်စောင်းပရိယာယ်တွင် ယှဉ်သွင်း၍ ယူရာ၏။ ခဋ္ဋောပီကာတိ ဝိလီဝမဉ္စကော။ မငျှ၊ ၃။ ၁၁၇၊ ဂုဏ်ပြင် ခဋ္ဋ-လည်း ညောင်စောင်းဟောပရိယာယ်ဖြစ်၏။ ယင်း ခဋ္ဋ-ကို ထောက်၍ 'ခင်'-ဟု ရေးသည်။ ခဋ္ဋာပျံတြာ၊ ခဋ္ဋတေ အာကာခံသော သယနတ္ထံကေပါတိ ခဋ္ဋာ၊ ခဋ္ဋ အာကာခါယံ။ ဋီကာ။]

(၃၀၈) မဉ္စာဓာရော ပဋိပါဒေါ၊ မဉ္စင်္ဂေ တွဋနိ'ထ္ထိယံ။

(၃၀၈) မဉ္စာဓာရော၊ ပဋိပါဒေါ၊ ညောင်စောင်းအခြေခံ။ ညောင် စောင်းအခြေခံ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဋနိ၊ အဋနီ-သဒ္ဒါ

သည်။ မဋ္ဋဂေ်၊ ညောင်စောင်းပေါင်၌။ ဝါ၊ ခြင်ပေါင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌၊ ဝတ္တတိ၊ ဖြစ်၏။

[တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဥစ္စေ မဉ္စပဋိပါဒကေ ခာရေန္တိ၊ သဟ မဉ္စပဋိပါဒကေဟိ ပဝေဓေန္တိ၊ န ဘိက္ခဝေ ဥစ္စာ မဉ္စပဋိပါဒကာ ခာရေတဗ္ဗာ။ အနုဇာနာမိ ဘိက္ခဝေ အဋ္ဌင်္ဂုလပရမံ မဉ္စပဋိပါဒကံ။ ဝိ၊၄။၂၉၅ ကို ထောက်၍ "ညောင်စောင်း အခြေခံ၊ ညောင်စောင်းခုံ" ဟု သိသာ၏။]

(၃၁၀) ကုဠီရပါဒေါ အာဟစ္စ-ပါဒေါ ဧဝ မသာရကော။
စတ္တာရော ဗုန္ဒိကာဗဒ္ဓေါ၊ တီမေ မဉ္စန္တရာ သိယုံ။

(၃၁၀) ကုဠီရပါဒေါ၊ ပုဇွန်ခြေနှင့် တူသော အခြေရှိသော ညောင်စောင်းငင်း။ အာဟစ္စပါဒေါ စေဝ၊ အပေါင်၌ အခြေစွပ်အပ်သော ညောင်စောင်း ငင်း။ မသာရကော၊ အခြေ၌ အပေါင်စွပ်အပ်သော ညောင်စောင်းငင်း။ ဗုန္ဒိကာဗဒ္ဓေါ၊ အခြေနှင့် တစပ်တည်း အပေါင်ရှိသော ညောင်စောင်းငင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်ပြခြားဖြင့်။ ဣမေ စတ္တာရော၊ ဤလေးမျိုးတို့သည်။ မဉ္စန္တရာ၊ ညောင်စောင်းအထူးတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ညောင်စောင်း ၄-မျိုး သရုပ်နှင့် အဓိပ္ပါယ်များ ပါစိတ္တိယ ပါဠိနှင့် ယင်းအဋ္ဌကထာတို့၌လာရာ တိုက်ဆိုင်ကြည့်ရှုရန် အောက် ပါအတိုင်း ဖော်ပြအပ်သည်။

မဉ္စော နာမ စတ္တာရော မဉ္စာ မသာရကော ဗုန္ဒိကာဗဒ္ဓေါ ကုဠီရပါဒကော အာဟစ္စပါဒကော။ ဝိ၊၂။၅၀။ မသာရကောတိ မဉ္စပါဒေ ဝိဇ္ဈိတွာ တတ္ထ အဋနိယော ပဝေသေတွာ ကတော။ ဗုန္ဒိကာဗဒ္ဓေါတိ အဋနီဟိ မဉ္စပါဒေ ဍံသာပေတွာ ပလ္လင်္ကသင်္ခေပေန ကတော။ ကုဠီရပါဒကောတိ အဿမေဏ္ဍကာဒီနံ ပါဒသဒိသေဟိ ပါဒေဟိ ကတော။ ယော ဝါ ပန ကောစိ ဝင်္ကပါဒကော၊ အယံ ဝုစ္စတိ ကုဠီရပါဒကော။ အာဟစ္စပါဒကောတိ အယံ ပန အာဟစ္စ-ပါဒကော နာမ မဉ္စော အင်္ဂေ ဝိဇ္ဈိတွာ ကတော ဟောတီတိ ဧဝံ ပရတော ပါဠိယံ ယေဝ ဝုတ္တော၊ တသ္မာ အဋနိယော ဝိဇ္ဈိတွာ

တတ္ထ ပါဒသိခံ ပဝေသေတွာ ဥပရိ အာကုံ ဒတွာ ကတမဋ္ဌော "အာဟစ္စပါဒကော"တိ ဝေဒိတဗ္ဗော။ ဝိ၊ဋ္ဌ၊၃။၃၉။ ]

(၃၁၁) ဗိဗ္ဗောဟနံ စော ၁မာနံ၊ ပီဠိကာ ပိဠ မာသနံ။
ကောစ္ဆံ တု ဘဒ္ဒပီဌေ ထာ – သန္ဒိ ပိဋ္ဌန္တရေ မတာ။

(၃၁၁) ဗိမ္ဗောဟနံ၊ ဥပဓာနံ၊ ခေါင်းအုံး။ ခေါင်းအုံးပရိယာယ် ၂-ပုဒ်။ ပီဠိကာ၊ ပီဌ၊ အာသနံ၊ အင်းပျဉ်။ အင်းပျဉ်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကောစ္ဆံ၊ ကောစ္ဆ-သဒ္ဒါသည်။ ဘဒ္ဒပီဌေ ကောင်းမြတ်သော အင်းပျဉ်၌။ ဝတ္တတိ၊ ဖြစ်၏။ အသ၊ ထိုမှတပါး၊ အာသန္ဒီ၊ အာသန္ဒီ-သဒ္ဒါကို။ ပီဌန္တရေ၊ ပမာဏထက် ပိုလွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်၌။ မတာ၊ သိအပ်၏။

[သိသူပဓာန-သည်လည်း ခေါင်းအုံးဟော ပရိယာယ် ဖြစ်၏။ သိသူပဓာနန္တိ သီသံ ဥပဒဟန္တိ ဌပေန္တိ ဧတ္ထာတိ သိသူပဓာနံ။ ပါဠိတော် ယော၊၄၇၀။ ကင်း ပါဠိတော်၊ ယော၊၄၇၀-၌ပင် "ဗိမ္ဗောဟနာနီတိ ဝိသေသေန, ဂိဓသံ ဝါ သုခံ ဝဟန္တီတိ ဗိမ္ဗောဟနာနိ"ဟု ဖွင့်ပြလာရှိ၏။ ယခုကာလ ခေတ်စားသည့် ကုလားထိုင်, ထိုင်ခုံများသည်လည်း ပီဌပင် မည်၏။ ကောစ္ဆ-ကို ကပ်ကျစ် ဟူ၍ရင်း၊ ကပ်အခင်း ဟူ၍ရင်း ပြန်ဆိုကြ၏။ ကခ်ါ၊၂၀၁-၌ ကောစ္ဆံ ပန ဝါကဥသိရမုဉ္စပဗ္ဗဇာဒီနံ အညတရမယံ အန္တော သံဝေလ္လိတွာ ဗဒ္ဓံ ဟောဋ္ဌာ စ ဥပရိ စ ဝိတ္ထတံ ပဏဝသဏ္ဌာနံ မဇ္ဈေ သီဟာဒမ္ဘာဒိပဒိကဇွိတ္တံ ဟောတိ"ဟူ၍ ကောစ္ဆနှင့် စပ်၍ လာရှိ၏။]

(၃၁၂) မဟာဒ္ဓော ကောဇဝေါ ဒီဃ-လောမကော ဂေါနကော မတော။
ဥဏ္ဏာမယံ တူဋ္ဌရဏံ၊ ဗိတ္တကံ ဝါနစိတ္တကံ။

(၃၁၂) မဟာဒ္ဓော၊ ကြီးသော ဝါ၊ အလျားအနံ ရှည်ကျယ်သော။ ဒီဃလောမကော၊ လက်လေးသစ်ထက် ရှည်သော အမွေးရှိသော။ ကောဇဝေါ၊ ကော်ဇောကို။ ဝါ၊ ကော်ဇောနက်ကို။ ဂေါနကော၊ ဂေါနကမည်၏ ဟူ၍။ မတော၊ သိအပ်၏။ တု၊ ထိုမှတပါး ဝါနစိတ္တကံ ချုပ်အပ် ရက်အပ်သော အရုပ်မျိုးစုံတို့ဖြင့် ဆန်းကြယ်သော၊ ဥဏ္ဏာမယံ၊ သားမွေးဖြင့်

ရက်အပ်သော။ ဝါ၊ သားမွေးဖြင့် ပြီးသော။ အတ္ထရဏံ၊ အခင်းသည်။ စိတ္တကံ၊ စိတ္တက မည်၏။

[အမွေးရှည်သော ဖိမ်ခံကော်ဇောကြီး၊ သို့မဟုတ် ကော်ဇော နက်ကြီးကို ဂေါနက-ဟု ခေါ်သည်ဟု ဆိုလေ၊ ဂေါနကောတိ ဒီဃလောမကော မဟာကောဇဝေါ၊ စတုရင်္ဂုလာဓိကာနိ ကိရ တဿ လောမာနိ။ ဝိ၊ဋ္ဌ၊၃။၃၃၉။ ဝိ၊သင်္ဂ၊၁၅၂။ ဒီ၊ဋ္ဌ၊၁။၁၃။ ဒီဃလောမကော မဟာကောဇဝေါတိ စတုရင်္ဂုလာဓိကလောမော ကာဠကောဇဝေါ။ သာရတ္ထ၊၃။၂၉၄။]

(၁၁၃) ဃနပုပ္ဖံ ပဋလိကာ၊ သေတံ တု ပဋိကာ ပျထ။
ဒွိဒသေကဒသာနျုဒ္ဒ–လောမိ ကေန္တလောမိနော။

(၁၁၃) ဃနပုပ္ဖံ၊ ပိတ်သဲများပြား ပန်းပြောက် ခြယ်ထားသော သားမွေးအခင်းသည်။ ဝါ၊ ပိတ်သဲများပြား ပန်းပြောက်ခြယ်ထားသော သားမွေးအခင်းနီသည်။ ပဋလိကာ၊ ပဋလိကာ မည်၏။ တု၊ ထိုမှတပါး။ သေတံ၊ ပန်းပြောက်မခြယ် အဖြူထယ်သက်သက် သားမွေးအခင်းသည်။ ပဋိကာ၊ ပဋိကာ မည်၏။ အထ၊ ထိုမှတပါး။ ဒွိဒသေကဒသာနိ၊ နှစ်ဖက်မွေး တဖက်မွေးရှိသော အခင်းတို့သည်။ ဥဒ္ဒလောမိ ကေန္တလောမိနော၊ ဥဒ္ဒလောမီ, ကေန္တလောမီတို့ မည်ကုန်၏။

[တခဲနက် ထူထပ်စွာ ပန်းပြောက်ခြယ်ထားသော အခင်း။ ဝါ၊ ထူထပ်စွာ ပန်းရိုက်ထားသော အခင်းသည် ပဋလိကာမည်၏ ဟူလို၊ ပဋလိကတ္ထတာနီတိ ဃနပုပ္ဖေန ဥဏ္ဏာမယအတ္ထရဏေန အတ္ထတာနိ။ သံ၊ဋ္ဌ၊၂။၂၉၇။ ပဋလိကာတိ ဃနပုပ္ဖကော ဥဏ္ဏာ-မယလောဟိတတ္ထရဏော။ ဝိ၊ဋ္ဌ၊၃။၃၃၉။ ဃနပုပ္ဖကောတိ ဃနံ ကထိနံ ပုပ္ဖမေတ္ထာတိ ဃနပုပ္ဖကော။ ပါစိတ်၊ယော။၃၃၉။ ဥဒ္ဒ-လောမီတိ ကေဒတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။ ဥဒ္ဒလော-မီတိ ပါဠော။ ကေန္တလောမီတိ ဧကတော ဥဂ္ဂတလောမံ ဥဏ္ဏာ-မယတ္ထရဏံ။ ဝိ၊ဋ္ဌ၊၃။၃၃၉။]

(၃၁၄) တာဒေဝ သောဋ္ဌသိတ္ထိနံ၊ နစ္စႋယောဂ္ဂံ ဟိ ကုတ္တကံ။
သီဟာဗျဂ္ဃါဒိရူပေဟိ၊ စိတ္တံ ဝိကတိကာ ဘဝေ။

(၃၁၄) တာဒေဝ၊ ထိုအခင်းနှစ်မျိုးသည်ပင်လျှင်။ သောဋ္ဌသိတ္ထိနံ၊ ဟကြိုပ်ခြောက်ယောက်သော ကခြေသည်မတို့၏။ ဝါ၊ ကခြေသည်မိန်းမ တဆယ့်ခြောက်ယောက်တို့၏။ ဝါ၊ ဇာတ်သမ တဆယ့်ခြောက်ယောက်တို့၏။ နစ္စယောဂ္ဂံ၊ က-လောက်ပါမူ။ ကုတ္တကံ၊ ကုတ္တကမည်၏။ သီဟာ-ဗျဂ္ဃါဒိရူပေဟိ၊ ခြင်္သေ့ရုပ်, ကျားရုပ်-အစရှိသော အရုပ်တို့ဖြင့်။ စိတ္တံ၊ ဆန်းကြယ်သော အခင်းသည်။ ဝိကတိကာ၊ ဝိကတိကာ မည်၏။

[အံ၊၁။၁၈၂-၌ မုဒ္ဒိက-၌ သံယုတ်နှင့် ကုဋ္ဋက-ရှိ၏။ ကဋ္ဋိဿံ ကောသေယျံ ကုတ္တကံ၊ ဒီ၊၁။၂၈၁။ ကုတ္တကန္တိ သောဋ္ဌသန္နံ နာဋကိတ္ထီနံ ဌတွာ နစ္စနယောဂ္ဂံ ဥဏ္ဏာမယအတ္ထရဏံ။ ဝိ၊ဋ္ဌ၊၃။ ၃၆၉။ ၆၊သင်္ဂဟ။၄၅၂။ ဝိကတိကာတိ သီဟဗျဂ္ဃါဒိရူပဝိစိတြော ဥဏ္ဏာမယတ္ထရဏော။ ဝိ၊ဋ္ဌ၊၃၊၃၆၉။]

(၃၁၅) ကဋ္ဋိဿံ ကောသေယျံ ရတန-ပရိသိဗ္ဗိတာ မတ္ထရဏံ ကမာ။
ကောသိ ပကဋ္ဋိဿမယံ ကောသိယသုတ္တေန ပကတံ စ။

(၃၁၅) ရတနပရိသိဗ္ဗိတံ၊ ရတနာတို့ဖြင့် ချုပ်အပ်သော။ ဝါ၊ ရွှေချည်, ငွေချည်-အစရှိသော ရတနာတို့ဖြင့် ချုပ်အပ် စီခြယ်အပ်သော။ ကောသိယ-ကဋ္ဋိဿမယံ၊ ပိုးချည်ကြမ်းဖြင့် ပြီးသော။ ဝါ၊ ပိုးချည်အတွင်း ငွေချည် သွင်းဖောက်၍ ရက်ခြင်းဖြင့်ပြီးသော။ ဝါ၊ ပိုးချည်, ကဋ္ဋိဿ အမည်ရှိသော လျှော်ချည်ဖြင့်ပြီးသော။ အတ္ထရဏံ၊ အပေါ်လွှမ်း အခင်းသည်ရင်း။ ရတန-ပရိသိဗ္ဗိတံ၊ ရတနာတို့ဖြင့် ချုပ်အပ်သော။ ဝါ၊ ရွှေချည်,ငွေချည်-အစရှိသော ရတနာတို့ဖြင့် ချုပ်အပ် စီခြယ်အပ်သော။ ကောသိယသုတ္တေန၊ ပိုးချည်ဖြင့်။ ပကတံ၊ ရက်အပ်သော။ အတ္ထရဏဉ္စ၊ အခင်းသည်ရင်း။ ကမာ၊ အစဉ်အတိုင်း။ ကဋ္ဋိဿံ၊ ကဋ္ဋိဿမည်၏။ ကောသေယျံ၊ ကော-သေယျ မည်၏။

[ရတနာတို့ဖြင့် ချုပ်အပ်သော ပိုးချည်များအကြား ရွှေချည် များသွင်း၍ ရက်အပ်သော အခင်းသည် ကဋ္ဋိဿမည်၏။ ကဋ္ဋိဿန္တိ ရတနပရိသိဗ္ဗိတံ ကောသေယျကဋ္ဋိဿမယံ ပစ္စတ္ထရဏံ။ ဝိ၊ဋ္ဌ၊၃။

၃၆၉။ ဒီ၊ဋ္ဌ၊၁။၇၃။ ရတနာများဖြင့် ချုပ်၍ ပိုးချည်ဖြင့် ပြီးသော အခင်းသည် ကောသေယျ မည်၏။ ပိုးချည်လည်း ကောသေယျ မည်၏။ ကောသေယျန္တိ ရတနပရိသိဗ္ဗိတံ ကော-သိယသုတ္တမယံ ပစ္စတ္ထရဏံ။ ဝိ၊ ဋ္ဌ၊၂။၃၆၉။ ကိမိနံ ကောသေ ဘဝံ သုတ္တံ ကောသေယျံ။ နီတိ၊ သုတ္တ။ ၉၀။ ရိုးရိုး အခင်းကား စေလပဋ္ဋိက, စေလသန္ထရ-ဟု လာရှိ၏။ စေလပဋ္ဋိကန္တိ စေလသန္ထရံ။ ဝိ၊ဋ္ဌ၊၄။၅၄။ မ၊ဋ္ဌီ၊၃။၁၂၂။]

(၃၁၆) ဒီပေါ ပဒီပေါ ပဇ္ဇောတော၊ ပုမေ တ္ဝာ’ ဒါသဒပ္ပဏာ။
ဂေဏ္ဍုကော ကန္ဒုကော တာလ-ဝဏ္ဋံ တု ဗီဇနီ’တ္ထိယံ။

(၃၁၆) ဒီပေါ၊ ပဒီပေါ၊ ပဇ္ဇောတော၊ ဆီမီး။ ဆီမီး ၃ရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ အာဒါသော၊ ဒပ္ပဏော၊ မှန်။ ဝါ၊ ကြေးမုံ။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၍။ မှန်,ကြေးမုံ ပရိယာယ် ၂-ပုဒ်။ ဂေဏ္ဍုကော၊ ကန္ဒုကော၊ ဘောလုံး။ ဘောလုံး ပရိယာယ် ၂-ပုဒ်။ တာလဝဏ္ဋံ၊ ဗီဇနီ၊ ယပ်တောင်၊ အယံ၊ ဤ ဗီဇနီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ယပ်တောင် ပရိယာယ် ၂-ပုဒ်။

[ပုလ္လိင်နှင့် အာဒါသော-ဟု ပြင်၍ ယောဇနာသည်။ အာဒါသ-ကို “အာဒိဿတေ အသ္မိန္တိ အာဒါသော”ဟု ဋီကာ၌ ဝိဂ္ဂိုဟ်ပြု၏။ ဒီ၊ဋီ၊၂။၁၄၂-၌ကား “အာဒီယတိ အာလောကီယတိ အတ္တာ ဧတေနာတိ အာဒါသံ”ဟု ဝိဂ္ဂိုဟ်ပြု၍ ဖွင့်၏။ ဧဋ္ဌဂ္ဂိယာ ဘိက္ခူ အာဒါသေပိ ဥဒကပတ္တေပိ မုခနိမိတ္တံ ဩလောကေန္တိ။ ဝိ၊၄။၂၄၂။ ဒပ္ပဏ-ကို ထောမဋ္ဌ “ရူပပဋိဗိမ္ဗဒဿနာဓာရေ, အာဒသေ, ပဗ္ဗတဘေဒေ, နေတ္တေ”ဟု ဖွင့်၏။ ဒိပ္ပတိ ဧတ္ထာတိ ဒပ္ပဏော-ဟု ဋီကာ ဝိဂ္ဂိုဟ်ပြု၏။

ယဿ နတ္ထိ သယံ ပညာ၊ သတ္ထံ တဿ ကရောတိ ကိံ။
လောစနေဟိ ဝိဟီနဿ၊ ဒပ္ပဏော ကိံ ကရိဿတိ။

စာဏကျနီတိ။ ၁၀၉။

ဂေဏ္ဍုက, ကန္ဒုက-တို့ကား အဝတ်, ချည်, သားရေဖြင့် ပြုထားသည့် ကစားစရာ အလုံး၊ ဂျင်လုံး၊ ဘောလုံးတည်း။ ယခုခေတ် ပလပ်စတစ် ဘောလုံးများလည်း ဂေဏ္ဍုက, ကန္ဒုက ပင် ဖြစ်၏။]

(၃၁၇) စင်္ကောဋ္ဌကော ကရဏ္ဍော စ၊ သမုဂ္ဂေါ သမ္ပုဋော ဘဝေ။
ဂါမဓမ္မော အသဒ္ဓမ္မော၊ ဗျဝါယော မေထုနံ ရတိ။

(၃၁၇) စင်္ကောဋ္ဌကော၊ ကရဏ္ဍော၊သမုဂ္ဂေါ၊ သမ္ပုဋော၊ ပန်းတောင်း။ ဝါ၊ ပန်းကပ်။ ဝါ၊ ကလပ်။ ဝါ၊ ကြုတ်။ (သေတ္တာငယ်ကလေး ဟုလည်း ပြန်ကြသေး၏။ သီဟိုဠ်အခေါ် ကရဏ္ဍုဝ-တည်း။) ပန်းတောင်း,ပန်းကပ်, ကလပ်,ကြုတ် ပရိယာယ် ၄-ပုဒ်။ ဂါမဓမ္မော၊ အသဒ္ဓမ္မော၊ ဗျဝါယော၊ မေထုနံ၊ ရတိ၊ မေထုန်။ မေထုန်ပရိယာယ် ၅-ပုဒ်။

[စင်္ဂေါဋ္ဌက-ဟူ၍လည်း ဂ-ငယ်နှင့် အချို့ သီဟိုဠ်မူများ၌ ရှိတတ်၏။ စင်္ကောဋ္ဌကေ ဌပေတွာနာတိ ဥတ္တမံ အနေ့ာဇပုပ္ဖံ ကရဏ္ဍကေ ပူရေတွာ။ အပ၊ဋ္ဌ၊၂။၉၇-ကို ထောက်သော် ပန်းတောင်း, ပန်းကပ်, ကြုတ်-ဟူသော အနက်သည် ကောင်းမွန် ကိုက်ညီ၏။ ဆေတွာန မောဠိံ ဝရဂန္ဓဝါသိတံ၊ ဝေဟာယသံ ဥက္ခိပိ သက္ယပုင်္ဂဝေါ။ ရတနစင်္ကောဋ္ဌဝရေန ဝါသဝေါ၊ သဟဿနေတ္တော သိရသာ ပဋိဂ္ဂဟိ။ မဋ္ဌ၊၂။၁-ကို ထောက်က ကလပ်-ဟူသော အနက်လည်း သင့်၏။

မေထုန်ပရိယာယ် ၅-ပုဒ်တွင် ဗျဝါယ-ပုဒ်ကို "ဗျာယတိ ဗလ မေတေနာတိ ဗျဝါယော။ အားကုန်ကြောင်း ဖြစ်ရကား မေထုန်သည် ဗျဝါယ မည်၏"ဟု သိရာ၏။ မေထုနဓမ္မော နာမ ယော သော အသဒ္ဓမ္မော ဂါမဓမ္မော ဝသလဓမ္မော ဒုဋ္ဌုလ္လံ ဩဒကန္တိကံ ရဟဿံ ဒွယံဒွယသမာပတ္တိ၊ ဧသော မေထုနဓမ္မော နာမ။ ပါ၁။၃၄-ကို ထောက်၍ ဝသလဓမ္မ-စသည်ကိုလည်း မေထုန် ဟော ပရိယာယ်ဟု ယူရာ၏။]

(၁၁၈) ဝိဝါဟော’ ပယမာ ပါဏိ–ဂ္ဂဟော ပရိဏယော ပျုဌ။
တိဝဂ္ဂေါ ဓမ္မကာမတ္ထာ၊ စတုဝဂ္ဂေါ သမောက္ခကာ။

(၁၁၈) ဝိဝါဟော၊ ဥပယမာ၊ ပါဏိဂ္ဂဟော၊ ပရိဏယော၊ ထိမ်းမြားခြင်း။ ဝါ၊ လက်ထပ်ခြင်း။ ထိမ်းမြား, လက်ထပ်ခြင်း ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ ဓမ္မကာမတ္ထာ၊ ဓမ္မ, ကာမ, အတ္ထ ဟု ဆိုအပ်ကုန်သော သုံးပါးတို့သည်။ တိဝဂ္ဂေါ၊ တိဝဂ္ဂ မည်၏။ သမောက္ခကာ၊ နိဗ္ဗာန်နှင့်တကွ ဖြစ်ကုန်မူကား။ စတုဝဂ္ဂေါ၊ စတုဝဂ္ဂ မည်၏။

[ထိမ်းမြားခြင်း, လက်ထပ်ခြင်း, မင်္ဂလာဆောင်ခြင်း အတူတူဖြစ်၏။ “ပြစ်ဆာစွန်းငြိ၊ စိုးတစိမျှ၊ မရှိခင်ကြား၊ သမီး သားကို၊ ထိမ်းမြားမင်္ဂလာ၊ ပြုအပ်ရာ၏။” ဩဝါဒသူးပျို့။ ၂၅။ အာဝါဟလည်း သတို့သမီးကို ဆောင်ယူခြင်း, ထိမ်းမြားလက်ထပ်ခြင်းပင်ဖြစ်၏။ အာဝါဟောတိ ဒါရကဿ ပရကုလတော ဒါရိကာယ အာဟရဏံ။ ဝိ၊ ဋ၊ ၂။၁၃၉။ အာဝဟနံ အာဝါဟော၊ ဒါရိကာယ ဂဟဏံ။ ဝိမတိ၊ ၁။ ၂၆၇။ စတုဝဂ္ဂေါ ဓမ္မတ္ထကာမမောက္ခေသု မိလိတေသု။ စိန္တာမဏိ၊ အဘိဓာန်။]

(၁၁၉) ခုဇ္ဇော စ ဂဏ္ဍုလော ရဿ–ဝါမနာ တု လကုဏ္ဍကော။
ပင်္ဂုလော ပီဌသပ္ပီ စ၊ ပင်္ဂု ဆိန္နိရိယာပထော။

(၁၂၀) ပင်္ဂ္ဂော ခဉ္ဇော တု ခေါဉ္ဇောထ၊ မူဂေါ သုညဝစော ဘဝေ။
ကုဏီ ဟတ္ထာဒိဝင်္ကော စ၊ ဝလိရော တု စ ကေကရော။

(၁၁၉၊ ၁၂၀) ခုဇ္ဇော၊ ဂဏ္ဍုလော၊ ကုန်းသောသူ။ ကုန်းသောသူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ရဿော၊ ဝါမနော၊ လကုဏ္ဍကော၊ ပုက္ကသောသူ။ ပုက္ကသောသူပရိယာယ် ၃ ပုဒ်။ (ရဿဝါမနာ-ကို ရဿော, ဝါမနော-ဟု ကေဝုစ် အခိုက်အတန့် ပြင်သည်) ပင်္ဂုလော၊ ပီဌသပ္ပီ၊ ပင်္ဂု၊ ဆိန္နိရိယာပထော၊ ပင်္ဂ္ဂော၊ ဆွံ့သောသူ။ ဆွံ့သောသူပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ ခဉ္ဇော၊ ခေါဉ္ဇော၊ ခွင်သောသူ။ ခွင်သောသူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ မူဂေါ၊ သုညဝစော၊ အ-သောသူ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အ-သောသူပရိယာယ် ၂-ပုဒ်။ ဟတ္ထာဒိဝင်္ကော၊ လက်-အစရှိသည် ကောက်သောသူသည်။ ကုဏီ၊ ကုဏီ မည်၏။

အထ၊ ထိုမှတပါး။ ဝလိရော၊ ကေကရော၊ မျက်စိစွေသောသူ။ မျက်စိစွေသောသူပရိယာယ် ၂-ပုဒ်။

[ခါးကိုင်းသူ, ကုန်းသူ, ကုန်းသောကိုယ်ရှိသူသည် ခုဇ္ဇ, ဂဏ္ဍုလ မည်၏။ ခုဇ္ဇောတိ ယော ဥရဿ ဝါ ပိဋ္ဌိယာ ဝါ ပဿဿ ဝါ နိက္ခန္တတ္တာ ခုဇ္ဇသရီရော။ ပါ၊ ဋ္ဌ၊ ၃။ ၁၀၉။ ခြေဖြင့် မသွားနိုင်သူသည် 'ဆုံ့သူ'မည်၏။ သေယျထာပိ ပင်္ဂုဠော ဒေါလာယ ကီဠတံ ... ပဿတိ။ ဝိ၊ ဋ္ဌ၊ ၂။ ၂၅။ ပင်္ဂုလ, ပင်္ဂုဠ ၂-ပါဠ်ရှိ၊ သင့်သည်ချည်းဖြစ်၏။ တဖက်စောင်း ဖီလာကြည့်သူသည် 'ကေကရ' မည်၏။ ဝါ၊ မျက်စိစွေသူမည်၏။ ကေကရောတိ တိရိယံ ပဿန္တော။ သာရတ္ထ၊ ၃။ ၂၆၄။]

(၃၂၁) နိက္ကေသသီသော ခလ္လာဋော၊ မုဏ္ဍော တု ဘဏ္ဍု မုဏ္ဍိကော။
ကာဏော အက္ခိန မေကေန၊ သုညော အန္ဓော ဒွယေန ထ။

(၃၂၁) နိက္ကေသသီသော၊ ဆံပင်မရှိသော ဦးခေါင်းရှိသော သူသည်။ ဝါ၊ ဆိပ်ပြောင်သော သူသည်။ ခလ္လာဋော၊ ခလ္လာဋမည်၏။ တု၊ ထိုမှတပါး။ မုဏ္ဍော၊ ဘဏ္ဍု၊ မုဏ္ဍိကော၊ ဦးပြည်းသူ။ ဝါ၊ ခေါင်းတုံးသူ။ ဦးပြည်းသူ, ခေါင်းတုံးသူ ပရိယာယ် ၃-ပုဒ်။ အက္ခိနံ၊ မျက်စိနှစ်လုံးတို့တွင်။ ဝါ၊ မျက်စိတို့၏။ ဧကေန၊ မျက်စိတလုံးဖြင့်။ ဝါ၊ မျက်စိတဖက်ဖြင့်။ သုညော၊ ကင်းဆိတ်သောသူသည်။ ကာဏော၊ ကာဏမည်၏။ ဝါ၊ တဖက်ကာဏ်း မည်၏။ ဝါ၊တဖက်လှမည်၏။ ဒွယေန၊ မျက်စိနှစ်ဖက်ဖြင့်။ သုညော၊ ကင်းဆိတ်သောသူသည်။ အန္ဓော၊ အန္ဓမည်၏။ ဝါ၊ နှစ်ဖက်ကာဏ်း မည်၏။ ဝါ၊ စုံလုံးကာဏ်း မည်၏။

[နှုတ်ထားသလို ဆံပင်များ မရှိပဲ ခေါင်းပြောင်သူသည် ခလ္လာဋ-မည်၏။ လုဥ္စိတွာ ဂဟိတကေသံ ဝိယ ခလ္လာဋံ။ မ၊ ဋ္ဌ၊ ၃။ ၃၆၅။ အံ၊ ဋ္ဌ၊ ၂။ ၁၁၈။ မျက်စိ ၁-ဖက် ဖြစ်စေ, ၂-ဖက် ဖြစ်စေ ချို့တဲ့သူကိုလည်း ကာဏ-ဟု ခေါ်သည်။ ကာဏောတိ ဒွိဟိ ဝါ ဧကေန ဝါ န ပဿတိ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၁၂။]

(၃၂၂) ဗဓိရော သုတိဟီနော ထ၊ ဂိလာနော ဗျာဓိတာ’တုရာ။
ဥမ္မာဒဝတိ ဥမ္မတ္တော၊ ခုဇ္ဇာဒိ ဝါစ္စလိင်္ဂိကာ။

(၃၂၂) အထ၊ ထိုမှတပါး။ သုတိဟီနော၊ နားချို့တဲ့သောသူသည်။ ဝါ၊ နားထိုင်းသောသူသည်။ ဗဓိရော၊ ဗဓိရ မည်၏။ အထ၊ ထိုမှတပါး။ ဂိလာနော၊ ဗျာဓိတော၊ အာတုရော၊ မကျန်းမမာသူ။ ဝါ၊ နာသောသူ။ (အခိုက်အတန့်၊ ဗျာဓိတော, အာတုရော-ပြင်သည်) မကျန်းမမာသူ, နာသောသူ ပရိယာယ် ၃-ပုဒ်။ ဥမ္မတ္တော၊ ဥမ္မတ္တ-သဒ္ဒါသည်။ ဥမ္မာဒဝတိ၊ ရူးခြင်း ရှိသူ၌။ ဝတ္တတိ၊ ဖြစ်၏။ ဥမ္မာဒဝန္တု၊ ဥမ္မတ္တော၊ သူရူး။ (ဥမ္မာဒဝန္တု-ကား ပဌမန္တ ကောဝုစ်နှင့် ဥမ္မာဒဝါ-ဖြစ်သည်။) သူရူး ပရိယာယ် ၂-ပုဒ်။ ခုဇ္ဇာဒိ၊ ခုဇ္ဇ-အစ ဥမ္မတ္တ-အဆုံးရှိသော သဒ္ဒါတို့သည်။ ဝါစ္စလိင်္ဂိကာ၊ ဝါစ္စသို့လိုက်သော လိင်ရှိကုန်၏။

[ကိုယ်တုန်လှုပ်ခြင်း, အိပ်လွန်းခြင်း, ပါးစပ်မှ အမြှုပ်ထခြင်း, အန်ခြင်း, သစ်ပင်-စသောအမြင့်မှ ခုန်ချခြင်း, ၁၃-နှစ်လွန်ခြင်း ဤလက္ခဏာနှင့်ပြည့်စုံသော အရူးသည် ကုစား၍မရ-ဟု ဆိုကြ၏။

ကမ္ပနိဒ္ဒါဖေဏဝမိ၊ ဒုမာဒိပတနာဒိဘိ။
တေရသဝဿော’တီတေ တု၊ နုမ္မာဒိ ဇာတု ဇီဝတိ။

အဥ္စနိုဒါန်း။ ၉၇။]

(၃၂၃) အာတင်္ကော အာမယော ဗျာဓိ၊
ဂဒေါ ရောဂေါ ရုဇာပိ စ။
ဂေလညာ’ကလ္လ မာဗာဓော၊
သောသော တု စ ခယော သိယာ။

(၃၂၃) အာတင်္ကော၊ အာမယော၊ ဗျာဓိ၊ ဂဒေါ၊ ရောဂေါ၊ ရုဇာ၊ ဂေလညံ၊ အကလ္လံ၊ အာဗာဓော၊ အနာ။ အနာသာမန် ပရိယာယ် ၉-ပုဒ်။ တု၊ ထိုမှတပါး။ သောသော၊ ခယော၊ ခယရုဂ်နာ။ ဝါ၊ အဆုတ်နာ။ ခယရုဂ်နာ, အဆုတ်နာ ပရိယာယ် ၂-ပုဒ်။

[အနာရောဂါ ဖြစ်ခြင်း၏ အကြောင်းများသည် သလိပ်, သည်းခြေ, လေ-ဟူသော အပြစ် ၃-ပါးသာ ပဓာန ဖြစ်၏။ သို့ရာ

တွင် (၁) သည်းခြေကြောင့်။ (၂) သလိပ်ကြောင့်။ (၃) လေကြောင့်။ (၄) သလိပ်,သည်းခြေ,လေ ၃-ပါးကြောင့်။ (၅) ဥတုကြောင့်။ (၆) မမျှတသော အဆောင်အရွက် အလုပ် အကိုင်ကြောင့်။ (၇) အန္တရာယ်ကြောင့်။ (၈) ကံကြောင့်· ဟူသော အကြောင်း ၈-ပါးကြောင့် အနာရောဂါများ ဖြစ်နိုင်ကြောင်း အောက်ပါ သင်္ဂဟဂါထာဖြင့် မှတ်သားရာ၏—

ပိတ္တံ သေမှဥ္စ ဝါတော စ၊ သန္နိပါတဥတူနိ စ။
ဝိသမောပက္ကမိကဥ္စ၊ ကမ္မဝိပါကမဋ္ဌမံ။

အဆုတ်ရောဂါရှင်၏ လက္ခဏာကို—

ဒါဟော ပဿအံသရောဂေါ၊ ကဖရတ္တဝမိဇရော။
ဝိသရခုဒ္ဒကသာသာ၊ ကာသမတ္တကဂေါရဝံ။
သုက္က'က္ခဏတံ မံသစ္ဆာ၊ ရိရုံသာ စ ခယာ ကတိ—

ဟူသော ဂါထာဖြင့် အဥ္စနနိဒါန်း။ ၆၇-၌ ဖော်ပြထား၏။ ဆိုလိုရင်းကား—လက်ခြေပူခြစ်,နံဘေးပခုံးများ အောင့်ခြင်း,သလိပ်ရောသော သွေးအံခြင်း, မကြာခဏဖျားခြင်း, အသံပျက်ခြင်း, အနည်းငယ် အရှူအရှိုက် ပင်ပန်းခြင်း,ချောင်းဆိုးခြင်း, ခေါင်းလေးခြင်း, မျက်စိများဖြူခြင်း, အသားများ စားလိုခြင်း, မေထုန်မှိဝဲလိုစိတ်များခြင်း ဖြစ်၏။]

(၃၂၄) ပီနသော နာသိကာရောဂေါ၊ ဃာနေ သိင်္ဃာနိကာ'ဿဝေါ။
ဥဒ္ဓ ယံ့ တွရ ဝဏော နိတ္ထိ၊ ဖောဋော တု ပိဠကာ ဘဝေ။

(၃၂၄) ပီနသော၊ နာသိကာရောဂေါ၊ နှာခေါင်းနာ။ ဝါ၊ ထိပ်ကပ်နာ။ နှာခေါင်းနာ, ထိပ်ကပ်နာ ပရိယာယ် ၂-ပုဒ်။ ဃာနေ၊ နှာခေါင်း၌။ အဿဝေါ၊ ယိုစီးသော အရည်သည်။ သိင်္ဃာနိကာ၊ သိင်္ဃာနိကာမည်၏။ ဝါ၊ နှပ်မည်၏။ တု၊ ထိုမှတပါး။ အရု၊ ဝဏော၊ အမာ။ ဝါ၊ အနာ။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ အမာ, အနာပရိယာယ် ၂-ပုဒ်။ ဖောဋော၊ ပိဠကာ၊ သွေးစုနာ။ ဝါ၊ ထွတ်အိုင်းနာ။ သွေးစုနာ၊ ထွတ်အိုင်းနာ ပရိယာယ် ၂-ပုဒ်။

[နှာခေါင်းနာ, ထိပ်ကပ်နာ, ဖွတ်သိုနာ-စသည်ဖြင့် အရပ်ဒေသ အလိုက် အသီးသီး ခေါ်ကြသည်။ တနည်းအားဖြင့် ပီနသ-ဖြင့် ထိပ်ကပ်နာယူ၍ နာသိကာ ရောဂ-ဖြင့် နှာခေါင်းရောဂါ အားလုံး ကို သိမ်းယူရာ၏။ အဋ္ဌနိဃဏ္ဍုကျမ်း၌—

အရိသော'ဿဿာဝေါ ပီဋ္ဌ-ပူယဿာဝေါ စ ပီနသော။
ပတိသျာ ဆလ္လိကာဒယော၊ နာသာမယာတိ သမ္မတာ—

ဟူသော ဂါထာဖြင့် နှာခေါင်းရောဂါ အမျိုးအစား ၇-မျိုးလာ၏။ ယင်း ၇-မျိုးကား (၁) အရိသ=နှာခေါင်းမြင်းသရိုက်နာ၊ အရိယို နာ၊ (၂) အဿဿဝ=နှာခေါင်းသွေးယိုနာ၊ (၃) ပီဋ္ဌကာ=နှာ ခေါင်းဖုနာ၊ (၄)ပူယဿာဝ=နှာခေါင်းပြည်ယိုနာ၊ (၅)ပီနသ= ထိပ်ကပ်နာ၊ (၆) ပတိသျ=နှာရည်ယိုနာ၊ (၇) ဆလ္လိကာ= သွေးခဲယိုစီးနာ-အားဖြင့် ၇-မျိုးလာ၏။ သီဟိုဠ်ဘာသာအားဖြင့် ကင်ဆာရောဂါကို ပီဋ္ဌကာ-ဟု ခေါ်သည်။]

(၃၂၅) ပုဗ္ဗော ပူယော'ထ ရတ္တာတိ-သာရော ပက္ခန္ဒိကာ ပျထ။
အပမာရော အပသ္မာရော၊ ပါဒဖောဋော ဝိပါဒိကာ။

(၃၂၅) ပုဗ္ဗော၊ ပူယော၊ ပြည်။ ပြည်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှ တပါး။ ရတ္တာတိသာရော၊ ပက္ခန္ဒိကာ၊ ဝမ်းသွေးသွန်သောအနာ။ (ဝမ်း လျှော ခတ်သက်နာလည်း ဟူ) ဝမ်းသွေးသွန်သော အနာပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အပမာရော၊ အပသ္မာရော၊ ဝက်ရူးနာ။ ဝက်ရူးနာ ပရိယာယ် ၂-ပုဒ်။ ပါဒဖောဋော၊ ဝိပါဒိကာ၊ ခြေကွဲသောအနာ။ ဝါ၊ ခြေဖောနာ။ ခြေကွဲသောအနာ, ခြေဖောနာ ပရိယာယ် ၂-ပုဒ်။

[ဒွယံ ပက္ကဝဏာဒိသု သဋ္ဌာတဒုဂ္ဂန္ဓဝိသေသေ-ဟု ဋီကာ ဆိုသဖြင့် 'ပြည်ပုပ်'-ဟုလည်း ပေးကြ၏၊ သင့်သည်ပင်။ ဝမ်းသွေး သွန် ရောဂါသည် (၁) ဝါတာတိသာရ=လေကြောင့်ဖြစ်သော ဝမ်းသွေးသွန်ရောဂါ၊ (၂) ပိတ္တာတိသာရ=သည်းခြေကြောင့်ဖြစ် သော ဝမ်းသွေးသွန် ဝမ်းသက်ရောဂါ၊ (၃) ကဖာတိသာရ= သလိပ်ကြောင့်ဖြစ်သော ဝမ်းသွေးသွန် ဝမ်းသက်ရောဂါ၊ (၄) သန္နိပါတာတိသာရ = ၃-ပါးစုံကြောင့် ဖြစ်သော ဝမ်းသွေးသွန်

ဝမ်းသက်ရောဂါ၊ (၅) စိုးရိမ်သောကကြောင့်ဖြစ်သော ဝမ်းသွေးသွန် ဝမ်းသက်ရောဂါ၊ (၆) အမာတိသာရ=အစာမကြေကျက်မှုကြောင့် ဖြစ်သော ဝမ်းသွေးသွန် ဝမ်းသက်ရောဂါ-အားဖြင့် ၆-မျိုး ပြားသည်။

တိကိစ္ဆကော အဟံ အာသိံ၊ သေဋ္ဌိပုတ္တံ ဝိရေစယိံ။
တေန ကမ္မဝိပါကေန၊ ဟောတိ ပက္ခန္ဒိကာ မမ။

အပ၊၁။၃၄၉။ လောဟိတပက္ခန္ဒိကာ-ဟူ၍လည်း စာပေအသုံးရှိ၏။ လောဟိတပက္ခန္ဒိကာ ပဗာဠှာ ဝေဒနာ ဝတ္တန္တိ မာရဏန္တိကာ။ ဒီ၊၂။၁၀၆။]

(၃၂၆) ဝုဋ္ဌိရောဂေါ တု ဝါတဏ္ဍ၊ သီပဒံ ဘာရပါဒတာ။
ကစ္ဆု၊ ကစ္ဆုတိ ကစ္ဆုယာ၊ ခဇ္ဇု၊ ကဏ္ဍုဝနံ ပျထ။

(၃၂၆) ဝုဋ္ဌိရောဂေါ၊ ဝါတဏ္ဍ၊ မုတ္တနာ၊ ဝါ၊ လိန်ဥရောင်နာ။ မုတ္တနာ, လိင်ဥရောင်နာ ပရိယာယ် ၂-ပုဒ်။ သီပဒံ ဘာရပါဒတာ၊ ခြေသလုံးကြီးနာ။ ဝါ၊ ခြေထိုင်သောအနာ။ ခြေသလုံးကြီးနာ, ခြေထိုင်သောအနာ ပရိယာယ် ၂-ပုဒ်။ အထ၊ ထို့မှတပါး။ ကစ္ဆု၊ ကစ္ဆုတိ၊ ကစ္ဆုယာ၊ ခဇ္ဇု၊ ကဏ္ဍုဝနံ၊ ယားယံခြင်း။ ယားယံခြင်းပရိယာယ် ၅-ပုဒ်။

[မုတ္တနာကို ကုရဏ္ဍကရောဂါ-ဟုလည်း ခေါ်သည်။ တိဂ်ရေဆေးကျမ်း၌မှ "ဤကျမ်းအသုံးအတိုင်း ဝုဋ္ဌိရောဂ-ဟူ၍ သုံးသည်"-ဟု သိရ၏။ ယင်း မုတ္တနာဖြစ်ကြောင်းကို—

ဝါယုဘဋ္ဌနတောပါယ-မုတ္တေ မုတ္တောရော သိရာ။
ပရပိဋ္ဌယဝုဋ္ဌိကုဇ္ဇ၊ မုတ္တာနံ ဓောဝ ကုရဏ္ဍကော–

ဟူသော အဋ္ဌနနိဒါန်း ၁၆၅-နှင့်အညီ လေပျက်စီးသဖြင့် ပေါင်ချန် ပေါင်တွင်းကြောမှ လျှောက်၍ ကပ်ပယ်အိတ်တွင်းသို့ ဝင်ပြီးလျှင် ကပ်ပယ်အိတ်ဆောင် အကြောများကို နှိပ်စက်လျက် ကပ်ပယ်အိတ်ကို ကြီးစေကြောင်း သိသာလေသည်။]

(၃၂၇) ပါမံ ဝိတစ္ဆိကာ ကစ္ဆု၊ သောထော တု သယထူဒိတော။
ဒဒ္ဒုမကံ စ အရိသံ၊ ဆဒ္ဒိကာ ဝမထူဒိတော။

(၃၂၇) အထ၊ ထိုမှတပါး။ ပါမံ၊ ဝိတစ္ဆိကာ၊ ကစ္ဆု၊ ယားနာ။ ဝါ၊ ပွေးနာ။ ယားနာ, ပွေးနာ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ သောထော၊ သယထု၊ သာနာရှက်နာ။ (ဘိမ်းပြဲကိုယ်ရောင်နာလည်း ဟူ၏။) သမော၊ အနက်တူ၏ ဟူ၍။ ဥဒိတော၊ ဆိုအပ်၏။ သာနာရှက်နာပရိယာယ် ၂-ပုဒ်။ ဒုန္နာမကံ၊ အရိသံ၊ မြင်းသရိုက်နာ။ ဝါ၊ လိပ်ခေါင်းထွက်နာ။ မြင်းသရိုက်နာ, လိပ်ခေါင်းထွက်နာ ပရိယာယ် ၂-ပုဒ်။ ဆဒ္ဒိကာ၊ ဝမထု၊ အော့အန်နာ။ (ပျို့အန်နာ, အထက်လှန်နာလည်း ဟူ) အော့အန်နာ ပရိယာယ် ၂-ပုဒ်။

[ယားယံနာကို ခသုရောဂ-ဟုလည်း ခေါ်သည်ဟု ဋီကာ၌ မှာ၏။ သောထ, သယထုတို့ နည်းတူ သောဖ-လည်း သာနာရှက်နာ ဟောတည်း။ သောကံ ဖာယတိ ဗဟုလံ ကရောတီတိ သောဖော။ ဋီကာ။

မြင်းသရိုက်နာ, လိပ်ခေါင်းထွက်နာကား လေ, သည်းခြေ, သလိပ်, သန္နိပါတ်, သွေး-စသည်တို့ကြောင့် ကိုယ်ရေအသားများ ပျက်စီးပြီးလျှင် ဝစ္စမဂ်၌ အသားညွန့် အသားငုတ်ပြု၍ ဖြစ်ပေါ်လာကြောင်း အဥ္စနိဒါန်း၌—

တစမံသမေဒဒူသျ—ဂုဒေ အရိသာကုံရေ မတာ။
ဆမာ ဒေါသေဟိ သဗ္ဗေဟိ၊ သဟဇာ လောဟိတာ မတာ—

ဟု မိန့်ဆို၏။ အရိသ-ကို "အရိ ဝိယ သသတိ ဟိံသတီတိ အရိသံ"-ဟု ဝိဂ္ဂိုဟ်ပြုကြ၏။]

(၃၂၈) ဒဝထု ပရိတာပေါထ၊ တိလကော တိလကာဠကော။
ဝိသူစိကာ ဣတိ မဟာ-ဝိရေကောထ ဘဂန္ဒလာ။

(၃၂၉) မေဟော ဇရော ကာသ သာသာ၊ ကုဋ္ဌံ သူလာ'မယန္တရာ။
ဝုတ္တော ဝေဇ္ဇော ဘိသက္ကော စ၊ ရောဂဟာရီ တိကိစ္ဆကော။

(၃၂၈၊ ၃၂၉) ဒဝထု၊ ပရိတာပေါ၊ ကိုယ်ပူနာ။ ကိုယ်ပူနာ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ တိလကော၊ တိလကာဠကော၊ မှဲ့။ မှဲ့ပရိယာယ် ၂-ပုဒ်။ ဝိသူစိကာ၊ မဟာဝိရေကော၊ ဝမ်းကျရောဂါ။ (သည်းစွာ ဝမ်းလားခြင်း၊ ဝမ်းဒလဟောသွားခြင်းလည်းဟူ)(ဣတိ-အနက်မဲ့)ဝမ်းကျ

ရောဂါ ပရိယာယ် ၂-ပုဒ်။ ဘဂန္ဒလာ၊ ဘဂန္ဒိုရ်နာဝင်း။ ဝါ၊ ဂရင်ဂျိနာ ဝင်း။ မေဟော၊ ဆီးလွန်နာဝင်း။ ဇရော၊ ဖျားနာဝင်း။ ကာသသာသာ၊ ချောင်းဆိုးနာ, ကုတ်ဟီးနာဝင်း။ ကုဋ္ဌ၊ နူနာဝင်း။ သူလော၊ ထိုးကျင့် ကိုက်ခဲနာဝင်း။ ဣမေ၊ ဤအနာရောဂါတို့သည်။ အာမယန္တရာ၊ အနာ ရောဂါအထူးတို့တည်း။ အနာရောဂါ အထူး ၇-မျိုး။ ဝဇ္ဇော၊ ဘိသက္ကော၊ ရောဂဟာရီ၊ တိကိစ္ဆကော၊ ဆေးသမား။ ဝါ၊ ဆေးဆရာ။ သမော၊ အနက် တူ၏ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ ဆေးသမား, ဆေးဆရာ ပရိယာယ် ၄ ပုဒ်။

[ဒသထု-ကို ကစ္စည်း၌ "ဒဝနံ ဒဝေါ၊ တေန နိဗ္ဗတ္တော ဒဝထု" ဟု ဝိဂ္ဂြိုဟ်ပြု၏။ ကိုယ်ပူ ပါဒရက်နာ-ဟုလည်း ဆိုကြ၏။ ဘဂန္ဒလ-ကို မဟာနိဒ္ဒေ။ ၅၁-၌ "ဘဂံ ဒါလတီတိ ဘဂန္ဒလာ၊ ဝစ္စမဂ္ဂံ ဖာလေ-ဟီတိ အဓိပ္ပာယော" ဟု ဖွင့်သည်။ ဝစ္စမဂ်ကို ခွဲတတ်သော အနာရောဂါ ဟူ၏။ ယင်း ဘဂန္ဒိုရ်နာနှင့်စပ်၍ -

ဂုဒဒ္ဒယဂ်ုလေ ခေတ္တော၊ ပဿတော ပိဋ္ဌိကာကာရော။
ဘိန္နော ဘဂန္ဒရော ဌေယျော၊ သ ပဉ္စဝိဓော မတော -

ဟု အဋ္ဌနိဒါန်း ၁၀၅-၌ လာ၏။ ဝစ္စမဂ် ပတ်ဝန်းကျင် လက် ၂-သစ်ခန့်ကွာ အရပ်အတွင်း အနာပေါက်လတ်သော် ဘဂန္ဒိုရ် (ဂရင်ဂျီ)နာဟု သိအပ်၏ဟု ဆို၏။ ၎င်း ဘဂန္ဒိုရ်နာသည် လေ, သည်းခြေ, သလိပ်, သန္နိပါတ်, ဒုတ်-အားဖြင့် ၅-မျိုးကြောင့် ဖြစ်ပုံကို ဆက်လက်၍ ယင်း အဋ္ဌနိဒါန်း၌ပင် ပြ၏။]

(၃၃၁) သလ္လဝေဇ္ဇော သလ္လကတ္တော၊ တိကိစ္ဆာ တု ပတိက္ကြိယာ။
ဘေသဇ္ဇ မဂဒေါ စေဝ၊ ဘေသဇံ စောသဓံ ပျထ။

(၃၃၁) သလ္လဝေဇ္ဇော၊ သလ္လကတ္တော ခွဲစိတ်ကုဆရာ။ ဝါ၊ ဖြောင့်ဆူး, အပင်းကျ ပန္နိတတ် ဆေးသမား။ ခွဲစိတ်ကုဆရာ ပရိယာယ် ၂ ပုဒ်။ တု၊ ပုဒ်ကား။ တိကိစ္ဆာ၊ ပတိက္ကြိယာ၊ ဆေးကုခြင်း။ ဆေးကုခြင်းပရိယာယ် ၂-ပုဒ်။ ဘေသဇ္ဇံ၊ အဂဒေါ၊ ဘေသဇံ၊ ဩသဓံ၊ ဆေး။ ဆေးပရိယာယ် ၄-ပုဒ်။

[ကာယေ ပဝိဋ္ဌသရာဒိသလ္လဿ နီဟရဏော ဝေဇ္ဇော သလ္လ-ဝေဇ္ဇော-ဟု ဋီကာဖွင့်၏။ ကိုယ်၌ စူးဝင်သည့် မြား, ငြောင့်,ဆူး, ကျည်ဆံ-စသည်တို့ကို ခွဲစိတ်ထုတ်ပယ်၍ ကုသတတ်သော ခွဲစိတ်ကုဆရာ ဟူ၏။]

(၃၃၁) ကုသလာ’ နာမယာ’ ရောဂျ၊ အာသ ကလ္လော နိရာမယော။
နရုဝဂ္ဂေါ နိဋ္ဌိတော။

(၃၃၁) အထ၊ ထိုမှတပါး။ ကုသလံ၊ အနာမယံ၊ အာရောဂျံ၊ အနာကင်းခြင်း။ ဝါ၊ အနာမရှိခြင်း။ အနာကင်းခြင်း, အနာမရှိခြင်း ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ကလ္လော၊ နိရာမယော၊ အနာကင်းသူ။ ဝါ၊ အနာကင်းကွာ ကျန်းမာသူ။ အနာကင်းသူ, အနာကင်းကွာ ကျန်းမာသူ ပရိယာယ် ၂-ပုဒ်။

[ကုသေ လုနာတိ ဆိန္ဒတီတိ ကုသလံ။ အာမယဿ အဘာဝေါ အနာမယံ-ဟု ဝိဂ္ဂိုဟ် ပြု။

ကစ္စိ နု ဘောတော ကုသလံ၊ ကစ္စိ ဘောတော အနာမယံ။
ဇာ၊ ၂။၃၄၂။ ဝေဿန္တရဇာတ်။]

နရုဝဂ္ဂေါ၊ နရုဝဂ်သည်။ နိဋ္ဌိတော၊ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

---

## ၂-ဘူကဏ္ဍ ၄-စတုဗ္ဗဏ္ဏဝဂ်
## ခတ္တိယဝဂ်

(၃၃၂) ကုလံ ဝံသော စ သန္တာနာ-ဘိဇနာ ဂေါတ္တမန္ဝယော။
ထိယံ သန္တတျထော ဝဏ္ဏာ၊ စတ္တာရော ခတ္တိယာဒယော။

(၃၃၂) ကုလံ၊ ဝံသော၊ သန္တာနော၊ အဘိဇနော၊ ဂေါတ္တံ၊ အန္ဝယော၊ သန္တတိ၊ အမျိုးအနွယ်။ အယံ၊ ဤသန္တတိ-သဒ္ဒါသည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အမျိုးအနွယ်ပရိယာယ် ၇-ပုဒ်။ (သန္တာန, အဘိဇန-တို့ကို သန္တာနော, အဘိဇနော-ဟု အခိုက်အတန့် ပြင်သည်။) အထော၊ ထိုမှ တပါး။ ခတ္တိယာဒယော၊ ခတ္တိယ-အစရှိသည်တို့သည်။ ဝါ၊ ခတ္တိယ,

ဗြဟ္မဏ, ဝေဿ, သုဒ္ဒ-တို့သည်။ စဏ္ဍာလော၊ လေးပါးကုန်သော။ ဝဏ္ဏာ၊ အမျိုးတို့ မည်ကုန်၏။

[အမျိုးအနွယ်ဟော ပရိယာယ် ၇-ပုဒ်တို့တွင် သန္တတိ-ကို "တနောတီတိ အသွာတိ သန္တတိ"ဟု ဝိဂ္ဂဟ်ပြု။ နှ-ကိုချေ။ သန္တတိ သဒ္ဒါ၏ အနက်များကို ဋီကာ၌-

သန္တတိ ပန္တိဝိတ္ထာရ-ဂေါတ္တေသု ကဝိဘိ မတာ။
ပရမ္ပရာ ဘဝေ စာပိ၊ ပုတ္တကညာသု သန္တတိ—

ဟူသော ဂါထာဖြင့် လာရှိ၏။ အမျိုးဟော ဝဏ္ဏ-ကို "အညမညံ အသင်္ကရတော ဝဏ္ဏီယန္တေ ဥပီယန္တေတိ ဝဏ္ဏာ"ဟု ဝိဂ္ဂဟ်ပြု၍ အချင်းချင်း မရောယှက်ပဲ ထားအပ်ကုန်ရကား ဝဏ္ဏ-ဟု သိလေ။]

(၃၃၃) ကုလိနော သဇ္ဇနော သာဓု၊
သဗ္ဘော စာယျော မဟာကုလော။
ရဇော ဘူပတိ ဘူပါလော၊
ပတ္ထိဝေါ စ နရာဓိပေါ။

(၃၃၄) ဘူနာထော ဇဂတိပါလော၊
ဒိသမ္ပတိ ဇနာဓိပေါ။
ရဋ္ဌာဓိပေါ နရဒေဝေါ၊
ဘူမိပေါ ဘူဘုဇော ပျထ။

(၃၃၃၊၃၃၄) ကုလိနော၊ သဇ္ဇနော၊ သာဓု၊ သဗ္ဘော၊ အယျော၊ မဟာကုလော၊ အမျိုးကောင်းသား။ ဝါ၊ အမျိုးမြတ်သူ။ အမျိုးကောင်းသား, အမျိုးမြတ်သူ ပရိယာယ် ၆-ပုဒ်။

ရဇော၊ ဘူပတိ၊ ဘူပါလော၊ ပတ္ထိဝေါ၊ နရာဓိပေါ၊ ဘူနာထော၊ ဇဂတိပါလော၊ ဒိသမ္ပတိ၊ ဇနာဓိပေါ၊ ရဋ္ဌာဓိပေါ၊ နရဒေဝေါ၊ ဘူမိပေါ၊ ဘူဘုဇော၊ မင်း။ မင်းပရိယာယ် ၁၃-ပုဒ်။

[ကုလေ အာကာရေ ဘဝေါ ကုလီနော-ဟု ထောမဥ္ဍ ဝိဂ္ဂဟ် ပြု၏။ အမျိုးအကျင့်ဂုဏ်နှင့် ပြည့်စုံသော အမျိုးကောင်းသား၊

သို့မဟုတ် အမျိုးမြတ်သူသည် 'ကုလီန'မည်၏။ ကုလီနာ ကုလ-သမ္ဘူနာ။ ဒိဋ္ဌ၊၃။၄၄။ နီတိ၊ဓာ။၄၆-၄၇-၌–

ရာဇာ ဘူပတိ ဒေဝေါ စ၊ မနုဇိန္ဒော ဒိသမ္ပတိ။
ပတ္ထိဝေါ ဇဂတိပါလော၊ ဘူဘုဇော ပထဝိဿရော။
ရဋ္ဌာဓိပေါ ဘူမိပါလော၊ မနုဿိန္ဒော ဇနာဓိပေါ။
နရိန္ဒော ခတ္တိယော စေဝ၊ ခေတ္တဿာမိ ပဘာဝကော။
မုဒ္ဓါဘိသိတ္တော ရာဇာတိ၊ ကထိတော ဣတရော ပန။
ရာဇညော ခတ္တိယော စာတိ၊ ဝုတ္တော ခတ္တိယဇာတိကော။
မုဒ္ဓါဘိသိတ္တော အနုရာဇာ၊ ဥပရာဇာတိ ဘာသိတော။
စတုဒ္ဒိပိ ရာဇရာဇာ၊ စက္ကဝတ္တီတိ ဘာသိတော။
ရာဇိနီ ဥပရိဒေဝီ၊ မဟေသီ ဘူဘုဇင်္ဂနာ။
ခတ္တိယာ ရာဇပဒုမီ၊ ခတ္တိယာနီ စ ခတ္တိယီ။
ဣတ္ထာဂါရိန္တု သြရောဓော၊ ဥပရီတိပိ ဝုစ္စတိ။

ဟူသော ဂါထာများဖြင့် မင်းဟောပရိယာယ်, အိမ်ရှေ့မင်းပရိယာယ်, စကြာမင်းဟော ပရိယာယ်, မိဖုရား ပရိယာယ်, ကိုယ်လုပ်မောင်းမဟော ပရိယာယ်များ လာရှိ၏။

အဘိသိက်သွန်းပြီး မင်းကို 'ရာဇရာဇ'၊ အဘိသိက်မသွန်းသော မင်းကို 'ရာဇည'-ဟူ၍ရင်း, 'ခတ္တိယ'ဟူ၍ရင်း မှတ်ရာ၏။ ဥပရာဇာဘိသိက်ဖြင့် အဘိသိက်သွန်းပြီး အိမ်ရှေ့မင်းကို 'ဥပရာဇာ'-ဟု သိရာ၏။]

(၃၃၅) ရာဇညော ခတ္တိယော ခတ္တံ၊ မုဒ္ဓါဘိသိတ္တ ဗာဟုဇာ။
သဗ္ဗဘုမ္မော စက္ကဝတ္တီ၊ ဘူပေါညော မဏ္ဍလိဿရော။

(၃၃၅) အထ၊ ထိုမှတပါး။ ရာဇညော၊ ခတ္တိယော၊ ခတ္တံ၊ မုဒ္ဓါဘိ-သိတ္တော၊ ဗာဟုဇော၊ မင်းမျိုး။ (အခိုက်အတန့် မုဒ္ဓါဘိသိတ္တော, ဗာဟုဇော-ဟု ပြင်သည်၊ ၃-လိင်ဆံပုဒ်တည်း။) မင်းမျိုးပရိယာယ် ၅-ပုဒ်။ သဗ္ဗဘုမ္မော၊ စက္ကဝတ္တီ၊ စကြာမင်း။ စကြာမင်းပရိယာယ် ၂-ပုဒ်။ အညော၊ စကြာမင်းမှတပါးသော။ ဘူပေါ၊ မင်းသည်။ မဏ္ဍလိဿရော၊ မဏ္ဍလိဿရမည်၏။ ဝါ၊ ပဒေသရာဇ်မင်း မည်၏။

[အဘိသိက် မသွန်းရသေးသောမင်း, ဘုရင်ခံတို့သည်လည်း 'ရာဇည'ပင် မည်၏။ စက္ကဝတ္တိ-ပုဒ်ကို အမျိုးမျိုးဝိဂြိုဟ်ဆိုကြ၏။ စက္ကံ စက္ကရတနံ ဝတ္တေတိ ပဝတ္တေတီတိ စက္ကဝတ္တိ၊ သမ္ပတ္တိစက္ကေဟိ သယံ ဝတ္တတိ၊ တေဟိ စ ပရံ သတ္တနိကာယံ ဝတ္တေတိ ပဝတ္တေ-တီတိ စက္ကဝတ္တိ။....အပ္ပဋိဟတံ ဝါ အာဏာသင်္ခါတံ စက္ကံ ဝတ္တေတီတိ စက္ကဝတ္တိ၊ ခတ္တိယမဏ္ဍလာဒိသညိတံ စက္ကံ သမူဟံ အတ္တ-နော ဝသေ ဝတ္တေတီတိ စက္ကဝတ္တိ။ ဒီ၊ဋ္ဌ၊၁။၂၉၃။ မ၊ဋ္ဌ၊၃။၁၆၇။ ပရဟိတာဝဟော ဣရိယာပထစက္ကာနံ ဝတ္တော ဝတ္တနံ တေသ တွောတိ ဝါ စက္ကဝတ္တိ။ ဒီ၊ဋ္ဌ၊၁။၂၉၃။ ပုညောပနိတေန စက္က-ရတနေန ဝတ္တတေ အသာဓုဒမနိကာရုဇဝတ္တံ အနုတိဋ္ဌတီတံ စက္ကဝတ္တိ၊ဏီ။ စက္ကရတနံ ဝတ္တေတိ အာကာသေ အတ္တနော ပုရတော ဂမယတီတိ ဝါ စက္ကဝတ္တိ၊ ပုညစက္ကံ, စတုစက္ကံ ဝါ သတ္တေသု ဝတ္တေတိ, တေ ဝါ အသ္မိံ ဝတ္တေတီတိ စက္ကဝတ္တိ၊ စက္ကရတနုပ္ပါဒနတ္တံ ဒွါဒသဝဿစရိတံ ဒသရာဇဓမ္မံ ဝတ္တမေတာ-ဿတ္ထီတိ ဝါ စက္ကဝတ္တိ။ ဓာန်၊ ဋီ။]

(၃၃၆) ပုမေ လိစ္ဆဝိ ဝဇ္ဇီ စ၊ သကျော တု သာကိယော ထစ။
ဘဒ္ဒကစ္စာနာ ရာဟုလ-မာတာ ဗိမ္ဗာ ယသောဓရာ။

(၃၃၆) လိစ္ဆဝိ၊ ဝဇ္ဇီ၊ လိစ္ဆဝီမင်း။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ လိစ္ဆဝီမင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သကျော၊ သက္ကော၊ သာကီဝင်မင်း။ သာကီဝင်မင်း ပရိယာယ် ၂ ပုဒ်။ အထ၊ ထိုမှတပါး။ ဘဒ္ဒကစ္စာနာ၊ ရာဟုလမာတာ၊ ဗိမ္ဗာ၊ ယသောဓရာ၊ ယသော်ဓရာမိဖုရား။ ယသော်ဓရာမိဖုရား ပရိယာယ် ၄-ပုဒ်။

[လိစ္ဆဝီမင်းများသည် ဘုရားလက်ထက်က ဝဇ္ဇီတိုင်း (ဇေဇ္ဇီနိုင်ငံတော်) ဝေသာလီမြို့တော်၌ ထင်ရှားသော မင်းတို့ဖြစ်ကုန်၏။ နိ+ဆဝိ-မှ လိစ္ဆဝီ-ဖြစ်ကြောင်းကိုရင်း၊ လိန+ဆဝိ-မှ လိစ္ဆဝီ ဖြစ်ကြောင်းကိုရင်း ဖွင့်ဆိုကြကုန်၏။ ဇေဝံ တေ နိစ္ဆဝိတာယ ဝါ, လိနစ္ဆဝိတာယ ဝါ လိစ္ဆဝီတိ ပညာယိံသု။ မ၊ ဋ္ဌ၊ ၁။ ၃၂၆။ ခုဒ္ဒက၊ ဋ္ဌ။ ၁၃၄။

ဂေါပါဒေဝီ-သည်လည်း ယသော်ဓရာမိဖုရားဟော ပရိယာယ် ဖြစ်သည်။

ဂေါပါဒေဝီ ဝုတ္တာဂါရေ၊ နိရိက္ခိသယနံ တထာ။
ဗောဓိသတ္တံ န ပဿိတွာ၊ ဟာ ဝဉ္စိတာ ကုဟိံ ဂတော။

လလိတဝိတ္ထာရ။]

(၃၃၇) ကောဋိနံ ဟေဋ္ဌိမန္တေန၊ သတံ ယေသံ နိဓာနဂံ။
ကဟာပဏာနံ ဒိဝသ–ဝလဉ္ဇော ဝီသတမ္ဗဏံ။

(၃၃၈) တေ ခတ္တိယမဟာသာလာ–သီတိကောဋိဓနာနိ တု။
နိဓာနဂါနိ ဒိဝသ–ဝဠဉ္ဇော စ ဒသမ္ဗဏံ။

(၃၃၉) ယေသံ ဒ္ဝိဇမဟာသာလာ၊ တဒုပဍ္ဎံ နိဓာနဂေ။
ဝဠဉ္ဇေ စ ဂဟပတိ–မဟာသာလာ ဓနေ သိယုံ။

(၃၃၇၊ ၃၃၈၊ ၃၃၉) ယေသံ ခတ္တိယာနံ၊ အကြင်မင်းမျိုးတို့အား။ ဝါ၊ အကြင်မင်းမျိုးတို့၏။ ဟေဋ္ဌိမန္တေန၊ ယုတ်သော အပိုင်းအခြားအား ဖြင့်။ ဝါ၊ အောက်ထစ်ဆုံးအားဖြင့်။ ဝါ၊ အနည်းဆုံးအားဖြင့်။ နိဓာနဂံ၊ သိုမှီး သိမ်းဆည်းထားအပ်သော ဉစ္စာသည်။ ကဟာပဏာနံ၊ အသပြာ ကျပ်ဒင်္ဂါးတို့၏။ ကောဋိနံ သတံ၊ ကုဋေတရာသည်။ ဟောတိ၊ ဖြစ်၏။ ဒိဝသဝ-လဉ္ဇော၊ နေ့စဉ်သုံးစွဲအပ်သော အသပြာ ကျပ်ဒင်္ဂါးသည်။ ဝါ၊ တနေ့ တနေ့ သုံးစွဲအပ်သော အသပြာ ကျပ်ဒင်္ဂါးသည်။ ဝီသတမ္ဗဏံ၊ အမ္ဗဏ နှစ်ဆယ် သည်။ ဝါ၊ တင်းနှစ်ဆယ်သည်။ ဟောတိ၊ ဖြစ်၏။ တေ ခတ္တိယာ၊ ထိုမင်း တို့သည်။ ခတ္တိယ မဟာသာလာ၊ ခတ္တိယမဟာသာလတို့ မည်ကုန်၏။

တု၊ ထိုမှတပါး။ ယေသံ ဒ္ဝိဇာနံ၊ အကြင်ပုဏ္ဏားတို့အား။ ဝါ၊ အကြင် ပုဏ္ဏားတို့၏။ နိဓာနဂါနိ၊ သိုမှီး သိမ်းဆည်းထားအပ်ကုန်သော။ ဓနာနိ၊ ဉစ္စာတို့သည်။ ကဟာပဏာနံ၊ အသပြာ ကျပ်ဒင်္ဂါးတို့၏။ အသီတိကောဋိ၊ ကုဋေရှစ်ဆယ်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒိဝသဝလဉ္ဇော၊ နေ့စဉ် သုံးစွဲ အပ်သော အသပြာ ကျပ်ဒင်္ဂါးသည်။ ဝါ၊ တနေ့ တနေ့ သုံးစွဲအပ်သော အသပြာ ကျပ်ဒင်္ဂါးသည်။ ဒသမ္ဗဏံ၊ ဆယ်အမ္ဗဏသည်။ ဝါ၊ ဆယ်တင်း

သည်။ ဟောတိ၊ ဖြစ်၏။ တေ ဒွိဇာ၊ ထိုပုဏ္ဏားတို့သည်။ ဒွိဇမဟာသာလာ၊ ဒွိဇမဟာသာလတို့ မည်ကုန်၏။

ယေသံ ဂဟပတီနံ၊ အကြင်သူကြွယ်တို့အား။ ဝါ၊ အကြင်သူကြွယ်တို့၏။ နိဓာနဂတ၊ သိုမှီး သိမ်းဆည်းထားအပ်သော။ ဓနေစ၊ ဥစ္စာသည်ငှင်း၊ ဝလဉ္ဇ စ၊ နေ့စဉ်သုံးစွဲအပ်သော အသပြာ ကျပ်ဒင်္ဂါးသည်ငှင်း။ တဒုပစ္စော၊ ထို ပြာဟ္မဏမဟာသာလတို့၏ ဥစ္စာထက်ဝက်သည်။ သတိ၊ ဖြစ်သည်ရှိသော်။ တေ ဂဟပတယော၊ ထိုသူကြွယ်တို့သည်။ ဂဟပတိမဟာသာလာ၊ ဂဟပတိမဟာသာလတို့ မည်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ဤအဘိဓာန်ကျမ်း၌ ခတ္တိယမဟာသာလ, ပြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလတို့ကို ပြသည်ကား ယေဘုယျ ပြခြင်း ဖြစ်သည်။ ဟောဠမန္တေန ဟူသော စကားကိုလည်း ထည့်၍ ဖော်ပြသည်။ သို့ဖြစ်၍ ခတ္တိယမဟာသာလတို့မှာ သိမ်းဆည်းထားသည့် ဥစ္စာ ကုဋေတရာမက တထောင် - စ သည် လည်း ရှိ နိုင် သည်။ ပြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ တို့မှာလည်း ဖော်ပြထားသည်ထက် ပိုနိုင်ကြောင်း လျော့နိုင်ကြောင်း ဆိုင်ရာ ကျမ်းစာများဖြင့် သိသာ၏။

ခတ္တိယမဟာသာလာတိ ခတ္တိယမဟာသာရပ္ပတ္တာ မဟာခတ္တိယာ၊ ယေ နယော သဗ္ဗတ္ထ။ တေသု ခတ္တိယမဟာသာလာ နာမ ယေသံ ကောဋိသတမ္ပိ ကောဋိသဟဿမ္ပိ ဓနံ နိခဏိတွာ ဌပိတံ၊ ဒိဝသပရိဗ္ဗယော ကော် ကဟာပဏသကဋံ နိဂစ္ဆတိ၊ သာယံ ဒွေ ပဝိသန္တိ။ ပြာဟ္မဏမဟာသာလာ နာမ ယေသံ အသီတိကောဋိဓနံ နိဟိတံ ဟောတိ၊ ဒိဝသပရိဗ္ဗယော ကောဟ ကဟာပဏကုမ္ဘော နိဂစ္ဆတိ၊ သာယံ ကေသကဋံ ပဝိသတိ။

ဂဟပတိမဟာသာလာ နာမ ယေသံ စတ္တာလီသကောဋိဓနံ နိဟိတံ ဟောတိ၊ ဒိဝသပရိဗ္ဗယော ပဉ္စကဟာပဏမ္ဗဏာနိ နိဂစ္ဆန္တိ၊ သာယံ ကုမ္ဘော ပဝိသတိ။ ဒီ၊ ဋ္ဌ၊ ၂။ ၁၇၈။

ယေသံ ဟိ ခတ္တိယာနံ ဟေဋ္ဌိမန္တေန ကောဋိသတံ နိဓာနဂတံ ဟောတိ၊ တယော ကဟာပဏကုမ္ဘာ ဝဠဥ္ဇနတ္ထာယ ဂေဟမဇ္ဈေ ရာသိံ ကတွာ ဌပိတာ ဟောန္တိ၊ တေ ခတ္တိယမဟာသာလာ နာမ။ ယေသံ ဗြာဟ္မဏာနံ အသီတိကောဋိနိဟိတံ ဟောတိ၊ ဒိယဍ္ဍော ကဟာပဏကုမ္ဘော ဝဠဥ္ဇနတ္ထာယ ဂေဟမဇ္ဈေ ရာသိံ ကတွာ ဌပိတော ဟောတိ၊ တေ ဗြာဟ္မဏမဟာသာလာ နာမ။ ယေသံ ဂဟပတီနံ စတ္တာလီသကောဋိဓနံ နိဟိတံ ဟောတိ၊ ကဟာပဏကုမ္ဘော ဝဠဥ္ဇနတ္ထာယ ဂေဟမဇ္ဈေ ရာသိံ ကတွာ ဌပိတော ဟောတိ၊ တေ ဂဟပတိမဟာသာလာ နာမ။ သံ'ဋ္ဌ၊၁။၁၂၆။ အဘိ'ဋ္ဌ၊၃။၇၈။]

(၃၄၀) မဟာမတ္တော ပဓာနံ စ၊ မတိသဇီဝေါ မန္တိနိ။
သဇီဝေါ သစိဝါ'မစ္စော၊ သေနာနီ တု စမူပတိ။

(၃၄၀) မဟာမတ္တော၊ ပဓာနံ၊ အမတ်ကြီး။ ဝါ၊ အမတ်ချုပ်။ (ယခုကာလ ဝန်ကြီးများသည် မဟာမတ္တ မည်၏။) အမတ်ကြီး, အမတ်ချုပ် ပရိယာယ် ၂-ပုဒ်။ မတိသဇီဝေါ၊ မတိသဇီဝ - သဒ္ဒါသည်။ မန္တိနိ၊ မင်းတိုင်ပင်အမတ်၌။ ဝတ္တတိ၊ ဖြစ်၏။ မတိသဇီဝေါ၊ မန္တီ၊ မင်းတိုင်ပင်အမတ်။ မင်းတိုင်ပင်အမတ် ပရိယာယ် ၂-ပုဒ်။ သဇီဝေါ၊ သစိဝေါ၊ အမစ္စော၊ အမှုဆောင်အမတ်။ အမှုဆောင်အမတ် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး၊ သေနာနီ၊ စမူပတိ၊ စစ်သူကြီး။ (ဗိုလ်ချုပ်ကြီး, စစ်ဗိုလ်ချုပ်ကြီးလည်း ဟူ၏။) စစ်သူကြီး ပရိယာယ် ၂-ပုဒ်။

[ခတ္တ-ကိုလည်း အမတ်ကြီး, အမတ်ချုပ်ဟော ပရိယာယ်ဟု ယူရာ၏။ ခတ္တိယာနံ တာယနတော ရက္ခဏတော ခတ္တာ နိရုတ္တိနယေန။ သီ'ဋ္ဌီ၊သစ်၊၂။၂၇၃။ ခတ္တံ အာမန္တေသိ။ ဒီ၊၁။၁၀၄။ ဒီ၊၂။၂၅၃။ မ၊၂။၃၇၆။ ခတ္တံ အာမန္တေသီတိ ခတ္တာ ဝုစ္စတိ ပုစ္ဆိတပဥှေ ဗျာကရဏသမတ္ထော မဟာမတ္တော။ ဒီ'ဋ္ဌ၊၁။၂၄၉။ မ'ဋ္ဌ၊၃။၂၀၄။ အမတ်ကြီးဟော ပဓာန-သဒ္ဒါကို ဤ၌ နပုလ္လိင်နှင့် ဆိုသော်လည်း "မဟာမတ္တော ပဓာနော စာတိ တု ပုံသကာဏ္ဍေ ဝေါပါလိတော"-ဟု ဋီကာ၌ လာသဖြင့် ပဓာနော (ပဓာနော)-ဟု ပုလ္လိင်နှင့်လည်း အသုံးရှိကြောင်း သိသာ၏။ ဤ၌—

ပကတိယံ မဟာမတ္တော၊ ပညာယံ ပရမတ္တနိ။
နပုံသက် ပဓာန် တံ၊ ကေတွေ တုတ္တမေ သဒါ–

ဟူသော ရာဇာသဆရာ၏ သက္ကတအဘိဓာန်နှင့်အညီ ပဓာန-ဟု ဒန္တဇစတုတ္ထက္ခရာ ဓနှင့် ပါ၍ ရှိစေလို၏။ စာဏကျနီတိ ၁၀၅-မြောက်–

သမတ္တနီတိသတ္တညူ၊ ဝါဟနေ ပူဇိတော ဘဝေ။
သူရဝီရဂုဏူပေတော၊ သေနာဓျက္ခော ဝိဓိယတေ–

ဟူသော ဂါထာဖြင့် စစ်သူကြီး၏ အင်္ဂါလက္ခဏာများ လာ၏။ စမူနာထ-ကိုလည်း စစ်သူကြီးဟော ပရိယာယ်ဟု သိရာ၏။

ဂစ္ဆမာနော စမူနာထော၊ သောနုရာဓပုရန္တိကေ။
သဒ္ဓိံ ဒါမိဠသေနာယ၊ ဝတ္တောသိ တုမူလံ ရဏံ။

မဟာဝံသ။၅၆။၂၇။]

(၃၄၁) နျာသာဒိနံ ဝိဝါဒါနံ၊ အက္ခဒဿော ပဒဿရိ။
ဒေါဝါရိကော ပဍိဟာရော၊ ဒွါရဋ္ဌော ဒွါရပါလကော။

(၃၄၁) အက္ခဒဿော၊ အက္ခဒဿ-သဒ္ဒါသည်။ နျာသာဒိနံ၊ ကြွေးယူခြင်း အမွေခွဲယူခြင်း-အစရှိကုန်သော။ ဝိဝါဒါနံ၊ ငြင်းခုံခြင်း-အစရှိသည်တို့ကို။ ပဒဿရိ၊ ဆုံးဖြတ်နိုင်သော တရားသူကြီး၌။ ဝတ္တတိ၊ ဖြစ်၏။ ဒေါဝါရိကော၊ ပဍိဟာရော၊ ဒွါရဋ္ဌော၊ ဒွါရပါလကော၊ တံခါးစောင့်။ တံခါးစောင့် ပရိယာယ် ၄-ပုဒ်။

[စာဏကျနီတိ။ ၁၀၀-မြောက်–

ဣင်္ဂိတာကာရ တတ္တညူ၊ ဗလဝါ ပိယဒဿနော။
အပ္ပမာဒေါ သဒါ ဒက္ခော၊ ပဍိဟာရော သ ဥစ္စတေ–

ဂါထာ၌ အရိပ်အကဲသိခြင်း, သဘောသကန် ရိပ်မိခြင်း, အားရှိခြင်း, မြင်လိုက်လျှင် ချစ်ခင်လောက်သော ရုပ်ရည်ရှိခြင်း, မမေ့မလျော့ခြင်း, ထာဝစဉ် လိမ္မာကျွမ်းကျင်ခြင်းဟူသော တံခါးစောင့်၏ အင်္ဂါများ လာရှိ၏။ ဒွါရရက္ခက-ဟုလည်း အသုံးရှိ၏။

ဒေါဝါရိကော (ဇာ၊ဋ္ဌ၊၂။၃၃၁) တိ ဒွါရရက္ခကော။ ဇာ၊ဋ္ဌ၊၃။ ၂၇၆။]

(၃၄၂) အနီကဋ္ဌောတိ ရာဇူနံ၊ အင်္ဂရက္ခဂဏော မတော။
ကဉ္စုကီ သောဝိဒလ္လော စ၊ အနုဇီဝီ တု သေဝကော။

(၃၄၂) ရာဇူနံ၊ မင်းတို့၏။ အင်္ဂရက္ခဂဏော၊ ကိုယ်တော်စောင့် အပေါင်းကို။ အနီကဋ္ဌောတိ၊ အနီကဋ္ဌ ဟူ၍။ ဝါ၊ ကိုယ်ရံတော်ဟူ၍။ ဝါ၊ သက်တော်စောင့်ဟူ၍။ မတော၊ သိအပ်၏။ ကဉ္စုကီ၊ သောဝိဒလ္လော၊ မိန်းမစိုး။ ဝါ၊ မောင်းမစောင့်။ ဝါ၊ အပျိုတော်စောင့် လူအို။ မိန်းမစိုး, မောင်းမစောင့် ပရိယာယ် ၂-ပုဒ်။ ဟု၊ ယုံမှတပါး။ အနုဇီဝီ၊ မင်းမှုထမ်း။ သေဝကော၊ မင်းမှုထမ်း။ မင်းမှုထမ်း ပရိယာယ် ၂-ပုဒ်။

[အနီကဋ္ဌ-ကို အနီကေန သမုဟေန တိဋ္ဌတီတိ အနီကဋ္ဌော-ဟု ဋီကာဖွင့်သည်။ မင်းတို့၏ ကိုယ်တော်စောင့် အပေါင်း၊ သို့မဟုတ် ကိုယ်ရံတော်တပ်သားဟု အနီကဋ္ဌ-ကို သိရာ၏။ ထို့ကြောင့် အမရ မာလာ၌——

ရက္ခိဝဂ္ဂေါ တု ယော ရညံ၊ သော’နီကဋ္ဌောဘိဓိယတေ –
ဟု ဆို၏။

ဟတ္ထာရောဟာ အနီကဋ္ဌော၊ ရထိကာ ပတ္တိကာရကာ။ ဇာ၊၁။ ၂၃၈။ မင်းမောင်းမများကို အခြားယောကျ်ားများ မစော်ကား ရန်, စောင့်သူကိုယ်တိုင်လည်း မစော်ကားမိရန် ဝေးစေ့ထုတ်ထား သော လူအိုမိန်းမစိုးများကို ကဉ္စုကီ၊သောဝိဒလ္လ-ဟု ခေါ်သည်။

အန္တော ပုရေ စရေ ဝုဒ္ဓေါ၊ ဝိပ္ပေါ ဂုဏဂဏာန္ဓိတော။
သဗ္ဗကာရိယကုသလော၊ ကဉ္စုကီတျ ဘိဓိယတေ။

မနုဓမ္မသတ်]

(၃၄၃) အဇ္ဈက္ခော’ဓိကတော စေဝ၊ ဟေရညိကော တု နိက္ခိကော။
သဒေသာနန္တရော သတ္တု၊ မိတ္တော ရာဇာ တတော ပရံ။

(၃၄၃) အဇ္ဈက္ခော၊ အဓိကတော၊ အကြီးအကဲ။ ဝါ၊ ကြီးကြပ် အုပ်ချုပ်သူ။ အကြီးအကဲ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဟေရညိကော၊

နိက္ခိကော၊ ငွေတိုက်စိုး။ ဝါ၊ ငွေထိန်း။ ငွေတိုက်စိုး, ငွေထိန်းပရိယာယ် ၂-ပုဒ်။ သဒေသာနန္တရော၊ မိမိတိုင်းပြည်နိုင်ငံ၏ အခြားမဲ့၌ ဖြည်သော။ ရာဇာ၊ မင်းသည်။ သတ္တု၊ ရန်သူမင်းမည်၏။ တတော၊ ထိုအခြားမဲ့ တိုင်းပြည်နိုင်ငံမှ၊ ပရံ တပါးတခြားသော မင်းသည်။ မိတ္တော ရာဇာ၊ မိတ်ဆွေမင်းမည်၏။

[သက္ကတ၌ ထာယုက, ဂေါပ-ဟူသော အသုံးများရှိ၏။ တရွာကို ကြီးမှူးအုပ်ချုပ်သူသည် 'ထာယုက'၊ ရွာများစွာကို ကြီးမှူးအုပ်ချုပ်သူသည် 'ဂေါပ'-မည်၏ဟု ဆိုသည်။ ဆိုလိုရင်းကား ထာယုက-သည် သူကြီး၊ ဂေါပ-သည် တိုက်သူကြီးတည်း။

ထာယုကော ဓိကတော ဂါမေ၊ ဂေါပေါ ဂါမေသု သူရိသု။
အမရ။ ၁၀။ ၇။]

(၃၄၄) အမိတ္တော ရိပု ဝေရိ စ၊ သပတ္တာ'ရာတိ သတ္တ'ရိ။
ပစ္စတ္ထိကော ပရိပန္ထိ၊ ပဋိပက္ခာ'ဟိတာ'ပရော။

(၃၄၅) ပစ္စာမိတ္တော ဝိပက္ခော စ၊ ပစ္စနီကာ ဝိရောဓိနော။
ဝိဒ္ဒေသီ စ ဒိသော ဒွေသော-ထာ'နုရောဓော'နုဝတ္တနံ။

(၃၄၄၊ ၃၄၅) အမိတ္တော၊ ရိပု၊ ဝေရီ၊ သပတ္တော၊ အရာတိ၊ သတ္တု၊ အရိ၊ ပစ္စတ္ထိကော၊ ပရိပန္ထိ၊ ပဋိပက္ခော၊ အဟိတော၊ အပရော၊ ပစ္စာမိတ္တော၊ ဝိပက္ခော၊ ပစ္စနီကော၊ ဝိရောဓိ၊ ဝိဒ္ဒေသီ၊ ဒိသော၊ ဒိဋ္ဌော၊ ရန်သူ။ ရန်သူပရိယာယ် ၁၉ ပုဒ်။ (သပတ္တ, ပစ္စနီက-တို့ကို သပတ္တော, ပစ္စနီကော-ဟု အခိုက်အတန့်ပြင်သည်။) အထ၊ ထိုမှတပါး။ အနုရောဓော၊ အနုဝတ္တနံ၊ လိုက်လျောခြင်း။ ဝါ၊ မဆန့်ကျင်ခြင်း။ လိုက်လျောခြင်း ပရိယာယ် ၂-ပုဒ်။

[ဒွေသဏ, ဒုဟဒယ, ဒဿု, သာဝတ္တ-တို့လည်း ရန်သူဟော ပရိယာယ်များ ဖြစ်ကြောင်း အမရကောသလာများကို ရှုကာ၌ ဖော်ပြသည်။ ယင်းပရိယာယ်များအနက် ဒဿု-ကား သူခိုး, သူဝှက် ဖြစ်ကြောင်း ဋီကာများ၌ဆို၏။ ဒဿုတိ စောရာနမေတံ အဓိဝစနံ၊ ဒ်သေန္တိ ဝိဒ္ဓံသေန္တီတိ ဟိ ဒဿဝေါ နဂ္ဂဟိတလောပေန။ သီ၊ ဋီ၊ သစ်၊ ၂။ ၃၀၄။ ဒီ၊ ဋီ၊ ၁။ ၃၂၄။]

(၃၄၆) မိတ္တော’ နိတ္တိ ဝယသော စ၊ သဟာယော သုဟဒေါ သခါ။
သမ္ဘတ္တော ဒဠှမိတ္တော ထ၊ သန္ဒိဋ္ဌော ဒိဋ္ဌမတ္တကော။

(၃၄၆) မိတ္တော၊ မိတ်ဆွေ။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင် တည်း။ ဝယသော၊ သဟာယော၊ သုဟဒေါ၊ သခါ၊ မိတ်ဆွေ။ မိတ်ဆွေ ပရိယာယ် ၅-ပုဒ်။ သမ္ဘတ္တော၊ စားသောက်ဖက်မိတ်ဆွေသည်။ ဒဠှမိတ္တော၊ ဒဠှမိတ္တမည်၏။ ဒဠှမိတ္တော၊ မိတ်ဆွေချစ်။ ဝါ၊ မိတ်ဆွေရင်း။ ဒိဋ္ဌမတ္တကော၊ မြင်ဘူးတွေ့ဘူးကာမျှ မိတ်ဆွေသည်။ သန္ဒိဋ္ဌော၊ သန္ဒိဋ္ဌမည်၏။ သန္ဒိဋ္ဌော၊ မြင်ဘူး တွေ့ဘူးကာမျှ မိတ်ဆွေ။

[မိတ္တ-ပုဒ်ကို သူစိ-၌ “မိဇ္ဇတိ သိနေဟတီတိ မိတ္တော။ မိနောတိ အန္တော ပက္ခိပတီတိ မိတ္တော၊ သဗ္ဗဂုယှေသု မီယတိ ပက္ခိပီယတီတိ ဝါ မိတ္တော၊ မိဒတိ ဗန္ဓတိ အတ္တနိ ပရန္တိ မိတ္တော”ဟု မိဒ-ဓာတ်၊ မိ-ဓာတ် ၂-မျိုးဖြင့် လုပ်၏။ မိဒ-ဓာတ်သည် သိနေဟတ္ထ, ဗန္ဓနတ္ထ ၂-မျိုးဟော။ မိ-ဓာတ်ကား ပက္ခိပနတ္ထတည်း။

မိဒ-ဓာတုဝသေနာပိ၊ မိ-ဓာတုယာ ဝသာပိ စ။
မိတ္တ-သဒ္ဒဿ နိပ္ဖတ္တိ၊ သဒ္ဒတ္ထညူ ဝိဘာဝယေ——

ဟူသော ဂါထာဖြင့် အကျဉ်းမှတ်ရာ၏။ ကေနိပါတ်၊ ကာလကဏ္ဏိ ဇာတ်၌ ၇-ဖဝါး အတူလှမ်းသွားဘူးလျှင် ‘မိတ္တ’၊ ၁၂-ရက် (၁၀-ရက်, ၁၂-ရက်)ခန့် အတူနေဘူးလျှင် ‘သဟာယ’၊ ၁-လ, ၁-လခွဲ အတူ ပေါင်းဖော် နေထိုင်ဘူးလျှင် ‘ဉာတိသမ’ (ဆွေမျိုးနှင့် တူကြောင်း) ဘုရားရှင်ဟောတော်မူ၏။ နီတိ၊ ဓာ။ ၂၄၆-၌ ရှင်းထား၏။

မိတ္တော ဟဝေ သတ္တပဒေန ဟောတိ၊
သဟာယော ပန ဒွါဒသကေန ဟောတိ။
မာသဍ္ဎမာသေန စ ဉာတိ ဟောတိ၊
တတုတ္တရိံ အတ္တသမောပိ ဟောတိ။ ဇာ၊ ၁။ ၂၀။]

(၃၄၇) စရော စ ဂုဠပုရိသော၊ ပဏာဝိ ပဏိကော'ဒ္ဓဂူ။
ဒုတော တု သန္ဒေသဟရော၊ ဂဏကော တု မုဟုတ္တိကော။

(၃၄၇) စရော၊ ဂုဠပုရိသော၊ စုံထောက်။ ဝါ၊ သူလျှို။ စုံထောက်၊ သူလျှို ပရိယာယ် ၂-ပုဒ်။ ပဏာဝိ၊ ပဏိကော၊ အဒ္ဓဂူ၊ ခရီးသွား။ ခရီးသွား ပရိယာယ် ၃-ပုဒ်။ ဒုတော၊ သန္ဒေသဟရော၊ တမန်။ တမန် ပရိယာယ် ၂-ပုဒ်။ တု၊ ယိုမှတပါး။ ဂဏကော၊ မုဟုတ္တိကော၊ ဗေဒင်ဆရာ။ ဝါ၊ ဟူးရားတက်သူ။ ဗေဒင်ဆရာ ပရိယာယ် ၂-ပုဒ်။

[စုံထောက် (ထောက်လှမ်းရေးသမား)ကို စရပုရိသ-ဟုလည်း ပါဠိအသုံးရှိ၏။ စရပုရိသေ ယောဇေတွာ ဘဂဝတော နိဝါသနဋ္ဌာနံ ဉတွာဝ ဝိဟရတိ။ မ၊ဋ္ဌ၊ ၃။ ၂၄၁။ ယထာရဟာဝဏ္ဏ, ပဏိဓိ, အဝသပ, ... တို့ကိုလည်း စုံထောက် သူလျှိုဟော ပရိယာယ်ဟု သိသင့်၏။

သံတမန်, သံအမတ်ကြီးကို ရာဇဒူတ-ဟုလည်း အသုံးရှိသည်။ နာယ တေ ဘာဂေ့ဘာ၊ ရာဇဒူတော အဟန္တိ။ မ၊ ဋ္ဌ၊ ၄။ ၅။ အသိပညာရှိသူ, သူတပါးစိတ်ကို ခန့်မှန်းအကဲခတ်၍ သိတတ်သူ, တည်ကြည်မှုရှိ သည်းခံနိုင်သူ, မှန်ကန်စွာ ပြောဆိုတတ်သူ ယင်းပုဂ္ဂိုလ်များသည် သံတမန်ဖြစ်ထိုက်ကြောင်း နီတိဆရာတို့ ဆိုကြ၏။

သုစိဝါကျပဋုပ္ပညော၊ ပရစိတ္တောပလက္ခဏော။
ဓိရော ယထာဝုတ္တဝါဒီ စ၊ ဧသ ဒုတော ဝိဓိယတေ။
ဓာတုကျနီတိ။ ၁၁၆။

ဗေဒင်ဆရာဟော ပရိယာယ်များအဖြစ် သံဝစ္ဆရ, ဇောတိသိက, ဒေဝညူ, နေမိတ္တ, ဉာဏိက, ကာတန္တိက-တို့ကို ထည့်သွင်းယူရ၏။]

(၃၄၈) လေခကော လိပိကာရော စ၊ ဝဏ္ဏော တု အက္ခရော ပုမေ။
ဘေဒေါ ဒဏ္ဍော သာမ ဒါနာ-ချုပါယာ စတုရော ဣမေ။

(၃၄၈) လေခကော၊ လိပိကာရော၊ စာရေး။ စာရေး ပရိယာယ် ၂-ပုဒ်၊ တု၊ ထိုမှတပါး။ ဝဏ္ဏော၊ အက္ခရော၊ အက္ခရာ။ အက္ခရာ ပရိယာယ်

၂-ပုဒ်။ ဘေဒေါ၊ ဘေဒဥပါယ်ဒုင်း။ ဝါ၊ ရန်သူသင်းပင်း အချင်းချင်း ကွဲပြားစေခြင်း ဟူသော ဘေဒဥပါယ်ဒုင်း။ ဒဏ္ဍော၊ ဒဏ္ဍဥပါယ်ဒုင်း။ ဝါ၊ ညှဥ်းဆဲနှိပ်ကွပ် ဒဏ်တပ်ခြင်း ဟူသော ဒဏ္ဍဥပါယ်ဒုင်း။ သာမဒါနာနိ၊ သာမဥပါယ်,ဒါနဥပါယ်တို့ဒုင်း။ဝါ၊ကျေနပ်အောင်ပြုလုပ်ခြင်း,ပြေပြစ်သော စကားကို ပြောဆိုခြင်း ဟူသော သာမဥပါယ်, လက်ဆောင်ပဏ္ဏာ-စသည် ပေးခြင်း ဟူသော ဒါနဥပါယ်တို့ဒုင်း။ ဣတိ၊ ဤသို့။ ဣမေ စတုရော၊ ဤလေးပါးတို့သည်။ ဥပါယာ၊ ရန်အောင်ကြောင်း ဥပါယ်တို့ မည်ကုန်၏။

[အက္ခရာဓဏ, အက္ခရစဥ္စု-တို့လည်း စာရေးဟော ပရိယာယ် တို့တည်း။ ဤအဘိဓာန်ကျမ်း၌ မလာရှိပဲ စာပေရေးရာနှင့် စပ်၍ အလွန်လျှင် အသုံးဝင်သည့် ပရိယာယ် အထူးတို့ကို ဋီကာ၌ တိကဏ္ဍ သေသသင်္ဂဟအဘိဓာန်မှ ကူးယူဖော်ပြရာ ဤကျမ်း၌ လည်း ဖော်ပြ၍ သင့်သလို အနက်ပေးခနာ လိုက်၏။

မေလာ နန္ဒာ မသိ မဏိ၊ မေလမ္ဗု ဝဏ္ဏကူပိကာ။
မသိဇလန္တု မေလာ စ၊ ပတ္တဥ္စန် မသိ ဒွိသု။

လေခနီ ဝဏ္ဏတူလိ စ၊ ဝဏ္ဏကက္ခရတူလိကာ။
ဝဏ္ဏဒူတော သောတ္ထိမုခေါ၊ လေခေါ ဝါစိကဟာရကော။

ကာစနကိတလိကော စ၊ ကာစနံ တန္တိဗန္ဓနံ။
လေချင္ဌာနံ ဂန္ထကုဋ္ဌိ၊ မုဒ္ဒါ ပစ္စယကာရိနီ။

မေလာ၊ နန္ဒာ၊ မသိ၊ မဏိ၊ မင်။ မင်ဟော ပရိယာယ် ၄-ပုဒ်။ မေလမ္ဗု၊ မင်ဖျော်ရေ။ (မေလန္ဒု၊ မင်ဖျော်ရေ။) ဝဏ္ဏကူပိကာ၊ မင်ဖျော်ရေ။ တု၊ ထိုမှတပါး။ မသိဇလံ၊ မင်ဖျော်ရေ။ မင်ဖျော် ရေ ပရိယာယ် ၃-ပုဒ်။ စ၊ ထိုမှတပါး။ မေလာ၊ ပတ္တဥ္စနံ၊ မသိ၊ မင်ခွက်။ အယံ၊ ဤမသိ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင် တို့၌။ ဝတ္တတိ၊ ဖြစ်၏။ မင်ခွက်ဟော ပရိယာယ် ၃-ပုဒ်။ လေခနီ၊ ဝဏ္ဏတူလိ၊ ဝဏ္ဏကက္ခရတူလိကာ၊ ဝဏ္ဏဒူတော၊ သောတ္ထိမုခေါ၊ လေခေါ၊ ဝါစိကဟာရကော၊ ခဲတန်၊ ဝါ၊ ဖောင်တိန်။ ဝါ၊ စာရေး တမျဥ်း။ ခဲတန်, ဖောင်တိန်, စာရေးတမျဥ်းဟော ပရိယာယ် ၇-ပုဒ်။ ကာစနကိတလိကော၊ စုတ်တံ။ တန္တိဗန္ဓနံ၊ ထိုစုတ်ဖျား၌

ဖွဲ့အပ်သော သားမွေးသည်။ ကာစနုံ၊ ကာစနုမည်၏။ လေချွင်ခွာနံ၊ စာရေးရာအရပ်။ ဝါ၊ စာရေးစာပွဲ။ ဂန္ထကုဋိ၊ ကျမ်းစာ သိုမှီးရာအဆောက်အဦ။ ဝါ၊ စာအုပ်တိုက်။ ဝါ၊ စာကြည့်တိုက်။ မုဒ္ဒါ၊ ပစ္စယကာရိန်၊ တံဆိပ်။

ဝါနရိန္ဒဇာတ်တော် (ဇာ၊ ၁။ ၁၄)၌—

ယဿေတေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ—

ဟူ၍ သစ္စ, ဓမ္မ, ဓိတိ, စာဂ-ဟူသော ရန်အောင်ကြောင်း ၄-ပါးကို ဘုရား-ရှင်ဟောတော်မူ၏။ ယင်းကိုရည်ရွယ်၍ "သစ္စာဓမ္မ၊ ဓိရိယနှင့်၊ စာဂဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခုဖြင့်" စသည်ဖြင့် စပ်ဆိုကြကုန်၏။

ကာမန္ဒကီယနီတိသာရ၊ ၁၇။ ၃-၌—

သာမံ ဒါနဉ္စ ဘေဒေါ စ၊ ဒဏ္ဍော စေတိ စတုက္ကကံ။
မာယောပေက္ခိန္ဒဇာလဉ္စ၊ သတ္တောပါယာ ပကိတ္တိတာ—

ဟူသော ဂါထာဖြင့် (၁) ငြိမ်းချမ်းညီညွတ်အောင်ပြုခြင်း သာမ-ဥပါယ်၊ (၂) ပေးကမ်းခြင်း ဒါနဥပါယ်၊ (၃) ဒဏ်ပေးခြင်း ဒဏ္ဍဥပါယ်၊ (၄) သင်းခွဲခြင်း ဘေဒဥပါယ်၊ (၅) လှည့်ပတ်ခြင်း မာယာဥပါယ်၊ (၆) လျစ်လျူရှုခြင်း ဥပေက္ခာဥပါယ်၊ (၇) ရန်သူများ ထိတ်လန့်အောင် မျက်လှည့်ပြသကဲ့သို့ လှည့်ပတ်ခြင်း ဣန္ဒဇာလဥပါယ်-အားဖြင့် ရန်အောင်ကြောင်း ၇-ပါးလာ၏။]

(၃၄၉) ဥပဇာပေါ တု ဘေဒေါ စ၊ ဒဏ္ဍော တု သာဟသံ ဒမော။

(၃၄၉) တု၊ ထိုမှတပါး။ ဥပဇာပေါ၊ ဘေဒေါ၊ ဘေဒဥပါယ်။ ဘေဒဥပါယ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဒဏ္ဍော၊ သာဟသံ၊ ဒမော၊ ဒဏ္ဍဥပါယ်။ ဒဏ္ဍဥပါယ် ၃-ပုဒ်။

[ဥပဇာပကို စိန္တာမဏိအဘိဓာန်၌ ခလာဒိနံ မိထုဘေဒက-ဘာသိတေ၊ ဘေဒေ, ဝိဇ္ဈေဒေ-စသည်ဖြင့် ဖွင့်ပြ၏။ လူယုတ်

လူညံ့များ ပြုလုပ်လေ့ရှိသည့် အချင်းချင်း ကွဲပြားအောင် ပြုလုပ်ခြင်း, ပျက်စီးအောင်, အဆက်အသွယ်ပြတ်အောင် ပြုလုပ်ခြင်းဟု ဆိုသည်။]

(၃၅၀) သာမျ'မစ္စော သခါ ကောသော၊ ဒုဂ္ဂံ စ ဝိဇိတံ ဗလံ။
ရဇ္ဇင်္ဂါနီတိ သတ္တေ'တေ၊ သိယုံ ပကတိယောပိ စ။

(၃၅၀) သာမိ၊ တိုင်းပြည်အကြီးအကဲ ပြည့်ရှင်မင်းရင်း။ အမစ္စော၊ အမတ်ရင်း။ သခါ၊ ခင်မင်ရင်းချာ မဟာမိတ်မင်းရင်း။ ကောသော၊ ဘဏ္ဍာပြောစည် ကျီကြရင်း။ ဒုဂ္ဂံ၊ ခံတပ်,ကတုတ်ရင်း။ ဝိဇိတံ၊ နိုင်ငံတော်ရင်း။ ဗလံ၊ စစ်သည်ဗိုလ်ပါရင်း။ ဝါ၊ တပ်မတော်ရင်း။ ဣတိ၊ ဤသို့။ ဧတေ သတ္တ၊ ဤခုနစ်ပါးတို့သည်။ ရဇ္ဇင်္ဂါနိ၊ နိုင်ငံတော် (တိုင်းပြည်)၏ စည်ပင်သာယာကြောင်း အင်္ဂါတို့သည်ရင်း။ ပကတိယောပိ စ၊ နိုင်ငံတော် (တိုင်းပြည်)၏ ဖွဲ့စည်းသဘောတို့သည်ရင်း။ ဝါ၊ နိုင်ငံတော် (တိုင်းပြည်) ၏ အမာခံ အထည်ကိုယ်တို့သည်ရင်း။ သိယုံ၊ ဖြစ်ကုန်၏။

[အင်္ဂ-သဒ္ဒါ အကြောင်းဟောကြံ၍ တိုင်းပြည်၏ စည်ပင်ကြောင်း အင်္ဂါတို့ ဟူ၍ရင်း၊ ပကတိ-ကို အမာခံ အထည်ကိုယ်, ပင်မကျောရိုး ဟူ၍ရင်း သိရာ၏။

ကာမန္ဒကီယနီတိသာရ၌လည်း—

သာမျ'မစ္စ ရဋ္ဌဒုဂ္ဂ၊ ကောသော ဗလ သခါ။
ပရမ္ပရောပကာရိ'ဒံ၊ သတ္တင်္ဂံ ရဇ္ဇ မုစ္စတေ—

ဟူ၍ အဓိပ္ပါယ်နည်းတူ လာ၏။ ဟိတောပဒေသ ဝိဂ္ဂဟကထာ၌—

သာမျ'မစ္စော စ ရဋ္ဌဥ္စ၊ ဒုဂ္ဂံ ကောသော ဗလံ သခါ။
ရဇ္ဇင်္ဂါနိ ပကတယော၊ ပေါရာနံ သေဏယောပိ စ—

ဟူသော ၁၂၆-မြောက် ဂါထာဖြင့် နိုင်ငံတော်၏ အင်္ဂါဖွဲ့စည်းများ ဂ-ပါး လာရှိ၏။ ပေါရာနံ သေဏယော=တိုင်းသူပြည်သား တို့၏ အပေါင်း ဟူသော အင်္ဂါပို၏။

အမရကောသ။ ၁၈-ကဏ္ဍ၌လည်း-

သာမျံမဒ္ဒွာ သခါ ကောဒသာ၊ ရဋ္ဌဒုဂ္ဂဗလာနိ စ။
ရဋ္ဌင်္ဂါနိ ပကာဘာဒယာ၊ ပေါရာနံ သေဏယောပိ စ-

ဟု လာသည်။ ရှေ့နောက်အစဉ်သာ ကွာခြား၏။ ဟိတောပဒေသ နည်းတူ ၈-ပါးတည်း။

ရာဇဝင်များ၌ကား တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူသည် (၁) ပြည်ဝမ်းကို မဖေါက်ရာ။ (၂)ပြည်ဦးကင်းကို မနှိမ်ရာ။ (၃) ပြည်တံခွန်ကိုလည်း မလှည်းရာ။ (၄) ပြည်မျက်စိကိုလည်း မဖေါက်ရာ။ (၅) ပြည်စွယ်ကိုလည်း မချိုးရာ။ (၆) ပြည်မျက်နှာကိုလည်း မဖျက်ရာ။ (၇) ပြည်ခြေ ပြည်လက်ကိုလည်း မဖြတ်ရာ-ဟု လာသည်။ ယင်း ၇-ပါးတွင် ပြည်ဝမ်းကား သူဌေး သူကြွယ်တည်း။ ပြည်ဦးကင်းကား မှူးကြီး မတ်ကြီးများတည်း။ ပြည့်တံခွန်ကား ရဟန်း ပညာရှိတည်း။ ပြည်မျက်စိကား ပဉ္စကတ်ဗေဒင်တတ် ပညာရှိ ပုရောဟိတ်တည်း။ ပြည်စွယ်ကား မင်းညီ မင်းသားတည်း။ ပြည်မျက်နှာကား မိဖ လင်သားတို့၏ ကြေးမုံအလား သား သမီးတည်း။ ပြည်ခြေ ပြည်လက်ဟူသည် သူရဲ သူခက်တည်း။ ပဒေသနဒီကောသလမင်းကြီးသည် ပြည်ခြေ ပြည်လက်နှင့်တူသော တက္ကသိုလ်ပြည်တော်ပြန် စစ်ရေး စစ်ရာ၌ လိမ္မာလှသော ဗန္ဓုလစစ်သူကြီးနှင့် ဗန္ဓုလစစ်သူကြီး၏ သားတော် ၃၂-ယောက်တို့ကို ကွပ်မျက်မိသဖြင့် တိုင်းပြည် အာဏာကို ဒီဃကာရာယန, ဝိဋဋူဘတို့၏ သိမ်းယူခြင်းခံရသည်။ မငွ၊ ၃။ ၂၄၀-၅။ မမှစေတ်ယသုတ်။]

(၃၅၁) ပဘာဝုဿာဟမန္တဇံ၊ ဝသာ တိဿော ဟိ သတ္တိယော။
ပဘာဝေါ ဒဏ္ဍဇော တေဇော၊ ပတာပေါ တု စ ကောသဇော။

(၃၅၂) မန္တော စ မန္တနံ သော တု၊ စတုက္ကဏ္ဏော ဒွိဂေါစရော။
တိဂေါစရော တု အက္ကဏ္ဏော၊ ရဟဿံ ဂုယှ မုစ္စတေ။

(၃၅၁၊၃၅၂) ပဘာဝုဿာဟမန္တဇံ၊ ပဘုသတ္တိ, ဥဿာဟသတ္တိ, မန္တသတ္တိတို့၏။ ဝါ၊ ဥစ္စာအင်အား ဒဏ်ထားခြင်းကြောင့် ဖြစ်သော

စွမ်းရည်သတ္တိ, လုံ့လဝီရိယ စွမ်းထာမကြောင့် ဖြစ်သော စွမ်းရည်သတ္တိ, အတိုင်ပင် အကြံအစည် အတွေးအခေါ် ဉာဏ်ကြောင့်ဖြစ်သော စွမ်းရည်သတ္တိတို့၏။ ဝသာ၊ အစွမ်း·အားဖြင့်။ သတ္တိယော၊ သတ္တိတို့သည်။ တိဿော၊ သုံးပါးတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ဒဏ္ဍော၊ ဝိဇိနိုပ်ကွပ် ဒဏ်တပ်ခြင်းကြောင့်ဖြစ်သော။ တေဇော၊ မင်း၏စွမ်းရည်တန်ခိုးသည်။ ပဘာဝေါ၊ ပဘုသတ္တိမည်၏။ ကောသဇော၊ စည်းစိမ်ဥစ္စာ ကိုကြောင့်ဖြစ်သော။ တေဇော၊ စွမ်းရည်တန်ခိုးသည်။ ပတာပေါ၊ ဥဿာဟသတ္တိမည်၏။ မန္တော၊ မန္တနံ၊ မန္တသတ္တိ။ မန္တသတ္တိ ဖြစ်ယာဉ် ၂-ပုဒ်။ တုံ၊ အယူးမှတ်ရန်ကား။ သော၊ ထိုအတိုင်အာ.င် မန္တသတ္တိသည်။ ဒွိဂေါစရော၊ နှစ်ယောက်တိုင်ပင်မှုကား။ စတုက္ကဏ္ဍော၊ စတုက္ကဏ္ဍမည်၏။ တိဂေါစရော တုံ၊ သုံးယောက်တိုင်ပင်မှုကား။ ဆက္ကဏ္ဍော၊ ဆက္ကဏ္ဍမည်၏။ ဂုယှံ၊ ဂုယှံ လျှို့ဝှက်အပ်သောအရာ ၏၊ လျှို့ဝှက်ချက်။ ဒွယံ၊ နှစ်ပုဒ်ကို။ တုလျ၊ အနက်တူ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ လျှို့ဝှက်အပ်သောအရာ ပရိယာယ် ၂-ပုဒ်။

[အဘိဓာန်တကာ‌ေများ၌ ပဘဝ, ဥဿာဟ, မန္တသတ္တိ ၃-ပါး လာရှိ၏။ ဝဋ္ဋေန ဓာဘ ဥဿာဟသတ္တိယောဂေါ၊ ပဍ္ဍိမေန မန္တသတ္တိယောဂေါ၊ ဟတ္ထိအဿ ယာဉ်ရတနေဟိ ပဘုသတ္တိ-ယောဂေါ သုပရိပုဏ္ဏာ ယောဂါ၊ ဣတ္ထိ ရတိရတနေဟိ တိဝိမ-သတ္တိယောဂပဝလာ။ ဒီပနီ။ ၂၃၃။ မဏိ ၃။ ၂၅၁။

နီတိပဒ။ ၉၄-နှာ၌—

တေဇော ဥဿာဟမန္တာ ၈၊ ပဘုသတ္တိတ် ပဋ္ဌမေ။
အာနုဘာဝေါတိ ဝုစ္စတိ၊ ပဘာဝေါတိ စ တေ ဝဒ—

ဟူ၍ တေဇ, ဥဿာဟ, မန္တ, ပဘု, သတ္တိ ၅-မျိုးလာ၏။ ဖော်ပြပါ အဋ္ဌကထာများနှင့် မညီချေ။

နာ၌ ၄-ဖက်ရှိသော ၂-ယောက်(နှစ်ဦး)ကြား တိုင်ပင်ခြင်းသည် ‘စတုက္ကဏ္ဍ’မည်၏။ စတုက္ကဏ္ဍော မန္တော ဘဝိဿတိ။ ဇာတက ၄။ ၂၃၆။ ပုဂ္ဂိ အယံ ရာဇာ သမဏေန ဝေါတာမေန သဒ္ဓိံ စတုက္ကဏ္ဍမန္တံ မန္တေတွာ။ မဏိ ၃။ ၂၄၂။ နာ၌ ၆-ဖက်ရှိသော

၃-ယောက်ကြား တိုင်ပင်ခြင်းသည် 'ဆက္ကဏ္ဍ' မည်၏။ ဣဒါနေဝ ဆက္ကဏ္ဍော ဇာတော။ ဇာ၊ဋ္ဌ၊ဇ၊၂၃၇။]

(၃၅၃) တိသု ဝိဝိတ္တ ဝိဇနႏ–စ္ဆန္နာ ရဟော ရဟော' ဗျယံ။
ဝိဿာသော တု စ ဝိဿမ္ဘော၊ ယုတ္တံ တွော' ပါယိကံ တိသု။

(၃၅၃) ငဝိတ္တ၊ ဝိဇန၊ ဆန္နာ၊ ဆိတ်ကွယ်ရာ။ တယံ၊ သဒ္ဒါသုံးခုသည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ရဟော၊ ရဟော၊ ဆိတ်ကွယ်ရာ။ အယံ၊ ဤဒုတိယရဟော-သဒ္ဒါသည်။ အဗျယံ၊ နိပါတ်ပုဒ်တည်း။ ဆိတ်ကွယ်ရာပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ ဝိဿာသော၊ ဝိဿမ္ဘော၊ ယုံကြည်ခြင်း။ ဝါ၊အကျွမ်းဝင်ခြင်း။ ယုံကြည်ခြင်း, အကျွမ်းဝင်ခြင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ယုတ္တံ၊ ဩပါယိကံ၊ သင့်တင့်သောအမှု။ ဝါ၊ သင့်လျော်သောအရာ။ တိသု၊ လိင် ၃-ပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ သင့်တင့်သောအမှု, သင့်လျော်သောအရာ ပရိယာယ် ၂ ပုဒ်။

[ရဟော ၂-ပုဒ်တွင် ရှေ့ရဟော-ကား ရဟ-ဓာတ်ဖြင့် ပြီးသည်။ နောက်ရဟော-ကား ဓာတ်ပစ္စည်းဖြင့် အထူးမကြံရ၊ နိပါတ်ဟူ၏။ ဝိတ္တမရပာတိတိ ရဟော၊ရဟ စာဂေ၊ ရမန္တေ အသ္မိန္တိ ဝါ ရဟော၊ ဝဏ္ဏဝိကာရော။ ဒုတိယော ရဟော-သဒ္ဒေါ အဗျယံ။ ဋီကာ။ နိဿလာကာ, ဥပါသု-တို့လည်း ဆိတ်ငြိမ်ရာဟော ပရိယာယ် တို့တည်း။]

(၃၅၄) ဩဝါဒေါ စာ နုသိဋ္ဌိ'တ္ထီ၊ ပုမာ-ဇ္ဇေ'နုသာသနံ။
အာဏာ စ သာသနံ ဉေ ယျံ၊ ဥဒ္ဒါနံ တု စ ဗန္ဓနံ။

(၃၅၄) ဩဝါဒေါ၊ အနုသိဋ္ဌိ၊ ဆုံးမခြင်း။ ဣတ္ထီ၊ အနုသိဋ္ဌိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ အနုသာသနံ၊ ဆုံးမခြင်း။ အယံ၊ ဤအနုသာသန-သဒ္ဒါသည်။ ပုမာဇ္ဇေ၊ ပုလ္လိင်ကြည် ဣတ္ထိလိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဆုံးမခြင်း ပရိယာယ် ၃-ပုဒ်။ အာဏာ၊ သာသနံ၊ အမိန့်။ ဝါ၊ အာဏာ။ ဝါ၊ စေခိုင်းခြင်း။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ဟူ၍။ ဉေ ယျံ၊ သိအပ်၏။ အမိန့်, အာဏာ, စေခိုင်းခြင်း ပရိယာယ် ၂-ပုဒ်။ ဥဒ္ဒါနံ၊ ဗန္ဓနံ၊ ချုပ်နှောင်ခြင်း။ ချုပ်နှောင်ခြင်း ပရိယာယ် ၂-ပုဒ်။

[အနုပုဗ္ဗသာသ-ခါတ်, ယု-ပစ္စည်း, ဣတ္ထိလိင် ဧဝတက ဤ-ပစ္စည်းဖြင့် ပြီးသော အနုသာသနီ-သည်လည်း ဆုံးမခြင်းဟော ပရိယာယ်ဖြစ်၏။ အနုသာသနီ နာမ အပုဗ္ဗော ဘဏတိ။ ဝိ၊ ၁။ ၉၉။ အယံ ခေါ အမှာကံ အနုသာသနီ။ မ၊ ၁။ ၅၆။ အပဝါဒ, နိဒ္ဒေသ, သိဋ္ဌ-တို့လည်း အမိန့်, အာဏာ, စေခိုင်းခြင်း ပရိယာယ် တို့တည်း။ အပဝါဒေါ နိဒ္ဒေသော သိဋ္ဌ ပျတြ။ ဋီကာ။]

(၃၅၅) အာဂု ဝုတ္တ မပရာခေါ၊ ကရော တု ဗလိ မုစ္စတေ။
ပုဏ္ဏာပတ္တော တုဋ္ဌိဒါယော၊ ဥပဒါ တု စ ပါဘတံ။

(၃၅၆) တတော ပါယန မုက္ကောစော၊ ပဏ္ဏာကာရော ပဟေဏကံ။
သုက် တွန်ိတ္ထိ ဂုမ္ဗာဒိ-ဒေယျော ထာယော ခနာဂမော။

(၃၅၅၊ ၃၅၆) အာဂု၊ အပရာခေါ၊ အပြစ်။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ အပြစ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကရော၊ ဗလိ၊ အခွန်။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အခွန်ပရိယာယ် ၂-ပုဒ်။ ပုဏ္ဏာပတ္တော၊ တုဋ္ဌိ-ဒါယော၊ ဆုလာဘ်။ ဆုလာဘ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဥပဒါ၊ ပါဘတံ၊ လက်ဆောင်။ တတော၊ ထိုမှတပါး။ ဥပါယနံ၊ ဥက္ကောစော၊ ပဏ္ဏာကာရော၊ ပဟေဏကံ၊ လက်ဆောင်။ လက်ဆောင်ပရိယာယ် ၆-ပုဒ်။ တု၊ ထိုမှတပါး။ သုက်၊ သုက်-သဒ္ဒါသည်။ ဂုမ္ဗာဒိဒေယျေ၊ ရေလမ်း, ကုန်းလမ်း အစရှိသည်တို့မှ ပေးအပ်သော အခွန်၌။ ဝါ၊ ရေဆိပ်, ကုန်းဆိပ် အစရှိသော အကောက်တော် အခွန်တော်ဌာနမှ ပေးအပ်သော အခွန်၌။ ဝတ္တတိ၊ ဖြစ်၏။ သုက်၊ အကောက်ခွန်။ အနိတ္ထိ၊ သုက်-သဒ္ဒါ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ အထ၊ ထိုမှတပါး။ အာယော၊ ခနာဂမော၊ အမြတ်အစွန်း။ ဝါ၊ အတိုးအပွါး။ အမြတ်အစွန်း, အတိုးအပွါး ပရိယာယ် ၂-ပုဒ်။

[အာဂု-သဒ္ဒါသည် မကောင်းမှု အကုသိုလ်နှင့် အပြစ်ကိုဟောသည်။ အာဂု ပါပါပရာခေသု။ ဓာန်။ ၁၀၆၄။ အာဂုံ န ဂါမသ္မိ-မကာသိ ကိဉ္စိ၊ သံ၊ ၁။ ၁၂၃၊ ၁၂၇။ အာဂုံ န ဂါမသ္မိံ ကိံ န အခန္တာ-ဂါမေ ပမာဏာတိက္ကန္တံ ပါပကမ္မံ အကာသိ။ သံ၊ ဋ္ဌ၊ ၁။ ၁၇၀။

အာဂူ ဝုစ္စန္တိ(အာဂု ဝုစ္စတိ)ပါပကာ အကုသလာ ဓမ္မာ သံကိလေ-သိကာ .. ဧာတိဇရာမရဏိယာ။ မဟာနိ။ ၁၅၅။ ဗလိ-သဒ္ဒါသည် ပူဇော်ခြင်း, ဗလိနတ်စာတင်ခြင်းကိုလည်း ဟော၏။ ဤနေရာ၌ မူကား အခွန်ဟောဖြစ်၏။ ဗလိန္တိ န်ပ္ပန္နသဿာဒိတော ဆဘာဂံ, သတ္တဘာဂန္တိအာဒိနာ လဒ္ဓကရံ။ ဒီ၊ ဋီ၊ ၂။ ၁၂၃။ နှစ်သက် ဝမ်းမြောက်သဖြင့် ပေးအပ်သော လက်ဆောင်သည် 'ပုဏ္ဏပတ္တ,တုဋ္ဌိ-ဒါယ' မည်၏။ ပုဏ္ဏပတ္တံ မံ လာဘေဟိ၊ ရာဇပုတ္တ ဣတော ဂတော။ ပိတာ မာတာ စ မေ ဒဇ္ဇုံ၊ ရာဇပုတ္တ တယိ ဂတေ။ ဇာ၊ ၂။ ၁၅၀။ တတ္ထ ပုဏ္ဏပတ္တန္တိ တုဋ္ဌိဒါယံ။ သတ္တရတနဝဿံ ဝဿန္တော ဝိယ မမ အဇ္ဈာသယပူရဏံ တုဋ္ဌိဒါယံ ဒဒေယျုံ။ ဇာ၊ဋ္ဌ၊ ၈။ ၁၉။ တုဋ္ဌိဒါယန္တိ ပဏ္ဏာကာရံ၊ ပဏ္ဏာကာရော ဟိ တုဋ္ဌိဝသေန ဒါတဗ္ဗတ္တာ "တုဋ္ဌိ-ဒါယော"တိ ဝုစ္စတိ။ မူလပက္ခဇာတ ဋီကာ။ သုက်' တွနိတ္တိ ဂုမ္ဗာ-ဒိဒေယျ-ဟု ဆိုသည်ကား ငုပ်သည်။ ဒီ၊ ဋီ၊ ၂။ ၁၂၃-၌ သုက်န္တိ ဘဏ္ဍံ ဂဟေတွာ ဂစ္ဆန္တေဟိ ပဗ္ဗတခဏ္ဍ နဒီတိတ္ထ ဂါမ ဒွါရာ ဒိသု ရာဇပုရိသာနံ ဒါတဗ္ဗဘာဂံ-ဟု ဖွင့်ရာ ပို၍ထင်ရှားသည်။ အာယ-သဒ္ဒါ အမြတ်အစွန်း အတိုးအပွါးကို ဟော၏။ တတော ဇာတေန အာယေန၊ မဟာယည မကပ္ပယိ(သုတ္တနိ။ ၄၂၇)တိ တသ္မိံ ဂါမေ ကသိကမ္မာဒိနာ သတသဟဿံ အာယော ဥပ္ပဇ္ဇိ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၉၆။]

(၃၅၇) အာတပတ္တံ တဿာ ဆတ္တံ၊ ရညံ တု ဟေမမာသနံ။
သီဟာသနံ အထော ဝါလ-ဗီဇနီ'တ္ထိ စ စာမရံ။

(၃၅၇) အာတပတ္တံ၊ ထီး။ တဿာ၊ ထိုမှတပါး။ ဆတ္တံ၊ ထီး။ ထီး ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ရညံ၊ မင်းတို့၏။ ဟေမမာသနံ၊ ရွှေဖြင့်ပြီးသော နေရာသည်။ သီဟာသနံ၊ သီဟာသနမည်၏။ ဝါ၊ မြတ်သောနေရာမည်၏။ အထော၊ ထိုမှတပါး။ ဝါလဗီဇနီ၊ စာမရီသားမြီးယပ်။ ဣတ္ထိ၊ ဝါလဗီဇနီ-သဒ္ဒါ ဣတ္ထိလိင်တည်း။ စာမရံ၊ စာမရီသားမြီးယပ်။ စာမရီ သားမြီးယပ် ပရိယာယ် ၂-ပုဒ်။

[အာတပတော တာယတိ ရက္ခတီတိ အာတပတ္တံ-ဟု ဝိဂြိုဟ်ပြုရာ၏၊ ဋီကာ၌ အာဘာပတော သူရိယာလောကတော တာယတီတိ

အာတပတ္တံ-ဟု ဖွင့်သည်။ ဆတြ-သည်လည်း ထီးဟောပရိယာယ် တည်း။ အာတပံ ဆာဒေတီတိ ဆတ္တံ၊ဆတြံ။ကစ္စည်း။ ၆၅၆-သုတ်။]

(၃၅၈) ခဂ္ဂေါ စ ဆတ္တ မုဏှိသံ၊ ပါဒုကာ ဝါလဗီဇနီ။
လ္လမေ ကကုဓဘဏ္ဍာနိ၊ ဘဝန္တိ ပဉ္စ ရာဇူနံ။

(၃၅၈) ခဂ္ဂေါ စ၊ သံလျက်ရင်း။ ဆတ္တံ၊ ထီးဖြူရင်း။ ဥဏှိသံ၊ သင်းကျစ်ရင်း။ ပါဒုကာ၊ ခြေနင်းရင်း။ ဝါလဗီဇနီ၊ စာမရီသားမြီးယပ်ရင်း။ ဣတိ၊ ဤသို့။ (ထည့်) လ္လမေ ပဉ္စ၊ ဤငါးပါးတို့သည်။ ရာဇူနံ၊ မင်းတို့၏။ ကကုဓဘဏ္ဍာနိ၊ မင်းမြောက်တန်းဆာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

[ကကုဓဘဏ္ဍ-ဟူသည် ကုကဓဘဏ္ဍ-ဟု ဆိုလိုလျက် ကကုဓဘဏ္ဍ-ဟု ပြန်နေသည်။ ကုက=ယူ၍၊ ဓ=ဆောင်အပ်သော၊ ဘဏ္ဍ= ပစ္စည်းဥစ္စာ ဘဏ္ဍာ ဟူ၏။ မင်းများ အဘိသိက်သွန်းသောအခါ၊ ကြွမြန်းသောအခါ ထာဝစဉ် ဆောင်ယူအပ်သော မင်းဥစ္စာဘဏ္ဍာ အဆင်တန်းဆာ ဟူ၏။ သင္ဂိနိပါတ် သံကိစ္စဇာတ် (ဇာ၊ ၂။၅၉) ၌–

နိက္ခိပ္ပ ပဉ္စ ကကုဓာနိ၊ ကာသိနံ ရဋ္ဌဝဍ္ဎနော။
ဝါလဗီဇနိ မုဏှိသံ၊ ခဂ္ဂံ ဆတ္တဉ္စုပါဟနံ–

ဟု လာ၏။ အဘိဓာန်နှင့် တူ၏။ စဉ်ပုံသာ ကွာခြား၏။ အံဋ္ဌ၊ ၁။ ၁၅၂-၌–"သေတစ္ဆတ္တဥဏှိသဝါလဗီဇနိခဂ္ဂမဏိပါဒုကာနိ ပဉ္စဝိဓံ ရာဇကကုဓဘဏ္ဍန္တိ ဝဒန္တိ။ လ္လဓ ပန သေတစ္ဆတ္တံ ဝိသုံ ဂဟိတန္တိ သီဟာသနံ ပဉ္စမံ ကတွာ ဝဒန္တိ"ဟု လာ၏။ ဝဒန္တိဝါဒ-ထီးဖြူ, သင်းကျစ်, စာမရီသားမြီးယပ်, သံလျက်, ပတ္တမြားခြေနင်း အားဖြင့် ၅-ပါးတည်း။ သမာနဝါဒအားဖြင့်မူကား (၁) သီဟာ-သနပလ္လင်၊ (၂) သင်းကျစ်၊ (၃) စာမရီသားမြီးယပ်၊ (၄) သံလျက်၊ (၅) ပတ္တမြားခြေနင်း ဖြစ်၏။ မင္ဂ၊၃။၂၄၂-၌လည်း–

ဝါလဗီဇနိ မုဏှိသံ၊ ခဂ္ဂံ ဆတ္တဉ္စုပါဟနံ။
ဩရုယှ ရာဇာ ယာနမှာ၊ ဌပယိတွာ ပဋိစ္ဆဒန္တိ–

အာဂတာနိ ပန ပဉ္စပိ ရာဇကကုဓဘဏ္ဍာနိ အဒါသိ-ဟူ၍ ပသေနဒီ ကောသလမင်းကြီးက ဒီဃကာရာယန စစ်သူကြီးအား မင်းမြောက် တန်းဆာ ၅-ပါး ပေးပုံ လာသေး၏။]

(၃၅၉) ဘဒ္ဒကုမ္ဘော ပုဏ္ဏကုမ္ဘော၊ ဘိင်္ဂါရော ဖလဒါယကော။
ဟတ္ထိဿရထပတ္တိ တု၊ သေနာ ဟိ စတုရင်္ဂိနီ။

(၃၅၉) ဘဒ္ဒကုမ္ဘော၊ ပုဏ္ဏကုမ္ဘော၊ ရေပြည့်အိုး။ ရေပြည့်အိုး ပရိယာယ် ၂-ပုဒ်။ ဘိင်္ဂါရော၊ ဖလဒါယကော၊ ရေကယား။ ရေကယား ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဟတ္ထိဿရထပတ္တိ၊ ဆင်, မြင်း, ရထား, ခြေလျင်စစ်တပ်အပေါင်းသည်။ စတုရင်္ဂိနီ၊ အင်္ဂါလေးပါးရှိသော။ သေနာ၊ စစ်တပ်မည်၏။

[ဋီကာ၌ "ဒွယံ ပုဏ္ဏဃဋေ။ ဖလပုဏ္ဏတ္တာ ဘဒ္ဒေါ ကလျာဏော ကုမ္ဘော ဘဒ္ဒကုမ္ဘော" ဟု ဖွင့်သဖြင့် ရေပြည့်အိုး ဟူ၏။ သို့ရာတွင် ဘုရားရှင်၏ ခြေတော်ရာ၌ ပါရှိသော ပုဏ္ဏဃဋ, ပုဏ္ဏပါတိ-တို့ကို သိဒ္ဓတ္ထာဒိပုဏ္ဏဃဋပုဏ္ဏပါတိယော" ဟု ဒီ၊ဋ္ဌ၊၂။၃၇။ မ၊ဋ္ဌ၊၂။၁၇၂-တို့၌ ဖွင့်သည်။ မုံညင်းစေ့-စသည်တို့ဖြင့် ပြည့်သောအိုး ဟူလို၏။

ဟတ္ထိ အဿာ ရထာ ပတ္တိ၊ သေနာ စ စတုရင်္ဂိနီ။
ပရိဝါရေဿန္တိ မံ နိစ္စံ၊ သံဃာရာမဿိဒံ ဖလံ။

အပ၊၁။၄၃။ ဥပါလိတ္ထေရာပဒါန်၊ ပိဋကတ်တော်၌ ယင်း စစ်သည် အင်္ဂါလေးပါး များစွာ လာ၏။]

(၃၆၀) ကုဉ္ဇရော ဝါရဏော ဟတ္ထီ၊ မာတင်္ဂေါ ဒွိရဒေါ ဂဇော။
နာဂေါ ဒွိပေါ ဣဘော ဒန္တီ၊ ယူထဇေဋ္ဌော တု ယူထပေါ။

(၃၆၀) ကုဉ္ဇရော၊ ဝါရဏော၊ ဟတ္ထီ၊ မာတင်္ဂေါ၊ ဒွိရဒေါ၊ ဂဇော၊ နာဂေါ၊ ဒွိပေါ၊ ဣဘော၊ ဒန္တီ၊ ဆင်။ ဆင်ပရိယာယ် ၁၀-ပုဒ်။ ယူထဇေဋ္ဌော၊ ယူထပေါ၊ ဆင်အပေါင်းတို့၏ အကြီးအကဲဖြစ်သော ဆင်။ ဝါ၊ ဆင်သင်းမှူး။ ဝါ၊ ဆင်မင်း။ ဆင်အပေါင်းတို့၏ အကြီးအကဲဖြစ်သော ဆင်, ဆင်သင်းမှူး, ဆင်မင်းပရိယာယ် ၂-ပုဒ်။

[ကုဉ္ဇရပုဒ်ကို "ကုဉ္ဇေ ဂိရိကူဋေ ရမတိ အဘိရမတိ၊ တတ္ထ ဝါ ရဝတိ ကောဉ္စနာဒံ နဒန္တော ဝိစရတိ၊ ကုံ ဝါ ပထဝိံ တဒဘိဃာတေန ဇရယတီတိ ကုဉ္ဇရော" ဟု ဝိဂြိုဟ်

၃-ဝိကပ် ဖွင့်သည်။ ဆင်ကို ၄-မျိုးခွဲ၍ အမှတ်ပြုကြသည်။ (၁) ဟိုင်း=အစွယ် မထွက်သည့် ဆင်မျိုး၊ (၂) ဟန်=အစွယ်နှစ်ချောင်း သစ်ခွံထိုးထွက်သော ဆင်မျိုး၊ (၃) တည်=အစွယ်တချောင်းသာ အပြင်သို့ထွက်သော ဆင်မျိုး၊ (၄) တံ=အစွယ်သစ်ခွံထိုး ၁-ချောင်းသ[…] ထွက်သော […]င်မျိုးအားဖြင့် ၄-မျိုး ခွဲသားသည်။ ရွှေနန်းသုံး ။ ၁၉၃ ။ ဆင်များသည် အသက် ၆၀-ရှိလျှင် အ[…]းယုတ်ကြောင်း ပိဋကဥ္စ လာရှိ၏။ 'ဆင်သက်တရာ' ဟု ဆိုကြသည်။ ၆၀-အရွယ် အားယုတ်ပြီ ဖြစ်သဖြင့် အသက် ၇၀, ၈၀, ၉၀, ၁၀၀-ပဟ်ဝန်းကျင် သက်တန်းဖြစ်ကြောင်း သိသာ၏။ သေယျထာပိ နာမ ကုဥ္စရော သဋ္ဌိဟာယနော ဂမ္ဘီရံ ပေါက္ခရဏိံ ဩဂါဟေတွာ သာဏဓောဝိကံ နာမ ကီဠိတံ ဇာတံ ကီဠတိ။ မ၊ ၁။ ၂၉၂။ မ၊ ၂။ ၃၁။ သဋ္ဌိ ဗာရည်ကာ နာဂါ၊ ကုဥ္စရာ သဋ္ဌိဟာယနာ။ အပ၊ ၁။ ၅၈။ "တရာ့ဟဆယ်၊ သက်အရွယ်ကား၊ ဆင်သားငယ်နှင့်၊ အကာယ်တူစင် သိနားဝင်။ တရာ့နှစ်ဆယ်၊ အရွယ်သက်တုံ၊ တုန်တုန်ရိုက်ရိုက်၊ ငိုက်ဆိုက်မရွှေ၊ မဟေ့အားအန်၊ အလွန်ကုန်စင် ယိုမျှဆင်" ဟု ပေ်ဆိုခဲ့ကြသည်ကား—အသက်အရှည်ဆုံး ဆင်ကိုရည်၍ ဆိုကြဟန်ရှိ၏။ ဋီကာ၌ သဋ္ဌိဟာယနော, ဒန္တာဝဠလော, အခနကပေါ, မာတင်္ဂဇော, ကရိ, ထမ္ဘေရမော, ပဒ္ဓိ, မဟာမိဂေါ, ပိလု, သမ္ဗုဇော, ဒီဃမာရုတော, ရာဇီဝေါ, ဇလကင္ကော, နိလ္လုဇော, ကရဋ္ဋိ, ဝရဂေါ, သုပ္ပကဏ္ဏော-စသော ဆင်ဟော ပရိယာယ်ကြွင်းများကို အမရကောသ-စသည်မှ ယူ၍ ထုတ်ပြ၏။ ပါဠိစာပေ ဝါသနာရှင်များအတွက် ကျေးဇူးများ၏။]

(၃၆၁) ကာဠာဝကဂင်္ဂေယျာ၊ ပဏ္ဍရ တမ္ဗာ စ ပိင်္ဂလော ဂန္ဓော။
မင်္ဂလဟေမော'ပေါသထ–ဆဒ္ဒန္တာ ဇကုလာနိ ဇတာနိ။

(၃၆၁) ကာဠာဝကဂင်္ဂေယျာ၊ ကာဠာဝကဆင်, ဂင်္ဂေယျဆင်တို့ရင်း။ ပဏ္ဍရတမ္ဗာ စ၊ ပဏ္ဍရဆင်, တမ္ဗဆင်တို့ရင်း။ ပိင်္ဂလော၊ ပိင်္ဂလဆင်ရင်း။

ဂန္ဓော၊ ဂန္ဓဆင်ရှင်း။ မင်္ဂလဟေမော၊ မင်္ဂလဆင်, ဟေမဆင်ရှင်း။ ဥပေါသထဆဒ္ဒန္တာ၊ ဥပေါသထဆင်, ဆဒ္ဒန္တဆင်တို့ရှင်း။ ဣတိ၊ ဤသို့။ တောနိ၊ ဤသည်တို့ကား။ ဂဇကုလာနိ၊ ဆင်မျိုးတို့တည်း။ ဆင်မျိုး ၁၀-ပါး။

[အဘိဓာန်ကျမ်းပြုဆရာတော် အရှင်မောဂ္ဂလ္လာန်သည်—

ကာဠာဝကဉ္စ ဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗပိင်္ဂလံ။
ဂန္ဓမင်္ဂလဟေမဉ္စ၊ ဥပေါသထဆဒ္ဒန္တိမေ ဒသ—

ဟူသော မငွ၁။၃၃၁။ သံ၀ငွ၊၂။၄၁။ အံ၀ငွ၊၃။၂၉၃။ အဘိ၀ငွ၊၂။ ၃၀၀။ ဥဒါန၀ငွ။၁၆၄။ ပဋိသံ၀ငွ၊၂။ ၂၁၀။ စူဠနိ၀ငွ။၄၉-တို့ကို မှီး၍ ဆိုတော်မူသည်။ ဒီ၊ ဋ္ဌ၊ ၂။ ၁၆၄ (မဟာပရိနိဗ္ဗာနသုတ်အဖွင့်) ၌ကား—

ဂေါစရိ ကာဠာပေါ ဂင်္ဂေယျော၊ ပိင်္ဂလော ပဏ္ဍရော တမ္ဗော။
ဟေမ၀တော စ တမ္ဗော စ၊ မန္ဒာကိနီ ဥပေါသထော။
ဆဒ္ဒန္တောယေ ဒသမော၊ ဧတေ နာဂါနံ မုတ္တမာ—

ဟူသော ဂါထာဖြင့် ဆင် ၁၀-မျိုး ရေတွက်ပုံ တမျိုးလာ၏။ ယင်း ဆင် ၁၀-မျိုးတို့တွင် ကာဠာဝကဆင်ကား မျက်စဉ်းညို အဆင်းနှင့် တူ၏။ ဂင်္ဂေယျဆင် သရက်ရွက် အဆင်းနှင့် တူ၏။ ပဏ္ဍရဆင် ထန်းသီးမှည့် ဖက်ရွက်ရော်အဆင်းနှင့် တူ၏။ တမ္ဗဆင် ကြေးနီ ခေါင်ရန်းပွင့် အဆင်းနှင့် တူ၏။ ပိင်္ဂလဆင် အဖြူ အနီ အ၀ါ အစိမ်း အပြာ အမည်းတို့နှင့် ရောသောအဆင်း ရှိ၏။ ဂန္ဓဆင် အပြာ အဖြူ ရော၏။ နှမ်းချတ်ဆုပ်အဆင်းနှင့် တူ၏။ မင်္ဂလဆင် မည်းနက်သော အဆင်း ရှိ၏၊ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ ဟေမဆင် ရွှေအဆင်းတမျှ တူသောအဆင်း ရှိ၏။ ဥပေါသထဆင် ကား ဖွပ်သစ်သော ပုဆိုးဖြူအဆင်းနှင့် တူ၏၊ နှာမောင်း အမြီး လှပရှည်သွယ်၏၊ ကောင်းသောအဆင်းသဏ္ဌာန် ရှိ၏။ ကောင်း ကင်၌ ကျက်စားနိုင်၏။ ဆဒ္ဒန်ဆင်ကား ငွေမင်းစံ အဆင်းနှင့် တူ၏၊ အစွယ် ၂-ချောင်း ညွတ်၏။ အမြီး ဦးခေါင်း ရှည်သွယ်၏၊ အနီ အဖြူ အစိမ်း အညို အမည်း အဝါ အားဖြင့် ၆-ပါးသော အစွယ်

အဆင်း ရှိ၏။ ဤဆင် ၂-မျိုး အလုံးစုံ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ ကောင်းကင်၌ ပျံသွားနိုင်၏။ ထိုကို ရည်၍—

"ဥပေါသဒ္ဒန်၊ ဖြူမျိုးမှန်လျက်၊ ဖောက်ပြန်ဆင်းမည်း၊ ဖြစ်သတည်းဟု၊ ထုံးနည်းစကား၊ မကြားဘူးရာ"ဟု သံဝရပျို့၌ စပ်ဆိုလေသည်။]

(၃၆၂) ကလဘော စေဝ ဘိင်္ကော၀၊ ပဘိန္နော မတ္တ ဂဇ္ဇိတာ။
ဟတ္ထိဃဋ္ဋာ တု ဂဇတာ၊ ဟတ္ထိနီ တု ကရေဏုကာ။

(၃၆၂) ကလဘော၊ ဘိင်္ကော၊ ဆင်ငယ်။ ဆင်ငယ် ပရိယာယ် ၂-ပုဒ်။ ပဘိန္နော၊ မတ္တော၊ ဂဇ္ဇိတော၊ အမှန်ယစ်သောဆင်။ ဝါ၊ မှန်ယိုဆင်။ (အခိုက်အတန့် ကေဝုစ်နှင့် ပြင်၍ ယောဇနာသည်။ မတ္တ-ကိုလည်း မတ္တော-ဟု ပဌမာကေဝုစ်ဝိဘတ်နှင့် အခိုက်အတန့် ပြင်သည်။) အမှန်ယစ်သောဆင် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဟတ္ထိဃဋ္ဋာ၊ ဂဇတာ၊ ဆင်အပေါင်း။ ဝါ၊ ဆင်သင်း။ ဝါ၊ ဆင်အုပ်။ ဆင်အပေါင်း, ဆင်သင်း, ဆင်အုပ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဟတ္ထိနီ၊ ကရေဏုကာ၊ ဆင်မ။ ဆင်မ ပရိယာယ် ၂-ပုဒ်။

[၅-နှစ်အရွယ်အထိ ဆင်သားငယ်သည် 'ကလဘ' မည်၏။ ပဉ္စဝဿာနိ ယာဝ ကလဘော။ ဋီကာ။ အမှန်ယစ်သောဆင်, မှန်ယိုဆင်ဟူသည် ခါးအရပ်, သိုအိမ်, နားတို့မှ မှန်ရည် (သုက်ရည်) ယိုသောဆင် ဟူ၏။ ကဋ္ဋပ္ပဒေသဝတ္ထိကောသကဏ္ဏတောတိဓာ။ သံ၊ ဋီ၊ ၁။ ၃၁၉။ မျက်စိ, သိုအိမ်, နား-ဟူသော ၃-ပါးသော အရပ်တို့မှ ယိုသောမှန်ရည်ရှိသော ဆင်-ဟုလည်း ဆိုကြသေး၏။အက္ခိကဏ္ဏကောသသခ်ါတဋ္ဌာနဝသေန တီဟိ ပကာရေဟိ ဘိန္နော မဒေါ ယဿာတိ ပဘိန္နမဒေါ။ သီ၊ဋီ၊သစ်၊၁။၁၇၇။]

(၃၆၃) ကုမ္ဘော ဟတ္ထိသိရောပိဏ္ဍာ၊ ကဏ္ဏမူလံ တု စူလိကာ။
အာသနံ ခန္ဓဒေသမှိ၊ ပုစ္ဆမူလံ တု မေစကော။

(၃၆၃) ဟတ္ထိသိရောပိဏ္ဍာ၊ ဆင်ဦးခေါင်း၌ အဖုနှစ်ခု တို့သည်။ ကုမ္ဘော၊ ကုမ္ဘမည်၏။ ဝါ၊ ဦးကင်းမည်၏။ တု၊ ထိုမှတပါး။ ကဏ္ဏမူလံ၊ ဆင်နားရင်းသည်။ စူလိကာ၊ စူလိကာမည်၏။ အာသနံ၊ အာသန-သဒ္ဒါ

သည်။ ခန္ဓဒေသမှိ၊ ပခုံးအရပ်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ပုစ္ဆ-မူလ်၊ မြီးရင်းသည်။ မေစကော၊ မေစကမည်၏။ ဝါ၊ ဆင်မြီးထူးမည်၏။

[ဦးကင်း ၂-ခုတို့၏ အလယ်သည် 'ဝိဒု'မည်၏။ အကုံသဃ်ာင္ဋ ဝိန္ဒတိ အသိ္မံတိ ဝိဒု။ ချွန်းအုပ်ရာ ချွန်းထိုးရာ ဖြစ်၍ 'ဝိဒု' မည်သည် ဟူ၏။ စောဒေန္တိ ဧတ္ထ အင်္ကုသာဒီဟိ အဒန္တန္တိ စူလိကာ။ ဆင်ရိုင်းကို တိုက်တွန်း ထုံးဆွ မောင်းနှင်ရာ ဖြစ်၍ 'စူလိကာ' (စူဠိကာ) မည်၏ ဟူလို။]

(၃၆၄) အာလာန မာဠ္ဟကော ထမ္ဘော- နိဂ္ဂတ္တိ တု နိဂဠော'န္ဒုကော။
သင်္ခလံ တိသ္စထော ဂဏ္ဍော၊ ကဋော ဒါနံ တု သော မဒေါ။

(၃၆၄) အာလာနံ၊ အာဠ္ဟကော၊ ထမ္ဘော၊ ဆင်ချည်တိုင်။ ဆင်ချည်တိုင် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ နိဂဠော၊ အန္ဒုကော၊ ဆင်ထူး။ အန္ဒုသ္မိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ သင်္ခလံ၊ ဆင်ထူး။ အယံ၊ ဤ သင်္ခလ-သဒ္ဒါသည်၊ တိသု၊ လိင် သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဆင်ထူး ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဂဏ္ဍော၊ ဆင်၏ပါးစောင်သည်။ ကဋော၊ ကဋမည်၏။ ဒါနံ၊ မဒေါ၊ ဆင်မုန်။ သော၊ မဒ-သဒ္ဒါ ပုလ္လိင်တည်း။ ဆင်မုန် ပရိယာယ် ၂-ပုဒ်။

[အဋ္ဌကထာများ၌ မုဒ္ဓဇဠ-ဖြင့် အာဠ္ဟာနံ-ဟု ရှိ၏။ အသင့် ချည်းပင် ဖြစ်၏။ အာ-ရှေးရှိသော လာ-ဓာတ်သည် နှောင်ဖွဲ့ခြင်း အနက်ကို ဟော၏။ အာလန္တ္တိ ၊ဿိ ၊ အဒေနန ဝါ ဗန္ဓန္တိတိ အာလာနံ၊ တု။ အာပုဗ္ဗော ပန္ဓနတ္ထော လာ-ဓာတု။ ဋီကာ။ တံ အာဠ္ဟာနေ နိစ္စလံ ဗန္ဓိတွာ။ ခမ္မဋ္ဌ၊ဂါ။ ဇာ၊ဋ္ဌ၊။ ၄၃၉။ အာဠ္ဟာနံ ဘိန္ဒိတွာ ပလာယိတ္ဘာ ဘရညံ ပဝိဋ္ဌော စေကာ ဝါရဏော ကာလေန ကာလံ ဣသိ ကာံ ဝန္ဒတိ။ ဇာ၊ဋ္ဌ၊၄။၃၀၇။]

(၃၆၅) သောဏ္ဍော တု ဒွိသု ဟတ္ထောထ၊ ကရဂ္ဂံ ပေါက္ခရံ ဘဝေ။
မဇ္ဈမှိ ဗန္ဓနံ ကစ္ဆာ၊ ကပ္ပနော တု ကုထာဒယော။

(၃၆၅) တု၊ ထိုမှတပါး။ သောဏ္ဍော၊ နှာမောင်း။ အယံ၊ ဤ သောဏ္ဍ သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဟတ္ထော၊ နှာမောင်း။ ဆင်နှာမောင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကရဂ္ဂံ၊

ဆင်နှာမောင်းဖျားသည်။ ပေါက္ခရံ၊ ပေါက္ခရ မည်သည်။ ဘဝေ၊ ဖြစ်၏။ မဇ္ဈမှိ၊ ဆင်၏ ကိုယ်လယ်၌။ ဗန္ဓနံ၊ ဖွဲ့သိုင်းသောကြိုးသည်။ ဝါ၊ ဖွဲ့သိုင်းသောကကြိုးတန်းဆာသည်။ ကစ္ဆာ၊ ကစ္ဆာမည်၏။ တု၊ ထိုမှတပါး။ ကုထာ-ဒယော၊ ဆင်၏ ကျောက်ကုန်း၌ ခင်းအပ်သော လှပဆန်းကြယ်သော ကမ္ဗလာ အစရှိသည် တို့သည်။ ကပ္ပနော၊ ကပ္ပန မည်၏။ ဝါ၊ ဆင်ကုန်းနှီး မည်၏။

[ဆင်၏ ကိုယ်လယ်၌ ဖွဲ့သိုင်းသောကြိုးကို ဆင်၏ ရင်ဖွဲ့ကြိုးဟုလည်း ခေါ်သည်။ ပုရိသော ဟတ္ထိံ ဒတွာ ကစ္ဆေ သဇ္ဇေယျ။ ဝိ၊၁။၃၀၉။ ကစ္ဆေ သဇ္ဇေယျ-ဟု ဆိုသဖြင့် ပုလ္လိင် နပုလ္လိင်လည်း ဖြစ်နိုင်၏။ လိင်္ဂဝိပလ္လာသကြံလျှင်ကား အဘိဓာန်ဆရာ အဆိုနှင့်ညီ၏။ ကစ္ဆာယ ဗဒ္ဓမာနာယ၊ ကောဥ္စ နဒတိ ဝါနရော။ ဇာ၊၂။၃၇၁။ ကစ္ဆာယာတိ သုဝဏ္ဏကစ္ဆာယ။ ဇာ၊ဋ္ဌ၊၇။၃၇၁။]

(၃၆၆) ဩပဝယှော ရာဇဝယှော၊ သဇ္ဇိတော တု စ ကပ္ပိတော။
တောမရော နိတ္ထိယံ ပါဒေ၊ သိယာ ဝိဇ္ဈနကဏ္ဋကော။

(၃၆၆) ဩပဝယှော၊ ရာဇဝယှော၊ မင်းစီးဆင်။ ဝါ၊ စီးတော်ဆင်။ မင်းစီးဆင်, စီးတော်ဆင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သဇ္ဇိတော၊ ကပ္ပိတော၊ ကကြိုးတင်ပြီးဆင်။ ကကြိုးတင်ပြီးဆင် ပရိယာယ် ၂-ပုဒ်။ ပါဒေ၊ ခြေ၌။ ဝိဇ္ဈနကဏ္ဋကော၊ ထိုးကြောင်းဖြစ်သော လှံသည်။ တော-မရော၊ တောမရ မည်သည်။ ဝါ၊ မှိန်းမည်သည်။ သိယာ၊ ဖြစ်ရာ၏။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ဩပဝယှ-ကို "ရာဇာန မုပဂန္တွာ ဝဟိတု မရဟာတီတိ ဩပဝယှော၊ အရဟတ္ထေ ဏျော"ဟု ဋီကာ ဖွင့်၏။ ဥပ+ဝဟ+ဏျ-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ ယေတေ ရညော ပဿေနဒိဿ ကောသလဿ နာဂါ ဩပဝယှာ။ သံ၊၃။၃၀၅။

ဒဒါမိ န ဝိကမ္ပာမိ၊ ယံ မံ ယာစန္တိ ဗြာဟ္မဏာ။
ပဘိန္နံ ကုဉ္ဇရံ ဒန္တိံ၊ ဩပဝယှံ ဂဇုတ္တမံ။

ဇာ၊၂။၃၁၃။ ဝေဿန္တရဇာတ်။ တတ္ထ ဩပဝယှန္တိ ရာဇဝါဟနံ။ ဇာ၊ဋ္ဌ၊၇။၂၅၂။ ယင်းကို ထောက်၍ ရာဇဝါဟန-လည်း မင်းစီးဆင်

ဟော ပရိယာယ် ဖြစ်၏။ ဤ အဘိဓာန်ကျမ်းနှင့် အဋ္ဌကထာများ၌ ဆင်၏ ခြေထောက်-စသည် တို့၌ ထိုးကြောင်းလှံ-ဟု ဆိုသည်။ ဝါ၊ ဆင်ခြေထိုးမှိန်းဟု ဆိုသည်။ တောမရ(ဒီ၊၂။၂၁၃)၌ ပါဠိ- ဒီသု ဝိဇ္ဇုနဒဏ္ဍတောမရံ။ ဒီဋ္ဌ၊၂။၂၉၄။ သို့ရာတွင် စစ်ပွဲ၌ ရန်သူမင်းအချင်းချင်း စစ်သားအချင်းချင်း ထိုးပစ်သော လှံကို လည်း တောမရ-ဟု အသုံးရှိ၏။

ဝိဇ္ဈာပေသိ စ ဒန္တေဟိ၊ တံ ဟတ္ထိံ သကဟတ္ထိနာ။
တောမရံ ခိပိ ဋ္ဌောရံ၊ သဟတ္ထိ တတ္ထ သော ပတိ။

မဟာဝံသ။၂၅။၇၀။ တံ ဟတ္ထိံ သကဟတ္ထိနာတိ ဒုဋ္ဌဂါမဏိ ရာဇာ အတ္တနော ကဏ္ဍုလဟတ္ထိနာ တံ ဋ္ဌောရဂုဋ္ဌ မဟာပဗ္ဗတ နာမ ဟတ္ထိံ ဒန္တေဟိ ဝိဇ္ဈာပေသိ စ၊ ဋ္ဌောရဿ စ တောမရံ ခိပိ ဝိဇ္ဈာပေသီတိ အတ္ထော။ မဟာဝံသဋီကာ၊ သီဟိုဠ်မူ။၃၄၉။]

(၃၆၇) တုတ္တံ တု ကဏ္ဍမူလမှိ၊ မတ္တကမှိ တု အင်္ကုသော။
ဟတ္ထာရောဟော ဟတ္ထိမေဏ္ဍော၊ ဟတ္ထိပေါ ဟတ္ထိဂေါပကော။

(၃၆၇) ဘု၊ ထိုမှတပါး။ ကဏ္ဍမူလမှိ၊ နားရင်း၌။ ဝိဇ္ဈနကဏ္ဍကော၊ ထိုးကြောင်းဖြစ်သော လှံသည်။ ဝါ၊ ထိုးကြောင်းဖြစ်သော သံဆူးသည်။ ဝါ၊ ချွန်းငယ်သည်။ တုတ္တံ၊ တုတ္တ မည်၏။ ဝါ၊ သံဆူးရှိသော နားရင်း ထုပ် မည်၏။ ဝါ၊ သံချွန်တပ် နားရင်းတုတ်မည်၏။ တု၊ ထိုမှတပါး။ မတ္တကမှိ၊ ဆင်ဦးထိပ်၌။ ဝိဇ္ဈနကဏ္ဍကော၊ ထိုးကြောင်းဖြစ်သော လှံသည်။ ဝါ၊ ချွန်းသည်။ အင်္ကုသော၊ အင်္ကုသ မည်၏။ ဝါ၊ ချွန်းမည်၏။ ဟတ္ထာ- ရောဟော၊ ဟတ္ထိမေဏ္ဍော၊ ဟတ္ထိပေါ၊ ဟတ္ထိဂေါပကော၊ ဆင်ဦးစီး။ ဆင်ဦးစီးပရိယာယ် ၄-ပုဒ်။

[တုတ္တ-သဒ္ဒါမြ် ကျမ်းရုံ ဒေဟာနက်များကို အောက်ပါအတိုင်း သိမှတ်ရာ၏။ တုတ္တံ ဝုစ္စတိ ကဏ္ဍမူလေ ဝိဇ္ဈနအင်္ကုသဒဏ္ဍကော။ ဒီ၊၂၊၂။၂၉၄။ ဤအလို ဆင်၏နားရင်း၌ ထိုးကြောင်း သံချွန်တပ် နားရင်းတုတ်။ တုတ္တေဟိတိ ဒွိကဏ္ဍကာဟိ ဒီဃလဋ္ဌိဟိ။ စရိယာ၊ ဋ္ဌ။၂၀၀။ ဇာ၊ဋ္ဌ၊၄။၃၁၁။ ဤအလို အရှိုးရှည် ခက်ရင်း တောတြ(တ္တ)နှု ပြာဇနေ ဝေဏုကေပိ စ။ မေဒိနီကောသ

၂၇။ ၄၆။ တုတ္တဝေဂဟတံ ဝိယာတိ တုတ္တံ ဝုစ္စတိ အယော-ကဏ္ဍကသီသော ဒီဃဒဏ္ဍော၊ ယော "ပတောဒေါ"တိ ဝုစ္စတိ။ စရိယာ၊ ၄။ ၂၀၄။ ဤအလို သံချွန်တပ် နှင်တံ၊ တံဖျာ။ ဆင်ဦးစီးကို ချွန်းစွဲဟူ၍လည်း ခေါ်သည်။ "ဆင်မှူး ဆင်ကဲ၊ ချွန်းစွဲ လုံကိုင်၊ နောက်ထိုင်, ကိုယ်သယ်"ဟူသော ဆိုရိုးစကား၌ ချွန်းစွဲဆိုသည်မှာ ဦးစီးကို ဆိုသည်။ လုံကိုင် ဆိုသည်မှာ ကုန်းလယ်စီးကို ဆိုသည်။ နောက်ထိုင် ဆိုသည်မှာ ပဲ့စီးကို ဆိုသည်။ ကိုယ်သယ် ဆိုသည်မှာ ကုန်းလယ်စီး မကျန်းမမာရှိ၍ ကိုယ်စားလှယ် လိုက်ရသူကို ဆိုသည်။ ရွှေနန်းသုံး။ ၁၇၉။]

(၃၆၇) ဂါမဏိယော တု မာတင်္ဂ-ဟယာဒျာစရိယော ဘဝေ။
ဟယော တုရင်္ဂေါ တုရဂေါ၊ ဝါဟော အဿော စ သိန္ဓဝေါ။

(၃၆၇) တု၊ ထိုမှတပါး။ မာတင်္ဂဟယာဒျာစရိယော၊ ဆင်ဆရာ, မြင်းဆရာ-အစရှိသော ဆရာသည်။ ဂါမဏိယော၊ ဂါမဏိယမည်သည်။ ဘဝေ၊ ဖြစ်၏။ ဟယော၊ တုရင်္ဂေါ၊ တုရဂေါ၊ ဝါဟော၊ အဿော၊ သိန္ဓ-ဝေါ၊ မြင်း။ မြင်းပရိယာယ် ၆-ပုဒ်။

[ဂါမဏိယ-သဒ္ဒါ ဆင်စီးသူရဲ, ဆင်ဦးစီးဆရာကိုလည်း ဟော-သည်။ ဂါမဏိယေဟီတိ ဟတ္ထာစရိယေဟိ။ ဇာ၊ ၄၊ ၅။ ၂၇၆။ မြင်းစီးသူရဲ, မြင်းဆရာကိုလည်း ဟော၏။ ဂါမဏိယေဟီတိ အဿာစရိယေဟိ။ ဇာ၊ ၄၊ ၅။ ၂၇၆။ ရထားစီးသူရဲ, ရထားထိန်းကိုလည်း ဟော၏။ ဂါမဏိယေဟီတိ ရထိကေဟိ။ ဇာ၊ ၄၊ ၅။ ၂၇၆။

မြင်းပရိယာယ် ၆-ပုဒ်တွင် သိန္ဓဝ-သည် သိန္ဓောမြင်း ဟူသော မြင်းထူး မြင်းကောင်း မင်္ဂလာမြင်း ဟောသည်။ ရွှေခွက်၌ ထည့်၍ ဘုရင့်ပွဲတော်စာကဲ့သို့ ကောင်းသော အစားအစာများကို ကျွေးရသည်။ ပြေးလျှင် ပြေးသည့်ကိုပင် မမြင်ရလောက်အောင် မြန်၏။ ကမ္ဗလာစ၊ သို့မဟုတ် အဝတ်နီကို ခြေ၌ ဖွဲ့ချီ၍ ပြေးလျှင် မီးပန်းရမ်းသကဲ့သို့ နီရဲရဲကို တွေ့ရသည်ဟု ဆို၏။ မ၊ ၄၊ ၃။ ၁၁၃။ ဘဒ္ဒါလိသုတ်-ကြည့်။]

(၃၆၉) ဘေဒေါ အဿတရော တဿာ – ဇာနိယော တု ကုလီနကော။
သုခဝါဟီ ဝိနီတော ထ၊ ကိသောရော ဟယပေါတကော။

(၃၆၉) အဿတရော၊ အဿတိုရ်မြင်းသည်။ တဿာ၊ ထိုမြင်း၏။ ဘေဒေါ၊ အထူးတည်း။ တု၊ ထိုမှတပါး။ ကုလီနကော၊ အမျိုးကောင်းသော မြင်းသည်။ အာဇာနီယော၊ အာဇာနည်မြင်း မည်၏။ သုခဝါဟီ၊ အရှင်သခင်ကို ချမ်းသာစွာ ဆောင်ယူသော မြင်းသည်။ ဝိနီတော၊ ဝိနီတ မည်၏။ ဝါ၊ သင်ပြပြီးမြင်း မည်၏။ ဝါ၊ ယဉ်ကျေးပြီးမြင်း မည်၏။ အထ၊ ထိုမှတပါး။ ကိသောရော၊ ဟယပေါတကော၊ မြင်းငယ်။ ဝါ၊ မြင်းကလေး၊ မြင်းငယ်, မြင်းကလေးပရိယာယ် ၂-ပုဒ်။

[အဿတိုရ်မြင်း ဟူသည် မြည်းဖိုနှင့် မြင်းမ စပ်၍ မွေးသော မြင်းတည်း။ ဠဓ ဝဋ္ဋံ ဂဒြဘေန သမ္ဘယောဇေယျုံ၊ တေသံ သမ္ဘယောဂ မနွာယ ကိသောရော ဇာယေထ။ ယော သော ဝဋ္ဋဝါယ ဂဒြဘေန ကိသောရော ဥပ္ပန္နော သိယာ၊ သော မာတုပိ သဒိသော၊ ပိတုပိ သဒိသော။ အဿောတိပိ ဝတ္တဗ္ဗော၊ ဂဒြဘော- တိပိ ဝတ္တဗ္ဗောတိ။ ကုဏ္ဍံ ဟိ သော ဘော ဂေါတမ အဿတရော ဟောတိ။ မ၊ ၂။ ၃၆၀။ အဿလာယနသုတ်။ မြင်းဖိုကြောင့် လားမြင်းမ အဿတရီမှ မွေးသောမြင်းသည် အဿတိုရ်မြင်း မည်၏ဟု ကနည်း ဖွင့်သေးသည်။ မြင်းလားကြောင့် မြည်းမ ကိုယ်ဝန်ရှိပြာ ဖွားချိန်ကျလျှင် မဖွားနိုင်သဖြင့် ငုတ် ၄-ငုတ်စိုက်၍ ခြေထောက် ၄-ဖက်ကို မြဲစွာတုတ်ချီ၍ ဝမ်းမှ ဖောက်ယူရသည်ဟု ဆိုသည်။ သံ၊ ၃၊ ၂။ ၁၉၅။]

(၃၇၀) ဃောဋကော တု ခဠုင်္ကော ယ၊ ဇဝနော စ ဇဝါဓိကော။
မုခါဓာနံ ခလိနော ပါ၊ ကသာ တွဿာဘိတာဠနီ။

(၃၇၁) တု၊ ထိုမှတပါး။ ဃောဋကော၊ ခဠုင်္ကော၊ မြင်းယုတ်။ ဝါ၊ မြင်းကြမ်း။ မြင်းယုတ်, မြင်းကြမ်းပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဇဝနော၊ ဇဝါဓိကော၊ မြင်းပြန်။ ဝါ၊ အပြေးလွန် အမြန်လွန်သောမြင်း။ မြင်းမြန် ပရိယာယ် ၂-ပုဒ်။ မုခါဓာနံ၊ ခလိနော၊ မြင်းဆက်။ မြင်းဆက်

ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဿာဘိတာဠိနီ၊ မြင်းနှင်တံ တဖျာ သည်။ ကသာ၊ ကသာ မည်၏။ ဝါ၊ ကြာပွတ် မည်၏။

[ဃောဋကော နာမ အဿခဠုင်္ကော-ဟု မာဠီ၊ ၂။ ၅-၌ လာသဖြင့် ခဠုင်္က-ချည်း မဟုတ်ပဲ အဿခဠုင်္က-ကိုလည်း ပရိယာယ် ၁-ပုဒ် ယူနိုင်၏။ ယထာ စ ဝလာဟကော အဿရာဇာ န ဂဒြ-ဘကုလေ ဝါ ဃောတကကုလေဝါ ဥပ္ပဇ္ဇတိ။ မ၊ဋ္ဌ၊၁၊၃၁၂။ အံ၊ဋီ၊ ၂။၃၉၂။ မုခါဠှာနံ ခလီနော ဝါ-၌ မုခါဓာနံ ခလီနော ဝါ-ဟု ရှိတတ်သည်။ သင့်သည်ပင်။ မုခါဓာနေ ကာရဏံ ကာရေတီတိ ခလီနဗန္ဓာဒိဟိ မုခဠပနေ သာဓုကံ ဂိဝံ ပဂ္ဂဏှာပေတုံ ကာရဏံ ကာရေတိ။ မ၊ဋ္ဌ၊၃၊၁၁၁။]

(၃၇၁) ကုသာ တု နာသရဇ္ဇုမှိ၊ ဝဋဝါ'ဿာ ခုရော သဖံ။
ပုစ္ဆ မနိတ္ထိ နင်္ဂုဋ္ဌ၊ ဝါလဟတ္ထော စ ဝါလဓိ။

(၃၇၁) တု၊ ထိုမှတပါး။ ကုသာ၊ ကုသာ-သဒ္ဒါသည်။ နာသရဇ္ဇုမှိ၊ နှာရှုပ်ကြိုး၌။ ဝတ္တတိ၊ ဖြစ်၏။ ဝဋဝါ၊ အဿာ၊ မြင်းမ။ မြင်းမပရိယာယ် ၂-ပုဒ်။ ခုရော၊ သဖံ၊ ခွါ။ ခွါပရိယာယ် ၂-ပုဒ်။ ပုစ္ဆံ၊ အမြီး။ အယံ၊ ဤ ပုစ္ဆ-သဒ္ဒါသည်။ အနိတ္ထီ၊ ပုလ္လိင် နပုလ္လိင်တည်း။ နင်္ဂုဋ္ဌံ၊ အမြီး။ အမြီး ပရိယာယ် ၂-ပုဒ်။ ဝါလဟတ္ထော၊ ဝါလဓိ၊ မြီးဖျား။ မြီးဆံနှင့်တကွ ဖြစ်သော မြီးဖျား။ မြီးဖျား, မြီးဆံနှင့်တကွဖြစ်သောမြီးဖျား ပရိယာယ် ၂-ပုဒ်။

[သုဘူတိ သီဟိုဠ်နိဿယ-၌ နာသ်လနုဝ=နှာခေါင်းကြိုး ဟူ၏။ အမရ။၁၀။၄၆-၌ ဝါမီ, အဿာ, ဝဍဝါ-ဟု မြင်းမဟောပရိယာယ် ၃-ပုဒ် လာ၏။ အနိတ္ထိကို ပုစ္ဆံနှင့် စပ်ရာ၏။ ဋီကာ၌ ဒွေပိ အနိတ္ထိယံ=ပုစ္ဆ, နင်္ဂုဋ္ဌ ၂-ပုဒ်လုံး ပုလ္လိင်, နပုလ္လိင်ဟု ဆို၏။ သို့ရာတွင် ပိဋက-၌ နင်္ဂုဋ္ဌ-သဒ္ဒါ ပုလ္လိင်ဟော မတွေ့ရ၊ နပုလ္လိင်နှင့် ချည်း တွေ့၏။ သို့ဖြစ်၍ အနိတ္ထိ ကို ပုစ္ဆနှင့်သာ စပ်၍ ယောဇနာ သည်။ ယေဟိ ဘိက္ခဝေ ဇစ္စန္ဓေဟိ ဟတ္ထိဿ နင်္ဂုဋ္ဌံ ဒိဋ္ဌံ အဟောသိ။ ဥဒါန။၁၆၁။ တထာ နင်္ဂုဋ္ဌံ။ ဒီ၊ဋ္ဌ၊၂။၇၇။ သီဟဿာပိ....ကော် နင်္ဂုဋ္ဌံ။ ဒီ၊ဋ္ဌ၊၃။၁၂။ ရင်းပြင် သံ၊ဋ္ဌ၊၂။၈၁။ ဓမ္မ၊ဋ္ဌ၊၂။၂၅၈။ ဇာ၊ဋ္ဌ၊၆။

၁၇၆-တို့၌လည်း နပုလ္လိင်နှင့်ပင် လာ၏။ အမရ။၁၀–၅၀-၌ ပုဋ္ဌော အဋ္ဌိ-ဟုပင် ရှိ၏။]

(၃၇၂) သန္ဒနော စ ရထော ဖုဿ-ရထော တု န ရဏာယ သော။
ဧမ္မာဝုတော စ ဝေယဂ္ဃော၊ ဒေပ္ပေါ ဗျဂ္ဃဿ ဒီပိနော။

(၃၇၂) သန္ဒနော၊ ရထော၊ စစ်ရထား။ ဝါ၊ စစ်တိုက်ရထား။ ဝါ၊ စစ်ထိုးရထား။ စစ်ရထား, စစ်တိုက်ရထား, စစ်ထိုးရထား ပရိယာယ် ၂-ပုဒ်။ ယော၊ အကြင်ရထားသည်။ ရဏာယ၊ စစ်ထိုးခြင်းငှါ။ ဝါ၊ စစ်တိုက်ခြင်းငှါ။ န၊ မဟုတ်။ သော၊ ထိုရထားသည်။ ဖုဿရထော၊ ဖုဿရထမည်၏။ ဝါ၊ မင်္ဂလာရထားမည်၏။ ဝါ၊ အပျော်အပါး စီးသွားရန် ရထားမည်၏။ ဗျဂ္ဃဿ၊ ကျားသားရေဖြင့်။ ဒီပိနော၊ သစ်၏ရေဖြင့်။ ဧမ္မာဝုတော၊ အရေဖြင့် ကွပ်အပ်သော ရထားသည်။ ဝေယဂ္ဃော၊ ဝေယဂ္ဃ မည်၏။ ဝါ၊ ကျားရေကွပ် ရထားမည်၏။ ဒေပ္ပေါ၊ ဒေပ္ပ မည်၏။ ဝါ၊ သစ်ရေကွပ်ရထား မည်၏။

[သုဘူတိ အဘိဓာန်နိဿယ-၌ ဖုဿ-ကို စစ်ရထားမှ အခြားသော ရထားဟု ပြန်ဆို၏။ သီဟိုဠ်ကျွန်း ဗုဒ္ဓဒတ်၏ ပါဠိသီဟိုဠ် အဘိဓာန်၌ မင်းစီးရထား-ဟု ဆို၏။ မင်္ဂလာရထားဟူသောအနက် အသင့်ဆုံး ဖြစ်၏။ဖုဿရထန္တိ မင်္ဂလရထံ။ သံ၊ဋီ၊ ၂။၁၆၆။ အံ၊ဋီ၊ ၂။ ၁၅၂။ ဖုဿနက္ခတ်နှင့်ယှဉ်သော ရထားဟု ဆိုကြ၏။ ဇာတ်နိပါတ် ဝတ္ထုများ, နိဿယများ၌ ဖုတ်သွင်းရထားဟု ပြန်ဆိုကြသည်။]

(၃၇၃) သိဝိကာ ယာပျယာနံ စာ–နိတ္ထိယံ သကဋော ပျ’နံ။
စက်ံ ရထင်္ဂံ မာချာတံ၊ တဿန္တော နေမိ နာရိယံ။

(၃၇၃) သိဝိကာ၊ ယာပျယာနံ၊ ထမ်းစင်။ ထမ်းစင်ပရိယာယ် ၂-ပုဒ်။ သကဋော၊ လှည်း။ အယံ၊ ဤသကဋ-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အနံ၊ လှည်း။ လှည်းပရိယာယ် ၂-ပုဒ်။ စက္ကံ၊ ရထင်္ဂံ၊ လှည်းဘီး။ နပုံသကာ၊ နပုလ္လိင်ဟူ၍။ (ထည့်) အာချာတံ၊ ဆိုအပ်၏။ လှည်းဘီး ပရိယာယ် ၂-ပုဒ်။ တဿ၊ ထိုလှည်းဘီး၏။ အန္တော၊ အဆုံးသည်။ နေမိ နေမိမည်၏။ ဝါ၊ အကွပ်တကူမည်၏။ အယံ၊ ဤနေမိ-သဒ္ဒါသည်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ထမ်းစင်ကို ဝေါ-ဟူ၍လည်း ခေါ်သည်။ ရှေးက ရှင်ဘုရင်များ, ဆရာတော်ကြီးများ ယင်း 'ဝေါယာဉ်'ကို အသုံးပြုကြသည်။ ယင်း သိဝိကာခေါ် ထမ်းစင်, ဝေါ-သည်လည်း ယာဉ်အမျိုးအစားတွင် ပါဝင်၏။ ယာနံ နာမ ဝယှံ ရထော သကဋံ သန္ဒမာနိကာ သိဝိကာ ပါဠင်္ကီ။ ဝိ၊ ၂။ ၂၆၅။]

(၃၇၄) တမ္ဗေဝ္ဗေ ပိဏ္ဍိကာ နာဘိ၊ ကုဗ္ဗရော တု ယုဂန္ဓရော။
အက္ခဂ္ဂကီလေ အာဏိ'တ္ထီ၊ ဝရူထော ရထဂုတျ'ထ။

(၃၇၄) တမ္ဗေဝ္ဗေ၊ ထိုလှည်းဘီး၏ အလယ်၌။ ပိဏ္ဍိကာ၊ ဝန်းဝိုင်းသော ပုံသဏ္ဌာန်ရှိသော အချက်သည်။ နာဘိ၊ နာဘိပည်၏။ ဝါ၊ ပုံတောင်းမည်၏။ ဝါ၊ ချက်မမည်၏။ တု၊ ထိုမှတပါး။ ကုဗ္ဗရော၊ ဝက်စွယ်။ ဝါ၊ အုပ်ဆုံ။ ယုဂန္ဓရော၊ ဝက်စွယ်။ ဝါ၊ အုပ်ဆုံ။ အာဏိ၊ အာဏိ-သဒ္ဒါသည်။ အက္ခဂ္ဂကီလေ၊ ဝန်ရိုးဖျား၌ တပ်အပ်သော တုတ်ချောင်း သံချောင်း၌။ ဝါ၊ နပန်းစွန်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ အထ၊ ထိုမှတပါး။ ဝရူထော၊ ရထဂုတ္တိ၊ ရံတိုင်။ ဝါ၊ လှည်းရံတိုင်။ ရံတိုင်ပရိယာယ် ၂-ပုဒ်။

[ဤဂါထာ၌ နာဘိ-သဒ္ဒါသည် ပိဏ္ဍိကာ-ဟူသော ပုဒ်နှင့်တကွ ဖြစ်ရကား သာဟာစရိယ နည်းအားဖြင့် ဣတ္ထိလိင်ဖြစ်၏။ ပိဏ္ဍိကာ-သာဟာစရိယာ နာဘိ ဣတ္ထီ။ ဋီကာ။ အက္ခဂ္ဂကီလေ-၌ အက္ခ+အဂ္ဂ+ကီလ—ဟု ပုဒ်ခွဲရာ၏။ ပုလ္လိင် အက္ခ-သဒ္ဒါကား သစ်ဆိမ့်ပင်, တမာပင်, လှည်း, ရောင်းဝယ်ခြင်း, ရထား၏ အစိတ်အပိုင်း ဝင်ရိုး, ရွေး, အန်စာ တို့ကို ဟော၏။ နပုလ္လိင် အက္ခ-သဒ္ဒါကား ဣန္ဒြေကို ဟော၏။ ယင်းသို့ဖြစ်ကြောင်း—

အက္ခော ဝိဘီတကေ နိမ္ဗေ၊ သကဋေ စ ဗျဝဟာရေ။
ရထဿာ'ဝယဝေ ကသော၊ ပါသကေပျ'က္ခ မိန္ဒြိယေ—

ဟု နာနတ္ထသင်္ဂဟ အဘိဓာန်၌ဆိုကြောင်း ဋီကာဆရာ ဖော်ပြ၏။ ဤ၌ အက္ခ-သဒ္ဒါ ရထားဝန်ရိုးဟောတည်း။]

(၃၇၅) ဓုရော မုခေ ရထဿင်္ဂါ၊ တွက္ခော'ပက္ခရအာဒယော။
ယာနံ စ ဝါဟနံ ယောဂ္ဂံ၊ သဗ္ဗဟဏ္ဍာဒိဝါဟနေ။

(၃၇၅) ဓုရော၊ ဓုရ-သဒ္ဒါသည်။ ရထဿ၊ ရထား၏။ ဝါ၊ လှည်း၏။ မုခေ၊ အဦး၌။ ဝတ္တတိ၊ ဖြစ်၏။ ဓုရော၊ ရထားဦး။ ဝါ၊ လှည်းဦး။ တု၊ ယိုမှတပါး။ အက္ခော ပက္ခရ အာဒယော၊ ဝန်ရိုး၊ အပေါင်-အစရှိသည်တို့သည်။ ရထဿ၊ ရထား၏။ ဝါ၊ လှည်း၏။ အင်္ဂါ၊ အစိတ်တို့မည်ကုန်၏။ အက္ခော၊ ဝန်ရိုး။ ဥပက္ခရော၊ အပေါင်။ ဝါ၊ လှည်းယံ။ ယာနံ၊ ဝါဟနံ၊ ယောဂ္ဂံ၊ ယာဉ်။ ဣတိ တယံ၊ ဤသဒ္ဒါသုံးခုသည်။ သဗ္ဗဟဏ္ဍာဒိဝါဟနေ၊ ဆင်ယာဉ် အစ ရှိသော အလုံးစုံသော ယာဉ်၌။ ဝတ္တတိ၊ ဖြစ်၏။

[ယာနမုခ-လည်း ဓုရ-နှင့် ပရိယာယ်တူ ဖြစ်၏။ သံယုတ် အဋ္ဌကထာ၊ ကိံဒဒ-သုတ်အဖွင့် သံ၊ ဋ္ဌ၊ ၁။ ၇၈-၌—

န ဟတ္ထိယာနံ သမဏဿ ကပ္ပတိ၊
န အဿယာနံ, န ရထေန ယာတုံ။
ဣဒံ ယာနံ သမဏဿ ကပ္ပတိ၊
ဥပါဟနာ ရက္ခတော သီလက္ခန္ဓတ္တိ။

တသ္မာ ဆတ္တုပါဟနကတ္တရယဋ္ဌိ မဉ္စပီဌာနံ-စသည်ဖြင့် ရဟန်းများ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ် (လှည်းယာဉ်)များ မအပ် ကြောင်းပြပြီးလျှင် ရဟန်းများအား အပ်သော ထီး, ဘိနပ်, တောင်ဝှေး, ညောင်စောင်း, အင်းပျဉ်, လှေကား, တံတား, လှေ-စသည်တို့ကို အရာအားလျော်စွာ ယာဉ်မည်ကြောင်း ပြဆို၏။]

(၃၇၆) ရထစာရိ တု သူတော စ၊ ပါဇိတာ စေဝ သာရထိ။
ရထာရောဟော စ ရထိကော၊
ရထီ ယောဓော တု ယော ဘဋော။

(၃၇၆) တု၊ ယိုမှတပါး။ ရထစာရီ၊ သူတော၊ ပါဇိတာ၊ ရထားထိန်း။ (ပါဇိတု-ပုဒ်ရင်း) သာရထိ၊ ရထားထိန်း။ (ရထားမောင်းသူလည်း ဟူ၏။) ရထားထိန်း ပရိယာယ် ၄-ပုဒ်။ ရထာရောဟော၊ ရထိကော၊ ရထီ၊ ရထား

**စီး**သူရဲ။ ရထားစီးသူရဲပရိယာယ် ၃-ပုဒ်။ ယော်ဓော၊ ဘဋ္ဋော၊ သူရဲ။ ဝါ၊ **စစ်သား**။ ယောဝ၊ ပုလ္လိင်တည်း။ သူရဲပရိယာယ် ၂-ပုဒ်။

[ရထေန စရတိ **သီလေနာ**တိ **ရထစာရီ**။ သဝတိ ပေရယတီတိ **သူတော**။ ပါဇေတီ**တိ ပါဇိတာ**။ ရထေန သဟ ဂစ္ဆတီတိ **သာရထိ**-**ဟု** ဝိဂြိုဟ်ပြုရာ၏။ မောဂ္ဂလ္လာန်၌ သာရေတီတိ သာရထိ–ဟု ဝိဂြိုဟ် ပြု၏။ အမရ။ ၁၈။ ၅၉၊ ၆၀-၌—

နိယန္တာ ပါဇိတာ ယန္တာ၊ သူတော ခတ္တာ စ သာရထိ။
သဗျဋ္ဌော ဒက္ခိဏဋ္ဌော စ၊ သညာ ရထကုဋုမ္ဗိနော—

ဟူသော ဂါထာဖြင့် ရထားထိန်းဟော ပရိယာယ် ၈-ပုဒ် လာ၏။]

(၃၇၇) ပဒါတိ ပတ္တိ တု ပုမေ၊ ပဒဂေါ ပဒိကော မတော။
သန္နာဟော ကင်္ကဋော ဝမ္မံ၊ ကဝစော ဝါ ဥရစ္ဆဒေါ။

(၃၇၈) ဇာလိကာထ စ သန္နဒ္ဓေါ၊ သဇ္ဇော စ ဝမ္မိကော ဘဝေ။
အာမုက္ကော ပဋိမုက္ကော ပ၊ ပုရေစာရီ ပုရေစရော။

(၃၇၉) ပုဗ္ဗင်္ဂမော ပုရေဂါမီ၊ မန္ဒဂါမီ တု မန္ထရော။
ဇဝနော တုရိတော ဝေဂီ၊ ဇေတဗ္ဗံ ဇေယျ မုစ္စတေ။

(၃၇၇၊ ၃၇၈၊ ၃၇၉၊) ပဒါတိ၊ ပတ္တိ၊ ခြေသည်သူရဲ။ ဝါ၊ ခြေလျင်စစ်သား။ ဒွယံ၊ ပဒါတိ,ပတ္တိ-သဒ္ဒါနှစ်ခုသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ပဒဂေါ၊ ပဒိကော၊ ခြေသည်သူရဲ။ ဝါ၊ ခြေလျင်စစ်သား။ အယံ၊ ဤသဒ္ဒါလေးပါးကို။ တုလျော၊ အနက်တူ၏ဟူ၍။ မတော၊ သိအပ်၏။ ခြေသည်သူရဲ,ခြေလျင်စစ်သား ပရိယာယ် ၄-ပုဒ်။ သန္နာဟော၊ ကင်္ကဋော၊ ဝမ္မံ၊ ကဝစော၊ ချပ်ဝတ်။ ဝါ၊ စစ်ဝတ်။ ဝါ၊ ကဝစ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ဥရစ္ဆဒေါ၊ ဇာလိကာ၊ ချပ်ဝတ်။ ဝါ၊ စစ်ဝတ်။ ချပ်ဝတ်,စစ်ဝတ် ပရိယာယ် ၆-ပုဒ်။

သန္နဒ္ဓေါ၊ သဇ္ဇော၊ ဝမ္မိကော၊ ချပ်ဝတ် ဝတ်ဆင်ထားသောစစ်သား။ ဣဒံ၊ ဤသဒ္ဒါ သုံးပါးသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ချပ်ဝတ် ဝတ်ဆင်ထားသော စစ်သားပရိယာယ် ၃-ပုဒ်။ အာမုက္ကော၊ ပဋိမုက္ကော၊ မြဲမြံစွာ ဝတ်ဆင်အပ်သော ချပ်ဝတ်။ (မြဲမြံစွာ ဝတ်ဆင်အပ်သော

စစ်ဝတ်သော်လည်းပေး။) မြဲမြံစွာ ဝတ်ဆင်အပ်သော ချပ်ဝတ်ပရိယာယ် ၂-ပုဒ်။ အသ၊ ထိုမှတပါး။ ပုရေစာရီ၊ ပုရေစရော၊ ပုဗ္ဗင်္ဂမော၊ ပုရေဂါမီ၊ ရှေ့သွား။ ဝါ၊ ရှေ့ဆောင်သူရဲ။ ဝါ၊ ကင်းတပ်။ ရှေ့သွား,ရှေ့ဆောင်သူရဲ, ကင်းတပ် ပရိယာယ် ၄-ပုဒ်။

တု၊ ထိုမှတပါး။ မန္ဒဂါမီ၊ မန္ထရော၊ ဖြေးဖြေးသွားသူ။ ဝါ၊ နှေးနှေးသွားသူ။ ဖြေးဖြေးသွားသူ, နှေးနှေးသွားသူ ပရိယာယ် ၂-ပုဒ်။ ဇဝနော၊ တုရိတော၊ ဝေဂီ၊ အလျင်အမြန်သွားသူ။ အလျင်အမြန်သွားသူ ပရိယာယ် ၃-ပုဒ်။ ဝေဘာဗ္ဗံ၊ အောင်အပ် အောင်သင့် အောင်ထိုက်သော အရာကို။ ဇေယျံ၊ ဇေယျဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

[ပဒါတိ-ကို "ပဒေဟိ အတတိ အဇတိတိ ပဒါတိ၊ ပဒတီတိ ပတ္တာ။ ပဒေဟိ အဇ္ဈတိတိ ပဒေဝါ, ပဒိကော"ဟု အသီးအသီး ဝိဂ္ဂြိုဟ်ပြုရာ၏။ ပါဒါတိက, ပဒါဇယ-တို့လည်း ခြေသည်သူရဲဟော ပရိယာယ်တို့ဟည်း။ သဒ္ဒါဟာ စသည်တို့ကို ချပ်မိန်ညှိ-ဟုလည်း ရှေးဆရာတို့ ပြန်ဆိုကြ၏။ တနုတ္တ,ဒံသန,ဇဂရ-တို့လည်းချပ်ဝတ်, စစ်ဝတ်ဟော ပရိယာယ်တို့ဟည်း။ တနုတ္တံ,ဒံသနံ,ဇဂရော ပျ။ ဋီကာ။ ဒံသိတ,ဥရစ္ဆဒိက,ဗျူဟကင်္ကဋ,ဇဂရိက-တို့လည်း ချပ်ဝတ်ဝတ်ဆင်ထားသော စစ်သားဟော ပရိယာယ်တို့ ဖြစ်ကုန်၏။ ပိနဒ္ဓ, အပိနဒ္ဓ-တို့ကိုလည်း မြဲမြံစွာ ဝတ်အပ်သော ချပ်ဝတ်ဟော ပရိယာယ်တို့ ဟူ၍ သိရာ၏။ ဤအဘိဓာန်၌ ရှေ့သွားပရိယာယ် ၄-ပုဒ်ဟောသည်။ ပုရဿရ-လည်း ရှေ့သွား,ရှေ့ဆောင်ဟော ပရိယာယ်တည်း။ အဘိနဝဟာရသမ္ဗတ္တိ ပုရဿရံ ကသော။ နေတ္တိ၊ ၄။ ၆။]

(၃၈၀) သူရဝီရာ တု ဝိက္ကန္တော၊ သဟာယောနုစရော သမာ။
သန္နဒ္ဓဝမ္မိတော ကိသု၊ ပါထေယျံ တု စ သမ္ဗလံ။

(၃၈၀) သူရော၊ ဝီရော၊ ရဲရင့်သူ။ (အခိုက်အတန့် သူရော,ဝီရော-ဟု ကောဂုစ်ပဋမန္တနှင့် ပြင်လိုက်သည်။) ဝိက္ကန္တော၊ ရဲရင့်သောသူ။ ရဲရင့်သောသူ ပရိယာယ် ၃-ပုဒ်။ သဟာယော၊ အနုစရော၊ ရဲဘော်။ ဝါ၊ အဖော်သဟဲ။ ဝါ၊ နောက်လိုက်။ သမာ၊ အနက်တူကုန်၏။ သန္နဒ္ဓဝမ္မိတော၊ သန္နဒ္ဓ-အာစ အနုစရ-အဆုံးရှိကုန်သော သဒ္ဒါတို့သည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊

ဖြစ်ကုန်၏။ တု၊ ထိုမှတပါး။ ပါထေယျံ၊ သမ္ဗလံ၊ ရိက္ခာ။ ဝါ၊ လမ်းစရိတ်။ ရိက္ခာပရိယာယ် ၂-ပုဒ်။

[သူရ-ကို သီ၊ ဋီ၊ သစ်၊ ၂။ ၂၃၉-၌ "သရဏတော ပဋိပက္ခ-ဝိဓမနတော သူရာ သတ္တိဝ(မ)န္တော၊ နိဗ္ဗယာဝဟာတိ အတ္ထော"ဟု ဖွင့်သည်။ သဟာယ-သဒ္ဒါစသည် မိတ်ဆွေ,သူငယ်ချင်း,အပေါင်း အဖော်, အဆွေခင်ပွန်းတို့ကို ဟောသည်။ မိတ်ဆွေနှင့်တူသော မိတ်ဆွေတုကိုလည်း ဟောသည်။ သဟာယော ဟောတီတိ သဟာယော ဝိယ ဟောတိ။ ဒီ၊ ဋီ၊ ၃။ ၁၃၄။ ပုဓ္ဓေသ-သည် လည်း ရိက္ခာဟော ပရိယာယ်ဖြစ်၏။ ပုဋ္ဌဗန္ဓနေန ပရိဟရိတဗ္ဗာ အသိတဗ္ဗံ ပုဓ္ဓေသံ သမ္ဗလံ အ-ကာရဿ ဩ-ကာရံ ကတွာ။ တေနာဟ ပါထေယျန္တိ။ အံ၊ ဋီ၊ ၂။ ၃၆၁။]

(၃ဂ၁) ဝါဟိနီ ဓဇိနီ သေနာ၊ စမူ စက္ကံ ဗလံ တထာ။
အနီကော ဝါထ ဝိန္យာသော၊ဗျူဟော သေနာယ ကထျတေ။

(၃ဂ၁) ဝါဟိနီ၊ ဓဇိနီ၊ သေနာ၊ စမူ၊ စက္ကံ၊ ဗလံ၊ စစ်တပ်။ တထာ၊ ထိုမှတပါး။ အနီကော၊ စစ်တပ်။ ဝါ၊ အနီက-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင် တည်း။ စစ်တပ်ပရိယာယ် ၇-ပုဒ်။ အထ၊ ထိုမှတပါး။ သေနာယ၊စစ်တပ်ကို။ ဝိန္យာသော၊ စီစဉ်ခင်းကျင်းခြင်းကို။ ဗျူဟော၊ ဗျူဟဟူ၍။ ကထျ-တေ၊ ဆိုအပ်၏။

[အနီက-ဟူသည် ဆင်တပ်, မြင်းတပ်, ရထားတပ်နှင့် ခြေလျင် တပ် စစ်ထပ်တည်း။ ယင်းအနီက စစ်တပ်အကြောင်းကို အောက် ပါ ပါဠိ-တို့ဖြင့် သိရာ၏။ အနီကံ နာမ ဟတ္ထာနီကံ အဿာနီကံ ရထာနီကံ ပတ္တာနီကံ၊ တယော ဟတ္ထီ ပစ္ဆိမံ ဟတ္ထာနီကံ၊ တယော အဿာ ပစ္ဆိမံ အဿာနီကံ၊ တယော ရထာ ပစ္ဆိမံ ရထာနီကံ၊ စတ္တာရော ပုရိသာ သရဟတ္ထာ ပတ္တီ ပစ္ဆိမံ ပတ္တာနီကံ (ဝိ၊ ၂။ ၁၄၃)။ တယော ဟတ္ထီ ပစ္ဆိမံ ဟတ္ထာနီကန္တိ ယော ပုဗ္ဗေ (ဝိ၊ ၂။ ၁၄၀) ဝုတ္တော "ဒွါဒသပုရိသော ဟတ္ထီ"တိ၊ တေန ဟတ္ထိနာ တယော ဟတ္ထီ။ သေသေသုပိ ဧသေဝ နယော။ ဝိ၊ ဋ္ဌ၊ ၃။ ၁၂၆။ သတ္တဟတ္ထိကဉ္စ အနီကံ။ ဝိ၊ ၃။ ၂၇၂။သတ္တဟတ္ထိ-

ကဋ္ဌ အနိကန္တိ တွေ့ ဆဟတ္ထိနိယော ကော စ ဟတ္ထိတိ ဣဒမေကံ အနိကံ။ ဤဒိသာနံ သတ္တအနိကာနိ သတ္တဟတ္ထိကံ အနိကံ နာမ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၆၇။ ဟတ္ထာနိကန္တိ ဒသဟတ္ထိတော ပဋ္ဌာယ ဟတ္ထာနိကံ နာမ၊ တထာ ရထာနိကံ။ ဇာ၊ ဋ္ဌ၊ ၆။ ၃၁။ ကာမန္ဒကိယနီတိသာရဋ္ဌ—

အဿဿ ပတ္တိယောဓာ ယော၊ ဘဝေယျုံ ပုရိသာ တယော။
ဣတိ ကပ္ပါ တု ပဋ္ဌဿာ၊ ဝိဓေယျာ ကုဋ္ဌရဿ တု။
ပါဒဂ်ါ ပါဒ်တာဝန္တော၊ ပုရိသာ ပဋ္ဌဒသ စ။
ဝိဓာနမိတိ နာဂဿ၊ စတုက္ကံ သန္ဒနဿ စ။
အနိကမ်တိ ဝိညေယျ-မိတိကပ္ပါ နဝ ဒ္ဒိပါ—

ဟူသော ၂-ဂါထာနှဲဖြင့် အနိက စစ်တပ်ကို ပြဆို၏။ မြင်း ၁-စီး လျှင် မြင်းစီးသူရဲ ၃-ယောက်စီဖြင့် မြင်း ၅-စီးပါရှိခြင်း, ဆင် တစီးလျှင် ဆင်ဦးစီးအပါအဝင် ဆင်စီးသူရဲ ၁၅-ယောက်စီဖြင့် ဆင် ၉-စီးပါရှိခြင်း, ရထားစီးသူရဲများပါရှိသော ရထား ၄-စင်း ပါရှိခြင်း ဤအင်္ဂါ ၃-ပါးစုံလျှင် 'အနိက' ဟု သိအပ်၏ ဟူလို။]

(၃၈၂) ဟတ္ထိ ဒွါဒသပေါသော တိ- ပုရိသော တုရဂေါ ရထော။
စတုပေါသောတိ စေနာ၊ လက္ခဏေနာ' ဓမန္တတော။

(၃၈၃) ဟတ္ထာနိကံ ဟယာနိကံ၊ ရထာနိကံ တယော တယော။
ဂဇာဒယော သသတ္ထာ တု၊ ပတ္တာနိကံ စတုဗ္ဗနာ။

(၃၈၂၊ ၃၈၃) ဒွါဒသပေါသော၊ သူရဲ တဆယ့်နှစ်ယောက်ပါရှိသော။ ဟတ္ထိ၊ ဆင်တစီးရှင်း။ တိပုရိသော၊ သူရဲ သုံးယောက်ပါရှိသော။ တုရဂေါ၊ မြင်းတစီးရှင်း။ စတုပေါသော၊ သူရဲ လေးယောက် ပါရှိသော။ ရထော၊ ရထားတစီးပုင်း။ ဣတိ၊ဤသို့။ စေနာ လက္ခဏေနာ၊ ဤလက္ခဏာ အမှတ်အသား သင်္ကေတဖြင့်။ အဓမန္တတော၊ ယုတ်သော အပိုင်း အခြား အားဖြင့်။ ဝါ၊ အနည်းဆုံးအားဖြင့်။ တယော တယော၊ သုံးစီး သုံးစီး ကုန်သော။ ဂဇာဒယော၊ ဆင်-အစရှိသည်တို့သည်။ ဝါ၊ဆင်,မြင်း, ရထားတို့သည်။ ဟတ္ထာနိကံ၊ ဟတ္ထာနိကမည်၏။ ဟယာနိကံ၊ဟယာနိက မည်၏။ ရထာနိကံ၊ ရထာနိကမည်၏။ တု၊ ထို့မှတပါး။ သသတ္ထာ၊

သံလျက်-စသော လက်နက်နှင့်တကွ ဖြစ်ကုန်သော။ ဝါ၊ သံလျက်စသော လက်နက်စွဲကိုင်ပါရှိကုန်သော။ စတုဗ္ဗနာ၊ စစ်သားလေးယောက်တို့သည်။ ပတ္တာနီကံ၊ ပတ္တာနီကမည်၏။

[ သာသနာသက္ကရာဇ် ၁၇၀၀-ကျော် ပတ်ဝန်းကျင်နှင့် ယင်း မတိုင်မီ ခေါစောပိုင်းက သီဟိုဠ်ကျွန်း, အိန္ဒိယနိုင်ငံ စသည်၌ ယေဘုယျ စစ်တပ်ဖွဲ့စည်းပုံကို ကျမ်းဆရာက ဟတ္ထိ ဒွါဒသပေါ- သော-စသော ၂-ဂါထာဖြင့် ပြောသည်။]

(၃၀၄) သဋ္ဌိဝံသကလာပေသု၊ ပစ္စေကံ သဋ္ဌိဒဏ္ဍိသု။
ဓူလီကတေသု သေနာယ၊ ယန္တိယာ'က္ခောဘဏိ'တ္ထိယံ။

(၃၀၄) ပစ္စေကံ၊ အသီးအသီး။ ဝါ၊ အစည်းတိုင်း အစည်းတိုင်း။ သဋ္ဌိဒဏ္ဍိသု၊ ဝါးအလုံးခြောက်ဆယ်ရှိကုန်သော။ သဋ္ဌိဝံသကလာပေသု၊ ဝါး အစည်းခြောက်ဆယ်တို့ကို။ ယန္တိယာ၊ ချီတက်သွားသော။ သေနာယ၊ စစ် တပ်သည်။ ဓူလီကတေသု၊ မှုန့်မှုန့်ညက်ညက် ပြုအပ်ကုန်သည် ရှိသော်။ အက္ခောဘနီ၊ အက္ခောဘနီမည်၏။ အယံ၊ ဤ အက္ခောဘနီ သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ကျမ်းဆရာသည် အသေးစိတ်ပြဆိုလျှင် အမှတ်ခက်မည်စိုး၍ ခတ်လွယ်လွယ်အနေအားဖြင့် အက္ခောဘိနီ ခန့်မှန်းနိုင်ရုံ ပြဆို ခြင်းဖြစ်သည်။ ဤသည်လျှင် ကျမ်းပြုပုဂ္ဂိုလ်ကျော်တို့၏ အရည် အချင်းတခုဖြစ်သည်။ န+ခေါဘဏ+ဤ-ဟူ၍ ပုဒ်ဖြတ်ရာ၏။ ကေနစိ ခေါဘေတုံ အသက္ကုဏေယျတာယ အက္ခောဘိနီ။ ဆန့် ကျင်ဖက် တဖက်စစ်သည် တစုံတယောက်သည် မချောက်ချား နိုင်သဖြင့် မချောက်ချားနိုင်အောင် ကြီးမားသော စစ်တပ်ကြီး ဖြစ်ရကား အက္ခောဘိနီမည်ကြောင်း သိသာ၏။ လွယ်လွယ် မှတ်ရန် ဂါထာကား—

ပစ္စတ္ထိကေန ကေနစိ၊ ခေါဘေတုံ န သက္ကာ ဟိ ယာ။
သာ သေနာ အက္ခောဘိနီတိ၊ သုဓိဟိ အဘိလက္ခိတာ—

ဖြစ်၏။ အက္ခောဘိနီတိ ခေါဘေတုံ န သက္ကာ။ ဇာ၊ ဋ္ဌ၊ ၅။ ၃၄၂။]

ဆင် ၉-ထောင်, ရထား ၉-သိန်း, မြင်း ၉-ကုဋေ, ခြေသည် သူရဲ ကုဋေ ၉၀၀, သမီးကညာ ကုဋေ ၉-သောင်း, အထိန်းအယ မိန်းမ ကုဋေ ၉-သန်း ပါရှိသော စစ်တပ်ကို အက္ခောဘိနီခေါ် ကြောင်း —

နဝနာဂသဟဿာနိ၊ နာဂေ နာဂေ သတံ ရထာ။
ရထေ ရထေ သတံ အဿာ၊ အဿေ အဿေ သတံ နရာ။
နရေ နရေ သတံ ကညာ၊ ဧကေကိဿံ သတိတ္ထိယော။
ဧသာ အက္ခောဟိဏီ နာမ၊ ပုဗ္ဗာစရိယေဟိ ဘာသိတာ—

ဟု နီတိ၊ သုတ္တ။ ၂၅၇-၌ အာစရိယဝါဒအဖြစ် လာရှိ၏။

တနည်းအားဖြင့် ဆင် ၁-ကုဋေ, ရထား ၁၀-ကုဋေ, မြင်း ကုဋေ-၁၀၀, လေးသည်တော် လေးပါရဂူ ကုဋေ-၇၀၀, အရံသူရဲ ကုဋေ-၁၄,၀၀၀ အားဖြင့် စုစုပေါင်း ကုဋေပေါင်း ၁၄,၁၁၁-ကုဋေ ရှိ စစ်တပ်ကို အက္ခောဘိနီခေါ်ကြောင်း —

သယိဘော သိရိသမ္ဘုတ္တိံ၊ မဟာတိံ အပိ ပေက္ခိယ။
ကတံ အက္ခောဘိဏိဿာတံ၊ သရန္တော န သုခံ လဘိ—

ဟူသော မဟာဝံသ။ ၂၅။ ၁၀၃-ဂါထာအဖွင့် ဖြစ်သော မဟာဝံသဋီကာ၌—

ဧတ္ထ သတံ သတသဟဿာနံ ဒန္တီနံ နာဂါနံ၊ နာဂေ နာဂေ ဒသရထာ၊ ဒသအဿာ၊ ရထေ ရထေ တဒေကေကေ ဒသ ဓနုဂ္ဂဟာ၊ တဒေကေကေ တေ ဒသ ပုရိသာတိ ဧကေအက္ခောဘိဏိသေနာယ တဝ ဝုတ္တော အနိဿရာယာတိ ဧဝံ လောကေ ဝိဿုတံ ပါကဋ္ဌံ ကတွာ ဝုတ္တတ္တာ စတုဒ္ဒသကောဋိသဟဿာနိ ကောဋိသတဉ္စ ကောဒသကောဋိယောဓာတိ ဧဝံ အက္ခောဘိဏိသေနာယ ပမာဏံ ဇာနိတဗ္ဗံ— (မဟာဝံသဋီကာ သီဟိုဠ်မူ။ ၃၅၄။ မူရင်းအတိုင်း။) ဟု ဆို၏။

အမရကောသ။ ၁၀။ ၈၀၊ ၈၁-၌ (၁) ပတ္တိ, (၂) သေနာ-မုခ, (၃) ဂုလ္မ, (၄) ဂဏ, (၅) ဝါဟိနီ, (၆) ပုတနာ, (၇) စမူ, (၈) အနီကိနီ, (၉) အက္ခောဘိနီ-အားဖြင့် စစ်တတ် ၉-မျိုး လာရှိရာ အက္ခောဘိနီ စစ်တပ်၌ ဆင်, ရထား အရေအတွက် ၂၁, ၈၇၀-ရှိ၏။ မြင်းတပ်အရေအတွက် ၆၅, ၆၁၀-ရှိ၏။ ခြေလျင် တပ် အရေအတွက် ၁၀၉, ၃၅၀-ဖြစ်၏ဟု ဆို၏။ မဟာအက္ခောဘိနီ စစ်တပ်၌ ၁၃၂, ၁၂၄, ၉၀၀ (၁၃-ကုဋေ ၂-သန်း ၁-သိန်း ၂-သောင်း ၄-ထောင် ၉-ရာ) ရှိကြောင်း သက္ကတဋီကာ တစောင်၌ ဆို၏။ သီဟိုဠ်မူ မဟာဝံသဋီကာ ၃၅၄-နှာ၌ အောက်ခြေမှတ်ချက် ဖြင့်လည်း ဖော်ပြ၏။]

(၃၈၅) သမ္ပတ္တိ သမ္ပဒါ လက္ခီ၊ သိရီ ဝိပတ္တိ အာပဒါ။
အထာ’ဝုဓံ စ ဟေတိ’တ္ထီ၊ သတ္ထံ ပဟရဏံ ဘဝေ။

(၃၈၅) သမ္ပတ္တိ၊ သမ္ပဒါ၊ လက္ခီ၊ သိရီ၊ ပြည့်စုံခြင်း။ (ကျက်သရေ-လည်း ဟူ၏) ပြည့်စုံခြင်း ပရိယာယ် ၄-ပုဒ်။ ဝိပတ္တိ၊ အာပဒါ၊ ပျက်စီး ခြင်း။ ပျက်စီးခြင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အာဝုဓံ၊ ဟေတိ၊ လက်နက်။ ဣတ္ထီ၊ ဟေတိ-သဒ္ဒါဣတ္ထိလိင်တည်း။ သတ္ထံ၊ ပဟရဏံ၊ လက်နက်။ စတုက္ကံ၊ သဒ္ဒါလေးခုအပေါင်းသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ လက်နက် ပရိယာယ် ၄-ပုဒ်။

[အထ လက္ခီ သိရီတ္ထိယံ-ဟူ၍ ၈၂-ဂါထာ၌ လက္ခီ, သိရီ-တို့ကို ဆိုခဲ့ပြီး ဖြစ်သော်လည်း ဤ ၃၈၅-၌ ဆိုပြန်သည်ကား ဥစ္စာ စည်းစိမ် ကုံလုံပြည့်စုံခြင်း၏ အစွမ်းအားဖြင့် ဆိုသည်။ အောက် ၈၂-ဂါထာ၌ နတ်၏အစွမ်းအားဖြင့် ဆိုသည် ဟူ၏။ သို့ဖြစ်၍ အောက် ၈၂-ဂါထာ၌ "လက္ခီ၊ လက္ခီနတ်။ ဝါ၊ ကျက်သရေနတ်။ သိရီ၊ သိရီနတ်။ ဝါ၊ ကျက်သရေနတ်" ဟု ပေးလျှင် ပို၍ သင့်မည် ထင်၏။ လက္ခီ သိရီ စ ပုမ္ဗေ ဒေဝတာဝသေန ဝုတ္တာ၊ ဣဓ ဓနုက္က-သဝသေန။ ဋီကာ။ အာဝုဓ-ကို "အာဒါယ ယုဇ္ဈန္တေ ယန္တိ အာဝုဓံ" ဟု ဋီကာ၌ ဝိဂ္ဂဟ်ပြု၏။ အာယုဓ-ဟုလည်း ရှိသည်၊ သင့်သည်ပင်။]

(၃၈၆) မုတ္တာမုတ္တ မမုတ္တံ စ၊ ပါဏိတော မုတ္တမေဝ စ။
ယန္တမုတ္တန္တိ သကလံ၊ အာယုဓံ တံ စတုဗ္ဗိဓံ။

(၃၈၇) မုတ္တာမုတ္တံ စ ယဋ္ဌျာဒိ၊ အမုတ္တံ ဆုရိကာဒိကံ။
ပါဏိမုတ္တံ တု သတျာဒိ၊ ယန္တမုတ္တံ သရာဒိကံ။

(၃၈၆၊၃၈၇) မုတ္တာ မုတ္တံ၊ လွှတ်လိုလျှင် လက်မှလွှတ်ရ မလွှတ်လိုလျှင် လက်မှမလွှတ်ရသော လက်နက်မျိုးရင်း။ အမုတ္တဥ္စ၊ လက်မှမလွှတ်အပ်သည် သာလျှင် ဖြစ်သော လက်နက်မျိုးရင်း။ ပါဏိတော၊ လက်မှ။ မုတ္တမေဝ စ၊ လွှတ်အပ်သည်သာလျှင် ဖြစ်သော လက်နက်မျိုးရင်း။ ယန္တမုတ္တံ၊ စက် ယန္တရား စက်မောင်းဖြင့် လွှတ်အပ်သော လက်နက်မျိုးရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ ခွဲခြား သရုပ်အားဖြင့်။ သကလံ၊ အလုံးစုံသော။ တံ အာယုဓံ၊ ထိုလက်နက်မျိုးသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။ လက်နက်မျိုး သရုပ် ၄-ပါး။

ယဋ္ဌျာဒိ၊ တုတ် တင်းပုတ် (ဒေါက်ပုက်) အစရှိသောလက်နက် မျိုးသည်။ မုတ္တာမုတ္တံ၊ မုတ္တာမုတ္တလက်နက်မည်၏။ ဝါ၊ လွှတ်လိုလျှင် လက်မှလွှတ်ရ၊ မလွှတ်လိုလျှင် လက်မှမလွှတ်ရသော လက်နက် မည်၏။ ဆုရိကာဒိကံ၊ သံချက် ဓားမြှောင် အစရှိသော လက်နက်မျိုးသည်။ အမုတ္တံ၊ အမုတ္တ လက်နက်မည်၏။ ဝါ၊ လက်မှ မလွှတ်အပ်သည်သာလျှင် ဖြစ်သော လက်နက်မည်၏။ တု၊ ထိုမှတပါး။ သတျာဒိ၊ လှံ-အစရှိသော လက်နက်မျိုး သည်။ ပါဏိမုတ္တံ၊ ပါဏိမုတ္တလက်နက် မည်၏။ ဝါ၊ လက်မှ လွှတ်အပ်သည် သာလျှင် ဖြစ်သော လက်နက်မည်၏။ သရာဒိကံ၊ မြား-အစရှိသော လက်နက်မျိုးသည်။ ယန္တမုတ္တံ၊ ယန္တမုတ္တ လက်နက်မည်၏။ ဝါ၊ စက် ယန္တရား စက်မောင်းဖြင့် လွှတ်အပ်သော လက်နက်မျိုး မည်၏။ လက်နက် မျိုး အကျယ် ၄-ပါး။

[ယန္တမုတ္တံ သရာဒိကံ-ဝယ် သရာဒိကံ-၌ အာဒိအရကား ယခု ကာလ အသုံးပြုသော သေနတ်ကျည်၊ ဒုန်းကျည်၊ အမြောက် ကျည်-စသည်တို့ကို ယူရာ၏။]

(၃၇၇) ဣဿာသော ဓနု ကောဒဏ္ဍံ၊ စာပေါ’နိတ္ထီ သရာသနံ။
အဋော ဂုဏော ဇီယာ ဇျာထ၊ သရော ပတ္တီ စ သာယကော။

(၃၇၈) ဝါဏော ကဏ္ဍ မုသု ဒွီသု၊ ခုရပ္ပေါ တေဇနာ’သနံ။
တူဏီ’တ္ထိယံ ကလာပေါ စ၊ တူဏော တူဏိရ ဝါဏဓိ။

(၃၇၇-၃၇၈) ဣဿာသော၊ ဓနု၊ ကောဒဏ္ဍံ၊ စာပေါ၊ လေး။ အနိတ္ထီ၊ စာပ-သဒ္ဒါ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်ဟည်း။ သရာသနံ၊ လေး။ လေးပရိယာယ် ၅-ပုဒ်။ အဋော၊ ထိုမှတပါး။ ဂုဏော၊ ဇီယာ၊ ဇျာ၊ လေးညှို့။ ဝါ၊ လေးကြိုး။ လေးညှို့၊ လေးကြိုး ပရိယာယ် ၃-ပုဒ်။ အထ ထိုမှတပါး။ သရော၊ ပတ္တိ၊ သာယကော၊ ဝါဏော၊ ကဏ္ဍံ၊ ဥသု၊ မြား။ အယံ၊ ဤ ဥသု-သဒ္ဒါသည်။ ဒွီသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ခုရပ္ပေါ၊ တေဇနံ၊ အသနံ၊ မြား။ မြားပရိယာယ် ၉-ပုဒ်။ တူဏီ၊ တောင့်။ ဝါ၊ မြားပုံး။ အယံ၊ ဤ တူဏီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ကလာပေါ၊ တူဏော၊ တူဏိရော၊ ဝါဏဓိ၊ တောင့်။ ဝါ၊ မြားပုံး။ တောင့်, မြားပုံးပရိယာယ် ၅-ပုဒ်။

[စာပေ တွိဿာသ မုသုနော၊ ဣဿာသော ဓေပကမ္မိ စ-ဟု ဤအဘိဓာန်ကျမ်း ၉၂၂-ဂါထာ၌ နပုလ္လိင်ဣဿာသ သဒ္ဒါ ‘လေး’၌ ဖြစ်၏၊ ပုလ္လိင် ဣဿာသ-သဒ္ဒါ မြားပစ်တတ်သူ လေးသမား၌ ဖြစ်၏-ဟု မိန့်ဆိုသဖြင့် ဤ ၃၇၇-ဂါထာလာ ဣဿာသ-သည် ဣဿာသော-ဟု ပုလ္လိင်နှင့် ရှိသဖြင့် ‘လေးသမား’ဟု ပေးလျှင် ပိုကောင်း၏။ သို့ရာတွင် ဋီကာ၌ ပဥ္စကံ ဓနုမှိ-ဟု ၅-ပုဒ်လုံး ‘လေးဟော’ပရိယာယ်ဟု ဆို၏။ သီဟိုဠ်နိဿျ ၂-စောင်လုံး၌လည်း ‘လေးဟော’ဟု မိန့်ဆိုကြ၏။ အံ၊ ဋီ၊၃၊၃၀၀။ နဝကနိပါတ်၊ လောကာယတိကသုတ် အဖွင့်၌ “ပဋိသတ္တုဝိဓမနတ္ထံ ဓနုံ ဂဏှာ-တီတိ ဓနုဂ္ဂဟော၊ သော ဝေ ဥသုံ သရံ အသတိ ခိပတီတိ ဣဿာ-သော”ဟု ဝိဂြိုဟ် ပြု၏။ ဓနု-ကို “ဓနတိ သဒ္ဒံ ကရောတီတိ ဓနု”ဟု ကဓိ၊ ယော၊ မဟာဋီ။၄။၁၅၉-၌ ဝိဂြိုဟ်ပြု၏။

ယဿ တဿ ပသုတောပိ၊ ဂုဏဝါ ပုဇ္ဇတေ နရော။
ဓနေ ဝံသဝိသုဒ္ဓေါပိ၊ နိဂ္ဂုဏော ကိံ ကရိဿတိ—

ဟူသော ဟိတောပဒေသ။ နိဒါနကထာ။ ၂၂-ဂါထာ၌ ဓနေ-သဒ္ဒါ ပုလ္လိင်နှင့် လာရှိ၏။ ကောဒဏ္ဍ-ကို "ကိံ နာမေန ဒဏ္ဍယတီတိ ကောဒဏ္ဍံ၊ ကိံ နာမေန ဒမျတီတိ ဝါ ကောဒဏ္ဍံ။ ကိံ နာမေန ဒုနောတီတိ ကောဒဏ္ဍံ။ ကုဋိလတ္တာ ဝါ ကုစ္ဆိတော ဒဏ္ဍော ယဿတ္ထီတိ ကောဒဏ္ဍံ"ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြု၏။ ပါဠိတ်ပါဠိ တော် နိသျ-၌ ယင်းကောဒဏ္ဍ-ကို မြား၊ ညှိမရှိသော လေး-ဟု ပြန်ဆို၏။ အာဝုဓံ နာမ စာပေါ ကောဒဏ္ဍော။ ဝိ၊၂။၃၆၃။ ဝိ၊ဋ္ဌ၊၃။၁၆၈။

ခုရပ္ပ-ကို "ခုရတိ ဆိန္ဒတိ, ခုရံ ဝါ ပါတိ ပိဝတီတိ ခုရပ္ပေါ၊ ခုရမဿ အဂ္ဂေ အပ္ပီယတိ ဌပီယတီတိ ဝါ ခုရပ္ပေါ၊ သရော"ဟု သီ၊ဋီ၊ သစ်၊၂။ ၂၆၂-၌ ဝိဂ္ဂြိုဟ်ပြု၏။ သော တံ ခုရပ္ပံ နေဝ အသက္ခိ မုဥ္စိတုံ။ ဒီ၊၁။၉၀။ သော တံ ခုရပ္ပန္တိ သော ရာဇာ တံ မာရေတု-ကာမတာယ သန္နိဟိတံ သရံ။ ဒီ၊ဋ္ဌ၊၁။ ၂၃၇။ ခုရပ္ပံ သလ္လံ။ သံ၊ဋ္ဌ၊ ၁။၃၂၀။ တူဏီရ-ကို တူဏီရော-ဟု အခိုက်အတန့် ပြင်၍ ယောဇနာသည်။ တူဏီရ-သဒ္ဒါ ပုလ္လိင်တည်း။ တူဏီရောတိ သရ-ပရိတ္တာဏံ ကလာပေါတိ အတ္ထော။ သမ္မော၊ယော။၁၅၇။]

(၃၉၀) ပက္ခော တု ဝါဇော ဒိဒ္ဓေါ တု၊ ဝိသပ္ပီတော သရော ဘဝေ။
လက္ခံ ဝေဇ္ဈံ သရဗျံ စ၊ သရာဘျာသော တု'ပါသနံ။

(၃၉၀) တု၊ ထိုမှတပါး။ ပက္ခော၊ ဝါဇော၊ မြားရွက်။ ဝါ၊ မြား တောင်။ မြားရွက်, မြားတောင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိသပ္ပီတော၊ အဆိပ်လူးသော။ သရော၊ မြားသည်။ ဒိဒ္ဓေါ၊ ဒိဒ္ဓမည်သည်။ ဘဝေ၊ ဖြစ်၏။ ဒိဒ္ဓေါ၊ ဆိပ်လူးမြား။ လက္ခံ၊ ဝေဇ္ဈံ၊ သရဗျံ၊ မှတ်တိုင်။ ဝါ၊ စက်တိုင်။ (စက်ခွက်လည်းဟူ၏။) မှတ်တိုင်,စက်ဝိုင်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ သရာဘျာသော၊ မြားပစ် လေ့ကျင့်ခြင်းသည်။ ဥပါသနံ၊ ဥပါသနမည်၏။

[ ပက္ခေန ကဟက္ကာ ပက္ခော။ အတောင်(အရွက်ဖြင့်) ပြုအပ်ရကား ပက္ခ-မည်၏ ဟူလို။ ဝိသ မပိဝိတ္ထာတိ ဝိသပ္ပိတော သရော ဒိဒ္ဓေါ နာမ။ ဋီကာ။ သဗ္ဗော ဒိဒ္ဓေါ ကလာပ်ဝ၊ အလိတ္တ မုပလိမ္ပတိ။ ဇာ၊ ၁။ ၁၃၀။ နိစ္စံ သရောန မဘျာသနံ ဝသီကရဏံ သရာဘျာ-သော။ အမြဲလောဝစဉ် မြှားများကို အလေ့အလာ အလေ့အကျင့်ပြုခြင်းသည် သရာဘျာသ-မည်၏။ ၇-ရက် တကြိမ် စက်၅-ဆင့်ကို ၅-ချက်ပစ်၍ ပပေ့မလျော့အောင် လေ့လာသည်ကို ယူရမည်ဟု နီတိ-၌ ဆို၏။ ဘာတ္တရကျာ ဓနုဂ္ဂဟာ။]

(၃၉၁) မင်္ဂလင်္ဂေါ တု နေတ္တိံသော၊ အသိ ခဂ္ဂေါ စ သာယကော။
ကောသိ'တ္ထိ ဟာပ္ပိဓာနေ ထော၊ ထရု ခဂ္ဂါဒိမုဋ္ဌိယံ။

(၃၉၁) တု၊ ထိုမှတပါး။ မင်္ဂလင်္ဂေါ၊ နေတ္တိံသော၊အသိ၊ ခဂ္ဂေါ၊ သာယကော၊ သံလျက်။ သံလျက်ပရိယာယ် ၅-ပုဒ်။ ကောသိ၊ ကောသိ-သဒ္ဒါသည်။ တပ္ပိဓာနေ၊ တိုသံလျက်၏ အအိမ်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ အထော၊ ထိုမှတပါး။ ထရု၊ ထရု-သဒ္ဒါသည်။ ခဂ္ဂါဒိမုဋ္ဌိယံ၊ သံလျက်-စသည်တို့၏ အရိုး၌။ ဝါ၊ ဓား-စသည်တို့၏ အရိုး၌။ ဝတ္တတိ၊ ဖြစ်၏။

[မင်္ဂလဂ္ဂ-ကို မင်္ဂလံ အင်္ဂံ ယဿာတိ မင်္ဂလင်္ဂေါ-ဟု ဋီကာ၌ ဝိဂြိုဟ်ပြု၏။ အဖျားဝန်းဝိုင်းရကား မင်္ဂလဂ္ဂမည်၏ ဟူလို။ နေတ္တိံသ-ကို နိဂ္ဂတော တိံသတော အင်္ဂုလတော နေတ္တိံသော-ဟု ပြု၏။ နေတ္တိံသောဝ သုပါယိကော။ ဇာ၊ ၁။ ၂၃၅။ တရ တရဏေ့ တသာ ထော၊ ထရတိတိ ထရု=ခဂ္ဂါဝယဝေါ-ဟု ဏွာဒိ။ ၆-၌ ဆို၏။ သို့ရာတွင် ထရုသည် သံလျက်,ဓားလွယ်စသော ဓား လက်နက်ကိုလည်းဟော၏။ ထရုသိမ္ပိ သိက္ခန္တိ။ ဝိ၊ ၁။ ၂၇၅။ထရုဟိပိ ကီဠန္တိ။ဇူဋ္ဌနိ။ ၂၄၆။ထရုသိမ္ဘိ ခဂ္ဂေ။ဝိမတိ၊၁။၃၀၂။ သံလျက်စသော ဓားလက်နက်၏ အရင်းပိုင်းကိုလည်း ဟော၏။ ထရုန္တိ အသိမူလံ။ ပဉ္စကနိပါတ်။ ဇူဋ္ဌမနုဂ္ဂဟာဇာတ် ဋီကာ။ သံလျက် ဓား-စသော လက်နက်ရိုးကိုလည်း ဟော၏။ စောရဿ ဟတ္ထေ ထရုံ။ သာမိကဿ ဟတ္ထေ ဓာရံ ဌပေသိ။ ဇာ၊ဋ္ဌ၊၃။၂၀၆။ ]

(၃၉၂) ခေဠကံ ဖလကံ စမ္မံ၊ ဣလ္လီ တု ကရပါလိကာ။
ဆုရိကာ သတျ'သိပုတ္တီ၊ လဂုဠော တု စ မုဂ္ဂရော။

(၃၉၂) ခေဠကံ၊ ဖလကံ၊ စမ္မံ၊လွှား။ ဝါ၊ ကာ။ လွှား,ကာ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဣလ္လီ၊ ကရပါလိကာ၊ ဓားငယ်။ ဝါ၊ ဆောင်ဓား။ ဆောင်ဓားပရိယာယ် ၂-ပုဒ်။ ဆုရိကာ၊ သင်ဒုန်းဓား။ ဝါ၊ ဓားငယ်။ သတ္တိ၊ အသိပုတ္တိ၊ ဓားစူး။ ဝါ၊ ဓားမြှောင်။ ဓားစူး, ဓားမြှောင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ လဂုဠော၊ မုဂ္ဂရော၊ ဆောက်ပုတ်။ ဝါ၊ ဝါးရင်းတုတ်။ ဆောက်ပုတ်ပရိယာယ် ၂-ပုဒ်။

[ခေဠက·စသည်ကား တဖက်ရန်သူက ပစ်လိုက်သော သံလျက်မြား- စသည်တို့ ကာကွယ်ရန် ပျဉ်ချပ်ဝိုင်း ဖြစ်၏။ တိကံ ခဂ္ဂါ-ဒိနံ သတ္တာနံ ဝါရဏဖလကေ။ ဋီကာ။ ဆုရိကာ-ကို ကျော်အောင်စံထား နိဿျ-၌ သံလျက်ငယ်ဟု ပြန်ဆို၏။ အဘယာရာမ ဆရာတော်ကမူ ဓားစူး, ဓားမြှောင်ဟု ယောဇနာ၏။ တောင်ပေါက်ဆရာတော်ကမူ မောင်းချဓား၊ ဓားငယ်တည်း-ဟု ဆိုသည်။ သို့ရာတွင် ထေရီ၊ ဌ။ ၂၃၅-၌ ဆုရိကာယာတိ ခုရေန- ဟု ဖွင့်၏။ ဤနိဿျ၌ ယင်းထေရီ၊ ဌ- အတိုင်း ပြန်ဆိုလိုက်သည်။]

(၃၉၃) သလ္လော'နိတ္ထီ သင်္ကု ပုမေ၊ ဝါသိ တု တစ္ဆနီ'တ္ထိယံ။
ကုဌာရိ'တ္ထီ ဖရသု သော၊ ဋင်္ကော ပါသာဏဒါရဏော။

(၃၉၃) သလ္လော၊ ငုတ်။ ဝါ၊ငြောင့်။ ဝါ၊ မြားသွား။ အနိတ္ထိ၊သလ္လ-သဒ္ဒါ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ သင်္ကု၊ ငုတ်။ ဝါ၊ ငြောင့်။ ဝါ၊ မြားသွား။ အယံ၊ ဤ သင်္ကု-သဒ္ဒါသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏၊ ငုတ်,ငြောင့်,မြားသွားပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝါသိ၊ တစ္ဆနီ၊ပဲခွပ်။ ဣတ္ထိယံ၊ဣတ္ထိလိင်၌။ ဝတ္တတိ၊ဖြစ်၏။ ပဲခွပ် ရရိယာယ် ၂-ပုဒ်။ ကုဌာရိ၊ ပေါက်ဆိန်။ ဝါ၊ တစည်း။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ ဖရသု၊ ပေါက်ဆိန်။ ဝါ၊ တစည်း။ သော၊ ပုလ္လိင်တည်း။ ပေါက်ဆိန်, တစည်း ပရိယာယ် ၂-ပုဒ်။ ဋင်္ကော၊ ပါသာဏဒါရဏော၊ ကျောက်ထွင်းစူး။ (စို့လည်း ဟူ၏။) ကျောက်ထွင်းစူးပရိယာယ် ၂-ပုဒ်။

[ ပရံ သုဏာန္တိ ဟိံသန္တိ ဓောနာတိ ပရသုံ-ဟု နီတိ၊ဓာ။ ၂၅၅-၌ လာ၏။ မူလ-က ပရသု-တည်း။ နောက်မှ ပ-ကို ဖ-ပြု၍ ဖရသု ပြီးသည်။ ယဒိ တေ မံ တတ္ထ ကောဋ္ဌေယျုံ ဖရသူဟိ တောမရေဟိ စ။ စရိယာ။ ၃၉၉။]

(၃၉၄) ကဏယော ဘိန္ဒိဝါဠော စ၊ စက္ကံ ကုန္တော ဂဒါ တထာ။
သတျာ'ဒီသတ္တဘေဒါထ၊ကောဏော'ဿော ကောဋိ နာရိယံ။

(၃၉၄) ကဏယော၊ ခက်ရင်းရှင်း။ ဝါ၊ သံတံကျင်ရှင်း။ ဘိန္ဒိဝါဠော၊ လှံတိုရှင်း။ စက္ကံ၊ စက်လက်နက်ရှင်း။ ကုန္တော၊ လှံမ လှံရှည်ရှင်း။ ဂဒါ၊ သံတင်းပုတ်ရှင်း။ တထာ၊ ထိုမှတပါး။ သတ္တိ၊ မတိုမရှည် လှံရှင်း။ ဣတိ-အာဒိ၊ ဤသို့ အစရှိသည်တို့သည်။ သတ္တဘေဒါ၊ လက်နက်အထူးတို့တည်း။ ကောဏော၊ အဿော၊ ကောဋိ၊ သံလျက်-စသည်တို့၏ အဖျား၊ အယံ၊ ဤ ကောဋိ-သဒ္ဒါသည်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သံလျက်-စသည် တို့၏ အဖျားပရိယာယ် ၃-ပုဒ်။

[ကဏယ-ကို ခက်ရင်းဟု ပြန်ဆိုသည်ကား ပြန်ရိုးပြန်စဉ် ဖြစ်၏။ သံတံကျင်-ဟု ပြန်ဆိုသည်ကား ကဏယေနာဝိ အယသူ-လေန (ပဉ္စာဝုဓဇာတ် ဋီကာ) နှင့် ကိုက်ညီသည်။ ဘိန္ဒိဝါဠ-ကို ဒွယံ ဟတ္ထပ္ပမာဏကဏ္ဍော-ဟူသော စိန္တာမဏိဋီကာနှင့်အညီ ပေးလိုက်သည်။ ကုန္တ-ကို လှံရှည်ဟု ပြန်ဆိုသည်ကား ပို၍ ဆီလျော်သည်ဟု ထင်မိ၏။ သီဟိုဠ် ဒုဋ္ဌဂါမဏိမင်းကြီး၏ စစ်တိုက်ရာ၌ အသုံးပြုသော လှံသည် လှံရှည်ဖြစ်၏။ ယင်းကို ကုန္တ-ဟု သုံးသည်။ တတ္ထေဝ ထူပဋ္ဌာနမှိ၊ သဓာတုံ ကုန္တ မုတ္တမံ။ မဟာဝံသ။ ၂၆။ ၉။ ကုန္တံ ပရိက္ခိပါပေတွာ၊ စေတိယံ တတ္ထ ကာရယိ။ မဟာဝံသ။ ၂၆။ ၁၃။ သို့ဖြစ်၍ လှံရှည်ဟု ပြန်၏။ သတ္တိ-ကို လှံတို၊ လှံရှည်တို့၏ အလယ်၊ အလယ်အလတ် မတိုမရှည် လှံ-ဟု ပြန်ဆိုသည်။]

(၃၉၅) နိယျာနံ ဂမနံ ယာတြာ၊ ပဋ္ဌာနံ စ ဂမော ဂတိ။
စုဠဏ္ဏော ပံသု ရဇော စေဝ၊ ဓူလိ'တ္ထီ ရေဏု စ ဒ္ဒိသု။

(၃၉၅) နိယျာနံ၊ ဂမနံ၊ ယာတြာ၊ ပဋ္ဌာနံ၊ ဂမော၊ ဂတိ၊ စစ်ထွက်ခြင်း။ စစ်ထွက်ခြင်း ပရိယာယ် ၆-ပုဒ်၊ စုဏ္ဏော၊ ပံသု၊ ရဇော၊ ဓူလိ၊ မြူမှုန်။ ဣတ္ထီ၊

ဂုလိ-သဒ္ဒါ ဂုဏ္ဍိလိင်တည်း။ ရေဏု၊ မြူမှုန်။ အယံ၊ ဤ ရေဏု-သဒ္ဒါသည်။ ဒွိသု၊ ပုလ္လိင် နပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ မြူမှုန် ပရိယာယ်၅-ပုဒ်။

[ယာ ပါပုဏေ၊ နိက္ခမိတွာ ယာယတေ နိယျာနံ-ဟု ဋီကာ၌ ထွက်သွားခြင်း သာမန်ဖွင့်၏။ သို့ရာတွင် နိယျာနံ, ဂမန်-စသော ၆-ပုဒ်ကား စစ်နှင့်စပ်ဆိုင်ရာ အခန်းတွင် လာခြင်းဖြစ်ရကား မင်းများ စစ်ထွက်(မင်းများ ထွက်တော်မူ)ခြင်းကို ယူရာ၏။ ရည် နိယျာနံ ဘဝိဿတိ၊ ရည် အနိယျာနံ ဘဝိဿတိ။ ဒီ၊ ၁။ ၉။ ရည် နိယျာနံ ဘဝိဿတိတိ အသုကဒိဝသေ အသုကနက္ခတ္တေန အသုကဿ နာမ ရညော နိက္ခမနံ ဘဝိဿတိတိ ဧဝံ ရာဇူနံ ဘဂါမဂမနံ (ဂါပဝါသဂမနံ-လက်ရှိစာမူ) ဗျာကရောတိ။ ဒီ၊ ဋ၊ ၁။ ၇၉။ နိဂ္ဂမနံ-လည်း စစ်ထွက်ခြင်း ပရိယာယ်တည်း။ နိက္ခမနံ-လည်း စစ်ထွက် ခြင်း, မင်းများ ထွက်ခြင်းဟော ပရိယာယ်ကောင်း လုပ်နိုင်၏။

ယုဟတာ ပရိဟာရေန၊ နိက္ခမိတွာ သမန္တိရာ။
ပုရံ ပဒက္ခိဏံ ကတွာ၊ အဆဋ္ဌိတော ဝ ကေသရီ။
မဟာဝံသ။ ၆၉။ ၃၁။]

(၃၉၆) မာဂဓော မဂုဓော ဝုတ္တော၊ ဝန္ဒီ တု ထုတိပါဌကော။
ဝေတာဠိကော ဗောဓကာရော၊ စက္ကိကော တု ဃဏ္ဋိကော။

(၃၉၆) မာဂဓော၊ မဂုဓော၊ မင်းမျိုး မင်းနွယ်ကို ချီးကျူးသူ။ သမော၊ အနက်တူ၏ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ မင်းမျိုး မင်းနွယ်ကို ချီးကျူးသူပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝန္ဒီ၊ ထုတိပါဌကော၊ စာဆို တော်။ ငါ၊ ဒါနပါရ-စသော ဂုဏ်ဖြင့် မင်းကို ချီးမွမ်းသူ။ စာဆိုတော် ပရိ ယာယ် ၂-ပုဒ်။ ဝေတာဠိကော၊ ဗောဓကာရော၊ အနှိုးတော်။ (ဘုန်းတော် ဘွဲ့ကို သီဆို၍ နံနက်အခါ မင်းကို နှိုးစေသူလည်း ဟူ၏။) အနှိုးတော် ပရိ ယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ စက္ကိကော၊ ဃဏ္ဋိကော၊ နာရီတီးသမား။ (ပဟိုရ်ပြီးသမား, ကလဒက်, ခေါင်းလောင်း, ကျောက်စည်တီးသမားလည်း ဟူ၏) နာရီတီးသမား ပရိယာယ် ၂-ပုဒ်။

[မာဂဓ-ပုဒ်ကို "ပံသက္ကမေန မဟတ္တာပေဒိနိ ရာဇာဂုဏထုတိကာ-ရိနိ" ဟု ဝိနည်းမဟာဋီ၌ ဖွင့်၏။ သို့ဖြစ်၍ မင်းကို အမျိုးအနွယ်အား

ဖြင့် မြင့်မြတ်ပုံကို မြှောက်ပင့်ချီးကျူးသူ, ချေင်း မော်ကွန်း စီကုံးထုံးဖွဲ့ ရွတ်ဖတ်သူကို မာဂဓ, မဂုက-ဟူ၍ သိရာ၏။ မင်း၏ ဒါန, ဝီရ-စသော ဂုဏ်တို့ကို ချီးမွမ်းသူသည် ဝန္ဒီ, ထုတိပါဌ-မည်၏။ ဥပမာ သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံလွန်ခါနီးတွင်——

ဂေါ့နသတဝိဟာရာ၊ မဟာရာဇေန ကာရိတာ။
ဂေါ့နဝိသကောဋ္ဌိဟိ၊ ဝိဟာရော မရိစဝဋ္ဋိ စ။

ဥတ္တမော လောဟပါသာဒေါ၊ တိံသကောဋ္ဌိဟိ ကာရိတော။
မဟာထူပေ အနဂ္ဃါနိ၊ ကာရိတာ စတုဝီသတိ။

မဟာထူပမှိ သေသာနိ၊ ကာရိတာနိ သုဗုဒ္ဓိနာ။
ကောဋ္ဌိသဟဿံ အဂ္ဃန္တိ၊ မဟာရာဇာတိ ဝါစယိ——
(မဟာဝံသ။ ၃၂။ ၂၆၊ ၂၇၊ ၂၈။)

စသည်ဖြင့်ကောင်းမှုတော်စာရင်းတို့ကိုဖတ်သော ထေရပုတ္တာဘယ မထေရ်ကဲ့သို့ မင်း၏ကောင်းမှုတော် ဒါနစာရင်း-စသည်ကို ဖတ် သော ပုဂ္ဂိုလ်သည်ရင်း၊ သီဟိုဠ်ကျွန်း၌ပင် မဟာပရက္ကမဗာဟုမင်း ဖွားမြင်စက——

လက်ခါဒိပံ ဌပေတွာန၊ ဇမ္ဗုဒီပတလမှိ စ။
ကေဋ္ဌတ္တက်ီတံ ကတွာ-နုဘောတ္တုံ နိပုဏော ဏ္ဍတိ——

(မဟာဝံသ။ ၆၀။ ၄၉။) စသည်ဖြင့် လက္ခဏာတော်ဖတ်တိုသည် မင်းသား၏ လက္ခဏာကိုကြည့်၍ ရဲရင့်တည်ကြည်ခြင်း-စသည့် ဂုဏ်ကို လျှောက်ဆိုကြသကဲ့သို့ ရဲရင့်တည်ကြည်ခြင်း-စသော ဂုဏ် တို့ကို ထုတ်ဖော်လျှောက်ဆိုသည့် ပုဂ္ဂိုလ်သည်ရင်း ဝန္ဒီ, ထုတိပါဌ မည်၏။

စာသင်ကျောင်းတိုက်ကြီး-စသည်များ၌ စာအံ စာဟက်ချိန် အချက်ပေး ခေါင်းလောင်းထိုးသူများ, ဘုရားဝတ်တက် ခေါင်း လောင်းထိုးသူများ, တက္ကသိုလ်ကောလိပ်များ၌ သင်တန်းစချိန် အချက်ပေးသူ-စသည်သည်လည်း ဝေတာလိက,ဗောဓကရမည်၏။]

(၃၉၇) ကေတု ဓဇော ပဋာကာ စ၊ ကဒလီ ကေတနံ ပုမေ။
ယော'ဟံကာရော'ညမညာ၊ သာ'ဟမဟမိကာ ဘဝေ။

(၃၉၇) ကေတု၊ ဓဇော၊ ပဋာကာ၊ ကဒလီ၊ ကေတနံ၊ အလံ။ ဝါ၊ တံခွန်။ အလံ, တံခွန်ပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှတပါး။ အညမညာ၊ ဆန့်ကျင်ဖက် စစ်သားအချင်းချင်း။ ယော အဟံကာရော၊ အကြင် ငါဟူသော မာန်မူကြုံးဝါးခြင်းသည်။ အတ္ထိ၊ ရှိ၏။ သ=သော အဟံကာရော၊ ထိုငါဟူသောမာန်မူ ကြုံးဝါးခြင်းသည်။ အဟမဟမိကာ၊ အဟမဟမိကာ မာန် မည်သည်။ ဝါ၊ ငါသတ္တိရှိ၏, ငါရဲရင့်၏, ငါအစွမ်းကောင်း၏ဟူ၍ အံတုအံပြိုင် ပြုခြင်းမည်သည်။ ဘဝေ၊ ဖြစ်၏။

[ကေတု-ကို ဥဒ္ဒံ ဂစ္ဆတိ ပဝတ္တတိတိ ကေတု-ဟု ကစ္စည်း။ ၆၇၁-၌ ဝိဂ္ဂိုဟ်ပြု၏။ ဓုနာတိ ကမ္ပတိ စလတီတိ ဓဇံ-ဟု အပ၊ ဋ၊ ၂။ ဂ၄-၌ ဝိဂ္ဂိုဟ်ပြု၏။ ဓဇော ရထဿ ပညာဏံ။ သံ၊ ၁။ ၃၉။ အဟမဟမိကာမာန်ကို ဝိရဂဇ္ဇိတ-ဟု မဟာဝံသ-စသော သမိုင်းကျမ်းများ၌ သုံးသည်။ ဂဇ္ဇန္တာ ဝိရဂဇ္ဇိတံ။ မဟာဝံသ။]

(၃၉၈) ဗလံ ထာမော သဟံ သတ္တိ၊ ဝိက္ကမော တွ'တိသူရတာ။
ရဏေ ဇိတဿ ယံ ပါနံ၊ ဇယပါနန္တိ တံ မတံ။

(၃၉၈) ဗလံ၊ ထာမော၊ သဟံ၊ သတ္တိ၊ အား။ ဝါ၊ အစွမ်းသတ္တိ။ အား, အစွမ်းသတ္တိ ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ အတိသူရတာ၊ အလွန်အမင်း ရဲရင့်သူ၏ အဖြစ်သည်။ ဝိက္ကမော၊ ဝိက္ကမ မည်၏။ ရဏေ၊ စစ်ပွဲ၌။ ဇိတဿ၊ အောင်နိုင်သော မင်း၏။ ယံ ပါနံ၊ အကြင် သောက်အပ်သော သေရည်သေရက်သည်။ အတ္ထိ၊ ရှိ၏။ တံ ပါနံ၊ ထိုသောက်အပ်သော သေရည်သေရက်ကို။ ဇယပါနန္တိ၊ ဇယပါန ဟူ၍။ ဝါ၊ အောင်ပွဲ အထိမ်းအမှတ် သောက်အပ်သော သေဟူ၍။ မတံ၊ သိအပ်၏။

["ဇိတဿ၊ စစ်နိုင်သောမင်း၏။ ယံ ပါနံ၊ အကြင် သေသောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ပါနံ၊ ထိုသေသောက်ခြင်းကို။ ဇယပါနန္တိ၊ ဇယပါနဟူ၍။ ဝါ၊ အောင်သေသောက်ခြင်းဟူ၍။ မတံ၊ သိအပ်၏"ဟုလည်း ပေးနိုင်၏။ သို့ရာတွင် သောက်ခြင်း ကြိယာမဟုတ်ပဲ သောက်အပ်သော အောင်သေကို အရ

ကောက်ခြင်းကား ပို၍ သင့်မြတ်ဖွယ် ရှိပေသည်။ အမရ။ ၁၀။ ၁၀၃-၌——

"ဝိရပါနံ တု ယံ ပါနံ၊ ဇာတေ ဘာဝိနိ ဝါ ရဏေ" ဖြင့် စစ်ပွဲမပြီးသေးသော်လည်း၊ စစ်ပွဲပြီးသော်လည်း သေသောက်ခြင်းသည် 'ဝိရပါန' မည်၏ဟု ဝိရပါန-လာသည်။ ]

(၃၉၉) သင်္ဂါမော သမ္ပဟာရော စာ-နိက္ကိယံ သမရံ ရဏံ။
အာဇိ'တ္ထိ အာဟဝေါ ယုဒ္ဓ-မာယောဓနံ စ သံယုဂံ။

(၃၉၉) သင်္ဂါမော၊ သမ္ပဟာရော၊ သမရံ၊ ရဏံ၊ စစ်ထိုးခြင်း။ ဝါ၊ စစ်တိုက်ခြင်း။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ အနိက္ကိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အာဇိ၊ စစ်ထိုးခြင်း။ ဝါ၊ စစ်တိုက်ခြင်း။ ဣတ္ထီ၊ အာဇိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ အာဟဝေါ၊ ယုဒ္ဓံ၊ အာယောဓနံ၊ သံယုဂံ၊ စစ်ထိုးခြင်း။ ဝါ၊ စစ်တိုက်ခြင်း။ စစ်ထိုးခြင်း, စစ်တိုက်ခြင်း ပရိယာယ် ၉-ပုဒ်။

[သင်္ဂါမော-ကား သင်္ဂါမ-ဓာတ်တည်း။ သင်္ဂါမ ယုဒ္ဓေ၊ သင်္ဂါမေတိ၊ သင်္ဂါမယတိ၊ ဒွေ ရာဇာနော သင်္ဂါမေသုံ။ နီတိ၊ ဓာ။ ၃၃၄။ သံ၊ ၁။ ဂ၃။ ကြီးကျယ်သော စစ်ပွဲကို "တုမူလရဏ" ဟု လာ၏။ သဒ္ဓိံ ဒါမိဠသေနာယ၊ ဝတ္တေသိ တုမူလံ ရဏံ။ မဟာဝံသ။ ၅၆။ ၂၇။ တုမူလ-သဒ္ဒါ သက်သက်ကပင် အပြင်း အထန် စစ်တိုက်ခြင်းကို ဟော၏။ တုမူလံ ရဏသံကုလေ။ အမရ။ ၁၀။ ၁၀၆။]

(၄၀၀) ဘဏ္ဍနံ တု ဝိဝါဒေါ၊ စ၊ ဝိဂ္ဂဟော ကလဟ မေဓဂါ။
မုစ္ဆာ မောဟော'ထ ပသယှော၊ ဗလက္ကာရော ဟဌော ဘဝေ။

(၄၀၀) တု၊ ထိုမှတပါး။ ဘဏ္ဍနံ၊ ဝိဝါဒေါ၊ ဝိဂ္ဂဟော၊ ကလဟော၊ မေဓဂါ၊ ငြင်းခုံခြင်း။ ဝါ၊ ခိုက်ရန်ဖြစ်ခြင်း။ (အခိုက်အတန့် ကလဟော, မေဓဂေါ-ဟု ပြင်သည်။ ကလဟ, မေဓဂ-ကား ပုလ္လိင်တည်း။) ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ပရိယာယ် ၅-ပုဒ်။ မုစ္ဆာ၊ မောဟော၊ တွေဝေမိန်းမောခြင်း။ တွေဝေမိန်းမောခြင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထို့မှတပါး။ ပသယှော၊

ပလက္ကာရော၊ ဟင့်ော၊ နိုင်ယက်မှုခြင်း။ ပါ၊ အားရှိအားမဲ့ပြုခြင်း။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အားရှိအားမဲ့ပြုခြင်း, နိုင်ထက်မှုခြင်း ပရိယာယ် ၃-ပုဒ်။

[ဘဏ္ဍာန-၌ နိပ္ပါတ-၌ ဘဒ္ဒိ-ဓာတ်ဟု ဆို၏။ ဋီကာ၌ ဘဏ္ဍ-ဓာတ် ဟူ၏။ ပရိဘာ၊သနတ္ထ-ချည်း ဖြစ်၏။ ဋီကာ၌ နာနတ္ထသင်္ဂဟ ကျမ်း အဆိုအတိုင်း ဘဏ္ဍနံ-စသည့် ၅-ပုဒ်ကို စစ်ထိုးခြင်း စစ်တိုက် ခြင်း ပရိယာယ်တွင် သွင်း၏။ မေဒင-ကို အဘိဓာနပ္ပဒီပိကာသူစိ-၌ အတ္တနော နိဿယဥ္စ ပရဥ္စ မေဓမာနော (ညှဉ်းဆဲလျက်) ဂစ္ဆတီတိ မေဓဂေါ-ဟု ဖွင့်ပြ၏။ မေဓ ဟိံသာသင်္ဂမေသု။ ဓာတ်နက်။]

(၄၀၁) ဥပ္ပါဒေါ ဘူတဝိကတိ၊ ယာ သုဘာသုဘသူစိကာ။
ဤတိ ကိုတ္တိ အဇညံ စ၊ ဥပသဂ္ဂေါ ဥပဒ္ဒဝေါ။

(၄၀၁) သုဘာသုဘသူစိကာ၊ ကောင်းကျိုး မကောင်းကျိုးကို ပြတတ်သော။ ဝါ၊ ကောင်းကျိုး ဆိုးကျိုးကို ပြတတ်သော။ ယာ ဘူတဝိကတိ၊ အကြင်ဘုတ်တို့၏ ဖောက်ပြန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာ ဘူတဝိကတိ၊ ထိုဘုတ်တို့၏ ဖောက်ပြန်ခြင်းသည်။ ဥပ္ပါဒေါ၊ ဥပ္ပါဒမည်၏။ ဝါ၊ ပုဗ္ဗနိမိတ် မည်၏။ တု၊ ထိုမှတပါး။ ဤတိ၊ ဘေးရန်။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ အဇညံ၊ ဥပသဂ္ဂေါ၊ ဥပဒ္ဒဝေါ၊ ဘေးရန်။ ဘေးရန်ပရိယာယ် ၄-ပုဒ်။

[သိဟိုဠ်မူ၌ ဥပ္ပဒ္ဒေါ-ဟု ရှိ၏။ ၁၀၂၇-ဂါထာ၌လည်း စန္ဒဂ္ဂါဟာဒိကေ စေဝ-ပ္ပါဒေါ ဥပ္ပတ္တိယမ္ပိ စ-ဟု ရှိသည်။ ဥပ္ပါတော ဘူတဝိကတိ-လည်း သင့်၏။ ဋီကာ၌ "သုဘာသုဘဖလံ ပကာသေန္တော ပတတိ ဂစ္ဆတီတိ ဥပ္ပါတော။ ဥပ္ပါဒေါပိ" ဟု ၂-ချက်သင့် ဆို၏။ ဒုက္ခတစုံတရာ ဖြစ်ခြင်းသည် ဤတိ-စသည်မည်၏။ ပရသေနပစ္စတ္ထိ-ကောသု ပစ္စာမိတ္တေသု ဤတိ ဥပ္ပါဒေန္တိ၊ ဥပဒ္ဒဝံ ဥပ္ပါဒေန္တိ၊ ရောဂံ ဥပ္ပါဒေန္တိ····။ ပ ာနိ။ ၂၉၇။]

(၄၀၂) နိဗ္ဗုဒ္ဓံ မလ္လယုဒ္ဓမ္ပိ၊ ဇယော တု ဝိဇယော ဘဝေ။
ပရာဇယော ပရာဇော ဘင်္ဂေါ၊ ပလာယနံ မပက္ကမော။

(၄၀၂) နိဗ္ဗုဒ္ဓံ၊ နိဗ္ဗုဒ္ဓ-သဒ္ဒါသည်။ မလ္လယုဒ္ဓမ္ပိ၊ လက်ဝှေ့သတ်ခြင်း၌။ ဝါ၊ လက်ပပ်းလုံးခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ယိုမှတပါး။ ဇယော၊ ဝိဇ-

ယော၊ အောင်နိုင်ခြင်း။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ရဏော၊ စစ်ပွဲ၌။ ဘင်္ဂေါ၊ ဖရိုဖရဲ ပျက်စီးခြင်းသည်။ ဝါ၊ ဆုံးရှုံးခြင်းသည်။ ပရာဇယော၊ ပရာဇယမည်၏။ ပလာယနံ၊ အပက္ကမော၊ ထွက်ပြေးခြင်း။ ထွက်ပြေးခြင်း ပရိယာယ် ၂-ပုဒ်။

[ပိဋကတ်တော်၌ မုဋ္ဌိယုဒ္ဓ-ဟူ၍လည်း များစွာအသုံးရှိ၏။ မုဋ္ဌိယုဒ္ဓံ နိဗ္ဗုဒ္ဓံ ဥယျောဓိကံ။ ဒီ၊ ၁။ ၆၁။ မဟာနိ။ ၂၀၅။ ပဒါဝေါ, ဒါဝေါ,သန္ဒာဝေါ, ဝိဒ္ဒဝေါ, ဒဝေါ,အပယာနံ-တို့လည်း ထွက်ပြေးခြင်းဟော ပရိယာယ်တို့တည်း။]

(၄၀၃) မာရဏံ ဟနနံ ဃာတော၊ နာသနံ စ နိသူဒနံ။
ဟိံသနံ သရဏံ ဟိံသာ၊ ဝဓော သသနဃာတနံ။

(၄၀၃) မာရဏံ၊ ဟနနံ၊ ဃာတော၊ နာသနံ၊ နိသူဒနံ၊ ဟိံသနံ၊ သရဏံ၊ ဟိံသာ၊ ဝဓော၊ သသနံ၊ ဃာတနံ၊ သတ်ခြင်း။ သတ်ခြင်း ပရိယာယ် ၁၁-ပုဒ်။

[ဃာတနံ, နိဗ္ဗရဟနံ, နိကာရဏံ, ပဝါသနံ, သညာပနံ, ပမထနံ,ကထနံ, ဥဇ္ဇာသနံ,အာရမ္ဘော, ပိဋ္ဌော-တို့ကိုလည်း သတ်ခြင်း ပရိယာယ်ဟော၌ ထည့်သွင်း၍ ယူရာ၏။]

(၄၀၄) မရဏံ ကာလကိရိယာ၊ ပလယော မစ္စု အစ္စယော။
နိဓနော' နိတ္ထိယံ နာသော၊ ကာလော' န္တော စဝနံ ဘဝေ။

(၄၀၄) မရဏံ၊ ကာလကိရိယာ၊ ပလယော၊ မစ္စု၊ အစ္စယော၊ နိဓနော၊ သေခြင်း။ အယံ၊ ဤ နိဓန-သဒ္ဒါသည်။ အနိတ္ထိယံ၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ နာသော၊ ကာလော၊ အန္တော၊ စဝနံ၊ သေခြင်း။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။

[ မစ္စု မရဏံ ကာလကိရိယာ။ ဒီ၊ ၂။ ၂၄၄။ မ၊ ၁။ ၆၁။ သံ၊ ၁။ ၂၄၄။ အဘိ၊ ဝိ။ ၁၀၄။ ကာလကိရိယာတိ မရဏကာလကိရိယာ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၈၇။ ယင်းကိုထောက်၍ ကာလကိရိယာ-ကို "သေရာအခါကို ပြုခြင်း"ဟု အနက်ယောဇနာကြ၏။ ကာလော နာမ အန္တကော၊ တဿ ကိရိယာ ကာလကိရိယာ။

အဘိ၊ ဋ္ဌ၊ ၂။ ၉၄။ ယင်းကိုထောက်၍ ကာလကိရိယာ-ကို "အယုတ်ကို ပြုခြင်း"ဟု ဖွင့်ကြ၏။ အန္တ-သဒ္ဒါ စုတေခြင်း သေခြင်းကို ဟောရကား အန္တက-သဒ္ဒါကလည်း စုတေခြင်း သေခြင်းကို ဟောနိုင်၏။ သို့ဖြစ်၍ "ကာလကိရိယာ=သေလွန်ခြင်းကို ပြုခြင်း"ဟုလည်း သင့်သည်ပင်။ ကာလကိရိယာတိ မရဏကာလော၊ အနတိက္ကမနီယတ္တာ ဝိသေသေန "ကာလော"တိ ဝုတ္တောတိ တဿ ကိရိယာ၊ အတ္တဘော စုတိ ခန္ဓာနံ ဘေဒပ္ပတ္တိယော၊ ကာလဿ ဝါ အန္တကဿ ကိရိယာတိ ယာ လောကေ ဝုစ္စတိ၊ သာ စုတိ မရဏန္တိ အတ္တော။ ဒီ၊ ဋ္ဌီ၊ ၂။ ၃၃၀။ ဓာန်၊ ဋ္ဌီ-၌"ကာလော အတိတာဒိ၊ တဿ ကိရိယာ" ဟု ဖွင့်၏။]

(၄၀၅) တီသု ပေတော ပရေတော စ၊ မတော ထ စိတကော စိတော။ အာဠဟနံ သုသာနံ စာ-နိတ္ထိယံ ကုဏပေါ ဆဝေါ။

(၄၀၅) ပေတော၊ ပရေတော၊ မတော၊ သေသောသူ။ တီသု၊ လိင် သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ သေသောသူပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ စိတကော၊ စိတော၊ ထင်းကလားပုံ။ ထင်းကလားပုံ ပရိယာယ် ၂-ပုဒ်။ အာဠဟနံ၊ သုသာနံ၊ သုသာန်။ ဝါ၊ သင်းချိုင်း။ သုသာန်, သင်းချိုင်း ပရိယာယ် ၂-ပုဒ်။ ကုဏပေါ၊ ဆဝေါ၊ သူသေကောင်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သူသေကောင် ပရိယာယ် ၂-ပုဒ်။

[ပေတ,ပရေတ-တို့ကို ပရလောကံ ဂစ္ဆတီတိ ပေတော, ပရေတော-ဟု ဝိဂ္ဂြိုဟ်ပြုရာ၏။စိတက, စိတ-တို့ကို စီယတေ ယတ္ထာတိ စိတကော၊ စိတော-ဟု ဝိဂ္ဂြိုဟ်ပြု။ စိတက- သဒ္ဒါ ဟောနက် ထင်းပုံကား သူသေကောင် ဖုတ်ကြည်း မီးသဂြိုဟ်ရာ ထင်းပုံတည်း။အထ ကဋ္ဌာနိ သံကဍ္ဎိတွာ စိတကံ ကရိတွာ မာတာပိတူနံ စိတကံ အာရောပေတွာ အဂ္ဂိံ ဒတွာ····ပဒက္ခိဏံ အကာသိ။ ဝိ၊ ၃။၄၉၁။ မီးသဂြိုဟ်ရာ နံ့သာထင်းပုံကိုလည်း ဟော၏။ ပသန္နစိတ္တော သုမနော၊ စိတကံ အဂမာသ'ဟံ။ အပ၊ ၁။ ၁၆၅။ မီးသဂြိုဟ်ရာ စန္ဒကူးထင်းပုံကိုလည်း ဟော၏။ စိတကန္တိ ဝိသရတနသတိကံ စန္ဒနစိတကံ။ ဒီ၊ဋ္ဌ၊၂။၁၉၄။ အာဠဟန-ကို အာဂန္တွာ ဒဟန္တိ အတြာတိ

အာဠဝကဟန်-ဟုပြု။ လာရောက်၍ မီးရှို့မြှိုက်ရာ မီးသင်္ဂြိုဟ်ရာ ဖြစ်ရကား အာဠဝက မည်၏။ ဒဟ-ဓာတ် ယု-ပစ္စည်း ဒ-ကို ဠ-ပြု။]

(၄၀၆) ကဗန္ဓော နိတ္ထိယံ ဒေဟော၊ **သိရောသုညော** သဟကြိယော။
အထ သိဝထိကာ ဝုတ္တာ၊ သုသာနသ္မိံ ဟိ **အာမကေ**။

(၄၀၆) သိရောသုညော၊ ဦးခေါင်းမှ သုဉ်းသော။ ဝါ၊ ဦးခေါင်းမရှိသော။ သဟကြိယော၊ ကခြင်း-အစရှိသော အမူအရာနှင့် တကွ ဖြစ်သော။ ဒေဟော၊ ကိုယ်သည်။ ကဗန္ဓော၊ ကဗန္ဓမည်၏။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ သိဝထိကာ၊ သိဝထိကာ-သဒ္ဒါကို။ အာမကေ၊ မပုပ်သေးသော သူသေကောင်တို့ကို ပစ်ရာဖြစ်သော။ ဝါ၊ သူသေကောင်စိမ်း ပစ်ရာဖြစ်သော။ သုသာနသ္မိံ၊ သုသာန်၌။ ဝုတ္တာ၊ ဆိုအပ်၏။

[ကဗန္ဓ–ကို က+အန္ဓ– ဟု ပုဒ်ဖြတ်၊ အလယ်၌ ဝ-လာ၊ ဝ-ကို ဗ-ပြု၍ ပြီးသည်။ အဝိဇ္ဇမာနေန ကေန သိရသာ အန္ဓော ကဗန္ဓော-ဟု ဋီကာဖွင့်၏။ ဦးခေါင်းဖြင့် ကန်းသောကိုယ်၊ ဦးခေါင်းမရှိသော ကိုယ်၊ ဦးခေါင်းမပါသော ကိုယ်၊ လည်တို ပြတ်ထား-လည်း ဟူ၏။ အဒ္ဒသံ အသီသကံ ကဗန္ဓံ ဝေဟာသံ ဂစ္ဆန္တံ။ ဝိ၊ ၁။ ၁၄၇။ သံ၊ ၁။ ၄၅၁။ လည်တို ပြတ်ထားနှင့် တူသော ဦးခေါင်းပြတ်သကဲ့သို့ထင်ရသော သူကိုလည်း ဟောသည်။ ယဒိဒံ ကဗန္ဓေ ပိဋ္ဌသပ္ပိမ္ဟိတိ။ ဇာ၊ ၂။ ၁၁၈။ ကဗန္ဓေတိ တဿ ကိရ ဂီဝါ ဩနမိတွာ ဥရံ အလ္လီနာ၊ တသ္မာ ဆိန္နသီသော ဝိယ ခါယတိ။ ဇာ၊ ဋ၊ ၅။ ၄၅၉။]

(၄၀၇) ဝန္ဒိ'တ္ထိယံ ကရမရော၊ ပါဏော တွသု ပကာသိတော။
**ကာရာ** တု ဗန္ဓနာဂါရံ၊ ကာရဏာ တု စ ယာတနာ

**ဣတိ ခတ္တိယဝဂ္ဂေါ**။

(၄၀၇) ဝန္ဒီ၊ သုံ့ပန်း။ အယံ၊ ဤ ဝန္ဒီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ကရမရော၊ သုံ့ပန်း။ သုံ့ပန်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပါဏော၊ အသု၊ အသက်။ သမော၊ အနက်တူ၏ ဟူ၍။ ပကာသိတော၊ ပြအပ်၏။ တု၊ ထိုမှတပါး။ ကာရာ၊ ဗန္ဓနာဂါရံ၊ နှောင်အိမ်။

ဝါ၊ ထောင်။ တု၊ ထိုမှတပါး။ ကာရဏာ၊ ယာတနာ၊ ညှဉ်းဆဲခြင်း။ညှဉ်းဆဲခြင်း ပရိယာယ် ၂-ပုဒ်။

[မုဋ္ဌနသညာယ (=လွှတ်လိမ့်မည်ဟူသော အမှတ်သညာဖြင့်။) ဝဒ္ဒတိ (=ရှိခိုးတက်၏။) ဣတိ တသ္မာ (=ထို့ကြောင့်။) ဝန္ဒီ၊ ဝန္ဒီမည်၏။ လွှတ်လိမ့်မည်ဟု မှတ်ထင်သဖြင့် လွှတ်စေလိုသော အမှတ်ဖြင့် ရှိခိုးတတ် တောင်းပန်တတ်သောကြောင့် ဝန္ဒီ-မည်၏ဟူလို။ ရဿဖြင့် ဝန္ဒိ-လည်း သင့်သည်ပင်။ ကာရေန ဟတ္တေန မရိတဗ္ဗောတိ ကာရမရော-ဟု ဝိဂ္ဂြိုဟ်ပြု။ သုံ့ရ၊ သုံ့ပန်း၊ အဓမ္မဖမ်းဆီးခြင်း ခံရသောသူ။ စစ်အောင်နိုင်သူ၏ ဖမ်းဆီးခြင်းခံရသော စစ်ရှုံးသူများ။ ဂါဝိယော ကာရမရေ စ ဂဟေတွာ ဂစ္ဆန္တိ။ မ၊ ဋ္ဌ၊ ၂။ ၃၀၇။ သံ၊ဋ္ဌ၊ ၁။ ၁၄၃။ ကာရမရေတိ ဝိလုမ္ပိတွာ အာနီတေ။ မ၊ ဋီ၊ ၂။ ၃၁၆။ ပဂ္ဂဟော, ဥပဂ္ဂဟော-တို့လည်း သုံ့ပန်း, သုံ့ရ-ဟော ပရိယာယ် ဖြစ်၏။ ကာရဏာယ ပဂ္ဂယှတီတိ ပဂ္ဂဟော၊ ဥပဂ္ဂဟော-ဟု ဝိဂ္ဂြိုဟ်ပြု။]

ခတ္တိယဝဂ္ဂေါ၊ ခတ္တိယဝဂ်သည်။ ဣတိ၊ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

---

ဗြာဟ္မဏဝဂ်

(၄၀၈) ဗြဟ္မဗန္ဓု ဒိဇော ဝိပ္ပေါ၊ ဗြဟ္မာ ဘောဝါဒီ ဗြာဟ္မဏော။
သောတ္တိယော ဆန္ဒသော သော ထ၊ သိဿန္တေဝါသိနော ပုမေ။

(၄၀၈) ဗြဟ္မဗန္ဓု၊ ဒိဇော၊ ဝိပ္ပေါ၊ ဗြဟ္မာ၊ ဘောဝါဒီ၊ ဗြာဟ္မဏော၊ ပုဏ္ဏား။ ပုဏ္ဏား ပရိယာယ် ၆-ပုဒ်။ သောတ္တိယော၊ ဆန္ဒသော၊ ဗေဒင်ကျမ်းဂန်ကို ရွတ်အံသရဇ္ဈာယ်တတ်သော ပုဏ္ဏား။ သော၊ ပုလ္လိင်တည်း။ ဗေဒင်ကျမ်းဂန်ကို ရွတ်အံသရဇ္ဈာယ်တတ်သော ပုဏ္ဏား ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သိဿော၊ အန္တေဝါသီ၊ တပည့်။ (အခိုက်အတန့်အား ဖြင့် အန္တေဝါသီ-ဟု ကေဝုစ်နှင့် ပြင်သည်။) ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ဗြာဟ္မဏ-ကို "တယော ဝေဒေ အဏန္တိ အဇ္ဈာယန္တီတိ ဗြာဟ္မဏာ" ဟု မ၊ ဋီ၊ ၃။ ၁၉၈-၌ ဖွင့်၏။ သီဟိုဠ်မူနိဿျ ၂-စောင်လုံး၌ သောတ္တိယော, ဆန္ဒသော ၂-ပုဒ်လုံးကို ရှေ့ ၆-ပုဒ်နှင့်ရော၍ ပုဏ္ဏား

ဟော ပရိယာယ် ဂ-ပုဒ်ယူ၏။ သင့်သည်ပင်။ ဋီကာအဆိုလိုက်၍ မြန်မာနိသျအားလုံး ရှေ ၆-ပုဒ်ကို ပုဏ္ဏားသာမန်၊ နောက် ၂-ပုဒ်ကို ဗေဒင်ကျမ်းဂန်တတ် ပုဏ္ဏား၊ ဗေဒင်ကို သရဇ္ဈာယ်တတ်သော ပုဏ္ဏားဟု ပြန်ဆိုကြ၏။ ဒွယံ ဆန္ဒောဗ္ဗောတရိ၊ ဗြဟ္မသုတ္တံ အဓိတေ သောတ္တိယော။ နေန နိဒ္ဒိဋ္ဌ မနိစ္စန္တိ ဝုတ္တတ္တာ ဝုဒ္ဓိ၊ ယဒါဒိနာ ဝါ ဆန္ဒသဒ္ဒဿ သောတ္တိယာဒေသော။ ဋီကာ၊ သောတ္တိယ-၌ သုတ္တ+ ဏိက-ဟူ၏။ နေန နိဒ္ဒိဋ္ဌ မနိစ္စံ-ဟု ကာတန္တ(၁။ ၂။ ၁ဂ။)အဆို ရှိသဖြင့် န-ပဋိသေဓဖြင့် ညွှန်းပြအပ်သော အစီအရင်သည် မမြဲရ ကား သံယုတ်ပင်နှောင်းသော်လည်း ဝုဒ္ဓိပြုရသည် ဟူ၏။ တေဝိဇ္ဇော ဘော ကထံ ဟောတိ၊ သောတ္တိယော ကိန္တိ ဝုစ္စတိ။ မ၊ ၂။ ၃၄၅။ သုတိ, သုတ္တ, ဆန္ဒ-တို့သည် ဝေဒ (ဗေဒ) သဒ္ဒါ၏ ပရိယာယ်ချည်းဖြစ်ရာ ဗြဟ္မာယုပုဏ္ဏား အလို "သုတ္တံ အဓိတေ သောတ္တိယော"-ဟု ရုပ်ပြီး၍ သူသိပြီးသော ဗေဒင်တတ်သူကို မေးခြင်းဖြစ်ဟန်ရှိ၏။ သို့ရာတွင် ဘုရားရှင်က သောတ္တိယ မည် ကြောင်းကို "မုတ္တံ ရာဂေဟိ သဗ္ဗသော"-ဟူသော ပါဠ်ဖြင့် ဖြေဆို တော်မူ၏။ မုတ္တံ ရာဂေဟိ သဗ္ဗသောတိ ဣမိနာ ဝ နိဿဋ္ဌတ္တာ ပါပ- ဓမ္မာနံ သောတ္တိယောတိ စတုတ္ထပဒ္ဓော ဝိဿဇ္ဇိတော ဟောတိ။ မ၊ ဋ္ဌ၊ ၃။ ၂၇၂။]

(၄၀၉) ဗြဟ္မစာရိ ဂဟဋ္ဌော စ၊ ဝနပ္ပတ္ထော စ ဘိက္ခုတိ။
ဘဝန္တိ စတ္တာရော ဧတေ၊ အဿမာ ပုန္နပုံသကေ။

(၄၀၉) ဗြဟ္မစာရီ၊ ဝေဒကျမ်းဂန် ရွတ်အံသရဇ္ဈာယ် တတ်သော မြတ်သော အကျင့်ရှိသူရင်း။ ဂဟဋ္ဌော စ၊ ဓမ္မ, အတ္ထ, ကာမဥ္စတည်လျက် ယဇ်ပူဇော်သူရင်း။ ဝနပ္ပတ္ထော စ၊ ဝိဘောကခင် သူတော်စင်တို့ ခိုဝင်နေအပ် တောအစိတ်အပိုင်း အရပ်၌နေ၍ တရားကျင့်သူရင်း။ ဝါ၊ လူသူကင်းကွာ ဆိတ်ငြိမ်ရာ၌နေလျက် တရားကျင့်သူရင်း။ ဘိက္ခု၊ ဖန်ရည်ဆိုးအပ်သော အဝတ်ကို ဝတ်ဆင်လျက် ဆွမ်းခံခြင်း စျာန်ဝင်စားခြင်း အကျင့်ရှိသူရင်း။ ဣတိ၊ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဧတေ စတ္တာရော၊ ဤ လေးယောက်တို့သည်။ အဿမာ၊ အဿမတို့မည်ကုန်သည်။ ဝါ ဆင်းရဲငြိ ငြင်စွာ ကိလေသာ အပူအပင်တို့ကို ငြိမ်းစေတတ်သူတို့ မည်ကုန်သည်။

ဝါ၊ မှီရာအကျင့်တရားရှိသူ အဿမတို့မည်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ပုန္နပုံသကော၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[အဿမ-ကို အာ+သမု+အ-ဟု ပုဒ်ခွဲ၍ ကိစ္စေန သမေန္တိတိ အဿမာ-ဟု ကတ္တုသာဓနေဝိဂ္ဂြိုဟ်ပြုလျှင် အထက်က အနက်ပေးခဲ့သည့်အတိုင်း ပဂ္ဂိုလ်ရ၏။ အာဘုသော သမေန္တိ ဧတ္ထာတိ အဿမော-ဟု အဓိကရဏသာဓန ဝိဂ္ဂြိုဟ်ပြုလျှင် ကျောင်းသင်္ခမ်း ရ၏။ အပ၊ ၄၊ ၁။ ၂၃၅-၌ " အာသမန္တတော သမေတိ အဿမော နဟ္တွာ ပဝိဋ္ဌာနံ သမော ပရိဿမော ဧတ္ထာတိ ဝါ အဿမော" ဟု ဖွင့်သည်။ သိတင်းသုံးရာ သင်္ခမ်းကျောင်းရ၏။]

(၄၁၀) ဧရန္တာ သဟာ သီလာဒိ၊ သဗြဟ္မစာရိနော မိထု။
ဥပဇ္ဈာယော ဥပဇ္ဈာ ထာ-စရိယော နိဿယဒါဒိကော။

(၄၁၀) မိထု၊ အချင်းချင်း။ သဟ၊ အတူတကွ။ သီလာဒိ၊ သီလ-စသော သိက္ခာသုံးပါးတို့ကို။ ဧရန္တာ၊ ပြည့်ကျင့်ကြကုန်သော သူတို့သည်။ သဗြဟ္မစာရိနော၊ သဗြဟ္မစာရီတို့ မည်ကုန်၏။ ဝါ၊ သိတင်းသုံးဖော် သီတင်းသုံးဖက် ကျင့်ဖော် ကျင့်ဖက်တို့ မည်ကုန်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာ၊ ဥပဇ္ဈာယ်ဆရာ။ ဥပဇ္ဈာယ်ဆရာ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ နိဿယဒါဒိကော၊ နိဿယည်းဆရာ, ပါဠိသင်ဆရာ-စသူသည်။ အာစရိယော၊ အာစရိယ မည်၏။

[ကျိုဂါထာ စတုတ္ထပါဒ၌ မြန်မာရေးစာမူ အချို့နှင့် ဋီကာ၌ " နိဿယ ဒါယကော"-ဟု ရှိသည်။ ဤ၌ သီဟိုဠ်မူနှင့် လက်ရှိ ကမ္ဘာအေးမူအတိုင်း "နိဿယ ဒါဒိကော"-ဟု မူတင်သည်။ သဗြဟ္မစာရိနော-ကို ဗြဟ္မစာရိဟိ သဟ ဧရန္တိတိ သဗြဟ္မစာရိ-နော-ဟု ဝိဂ္ဂြိုဟ်ပြု။ ဥပဇ္ဈာယ်သည် ဘုရားရှင် သာသနာတော်လာ ဥပဇ္ဈာယ်, သာသနာပ ပြာပူဏကတို့ အယူလာ ဥပဇ္ဈာယ်အားဖြင့် ကျမ်းဂန်များ၌ ၂-မျိုးလာရှိ၏။ ဘုရားရှင် သာသနာတော်လာ ဥပဇ္ဈာယ်ကို "မနသာ ဥပေစ္စ သိဿာနံ ဝဇ္ဇာဝဇ္ဇံ ဈာယတီတိ ဥပဇ္ဈာယော, ဥပဇ္ဈာ"ဟု ဝိဂ္ဂြိုဟ်ပြုရ၏။ ဈေ-ဓာတ်ဖြင့်ပြီးသည်။ ရှေးဥပဇ္ဈာယ-၌ ဧ-ကို အယ-ပြုရ၏။ ဥပဇ္ဈာ-ကား ရုဇာဒိ

ဂိုဏ်တည်း။ သာသနာပ ဗြာဟ္မဏတို့အယူ ဥပဇ္ဈာယ်ကို "ဥပေစ္စ အဓိယတေ အသ္မာတိ ဥပဇ္ဈာယော၊ ဥပဇ္ဈာ"-ဟု ဝိဂ္ဂြိုဟ်ပြု၍ ဝေဒကျမ်းဂန်-စသည်များကို သင်ပေးတတ်သော ဆရာရ၏။ အာစရိယကို "သိဿာနံ ဟိတံ အာစရတီတိ အာစရိယော-ဟူ၍ ၎င်း၊ သိဿာနံ ဟိတံ အာဘုသော စရတီတိ အာစရိယော ဟူ၍ ၎င်း ဝိဂ္ဂြိုဟ်ပြုရာ၏။]

(၄၀၁) ဥပနီယာ ထဝါ ပုဗ္ဗံ၊ ဝေဒ မဇ္ဈာပယေ ဒ္ဒိဇော။
ယော သာင်္ဂ သရဟဿံ စာ-စရိယော ဗြာဟ္မဏေသု သော။

(၄၀၁) အထဝါ၊ တနည်းကား။ ယော ဒ္ဒိဇော၊ အကြင် ပုဏ္ဏားသည်။ ပုဗ္ဗံ၊ ရှေးဦးစွာ။ ဥပနီယ၊ ဥပနယနအမှုပြု၍။ ဝါ၊ ပုဏ္ဏားများကို မိမိအထံသို့ဆောင်၍။ (ကိဋ္ဌိ (ယံ ကိဋ္ဌိ) ဗြာဟ္မဏံ ဥပနီယ-ဋီကာ)။သာင်္ဂ၊ ကပ္ပ, ဗျာကရဏ-စသား အင်္ဂါခြောက်ပါးနှင့် တကွဖြစ်သော။ သရဟဿံ၊ လျှို့ဝှက်နက်နဲ ခဲရာခဲဆစ်နှင့်တကွဖြစ်သော။ ဝေဒံ၊ ဝေဒကျမ်းကို။ အဇ္ဈာပယေ၊ သင်ပြ၏။ သော ဒ္ဒိဇော၊ ထိုပုဏ္ဏားသည်။ ဗြာဟ္မဏေသု၊ ပုဏ္ဏားတို့၌။ ဝါ၊ ဗြာဟ္မဏအယူတို့၌။ အာစရိယော၊ အာစရိယမည်၏။ ဝါ၊ဆရာမည်၏။

[ရှေး ၄၀၀-ဂါထာဖြင့် သာသနာတော်၌ ဆရာကို ပြ၏။ ဤ ၄၀၁-ဂါထာဖြင့် ဗြာဟ္မဏတို့၏အယူ လောကဆရာကိုပြ၏။ အာဒိတော စာရေတိ သိက္ခာပေတီတိ အာစရိယော-ဟု ဝိဂ္ဂြိုဟ်ပြုရာ၏။]

(၄၀၂) ပါရမ္ပရိယ မေတိဟျံ၊ ဥပဒေသော တထေ'တိဟာ။
ယာဂေါ တု ကတု ယညော'ထ၊ ဝေဒီ'တ္ထိ ဘူ ပရိက္ခတာ။

(၄၀၂) ပါရမ္ပရိယံ၊ ဧတိဟျံ၊ ဥဒေသော၊ ဧတိဟာ၊ ရှေးဆရာ စဉ်ဆက် ဆောင်ရွက်ခဲ့သော နည်းဥပဒေ။ ရှေးဆရာစဉ်ဆက် ဆောင်ရွက်ခဲ့သော နည်းဥပဒေ ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ယာဂေါ၊ ကတု၊ ယညော၊ ယဇ်။ ယဇ်ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ပရိက္ခတာ၊ မန္တန်-စသည်ဖြင့် စီရင်အပ်သော။ ဘူ၊ မြေသည်။ ဝေဒီ၊ ဝေဒီမည်၏။

ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ ဝေဒိ၊ယင်ပလ္လင်။ (ဝါ၊ ခါးလည်ကျဉ်း အစွန်း နှစ်ဖက်ကျယ်၍ ပြုလုပ်အပ်သော ယင်တလင်း။ အဘယာ ဆရာတော် အနက်။)

[ပဋေ စ ပဋေ စ ပရမ္ပရာ။ (ရှေးဆရာ အဆက်ဆက်ရ၏။) ပရမ္ပရာယ အာဂတံ ပါရမ္ပရိယံ။ (ရှေးဆရာ စဉ်ဆက် ဆောင် ရွက်ခဲ့သော နည်းဥပဒေ ရ၏။) ဣတိဟ-သဒ္ဒါ နိပါတသမုဒါယ၊ ဣတိနှင့် ဣဟ ၂-ပုဒ်ကို ပေါင်းထားသည်ဟူ၏။ ဣတိဟ ကထေ- တဗ္ဗန္တိ တေတိဟျံ-ဟု ဣတိဟ ပုဒ် ဏျ-ပစ္စည်းဖြင့် ပြီးသည့် တဒ္ဓိတ် ပုဒ်တည်း။ အာစရိယံ ဥပဂန္တွာ ဒိဿ တိ ဥစ္စာရိယတိတိ ဥပဒေ- သော-ဟုပြု။ ဣတိဟ အာဂတံ တေတိဟံ-ပြု။ ဣတိဟပုဒ် ဏ- ပစ္စည်းဖြင့် ပြီးသည်။ ဝေဒိ-ကို ဝိန္ဒတိ အဿံ လာဘသက္ကာရန္တိ ဝေဒိ-ဟု ဋီကာ၌ ဝိဂ္ဂဟ်ပြု၏။ လာဘ်,ပူဇော်,သကာ-ရာ ဖြစ်ရ ကား ဝေဒိမည်၏ ဟူလို။ ဝေဒိ, ဝေဒီ ၂-ချက်သင့်။ အမရ။ ၁၇။ ၁၈။ ပဋ္ဌမပါဒ-၌ ဤဂါထာ စတုတ္ထပါဒနှင့် ဆင်တူ ဝေဒိ ပရိက္ခ- တာ ဘူမိ-ဟု လာ၏။]

(၄၁၇) အဿမေဓော စ ပုရိသ-မေဓော စေဝ နိရဂ္ဂဠော။
သမ္မာပါသော ဝါဇပေယျ- မိတိ ယာဂါ မဟာ ဣမေ။

(၄၁၇) အဿမေဓော စ၊ အဿမေဓယင်ရင်း။ ဝါ၊ မြင်းကိုသတ်၍ ပူဇော်ရာဖြစ်သော ယင်ရင်း။ ပုရိသမေဓော စေဝ၊ ပုရိသမေဓယင်ရင်း။ ဝါ၊ ယောကျ်ားကိုသတ်၍ ပူဇော်ရာ ယင်ရင်း။ နိရဂ္ဂဠော စ၊ နိရဂ္ဂဠ ယင်ရင်း။ ဝါ၊ တံခါးလှစ်၍ ပူဇော်ရာယင်ရင်း။ သမ္မာပါသော၊ သမ္မာ ပါသယင်ရင်း။ ဝါ၊ ထမ်းပိုးပေါက်၌ ထမ်းပိုးကျစ်ကိုကောင်းစွာ ပစ်သွင်း ၍ ပူဇော်ရာ ယင်ရင်း။ ဝါဇပေယျံ၊ ဝါဇပေယျယင်ရင်း။ ဝါ၊ မန္တန် ဖြင့် စီမံထားသည့် ထောပတ်များကို သောက်၍ ပူဇော်ရာယင်ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဣမေ၊ ဤငါးပါးတို့သည်။ မဟာ ယာဂါ၊ ယင်ကြီးတို့ မည်ကုန်၏။

[အလွန်ချမ်းသာကြွယ်ဝသော မင်းများ ဖြစ်ကြသော မဟာသမ္မတ မင်းမှစ၍ ဩက္ကာကရာဇ်မင်း မတိုင်မီ ကဋ္ဌာရဇနကမင်း-စသည်

များတိုင်အောင် (၁) သဿမေဓ=ရရှိ ဖြစ်ပေါ်သော ကောက်စပါးမှ ၁၀-ခိုင့် ၁-ခိုင်ကောက်ယူခြင်း၊ (၂) ပုရိသမေဓ=နိုင်ငံတော်၏ ဘေးရန်ကို ကာကွယ်ကြသော သူရဲ သူခက်ကြီး (ဗိုလ်ချုပ်ကြီး)တို့အား ၆-လတကြိမ် လခရိက္ခာပေးခြင်း၊ (၃) သမ္မာပါသ=သူဆင်းရဲတို့အား ၃-နှစ်အတွင်း အတိုးအပွါးမဲ့အသပြာငွေ ၁-ထောင် ၂-ထောင်ခန့် ထုတ်ချေးခြင်း၊ (၄) ဝါစာပေယျ=ဦးကြီး ဦးလေး လူကလေး စသည်ဖြင့် ချိုးမြှောက်၍ ခေါ်ဝေါ်ပြောဆို သုံးနှုန်းခြင်းဟူသော သင်္ဂဟဝတ္ထု ၄-ပါးတို့ အဆက်မပြတ် တည်ရှိကုန်၏။ မဟာသမ္မတ-အစ ကဋ္ဌာရဇနက-စသော မင်းများတိုင်အောင် ယင်းသင်္ဂဟဝတ္ထု ၄-ပါးကို လိုက်နာ ကျင့်ဆောင်ကြကုန်၏။ ဩက္ကာကရာဇ်မင်း လက်ထက်ရောက်မှ မင်းကျွမ်းဝင်ပုဏ္ဏားတို့ ဖောက်ပြန်လွဲမှားစွာ ဤ အဿမေဓယဇ်, ပုရိသမေဓယဇ်, နိရဂ္ဂဠယဇ်, သမ္မာပါသယဇ်, ဝါဇပေယျယဇ်တို့ကို စီရင်ကြကုန်၏။ ကာလကြာသော် ဤသို့လျှင် အကောင်းမှ အဆိုးဖြစ်ရိုးတည်း။ ဤ ဂါထာလာ ယဇ် ၅-ပါးကား ဩက္ကာကရာဇ်မင်း လက်ထက် ဖောက်ပြန်ရေးသမား ပုဏ္ဏားတို့ စီမံခဲ့သည့်ယဇ်များဖြစ်လေသည်။ သံဝေဂ ရစရာ ဖြစ်၏။

(ဆောင်) အဿမေဓ၊ ပုရိသ၊မေဓ,နိရဂ္ဂဠ။
သမ္မာပါသ၊ ဝါဇပ၊ မှတ်ကြ ယဇ်၅-တန်။
ဖောက်ပြန်ယူမှား၊ ပုဏ္ဏားများ၊ တည်ထား စီရင်ဖန်။

သဿမေဓ၊ ပုရိသ၊ သမ္မာ, ဝါစာပေ။
ပေါရာဏိက၊ မင်းရာဇတို့၊ ဓမ္မအညီ၊ စီရင်တည်၊
ယုံကြည်စွဲမှတ်လေ။

ယေ သတ္တသဏ္ဍံ ပထဝိံ ဝိဇိတွာ၊ ရာဇိသယော ယဇမာနာ'နုပရိယဂါ။
အဿမေဓံ ပုရိသမေဓံ၊ သမ္မာပါသံ ဝါဇပေယျံ နိရဂ္ဂဠံ။

ဣတိဝုတ်။ ၂၀၉။ ဣတိဝုတ်၊ ဋ္ဌ။ ၉၀။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၅၆။ အံ၊ ဋ္ဌ၊ ၂။ ၂၉၇-တို့လည်း ကြည့်။]

(၄၁၄) ဣတ္ထိဗျော ယာဇကော စာထ၊ သဘျော သာမာဇိကော ပျထ။
ပရိသာ သဘာ သမဇ္ဇာ စ၊ တထာ သမိတိ သံသဒေါ။

(၄၁၄) ဣတ္ထိဗျော၊ ယာဇကော၊ ယဇ်ပူဇော်သူ။ ဝါ၊ ယဇ်ဒါယကာ။ ယဇ်ပူဇော်သူ, ယဇ်ဒါယကာ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သဘျော၊ သာမာဇိကော၊ အစည်းအဝေးတက်သူ။ အစည်းအဝေးတက်သူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ပရိသာ၊ သဘာ၊ သမဇ္ဇာ၊ သမိတိ၊ သံသဒေါ၊ အစည်းအဝေး။ ဝါ၊ သဘင်။ အစည်းအဝေး, သဘင် ပရိယာယ် ၅-ပုဒ်။

[အမရ၊ ၁၇။ ၁၇-၌ "ဣတိဇော ယာဇကား စ်တေ-" ဟု ရှိ၏။ သို့ဖြစ်၍ ဤ၌ "ဣတ္ထိဇော ယာဇကော စာထ" ဟု ပါဌ်ထားသည်။ ကမ္ဘာအေးမူ၊ အဘယာမူများနှင့်လည်း ညီ၏။ သီဟိုဠ်မူ၌ "ဣရိ-တွိဇော ယာဇကောထ" ဟု ပါဌ်ရှိသည်။ သဘာသဒေါ၊ သဘာ-တာရော-တို့လည်း အစည်းအဝေးတက်သူဟော ပရိယာယ် တို့တည်း။]

(၄၁၅) စတဿော ပရိသာ ဘိက္ခူ၊ ဘိက္ခုနီ စ ဥပါသကာ။
ဥပါသိကာယောတိ ဣမာ-ထဝါ၌ ပရိသာ သိယုံ။

(၄၁၆) တာဝတိံသ ဒွိဇက္ခတ္တ-မာရဂဂဟပတိဿာ စ။
သမဏာနံ ဝသာ စာတု-မဟာရာဇိကဗြဟ္မုနံ။

(၄၁၅၊ ၄၁၆) ဘိက္ခူ၊ ရဟန်းယောကျ်ားရင်း။ ဘိက္ခုနီ စ၊ ရဟန်းမိန်းမရင်း။ ဥပါသကာ၊ ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်သူ ဒါယကာရင်း။ ဥပါသိကာယော၊ ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်ကြသော ဒါယိကာမတို့ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဣမာ၊ ဤသည်တို့သည်။ စတဿော၊ လေးပါးကုန်သော။ ပရိသာ၊ ပရိသတ်တို့ မည်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

အထ ဝါ၊ တနည်းကား။ တာဝတိံသ ဒွိဇက္ခတ္တမာရဂဂဟပတိဿ စ၊ တာဝတိံသာနတ်, ပုဏ္ဏား, မင်း, မာရ်နတ်, သူကြွယ်၏ရင်း။ သမဏာနံ၊ ရဟန်းတို့၏ရင်း။ [စာတုမဟာရာဇိကဗြဟ္မုနံ၊ စတုမဟာရာဇ်နတ်, ဗြဟ္မာတို့၏ရင်း။ ဝသာ၊ အစွမ်းအားဖြင့်။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပရိသာ၊ ပရိသတ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

[သိယုံ-ကို စတသော ပရိသာနှင့်၎င်း၊ အဋ္ဌပရိသာနှင့်၎င်း စပ်၍ ယောဇနာသည်။ ပရိသတ် ၄-ပါး သရုပ် အံ၊ ၃။ ၁၄-၌ စတသော ပရိသာ ဘိက္ခု ဘိက္ခုနိယော ဥပါသကာ ဥပါသိကာ-ယော-ဟု လာရှိ၏။ ပရိသတ် ၈-ပါး ပါဠိတော် အများအပြား တို့၌ လာရှိ၏။ အဋ္ဌ ခေါ ဣမာ အာနန္ဒ ပရိသာ။ ကတမာ အဋ္ဌ။ ခတ္တိယပရိသာ ဗြာဟ္မဏပရိသာ ဂဟပတိပရိသာ သမဏပရိသာ စာတုမဟာရာဇိကပရိသာ တာဝတိံသပရိသာ မာရပရိသာ ဗြဟ္မ-ပရိသာ။ ဒီ၊ ၂။ ၉၁။ အဋ္ဌ ခေါ ဣမာ သာရိပုတ္တ ပရိသာ။ ကတမာ အဋ္ဌ။ ခတ္တိယပရိသာ ‥ ဗြဟ္မပရိသာ။ မ၊ ၁။ ၁၀၄။ အဋ္ဌိမာ ဘိက္ခဝေ ပရိသာ။ကတမာ အဋ္ဌ။ ခတ္တိယပရိသာ ‥ ဗြဟ္မ-ပရိသာ။ အံ၊ ၃။ ၁၂၇။ အရာဘာသလျော်စွာ အရိယပရိသတ်၊ အနရိယပရိသတ်ဟုလည်း ၂-ပါး လာသေး၏။ အံ၊ ၁။ ၇၂။ ပရိသာကသဋ်၊ ပရိသာမဏ္ဍ အားဖြင့်လည်း အံ၊ ၁။ ၇၂-၌ပင် ပရိသတ် ၂-ပါး လာပြန်သေး၏။ ဩက္ကတိပရိသာ၊ ဝဂ္ဂါပရိသာ၊ သမဂ္ဂါပရိသာ-ဟူ၍လည်း ပရိသတ် ၃-ပါး အံ၊ ၁။ ၂၄၅-၌ လာ၏။]

(၄၁၇) ဂါယတ္တိပ္ပမုခံ ဆန္ဒံ၊ စတုဝီသက္ခရံ တု ယံ။
ဝေဒါန မာဒိဘူတံ သာ၊ သာဝိတ္တီ တိပဒံ သိယာ။

(၄၁၇) ဂါယတ္တိပ္ပမုခံ၊ ဂါယတ္တီဆန်း-အစရှိသည်သည်။ ဆန္ဒံ၊ ဆန်း မည်၏။ တု၊ ဝေဒကျမ်းလာ ဂါထာတမျိုးကား။ ယံ=ယာ၊ အကြင်ဂါထာ သည်။ စတုဝီသက္ခရံ=စတုဝီသက္ခရာ၊ နှစ်ဆယ့်လေးလုံးသော အက္ခရာရှိ၏။ ဝေဒါနံ၊ ဝေဒကျမ်းတို့၏။ အာဒိဘူတံ=အာဒိဘူတာ၊ အစဖြစ်၍ ဖြစ်၏။ သာ၊ ထိုဂါထာသည်။ သာဝိတ္တီ၊ သာဝိတ္တီဂါထာ မည်၏။ တိပဒံ=တိပဒါ၊ သုံးပဒရှိသည်။ သိယာ၊ ဖြစ်ရာ၏။

[ပမုခ-သဒ္ဒါ အာဒိဝါစကတည်း။ အာဒိဝန်အရကား ဂါယတ္တိ၊ ဥဏှိ၊ အနုဋ္ဌုဘ၊ ဗြဟတီ၊ ပန္တိ၊ တိဋ္ဌုဘ၊ ဇဂတီ၊ အတိဇဂတီ၊ သက္ကရီ-စသော အက္ခရာ ၁-လုံးစီ ၁-လုံးစီတိုးသော ဆန်းတို့ဖြစ်၏။ ပမုခာဒေန ဥဏှိမနုဋ္ဌုဘာဗြဟာတီပန္တိတိဋ္ဌုဘာဇဂတျတိဇဂတီသက္ကရီ-တျာဒိကေက္ခရဝုဒ္ဓိယာ ဗောဓ္ဓျံ။ ဗျာချာသုဓာ၊ ၎။ ဝေဒကျမ်းကို

ရွတ်ဖတ် သရဇ္ဈာယ်သူတို့ ဦးစွာမဆွ ရွတ်ဖတ်ရသောကြောင့် သာဝိတ္တိဂါထာကို ဝေဒကျမ်းဂန်၏ အဦး အစဟုဆို၏။ ယင်းကို ရည်၍ သာဂိတ္တိ ဆန္ဒသော မုခံ-ဟု မ၊ ၂။ ၃၅၃။ သေလသုတ်။ သုတ္တနိ။ ၃၇၀။ သေလသုတ်တို့၌ ဘုရားရှင် ဟောတော်မူသည်။ ဘုဘိုဝးသွးဣတိ သာဝိတ္တိ ပုဗ္ဗကတ္တာ မုခံ ပုဗ္ဗင်္ဂမံ။ မဋီ၊ ၃။၁၇၄။

ထိုဋီကာ၏ မှီရာ ဗြာဟ္မဏတို့၏ မှီရာ ကျမ်းရင်းမှာ မနုဓမ္မသတ် ဒုတိယပိုင်း ၈၁- ခုမြောက် ဂါထာဖြစ်ကြောင်း အဘယာရာမ ဆရာတော် ညွှန်းတော်မူခဲ့သည်။ ယင်း ဂါထာကား—

ဥံကာရပုဗ္ဗိကာ တိဿော၊ မဟာဗျာဟတ်ယော ဗျယာ။
တိပါဒါ စေဝ သာဝိတ္တိ၊ ဝိညေယျံ ဗြဟ္မုနော မုခံ—

ဖြစ်၏။ ဥံကာရပုဗ္ဗိကာ၊ အ-ဥ-မ-ဟူသော အက္ခရာ သုံးလုံး အပေါင်းဖြင့်ပြီးသော ဥံ-အက္ခရာလျှင် ရှေ့သွားရှိသော။ တိဿော၊ သုံးခုကုန်သော။ အဗျယာ၊ ပျက်စီးခြင်း မရှိကုန်သော။ မဟာဗျ-ဟတိယော၊ ဘူရ် ဘုဝး သွး ဟူသော မြတ်သော ရွတ်ဆိုခြင်း (မဟာဗျာဟရိတိ) တို့ကိုင်း။ တိပါဒါ၊ သုံးပါဒရှိသော။ သာဝိတ္တိ စေဝ၊ သာဝိတ္တိ ဂါထာကိုင်း။ ဗြဟ္မုနော၊ ဝေဒ၏။ မုခံ၊ ရှေ့သွားစကား ဟူ၍။ ဝိညေယျံ၊ သိအပ်၏။

အ-သည် ဗိဿနိုး၏ အမည်၊ ဥ-သည် သိဝ၏ အမည်၊ မ-သည် ဗြဟ္မာ၏ အမည်ဖြစ်သည်။ ၎င်းအက္ခရာ ၃-လုံး အပေါင်းကို သက္ကတ၌ 'ဩမ်' ဟု ရေး၏။ မြန်မာ၌ 'ဥံ'ဟု ရေးကြ၏။ 'အုမ်' ဟုရေးလျှင် သာ၍ ပေါ်လွင်ထင်ရှားပေမည်။ မနုဓမ္မသတ်ကျမ်း ဤအပိုင်း၌ပင်လျှင် ဂါထာနံပါတ် ၇၄-၌ ဝေဒ-တို့ကို ရွတ်ဆို သင်အံလျှင် ရှေးဦးစွာ 'ဥံ' ခံရမည်။ အဆုံး၌လည်း ဥံ-ဖြင့်ပင် အဆုံးသတ်ပိတ်ရမည်။ အစ၌ 'ဥံ' မခံလျှင် ဖြေးဖြေး မေ့ပျောက် သွားတတ်သည်။ အဆုံး၌ 'ဥံ' မပိတ်လျှင် တည်တံ့ခြင်းကိုပင် မရ နိုင်ဟု ဆိုထားသေး၏။ ဤမျှအထိပင် ဗြာဟ္မဏတို့သည် 'ဥံ' ကို အလေးပြုကြ၏။ ဗုဒ္ဓဘာသာဝင်တို့ကား ဗိဿနိုး, သိဝ,ဗြဟ္မာ တို့အား အလေးပြုသော ထို ဥံ'ကို ရွတ်ဆိုရန်မသင့်။

ဤဂါထာ၏အဖွင့် ဋီပ္ပဏီ၌ "မဟာဗျာဟရိတိယော ဘူရ် ဘုဝး သွး ဣစ္စေတာ"ဟု ဖွင့်ပြထား၏။ သက္ကတအဘိဓာန်ကြီး၌လည်း အနက်အဓိပ္ပါယ် အသိခက်သော ဘုံ ၇-မျိုး၏ အမည်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ဗျာဟရိတိမည်ကြောင်း၊ ထို ၇-မျိုးမှာလည်း "ဘူရ်, ဘုဝး,သွး,မဟး,ဇနး,တပး,သစ္စ" ဟူသော အမည်တို့ပင် ဖြစ်ကြောင်း၊ ထိုတွင်လည်း "ဘူရ်,ဘုဝး,သွး" ဟူသော အစ ၃-ခုကို မဟာဗျာဟရိတိခေါ်ကြောင်း၊ ဝေဒကို ရွတ်ခါနီးတွင် 'ဦ'ခံ၍ ၎င်း မဟာဗျာဟရိတိတို့ကို ပြာဟ္မဏတို့ ရွတ်လျက် ဆုတောင်းလေ့ရှိကြောင်းများကို ပြဆိုထား၏။ ထို့ကြောင့် မဟာဗျာဟရိတိယော ပုဒ်ကို "ဘူရ်,ဘုဝး,သွး-ဟူသော မြတ်သောရွတ်ဆိုခြင်းတို့ကိုငင်း" ဟူ၍ သရုပ်ဖော်လျက် အနက်ပြန်သည်။ မနုဓမ္မသတ်၌လည်း ရှေး ၄-ဂါထာ ခြားသော ၇၆-ဂါထာ၌ အောက်ပါအတိုင်း ဆိုထားသေး၏။

၂၇၆ အကာရံ စာပျုကာရံ စ၊ မကာရံ စ ပဇာပတိ။
ဝေဒတ္တယာနိရဒုဟာ၊ ဘူရ် ဘုဝး သွး ဣတီတိ စ။

ပဇာပတိမည်သော အရှင်ပြာဟ္မာမင်းသည် အ-အက္ခရာကိုငင်း၊ ဥ-အက္ခရာကိုငင်း၊ မ-အက္ခရာကိုငင်း၊ ဘူရ်, ဘုဝး, သွး-ဟူသော မဟာဗျာဟရိတိ ၃-ခုကိုငင်း ဝေဒ ၃-ပုံမှ ညှစ်ထုတ်ခဲ့လေပြီဟု ဆိုလို၏။

သို့ရာတွင် ပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၃။ ၈၄) ၌ ပြဆိုသော "ဘူရ်, ဘုဝး, သွး ဟူသော ဤ ၃-ပုဒ်သည် "သာဝိတ္တိဂါထာမှာ ၈-လုံးဖွဲ့ ၃-ပါဒ ရှိ၍ အက္ခရာ ၂၄-လုံးရှိသည်" ဟူသော အဆိုနှင့်ကား မညီသေးပေ။ ထိုအဆိုနှင့်ညီသော သာဝိတ္တိဂါထာ အစစ်မှာ အောက်ပါအတိုင်းပင် ဖြစ်သည် ဟူ၏။

တတ်သဝိတုရ် ဝရေဏျံ၊
ဘရ်ဂေါဒေဝသျ ဓီမဟိ၊
ဓိယော ယောနး ပြစောဒယတိ။

၎င်းကို ပါဠိ ဘာသာပြန်လျှင် အောက်ပါအတိုင်း ဖြစ်သင့်၏။

တံ သဝိတု ဝရေဏျံ၊
ဘဂ္ဂေါ ဒေဝဿ ဓီမဟိ၊
ဓိယော ယော နော ပစောဒယေ။

အထက်ပါ သာဝိတ္တိဂါထာမှာ ဣရုဝေဒ ၃-မဏ္ဍလ ၆၂-သုတ္တ ၁၀-နံပါတ် ဂါထာဖြစ်သည်။ ၎င်း၌ပဋမပါဒတွင် အက္ခရာတလုံး လိုနေ၏။ ထိုအတွက် အက္ခရာ ရှစ်လုံး ပြည့်စေရန် ဏျံ ၌ ဏ-တလုံး, ယံ-တလုံး ဤသို့ ခွဲယူရမည်ဟူ၍၎င်း၊ ဏျံ-ကို ရွတ်ဖတ်သောအခါ ဏိယံ-ဟု ရွတ်ဖတ်ရမည် ဟူ၍၎င်း၊ အစ-၌“ဥံ”အက္ခရာနှင့် တကွ “ဥံ တတ်သဝိတုဝရေဏျံ”ဟု ရှစ်လုံး ရေတွက်ရမည်ဟူ၍၎င်း ၃ နည်းဆိုကြ၏။ အနက်မှာလည်း အမျိုးမျိုး ပြန်ကြ၏။ အောက်ပါ အနက်မှာ ထိုအမျိုးမျိုးထဲမှ တမျိုးဖြစ်သည်။

ယောသဝိဘာ၊ အကြင်နေမင်းသည်။ ဝါ၊ အကြင် နေနတ်မင်းသည်။ နော၊ အကျွန်ုပ်တို့၏။ ဓိယော၊ အသိဉာဏ်တို့ကို။ ဝါ၊ ဝတ်ပြုမှုတို့ကို။ ပစောဒယေ၊ နှိုးဆော်ပြည့်နှိုး တိုက်တွန်း အားပေးတတ်ပေ၏။ သဝိတု၊ နေမင်းဟူသော။ တဿ ဒေဝဿ၊ ထိုနတ်မင်း၏။ တံ ဘဂ္ဂေါ=တံ ဘဂ္ဂံ၊ ထိုအလင်းရောင်ကို။ ဝါ၊ ထို ဘုန်းတန်ခိုးကို။ (ဝစော သုတ္တာ-၌ ကဲ့သို့ အံ-ကို ဩ-ပြုသည်ဟု ယူအပ်၏။ သက္ကတ၌ ဘရ်-ဂသ်-ဟု သကာရန္တနပုလ္လိင်ပုဒ်ဖြစ်သည်။) မယံ၊ အကျွန်ုပ်တို့သည်။ ဓီမဟိ=ဓိမေ၊ နှလုံးသွင်း ထင်မြင် ဆင်ခြင်အောက်မေ့ ပါကုန်၏။ ဝါ၊ ရလိုပါကုန်၏။

အထက်ပါ အနက်အရဖြင့် သာဝိတ္တိဟူသော အမည်မှာ သဝိတာ-မည်သော နေနတ်အား အရိုအသေပြုသော ဂါထာဖြစ်သောကြောင့်ပင် ဖြစ်သည်ဟု ထင်ရှား၏။

ဤမျှဖြင့် ပြာဟ္မဏတို့သည် ဝေဒကို ရွတ်ဖတ် သရဇ္ဈာယ်သောအခါ ရှေးဦးစွာ “ဥံ ဘူရ် ဘုဝး သွး” ဟူ၍သော်၎င်း၊ “ဥံ တတ် သဝိတု ဝရေဏျံ၊ ဘရ်ဂေါ ဒေဝဿျ ဓီမဟိ၊ ဓိယော ယော နး ပြစောဒယာဒ်”ဟူ၍သော်၎င်း “ဥံ ဘူရ် ဘုဝး သွး၊ တတ် သဝိတု ဝရေဏျံ၊ ဘရ်ဂေါ ဒေဝဿျ ဓီမဟိ၊ဓိယော ယော နး ပြစောဒယာတ်” ဟူ၍သော်၎င်း ရွတ်ဆိုကြသည်။

ထို့ကြောင့် ထိုသာဝိတ္တိ ဂါထာကို သိနားလည်၍ လေးစားနေသော ကောဏ္ဍိယရသေ့ပုဏ္ဏားအား မြတ်စွာဘုရားက "သာဝိတ္တိ ဆန္ဒသော မုခံ" ဟု အနုမောဒနာတရား ဟောကြားတော်မူသည်ဟု သိနားလည်နိုင်ပြီ။ ဝိသုဒ္ဓိ၊ ဋီ။ သမယန္တရပိုင်း ဂဏ္ဌိနိသျ။ ၄၄—ဂ။

ဘုရားရှင်သာသနာတော်၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော ၃-ပါဒကို ဘုရားရှင်သာသနာတော်ကို သက်ဝင်ယုံကြည်သူတို့ ဦးစွာပဌမ ရွတ်ဆိုရသည်ဖြစ်၍ ပိဋကတ ၃-ပုံ၏ အစအဦးဖြစ်သော "အရိယ သာဝိတ္တိ ဂါထာ"ဟု ဆိုအပ်ပေ၏။ ထို့ကြောင့် သုတ္တနိပါတ၊ ၂။၁၃၀-၌—ဧတ္ထ စ ဘဂဝါ ပရမတ္ထဝေဒါနံ တိဏ္ဏံ ပိဋကာနံ အာဒိဘူတံ ပရမတ္ထ-ဗြာဟ္မဏေဟိ သဗ္ဗဗုဒ္ဓေဟိ ပကာသိတံ အတ္ထသမ္ပန္နံ ဗျဉ္ဇနသမ္ပန္နံ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" တိ ဣမံ အရိယသာဝိတ္တိံ သန္ဓာယ ပုစ္ဆတိ-ဟု မိန့်ဆို၏။ အရှင်မဟာ သီလဝံသ ပုဂ္ဂိုလ်ကျော်ကလည်း "နှစ်ဆယ့်လေးလုံး၊ စွဲသုံးအက္ခရာ၊ သရဏာဟု၊ ဦးစွာရွတ်ဘိ၊ သာဝိတ္တိဖြင့်၊ သိဒ္ဓိမင်္ဂလာ၊ ပြီးမြောက်စွာသား"စသည်ဖြင့် ပါရမီတော်ခန်းပျို့၌ စပ်ဆိုတော်မူ၏။]

(၄၁၈) ဟာဗျပါကေ စရ မတော၊ သဇာ တု ဟောမဒဗ္ဗိယံ။
ပရမန္နံ တု ပါယာသော၊ ဟဗ်ျံ တု ဟဝိ ကထျတေ။

(၄၁၈) စရု၊ စရု-သဒ္ဒါကို။ ဟဗျပါကေ၊ ယဇ်စာထမင်း၌။ မတော၊ သိအပ်၏။ တု၊ ထိုမှတပါး။ သဇာ၊ သဇာ-သဒ္ဒါကို။ ဟောမဒဗ္ဗိယံ၊ ယဇ်စာခပ်လောင်းသော ယောက်ချို ဇွန်း၌။ ဝါ၊ ယဇ်စာခပ်လောင်း ပေးလှူကြောင်း ယောက်မ၌။ မတာ၊ သိအပ်၏။ တု၊ ထိုမှတပါး။ ပရမန္နံ၊ ပါယာ-သော၊ ဃနာထမင်း။ ဝါ၊ နွားနို့ထမင်း။ ဝါ၊ နို့ဃနာ။ တု၊ ထိုမှတပါး။ ဟဗ်ျံ၊ ဟဝိ၊ ယဇ်ထောပတ်၊ တုလျံ။ အနက်တူ၏ ဟူ၍။ ကထျတေ၊ ဆိုအပ်၏။

[သုဇာ တု ဟောမဒဗ္ဗိယံ-၌ ဒဗ္ဗိ-ကို အသင့်ယုတ္တိရှိသဖြင့် ယဇ်စာ ခပ်လောင်းသော ယောက်ချို၊ ယဇ်မွှေယောက်မ ၂-နက် ပေးလိုက်၏။ သုဇံ ပဂ္ဂဏှန္တာနန္တိ မဟာယာဂ ပဋိဂ္ဂဏှနဋ္ဌာနေ ဒါနကဋစ္ဆုံ ပဂ္ဂဏှန္တာနံ။ ဒီ၊ ဌ၊ ၁။ ၂၆၇။ ဋီကာ၌ ဟောမဒဗ္ဗိ-ကို "ဟောမကမ္မနိ ဟဗျန္နာဒီန မုဒ္ဓရဏတ္ထံ ကတာယံ ကဋစ္ဆုယံ သုဇာ" ဟု ဖွင့်သဖြင့် ယဇ်စာထမင်း-စသည် ခူးယူရန် ပြုအပ်သော ယောက်မ ဟူ၏။ သို့ရာတွင် အထက်က ထုတ်ပြသည့် ဒီ၊ ဌ၊ ၁။ ၂၆၇။ ကူဋဒန္တသုတ် အဋ္ဌကထာနှင့် မညီ။

ပါယာသ-ကို ဋီကာအလို "ပါတဗ္ဗော အသိတဗ္ဗောတိ ပါယာ-သော" ဟု ဝိဂ္ဂြိုဟ်သုပ်စေလို၍ "ပါတဗ္ဗော အသိတဗ္ဗော စာတိ ဒိန္နမ္ပိ ဘာဝါနံ သမ္ဘဝတော ပါယာသော" ဟု ဖွင့်၏။ ပါယာသ-လည်း ဃနာထမင်းဟော ပရိယာယ်ဖြစ်၏။ ပယသိ သာဓုတော ပါယ-သော၊ သို့မဟုတ် ပယသာ သာဓုတော ပါယသော- ဟု ဝိဂ္ဂြိုဟ် ပြုရာ၏။ သာဓုတတ္ထ-၌ ဏ-ပစ္စည်းသက်၊ သ-လာ၍ ရုပ်ပြီး၏။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သော မံ ဘုဉ္ဇယျ ပါယသံ။ သံ၊ ၁။ ၁၆၈။ ဝစီဝိညတ္တိဝိပ္ဖါရာ၊ ဥပ္ပန္နံ မခုပါယသံ။ မိလိန္ဒ။ ၃၅၂။]

(၄၁၉) ယူပေါ ထူဏာယံ နိမ္မန္တ၂-ဒါရုမို တ္ဂရဏိ ဒွိသု။
ဂါဟာပစ္စော ဟာဝနီယော၊ ဒက္ခိဏဂ္ဂိ တယော ဂ္ဂယော။

(၄၁၉) ယူပေါ၊ ယူပ-သဒ္ဒါသည်။ ထူဏာယံ၊ ယဇ်တိုင်၌။ ဝတ္တတိ၊ ဖြစ်၏။ ယူပေါ၊ ထူဏာ၊ ယဇ်တိုင်။ ယဇ်တိုင်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ အရဏိ၊ အရဏိ-သဒ္ဒါသည်။ နိမ္မန္တ၂ဒါရုမှိ၊ မီးပွတ်သစ်သား၌။ ဝါ၊ ပွတ်ခုံ ပွတ်ကျည်၌။ ဝတ္တတိ၊ ဖြစ်၏။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ အဂ္ဂယော၊ မီးတို့သည်။ ဂါဟာပစ္စော၊ အိမ်ရှင်နှင့်စပ်သော မီးရှင်း။ ဝါ၊ အိမ်ရှင် လင်ဟူသောမီးရှင်း။ အဟာဝနီယော၊ ပူဇော်အပ်သော မီးရှင်း။ ဝါ၊ မိဘမီးရှင်း။ ဒက္ခိဏဂ္ဂိ၊ အလှူဒါနကို စွန့်လှူရာဖြစ်သော မီးရှင်း။ ဝါ၊ အလှူခံရဟန်းဟူသော မီးရှင်း၊ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြားသရုပ် အားဖြင့်။ တယော၊ သုံးပါးတို့တည်း။

[မီး ၃-ပါးနှင့်စပ်၍ မှတ်သားဖွယ်တို့ကို အောက်ပါအတိုင်း သိရာ၏။ ဂဟပတိနာ သံယုတ္တော ဂါဟပစ္စော၊ အဂ္ဂိ၊ ဈော။ ဋီကာ။ အပရေပိ တယော အဂ္ဂီ အာဟုနေယျဂ္ဂိ ဂဟပတဂ္ဂိ ဒက္ခိ-ဏေယျဂ္ဂိ။ ဒီ၊ ၃။ ၁၈၂။ သံဂီတိ-သုတ်။ ဂဟပတိ ပန ဂေဟဿာ-မိကော ဝုစ္စတိ။ သော မာတုဂါမဿ သယနဝတ္ထာလင်္ကာရာဒိ-အနုပ္ပဒါနေန ဗဟူပကာရော၊ တံ အတိစရန္တော မာတုဂါမော နိရယာဒီသု နိဗ္ဗတ္တတိ။ တသ္မာ သောပိ ပုရိမနယေနေဝ အနုဒဟ-နဋ္ဌေန ဂဟပတဂ္ဂီတိ ဝုတ္တော။ ဒီ၊ ဋ္ဌ၊ ၃။ ၁၇၈။

အာဟုနေယျဂ္ဂီတိ အာဒီသု အာဟုနံ ဝုစ္စတိ သက္ကာရော၊ အာဟုနံ အရဟန္တီတိ အာဟုနေယျာ။ မာတာပိတရော ဟိ ပုတ္တာ-နံ ဗဟူပကာရတာယ အာဟုနံ အရဟန္တိ။ တေသု ဝိပ္ပဋိပဇ္ဇမာနာ ပုတ္တာ နိရယာဒီသု နိဗ္ဗတ္တန္တိ။ တသ္မာ ကိဉ္စာပိ မာတာပိတရော နာနုဒဟန္တိ၊ အနုဒဟနဿ ပန ပစ္စယာ ဟောန္တိ။ ဣတိ အနုဒဟန-ဋ္ဌေန အာဟုနေယျဂ္ဂီတိ ဝုစ္စန္တိ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၇၇။

ဒက္ခိဏေယျဂ္ဂီတိ ဧတ္ထ ပန ဒက္ခိဏာတိ စတ္တာရော ပစ္စယာ၊ ဘိက္ခုသံဃော ဒက္ခိဏေယျော။ သော ဟိ ဂိဟီနံ တီသု သရဏေသု ပဉ္စသု သီလေသု ဒသသု သီလေသု မာတာပိတုပဋ္ဌာနေ ဓမ္မိက-သမဏဗြာဟ္မဏုပဋ္ဌာနေတိ ဧဝမာဒီသု ကလျာဏဓမ္မေသု နိ-ယောဇနေန ဗဟူပကာရော။ အသ္မိံ မိစ္ဆာပဋိပန္နာ ဂိဟီ ဘိက္ခု-သံဃံ အက္ကောသိတွာ ပရိဘာသိတွာ နိရယာဒီသု နိဗ္ဗတ္တန္တိ။ တသ္မာ သောပိ အနုဒဟနဋ္ဌေန ဒက္ခိဏေယျဂ္ဂီတိ ဝုတ္တော။ ဒီ၊ ဋ္ဌ၊၃။၁၇၈-၉။ ဤ၌ အဋ္ဌကထာဖွင့်ပုံကို အဘိဓာန်ကျမ်းလာ အစဉ် တိုင်း ဖော်ပြသည်။]

(၄၂၀) စာဂေါ ဝိဿဇ္ဇနံ ဒါနံ၊ ဝေါဿဂ္ဂေါ စ ပဒေသနံ။
ဝိဿာဏနံ ဝိတရဏံ၊ ဝိဟာယိတာ ပဝဇ္ဇနံ။

(၄၂၀) စာဂေါ၊ ဝိဿဇ္ဇနံ၊ ဒါနံ၊ ဝေါဿဂ္ဂေါ၊ ပဒေသနံ၊ ဝိဿာဏနံ၊ ဝိတရဏံ၊ ဝိဟာယိတာ၊ ပဝဇ္ဇနံ၊ ပေးကမ်းစွန့်ကြဲခြင်း။ ပေးကမ်းစွန့်ကြဲခြင်း ပရိယာယ် ၉-ပုဒ်။

[ဖဿနံ, ပဋ္ဌိ(တိ)ပါဒနံ- တို့လည်း ပေးကမ်းစွန့်ကြဲခြင်း ဟော ပရိယာယ်တို့တည်း။ ပေးကမ်းစွန့်ကြဲခြင်းသည် ရှိုင်းပြသူကို ယဉ် ကျေးစေတတ်၏။ မပေးကမ်းခြင်းကား ပို၍ရိုင်းပြစေတတ်၏။ ယဉ်ကျေးမှုကို ဖျက်ဆီးတတ်၏။ ပေးခြင်း, ချစ်ခင်ဖွယ်ရာ ပြော ဆိုခြင်းဖြင့် ညွတ်ပြီးသူသို့လည်း ပို၍ညွတ်ကုန်၏။ မညွတ်သေးသူ များလည်း ညွတ်လာကြကုန်၏။

အဒန္တဒမနံ ဒါနံ၊ အဒါနံ ဒန္တဒူသကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။
ဒီ၊ ဋ္ဌ၊ ၃။ ၂၂၇။

ရင်းပြင် မိမိ သူတပါး ၂-ဦးသား၏ အကျိုး, ပစ္စုပ္ပန်အကျိုး, သံသရာအကျိုး အမျိုးမျိုးကို ပြီးစေနိုင်၏။

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။
ဝိသုဒ္ဓိ၊ ၁။ ၃၀၀။]

(၄၂၁) ပဥ္စမဟာပရိစ္စာဂေါ၊ ဝုတ္တော သေဋ္ဌဓနေသု စ။
ဝသေန ပုတ္တဒါရာနံ၊ ရဇ္ဇဿင်္ဂါနမေဝ စ။

(၄၂၁) သေဋ္ဌဓနေသု စ၊ မြတ်သောဥစ္စာ၏ရင်း။ ပုတ္တဒါရာနံ၊ သား သမီး မယားတို့၏ရင်း။ ရဇ္ဇဿ စ၊ တိုင်းပြည်နိုင်ငံ၏ရင်း။ အင်္ဂါနမေဝ စ၊ လက်ခြေအစရှိသော အင်္ဂါတို့၏ရင်း။ ဝသေန၊ အစွမ်းအားဖြင့်။ ပဥ္စမဟာ- ပရိစ္စာဂေါ၊ ငါးပါးသော စွန့်ခြင်းကြီးကို။ ဝါ၊ စွန့်ခြင်းကြီးငါးပါးကို။ ဝုတ္တော၊ မိန့်ဆိုအပ်၏။

[စွန့်ခြင်းကြီး ၅-ပါး သရုပ်သဘော အရကောက်ပုံ အဋ္ဌကထာ ဋီကာဆရာတို့ အမျိုးမျိုး ကြံဆကောက်ယူတော်မူကြကုန်၏။ ဒီ၊ ဋ္ဌ၊ ၁။ ၆၀။ မ၊ ဋ္ဌ၊ ၁။ ၄၇။ အံ၊ ဋ္ဌ၊ ၁။ ၀၀။ မဟာနိ၊ ဋ္ဌ။၁၅၃။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၁၉၁-တို့၌ "အင်္ဂပရိစ္စာဂံ နယနဓနရဇ္ဇပုတ္တဒါရပရိ- စ္စာဂန္တိ ဣမေ ပဥ္စမဟာပရိစ္စာဂေ ပရိစ္စဇိတွာ" ဟု လာ၏။ ဗုဒ္ဓဝံ၊ ဋ္ဌ။၁၈-၌ "အင်္ဂပရိစ္စာဂံ, ဇီဝိတပရိစ္စာဂံ, ဓနရဇ္ဇပုတ္တဒါရ ပရိစ္စာဂန္တိ

ဋ္ဌမေ ပဋ္ဌ မဟာပရိစ္စာဂေ ပရိစ္စဇိတွာ” ဟု တမျိုးလာ၏။ မ၊ ဋ္ဌ၊၁။၃၀၀။စူဠသီဟနာဒသုတ်အဖွင့်၌“အင်္ဂပရိစ္စာဂေါ ပုတ္တဒါရပရိစ္စာဂေါ ရဇ္ဇပရိစ္စာဂေါ အတ္တပရိစ္စာဂေါ နယနပရိစ္စာဂေါ စ ကတောတိ အာဒိနာ နယေန ပဝတ္တံ ဧဿသံ” ဟူ၍လာ၏။ ဋ္ဌတိဝုတ်၊ဋ္ဌ။ ၁၁၁-၌လည်း “အင်္ဂပရိစ္စာဂံ, အတ္တပရိစ္စာဂံ, ဓနပရိစ္စာဂံ, ဒါရပရိစ္စာဂံ, ရဇ္ဇပရိစ္စာဂန္တိ ဋ္ဌမာနိ ပဋ္ဌမဟာပရိစ္စာဂါနိ ပရိစ္စဇိတွာ”ဟု လာ၏။ တတော သဗ္ဗဗောဓိသတ္တာနံ ဓနပရိစ္စာဂံ, အင်္ဂပရိစ္စာဂံ, ပုတ္တပရိစ္စာဂံ, ဘရိယပရိစ္စာဂံ, ဇီဝိတပရိစ္စာဂန္တိ ဋ္ဌမေ ပဋ္ဌ မဟာပရိစ္စာဂေ အပရိစ္စဇိတွာ ဗုဒ္ဓဘူတပုဗ္ဗော နာမ နတ္ထိ။ ဇာ၊ ဋ္ဌ၊ ၇။ ၃၃၃။ ဝေဿန္တရဇာတ်အဖွင့်။ ဒီဋ္ဌီ၊၂။၁၃၊၂၀။ မဟာပဒါနသုတ် ဋီကာ၌ “ပဋ္ဌန္နံ မဟာပရိစ္စာဂါနံ, ဉာတတ္ထစရိယာဒီနဥ္စ သတိပိ ပါရမိယာ ပရိယာပန္နဘာဝေ သမ္ဘာရဝိသေသဘာဝဒဿနတ္ထံ ဝိသုံ ဂဟဏံ။ တတ္ထ အင်္ဂပရိစ္စာဂေါ, နယနပရိစ္စာဂေါ, အတ္တပရိစ္စာဂေါ, ရဇ္ဇပရိစ္စာဂေါ, ပုတ္တဒါရပရိစ္စာဂေါတိ ဋ္ဌမေ ပဋ္ဌမဟာပရိစ္စာဂါ”ဟု လာ၏။

အထက်ဖော်ပြပါ အဋ္ဌကထာ, ဋီကာလာ စွန့်ခြင်းကြီး ၅-ပါးတို့ကို ကောက်ချက်ချလိုက်လျှင် –

(က) (၁) အင်္ဂပရိစ္စာဂ၊ (၂) နယနပရိစ္စာဂ၊
(၃) ဓနပရိစ္စာဂ၊ (၄) ရဇ္ဇပရိစ္စာဂ၊
(၅) ပုတ္တဒါရပရိစ္စာဂ။

(ခ) (၁) အင်္ဂပရိစ္စာဂ၊ (၂) ဇီဝိတပရိစ္စာဂ၊
(၃) ဓနပရိစ္စာဂ၊ (၄) ရဇ္ဇပရိစ္စာဂ၊
(၅) ပုတ္တဒါရပရိစ္စာဂ။

(ဂ) (၁) ဓနပရိစ္စာဂ၊ (၂) အင်္ဂပရိစ္စာဂ၊
(၃) ပုတ္တပရိစ္စာဂ၊ (၄) ဘရိယပရိစ္စာဂ၊
(၅) ဇီဝိတပရိစ္စာဂ။

(ဃ) (၁) အင်္ဂပရိစ္စာဂ၊ (၂) အတ္တပရိစ္စာဂ၊
(၃) ဓနပရိစ္စာဂ၊ (၄) ပုတ္တဒါရပရိစ္စာဂ၊
(၅) ရဇ္ဇပရိစ္စာဂ-ဟူ၍ ၄-မျိုး ဝါဒကွဲ၍နေ
ကြောင်း သိသာ၏။

သို့ရာတွင် ဇီဝိတပရိစ္စာဂနှင့် အတ္တပရိစ္စာဂ-သည် သဒ္ဒါနေသာ ကွဲ၏။ အဓိပ္ပါယ် အတူတူဖြစ်သည်။]

(၄၂၂) အန္နံ ပါနံ ဃရံ ဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ။
ဂန္ဓော သေယျာ ပဒီပေယျံ၊ ဒါနဝတ္ထူ သိယုံ ဒသ။

(၄၂၂) အန္နံ၊ ထမင်းငှင်း။ ပါနံ၊ အဖျော်ယမကာငှင်း။ ဃရံ၊ ကျောင်း စရပ် တန်ဆောင်းငှင်း။ ဝတ္ထံ၊ အဝတ်သင်္ကန်းငှင်း။ ယာနံ၊ ယာဉ်ငှင်း။ မာလာ၊ ပန်းငှင်း။ ဝိလေပနံ၊ နံ့သာပျောင်း နံ့သာရည်ငှင်း။ ဂန္ဓော၊ နံ့သာခဲ နံ့သာသုံးငှင်း။ သေယျာ၊ ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာငှင်း၊ ပဒီပေယျံ၊ ဆီ, ဆီမီးစာ, ဆီမီးလှုန်းရန် ဆီမီးခွက်-အစရှိသည်ငှင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဒါနဝတ္ထူ၊ ဒါနဝတ္ထုတို့ သည်။ ဝါ၊ လှူဒါန်းဖွယ်ပစ္စည်းဝတ္ထုတို့သည်။ ဒသ၊ ဆယ်ပါးတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ဤကား သုတ္တန်နည်းအားဖြင့် လာသော ဒါနဝတ္ထုများ တည်း။ အဘိဓမ္မာ၌ ရူပါရုံ-အစရှိသောအာရုံအားဖြင့် ၆-မျိုးလာ ၏။ ဝိနည်း၌ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးလာ ၏၊ သပရိဝါရဥ္စ ဒါနံ အဒါသိတိ အန္နံ ပါနန္တိ ဒသဝိဓံ ဒါနဝတ္ထုံ။ တတ္ထ အန္နန္တိ ယာဂုဘတ္တံ-ဟု ဖွင့်သဖြင့် ယာဂုနှင့်ဆွမ်းကိုယူ။ ပါနံ ဒေဒန္တော အမ္ဗပါနာဒိအဋ္ဌဝိဓံ ပါနံ အဒါသိ-ဟု ဖွင့်သဖြင့် အဖျော် ၈-ပါးစသည်ယူ။ ယာနန္တိ ဥပါဟနံ-ဟု ဖွင့်သဖြင့် ယာန- အရ ဘိနပ်ကိုလည်းယူရာ၏။ သေယျာတိ မဉ္စပီဌံ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၀၆။ ယင်း ဒီ၊ ဋ္ဌ၊ ၃။ ၁၀၇-၌ပင် အာဝသထ-ဟုလာ၏။ ဃရနှင့်အတူ တူပင်။ ပဒီပေယျန္တိ ပဒီပတေလံ။ တံ ဒေဒန္တော စေတိယင်္ဂဏေ ဗောဓိယင်္ဂဏေ ဓမ္မသဝနဂ္ဂေ ဝသနဂေဟေ ပေါတ္ထကဝါစနဋ္ဌာနေ ဣမိနာ ဒီပံ ဇာလာပေထာတိ န သုဒ္ဓတေလမေဝ အဒါသိ၊ ဝဋ္ဋိ

ကပလ္လကာ တေလဘာဇနာဒီဟိ သဒ္ဓိံ ဟေဋ္ဌိမာနိ နဝ တသာ ပရိဝါရံ ကတွာ အဒါသိ။ ဒီ၊ဋ္ဌ၊ ၃။ ၁၀၇။

ဇာ၊ ၂။ ၃၀၇။ ဝိဓုရဇာတ်၌—

မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ၊ ပဒီပိယံ သေယျ မုပဿယံ စ။
အစ္ဆာဒနံ သာယန မန္နပါနံ၊ သက္ကစ္စဒါနာနိ အဒမှ တတ္ထ—

ဟု လာ၏။]

(၄၂၃) မတတ္ထံ တဒဟော ဒါနံ၊ တိသ္သေတာ မုဒ္ဓဒေဟိကာ။
ပိတုဒါနံ တု နိဝါပေ၊ သဒ္ဓံ တု တံဝ သာတ္တတော။

(၄၂၃) မတတ္ထံ၊ ကွယ်လွန်သူ၏အကျိုးငှါ။ တဒဟော၊ ထိုကွယ်လွန်ရာနေ့၌။ ယံ ဒါနံ၊ အကြင်ပေးလှူအပ်သော အစားအစာသည်။ ဝါ၊ အကြင်ထမင်းဆုပ်ပေးလှူခြင်းသည်။ အတ္ထိ၊ ရှိ၏။ တော် ဒါနံ၊ ထိုပေးလှူအပ်သော အစားအစာသည်။ ဝါ၊ ထို ထမင်းဆုပ်ပေးလှူခြင်းသည်။ ဥဒ္ဓ-ဒေဟိကံ၊ ဥဒ္ဓဒေဟိက မည်၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ပိတုဒါနံ၊ ကွယ်လွန်လေသော မိဘတို့ကို ရည်ညွှန်းလှူဒါန်းအပ်သော အလှူသည်။ နိဝါပေါ၊ နိဝါပ မည်၏။ တု၊ ထိုမှတပါး။ သာတ္တ-တော၊ ဇောတိသတ်ကျမ်း ရာဇမတ္တဏ်ကျမ်း-စသော ကျမ်းဂန် အစီအရင်ဖြင့်။ ဝိဟိတံ၊ စီရင်အပ်သော။ တံ၊ ထိုပိတုဒါနသည်ပင်လျှင်။ သဒ္ဓံ၊ ကုဗ္ဗီးထမင်း မည်၏။ ဝါ၊ ကုတ်ဟီးထမင်း မည်၏။

[ဥဒ္ဓဒေဟိကံ-ကို "ဒေဟာ ဥဒ္ဓံ ဥဒ္ဓဒေဟံ၊ ဥဒ္ဓဒေဟေ ဘဝံ ဥဒ္ဓဒေဟိကံ"ဟု ဝစနတ္ထပြု။ပိတုဒါန-၌ ပိတုဖြင့် အမိအဖ၂-ဦးလုံးကို ယူ။ ဝိရူပေကသေသ်တည်း။ ပိတု-ဂဟဏ ဥပလက္ခဏာတည်း။ သေသူဆွေမျိုးအားလုံးကို ဆိုလိုရင်းတည်း။ အပိနု နံ ဗြာဟ္မဏာ ဘောဇေယျုံ သဒ္ဓေ ဝါ ထာလိပါကေ ဝါ....။ ဒီ၊၁။၉၁။ က-မေတ္တ ဗြာဟ္မဏာ ပဌမံ ဘောဇေယျုံ သဒ္ဓေ ဝါ ထာလိပါကေ ဝါ....။ မ၊၂။၃၆၁။ သဒ္ဓေတိ မတကေ ဥဒ္ဒိဿ ကတဘတ္တေ။ ဒီ၊ဋ္ဌ၊၁။၂၃၀။ သဒ္ဓေတိ မတကဘတ္တေ။ မ၊ဋ္ဌ၊၃။၂၀၀။]

(၄၂၄) ပုမေ အတိထိ အာဂန္တု၊ ပါဟုနာ’ ဝေသိကော ပျထ။
အညာတ္ထ ဂန္တု မိစ္ဆန္တော၊ ဂမိကော ထာဂ္ဃ မဂ္ဃိယံ။

(၄၂၄) အတိထိ၊ ဧည့်သည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အာဂန္တု၊ ပါဟုန၊ အာဝေသိကော၊ ဧည့်သည်။ ဧည့်သည်ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ ဣစ္ဆန္တော၊ အလိုရှိသောသူသည်။ ဂမိကော၊ ဂမိက မည်၏။ ဝါ၊ ခရီးသွားဆဲပုဂ္ဂိုလ်မည်၏။ အသ၊ ထိုမှတပါး။ အဂ္ဃံ၊ အဂ္ဃိယံ၊ ဧည့်သည်အား ပျူပျူငှါငှါ ရှိသေစွာ ဧည့်ဝတ်ပြုခြင်း။ ဝါ၊ ဧည့်သည်အား ရှိသေစွာ ပူဇော်သကာ ပြုခြင်း။ ဧည့်သည်အား ပျူပျူငှါငှါ ဧည့်ဝတ်ပြုခြင်း ပရိယာယ် ၂-ပုဒ်။

[ငယ်ငယ်ကြီးကြီး ပျိုပျိုအိုအို မိမိနေအိမ်ရောက်လာသူ ဧည့်သည်ကို ပျူပျူငှါငှါ ဧည့်ဝတ် ပူဇော်သကာ ပြုထိုက်ကြောင်း–

ဗာလော ဝါ ယဒိ ဝါ ဝုဍ္ဎော၊ ယုဝါ ဝါ ဂေဟမာဂတော။
တဿ ပူဇာ ဝိဓာတဗ္ဗာ၊ သဗ္ဗဿာ’ ဘျာဂတော ဂုရု—

ဟူသော ဂါထာဖြင့် ဟိတောပဒေသ(၁။၆၃)၌ လာ၏။

အဂ္ဃေ ဘဝန္တံ ပုဇ္ဇာမ၊ အဂ္ဃံ ကုရုတု နော ဘဝံ။
ဒီ၊၂။၁၉၃၊၃၅၀။ အဂ္ဃန္တိ အတိထိနော ဥပနာမေတဗ္ဗံ ဝုစ္စတိ။ တေနေဝ ဣဒမာသနံ ပညတ္တံ, ဣတ္ထ နိသီဒထ...။ ဒီ၊ဋ္ဌ၊၂။၂၅၇-၁။ ပဋိဂ္ဂဟိတံ ယံ ဒိန္နံ၊ သဗ္ဗဿ အဂ္ဃိယံ ကတံ။ ဇာ၊၂။၇၀။]

(၄၂၅) ပဇ္ဇံ ပါဒေါဒကာဒေါထ၊ သတ္တာ’ဂန္တွာဒယော တိသု။
အပစိတျ’စ္စနာ ပူဇာ· ပဟာရော ဗလိ မာနနာ။

(၄၂၅) ပဇ္ဇံ၊ ပဇ္ဇ-သဒ္ဒါသည်။ ပါဒေါဒကာဒေါ၊ ခြေဆေးရေ-အစရှိသည်၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ သတ္တာ၊ ခုနစ်ပါးကုန်သော။ အာဂန္တွာဒယော၊ အာဂန္တု-အစရှိသော သဒ္ဒါတို့သည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ အပစိတိ၊ အစ္စနာ၊ ပူဇာ၊ ဥပဟာရော၊ ဗလိ၊ မာနနာ၊ ပူဇော်ခြင်း။ ပူဇော်ခြင်းပရိယာယ် ၆-ပုဒ်။

[ပဇ္ဇ-သဒ္ဒါ ခြေနယ်ဆီ, ခြေလိမ်းဆေး, ခြေဆေးရေ ဟောတည်း။ အာသန် ဥဒကံ ပဇ္ဇံ၊ မဓုသာကဥ္စ ဖြဟ္မနော။ ဒီ၊၂။၁၉၃။ အာသနံ ဥဒကံ ပဇ္ဇန္တိ ဣဒံ ပဇ္ဇံ ပါဒါနံ ဟိတတ္တာယ အဘိသင်္ခတံ တေလံ။ ဒီ၊ဋ္ဌ၊၂။၂၅၇။ အနုဇာနာမိ ဘိက္ခဝေ ပဇ္ဇံ အဘိသင်္ခရိတုံ။ ဝိ၊၃။၂၉၈။ ပါဒါနံ သပ္ပါယဘေသဇ္ဇံ ပစိတုံ။ ဝိ၊ဋ္ဌ၊၃။၃၇၄။]

(၄၂၆) နမဿာ တု နမက္ကာရော၊ ဝန္ဒနာ စာ'ဘိဝါဒနံ။
ပတ္ထနာ ပဏိဓာနံ စ၊ ပုရိသေ ပဏိဓိရိတော။

(၄၂၆) တု၊ ထိုမှတပါး၊ နမဿာ၊ နမက္ကာရော၊ ဝန္ဒနာ၊ အဘိဝါဒနံ၊ ရှိခိုးခြင်း။ ရှိခိုးခြင်းပရိယာယ် ၄-ပုဒ်။ ပတ္ထနာ၊ ပဏိဓာနံ၊ ပဏိဓိ၊ တောင့်တခြင်း။ အယံ၊ ဤပဏိဓိ-သဒ္ဒါကို။ ပုရိသေ၊ ပုလ္လိင်၌။ ဤရိတော၊ ဆိုအပ်၏။ တောင့်တခြင်းပရိယာယ် ၃-ပုဒ်။

[နမဿာ-ကား နမဿ-ဓာတ်ဖြင့်လည်း ပြီး၏။ နမဿ-ဓာတ် ရှိခိုးခြင်းဟောတည်း။ နမ-ဓာတ် ဿ-ပစ္စည်းဖြင့်လည်း ပြီး၏။ နမော ကရဏံ နမက္ကာရော-ဟု ဝိဂ္ဂိုဟ်ပြုရာ၏။ နမော-သဒ္ဒါသည် ရဟော-သဒ္ဒါကဲ့သို့ အကာရန္တ အလိင်၊ ဩကာရန္တ အလိင် ၂-မျိုးရှိ၏။ ယာစနာ-လည်း တောင့်တခြင်းဟော ပရိယာယ်တည်း။]

(၄၂၇) အဇ္ဈေသနာ တု သက္ကာရ–ပုဗ္ဗင်္ဂမနိယောဇနံ။

(၄၂၇) တု၊ ထိုမှတပါး။ သက္ကာရပုဗ္ဗင်္ဂမနိယောဇနံ၊ ရိုသေလေးစားခြင်း ရှေ့သွားရှိသော တိုက်တွန်းခြင်းသည်။ အဇ္ဈေသနာ၊ အဇ္ဈေသနာမည်၏။ ဝါ၊ တောင်းပန်ခြင်း မည်၏။

[ရိုသေလေးစားစွာ တောင်းပန်ခြင်းသည် အဇ္ဈေသနာမည်၏။ အဇ္ဈေသနံ ဗုဒ္ဓသိရိဝှယဿ။ ဝိ၊ဋ္ဌ၊၁။၂။ ဂရုဋ္ဌာနီယံ ပယိရုပါသိတွာ ဂရုတရံ ပယောဇနံ ဥဒ္ဒိဿ အဘိပတ္ထနာ အဇ္ဈေသနာ။ သာရတ္ထ၊ ၁။၁၉။]

(၄၂၈) ပရိယေသနာ`ဗ္ဗေသနာ၊ ပရိယေဋ္ဌိ ဂဝေသနာ။
ဥပါသန့် တု သုဿူသာ၊ သာ ပါရိစရိယာ ဘဝေ။

(၄၂၈) ပရိယေသနာ၊ အန္ဒေသနာ၊ ပရိယေဋ္ဌိ၊ ဂဝေသနာ၊ ရှာမှီးခြင်း။ ရှာမှီးခြင်းပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ဥပါသနံ၊ သုဿူသာ၊ ပါရိစရိယာ၊ လုပ်ကျွေးခြင်း။ သာ၊ ဣတ္ထိလိင်သည်။ ဘဝေ၊ ဖြစ်၏။ လုပ်ကျွေးခြင်း ပရိယာယ် ၃-ပုဒ်။

[သောတု မိစ္ဆာ သုဿူသာ၊ "ဘုဇဿသဟရည္သုပါဒိဟိ တုမိဌ္ဌသ္မေသု"တိ သပဋ္ဌယော၊ ဒွိတ္တာဒိ။ ဋီကာ။

ဥဋ္ဌာနာ ဥပဋ္ဌာနာ စ၊ သုဿူသာ သုပရိဂ္ဂဟာ။
သက္ကစ္စံ သိပ္ပုဂ္ဂဟနာ၊ ဂန္ဓံ အာရာဓယေ ဗုဓော။
ကာရိကာ။ ၇၉။]

(၄၂၉) မောန မဘာသန့် တုဏှီ–ဘာဝေါထ ပဋိပါဋိ သာ။
အနုက္ကမော ပရိယာယော၊ အနုပုဗ္ဗ`ပုမေ ကမော။

(၄၂၉) မောနံ၊ အဘာသနံ၊ တုဏှီဘာဝေါ၊ ဆိတ်ဆိတ်နေခြင်း။ ဆိတ်ဆိတ်နေခြင်းပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ပဋိပါဋိ၊ အစဉ်။ သာ၊ ဣတ္ထိလိင်ဘည်း။ အနုက္ကမော၊ ပရိယာယော၊ အနုပုဗ္ဗီ၊ အစဉ်။ အယံ၊ ဤအနုပုဗ္ဗီ-သဒ္ဒါသည်။ အပုမေ၊ ပုလ္လိင်မဟုတ် ဣတ္ထိလိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ကမော၊ အစဉ်။ အစဉ်ပရိယာယ် ၅-ပုဒ်။

[ဆိတ်ဆိတ်နေခြင်း ဟူသည် ရဟန်း၏ အမှုကိစ္စအလုပ်၊ ရဟန်းတို့၏ အမူအရာ ဖြစ်၏။ ထို့ကြောင့် ဋီကာ၌ မုနိနော ကမ္မံ မောနံ-ဟု ပြုသည်။ "တုဏှီဘာဝေါ-ကို တုဏှော မောန မေတဿာတိ တုဏှီ၊ တဿ ဘာဝေါ တုဏှီဘာဝေါ၊ အတုဏှော ဩ တုဏှီဘဝန္တံ တုဏှီဘာဝေါ၊ အထဝါ တောဟတီတိ တုဏှီ၊ တုဟ အဒ္ဒနေ၊ အဒ္ဒနံ ဟိံသာ၊ ဏီ-ပစ္စယော၊ ဝဏ္ဏဝိပရိယယော၊ ဘုအိန္နာ ဘာဝေါ တုဏှီဘာဝေါ" ဟု ဋီကာ ဖွင့်၏။]

(၄၃၀) တပေါ စ သံယမော သီလံ၊ နိယမော တု ဝတံ စ ဝါ။
ဝိတိက္ကမော’ဇ္ဈာစာရောထ၊ ဝိဝေကော ပုထုဂတ္တတာ။

(၄၃၀) တပေါ၊ သံယမော၊ သီလံ၊ အကျင့်သီလ။ အကျင့်သီလ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ နိယမော၊ ဝတံ၊ ဝတ်အကျင့်။ ဝါ၊ အလေ့အကျင့်။ ဝါ၊ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ဝတ်အကျင့် အလေ့အကျင့် ပရိယာယ် ၂-ပုဒ်။ ဝိတိက္ကမော၊ အဇ္ဈာစာရော၊ လွန်ကျူးခြင်း။ လွန်ကျူးခြင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဝိဝေကော၊ ပုထုဂတ္တတာ၊ ဆိတ်ငြိမ်ခြင်း။ ဆိတ်ငြိမ်ခြင်းပရိယာယ် ၂-ပုဒ်။

[တပေန ဗြဟ္မစရိယေန၊ သံယမေန ဒမေန စ။
ဧတေန ဗြာဟ္မဏော ဟောတိ၊ ဧတံ ဗြာဟ္မဏ မုတ္တမံ။

မ၊၂။၄၁၂။ ဝါသေဋ္ဌသုတ်၌ တပ-အရကား ဓုတင် အကျင့်ဖြစ်၏။ သံယမ-ကား သီလတည်း။ တတ္ထ တပေနာတိ ဓုတင်္ဂတပေန။ သံယမေနာတိ သီလေန။ မဋ္ဌ၊၃။၃၀၁။]

(၄၃၁) ခုဒ္ဒါနုခုဒ္ဒကံ အာဘိ-သမာစာရိက မုစ္စတေ။
အာဒိဗြဟ္မစရိယံ တု၊ တဒညံ သီလ မီရိတံ။

(၄၃၁) ခုဒ္ဒါနုခုဒ္ဒကံ၊ ခုဒ္ဒ အနုခုဒ္ဒကဖြစ်သော။ သီလံ၊ စာရိတ္တသီလကို။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိက သီလဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ တဒညံ၊ ထိုခုဒ္ဒါနုခုဒ္ဒကမှ တပါးသော။ သီလံ၊ သိက္ခာပဒ သီလကို။ အာဒိဗြဟ္မစရိယံ၊ အာဒိဗြဟ္မစရိယဟူ၍။ ဤရိတံ၊ ဆိုအပ်၏။

[ထူးကဲမြင့်မြတ်သော ကျင့်ဝတ်သိက္ခာသီလသည် အာဘိသမာစာရိက မည်၏။ တနည်း ထူးကဲမြင့်မြတ်သော အကျင့်ဟူသော မဂ်သီလ, ဖိုလ်သီလကို အကြောင်းပြု၍ ပညတ်အပ်သော ကျင့်ဝတ်သိက္ခာသီလသည် အာဘိသမာစာရိက မည်၏။ တနည်း ထူးကဲမြင့်မြတ်သော အကျင့်၌ ပါဝင်သော ကျင့်ဝတ်သိက္ခာသီလ သည် အာဘိသမာစာရိက မည်၏ဟု သိရာ၏။ အဘိဝိသိဋ္ဌော ဥတ္တမော သမာစာရောတိ အဘိသမာစာရော၊ အဘိသမာ-စာရေဝ သိက္ခိတဗ္ဗတော သိက္ခာတိ အာဘိသမာစာရိကသိက္ခာ၊

အဘိသမာစာရံ ဝါ အာရဗ္ဘ ပညတ္တသိက္ခာ အာဘိသမာစာရိကာ။ သာရတ္ထ၊ ၃။ ၂၄၀။ အဘိသမာစာရေ ဥက္ကဋ္ဌနိဒ္ဒေသတော မဂ္ဂသီလံ ဖလသီလဥ္စ၊ တံ အာရဗ္ဘ ဥဒ္ဒိဋ္ဌာ တဒတ္ထံ တပ္ပယောဇနံ ပညတ္တံ အာဘိသမာစာရိကံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၂။ အဘိသမာစာရေ ဥတ္တမသမာစာရေ ဘဝံ အာဘိသမာစာရိကံ၊ ဝတ္တပ္ပဋိဝတ္တံ။ အံ၊ ဋီ၊ ၃။ ၁၄၂။]

(၄၃၂) ယော ပါပေဟိ ဥပါဝတ္တော၊ ဝါသော သဒ္ဓိံ ဂုဏေဟိ သော။
ဥပဝါသောတိ ဝိညေယျော၊ သဗ္ဗဘောဂဝိဝဇ္ဇိတော။

(၄၃၂) ပါပေဟိ၊ မကောင်းမှုတို့မှ။ ဥပါဝတ္တော၊ ကင်းသည်။ သဗ္ဗဘောဂဝိဝဇ္ဇိတော၊ အလုံးစုံသော သုံးဆောင်ခံစားဖွယ်ရာ စည်းစိမ်ကို ကြဉ်သည်။ ဟုတ္ဂာ၊ ဖြစ်၍။ ဂုဏေဟိ၊ သီလအစရှိသော ဂုဏ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ယော ဝါသော၊ အကြင် နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော ဝါသော၊ ထိုနေခြင်းကို။ ဥပဝါသောတိ၊ ဥပဝါသဟူ၍။ ဝါ၊ သီတင်းသုံးခြင်း ဟူ၍။ ဝါ၊ ဥပုသ်သုံးခြင်းဟူ၍။ ဝိညေယျော၊ သိအပ်၏။

[ဥပဝသနံ ဥပဝါသော၊ ဝိဂတော ဝါသော ဥပဝါသော၊ ဥပေတော ဝါသော ဥပဝါသော-ဟု ပြုရန် ဋီကာဆရာ ဆို၏။]

(၄၃၃) တပဿီ ဘိက္ခု သမဏော၊ ပဗ္ဗဇိတော တပေါဓနော။
ဝါစံယမော တု မုနိ စ၊ တာပသော တု ဣသီရိတော။

(၄၃၃) တပဿီ၊ ဘိက္ခု၊ သမဏော၊ ပဗ္ဗဇိတော၊ တပေါဓနော၊ ရဟန်း။ ရဟန်း ပရိယာယ် ၅-ပုဒ်။ ဝါစံယမော၊ မုနိ၊ စကား စောင့်စည်းသူ။ တု၊ ထိုမှတပါး။ တာပသော၊ ဣသိ၊ ရသေ့။ သမော၊ အနက်တူ၏ ဟူ၍။ ဤရိတော၊ ဆိုအပ်၏။

[သီဟိုဠ် သုဘူတိနိဿျ-၌ ဝါစံယမော, မုနိ-တို့ကို ဈာယီ-ဟု ဆို၏။ ဈာန်ဝင်စားသူ ဟူလို။ ရဟန်း ပရိယာယ်တွင် သွင်း၍ လည်း ယူနိုင်၏။ နီတိ၊ ဓာ။ ၃၆၉-၌ ဘိက္ခု-ပုဒ် ဓာတ်အမျိုးမျိုး ဖြင့် ပြီးပုံကို—

ဘိဒိ ဘိက္ခိဓာတုဝသာ၊ အထ ဝါ ဘာယဝါစကံ။
ဘီ-သဒ္ဒံ ပုရိမံ ကတွာ၊ ဣက္ခဓာတုဝသေန စ။
ဘိက္ခုသဒ္ဒဿ နိပ္ဖတ္တိ၊ ကထယေယျ ဝိစက္ခဏော—

ဟူသော ၁-ဂါထာခွဲဖြင့် ပြဆို၏။ ဣသိ-သဒ္ဒါ အရာအားလျော်စွာ ဘုရားရှင်ဟော, ရဟန်းဟောလည်း လာ၏။]

(၄၃၄) ယေ သံယတိန္ဒြိယဂဏာ၊ ယတယော ဝသိနော စ တေ။
သာရိပုတ္တော'ပတိဿော တု၊ ဓမ္မသေနာပတီရိတော။

(၄၃၄) ယေ၊ အကြင်သူတော်ကောင်းတို့သည်။ သံယတိန္ဒြိယဂဏာ၊ စောင့်စည်းအပ်ပြီးသော ဣန္ဒြေအပေါင်း ရှိကြကုန်၏။ တေ၊ ထိုသူတော်ကောင်းတို့သည်။ ယတယော၊ ယတိ-တို့လည်း မည်ကုန်၏။ ဝသိနော စ၊ ဝသီ-တို့လည်း မည်ကုန်၏။ တု၊ ထိုမှတပါး။ သာရိပုတ္တော၊ ဥပတိဿော၊ ဓမ္မသေနာပတိ၊ အရှင်သာရိပုတ္တရာ။ သမော၊ အနက်တူ၏ဟူ၍။ ဤရိတော၊ ဆိုအပ်၏။ အရှင်သာရိပုတ္တရာ ပရိယာယ် ၃-ပုဒ်။

[ ဥပ-ကို ပူဇိတ အနက်ဟော ကြံ၍ "ပူဇိတော တိဿော ဥပတိဿော" ဟု ဋီကာ၌ ဝိဂ္ဂြိဟ်ပြု၏။ အရှင်သာရိပုတ္တရာ, အရှင်စုန္ဒ, အရှင်ရေဝတ ( ခဒိရဝနိယရေဝတ ), အရှင်ဥပသေန, ရှင်မ-စာလာ, ရှင်မ-ဥပစာလာ, ရှင်မ-သီသူပစာလာတို့ ဟူကုန်သော မောင်နှမ ၇-ယောက်တို့ကား ရဟန္တာတို့ချည်း ဖြစ်ကုန်၏။]

(၄၃၅) ကောလိတော မောဂ္ဂလ္လာနော'ထ၊အရိယော'မိဂတော သိယာ။
သောတာပန္နာဒိကာ သေခါ–နရိယော တု ပုထုဇ္ဇနော။

(၄၃၅) ကောလိတော၊ မောဂ္ဂလ္လာနော၊ အရှင်မောဂ္ဂလ္လာန်။ အရှင်မောဂ္ဂလ္လာန် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အဓိဂတော၊ ရအပ်ပြီးသော မဂ်ဖိုလ်ရှိသူသည်။ ဝါ၊ မဂ်ဖိုလ်ရပြီးသူသည်။ အရိယော၊ အရိယ-မည်သည်။ သိယာ၊ ဖြစ်ရာ၏။ အရိယော၊ အဓိဂတော၊ အရိယာ။ အရိယာ ပရိယာယ် ၂-ပုဒ်။ သောတာပန္နာဒိကာ၊ သောတာပန်-အစရှိသော အရိယာပုဂ္ဂိုလ် ခုနစ်ယောက်တို့သည်။ သေခါ၊ သေက္ခပုဂ္ဂိုလ်တို့ မည်ကုန်၏။ တု၊ ထိုမှတပါး။ အနရိယော၊ ပုထုဇ္ဇနော၊ ပုထုဇဉ်။ ပုထုဇဉ် ပရိယာယ် ၂-ပုဒ်။

[က-အက္ခရာသံယုတ်နှင့် သေက္ခ-ဟုလည်း ရှိ၏။ တိဟိ သိက္ခာဟိ ယုတ္တတာယ သေက္ခာ၊ က-အက္ခရာကို ချေ၍ သေခါ-ဟုလည်း ရှိ၏။ ပုထုဇ္ဇန-ပုဒ် ဝိဂ္ဂဟနှင့် အဓိပ္ပါယ်အကျယ်—ဒီ၊ ဋ္ဌ၊ ၁။ ၅၈။ မ၊ ဋ္ဌ၊ ၁။ ၂၂။ သံ၊ ဋ္ဌ၊ ၂။ ၉၀။ အံ၊ ဋ္ဌ၊ ၁။ ၄၇။ စူဠနိ၊ ဋ္ဌ။ ၇၀။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၂၄၅။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၅၁။ မူလဋီ၊ ၃။ ၁၆၃။ သာရတ္ထ၊ ဋီ၊ ၂။ ၅၃။ သိ၊ ဋီ၊ သစ်၊ ၁။ ၅၆။ အံ၊ ဋီ၊ ၃။ ၁၀၀-တို့ ကြည့်။]

(၄၃၆) အညာ တု အရဟတ္တံ စ၊ ထူပေါ တု စေတိယံ ဘဝေ။
မဇ္ဈဘာဗ္ဗာဂါရိကော စ၊ အာနန္ဒော ဒွေ သမာထ စ။

(၄၃၇) ဝိသာခါ မိဂါရမာတာ၊ သုဒတ္တော’နာထပိဏ္ဍိကော။

(၄၃၆၊၄၃၇) တု၊ ထိုမှတပါး။ အညာ၊ အရဟတ္တံ၊ အရဟတ္တဖိုလ်။ အရဟတ္တဖိုလ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ထူပေါ၊ စေတိယံ၊ စေတီ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ စေတီ ပရိယာယ် ၂-ပုဒ်။ မဇ္ဈဘာဗ္ဗာဂါရိကော၊ အာနန္ဒော၊ အရှင်အာနန္ဒာ။ ဒွေ၊ နှစ်ပုဒ်တို့သည်။ သမာ၊ အနက်တူကုန်၏။ အထ၊ ထိုမှတပါး။ ဝိသာခါ၊ မိဂါရမာတာ၊ ဝိသာခါ။ ဝိသာခါ ပရိယာယ် ၂-ပုဒ်။ သုဒတ္တော၊ အနာထပိဏ္ဍိကော။ အနာထပိဏ်။ အနာထပိဏ် ပရိယာယ် ၂-ပုဒ်။

[အညာ-ကို "ပဌမမဂ္ဂါဒီဟိ ဒိဋ္ဌမရိယာဒမနတိက္ကမိတွာ ဇာနိတ္တာတိ အညာ-ဟူ၍ရင်း၊ ရူပရာဂါဒီနံ ပဉ္စုဒ္ဓမ္ဘာဂိယာနံ သညော ဇနာနံ ဩမ်ဝသေန မာရဏာတော အညာ"ဟူ၍ရင်း ဖွင့်သည်။ ဉာ မာရဏာ တောသနနိသာနေသု-ဟု ဓာတ်နက်ရှိ၏။ "ထဝိယတီတိ ထူပေါ"ဟု ထူ-ကို ဝိဂြိုဟ်ပြုရာ၏။ ထု-ဓာတ် ချီးမွမ်းခြင်း ဖြစ်၏။ ပ-ပစ္စည်း၊ ဥ-ကို ဦ-ဒီဃပြု။ "စေတိတဗ္ဗံ ပူဇေတဗ္ဗန္တိ စေတိယံ"ဟု စေတိယ-ကို ဝိဂြိုဟ်ပြုရာ၏။ လိုဏ်မုခ် ရှိ-မရှိဖြစ်လျှင် 'ထူပ'၊ လိုဏ်မုခ်မရှိ၊ လိုဏ်မုခ်မပါလျှင် 'စေတိယ'ဟု အထူးသိလေ။ ထို့ကြောင့် ဋီကာ၌ "တွေ စ ထူပသဒ္ဒေါ သမုခေပိ၊ စေတိယသဒ္ဒေါ ပန မုခရဟိတေ ယေဝ ဝတ္တတိ"ဟု ဆို၏။

(ဆောင်) လိုဏ်မုခ် ရှိ-မရှိ၊ ဖြစ်လေဘိ၊ သိလေ ထူပဟူ။
လိုဏ်မုခ်သုံးဝ၊ မပါက၊ မှတ်ကြစေတီဟူ။

တနည်း—ထူပန္တိ စေတိယံ-ဟု နေတ္တိ၊ဋ္ဌ။၁၅၈-၌ ဖွင့်ရကား ထူပနှင့် စေတိယ အတူတူ, မထူးဟူ၍လည်း မှတ်ရာ၏။ စေတီတော်သည် (၁) ပရိဘောဂစေတီ၊ (၂) ဓာတုစေတီ၊ (၃) ဓမ္မစေတီ-ဟု ၃-မျိုးပြား၏။

(ဆောင်) ပရိဘောဂ၊ ဓမ္မ,ဓာတု၊ ဤသုံးခု၊ မှတ်ရှုစေတီပြား။

တနည်း— (၁) ပရိဘောဂစေတီ၊ (၂) ဥဒ္ဒိဿစေတီ၊ (၃) ဓာတုစေတီ-ဟု ၃-မျိုးပြား၏။

(ဆောင်) ပရိဘောဂ၊ ဥဒ္ဒိဿနှင့်၊ တဝဓာတု၊ ဤသုံးခု၊ မှတ်ရှု
တနည်းပြား။

ယခုခေတ်၌ ဖော်ပြပါ ၂-နည်းပေါင်းစပ်၍ (၁) ပရိဘောဂစေတီ၊ (၂) ဥဒ္ဒိဿစေတီ၊ (၃) ဓာတုစေတီ၊ (၄) ဓမ္မစေတီ-ဟု လေးမျိုး ခေါ်ဝေါ် သုံးစွဲကြ၏။

(ဆောင်) ပရိဘောဂ၊ ဥဒ္ဒိဿနှင့်၊ ဓမ္မ, ဓာတု၊ ဤလေးခု၊ မှတ်ရှု
စေတီပြား။

(စေတိယပ္ပတ္တိဒီပနီ။ ၂-၃-ကြည့်။)

ဝေဒေဟမုနိ-ကိုလည်း အရှင်အာနန္ဒာဟောပရိယာယ်ဟု သိရာ၏။ ကိံ ပန အယျော မဟာကဿပေါ အယျဿ အာနန္ဒဿ ဝေဒေဟမုနိနော သမ္မုခါ ဓမ္မံ ဘာသိတဗ္ဗံ မညတိ။ သံ၊၁။၄၁၆။

ဝိသာခါပုဒ်ကို "ဝိဝိဓာ ဗဟုကာ ပုတ္တနတ္တပနတ္တာဒိကာ သာခါ ယဿာ သာ ဝိသာခါ"ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြု၏။

ဝိသာခါ ဝိသတိ ပုတ္တာ၊ နတ္တာ စ စတုရောသတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ—

ဟု လာသော ဓမ္မ၊ဋ္ဌ၊၁။၂၅၈-နှင့် ညီ၏။]

(၄၃၈) ဘိက္ခုပိ သာမဏေရော စ၊ သိက္ခမာနာ စ ဘိက္ခုနီ။
သာမဏေရီတိ ဣထိတာ၊ ပဉ္စေတေ သဟာဓမ္မိကာ။

(၄၃၈) ဘိက္ခုပိ၊ရဟန်းယောကျ်ားရင်း။ သာမဏေရော စ၊သာမဏေယောကျ်ားရင်း။ သိက္ခမာနာ စ၊ သိက္ခမာန်ရင်း။ ဘိက္ခုနီ စ၊ ရဟန်းမိန်းမ

ၵင်း။ သာမဏေရီ စ၊ သာမဏေမိန်းမငယ်။ ဣတိ၊ ဤသို့။ ဧတေ ပဉ္စ၊ ဤငါးယောက်တို့ကို။ သဟဓမ္မိကာ၊ သီတင်းသုံးဖော် ငါးယောက်တို့ဟူ၍။ ကထိတာ၊ ဆိုအပ်ကုန်၏။

[မူလပဏ္ဏာသ အဋ္ဌကထာ။ စူဠသီဟနာဒသုတ်အဖွင့်၌ ယင်း ၅-ဦးတွင် ဥပါသက, ဥပါသိကာ-ဘို့ကို ထည့်သွင်း၍ သီတင်းသုံး ဖော် ၇-ဦး ဆို၏။ သဟဓမ္မိကာ ခေါ်ပနာတိ ဘိက္ခု ဘိက္ခုနီ သိက္ခ- မာနာ သာမဏေရာ သာမဏေရီ ဥပါသကော ဥပါသိကာတိ ဧတေ သတ္တ သဟဓမ္မေစာရိနော၊ မ၊ဋ္ဌ၊၁။၁၃၄။]

(၄၃၉) ပတ္တော တိစီဝရံ ကာယ-ဗန္ဓနံ ဝါသိ သူစိ စ။
ပရိဿာဝန မိစ္စေတေ ပရိက္ခာရာ'ဋ္ဌ ဘာသိတာ။

(၄၃၉) ပတ္တော၊ သပိတ်ငင်း။ တိစီဝရံ၊ တိစီဝရိက်ငင်း။ ဝါ၊ သင်္ကန်း သုံးထည်ငင်း။ ကာယဗန္ဓနံ၊ ခါးပန်းကြိုးငင်း။ ဝါသိ၊ ပဲခွပ်ငင်း။ သူစိ၊ အပ်ငင်း။ ပရိဿာဝနံ၊ ရေစစ်ငင်း။ ဣတိ၊ ဤသို့။ ပါ၊ ဤသို့ခွဲခြား သရုပ် အားဖြင့်။ ဧတေ၊ ဤဝတ္ထုတို့ကို။ အဋ္ဌ ပရိက္ခာရာ၊ ပရိက္ခရာရှစ်ပါးတို့ဟူ၍။ ဘာသိတာ၊ ဆိုအပ်ကုန်၏။

[ဤပရိက္ခရာ ၈-ပါးကို သန္တောသ ၁၂-ပါးနှင့် ပြည့်စုံသော ရဟန်းအတွက် ဥက္ကဋ္ဌအားဖြင့် ဆိုသည်။ ဣမိနာ ပန ဒွါဒသဝိဓေန ဣတရီတရပစ္စယသန္တောသေန သမန္နာဂတဿ ဘိက္ခုနော အဋ္ဌ- ပရိက္ခာရာ ဝဋ္ဋန္တိ။ တီဏိ စီဝရာနိ ပတ္တော ဒန္တကဋ္ဌစ္ဆေဒနဝါသိ ဧကာ သူစိ ကာယဗန္ဓနံ ပရိဿာဝနန္တိ။ ဝုတ္တမ္ပိ စေတံ—

တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနောတိ။
ဒီ၊ဋ္ဌ၊၁။၁၈၄။]

(၄၄၀) သာမဏေရော စ သမဏု-ဒ္ဒေသော စာထ ဒိဂမ္ဗရော။
အစေလကော နိဂဏ္ဌော စ၊ ဇဋိလော တု ဇဋာဓရော။

(၄၄၀) သာမဏေရော၊ သမဏုဒ္ဒေသော၊ သာမဏေ။ သာမဏေ ပရိယာယ် ၂ ပုဒ်။ အထ၊ ထိုမှတပါး။ ဒိဂမ္ဗရော၊ အစေလကော၊ နိဂဏ္ဌော၊ တက္ကတွန်း။ တု၊ ထိုမှတပါး။ ဇဋိလော၊ ဇဋာဓရော၊ ရသေ့။

[သမဏလိင်္ဂါစာရတ္တာ "သမဏောယ"န္တိ ဥဒ္ဒိသိတဗ္ဗောတိ သမဏုဒ္ဒေသော-ဟု ဋီကာဆို၏။ ပါဠိ ဒိဂမ္ဗရ-သည် ပြာကရိတ် ဒိအံဗရ၊ ဒိဂံဗရ-ဖြစ်၏။ ဘုရားရှင်သာသနာမှ ပြင်ပ တိတ္ထိအဝတ် မဝတ်သည့် တက္ကတွန်းတည်း။]

(၄၄၁) ကုဋီသကာဒိကာ စတု–တ္တိံသ ဒွါသဋ္ဌိ ဒိဋ္ဌိယော။
ဣတိ ဆန္နဝုတိ ဧတေ၊ ပါသဏ္ဍာ သမ္ပကာသိတာ။

(၄၄၁) ကုဋီသကာဒိကာ၊ ကုဋီသက ( စက ) အစရှိကုန်သော။ စတုတ္တိံသ၊ သုံးဆယ့်လေးပါးသော အယူတို့ရင်း။ ဒွါသဋ္ဌိ ဒိဋ္ဌိယော၊ ခြောက်ဆယ့်နှစ်ပါးသော အယူတို့ရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဧတေ၊ ဤအယူတို့ကို။ ဆန္နဝုတိပါသဏ္ဍာ၊ကိုးဆယ့်ခြောက် ပါးသော ပါသဏ္ဍအယူတို့ဟူ၍။ သမ္ပကာသိတာ၊ ကောင်းစွာ ပြအပ်ကုန်၏။

[ဤဂါထာဖြင့် ပါသဏ္ဍအယူ ၉၆-ပါးကို အတတ်နိုင်ဆုံး ချုံး၍ ကျမ်းဆရာ ပြတော်မူ၏။ ၉၆-ပါး သရုပ်ကို အောက်ပါအတိုင်း သိရာ၏။ (၁) ဟောတိက=ယဇ်ပူဇော်ရေး အယူ၊ (၂) ကုဋီစ (သ) က=ကျောင်းယဉ်၌သာ တရားအားထုတ်သော အယူ၊ (၃) ဗဟူဒက=ဂင်္ဂါ-အစရှိသော ရေဆိပ်များသို့ လှည့်လည်၍ ရေချိုး, မကောင်းမှု ဆေးရေး ဖျောရေး အယူ၊ (၄) ဟံသ= တရားကျင့်ခြင်း ယဇ်ပူဇော်ခြင်းဖြင့် သေပြီးနောက် ဗြဟ္မာ့ပြည် ရောက် ၎င်းနောက် လွတ်မြောက်မှုရရှိရေး အယူ၊ (၅) ပရမ ဟံသ=ဤဘဝ၌ပင် လွတ်မြောက်မှုရရှိရေး အယူ၊ (၆) ကာဇက= ရသေ့ပရိက္ခရာကို ထမ်းပိုးဖြင့် လှည့်လည် ဆောင်ယူရေး အယူ၊ (၇) တိဒဏ္ဍ=ကာယဒဏ်, ဝစီဒဏ်, မနောဒဏ် ၃-ပါးကို အထိမ်း အမှတ်ပြု၍ ခက်ရင်း ၃-ခွကို ဆောင်သူတို့၏ အယူ၊ (၈) မောန- ဝတ=စကားမပြော တုဏှိဘောနေသော အကျင့်၊ (၉) သေဝ= သိဝ (ရှိဝ)နတ်ဘုရားကို ကိုးကွယ်ရေးအယူ၊ (၁၀) ပါသုပတိက =တိရစ္ဆာန်တို့ကို စိုးပိုင်သော ရုဒြနတ်ကို ကိုးကွယ်ရေး ဝါဒ၊ (ပါရှုပက။ မါဋ္ဌိ၊ ၂။၁၂။) ( ၁၁ ) ပဉ္စပဒတ္တိက=ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ-ဟူသော ဓာတ်ကြီး ၅-ပါးရှိ၏ဟု

ယုံကြည်ရေးအယူ (ပဥ္စပရတ္တိက။ မ၊ဋီ၊၂။၁၂။)၊ (၁၂) သောမ-ကာရက=သောမအရက်ကို ပိုင်စိုးသော နတ်အား ကိုးကွယ်ရေးအယူ၊ (၁၃) မူဂဗ္ဗတ=လူအ ကဲ့သို့ မလှုပ်ပဲ တရားကျင့်ရေးဝါဒ၊ (၁၄) စာရဝါက=စရဝါက လောကာယတကျမ်းဆရာ၏ ရုပ်ဖြဒ်ဝါဒ၊ (၁၅) တာပသ=တပခေါ်သောအယူ၊ (၁၆) နိဂဏ္ဌ=ဂျိန်းအယူ၊ (၁၇) အာဇီဝက=ဝတ်လစ်စလစ် နေထိုင်ရေးအယူ၊ (၁၈) ဋ္ဌသိ=ဇနီးမောင်နှံ ရသေ့ပြု၍ တောဌ် နေရေးအယူ၊ (၁၉) ပါရာယနိက=သံသရာတဘက်ကမ်းသို့ ကူးမြောက်ပေါက်ရောက်ရေးအယူ၊ (၂၀) ပဥ္စာတပိက=နေမွန်းတည့်ချိန်၌ နေကိုရှိခိုး၍ နေပူခံခြင်းနှင့် ၄-ဘက်၌ မီးဖို၍ မီးပူခံ၍ ကျင့်ရေးအယူ၊ (၂၁) ကာပိလ=ကပိလရသေ့၏ သံချာအယူ၊ (၂၂) ကာဏာဒ=ကဏာဒရသေ့၏ ဝိသေသိက အယူ၊ (၂၃) သံသာရမောစက=သံသရာမှ ကျွတ်လွတ်ရေးအယူ၊ (၂၄) အဂ္ဂိဘတ္တိက=မီး ကိုးကွယ်ရေးအယူ၊ (၂၅) မဂဝတိက=သားသမင်တို့ကဲ့သို့ တော၌ နေရေးအယူ၊ (၂၆) ဂေါဝတိက=နွားကျင့် ကျင့်ရေးအယူ၊ (၂၇) ကုက္ကု-ရဝတိက=ခွေး ကျင့် ကျင့်ရေးအယူ၊ (၂၈) ကာမဏ္ဍလုက=သစ်သားရေကရားကို ထာဝစဉ် စွဲကိုင်၍ လူတွေ့လျှင် ဆုပေး ကျိန်ဆဲသော အယူ၊ (၂၉) ဝဂ္ဂုလိဝတိက=လင်းနို့ကဲ့သို့ တွဲရရွဲ ဆွဲ၍ နေရေးအယူ၊ (၃၀) ကေသာဠက=အဝတ် တထည်တည်းဖြင့် ဝတ်၍ ပင်ပန်းစွာ ကျင့်ရေးအယူ၊ (၃၁) ဩဒကသုဒ္ဓိက=ဂင်္ဂါမြစ် ပယာဂမြစ်စသည်၌ တနေ့ ရေ ၃-ကြိမ်ချိုး၍ ကိလေသာ စင်ကြယ်ရေးအယူ၊ (၃၂) သရီရသန္တာပက=မီးကင်ခြင်း ဆူးပေါ်အိပ်ခြင်း စသည်ဖြင့် ကိုယ်ကို ပူလောင်ပင်ပန်းစေသောအယူ၊ (၃၃) သီလသုဒ္ဓိက=သီလစင်ကြယ်စေရုံမျှဖြင့် နိဗ္ဗာန်ရောက်၏ဟူသော အယူ၊ (၃၄) ဈာနသုဒ္ဓိက=လောကီဈာန်အဘိညာဉ်ဖြင့် ကိလေသာ စင်ကြယ်၏ဟု ယူသော အယူ၊ (၃၅)-(၉၆) ဒိဋ္ဌိ ၆၂-ပါးနှင့် ပေါင်းလျှင် ပါသဏ္ဍအယူ ၉၆-ပါး ဖြစ်၏။ ယင်း ၉၆-ပါးသည် တဏှာပါသေန ဍံသနတော, အရိယဓမ္မဿ ဝါ ဝိဗာဓနတော ပါသဏ္ဍာ = တဏှာ ကျော့ကွင်းဖြင့် ထောင်တတ်, အရိယဓမ္မကို တားမြစ်တတ်ရကား ပါသဏ္ဍ မည်၏ ဟူလို။ မ၊ဋီ၊၂။၁၂ ကြည့်။]

(၄၄၂) ပဝိဋ္ဌော ပယာတော ပူတော၊ စမ္ပံ တု အဇိန် ပျထ။
ဒန္တပေါဏော ဒန္တကဋ္ဌံ၊ ဝက္ကလော ဝါ တိရိဋ္ဌကံ။

(၄၄၂) ပဝိဋ္ဌော၊ ပယာတော၊ ပူတော၊ အကျင့်ဖြူစင်သောသူ။အကျင့်ဖြူစင်သောသူ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ စမ္ပံ၊ သားရေနယ်။ ဝါ၊ သစ်နက်ရေ။ အဇိနံ၊ သစ်နက်ရေ။ အထ၊ ထိုမှတပါး။ ဒန္တပေါဏော၊ ဒန္တကဋ္ဌံ၊ တံပူ။ တံပူပရိယာယ် ၂-ပုဒ်။ ဝက္ကလော၊ လျှော်တေ။ ဝါ၊ သစ်ခံ့အဝတ်။ ဝါ၊ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ တိရိဋ္ဌကံ၊ လျှော်တေ။ ဝါ၊ သစ်ခံ့အဝတ်။ လျှော်တေ, သစ်ခံ့အဝတ် ပရိယာယ် ၂-ပုဒ်။

[ဒန္တပေါဏ-သဒ္ဒါသည် ယခုကာလခေတ်စားသည့် သွားတိုက်တံ(သွားပွတ်တံ)တို့ကိုလည်း ဟော၏။ ဒန္တေ ပုနန္တိ သောဓေန္တိ ဧတေနာတိ ဒန္တပေါနံ၊ ဒန္တကဋ္ဌံ။ ထေရဂ္ဂါ၂။၃၅၅။ ဒန္တကဋ္ဌ-ကို "ဒန္တံ ကသတိ ဝိလေခတီတိ ဒန္တကဋ္ဌံ၊ ဒန္တံ ပတ္ဝာ ကသတိ ဝိနာသံ ယာတိ ပါပုဏာတီတိ ဝါ ဒန္တကဋ္ဌံ၊ ဒန္တပေါဏံ"ဟု ကခ်ါ၊ ယော၊ မဟာဋီ။၄။၂၅၄-၌ ဝိဂ္ဂိုဟ်ပြု၏။]

(၄၄၃) ပတ္တော ပါတိတ္ထိယံ နိတ္ထီ၊ ကမဏ္ဍလု တု ကုဏ္ဍိကာ။
အထာ'လမ္ဗနဒဏ္ဍော္သို၊ ကတ္တရယဋ္ဌိ နာရိယံ။

(၄၄၃) ပတ္တော၊ ပါတိ၊ ခွက်။ အယံ၊ ဤပါတိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ကမဏ္ဍလု၊ ရေကရား။ အယံ၊ ဤကမဏ္ဍလု-သဒ္ဒါသည်။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ ကုဏ္ဍိကာ၊ ရေကရား။ အထ၊ ထိုမှတပါး။ ကတ္တရယဋ္ဌိ၊ ကတ္တရယဋ္ဌိ-သဒ္ဒါသည်။ အာလမ္ဗနဒဏ္ဍော္သို၊ ဆွဲကိုင်အပ်သော တောင်ဝှေး၌။ ဝတ္တတိ၊ ဖြစ်၏။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ကမဏ္ဍလု-ကို "ကသ္မာ ဇလဿ မဏ္ဍော ပသန္နဘာဝေါ ကမဏ္ဍော၊ တံ လာတီတိ ကမဏ္ဍလု၊ ဥ"ဟု ဋီကာဖွင့်၏။ ကမဏ္ဍလုန္တိ ကုဏ္ဍိကံ။ ဇာဋ္ဌ၊၄။၃၇၄။ ကမဏ္ဍလု-သဒ္ဒါ ရေအိုးကိုလည်း ဟောသည်။ ကမဏ္ဍလုန္တိ ဃဋံ။ ဇာဋ္ဌ၊၆။၁၀၆။]

(၄၄၄) ယံ ဒေဟသာဒနော၊ပေက္ခံ၊ နိစ္စံ ကမ္မမယံ ယမော။
အာဂန္တုသာဓနံ ကမ္မံ၊ အနိစ္စံ နိယမော ဘဝေ။

ဣတိ ဗြဟ္မစာရိဝဂ္ဂေါ။

(၄၄၄) နိစ္စံ၊ အမြဲ။ ဒေဟသာဒနော၊ပေက္ခံ၊ ကိုယ်ဖြင့်ပြီးခြင်းကို ငဲ့ခြင်း ရှိသော။ ယံ ကမ္မံ၊ အကြင် ပါဏာတိပါတ-အစရှိသည်မှ ရှောင်ကြဉ်ခြင်း အမှုသည်။ အတ္ထိ၊ ရှိ၏။ ဒသယံ၊ ဤပါဏာတိပါတ-အစရှိသည်မှ ရှောင်ကြဉ်ခြင်း အမှုသည်။ ယမော၊ ယမသီလ မည်၏။ ဝါ၊ ငါးပါးသီလ မည်၏။ အနိစ္စံ၊ အမြဲထာဝရမဟုတ် ရံဖန် ရံခါ။ အာဂန္တုသာဓနံ၊ အခိုက်အတန့် ပြီးစေအပ်သော။ ကမ္မံ၊ ဥပုသ်စောင့်သုံးခြင်း-အစရှိသော အမှုသည်။ နိယမော၊ နိယမသီလ မည်သည်။ ဝါ၊ ဥပုသ်သီလ မည်သည်။ ဘဝေ၊ ဖြစ်၏။

[ရှုဒ္ဒကောသ-၌ ပါဏာတိပါတဝေရမဏီ-စသော အမှု၏ ယမ မည်ကြောင်းကိုရင်း ယမ-သဒ္ဒါ၏ စောင့်စည်းခြင်း, ယမမင်း,အစုံ ဟူသော အနက်တို့၌ ဖြစ်ကြောင်းကိုရင်း—

သရီရသာဓနာပေက္ခံ–နိစ္စံ ယံ ကမ္မ သော ယမော။
သံယမေ ယမရာဇေ စ၊ ယမကေ တု ယမံ တိသု—

ဟူ၍ လာရှိ၏။ ၎င်းပြင် နိယမ-သဒ္ဒါ၏ အားထုတ်ခြင်း,ဝန်ခံခြင်း, ဆုံးဖြတ်ခြင်း အနက်တို့၌ ဖြစ်ကြောင်းကိုလည်း—

ယတနာယံ ပဋိညာယံ၊ နိယမော နိစ္ဆယေ ဝစော—

ဟူသော ဂါထာဖြင့် ဖော်ပြ၏။ ဋီကာလည်း ကြည့်။

“ကာလာဒိဝသေန နိယမိတဗ္ဗာတိ နိယမော” ဟု ဝိဂ္ဂဟ် ပြု၏။]

ဗြဟ္မစာရိဝဂ္ဂေါ၊ ဗြဟ္မစာရိဝဂ်သည်။ ဣတိ၊ အောင်လံခိုက်ဆောက် အပြီးသို့ ရောက်ပြီ။

**ဝေဿဝဂ်**

(၄၇၅) ဝေဿော စ ဝေသိယာနော၀၊ ဇီဝနံ ဝုတ္တိ ဇီဝိကာ။
အာဇီဝေါ ဝတ္တနံ စာ၀၊ ကသိကမ္မံ ကသ်ိတ္တိယံ။

(၄၇၅) ဝေဿော၊ ဝေသိယာနော၊ သူကြွယ်။ သူကြွယ် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဇီဝနံ၊ ဝုတ္တိ၊ ဇီဝိကာ၊ အာဇီဝေါ၊ ဝတ္တနံ၊ အသက်မွေးမှု။ အသက်မွေးမှု ပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှတပါး။ ကသိ-ကမ္မံ၊ ကသိ၊ လယ်ထွန်ခြင်း။ အယံ၊ ဤ ကသိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ လယ်ထွန်ခြင်း ပရိယာယ် ၂-ပုဒ်။

[ဝေဿ, ဝေသိယာန-သည် ကုန်သည်လည်း ဟူ၏။ အသည်လည်းဟူ၏။ ဝိသ-ဓာတ် သ-ပစ္စည်းဖြင့် ဝေဿ-ပုဒ် ပြီး၏။ ဣယာ-န-ပစ္စည်းဖြင့် ဝေသိယာန-ဖြစ်၏။ ဦရုဇော, အရိယော-တို့လည်း သူကြွယ်ဟော ပရိယာယ်တို့တည်း။ ကသ ဝိလေခနေ၊ ကသီယတေ ကသိ=ကသန်။ မောဂ္ဂလ္လာန်။]

(၄၇၆) ဝါဏိဇ္ဇံ စ ဝဏိဇ္ဇာ၀၊ ဂေါရက္ခာ ပသုပါလနံ။
ဝေဿဿ ဝုတ္တိယော တိဿော၊ ဂဟဋ္ဌာ'ဂါရိကော ဂိဟီ။

(၄၇၆) ဝါဏိဇ္ဇံ၊ ဝဏိဇ္ဇာ၊ ကုန်သွယ်ခြင်း။ ကုန်သွယ်ခြင်းပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဂေါရက္ခာ၊ ပသုပါလနံ၊ နွားကျောင်းခြင်း။ ဝါ၊ နွားမွေးခြင်း။ နွားကျောင်းခြင်း, နွားမွေးခြင်း ပရိယာယ် ၂-ပုဒ်။ တိဿော၊ လယ်လုပ်မှု ကုန်သွယ်မှု နွားကျောင်းမှု ဟူသော သုံးပါးတို့သည်။ ဝေဿဿ၊ သူကြွယ်မျိုး၏။ ဝုတ္တိယော၊ အသက်မွေးမှုတို့ပေတည်း။ ဂဟဋ္ဌော၊ အဂါရိကော၊ ဂိဟီ၊ အိမ်ရာထောင်သူ။ အိမ်ရာထောင်သူ ပရိယာယ် ၃-ပုဒ်။

[ဝေါဟာရ-လည်း ကုန်သွယ်ခြင်းဟော ပရိယာယ်တည်း။ ယော ဟိ ကောစိ မနုဿာနံ၊ ဝေါဟာရံ ဥပဇီဝတိ။ မ၊ ၂။၄၁၉။ ဝါသေဋ္ဌ-သုတ်၊ ဝေါဟာရန္တိ ဝဏိဇ္ဇံ။ မဋ္ဌ၊၃။၂၉၇။ ဂုန္နံ ရက္ခာ ဂေါရက္ခာ။ ဋီကာ။ နွားကျောင်းခြင်း နွားမွေးခြင်းတည်း။ ဂေါ-ကို မြေ ဟောယူ၍ ဂေါရက္ခာ-သည် လယ်ထွန်ခြင်းကို ဟောသေးသည်။

ယော ဟိ ကောစိ မနုဿေသု၊ ဂေါရက္ခံ ဥပဇီဝတိ။ မ၊၂။၄၀၉။ ဝါသေဋ္ဌ-သုတ်။ တတ္ထ ဂေါရက္ခန္တိ ခေတ္တရက္ခံ၊ ကသိကမ္မန္တိ ဝုတ္တံ ဟောတိ။ ဂေါတိ ပထဝိယာ နာမံ၊ တသ္မာ ဝေမာဟ။ မဋ္ဌ၊၃။ ၂၉၇။]

(၄၄၇) ခေတ္တာဇီဝေါ ကဿကော ထ၊ ခေတ္တံ ကေဒါရ မုစ္စတေ။
လေဍ္ဍု'တ္တော မတ္တိကာခဏ္ဍော၊ ခဏိတ္တိ'တ္ထု' ဝဒါရဏံ။

(၄၄၇) ခေတ္တာဇီဝေါ၊ ကဿကော၊ လယ်သမား။ ဝါ၊ တောင်သူ။ အထ၊ ထိုမှတပါး။ ခေတ္တံ၊ ကေဒါရံ၊ လယ်။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ ဟုလဲ၊ အနက်တူ၏ ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ လယ်ပရိယာယ် ၂-ပုဒ်။ မတ္တိကာ-ခဏ္ဍော၊ မြေစိုင်ခဲကို။ ဝါ၊ ထွန်ချေးခဲကို။ လေဍ္ဍု၊ လေဍ္ဍုဟူ၍။ ဥတ္တော၊ ဆိုအပ်၏။ ခဏိတ္တိ၊ တူးရွင်း။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ အဝဒါရဏံ၊ တူးရွင်း။ တူးရွင်း ပရိယာယ် ၂-ပုဒ်။

[ခေတ္တူပဇီဝနကော-လည်း လယ်သမားဟော ပရိယာယ် တည်း။ ခေတ္တူပဇီဝန-ကား လယ်ကိုမှီ၍ အသက်မွေးခြင်း ဟူ၏။ ခေတ္တူပဇီဝနတောတိ ဝုတ္တံ ဟောတိ။ သီ၊ဋီ၊သစ်၊၂။၇၅။]

(၄၄၈) ဒါတ္တံ လဝိတ္တ မသိတံ၊ ပတောဒေါ တုတ္တ ပါဇနံ။
ယောတ္တံ တု ရဇ္ဇု ရသ္မိ'တ္ထိ၊ ဖာလော တု ကဿကော ဘဝေ။

(၄၄၈) ဒါတ္တံ၊ လဝိတ္တံ၊ အသိတံ၊ တံစဉ်။ တံစဉ်ပရိယာယ် ၃-ပုဒ်။ ပတောဒေါ၊ တုတ္တံ၊ ပါဇနံ၊ နှင်တံ။ ဝါ၊ တံဖျာ။ နှင်တံ,တံဖျာ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ယောတ္တံ၊ ရဇ္ဇု၊ ရသ္မိ၊ ကြိုး။ ဣတ္ထိ၊ ရဇ္ဇု, ရသ္မိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ကြိုးပရိယာယ် ၃ ပုဒ်။ တု၊ ထိုမှတပါး။ ဖာလော၊ ကဿကော၊ ထွန်သွား။ ဝါ၊ ထယ်သွား။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ထွန်သွား ပရိယာယ် ၂-ပုဒ်။

[ဒါတ္တ-ကား ရိတ်ဖြတ်ကြောင်း တံစဉ် ဟူ၏။ မြက်ခုတ်ဓား ဟုလည်း ဆိုကြ၏။ ဒါတ္တံ ဂဟေတွာ ယဝံ ဆိန္ဒတိ။ မိလိန္ဒ။၃၂။ ရဇ္ဇု-သဒ္ဒါ ပုလ္လိင်လည်းရှိ၏။ ကုသာ တု နာသရဇ္ဇုမှိ။ ဓာန်။၃၇၁။]

(၄၄၉) နင်္ဂလဠ္ဌ ဟလံ သီရော၊ ဤသာ နင်္ဂလဒဏ္ဍကော။
သမ္မာ တု ယုဂကီလသ္မိံ၊ သီတာ တု ဟလပဒ္ဓတိ။

(၄၄၉) နင်္ဂလံ၊ ဟလံ၊ သီရော၊ ထွန်တုံး။ ဝါ၊ ထယ်တုံး။ ထွန်တုံး, ထယ်တုံး ပရိယာယ် ၃-ပုဒ်။ ဤသာ၊ နင်္ဂလဒဏ္ဍကော၊ ထွန်သန်။ ထွန်သန် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သမ္မာ၊ သမ္မာ-သဒ္ဒါသည်။ ယုဂကီလသ္မိံ၊ ထန်းပိုးကျည်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ သီတာ၊ ဟလပဒ္ဓတိ၊ ထွန်ရေး။ ဝါ၊ ထွန်ကြောင်း။ ထွန်ရေး, ထွန်ကြောင်း ပရိယာယ် ၂-ပုဒ်။

[တြိကဏ္ဍသေသကောသ-၌ သီတာ, နင်္ဂလလေခါ, ဒိဝဂ်ါ, ဇာနကီ-ဟူ၍ ထွန်ရေး, ထွန်ကြောင်း ပရိယာယ် ၄-ပုဒ်လာရှိ၏။]

(၄၅၀) မုဂ္ဂါဒိကေ ပရဏ္ဏံ စ၊ ပုဗ္ဗဏ္ဏံ သာလိအာဒိကေ။
သာလိ ဝီဟိ စ ကုဒြူသော၊ ဂေါဓုမော ဝရကော ယဝေါ။
ကင်္ဂုတိ သတ္တ ဓညာနိ၊ နီဝါရာဒီ တု တဗ္ဘိဒါ။

(၄၅၀) အပရဏ္ဏံ၊ အပရဏ္ဏ-သဒ္ဒါသည်။ မုဂ္ဂါဒိကေ၊ ပဲနောက်-အစရှိသော ပဲမျိုး၌။ ဝတ္တတိ၊ ဖြစ်၏။ ပုဗ္ဗဏ္ဏံ၊ ပုဗ္ဗဏ္ဏ-သဒ္ဒါသည်။ သာလိအာဒိကေ၊ သလေးစပါး-အစရှိသော စပါးမျိုး၌။ ဝါ၊ ကောက်ကြီးစပါး-အစရှိသော စပါးမျိုး၌။ ဝတ္တတိ၊ ဖြစ်၏။ သာလိ၊ သလေးဝင်း။ ဝါ၊ ကောက်ကြီးဝင်း။ ဝီဟိ စ၊ ကောက်လတ်ဝင်း။ ဝါ၊ ကောက်ကြမ်းဝင်း။ ကုဒြူသော၊ လူးဝင်း။ ဂေါဓုမော၊ နတ်ကောက်ဝင်း။ ဝါ၊ ဂျုံဝင်း။ ဝရကော၊ ပြောင်းဝင်း။ ယဝေါ၊ မုယောဝင်း။ ကင်္ဂု၊ ဆပ်ဝင်း။ ဣတိ၊ ဤသည်တို့ကား။ သတ္တ၊ ခုနစ်မျိုးကုန်သော။ ဓညာနိ၊ စပါးမျိုးတို့မည်ကုန်၏။ တု၊ အထူးမှတ်ရန်ကား။ နီဝါရာဒီ၊ ကြိတ်စပါး-အစရှိသည်တို့သည်။ တဗ္ဘိဒါ၊ ထိုစပါး အမျိုးအစားတို့တည်း။

[ကမ္ဘာဦးက စပါးမျိုးတို့ ပေါ်ပြီးမှ နောက်၌ပဲနောက်, ပဲကြီး-စသော ပဲမျိုးတို့ ပေါ်လာကုန်၏။ ထိုကြောင့် "ပုဗ္ဗန္နတော အပရ-ဘာဂေ ပဝတ္တံ အန္နံ အပရန္နံ" ဟု ဋီကာ ဝိဂ္ဂိုဟ်ပြုသည်။ မုဒ္ဒဇ ဏ-နှင့် ဒန္တဇ-န ပါ၌ ၂-ထွေရှိ၏။ သင့်သည်ချည်း။ အပရဏ္ဏန္တိ မုဂ္ဂ-မာသာဒီနိ။ ဝိ၊ ၁။ ၂၉၆။ ဟရိတန္တိ စေတ္ထ သတ္တဓညဘေဒံ ပုဗ္ဗဏ္ဏံ

မုဂ္ဂမာသတိလကုလတ္ထအလာဗုကုမ္ဘဏ္ဍာဒိဘေဒဉ္စ အပရဏ္ဏံ အဓိပ္ပေ-တံ။ ဝိ၊ဋ္ဌ၊၃။၅၀။ နိဝါရ-ကား တော၌ အလိုအလျောက် ပေါက်ရောက်သော စပါးမျိုးဟူ၏။ နိဝါရာဒီသု နိဝါရာ နာမ တာဝ အရညေ သယံဇာတဝီဟိဇာတိ။ မ၊ဋ္ဌ၊၁။၃၅၀။ မဟာသီနာဒသုတ် အဖွင့်။]

(၄၅၁) စဏကော စ ကင်္ဂုယော'ထ၊ သိဒ္ဓတ္ထော သာသပေါ ဘဝေ။

(၄၅၁) စဏကော၊ ကင်္ဂုယော၊ ကုလားပဲ။ ဝါ၊ စားတော်ပဲ။ အထ၊ ထိုမှတပါး။ သိဒ္ဓတ္ထော၊ သာသပေါ၊ မုန်ညင်း။ ဒွယံ၊ သဒ္ဒါ ၂-ခုသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။

[သိဟိုဠ် သုဘူတိ နိသျ-၌ ကဍုလ-ဟု ပြန်၏။ စားတော်ပဲ အငယ်၊ ပဲဆေးလုံးလည်း ဟူ၏။ ကလာယ မတ္တိယောတိ စဏက-မတ္တိယော။ သံ၊ဋ္ဌ၊၁။၂၀၀။]

(၄၅၂) အထ ကင်္ဂု ပိယင်္ဂု'တ္ထီ၊ ဥမာ တု အတသီ ဘဝေ။
ကိဋ္ဌံ စ သဿံ ဓညံ စ၊ ဝီဟိ ထမ္ဘကရီရိတော။

(၄၅၂) အထ၊ ထိုမှတပါး။ ကင်္ဂု၊ ပိယင်္ဂု၊ ဆပ်။ ဒွယံ၊ သဒ္ဒါ နှစ်ခုသည်။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ ဆပ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဥမာ၊ အတသီ၊ နှမ်းကြပ်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ နှမ်းကြပ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကိဋ္ဌံ၊ သဿံ၊ ဓညံ၊ ဝီဟိ၊ ထမ္ဘကရီ၊ ကောက်။ ကောက်ပရိယာယ် ၅-ပုဒ်။ သမော၊ အနက်တူ၏ ဟူ၍။ ဤရိတော၊ ဆိုအပ်၏။

[ဥမာ နှမ်းကြပ်ကား အားလုံးလက်ခံပြီး အနက် ဖြစ်၏။ ကျော်အောင်စံထား နိသျ၌ 'အောက်မဲ'-ဟု ဆို၏။ သုဘူတိ နိသျ၌ ဥမာနှင့် အတသီ-ကို 'ဓညဝိသေသ=စပါး အထူး' ဟု ဆိုသည်။ ဆင်ခြင်ရာ၏။ အပွင့်ညိုသော အပင်မျိုးတည်း။ အောက်မဲပွင့်ထက်ပင် ပို၍ညိုသည် ဟူ၏။ ယင်းအပွင့်ကား ပြေပြစ်နူးညံ့၏ ဟူ၏။ သေယျထာပိ နာမ ဥမာပုပ္ဖံ နီလံ နီလဝဏ္ဏံ။ ဒီ၊ ၂။ ၉၃။ မ၊ ၂။ ၂၀၆။ ဥမာပုပ္ဖန္တိ ဧတဉ္ဟိ ပုပ္ဖံ သိနိဒ္ဓံ မုဒု၊ ဒိဿမာနမ္ပိ နီလမေဝ ဟောတိ။ ဒီ၊ ဋ္ဌ၊ ၂။ ၁၅၃။ ကိဋ္ဌ, သဿ, ဓည, ဝီဟိ,

ယမ္ဗုကရိ-တို့ကို ကောက်ပင်ဟု ပေးလိုက်သည်ကား လျော်၏။ သေယျထာပိ ဘိက္ခဝေ ကိဋ္ဌံ သမ္ပန္နံ၊ ကိဋ္ဌာ ရက္ခော စ ပမတ္တော။ သံ၊ ၂။ ၃၃၉။ ကိဋ္ဌန္တိ ကိဋ္ဌဋ္ဌာနေ ဥပ္ပန္နသဿံ။ သံ၊ ဋ္ဌ၊ ၃။ ၁၀၆။ အဘယာ ဆရာတော်ကမူ 'ကောက်ပဲ-စသည်' ဟု ပေးသည်။]

(၄၅၃) ကင်္ဂု တု နာလ မထော သော၊ ပလာလံ နိတ္ထိ နိပ္ဖလော။
ဘုသံ ကလိင်္ဂရော စာထ၊ ထုသော ဓညတ္တစော ထစ။

(၄၅၃) တု၊ ထိုမှတပါး။ ကင်္ဂု၊ နာလံ၊ အရိုးတံ။ အရိုးတံ ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ သော၊ ထိုကောက်ပင်-စရှိသည်သည်။ နိပ္ဖလော၊ အသီးမရှိမူ။ ပလာလံ၊ ပလာလ မည်၏။ အနိတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ ဘုသံ၊ ကလိင်္ဂရော၊ ဖွဲ။ ဝါ၊ အဖျင်း။ ဖွဲ အဖျင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ထုသော၊ ထုသ-သဒ္ဒါသည်။ ဓညတ္တစေ၊ စပါးခွံ၌။ ဘဝေ၊ ဖြစ်၏။

[ပလာလ-ကို "ဝါတေန ပလတိ ဂစ္ဆတီတိ ပလာလံ" ဟု ဏွာဒိ မောဂ္ဂလ္လာန်၌ ဝိဂ္ဂြိုဟ်ပြု၏။ ကလိင်္ဂရ-ကို "ကေန ဝါတေန ဣင်္ဂတီတိ ကလိင်္ဂရော" ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြု၏။ လ-လာ၊ အရ-ပစ္စည်းသက်။ ဣင်္ဂတိ-ကို လွင့်တတ်၏ဟု အနက်ပေး။]

(၄၅၄) သေတဋ္ဋိကာ သဿရောဂေါ၊ ကဏော တု ကုဏ္ဍကော ဘဝေ။
ခလော စ ဓညကရဏံ၊ ထမ္ဘော ဂုမ္ဗော တိဏာဒိနံ။

(၄၅၄) သေတဋ္ဋိကာ၊ သဿရောဂေါ၊ ကောက်နာ။ ကောက်နာ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကဏော၊ ကုဏ္ဍကော၊ ဆန်ကွဲ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဆန်ကွဲပရိယာယ် ၂-ပုဒ်။ ခလော၊ ဓညကရဏံ၊ ကောက်နယ်တလင်း။ ကောက်နယ်တလင်းပရိယာယ် ၂-ပုဒ်။ တိဏာဒီနံ၊ မြက်-အစရှိသည်တို့၏။ ဂုမ္ဗော၊ ချုံသည်။ ထမ္ဘော၊ ထမ္ဘ မည်၏။ ဝါ၊ မြက်ဖုတ်မည်၏။ ဝါ၊ စပါးဖုတ် မည်၏။

[ကောက်နာဟူသည် ဖလံဖြူ, ဆစ်ပိုးလည်းဟူ၏။ သေတဋ္ဋိကာ သလာကာ ဝုတ္တာ။ ဝိ၊ ၁။ ၇၊ ၈။ ကဏ, ကုဏ္ဍလ-တို့ကား ဆန်ကျိုးကိုလည်း ဟော၏။ ကဏောတိ ကုဏ္ဍကော။ ဒီ၊ ဋ္ဌ၊ ၁။ ၈၈။ ကုဏ္ဍကောတိ တဏ္ဍုလကဏ္ဍကံ။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၇၁။]

(၄၅၅) အယောဂ္ဂေါ မုသလော နိတ္ထီ၊ ကုလ္လော သုပ္ပ မနိတ္ထိယံ။
အဝထော'ဒ္ဒုနင္ခ စုလ္လိ'တ္ထီ၊ ကိလဉ္စော တု ကဋ္ဌော ဘဝေ။

(၄၅၅) အယောဂ္ဂေါ၊ မုသလော၊ ကျည်ပွေ့။ အနိတ္ထီ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ ကျည်ပွေ့ပရိယာယ် ၂-ပုဒ်။ ကုလ္လော၊ သုပ္ပံ၊ မန်း။ ဝါ၊ စင်ကော။ ဒွယံ၊ သဒ္ဒါ နှစ်ခုသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ မန်း, စကော ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဥဒ္ဓနံ၊ စုလ္လိ၊ ခံလျှောက်။ (ဖိုခနောက်လည်း ဟူ။) ဣတ္ထီ၊ စုလ္လိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ခံလျှောက်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကိလဉ္စော၊ ကဋ္ဌော၊ ဖျာ။ ဝါ၊ သင်ဖြူး။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဖျာ, သင်ဖြူး ပရိယာယ် ၂-ပုဒ်။

[အယော အဂ္ဂေ ကောဋိယံ ယဿာတိ အယောဂ္ဂံ-ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြု၏။ သူစိ-၌ သုပ္ပ-ကို "သုပန္တိ ဧတ္ထ သုနခါဒယောတိ သုပ္ပံ" ဟု ဝိဂ္ဂြိုဟ်ပြု၏။ ပဒေ့ါင္ဒနံ-လည်း မန်း, စကောဟော ပရိယာယ် ဖြစ်၏။ ပဒေ့ါင္ဒနံ ပျတြ။ ဋီကာ။ ကုတ္တံ သုပ္ပါဒိနာ ကိဋ္ဌာ၊ အာကပ္ပေါ် ဂမနာဒိကံ။ ဋီကာကျော်။ ၁၄၇။ စုလ္လိ-ကို "စောဒီ-ယတီတိ စုလ္လိ ဥဒ္ဓနံ" ဟု ဏွာဒိ မောဂ္ဂလ္လာန် ဝိဂ္ဂြိုဟ်ပြု၏။ ယာ စုလ္လီတိပိ ဝုစ္စတိ။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၀၃။]

(၄၅၆) ကုမ္ဘီ'တ္ထီ ပိဋ္ဌရော ကုဏ္ဍံ၊ ခဋ္ဌောပျု'က္ခလိ ထာလျု'ခါ။
ကောလမ္ဗော စာထ မဏိကံ၊ ဘာဏကော စ အရဉ္ဇရော။

(၄၅၆) ကုမ္ဘီ၊ ထမင်းအိုး။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ ပိဋ္ဌရော၊ ကုဏ္ဍံ၊ ခဋ္ဌောပိ၊ ဥက္ခလိ၊ ထာလီ၊ ဥခါ၊ ကောလမ္ဗော၊ ထမင်းအိုး။ ထမင်းအိုး ပရိယာယ် ၈-ပုဒ်။ အထ၊ ထိုမှတပါး။ မဏိကံ၊ ဘာဏကော၊ အရဉ္ဇရော၊ အိုးစရည်း။ ဝါ၊ ရေလှောင်အိုးကြီး။ အိုးစရည်းပရိယာယ် ၃-ပုဒ်။

[ကုဏ္ဍ, ကောလမ္ဗ-တို့ကား ၃၂ စိတ်ဝင် ဖျဉ်းအိုးကြီးကိုလည်း ဟောသည်။ သို့မဟုတ် သာမန်ဖျဉ်းအိုးကြီးများကို ဟောသည်ဟု ယူနိုင်၏။ ဒွတ္တိံသ ဒေါဏဂဏှနပ္ပမာဏာ ကုဏ္ဍံ ကောလမ္ဗော။ ဒီ၊ ဋီ၊ ၁။ ၆၅။ ကောလမ္ဗေ ဃဋ္ဋေပီတိ ဧတ္ထ ကောလမ္ဗာ နာမ မဟာမုခစာဋိယော ဝုစ္စန္တိ။ ဝိ၊ ဋ၊ ၂။ ၂၈၀။]

(၄၅၇) ဃံဠော ဒွိသု ကုဠော'နိတ္ထိ၊ ကုမ္ဘော ကလသဝါရကာ။
ကံသော ဘုဉ္ဇနပတ္တော ထာ– မတ္တံ ပတ္တော စ ဘာဇနံ။

(၄၅၇) ဃဋော၊ ရေအိုး။ အယံ၊ ဤဃဋ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ကုဋော၊ ရေအိုး။ အနိတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ ကုမ္ဘော၊ ကလသော၊ ဝါရကော၊ ရေအိုး။ (အခိုက်အတန့် ကလသော, ဝါရကော-ဟု ပြင်သည်။) ရေအိုး ပရိယာယ် ၅-ပုဒ်။ ဘုဉ္ဇနပတ္တော၊ ထမင်းစားခွက်သည်။ ကံသော၊ ကံသ မည်၏။ အထ၊ ထိုမှတပါး။ အမတ္တံ၊ ပတ္တော၊ ဘာဇနံ၊ အိုးခွက်။ အိုးခွက်ပရိယာယ် ၃-ပုဒ်။

[ပုဋ္ဌက-သဒ္ဒါလည်း အိုးဟော ပရိယာယ်တည်း။ ပုဋ္ဌကံ ဝုစ္စတိ ဝါရကံ ဃဋ္ဋံ။ အပ၊ ဋ္ဌ၊ ၂။ ၆၁။ မောဃရာဇအပဒါန်။ ဤ၌ ကံသ-ကို ထမင်းစားခွက်ဟောဟု ဆိုသည်။ ကြေးခွက်-ကိုလည်း ဟော၏။ ကံသေ အာကောဋိတေ ပဌမံ သြဋ္ဌာရိကာ သဒ္ဒါ ပဝတ္တန္တိ။ ပဋိသံ။ ၁၈၄။ ကံသေတိ ကံသမယဘာဇနေ။ ပဋိသံ၊ဋ္ဌ၊ ၂။ ၁၁၄။ ရွှေခွက် ရွှေလင်ပန်းကိုလည်း ဟော၏။ ဟိတွာ သတပလံ ကံသံ၊ သောဝဏ္ဏံ သတရာဇိကံ။ ဇာ၊ ၂။ ၁၆၉။ ၎င်းပြင် သက္ကတ အဘိဓာန် တစောင်၌—

ကံသော ရဇ္ဇန္တရေ မာနေ၊ တေဇသေပိ ဘာဝေ တထာ။
ပါနပတ္တေ စ ကံသေ စ၊ သုဘိက္ခာသု စ ကိတ္တိသု—

ဖြင့် လမ်းအထူး, နိုင်းယှဉ်ခြင်း, အလုံးစုံသော ကြေးသံ, ရေသောက်ခွက်, လင်ပန်း, သာယာဝပြော အစာပေါခြင်း, ကျော် စောခြင်းတို့၌ ဖြစ်ကြောင်းဆို၏။]

(၄၅၈) အဏ္ဍုပကံ စုမ္ဗဋကံ၊ သရာဝေါ တု စ မလ္လကော။
ပုမေ ကဋစ္ဆု ဒဗ္ဗိ'တ္ထီ၊ ကုသူလော ကောဋ္ဌ မုစ္စတေ။

(၄၅၈) အဏ္ဍုပကံ၊ စုမ္ဗဋကံ၊ ခေါင်းခု။ ဝါ၊ ကရွတ်ခွေ။ ခေါင်းခု ကရွတ်ခွေ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သရာဝေါ၊ မလ္လကော၊ စလောင်း။ ဝါ၊ ရေသောက်ခွက်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ စလောင်း, ရေသောက်ခွက် ပရိယာယ် ၂-ပုဒ်။ ကဋစ္ဆု၊ ဒဗ္ဗိ၊ ယောက်မ။

ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ (ယောက်ချို၊ ငွှန်းလည်းဟူ၏။ ) ကုသူလော၊ ကောင့်၊ ကျိ။ ဝါ၊ စည့်။ သမော၊ အနက်တူ၏ဟူ၍။ ဥစ္စတော၊ ဆိုအပ်၏။ ကျိ,စည့် ပရိယာယ် ၂-ပုဒ်။

[သီဟိုဠ်မူ၌ စုမ္ဗဋက-ဟုရှိ၏။ သီဟိုဠ်အခေါ် "ဒရဏုဝ"ဖြစ်၏။ ရောဟိဏီနဒီတီရေ စုမ္ဗဋကကာလယော နိက္ခမိတွာ ပဗ္ဗဇိတာနံ ပဥ္စန္နံ သာကိယကုမာရသတာနံ အနဘိရတိယာ ... ဘယ။ အံ၊ ၄၊ ၁။ ၂၄၂။]

(၄၅၉) သာကော အနိတ္ထိယံ ဥာကော၊ သိင်္ဂိဝေရံ တု အဒ္ဒကံ။
မဟောသဓံ တု တံ သုက္ခံ၊ မရိစံ တု စ ကောလကံ။

(၄၅၉) သာကော၊ ဥာကော၊ ဟင်းရွက်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဟင်းရွက်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး၊ သိင်္ဂိဝေရံ၊ အဒ္ဒကံ၊ ချင်း။ ချင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ တံ၊ ထိုချင်းသည်။ သုက္ခံ၊ ခြောက်မူ။ မဟောသဓံ၊ မဟောသဓမည်၏။ မဟောသဓံ၊ ချင်းခြောက်။ တု၊ ထိုမှတပါး။ မရိစံ၊ ကောလကံ၊ ငြုတ်။ ငြုတ်ပရိယာယ် ၂-ပုဒ်။

[ချင်းစိမ်း, ချင်းခြောက်သည် သလိပ်, လေက်ုရင်း၊ ရင်လေး, ရင်အောင့်နာကိုရင်း ပယ်နိုင်၏-ဟု ဓာတုရသဆေးကျမ်း၌ ဆို၏။ "ချောင်းဆိုးလျှင် ချင်းစိမ်းကို မီးဖုတ်၍စားလျှင် ပျောက်ကင်းတတ်သည်"ဟု အဆိုရှိ၏။]

(၄၆၀) သောဝီရံ ကဥ္ဇိယံ ဝုတ္တံ၊ အာရနာဠံ ထုသောဒကံ။
ဓညမ္ဗိလံ ဗိဠင်္ဂေါ ထ၊ လဝဏံ လောဏ မုစ္စတေ။

(၄၆၀) သောဝီရံ၊ ကဥ္ဇိယံ၊ ပုံးရည်။ တုလျှံ၊ အနက်တူ၏ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ အာရနာဠံ၊ ထုသောဒကံ၊ ဓညမ္ဗိလံ၊ ဗိဠင်္ဂေါ၊ ပုံးရည်။ (ပအုံး ရည်ဟုလည်း ခေါ်သည်။) ပုံးရည်ပရိယာယ် ၆-ပုဒ်။ လဝဏံ၊ လောဏံ၊ ဆား။ တုလျှံ၊ အနက်တူ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

['ဆန်ပုံးရည်'ဟူ၍လည်း ဆရာတို့ ပြန်ဆိုကြ၏။ 'ရှာလကာ ရည်လည်း' ပုံးရည်မျိုးပင် ဖြစ်၏။ ကုမ္ဘာသော, အဘိသုတံ, အဝ န္တိ

သောမံ့, ကုဋ္ဌလံ, ကဋ္ဌိကံ, မဏ္ဍော, ဇေဋ္ဌမ္ဗု, ခဒိကာ- တို့လည်း ပုံးရည်ဟော ပရိယာယ်တို့တည်း။ ပုံးရည်သည် "ဓာတ်မီး, သည်း ခြေ, ချက်အောက်နာခြင်း, ခေါင်းခဲခြင်းတို့ကို ငြိမ်းစေတတ် သည်"ဟု ဆေးကျမ်းတို့၌ ဆို၏။]

(၄၆၁) သာမုဒ္ဒံ သိန္ဓဝေါ'နိတ္ထိ၊ ကာဠလောဏံ တု ဥဗ္ဘိဒံ။
ဗိဋ္ဌကံ စေတိ ပဉ္စေတေ၊ ပဘေဒါ လဝဏဿ ဟိ။

(၄၆၁) သာမုဒ္ဒံ၊ သမုဒ္ဒရာရေမှ ဖြစ်သော ဆားရင်း။ သိန္ဓဝေါ၊ သိန္ဓောဆားရင်း။ အနိတ္ထိ၊ ပုလ္လိင် နပုလ္လိင်တည်း။ ကာဠလောဏံ၊ ဆားမည်းရင်း။ ဝါ၊ ဆားပုပ်ရင်း။ ဥဗ္ဘိဒံ၊ တွင်းထွက်သော ဆားရင်း။ ဗိဋ္ဌကံ၊ ချက်ဆားရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဧတေပဉ္စ၊ ဤငါးပါးတို့သည်။ လဝဏဿ၊ ဆား၏။ ပဘေဒါ၊ အမျိုးအစား အပြားတို့တည်း။

[ဆားမျိုး ၅ ပါးကို ဤ သာမုဒ္ဒ-စသော ဂါထာဖြင့် ပြဆို၏။ "သာမုဒ္ဒန္တိ သမုဒ္ဒတီရေ ဝါလုကာ ဝိယ သန္တိဋ္ဌတိ။ ကာဠလော- ဏန္တိ ပကတိလောဏံ။ သိန္ဓဝန္တိ သေတဝဏ္ဏံ ပဗ္ဗတေ ဥဋ္ဌဟတိ။ ဥဗ္ဘိဒန္တိ ဘူမိတော အင်္ကုရံ ဥဋ္ဌဟတိ။ ဗိလန္တိ ဒဗ္ဗသမ္ဘာရေဟိ သဒ္ဓိံ ပစိတံ၊ တံ ရတ္တဝဏ္ဏံ"ဟု ဝိ၊ ဋ္ဌ၊ ၃။ ၃၇၂-၌ ဆား ၅-မျိုးကို ဖွင့်ပြ၏။ ဆား၏ စွမ်းရည်သတ္တိဂုဏ်ကို "ဆားမှာအနှစ်၊ ရှိသည် ဖြစ်ကို၊ စိစစ်ကုန်စင်၊ လက်ာဆင်အံ့။ ကိုယ်တွင်ဖုခဲ၊ သွေးပြည် ခဲနှင့်၊ ခွဲသလိပ်စေး၊ ပုပ်ပြည်သွေးကို၊ ပေးကကြည်လင်၊ ငြိမ်း သည်ပင်တည်း။ လေးအင်ဓာတ်မင်း၊ အကင်းအနံ့၊ အပျံ့အခိုး၊ ဖုံးအုပ်စိုးသည်၊ နိုင်ရိုးပုံသော၊ သွေးသည်းခြေနှင့်၊ လေကိုဖြောင့် မတ်၊ ဖြစ်စေတတ်၏"ဟု သမားကြီးတို့ စပ်ဆိုခဲ့ကြ၏။]

(၄၆၂) ဂုဠော စ ဖာဏိတံ ခဏ္ဍော၊ မစ္ဆဏ္ဍီ သက္ခရာ ဣတိ။
ဣမေ ဉစ္ဆုဝိကာရာ'ထ၊ ဂုဠသို့ ဝိသကဏ္ဍကံ။

(၄၆၂) ဂုဠော၊ ကြံသကာခဲရင်း။ ဝါ၊ ထန်းလျက်ရင်း။ ဝါ၊ တင်လဲ ခဲရင်း။ ဖာဏိတံ၊ တင်လဲရည်ရင်း။ (တနဲရည်, ရေနူလည်း ဟူ၏။) ခဏ္ဍော၊ သကြားရိုင်းရင်း။ ဝါ၊ သကြားနီရင်း။ မစ္ဆဏ္ဍီ၊ မှန်ရောင် သကြားရင်း။

သက္ကရာ၊ သကြားမှုန့်ရင်း။ ဍလတိ ဍလမေ၊ ဤသည့်တို့ကား။ ဥစ္ဆုဝိ-ကာရာ၊ ကြံအထူးတို့တည်း။ ဝါ၊ ကြံမှဖြစ်သော စားသုံးဖွယ်အထူးတို့တည်း။ ဝိသကဏ္ဍကံ၊ ဝိသကဏ္ဍက-သဒ္ဒါသည်။ ဂုဠသို့၊ တင်လဲ၌။ ဝတ္တတိ၊ ဖြစ်၏။

[အနက်ယောဇနာခဲ့သည်နှင့် ကိုက်ညီလျော်သော အဖွင့်ကို အောက်ပါအတိုင်း သိရာ၏။ တတ္ထ ဂုဠော နာမ ဥစ္ဆုရသံ ပစိတွာ စုဏ္ဏာဒီဟိ မိဿိတွာ သမ္ပိဏ္ဍနေ ပိဏ္ဍိဘူတံ။ ဖာဏိတံ အပိဏ္ဍိတံ ဒြဝီဘူတံ။ခဏ္ဍံ ဘိဇ္ဇနကမ်ံ။သက္ခရာ နာမ ဖလိကသဒိသာ။သက္ခရာ-ဒိနိတိ အာဒိသဒ္ဒေန မစ္ဆဏ္ဍိကာနံ သင်္ဂဟော။ မ၊ ဋီ၊ ၁။ ၂၅၉။ ဝိသကဏ္ဍက-ကို ဋီကာ၌ "ရောဂါမိကေသု ဝိနာသကရတ္တာ ဝိသဥ္စ တံ ကဏ္ဍကဥ္စ"ဟု ကောင်းအောင်ဖွင့်သည်။ တသ္မိံကာလေ ဂုဠာ-ဒီသု ဝိသကဏ္ဍက ဝေါဟာရော။ မ၊ ဋီ၊ ၁။ ၁၂၅။ တင်လဲ ထန်းလျက် ခဲများကို ကြံကိုသာမက မင်းဘောရည်-စသည်တို့ကို ချက်လေ့ရှိသည်။ မင်းဘောထန်းလျက်, မင်းဘောတင်လဲတို့ကို သိဟိုဠ်ကျွန်း-စသည်တို့၌ တွေ့ရှိနိုင်၏။]

(၄၆၃) လာဇာ သိယာ’က္ခတံ စာထ၊ ဓာနာ ဘဋ္ဌယဝေ ဘဝေ။
အဗဒ္ဓသတ္တု မန္ထော စ၊ ပူပါ’ပူပါ တု ပိဋ္ဌကော။

(၄၆၃) လာဇာ၊ အက္ခတံ၊ ပေါက်ပေါက်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ တုလျံ၊ အနက်တူသည်။ သိယာ၊ ဖြစ်ရာ၏။ ပေါက်ပေါက်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဓာနာ၊ ဓာနာ-သဒ္ဒါသည်။ ဘဋ္ဌယဝေ၊ မရွေးပေါက် ပေါက်၌။ ဝါ၊ လှော်အပ်သော မရွေး၌။ ဘဝေ၊ ဖြစ်၏။ အဗဒ္ဓသတ္တု၊ မန္ထော၊မဆုပ်မလုံးအပ်သောမုန့်။မဆုပ်မလုံးအပ်သော မုန့်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပူပါ၊ အပူပါ၊ ပိဋ္ဌကော၊ မုန့်။ မုန့်ပရိယာယ် ၃-ပုဒ်။

[အဗဒ္ဓသတ္တု-ကို ဓာန်၊ သျ-တစောင်၌ "မဆုပ်မလုံးအပ်သော မုန့်ညက်အထူး။ဝါ၊မုန့်ညက်ရည်သောက်ဖွယ်အထူး"ဟု ယောဇနာ၏။ အရာအားလျော်စွာ သင့်လျော်၏။ သို့ရာတွင်—သာ တဿ ဗဒ္ဓသတ္တုနဥ္စ အဗဒ္ဓသတ္တုနဥ္စ စမ္မပသိဗ္ဗကံ ပူရေတွာ အဒါသိ။ ဇာ၊ ဋ္ဌ၊ ၃။ ၃၂၂-ကို ထောက်လျှင် အရည်မဟုတ်နိုင်၊ သားရေ

အိတ်ထဲ မုန့်ညက်ရေကိုထည့်၍ အဆင်ပြေ-မပြေ စဉ်းစားရာ၏။ မုန့်အချင်းချင်း တွဲမနေသော မုန့်ကိုရည်၍ အဗဒ္ဓသတ္တု ဆိုဟန်ရှိပေသည်။ ယံကိဉ္စိ ဗဒ္ဓသတ္တု အဗဒ္ဓသတ္တု တိလတဏ္ဍုလာဒိ သဗ္ဗံ ဣမ မန္တွာ တေဝ သဉ္ဇ ဂစ္ဆတိ။ ဝိ၊ ဋ္ဌ၊ ၃။ ဂ၇။]

(၄၆၄) ဘတ္တကာရော သူပကာရော၊ သူဒေါ အာဠာရိကော တထာ။
ဩဒနိကော စ ရသကော၊ သူပေါ တု ဗျဉ္ဇနံ ဘဝေ။

(၄၆၄) ဘတ္တကာရော၊ သူပကာရော၊ သူဒေါ၊ အာဠာရိကော၊ စဖိုသည်။ တထာ၊ ထိုမှတပါး။ ဩဒနိကော၊ ရသကော၊ စဖိုသည်။ စဖိုသည် ပရိယာယ် ၆-ပုဒ်။ သူပေါ၊ ဗျဉ္ဇနံ၊ ဟင်း။ ဟင်းပရိယာယ် ၂-ပုဒ်။

[ဋီကာ၌ "သုခတ္ထာယ ပါတဗ္ဗတ္တာ သူပေါ၊ ဝိသေသတော ဘတ္တံ အဉ္ဇတိ အနေ္တာ ဂစ္ဆတိ ယေန၊ တံ ဗျဉ္ဇနံ" ဟု ဖွင့်သည်။ ဟင်းကောင်းမှ ထမင်းဝင် ဆိုသည်၊ ဟင်းပါမှ ထမင်းငင် ဆိုသည်နှင့် ကိုက်ညီ၏။ သူပ-ကား ပဲနောက်ဟင်း ကုလားပဲဟင်း စသည်ကို ယူ။ ဗျဉ္ဇန-ကား စပ်စပ်ဟင်း, စမဲ-စသည်ဟို့ကိုလည်း ယူရာ၏။]

(၄၆၅) ဩဒနော ဝါ ကုရံ ဘတ္တံ၊ ဘိက္ခာ စာန္န မထာ'သနံ။
အာဟာရော ဘောဇနံ ဃာသော၊ တရလံ ယာဂု နာရိယံ။

(၄၆၅) ဩဒနော၊ ထမင်း။ ဝါ၊ ဩဒန-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ကုရံ၊ ဘတ္တံ၊ ဘိက္ခာ၊ အန္နံ၊ ထမင်း။ ထမင်းပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှတပါး။ အသနံ၊ အာဟာရော၊ ဘောဇနံ၊ ဃာသော၊ စားဖွယ်။ စားဖွယ်ပရိယာယ် ၄-ပုဒ်။ တရလံ၊ ယာဂု၊ ယာဂု။ (ယက်မန်း, ဆန်ပြုတ်လည်း ဟူ၏။) နာရိယံ၊ ယာဂု-သဒ္ဒါ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ယာဂုပရိယာယ် ၂ ပုဒ်။

[ကုရ-ကို မောဂ္ဂလ္လာန်၌ "ကဝတိ နဒတီတိ ကုရံ"-ဟု ဝိဂ္ဂြိုဟ်ပြုသည်။ ဃာသ-ကို "ဃသိတဗ္ဗော အသိတဗ္ဗောတိ ဃာသော၊ အာဟာရော....အပိ စ ဃာသနံ ဃာသော"-ဟု သီ၊ ဋီ၊ သစ်၊ ၂။၅၅-၌ ဖွင့်၏။ ဃာသမေသမာနာတိ ဘိက္ခာစရိယဝသေန ယာဂုဘတ္တံ ပရိယေသန္တာ။ ဒီ၊ ဋ္ဌ၊ ၃။၅၄။]

(၄၆၆) ခဇ္ဇံ တု ဘောဇ္ဇလေယျာနိ၊ ပေယျန္တု စတုဓာ'သနံ။
နိဿာဝေါ စ တထာ'စာမော၊ အာလောပေါ ကဗဠော ဘဝေ။

(၄၆၆) တု၊ ထိုမှတပါး။ ခဇ္ဇံ၊ ခဲဖွယ်ရင်း။ ဘောဇ္ဇလေယျာနိ၊ စားဖွယ်,လျက်ဖွယ်တို့ရင်း။ ပေယျံ၊ သောက်ဖွယ်ရင်း။ ဣတိ၊ ဤသို့။ အသနံ၊ စားဖွယ်သည်။ စတုဓာ၊ လေးပါးအပြားရှိ၏။ နိဿာဝေါ၊ ထမင်းချိုး။ တထာ၊ ထိုမှတပါး။ အာစာမော၊ ထမင်းချိုး။ ထမင်းချိုးပရိယာယ် ၂-ပုဒ်။ အာလောပေါ၊ ကဗဠော၊ ထမင်းလုပ်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ထမင်းလုပ် ပရိယာယ် ၂-ပုဒ်။

[အသန-ကို အသိယတီတိ အသနံ-ဟု မဉ္ဇူ၊၃။၇၀-၌ ဝိဂ္ဂုဟ်ပြု၏။ ခဇ္ဇံ မံသာဒိ=ခဲဖွယ်ဟူသည် အသား စသည်တည်း။ ဘောဇ္ဇံ အန္နာဒိ=ဘောဇ္ဇ ဟူသည် ထမင်း စသည်တည်း။ လေယျံ မဓွာဒိ = လျက်ဖွယ်ဟူသည် ပျားရည် စသည်တည်း။ ပေယျံ သူပါဒိ=ပေယျ ဟူသည် ဟင်း စသည်တည်း-ဟု ဋီကာဆို၏။]

(၄၆၇) မဏ္ဍော'နိတ္ထိ ရသဂ္ဂသ္မိံ၊ ဝိဃာသော ဘုတ္တသေသကေ။
ဝိဃာသာဒေါ စ ဒမကော၊ ပိပါသာ တု စ တသနံ။

(၄၆၇) မဏ္ဍော၊ မဏ္ဍ-သဒ္ဒါသည်။ ရသဂ္ဂသ္မိံ၊ အရသာဦးရည်၌။ ဝတ္တတိ၊ ဖြစ်၏။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ ဝိဃာသော၊ ဝိဃာသ သဒ္ဒါသည်။ ဘုတ္တသေသကေ၊ စားကြွင်း၌။ ဝတ္တတိ၊ ဖြစ်၏၊ ဝိဃာသာဒေါ၊ ဒမကော၊ စားကြွင်းစားသူ။ စားကြွင်းစားသူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပိပါသာ၊ တသနံ၊ မွတ်သိပ်ခြင်း။ ဝါ၊ ရေငတ်ခြင်း။ ဝါ၊ ရေဆာခြင်း။ မွတ်သိပ်ခြင်း, ရေငတ်ခြင်း ပရိယာယ် ၂-ပုဒ်။

[ဝိဃာသာဒ, ဒမက-တို့ကား စားကြွင်းစား၊ သူတောင်းစားကို ဟော၏။ ဒမကာတိ ဝိဃာသာဒါ။ ဝိ၊ဋ္ဌ၊၃။၃၇၅။ ဝိဃာသာဒဘာဝေန နိဟတမာနတ္တာ ကာယဝါစံ ဒမေတီတိ ဒမကော၊ ဝိဃာသာဒေါ။ ပါစိတ်၊ ယော။]

(၄၆၈) ခုဒ္ဒါ ဇိဃစ္ဆာ မံသာ၊ ပဋိစ္ဆာဒနိယံ ရသော။
ဥဒြေကော စေဝ ဥဂ္ဂါရော၊ သောဟိစ္စံ တိတ္တိ တပ္ပနံ။

(၄၆၈) ခုဒ္ဒါ၊ ဇိဃစ္ဆာ၊ ဆာလောင်ခြင်း။ ဆာလောင်ခြင်း ပရိယာယ် ၂-ပုဒ်။ မံသာ၊ အသား၏။ ရသော၊ အရည်သည်။ ပဋိစ္ဆာဒနိယံ၊ ပဋိစ္ဆာဒနိယ မည်၏။ ဝါ၊ သားဆေးရည် မည်၏။ ဥဒြေကော၊ ဥဂ္ဂါရော၊ ကြို ထိုးခြင်း။ ကြို့ထိုးခြင်း ပရိယာယ် ၂-ပုဒ်။ သောဟိစ္စံ၊ တိတ္တိ၊ တပ္ပနံ၊ ရောင့်ရဲ ခြင်း။ ဝါ၊ တင်းတိမ်ခြင်း။ ရောင့်ရဲခြင်း, တင်းတိမ်ခြင်း ပရိယာယ် ၃-ပုဒ်။

[ဥဒြေက, ဥဂ္ဂါရ-တို့ အပြင် ဟိက္ကာ-လည်း ကြို့ထိုးခြင်းကို ဟောသည်။ ယင်း ကြို့ထိုးခြင်းကို (၁)အန္နဇာဟိက္ကာ=အစာကြို့၊ (၂) ယမကဟိက္ကာ=အစုံကြို့၊ (၃) ခုဒ္ဒဟိက္ကာ=ကြို့ကလေး၊ အကြိမ်ကြိမ် ထိုးတတ်သော ကြို့၊ (၄) ဂမ္ဘီရဟိက္ကာ=ကြို့နက်။ ချက်နားမှ ဖြစ်ပေါ်လာတတ်သော ကြို့၊ (၅) မဟာဟိက္ကာ= ကြို့ကြီး။ တကိုယ်လုံး တုန်ပြီး သေတွင်းမမ္မဋ္ဌာနဖြစ်သော ခေါင်း, စည်ပေါင်း, နှလုံး စသည်တို့ကို လှုပ်စေတတ်သော ကြို့အားဖြင့် ကြို့ ၅-မျိုး မှတ်သားရာ၏။

ပုဗ္ဗံဝ ကုရုတေ ပါဏော၊ ဟိက္ကာ ပဉ္စ ဂတိကမာ။
အန္နဇာ ယာရဗာဟုလျာ၊ ယမိကာ ဒွိတိဝေဂိနီ။
ဟိက္ကာ ခုဒ္ဒါ ဇတ္တုမန္ဒာ၊ ဂမ္ဘီရာ နာဘိကမ္ပကာ။
ကမ္ပယံ အင်္ဂ မဒိလံ၊ မဟာတျန္တေန သိဗ္ဗတိ။

အဥ္စနနိဒါန်း။၇၂၊၇၃။]

(၄၆၉) ကာမံ တွိဋ္ဌံ နိကာမံ စ၊ ပရိယတ္တံ ယထိစ္ဆိတံ။
ကဿဝိက္ကယိကော သတ္တ-ဝါဟာ ပဏိက ဝါဏိဇာ။

(၄၆၉) တု၊ ထိုမှတပါး။ ကာမံ၊ ဣဋ္ဌံ၊ နိကာမံ၊ ပရိယတ္တံ၊ ယထိစ္ဆိတံ၊ အလို။ အလိုပရိယာယ် ၅-ပုဒ်။ ကဿဝိက္ကယိကော၊ သတ္တဝါဟော၊ အာပ- ဏိကော၊ ဝါဏိဇော၊ ကုန်သည်။ ကုန်သည်ပရိယာယ် ၄-ပုဒ်။

[ဣဇော၊ ဝေဒဟကော၊ နေဂမော၊ ပဏျာဇီဝေါ၊ ဝဏိဇော- တို့လည်း ကုန်သည်ဟော ပရိယာယ်တို့တည်း။]

(၄၇၀) ဝိက္ကယိကော တု ဝိက္ကေတာ၊ ကယိကော တု စ ကာယိကော။
ဥတ္တမဏ္ဏော စ ဓနိကော–ဓမဏ္ဏော တု ဣဏာယိကော။

(၄၇၀) တု၊ ထိုမှတပါး။ ဝိက္ကယိကော၊ ဝိက္ကေတာ၊ ရောင်းသူ။ ရောင်းသူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကယိကော၊ ကာယိကော၊ ဝယ်သူ။ ဝယ်သူပရိယာယ် ၂-ပုဒ်။ ဥတ္တမဏ္ဏော၊ ဓနိကော၊ မြီရှင်။ ဝါ၊ ကြွေးရှင်။ (မြီချသောသူ သော်လည်း ဟူ၏။) မြီရှင်, ကြွေးရှင် ပရိယာယ် ၂-ပုဒ်။ အဓမဏ္ဏော၊ ဣဏာယိကော၊ ကြွေးယူသောသူ။ ဝါ၊ မြီစား။ ကြွေးယူသောသူ, မြီစား ပရိယာယ် ၂-ပုဒ်။

[ဣဏံ အဝဿဒေယျံ ဧတ် အဓမံ သောဓဲ့ ယဿ။ ဝါစပ္ပတိ အဘိဓာန်။ ကြွေး၌ ယုတ်ညံ့အောက်ကျသောသူ။ မြီစား၊ ကြွေး ယူသူ။ သူများထံမှ ငွေအသပြာ ချေးငှါးသူ။]

(၄၇၁) ဥဒ္ဓါရော တု ဣဏံ ဝုတ္တံ၊ မူလံ တု ပါဘတံ ဘဝေ။
သစ္စာပနံ သစ္စံကာရော၊ ဝိက္ကေယျံ ပဏိယံ့ တိသု။

(၄၇၁) တု၊ ထိုမှတပါး။ ဥဒ္ဓါရော၊ ဣဏံ၊ ကြွေး။ ဝါ၊ မြီ။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ကြွေး,မြီပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မူလံ၊ ပါဘတံ၊ အဖိုး။ ဝါ၊ အရင်းအနှီးဥစ္စာ။ သဓော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ သစ္စာပနံ၊ သစ္စံကာရော၊ ကတိ ထားခြင်း။ ဝါ၊ စရံပေးခြင်း။ ကတိထားခြင်း, စရံပေးခြင်း ပရိယာယ် ၂-ပုဒ်။ ဝိက္ကေယျံ၊ ပဏိယံ့၊ ရောင်းအပ်သောဥစ္စာ။ ဝါ၊ ရောင်းကုန်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ရောင်းအပ်သောဥစ္စာ, ရောင်းကုန် ပရိ ယာယ် ၂-ပုဒ်။

[ဥဒ္ဓါရော-ကို "ဥဒ္ဓရိယတေ ဂယှတေတိ ဥဒ္ဓါရော"ဟူ၍၎င်း၊ ဣဏံ-ကို "တေတိ ဝုဒ္ဓိံ ဂစ္ဆတိတိ ဣဏံ"ဟူ၍၎င်း ဝိဂြိုဟ်ပြု၏။ ပါဘတံ-ကို "ပဌမမေဝ အာဘတံ ပါဘတံ"ဟု ပြုသည်။

အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။

ဇာ၊၁။၂။ စူဠသေဋ္ဌိဇာတ်။]

(၄၇၂) ပဋိဒါနံ ပရိဝတ္တော၊ နျာသော တူပနိဓိ ရိတော။

(၄၇၂) ပဋိဒါနံ၊ ပရိဝတ္တော၊ အစားပေးခြင်း။ အစားပေးခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ နျာသော၊ ဥပနိဓိ၊ အပ်နှံခြင်း။ သမော၊ အနက်တူ၏ဟူ၍။ ဤရိတော၊ ဆိုအပ်၏။ အပ်နှံခြင်းပရိယာယ် ၂-ပုဒ်။

[ပစ္စည်းဝတ္ထုတခုခု ယူထားသဖြင့် ယင်း ပစ္စည်းအစား တစုံတခု ပေးခြင်းသည်လည်း ပဋိဒါန, ပရိဝတ္တ မည်၏။ ပစ္စည်းဝတ္ထု တစုံတခု ယူပြီး ပြန်ပေးခြင်းသည်လည်း ပဋိဒါန, ပရိဝတ္တမည်၏။ ပေးတုံ့မှုခြင်းလည်း ဟူ၏။ ပရိဒါန-လည်း အစားပေးခြင်းဟော ပရိယာယ်တည်း။ အပ်နှံထားခြင်း, ပေါင်နှံခြင်းသည် နျာသ, ဥပနိဓိ မည်၏။ "နျာသတေ နိက္ခိပိယတေတိ နျာသော၊ ဥပနိဓိယျတေတိ ဥပနိဓိ"ဟု ပြု။]

(၄၇၃) အဋ္ဌာရသန္တာ သခ်ျေယျေ၊ သချ်ာ ဧကာဒယော တိသု။
သချ်ာနေ ဟု စ သခ်ျေယျေ၊ ဧကတ္တေ ဝီသတာဒယော။
ဝဂ္ဂဘေဒေ ဗဟုတ္တေပိ၊ တာ အာနဝုတိ နာရိယံ။

(၄၇၃) ဧကာဒယော၊ ဧက-အစရှိကုန်သော။ အဋ္ဌာရသန္တာ၊ အဋ္ဌာရသ-အဆုံးရှိကုန်သော။ သချ်ာ၊ သချ်ာသဒ္ဒါတို့သည်။ သခ်ျေယျေ၊ ရေတွက်အပ်သော သခ်ျေယျဒြဗ်၌။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တု၊ ထိုမှတပါး။ ဝီသတာဒယော၊ ဝီသတိ-အစရှိကုန်သော။ သချ်ာ၊ သချ်ာသဒ္ဒါတို့သည်။ သချ်ာနေ၊ ရေတွက်ခြင်းသချ်ာ၌၎င်း။ ဝါ၊ သချ်ာ ပဓာန ဖြစ်သော်၎င်း။ သခ်ျေယျေ၊ ရေတွက်အပ်သော ဒြဗ်၌၎င်း။ ဝါ၊ သခ်ျေယျပဓာနဖြစ်သော်၎င်း။ ဧကတ္တေ၊ ဧကဝုစ်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝဂ္ဂဘေဒေ၊ အစုကွဲပြားခြင်းသည်။ သတိ၊ ရှိခဲ့သော်။ ဗဟုတ္တေပိ၊ ဗဟုဝုစ်၌လည်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တာ၊ ထိုဝီသတိ အစရှိသော သချ်ာတို့သည်။ အာနဝုတိ၊ နဝုတိတိုင်အောင်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ဤဂါထာဖြင့် သချ်ာသဒ္ဒါတို့၏ လိင်ဆုံးဖြတ်ပုံကို ပြော၏။ ဧက-အစ အဋ္ဌာရသ-အဆုံးရှိသော သချ်ာသဒ္ဒါများ သခ်ျေယျဒြဗ် ပြခန်းလျှင် ၃-လိင်ဟု သိရာ၏။ ပုံစံ—ဧကော ပြာဟ္မဏော၊ အဋ္ဌာရသ ပြာဟ္မဏာ-တည်း။ ဝီသတိ-စသော သချ်ာသဒ္ဒါများ

ကား သင်္ချာ၌ ဖြစ်ဖြစ်, သင်္ချေယျဒြဗ်၌ ဖြစ်ဖြစ် ကေဝုစ်ဟု သိရာ၏။ ပုံစံ—ဝီသတိ ဂါဝေါ၊ ဂဝံ ဝီသတိ-တည်း။ သို့ရာတွင် အစုကွဲပြားလျှင်ကား ဗဟုဝုစ်၌လည်း ဖြစ်သေး၏ ဟူ၏။ ယင်း ဝီသတိ-စသော သင်္ချာတို့ကား နဝုတိ-တိုင်အောင် ဣတ္ထိလိင်၌ဖြစ်သည်ဟု သိရာ၏ ဟူ၏။ ဂေဟဘေဒအရာ ဗဟုဝုစ် ပုံစံကား–"ဒွေ ဝီသတိယော၊ တိဿော ဝီသတိယော၊ ပဉ္စ သတာနိ" စသည်တည်း။]

(၄၇၄) သတံ သဟဿံ နိယုတံ၊ လက္ခံ ကောဋိ ပကောဋိယော။
ကောဋိပကောဋိ နဟုတံ၊ တထာ နိန္နဟုတံပိ စ။

(၄၇၅) အက္ခောဘိနီတ္ထိယံ ဗိန္ဒု၊ အဗ္ဗုဒံ စ နိရဗ္ဗုဒံ။
အဟဟံ အဗဗံ စေဝါ-ဋဋံ သောဂန္ဓိကုပ္ပလံ။

(၄၇၆) ကုမုဒံ ပုဏ္ဍရီကံ စ၊ ပဒုမံ ကထာနံပိ စ။
မဟာကထာနာ'သင်္ချေယျာ–နိ'စ္စေတာသု သတာဒိ စ။

(၄၇၇) ကောဋျာဒိကံ ဒသဂုဏံ၊ သတလက္ခဂုဏံ ကမာ။
စတုတ္ထော'ဍ္ဎေန အဍ္ဎုဍ္ဎော၊ တတိယော'ဍ္ဎတိယော တထာ။

(၄၇၈) အဍ္ဎတေယျော ဒိယဍ္ဎော တု၊ ဒိဝဍ္ဎော ဒုတိယော ဘဝေ။
တုလာပတ္ထင်္ဂုလိဝသာ၊ တိဓာ မာနမထော သိယာ။

(၄၇၄–၄၇၈) သတံ၊ ရာ။ သဟဿံ၊ ထောင်။ နယုတံ၊ သောင်း။ (နိယုတ, အယုတ လည်း ရှိ၏။) လက္ခံ၊ သိန်း။ ကောဋိ၊ ကုဋေ။ ပကောဋိ၊ ပကုဋေ။ (အခိုက်အတန့် ကောဋိ ပကောဋိ-ဟု ကေဝုစ်နှင့် ပြင်သည်။) ကောဋိ ပကောဋိ၊ ကုဋေ ပကုဋေ။ နဟုတံ၊ နဟုတ။ တထာ၊ ထို့မှတူ။ နိန္နဟုတံ၊ နိန္နဟုတ။ အက္ခောဘိနီ၊ အက္ခောဘနီ။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဗိန္ဒု၊ ဗိန္ဒု။ အဗ္ဗုဒံ၊ အဗ္ဗုဒ။ နိရဗ္ဗုဒံ၊ နိရဗ္ဗုဒ။ အဟဟံ၊ အဟဟ။ အဗဗံ၊ အဗဗ။ အဋဋံ၊ အဋဋ။ သောဂန္ဓိကံ၊ သောဂန္ဓိက။ ဥပ္ပလံ၊ ဥပ္ပလ။ ကုမုဒံ၊ ကုမုဒ။ ပုဏ္ဍရီကံ၊ ပုဏ္ဍရီက။ ပဒုမံ၊ ပဒုမ။ ကထာနံ၊ ကထာန။ မဟာကထာနံ၊ မဟာကထာန။ အသင်္ချေယျံ၊ အသင်္ချေယျ။ ဣတိ၊ ဤသို့။ ဧတာသု၊ ဤသင်္ချာတို့တွင်။ သတာဒိ စ၊ သတ-အစ လက္ခ-အဆုံးရှိသော သင်္ချာသဒ္ဒါသည်လည်း။ ကောဋျာဒိကံ၊ ကောဋိ-အစ အသင်္ချေယျ-အဆုံး ရှိသော သင်္ချာသဒ္ဒါသည်လည်း။ ကမာ၊ အစဉ်အတိုင်း။ ဒသဂုဏံ၊ ဆယ်ချဖြင့်

မြှောက်အပ်သည်ရင်း။ သတလက္ခဂုဏံ၊ သိန်းတရာဖြင့် မြှောက်အပ်သည်ရင်း။ ဘဝတိ၊ ဖြစ်၏။ အစေ့နှ၊ အခွဲနှင့်တကွ။ စတုတ္ထော၊ လေးခုသည်။ (ထ-ပစ္စည်းအနက်မဲ့ သွတ္ထ။) အစုံစော၊ အစုံစု မည်၏။ ဝါ၊ သုံးခုခွဲမည်၏။ အစေ့နှ၊ အခွဲနှင့်တကွ။ တတိယော၊ သုံးခုသည်။ အစုတိယော၊ အစုတိယ မည်၏။ တထာ၊ ထို့အတူ။ အစုတေယျော၊ အစုတေယျ မည်၏။ ဝါ၊ နှစ်ခုခွဲမည်၏။ တု၊ ထိုမှတပါး။ အစေ့နှ၊ အခွဲနှင့်တကွ။ ဒုတိယော၊ နှစ်ခုသည်။ ဒိယစော၊ ဒိယစု မည်သည်ရင်း။ ဒိဝစော၊ ဒိဝစု မည်သည်ရင်း။ ဝါ၊ တခုခွဲ မည်သည်ရင်း။ ဘဝေ၊ ဖြစ်၏။ မာနံ၊ အချိန်, အချင့်, အတိုင်းသည်။ တုလာပတ္ထဂ်ုလိဝံသာ၊ ချိန်, ချင့်တောင်း, လက်သစ်တို့၏ အစွမ်းအားဖြင့်။ တိဓာ၊ သုံးပါးအပြားရှိသည်။ သိယာ၊ ဖြစ်ရာ၏။

[ဤ အဘိဓာနပ္ပဒီပိကာကျမ်း၌ ပြဆိုအပ်သော ကောဋိ-မှစ အသင်္ချေယျတိုင်အောင် ၂၀-သော သင်္ချာအမည်တို့ကား ကစ္စည်းကျမ်း သင်္ကနာမေဟိ-သုတ်၌ " သတသဟဿာနံ သတံ ကောဋိ၊ ကောဋိသတသဟဿာနံ သတံ ပကောဋိ၊ပကောဋိသတသဟဿာနံ သတံ ကောဋိပကောဋိ၊ ကောဋိပကောဋိသတသဟဿာနံ သတံ နဟုတံ၊ နဟုတသတသဟဿာနံ သတံ နိန္နဟုတံ၊ နိန္နဟုတသတ-သဟဿာနံ သတံ အက္ခောဘိဏီ၊ တထာ ဗိန္ဒု၊ အဗ္ဗုဒံ၊ နိရဗ္ဗုဒံ၊ အဟဟံ၊ အဗဗံ၊ အဋဋံ၊ သောဂန္ဓိကံ၊ ဥပ္ပလံ၊ ကုမုဒံ၊ ပဒုမံ၊ပုဏ္ဍရိကံ၊ ကထာနံ၊ မဟာကထာနံ၊ အသင်္ချေယျံ" ဟု လာရှိ၏။ ရင်းပြင် ဒိပဝံသ။ တတိယပရိစ္ဆေဒ-၌လည်း—

(၁) ဒသဒသကံ သတံ စ၊ သတံ ဒသ သဟဿိယော။
ဒသသဟဿံ နဟုတံ၊ ဒသနဟုတံ သတသဟဿိယော။
ဒသသတသဟဿံ ကောဋိ၊ ဒသကောဋိ ပကောဋိယော။

(၂) တထာ ကောဋိပ္ပကောဋိ စ၊ နဟုတံ နိန္နဟုတံပိ စ။
အက္ခောဘိဏီ စ ဗိန္ဒု စ၊ အဗ္ဗုဒေါ စ နိရဗ္ဗုဒေါ။

(၃) အဟဟံ အဗဗံ စေဝ၊ အဋဋံ သောဂန္ဓိကုပ္ပလံ။
ကုမုဒံ ပုဏ္ဍရိကဉ္စ၊ ပဒုမံ ကထာနဒွယံ။

(၄) ဧတ္တကာ ဂဏိတာ သင်္ချာ၊ ဂဏနာ ဂဏိတာ တဟိံ။
တတော ဥပရိမဘူမိ၊ အသင်္ချေယျောတိ ဝုစ္စတိ—

ဟူ၍ လာ၏။ (ဒီပဝံသ၊ ၃။ ၁၀၊ ၁၁၊ ၁၂၊ ၁၃။) ယင်းအသင်္ချေယျကို (၁) ဂဏနအသင်္ချေယျ၊ (၂) ကပ္ပအသင်္ချေယျ၊ (၃) အနုမာနအသင်္ချေယျ၊ (၄) ဗုဒ္ဓအသင်္ချေယျ-ဟူ၍ ၄-မျိုး ခွဲကြသေး၏။ ထိုတွင် မဟာကထာန အဆက် ၁-နှင့်တကွ သုည ၁၄၀-ရှိသော သင်္ချာသည် ဂဏနအသင်္ချေယျ မည်၏။ ဤ၌ ဂဏနအသင်္ချေယျ လိုရင်းတည်း။ စတ္တာလီသသတံ သုညံ၊ အသင်္ချေယျန္တိ ဝုစ္စတိ။ အ-ကို ဝုဒ္ဓိ အနက်ယူ၍ ကြီးပွါး၍ အဆုံးသို့ ရောက်သော သင်္ချာ ဟူ၏။ စတ္တာရိမာနိ ဘိက္ခဝေ ကပ္ပဿ အသင်္ချေယျာနိ-၌ လာသော အသင်္ချေယျသည် သံဝဋ္ဋအသင်္ချေယျကပ်၊ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ ဝိဝဋ္ဋအသင်္ချေယျကပ်၊ ဝိဝဋ္ဋ-ဋ္ဌာယီအသင်္ချေယျကပ်-ဟု မဟာကမ္ဘာ တခုလျှင် အသင်္ချေယျ-ကပ် ၄-ခုရှိ၏ဟု ပြသော အသင်္ချေယျသည် ကပ္ပအသင်္ချေယျ တည်း။ ဆုတ်ကပ်, တက်ကပ် ၁-စုံလျှင် အန္တရကပ် ၁-ကပ်ဟု ခေါ်၏။ ယင်းအန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျကပ် ၁-ကပ် ဖြစ်၍ နှစ်ကို ရေတွက်၍ မဖြစ်နိုင်ရကား န + သင်္ချေယျောတိ အသင်္ချေယျော=မရေတွက်နိုင်သော ကပ်မည်၏။

သကလံ တီဏိ ဝဿာနိ၊ စက္ကဝါဠာဘိပူရယံ။
ရတ္တိန္ဒိဝံ ဗိန္ဒု ဗိန္ဒု၊ အသင်္ချေယျောတိ ဝုစ္စတိ——

ဟူသည်နှင့်အညီ စကြဝဠာပြည့်အောင် ၃-နှစ် အဆက်မပြတ် ရွာသွန်းသော မိုးပေါက်အရေအတွက်နှင့် ညီမျှသော အရေအတွက်ကို 'အသင်္ချေယျ' ဟု ခေါ်ရကား မှန်းဆရေတွက်ရသဖြင့် အနုမာန-အသင်္ချေယျ မည်၏။ ဘုရားရှင်တို့ ပါရမီဖြည့်ရာ ကာလ သတ်မှတ်ရာ၌ အသင်္ချေယျသည် ဗုဒ္ဓအသင်္ချေယျ မည်၏။]

(၄၇၉) စတ္တာရော ဝိဟယော ဂုဠှာ၊ ဒွေ ဂုဠှာ မာသကော ဘဝေ။
ဒွေ အက္ခာ မာသကာ ပဉ္စ–က္ခာနံ ဓရဏ မဋ္ဌကံ။

(၄၀၀) သုဝဏ္ဏော ပဉ္စရေဏုံ၊ နိက္ခံ တွ'နိတ္ထိ ပဉ္စ တော။
ပါဒေါ ဘာဂေ စတုတ္ထေထ၊ ရေဏုနိ ပလံ ဒသ။

(၃၇၉၊ ၄၀၀) အထော၊ ထိုမှတပါး။ စတ္တာရော ဝီဟယော၊ လေးစပါးတို့သည်။ ဂုဉ္ဇာ၊ တချင်ရွေး မည်၏။ ဒွေ ဂုဉ္ဇာ၊ နှစ်ချင်ရွေးတို့သည်။ မာသကော၊ တမာသကသည် (တပဲသည်)။ ဘဝေ၊ ဖြစ်၏။ ဒွေ ပဉ္စမာ-သကာ၊ ဆယ်မာသကတို့သည်။ အက္ခော၊ တ အက္ခ ဖြစ်၏။ အက္ခာနံ အဋ္ဌကံ၊ အက္ခတို့၏ ရှစ်ခုသည်။ ဓရဏံ၊ ဓရဏတခု ဖြစ်၏။ ဟနည်း—ပဉ္စ မာသကာ၊ ငါးမာသကတို့သည်။ ဒွေ အက္ခော၊ နှစ်အက္ခ ဖြစ်ကုန်၏။ ဝါ၊ ရွေးနှစ်ဆယ် ဖြစ်ကုန်၏။ အက္ခာနံ၊ အက္ခတို့၏။ အဋ္ဌကံ၊ ရှစ်ခုသည်။ ဓရဏံ၊ ဓရဏတခု ဖြစ်၏။ ဝါ၊ ရွေးလေးဆယ် ဖြစ်၏။ (ပဌမနည်း ဋီကာနည်း၊ နောက်နည်း သီဟိုဠ် နိဿယနည်း။) ပဉ္စဓရဏံ၊ ငါး ဓရဏသည်။ ဝါ၊ ရွေးနှစ်ရာသည်။ သုဝဏ္ဏော၊ တသုဝဏ် မည်၏။ တေ ပဉ္စ၊ ထို ငါးသုဝဏ်တို့သည်။ ဝါ၊ ထို ရွေးတထောင်တို့သည်။ နိက္ခံ၊ တနိက္ခ ဖြစ်၏။ အနိတ္ထိ၊ နိက္ခ-သဒ္ဒါ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်တည်း။ ပါဒေါ၊ ပါဒ-သဒ္ဒါသည်။ စတုတ္ထေ ဘာဂေ၊ လေးဖို့မြောက်သော အဖို့၌။ ဝါ၊ လေးဖို့ တဖို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဒသ ဓရဏာနိ၊ ဆယ်ဓရဏတို့သည်။ ဝါ၊ ရွေးလေးရာတို့သည်။ ပလံ၊ တပိုလ် ဖြစ်၏။ ဝါ၊ လေးကျပ်သား ဖြစ်၏။

[ဂုဉ္ဇ-ဟူသည် "ဂုဉ္ဇာတိ ဂုဉ္ဇဖလပရိမာဏံ ဓာရဏီယဝတ္ထု" အနုဋီ၊ ၂။ ၁၀၀-နှင့်အညီ ချင်ရွေး(စင်ရွေး)သီးသန့် အတိုင်းအရှည်ရှိ ဝတ္ထုတည်း။ ၁၀-ဓရဏ ရွေး ၄၀၀-သည် ပလမည်၏ ဟူ၏။ ကင်္ခါ၊ ဋီ၊ သစ်။ ၁၃၉-၌ "ဧကပလံ နာမ ဒသကလဉ္ဇူတိ ဝဒန္တိ" ဟု လာ၏။

သဉ္ဇာလိ ဝုစ္စတေ ဂုဉ္ဇာ၊ တာ တိဿော ရူပကံ ဘဝေ။
ရူပကဒသေဟိ ဝုတ္တော၊ ကလဉ္ဇော နာမ နာမတော—

ဟူသည်နှင့်အညီ ၃-ရွေးသည် ရူပက ၁-ခု၊ ၁၀-ရူပက ရွေး ၃၀-သည် ကလဉ္ဇ ၁-ခု ဖြစ်၏။ ၁၀ ကလဉ္ဇ၌ ရွေး ၃၀၀-ရှိ၏။ ယင်း ရွေး ၃၀၀-ကို ၉၆-ရွေးနှင့် ခွဲဝေလျှင် (၃°+၁၂) ရွေး ဖြစ်၍ လေးကျပ်သုံး ပိုနှင့် နီးနှော၏ဟု ဆရာတို့ ဆိုကြသည်။ ဤ၌

၁၂-ရွေးသည် ၂-ပဲ ၂-ရွေး ဖြစ်၍ ၆-ရွေး ယုတ်လျော့သော်လည်း "အပ္ပကံ ဦနံ ဂဏနူပဂံ န ဟောတိ" ဟူသော ပရိဘာသာကို ထောက်၍ မပြောပလောက်။ ၃၂-ရွေးသည် ကလဉ္ဇ ၁-ခုဟု ဆိုသော သချာပကာသက ဆရာအလိုမူ ကလဉ္ဇ ၁၀-၌ ရွေး ၃၂၀-ဖြစ်၍ ယင်းကို ၁-ကျပ်၏ ရွေး ၈၁-နှင့် ခွဲလျှင် ၄-ကျပ် ဖြစ်၏။ သို့ဖြစ်၍ ပလ-ဟူသည် ၄-ကျပ် သို့မဟုတ် ၃ိ-၂-ပဲ၊ ဂ-ရွေး အချိန်ရှိသော ဝတ္ထုဟု သံသယမဲ့ မှတ်ရာ၏။ အဘယာ၊ ဓာန်၊ သျ-လည်းကြည့်။

၅-ဓရဏ (ရွေး ၂၀၀) သည် ၁-သုဝဏ်ဖြစ်သဖြင့် ၅-သုဝဏ်သည် ရွေး-၁၀၀၀ (တထောင်) ဖြစ်၏။ ယင်း ရွေး ၁၀၀၀-သည် ၁၀-ကျပ်သား ဖြစ်သည်။ ယင်း ၁၀-ကျပ်သားကို တနိက္ခဟု ခေါ်သည်။

ဗဟုဿုတံ မမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု မရဟတိ။
အံ၊ ၁။ ၃၁၄။]

(၄၈၁) တုလာ ပလသတံ စာထ၊ ဘာရော ဝီသတိ တာ တုလာ။
အထော ကဟာပဏော'နိတ္ထိ၊ ကထျတေ ကရိသာပဏော။

(၄၈၁) ပလသတံ၊ ပိုလ်တရာသည်။ တုလာ၊ တတုလာ မည်၏။ ဝါ၊ တချိန် မည်၏။ အထ၊ ထိုမှတပါး။ တာ ဝီသတိတုလာ၊ ထိုတုလာနှစ်ဆယ်သည်။ ဝါ၊ ထို ချိန်နှစ်ဆယ်သည်။ ဘာရော၊ ဘာရမည်၏။ ဝါ၊ တဝန်မည်၏။ ဝါ၊ တယောက်ထမ်းဝန်မည်၏။ အထော၊ ထိုမှတပါး။ ကဟာပဏော၊ ကရိသာပဏော၊ အသပြာ။ အနိတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင် နပုလ္လိင်ဟူ၍။ ကထျတေ၊ ဆိုအပ်၏။ အသပြာပရိယာယ် ၂-ပုဒ်။

[၁-ချိန်ကို ပိုလ်-၁၀၀ ကျပ်ချိန် ၄၀၀-ဟု အကြမ်းအားဖြင့် မှတ်သားရာ၏။ သော ဂန္တွာ အာဠကံ သပ္ပိံ, တုလံ ဂုဠံ, ဒေါဏံ

တဏ္ဍုလံ အာဟာရပေတ္တာ။ ဝိ၊ ၁။ ၇၀။ တုလန္တိ ပလသတံ။ သာရတ္ထ၊ ၂။ ၁၆၄။ တုလာ-သဒ္ဒါ၏ ဟောနက်ကို—

ဂေဟာနံ ဒါရုဘဏ္ဍာယ၊ ပိဋ္ဌိကာယံ တုလာ ထိယံ။
မာနဘဏ္ဍေ စ သာဒိသေ၊ ရာသိပလသတေသု စ—

ဟူ၍ ဋီကာ၌ ဆို၏။]

(၄၀၂) ကုဍုဝေါ ပသတော ဓောဝ၊ ပတ္ထော တေ စတုရော သိယုံ။
အာဠ္ဟကော စတုရော ပတ္ထာ၊ ဒေါဏံ ဝါ စတုရာဠ္ဟကံ။

(၄၀၂) ဓောဝ ပသတော၊ တလက်ဖက်သည်။ ဝါ၊ တလက်ဆွမ်းသည်။ ကုဍုဝေါ၊ တကုဍု မည်၏။ တေ စတုရော၊ ထို လေးကုဍုတို့သည်။ ပတ္ထော၊ တကွမ်းစား မည်သည်။ ဝါ၊ တစလယ် မည်သည်။ သိယုံ၊ ဖြစ်ကုန်၏။ စတုရော ပတ္ထာ၊ လေးကွမ်းစားတို့သည်။ ဝါ၊ လေးစလယ်တို့သည်။ အာဠ္ဟကော၊ တပြည် မည်၏။ စတုရာဠ္ဟကံ၊ လေးပြည်သည်။ ဒေါဏံ၊ တဒေါဏ မည်၏။ ဝါ၊ တစိတ် မည်၏။ ဝါ၊ ဒေါဏ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။

[တလက်ဖက်ကို ၁-ကုဍု မည်၏ဟု ဆိုရာ၌ တလက်ဖက်သည် ၁-လမျက်ခန့် ရှိ၏။ ကုဍုဝေါ စတုပလေယျော၊ ကုဍုဝါနံ စတုဂ္ဂုဏံ။ ဝဇိရ။ ၂၆၇။ ပကတိယာ စတုမုဋ္ဌိကံ ကုဍုဝံ၊ စတုကုဍုဝံ နာဠိကံ။ သာရတ္ထ၊ ၂။၄၂၇။

မြန်မာဝေါဟာရအားဖြင့် ၁-စလယ်သည် ၁-ကွမ်းစားဟူ၏၊ ထိုကွမ်းစားသည် 'ဒမိလ' ကွမ်းစားမည်၏၊ ထိုဒမိလကွမ်းစားဖြင့် ၂-ကွမ်းစားသည် 'မာဂဓ' ၁-ကွမ်းစား ဖြစ်၏၊ ထိုမာဂဓကွမ်းစား ထက် ထက်ဝက်ကြီးသော ကွမ်းစားသည် 'သီဟဠပကတိ' ကွမ်းစား မည်၏၊ အခွဲနှင့်တကွ ၂-ဆတက် ကြီးသည်လည်း ဟူ၏။ သီဟဠ ပကတိ ကွမ်းစားသည် ငါတို့ မြန်မာဝေါဟာရ အားဖြင့် 'တပြည်' ဖြစ်သင့်၏၊ မာဂဓ ကွမ်းစားသည် ငါတို့ မြန်မာဝေါဟာရ အားဖြင့် 'တခွက်' အတိုင်းအရှည် ရှိ၏။ ဤကား ခန်းဒို၊သျှ-လာ မောင်းထောင် ဆရာတော် အရှင်ပညာသာမိ၏ မိန့်ဆိုချက်တည်း။]

(၄၇၃) မာနိကာ စတုဒ္ဒေါဏာ၊ ခါရိ'တ္ထီ စတုမာနိကာ။
ခါရိယော ဝီသ ဝါဟောထ၊ သိယာ ကုမ္ဘော ဒသမ္ဗဏံ။

(၄၇၃) စတုဒ္ဒေါဏာ၊ လေးစိတ်တို့သည်။ မာနိကာ၊ တတင်းမည်၏။ စတုမာနိကာ၊ လေးတင်းသည်။ ခါရိ၊ တတို မည်၏။ ဣတ္ထီ၊ ခါရိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ဝီသ ခါရိယော၊ ခါရီ နှစ်ဆယ်တို့သည်။ ဝါဟော၊ တဝါဟ မည်၏။ ဝါ၊ တလှည်း မည်၏။ အထ၊ ထိုမှတပါး။ ဒသမ္ဗဏံ၊ ဆယ် အမ္ဗဏသည်။ ကုမ္ဘော၊ တကုမ္ဘမည်သည်။ သိယာ၊ ဖြစ်ရာ၏။

[ပဂဒေါ်ိုင်းသုံး စလယ်(ကွမ်းစား) ၄-စလယ်(ကွမ်းစား)သည် ကောသလတိုင်းသုံး ၁-စလယ် (ကွမ်းစား) ရှိ၏။ ယင်း စလယ် (ကွမ်းစား)ဖြင့် ၄-စလယ် (ကွမ်းစား)သည် တပြည်။ ယင်း ၄-ပြည် ၁-စိတ်။ ယင်း ၄-စိတ် ၁-တင်း။ ယင်း ၄-တင်း ၁-တို။ ယင်း တို ၂၀-သည် ၁-လှည်း (ဝါဟ) ဟု သိလေ။ မာဂဓကေန ပတ္ထေန စတ္တာရော ပတ္ထာ ကောသလရဋ္ဌေ ဧကပတ္ထော ဟောတိ၊ တေန ပတ္ထေန စတ္တာရော ပတ္ထာ အာဠှကံ၊ စတ္တာရိ အာဠှကာနိ ဒေါဏံ၊ စတု ဒေါဏာ မာနိကာ၊ စတုမာနိကာ ခါရိ၊ တာယ ခါရိယာ ဝီသတိခါရိကော။ သံ၊ ၁၊၂၀၀။ နေတ္တိဋ္ဌ။ ၂၅၉။]

(၄၇၄) အာဠှကော'နိတ္ထိယံ တုမ္ဗော၊ ပတ္ထော တု နာဠိ နာရိယံ။
ဝါဟော တု သကဋော ဧကာ-ဒသဒေါဏာ တု အမ္ဗဏံ။

(၄၇၄) အာဠှကော၊ ပြည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ်၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တုမ္ဗော၊ ပြည်။ ပြည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပတ္ထော၊ နာဠိ၊ ကွမ်းစား။ ဝါ၊ စလယ်။ အယံ၊ ဤ နာဠိ-သဒ္ဒါသည်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ကွမ်းစား, စလယ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝါဟော၊ သကဋော၊ တလှည်း။ တု၊ ထိုမှတပါး။ ဧကာဒသဒေါဏာ၊ တဆယ့်တစိတ်တို့သည်။ အမ္ဗဏံ၊ တအမ္ဗဏ မည်၏။

[စမ္မကန္တကအဖွင့် ဝိဋ္ဌ၊၃။၃၆၇-၌ "အသီတိသကဋဝါဟောတိ ဧတ္ထ ဒွေ သကဋဘာရာ ဧကော ဝါဟောတိ ဝေဒိတဗ္ဗော" ဟူ၍ ၂-လှည်းတိုက်ကို '၁-ဝါဟ'ဟု မိန့်ဆို၏။]

(၄၀၅) ပဋ္ဋိဝိသော စ ကောဋ္ဌာသော၊ အံသော ဘာဂေါ ခန္နံ တု သော။
ဒဗ္ဗံ ဝိတ္တံ သာပတေယျံ၊ ဝသု တ္ထော ဝိဘဝေါ ဘဝေ။

(၄၀၅) ပဋ္ဋိဝိသော၊ ကောဋ္ဌာသော၊ အံသော၊ ဘာဂေါ၊ အဖို့အစု။ အဖို့အစု ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ခန္နံ၊ သော၊ ဒဗ္ဗံ၊ ဝိတ္တံ၊ သာပတေယျံ၊ ဝသု၊ အတ္ထော၊ ဝိဘဝေါ၊ ဥစ္စာ။ အယံ၊ ဤ သဒ္ဒါရှစ်ပါး သည်။ သမေ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဥစ္စာ ပရိယာယ် ၈-ပုဒ်။

[ဝဏ္ဏက-သည်လည်း အဖို့အစုဟော ပရိယာယ်တည်း။ ဝဏ္ဏကော ပကြြ။ ဋီကာ။ မဿ-သဒ္ဒါလည်း ဥစ္စာဟော ပရိယာယ် တည်း။ မဿံ ဝုစ္စတိ ခန္နံ၊ တံ ပန သဒ္ဒါသခ်ါတံ မဿံ အဿ အတ္ထိတိ မဿဝါ။ သံ-ဋီ၊ ၁။ ၃၃၇။ သက္ကာသံယုတ်။

နီတိ၊ ပဒ။ ၉၆-၌ ဥစ္စာဟော ပရိယာယ်များ —

ခန္နံ သံ ဝိဘဝေါ ဒဗ္ဗံ၊ သာပတေယျံ ပရိဂ္ဂဟော။
ဩဒ္ဓံ ဘဏ္ဍံ သကံ အတ္ထော၊ လုစ္ဆေတေ မနဝါစကာ —
ဟု လာရှိ၏။]

(၄၀၆) ကောသော ဟိရည္ဉ ကတာ—ကတံ ကဥ္စနရူပိယံ။
ကုပ္ပံ တဒည ံ တမ္ဗာဒိ၊ ရူပိယံ ဒွယ မာဟတံ။

(၄၀၆) ကတာကတံ၊ ခုတ်လုပ်ပြီး မခုတ်လုပ်ရသေးသော။ ကဥ္စန ရူပိယံ၊ ရွှေငွေသည်။ ကောသော၊ ကောသမည်၏။ ဟိရညံ၊ ဟိရညလည်း မည်၏။ ကောသော၊ ဟိရညံ၊ အယဉ်အရိုင်း ရွှေငွေ။ အယဉ်အရိုင်း ရွှေငွေ ပရိယာယ် ၂-ပုဒ်။ တဒညံ၊ ထိုခုတ်လုပ်ပြီး ရွှေငွေမှ တပါးသော။ တမ္ဗာဒိ၊ ကြေးနီ-အစရှိသော ဝတ္ထုသည်။ ကုပ္ပံ၊ ကုပ္ပမည်၏။ အာဟတံ၊ အရုပ်ထင်စေ အပ်သော။ ဝါ၊ အရုပ်တံဆိပ် ခတ်နှိပ်အပ်သော။ ဒွယံ၊ ရွှေငွေနှစ်ပါးသည်။ ရူပိယံ၊ ရူပိယ မည်၏။

[ပုတီး, လက်ကောက်, နားတောင်း-စသည် ပြုပြီးသော်ငြားး၊ ယင်း ရွှေငွေ၌ ပန်းချီဆေးရုပ်-စသည် ထုပြီးသော်ငြား 'ကတ' မည်၏ ဟူလို။ တမ္ဗာဒိ-၌ အာဒိဖြင့် ကြေးဖြူ, သလွဲမည်း, ကြေးမျိုး သံမျိုးဖြစ်သော ကြွပ် သွပ် စသည်ကို ယူ။]

(၄၇၇) သုဝဏ္ဏံ ကနကံ ဇာတ- ရူပံ သောဏ္ဏံ စ ကဉ္စနံ။
သတ္ထုဝဏ္ဏော ဟရိ ကမ္ဗု၊ စာရု ဟေမံ စ ဟာဋကံ။

(၄၇၈) တပနီယံ ဟိရညံ တ·ဗ္ဘေဒါ စာမီကရံပိ စ။
သာတကုမ္ဘံ တထာ ဇမ္ဗု- နဒံ သိင်္ဂီ စ နာရိယံ။

(၄၇၇၊၄၇၈) သုဝဏ္ဏံ၊ ကနကံ၊ ဇာတရူပံ၊ သောဏ္ဏံ၊ ကဉ္စနံ၊ သတ္ထု-ဝဏ္ဏော၊ ဟရိ၊ ကမ္ဗု၊ စာရု၊ ဟေမံ၊ ဟာဋကံ၊ တပနီယံ ဟိရညံ၊ ရွှေ။ ရွှေပရိယာယ် ၁၃-ပုဒ်။ စာမီကရံ၊ ဂိဝါရွှေရှင်း။ သာတကုမ္ဘံ၊ နိတုံရွှေရှင်း။ တထာ၊ ထိုမှတပါး။ ဇမ္ဗုနဒံ၊ ဇမ္ဗူရာဇ်ရွှေရှင်း။ သိင်္ဂီ၊ သိင်္ဂီနိက်ရွှေရှင်း။ ဣတိ၊ ဤသို့။ ဣမေ၊ ဤရွှေတို့ကား။ တဗ္ဘေဒါ၊ ထိုရွှေအထူးတို့တည်း။ အယံ၊ ဤသိင်္ဂီ-သဒ္ဒါသည်။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ပကဋ္ဌံ ဇာတံ ဇာတရူပံ = မြတ်သောဖြစ်ခြင်း။ ဇာတံ ရူပံ အဿာတိ ဇာတရူပံ = မြတ်သောဖြစ်ခြင်း ရှိရကား ဇာတရူပ မည်၏ ဟူလို။ ပကဋ္ဌတ္ထေ ရူပ-ပစ္စယော ဟု ဆို၏။ ပသံသာယံ ရူပ-ပစ္စယော ဟုလည်း ဆိုကြသေး၏။ "ပသံသာယံ ရူပံ"၊ ပါဏိနိ။ ၅။၃။၆၆ သုတ် ရှိ၏။ သာရတ္ထာ၊၁။၁၁၂-၌ သရသတော ဝိဘာရံ အနုပဇ္ဇိတွာ သဗ္ဗဒါ ဇာတံ ရူပမေဝ ဟောတီတိ ဇာတံ ရူပမေ-တဿာတိ ဇာတရူပံ-ဟု ဖွင့်၏။ 'ဇမ္ဗူရာဇ်ရွှေ'ဟူသည် မြေထဲကြွေကျသည့် သပြေစေ့တို့မှ ဖြစ်သော နီမြန်းသော ရွှေတည်း။ ဇမ္ဗောနဒ-ဟုလည်း ရှိ၏။ ဇမ္ဗုနဒံ ဝုစ္စတိ ဇာတိသုဝဏ္ဏံ။ အံ၊ဋ္ဌ၊၂။ ၂၅၂။ တာသံ နဒီနံ ဥဘယတီရေ ဇမ္ဗုပက္ကာနံ ပတိတဋ္ဌာနေ သုဝဏ္ဏင်္ကုရာ ဥဋ္ဌဟန္တိ၊ တေ နဒီဇလေန ဝုယှမာနာ အနုပုဗ္ဗေန မဟာသမုဒ္ဒံ ပဝိသန္တိ၊ တတောယေဝ ဇမ္ဗုနဒီယံ နိဗ္ဗတ္တတ္တာ "ဇမ္ဗုနဒ"န္တိ တံ သုဝဏ္ဏံ ဝုစ္စတိ။ သာရတ္ထ၊၁။၂၅၈။ ဇမ္ဗောနဒန္တိ ဇမ္ဗုနဒီယံ နိဗ္ဗတ္တံ။ ····တာသံ နဒီနံ ဥဘယတီရေသု ဇမ္ဗုပက္ကာနံ ပတိတဋ္ဌာနေ သုဝဏ္ဏင်္ကုရာ ဥဋ္ဌဟန္တိ၊ တေ နဒီဇလေန ဝုယှမာနာ အနုပုဗ္ဗေန မဟာသမုဒ္ဒံ ပဝိသန္တိ။ တံ သန္ဓာယ 'ဇမ္ဗောနဒ'န္တိ ဝုတ္တံ။ မ၊ဋ္ဌ၊၄။၁၀၄။

နီတိ၊ဓာ။၁၁၂-၌——

သုဝဏ္ဏံ ကနကံ ဟေမံ၊ ကဋ္ဌနံ ဟာဋကမ္ပိ စ။
ဇာတရူပံ တပနီယံ၊ ဝဏ္ဏံ တဗ္ဗေဒကာ ပန။
ဇမ္ဗုနဒံ သိင်္ဂိကဥ္စ၊ စာမီကရန္တိ ဘာသိတာ—

ဟူသော ၁-ဂါထာခွဲဖြင့် ရွှေဟောပရိယာယ်များ ဖော်ပြ၏။]

(၄၇၉) ရူပိယံ ရဇတံ သဇ္ဈုံ၊ ရူပိ သဇ္ဈံ အထော ဝသု။
ရတနဥ္စ မဏိ ဒွိသု၊ ပုပ္ဖရာဂါဒိ တဗ္ဘိဒါ။

(၄၇၉) ရူပိယံ၊ ရဇတံ၊ သဇ္ဈုံ၊ ရူပိ၊ သဇ္ဈံ၊ ငွေ။ ငွေပရိယာယ် ၅-ပုဒ်။ အထော၊ ထိုမှတပါး။ ဝသု၊ ရတနံ၊ မဏိ၊ ရတနာ။ ရတနာပရိယာယ် ၃-ပုဒ်။ အယံ၊ ဤမဏိ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ပုပ္ဖရာဂါဒီ၊ ဥဿဖယား အစရှိသည်တို့သည်။ တဗ္ဘိဒါ၊ ထိုရတနာမျိုးတို့တည်း။

[ဤအဘိဓာန်၌ ရတန-ကို "ရတိံ တနောတီတိ ရတနံ"ဟု ဝိဂြိုဟ်ပြု၏။ ၎င်းပြင် ရတိဇနနဋ္ဌေန ရတနံ။ အပိစ—

စိတ္တီကတံ မဟဂ္ဃဥ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ—

ဟူ၍ အဋ္ဌကထာများ၌ လာ၏။ ဒီ၊ဋ္ဌ၊၂။၃၅။ ခုဒ္ဒက၊ဋ္ဌ၊၁၄၃။]

(၄၈၀) သုဝဏ္ဏံ ရဇတံ မုတ္တာ၊ မဏိ ဝေဠုရိယာနိ စ။
ဝဇိရဥ္စ ပဝါဠန္တိ၊ သတ္တာဟု ရတနာနိ’မေ။

(၄၈၀) သုဝဏ္ဏံ၊ ရွှေရင်း။ ရဇတံ၊ ငွေရင်း။ မုတ္တာ၊ ပုလဲရင်း။ မဏိ၊ ပတ္တမြားရင်း။ ဝေဠုရိယာနိ စ၊ ကြောင်မျက်ရွဲတို့ရင်း။ ဝဇိရဥ္စ၊ စိန်ရင်း။ ပဝါဠံ၊ သန္တာရင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဣမေ၊ ဤသည်တို့ကို။ သတ္တ၊ ခုနစ်ပါးကုန်သော။ ရတနာနိ၊ ရတနာတို့ဟူ၍။ အာဟု၊ မိန့်ဆိုကြကုန်၏။

[ဤ၌ ရတနာ ၇-ပါး လာ၏။ ရတနာ ၁၀-ပါးလာသည်လည်း ရှိ၏။ ဒသဝိဓံ ရတနန္တိ "မုတ္တာ မဏိ ဝေဠုရိယော သင်္ခေါ သိလာ

ပဝါဠ ရတ္တံ ဝါတရူပံ လောဟိတင်္ဂေါ မသာရဂလ္လ”န္တိ ဝေမာဂတံ ဒဿိတံ ရတနံ။

“မဏိ မုတ္တာ ဝေဠုရိယော စ သင်္ခေါ၊
သိလာ ပဝါဠ ရတနွ ဟေမံ။
သလောဟိတင်္ဂ မသာရဂလ္လံ၊
ဒသေတိ ဓီရော ရတနာနိ ဉာ”တိ—

ဟိ ဝုတ္တံ။ သာရတ္ထ၊၂။၁၃၂။]

(၄၉၁) လောဟိတင်္ကော စ ပဒုမ–ရာဂေါ ရတ္တမဏိ ပျထ။
ဝံသာဏ္ဏော ဝေဠုရိယံ၊ ပဝါဠ ဝါ စ ဝိဒ္ဒုမော။

(၄၉၁) လောဟိတင်္ကော၊ ပဒုမရာဂေါ၊ ရတ္တမဏိ၊ ပတ္တမြားနီ။ ပတ္တမြားနီ ပရိယာယ် ၃-ပုဒ်။ အထ၊ ထို့မှတပါး။ ဝံသဝဏ္ဏော၊ ဝေဠုရိယံ၊ ကြောင်မျက်ရွဲ။ ကြောင်မျက်ရွဲ ပရိယာယ် ၂-ပုဒ်။ ပဝါဠ၊ သန္တာ။ ဝါ၊ ပဝါဠ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ဝိဒ္ဒုမော၊ သန္တာ။ သန္တာ ပရိယာယ် ၂-ပုဒ်။

[ဥဒါန၊ဋ္ဌ။၉၁၊၉၂။ရာဇသုတ်၌–စိန်, မဟာနီလာ, ဣန္ဒနီလာ, မသာဂလ်, ကြောင်မျက်ရွဲ, ပတ္တမြားနီ, ဥဿဖယား, ကက္ကေတန်, ပုလာက်, အဘြိုက်, လောဟိတက်, ဖလ်မှန်, သန္တာ, ဇောတိရည်, ဂေါမုတ်, ဂေါမေဒက်, ကန့်တိုက်, ပုလဲ, ခရုသင်း, မျက်စဉ်း, ရာဇပင်္ဂ, အမတံသက်, ပိယက်, ဗြာဟ္မဏီ-အားဖြင့် ကျောက်ရတနာ ၂၄-မျိုးလာ၏။

ဝဇိရော မဟာနီလော ဣန္ဒနီလော မရကတော ဝေဠုရိယော ပဒုမရာဂေါ ဖုဿရာဂေါ ကက္ကေတနော ပုလာကော ဝိမလော လောဟိတင်္ကော ဖလိကော ပဝါဠော ဇောတိရသော ဂေါမုတ္တကော ဂေါမေဒကော သောဂန္ဓိကော မုတ္တာ သင်္ခေါ အဉ္ဇနမူလော ရာဇပဋ္ဋော အမတံသကော ပိယကော ဗြာဟ္မဏီ စာတိ စတုဗ္ဗီသတိ မဏိ နာမ။ ဥဒါန၊ဋ္ဌ။၉၁၊၉၂။]

(၄၉၂) မသာရဂလ္လံ ကဗရမဏိ၊ အထ မုတ္တာ စ မုတ္တိကံ။
ရိတိ’တ္ထီ အာရကူဋော ဝါ၊ အမလံ တွဗ္ဘကံ ဘဝေ။

(၄၉၂) မသာရဂလ္လံ၊ ကဗရမဏိ၊ ပတ္တမြားပြောက်။ (မြလည်း ဟူ၏။) ပတ္တမြားပြောက်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ မုတ္တာ၊ မုတ္တိကံ၊ ပုလဲ။ ပုလဲပရိယာယ် ၂-ပုဒ်။ ရိတိ၊ ကြေးဝါ။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ အာရကူဋော၊ ကြေးဝါ။ ဝါ၊ အာရကူဋ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင် တည်း။ (တေး, ခပ်ပြာလည်း ဟူ) ကြေးဝါပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ အမလံ၊ အဗ္ဘကံ၊ အဘြိုက်။ ဝါ၊ လချေး။ သမော၊ အနက် တူသည်။ ဘဝေ၊ ဖြစ်၏။

[မြ-ဟုခေါ်သော ရတနာကိုပင် ‘ပတ္တမြားပြောက်’ဟု ခေါ်ကြ သည်။ ယင်း မြအပါအဝင် ရတနာ ၉-ပါးကို ‘နဝရတ်’ဟု ခေါ်ကြ သည်။ ယင်း နဝရတ်ခေါ် လောကီရတနာ ၉-ပါးတို့ကား ပုလဲ, သန္တာ, နီလာ, စိန်, ကြောင်, မြ, ဥဿဖယား, ပတ္တမြားနှင့် ဂေါမိဒ်တို့ ဖြစ်ကုန်၏။ ယင်း ၉-ပါးအနက် စိန်, ပတ္တမြား, မြ, နီလာ-တို့သည် အဖိုးအတန်ဆုံးတို့ ဖြစ်ကုန်၏။]

(၄၉၃) ယောဟော’နိတ္တိ အဓော ကာဋ္ဌာ-ယသင်္ကု ပါဂ္ဂေ ရထော။
ကာဋ္ဌတိပု တု သီသံ၊ ဟရိတာလံ တု ပိဟာနံ။

(၄၉၃) လောဟော၊ သံ။ အယံ၊ ဤ လောဟ သဒ္ဒါသည်။ ဒွိလိင်၊ ပုလ္လိင် နပုလ္လိင်တည်း။ အယော၊ ကာဋ္ဌာယသံ၊ သံ။ သံပရိယာယ် ၃ ပုဒ်။ ပါရဒေါ၊ ရသော၊ ပြဒါး။ ပြဒါးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကာဋ္ဌတိပု၊ သီသံ၊ သလွဲမည်း။ (ခဲလည်း ဟူ။) သလွဲမည်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဟရိတာလံ၊ ပိတနံ၊ ဆေးဒန်း။ ဆေးဒန်းပရိယာယ် ၂-ပုဒ်။

[လောဟ အမျိုးအစား ၄-ပါးကို အဋ္ဌကထာ, ဋီကာတို့၌ အောက်ပါအတိုင်း ဖွင့်ဆိုကြ၏။ လောဟန္တိ ဇာတိလောဟံ ဝိဇာတိလောဟံ ကိတ္တိမလောဟံ ပိသာစလောဟန္တိ စတုဗ္ဗိဓံ။ တတ္ထ အယော သဇ္ဈုံ သုဝဏ္ဏံ တိပု သီသံ တမ္ဗလောဟံ ဝေကန္တက- လောဟန္တိ ဣမာနိ သတ္တ ဇာတိလောဟာနိ နာမ။ နာဂနာသိက- လောဟံ ဝိဇာတိလောဟံ နာမ။ ကံသလောဟံ ဝဋ္ဋလောဟံ

အာရကူဋန္တိ တိဏ္ဏံ ကိတ္တိမလောဟာနံ နာမ။ မောရက္ခကံ ပုထုကံ မလိနကံ စပလကံ သေလကံ အာဋကံ ဘလ္လကံ ဒုသိလောဟန္တိ အဋ္ဌ ပိသာစလောဟာနံ နာမ။ တေသု ပဉ္စ ဇာတိလောဟာနိ ပါဠိယံ ဝိသုံ ဝုတ္တာနေဝ။ တမ္ဗလောဟံ ဝေကန္တကန္တိ ဣမေဟိ ပန ဒွီဟိ ဇာတိလောဟေဟိ သဒ္ဓိံ သေသံ သဗ္ဗမ္ပိ ဣဓ လောဟန္တိ ဝေဒိတဗ္ဗံ။ အဘိ၊ဋ္ဌ၊ ၂။ ၆၀။ အယလောဟာဒီသု အယော နာမ ကာဠလောဟံ။ လောဟံ နာမ ဇာတိလောဟံ ဝိဇာတိလောဟံ ကိတ္တိမလောဟံ ပိသာစလောဟန္တိ စတုဗ္ဗိဓံ။ တတ္ထ အယော ရဇတံ သုဝဏ္ဏံ တိပု သီသံ တမ္ဗလောဟံ ဝေကန္တကလောဟန္တိ ဣမာနိ သတ္တ ဇာတိလောဟာနိ။ နာဂနာသိကလောဟံ ဝိဇာတိလောဟံ။ ကံသလောဟံ ဝဋ္ဋလောဟံ ဟာရကူဋန္တိ တိဏ္ဏိ ကိတ္တိမလောဟာနိ။ မောရက္ခကာဒိ ပိသာစလောဟံ။ တတ္ထ တမ္ဗလောဟံ ဝေကန္တကလောဟန္တိ ဣမေဟိ ဒွီဟိ ဇာတိလောဟေဟိ သဒ္ဓိံ သေသံ သဗ္ဗမ္ပိ ဣဓ "လောဟ"န္တိ ဂဟိတံ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊ ၂။ ၄၁၂-၃။ မ၊ ဋ္ဌီ၊ ၁။ ၆၉၊ ၇၀-လည်း ကြည့်။ ဋီကာ၌ ပါရယတိ သက္ကောတိ သဗ္ဗလောဟံ ကဋ္ဌုံ ကာတုန္တိ ပါရဒေါ= သံအားလုံးကို ရွှေဖြစ်အောင် ပြုစွမ်းနိုင်ရကား ပါရဒ-မည့်ကြောင်း ဖွင့်၏။ ဤပြဒါးဖြင့် ပွတ်လျှင် သံ-ဟူသမျှ ရွှေအဆင်း ဖြစ်သည် ဟူ၏။]

(၄၉၄) စိနပိဋ္ဌဉ္စ သိန္ဒူရံ၊ အထ တူလော တထာ ပိစု။
ခုဒ္ဒဇံ တု မဓု ခုဒ္ဒံ၊ မဓုစ္ဆိဋ္ဌံ တု သိတ္ထကံ။

(၄၉၄) စိနပိဋ္ဌံ၊ သိန္ဒူရံ၊ ဟင်းသပြဒါး။ ဝါ၊ ဆုံးမှုန့်။ ဟင်းသပြဒါး, ဆုံးမှုန့်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ တူလော၊ ပိစု၊ လဲ။ ဝါ၊ ဂွမ်း။ လဲ, ဂွမ်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ခုဒ္ဒဇံ၊ မဓု၊ ခုဒ္ဒံ၊ ပျားရည်။ ပျားရည် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ မဓုစ္ဆိဋ္ဌံ၊ သိတ္ထကံ၊ ပျားဖယောင်း။ ပျားဖယောင်း ပရိယာယ် ၂-ပုဒ်။

[ပျားရည်၏ အကျိုးကို အောက်ပါအတိုင်း ဘေသဇ္ဇမဉ္ဇူသာ၌ လာ၏။

ဟိတံ မဓု ဝိသေ သေမှေ၊ ဟိက္ကာသောဏိတမာယုသု။
ကုဋ္ဌမေဟ ကိမိဆဒ္ဒိ-ကာသသာသတိသာရဇိ။
ဝဏသောဓနေသန္ဓာန-ရောပနံ ဝါယုကောပနံ။
လူခံ ကသာဝံ မဓုရံ၊ ဂါဟီ စက္ခုပ္ပသာဒနံ။

မဓု၊ ပျားရည်သည်။ ဝိသေ၊ အဆိပ်၌ငင်း။ သေမှေ၊ သလိပ် နာ၌ငင်း။ ဟိက္ကာသောဏိတမာယုသု၊ ကြို့ထိုးနာ, သွေးနာ, သည်းခြေနာတို့၌ငင်း။ ဟိတံ၊ သင့်လျော်၏။ ကုဋ္ဌမေဟ ကိမိဆဒ္ဒိ-ကာသသာသတိသာရဇိ၊ နူနာ, ဆီးလွန်နာ, ပိုးနာ, အန်သော ရောဂါ, ချောင်းဆိုးနာ, ပန်းနာ, ဝမ်းသွန်သော အနာတို့ကို အောင်နိုင် ပျောက်စေနိုင်၏။ ဝဏသောဓနေသန္ဓာနရောပနံ၊ အနာ ပေါက်ကို သုတ်သင်တတ်, ယင်းအနာ၌ အသားတို့ကို စပ်စေ တတ်, အသားနုတက်စေတတ်၏။ ဝါယုကောပနံ၊ လေနာကို ပယ် တတ်၏။ လူခံ၊ ပိန်စေတတ်၏။ ကသာဝံ၊ ဖန်လည်းဖန်၏။ မဓုရံ၊ ချိုလည်း ချို၏။ ဂါဟီ၊ ဝမ်းကိုချုပ်စေ၏။ စက္ခုပ္ပသာဒနံ၊ မျက်စိ ကို ကြည်လင်စေတတ်၏။]

(၄၉၅) ဂေါပါလော ဂေါပဂေါသင်္ချာ၊ ဂေါမာ တု ဂေါမိကော ပျထ။
ဥသဘော ဗလီဗဒ္ဒေါ စ၊ ဂေါဏော ဂေါ ဝသဘော ဝုသော။

(၄၉၅) ဂေါပါလော၊ ဂေါပေါ၊ နွားကျောင်းသား။ (ပဋ္ဌမာ ဝိဘ-တျန္တနှင့် ဂေါပေါ-တည်း။) ဂေါသင်္ချော၊ နွားကျောင်းသား။ (ပဋ္ဌမန္တ-ကေဝုစ်နှင့် ဂေါသင်္ချော-ပြင်သည်။) နွားကျောင်းသား ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဂေါမာ၊ ဂေါမိကော၊ နွားရှိသူ။ ဝါ၊ နွားပိုင်ရှင်။ နွားရှိသူ, နွားပိုင်ရှင် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဥသဘော၊ ဗလီဗဒ္ဒေါ၊ ဂေါဏော၊ ဂေါ၊ ဝသဘော၊ ဝုသော၊ နွားလား။ (နွားထီးလည်း ဟူ) နွားလား, နွားထီး ပရိယာယ် ၆-ပုဒ်။

[သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၅။ ဓနိယသုတ်အဖွင့်၌——
ယော ဟိ အတ္တနော ဂါဝေါ ပါလေတိ၊ သော "ဂေါပေါ" တိ ဝုစ္စတိ။ ယော ပရေသံ ဝေတနေန ဘဏ္ဍော ဟုတွာ၊ သော ဂေါပါ လကော။

ကိုယ်ပိုင်နွားကျောင်းသူသည် 'ဂေါပ'၊ သူတပါး နွားကို အခစား ကျောင်းသူသည် 'ဂေါပါလက' မည်၏-ဟု အထူးဆို၏။

(ဆောင်) ကိုယ်ပိုင် ကိုယ့်နွား၊ ကျောင်းသူများ၊ ခေါ်ပြား ဂေါပဆို။

သူတပါးနွား၊ အခစားကာ၊ ကျောင်းသူမှာ၊ ဂေါပါလကဆို။

မဟာသီဟနာဒသုတ်အဖွင့် မ၊ ဋ္ဌ၊ ၁။ ၃၃၂-၌—

နွား တရာ၏ အကြီးအကဲနွားကို 'ဥသဘ'၊ နွား တထောင်၏ အကြီးအကဲနွားကို 'ဝသဘ'။ တနည်း နွားခြံ တရာ၏ အကြီးအကဲ နွားကို 'ဥသဘ'၊ နွားခြံ တထောင်၏ အကြီးအကဲနွားကို 'ဝသဘ'၊ နွားအားလုံးတို့၏ အကြီးအကဲကို 'နိသဘ'-ဟု ဆို၏။

အပိ စ ဂဝသတဇေဋ္ဌကော ဥသဘော၊ ဂဝသဟဿဇေဋ္ဌကော ဝသဘော။ ဝဇသတဇေဋ္ဌကော ဝါ ဥသဘော၊ ဝဇသဟဿဇေဋ္ဌကော ဝသဘော၊ သဗ္ဗဂဝသေဋ္ဌော သဗ္ဗပရိဿယသဟော သေတော ပါသာဒိကော မဟာဘာရဝဟော အသနိသဒ္ဒေဟိပိ အကမ္ပနိယော နိသဘော။]

(၄၃၆) ဝုဒ္ဓေါ ဇရဂ္ဂဝေါ သောထ၊ ဒမ္မော ဝစ္ဆတရော သမာ။
ဓုရဝါဟီ တု ဓောရယှော၊ ဂေါဝိန္ဒော ဓိကတော ဂဝံ။

(၄၃၆) သော၊ ထိုနွားသည်။ ဝုဍ္ဎော၊ ကြီးရင့်မူ။ ဇရဂ္ဂဝေါ၊ ဇရဂ္ဂဝ မည်၏။ ဇရဂ္ဂဝေါ၊ နွားကို။ အထ၊ ထိုမှတပါး။ ဒမ္မော၊ နွားပေါက်။ ဝစ္ဆ-တရော၊ နွားပေါက်။ သမာ၊ အနက်တူကုန်၏။ (နွားပိုက်, ဆုံးမလောက်သော နွားလည်း ဟူ) နွားပေါက် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဓုရဝါဟီ၊ ဓောရယှော၊ ခိုင်းနွား။ ဝါ၊ ဝန်ဆောင်နွား။ ခိုင်းနွား ပရိယာယ် ၂-ပုဒ်။ ဂဝံ၊ နွားတို့ကို။ အဓိကတော၊ အစိုးရသောသူသည်။ ဂေါဝိန္ဒော၊ ဂေါဝိန္ဒမည်၏။

[ဒမ္မ, ဝစ္ဆတရ-ကို 'နွားမိဿင်း' ဟုလည်း လိုစဉ် ခေါ်ကြောင်း ဋီကာနိသျဆရာတော် ဆို၏။ ဓုရဝါဟီ-ကို "ဓုရံ ဝဟတိ သီလေနာတိ ဓုရဝါဟီ" ဟူ၍ရင်း၊ ဓောရယှ-ကို "ဓုရံ ဝဟိတုမရဟတီတိ ဓောရယှော" ဟူ၍ရင်း ဋီကာ၌ ဝိဂ္ဂဟ်ပြု၏။]

(၄၉၇) ဝဟော စ ခန္ဓဒေသောထ၊ ကကုဓော ကကု ဝုစ္စတေ။
အထော ဝိသာဏံ သိင်္ဂံ စ၊ ရတ္တဂါဝီ တု ရောဟိဏီ။

(၄၉၇) ခန္ဓဒေသော၊ ပခုံးအရပ်သည်။ ဝဟော၊ ဝဟမည်၏။ ဝါ၊ နွားပခုံးမည်၏။ အထ၊ ထိုမှတပါး။ ကကုဓော၊ နွားလပို့။ ကကု၊ နွားလပို့။ သမော၊ အနက်တူ၏ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ နွားလပို့ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ ဝိသာဏံ၊ ဦးချို။ သိင်္ဂံ၊ ဦးချို။ ဦးချိုပရိယာယ် ၂ ပုဒ်။ တု၊ ထိုမှတပါး။ ရတ္တဂါဝီ၊ နွားမနီ။ ရောဟိဏီ၊ နွားမနီ။ နွားမနီပရိယာယ် ၂-ပုဒ်။

[ဒ-ကို ဓ-ပြု၍ ကကုဓ-ဟူ၍ရင်း၊ ဒ-ကို ဓ-မပြုပဲ ကကုဒ-ဟူ၍ ရင်း ၂-မျိုးရှိသင့်ကြောင်း ဋီကာဆရာဆို၏။ ဂုန္နံ အန္တရေ ဇေဌ္ဌ-ကဿ ပိဋ္ဌိယံ ကကုဓံ ဟောတိ။ ဇာ၊ ဋ္ဌ၊ ၂။ ၂၀၅။ ကကု-ကား ကုက-ဓာတ် ဥ-ပစ္စည်းဖြင့်ပြီး၏။ ရှေးကု-၌ ဥ-ကို အ-ပြု။ စလက္ကု (ဇာ၊ ၁။ ၂၉၁)တိ စလမာန ကကုဓော။ ဇာ၊ ဋ္ဌ၊ ၄။ ၃၃၁။

နွားရွှေနီ, နွားရွှေဝါ, နွားပြာ-စသည်တို့တွင် နွားရွှေနီ နှင့် နွားရွှေဝါတို့သည် ခိုင်းရန် အကောင်းဆုံး-ဟု ဆိုကြသည်။ နွားပြာမှာ ဒုံးခံနိုင်၏။ ထန်းသီးမွေးရောင်နှင့် နွားကျားမှာ အညံ့ဆုံးဖြစ်၏။ နွားပြာနီအရောင်တွင် အမဲရောင် အနည်းငယ် သမ်းလျှင် 'နွားပြာနီမှင်ကွပ်'ဟု ခေါ်သည်။ နွားမနီသည် နွားမျိုးကောင်း နွားမတို့တွင် ပါဝင်၏။ သို့ဖြစ်၍ ဤကျမ်း၌ ရတ္တဂါဝီ, ရောဟိဏီ-ကို ပရိယာယ် ထုတ်ဟန်ရှိသည်။]

(၄၉၈) ဂါဝီ စ သိင်္ဂိနီ ဂေါ စ၊ ဝစ္ဆာ တု ကလျတေ ဝသာ။
နဝပ္ပသူတိကာ ဓေနု၊ ဝဇ္ဈကာမာ တု ဝဇ္ဈလာ။

(၄၉၈) ဂါဝီ၊ သိင်္ဂိနီ၊ ဂေါ၊ နွားမ။ နွားမပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဝစ္ဆာ၊ နွားမြုံကို။ ဝသာ၊ ဝသာဟူ၍။ ကလျတေ၊ ဆိုအပ်၏။ နဝပ္ပသူတိကာ၊ သားဖွားခါစ နွားမသည်။ ဓေနု၊ ဓေနုမည်၏။ တု၊ ထိုမှတပါး။ ဝဇ္ဈကာမာ၊ သားငယ်ကိုခင်သော နွားမသည်။ ဝဇ္ဈလာ၊ ဝဇ္ဈလာမည်၏။

[လောကီကျမ်းများ၌ နေစိကီ၊ အမြဲထာဝရ ပွါးစီးသောနွားမ။ သဗလီ၊ နွားကြောင်မ။ ဓဝလီ၊ နွားဖြူမ။ စာဥမ။ ဒွိဟာယနီ၊ နှစ်နှစ်ရှိ နွားမ။ ဧကဟာယနီ၊ တနှစ်ရွယ်ရှိ နွားမ။ ဝတောကာ၊ ဖုံးစားတတ်သောနွားမ၊ ဝေဟဒါ၊ ကိုယ်ဝန်ဖျက်တတ်သော နွားမ။ ကညာ၊ ကိုယ်ဝန် ဖျက်တတ်သော နွားမ။ ဂဗ္ဘောပလာတိနီ၊ ကိုယ်ဝန် ဖျက်တတ်သော နွားမ။ ဝါလဂဗ္ဘိနီ၊ ကြမ်းသော ကိုယ်ဝန်ဆောင် နွားမ။ သုကညာ၊ မကြမ်းသောနွားမ။ စိရသုတာ၊ သားနည်းသော နွားမ။ သုဗ္ဗတာ၊ ယဉ်ကျေးသော နွားမ။ ပီဝရထနီ၊ နို့ရည်ပြည့် သော နွားမ။ ဒေါဏခီရာ၊ နို့ရည်တစိတ်ခန့်ယိုသော နွားမ။ သမံသ-မိနာ၊နှစ်ချင်းကျ နွားမ။ သာသနာ၊ နွားလည်ပျဉ်း။ ဇန္တုကာ၊ ယခုဖွားသော နွားမ-ဟူ၍ နွားမ အမျိုးမျိုးတို့ လာကုန်၏။]

(၄၉၉) ဂဂ္ဂရီ မန္ထနီ’တ္ထီ ဒွေ၊ သန္ဒာနံ ဒါမ မုစ္စတေ။
ဂေါမိဠှော ဂေါမယော’နိတ္ထီ၊ အထော သပ္ပိ ဃတံ ဘဝေ။

(၄၉၉) ဂဂ္ဂရီ၊ မန္ထနီ၊ မွှေအိုး။ ဒွေ၊ နှစ်ပုဒ်တို့သည်။ ဣတ္ထီ၊ ဣတ္ထိလိင်တို့တည်း။ မွှေအိုး ပရိယာယ် ၂-ပုဒ်။ သန္ဒာနံ၊ ဒါမံ၊ နွားချည်ကြိုး။ သမော၊ အနက်ဘူ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ နွားချည်ကြိုး ပရိယာယ် ၂-ပုဒ်။ ဂေါမိဠှော၊ ဂေါမယော၊ နွားချေး။ အနိတ္ထီ၊ ပုလ္လိင် နပုလ္လိင်ချည်းတည်း။ နွားချေး ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ သပ္ပိ၊ ဃတံ၊ ထောပတ်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ထောပတ် ပရိယာယ် ၂-ပုဒ်။

[ ဂဂ္ဂရီ, မန္ထနီ-တို့ကို ‘နွားနို့အိုး’ ဟုလည်း ပြန်ဆိုတော်မူကြသည်။ မွှေအိုးကား ပို၍ သင့်မြတ်ဖွယ် ရှိ၏။ ဂဂ္ဂတိ သဒ္ဒံ ရောတီတိ ဂဂ္ဂရီ၊ မန္ထတိ ယသာ မန္ထနီ၊ မန္ထ ဝိလောဠနေ။ ဋီကာ။

ထောပတ်ကို အသက် ၄၀-ကျော်လျှင် စားသုံးသင့်သည်။ ထောပတ်သည် ဆိမ့်၏၊ မျက်စိနှင့် သင့်၏၊ သည်းခြေ, လေနာ-တို့ကိုလည်း နိုင်၏၊ ဉာဏ်ပညာကို တိုးပွါးစေတတ်၏၊ အသိ, သတိကို ဖြစ်စေတတ်၏။ အားကုန်ခန်းသော ရောဂါ, ဝက်သက်နာ, သွေးနာ-တို့ကိုလည်း နိုင်၏။]

(၅၀၀) နဝုဒ္ဒင့် တု နေဒနီတံ၊ ဒဓိမဏ္ဍံ တု မတ္ထု စ။
ခီရံ ဒုဒ္ဓံ ပယော ထည်၊ တက္ကံ တု မထိတံ ပျထ။

(၅၀၀) တု၊ ထိုမှတပါး။ နဝုဒ္ဒင့်၊ နေဒနီတံ၊ ဆီဥ။ ဆီဥ-ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဒဓိမဏ္ဍံ၊ မတ္ထု၊ ဒိန်ရည်။ ဒိန်ရည် ပရိယာယ် ၂-ပုဒ်။ ခီရံ၊ ဒုဒ္ဓံ၊ ပယော၊ ထည်၊ နို့ရည်။ နို့ရည် ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ တက္ကံ၊ မထိတံ၊ ရက်တက်ရည်။ ရက်တက်ရည် ပရိယာယ် ၂-ပုဒ်။

[ဆီဥ-ကို 'မသကာ' ဟူ၍၎င်း၊ 'ထောပေး' ဟူ၍၎င်း ခေါ် သည်။ မလိုင်နှင့်ထောပေး အတူတူဟူ၍လည်း ဆိုကြ၏။ နွားနို့မှ ဖြစ်သော ထောပေးသည် လူအားလုံးနှင့် သင့်၏၊ သုက်ကို ပွါးစေ၏၊ အရုပ်အဆင်း, အား, ဝမ်းမီးကို ပြုတတ်၏။ နဝနီတ-လည်း ဆီဥ-ဟောပရိယာယ်၊ စာပေ၌ အသုံးများ၏။

ဒိန်ရည်ကို 'နို့ဓမ်းကြည်' ဟုလည်း ခေါ်သည်။ နို့ရည် (နွားနို့) ကို သက္ကတကျမ်းများ၌ 'မဟာဩသဓ'-ဟု ဆိုသည်။ ဆေးကောင်း ဆေးမြတ် ဟူ၏။ တက္ကကို ဋီကာ၌ "တိဏ္ဏိ ကာနိ ဇလဘာဂါနိ ဧတ္ထ သန္တီတိ တက္ကံ" ဟု ဝိဂြိုဟ်ပြု၏။ ရေက ၃-ဖို့ နွားနို့တဖို့ ပါသော နို့ကျဲသည် ရက်တက်ရည် ဟူ၏။

လောကီကျမ်း တချို့၌ ထက်ဝက် ရေရောသော နို့ရည်ကို 'ဥဒဿိတ'၊ ရေ ၃-ဖို့ နွားနို့ တဖို့ ရောသော နို့ရည်ကို 'တက္က'၊ ရေမပါသော နို့ရည်ကို 'မထိတ' မည်ကြောင်း အောက်ပါ ဂါထာ ဖြင့် ပြဆို၏။

အဍ္ဍောဒကသမာယုတ္တံ၊ ဥဒဿိတ မုဒီရိတံ။
တက္ကံ တိဘာဂသံယုတ္တံ၊ မထိတန္တိ ဂတောဒကံ။

ဋီကာ။ ၃၃၇-နှာ။]

(၅၀၁) ခီရံ ဒဓိ ဃတံ တက္ကံ၊ နေဒနီတံ ပဉ္စ ဂေါရသာ။
ဥရဗ္ဘော မေဏ္ဍမေသာ စ၊ ဥရဏော အဝိ ဧဠကော။

(၅၀၁) ခီရံ၊ နို့ရည်၎င်း။ ဒဓိ၊ နို့ဓမ်း၎င်း။ ဃတံ၊ ထောပတ်၎င်း။ တက္ကံ၊ ရက်ဘက်၎င်း။ နေဒနီတံ၊ ဆီဥ၎င်း။ ဣတိ၊ ဤသို့။ (ထည့်)

လ္လမေ ပဥ္စ၊ ဤ ငါးပါးတို့ကား။ ဂေါရသာ၊ ဂေါရသတို့ မည်ကုန်၏။ ဝါ၊ နွားမှဖြစ်သော အရသာတို့ မည်ကုန်၏။ ဥရဗ္ဘော၊ မေဏ္ဍော၊ မေသော၊ ဥရဏော၊ အဝိ၊ ဧဠကော၊ သိုး။ သိုးပရိယာယ် ၆-ပုဒ်။

[ရတနမာလာ၌ "ခီရဇံ, ဒဓိ, မင်္လံ" ဟု နို့ဓမ်းဟော ပရိယာယ် ၃-ပုဒ် လာ၏။ ယင်းဂေါရသ ၅-မျိုးကား ပိဋကတ်တော်၌ ထင်ရှားလှ၏။ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ ဂေါရသေ ခီရံ ဒဓိံ တက္ကံ နဝနီတံ သပ္ပိံ။ ဝိ၊ ၃။ ၃၄၂။ သတ္တာဟံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ပဏီတံ ပဉ္စဂေါရသဒါနံ အဒါသိ။ ဓမ္မ၊ဋ္ဌ၊၁။၂၀၅။

မေဏ္ဍမေသာ-ကို မေဏ္ဍော, မေသော-ဟု အခိုက်အတန့်ပြင်၍ ယောဇနာသည်။ သိုးကို 'ဆိတ်ကုလား' ဟူ၍လည်း ခေါ်ကြသည်။ အိန္ဒိယနိုင်ငံ-စသည့် ကုလားနိုင်ငံများ၌ ပေါများသော သတ္တဝါများဖြစ်၍ 'ဆိတ်ကုလား' ဟု ရှေးကသုံးသည်။ ယခုခေတ် ဆိတ်ကုလားဟူ၍ လူအများ မသုံးကြချေ။]

(၅၁၂) ဝသ္တော တ္ဆော ဆဂလကော၊ဩဋ္ဌော တု ကရဘော ဘဝေ။
ဂဒြဘော တု ခရော ဝုတ္တော၊ ဥရဏီ တု အဝိ အဇာ။
လ္လတိ ဝေဿဝဂ္ဂေါ။

(၅၀၂) တု၊ ထိုမှတပါး။ ဝသ္တော၊ အဇော၊ ဆဂလကော၊ ဆိတ်။ ဆိတ်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဩဋ္ဌော၊ ကရဘော၊ ကုလားအုတ်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ကုလားအုတ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဂဒြဘော၊ ခရော၊ မြည်း။ သမော၊ အနက်တူ၏ ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဥရဏီ၊ အဝိ၊ သိုးမ။ သိုးမ ပရိယာယ် ၂-ပုဒ်။ အဇာ၊ ဆိတ်မ။

[ကုလားအုတ်ကို သီဟိုဠ်အခေါ် "ဩဋ္ဋုဝေါ" ဖြစ်သည်။ သဲကန္တာရတွင် အလွန်အသုံးဝင်သော သတ္တဝါဖြစ်သဖြင့် ကုလားအုတ်ကို 'ကန္တာရသင်္ဘော' ဟု ခေါ်ကြသည်။ ကုန်သည်များသည် သဲကန္တာရကို ကုလားအုတ်များစီး၍ သွားလာကြရသည်။ အာရပ်နိုင်ငံများ, အိန္ဒိယနိုင်ငံ, မွန်ဂိုလီယားနိုင်ငံ အစရှိသည်တို့၌ ကုလားအုတ်ကို ဝန်တင်သတ္တဝါအဖြစ် များစွာအသုံးပြုကြ၏။

သီဟိုဠ်မူ အဘိဓာန်၌ "ဥရဏီ တု အဇီ အဇာ" ဟု ရှိသည်။ သုဘူတိနိသျ-၌ 'ဆိတ်မ' ဟု ပြန်၏။]

ဝေဿဝဂ္ဂေါ၊ ဝေဿဝဂ်သည်။ ဇူတိ၊ အောင်လံစိုက်ဆောက်အပြီးသို့ ရောက်ပြီ။

---

## သုဒ္ဒဝဂ်

(၅၀၃) သုဒ္ဒေါ'န္တဝဏ္ဏော ဝသလော၊ သံကိဏ္ဏာ မာဂဓာဒယော။
မာဂဓော သုဒ္ဒခတ္တာဇော၊ ဥဂ္ဂေါ သုဒ္ဒါယ ခတ္တဇော။

(၅၀၃) သုဒ္ဒေါ၊ အန္တဝဏ္ဏော၊ ဝသလော၊ သုဒ္ဒမျိုး။ သုဒ္ဒမျိုး ပရိယာယ် ၃-ပုဒ်။ မာဂဓာဒယော၊ မာဂဓ-အစရှိသည်တို့သည်။ သံကိဏ္ဏာ၊ ရောစပ်သော အမျိုးတို့တည်း။ သုဒ္ဒခတ္တာဇော၊ သုဒ္ဒမျိုးယောကျ်ားကြောင့် မင်းမျိုးမိန်းမမှ ဖွားမြင်သော သားသည်။ မာဂဓော၊ မာဂဓ မည်၏။ သုဒ္ဒါယ ခတ္တဇော၊ သုဒ္ဒမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားမြင်သော သားသည်။ ဥဂ္ဂေါ၊ ဥဂ္ဂ မည်၏။

[သုဒ္ဒ, အန္တဝဏ္ဏ, ဝသလ-တို့ကို 'သူဆင်းရဲမျိုး, သူယုတ်မျိုး' ဟု ပြန်နိုင်၏။ ဇဃညဇ-လည်း သုဒ္ဒမျိုးဟော ပရိယာယ် ဖြစ်၏။ ဇဃညဇော ပဇ္ဇာ။ ဗြဟ္မုနော ဇဃညင်္ဂေ ပါဒေ ဇာတော ဇဃညဇော။ ဋီကာ။]

(၅၀၄) ဒွိဇာ ခတ္တိယဇော သူတော၊ ကာရု တု သိပ္ပိကော ပုမေ။
သံဃာတော တု သဇာတီနံ၊ ဇေဏီ သေဏိ ဒွိသု'စ္စတေ။

(၅၀၄) ဒွိဇာ ခတ္တိယဇော၊ ပုဏ္ဏားမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားမြင်သော သားသည်။ သူတော၊ သူတမည်၏။ တု၊ ထိုမှတပါး။ ကာရု၊ သိပ္ပိကော၊ အတတ်သည်။ ဝှမေ၊ ဤသဒ္ဒါတို့သည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တု၊ ထိုမှတပါး။ သဇာတီနံ၊ အမျိုးတူ ဖြစ်ကုန်သော။ ဇေသံ၊ ထိုလက်သမားတို့၏။ သံဃာတော၊ အပေါင်းကို။ သေဏိ၊ သေဏီဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ ဒွိသု၊ ဣတ္ထိလိင် ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။

[သက္ကတအဘိဓာန်တို့၌—

သုဒ္ဒါဝေဿေဟိ ကရဏော-မ္ဗဋ္ဌော ဝေဿာဒွိဇာတိဟိ။
မာဟိဿော ဝေဿာဓတ္တဇော၊ ခတ္တာ ခတ္တာယ သုဒ္ဒဇော။

ဗြာဟ္မဏိခတ္တဇော သူတော၊ တဿံ ဝေဒေဟကော ဝေဿာ။
ရထကာရော တု မာဟိဿာ၊ ကရဏျာ ယဿ သမ္ဘဝေါ။
စဏ္ဍာလော ၎ာမ ဇနိတော၊ ဗြာဟ္မဏိသလေဟိ ယော—

ဟူသော ဂါထာများဖြင့် အမျိုးများ ရောနှော ယုက်တင်ပုံကို ဖော်ပြ၏။

သုဒ္ဒါဝေဿေဟိ၊ အမိသူဆင်းရဲမျိုး အဘကုန်သည်မျိုးတို့မှ။ ဇာတော၊ ဖွားမြင်သော သားသည်။ ကရဏော၊ ကရဏ မည်၏။ ဝေဿာဒွိဇာတိဟိ၊ အမိသူကြွယ်မျိုး အဘပုဏ္ဏားမျိုးတို့မှ။ ဇာတော၊ မွေးဖွားသူသည်။ အမ္ဗဋ္ဌော၊ အမ္ဗဋ္ဌမည်၏။ ဝေဿာခတ္တဇော၊ အမိသူကြွယ်မျိုး အဘမင်းမျိုးတို့မှ မွေးဖွားသော သားသည်။ မာဟိ-ဿော၊ မာဟိဿ မည်၏။ ခတ္တာယ၊ အမိမင်းမျိုးမှ။ သုဒ္ဒဇော၊ အဘသူဆင်းရဲမျိုးကြောင့် မွေးဖွားသော သားသည်။ ခတ္တာ၊ ခတ္တမည်၏။ ဗြာဟ္မဏိခတ္တဇော၊ ပုဏ္ဏားမျိုးမိန်းမမှ မင်းမျိုး ယောကျ်ားကြောင့်ဖြစ်သော သားသည်။ သူတော၊ သူတမည်၏။ တဿံ၊ ထိုပုဏ္ဏားမျိုးမိန်းမ၌။ ဝေဿာ၊ ကုန်သည်မျိုး ယောကျ်ား ကြောင့်၊ ဇာတော၊ ဖွားမြင်သောသားသည်။ ဝေဒေဟကော၊ ဝေဒေဟက မည်၏။ တု၊ ထိုမှတပါး။ ယဿ၊ အကြင်သား၏။ မာဟိဿာ၊ မာဟိဿမျိုး ယောကျ်ားကြောင့်။ ကရဏျာ၊ ကရဏ မျိုး မိန်းမ၌။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထို သားသည်။ ရထကာရော၊ ရထကာရမည်၏။ ယော၊ အကြင် သားသည်။ ဗြာဟ္မဏိသလေဟိ၊ ပုဏ္ဏားမျိုးမိန်းမမှ သုဒ္ဒမျိုး ယောကျ်ားတို့ကြောင့်။ ဇနိတော၊ ဖြစ်၏။ သော၊ ထိုသားသည်။ စဏ္ဍာလော နာမ၊ စဏ္ဍာလမည်၏။

လိုရင်းအချုပ်ကား အမိသူဆင်းရဲမျိုးနှင့် အဘကုန်သည်မျိုး ကြောင့် ဖွားသောသားသည် 'ကရဏ'၊ အမိသူကြွယ်နှင့် အဘ

ပုက္ကုသမျိုးကြောင့် ဖွားမြင်သောသားသည် 'အမ္ဗဋ္ဌ'၊ အမိသူကြွယ်နှင့် အဘမင်းမျိုးမှ ဖွားမြင်သောသားသည် 'မာဟိဿ'၊ အမိမင်းမျိုးနှင့် အဘသူဆင်းရဲကြောင့် ဖွားမြင်သူသည် 'ခတ္တ'၊ ပုဏ္ဏေးမနှင့် မင်းမျိုး ယောကျ်ားကြောင့် မွေးဖွားသူသည် 'သူတ'၊ ပုဏ္ဏေးမနှင့် ကုန်သည်မျိုးယောကျ်ားကြောင့် မွေးဖွားသောသားသည် 'ဝေဒေဟက'၊ မဟိဿမျိုး ယောကျ်ားကြောင့် ကရဏမျိုးမိန်းမမှ မွေးသောသားသည် 'ရထကာရ'၊ ပုဏ္ဏေးမမှ သုဒ္ဒမျိုးကြောင့် မွေးဖွားသောသားသည် 'စဏ္ဍာလ' မည်၏-ဟု ဆို၏။]

(၃၀၅) တစ္ဆကော ဟန္တဝါယော စ၊ ရဇကော စ နဟာပိတော။
ပဉ္စမော စမ္မကာရော တိ၊ ကာရဝေါ ပဉ္စိမေ သိယုံ။

(၃၀၅) တစ္ဆကော၊ လက်သမားရင်း။ တန္တဝါယော၊ ယက်ကန်းသည်ရင်း။ ရဇကော၊ ကဝါသည်ရင်း။ နဟာပိတော၊ ဆတ္တာသည်ရင်း။ ပဉ္စမော၊ ငါးယောက်မြောက် ဖြစ်သော။ စမ္မကာရော၊ ဘိနပ်ချုပ်သမားရင်း။ (သားရေနယ်သမားရင်း။) ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သရုပ်အားဖြင့်။ ဣမေ ပဉ္စ၊ ဤ ငါးယောက်တို့သည်။ ကာရဝေါ၊ အတတ်သည်တို့ မည်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

[တစ္ဆက-ကို တံစည်းသမား ဟူ၍လည်း အနက်ပြန်ကြ၏။ လက်သမား ဗိသုကာ-တည်း။ ကျောက်ထွင်းသမား, ကျောက်ထုသမား, ကျောက်ဆစ်သမားကိုလည်း တစ္ဆက-ဟု သုံးသည်လည်း ရှိ၏။ တစ္ဆကကမ္မန္တိ ပါသာဏကောဋ္ဋနာဒိဝစုကိကမ္မံ။ ဂိမတိ၊ ၂။ ၂။ ပါသာဏကမ္မကာရာတိပိ ကေစိ။ ဝဇီရ။ ၂၀၀။]

(၃၀၆) တစ္ဆကော ဝဍ္ဍကီ မတော၊ ပလဂဏ္ဍော ထပတျပိ။
ရထကာရော သုဝဏ္ဏကာရော နာဠိန္ဓမော ဘဝေ။

(၃၀၆) တစ္ဆကော၊ ဝဍ္ဍကီ၊ ပလဂဏ္ဍော၊ ထပတိ၊ ရထကာရော၊ လက်သမား။ သဗ္ဗော၊ အလုံးစုံသော ပုဒ်အပေါင်းကို။ သမော၊ အနက်တူ၏ ဟူ၍။ မတော သိအပ်၏။ လက်သမား ပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှတပါး။ သုဝဏ္ဏကာရော၊ နာဠိန္ဓမော၊ ရွှေပန်းထိမ်သည်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ရွှေပန်းထိမ်သည် ပရိယာယ် ၂-ပုဒ်။

[ထပတိ-ကို "ဝတ္ထုဝိဇ္ဇာယ ဝုတ္တဝိဓိနာ ကတ္တဗ္ဗနိဿယာနိ ဌပေတီတိ ထပတိ"ဟု သံ၊ဋီ၊၂။၃၅၉-၌ ဝိဂ္ဂြိုဟ်ပြု၏။ ဋီကာ၌ နာဠိဓမေ-ဟု ရှိ၏။ "နာဠိ" ဓမတိ မုခေ ဝံနာဿယိတွာ မုခဝါ-ယုနာ အဂ္ဂိဒီပနတ္ထံ နာဠိ" သဒ္ဒါပယတီတိ နာဠိဓမော"ဟု ဝိဂ္ဂြိုဟ်ပြုသည်။ သီဟိုဠ်မူ နာဠိန္ဓမော-ဟူ၍ပင် ရှိ၏။]

(၅၀၇) တန္တဝါယော ပေသကာရော၊
မာလာကာရော တု မာလိကော။
ကုမ္ဘကာရော ကုလာလော ထ၊
တုန္နဝါယော စ သူစိကော။

(၅၀၇) တန္တဝါယော၊ပေသကာရော၊ယက်ကန်းသည်။ယက်ကန်းသည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မာလာကာရော၊ မာလိကော၊ ပန်းသည်။ ပန်းသည် ပရိယာယ် ၂-ပုဒ်။ ကုမ္ဘကာရော၊ ကုလာလော၊ အိုးထိန်းသည်။ အိုးထိန်းသည် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ တုန္နဝါယော၊ သူစိ-ကော၊ အပ်ချုပ်သည်။ အပ်ချုပ်သည် ပရိယာယ် ၂-ပုဒ်။

[ဋီကာ၌ ကုလာလ ကို "ကုံ လလယတိ ဣစ္ဆတီတိ ကုလာ-လော"ဟု ဖွင့်၏။ လလ-ဓာတ် ဏ-ပစ္စည်းဖြင့် ပြီးသောပုဒ်တည်း။ မြေကိုအလိုရှိထတ်ရကား ကုလာလ-မည်၏ ဟူလို။ မောဂ်။၁၇၅-၌ "ကုလတိ အတ္တနော သိပ္ပံ ပတ္တရတီတိ ကုလာလော"ဟု ဝိဂ္ဂြိုဟ် ပြုသည်။ ဘဂ္ဂဝ-လည်း အိုးထိန်းသည်တို့၏ အမည်အနွယ် ဖြစ်၏။ ဘဂ္ဂဝါတိ ကုမ္ဘကာရံ အာလပတိ။ ကုမ္ဘကာရာနံ ဟိ နာမ ဂေါတ္တ-ပညတ္တိ ဧသာ၊ ယဒိဒံ ဘဂ္ဂဝါတိ။ ဧ၊ဋ္ဌ၊၂။၇၃။ ကစ္စပဇာတ်။]

(၅၀၈) စမ္မကာရော ရထကာရော၊ ကပ္ပကော တု နဟာပိတော။
ရင်္ဂါဇီဝေါ စိတ္တကာရော၊ ပုက္ကုသော ပုပ္ဖဆဍ္ဍကော။

(၅၀၈) စမ္မကာရော၊ ရထကာရော၊ သားရေနယ်သမား။ ဝါ၊ ဘိနပ်ထိုးသမား။ သားရေနယ်သမား, ဘိနပ်ထိုးသမား ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကပ္ပကော၊ နဟာပိတော၊ ဆေတ္တာသည်။ ဆေတ္တာသည် ပရိယာယ် ၂-ပုဒ်။ ရင်္ဂါဇီဝေါ၊ စိတ္တကာရော၊ ပန်းချီသမား။ (ပန်းဆိုး

သမား, ဆေးဆိုးပန်းရိုက် သမားလည်း ဟူ။) ပန်းချီသမား ပရိယာယ် ၂-ပုဒ်။ ပုက္ကုသော၊ ပုပ္ဖဆဍ္ဍကော၊ ပန်းမှိုက်သွန်။ (ဘင်ကျုံးသမားလည်း ဟူ) ပန်းမှိုက်သွန် ပရိယာယ် ၂-ပုဒ်။

[ပုက္ကုသော-ကို "ပုဋ္ဌံ ကသတီတိ ပုက္ကုသော"ဟု ဝိဂ္ဂြိုဟ်ပြု၏။ ပုပ္ဖဆဍ္ဍက-ကို "ပုပ္ဖံ ဝုစ္စတိ ကရီသံ, ကုသုမံ ဝါ တံ ဆဍ္ဍေတီတိ ပုပ္ဖဆဍ္ဍကော"ဟု ဝိဂ္ဂြိုဟ်ပြု။ ဋီကာ-လည်း ကြည့်။]

(၅၀၉) ဝေနော ဝိလီဝကာရော စ၊ နဠကာရော သမာ တယော။
စုန္ဒကာရော ဘမကာရော၊ ကမ္မာရော လောဟကာရကော။

(၅၀၉) ဝေနော၊ ဝိလီဝကာရော၊ နဠကာရော၊ နှီးသမား။ တယော၊ သုံးပုဒ်တို့သည်။ သမာ၊ တူကုန်၏။ နှီးသမားပရိယာယ် ၃-ပုဒ်။ စုန္ဒကာရော၊ ဘမကာရော၊ ပန်းပွတ်သမား။ ပန်းပွတ်သမားပရိယာယ် ၂-ပုဒ်။ ကမ္မာရော၊ လောဟကာရကော၊ ပန်းပဲသမား။ ပန်းပဲသမားပရိယာယ် ၂ ပုဒ်။

[စုန္ဒံ ကရောတီတိ စုန္ဒကာရော-ဟု သူစိ-၌ ဝိဂ္ဂြိုဟ်ပြု၏။ ပန်းပွတ်သမား၊ ပွတ်သမား၊ ပန်းထွင်းသမား၊ ဆင်စွယ်ပွတ်သမား-ဟော တည်း။ စုန္ဒကာရေ ပက္ကောသာပေတွာ သုဠူ လိခါပေတွာ။ ဇာ၊ ဠ၊၆။၁၇၅။

ကမ္မာရ-သဒ္ဒါ ပန်းပဲသမား, ပန်းထိမ်သမား ၂-မျိုးဟော တည်း။ အယကမ္မ လောဟကမ္မာဒိနာ ကမ္မေန ဇီဝတီတိ ကမ္မာ-ရော။ အပ၊ဋ္ဌ၊၂။ ၁၆။ ကမ္မာရော ဝုစ္စတိ သုဝဏ္ဏကာရော။ မဟာနိ။ ၃၇၂။ ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။ ဓမ္မ။၄၇။]

(၅၁၀) နိန္နေဇကော စ ရဇကော၊ နေတ္တိကော ဥဒဟာရကော။
ဝီဏာဝါဒီ ဝေဏိကောထ၊ ဥသုကာရော'သုဝဍ္ဎကီ။

(၅၁၀) နိန္နေဇကော၊ ရဇကော၊ ကဝါသည်။ (ကုဟာသည်လည်း ဟူ။) ကဝါသည် ပရိယာယ် ၂-ပုဒ်။ နေတ္တိကော၊ ဥဒဟာရကော၊ မြောင်းဖြင့် ရေကိုဆောင်သူ။ မြောင်းဖြင့် ရေကိုဆောင်သူပရိယာယ် ၂-ပုဒ်။ ဝီဏာဝါဒီ၊ ဝေဏိကော၊ စောင်းတီးသမား။ စောင်းတီးသမားပရိယာယ် ၂-ပုဒ်။ အထ၊

ထိုမှတပါး။ ဥသုကာရော၊ ဥသုစကီ၊ မြားလုပ်သူ။ မြားလုပ်သူ ပရိယာယ် ၂-ပုဒ်။

[နေတပ္ပဋ္ဌာန် ဥဒက် နယန္တိတိ နေတ္တိကာ။ မဂ္ဂ၊၃။၁၅၈။ ဝစကီ-သဒ္ဒါ အတတ်သည် အားလုံးကို ဟောသည်။ သို့ဖြစ်၍ သုဝဏ္ဏဝစကီ၊ ရွှေလက်သမား၊ ရွှေပန်းထိမ်သည်။ တန္တဝစကီ၊ ယက်ကန်းလက်သမား၊ယက်ကန်းသည်၊ ဤသို့ စသည်ဖြင့် ယှဉ်စပ်ရာ၏။]

(၅၁၁) ဝေဏုဓမော ဝေဏဝိကော၊ ပါဏိဝါဒေါ တု ပါဏိဃော။
ပူပိယော ပူပပဏိယော၊ သောဏ္ဍိကော မဇ္ဇဝိက္ကယီ။

(၅၁၁) ဝေဏုဓမော၊ ဝေဏဝိကော၊ နှဲပုလွေမှုတ်သူ။ နှဲပုလွေမှုတ်သူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပါဏိဝါဒေါ၊ ပါဏိဃော၊ လက်ခုပ်တီးသမား။ လက်ခုပ်တီးသမားပရိယာယ် ၂-ပုဒ်။ ပူပိယော၊ ပူပပဏိယော၊ မုန့်သည်။ မုန့်သည်ပရိယာယ် ၂-ပုဒ်။ သောဏ္ဍိကော၊ မဇ္ဇဝိက္ကယီ၊ အရက်ရောင်းသူ။ အရက်ရောင်းသူပရိယာယ် ၂-ပုဒ်။ (သေရောင်းသူ, ထန်းရေရောင်းသူလည်း ဟူ။)

[သောဏ္ဍိက-ပုဒ်၌ သေဟောင်းကုပ်သည် 'သုဏ္ဍာ'မည်၏။ သုဏ္ဍော ဝိတာ သောဏ္ဍာ။ သေဟောင်းကုပ် (ဘုံဆိုင်)၌ တည်ရှိရကား သေရည်သည်။ ဝါ၊ အရက် ပည် 'သောဏ္ဍ'မည်၏။ သောဏ္ဍံ ဝိက္ကိဏာတိတ် သောဏ္ဍိကော။ သံယောဂန္တဖြစ်လျက် ဝုဒ္ဓိရောက်သည်ကား ဒေနန နိဒ္ဒိဋ္ဌမနိစ္စံ။ ကလာပ်။၁၂။၁၈-သုတ် ပရိဘာသာရှိရကား ဏ-အနုဗန်ဖြင့် ညွှန်ပြခြင်းကား မမြဲ ဟူလို။]

(၅၁၂) မာယာ တု သမ္ဗရီ မာယာ-ကာရော တု ဣန္ဒဇာလိကော။

(၅၁၂) တု၊ ထိုမှတပါး။ မာယာ၊ သမ္ဗရီ၊ မျက်လှည့်။ မျက်လှည့် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မာယာကာရော၊ ဣန္ဒဇာလိကော၊ မျက်လှည့်သမား။ မျက်လှည့်သမားပရိယာယ် ၂-ပုဒ်။

[မယေန အာဘုရေန သုရေ ဝဥ္စယိတုံ ပယုတ္တတ္တာ မယဿ အယံ မာယာ။ အသုရာများ၏ နတ်တို့ကို လှည့်ပတ်ရန် အတွက်၊

သို့မဟုတ် အောင်နိုင်ရန်အတွက် အားထုတ်အပ်ရကား အသုရာ၏ ဥစ္စာဖြစ်၍ မာယာမည်၏ ဟူလို။ သမ္ဗရ-လည်း အသုရာဟော တည်း။ အသုရာ၏ နတ်ဘုံကို လှည့်ပတ်ရန် အားထုတ်အပ်ရကား အသုရာ၏ ဥစ္စာဖြစ်၍ သမ္ဗရီ-ဟူလို။ မယော ဧဝ သမ္ဗရော၊ တဿာယံ သမ္ဗရီ။ ဋီကာ။ ပါဠိဟာရက-လည်း မျက်လှည့်ယော ပရိယာယ်တည်း။ ပါဋိဟာရကောပိ ပဋိဟရတိ နယနမနေနာတိ ပါဋိဟာရကော။ ဋီကာ။]

(၅၁၃) ဩရဗ္ဘိကာ သူကရိကာ၊ မာဂဝိကာ တေ စ သာကုဏိကာ၊ ဟန္တွာ ဇီဝန္တေ'ဠက—သူကရမိဂပက္ခိနော ကမတော။

(၅၁၃) ယေ၊ အကြင်သူတို့သည်။ ဧဠကသူကရမိဂပက္ခိနော၊ ဆိတ်, သိုး, ဝက်, သား, ငှက်တို့ကို။ ဟန္တွာ၊ သတ်ဖြတ်ကြကုန်၍။ ဇီဝန္တိ၊ အသက် မွေးကြကုန်၏။ တေ၊ ထိုသူတို့သည်။ ကမတော၊ အစဉ်အတိုင်း။ ဩရဗ္ဘိကာ၊ ဩရဗ္ဘိကတို့ မည်ကုန်၏။ ဝါ၊ ဆိတ်, သိုးသတ်သူတို့ မည်ကုန်၏။ သူကရိကာ၊ သူကရိကတို့ မည်ကုန်၏။ ဝါ၊ ဝက်သတ်သူတို့ မည်ကုန်၏။ ဝါ၊ ဝက်သတ် သမားတို့ မည်ကုန်၏။ ဝါ၊ ဝက်ထိုးသူတို့ မည်ကုန်၏။ မာဂဝိကာ၊ မာဂဝိကတို့ မည်ကုန်၏။ ဝါ၊ သားမုဆိုးတို့ မည်ကုန်၏။ သာကုဏိကာ၊ သာကုဏိကတို့ မည်ကုန်၏။ ဝါ၊ ငှက်မုဆိုးတို့ မည်ကုန်၏။

[ဤ ဩရဗ္ဘိကာ-စသော ဂါထာကား အရိယာသာမညဂါထာ တည်း။ ဤ ဩရဗ္ဘိက-စသော ပုဂ္ဂိုလ်များကို ပရန္တပ (သူတပါးကို ပူစေ)၊ ပရပရိတာပနာနုယောဂမနုယုတ္တ (သူတပါးတို့ ပူပန်စေရန် ဖန်ခါမပြတ် အားထုတ်သော) ပုဂ္ဂိုလ်တို့ဟူ၍ ဘုရားရှင်ဟောတော် မူသည်။ ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ပရန္တပေါ ပရပရိတာ- ပနာနုယောဂမနုယုတ္တော။ ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော ဩရဗ္ဘိကော ဟောတိ။ သူကရိကော သာကုဏိကော မာဂ- ဝိကော... ။ မ၊၂။၆။ ဩရဗ္ဘိကာဒီသု ဥရဗ္ဘာ ဝုစ္စန္တိ ဧဠကာ၊ ဥရဗ္ဘေ ဟနတီတိ ဩရဗ္ဘိကော။ သူကရိကာဒီသုပိ ဧသေဝ နယော။ မ၊ဋ္ဌ၊၃။ဂ။]

(၅၁၄) ဝါဂုရိကော ဇာလိကောထ၊ ဘာရဝါဟော တု ဘာရိကော။
ဝေတနိကော တု ဘတကော၊ ကမ္မကာရော ထ ကိင်္ကရော။
ဒါသော စ စေဋကော ပေဿော၊ ဘစ္စော စ ပရိစာရိကော။

(၅၁၄) ဝါဂုရိကော၊ ဇာလိကော၊ ပိုက်, ကွန်, ကျော့ကွင်း, ညွတ်ကွင်းဖြင့် အသက်မွေးသူ။ ပိုက်ကွန်, ကျော့ကွင်း, ညွတ်ကွင်းဖြင့် အသက်မွေးသူပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဘာရဝါဟော၊ ဘာရိကော၊ ဝန်ထမ်းသူ။ (ဝန်ဆောင်သူလည်း ဟူ) ဝန်ထမ်းသူပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝေတနိကော၊ ဘတကော၊ ကမ္မကာရော၊ အခစားလုပ်သူ။ (ကူလီ, သူရင်းငှါးလည်း ဟူ၏။) အခစားလုပ်သူပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ကိင်္ကရော၊ ဒါသော၊ စေဋကော၊ ပေဿော၊ ဘစ္စော၊ ပရိစာရိကော၊ ကျွန်။ ကျွန်ပရိယာယ် ၆-ပုဒ်။

[ကိင်္ကရော-ပုဒ်ကို ကိဉ္စိ ကရောတီတိ ကိင်္ကရော၊ "အဟမေ့ ကိံ ကရိဿာမိ"တိ ဘတ္တု ကတ္တဗ္ဗကိစ္စယာစနတ္တာ ပါ ကိင်္ကရော" ဟု ဋီကာဆို၏။ ဒါသေရော,ဒါသေယျော,ဂေါပ္ပကော,နိယောဇ္ဇော, အဘုဇိဿော-တို့လည်း ကျွန်ဟော ပရိယာယ်တို့ ဖြစ်ကုန်၏။]

(၅၁၅) အန္တောဇာတော ဓနက္ကီတော၊ ဒါသဗျောပဂတော သယံ။
ဒါသာ ကရမရာနီတော – စ္စေဝံ တေ စတုဓာ သိယုံ။

(၅၁၅) အန္တောဇာတော၊ အိမ်ပေါက်ကျွန်ရင်း။ ဓနက္ကီတော၊ ငွေဝယ်ကျွန်ရင်း။ သယံ ဒါသဗျောပဂတော၊ အလိုအလျောက် သူ့ဘာသာ ကျွန်ခံလာသူရင်း၊ ကရမရာနီတော၊သုံ့ရကျွန်ရင်း။ ဣစ္စေဝံ=ဣတိဧဝံ၊ဤသို့လျှင်။ တေ ဒါသာ၊ ထိုကျွန်တို့သည်။ စတုဓာ၊ လေးပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

[အန္တောဇာတ-စသော ကျွန် ၄-မျိုးကို ဋီကာများ၌ အောက်ပါအတိုင်း ဖွင့်ဆိုကြသည်။ ဃရဒါသိယာ ကုစ္ဆိသ္မိံ ဇာတော အန္တောဇာတော။ ဓနေန ကီတော ဓနက္ကီတော။ ဗန္ဓဂ္ဂါဟဂဟိတော ကရမရာနီတော။ ဒီ၊ဋီ၊၁။၂၃၀။ သီ၊ဋီသစ်၊၂။၅၃။ သယမေဝ ဒါသဗျောပဂတော။ ခုန်၊ဋီ။]

(၅၁၆) အဒါသော တု ဘုဇိဿောထ၊ နိဗ္ဗေဝေ ဇမ္ဗော နိဟီနကော။
နိက္ကော့သဇ္ဇော အကိလာသု၊ မန္ဒော တု အလသော ပျထ။

(၅၁၆) တု၊ ထိုမှတပါး။ အဒါသော၊ ကျွန်မဟုတ်သောသူသည်။ ဝါ။ တော်လှန်ပြီးသူသည်။ ဘုဇိဿော၊ ဘုဇိဿ မည်၏။ အထ၊ ထိုမှတပါး။ နိဗ္ဗေဝေ၊ ဇမ္ဗော၊ နိဟီနကော၊ ယုတ်ညံ့သူ။ ယုတ်ညံ့သူပရိယာယ် ၃-ပုဒ်။ နိက္ကော့သဇ္ဇော၊ အကိလာသု၊ မပျင်းရိသူ။ မပျင်းရိသူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မန္ဒော၊ အလသော၊ ပျင်းရိသူ။ ပျင်းရိသူ ပရိယာယ် ၂-ပုဒ်။

[အပရာဓိနတာယ ဘုဇော ဝိယ အတ္တနော ကိစ္စေ သေဝိတဗ္ဗောတိ ဘုဇိဿော။ ဒီ၊ဋီ၊၁။၂၅၉။ မိမိလက်ကို မှောက်လိုလျှင် မှောက်, လှန်လိုလျှင် လှန်နိုင်သကဲ့သို့ မိမိစိတ်တိုင်းကျ ပြုလုပ်နိုင်သူသည် ဘုဇိဿ-မည်၏ဟူလို။ ဘုဇော အတ္တနော ယထာသုခံ ဝိနိယောဂေါ ဣဿော ဣစ္ဆိတဗ္ဗော ဧတ္ထာတိ ဘုဇိဿော၊ သာမိကော-ဟု မ၊ဋီ၊၂။၂၃၅-၌ တမျိုးဖွင့်၏။
အမရ၊၂၀။၁၆-၌—

ဝိဝဏ္ဏော ပါပရော နီစေ၊ ပါကိတော စ ပုထုဇ္ဇနော။
နိဟီနော'ပသဒေါ ဇမ္ဗော၊ ခုလ္လကော ဣတရော စ သော—
ဟူ၍ ယုတ်ညံ့သူ ပရိယာယ် ၁၀-ပုဒ် လာရှိ၏။]

(၅၁၇) သပါကော စဝေ စဏ္ဍာလော၊ မာတင်္ဂေါ သပစော ဘဝေ။
တဗ္ဗေဒါ မိလက္ခဇာတီ၊ ကိရာတသဝရာဒယော။

(၅၁၇) အထ၊ ထိုမှတပါး။ သပါကော၊ စဏ္ဍာလော၊ မာတင်္ဂေါ၊ သပစော၊ ဒွန်းစဏ္ဍား။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဒွန်းစဏ္ဍား ပရိယာယ် ၄-ပုဒ်။ ကိရာတသဝရာဒယော၊ ကိရာတ, သဝရ-အစ ရှိကုန်သော။ မိလက္ခဇာတီ၊ လူရိုင်းမျိုးတို့သည်။ တဗ္ဗေဒါ၊ ထိုဒွန်းစဏ္ဍား မျိုးတို့တည်း။

[သံ သုနခံ ပစတီတိ သပါကော=ခွေးသားကို ချက်၍ စားတတ်သောကြောင့် သပါက မည်ကြောင်း ဋီကာ၌ ဆို၏။ ဥက္ကဋ္ဌပိဏ္ဍံ လဘတိ သပါကော။ ဇာ၊၁။၃၀၉။ စဏ္ဍာလပုတ္တော

သပါကော၊ မာတင်္ဂေါ ဣတိ ဝိဿုတော။ သုတ္တနိ။ ၂၉၉။ သ-ကို အတ္တဝါစကကြံလျှင်လည်း သင့်၏။ ထို့ကြောင့် သုတ္တနိ၊ဋ္ဌ၊၁။၁၆၇-၌ "အတ္တနော ခါဒနတ္ထာယ မတေ သုနခေ လဘိတွာ ပစတီတိ သပါကော (သောပါကော)"ဟု ဖွင့်၏။ နီတိ၊ဓာ။ ၂၁၄-၌ "သာနံ သုနခါနံ ဣဒံ မံသန္တိ သမီ"တိ အတ္ထံ ဂဟေတွာ "သံ ပစတီတိ သပါကော"တိ ဝုတ္တံ-ဟု လာ၏။

စိန္တာမဏိဋီကာ၊ ၂၀။ ၂၀-၌ နွားသားစားသူ၊ အမျိုးစုံ လူသား တို့၏ ပြင်ပစကားကို ပြောဆိုတတ်သူ၊ လူယဉ်ကျေးတို့၏ အကျင့်မှ ယုတ်လျော့သူသည် 'မိလက္ခ' မည်ကြောင်း—

ဂေါမံသခါဒကော ယော တု၊ လောကဗာဟျပ္ပဘာသတော။
သဗ္ဗာစာရဝိဟီနော'ယံ၊ မိလက္ခဇာတိ ဝုစ္စတေ—

ဟူသောဂါထာဖြင့် ဆို၏။ သဝရာဒယော-၌ အာဒိ-ဖြင့် ပုလိန္ဒ-ကို ယူဟု ဋီကာ ဆို၏။]

(၅၁၈) နေသာဒေါ လုဒ္ဒကော ဗျာဓော၊ မိဂဝေါ တု မိဂဗျဓော။
သာရမေယျော စ သုနခေါ၊ သုနော သောဏော စ ကုက္ကုရော။

(၅၁၉) သွာနော သုဝါနော သာဠုရော၊
သူနော သာနော စ သာ ပုမေ။
ဥမ္မတ္တာဒိတ မာပန္နော၊ အဠက္ကောတိ သုနော မတော။

(၅၁၈၊၅၁၉) နေသာဒေါ၊ လုဒ္ဒကော၊ ဗျာဓော၊ မုဆိုး။ မုဆိုးပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ မိဂဝေါ၊ မိဂဗျဓော၊ သားလိုက်မုဆိုး။ သားလိုက် မုဆိုး ပရိယာယ် ၂-ပုဒ်။ သာရမေယျော၊ သုနခေါ၊ သုနော၊ သောဏော၊ ကုက္ကုရော၊ သွာနော၊ သုဝါနော၊ သာဠုရော၊ သူနော၊ သာနော၊ သာ၊ ခွေး။ အယံ၊ ဤသာ-သဒ္ဒါသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ခွေး ပရိယာယ် ၁၁-ပုဒ်။ ဥမ္မတ္တာဒိတံ၊ ရူးသည့်အဖြစ် အစရှိသည်သို့။ အာပန္နော၊ ရောက်သော။ သုနော၊ ခွေးကို။ အဠက္ကောတိ၊ အဠက္က ဟူ၍။ ဝါ၊ ခွေးရူးဟူ၍။ မတော၊ သိအပ်၏။

[ဋီကာ၌ “ဝိဇ္ဈတီတိ ဗျဓော”ဟု ပြုသည်။ နီတိ၊ဓာ။၂၃၂-၌ တံ တံ မိဂံ ဗျဇ္ဈတိ တာလေတိ ဟိံသတီတိ ဗျာဓော” ဟု ဆို၏။ ဗျဓ-ဓာတ် ကြံ၏။ ဗျာဓ ဟုလည်း ရှိနေတတ်၏။ ဘောဇ-သဒ္ဒါလည်း မုဆိုးဟော ပရိယာယ်တည်း။ ဘောဇပုတ္တာတိ လုဒ္ဒပုတ္တာ။ စရိယာ၊ဋ္ဌ။၁၇၂။ မိဂဝ-ကို “မိဂေ ဟန္တီတိ မိဂဝေါ” ဟု ဋီကာပြု၏။ သာရတ္ထ'၁။၁၃၉-၌ “မိဂဝန္တိ မဂါနံ ဝါနနတော ဟေသနတော ဗာဓနတော ‘မိဂဝ’န္တိ လဒ္ဓသမညံ မိဂဝံ’-ဟု ဆို၏။

ခွေးဟောပရိယာယ် ၁၁-ပုဒ်လာ၏။ သူနီ၊ ခွေးမ။ သရမာ' ခွေးမ-ဟု ခွေးမဟော ပရိယာယ် ၂-ပုဒ်ကိုလည်း မှတ်သားရာ၏။ ကောလေယျော, ကောလေယျကော, မိဂဒံသကော ဘသကော-တို့လည်း ခွေးဟောပရိယာယ်တို့တည်း။ ကုလေ ဇာတော ကောလေယျကော။ ရူပသိဒ္ဓိ။၂၃၀-နှာ။]

(၅၂၀) သာဗန္ဓနံ တု ဂဒ္ဒုလော၊ ဒီပကော တု စ စေတကော။
ဗန္ဓနံ ဂဏ္ဌိ ပါသောထ၊ ဝါဂုရာ မိဂဗန္ဓနီ။

(၅၂၀) တု၊ ထိုမှတပါး။ သာဗန္ဓနံ၊ ခွေးကို ဖွဲ့ချည်ကြောင်းဝတ္ထုသည်။ ဂဒ္ဒုလော၊ ဂဒ္ဒုလ မည်၏။ ဝါ၊ တောက်မည်၏။ တု၊ ထိုမှတပါး။ ဒီပကော၊ စေတကော၊ တိန်ညင်။ တိန်ညင် ပရိယာယ် ၂-ပုဒ်။ ဗန္ဓနံ၊ ဂဏ္ဌိ၊ ပါသော၊ ကျော့ကွင်း။ ကျော့ကွင်း ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ဝါဂုရာ၊ မိဂဗန္ဓနီ၊ ပိုက်။ (သားကောင်ဖမ်း ပိုက်လည်းဟူ။) ပိုက်ပရိယာယ် ၂-ပုဒ်။

[သာဒိဗန္ဓနံ ဂဒ္ဒုလော-ဟု ဋီကာဆို၏။ သီဟိုဠ်မူ သာဗန္ဓနံ တု ဂဒ္ဒုလော-ဟူ၍ပင် ရှိ၏။ အဋ္ဌကထာ, ဋီကာများ၌ ဂဒ္ဒုလ-သဒ္ဒါ, တောက် (လေးတောင်မပြည့်သောတုတ်) ဟော လာ၏။ သာ ဂဒ္ဒုလဗဒ္ဓေါတိ ဒဏ္ဍကေ ရဇ္ဇုံ ပဝေသေတွာ ဗဒ္ဓသုနခေါ။ မ၊ဋ္ဌ၊၄။၁၄။ ဂဒ္ဒုလော ဝိယ ဒ်ဠှဗန္ဓော။ သံ၊ဋီ၊၂။၂၅၂။ ဂဒ္ဒုလ, ဂဒ္ဒုလ ပါဌ် ၂-ထွေ ရှိတတ်၏။

ဒီပက-သည် ပြာကရိတ်အခေါ် ‘ဒိဝအ’ ဖြစ်၏။ အဒ္ဓမာဂဓီအခေါ် ‘ဒိဝဂ’တည်း။ တိန်ညင် ဟူ၏။ တိန်ညင်သည်လည်း

တယ်ကြက်၊ တယ်ချိုး၊ တယ်ခါ၊ တယ်ငုံး၊ တယ်သမင်၊ တိရစ္ဆာန်ချင်း မျှားယူရန် သင်ထားသော လက်ရှိ တိရစ္ဆာန်ယဉ်ဖြစ်သည်။]

(၅၂၁) ထိယံ ကုဝေဏီ ကုမိနံ၊ အာနယော ဇာလ မုစ္စတေ။
အာဃာတနံ ဝဓဋ္ဌာနံ၊ သူနာ တု အဓိကောဋ္ဋနံ။

(၅၂၁) ကုဝေဏီ၊ မြုံး။ အယံ၊ ဤ ကုဝေဏီ သဒ္ဒါသည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ကုမိနံ၊ မြုံး။ မြုံးပရိယာယ် ၂-ပုဒ်။ အာနယော၊ ဇာလံ၊ ကွန်။ (ငါးဖမ်းပိုက်လည်း ဟူ။) ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ ကွန်ပရိယာယ် ၂-ပုဒ်။ အာဃာတနံ၊ ဝဓဋ္ဌာနံ၊ သတ်ရာအရပ်။ (မင်းတို့၏ ကွပ်မျက်ရာအရပ် ဟူလို)။ သတ်ရာအရပ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သူနာ၊ အဓိကောဋ္ဋနံ၊ စဉ်းတီးတုံး။ စဉ်းတီးတုံးပရိယာယ် ၂-ပုဒ်။

[နီတိ၊ဓာ။၂၅၄-၌ ကုမိနန္တိ ကုစ္ဆိတေနာကာရေန မစ္ဆေ မိနန္တိ ဟိံသန္တိ ဧတေနာတိ ကုမိနံ၊ မစ္ဆဗန္ဓနပဉ္ဇရော။ သော ပန ပါဠိယံ ကုမိန-သဒ္ဒေန ဝုစ္စတိ။ တထာ ဟိ—

ဝါရိဇေဿဝ မေ သတော၊ ဗန္ဓဿ ကုမိနာမုခေ။
အက္ကောသတိ ပဟရတိ၊ ပိယေ ပုတ္တေ အပဿတောတိ—

ဟူ၍ ကုမိနနှင့်စပ်၍ လာ၏။ မစ္ဆာဓာနီ-လည်း မြုံးဟောပရိယာယ်ဖြစ်၏။ မစ္ဆာ အာဓီယန္တေ ယဿံ မစ္ဆာဓာနီ-ဟု ဋီကာပြု၏။]

(၅၂၂) တက္ကရော မောသကော စောရော၊
ထေနော' ကာ,ဂါရိကော သမာ။
ထေယျဥ္စ စောရိကာ မောသော၊
ဝေမော ဝါယနဒဏ္ဍကော။

(၅၂၂) တက္ကရော၊ မောသကော၊ စောရော၊ ထေနော၊ ကောဂါရိကော၊ ခိုးသူ။ ဣမေ၊ ဤသဒ္ဒါတို့သည်။ သမာ၊ အနက်တူကုန်၏။ ခိုးသူပရိယာယ် ၅-ပုဒ်။ ထေယျံ၊ စောရိကာ၊ မောသော၊ ခိုးမှု။ ခိုးမှုပရိယာယ် ၃-ပုဒ်။

ဝေမော၊ ယက်ကန်းလက်ခတ်။ ဝါယနဒဏ္ဍကော၊ ယက်ကန်းလက်ခတ်။ ယက်ကန်းလက်ခတ် ပရိယာယ် ၂-ပုဒ်။

[တက္ကရာနန္တိ စောသာနံ၊ တံ ဝုစ္စတိ စောရကမ္မံ၊ တံ ကရောန္တီတိ တက္ကရာ-ဟု ဇာ၊ဋီ၊၁၅။၅၀၃-၌ ဖွင့်၏။ နိမိတ္တ-သဒ္ဒါလည်း ခိုးသူ ဟောတည်း။ စောရာ ဟိ....ဥပဒ္ဒဝပစ္စယဋ္ဌေန နိမိတ္တာ။ ဒီ၊ဋ္ဌ၊၃။၁၀၄။

ဝေမ ကား လက်ခတ်၊ ယက်သွား၊ ရက်မကိုလည်း ဟော၏။ သုတ္တံ ပဝေသေတွာ ယေန အာကောဋ္ဋေန္တော ဃနဘာဝံ သမ္ပာ-ဒေန္တိ၊ တံ ဝေမန္တိ ဝုစ္စတိ။ သာရတ္ထ၊၂။၄၇၂။ ဝေမ-သည် လွန်းကိုလည်း ဟော၏။ ကုဒ္ဒေါ ဝေဂေန တန္တေ ဝေမံ ပက္ခိပိ။ တံ နိက္ခမိတွာ ဒါရိကာယ ကုစ္ဆိံ ဘိန္ဒိ၊ သာ တတ္ထေဝ ကာလမကာသိ။ သုတ္တနိ၊ဋ္ဌ၊၁။၂၅၅။]

(၅၂၃) သုတ္တံ တန္တု ပုမေ တန္တံ၊ ပေါတ္ထံ လေပျာဒိကမ္မနိ။
ပဉ္စာလိကာ ပေါတ္ထလိကာ၊ ဝတ္ထဒန္တာဒိနိမ္မိတာ။

(၅၂၃) သုတ္တံ၊ တန္တု၊ ချည်။ အယံ၊ ဤ တန္တု-သဒ္ဒါသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တန္တံ၊ ချည်။ ချည်ပရိယာယ် ၃-ပုဒ်။ ပေါတ္ထံ၊ ပေါတ္ထ-သဒ္ဒါသည်။ လေပျာဒိကမ္မနိ၊ ဆေးခြယ်ခြင်း အစရှိသော အမှု၌။ ဝတ္တတိ၊ ဖြစ်၏။ ဝတ္ထဒန္တာဒိနိမ္မိတာ၊ အဝတ်, ဆင်စွယ် အစရှိသည်တို့ဖြင့် ပြုလုပ်အပ်သော အရုပ်သည်။ ပဉ္စာလိကာ၊ ပဉ္စာလိကာ မည်၏။ ပေါတ္ထ-လိကာ၊ ပေါတ္ထလိကာလည်း မည်၏။ ပဉ္စာလိကာ၊ ပေါတ္ထလိကာ၊ ယဉ်မင်းရုပ်။ ယဉ်မင်းရုပ် ပရိယာယ် ၂-ပုဒ်။

[ဝတ္ထဒန္တာဒိနိမ္မိတာ-၌ အာဒိဖြင့် ကဋ္ဌ, သိဂ်ံ စသည်ကို ယူ။ သစ်သားရုပ်, သားချိုရုပ် အစရှိသော အရုပ်သည်လည်း ပဉ္စာလိ-ကာ, ပေါတ္ထလိကာ-မည်၏ဟု သိရာ၏။ ပုတ္တလိကာ, ပုတ္တိကာ-တို့လည်း ယဉ်မင်းရုပ်ဟော ပရိယာယ်တို့တည်း။]

(၅၂၄) ဥဋ္ဌါဋ္ဌနံ ဃဋီယန္တံ၊ ကူပမ္ဗုဗ္ဗာဟနံ ဘဝေ။
မဉ္ဇူသာ ပေဠာ ပိဋကော၊ တိ္ထိယံ ပစ္ဆိ ပေဠကော။

(၅၂၄) ကူပမ္ဗုဗ္ဗာဟနံ၊ ရေတွင်းမှ ရေကို ထုတ်ဆောင်ကြောင်း ရေထုတ်(ရေစုပ်)စက်သည်။ ဥဋ္ဌါဋ္ဌနံ၊ ဥဋ္ဌါဋ္ဌန မည်၏။ ဃဋီယန္တံ၊ ဃဋီယန္တ

လည်း မည်၏။ ဥဋ္ဌါင္ဋနံ၊ ဃင္ဋိယန္တံ၊ ရေထုတ်စက်။ ဝါ၊ ရေစုပ်စက်။ ဝါ၊ ရေငင်စက်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ မဉ္ဇူသာ၊ ပေဠာ၊ သေတ္တာ။ သေတ္တာပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပိဋ္ဋကော၊ ပစ္ဆိ၊ ခြင်း။ ဝါ၊ တောင်း။ ဝါ၊ ပလုံး။ အယံ၊ ဤပစ္ဆိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ပေဋကော၊ ခြင်း။ ဝါ၊ တောင်း။ ဝါ၊ ပလုံး။ ခြင်း, တောင်း, ပလုံး ပရိယာယ် ၃-ပုဒ်။

[ဃင္ဋိယန္တ-ကို "ဃဋိယေဝ ဥဒ္ဓါဓောဂမနဝသေန ဂမနတော ဃဋိယန္တံ"ဟု ဋီကာဖွင့်၏။ ဃဋိယန္တံ ဝိယ အနဝဋ္ဌာနေ။ ဣတိဝုတ်၊ ဌ။၂၃၀။ ဥဒကယန္တ-ဟုလည်း အသုံးရှိသည်။ ဥဒကယန္တာနိ ကရောန္တိ၊ ယေ ဒေဝေ ဝဿန္တေ ဝိယ ဥဒကဓာရာ နိက္ခမန္တိ။ မ၊ဋ္ဌ၊၃။၁၅၀။]

(၅၂၅) ဗျာဘင်္ဂီ တွိတ္ထိယံ ကာဇော၊ သိက္ကာ တဗြာ'ဝလမ္ဗနံ။
ဥပါဟနော ဝါ ပါဒု'တ္ထီ၊ တဗ္ဘေဒါ ပါဒုကာ ပျထ။

(၅၂၅) တု၊ ထိုမှတပါး။ ဗျာဘင်္ဂီ၊ ကာဇော၊ ထမ်းပိုး။ အယံ၊ ဤဗျာဘင်္ဂီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ထမ်းပိုးပရိယာယ် ၂-ပုဒ်။ တဗြာ၊ ထိုထမ်းပိုး၌။ အဝလမ္ဗနံ၊ ဆွဲအပ်သောကြိုး,ကြိမ်အထူး စသည်သည်။ သိက္ကာ၊ သိက္ကာမည်၏။ သိက္ကာ၊ ဆိုင်း။ ဥပါဟနော၊ ဘိနပ်။ ဝါ၊ ဥပါဟန-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ ပါဒု၊ ဘိနပ်။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ ဘိနပ်ပရိယာယ် ၂-ပုဒ်။ ပါဒုကာ၊ ခြေနင်းတို့သည်။ တဗ္ဘေဒါ၊ ထိုဘိနပ်အထူးတို့တည်း။ ဝါ၊ ထိုဘိနပ်မျိုးတို့တည်း။

[ကာဇ-ကာဒ ကု-သဒ္ဒေ၊ပပဒ ဇန-ဓာတ် ကွိ-ပစ္စည်းဖြင့် ပြီး၏။ တနည်း ကဇ-ဓာတ် ဏ-ပစ္စည်းဖြင့် ပြီး၏။ အရဟတိ ပဟူတံ ပါနံ ပဋိယာဒါပေတွာ ကာဇေဟိ ဂါဟာပေတွာ။ ဝိ၊၃။၃၄၃။ ကာစ-လည်း ထမ်းပိုးဟော ပရိယာယ်ဖြစ်၏။ ကာဇေနာတိ ယာဂုဘတ္တ-တေလဖာဏိတမစ္ဆမံသကာဇေသု ယေန ကေနစိ ကာဇေန၊ ကာ-စေနာတိပိ ပါဌော၊ အယမေဝတ္ထော။ မ၊ဋ္ဌ၊၄။၁၄၄။]

(၃၂၆) ဝရတ္တာ ဝဒ္ဓိကာ နဒ္ဓိ၊ ဘဿာ စမ္မပသိဗ္ဗကံ။
သောဏ္ဏာဒျာဝတ္တနီ မူသာ–ထ ကူဋ္ဌံ ဝါ အယောဃနော။

(၃၂၆) အထ၊ ထိုမှတပါး။ ဝရတ္တာ၊ ဝဒ္ဓိကာ၊ နဒ္ဓိ၊ သားရေလွန်ကြိုး။ သားရေလွန်ကြိုးပရိယာယ် ၃-ပုဒ်။ ဘဿာ၊ စမ္မသိဗ္ဗကံ၊ သားရေအိတ်။ သားရေအိတ်ပရိယာယ် ၂-ပုဒ်။ သောဏ္ဏာဒျာဝတ္တနီ၊ ရွှေ-အစရှိသည်ကို ကျင်ရာခွက်သည်။ မူသာ၊ မိုက်ခွက်မည်၏။ ကူဋ္ဌံ၊ သံတူ။ ဝါ၊ ကူဋ္ဌ-သဒ္ဒါ ဝိကပ် ပုလ္လိင် နပုလ္လိင်တည်း။ အယောဃနော၊ သံတူ။ သံတူပရိယာယ် ၂-ပုဒ်။

[ဝရတ္တ,ဝဒ္ဓိကာ,နဒ္ဓိ-တို့ကို သားရေကြိုး၊ သားရေလွန်၊သားရေလွန်ကြိုး-ဟူ၍လည်း အနက်ပြန်ရာ၏။ ဗာလော ဝတာယံ သုနခေါ၊ ယော ဝရတ္တံ န ခါဒတိ။ ဇာ၊၁။၆၇။ သုနခဇာတ်။ နဒ္ဓိ-ကို မ၀ို၊ ၃။၁၄၉-၌ "နဒ္ဓိတော ပဋ္ဌာယာတိ ရထပဉ္စရပရိယန္တေန အကွဲသ သမ္ဗန္ဓဋ္ဌာနံ နဒ္ဓိ"ဟု ဖွင့်၏။

တေဇသေ သုဝဏ္ဏာဒိကေ အာဝတ္တေတိ ယတြ၊ သာ သောဏ္ဏာဒျာဝတ္တနီ မူသာ နာမ။ ယတြ ယဿ သောဏ္ဏာဒျာဝတ္တနိယံ၊ အကြင် ရွှေ-စသည် ကျင်ရာခွက်၌။ တေဇသေ သုဝဏ္ဏာဒိကေ၊ ရွှေ-စသည်တို့ကို။ အာဝတ္တေတိ၊ ကျိုအပ်၏။ သာ သောဏ္ဏာဒျာဝတ္တနီ၊ ထိုရွှေ-စသည် ကျင်ရာခွက်သည်။ မူသာ၊ မူသာ မည်၏။ ဋီကာ၊ ဋီကာနက်။]

(၃၂၇) ကမ္မာရဘဏ္ဍာ သဏ္ဍာသော၊ မုဋ္ဌျာ'ဓိကရဏီ'တ္ထိယံ။
တဗ္ဘဿာ ဂဂ္ဂရီ နာဠိ၊ သတ္ထံ တု ပိပ္ပလံ ဘဝေ။

(၃၂၇) ကမ္မာရဘဏ္ဍာ၊ သဏ္ဍာသော၊ ညှပ်။ ညှပ် ပရိယာယ် ၂-ပုဒ်။ မုဋ္ဌိ၊ အဓိကရဏီ၊ ပေ။ အယံ၊ ဤ အဓိကရဏီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ပေပရိယာယ် ၂-ပုဒ်။ တဗ္ဘဿာ၊ ထိုပန်းပဲသမားတို့၏ သားရေအိတ်သည်။ ဂဂ္ဂရီ၊ ဖိုကျင် မည်၏။ ဝါ၊ ဖားဖို မည်၏။ နာဠိ၊ ဣတ္ထိလိင်တည်း။ သတ္ထံ၊ ခါးယော်သည်။ ပိပ္ပလံ၊ ပိပ္ပလ မည်၏။ ဝါ၊ သင်ခုန်း မည်၏။

[ကမ္ဗာရဘာနွှ, သဏ္ဍာသ-ဟော ညှပ်ကား ပန်းပဲ, ပန်းတဉ်း, ပန်းထိမ်ဘို့၏ အသုံးအဆောင် ညှပ်-ဟု သိရာ၏။ မြန်မာမှုအချို့၌ သိဟိုဠ်မူ ရှိသည့်အတိုင်း ကမ္ဗာရဘဏ္ဍာ-ဟု ဣတ္ထိလိင်နှင့် ရှိ၏။ ဘဏ္ဍ-သဒ္ဒါ နပုလ္လိင်-လည်း ရှိ၏ဟု သိရာ၏။ ဂဂ္ဂရီ-ကို ဋီကာ၌ "ဂဂ္ဂန္တိ သဒ္ဒံ ရာတီတိ ဂဂ္ဂရီ" ဟု ဖွင့်၏။ ဖို, ဖားဖို-ဟူ၏။ ပေါ်ရာကကား ရှဘ်တီး ဟူ၏။ ဘာပနဋ္ဌေတ္ထ ဂဂ္ဂရိယာ ဓမာပနသီဘေန ဝဒတိ။ ဒီ၊ ဋီ၊ ၃။ ၆၀။ သံ၊ ဋီ၊ ၂။ ၇၇၅။]

(၅၂၈) သာဏော တု နိက္ကသော ဝုတ္တော၊ အာရာ တု သူစိဝိဇ္ဈနံ။
ခရော စ ကကစော နိတ္ထီ၊ သိပ္ပံ ကမ္မံ ကလာဒိကံ။

(၅၂၈) အာထော၊ ထိုမှတပါး။ သာဏော၊ နိကသော၊ မှတ်ကျောက်။ သမော၊ အနက်ဘူ၏ဟူ၍။ ဝုတ္တော ဆိုအပ်၏။ မှတ်ကျောက် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အာရာ၊ သူစိဝိဇ္ဈနံ၊ အပ်နဖားထွင်းစူး။ အပ်နဖားထွင်းစူး ပရိယာယ် ၂-ပုဒ်။ ခရော၊ ကကစော၊ လွှ။ အယံ၊ ဤကကစ-သဒ္ဒါသည်။ အနိတ္ထီ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ လွှပရိယာယ် ၂-ပုဒ်။ ကလာဒိကံ၊ ကလာ-အစရှိသော၊ ဝါ၊ ဝစ္ဆာယနကျမ်းလာ သီဆိုခြင်း တီးမှုတ်ခြင်း အစရှိသော ခြောက်ဆယ့်လေးပါးသော ဗာဟိရ(အပ) အမှုအရာ, လည်ဖက်ခြင်း နမ်းစုပ်ခြင်း-အစရှိသော ခြောက်ဆယ့်လေးပါးသော အဗ္ဘန္တရ(အတွင်း) အမှုအရာသည်။ သိပ္ပံ၊ သိပ္ပမည်၏။

[က-ဒွေဘော်နှင့် နိက္ကသ-လည်း မှတ်ကျောက်ဟော ရှိ၏။ နိက္က သတေ ပရိက္ခတေတိ နိက္ကသော-ဟု ပြု။ နိက္ကသတေ ပရိက္ခတေ၊ ပြုပြင်တဘ်၏-ဟု အနက်ပေးရာ၏။ အမရမာလာ၌ ခရပတ္တံ-ကိုလည်း လွှဟော ပရိယာယ်ဟု ဆို၏။

ကလာဒိကံ-ကို "ဝစ္ဆာယနသတ္ထေ ဝုတ္တာ ဂီတဝါဒိတာဒိကာ စတုသဋ္ဌိကြိယာ၊ တထာ အာလိင်္ဂနစုမ္ဗနာဒိကာ စ အဗ္ဘန္တရာ စတုသဋ္ဌိကြိယာ ကလာသဒ္ဒေန ဝေဒိတဗ္ဗာ" ဟူသော ဋီကာနှင့်အညီ ပေးသာနာ၏။ သိပ္ပ-ကို ခုဒ္ဒက၊ ၄။ ၁၁၂-နှင့် သုတ္တနိ၊ ၄၊ ၂။ ၁၈-တို့၌ "ယံ ကိဉ္စိ ဟတ္ထကောသလ္လံ" ဟု ဖွင့်သဖြင့် ကလာ-ကို လက်မှုအတတ်ဟုလည်း ပြန်နိုင်၏။

ကလာ ၆၄-ပါး သရုပ်ကို စိန္တာမဏိ၊ ခန်း-၅ ဂီတ, ဝါဒိတ, နစ္စ, နာဋျ, အာလေချ-စသည်ဖြင့် ထုတ်ပြထား၏။ ဤအဘိဓာန် နိဿယသစ်၊ ဂ၇၄-ဂါထာ၌လည်း မြန်မာလို ရှင်းရှင်း ဖော်ပြထား သည်။ စိန္တာမဏိ၊ ခန်နှင့် အနည်းငယ် ကွဲလွဲ၏။

ဝိဇ္ဇာနှင့် ကလာ အထူးလည်း—

ယံ ယံ ဝါစသိကံ သမ္ဗာ—ကမ္မံ ဝိဇ္ဇာတိသညကံ။

သက္ကာ မူဂေါပိ ယံ ကာတုံ ကလာသညန္တု တံ မတံ။

နှုတ်ဖြင့် ဆောင်အပ်ကျက်မှတ်အပ်သော ကဗ္ဗ,ဗျာကရဏ-အစ ရှိသော အမှုသည် 'ဝိဇ္ဇာ'၊ အ-ဆွံ့သော ပုဂ္ဂိုလ်များပင် နားလည် သော ကခြင်း, သီဆိုခြင်း-စသည်သည် 'ကလာ' ဟူ၍ သီရိဘာဂ-ဝတဋီကာ-စသည်၌ လာရှိ၏။]

(၃၂၉) ပဋိမာ ပဋိဗိမ္ဗံ စ၊ ဗိမ္ဗော ပဋိနိဓိရိတော။
တီသု သမော ပဋိဘာဂေါ၊ သန္နိကာသော သရိက္ခကော။

(၃၃၀) သမာနော သဒိသော တုလျော၊
သင်္ကာသော သန္နိဘော နိဘော။
ဩပမ္မ မုပမာနံ စု—ပမာ ဘတိ ဟု နာရိယံ။

(၃၃၁) နိဗ္ဗေဓသော ဝေတနံ မူလျံ၊ ဇူတံ တွ'နိတ္ထိ ကေတဝံ။
ဓုတ္တော'က္ခဓုတ္တော ကိတဝေါ၊ ဇူတကာရ'က္ခဒေဝိနော။

(၃၂၉၊ ၃၃၀၊ ၃၃၁) ပဋိမာ၊ ပဋိဗိမ္ဗံ၊ ဗိမ္ဗော၊ ပဋိနိဓိ၊ ဆင်းတု။ (ရုပ်လုံး, ရုပ်တု, အရုပ်လည်း ဟူ) ဆင်းတု ပရိယာယ် ၄-ပုဒ်။ သမော၊ ပဋိဘာဂေါ၊ သန္နိကာသော၊ သရိက္ခကော၊ သမာနော၊ သဒိသော၊ တုလျော၊ သင်္ကာသော၊ သန္နိဘော၊ နိဘော၊ အတူ။ ဤမှ၊ ဤသဒ္ဒါ ဆယ်ပါးတို့ သည်။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ အတူ ပရိယာယ် ၁၀-ပုဒ်။ ဩပမ္မံ၊ ဥပမာနံ၊ ဥပမာ၊ နှိုင်းယှဉ်ခြင်း။ ဝါ၊ နှိုင်းယှဉ်ကြောင်း။ နှိုင်းယှဉ်ခြင်း, နှိုင်းယှဉ်ကြောင်း ပရိယာယ် ၃-ပုဒ်။

တု၊ ထိုမှတပါး။ ဘတိ၊ အခ။ အယံ၊ ဤဘတိ-သဒ္ဒါသည်။ နာရိယံ, ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗေဓသော (နိဗ္ဗိဓသော)၊ ဝေတနံ၊ မူလျံ၊

အခ။ (လခ, လစာ, ကူလိခ, လုပ်အားခလည်း ဟူ) အခပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှဘပါး။ ဇုတံ၊ လောင်းတမ်းကစားခြင်း။ အနိတ္ထိ၊ ဇူတ-သဒ္ဒါ ဣတ္ထိလိင်မဟုတ် ပုလ္လိင် နပုလ္လိင်ဘည်း။ ကေဘာ၊ လောင်းတမ်းကစားခြင်း။ လောင်းတမ်းကစားခြင်း ရှိယာယ် ၂-ပုဒ်။ ဓုတ္တော၊ အက္ခဓုတ္တော၊ ကိတဝေါ၊ ဇူတကာရော … ဒေဝ၊ အန်ကြူးသူ။ (အခိုက်အတန့် ကေဝုစ် နှင့် ပြင်သည်။) (လောင်းတမ်း ကစားသူလည်း ဟူ) အန်ကြူးသူပရိယာယ် ၅-ပုဒ်။

[ပဒ္ဒမာနံ, ပဒ္ဒိသာဘနာ, ပဒ္ဒိဂန္ထာယာ, ပဒ္ဒိကတိ-တို့လည်း ဆင်း တုဟော ရှိယာယ်ကို ပြန်ကုန်၏။ ဥပမာ, ဥပမေယျ-တို့ကား လိင်, သချာ ပြားသည်လည်း ရှိကုန်၏။ မာတင်္ဂေါ ဝိယ ဟတ္ထိနီ ဓာဝတိ-ကား လိင်ပြားရာ၌ ဥဒါဟရဏ်တည်း။ သီဟော ဝိယ ဣဒေ ပုရိသာ သူရဘရာ-ကား သချာပြားရာ၌ ဥဒါဟရဏ်တည်း။ တုရင်္ဂါ ဝိယ ဟတ္ထိနီ ဓာဝတိ-ကား လိင်, သချာ ပြားရာ၌ ဥဒါဟရဏ်တည်း။ ဝိဘတ်ကား တူသည်သာ။ ယင်းသို့ ဖြစ် ကြောင်း—

လိင်္ဂသင်္ချာဒိဘေဒေပိ၊ ဥပမာနောပမေယျတာ။
ဝိဘတ္တိ ပန [illegible]ဘာဝ၊ ယေဘုယျာ တဗ္ဗေဒဝေဒိနာ—

ဟု ဇယ်[illegible]ါသဆရာ ဆို၏။

အခ (လခ, လုပ်အားခ) ပရိယာယ် ဤကျမ်း၌ ၄-ပုဒ်သာ လာ၏။ အမရကောသ၌—

ကမ္မညာ ဝဲ ဝိဓာ ဘစ္စာ၊ ဘတိယော ဘမ္မ ဝေတနံ။
ဘရဏျံ ဘရဏံ မူလျံ၊ နိဗ္ဗေသော ပဏာမိစ္စပိ—

ဟူ၍ ကမ္မညာ, ဝိဓာ, ဘစ္စာ, ဘတိ, ဘမ္မ,ဝေဘန, ဘရဏျ,ဘရဏ, မူလျ, နိဗ္ဗေသ, ပဏ-အားဖြင့် ၁၁-ပုဒ် လာရှိ၏။ အမရ၊၂ဝ။၃ဂ၊ ၃၉-ကြည့်။]

(၁၃၂) ပါဠိဘောဝေါ တု ပဋိဘူ၊ အင်္ကော တု ပါသကော ဘဝေ။
ပုမေ ဝါ'ဋ္ဌပဒံ သာရိ-ဖလကော'ထ ပဏော'ဗ္ဘုတော။

(၁၃၂) တု၊ ထိုမှတပါး။ ပါဠိဘောဝေါ၊ ပဋိဘူ၊ ဒိုင်ခံသူ။ ဒိုင်ခံသူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အင်္ကော၊ ပါသကော၊ အန်စာ။ အန်စာ ပရိယာယ် ၂-ပုဒ်။ အဋ္ဌပဒံ၊ အဋ္ဌပဒ-သဒ္ဒါသည်။ သာရိဖလေ၊ အန်စာ ပြင်၌။ (စစ်တုရင်ခုံ၌ သော်လည်း ဟူ။) ဝတ္တတိ၊ ဖြစ်၏။ ဝါ ပုမေ၊ ဝိကပ် ပုလ္လိင်၌ ဖြစ်၏။ အထ၊ ထိုမှတပါး။ ပဏော၊ အဗ္ဘုတော၊ လောင်းတမ်း။ ဝါ၊ လောင်းကြေး။ လောင်းကြေး ပရိယာယ် ၂-ပုဒ်။

[ အန်စာဟူသည် ကြွေဖဲ၊ ကြွေလုံးပင်တည်း။ အက္ခေနပိ ကီဠန္တိ။ ဝိ၊ ၁။ ၂၇၅။ အက္ခေနာတိ ဂုဠေန။ ဝိ၊ ဋ္ဌ၊ ၂။ ၂၀၁။ သာရိဖလ-ကို အဋ္ဌပဒအနက်အတိုင်း "ဂ-ကွက်ကျားပျဉ်ချပ်" ဟူ၍လည်း ပေးနိုင်၏။ အဋ္ဌပဒဖလကေ ဇူတံ ကီဠန္တိ။ ဝိ၊ဋ္ဌ၊၂။၂၀၄။]

(၁၃၃) ကိဏ္ဏံ တု မဒိရာဗီဇေ၊ မဓု မဒ္ဒသဝေ မတံ။
မဒိရာ ပါဏှတိ မဇ္ဇံ၊ သုရာ'သဝေါ တု မေရယံ။

(၁၃၃) တု၊ ထိုမှတပါး။ ကိဏ္ဏံ၊ ကိဏ္ဏ-သဒ္ဒါသည်။ မဒိရာဗီဇေ၊ သေချိုးစေ့၌ (တဆေး၌, သေဖြစ်ခြင်း၏ အကြောင်း၌သော်လည်း ပေး)။ ဝတ္တတိ၊ ဖြစ်၏။ မဓု၊ မဓု-သဒ္ဒါကို။ မဒ္ဒသဝေ၊ မယ်ဇယ်ပွင့်ဖြင့် ပြုလုပ်အပ်သော အရက်၌။ မတံ၊ သိအပ်၏။ မဒိရာ၊ ဝါရုဏီ၊ မဇ္ဇံ၊ သုရာ၊ သေ။ သေပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ အာသဝေါ၊ မေရယံ၊ အရက်။ အရက် ပရိယာယ် ၂-ပုဒ်။ (အမရ၊ ၁၀။၄၂-၌ မေရယ,အာသဝ, သိဓု-ဟု အရက်ပရိယာယ် ၃-ပုဒ်လာ၏။)

[ကိဏ္ဏ-ကို သေချိုး-ဟု ပြန်ဆိုသည်မှား ပို၍ ရှင်း၏။ ကိဏ္ဏာတိ ပန တဿာ သုရာယ ဗီဇံ ဝုစ္စတိ၊ တေ ပက္ခိပိတွာ ကတာ ကိဏ္ဏပက္ခိတ္တာ။ သာရတ္ထ၊၃။၇၉။ မြန်မာ. သီဟိုဠ်မူ ၂-မူလုံး၌ ကိဏ္ဏံ-ဟု ချည်း နပုလ္လိင်နှင့် ရှိ၏။ ဋီကာ၌ ကိဏ္ဏာ-ဟု ဣတ္ထိလိင်နှင့် ရှိသည်။ စာကိုယ်အတိုင်း ရှိစေရာ၏။

အာသဝနှင့် မေရယ အထူးကို မှတ်သားသင့်၏။ သို့ရာတွင် ဗျာချာသုဓာ ဋီကာ, စိန္တာမဏိ ဋီကာ တို့၌ သိဓု, အာသဝ, မေရယ ၃-မျိုး အထူးကို—

သိဓု ဥစ္ဆုရသေ ပက္ကေ၊ အပက္ကေ အာသဝေါ ဘဝေ။
မေရယံ ဓာတကီပုပ္ဖ-ဂုဠဒည်မ္ဗိလောဋ္ဌိတံ–

ဟူသော ဂါထာဖြင့် ဆို၏။ သိဓု၊ သိဓု-သဒ္ဒါသည်။ ပက္ကေ၊ ချက်ပြီးသော။ ဥစ္ဆုရသေ၊ ကြံရည်၌။ ဘဝေ၊ ဖြစ်၏။ အာသဝေါ၊ အာသဝ-သဒ္ဒါသည်။ အပက္ကေ၊ မီးဖြင့် မချက်သော ကြံရည်၌။ ဘဝေ၊ ဖြစ်၏။ မေရယံ၊ မေရယ-သဒ္ဒါသည်။ ဓာတကီပုပ္ဖဂုဠ-ဓညမ္ဗိလောဋ္ဌိတံ၊ ပတ္တကျီပွင့်, တင်လဲရည်, စပါးတို့ကို အချဉ်ဖောက်သဖြင့် ဖြစ်၏။

ဤဂါထာ၌ ဥစ္ဆုရသေ-သည် ဥပလက္ခဏ၊ ထန်းရည်, ပေရည် စသည်ကိုယူ။ မီးဖြင့် မချက်ပဲ စိမ့်အပ်သော သေသည် 'သိဓု'၊ မီးဖြင့် ချက်မှု 'အာသဝ'၊ ပတ္တကျီပွင့်, တင်လဲ, စပါးမျိုးစသည်ကို အချဉ်ဖောက်၍ စိမ့်မှု 'မေရယ' ဟူ၏။]

(၅၃၄) သရကော စသကော နိတ္ထိ၊ အာပါနံ ပါနမဏ္ဍလံ။

(၅၃၄) သရကော၊ စသကော၊ သေသောက်ခွက်။ အနိတ္ထိ၊ ပုလ္လိင်, နပုလ္လိင်တည်း။ သေသောက်ခွက် ပရိယာယ် ၂-ပုဒ်။ အာပါနံ၊ ပါနမဏ္ဍလံ၊ အရက်ဝိုင်း။ (သေသောက်ရာအရပ်, သေတင်းကုပ် ဟူ၍လည်း ပေး။ သက္ကတ အဘိဓာန်များ၌ မဏ္ဍလ-သဒ္ဒါ အရပ်ဌာနဟော လာ၏။) အရက်ဝိုင်း ပရိယာယ် ၂-ပုဒ်။

[အမရ၊၂၀။၄၃-၌—

စသကော နိတ္ထိ ပါနပတ္တံ၊ သရကောပျ'နုတဿနံ–

ဟူ၍ လာ၏။ စသကော၊ သေသောက်ခွက်။ အနိတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ ပါနပတ္တံ (ပါနပတြံ)၊ သေသောက်ခွက်။ သရက, အနုတဿန-ကို သေသောက်ခြင်း ဟူ၏။ စိန္တာမဏိ၌ သေသောက်ခွက်ဟော ပရိယာယ်၌ သွင်း၏။]

(၅၃၅) ယေ’တြ ဘူရိပ္ပယောဂတ္တာ၊ ယောဂိကေကသ္မိံ မီရိတာ။
လိင်္ဂန္တရေပိ တေ ဉေယျာ၊ တဒ္ဓမ္မတ္တာ’ညဝုတ္တိယံ။

ဣတိ သုဒ္ဓဝဂ္ဂေါ။
စတုဗ္ဗဏ္ဏဝဂ္ဂေါ နိဋ္ဌိတော။

(၅၃၅) **အ**တြ၊ ဤသုဒ္ဓဝဂ်၌။ ယေ ယောဂိကာ၊ အကြင်သဒ္ဒါတို့ကို။ ဘူရိပ္ပယောဂတ္တာ၊ များသော ဥဒါဟရဏ် ပုံစံ ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဧကသ္မိံ၊ ပုလ္လိင်တခုတည်း၌သာ။ ဤရိတာ၊ မယာ၊ ကျမ်းဆရာ ငါသည်။ ဤရိတာ၊ မိန့်ဆိုအပ်ကုန်၏။ တေ ယောဂိကာ၊ ထိုသဒ္ဒါတို့ကို။ အညတြ ဝုတ္တိယံ၊ ပုလ္လိင်မှ တပါးသော ဣတ္ထိလိင်-အစရှိသည်တို့၌ ဖြစ်ခြင်းသည်။ သတိ၊ ရှိခဲ့သော်။ တဒ္ဓမ္မတ္တာ၊ ထိုဣတ္ထိလိင်-အစရှိသည်တို့၌ ဖြစ်ခြင်းသဘော ရှိကုန်သည်၏ အဖြစ်ကြောင့်။ လိင်္ဂန္တရေပိ၊ ဣတ္ထိလိင်-အစရှိသော လိင်တပါး၌လည်း။ ဉေယျာ၊ သိအပ်ကုန်၏။

[အဓိပ္ပါယ်ကား တချို့တချို့ပုဒ်တွေ ပုလ္လိင်ရုပ်သွင်ဖြင့် ပိဋကတော်၌ အတွေ့များသဖြင့် ပုလ္လိင်တခုတည်း အနေဖြင့် ဆိုထား၏။ သို့ရာတွင် ဣတ္ထိလိင်, နပုလ္လိင် တို့၌ ဖြစ်ထိုက်လျှင် ဣတ္ထိလိင်, နပုလ္လိင် ဟုလည်း သင့်သလို သိပါ ဟူလို။ ပုံစံ–ဤ၌ မာယာ-ကာရော-ဟု ဆိုသော်လည်း ဣတ္ထိလိင်ဖြင့် ဤ-ပစ္စည်း သက်၍ မာယာကာရီ ဣတ္ထီ-ဟူ၍ရင်း၊ နပုလ္လိင်ဖြင့် မာယာကာရံ ကုလံ-ဟူ၍ရင်း သိရာ၏ ဟူလို။]

သုဒ္ဓဝဂ္ဂေါ၊ သုဒ္ဓဝဂ်သည်။ ဣတိ၊ အောင်လံစိုက်ဆောက် အပြီးသို့ရောက်ပြီ။

စတုဗ္ဗဏ္ဏဝဂ္ဂေါ၊ စတုဗ္ဗဏ္ဏဝဂ်သည်။ နိဋ္ဌိတော၊ အောင်လံ စိုက်ဆောက် အပြီးသို့ ရောက်ပြီ။

## ၂-ဘူကဏ္ဍ ၅-အရညဝဂ်

(၅၃၆) အရည် ကာနနံ ဒါယော၊ ဂဟနံ ဝိပိနံ ဝနံ။
အဋဝီ'တ္ထီ မဟာရညံ၊ တွံ'ရညာနီ'တ္ထိယံ ဘဝေ။

(၅၃၆) အရညံ၊ ကာနနံ၊ ဒါယော၊ ဂဟနံ၊ ဝိပိနံ၊ ဝနံ၊ အဋဝီ၊ တော။ ဣတ္ထိ၊အဋဝီ-သဒ္ဒါ ဣတ္ထိလိင်တည်း။ တောပရိယာယ် ၇-ပုဒ်။ တု၊ ထိုမှတပါး။ မဟာရညံ၊ အရညာနီ၊ တောကြီး။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဘဝေ၊ ဖြစ်၏။ တောကြီး ပရိယာယ် ၂-ပုဒ်။

[အရည-ကို "အရိယတေ ဂမျတေတိ အရညံ" ဟု ဏွာဒိ။ ၅၁-၌ ဝိဂ္ဂဟ်ပြု၏။ အရတိ ဂစ္ဆတိ မိဂသမူဟော ဧတ္ထာတိ အရညံ-ဟု အပ၊ ဋ၊ ၂၊ ၁၀၄-၌ ပြု၏။ အာ သမန္တတော ရဇ္ဇန္တိ ဧတ္ထ....သပ္ပုရိသာဘိ အရညံ-ဟု အပ၊ ဋ၊ ၂။ ၁၀၄-၌ ပြု၏။ ဓာန်၊ ဋီ၊ သျှ-၌ကား "နတ္ထိ ရဇော ဧတ္ထာတိ အရညံ" ဟု ပြု၏။

မဟာရညံ, အရညာနီ-တို့ကား တောအုပ်ကြီး, တောကြီးမြိုင်ကြီး, တောနက်ဂနိုင် မဟာမြိုင်ဟောတည်း။ ဗြဟာ ဝနေတိ မဟာရုက္ခဂစ္ဆဂဟနတာယ မဟာဝနေ၊ အရညာနိယံ။ ထေရ၊ ဋ၊ ၁။ ၁၁၄။

ပဝနံ-လည်း တောကြီး မြိုင်ကြီး ပရိယာယ်ဟု သိရာ၏။ ပဝနံ ကာနနံ ဒိဿ၊ အပ္ပသဒ္ဒမနာဝိလံ။ အပ၊ ၁။ ၁၂၄။]

(၅၃၇) နဂရာ နာတိဒူရသ္မိံ၊ သန္တေဟိ ယော'ဘိရောပိတော။
တရုသဏ္ဍော သ အာရာမော၊ တထော'ပဝန မုစ္စတေ။

(၅၃၇) နဂရာ၊ မြို့မှ။ နာတိဒူရသ္မိံ၊ မဝေးလွန်းသော အရပ်၌။ သန္တေဟိ၊ အေးအေးချမ်းချမ်း နေလိုသူ လူတို့သည်။ အဘိရောပိတော၊ စိုက်ပျိုးအပ်သော။ ယော တရုသဏ္ဍော၊ အကြင်သစ်ပင်အပေါင်းသည်။ အတ္ထိ၊ ရှိ၏။ သ=သော တရုသဏ္ဍော၊ ထိုသစ်ပင်အပေါင်းကို။ အာရာမော၊ အာရာမဟူ၍၎င်း။ တထာ၊ ထို့မှတပါး။ ဥပဝနံ၊ ဥပဝနဟူ၍၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။ အာရာမော၊ ဥပဝနံ၊ အရာမ်။ ဝါ၊ ခြံ။ ဝါ၊ ဥယျာဉ်။ အရာမ်, ခြံ, ဥယျာဉ်ပရိယာယ် ၂-ပုဒ်။

[ပစ္စည်းကြွယ်ဝသော ပုဂ္ဂိုလ်များ မြို့၏အနီး၌ အုန်း,ငှက်ပျော, သရက်, ပိန္နဲ, ကွမ်းသီးပင် စသည်တို့ စိုက်ပျိုးကြပြီး အေးအေး ဆေးဆေး နေရန် စိုက်ပျိုးထားလေ့ရှိကြ၏။ ထိုဥယျာဉ်ခြံမျိုးကို ဆိုသည်။]

(၃၃၈) သဗ္ဗသာဓာရဏာ' ရညံ၊ ရညာ မုယျာန မုစ္စတေ။
ဥေ ယျံ တဒေဝ ပမဒ-ဝနမန္တေပုရောစိတံ။

(၃၃၈) ရညံ၊ မင်းတို့၏။ သဗ္ဗသာဓာရဏံ၊ လူအားလုံးတို့နှင့် ဆက်ဆံသော။ အရညံ၊ တောကို။ ဥယျာနံ၊ ဥယျာဉ် (ဥယျာဉ်တော်) ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အန္တေပုရောစိတံ၊ နန်းတွင်းသူတို့အား သင့် လျော်လျောက်ပတ်သော။ ဝါ၊ နန်းတွင်းသူတို့ အကျိုးငှါသာ စိုက်ပျိုး အပ်သော။ တဒေဝ၊ ထိုဥယျာဉ်ကိုပင်လျှင်။ ပမဒဝနံ၊ ပမဒဝနဟူ၍။ ဝါ၊ နန်းတွင်းသူတို့ မွေ့လျော်ပျော်ပါးရာ ဥယျာဉ်ဟူ၍။ ဥေ ယျံ၊ သိအပ်၏။

[နန်းတွင်းသူများ ပျော်ပါးရန် ဥယျာဉ်ကို ရှင်ဘုရင်မင်းများ စိုက်ပျိုးတည်ထောင်စေတတ်ကြသည်၊ သီဟိုဠ်ကျွန်း၌ ဒေဝါနံ-ပိယတိဿမင်း၏ ဖခင် မုဋသိဝမင်း (သာသနာသက္ကရာဇ် ၁၇၇-၂၃၇)သည် မဟာမေဃဝနဥယျာဉ်ကို စိုက်ပျိုးစေခဲ့သည်။

မဟာမေဃဝနုယျာနံ၊ နာမာနုဂဂုဏောဒိတံ။
ဖလပုပ္ဖတရူပေတံ၊ သော ရာဇာ ကာရယီ သုဘံ။

ဥယျာနဋ္ဌာနဂ္ဂဟဏေ၊ မဟာမေဃော အကာလဇော။
ပါဝဿိ တေန ဥယျာနံ၊ မဟာမေဃဝနံ အဟု။

မဟာဝံသ၊ ၁၁။ ၁၁၊ ၂။]

(၃၃၉) ပန္တိ ဝီထျာ'ဝလိ သေဏိ၊ ပါဠိ လေခါ တု ရာဇိ စ။
ပါဒပေါ ဝိဋပီ ရုက္ခော၊ အဂေါ သာလော မဟီရုဟော။

(၃၄၀) ဒုမော တရု ကုဇော သာခီ၊ ဂစ္ဆော တု ခုဒ္ဒပါဒပေါ။
ဖလန္တိ ယေ ဝိနာ ပုပ္ဖံ၊ တေ ဝုစ္စန္တိ ဝနပ္ပတီ။

(၃၃၉၊ ၃၄၀) ပန္တိ၊ ဝီထိ၊ အာဝလိ၊ သေဏိ၊ ပါဠိ၊ အစဉ်။ ဝါ၊ **အတန်း**။ အစဉ်,အတန်း ပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ လေခါ၊ ရာဇိ၊

အရေး။ ဝါ၊ အကြောင်း။ အရေး,အကြောင်း ပရိယာယ် ၂-ပုဒ်။ ပါဒပေါ၊ ဝိဋပီ၊ ရုက္ခော၊ အဂေါ၊ သာလော၊ မဟီရုဟော၊ ဒုမော၊ တရု၊ ကုဇော၊ သာခီ၊ သစ်ပင်။ သစ်ပင်ပရိယာယ် ၁၀-ပုဒ်။ တု၊ ထိုမှတပါး။ ခုဒ္ဒပါဒပေါ၊ သစ်ပင်ငယ်သည်။ ဂစ္ဆော၊ ဂစ္ဆမည်၏။ ယေ၊ အကြင်သစ်ပင်တို့သည်။ ပုပ္ဖံ၊ အပွင့်ကို။ ဝိနာ၊ ကင်း၍။ ဖလန္တိ၊ အသီးသီးကုန်၏။ တေ၊ ထိုသစ်ပင်တို့ကို။ ဝနပ္ပတိ၊ တောစိုးသစ်ပင်တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ (ညောင်ကြတ်, ရေသဖန်း, ပိန္နဲစသော သစ်ပင်များကို ယူ။)

[ဋီကာ၌ "အခြားရှိသော အစဉ်သည် 'ပန္တိ'၊ အခြားမရှိသော အစဉ်သည် 'ရာဇိ' မည်၏" ဟု ပန္တိနှင့်ရာဇိ အထူးကိုဆို၏။ အခြားရှိသော အစဉ်အတွက် ပုံစံကား– တရုပန္တိ၊ သစ်ပင်အစဉ်။ ပါသာဒပန္တိ၊ ပြာသာဒ်အစဉ်ဟူ၏။

ဝေဏီ-လည်း အစဉ်ဟော၏။ သေယျထာပိ ဝါသေဋ္ဌ အန္ဓဝေဏိ။ ဒီ၊ ၁။ ၂၂၅။ အန္ဓဝေဏီတိ အန္ဓပန္တိ။ ဒီ၊ ဋ္ဌ၊ ၁။ ၄၀၁။ စိရ-လည်း အစဉ်အတန်းဟော၏။ စိရန္တိ ပန္တိ။ သီ၊ ဋီ၊ သစ်။ ၂။ ၃၆၉။ ဓရဏီရုဟ, မေဒနီရုဟ-တို့လည်း သစ်ပင်ဟောဟု-သိရာ၏။ ဥပဋ္ဌဟိတွာ တံ ဗောဓိံ၊ ရေဏီရုဟပါဒပံ။ အပ၊ ၁။ ၁၆၄။

ဝနပ္ပတိ-သည် တောစိုးသစ်ပင်ဟော။ ဝနဿ တေ ဝနပ္ပတိ။ အံ၊ ၁။ ၁၅၁။ တော၏ အကြီးအကဲ (သစ်ပင်)ကိုလည်း ဟော၏။ ဝနပ္ပတိ ဇေဋ္ဌကရုက္ခောတိ ဝနပ္ပတိဘူတော ဇေဋ္ဌကရုက္ခော။ မ၊ ဋ္ဌ၊ ၁။ ၄၅။ တောအုပ်ကိုလည်း ဟော၏။ နဘဋ္ဌ သေလဋ္ဌ ဝနပ္ပတိဋ္ဌ။ ဇာ၊ ၂။ ၁၁၁။ ဇာ၊ ဋ္ဌ၊ ၅။ ၄၃၇။]

(၅၄၁) ဖလပါကာဝသာနေ ယော၊ မရတျော'သဓိ သာ ဘဝေ။
တီသု ဝဉ္ဈာ'ဖလာ စာထ၊ ဖလိနော ဖလဝါ ဖလီ။

(၅၄၁) ယော ကဒလီဝြောဒိကော၊ အကြင် ငှက်ပျော, စပါး-အစရှိသည်သည်။ ဖလပါကာဝသာနေ၊ အသီးမှည့်သည်၏အဆုံး၌။ မရတိ၊ သေတတ်၏။ သာ ကဒလီဝြောဒိကာ၊ ထိုငှက်ပျော,စပါး-အစရှိသည်သည်။ ဩသဓိ၊ ဩသဓိမည်သည်။ ဘဝေ၊ ဖြစ်၏။ ဝဉ္ဈာ၊ အဖလာ၊ အဖိုပင်။ ဝါ၊ အသီးမသီးသော အပင်။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ အဖိုပင်,

အသီး မသီးသောအပင် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဖလိနော၊ ဖလဝါ၊ အသီးရှိသောသစ်ပင် (ဖလဝန္တု-ပုဒ်ရင်း)။ ဖလိ၊ အသီးရှိသော သစ်ပင်။ အသီးရှိသော သစ်ပင်ပရိယာယ် ၃-ပုဒ်။

[ဩသဓိယတေတိ ဩသဓိ-ဟုပြု။ ဩသဓိယတော၊ တကြိမ်သာ သီးသော အသီးရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဩသဓိ၊ ဩသဓိ မည်၏-ဟု သိလေ။ ဩသဓိတိဏဝနပ္ပတယောတိ ဧတ္ထ ဩသဓီတိ ဩသဓရုက္ခာ-ဟု (အံ၊ ဋ္ဌ၊ ၃။ ၁၀၀။ သတ္တသူရိယသုတ်) အဆိုရှိရကား ဇာတိပ္ပိုလ်, လေးညှင်း-အစရှိသော သစ်ပင်များကိုလည်း ဩသဓိ-ဟု သိရာ၏။]

(၅၄၂) သမ္ဘုလ္လိတော တု ဝိကစော၊ ဖုလ္လော ဝိကသိတော တိသု။
သိရော'ဂ္ဂံ သိခရော နိတ္ထီ၊ သာခါ တု ကထိတာ လတာ။

(၅၄၂) တု၊ ထိုမှတပါး။ သမ္ဘုလ္လိတော၊ ဝိကစော၊ ဖုလ္လော၊ ဝိကသိ-တော၊ အပွင့်ရှိသော သစ်ပင်။ (ပွင့်ဆဲသစ်ပင်လည်းဟူ)။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ အပွင့်ရှိသော သစ်ပင်ပရိယာယ် ၄-ပုဒ်။ သိရော၊ အဂ္ဂံ၊ သိခရော၊ သစ်ပင်ဖျား။ အယံ၊ ဤ သိခရ-သဒ္ဒါသည်။ အနိတ္ထီ၊ ဣတ္ထိ လိင်မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ သစ်ပင်ဖျား ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ သာခါ၊ လတာ၊ သစ်ခက်။ သစ်ခက်ပရိယာယ် ၂-ပုဒ်။

[ဝိကစော-ကို "ဝိကစတေ ဝိဒလတိ ဝိသိလိဋ္ဌဒလော ဘဝတီတိ ဝါ ဝိကစော၊ အ၊ ဝိ-သဒ္ဒေါ ဝိသိလေသဇောတကော" ဟု ဋီကာ ဆို၏။ ကပ်ငြိခွေလိပ်သော အရွက်ရှိသဖြင့် ဖြစ်တတ်ရကား ဝိကစ-မည်၏။ ဖုဋ္ဌော-လည်း အပွင့်ရှိသော သစ်ပင်ဟော ပရိယာယ် တည်း။]

(၅၄၃) ဒလံ ပလာသံ ဆဒနံ၊ ပဏ္ဏံ ပတ္တံ ဆဒေါ ပျထ။
ပလ္လဝေါ ဝါ ကိသလယံ၊ နပုံသကေ တု အင်္ကုရော။

(၅၄၃) ဒလံ၊ ပလာသံ၊ ဆဒနံ၊ ပဏ္ဏံ၊ ပတ္တံ၊ ဆဒေါ၊ သစ်ရွက်။ သစ်ရွက်ပရိယာယ် ၆-ပုဒ်။ အထ၊ ထိုမှတပါး။ ပလ္လဝေါ၊ ရွက်နု။ ဝါ၊ ရွက်နုရှိသော သစ်ခက်၏အဆစ်။ ဝါ၊ ပလ္လဝ-သဒ္ဒါ နပုလ္လိင်လည်း ရှိ၏။ ကိသ-

လယံ၊ ရှက်နု။ ဝါ၊ ရှက်နုရှိသော သစ်ခက်၏ အဆစ်။ ရှက်နုပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အင်္ကုရော၊ အင်္ကုရ-သဒ္ဒါသည်။ နဝုဗ္ဘိန္နေ၊ ပေါက်သစ်ခါစ အညွန့်၌။ ဝတ္တတိ၊ ဖြစ်၏။

[ဒလ-ကို ဒလတိ ဝိကာသတီတိ ဒလံ-ဟု ပြု၏။ ပလာသ-ကို "ပကာရေန လသတီတိ ပလာသော"ဟု ပြု၏။ ပလ္လဝ-ကို "ပလ္လ-တီတိ ဝါ ပလ္လဝေါ ကိသလယံ"ဟု ဏွာဒိမောဂ္ဂလ္လာန် ၁၉၉-သုတ်၌ ဆို၏။ သုဗောဓာလင်္ကာရဋီကာ။ ၉၈-နှာ၌—

ကာစုယျာနေ မယာ ဒိဋ္ဌာ၊ ဝလ္လရိ ပဉ္စ ပလ္လဝါ။
ပလ္လဝေ ပလ္လဝေ မုဓာ၊ ယဿာ ကုသုမမဉ္ဇရီ—

ဟူသော ဂါထာလာ ပလ္လဝ-သဒ္ဒါ ၂-ခုသည် ရှက်ညွန့်ရှိသော သစ်ခက်၏ အဆစ်ဟောဖြစ်၏။ သို့ရာတွင် ယင်းဋီကာ၌ကား ပဟေဠိ ဖြစ်၍ သတို့သမီး၏ လက်ချောင်း ခြေချောင်း, နှုတ်ခမ်း တို့ကို အခိုက်အတန့် ဟော၏။ ဓာန်၊ ဋီ-၌လည်း "ဒွယံ ပတ္တာဒိသံယော-ဂဝတိ သာခါယ ပဗ္ဗေ"ဟု ဆို၏။]

(၅၄၄) မကုလံ ဝါ ကုဋ္မလော၊ ခါရကော တု စ ဇာလကံ။
ကလိကာ ကောရကော နိတ္ထီ၊ ဝဏ္ဋံ ပုပ္ဖါဒိဗန္ဓနံ။

(၅၄၄) မကုလံ၊ စဉ်းငယ်ပွင့်သော အငုံ။ (မုကုလ-ဟုလည်း ရှိသည်။) ဝါ၊ မကုလ သဒ္ဒါ ဝိကပ် ပုလ္လိင်,နပုလ္လိင်တည်း။ ကုဋ္မလော၊ စဉ်းငယ်ပွင့်သော အငုံ။ စဉ်းငယ်ပွင့်သော အငုံပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ခါရကော၊ ဇာလကံ၊ ငုံကင်း။ (ပုရစ်ငုံ၊ ပရစ်၊ ထွက်ပြူစအငုံလည်း ဟူ၏။) ငုံကင်းပရိယာယ် ၂ ပုဒ်။ ကလိကာ၊ ကောရကော၊ ငုံရင့်။ (ပွင့်လုနီးဖြစ်သော အငုံ။) အနိတ္ထီ၊ ကောရက-သဒ္ဒါ ပုလ္လိင်, နပုလ္လိင်တည်း။ ငုံရင့်ပရိယာယ် ၂-ပုဒ်။ ပုပ္ဖါဒိဗန္ဓနံ၊ အပွင့် အစရှိသည်တို့၏ အညှာသည်။ ဝဏ္ဋံ၊ ဝဏ္ဋ မည်၏။

[မကုလ, ကုဋ္မလ-သည် ပွင့်ခါနီး အငုံ-လည်း သင့်၏။ ကုဋ္မလသဉ္ဇာတောဘိ သဉ္ဇာတမကုလော။ အံ၊ ဋ္ဌ၊ ၃။ ၁၇၄။ ကလိကာ, ကောရက တို့ကား ငုံရင့်ဟော ဖြစ်၏။ ပွင့်ခါနီး အငုံသော်လည်း ဟူ။ မကုဋ္ဌခါရ ဘာကာသာ၊ ကလိ ဘာဝ ပဒေယာဓရာ။ အပ၊ ၂။ ၂၅၆။]

(၅၄၅) ပသဝေါ ကုသုမ် ပုပ္ဖံ၊ ပရာဂေါ ပုပ္ဖဇော ရဇော။
မကရန္ဒော မဓု မတံ၊ ထဝကော တု စ ဂေါစ္ဆကော။

(၅၄၅) ပသဝေါ၊ ကုသုမံ၊ ပုပ္ဖံ၊ ပန်း။ ပန်းပရိယာယ် ၃-ပုဒ်။ ပရာ-ဂေါ၊ ပုပ္ဖဇော၊ ရဇော၊ ဝတ်မှုန်။ ဝတ်မှုန်ပရိယာယ် ၃-ပုဒ်။ မကရန္ဒော၊ မဓု၊ ပန်းရက်။ တုလျှံ၊ အနက်တူ၏ဟူ၍။ မတံ၊ သိအပ်၏။ ပန်းရက် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ထဝကော၊ ဂေါစ္ဆကော၊ အခိုင်။ ဝါ၊ အပြွတ်။ အခိုင်, အပြွတ် ပရိယာယ် ၂-ပုဒ်။

[ပသဝ, ကုသုမ, ပုပ္ဖ-တို့သည် ပန်းဟော, အပွင့်ဟောတို့တည်း။ အပွင့်ဟောကား ပိုကောင်း၏။ ဥပမာ သပြေပန်းဟု ဆိုရာ၌ သပြေခက်၊ သို့မဟုတ် အတက်အညွန့်တို့ဖြင့် ဝေဆာလှပသော သပြေကိုင်းကို ဆိုသည်။ စာရေးဆရာ, ကဗျာဆရာတို့၏ အဖွဲ့ ကဗျာ၌ အခြံအရံ ရှာပုံကို ပြရာ ကဝိကပ္ပလတာ၌—

ကုသုမဿ ပဘာဝဏ္ဏော၊ ပုပ္ဖဿ မကုလံ ဒလံ။
အလိနံ နိလီနတ္တဉ္စ၊ ဝါယော တု ပရိဝါရိတံ—

ဟူသော ဂါထာ၌ ကုသုမသည် ပန်းဟောတည်း။ ပန်းနှင့် အပွင့် အရာခပ်သိမ်း၌ မတူတတ်သဖြင့် နှိုင်းချိန်ရာ၏။ ချိုသောပန်း၏ အရည်ကို 'မကရန္ဒ' မည်ကြောင်း "မဓုရပုပ္ဖရသော မကရန္ဒော နာမာတိ မတံ"ဟု ဋီကာ၌ ဆို၏။]

(၅၄၆) ဖလေ တ္ဝာ'မေ သလာဋု'တ္တော၊ ဖလံ တု ပက္က မုစ္စတေ။
စမ္ပက'မ္ဗာဒိ ကုသုမ-ဖလနာမံ နပုံသကေ။

(၅၄၆) တု၊ ထိုမှတပါး။ အာမေ၊ စိမ်းသော။ ဖလေ၊ အသီး၌။ သလာဋု၊ သလာဋု-သဒ္ဒါကို။ ဥတ္တော၊ ဆိုအပ်၏။ သလာဋု၊ အသီးစိမ်း။ တု၊ ထိုမှတပါး။ ပက္ကံ၊ မှည့်သောအသီးကို။ ဖလံ၊ ဖလဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ ဖလံ၊ အသီးမှည့်။ ကုသုမဖလနာမံ၊ အပွင့်, အသီး၏ အမည် ဖြစ်သော။ စမ္ပကမ္ဗာဒိ၊ စမ္ပက, အမ္ဗ-အစရှိသော သဒ္ဒါသည်။ နပုံသကေ၊ နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[အသီးခြောက်ကို 'ဝါန'ဟု ခေါ်သည်။ သုကွေ တု ဖလေ ဝါနေ၁။ ငှီကာ၁။ စမ္ပကပုပ္ဖ-ဟု မဆိုပဲ စမ္ပကသက်သက်ကို စကားပန်း, အမ္ဗဖလဟု မဆိုဘဲ အမ္ဗ-သက်သက်ကို သရက်သီးဟု မြန်မာပြန်ဆိုမှု ထိုသဒ္ဒါများကို နပုလ္လိင်-ဟု သိပါ ဟူလို။]

(၅၄၇) မလ္လိကာဒီ တု ကုသုမေ၊ သလိင်္ဂါ ဝီဟယော ဖလေ။
ဇမ္ဗူ' တ္ထီ ဇမ္ဗုဝံ ဇမ္ဗု၊ ဝိဋပေါ ဝိဋဘီ'တ္ထိယံ။

(၅၄၇) တု၊ ထိုမှတပါး။ မလ္လိကာဒီ၊ မလ္လိကာ-အစရှိသော သဒ္ဒါတို့သည်။ ကုသုမေ၊ အပွင့်၌။ ဝတ္တမာနာ၊ ဖြစ်ကုန်ပါမူ။ သလိင်္ဂါ၊ မိမိလိင်ရင်းလျှင် လိင်ရှိကုန်၏။ ဝီဟယော၊ ကောက်မျိုး, ပဲမျိုးဟော သဒ္ဒါတို့သည်။ ဖလေ၊ အသီး၌။ ဝတ္တမာနာ၊ ဖြစ်ကုန်ပါမူ။ သလိင်္ဂါ၊ မိမိလိင်ရင်းလျှင် လိင်ရှိကုန်၏။ ဇမ္ဗူ၊ သပြေသီး။ ဣတ္ထီ၊ ဇမ္ဗူ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ဇမ္ဗုဝံ၊ ဇမ္ဗု၊ သပြေသီး။ သပြေသီးပရိယာယ် ၃-ပုဒ်။ ဝိဋပေါ၊ ဝိဋဘီ၊ သစ်ခွ။ အယံ၊ ဤ ဝိဋဘီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သစ်ခွပရိယာယ် ၂-ပုဒ်။

[မလ္လိကာ-စသော သဒ္ဒါများ ပန်း (အပွင့်)၌ပင် ဖြစ်သော်လည်း အဘေဒူပစာရ-အားဖြင့် ဖြစ်ရကား လိင်မထူး ဟူ၏။ ပုံစံကား—မလ္လိကာ၊ ကြက်ရုံး။ ဝနမလ္လိကာ၊ တောကြက်ရုံး-စသည်တည်း။ စပါးမျိုး, ပဲမျိုးဟော သဒ္ဒါများလည်း အဘေဒူပစာရ-အားဖြင့် အသီး၌ဖြစ်သော်လည်း မိမိလိင်ရင်းအတိုင်း ဟူ၏။ ပုံစံကား–မာသဿ ဖလံ မာသော၊ မုဂ္ဂဿ ဖလံ မုဂ္ဂေါ၊ ယဝဿ ဖလံ ယဝေါ၊ တိလဿ ဖလံ တိလော-စသည်တည်း။ ဇမ္ဗုဝံ-ကို "ဇမ္ဗုယာ ဖလံ ဇမ္ဗုဝံ"ဟု ပြု၏။]

(၅၄၈) မူလ မာရဗ္ဘ သာခန္တော၊ ခန္ဓော ဘာဂေါ တရုဿထ။
ကောဋရော နိတ္ထိယံ ရုက္ခ–စ္ဆိဒ္ဒေ ကဋ္ဌံ တု ဒါရု စ။

(၅၄၈) မူလံ၊ အမြစ်ကို။ အာရဗ္ဘ၊ အစပြု၍။ သာခန္တော၊ အခက်အပိုင်းအခြား တိုင်အောင်သော။ တရုဿ၊ သစ်ပင်၏။ ဘာဂေါ၊ အဖို့သည်။ ခန္ဓော၊ ခန္ဓ မည်၏။ ဝါ၊ ပင်စည်မည်၏။ အထ၊ ထိုမှတပါး။ ကောဋရော၊

ကောဠရ-သဒ္ဒါသည်။ ရုက္ခစ္ဆိဒ္ဒေါ၊ သစ်ခေါင်း၌။ ဝတ္တတိ၊ ဖြစ်၏။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ကဋ္ဌ၊ ဒါရု၊ ထင်း။ ဝါ၊ သစ်သား။ ထင်း,သစ်သား ပရိယာယ် ၂-ပုဒ်။

[ခန္ဓ-သည် ပင်စည်၊ ပင်မ၊ ပင်လုံးလည်း ဟူ၏။ အတိက္ကမ္မေ ၀ မူလံ အတိက္ကမ္မ ခန္ဓန္တိ သာဓော နာမ မူလေ ဝါ ခန္ဓေ ဝါ ဘဝေယျ။ မ၊၃၊၁၊၃၀။ ပကဏ္ဍ-လည်း ပင်စည်၊ ပင်မ၊ ပင်လုံး ဟော ဖြစ်၏။

ရုက္ခသုသိရ-လည်း သစ်ခေါင်းဟော ပရိယာယ်တည်း။ ကောဠရေ ရုက္ခသုသိရေ။ ထေရီ၊၃၊၂၆၅။ နိက္ကုဟ-လည်း သစ်ခေါင်း ဟောတည်း။ ကောဠရော၊ နိက္ကုဟောပိ။ ဋီကာ။]

(၅၄၉) ဗုန္ဒော မူလံ စ ပါဒေါထ၊ သက္ခော ခါဏု နိတ္ထိယံ။
ကဠင်္ဂရ တု ကန္ဒေါထ၊ ကဋ္ဌရော မတ္ထကော ဘဝေ။

(၅၄၉) ဗုန္ဒော၊ မူလံ၊ ပါဒေါ၊ သစ်မြစ်။ သစ်မြစ်ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ သက္ကု၊ သစ်ငုတ်။ ဥတ္တော၊ သက္ကု-သဒ္ဒါ ပုလ္လိင်ဟု ဆိုအပ်၏။ ခါဏု၊ သစ်ငုတ်။ အယံ၊ ဤ ခါဏု-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ သစ်ငုတ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကဠင်္ဂရံ၊ ကန္ဒော၊ အဥ။ (အမြစ်,အဖုလည်း ဟူ) အဥပရိယာယ် ၂-ပုဒ်။ ကဋ္ဌရော၊ မတ္ထကော၊ အညွှာက်။ (အပင်ပေါက်လည်း ဟူ။) သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အညွှာက် ပရိယာယ် ၂-ပုဒ်။

[ဋီကာ၌ ကုဠင်္ဂရ-ဟု ရှိသည်။ ယင်း ကုဠင်္ဂရ-ကို "ကုယံ ပထဝိယံ ဠုဟတီတိ ကုဠင်္ဂရ" ဟု ဝိဂ္ဂဟ်ပြု၏။ ယင်း ဓာန်၊ဋီ-ဆရာသည်ပင် ကဠင်္ဂရ-ဟောနက်များကို နာနတ္ထသင်္ဂဟကျမ်းလာအတိုင်း ကြာစွယ်ကြာရင်း,ပန်း,ပန်းတိုင်းပင်, ကြောက်ခြင်းတို့ဖြစ်ကြောင်း"ကဠင်္ဂရော မူလဇကကန္ဒေ၊ ပုပ္ဖရုက္ခဘီတေ သုစေ"တိ နာနတ္ထသင်္ဂဟော-ဟူ ပေ၁ပြ၏။]

(၅၅၀) ဝလ္လရီ မဉ္ဇရီ နာရီ၊ ဝလ္လိ တု ကထိတာ လတာ၊
ထမ္ဘော ဂုမ္ဗော စ အက္ခန္ဓေ၊ လတာ ဝိရူ ပတာနိနီ။

(၅၅၀) ဝလ္လရီ၊ မဉ္ဇရီ၊ ပွင့်တံအခိုင်။ နာရီ၊ နှစ်ပုဒ်လုံး ဣတ္ထိလိင်ချည်းဖြစ်၏။ ပွင့်တံအခိုင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝလ္လိ၊လတာ၊ နွယ်။ တုလျှာ၊ အနက်ဘူ၏ဟူ၍။ ကထိတာ၊ ဆိုအပ်၏။ နွယ်ပရိယာယ် ၂-ပုဒ်။ ထမ္ဘော၊ ထမ္ဘ-သဒ္ဒါသည်ရင်း။ ဂုမ္ဗော၊ ဂုမ္ဗ-သဒ္ဒါသည်ရင်း။ အက္ခန္ဓေ၊ ပင်စည်မရှိသော ချုံ၌။ ဝတ္တတိ၊ ဖြစ်၏။ ပတာနိနီ၊ အခက်အရွက် ရှုံ့ယှက်တည်နေသော။ လတာ၊ ကွမ်း-စသော နွယ်သည်။ ဝိရူ၊ ဝိရူ မည်၏။

[ဝလ္လိ, ဝလ္လီ-ဟု ဣကာရန္တဣတ္ထိလိင်, ဤကာရန္တဣတ္ထိလိင် ၂-မျိုး ရှိ၏။ သာ ပန န ဝလ္လိ ဝိယ စ လတာ ဝိယ စ အနုသေတိ။ ဒီ၊၄၊၂။ ၉၅။ န တမှိ နဂရေ အတ္ထိ၊ ကဋ္ဌံ ဝလ္လိ စ မတ္တိကာ။ အပ၊၂။၃၀။

အမရ၊၁၉။၂၁-၌ ထမ္ဘော ဂုစ္ဆ တိဏာဒီနံ (ဿမ္ဘော ဂုစ္ဆဿတ္ထဏ-ဏာဒိနံ)-ဟု လာ၏။ မြက်ချုံ၊ မြက်ဖုတ်-ဟူ၏။ အရညေ ပဝိ-သိတ္ဂာ ဂစ္ဆန္တရေ ဝါ ဂုမ္ဗန္တရေ ဝါ နိသီဒန္တိ။ မ၊၄၊၁၁၇။]

(၅၅၁) အဿတ္ထော ဗောဓိ စ ဒွိသု၊ နိဂြောဓော တု ဝဋော ဘဝေ၊
ကပိတ္ထော စ ကပိတ္ထော စ၊ ယညင်္ဂေါ တု ဥဒုမ္ဗရော။

(၅၅၁) အဿတ္ထော၊ ဗောဓိ၊ ညောင်ဗုဒ္ဓဟေ။ အယံ၊ ဤဗောဓိ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ (ဗောဓိ-ညောင်, ညောင်ဗောဓိ-လည်း ဟူ။) ညောင်ဗုဒ္ဓဟေ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ နိဂြောဓော၊ ဝဋော၊ ပညောင်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ (ညောင်ပိန္နဲလည်း ဟူ။) ပညောင်ပရိယာယ် ၂-ပုဒ်။ ကပိတ္ထော၊ ကပိတ္ထော၊ သီးပင်။ သီးပင်ပရိယာယ် ၂-ပုဒ်။ ယညင်္ဂေါ၊ ဥဒုမ္ဗရော၊ ရေသဖန်း။ (သဖန်းရိုင်းလည်း ဟူ။) ရေသဖန်း ပရိယာယ် ၂-ပုဒ်။

[ညောင်ဗုဒ္ဓဟေ, ပညောင်, ညောင်ကြတ်တို့၏ အသီးသည် ဖန်၏၊ စဉ်းငယ်ချို၏၊ ချဉ်၏၊ လေကို ယူတတ်၏၊ ကြေခဲ ကျက်ခဲသော သတ္တိရှိ၏-ဟု ဒဗ္ဗဂုဏဆေးကျမ်း၌ ဆို၏။

သီးသီး မှည့်သည် ချိုချဉ်အရသာ ရှိ၏၊ ကြေခဲ၏၊ ဒေါသ ၃-ပါးကို ပယ်နိုင်၏၊ အောင့်အန်နာ, ပင်ပန်းခြင်းတို့ကို ပယ်ဖျောက်နိုင်၏၊ မောပန်းခြင်းကို နိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းချုပ်၏၊ ထာ၀စဉ် မှီဝဲအပ်၏-ဟု ရာဇနိဃဏ္ဍုကျမ်း၌ ဆို၏။ ရေသဖန်းရွက်ကို "သွေးလေကို သက်စေတတ်၏။ အအေး, အာ၀ေါ" ဟု ဆိုကြသည်။]

(၅၅၂) ကောဝိဠာရော ယုဂပတ္တော၊ ဥဒ္ဒါလော ဝါတဃာတကော။
ရာဇရုက္ခော ကတမာလ-န္တိဝရော ဗျာဓိဃာတကော။

(၅၅၂) ကောဝိဠာရော၊ ယုဂပတ္တော၊ စွယ်တော်ပင်။ စွယ်တော်ပင် ပရိယာယ် ၂-ပုဒ်။ ဥဒ္ဒါလော၊ ဝါတဃာတကော၊ ရာဇရုက္ခော၊ ကတမာလော၊ ဣန္ဒီဝရော၊ ဗျာဓိဃာတကော၊ ငုပင်။ ငုပင်ပရိယာယ် ၆-ပုဒ်။

[ဤ ဂါထာလာ ကောဝိဠာရ-သည် ပင်လယ်ကသစ်ဟော မဟုတ်။ သဂ္ဂကဏ္ဍ ၂၈-ဂါထာ၌ "ကောဝိဠာရော တထာ ပါရိ-စ္ဆတ္တကော ပါရိဇာတကော" ဟု ကောဝိဠာရ,ပါရိစ္ဆတ္တက,ပါရိဇာတက-အားဖြင့် ပင်လယ်ကသစ်ဟော ပရိယာယ် ၃-ပုဒ် လာပြီး ဖြစ်၏။ ဤ ဂါထာ၌ စွယ်တော်ပင် ဖြစ်သည်။ ဒိဂုဏပဏ္ဏ လည်း စွယ်တော်ပင်ဟောတည်း။ ဒိဂုဏပဏ္ဏော ကောဝိဠာရော သုပုပ္ဖိတော။ ဇာ၊ဋ္ဌ၊၆။၂၀၆။ ယင်းစွယ်တော်ပင်ကို သီဟိုဠ်တို့က "ကောဗော လီလ" ဟု ခေါ်ကြသည်။ စွယ်တော်ရွက်ကို ဟင်းချို ချက်, ပြုတ်သနပ်လုပ် စားသုံးနိုင်၏-ဟု ဆိုကြသည်။

ဥဒ္ဒါလက-လည်း ငုပင်ဟော ဟူ၏။ ဥဒ္ဒါလကောတိ ဝါတဃာတကော၊ ယေ ရာဇရုက္ခာတိ ဝဒန္တိ။ ဝိမာန၊ဋ္ဌ။ နာဝါဝိမာနဝတ္ထု။ ငုရွက်သည် ပူချို ဖြစ်၏၊ အဖျားရင့်သော အနာ, အထက်ဆန် လေနာများကို ပျောက်ကင်းစေနိုင်၏၊ ဝမ်းချုပ်သူများ ငုရွက်ကို ဟင်းချို ချက် သုံးနိုင်၏-ဟု ဆေးကျမ်းတို့၌ ဆို၏။

ငုသီးကား ချို၏၊ အားကို ဖြစ်စေတတ်၏၊ လေ, သည်းခြေ, မြင်းသရိုက်နာကို ပယ်နိုင်၏၊ အသံကောင်းစေတတ်၏-ဟု ဒဗ္ဗဂုဏ-

ပကာသနိ၌ ဆို၏။ စတုရဂ္ဂုလော, အာရေဝတော, သုဝဏ္ဏကော-တို့ သည်လည်း ငုပင်ဟော ပရိယာယ်တို့တည်း။]

(၅၅၃) ဒန္တသဌော စ ဇမ္ဘီရော၊ ဝရဏော တု ကရေရိ စ။
ကိံသုကော ပါဠိဘဒ္ဒေါထ၊ ဝဍ္ဍုလော တု စ ဝေတသော။

(၅၅၃) ဒန္တသဌော၊ ဇမ္ဘီရော၊ သမ္ဘရာ။ (ရှောက်လည်းဟူ၏။)သမ္ဘ-ရာ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝရဏော၊ ကရေရိ၊ ခံတက်။ ခံတက် ပရိယာယ် ၂-ပုဒ်။ ကိံသုကော၊ ပါဠိဘဒ္ဒေါ၊ တောင်ကသစ်။ တောင်ကသစ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝဍ္ဍုလော၊ ဝေတသော၊ ကုန်းကြိမ်။ ကုန်းကြိမ်ပရိယာယ် ၂-ပုဒ်။

[အမ္ဗိလတ္တာ ဒန္တသာ သဌော ဒန္တသဌော-ဟု ဋီကာဖွင့်၏။ သမ္ဘရာ-ဟု အနက်ပြန်လိုက်သည်။ ကျော်အောင်စံထား ဆရာတော်ဘုရား နိသျ၌ 'ရှောက်' ဟူ၏။ လက်ာရာမ ဆရာတော်ဘုရားကြီးကား ဒန္တသဌ-ကို 'သမ္ဘရာ'၊ ဇမ္ဘီရ-ကို 'ကမ္ဗလာ'ဟု ပြန်ဆိုတော်မူ၏။ ရာဇနိဃဏ္ဍု၌ အချဉ်, အချို ၂-မျိုးခွဲ၍ ပြသဖြင့်'ရှောက်' ဟု ပြန်ဆိုလျှင် ပိုကောင်းအံ့ ထင်၏၊ ရှောက်ချဉ်ဟောလျှင် အမ္ဗိလ-ဇမ္ဘီရ၊ ရှောက်ချိုဟောလျှင် မဓုရဇမ္ဘီရ-စသည် ရေးထုံး ဆိုထုံး ပြုရာ၏။ "အညော မဓုရဇမ္ဘီရော၊ မဓုဇမ္ဘော မဓုရဇမ္ဗလော စေဝ။ ရာဇနိဃဏ္ဍု။၂၄၆။

ကုန်းခံတက်, ရေခံတက်-ဟု ၂-မျိုးရှိရာ ကျော်အောင်စံထား နိသျ-၌ ဝရဏနှင့် ကရေရိကို 'ရေခံတက်'ဟု ပြန်သည်၊ ရေခံတက်ကား သေ့း, လေကို ကြေစေတတ်၏-ဟု ဆိုကြသည်။ ဖပ္ပ, တေဇော, အတက်တည်း။

ကသစ်သည် အမျိုးမျိုးရှိသည်၊ ပင်လယ်ကသစ်, ကုန်းကသစ်, တောင်ကသစ်, ရေကသစ်, ကသစ်နွယ်ပင်-စသည်ဖြင့် များစွာ ရှိသည်-ဟု သိရ၏။ ကသစ်နွယ်ပင်ကား ကချင်တောင်များပေါ်၌ ပေါက်ရောက်တည်ရှိသည်-ဟု သိရ၏။]

(၅၅၄) အမ္ဗာဋကော ပီတနကော၊ မစုကော တု မစုဒ္ဒုမော။
အထော ဂုဋ္ဌဖလော ပီလု၊ သောဘဉ္ဇနော စ သိဂ္ဂု စ။

(၅၅၄) အမ္ဗာဋကော၊ ပီတနကော၊ ဝေးပင်။ (ဝှေးပင်လည်းဟူ။) ဝေးပင်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မစုကော၊ မစုဒ္ဒုမော၊ မယ်ဇယ်။ (သစ်မည်စည်လည်း ဟူ၏။) မယ်ဇယ်ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ ဂုဋ္ဌဖလော၊ ပီလု၊ သစ်ကြား။ သစ်ကြား ပရိယာယ် ၂-ပုဒ်။ သောဘဉ္ဇနော၊ သိဂ္ဂု၊ ဒန့်သလွန်။ ဒန့်သလွန်ပရိယာယ် ၂-ပုဒ်။

[မယ်ဇယ်ပင်သည် ကုန်းမယ်ဇယ်,ရေမယ်ဇယ် ၂-မျိုး ရှိသည်။ ကုန်းမယ်ဇယ်ကား အရွက်သေး၍ ရေမယ်ဇယ်ကား အရွက်ကြီး သတတ်။

ဒန့်သလွန်ကား ဋီကာ၌ အဆိပ်နိုင်ဆေးတော် ဟူ၏။ ဒန့်သလွန် ရွက်သည် လေကြေဆေးလည်း ဖြစ်၏။ တုန်ဖျား, ချမ်းဖျားနှင့် သင့်၏။ နို့ရေနှင့် သုက်ကို ပွါးစေထတ်၏။ အသီးကား ဆီးနည်း, ဓာတ်ချုပ်, လေသက် စေတတ်၏။]

(၅၅၅) သတ္တပဏ္ဏိ ဆတ္တပဏ္ဏော၊ တိနိသော တွ' တိမုတ္တကော။
ကိံသုကော တု ပလာသောထ၊ အရိဋ္ဌော ဖေနိလော ဘဝေ။

(၅၅၅) သတ္တပဏ္ဏိ၊ ဆတ္တပဏ္ဏော၊ စရည်း။ (တောင်မရိုး, တောင်မဲ အုပ်လည်း ဟူ၏။) စရည်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ တိနိသော၊ အတိမုတ္တကော၊ စစ်ကြီး။ စစ်ကြီးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကိံသုကော၊ ပလာသော၊ ပေါက်။ ပေါက်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှ တပါး။ အရိဋ္ဌော၊ ဖေနိလော၊ ကင်ပွန်းတော်။ ကင်ပွန်းတော် ပရိယာယ် ၂-ပုဒ်။

[သတ္တပဏ္ဏိ, ဆတ္တပဏ္ဏ-တို့ကို ရှေးအထက်ကျော်ကပင် **ဆရာ** အဆက်ဆက်တို့ စရည်းဟု ပြန်ဆိုကြ၏။ နောင်ခေတ်၌ တောင် မရိုး, တောင်မဲအုပ်ဟုလည်း ပြန်ဆိုကြသည်။ ဋီကာ၌ ဆတ္တပဏ္ဏ ကို "ဆတ္တမိဝ ပဏ္ဏမဿ ဆတ္တပဏ္ဏော"ဟု ဖွင့်၏။ သို့ရာတွင် "ဆသတ္တပဏ္ဏမေတဿာတိ ဆတ္တပဏ္ဏော"ဟု ပြုလျှင် ပိုကောင်း

မည် ထင်၏။ ၎င်းအပင်၏ အရွက်များသည် ၆-ရွက်သော်၎င်း၊ ၇-ရွက်သော်၎င်း ရှိတတ်သည်။ သတ္တ-ပုဒ် ချေထားသည်ဟု ဆိုလို၏။

စစ်ကြီးပင်ကို သီဟိုဠ်၌ ကောမ္ဗု-ဟု ခေါ်ကြ၏။ ရှားပင်နှင့်တူသော သစ်ပင်ကြီး တမျိုးဟုလည်း ဆိုကြသည်။ ပေါက်ပင်သည်လည်း အပွင့်ကိုစွဲ၍ ပေါက်ဖြူ, ပေါက်နီ-ဟု ၂-မျိုးရှိ၏။ ပခုက္ကူဒေသ၌ ပေါက်ဖြူပင် အများအပြားရှိ၍ ပေါက်နီပင် အနည်းငယ်ရှိ၏။ ပေါက်နီကား သီဟိုဠ်ကျွန်း-စသည်၌ များစွာရှိ၏။

ယထာပိ ပုပ္ဖိတံ ဒိသွာ၊ သိင်္ဂါလော ကိံသုကံ ဝနေ။
မံသရုက္ခော မယာ လဒ္ဓေါ၊ ဣတိ ဂန္တွာန ဝေဂသာ။

ပတိတံ ပတိတံ ပုပ္ဖံ၊ ဍံသိတွာ အတိလောလုပေါ။
နယိဒံ မံသံ အဒုံ မံသံ၊ ယံ ရုက္ခသ္မိန္တိ ဂဏှတိ—

ဟူ၍ ဝိသုဒ္ဓိ၊ ၁။ ၁၉၀။ အဿာဘကမ္မဋ္ဌာနနိဒ္ဒေသ၌ လာသည်ကား ပေါက်ပန်းနီတည်း။

အရိဋ္ဌ, ဖေဏိလ-တို့ကို ဋီကာဆရာက ပုတီးဟု ပြန်ဆို၏။ ပုတီးနက်, သဘော်ကင်ပွန်း, ကုလားကင်ပွန်း, မျောက်မင်းသွေးခဲလည်း ဟူ၏။]

(၅၅၆) မာလူရဗေလုဝါ ဗိလ္လော၊ ပုန္နာဂေါ တု စ ကေသရော။
သာလဝေါ တု စ လောဒ္ဒေါထ၊ ပိယာလော သန္နကဒ္ဒု စ။

(၅၅၆) မာလူရ၊ ဥသျှစ်။ (ပဋ္ဌမန္တနှင့် မာလူရော-ဟူ၏။) ဗေလုဝေါ၊ ဥသျှစ်။ (အခိုက်အတန့် ဗေလုဝေါ-ဟု ပြင်သည်။) ဗိလ္လော၊ ဥသျှစ်။ ဥသျှစ် ပရိယာယ် ၃-ပုဒ်။ ပုန္နာဂေါ၊ ကေသရော၊ ပုန်းညက်။ ပုန်းညက်ပရိယာယ် ၂-ပုဒ်။ တု ထိုမှတပါး။ သာလဝေါ၊ လောဒ္ဒေါ၊ တောက်ရပ်။ တောက်ရပ် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ပိယာလော၊ သန္နကဒ္ဒု၊ လွန်။ လွန် ပရိယာယ် ၂-ပုဒ်။

[ဘေသဇ္ဇမဉ္ဇူသာ-၌—

ဒီပနံ လဟု ဗိလ္လန္တံ၊ ပက္ကံ ဂုရု စ သေမှလံ–

ဟူ၍ ဥသျှစ်သီးမှည့်ကို လျင်မြန်စွာ ဝမ်းမီးတောက်စေတတ်, အစာကြေခဲ, သလိပ်ဖြစ်စေတတ် ကြောင်း ဆို၏။ လောဒ္ဒ-ကို "ရတ္တ-ကဖပိတ္တသောသေ လုနာတိတိ လောဒ္ဒေါ" ဟု ဋီကာဝိဂ္ဂိုဟ်ပြု၏။ သွေး, သလိပ်, သည်းခြေ, ချောင်းဆိုးပန်းနာကို ပျောက်ကင်းစေတတ်သည် ဟူ၏။]

(၅၅၇) လိကောစကော တထာ' ကောဠော၊
အထ ဂုဂ္ဂုလု ကောသိကော။
အမ္ဗော စူတော သဟော တေသော၊
သဟကာရော သုဂန္ဓဝါ။

(၅၅၇) လိကောစကော၊ မှန်ကူပင်။ တထာ၊ ထိုမှတပါး။ အင်္ကော-လော၊ မှန်ကူပင်။ (စက်ကတိုးပင်လည်း ဟူ၏။) မှန်ကူပင် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဂုဂ္ဂုလု၊ ကောသိကော၊ ကြစု။ ကြစု ပရိယာယ် ၂-ပုဒ်။ အမ္ဗော၊ စူတော၊ သရက်။ သရက် ပရိယာယ် ၂-ပုဒ်။ တေသော၊ ထိုသရက်သည်။ သုဂန္ဓဝါ၊ ကောင်းသောအနံ့ရှိမူ။ သဟော၊ သဟမည်၏။ သဟ-ကာရော၊ သဟကာရလည်း မည်၏။ သဟော၊ သဟကာရော၊ အနံ့ကောင်းသော သရက်။ အနံ့ကောင်းသောသရက် ပရိယာယ် ၂-ပုဒ်။

[ဋီကာ၌ "ဒွယံ မှန်ကူဏ္ဍတိချာတေ" ဟု ဖွင့်လေရာ မှန်ကူသည် ပင်းယခေတ်ဆီကတည်းကပင် ခေတ်စားသော အမည်ဖြစ်၏။ သီဟိုဠ်လို 'ရယ်ကဂ္ဂုဏ' ဖြစ်၏။ ဂုဂ္ဂုလု, ကောသိက-ကိုလည်း ဂုဂ္ဂုလုပင် ဟူ၍ရင်း၊ အင်ပင် ဟူ၍ရင်း ပြန်ဆိုကြသေး၏။ သီဟိုဠ် အခေါ် 'ဂုဂုလ်' ဖြစ်၏။ သရက်ပရိယာယ်ကို ကျမ်းဆရာသည်—

အမ္ဗော (အာမြး) စူတော ရသာလော သော။
သဟာကာရော အတိသောရကဘော—

ဟူသော အမရ၊ ၁၄။ ၃၃-ကို မှီး၍ ဆိုဟန်ရှိ၏။]

(၅၅၈) ပုဏ္ဍရီကော စ သေတမ္ဗော၊ သေလု တု ဗဟုဝါရကော။
သေပဏ္ဏီ ကာသ္မရီ စာထ၊ ကောလီ စ ဗဒရီ'တ္ထိယံ။

(၅၅၈) ပုဏ္ဍရီကော၊ သေတမ္ဗော၊ သရက်ဖြူ။ သရက်ဖြူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သေလု၊ ဗဟုဝါရကော၊ သနပ်။ သနပ် ပရိယာယ် ၂-ပုဒ်။ သေပဏ္ဏီ၊ ကာသ္မရီ၊ ယမနေ။ ယမနေ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကောလီ၊ ဗဒရီ၊ ဆီးပင်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဆီးပင် ပရိယာယ် ၂-ပုဒ်။

[ပုဏ္ဍရီကကို အလုံးသေး အစေ့ကြီး သရက်ဟုလည်း ဆိုကြသည်။ သနပ်သီးသည် အကျိအချွဲလည်းများ အမျှင်လည်းများသော ဟူ၏။

ယမနေသီးသည် စဉ်းငယ်ချို စဉ်းငယ်ခါး၏။ ကြေခဲ၏၊ ဆံပင်ကို ကောင်းစေတတ်၏၊ နူတ်ကို မြိန်စေတတ်၏၊ လိင်ဝင်နာ, သည်းခြေနာများနှင့် သင့်၏ဟု ဒဗ္ဗဂုဏပကာသနီ-၌ ဆို၏။]

(၅၅၉) ကောလဥ္စာ'နိတ္ထီ ဗဒရော၊ ပိလက္ခော ပိပ္ပလီ'တ္ထိယံ။
ပါဠလီ ကဏှဝဏ္ဋာ စ၊ သာဒုကဏ္ဋော ဝိကင်္ကတော။

(၅၅၉) ကောလံ၊ ဗဒရော၊ ဆီးသီး။ အနိတ္ထီ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ ဆီးသီး ပရိယာယ် ၂-ပုဒ်။ ပိလက္ခော၊ ပိပ္ပလီ၊ ညောင်ကြွတ်။ အယံ၊ ဤ ပိပ္ပလီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ညောင်ကြွတ် ပရိယာယ် ၂-ပုဒ်။ ပါဠလီ၊ ကဏှဝဏ္ဋာ၊ သခွတ်ဖို။ (အခိုက်အတန့် ကဏှဝဏ္ဋော-ဟု ပြင်သည်။) သာဒုကဏ္ဋော၊ ဝိကင်္ကတော၊ နရွဲ။ နရွဲ ပရိယာယ် ၂-ပုဒ်။

[ညောင်ကြွတ်ပင်၏ အရိပ်သည် အလွန်ကောင်း၏ဟု ဆိုကြသည်။ ပါဠလီ-ကို သခွတ်-ဟုလည်း သာမန်ပြန်ဆိုကြ၏။ သံသတ်, မလ္လ-လည်း ဟူ၏။

နရွဲသီးသည် အကြီး, အငယ် ၂-မျိုးရှိ၏။ နရွဲသီး အကြီးသည် ဒေါသ ၃-ပါးကို နိုင်၏၊ ချို၏၊ စဉ်းငယ်ချဉ်, ချုပ်၏၊ အဆိပ်ကို နိုင်၏။ နရွဲသီးငယ်သည် ချို၏၊ နရွဲသီးကြီးနှင့် အကျိုးတူ၏-ဟု ဥတုဘောဇနသင်္ဂဟ၌ ဆို၏။]

(၅၆၀) တိန္ဒုကော ကာဋ္ဌကုမ္ဘန္ဓော စ၊ တိမ္ဗရုသက တိမ္ဗရူ။
ရောဝတော တု နာဂရင်္ဂေါ၊ ကုလကော ကာကတိန္ဒုကော။

(၅၆၀) တိန္ဒုကော၊ ကာဋ္ဌကုမ္ဘန္ဓော၊ တိမ္ဗရုသကော၊ တည်ကြီး(ဓိဘာ-တျန္တနှင့် အခိုက်အတန့်ပြင်သည်)။ တိမ္ဗရူ၊ တည်ကြီး။ တည်ကြီးပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ရောဝတော၊ နာဂရင်္ဂေါ၊ လိမ္မော်။ လိမ္မော်ပရိယာယ် ၂-ပုဒ်။ ကုလကော၊ကာကတိန္ဒုကော၊တည်ငယ်။ တည်ငယ်ပရိယာယ် ၂-ပုဒ်။

[တည်ကြီး, တည်ငယ်-ဟု ၂-မျိုးရှိရာ တိန္ဒုက-စသော ၄-ပုဒ် သည် တည်ကြီးဟော ပရိယာယ်ဖြစ်၏။ တရုပ်တည်လည်း ဟူ၏။ သင်းတဲ့ပြုတ်-ဟူ၍လည်း ပြန်ဆိုကြ၏။ အတီတယောဗ္ဗနော ပေါသော၊ အာနေတိ တိမ္ဗရုတ္ထနိံ ။ သုတ္တနိ။ ၂၉၆။ ပရာဘဝ သုတ်လာ တိမ္ဗရု-ကို ထောက်၍လည်း တည်ကြီးဟော သိသာ၏။

ရောဝတ, နာဂရင်္ဂ-ကို ခရမ်းပိမ့်ဟုလည်း ပြန်ဆိုကြ၏။ သီဟိုဠ် အခေါ် 'နာရန်' ဖြစ်၏။ လိမ္မော်ပင်တည်း။ ကုလက, ကာကတိန္ဒုက-သည် တည်ငယ်ဟော ပရိယာယ်တည်း။ မြန်မာတည်ဟုလည်း ခေါ် ကြသည်။ မျောက်တည်ဟုလည်း ဋီကာ၌ ဆို၏။]

(၅၆၁) ကာဒမ္ဗော ပိယကော နီပေါ၊ ဘလ္လီ ဘလ္လာတကော တိသု။
ဈာဝုကော ပိစုလော စာထ၊ တိလကော ခုရကော ဘဝေ။

(၅၆၁) ကာဒမ္ဗော၊ ပိယကော၊ နီပေါ၊ ထိမ်ပင်။ ထိမ်ပင်ပရိယာယ် ၃-ပုဒ်။ ဘလ္လီ၊ ဘလ္လာတကော၊ ချေးပင်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ချေးပင်ပရိယာယ် ၂-ပုဒ်။ ဈာဝုကော၊ ပိစုလော၊ တညင်ပင်။ တညင်ပင်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ တိလကော၊ ခုရကော၊ ပြည့်စင်။ (တောသစ်ကြပိုးလည်း ဟူ။) သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ပြည့်စင်ပရိယာယ် ၂-ပုဒ်။

[ကာဒမ္ဗ-စသည့် ၃-ပုဒ်ကို မအူပင်ဟူ၍လည်း ပြန်ဆိုကြ၏။ သို့ရာတွင် ဋီကာဆရာကိုယ်တိုင်ကပင် ခာန်။ ၁၀၉၂-ဂါထာ၌ "ကာဒမ္ဗော တု ဒုမေ စယေ။ ကာဒမ္ဗေ "ထိမ်"ဣတိ ချာတေ။ ဒုမေ ရုက္ခေ" ဟု ဆို၏။ ခာန်၊ ဋီ၊ သျှ-၌ မောင်းထောင် ဆရာတော် အရှင်ပညာသာမိသည်လည်း ထိမ်ဟူ၍ပင် ပြန်ဆို၏။

ဘလ္လိ, ဘလ္လာတက-တို့ကိုလည်း ချေးပင်ဟု ဆိုသော်လည်း သစ်စေးပင်ဟု ပြန်လိုရိပ် ရှိကြ၏။ ဈာဝုက, ပိစုလ-တို့ကို ပင်လယ် ရှားပင်ဟုလည်း ဆိုကြ၏။ သစ်ပုပ်ပင် ဟူ၍လည်း ရှေးဆရာတို့ ဆိုကြသေး၏။ ဋီကာ၌ ဒွယံ ပါဝုသာ ဣတိချာတော။ ပါဝုသာပင် ဟူ၏။]

(၅၆၂) စိဉ္စာ စ တိန္တိဏီ စာထ၊
ဂဒ္ဒဘဏ္ဍော ကပီတနော။
သာလော'ဿကဏ္ဏေ သဇ္ဇော'ထ၊
အဇ္ဇုနော ကကုဓော ဘဝေ။

(၅၆၂) စိဉ္စာ၊ တိန္တိဏီ၊ မန်ကျည်း။ ဗန်ကျည်းပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဂဒ္ဒဘဏ္ဍော၊ ကပီတနော၊ ညောင်ချဉ်။ ညောင်ချဉ် ပရိယာယ် ၂-ပုဒ်။ သာလော၊ အဿကဏ္ဏော၊ သဇ္ဇော၊ အင်ကြင်း။ အင် ကြင်း ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ အဇ္ဇုနော၊ ကကုဓော၊ ဖောက်ကြံ့။ (ထောက်ကြံ့လည်းဟူ။) ဖောက်ကြံ့ပရိယာယ် ၂-ပုဒ်။

[ဘေသဇ္ဇမဉ္ဇူသာ၌-

တိန္တိဏိကဖလံ ဗာလံ၊ ရတ္တပိတ္တကဖာပဟံ။
ပက္ကံ ပုရာဏံ ဒေါသာရိ၊ ရေစကံ ရောစကံ ဟိတံ။

ဂါထာအနက်။ ။ဗာလံ တိန္တိဏိကဖလံ၊ မန်ကျည်းသီးနုသည်။ ရတ္တပိတ္တကဖာပဟံ၊ သွေး, သည်းခြေ, သလိပ်တို့ကို ပယ်နိုင်၏။ ပုရာဏံ ပက္ကံ၊ မန်ကျည်းသီးမှည့်ဟောင်းသည်။ ဒေါသာရိ၊ ဒေါ သ ၃-ပါးကို အောင်နိုင်၏။ ရေစကံ၊ ဝမ်းသက်စေ၏။ ရောစကံ၊ နှုတ်ကို မြိန်စေတတ်၏။ ဟိတံ၊ ခတ်ချုပ်သူတို့အတွက် သင့် လျော်၏-ဟု ဆို၏။

ညောင်ချဉ်ရွက်ကား ချဉ်ဖန်တည်း။ လေကို ချုပ်စေတတ်၏ ဟု ဆေးကျမ်းတို့၌ဆို၏။ အင်ကြင်းသည် အဿကဏ္ဏသဒိသပဏ္ဏ- တာယ အဿကဏ္ဏော=မြင်းနားရွက်နှင့်တူသော အရွက်ရှိရကား အဿကဏ္ဏ-မည်၏ ဟူလို။ အဿကဏ္ဏ-ကို တရုပ်စကားပင်ဟု ပြန်

သည်ကိုလည်း ကြားဘူး၏။ အဇ္ဇုနော, ကကုဓ-ကို **ရေခံတက်ပင်** ပြန်ရန်လည်း ဆိုကြသည်။]

(၅၆၃) နိစုလော မုစလိန္ဒော စ၊ နီပေါထ ပိယကော တထာ။
အသနော ပီတသာလောထ၊ ဂေါလီသော ဗျာဠလော ဘဝေ။

(၅၆၃) နိစုလော၊ မုစလိန္ဒော၊ နီပေါ၊ ကျည်းပင်။ **ကျည်းပင်ပရိ** ယာယ် ၃-ပုဒ်။ ပိယကော၊ ပိတောက်။ ထတာ၊ ထိုမှတပါး။ **အသနော၊** ပီတသာလော၊ ပိတောက်။ ပိတောက်ပရိယာယ် ၃-ပုဒ်။ အထ၊ **ထိုမှတပါး။** ဂေါလီသော၊ ဗျာဠလော၊ သစ်ဆွဲလဲ။ သမော၊ အနက်တူသည်။ **ဘဝေ၊** ဖြစ်၏။ သစ်ဆွဲလဲ ပရိယာယ် ၂-ပုဒ်။

[ဥဒါန၊ ၄၅။ ဂ၉။ မုစလိန္ဒသုတ်အဖွင့်၌ "မုစလိန္ဒော **ဝုစ္စတိ** နီပရုက္ခော၊ သော နိစုလောတိပိ ဝုစ္စတိ၊....ကေစိ ပန **မုစလောတိ** တဿ ရုက္ခဿ နာမံ၊ တံ ဝနဇေဋ္ဌကတာယ **ပန** မုစလိ**န္ဒော**တိ ဝုစ္စတိ"ဟု လာ၏။ ဂေါလီသ, ဗျာဠလ-တို့ကို မြားလွှ-ဟု**လည်း** ပြန်ဆိုကြ၏။ မြားဆိပ်, မြားလွှ, မလွှ-လည်း ဟူ၏။ မလွှ**သီးကား** ခါးဆိမ့်, ခတ်ချုပ်, လေသက်တည်း။]

(၅၆၄) ခိရိကာ ရာဇာယတနံ၊ ကုမ္ဘီ ကုမုဒိကာ ဘဝေ။
ယူပေါ တု ကမုကော စာထ၊ ပဋ္ဋိ လာခါပသာဒနော။

(၅၆၄) ခိရိကာ၊ ရာဇာယတနံ၊ လင်းလွန်းပင်။ **လင်းလွန်းပင်ပရိ** ယာယ် ၂-ပုဒ်။ ကုမ္ဘီ၊ ကုမုဒိကာ၊ ကပ်ဖို။ သမော၊ အနက်တူသည်။ **ဘဝေ၊** ဖြစ်၏။ ကပ်ဖိုပရိယာယ် ၂ ပုဒ်။ တု၊ ထိုမှတပါး။ **ယူပေါ၊ ကမုကော၊** ပိုးစာပင်။ ပိုးစာပင် ပရိယာယ် ၂-ပုဒ်။ ပဋ္ဋိ၊ လာခါပသာဒ**နော၊ ကြပိုင်** (တောက်ရပ်နီလည်း ဟူ)။ ကြပိုင်ပရိယာယ် ၂-ပုဒ်။

[ဤဂါထာ တတိယပါဒ၌ "ပူဂေါ တု ကမုကော စာထ" **ဟု** ဋီကာနှင့်တကွ ရှေးအဘိဓာန်ပါဌ်ဟောင်း ရှိ၏။ သီဟိုဠ်မူ၌**လည်း** "ပူဂေါ တု ကမုကော စာထ" ဟူ၍ပင် ရှိ၏။ **ကွမ်းသီးပင်ဟော** ပရိယာယ်ကို "ပူဂေါ တု ကမုကော ဘဝေ"ဟု ၆၀၂-ဂါထာ၌ ဆိုလတ္တံ့ဖြစ်၍ ဤ၌ ယခုပါဌ်ရှိအတိုင်း "ယူပေါ တု **ကမုကော** စာထ" သာ လိုသည်။ ကျမ်းဆရာသည် တုဒေါ တု ယူပေါ **ကမု-**

ကော၊ ဖြုဟ္မကျော ဖြုဟ္မဒါရု ဗ” ဟူသော အမရ၊ ၁၄။ ၄၁-ကို မှီ၍ ဆိုခြင်းဖြစ်သည်။ ယင်းအမရကောသ၌ တုဒ, ယူပ, ကမုက, ဖြုဟ္မဏျ, ဖြုဟ္မဒါရု-ဟု ပိုးစာပင်ဟော ပရိယာယ် ၅-ပုဒ်လာ၏။ ဤ၌ အလျော်အသင့်ဖြစ်သည့် ၂-ပုဒ်သာ ယူသည်ဟု မှတ်ရာ၏။ ဒွယံ. လောဟိတလောဒ္ဒေ-ဟု ဋီကာဖွင့်ရာ တောက်ရပ်နီလည်း သင့်သည်ပင်။]

(၅၆၅) ဣင်္ဂုဒီ တာပသတရု၊ ဘုဇပတ္တော တု အာဘုဇီ။
ပိစ္ဆိလာ သိမ္ဗလီ ဒွိသု၊ ရောစနော ကောဋသိမ္ဗလီ။

(၅၆၅) ဣင်္ဂုဒီ၊ တာပသတရု၊ သစ်ပုလွေပင်။ သစ်ပုလွေပင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဘုဇပတ္တော၊ အာဘုဇီ၊ ဘုဇပတ်။ ဘုဇပတ်ပရိယာယ် ၂-ပုဒ်။ ပိစ္ဆိလာ၊ သိမ္ဗလီ၊ လက်ပံ။ အယံ၊ ဤသိမ္ဗလီ-သဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ လက်ပံပရိယာယ် ၂-ပုဒ်။ ရောစနော၊ ကောဋသိမ္ဗလီ၊ ကုက္ကိုပင်။ ကုက္ကိုပင်ပရိယာယ် ၂-ပုဒ်။

[ဣင်္ဂုဒီ, တာပသတရု-တို့ကို လျှော်ပင်၊ လျှော်ဖြူပင်ဟုလည်း အနက်ပေးကြသည်။ သီဟိုဠ်အခေါ် ‘ဝယ်လဂ္ဂုန’ ဖြစ်၏။ ဘုဇပတ္တ-ကား သီဟိုဠ်အခေါ် ‘ရုက်ဗုရယ်ဒ’ ဖြစ်၏။ ဟိန္ဒီအခေါ် ဘောဇ-ပတြ-တည်း။ ဟိမဝန္တာတောင် ပတ်ဝန်းကျင်၌ ပေါက်ရောက်၏ဟု ဆိုကြသည်။ ယင်းအခွံသည် စက္ကူ၊ သို့မဟုတ် ငှက်ပျောရွက် ခြောက်နှင့် တူသတတ်။

ဂုန္ဒာ-သဒ္ဒါသည်လည်း လက်ပံပင်ဟော ပရိယာယ်တည်း။ သို့ရာတွင် လက်ပံရိုးရိုးမဟုတ်၊ လက်ပံနက်တည်း။ ဂုန္ဒာဝနေတိ ကာဋသိမ္ဗလိဝနေ။ မဋ္ဌ၊၃။၁၅၁။]

(၅၆၆) ပကိရိယော ပူတိကော’ထ၊ ရောဟီ ရောဟိတကော ဘဝေ။
ရေဏ္ဍော တု စ အာမဏ္ဍော၊ အထ သတ္တုဖလာ သမီ။

(၅၆၆) ပကိရိယော၊ ပူတိကော၊ ကလိမ်ပင်။ (သင်းဝင်ပုပ်-လည်း ဟူ၏။) ကလိမ်ပင် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ရောဟီ၊ ရောဟိ-တကော၊ သင်းဝင်နီ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ သင်းဝင်နီ

ပရိယာယ် ၂-ပုဒ်။ တုံ၊ ထိုမှတပါး၊ ရေဏ္ဍော၊ အာမဏ္ဍော၊ ကြက်ဆူ။ ကြက်ဆူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သတ္တုဖလာ၊ သမိ၊ ပျဉ်းပင်။ ပျဉ်းပင်ပရိယာယ် ၂-ပုဒ်။

[ကလိမ်ပင်ကား ကဏ္ဍကရဥ္ဇ-ဟုလည်း ထင်ရှား၏။ ပခုက္ကူဒေသ တောနယ်ဘက်၌ အတွေ့များသည်။ အသီး ၆-လုံးရှိသော ကလိမ်သည် 'ဆဂန္ထ' မည်၏။ မျောက်ဂုံညင်းခန့် အသီးရှိသော ကလိမ်သည် 'မက္ကဋီ' မည်၏။ ကြီးသောနွယ်ရှိသော ကလိမ်သည် 'အင်္ဂါရဝလ္လီ' မည်၏ဟု မောင်းထောင်ဆရာတော် အရှင်ပညာသာမိ ဆို၏။

ကြက်ဆူသည် ရိုးဖြူ,ရိုးနီ ကြက်ဆူ ၂-မျိုးရှိ၏။ ရိုးဖြူကြက်ဆူရွက် ၇-ခွက် ၁-ခွက်တင် ကျိုသောက်လျှင် သန္နိပါတ်နှင့်ယှဉ်ဖြစ်သော သည်းခြေနာ ဝမ်းစေ့ကြီးသောအနာများ ပျောက်ကင်းသည်ဟု ဆေးကျမ်းများ၌ဆို၏။ ကြက်ဆူရိုးနီရွက်ကို ပြုတ်သုပ်စားလျှင် ဝမ်းကိုက်ရောဂါ ပျောက်ကင်းတတ်၏၊ စား၍လည်း အရသာမဆိုးလှ။ ယင်းကြက်ဆူပင်မှာ အနှစ်မရှိသဖြင့် ကြာရှည်စွာ အသက်မရှည်၊ အစေ့များကျ၍ နောက်အပင်များ ဆက်ကာပေါက်သဖြင့် ကြက်ဆူတောကြီးတွေ ဖြစ်၏။

ယတြ ဝိဒ္ဓဇ္ဇနော နတ္ထိ၊ သိလာဃျော တတြ အပ္ပဓိပိ။
နိရတ္ထပါဒပေ ဒေသေ၊ ရေဏ္ဍောပိ ဒုမာယတေ။

'ကြက်ဆူတော မင်းမူ' ဟူသော စကားသည် ဤဂါထာမှလာသော စကားဖြစ်၏။]

(၅၆၇) နတ္တမာလော ကရဉ္စော ထ၊ ခဒိရော ဒန္တဓာဝနော။
သောမဝက္ကော တု ကဒရော၊ သလ္လော တု မဒနော ဘဝေ။

(၅၆၇) နတ္တမာလော၊ ကရဉ္စော၊ သင်းဝင်။ သင်းဝင် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ခဒိရော၊ ဒန္တဓာဝနော၊ ရှား။ ရှား ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သောမဝက္ကော၊ ကဒရော၊ ရှားဖြူ။ ရှားဖြူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သလ္လော၊ မဒနော၊ သမင်စာ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ သမင်စာ ပရိယာယ် ၂-ပုဒ်။

[နတ္တမာလ·ကို "နတ္တံ ရတ္တာ မာလာ ယဿာတိ နတ္တမာလာ" ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြု၏။ နီသောအပွင့်ရှိသောကြောင့် နတ္တမာလ မည်၏ ဟူလို။ ရှားဖြူဟူသည် အနှစ်ဖြူသည်ကို စွဲ၍ ဆိုသည်ဟု မိန့်ဆိုကြ၏။ အမရကောသ·၌ "ပိဏ္ဍိဘကော၊ မရုဝကော၊ သသနော၊ ကရဟာဋကော" ဟု သမင်စာဟော ပရိယာယ်များ လာသေး၏။]

(၅၆၈) အထာပိ ဂုန္ဒသာလော စ၊ သလ္လကီ ခါရကော သိယာ။
ဒေဝဒါရု ဘဒ္ဒဒါရု၊ စမ္မဝယျော တုစ စမ္ပကော။

(၅၆၈) အထာပိ၊ ထိုမှတပါးလည်း။ ဂုန္ဒသာလော၊ သလ္လကီ။ ခါရကော၊ နပဲ။ သမော၊ အနက်တူသည်။ သိယာ၊ ဖြစ်ရာ၏။ နပဲ ပရိယာယ် ၃-ပုဒ်။ ဒေဝဒါရု၊ ဘဒ္ဒဒါရု၊ ထင်းရှူး။ (နှက်ထင်းလည်း ဟူ၊ မွှေးသော ထင်းရှူးတမျိုးတည်း။) ထင်းရှူး ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ စမ္မဝယျော၊ စမ္ပကော၊ စကားဝါ။ စကားဝါ ပရိယာယ် ၂-ပုဒ်။

[သတ္တပါဒာ၊ ပါရိဘဒ္ဒက၊ ပီတဒါရု၊ ဒါရု၊ ပူတိကဋ္ဌ-ပုဒ်များလည်း ထင်းရှူးပင်ဟော ပရိယာယ်တို့တည်း။ ပဉ္စမကာလေ စမ္ပာနဂရေ ဇာတော စမ္မဝယျော၊ စမ္ပကော၊ အစဦးစွာ စမ္ပာမြို့၌ ပေါက်ရောက်ရကား စမ္မယျ, စမ္ပက မည်ကြောင်း ဋီကာဆို၏။ ဒွယံ ပေ မပု ကော-ဟု ဆိုရကား စကားဝါ၊ သို့မဟုတ် စကားရွှေ-ဟူ၏။]

(၅၆၉) ပနသော ကဏ္ဍကိဖလော၊ အဘယာ တု ဟရိတကီ။
အက္ခော ဝိဘီတကော တိသု၊ အမတာ မလကီ တိသု။

(၅၆၉) ပနသော၊ ကဏ္ဍကိဖလော၊ ပိန္နဲ။ ပိန္နဲ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဘယာ၊ ဟရိတကီ၊ ဖန်ခါး။ ဖန်ခါး ပရိယာယ် ၂-ပုဒ်။ အက္ခော၊ ဝိဘီတကော၊ သစ်ဆိမ့်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ သစ်ဆိမ့် ပရိယာယ် ၂-ပုဒ်။ အမတာ၊ အာမလကီ၊ ဆီးဖြူ။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဆီးဖြူ ပရိယာယ် ၂-ပုဒ်။

[ပနသ-ကို ပိန္နဲပြန်၍ ကဏ္ဍကိဖလ-ကို ဒူးရင်းပြန်ဆိုလျှင် ပိုကောင်းမည် ထင်၏၊ ပိန္နဲသီးကား ဆူးမပါ၊ အဖုကလေးများသာ ပါသည်။ ဒူးရင်းသီးမှာသာ ဆူးများပါသဖြင့် ဒုရင်းသီးသာ 'ကဏ္ဍကိဖလ' ဖြစ်သင့်သည်။ ရှေးယခင်က 'ကြဇ' ဟု ခေါ်သည် နောက်တွင် 'ဖန်ခါး' ဟု ခေါ်သည်။ ဆီးဖြူကို ရခိုင်လူမျိုးတို့က 'သျှစ်သျှား' ခေါ်သတတ်။]

(၅၇၀) လဗုဇော လိကုစော စာထ၊ ကဏ္ဍကာရော ဒုမုပ္ပလော။
နိမ္ဗော'ရိဋ္ဌော ပုစိမန္ဒော၊ ကရကော တု စ ဒါဠိမော။

(၅၇၀) လဗုဇော၊ လိကုစော၊ တောင်ပိန္နဲ။ (ပေါင်ပင်လည်း ဟူ။) တောင်ပိန္နဲ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကဏ္ဍကာရော၊ ဒုမုပ္ပလော၊ မဟာလှေကား (တောင်ဖက်ဝန်းလည်း ဟူ)။ မဟာလှေကား ပရိယာယ် ၂-ပုဒ်။ နိမ္ဗော၊ အရိဋ္ဌော၊ ပုစိမန္ဒော၊ တမာ။ တမာ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကရကော၊ ဒါဠိမော၊ တလည်း။ (သလဲလည်း ဟူ၏။) တလည်း ပရိယာယ် ၂-ပုဒ်။

[လဗုဇ-ကို ဋီကာ၌ "လဗုနာမကေ ပဗ္ဗတေ ဇာယတီတိ လဗုဇော" ဟု ဝိဂ္ဂြိုဟ်ပြု၏။ လဗုတောင်၌ ဖြစ်တတ် ပေါက်ရောက် တတ်ရကား 'လဗုဇ' မည်၏ ဟူ၏။ သို့ရာတွင် ကြံစည်၍ပြုခြင်းမျှ သာ ဖြစ်၏။ လဗုဇ, လိကုစ-တို့ကား ပိန္နဲ မျိုးတွင်လည်း ပါဝင်၍ လဗုတောင်၌ ပေါက်ရောက်၏ ဟူသည်ကိုလည်း စွဲ၍ လဗုဇ= တောင်ပိန္နဲ-ဟုခေါ်ကြဟန်ရှိ၏။ ပေါင်ပင်ဟုအခေါ် အဝေါ် များ၏။ သီဟိုဠ်ကျွန်း၌ အလွန်ပေါသည်၊ စည်ကားလှပ ကျက်သရေရှိသော အပင်မျိုးဖြစ်သည်။ သီဟိုဠ်၌ အသီးကို ဟင်းချက်၍ စားသုံးကြ သည်၊ ယင်းအသီးသည် ဩဇာဓာတ်များရကား ခန္ဓာကိုယ် ထွား ကျိုင်းသန်မာ စေတတ်၏။ သီဟိုဠ်တို့က 'ဍေလ်' ဟု ခေါ်သည်။ ယင်း ပေါင်သီးဟင်းနှင့် ထမင်းစားပြီးလျှင် အိပ်ငိုက်ချင်လှသည်။ ဒဗ္ဗဂုဏပကာသနီ၌ကား "တောင်ပိန္နဲသီးစိမ်းသည် ချို၏၊ ချဉ်၏၊ ကြေခဲ, ကျက်ခဲ၏၊ ဒေါသ ၃-ပါးကို ပျက်စေတတ်၏။ သုက်နာ, မျက်စိနာတို့နှင့် မသင့်။ တောင်ပိန္နဲသီး မှည့်သည် ချို၏၊ ချဉ်၏၊

သလိပ်ကို ပွါးစေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ ဝမ်းကို ချုပ်စေတတ်၏" ဟု ဆိုသည်။

မဟာလှေကားသည် အပင် မဟာလှေကား, နွယ် မဟာလှေကား-ဟု ၂-မျိုးရှိ၏။ အပင်မဟာလှေကားသည် အပွင့်ကြီး၏၊ နွယ်မဟာလှေကားကား အပွင့်ငယ်၏၊ ဝါရွှေသော အဆင်းချင်းကားတူ၏။ ကဏိကာရာတိ မဟာပုပ္ဖါ။ ကုဏ္ဍာလဇာတ် အဋ္ဌကထာ။ သီဟိုဠ်တို့ကား အပင် မဟာလှေကားကို 'ကိဏိဟိရိယ' ဟု ခေါ်သည်။

ဘေသဇ္ဇမဉ္ဇူသာ၌ "သလဲသီးသည် ဝမ်းကို ချုပ်စေတတ်၏၊ လေကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ချိုသိမ့်၏၊ နှုတ်ကို မြိန်စေတတ်၏" ဟူ၍ —

ဒါဍိ(ဋ္ဌိ)မံ ဂါဟိ ဝါတာရိ၊ ဒီပနံ သာဒု ရောစနံ—

ဟူသော ဂါထာ ၂-ပါဒဖြင့် ဆို၏။]

(၅၇၁) သရလော ပူတိကဋ္ဌံ စ၊ ကပိလာ တု စ သိံသပါ။
သာမာ ပိယင်္ဂု ကင်္ဂုပိ၊ သိရီသော တု စ ဘဏ္ဍိလော။

(၅၇၁) သရလော၊ ပူတိကဋ္ဌံ၊ ထင်းရှူး။ ထင်းရှူး ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကပိလာ၊ သိံသပါ၊ ရင်းတိုက်။ (သီဆိုး၊ သဘော်ပိတောက်၊ တန်ဆင်း-လည်း ဟူ၏။) ရင်းတိုက် ပရိယာယ် ၂-ပုဒ်။ သာမာ၊ ပိယင်္ဂု၊ ကင်္ဂု၊ ဥပါသကာ။ ဥပါသကာ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ သိရီသော၊ ဘဏ္ဍိလော၊ ကုက္ကို။ ကုက္ကို ပရိယာယ် ၂-ပုဒ်။

[ဥပါသကာပင် ပရိယာယ် ဤ၌ ၃-ပုဒ်သာ လာသော်လည်း မဟိလာဝှယာ၊ လတာ၊ ဂုန္ဒာ၊ ဂန္ဓဖလီ၊ ကရမ္ဘာ-တို့လည်း ဥပါသက ပင်ဟော ပရိယာယ်တို့ ဖြစ်ကုန်၏။

ဘေသဇ္ဇမဉ္ဇူသာ၌ "ဘဏ္ဍိလံ ဝါတလံ သာဒု၊ သေမှပိတ္တဝိနာသနံ။ ဘဏ္ဍိလံ၊ ကုက္ကိုရွက်သည်။ ဝါတလံ၊ လေကို ဖြစ်စေတတ်၏။ သာဒု၊ ချိုသိမ့်အရသာရှိ၏။ သေမှပိတ္တဝိနာသနံ၊ သလိပ်နှာ, သည်းခြေနာကို ပယ်ဖျောက်တတ်၏" ဟု ဆို၏။]

(၅၇၂) သောဏကော ဒီဃဝဏ္ဍော စ၊ ဝက္ကလော တုစ ကေသရော။
ကာကောဒုမ္ဗရိကာ ဖေဂ္ဂု၊ နာဂေါ တု နာဂမာလိကာ။

(၅၇၂) သောဏကော၊ ဒီဃဝဏ္ဍော၊ ကြောင်လျှာ။ ကြောင်လျှာ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝက္ကလော၊ ကေသရော၊ ခရေ။ ဝါ၊ ချယား။ ခရေ, ချယား ပရိယာယ် ၂-ပုဒ်။ ကာကောဒုမ္ဗရိကာ၊ ဖေဂ္ဂု၊ ထအောင်း။ (ဖအောင်းလည်း ဟူ။) ထအောင်း ပရိယာယ် ၂-ပုဒ်။ နာဂေါ၊ နာဂမာလိကာ၊ ကံ့ကော်။ ကံ့ကော်ပရိယာယ် ၂-ပုဒ်။

[ကြောင်လျှာရွက်နုကို သုပ်စားလျှင် နားလေးခြင်း, နားထိုင်းခြင်းမှ ကင်းပျောက်စေတတ်သည်။ ၎င်းပြင် ကြောင်လျှာသီးကိုလည်း သုပ်စားလျှင် နားလေးရောဂါ သက်သာစေတတ်သည်ဟု အဆိုရှိ၏။ ကြောင်လျှာရွက်ကို အအေး, ပထဝီ, အတက်ဟု ဓာတုဩသဓရာသီ-၌ ဆို၏။]

(၅၇၃) အသောကော ဝဉ္စုလော စာထ၊ တက္ကာရိ ဝေဇယန္တိကာ။
တာပိဉ္ဆော စ တမာလောထ၊ ကုဋ္ဌဇော ဂိရိမလ္လိကာ။

(၅၇၃) အသောကော၊ ဝဉ္စုလော၊ သော်ကပင်။ သော်ကပင် ပရိယာယ်၂-ပုဒ်။ အထ၊ ထိုမှတပါး။ တက္ကာရိ၊ ဝေဇယန္တိကာ၊ ရေသကျည်း။ ရေသကျည်း ပရိယာယ် ၂-ပုဒ်။ တာပိဉ္ဆော၊ တမာလော၊ ပန်းညို။ ပန်းညိုပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကုဋ္ဌဇော၊ ဂိရိမလ္လိကာ၊ လက်ထုတ်။ လက်ထုတ်ပရိယာယ် ၂-ပုဒ်။

[အသောက, ဝဉ္စုလ-ကို ပန်းသုန်း-ဟူ၍လည်း ပြန်ဆိုကြသည်။ မြန်မာပြည်၌ သော်က-ဟူ၍ ပြန်ဆိုခဲ့သည်မှာ တော်တော်ကြာလှပြီ။ "အသောကမာလာဒေဝီ ံတာံ၊ သမ္ဗန္ဓံ ပပ္ပဇာတိယာ" ဟူသော မဟာဝံသ၊ ရသဝါဟိနီ-လာ စကား၌ အသောကမာလာဒေဝီ-ကို "သော်ကဒေဝီ၊ သော်ကမယ်ဒေဝီ" ဟူ၍ ပြန်ဆိုဟောပြောကြ၏။ သီဟိုဠ်အခေါ် "ဟောဂဂု"ဟူ၏။]

(၃၃၄) ဇာတ္ထယဝေါ ဖလေ တဿာ-ဂ္ဂိမန္တော ကဏိကာ ဘဝေ။
နိဂ္ဂုဏ္ဍိ ဇ္ဈတ္ထိ သိန္ဒုဝါရော၊ တိဏာသုည် တု မလ္လိကာ။

(၃၃၄) ဇာတ္ထယဝေါ၊ ဇာတ္ထယဝ-သဒ္ဒါသည်။ တဿာ၊ ထိုလက်ထုတ်၏။ ဖလေ၊ အသီး၌။ ဝတ္တတိ၊ ဖြစ်၏။ အဂ္ဂိမန္တော၊ ကဏိကာ၊ တပတ်ဆေး။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ တပတ်ဆေး ပရိယာယ် ၂-ပုဒ်။ နိဂ္ဂုဏ္ဍိ၊ ကြောင်ပန်း။ ဇ္ဈတ္ထိ၊ ဇ္ဈတ္ထိလိင်တည်း။ သိန္ဒုဝါရော၊ ကြောင်ပန်း။ ကြောင်ပန်းပရိယာယ် ၂-ပုဒ်။ တိဏာသုည်၊ မလ္လိကာ၊ စံပယ်။ စံပယ်ပရိယာယ် ၂-ပုဒ်။

[ကြောင်ပန်းရွက်သည် လေကိုဖြင်း, ကိုယ်ဖောကိုယ်ရောင်နာ ကိုဖြင်း ငြိမ်းစေတတ်၏ဟု ဓာတုရသ၌ ဆို၏။

တိဏာသုည, မလ္လိကာ-တို့ကို ကြက်ရိုးဟူ၍လည်း ပြန်ဆိုကြ သည်။ တိဏာသုလံ-ဟူ၍လည်း ရှိ၏။ တိဏာသုလံ ဂဟေတဗ္ဗာန၊ ဗုဒ္ဓဿ အဘိရောပယိံ။ အပ၊ ၁။ ၁၉၇။]

(၃၃၅) သေဖာလိကာ နီလိကာထ၊ အပ္ဖေါဋ္ဌာ ဝနမလ္လိကာ။
ဗန္ဓူကော ဇယသုမနံ၊ ဘဏ္ဍိကော ဗန္ဓုဇီဝကော။

(၃၃၅) သေဖာလိကာ၊ နီလိကာ၊ ဆိပ်ဖလူး။ ဆိပ်ဖလူး ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အပ္ဖေါဋ္ဌာ၊ ဝနမလ္လိကာ၊ တောစံပယ်။ ဝါ၊ တော ကြက်ရိုး။ တောစံပယ်, တောကြက်ရိုး ပရိယာယ် ၂-ပုဒ်။ ဗန္ဓူကော၊ ဇယ-သုမနံ၊ ဘဏ္ဍိကော၊ ဗန္ဓုဇီဝကော၊ မိုးဆွေပန်း။ မိုးဆွေပန်းရိယာယ် ၄-ပုဒ်။

[သီဟိုဠ်၌ ဆိပ်ဖလူးကို သေ (စေ) ဖာလိကာ-ဟူ၍ဖြင်း၊ က-ဋ္ဌမလ်-ဟူ၍ဖြင်း ခေါ်သည်။ ဆိပ်ဖလူး အဖြူ, အညို ၂-မျိုးရှိ၏ ဟူ၍လည်း ဆိုကြ၏။ သီဟိုဠ်၌ အဖြူတမျိုးသာ ကိုယ်တိုင်တွေ့ခဲ့ ရ၏။ ဋီကာ၌မူကား "နီလပုပ္ဖာထ နီလိကာ" ဟု ဖွင့်သည်။ အပွင့်ညိုသောကြောင့် နီလိကာမည်ကြောင်း ဆို၏။

ဗန္ဓူကစသည့် ၄-ပုဒ်ကို လယ်ခေါင်ရန်းဟူ၍လည်း ပြန်ဆိုကြ သည်။ သီဟိုဠ်၌ 'ရတ္တမာလိ' ဟူ၍ ခေါ်ကြသည်။ မ၊ ဋ္ဌ၊ ၂။ ၂၀၆။ ယင်းလယ်ခေါင်ရန်းအသွေးကို "ဗန္ဓုဇီဝကပုပ္ဖံ လောဟိတံ၊ လော-ဟိတဝဏ္ဏံ" ဟု ဖွင့်၏။]

(၅၇၆) သုမနာ ဇာတိသုမနာ၊ မာလတီ ဇာတိ ဝဿိကီ။
ယူထိကာ မာဂဓီ စေဝ၊ သတ္တလာ နဝမလ္လိကာ။

(၅၇၆) သုမနာ၊ ဇာတိသုမနာ၊မာလတီ၊ ဇာတိ၊ ဝဿိကီ၊မြတ်လေး။ မြတ်လေးပရိယာယ် ၅-ပုဒ်။ ယူထိကာ၊ မာဂဓီ၊ ဇွန်။ ဇွန်ပရိယာယ် ၂-ပုဒ်။ သတ္တလာ၊ နဝမလ္လိကာ၊ ကြက်ရိုး။ ကြက်ရိုးပရိယာယ် ၂-ပုဒ်။

[သုမန, ဇာတိသုမန-စသည်ကို မုလေး, မလေး, မြလေး-ဟူ၍လည်း ခေါ်ကြ၏။ အပ၊ ဋ၊ ၂။ ၁၅၅-၌ "ဇာယမာနမေဝ ဇနာနံ သုန္ဒရံ မနံ ကရောတီတိ ဇာတိသုမနံ"ဟု ဖွင့်၏။ ဝဿိကီတိ ဇာ-တိသုမနာ-ဟု ဓမ္မ၊ ဋ၊ ၁။ ၂၆၇-၌ လာ၏။ သို့ဖြစ်၍ ဝဿိကီ-ကို မိုးဆွေပန်း-ဟူ၍ မပေးလေလင့်။

ဇွန်ကား ချုံဖြစ်၏။ မန္တလေး နှင်းဆီခြံရပ်-စသည်၌ လွန်စွာ ပေါများ၏။ ဘုန်းတော်ကြီးကျောင်းများ၌လည်း စိုက်ပျိုး၍ ဘုရားအား ဇွန်ပန်းကပ်လှူလေ့ ရှိကြ၏။ ပုပ္ဖံ ယူထိက မာဒါယ၊ ဥပဂစ္ဆိံ မဟာမုနိံ။ အပ၊ ၂။ ၂၀၄။]

(၅၇၇) ဝါသန္တီ'တ္တိ အတိမုတ္တော၊ ကရဝီရော'ဿမာရကော။
မာတုလုင်္ဂေါ ဗီဇပူရော၊ ဥမ္မတ္တော တု စ မာတုလော။

(၅၇၇) ဝါသန္တီ၊ ကင်ပွန်း။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ အတိမုတ္တော၊ ကင်ပွန်း။ ကင်ပွန်းပရိယာယ် ၂-ပုဒ်။ ကရဝီရော၊ အဿမာရကော၊ ကုလားစလပ်။ ကုလားစလပ်ပရိယာယ် ၂-ပုဒ်။ မာတုလုင်္ဂေါ၊ ဗီဇပူရော၊ ရှောက်ကြီး။ ရှောက်ကြီးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဥမ္မတ္တော၊ မာတု-လော၊ ပန်းတိုင်း။ (ပဒိုင်း။) ပန်းတိုင်းပရိယာယ် ၂-ပုဒ်။

[ကင်ပွန်းရွက်သည် သည်းခြေကို ငြိမ်စေခြင်း, ဝမ်းရပ်စေခြင်း, အပူကြောင့်ဖြစ်သော အခိုးအကင်းတို့ကို ငြိမ်းစေခြင်း သတ္တိရှိ၏ ဟု ဆေးကျမ်းတို့၌ ဆို၏။ ဝါသန္တီ, အတိမုတ္တ-တို့ကို ဘိန္နွယ်၊ ဘိန်းနွယ်ဟူ၍လည်း ပြန်ဆိုကြသည်။ လံသွယ်လည်း ဟူ၏။ ဒွယံ ပုဏ္ဍကေ "လံသွယ်" ဣတိ ချာတော။ ဝသန္တေ ပုပ္ဖတိ ဝါသန္တီ။ ဋီကာ။

ကရဝီရ, အဿမာရက-တို့ကို ကုလားစလပ်, တောင်စလပ်-ဟူ၍ အသုံးများသည်။ နွယ်သာကီ-ဟူ၍ရင်း၊ ရာသီပင်-ဟူ၍ရင်း ပြန်ဆိုကြသည်။ သီဟိုဠ်၌နေစဉ် သီဟိုဠ် ရဟန်းတော်များအား မေးမြန်းသည့်ဘူးရာ အပွင့်ကြီးစလပ်ပင်ကို ညွှန်ပြကြသည်။ သီဟိုဠ်အခေါ် 'ကဏေရ' ဖြစ်၏။

ဘာဝပ္ပကာသဆေးကျမ်း၌ –

ဗီဇပူရဖလံ သာဒု၊ ရသေမ္ဘံ ဒီပနံ လဃု။
ရတ္တပိတ္တဟရံ ကဏ္ဍ-ဇိဝှါဟဒယသောဓကံ။
သာသကာသရုစိဟရံ၊ ဟဒယံ တဏှာဟရံ မတံ။

ဂါထာအနက်။ ။ဗီဇပူရဖလံ၊ ရှောက်ကြီးသီးသည်။ ဝါ၊ ရှောက်ချဉ်သီးကြီးသည်။ သာဒု၊ အသားချို၏။ ရသေမ္ဘံ၊ အရည်ချဉ်၏။ ဒီပနံ၊ ဝမ်းမီးကို တောက်စေ၏။ လဃု၊ ပေါ့၏ (ကြေလွယ်၏)။ ရတ္တပိတ္တဟရံ၊ ရတ္တပိတ်နာကို ပျောက်ကင်းစေနိုင်၏။ ကဏ္ဍဇိဝှါ-ဟဒယသောဓကံ၊ လည်ချောင်း,လျှာ, နှလုံးသားတို့ကို သုတ်သင်တတ်၏။ သာသကာသရုစိဟရံ၊ ခယရောဂါ, ချောင်းဆိုးနာ,အစာစား၍ မမြိန်ရှက်ခြင်းကို ပယ်ဖျောက်တတ်၏။ ဟဒယံ၊ နှလုံးကို ပွါးစေတတ်၏။ တဏှာဟရံ၊ ဆာလောင်ခြင်းကို ပယ်တတ်၏။ ဣတိ၊ ဤသို့။ မတံ၊ သိအပ်၏-ဟု ရှောက်ချဉ်သီး၏ ဂုဏ်ကို ဆို၏။

လံကာရာမဆရာတော်ဘုရားကြီးကား မာတုလုင်-ကို ရှောက်မွှေးသီးဟု ပြန်၏။]

(၅၇၈) ကရမန္ဒော သုသေနော စ၊ ကုန္ဒံ တု မာဃျ မုစ္စတေ။
ဒေဝတာသော တု ဇီမူတော၊ ထာ'မိလာတော မဟာသဟာ။

(၅၇၈) ကရမန္ဒော၊ သုသေနော၊ ခံပင်။ ခံပင်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကုန္ဒံ၊ မာဃျံ၊ သင်းခွေ။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဒေဝတာသော၊ ဇီမူတော၊ မုန်လာ။ မုန်လာပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အမိလာတော၊ မဟာသဟာ၊ မည်ိုးပန်း။ မည်ိုးပန်းပရိယာယ် ၂-ပုဒ်။

[ဒဗ္ဗဂုဏပကာသနီ၌ "ခံသီးမှည့်သည် ချို၏၊ နှုတ်ကို မြိန်စေတတ်၏၊ မှတ်သိပ်ခြင်းကို ပျောက်စေတတ်၏၊ ကြေလွယ်၏၊ လေ, သည်းခြေကို နိုင်၏။ ခံသီးစိမ်းသည် ချဉ်၏၊ ကြေခဲ၏၊ စဉ်းငယ်ပူ၏၊ သလိပ်ကို ပျက်စေတတ်၏၊ ရတ္တပိတ်နာကို နိုင်၏။ အထူးသဖြင့် သည်းခြေကို ပျက်စေတတ်၏" ဟု ဆို၏။

သင်းခွေပန်းဟော မာဃျ-ကို မာဃေ ဘဝံ မာဃံ။ တပို့တွဲလ၌ ပွင့်သောကြောင့် မာဃျ မည်၏ ဟူလို။ ဇီမူတ-ကိုလည်း "ဇီမူတကာလေ သဉ္ဇာတတ္တာ ဇီမူတော" ဟု ဋီကာ ဆို၏။ မိုးကာလ မိုးရာသီ၌ ဖြစ် (ပွင့်) သောကြောင့် ဇီမူတမည်၏ ဟူလို။ အမိလာတ, မဟာသဟာ-တို့ကို နှင်းဆီပန်း ဟူ၍လည်း ဆရာတို့ ပြန်ဆိုကြကုန်၏။]

(၅၇၉) အထော သေရေယျကော ဒါသီ၊
ကိံကိရာတော ကုရဏ္ဋကော။
အဏ္ဍုကော သိတပဏ္ဏာသော၊
သမီရဏော ဖဏိဇ္ဇကော။

(၅၇၉) အထော၊ ထိုမှတပါး။ သေရေယျကော၊ ဒါသီ၊ ကိံကိရာတော၊ ကုရဏ္ဋကော၊ လိပ်ဆူးရွေ။ လိပ်ဆူးရွေ ပရိယာယ် ၄-ပုဒ်။ အဏ္ဍုကော၊ သိတပဏ္ဏာသော၊ ရှုံးဖြူ (ပင်စိမ်းဖြူလည်း ဟူ)။ ရှုံးဖြူပရိယာယ် ၂-ပုဒ်။ သမီရဏော၊ ဖဏိဇ္ဇကော၊ ရှုံးရိုင်း (ပင်စိမ်းရိုင်း၊ တောရှုံးလည်း ဟူ)။ ရှုံးရိုင်းပရိယာယ် ၂-ပုဒ်။

[သေရေယျက-ကို လိပ်ဆူးသာမန်ဟော၊ ဒါသီ-ကို လိပ်ဆူးငယ်ဟော၊ ကုရဏ္ဋက-ကို လိပ်ဆူးရွှေဟော-ဟုလည်း ဆိုကြကုန်၏။ သုဘူတိ-၏ သီဟိုဠ်နိဿျ၌ "သေရေယျက-စသည် ၄-ပုဒ်လုံး တမျိုးတည်း ကဋ္ဌုကရဏ္ဍု" ဟု ပြန်ဆို၏။]

(၅၈၀) ဇပါ တု ဇယသုမနံ၊ ကရီရော ကကစော ဘဝေ။
ရုက္ခာဒနီ စ ဝန္ဒာကာ၊ စိတ္တကော တွဂ္ဂိသညိတော။

(၅၈၀) တု၊ ထိုမှတပါး။ ဇပါ၊ ဇယသုမနံ၊ ခေါင်ရန်း။ ခေါင်ရန်းပရိယာယ် ၂-ပုဒ်။ ကရီရော၊ ကကစော၊ အရိုးပင်။ သမော၊ အနက်တူ

သည်။ ဘဝေ၊ ဖြစ်၏။ အရှိးပင်ပရိယာယ် ၂-ပုဒ်။ ရက္ခာဒနိ၊ ဝဒ္ဓာကာ၊ ကျှုံးပေါင်း။ ကျှုံးပေါင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ စိတ္တကော၊ အဂ္ဂိသညိတော၊ ကန့်ချုပ်။ ကန့်ချုပ်ပရိယာယ် ၂-ပုဒ်။

[ခေါင်ရန်းကို ဓာချို့ဒေသ၌ 'ဆွဲလဲပန်း'ဟုခေါ်သည်၊ ပန်းဆွဲလဲ၊ ခေါင်ရန်းပန်း၊ ပန်းခေါင်ရန်း အတူတူ ဖြစ်၏။ ယင်း ခေါင်ရန်းသည် အနီ၊ အဝါ၊ အဖြူ-စသည်ဖြင့် အပွင့်ကို စွဲ၍ အမျိုးမျိုး ပြား၏။ အပုံးပင်ကား အရွက်လုံးဝမပါပဲ အရိုး စိမ်းတွေချည်း ရှိ၏။ အစေးဖြူများ ရှိသည်၊ မျက်စိလဲ ဝင်လျှင် ဒုက္ခပေးတတ်သည်။

ကန့်ချုပ်သည် ကန့်ချုပ်ဖြူ၊ ကန့်ချုပ်နီ၊ ကန့်ချုပ်ညို၊ ကန့်ချုပ်နက်-ဟု ၄-မျိုး ရှိသည်။ ဟင်းချက်ရာ၌ ကန့်ချုပ်ဖြူရွက်ကို သုံးကြသည်။ ကန့်ချုပ်နီ၊ ကန့်ချုပ်နက်တို့ကို ဆေးဖက်၌ အသုံးပြုကြသည်။ ယင်းကန့်ချုပ်ကား အပူ၊ တစေး၊ အသက်ဟည်း။]

(၅၈၁) အင်္ကောလော ဝိကီရဏော တသ္မိံ၊ တွ' ဋ္ဌကော္ကော သေတပုပ္ဖကေ။
ပူတိလတာ ဂဠောစီ စ၊ မုဒ္ဒာ မဓုရသာ ဘဝေ။

(၅၈၁) အင်္ကောလော၊ ဝိကီရဏော၊ မရိုး။ မရိုးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဋ္ဌက္ကော၊ အဋ္ဌက္က-သဒ္ဒါသည်။ သေတပုပ္ဖကေ၊ ဖြူသောအပွင့်ရှိသော။ တသ္မိံ၊ ထိုမရိုး၌။ ဝတ္တတိ၊ ဖြစ်၏။ ပူတိလတာ၊ ဂဠောစီ၊ ဆင်သမနွယ် (ဆင်တုံးမနွယ်လည်း ဟူ)။ ဆင်သမနွယ် ပရိယာယ် ၂-ပုဒ်။ မုဒ္ဒာ၊ မဓုရသာ၊ စိနာရမည်သော နွယ်။ စိနာရမည်သောနွယ် ပရိယာယ် ၂-ပုဒ်။

[မရိုးကို 'မုရိုး' ဟူ၍လည်း ရေးသားကြ၏။ မရိုးမြစ်သည် ပိုးနာ, မြင်းသရိုက်နာ, သလိပ်နာများကို ပျောက်စေနိုင်၏၊ အသံကိုလည်း ကောင်းစေတတ်၏။ မရိုးစေးသည်လည်း ဖော်ပြပါ ပိုးနာ ဝသည်နှင့် သင့်လျော်၏-ဟု ဆိုကြသည်။

"ဆင်သမနွယ်မြစ်ကား အားကိုဖြစ်စေတတ်၏၊ ဒေါသ ၃-ပါးကိုလည်း ပယ်နိုင်၏။ ပူသောအရသာ ရှိ၏၊ အဖျားရောဂါကိုလည်း ပျောက်ကင်းစေနိုင်၏၊ ဝမ်းမီးကိုလည်း တောက်စေ၏၊ ချောဘာနာ, အောအန်နာ, လေနာ, သုက်နာ, သွေးနာများကို

နိုင်၏”ဟု ဒဗ္ဗဂုဏပကာသနီ၌ ဆို၏။ ဋီကာ၌ “ရောဂမလံ ပုနာ-တီတိ ပူတိ၊ သာ ဝေ လတာ ပူတိလတာ”ဟု ဖွင့်သည်။

၅၉၉-ဂါထာ၌ နွားမြေရင်းဟော ပရိယာယ်လာလတ္တံ့ ဖြစ်၏။ သို့ဖြစ်၍ အဘယာဆရာတော် ယောဇနာသည့်အတိုင်း “မုဗ္ဗာ, မဓုရသ-တို့ကို စိနာရမည်သော နွယ်”ဟု ယောဇနာသည်။ သီဟိုဠ်အခေါ် ‘မောရ’ ဖြစ်၏။ သီဟိုဠ်မူတခု၌မုဗ္ဗေ ါမဓုရသာပျထ-ဟု ရှိ၏။]

(၅၀၂) ကပိကစ္ဆု ဒုဖဿောထ၊ မဋ္ဌိင္ဋာ ဝိကသာ ဘဝေ။
အမ္ဗဋ္ဌာ စ တထာ ပါဌာ၊ ကဋ္ဌုကာ ကဋ္ဌုရောဟိဏီ။

(၅၀၂) အထ၊ ထိုမှတပါး။ ကပိကစ္ဆု၊ ဒုဖဿော၊ ခွေးလှေး။ ခွေးလှေး ပရိယာယ် ၂-ပုဒ်၊ အထ၊ ထိုမှတပါး။ မဋ္ဌိင္ဋာ၊ ဝိကသာ၊ ထန်းကျင့်။ (နီပါး ဆေးလည်း ဟူ၏)။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ထန်းကျင့် ပရိယာယ် ၂-ပုဒ်။ တထာ၊ ထိုမှတပါး။ အမ္ဗဋ္ဌာ၊ ကြွက်နားပေါင်း။ တထာ၊ ထိုမှတပါး။ ပါဌာ၊ ကြွက်နားပေါင်း။ ကြွက်နားပေါင်း ပရိယာယ် ၂-ပုဒ်။ ကဋ္ဌုကာ၊ ကဋ္ဌုရောဟိဏီ၊ ကုလားဆောင်းမေးခါး။ ကုလားဆောင်းမေး ခါး ပရိယာယ် ၂-ပုဒ်။

[ကပိကစ္ဆု, ဒုဖဿ-တို့ကို ‘ယင်းခွေ’ဟုလည်း အနက်ပေးကြသည်။ ထိမိ ကိုင်မိလျှင် အလွန်ယားယံသည်။ မျောက်သတ္တဝါများ အလွန်ဆော့လေရာ ယင်းအသီးကို ကိုင်တွယ် ဆော့ကြသည်။ ထိုအခါ မျောက်များ အလွန်အမင်း ယားယံခြင်း ဖြစ်သည်၊ သို့ဖြစ်၍ ‘ကပိကစ္ဆု’။ ကိုင်တွယ် ထိတွေ့ရန် မသင့် မကောင်း၊ သို့ဖြစ်၍ ‘ဒုဖဿ’မည်၏။ အမ္ဗဋ္ဌာ,ပါဌာ-တို့ကို တောဆောင်းမေး ခါးဟု ပြန်ဆိုကြ၏။ သီဟိုဠ်တို့ကား ‘ဒိယမိတ္တ’ဟု ခေါ်ကြသည်။]

(၅၀၃) အပါမဂ္ဂေါ သေခရိကော၊ ပိပ္ပလီ မာဂဓီ မတာ။
ဂေါကဏ္ဋကော စ သိင်္ဃာဋော၊ ကောလဝလ္လိ’ဘပိပ္ပလီ။

(၅၀၃) အပါမဂ္ဂေါ၊ သေခရိကော၊ တောကြက်မောက်။ (စစ်သိမ်ဟုလည်း ဆိုကြ၏။) တောက်ကြက်မောက်ပရိယာယ် ၂-ပုဒ်။ ပိပ္ပလီ၊ မာဂဓီ၊ ပိတ်ချင်း။ တုလျာ၊ အနက်တူ၏ ဟူ၍။ မတာ၊ သိအပ်၏။ ပိတ်ချင်း ပရိယာယ် ၂-ပုဒ်။ ဂေါကဏ္ဋကော၊ သိင်္ဃာဋော၊ ဆူးလေ။ ဆူးလေပရိယာယ်

၂-ပုဒ်။ ကောလဝလ္လ၊ ဣဘပိပ္ပလီ၊ ဆင်ပိတ်ချင်း။ ဆင်ပိတ်ချင်း ပရိယာယ် ၂-ပုဒ်။

[ခရမဥ္စရိ-လည်း အပါမဂ္ဂ, သေခရိက-တို့၏ ပရိယာယ် ဖြစ်၏။ ဋီကာ၌ "ဒွယံ ခရမဉ္စရိယံ 'စစ်သိမ်' ဣတိ ချာတာယ်" ဟု ဖွင့်၏။

ပိတ်ချင်းအရသာကား စပ်၏၊ ဆီးနည်း, သွေးကြွ စေတတ်၏။ ချောင်းဆိုး, ကုတ်ဟဲးနား, သလိပ်ခဲစုနာ, ဝမ်းလား ခြင်းတို့ကို ငြိမ်းစေတတ်၏ဟု ဆိုကြသည်။]

(၃၀၄) ဂေါလောမိ တု ဝစာ စာထ၊ ဂိရိကဏ္ဏျ'ပရာဇိတာ။
သီဟပုစ္ဆိ ပဉ္စိပဏ္ဏိ၊ သာလပဏ္ဏိ တု စ တ္ထိရာ။

(၃၀၄) တု၊ ထိုမှတပါး။ ဂေါလောမိ၊ ဝစာ၊ လင်းလေ။ လင်းလေ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဂိရိကဏ္ဏိ၊ အပရာဇိတာ၊ အောက်မဲညို။ အောက်မဲညို ပရိယာယ် ၂-ပုဒ်။ သီဟပုစ္ဆိ၊ ပဉ္စိပဏ္ဏိ၊ ပြိဿပြဏီ။ ပြိဿပြဏီ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သာလပဏ္ဏိ၊ ထိရာ၊ သာလပြဏီ။ သာလပြဏီ ပရိယာယ် ၂-ပုဒ်။

['လင်းလေ' ကို 'လင်းနေ' ဟု ခေါ်ကြသည်၊ လင်းလေသည် အမြစ်ကိုစွဲ၍ အဖြူ, အနီ ၂-မျိုး ရှိသည်။ ၎င်း ၂-မျိုးတွင် လင်းလေဖြူကို 'ဟေမဝတီ' ဟူ၍လည်း ခေါ်ကြောင်း အမရကောသ၌ ဆို၏။ ယင်း လင်းလေမြစ်သည် လေကိုလည်းနိုင်, အာဟာရအပုပ်ကိုလည်း ကြေစေတတ်၏၊ တေဇောဓာတ်ကိုလည်း အားပေးသည်ဟု ဆိုကြ၏။ နဂိုရ်က 'ပဉ္စိပဏ္ဏိ' ဟု ခေါ်ခဲ့ရာမှ ကာလကြာသဖြင့် 'ပြိဿပြဏီ' ဖြစ်သည်ဟု သိရ၏။ အင်ကြင်း ရွက်နှင့်တူသော အရွက်ရှိသဖြင့် 'သာလပဏ္ဏိ' ခေါ်ကြောင်း "သာလပဏ္ဏသဒိသဝိဋ္ဋတာယ သာလပဏ္ဏိ" ဟူသော ဋီကာဖြင့် သိရ၏။]

(၃၀၅) နိဒိဒ္ဓိကာ တု ဗျဂ္ဃီ စ၊ အထ နီလီ စ နီလိနီ။
ဇိဥ္ဆုကော စေဝ ဂုဍ္ဍာထ၊ သတမူလီ သတာဝရီ။

(၃၀၅) တု၊ ထိုမှတပါး။ နိဒိဒ္ဓိကာ၊ ဗျဂ္ဃီ၊ မြေပုံခရမ်း။ မြေပုံခရမ်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ နီလီ၊ နီလိနီ၊ မဲပင်။ မဲပင် ပရိယာယ်

၂-ပုဒ်။ ဇီဋ္ဌကောဝ၊ ဂုဋ္ဌာ၊ ချင်ရွေး။ (ဇင်ရွေးသော်လည်း ဟူ)။ ချင်ရွေး ပရိယာယ် ၂-ပုဒ်။ သတမူလီ၊ သတာဝရီ၊ ကြံညွတ် (ရှင့်မတက်)။ ကြံညွတ် ပရိယာယ် ၂-ပုဒ်။

[နိဒိဒ္ဓိကာ, ဗျဋ္ဌိ-တို့ကို သီဟိုဠ်၌ "ကဋ္ဋုဝယ်လ်ဘဋ္ဋ"ခေါ်သည်။ မြေပုံခရမ်း ဖြစ်သည်။ချင်ရွေး-ဟူသည် ချုံမျိုး နွယ်မျိုး ဖြစ်သည်။ ၎င်း၏ အစေ့သည် တပိုင်းနီ တပိုင်းနက် ဖြစ်၏။ တဿ မတ္တက် ဿနဇာတော ဇီဋ္ဌကဂုမ္ဗော အဝတ္ထရိ။ ပဋိသံ၊ ဌ၊ ၂။ ၂၉၇။]

(၃၈၆) မဟောသဓံ တ္ဋ' တိဝိသာ၊ ဗာကုစီ သောမဝလ္လိကာ။
ဒါဗွီ ဒါရုဟလိဒ္ဒါထ၊ ဗိဋ္ဌင်္ဂ ' စိတြတဏ္ဍုလာ။

(၃၈၆) တု၊ ထိုမှတပါး။ မဟောသဓံ၊ အတိဝိသာ၊ တိဝုသ်။ ထိဝုသ် ပရိယာယ် ၂-ပုဒ်။ ဗာကုစီ၊ သောမဝလ္လိကာ၊ ကန့်ကရော။ ကန့်ကရော ပရိယာယ် ၂-ပုဒ်။ ဒါဗ္ဗီ၊ ဒါရုဟလိဒ္ဒါ၊ နနွင်းနွယ်။ နနွင်းနွယ် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဗိဋ္ဌင်္ဂံ၊ စိတြတဏ္ဍုလာ၊ အိပ်မွှေပင်။ အိပ်မွှေပင် ပရိယာယ် ၂-ပုဒ်။

['တိဝုသ်' ကို 'မိဝုသ်' ဟူ၍လည်း ခေါ်ကြသည်။ တိဝုသ်မြစ်သည် ခါး၏၊ ဒေါသ ၃-ပါးကို ပယ်နိုင်၏၊ အစာကြေ ဝမ်းပျော့စေတတ်သည်ဟု ဆိုကြသည်။

'ကန့်ကရော' ကို 'ဂန့်ဂလာ' ဟူလည်း ခေါ်ကြသည်။ ဂန့်ဂလာ ရွက်သည် ခါး၏၊ ကြေလွယ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သလိပ်ကိုလည်း နိုင်၏၊ လေနာနှင့် သင့်သည်ဟု ဆေးကျမ်းများ၌ ဆို၏။ သီဟိုဠ်နိဿျတစောင်၌ ဒါဗ္ဗီ, ဒါရုဟလိဒ္ဒါ-တို့ကို ကရမက်ဝါ-ဟု ပြန်ဆို၏။ အိပ်မွှေကို သီဟိုဠ်တို့ ဝဋ္ဌင်္ဂသာလ်-ဟု ခေါ်သည်။]

(၃၈၇) နုဟီ စေဝ မဟာနာမော၊ မုဒ္ဒိကာ တု မဓုရသာ။
အထာပိ မဓုကံ ယဋ္ဌိ–မဓုကာ မဓုယဋ္ဌိကာ။

(၃၈၇) နုဟီ၊ မဟာနာမော၊ ရှားစောင်းကြီး။ ရှားစောင်းကြီး ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မုဒ္ဒိကာ၊ မဓုရသာ၊ သပြစ်။ (မုဒရက်လည်း ဟူ၏။) သပြစ် ပရိယာယ် ၂-ပုဒ်။ အထာပိ၊ ထိုမှတပါး။ မဓုကံ၊ ယဋ္ဌိမဓုကာ၊ မဓုယဋ္ဌိကာ၊ နွယ်ချို။ နွယ်ချို ပရိယာယ် ၃-ပုဒ်။

[ယခုအခါ အချို့ဒေသ၌ ခစောင်းကြီးခေါ်သော အပင်သည် ရှားစောင်းကြီး ဟူ၏။ မုဒ္ဒိကာ, မဓုရသာ-တို့ကို သပြက်ဟူ၍ မှတ်သားရာ၏။ မုဒရက်ဟူ၍၎င်း၊ စပြစ်ဟူ၍၎င်း ခေါ်ကြသည်။ အမရကောသ၊ ၁၄။ ၁၀၇-၌ မုဒ္ဒိကာ, ဂေါဿနီ, ဒါက္ခာ, သာဒွီ, မဓုရသာ-ဟူ၍ သပြက်ပင် ပရိယာယ် ၅-ပုဒ်လာ၏။ ယင်း သပြက် သီးမှည့်သည် အရသာ ချို၏၊ အေး၏၊ အဆီဩဇာများ၏၊ ဝမ်းကို သက်စေတတ်၏၊ သုက်ကို ပွါးစေတတ်၏၊ လေ,သည်းခြေကို နိုင်၏၊ ဆူဖြိုးစေတတ်၏၊ မူးဝေနာ, ရေငတ်နာ, ကိုယ်ပူနာတို့ကို ပယ်နိုင်၏ဟု ဆေးကျမ်းတို့၌ ဆို၏။]

(၅ဂဂ) ဝါတိဂ်ဏော စ ဘဏ္ဍာကီ၊ ဝါတ္တာကီ ဗြဟတီ ပျထ။
နာဂဗလာ စေဝ ဈသာ၊ လာင်္ဂလီ တု စ သာရဒီ။

(၅ဂဂ) ငါတိဂ်ဏော၊ ဘဏ္ဍာကီ၊ ခရမ်းချို။ ခရမ်းချို ပရိယာယ် ၂-ပုဒ်။ ဝါတ္တာကီ၊ ဗြဟတီ၊ ခရမ်းကစော့။ ခရမ်းကစော့ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ နာဂဗလာ၊ ဈသာ၊ ဂက်ချေးပန်း။ ဂက်ချေးပန် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ လာင်္ဂလီ၊ သာရဒီ၊ ဆီမီးတောက်။ ဆီမီးတောက် ပရိယာယ် ၂-ပုဒ်။

[ဝါတိဂ်ဏ,ဘဏ္ဍာကီ-တို့ကား ခရမ်းချိုဟော ပရိယာယ်တည်း။ ခရမ်းကြီး၊ ဆင်ခရမ်း-ဟုလည်း ဆိုကြသည်။ သီဟိုဠ်အခေါ် 'ဝမ္ဘာဋု' ဖြစ်သည်။ လာင်္ဂလီ, သာရဒီ-တို့ကား ရေညောင်ပင် ဟော-ဟုလည်း ဆိုကြသည်။ ဆေးကျမ်းအချို့တို့၌လည်း ဆီမီး တောက်ဟူ၍ ပြန်ဆိုကြသည်။ နင်္ဂလီ-လည်း ဆီမီးတောက်ဟော ပရိယာယ်တည်း။ ဂျေဒကာလေ သဥ္စာတတ္တာ သာရဒီ-ဟု ဋီကာ၌ ဆိုသည်။]

(၅ဂ၉) ရမ္ဘာ စ ကဒလီ မောစော၊ ကပ္ပါသီ ဗဒရာ ဘဝေ။
နာဂလတာ တု တမ္ဗူလီ၊ အင်္ဂဇာလာ တု ဓာတကီ။

(၅ဂ၉) ရမ္ဘာ၊ ကဒလီ၊ မောစော၊ ငှက်ပျော။ ငှက်ပျော ပရိယာယ် ၃-ပုဒ်။ ကပ္ပါသီ၊ ဗဒရ၊ ဝါပင်။ ဝါပင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။

နာဂလတာ၊ တမ္ဗူလီ၊ ကွမ်းနွယ်။ ကွမ်းနွယ် ပရိယာယ် ၂-ပုဒ်။ တုံ၊ ထိုမှတပါး။ အဂ္ဂိဇာလာ၊ ဓာတကီ၊ ပတ္တကျီ။ ပတ္တကျီ ပရိယာယ် ၂ ပုဒ်။

[ငှက်ပျောသီး၏ ဂုဏ်သတ္တိကို ဘေသဇ္ဇမဉ္ဇူသာ၌—

အာမံ ရမ္ဘာဖလံ သေမှ—ပိတ္တဇိ ဂါဟိ စက္ခုဒံ။
ပက္ကံ ဝါတေ စ ပိတ္တေ စ၊ ဟိတံ ဗာလျံ ရသာယနံ။

အာမံ ရမ္ဘာဖလံ၊ ငှက်ပျောသီးစိမ်းသည်။ သေမှပိတ္တဇိ၊ သလိပ်, သည်းခြေကို အောင်နိုင်၏။ ဂါဟိ၊ ဝမ်းမီးကို ချုပ်စေတတ်၏။ စက္ခုဒံ၊ မျက်စိအားကို ပေးတတ်၏။ ပက္ကံ၊ ငှက်ပျောသီးမှည့်သည်။ ဝါတေ စ၊ လေနာ၌၎င်း။ ပိတ္တေ စ၊ သည်းခြေနာ၌၎င်း။ ဟိတံ၊ သင့်လျော်၏။ ဗာလျံ၊ အားကိုဖြစ်စေတတ်၏။ ရသာယနံ၊ အနာကင်းကြောင်း အမြိုက်ဆေးကောင်းဖြစ်၏-ဟု ဆို၏။ ငှက်ပျောဖီးကြမ်းစိမ်းကို သီဟိုဠ်၌ ဟင်းချက်၍ စားသုံးလေ့ရှိ၏။]

(၅၉၀) တိဝုတာ တိပုဋ္ဌာ စာထ၊ သာမာ ကာဠာ စ ကဏ္ဍတော။
အထော သိဂ္ဂိ စ ဉသဘော၊ ရေဏုကာ ကပိဋ္ဌာ ဘဝေ။

(၅၉၀) တိဝုတာ၊ တိပုဋ္ဌာ၊ ကြံဟင်းဖြူ။ ကြံဟင်းဖြူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သာမာ၊ ကာဠာ၊ ကြံဟင်းညို။ ဒွယံ၊ သဒ္ဒါနှစ်ခုကို။ တုလျံ၊ အနက်တူ၏ဟူ၍။ ကဏ္ဍတော၊ ဆိုအပ်၏။ ကြံဟင်းညို ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ သိဂ္ဂိ၊ ဉသဘော၊ ကြက်တက်။ ကြက်တက် ပရိယာယ် ၂-ပုဒ်။ ရေဏုကာ၊ ကပိဋ္ဌာ၊ ရေဏုပင်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ရေဏုပင် ပရိယာယ် ၂-ပုဒ်။

[ရေဏုကာ, ကပိလာတို့ကို မြက်မွှေးဟုလည်း ပြန်ဆိုကြကုန်၏။ သုဘူတိသီဟိုဠ်ဓာန်နိသျ၌ ဟရေဏုဟု ဆို၏၊ ကနဖော့ဟုလည်း ပြန်ဆိုကြ၏၊ ရုဒ္ဒကောသ၌ ဟရေဏု-၏ ပဲာနက်ကို—

ဟရေဏု သော ကလာယေပိ၊ ရေဏုကာယံ ထိယံ ဘဝေ—

ဟု ဆို၏။ ပုလ္လိင် ဟရေဏု-သဒ္ဒါနှံ ပဲလွမ်းပင်၊ ဣတ္ထိလိင် ဟရေဏုသဒ္ဒါ ရေဏုပင်၌ ဖြစ်၏ ဟူလို။]

(၅၉၁) ဟိရိဝေရဉ္စ ဝါလဉ္စ၊ ရတ္တဖလာ တု ဗိမ္ဗိကာ။
သေလေယျံ မသ္မပုပ္ဖဉ္စ၊ လော တု ဗဟုလာ ဘဝေ။

(၅၉၁) ဟိရိဝေရံ၊ ဝါလံ၊ ပန်းမ။ ပန်းမပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ ရတ္တဖလာ၊ ဗိမ္ဗိကာ၊ ကျီးအာ။ ကျီးအာ ပရိယာယ် ၂-ပုဒ်။ သေ-လေယျံ၊ အသ္မပုပ္ဖံ၊ ကျောက်ပန်း။ ကျောက်ပန်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ လော၊ ဗဟုလာ၊ ဖာလာ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဖာလာပရိယာယ် ၂-ပုဒ်။

[ပန်းမကား အပင်ကြီးမျိုးတည်း။ ယင်းအပင်တို့ကား ယောဒေသ, ရှမ်းပြည်တို့၌ ပေါက်ရောက်ဖြစ်ထွန်းကုန်၏။ ပန်းမသည် ခံတွင်းနာ, ချောင်းဆိုးနာ, သည်းခြေနာတို့ကို ကင်းပျောက်စေနိုင်၏။

"ကျီးအာနှိုင်းတမ်း၊ မယ်နှုတ်ခမ်း၊ ကွမ်းပန်းတလှိုင်လှိုင်" ဟူသော လင်္ကာဖြင့် နှုတ်ခမ်းကို စာဖွဲ့ကြကုန်၏။ ကျီးအာသီးသည် ရဲရဲနီ၏ ဟူလို။ ကင်းပုံကို ကျီးအာမျိုး၌ သွင်းကြကုန်၏။

သေလေယျ, အသ္မပုပ္ဖ-ကျောက်ပန်း၊ ကျောက်ပွင့် အတူတူဖြစ်၏။ ဖာလာသည် ဖာလာကြီး, ဖာလာငယ်ဟု ၂-မျိုးရှိသည်။ ၂-မျိုးလုံး အအေး, အာပေါ, အသက်ဟု သိရာ၏။]

(၅၉၂) ကုင်္ဂုဉ္စ ဗျာဓိ ကထိတော၊ ဝါနေယျံ တု ကုဋန္နဋံ၊
ညြသမိ ဇာတိမတ္တမှိ၊ ညြသမံ သဗ္ဗ မဇာတိယံ။

(၅၉၂) ကုင်္ဂု၊ ဗျာဓိ၊ ပန်းဥ။ သမော၊ အနက်တူ၏ဟူ၍။ ကထိတော၊ ဆိုအပ်၏။ ပန်းဥပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝါနေယျံ၊ ကုဋန္နဋံ၊ နွားမြေရင်း။ (နွားမြေရင်းသိမ်လည်း ဟူ၏။) နွားမြေရင်း ပရိယာယ် ၂-ပုဒ်။ သဗ္ဗံ၊ အလုံးစုံသော ဖလပါကန္တဖြစ်သော ကဒလိ, ဝီဟိ-အစရှိသည်သည်။ ဇာတိမတ္တမှိ၊ ဇာတ်သက်သက်၌။ ဝတ္တမာနံ၊ ဖြစ်သည်ရှိသော်။ ညြသမိ၊ ညြသမိမည်၏။ အဇာတိယံ၊ ဇာတ်သက်သက် မဟုတ်မူ၍ ရောဂါပယ်ပျောက်ခြင်း၌။ ဝတ္တမာနံ၊ ဖြစ်ပါမူ။ ညြသမံ၊ ညြသမမည်၏။

[ပန်းဥ-ကား သွေးကိုကြွစေတတ်, လေကိုငြိမ်းစေတတ်၏။ ၄က်ပျော, ကောက်စပါး-စသည်တို့သည် သစ်ပင်ဇာတ်ကို ဆိုလိုရာ ၌ 'ဩသဓိ'၊ ဆေးအသုံးပြု၍ ဆေးအဖြစ်သုံးလျှင် 'ဩသဓ' မည်၏ ဟူ၏။

ဩသဓိ ဇာတိမတ္တမှို၊ဩသဓံ သဗ္ဗမဇာတိယံ – ဟူသော စကားကို "ဩသဓျော ဇာတိမတ္တေသု၊ အဇာတုံ သဗ္ဗမောသဓံ" ဟူသောအမရကောသ၊ ၁၄။ ၁၃၅-ကို မှီး၍ဆိုသည်။]

(၅၉၃) မူလံ ပတ္တံ ကဠီရ'ဂ္ဂံ၊ ကန္ဒံ မိဉ္ဇာ ဖလံ တထာ။
တစော ပုပ္ဖ ဆတ္တန္တိ၊ သာကံ ဒသဝိဓံ မတံ။

(၅၉၃) မူလံ၊ အမြစ်ငင်း။ ပတ္တံ၊ အရွက်ငင်း။ ကဠီရံ၊ အညှောက်ငင်း၊ အဂ္ဂံ၊ အညွန့်ငင်း။ ကန္ဒံ၊ အဖုငင်း။ ဝါ၊ အဥငင်း။ မိဉ္ဇာ၊ အနှစ်ငင်း။ ဝါ၊ အဆန်ငင်း။ ဖလံ၊ အသီးငင်း။ တထာ၊ ထိုမှတပါး။ တစော၊ အခွံအခေါက်ငင်း။ ပုပ္ဖံ၊ အပွင့်ငင်း။ ဆတ္တံ၊ မှိုငင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ ခွဲခြား သရုပ်အားဖြင့်။ သာကံ၊ ဟင်းရွက်မျိုးကို။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။

[မုန်လာ-စသည်တို့၏ အမြစ်သည် မူလ၊ ပိလော-စသည်တို့၏ အရွက်သည် ပတ္တ၊ မျှစ်-စသော အညှောက်သည် ကဠီရ။ ကြိမ်-စသည်တို့၏ အညွန့်သည် အဂ္ဂ၊ ကြာညို-စသည်တို့၏ အဖု, အဥသည် ကန္ဒ၊ ထန်း စသည်တို့၏ အနှစ်, အဦသည် မိဉ္ဇ၊ ဖရုံသီး-စသောအသီးသည် ဖလ၊ ရှောက်-စသည်တို့၏ အခွံသည် တစ၊ ကြက်ဘက်-စသည်တို့၏ အပွင့်သည် ပုပ္ဖ၊ မှိုဥနက်, မှိုဖြူ-စသည်သည် ဆတ္တမည်၏။]

(၅၉၄) ပပုန္နာဋ္ဌော ဋ္ဌေဂလော၊ တဏ္ဍုလေယျော'ပ္ပမာရိသော။
ဇီဝန္တီ ဇီဝနီ စာထ၊ မဓုရကော စ ဇီဝကော။

(၅၉၄) ပပုန္နာဋ္ဌော၊ ဋ္ဌေဂလော၊ တန့်ကျွဲ။ တန့်ကျွဲပရိယာယ် ၂-ပုဒ်။ တဏ္ဍုလေယျော၊ အပ္ပမာရိသော၊ ဟင်းစကွဲ(ဆူးပေါက်လည်း ဟူ)။ ဟင်းစကွဲ ပရိယာယ် ၂-ပုဒ်။ ဇီဝန္တီ၊ ဇီဝနီ၊ စမုန်နီ။ စမုန်နီပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ မဓုရကော၊ ဇီဝကော၊ ဇီရာ၊ ဇီရာပရိယာယ် ၂-ပုဒ်။

[တန့်ကျဲစေ့ကို ထက်ဝက်အကျမ်းလှော် အမှုန့်ပြု၍ ကာဖီကဲ့သို့ ထန်းလျက်, သကြား တဝက်စီထည့်၍ နွားနို့နှင့်သောက်လျှင် လူနှင့်သင့်၏။ အရသာလည်းရှိ၏ဟု ဆိုကြသည်။ တန့်ကျဲရွက်ကား လေ,သလိပ်ကို နိုင်၏၊ ယားနာ, ပိုးနာ, ပွေးနာ, ချောင်းဆိုးနာ, ပန်းနာ, နူနာတို့ကို နိုင်၏ဟု ဥတုဘောဇနသ္ဒ ဆို၏။

ဇိဝန္တိ, ဇိဝနီတို့ကို သစ်ခွပန်းတင်, ဟင်းနုနယ်-ဟုလည်း ဆရာတို့ ပြန်ဆိုကြသည်။ 'ဥဒုဒိ'မည်သော ဆေးပင်လည်း ဟူ၏။ သီဟိုဠ်တို့ကား "ဒိဝိ-သုရ"ဟု ခေါ်ကြ၏။ ကဋ္ဌိရပုပ္ပံ ဇိဝန္တိပုပ္ပံ။ ပိ၊ ဋ္ဌ၊ ၃။ ၁၀၂။ ဇိရာ-ကား အပူ, ဘေဇော, အသက်တည်း။]

(၅၇၅) မဟာကန္ဒော စ လသုဏံ၊ ပလဏ္ဍု တု သုကန္ဒကော။
ပဋ္ဋောလော တိတ္တကော စာထ၊ ဘိင်္ဂရာဇော စ မက္ကဝေါ။

(၅၉၅) မဟာကန္ဒော၊လသုဏံ ကြက်သွန်ဖြူ။ကြက်သွန်ဖြူပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပလဏ္ဍု၊ သုကန္ဒကော၊ ကြက်သွန်နီ။ ကြက်သွန်နီ ပရိယာယ် ၂-ပုဒ်။ ပဋ္ဋောလော၊ တိတ္တကော၊ ဗြူးတား(ဗုံလုံခါးလည်း ဟူ)။ ဗြူးတား ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဘိင်္ဂရာဇော၊ မက္ကဝေါ၊ ဘိင်္ဂရာဇ်။ ဝါ၊ ကြိတ်မှန်။ ဘိင်္ဂရာဇ်, ကြိတ်မှန်ပရိယာယ် ၂-ပုဒ်။

[ပဋ္ဋောလ, တိတ္တက-တို့ကား "ပဋ္ဋုံ ရသံ လာတီတိ ဝါ ပဋ္ဋောလော၊ တိတ္တကရသာတာယ တိက္တကော"ဟု ဋီကာ၌ ပြုသည့်အတိုင်း ခါးသော အရသာရှိ၏၊ နွယ်ပင်တည်း။ ဘိင်္ဂရာဇ,မက္ကဝ-ကို ဘိင်္ဂရာဇ်-ဟု ဋီကာဆရာ ပြန်ဆို၏။ ကေရာဇ်-ဟုလည်း ပြန်ဆိုကြသည်။ သီဟိုဠ်အခေါ် ကီကိရိန္ဒိယ-ဖြစ်၏။]

(၅၇၆) ပုနန္နဝါ သောထဃာတီ၊ ဝိတုန္နံ သုနိသဏ္ဏကံ။
ဟာရဝေလ္လော တု သုသဝီ၊ တုမ္ဗျာ'လာဗု စ လာဗု သာ။

(၅၉၆) ပုနန္နဝါ၊ သောထဃာတီ၊ ပရန္နဝါ။ (ဆင်ပြောပင်လည်း ဟူ၏။) ပရန္နဝါပရိယာယ် ၂-ပုဒ်။ ဝိတုန္နံ၊ သုနိသဏ္ဏကံ၊မှိုနတိုချို။ မှိုနတိုချို ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဟာရဝေလ္လော၊ သုသဝီ၊ ကြက်ဟင်းခါး။ ကြက်ဟင်းခါး ပရိယာယ် ၂-ပုဒ်။ တုမ္ဗီ၊ အလာဗု၊ လာဗု၊ ဗူး။ သာ၊ ဣတ္ထိလိင်တည်း။ ဗူးပရိယာယ် ၃-ပုဒ်။

[ပရန္နဝါ-ကို ဆင်ပြာ-ဟုလည်း ဆိုကြသည်။ ယင်းပရန္နဝါကား နို့ရည်နှင့်သုက်ကို တိုးပွါးစေတတ်၏။ မီးဖွားပြီး မိန်းမများ နို့မထွက်လျှင် ပရန္နဝါရွက်ကို ဟင်းခါးချက်၍ သောက်ရာ၏။ ယို ပရန္နဝါရွက်သည် အဖြူ,အနီဟု ၂-မျိုးရှိသည်။အကျိုးသွား တူ၏။

ဝိတုန္နံ, သုနိသဏ္ဏကံ-ကို မှော်ချဉ်-ဟုလည်း ပြန်ဆိုကြသည်။ ကာရဝေလ္လ, သုသဝီ-တို့ကို ဟင်းခါးလက်ချား-ဟုလည်း ခေါ်သည်၊ ကြက်ဟင်းခါးနှင့် အတူတူတည်း၊ နာမည်သာကွဲ၏။

ဤအဘိဓာန်၌ လာဗု-ကို ဂူတ္တလိင်-ဟု ဆိုသည်။ သို့ရာတွင် န သက္ကာ လာဗုမ္ပိ တေလဖာဏိတာဒိမ္ပိ။ မ၊ ဋ္ဌ၊ ၃။၁၄၄-ကို ထောက်သော် ပုလ္လိင်, နပုလ္လိင်လည်း သင့်ကြောင်း သိသာ၏။ ဗူးသည် ဗူးချို, ဗူးခါး ၂-မျိုးရှိ၏။ ဤ၌ ဗူးချိုတည်း။ ဗူးခါးကို တိတ္တကာလာဗု-ဟု ခေါ်သည်။]

(၅၉၇) ဋ္ဌောလုကစ္ဆ ကက္ကာရိ၊ ကုမ္ဘဏ္ဍော တု စ ဝလ္လိဘော။
ဂုန္ဒဝါရုဏီ ဝိသာလာ၊ ဝတ္တာကံ ဝတ္ထာလေယျကော။

(၅၉၇) ဋ္ဌောလုကံ၊ ကက္ကာရိ၊ သခွါး။ သခွါးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကုမ္ဘဏ္ဍော၊ ဝလ္လိဘော၊ ကျောက်ဖရုံ။ ကျောက်ဖရုံ ပရိယာယ် ၂-ပုဒ်။ ဂုန္ဒဝါရုဏီ၊ ဂိသာလာ၊ ဖရဲခါး။ ဖရဲခါး ပရိယာယ် ၂-ပုဒ်။ ဝတ္တာကံ၊ ဝတ္ထာလေယျကော၊ မှိုးပင်။ (ကြက်နားပင်လည်းဟူ၏။) မှိုးပင် ပရိယာယ် ၂-ပုဒ်။

[ဋ္ဌောလုက, ကက္ကာရိ-တို့ကို ရေသွန်းသခွါးဟူ၍လည်း ပြန်ဆိုကြ၏။ သခွါးသည် သခွါးချဉ်၊ သခွါး ပြေပ်၊ သခွါး ဆင်စွယ်၊ သခွါးဆေး၊ သခွါးပု၊ သခွါးမွေး၊ သခွါးရှည် စသည်ဖြင့် များစွာ ပြား၏။

ဖရုံသည်လည်း ကျောက်ဖရုံ၊ ယာဖရုံ၊ ရွှေဖရုံ၊ ဖရုံခါး-စသည်ဖြင့် များစွာရှိ၏။ ထိုတွင် ကျောက်ဖရုံသီးသည် အေး၏၊ ဝဉ်းငယ်ချို၏၊ သလိပ်ကို မဖွဲ့စည်းတတ်၊ အပူကိုကြေစေ၍ သီးကို များစေတတ်၏။ ဝမ်းကို မချုပ်စေတတ်ဟု ဗိဝိတပစ္စုန္န ဆို၏။ ရွှေ

ဖရုံသီးကို "အခြောင်းဥကျင့်ငြိမ်းရန် သီတတေဇော ခတ်စာ"ဟု ဆေးကျမ်းတို့၌ ဆို၏။ ]

(၅၉၈) မူလကော နိတ္ထိယံ စုစ္စု၊ တမ္ဗကော စ ကလမ္ဗကော။
· သာကဘေဒါ ကာသမဒ္ဒ-ဈဇ္ဈရိ ဖဂ္ဂဝါဒယော။

(၅၉၈) မူလကော၊ မုန်လာ။ အယံ၊ ဤမူလက-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ စုစ္စု၊ မုန်လာ။ မုန်လာပရိယာယ် ၂ ပုဒ်။ တမ္ဗကော၊ ကလမ္ဗကော၊ ဟင်းနုနယ်။ ဟင်းနုနယ် ပရိယာယ် ၂-ပုဒ်။ ကာသမဒ္ဒဈဇ္ဈရိဖဂ္ဂဝါဒယော၊ ကစော့, ကန်ကလာ, ပိတ်သင်းခတ် အစရှိသည်တို့သည်။ ဝါ၊ ကစော့, ပြည်ပန်းရွှေ, ပိတ်သင်းခတ် အစရှိသည်တို့သည်။ သာကဘေဒါ၊ ဟင်းရွက်မျိုးတို့တည်း။

[ကာသမဒ္ဒဈဇ္ဈရိဖဂ္ဂဝါဒယော-၌ ပဌမအနက်ကား ဋီကာဆရာ ပေးသော အနက်ဖြစ်၏။ ကာသံ မဒ္ဒတီတိ ကာသမဒ္ဒေါ၊ ကစော့။ ဈဇ္ဈ ပရိဘာသနတဇ္ဇနေသု၊ အရော၊ နဒါဒိ၊ ဈဇ္ဈရိ။ ကန်ကလာ။ ဖ ဝါတံ ဂဏှာတီတိ ဖဂ္ဂဝေါ၊ ဟဿ ဝေါ ဖဂ္ဂဝေါ။ ပိတ်သင်းခတ်။ ဋီကာ။ ]

(၅၉၉) သဒ္ဒလော စေဝ ဒုဗ္ဗာ စ၊ ဂေါလောမီ သာ သိတာ ဘဝေ။
ဂုန္ဒာ စ ဘဒ္ဒမုတ္တဉ္စ၊ ရသာလော တု'စ္ဆု ဝေဠု တု။

(၆၀၀) တစသာရော ဝေဏု ဝံသော၊ ပဗ္ဗံ တု ဖလု ဂဏ္ဌိ သော။
ကီစကာ တေ သိယုံ ဝေဏူ၊ ယေ နဒန္တ္ယာ'နိလဒ္ဓုတာ။

(၅၉၉ ၆၀၀) သဒ္ဒလော၊ ဒုဗ္ဗာ၊ မြေဇာမြက်။ (နေဇာမြက်လည်းဟု)။ မြေဇာမြက်ပရိယာယ် ၂-ပုဒ်။ သာ၊ ထိုမြေဇာမြက်သည်။ သိတာ၊ ဖြူမူကား။ ဂေါလောမီ၊ ဂေါလောမီမည်သည်။ ဝါ၊ မြေဇာဖြူ မည်သည်။ ဘဝေ၊ ဖြစ်၏။ ဂုန္ဒာ၊ ဘဒ္ဒမုတ္တံ၊ နွားမြေရင်း။ (မုန်ညင်းကြီးလည်း ဟူ၏)။ တု၊ ထိုမှတပါး။ ရသာလော, ဥစ္ဆု၊ ကြံ။ ကြံပရိယာယ် ၂-ပုဒ်။ တု၊ထိုမှ တပါး။ ဝေဠု၊ တစသာရော ဝေဏု၊ ဝံသော၊ ဝါး။ ဝါးပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ပဗ္ဗံ၊ ဖလု၊ ဂဏ္ဌိ၊ အဆစ်။ သော၊ ပုလ္လိင်တည်း။ ယေ ဝေဏူ၊ အကြင်ဝါးတို့သည်။ အနိလဒ္ဓုတာ၊ လေ တိုက်ခတ်ကုန်သည်။ ဝါ၊ အခေါင်းပေါက်မှ ဝင်သောလေကြောင့် လှုပ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်

၍။ နဒန္တိ၊ မြည်တတ်ကုန်၏။ တေ ဝေဏူ၊ ထိုဝါးတို့သည်။ ကီစကာ၊ ကီစကာတို့ မည်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ သဒ္ဒလ-သဒ္ဒါ နှပျိုသော မြက်ကိုလည်းဟောသည်။ သဒ္ဒလာ ဟရိတာတိ ခုဝသဒ္ဒလေန ဟရိတာ။ ဇာ၊ ၄၊ ၇။၁၁၀။ ဝေဿန္တရ ဇာတ်အဖွင့်။ ဂုန္ဒာ, ဘဒ္ဒမုတ္တ-တို့ကို န္တွားမြေရင်းကြီး-ဟု ဋီကာ ဆို၏။ တုကာ-သဒ္ဒါလည်း ဝါးဟော ပရိယာယ်တည်း။ ဒိ၊ ၃၊ ၂။ ၂၀၇-ကြည့်။]

(၆၀၁) နဠော စ ဓမနော ပေါဋ္ဌ-ဂလော တု ကာသ မိတ္ထိ န။
တေဇနော တု သရော မူလံ၊ တု'သီရံ ဗီရဏဿ ဟိ။

(၆၀၁) နဠော၊ ဓမနော၊ ကျူ။ (အလိုကျူလည်း ဟူ။) ကျူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပေါဋ္ဌဂလော၊ သက်ကယ်မြက်။ ကာသံ၊ ဖောင်းကားမြက်။ (ဖောင်းခါးမြက်လည်း ဟူ။) န ဣတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ တု၊ ထိုမှတပါး။ တေဇနော၊ သရော၊ မြားမြက်။ မြားမြက်ပရိယာယ် နှစ်ပုဒ်။ ဗီရဏဿ၊ ဗြိတ်မြက်၏။ ဝါ၊မြက်မွေး၏။ မူလံ၊ အမြစ်သည်။ ဥသီရံ၊ ဥသီရ မည်၏။ ဝါ၊ ပန်းရင်းမည်၏။

[ပေါဋ္ဌဂလ-ကို "ပုဋ္ဌံ အညမညံ သံသဂ္ဂံ ဂစ္ဆတီတိ ပေါဋ္ဌဂ-လော"ဟု ဋီကာ၌ ပြု၏။ အချင်းချင်းရောယှက် စည်ပင်မြင့်တက်သော မြက် ဟူ၏။ မြားမြက်ကို မျှောက်မြီး-ဟုလည်း ခေါ်သတတ်။]

(၆၀၂) ကုသော ဝရဟိသံ ဒဗ္ဗော၊ ဘူတိဏကံ တု ဘူတိဏံ။
ဃာသော တု ယဝသော စာထ၊ ပူဂေါ တု ကမုကော ဘဝေ။

(၆၀၂) ကုသော၊ ဝရဟိသံ၊ ဒဗ္ဗော၊ သမန်းမြက်။ သမန်းမြက် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဘူတိဏကံ၊ ဘူတိဏံ၊ မြက်နံ့သာ။ မြက်နံ့သာ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဃာသော၊ ယဝသော၊ န္တွားစာမြက်။ န္တွားစာမြက် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ပူဂေါ၊ ကမု-ကော၊ ကွမ်းသီးပင်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ တုလျှ၊ အနက် တူသည်။ ဘဝေ၊ ဖြစ်၏။ ကွမ်းသီးပင် ပရိယာယ် ၂-ပုဒ်။

[ သပန်းပြုက်သည် "သဏ္ဍံ ဝိယ ဂဏ္ဍုန္နံ ဟတ္ထပ္ပဒေသံ ကုသတိ ဆိန္ဒတီတိ ကုသော" ကိုင်လိုက်လျှင် ခေါးလို ရှတတ် ပြတ်တတ်သောကြောင့် ကုသမည်၏ ဟူ၏။ ဒဗ္ဗံ ကုသံ ပေါတကိလံ၊ ဥသိရံ မုဥ္စပဗ္ဗဇံ။ ထေရ။ ၂၂၆။

ဘုတိဏက, ဘူတိဏ-တို့ကို သုဘူတိ-သိဟိုဠ်နိဿျ ဂန္ဓကေဋ-မည်သော မြက်-ဟု ပြန်ဆို၏။ ဋီကာ၌ ဒွယံ 'ဂန္ဓဝေဋ' ဣတိချာ-ဝေါ ဟ်ေဆာ-ဟု ဆိုသည်။

ဆေးကျမ်းများ၌ ရာမကပ္ပူရ-ခေါ်သော မြက်ပရုပ်-ဟူသော မြက်တမျိုးလည်း ရှိသေး၏၊ ယင်း မြက်ပရုပ်ကား အရွက်များ၏၊ အညှနှင့်အမြစ်ကား ပရုပ်နံ့အလား အနံ့ကောင်းသတတ်။ ]

(၆၁၃) တာလော ပိဘေဒိကာ စာသ၊ ခဇ္ဇူရီ သိန္ဒိ ဝုစ္စတိ။

(၆၁၄) တာလော၊ ပိဘေဒိကာ၊ ထန်းပင်။ ထန်းပင်ပရိယာယ် ၂-ပုဒ်၊ အသ၊ ဆိုမှဘပါး။ ခဇ္ဇူရီ၊ သိန္ဒိ၊ စွန်ပလွံပင်။ ဒွယံ၊ နှစ်ပုဒ်ကို။ ဘုယ်၊ အနက်ဘူ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စွန်ပလွံ ပရိယာယ် ၂-ပုဒ်။

[ ဘေသဇ္ဇမဉ္ဇူသာ၌—

ခဇ္ဇူရီ ဝါတပိတ္တာဂရိ၊ ဗြူဟနံ ဓာတုဝဍ္ဎနံ။
မုဒ္ဒိကာ တာဒိသိယေဝ၊ ဘေဒနီ စက္ခုနေသာ ဟိတံ—

ဟူ၍ စွန်ပလွံသီး, သပြက်သီးတို့၏ အကျိုး အာနိသင်ကို ဆို၏။

ဂါထာအနက်။ ။ခဇ္ဇူရီ၊ စွန်ပလွံသီးသည်။ ဝါတပိတ္တာဂရိ၊ လေ, သည်းခြေ ရောဂါကို ပယ်နိုင်၏။ ဗြူဟနံ၊ ကိုယ်အင်္ဂါသွေးသားကို စည်ကားတိုးပွါးစေတတ်၏။ ဓာတုဝဍ္ဎနံ၊ ရသဓာတ်ကို ပွါးစေတတ်၏။ မုဒ္ဒိကာ၊ သပြက်သီးသည်။ တာဒိသိယေဝ၊ ထို စွန်ပလွံသီး၏ အာနိသင်နှင့်မခြား အလားတူသည်သာ။ ဘေဒနီ၊ ကျင်ကြီး, ကျင်ငယ်ကို ဖျက်တတ်၏။ စက္ခုနေသာ၊ မျက်စိအား။ ဟိတံ၊ သင့်လျော်၏-ဟု အနက်သိလေ။ ]

(၆၀၄) ဟိန္တာလ တာလ ခဇ္ဇူရိ၊ နာဠိကေရာ တထေဝ စ။
တာလိ စ ကေတကီ နာဠိ၊ ပူဂေါ စ တိဏပါဒပါ။

ဣတိ အရညဝဂ္ဂေါ။

(၆၀၄) ဟိန္တာလ၊ မင်းဘောရင်း။ (ခနုန်းလည်း ဟူ။) တာလ၊ ထန်းပင်ရင်း။ ခဇ္ဇူရိ၊ စွန်ပလွံပင်ရင်း။ နာဠိကေရာ၊ အုန်းပင်တို့ရင်း။ တထေဝ စ၊ ထိုမှတပါး။ တာလိ စ၊ ပေပင်ရင်း။ ကေတကီစ၊ ဆပ်သွားပင်ရင်း။ နာဠိ၊ ကေတကီ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ပူဂေါ၊ ကွမ်းသီးပင်ရင်း။ ဣတိ၊ ဤသို့။ ဣမေ သတ္တ၊ ဤခုနစ်မျိုးတို့သည်။ တိဏပါဒပါ၊ မြက်ပင်မျိုးတို့တည်း။

[ဝါး, ကျူ, ကြံ-စသည်တို့လည်း မြက်မျိုးတွင် ပါဝင်၏။ သို့ရာတွင် အဘိခါန်ဆရာ အထူး မိန့်ဆိုတော်မမူ။ ရေဂူ မောရဂူ မဇ္ဇာရူ ဇန္တူတိ ဣမာ စတဿောပိ တိဏဇာတိယော။ ဝိ၊ ဋီ၊ ၃။ ၃၇၀။ တိဏဇာတိကာနံ အန္တမသော ဥစ္ဆုနဠဝါဒီနမ္ပိ တူလံ။ ဝိ၊ ဋီ၊ ၄။ ၅၉။ နာဠိကေရာဒိသု တိဏဇာတိသု။ မ၊ ဋီ၊ ၂။ ၂၉၂။ ရာဇနိဃဏ္ဍု အဘိခါန်။ ဓညာဒိဝဂ္ဂ-၌လည်း—

တာလာဒယော ဇာတိယော သဗ္ဗာ၊ ကမုကာ ကေတကီ တထာ။
ခဇ္ဇူရိ နာဠိကေရာဒယော၊ တိဏရုက္ခာ ပကိတ္တိတာ—

ဟူ၍ မြက်မျိုးသစ်ပင်များ အကျဉ်းချုံး၍ ဖော်ပြထား၏။

အုန်းသီးအရင့်ရည်သည် မသင့်တင့် မလျောက်ပတ်၊ သည်းခြေနာကို ဖွဲ့တတ် ဖြစ်စေတတ်သည်။ အုန်းနုရည်သည် သည်းခြေနာပျောက်ကြောင်း, အားတိုးကြောင်း ဖြစ်၏။

နာဠိကေရဿ ယံ တောယံ၊ ပုရာဏံ ပိတ္တဗန္ဓနံ။
တမေဝ တရုဏံ တောယံ၊ ပိတ္တဃံ ဗလဝဍ္ဎနံ။
ဝဇိရ။ ဂဂ-ကြည့်။]

အရညဝဂ္ဂေါ၊ အရညဝဂ်သည်။ ဣတိ၊ အောင်ယံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

## ၂-ဘူကဏ္ဍ ၆-အရညာဒိဝဂ်

(၆၀၅) ပဗ္ဗတော ဂိရိ သေလော’ဒ္ဒိ၊ နဂါ’စလသိလုစ္စယာ။
သိခရီ ဘူဓရော ထ’ဗ္ဗ–ပါသာဏော’သ္မာ’ပလော သိလာ။

(၆၀၅) ပဗ္ဗတော၊ ဂိရိ၊ သေလော၊ အဒ္ဒိ၊ နဂေါ၊ အစလော၊ တောင်။ (အခိုက်အတန့် ပဋ္ဌမာ ကေဝုစ်နှင့်ပြင်သည်။) သိလုစ္စယော၊ သိခရီ၊ ဘူဓရော၊ တောင်။ တောင်ပရိယာယ် ၉-ပုဒ်။ အထ၊ ထိုမှတပါး။ အဗ္ဗံ၊ ပါသာဏော၊ အသ္မာ၊ ဥပလော၊ သိလာ၊ ကျောက်။ ကျောက်ပရိယာယ် ၅-ပုဒ်။

[နိတိ၊ သုတ္တ။ ၂၄၅-နှာ၌ အဿတ္ထိအနက်၌ တ-ပစ္စည်း ကြံ၍ ပဗ္ဗံ အဿ အတ္ထီတိ ပဗ္ဗတော-ဟု ပြုသည်။ ထေရ၊ ငဠ၊၁။ ၂၈၉-၌ သေလော ဟိ……ပဿဝနာဒိဝသေန ဇလဿ, သာရဘူတာနံ ဘေသဇ္ဇာဒိဝတ္ထူနဉ္စ ဂိရဏတော ‘ဂိရိ’ တိ ဝုစ္စတိ-ဟု ဖွင့်၏။ ဆေးဝက်ာင် ပစ္စည်း-စသည့် ဝတ္ထုပစ္စည်းတို့ကို အန်ထုတ်တတ် သောကြောင့် ‘ဂိရိ’ မည်ကြောင်းကို ဖွင့်ပြ၏။]

(၆၀၆) ဂိဇ္ဈကူဋော စ ဝေဘာရော၊ ဝေပုလ္လော’ သိဂိလိ နဂါ။
ဝိဥ္ဈော ပဏ္ဍဝ ဝင်္ကာဒိ၊ ပုဗ္ဗသေလော တု ဧာဒယော။
မန္ဒရော ပရသေလော’တ္ထော၊ ဟိမဝါ တု ဟိမာ’စလော။

(၆၀၆) ဂိဇ္ဈကူဋော၊ ဂိဇ္ဈကူဋတောင်သည်ရင်း။ ဝေဘာရော၊ ဝေဘာရ တောင်သည်ရင်း။ ဝေပုလ္လော၊ ဝေပုလ္လတောင်သည်ရင်း။ ဣသိဂိလိ၊ ဣသိဂိလိတောင်သည်ရင်း။ ဝိဥ္ဈော၊ ဝိဥ္ဈာတောင်သည်ရင်း။ ပဏ္ဍဝ ဝင်္ကာဒိ၊ ပဏ္ဍဝတောင် ဝင်္ကတောင် အစရှိသည်တို့သည်ရင်း။ နဂါ၊ တောင် အထူးတို့တည်း။ တု၊ ထိုမှတပါး။ ပုဗ္ဗသေလော၊ ဥဒယော၊ နေထွက်တောင်။ နေထွက်တောင် ပရိယာယ် ၂-ပုဒ်။ မန္ဒရော၊ ပရသေလော၊ အတ္ထော၊ နေဝင်တောင်။ နေဝင်တောင် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဟိမဝါ၊ ဟိမဝန္တာတောင်။ (ဟိမဝန္တု-ပုဒ်ရင်း။) ဟိမာစလော၊ ဟိမဝန္တာတောင်။ ဟိမဝန္တာတောင် ပရိယာယ် ၂ ပုဒ်။

[ဂိဇ္ဈကူဋ, ဝေဘာရ, ဝေပုလ္လ, ဣသိဂိလိ, ပဏ္ဍဝ-တောင်တို့ကား ရာဇဂြိုဟ်မြို့တော်ကို ဝန်းရံ၍ တည်သော တောင်တို့ ဖြစ်ကုန်၏။

ယင်းတောင် ၅-လုံးတို့ဖြင့် ဝန်းရံ၍ တည်ရကား ရာဇဂြိုဟ်မြို့သည် 'ဂိရိဗ္ဗဇ' မည်၏။

ဟိမဝန္တာတောင်သည် ဇမ္ဗူမြစ်ကျွေကြီး၏ အနောက်ဘက်ရှိ ပမီးယား ကုန်းပြင်မြင့်မှ အရှေ့ဘက် ဗြဟ္မပုတ္တရ မြစ်ကျွေကြီးအထိ တန်းလျက် လေးကိုင်းသဖွယ် တည်ရှိ၏။ အရှေ့မှ အနောက်သို့ မိုင်ပေါင်း-၁၅၀၀ ရှည်လျားပြီး တောင်တန်းအကျယ်မှာ မိုင်ပေါင်း ၁၅၀-မှ ၂၀၁-ခန့် ရှိသည်ဟု ဆိုကြသည်။ အမြင့်ပေ ၂၉၀၀၀ (၂-ယောင်း ၉-ထောင်) ကျော် ရှိသည်ဟု သိရ၏။ ကဗျာဆရာကြီး ကာလိဒါသသည် ဖော်ပြပါ ဟိမဝန္တာတောင်ကြီးကို—

အတ္ထိ ဥတ္တရာယ ဒိသာယ ဒေဝတ္တာ၊
ဟိမာလယော နာမ နဂါဓိရာဇာ။
ပုဗ္ဗာပရံ တောယနိဓိ ဝဂ္ဂါဟိယ၊
ဌိတော ပထဝိယာ ဣဝ မာနဒဏ္ဍော—

စသည့် ဂါထာဖြင့် အစချီ၍ ဂါထာများစွာတို့ဖြင့် ကုမာရသမ္ဘဝ-ကျမ်း၌ ဖွဲ့ဆိုခဲ့သည်။

ယင်း ဟိမဝန္တာတောင်၏ ဗျုပ္ပတ်ကိုလည်း "ဟိမဝါတိ ဟိမပါတသမယေ ဟိမယုတ္တတာယ ဟိမံ အသ္သ အတ္ထီတိ ဟိမဝါ၊ ဂိမှကာလေ ဟိမံ ဝမတီတိ ဟိမဝါ"ဟု သာရတ္ထ၊၁။ ၂၅၄-၌ ဖွင့်၏။]

(၆၀၇) ဂန္ဓမာဒန ကေလာသ-စိတ္တကူဋ သုဒဿနာ။
ကာဠကူဋေ့တိ ကူဋာ'ဿ၊ ပဉ္စေတာ တု သာနု နိတ္ထိယံ။

(၆၀၇) ဂန္ဓမာဒနကေလာသစိတ္တကူဋသုဒဿနာ၊ ဂန္ဓမာဒနတောင်, ကေလာသတောင်, စိတ္တကူဋတောင်, သုဒဿနတောင်တို့သည်၎င်း။ ကာဠကူဋော၊ ကာဠကူဋတောင်သည်၎င်း။ အဿ၊ ထိုဟိမဝန္တာတောင်၏။ ကူဋာ၊ အထွတ်တို့တည်း။ တု၊ ထိုမှတပါး။ ပဉ္စေတာ၊ သာနု၊ တောင်ဝှမ်း။ အယံ၊ ဤသာနု-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်,နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ဋီကာ၌ တိကူဋ-ကို တောင်ထွတ်တခု-ဟု ယူ၏။ သာရတ္ထ၊၁။ ၂၅၅-၌ "အယံ ဟိမဝါ ပဗ္ဗတော....သုဒဿနကူဋံ စိတြကူဋံ ကာဠ-

ကူဠ္ဍ ဂန္ဓမာဒနကူဋ္ဍ ကေလာသကူဋ္ဍာနိ ဣမေဟိ ပဉ္စဟိ ပဗ္ဗတေဟိ ပရိက္ခိတ္တော”ဟု ဖွင့်၏။ တိကူဋ္ဍ မပါရှိချေ။ တောင်ဝှမ်းဟူသည် တောင်၌ ညီညာသော မြေအပြင်တည်း။]

(၆၀၈) ကူဋ္ဍော ဝါ သိခရံ သိင်္ဂံ၊ ပပါတော တု တဋော ဘဝေ။
နိတမ္ဗော ကဋကော နိတ္ထိ၊ နိဇ္ဈရော ပသဝေါ မ္ဗုနော။

(၆၀၈) ကူဋ္ဍော၊ အထွတ်။ ဝါ၊ ကူဋ္ဍ-သဒ္ဒါ နပုလ္လိင်လည်း ရှိ၏။ သိခရံ၊ သိင်္ဂံ၊ အထွတ်။ အထွတ်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ပပါ-တော၊ တဋော၊ ကမ်းပါးပြတ်။ ကမ်းပါးပြတ်ပရိယာယ် ၂-ပုဒ်။ နိတမ္ဗော၊ ကဋကော၊ တောင်ခါးပန်း။ အဃ၊ ဤကဋက-သဒ္ဒါသည်။ အနိတ္ထိ၊ ဣတ္ထိ-လိင်မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ တောင်ခါးပန်းပရိယာယ် ၂-ပုဒ်။ အမ္ဗုနော၊ စမ်းရေ၏။ ပသဝေါ၊ စီးတသွင်သွင် အလျဉ်သည်။ နိဇ္ဈရော၊ နိဇ္ဈရမည်၏။ နိဇ္ဈရော၊ စမ်းရေလျဉ်။

[ကူဋ္ဍ-သဒ္ဒါ တောင်ထွတ်, အိမ်ထွတ်, ပြာသာဒ်ထွတ်-စသည့် အထွတ်အားလုံးကို ဟောသဖြင့် သာမညအထွတ်ဟု ယောဇနာ သည်။ ကူဋ္ဍ ဓာရေန္တိ နိမ္မိတာ။ ဝိမာန။၁၀၅။ ကူဋ္ဍ ဓာရေန္တီတိ သဗ္ဗရတနမယံ ကဏ္ဏိကံ ဓာရေန္တိ။ ဝိမာန၊ဋ္ဌ။ ၂၇၅။ တဋ-သဒ္ဒါ ကမ်း, ကမ်းပါး, ကမ်းပါးစောက်, ကမ်းပါးပြတ်-ကို ဟောသည်။ ထဋ္ဌံ, တဋ္ဌိ, တဋ္ဌာတ်မေ သဒ္ဒါ တီရသခါတေ ကေသိဳ ယေဝ’တ္တေ ထိပုံနပုံသကလိင်္ဂါ။ နီတိ၊ ပဒ။ ၃၃၆။]

(၆၀၉) ဒရီ’တ္ထီ ကန္ဒရော ဒွီသု၊ လေဏံ တု ဂဗ္ဘရံ ဂုဟာ။
သိလာပေါက္ခရဏီ သောဏ္ဍီ၊ ကုဉ္ဇံ နိကုဉ္ဇ မိတ္ထိ နာ။

(၆၀၉) ဒရီ၊ ချောက်။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။ ကန္ဒရော၊ ချောက်။ ဒွီသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ချောက်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ လေဏံ၊ ဂဗ္ဘရံ၊ ဂုဟာ၊ လိုဏ်ဂူ။ (တောင်ခေါင်းလည်း ဟူ)။ လိုဏ်ဂူ ပရိယာယ် ၃-ပုဒ်။ သိလာပေါက္ခရဏီ၊ သောဏ္ဍီ၊ ကျောက်ရေကန်။ ကျောက်ရေကန် ပရိယာယ် ၂-ပုဒ်။ ကုဉ္ဇံ၊ နိကုဉ္ဇံ၊ နွယ်-စသည်များ မြွေးယှက်ပိတ်ဖုံးသော ချုံ။ နွယ်-စသည်များ မြွေးယှက်ပိတ်ဖုံး သော ချုံပရိယာယ် ၂-ပုဒ်။ န ဣတ္ထိ၊ ဣတ္ထိလိင် မဟုတ်။

[ဒရိ, ကန္ဒရ-တို့သည် ပြုအပ်-မပြုအပ်,ရေရှိ-ရေမရှိ ချောက်များ ကို ဟောသည်။ ဒွယံ ကိတ္တိမေ အကိတ္တိမေ၊ သဇလေ နိဇ္ဇလေ ဝါ ကန္ဒရေ၊ ဋီကာ။ ကန္ဒရံ နာမ 'က' န္တိ လဒ္ဓနာမေန ဥဒကေန ဒါရိ-တော ဥဒကဘိန္နော ပဗ္ဗတပဒေသော၊ ယော နိတမ္ဗောတိပိ နဒီ-ကုဉ္ဇောတိပိ ဝုစ္စတိ။ သံ၊ ဋ၊ ၂။ ၅၁။]

လေဏ-ကို နိလီယန္တိ တေ္တာတိ လေဏံ-ဟု ဝိဂြိုဟ်ပြုရာ၏။ ကပ်ငြိ နေထိုင် ခိုအောင်းရာဖြစ်၍ လေဏ-ဟူ၏။ သောဏ္ဍိ-သဒ္ဒါ သိလာ-ပေါက္ခရဏီနှင့် ပရိယာယ်ဘူ၏။ ကျောက်ရေကန်ဟောတည်း။

မဟာဝါသံ နဝါဝါသံ၊ ဇရာဝါသဥ္စ ပန္တနိံ။
သောဏ္ဍိံ ပဏ္ဏဥ္စ ပုပ္ဖဥ္စ၊ ဖလံ ပတ္တိတမေဝ စ —

ဟူသော ဝိသုဒ္ဓိ၊၁။၁၁၀-၌ သောဏ္ဍိ-ကား ကျောက်ရေကန်ရှိသော ကျောင်းတိုက်တည်း။ သောဏ္ဍိန္တိ သောဏ္ဍိသဟိတော ဝိဟာရော သောဏ္ဍိ၊ တံ သောဏ္ဍိံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၁၄၀။]

(၆၁၀) ဥဒ္ဒ'မဝိစ္စကာ သေလ-ဿာ'သန္နာ ဘူမျု'ပစ္စကာ။
ပါဒေါ တု ပန္တသေလော ထ၊ ဓာတု'တ္တော ဂေရိကာဒိကော။
ဣတိ သေလဝဂ္ဂေါ။

(၆၁၀) သေလဿ၊ တောင်၏။ ဥဒ္ဓံ၊ အထက်အရပ်သည်။ အဓိစ္စကာ၊ အဓိစ္စကာမည်၏။ ဝါ၊ တောင်ထိပ်မည်၏၊ တု၊ ထိုမှတပါး။ သေလဿ၊ တောင်၏။ အာသန္နာ၊ အနီးဖြစ်သော။ ဘူမိ၊ မြေသည်။ ဥပစ္စကာ၊ ဥပစ္စကာ မည်၏။ ဝါ၊ တောင်ခြေ မြေပြင်မည်၏။ တု၊ ထိုမှတပါး။ ပါဒေါ၊ ဥပန္တ-သေလော၊ တောင်ရံ။ ဝါ၊ တောင်ပူစာ။ တောင်ရံ, တောင်ပူစာ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဂေရိကာဒိကော၊ ဂေ္ဂနီ အစရှိသော ကျောက် အထူးကို။ ဓာတု၊ ဓာတ်ဟူ၍။ ဥတ္တော၊ ဆိုအပ်၏။

[ဤဂါထာလာ အဓိစ္စကာ, ဥပစ္စကာ-တို့ကား အဓိ, ဥပ-တို့ နောင် "ဥပါဓိဘျာစ္စကာန္နာသန္နာ ရူဍ္ဎယော" ဟူသော ပါဏိနိ၊ ၅၊ ၂။ ၃၄-သုတ်ဖြင့် စ္စက-ပစ္စည်းသက်၍ ပြီးသည်။ ပဗ္ဗတဿ အာသန္နံ ဥပစ္စကာ။ ပဗ္ဗတဿ ဥဒ္ဓံ အဓိစ္စကာ။ ကာသိကာ။ ဂေရိ-

ကာဒိကော-၌ အာဒိအရကား ဆေးဒန်း, မြင်းသီလာ, အဘြိုက်-စသည်တည်း။]

သေလဝဂ္ဂေါ၊ သေလဝဂ်သည်။ ဋီတိ၊ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

---

(၆၁၁) မိဂိန္ဒော ကေသရီ သီဟော၊ တရစ္ဆော တု မိဂါဒနော။
ဗျဂ္ဃော တု ပုဏ္ဍရီကောထ၊ သဒ္ဒူလော ဒီပိနီရိတော။

(၆၁၁) မိဂိန္ဒော၊ ကေသရီ၊ သီဟော၊ ခြင်္သေ့။ ခြင်္သေ့ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ တရစ္ဆော၊ မိဂါဒနော၊ သစ်ကျုတ်။ သစ်ကျုတ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဗျဂ္ဃော၊ ပုဏ္ဍရီကော၊ ကျား။ ကျား ပရိယာယ် ၂-ပုဒ်။ အထ၊ ထို့မှတပါး။ သဒ္ဒူလော၊ သဒ္ဒူလ-သဒ္ဒါကို။ ဒီပိနို၊ သစ်၌။ ဤရိတော၊ ဆိုအပ်၏။ သစ် ပရိယာယ် ၂-ပုဒ်။

[သီဟသည် (၁) တိဏသီဟ၊ (၂) ကာဠသီဟ၊ (၃) ပဏ္ဍု-သီဟ၊ (၄) ကေသရသီဟ-ဟူ၍ ၄-မျိုး ပြား၏။ ယင်း ၄-မျိုးတွင် ကေသရသီဟသည် အမြတ်ဆုံးဖြစ်၏။

တိဏသီဟော ကာဠသီဟော၊ ပဏ္ဍုသီဟော တထာပရော။
ကေသရသီဟော စတ္တာရော' မေ၊ သဂ်ဟော သမုဒ္ဒီရှာ။
တေသု ကေသရသီဟောဝ၊ အဂ္ဂေါ ဋီတိ ပဝုစ္စတိ။

အကျယ် ဒီ၊ ဋ္ဌ၊ ၃။ ၁၁။ သံ၊ ဋ္ဌ၊ ၂။ ၂၆၁။ အံ၊ ဋ္ဌ၊ ၂။ ၂၉၁။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၁၃။ သံ၊ ဋီ၊ ၂။ ၂၃၂-တို့ ကြည့်။

ပဏ္ဍု, ကာဠ၊ ကေသရနှင့်၊ တိဏဟူသည်၊ လေးဆူအရိုး ခြင်္သေ့မျိုးတွင်၊

ပါရမီတော်ခန်းပျို။ ၁၀၂-ပိုဒ်။

တရစ္ဆ-ကို ကျားသစ်ဟူ၍ရင်း၊ ခွေးကျားဟူ၍ရင်း၊ ဝက်ဝံ အထူးဟူ၍ရင်း၊ ခြင်္သေ့နက်ဟူ၍ရင်း အသီးအသီး ပြန်ဆိုကြ၏။]

(၆၁၂) အဇ္ဈော ဣက္ကော စ ဣယော တု၊
ကာဠသီဟော ဣသော ပျထ။
ရောဟိသော ရောဟိတော စာသ၊
ဂေါကဏ္ဏော ဂဏိ ကဏ္ဍကာ။

(၆၁၂) အဇ္ဈော၊ ဣက္ကော၊ ဝက်ဝံ။ ဝက်ဝံ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဣယော၊ ကာဠသီဟော၊ ဣသော၊ ဝက်ဝံနက်။ ဝက်ဝံနက် ပရိယာယ် ၃-ပုဒ်။ ရောဟိသော၊ ရောဟိတော၊ သမင်နီ။ (သမင်ဖားလည်း ဟူ၏။) သမင်နီ ပရိယာယ် ၂-ပုဒ်။ ဂေါကဏ္ဏော၊ ဂဏိ၊ ကဏ္ဍကော၊ စိုင်။ (အခိုက်အတန့် ကေဝုစ်နှင့် ကဏ္ဍကော-ဟု ပြင်သည်။) စိုင် ပရိယာယ် ၃-ပုဒ်။

[အစ္ဆ, ဣက္က-ကို ဝံ-ဟူ၍ရင်း၊ ရောဟိသ, ရောဟိတ-ကို သမင် ပြေး-ဟူ၍ရင်း ပြန်ဆိုကြသေး၏။ ဘေရဝ, ရောရုဝ, ရုရုဝ-တို့လည်း ဝက်ဝံနက်ဟော ပရိယာယ်ဟု သိရာ၏။ ယဒိ ဝါ ဘေရဝသ။ (ရောရုဝသ။ သီ၊ သျာ၊ ကံ၊ ၂၇) မ၊ ၂။ ၉၃။ ဘေရဝသာတိ ကာဠသီဟသ။ မ၊ ၄၊ ၃။ ၁၀၀။]

(၆၁၃) ခဂ္ဂ ခဂ္ဂဝိသာဏာ တု၊ ပလာသာဒေါ စ ဂဏ္ဍကော။
ဗျဂ္ဃါဒိကေ ဝါဠမိဂေါ၊ သာပဒေါထ ပ္လဝင်္ဂမော။

(၆၁၄) မက္ကဋော ဝါနရော သာခါ–မိဂေါ ကပိ ဝလီမုခေါ။
ပလဝင်္ဂေါ ကဏှတုဏ္ဍော၊ ဂေါနင်္ဂုလောတိ သော မတော။

(၆၁၃- ၄) တု၊ ထိုမှတပါး။ ခဂ္ဂေါ၊ ခဂ္ဂဝိသာဏော၊ ကြံ့။ (အခိုက် အတန့်ပြင်သည်။) ပလာသာဒေါ၊ ဂဏ္ဍကော၊ ကြံ့။ ကြံ့ ပရိယာယ် ၄-ပုဒ်။ ဝါဠမိဂေါ၊ ဝါဠမိဂ-သဒ္ဒါသည်ရင်း။ သာပဒေါ၊ သာပဒ-သဒ္ဒါသည်ရင်း။ ဗျဂ္ဃါဒိကေ၊ ကျား အစရှိသော သားရဲ၌။ ဝတ္တတိ၊ ဖြစ်၏။ ဝါဠမိဂေါ၊ သာပဒေါ၊ သားရဲ။ သားရဲ ပရိယာယ် ၂-ပုဒ်။

အထ၊ ထိုမှတပါး။ ပ္လဝင်္ဂမော၊ မက္ကဋော၊ ဝါနရော၊ သာခါမိဂေါ၊ ကပိ၊ ဝလီမုခေါ၊ ပလဝင်္ဂေါ၊ မျောက်။ မျောက် ပရိယာယ် ၇ ပုဒ်။ သော၊ ထို မျောက်ကို။ ကဏှတုဏ္ဍော၊ ညိုသောမျက်နှာရှိမူ။ ဂေါနင်္ဂုလောတိ၊ ဂေါနင်္ဂုလ ဟူ၍။ မတော၊ သိအပ်၏။

[ခဂ္ဂ, ခဂ္ဂဝိသာဏ-ကို ကြံ့သာမန် ယောဇနာသည်။ ကြံ့သည် ချိုတို ၁-ချောင်းရှိ ကြံ့မျိုးကို 'ကြံ့ဆင်'ဟု ခေါ်သည်။ ဦးချို ၂ ချောင်းရှိ ကြံ့မျိုးကို 'ကြံ့ရှော်'ဟု ခေါ်သည်။ ရေမြင်းနှင့် ကြံ့သည် ဆင်ကလွဲလျှင် အခြေ ၄-ချောင်း သတ္တဝါများအနက် အကြီးဆုံးဖြစ်သည်။ အလျား ၁၃-ပေခန့် ရှည်လျား၍ အလေး ချိန် ၃-တန်ခန့် ရှိသည်။ ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ-ဟု ခဂ္ဂ- ဝိသာဏသုတ် စသည်၌ လာ၏။ "ကြံ့ချိုပမာ၊ တချောင်းသာ တည်း၊ ရှောင်ခွါဖော်နည်း၊ တကိုယ်တည်းပြင်၊ တောထည်းဝင်ခို၊ ချမ်းသာပို၏" ဟု စပ်ဆိုကြသည်။ သို့ရာတွင် ခေတ်ပါဏဗေဒ ဆိုင်ရာ ကျမ်းတို့၌ ချို ၂-ချောင်းရှိ ကြံ့ရှိကြောင်း ဆိုကြသည်။ ကြံ့ကို အာရှတိုက် တောင်ပိုင်း, အာဖရိကတိုက် အလယ်ပိုင်း, တောင်ပိုင်းတို့၌သာ အတွေ့ရများသည်ဟု ဆိုကြသည်။

ကိသော, ဝနောကော-တို့လည်း မျောက်ဟောပရိယာယ် ဖြစ် ၏။ ကိသော, ဝနောကောပိ။ ကုဿိတာကာရေန သေတီတိ ကိသော၊ နမောကမာသယော အဿ ဝနောကော။ ဋီကာ။ သေမှာရ-လည်း မျောက်ဟော ပရိယာယ်တည်း။ သေမှာရဿာတိ မက္ကဋဿ။ မ၊ ၄၊ ၂။ ၁၀၀။ ဒုမသာခဂေါစရ- လည်း မျောက် ဟော ဖြစ်၏။ ဒုမသာခဂေါစရောတိ မက္ကဋော၊ သော ဟိ ဒုမ- သာခါသု ဂေါစရံ ဂဏှာတိ၊ သာခ ဒ္ဘာသ ဂေါစရော။ သဥ္စာရဏ- ဘူမိဘူတာ၊ ဘဿာ ဒုမသာခဂေါစရောတိ ဝုစ္စတိ။ ဇာ၊ ၄၊ ၂။ ၆၈။]

(၆၁၅) သိင်္ဂါလော ဇမ္ဗုကော ကောဋ္ဌု၊ ဘေရဝေါ စ သိဝါ ပျထ။ ဗိဠာရော ဘဗ္ဗု မဇ္ဇာရော၊ ကောကော တု စ ဝကော ဘဝေ။

(၆၁၅) သိင်္ဂါလော၊ ဇမ္ဗုကော၊ ကောဋ္ဌု၊ ဘေရဝေါ၊ သိဝါ၊ မြေခွေး။ ( ခွေးအ, တောခွေးလည်း ဟူ။ ) မြေခွေးပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှတပါး။ ဗိဠာရော၊ ဗဗ္ဗု၊ မဇ္ဇာရော၊ ကြောင်။ ကြောင်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကောကော၊ ဝကော၊ ဝံပုလွေ။ သမော၊ အနက် တူသည်။ ဘဝေ၊ ဖြစ်၏။ ဝံပုလွေ ပရိယာယ် ၂-ပုဒ်။

[ "ဘေရဝယုတ္တတာယ ဘေရဝေါ"ဟု ဋီကာ ပြု၏။ ဋီကာ နိဿျဆရာတော် မောင်းထောင်ဆရာတော် အရှင်ပညာသာမိ-က "ဘေရဝယုတ္တတာယ၊ အမွေး စုတ်ဖွား ကြောင် ကျားကျားလျှင် ကြောက်ပါးလိလိ ရှိသည်၏ အဖြစ်ကြောင့်။ ဘေရဝေါ၊ ဘေရဝ မည်၏-ဟု အနက်သမ္ဘန်တော်မူ၏။ မိဂဓုတ္တော, ဝဠကော-တို့လည်း မြေခွေးဟော ပရိယာယ်တည်း။ ကောကော-လည်း မြေခွေးဟော တည်း။ ကောဒကာတ် အရညသုနခေါ်။ နီတိ၊ ဓာ။ ၁၆။ ဩတု, အာခုဘုဇော-တို့လည်း ကြောင်ဟော ပရိယာယ်ဟု သိရာ၏။ ]

(၆၁၆) မဟိံသော စ လုလာယောထ၊ ဂဝဇော ဂဝယော သမာ။
သလ္လော တု သလ္လကော ထာ'သာ၊လောမမှိ သလလံ သလံ။

(၆၁၆) မဟိံသော၊ လုလာယော၊ ကျွဲ။ ကျွဲပရိယာယ် ၂-ပုဒ်။ ဂဝဇော၊ ဂဝယော၊ နွားနောက်။ (တောနွားလည်း ဟူ။) သမာ၊ အနက် တူကုန်၏။ နွားနောက်ပရိယာယ် ၂-ပုဒ်။ တု၊ ဆိုမှတပါး။ သလ္လော၊ သလ္လကော၊ ဖြူ။ ဖြူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သလလံ၊ သလလ-သဒ္ဒါသည်ငှင်း။ သလံ၊ သလ-သဒ္ဒါသည်ငှင်း။ အဿ၊ ထို ဖြူသတ္တဝါ၏။ လောမေ၊ အမွေး (ဖြူဆူး)၌။ ဝတ္တတိ၊ ဖြစ်၏။ ဖြူဆူး ပရိယာယ် ၂-ပုဒ်။

[ ဥဒကေ လလတီတိ လုလာယော-ဟု ဋီကာ ဝိဂ္ဂဟ်ပြု၏။ ရေ၌ လွန်စွာ ပျော်မြူးတတ်သည့် သတ္တဝါဖြစ်၏။ ရေကန်၌ နေရမှ ပျော်ရွှင်လေ့ရှိ၏။ ထို့ကြောင့် "ဟိံ ရမတိ ပေါက်" ဟု လောက နီတိ၌ ဆို၏။ ဟိံ=မဟိံသော၊ ကျွဲသည်။ ပေါက်=ပေါက္ခ- ရဏိယံ၊ ရေကန်၌။ ရမတိ၊ မွေ့လျော်၏ ဟူ၏။ အာဖရိကတိုက်နှင့် အာရှတိုက် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တောနက်ကြီးများ၌ ကျွဲ ရိုင်းအုပ်စုများလည်း ရှိကုန်၏။ ယင်းကျွဲရိုင်းကို သက္ကတအခေါ် 'ဂဝလ' ဖြစ်၏။ ဂုသဒ္ဒံ လာတီတိ ဂဝလော၊ ဝနမဟိံသော။ ထောမနိဓိ။

ဂဝဇ, ဂဝယ-ကို နွားနောက် ဟူ၍ငှင်း၊ တောနွား ဟူ၍ငှင်း ပြန်ဆိုကြသည်။ ထောမနိဓိ၌ ဂဝယ-ကို "ဂေါသဒိသော ဂလကလ-

ဓူလပတ်နေ ပသုဘောဒေ”ဟု ဖွင့်၏။ ယင်းနွားနောက် သတ္တဝါဝါများသည် ဟိမဝန္တာတောင်၏ မြောက်ဘက် တိဗက်နိုင်ငံ၌ ရှိကုန်၏။ တိဗက်တို့သည် ဝန်တင်၊ ဝန်တိုက်၊ ဝန်ဆောင်ခြင်း စသည်ဖြင့် အသုံးပြုကြကုန်၏။

ပလာသာဒါ ဂဝဇာ စ၊ မဟိံသာ ရောဟိတာ ရုရူ။
ဇာ၊ ၂။၁၀၁။ ဂဇာတိ ဂယော။ ဇာ၊ ၄၊ ၅။၄၃၄။

[ဖုသတ္တပါကား ဝက်လောက်ကြီး၍ အမွေးထူသော သတ္တဝါဟု ဆိုကြ၏။ ]

(၆၁၇) ဟရိဏော မိဂ သာရင်္ဂါ၊ မဂေါ အဇိနယောနိ စ။
သူကရော ကောလ ရောမာဟော၊ ပေါတကော စ သသော ဘဝေ။

(၆၁၇) ဟရိဏော၊ မိဂေါ၊ သာရင်္ဂေါ၊ သမင်။ (အခိုက် အတန့်ကောဝစ် ပဌမန္တနှင့်ပြင်သည်။) မဂေါ၊ အဇိနယောနိ၊ သမင်။ သမင် ပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ သူကရော၊ ရောမာဟော၊ ဝက်။ ဝက် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ပေါတကော၊ သသော၊ ယုန်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ယုန် ပရိယာယ် ၂-ပုဒ်။

[ပက်သား၏ ဂုဏ်သတ္တိကို ညွှန်ကြားရာသည် ဒဗ္ဗဂုဏသင်္ဂဟ ကျမ်းလာ ဂါထာကို အောက်ပါအတိုင်း ထုတ်ပြ၏–

သေ့ဟန် ဖြူဟန် ဝသံ၊ တယာ ဒါဟသမာပပံ။
ဝါရာဟံ ပသိတံ ဗာလျံ၊ ရောစနံ သောဒနံ ဂရုံ။

ဂါထာအနက်။ ။ဝါရာဟံ၊ ဝက်သားသည်။ သေ့ဟန်၊ အဆီကို တိုးစေတတ်၏။ ဖြူဟန်၊ အသားကို ပွါးစေတတ်၏။ ဝသံ၊ ဝမ်းကိုလည်း ယားစေတတ်၏။ တယာ၊ ထိုမှတပါး။ ဝါတသမာပဟံ၊ လေရောဂါကို ပယ်တတ်၏။ ပိသိတံ၊ အစာကိုလည်းကြေစေ၏။ ဗာလျံ၊ အားခွန်အလ ပြည့်စေတတ်၏။ ရောစနံ၊ စား၍လည်း ကောင်း၏။ ဝါ၊ ထမင်းကို မြိန်ရှက်စေ၏။ သောဒနံ၊ ချွေးကိုလည်း ထွက်စေ၏။ ဂရုံ၊ သွေးကိုလည်း လေးစေ၏။ ]

(၆၁၈) ဓောဃယျော ဏောမိဂေါ စ၊ ပမ္ပဋကော တု ပမ္ပကော။
ဝါတမိဂေါ တု စလနီ၊ မူသိကော တွာခု ဥန္ဒုရော။

(၆၁၈) ဓောဃယျော၊ ဏောမိဂေါ၊ ဏောမည်သော သား။ (တော ဆိတ်နက်လည်း ဟူ။) ဏောမည်သောသား ပရိယာယ် ၂-ပုဒ်။ ပမ္ပဋကော၊ ပမ္ပကော၊ မျောက်လွှောင်။ မျောက်လွှောင် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ ဝါတမိဂေါ၊ စလနီ၊ သမင်ပျံ။ သမင်ပျံ ပရိယာယ် ၂-ပုဒ်။ တု၊ထိုမှ တပါး။ မူသိကော၊ အာခု၊ ဥန္ဒုရော၊ ကြွက်။ ကြွက်ပရိယာယ် ၃ ပုဒ်။

[သီဟိုဠ် သုဘူတိ-အဘိဓာန်နိသျှ၌ ဓောဃျ, ဏောမိဂ-တို့ကို သမင်အမျိုးအစား သတ္တဝါဟု ဆို၏။ ယင်း ဏော သားကောင်သည် သလုံး အလွန်လှပ၏၊ ဘုရားရှင်၏ လက္ခဏာတော်ကြီး ၃၂-ပါး တွင် ဏောဇယ်လက္ခဏာ ပါရှိ၏။ ဏောမည်သော သားကောင်၏ သလုံးကဲ့သို့ လုံးလျောင်းချောပြေသော သလုံးမြင်းခေါင်းရှိတော်မူ၏ဟု ပါထိကဝဂ် လက္ခဏသုတ်- စသည်၌ လာ၏။ ယင်းဏောသား ကောင်ကို တောဆိတ်နက်ဟု ခေါ်ကြသည်။ တောင်ကုန်း ဒေသ များ၌ နေတတ်သောကြောင့် တောင်ဆိတ်နက်ဟုလည်း ခေါ် ထိုက်ကြောင်း ဆို၏။ ယခုခေတ် 'ကပါးကျ'ခေါ်သော သတ္တဝါ မှာ ယင်းဏောသားကောင်ပင် ဖြစ်သည်ဟု သိရ၏။ ဟိမဝန္တာ အစရှိသော တောကြီးများ၌ ရှိသည် ဟူ၏။]

(၆၁၉) စမရော ပသဒေါ စေဝ၊ ကုရင်္ဂေါ မိဂမာတုကာ။
ရုရု ရင်္ကု စ နီကော စ၊ သရဘာဒီ မိဂန္တရာ။

(၆၁၉) စမရော၊ စမရီဥင်း။ ပသဒေါ၊ သမင်ပြောက်ဥင်း။ ကုရင်္ဂေါ၊ ဒရယ်ဥင်း။ မိဂမာတုကာ၊ ပြောင်ဥင်း။ ရုရု၊ ဆတ်ဥင်း။ (ရွှေသမင်လည်း ဟူ။ ရုရုတိ သုဝဏ္ဏဝဏ္ဏာ မိဂါ။ ဇာ၊ ဋ္ဌ၊ ၅။ ၄၄၇။) ရင်္ကု စ၊ သိုးဥင်း။ နီကော စ၊ ဦးချိုများသော သမင်ဥင်း။ သရဘာဒီ၊ သမင်ဆီးဆောက်-စသည်တို့ဥင်း။ ဣတိ ဣမေ၊ ဤသည်တို့သည် (ထည့်)။ မိဂန္တရာ၊ သား ကောင် အထူးတို့တည်း။

[စမရ-ကား စမရသားကောင်တည်း။ စာမရီသားကောင်ဟူ၍ အသုံးများသည်။ တိဗက်၌ လွှန်စွာပေါများရကား တိဗက်နွား

ဟုလည်း ခေါ်သည်။ အိန္ဒိယမြောက်ပိုင်း၌လည်း ယင်းစာမရီ သားကောင်တို့ များစွာရှိကုန်၏။ တချို့သော အာရှအလယ်ပိုင်း နိုင်ငံများ၌လည်း ရှိသည်ဟု အင်္ဂလိပ်အဘိဓာန်တို့၌ ဆို၏။ စာပြုသူ ငယ်စဉ်က ကာလ ဂတ္တားဘိရစ္ဆာန်ရုံ့ သိဟိုဠ်ကျွန်း ကိုလံဘို တိရစ္ဆာန်ရုံကြီး၌ တွေ့ဘူး၏။ အမွေးရှည် မြီးဆံရှည်၏၊ မြီးဆံကိုလည်း အလွန်ချစ်သည်၊ မြီးဆံအတွက် အသက် အသေခံသည့် သတ္တဝါဘည်း။ သို့ဖြစ်၍—

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ—

ဟူ၍ ဝိသုဒ္ဓိ၊ ၁။ ၃၄-စသည်၌ စာမရီသားကောင်သည် မြီးဆံအတွက် အသက်အသေခံသလို ရဟန်းတော်များ သီလအတွက် သေချင်သေပါစေ သီလကို မြတ်နိုးကြနှင့် သီလကို ချစ်ခင်ကြဟု ရှေးဆရာတို့ ဟိုက်ဘွန်းကြဲကြောင်း ဖော်ပြကြကုန်၏။ ၎င်းပြင် ရာဟုလတ္ထေရာပဒါန် (အပ၊ ၁။ ၆၇)၌လည်း ဘုရားရှင်က မိမိ (ရာဟုလာ)ကို စာမရီသားကောင် မြီးဆံစောင့်ရှောက်သည့်အလား ငါ့ကို စောင့်ရှောက်ပြီ ဟူ၍—

ကိကီဝ အဏ္ဍံ ရက္ခေယျ၊ စမရီ ဝိယ ဝါလဓိံ။
နိပကော သီလသမ္ပန္နော၊ မံ ရက္ခိ မဟာမုနိ–

ဟု လာ၏။ မြီးဆံချစ်တပ်၊ အသေဝပ်လျက်၊ ရှေချုပ်မှန်စီ၊ စမရီသို့၊ ပါရမီတော်ခန်း ပျို့၊ ၇၁-ပိုဒ်။ သိဟိုဠ်အခေါ် "သေမေရ, စာမရပာ"ဖြစ်၏။ အင်္ဂလိပ်လို YAK -ခေါ်သော သတ္တဝါတည်း။

ပသဒနှင့်ကုရုင် အတူတူဟုလည်း ဆရာတို့ ဆိုကြသည်။

ကုရုင်္ဂဿာတိ ကုရုင်္ဂမိဂဿ။ အထ ဝါ ပသဒမိဂေါတိ ဝဒန္တိ။ ကုရုင်္ဂဇာတ် အဋ္ဌကထာ၊ ဇာ၊ ဋ္ဌ၊ ၁။ ၁၉၀။]

(၆၂၀) ပိယကော စမူရု ကဒလီ-မိဂါဒီ စမ္မယောနယော။
မိဂါ တု ပသဝေါ သီဟာ-ဒယော သဗ္ဗစတုပ္ပဒါ။

(၆၂၀) ပိယကော၊ ပိယကမည်သော သားကောင်သည်ရင်း။ စမူရု၊ စမူရု-မည်သော သားကောင်သည်ရင်း။ ကဒလီမိဂါဒီ၊ ငံပိုင်မည်သော သားကောင်စသည်တို့သည်ရင်း။ စမ္မယောနယော၊ အရေသုံး သတ္တဝါမျိုး တို့မည်ကုန်၏။ တု၊ ထိုမှတပါး။ သီဟာဒယော၊ ခြင်္သေ့ အစရှိကုန်သော။ သဗ္ဗစတုပ္ပဒါ၊ အလုံးစုံသော အခြေလေးချောင်းရှိ သတ္တဝါတို့သည်။ မိဂါ၊ မိဂ-တို့မည်ကုန်၏။ ပသဝေါ၊ ပသု-တို့လည်း မည်ကုန်၏။

[ကဒလီမိဂါဒိ-၌ အာဒိဖြင့် ဇော်သား, သမင်ပျံ-စသော သတ္တဝါများကို ယူရာ၏။ ကာဠိ၊ ဋီ။ ၃၆၃-၌ရပ-န်းတို့အား အပ်-မအပ် သတ္တဝါတို့၏အရေတို့ကို "ဧတ္ထ ပန မိဂစမ္မေ ဧဏိမိဂေါ, ဝါတမိဂေါ, ပသဒမိဂေါ, ကုရုင်္ဂမိဂေါ, မိဂမာတုကော, ရောဟိတမိဂေါတိ ဧတေသံယေဝ စမ္မာနံ ဝဋ္ဋတိ။ အညေသံ ပန-

မက္ကဋော ကာဠသီဟော စ၊ ဿရဘော ကဒလီမိဂေါ။
ယေ စ ဝါဠမိဂါ ကေစိ၊ တေသံ စမ္မံ န ဝဋ္ဋတိ-

ဟု ဖော်ပြ၏။ ဝိ၊ ဋ္ဌ၊ ၃။ ၃၇၁-လည်း ကြည့်ရှုရာ၏။]

(၆၂၁) လူတာ တု လူတိကာ ဥဏ္ဏာ-နာဘိ မက္ကဋကော သိယာ။
ဝိစ္ဆိကော တွာဠိ ကထိတော၊ သရဗူ ဃရဂေါဠိကာ။

(၆၂၁) တု၊ ထိုမှတပါး။ လူတာ၊ လူတိကာ၊ ဥဏ္ဏနာဘိ၊ မက္ကဋကော၊ ပင့်ကူ။ စတုက္က၊ သဒ္ဒါလေးခုသည်။ တုလျ၊ အနက်တူသည်။ သိယာ၊ ဖြစ် ရာ၏။ ပင့်ကူပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ဝိစ္ဆိကော၊ အာဠိ၊ ကင်းမြီးကောက်။ သမော၊ အနက်တူ၏ဟူ၍။ ကထိတော၊ ဆိုအပ်၏။ ကင်းမြီး ကောက်ပရိယာယ် ၂-ပုဒ်။ သရဗူ၊ ဃရဂေါဠိကာ၊ အိမ်မြှောင်။ (ပိန်ညောင် လည်း ဟူ၏။) အိမ်မြှောင်ပရိယာယ် ၂-ပုဒ်။

[ယူသံ ပါတုံ ပဋ္ဌင်္ဂမက္ခိကာဒီနံ ဇီဝိတံ လုနာတီတိ လူတာဟု နီတိ-၌ ပြ၏။ ဥဏ္ဏနာဘီတိ မက္ကဋကော၊ တဿ ဟိ နာဘိတော ဥဏ္ဏာသဒိသံ သုတ္တံ နိက္ခမတိ။ တသ္မာ ဥဏ္ဏနာဘီတိ ဝုစ္စတိ။ ခန္ဓပရိ-

တ္တဇာတ် အင္ဂကထာ။ မက္ကဋကော-ကို မက္ကဋော ဝိယ သာခါယံ အတ္တနော တန္တုမှိ ဂစ္ဆတိတ် မက္ကဋကော-ဟု ဋီကာဝင်ဂြိုဟ်ပြုသည်။ သယံ ကာတံ မက္ကဋကောဝ ဇာလံ။ ဓမ္မ။ ၆၃။

ဃရဂေါဠိကာ-ကို တက်တူဟုလည်း ပြန်ဆိုကြ၏။ ဓာန်၊ဋီ၊ သျှ-၌ အိမ်ဖွတ်ဟု ပြန်ဆိုသည်။ ဃရဂေါလိကာယာတိ သရဗုနာ။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၇၀။]

(၆၂၂) ဂေါဓာ'ကုဏ္ဍော ပျထော ကဏ္ဏ–ဇလူကာ သတပဒျထ။
ကလန္ဒကော ကာဠကာထ၊ နကုလော မင်္ဂုသော ဘဝေ။

(၆၂၂) ဂေါဓာ၊အဘိကုဏ္ဍော၊ဖွတ်။ ဖွတ်ပရိယာယ် ၂-ပုဒ်။ အထော၊ ထိုမှတပါး။ ကဏ္ဏဇလူကာ၊ သတပဒီ၊ ကင်းခြေများ။ ကင်းခြေများ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကလန္ဒကော၊ ကာဠကော၊ ရှဉ့်နက်။ (အခိုက်အာဘန် ဒေဝဝှန်နှင့် ပြင်သည်၊) ရှဉ့်နက်ပရိယာယ် ၂-ပုဒ်။ နကုလော၊ မင်္ဂုသော၊ မြွေပါ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ မြွေပါ ပရိယာယ် ၂-ပုဒ်။

[မောင်းထောင်ဆရာတော် အရှင်ပညာသာမိ-က ဂေါဓာ၊ အဘိကုဏ္ဍာ-တို့ကို တောဖွတ်ဟု ပြန်ဆိုသင့်သည်ဟု မိန့်၏။ ကလန္ဒ-က၊ ကာဠက-တို့ကို ရှဉ့်နက်ဟု ယောဇနာခြင်းက ပို၍သင့်မြတ်သည်၊ ရှဉ့်သည် ရှဉ့်နက်၊ ရှဉ့်ဝါ-စသည်ရှိ၏။ သီဟိုဠ်ကျွန်း-စသည်၌ ရှဉ့်နက်ကို အတွေ့ရများ၏။ မြန်မာပြည်အထက်ပိုင်း၌ ရှဉ့်ဝါကို အတွေ့ရများသည်။ သီဟိုဠ်ဘိုကား ယင်းရှဉ့်ကို လေနာ-ဟု ခေါ်ကြသည်။ ကလန္ဒကာ ဥက္ကုသာ စ၊ သေနကာ ဥဒ္ဓရာ ဗဟူ။ အပ၊ ၁။ ၄၀၇။]

(၆၂၃) ကကဏ္ဋကော စ သရဋော၊ ကီဋော တု ပုဠဝေါ ကိမိ။
ပါဏကော စာပျထော ဥစ္စာ-လိင်္ဂေါ လောမသပါဏကော။

(၆၂၃) ကကဏ္ဋကော၊ သရဋော၊ ပုတ်သင်။ ပုတ်သင်ပရိယာယ် ၂-ပုဒ်။ ကီဋော၊ ပုဠဝေါ၊ ကိမိ၊ ပါဏကော၊ ပိုးသေး။ ပိုးသေးပရိယာယ် ၄-ပုဒ်။ အထော၊ ထိုမှတပါး။ ဥစ္စာလိင်္ဂေါ၊ လောမသပါဏကော၊ ဥစ္စာလိင်္ဂပိုး။ (ပိုးတောင့်တဲလည်း ဟူ။) ဥစ္စာလိင်္ဂပိုးပရိယာယ် ၂-ပုဒ်။

[ကကဏ္ဍုက, သရဋ္ဌ-တို့ကိုပုတ်သင်ညို, ပုတ်သင်ချောက်ဟုလည်း ခေါ်ဝေါ်ကြကုန်၏။ သီဟိုဠ်အခေါ် ကဋုသ-ဖြစ်၏။ ပုတ်သင်သည် ရံခါစိမ်းလိုက် ရံခါဖြူလိုက် စသည်ဖြင့် အရောင်ပြောင်းတတ်ရကား ကတိ-မတည်သူကို ပုတ်သင်နှင့် တူသူဟု သီဟိုဠ်၌ ဆိုလေ့ ရှိ၏။

ဥစ္စာလိင်္ဂ-ကို ဥစ္စံ ဌာနံ အာလိင်္ဂတီတိ ဥစ္စာလိင်္ဂေါ-ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြု၏။ သို့ရာတွင် "ဥစ္စာလိင်္ဂပါဏကာဒဋ္ဌပတ္တမ္ဘေတ် ဥစ္စာလိင်္ဂပါဏကာဒဋ္ဌေန အင်္ဂဇာတံ ကမ္မနိယံ ဟောတိ" ဟု ဝိ၊ ၁။ ၁၅၄-၌ လာရှိသဖြင့် အင်္ဂါဇာတ်ပိုး-ဟု သိရာ၏။]

(၆၂၄) ဝိဟင်္ဂေါ ဝိဟဂေါ ပက္ခီ၊ ဝိဟင်္ဂမ ခဂ'ဏ္ဍဇာ။
သကုဏော စ သကုန္တော'ပိ၊ ပတင်္ဂေါ သကုဏိ ဒွိဇော။

(၆၂၅) ဝက္ကင်္ဂေါ ပတ္တယာနော စ၊ ပတန္တော နီဠဇော ဘဝေ။
တဗ္ဘေဒါ ဝဋ္ဋကာ ဇီဝ-ဇီဝေါ စကောရ တိတ္တိရာ။

(၆၂၆) သာဠိကာ ကရဝီကော စ၊ ရဝိဟံသော ကုက္ကုတ္ထကော။
ကာရဏ္ဍဝေါ ဝ ပိလဝေါ၊ ပေါက္ခရသာတကာဒယော။

(၆၂၄၊၆၂၅၊၆၂၆) ဝိဟင်္ဂေါ၊ ဝိဟဂေါ၊ ပက္ခီ၊ ဝိဟင်္ဂမော၊ ခဂေါ၊ အဏ္ဍဇော၊ ငှက်။ (အခိုက်အတန့် ပြင်သည်။) သကုဏော၊ သကုန္တော၊ ပတင်္ဂေါ၊ သကုဏိ၊ ဒွိဇော၊ ဝက္ကင်္ဂေါ၊ ပတ္တယာနော၊ ပတန္တော၊ နီဠဇော၊ ငှက်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ငှက်ပရိယာယ် ၁၅-ပုဒ်။

ဝဋ္ဋကာ၊ ငုံးသည်ရင်း။ ဇီဝဇီဝေါ၊ ဇီဝဇိုးသည်ရင်း။ စကောရော၊ စင်ရော်သည်ရင်း။ တိတ္တိရော၊ ခါသည်ရင်း။ (အခိုက်အတန့် ပြင်သည်။) သာဠိကာ၊ ဆက်ရက်သည်ရင်း။ ကရဝီကော၊ ကရဝိက်သည်ရင်း။ ရဝိဟံသော၊ ဟသ်ာသည်ရင်း။ ကုက္ကုတ္ထကော၊ ဘုတ်သည်ရင်း။ ကာရဏ္ဍဝေါ၊ ဝမ်းဘဲသည်ရင်း။ (စစ်ခလီ-လည်း ဟူ။) ပိလဝေါ၊ ငှက်ဘီလူးသည်ရင်း။ ပေါက္ခရသာတကာဒယော၊ သင်္ဘုန်းဖွပ်ငှက် စသည်တို့သည်ရင်း။ တဗ္ဘေဒါ၊ ထိုငှက်အထူးတို့တည်း။

[သကုန္တောပိ-၌ သကုန္တော ဝိ-ဟု ပြု၍ သကုန္တ, ဝိ ၂-ပုဒ် ယူ၍ ယောဇနာတော် မူကြသည်လည်း ရှိ၏။ သို့ဖြစ်၍ ငှက် ပရိ

ယာယ် ၁၆-ပုဒ်ဟု ဆိုကြသည်။ သီဟိုဠ်မူ၌ သကုန္တောပိ-ဟု ရှိသည်။ ဋီကာ၌လည်း သကုန္တောပိ-ရှိ၍ ငှက်ပရိယာယ် ၁၅-ပုဒ် လာ၏။ ဤ နိဿျ၌လည်း ၁၅-ပုဒ်သာ လုပ်၏။ ဝိ-ကို သီးခြားမယူပါ။

ဇီဝဉ္ဇီဝ-ကို ဇီဝဇီဝါတိ သဒ္ဒံ ကရောတီတိ ဇီဝဉ္ဇီဝေါ-ဟု ဋီကာ၌ ဝိဂ္ဂိုဟ်ပြု၏။ ဋီကာ၌ ယင်းငှက်သည် ဥဒေါင်းလောက် ရှိ၍ ဒက္ခိဏာပထတိုင်း-စသည်၌ ရှိသည်ဟု ဆို၏။ ထားဝယ် ကမ်းခြေအနီး ရှိ ကျွန်းများ, မြိတ်ကျွန်းစု, ပုသိမ်မြို့ အနောက်တောင်ဘက်ရှိ ကျွန်းများတွင်၎င်း၊ မလ္လာယုကျွန်းဆွယ်, ယိုးဒယား, ဖိလစ်ပိုင် နိုင်ငံအနီးရှိ ကျွန်းများတွင်၎င်း တွေ့ရှိနိုင်သည်။ ယင်း ငှက်သည် စာကလေးအရွယ်လောက်သာ ရှိသည်၊ လူသူဝေးရာ ကျွန်းများရှိ ကျောက်သို့ဂူ နံရံများတွင် အသိုက်ပြုလုပ်၍ နေကြသည်။ ယင်း အသိုက်သည် အားဆေးများ၌ အသုံးပြုသည့် ငှက်သိုက်ပင် ဖြစ်သည်။

ပေါက္ခရသာတက-ကို "ပေါက္ခရသဏ္ဍာနတာယ 'ပေါက္ခရသာတကာ'တိ ဝေလဒ္ဒနာမာ"ဟု ဒီ၊ဋီ၊၃။၁၅၉။ အာဋာနာဋိယသုတ်၌ ဖွင့်၏။ ဋီကာ၌ ဂဏ္ဍပလ္လ-ဟု ခေါ်သော အတောင်နီသော ငှက်ကြီးဟု ဆို၏။]

(၆၂၇) ပတတ္တံ ပေခုဏံ ပတ္တံ၊ ပက္ခော ပိဉ္ဆံ ဆဒေါ ဂရု။
အဏ္ဍံ တု ပက္ခိဗီဇေ ထ၊ နိဋ္ဌော နိုတ္တိ ကုလာဝကံ။

(၆၂၇) ပတတ္တံ၊ ပေခုဏံ၊ ပတ္တံ၊ ပက္ခော၊ ပိဉ္ဆံ၊ ဆဒေါ၊ ဂရု၊ ငှက်တောင်။ ငှက်တောင်ပရိယာယ် ၇-ပုဒ်။ တု၊ ထိုမှတပါး။ အဏ္ဍံ၊ အဏ္ဍ-သဒ္ဒါသည်။ ပက္ခိဗီဇေ၊ ငှက်ဥ၌။ ဝတ္တတိ၊ ဖြစ်၏။ အထော၊ ထိုမှတပါး။ နိဋ္ဌော၊ အသိုက်။ အနိတ္ထိ ဣတ္ထိသိင် မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ ကုလာဝကံ၊ အသိုက်။ အသိုက်ပရိယာယ် ၂-ပုဒ်။

[ကုလာဝက-ကို "ကုစ္ဆိတံ အဏ္ဍဝိနာသနာဒိကံ လုနာတီတိ ကုလာဝကံ"ဟု ဋီကာ ဝိဂ္ဂိုဟ်ပြုသည်။ ဘာရိယံ ဗြူမိ ကုလာဝကံ။ သံ၊၁။ဂ။ ကုလာဝက-သဒ္ဒါ ဂဠုန်ငယ်ကိုလည်း ဟောသည်။ ကုလာဝကာတိ သုပဏ္ဏပေါတကာ။ ဇာ၊ဋ္ဌ၊၁။၂၁၉။]

(၆၂၈) သုပဏ္ဏမာတာ ဝိနတာ၊ မိထုနံ ထိပုမဒွယံ။
ယုဂံ တု ယုဂလံ ဒွန္ဒံ၊ ယမကံ ယမလံ ယမံ။

(၆၂၈) သုပဏ္ဏမာတာ၊ ဂဠုန်တို့၏ အမိသည်။ ဝိနတာ၊ ဝိနတာ မည်၏။ ထိပုမဒွယံ၊ အမ, အထီး အစုံသည်။ ငါ၊ မ, ဖို အစုံသည်။ (ဖို, မ အစုံသော်လည်း ပေး။) ဝါ၊ မိန်းမ, ယောကျ်ား အစုံသည်။ မိထုနံ၊ မိထုန မည်၏။ တု၊ ထိုမှတပါး။ ယုဂံ၊ ယုဂလံ၊ ဒွန္ဒံ၊ ယမကံ၊ ယမလံ၊ ယမံ၊ အစုံ။ အစုံပရိယာယ် ၆-ပုဒ်။

[မိထော သင်္ဂမော မိထုနံ ပုမိတ္ထိ ယုဂဠံ။ဣဿာဒိဝုတ္တိ မောဂ္ဂလ္လာန်။ ၁၀၁-သုတ်။ ဠ-နှင့် ယုဂဠ-လည်း အစုံဟော ပရိယာယ်တည်း။ ဒန္တဇ-လ, မုဒ္ဓဇ-ဠ ၂-ချက်သင့် ဟူ၏။]

(၆၂၉) သမူဟော ဂဏ သဃာတာ၊ သမုဒါယော စ သဉ္စယော။
သန္ဒောဟော နိဝဟော ဩဃော၊ ဝိသရော နိကရော စယော။

(၆၃၀) ကာယော ခန္ဓော သမုဒယော၊ ဃဋာ သမိတိ သံဟတိ။
ရာသိ ပုဉ္ဇော သမဝါယော၊ ပူဂေါ ဇာတံ ကဒမ္ဗကံ။

(၆၃၁) ဗျူဟော ဝိတာန ဂုမ္ဗာ စ၊ ကလာပေါ ဇာလမဏ္ဍလံ။
သမာနာနံ ဂဏော ဝဂ္ဂေါ၊ သံဃော သတ္တော တု ဇန္တုနံ။

(၆၂၉၊၆၃၀၊၆၃၁)။ သမူဟော၊ ဂဏော၊ သဃာတော၊ အပေါင်း။ (အခိုက်အတန့် ပြင်သည်။) သမုဒါယော၊ သဉ္စယော၊ သန္ဒောဟော၊ နိဝဟော၊ ဩဃော၊ ဝိသရော၊ နိကရော၊ စယော၊ ကာယော၊ ခန္ဓော၊ သမုဒယော၊ ဃဋာ၊ သမိတိ၊ သံဟတိ၊ ရာသိ၊ ပုဉ္ဇော၊ သမဝါယော၊ ပူဂေါ၊ဇာတံ၊ ကဒမ္ဗကံ၊ဗျူဟော၊ ဝိတာနံ၊ဂုမ္ဗော၊ အပေါင်း။ (အခိုက်အတန့် ပြင်။)ကလာပေါ၊ ဇာလံ၊ မဏ္ဍလံ၊ အပေါင်း။ အပေါင်းပရိယာယ် ၂၉-ပုဒ်။ သမာနာနံ၊ ဇာတ်-စသည်တူသော သက်ရှိ, သက်မဲ့ ဝတ္ထုတို့၏။ ဂဏော၊ အပေါင်းသည်။ ဝဂ္ဂေါ၊ ဝဂ္ဂမည်၏။ တု၊ ထိုမှတပါး။ ဇန္တုနံ၊ ဇာတ်-စသည် တူ-မတူ သတ္တဝါတို့၏။ ဂဏော၊ အပေါင်းသည်။ သံဃော၊ သံဃမည်၏။ သတ္တော၊ သတ္တလည်း မည်၏။

[သမဝါယကို သဟ အဝယဝေန ဗျာပေတွာ ‹ အယတီတိ သမဝါယော-ဟု ဋီကာဆရာ ပြု၏။ မဏ္ဍလ-ကို အဝယဝေန မဏ္ဍ-တီတိ မဏ္ဍလံ-ဟု ပြု၏။ မဋီ၊၃။၃၂။ ဥပါလိသုတ်၌ "သံဃာတိ သံဟတာ။ ဂဏာတိ တံ တံ သေဏိဘာဝေန ဂဏိတဗ္ဗတာယ ဂဏာ"ဟု သံဃ, ဂဏ အထူး ဖွင့်၏။

ဇာတ်-စသည်တူသော သက်ရှိ, သက်မဲ့ဝတ္ထုတို့၏ အပေါင်းသည် ဂဏမည်၏။ ပုံစံကား – ဗန္ဓုဝဂ္ဂေါ,ကဝဂ္ဂေါ အစရှိသည်တည်း။ ဇာတ်-စသည် တူ-မတူ သတ္တဝါတို့၏ အပေါင်းသည် သံဃ, သတ္ထ မည်၏။ ပုံစံကား – ဘိက္ခုသံဃော, ဝါဏိဇသတ္ထော-စသည်တည်း။ ကိံ သံဃော၊ မိဂသံဃော အဇသံဃောတိ အာဒီနိ ဝဒတိ။ မဋ္ဌ၊၄။၂၇။]

(၆၃၂) သဇာတိကာနံ တု ကုလံ၊ နိကာယော တု သဓမ္မိနံ။
ယူထော နိတ္ထီ သဇာတိယ-တိရစ္ဆာနာန မုစ္စတေ။

(၆၃၂) တု၊ ထိုမှတပါး။ သဇာတိကာနံ၊ ဇာတ်တူ သတ္တဝါတို့၏။ ဂဏော၊ အပေါင်းသည်။ ကုလံ၊ ကုလမည်၏။ တု၊ ထိုမှတပါး။ သဓမ္မိနံ၊ အကျင့်တူသူတို့၏။ ဂဏော၊ အပေါင်းသည်။ နိကာယော၊ နိကာယမည်၏။ သဇာတိယတိရစ္ဆာနာနံ၊ ဇာတ်တူတိရစ္ဆာန်တို့၏။ ဂဏော၊ အပေါင်းကို။ ယူထော၊ ယူထမည်၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အနိတ္ထီ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။

[ဇာတ်တူသတ္တဝါတို့၏ အပေါင်းသည် ကုလ မည်၏။ ပုံစံကား-ခတ္တိယကုလံ, ဂေါကုလံ အစရှိသည်တည်း။ အကျင့်တူ ပုဂ္ဂိုလ်တို့၏ အပေါင်းသည် နိကာယမည်၏။ ပုံစံကား – ဘိက္ခု နိကာယော-စသည်တည်း။ သုဓမ္မာနိကာယ, ရွှေကျင်နိကာယ, ဒွါရနိကာယ, ပခုက္ကူနိကာယ-စသည်များလည်း သဓမ္မိ နိကာယပင် ဖြစ်၏။]

(၆၃၃) သုပဏ္ဏော ဝေနတေယျော စ၊ ဂရုဠော ဝိဟဂါဓိပေါ။
ပရပုဋ္ဌော ပရဘတော၊ ကုဏာလော ကောကိလော ပိကော။

(၆၃၃) သုပဏ္ဏော၊ ဝေနတေယျော၊ ဂရုဠော၊ ဝိဟဂါဓိပေါ၊ ဂဠုန်။ ဂဠုန်ပရိယာယ် ၄-ပုဒ်။ ပရပုဋ္ဌော၊ ပရဘုတော၊ ကုဏာလော၊ ကောကိ-လော၊ ပိကော၊ ဥဩ။ ဥဩပရိယာယ် ၅-ပုဒ်။

[တိကဏ္ဍသေသကောသ-လာ ဂဋ္ဌုန်ဟော ပရိယာယ်များကို "ပက္ခိသီဟော, ဥဋ္ဌုတီသော, ဝဇီရတုဏ္ဍော, သုခါဟရော, သုဝဏ္ဏပက္ခော, ဘုဇဂါသနော" ဟူ၍ ဋီကာ၌ ထုတ်ပြ၏။

ဥညြင့်ကပ်မများသည် ကျိုးကန်း၏ အသိုက်များ၌ ဥလေ့ရှိကြသည်။ ၂-ဥသော်၎င်း၊ ၃-ဥသော်၎င်း ဥတတ်ကြသည်။ ရံခါ ၃-ဥထက်အလွန်လည်း ဥတတ်ကြသည်။အမွေး,အတောင် မပေါက်ခင် ကျိုးကန်းမက စောင့်ရှောက်သည်၊ အမွေး, အတောင် ပေါက်ပြီးမှ ဥညြင့်ကပ်မများက အစာကျွေးသည်။ ထို့ကြောင့် ဋီကာ၌ ပရပုဋ္ဌ-ကို "ပရေန ဝိဇာတိယေန ကာကေန ပေါသိတောတိ ပရပုဋ္ဌော" ဟု ဖွင့်၏။]

(၆၃၄) မောရော မယူရော ဝရဟီ၊ နီလဂီဝ သိခဏ္ဍိနော။
ကလာပီ စ သိခီ ကေကီ၊ စူဠာ တု စ သိခါ ဘဝေ။

(၆၃၄) မောရော၊ မယူရော၊ ဝရဟီ၊ နီလဂီဝေါ၊ သိခဏ္ဍီ၊ ဥဒေါင်း။ (အခိုက်အတန့် ကေဝုစ် ပြင်သည်။) ကလာပီ၊ သိခီ၊ ကေကီ၊ ဥဒေါင်း။ ဥဒေါင်း ပရိယာယ် ၈-ပုဒ်။ တု၊ ထိုမှတပါး။ စူဠာ၊ သိခါ၊ ဦးစွန်း။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဦးစွန်း ပရိယာယ် ၂-ပုဒ်။

[ဥဒေါင်း၏ သိခီမည်ကြောင်း, နီလဂီဝ မည်ကြောင်းတို့ကို "ယွာယံ မတ္ထကေ ဇာတာယ သိခါယ သဗ္ဗာဝေန သိခီ၊ မဏိဒဏ္ဍသဒိသာယ ဂီဝါယ နီလဂီဝေါတိ စ မယူရဝိဟင်္ဂမော ဝုစ္စတိ" ဟု သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၆၂-၌ ဖွင့်ဆို၏။ စိတြဆဒ, ဝိစိတြပေခုဏပက္ခိ-တို့လည်း ဥဒေါင်းဟော ပရိယာယ်ဖြစ်၏။ စိတြဆဒါ ဝိဟင်္ဂမာ ဝိစိတြပေခုဏပက္ခိနော မယူရာတိ အတ္ထော။ ထေရ၊ ဋ္ဌ၊ ၂။ ၄၇၀။ ဥဒေါင်းသည် ဥမှပေါက်စဘွင် လုလုပပ မရှိချေ။ ၂-နှစ်ခန့်ကြာမှ လှပစည်ကားလာသည်။ သို့ဖြစ်၍ ရှေးဆရာတော်ကြီးများက ကိုရင်များ, ဦးပဉ္စင်းငယ်များကို ဥဒေါင်းနှင့်တူစေ, ဒွေးကလေးနှင့် မတူစေနဲ့ဟု သြဝါဒ ပေးတော်မူကြသည်။ ငယ်ငယ်ရွယ်ရွယ် ကြည့်ညိုသူ မပေါ်စေနဲ့၊ ဘုန်းမကြီးစေနဲ့ဟု ဆိုလိုတော်မူကြသည်။ ငယ်ငယ်ရွယ်ရွယ် ဘုန်းကြီးလျှင် စာသင်လို့ မဖြစ်တော့ချေ။

ဥဒေါင်းများကိုလည်း ကြီးမှ လှပသဖြင့် ကြီးမှ ချစ်ခင်ကြသည်။ ယင်းဥဒေါင်းများသည် မလ္လာယုကျွန်းဆွယ်, မြန်မာနိုင်ငံ, အိန္ဒိယ နိုင်ငံတို့တွင် အများအပြား ရှိကြသည်။ သီဟိုဠ်တို့က မောဏရာ-ဟု ခေါ်ကြသည်။]

(၆၃၅) သိခဏ္ဍော ဝရဟာဌော၊ ကလာပေါ ပိဉ္ဆ မပုံထ။
စန္ဒကော မေစကော စာထ၊ ဆပ္ပဒေါ စ မဓုဗ္ဗတော။

(၆၃၆) မဓုလီဟော မဓုကရော၊ မဓုပေါ ဘမရော အလိ။
ပါရာဝတော ကပေါတော စ၊ ကကုဋ္ဌော စ ပါရေဝတော။

(၆၃၅၊ ၆၃၆) သိခဏ္ဍော၊ ဝရဟံ၊ ကလာပေါ၊ ပိဉ္ဆံ၊ မြီးဆံ။ (ဥဒေါင်း မြီးစည်း ဟူ၏။) မြီးဆံ ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ စန္ဒကော၊ မေစကော၊ မြီးမျက်ကွက်။ မြီးမျက်ကွက်ပရိယာယ် ၂-ပုဒ်။ အထ၊ထိုမှတပါး။ ဆပ္ပဒေါ၊ မဓုဗ္ဗတော၊ မဓုလီဟော၊ မဓုကရော၊ မဓုပေါ၊ ဘမရော၊ အလိ၊ ပိတုန်း။ ပိတုန်း ပရိယာယ် ၇-ပုဒ်။ ပါရာဝတော၊ ကပေါတော၊ ကကုဋ္ဌော၊ ပါရေဝတော၊ ခို။ ခို ပရိယာယ် ၄-ပုဒ်။

[စတုက္က ဂေဟာဝနကပေါတေသု-ဟု ဋီကာဆိုသဖြင့် အိမ်ခို, တောခို ၂-မျိုးရှိကြောင်း သိသာ၏။ ပါရာဝတ-စသော သဒ္ဒါများ အိမ်ခို, တောခို ၂-မျိုးလုံး ဟော၏ ဟူ၏။ ယင်း ပါရာဝတ-စသည် သည် ချိုးငှက်ကိုလည်း ဟောသည်။ ဋီကာ၌ စိန္တာမဏိဋီကာလာ—

ပါရာဝတော စ ဆေဌော စ၊ ကပေါတော ရတ္တလောစနော။
ပါရာပတော ကလရဝေါ၊ ပတ္တိ သေနော သသာဒနော—

ဟူသော ခို,ချိုးသိမ်း,လင်းယုန်ဟော ပရိယာယ်ပြ ဂါထာများ ကို ထုတ်ပြ၏။

ဂါထာအနက်။ ။ပါရာဝတော၊ ဆေဌော၊ ကပေါတော၊ ရတ္တလောစနော၊ ပါရာပတော၊ ကလရဝေါ၊ ခို။ (ချိုးလည်း ဟူ၏။) ပတ္တိ၊ သေနော၊ သသာဒနော၊ သိမ်း။ ဝါ၊ လင်းယုန်။ (စ-များ အနက်မပေးပဲ ချန်ထားသည်။)]

(၆၃၇) ဂိဇ္ဈော ဂဒ္ဒါထ ကုလလော၊ သေနော ဗျဂ္ဃီနသော ပျထ။
တမ္ဗော့ဒါ သကုဏာဂ္ဃိ'တ္တိ၊ အာဋ္ဍော ဒဗ္ဗိမုခဒ္ဓိဇော။

(၆၃၇) ဂိဇ္ဈော၊ ဂဒ္ဒါ၊ လင်းတ။ လင်းတ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကုလလော၊ သေနော၊ ဗျဂ္ဃီနသော၊ စွန်။ စွန် ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ သကုဏဂ္ဃိ၊ သိမ်းငှက်။ ဣတ္တိ၊ သကုဏဂ္ဃိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ အာဋ္ဍော၊ ဟောစ်ငှက်ငှက်။ ဒဗ္ဗိမုခဒ္ဓိဇော၊ ဝန်ပိုငှက်။ ဣမေ၊ ဤငှက်တို့ကား။ တမ္ဗော့ဒါ၊ ထိုစွန်မျိုးတို့တည်း။

[လင်းတဟု ပြန်ဆိုသော ဂိဇ္ဈ, ဂဒ္ဒ-တို့ကို တချို့ဒေသ၌ ထိုးလဆိတ်ဟု ခေါ်သည်။ ယင်းလင်းတသည် လင်းတနီ, လင်းတမဲ့ဟု ၂-မျိုးရှိ၏။ ဦးခေါင်းနီသော လင်းတသည် လင်းတနီဖြစ်၏။ ဦးခေါင်းဖြူသော လင်းတကို လင်းတမဲ့ဟု ခေါ်သည်။

ကုလလ, သေန, ဗျဂ္ဃီနသ တို့ကို လင်းယုန်ဟူ၍လည်း ပြန်ဆိုကြသည်။ အာဋ္ဍ-ကို စွန်၊ ဒဗ္ဗိမုခဒ္ဓိဇ-ကို ချိုးသိမ်းဟု ပြန်ဆိုကြသည်။ ချိုးသည် ချိုးလင်းပြာ, ချိုးလယ်ပျောက်, ချိုးသိမ်းဟု ၃-မျိုး ရှိသည်။]

(၆၃၈) ဥဟုင်္ကာရော ဥလူကော စ၊ ကောသိယော ဝါယသာရိ စ။
ကာကော တွ'ရိဋ္ဌော ခင်္ကော စ၊ ဗလိပုဋ္ဌော စ ဝါယသော။

(၆၃၈) ဥဟုင်္ကာရော၊ ဥလူကော၊ ကောသိယော၊ ဝါယသာရိ၊ ဇီးကွက်။ ဝါ၊ ဒီးဒုတ်။ ဝါ၊ ခင်ပုပ်။ ဇီးကွက်, ဒီးဒုတ်, ခင်ပုပ် ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ကာကော၊ အရိဋ္ဌော၊ ခင်္ကော၊ ဗလိပုဋ္ဌော၊ ဝါယသော၊ ကျီး။ ကျီး ပရိယာယ် ၅-ပုဒ်။

[ဥဟုန္တိ သဒ္ဒံ ကရောတီတိ ဥဟုင်္ကာရော-ဟု ဋီကာ၌ ဝိဂ္ဂိုဟ်ပြု၏။ သီဟိုဠ်တို့ကား ဗကမူနာ-ဟု ခေါ်ကြ၏။ ခင်ပုပ်ကို ပသတ်နှင့် ရေးရာ၏။ "ရထားပေါင်းချုပ်၊ သိကြားရုပ်၊ ခင်ပုပ်နှင့်မဆိုင်" ဟူသော ကာရန်ကို ထောက်ရာ၏။ သက္ကဝှယော, ဒိဝါန္ဓော, ဝက္ကနာသိကော, ဟာရိနေတ္တော, ဒိဝါဘီတော, ကာကာဘိရု, ရတ္တိစာရီ-တို့လည်း ဇီးကွက်, ဒီးဒုတ်, ခင်ပုပ်ဟော ပရိယာယ်ဖြစ်၏။

ကာက-ကို "ကာ" ဣတိ သဒ္ဒံ ကာယတီတိ ကာကော-ဟု ဋီကာ၌ ပြု၏။ ကာ ဟူ၍ မြည်တတ်သောကြောင့် ကာကမည်၏ ဟူလို။ သက်ိပဗော, အတ္တဃောသော, ပရဘာရော, ဗလိဘုဇော, ဂူဌမေကုနေ့ာ-တို့လည်း ကျီးကန်းဟော ပရိယာယ်တို့တည်း။]

(၆၃၉) ကာကောလော ဝနကာကောထ၊ လာပေါ လဋုကိကာ ပျထ။
ဝါရဏော ဟတ္ထိလိင်္ဂေါ စ၊ ဟတ္ထိသောဏ္ဍဝိဟင်္ဂမော။

(၆၃၉) ကာကောလော၊ ဝနကာကော၊ တောကျီး။ တောကျီး ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ လာပေါ၊ လဋုကိကာ၊ ဗိလုံး။ ဗိလုံး ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဝါရဏော၊ ဟတ္ထိလိင်္ဂေါ၊ ဟတ္ထိသောဏ္ဍဝိဟင်္ဂမော၊ ငှက်ဆင်။ ငှက်ဆင် ပရိယာယ် ၃-ပုဒ်။

[ ကာကောလ-ကို "ကာကော ဝိယ ဥလတိ ဂစ္ဆတီတိ ကာကောလော"ဟု ဋီကာ ဝိဂ္ဂဟ်ပြု၏။ တောကျီး, ကျီးအ ဟူ၏။ ကာကောလာတိ ဝနကာကာ။ ဇာ၊ ဋ္ဌ၊ ၃။ ၂၃၂။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၀၂-၌ ကာကောလဂဏာတိ ဝနကာကဂဏာ-ဟု ဖွင့်သည်။ ကာကောလ-ကား ကျီးနက်။ ဝါယသ-ကား မနက်သော ကျီး။ ဝါကျီး ဖြူ ဟူ၏။ ဝါယသာတိ အဘာကုကာကာ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၀၂။ ဒေါဏကာကော, ဒဒ္ဒကာကော-တို့လည်း တောကျီးဟော ပရိယာယ်တို့တည်း။

လဋုကိကာ-ကို "ခေတ္တလေဍ္ဍုန် အန္တရေ နိဝါသိနီ ခုဒ္ဒကသကုဏိကာ"ဟု ဒီ၊ ဋ္ဌ၊ ၁။ ၂၂၉-၌ ဖွင့်၏။ စာတကသကုဏိက-လည်း ဗိလုံးငှက်ဟော ပရိယာယ်တည်း။ လဋုကိကာ သကုဏိကာတိ စာတကသကုဏိကာ။ မ၊ ဋ္ဌ၊ ၃။ ၁၁၆။ ဝါရဏ, ဟတ္ထိလိင်္ဂ-တို့ကို "ဝါရဏသဒိသတ္တာ ဝါရဏော။ ဟတ္ထိနော လိင်္ဂံ ဥပက် သောဏ္ဍံ ယဿ ဝိဇ္ဇတီတိ ဟတ္ထိလိင်္ဂေါ" ဟု ဋီကာ၌ ဝိဂ္ဂဟ် ပြုသည်။ ဝါရဏာ နာမ ဟတ္ထိလိင်္ဂသကုဏာ။ ဇာ၊ ဋ္ဌ၊ ၅။ ၄၄၇။]

(၆၄၀) ဥက္ကုသော ကုရရော ကောလ-ဋ္ဌိပက္ခိမှိ စ ကုက္ကုဟော။
သုဝေါ တု ကီရော စ သုကော၊ တမ္ဗစူဠော တု ကုက္ကုဋော။

(၆၄၀) ဥက္ကုသော၊ ကုရရော၊ ဝန်လို။ (ဝန်လက်လည်း ဟူ။) ဝန်လို ပရိယာယ် ၂-ပုဒ်။ ကုက္ကုဟော၊ ကုက္ကုဟ-သဒ္ဒါသည်။ ကောလဋ္ဌိပက္ခိမှိ၊ ရေကြက်၌ (ရေကြက်ကြီး၌)။ ဝတ္တတိ၊ ဖြစ်၏။ ကောလဋ္ဌိပက္ခီ၊ ကုက္ကုဟော၊ ရေကြက်။ ရေကြက်ပရိယာယ် ၂-ပုဒ်။ သုဝေါ၊ ကီရော၊ သုကော၊ ကြက်တူရွေး။ ကြက်တူရွေးပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ တမ္ဗစူဠော၊ ကုက္ကုဋော၊ ကြက်။ ကြက်ပရိယာယ် ၂-ပုဒ်။

[ ဥက္ကုသ-ကား ဝန်လိုငှက်နက်။ ကုရရ-ကား ဝန်လိုငှက်ဖြူ-ဟု ဆို၏။ ဥက္ကုသာတိ ကာဠကုရရာ။ ကုရရာတိ သေတကုရရာ။ ဇာ၊ ဋ္ဌ၊ ၇။ ၃၁၀။ ပေဿန္တရ ဇာတ်အဖွင့်။ ကုက္ကုဟူတိ သဒ္ဒါ-ယတီဘိ ကုက္ကုဟော-ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြု၏။

ကုက္ကုဟကို ဘုတ်ငှက်၊ ဥဘုတ်ငှက်၊ ရေကြက်၊ ရေကြက်ကြီး ဟူ၍လည်း ပြန်ဆိုကြသည်။ ဟံသာ ကောဉ္စာ မယူရာ စ၊ စက္က-ဝါကာ စ ကုက္ကုဟာ။ ဇာ၊ ၂။ ၁၀၉။

သုဝ-ကိုမနုဿသဒ္ဒံ သုဏာတီတိ သုဝေါ-ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြုသည်။ "တမာလည်းနှု၊ ကျေးလဲအု၊ တမာလဲရင့်၊ ကျေးလဲလွင့်" ဆိုသကဲ့သို့ နွေရာသီတွင် ကျေးများဥကြ၍ နွေရာသီတွင်ပင် ပေါက်ကြသည်။ မြန်မာပြည်၌ ကျေးနီ, ကျေးဝါ, ကျေးပုဏ္ဏား များလည်း ရှိသည်။ ]

(၆၄၁) ဝနကုက္ကုဋော စ နိဇ္ဇိဝှော၊ အထ ကောဉ္စာ စ ကုန္တနီ။
စက္ကဝါကော တု စက္ကဝှော၊ သာရင်္ဂေါ တု စ စာတကော။

(၆၄၁) ဝနကုက္ကုဋော၊ နိဇ္ဇိဝှော၊ တောကြက်။ တောကြက် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ကောဉ္စာ၊ ကုန္တနီ၊ ကြိုးကြာ။ ကြိုးကြာ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ စက္ကဝါကော၊ စက္ကဝှော၊ စက္ကဝက်။ စက္ကဝက် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သာရင်္ဂေါ၊ စာတကော၊ ပျံလွှား။ ဝါ၊ မိုးဆွေ။ ပျံလွှား,မိုးဆွေ ပရိယာယ် ၂-ပုဒ်။

[နိဒ္ဒိဝှ-ကို "နတ္ထိ ဇိဂ္ဂါ ယဿ နိဇ္ဇိဝှေါ" ဟု ဋီကာ ဝိဂြိုဟ်ပြုသည်။ လျှာမရှိ ဟူရာ၌ ရှိသော်လည်း ဆိုခြင်းငှါ အလိုမရှိသဖြင့် နိဇ္ဇိဝှ-ဟု ဆိုသည်ဟု သိရာ၏။ အနုဒရာ ကညာ-ကဲ့သို့တည်း။

ဝတ္တိစ္ဆာ န ဘာဝေ သန္တ- မပျသန္တမ္ပိ သာ ဘဝေ။
တံ ယထာ နုဒရာ ကညာ၊ သမုဒ္ဒေါ ကုဏ္ဍိကာတိ စ။
ဘောဒစိန္တာ။

ပျံလွှားကို ပိန်ညင်းငှက်-ဟူ၍လည်း ခေါ်ကြသည်။ မိုးဆွေဟုလည်း ခေါ်ကြသည်။ ကတိုးငှက်ကလေးများ, နှံပြည်စုတ် ငှက်ကလေးများလည်း သာရိက်, စာတကပင် ဖြစ်၏။

(၆၄၂) တုလိယော ပက္ခိဗိဠာလော၊ သဘာပတ္တော တု သာရသော။
ဗကော တု သုက္ကကာကော ။ ဗလာကာ ဝိသကဏ္ဍိကာ။

(၆၄၂) တုလိ ယာ၊ ပက္ခိဗိဠာလော ရှုံပျံ။ ရှုံးပျံ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သဘာပတ္တော၊ သာရသော၊ ခေါက်ရှာ။ ခေါက်ရှာပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဗကော၊ သုက္ကကာကော၊ ဗျိုင်း။ (ဗျိုင်းဖြူလည်း ဟူ)။ ဗလာကာ၊ ဝိသကဏ္ဍိကာ၊ ဗျိုင်းနှမ်း၊ (ဗျိုင်းအောက်လည်း ဟူ)။ ဗျိုင်းအောက်ပရိယာယ် ၂-ပုဒ်။

[တုလိယ-ကို အမျိုးမျိုး ပြန်ဆိုကြသည်။ ရှူး, ခင်ပုပ်ကြီး, လင်းကောင်ငုံ, ဒီးငှတ်ငှက်, လင်းဆွဲ စသည်ဖြင့်လည်း ပြန်ဆိုကြသေးသည်။ တုလိယာတိ ပက္ခိဗိဠာရ။ ဇာ၊ ဋ္ဌ၊ ၇။ ၃၁၆။

ဗျိုင်းအောက်များ အပိုမရှိဟု ဆို၏။ မိုးခြိမ်းလျှင် ကိုယ်ဝန်ယူကြသည် ဟူ၏။

ယသ္မာ ဗလာကယောနိမှိ၊ န ဝိဇ္ဇတိ ပုမော သဒါ။
မေဃေသု ဂဇ္ဇမာနေသု၊ ဂဗ္ဘံ ဂဏှန္တိ တာ တဒါ။
အပ၊ ၁။ ၄၆။]

(၆၄၃) လောဟပိဋ္ဌော တထာ ကင်္ကော၊ ခဥ္ဇရီဋော တု ခဥ္ဇနော။
ကလဝိင်္ကော တု စာဋကော၊ ဒိန္ဒိဘော တု ကိကီ ဘဝေ။

(၆၄၃) လောဟပိဏ္ဍော၊ သင်တိုင်းဝတ်။ တဏော၊ထိုမှတပါး။ ကာဏော၊ သင်တိုင်းဝတ်။ သင်တိုင်းဝတ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ခဇ္ဇူရိဏ္ဍော၊ ခဇ္ဇူနေ၊ သပိတ်လွယ်။ သပိတ်လွယ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကလဝိကော၊ စာဋ္ဌကော၊ အိမ်စာ။ အိမ်စာပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ ဒိန္ဒိဘော၊ ကိကီ၊ တိတီဘူး။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ တိတီဘူး ပရိယာယ် ၂-ပုဒ်။

[လောဟပိဏ္ဍ ကက်-တို့ကို ငှက်ကြီးတုံးစပ် ဟူ၍ရင်း။ ဘုံမတီး ငှက်-ဟူ၍ရင်း၊ ဥဇျိုင်းငှက်-ဟူ၍ရင်း ပြန်ဆိုကြသည်။ သီဟိုဠ်တို့က လေ၁်တူ၁ူ၁ါ-ဟူ၍ ခေါ်ဆိုကြသည်။

ခဇ္ဇူန-ကို ပဿန္တောနံ ခံ သုခံ ဇနေတီတိ ခဇ္ဇူနော-ဟု ဋီကာ ဝိဂ္ဂြိုဟ်ပြု၏။ သပိတ်လွယ် ငှက်-သည် သပိတ်လွယ်ငှက်ဖိုထက် ပို၍ အသွေးအရောင် မှုံခြောက်သည်။ သပိတ်လွယ် ငှက်ဖိုများ သည် သီချင်းဆိုကောင်းသည်။ သပိတ်လွယ် ငှက်မျိုးတွင် ငှက် ကျား, ငှက်စပ်, ငှက်တောပြာ-စသည်တို့ ပါဝင်သည်ဟု ဆိုကြ၏။

ဒိန္ဒိဘ-ကို ယစ်ငှက်, တိတီဘူး (တစ်တီတူး) ဘုံမတီး-ဟူ၍ လည်း ပြန်ဆိုကြသည်။ ဒိန္ဒိဘာတိ ကိကီနာမကာ ပက္ခိဝိသေ- သာ။ဇာတ်ဋီကာ။ ကိကီ-ကို "ကိ ဣတိ သဒ္ဒံ ကရောတီတိ ကိကီ" ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြု၏။ ကိကီဝ အဏ္ဍံ ရက္ခေယျာတိ အဏ္ဍံ ဗီဇံ ရက္ခမာနာ ကိကီ သကုဏီ ဝိယ အပ္ပမတ္တော သီလံ ရက္ခေယျ။ အပ၊ ဋ၊ ၂။ ၁၁။

ဂဏ္ဍုပ္ပါဒေါ ကိကိ် စေဝ၊ ကုန္တိ ဗြာဟ္မဏိမွိကော။
ဧတေ အာကာသံ ဘာသန္တိ၊ သမုဒ္ဒေ စတုရော ဇနာ။
သုတ္တနိ၊ ဋ၊၂။၅၂။]

(၆၄၄) ကာဒမ္ဗော ကာဠဟံသော(ထ၊ သကုန္တော ဘာသပက္ခိနိ။
မူဗျာဠော တု ကလိင်္ဂေါ(ထ၊ ဒါဘျုဟော ကာဠကဏ္ဍကော။

(၆၄၄) ကာဒမ္ဗော၊ ကာဠဟံသော၊ ဝမ်းဘဲ။ ဝမ်းဘဲ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သကုန္တော၊ သကုန္တ-သဒ္ဒါသည်။ ဘာသပက္ခိနိ၊ ငှက်တော်၌။ ဝတ္တတိ၊ဖြစ်၏။ သကုန္တော၊ ဘာသပက္ခီ၊ ငှက်တော်။ (ပဋ္ဌ-

မန္တ ကေဝုစ်နှင့် ဘာသပက္ခ ဖြစ်၏။) ငှက်တော် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ရူမျာဝ္ဍော၊ ကလိင်္ဂေါ၊ လင်းမြီးဆွဲ (နွားမြီးဆွဲလည်း ဟူ)။ လင်းမြီးဆွဲ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဒါတျူဟော၊ ကာဠကဏ္ဍကော၊ ဒင်ကျီး။ ဒင်ကျီးပရိယာယ် ၂-ပုဒ်။

[ ဒွယံ မေဃသာမေ "တီးတုတ်" ဣတိ ချာတေ-ဟု ဋီကာ ဖွင့်သည်။ ဒီးဒုတ် ဟူ၏။ သီဟိုဠ် သုဘူတိနိဿျ၌ ဝိလိကုကူဠာ= ကြက်တမျိုးဖြစ်၏။ ]

ရူမျာဝ္ဍ, ကလိင်္ဂ-တို့ကို ရူမံ ရူမံ အဍ္ဍတိ သဟတိတိ ရူမျာဝ္ဍော၊ ကာဠဝဏ္ဏတာယ ကုစ္ဆိတံ လိင်္ဂံ ယဿ"ဟု ဋီကာပြုသည်။ ဒွယံ 'နွားမြီးဆွဲ'ဣတိ ချာတေ နိလပက္ခိနိ-ဟု ဆိုသေး၏။ လင်းမြီးဆွဲ သည် ယခုခေတ် အများသိ ဝေါဟာရတည်း။ နွားများ စား ကျက်ခင်း စားနေချိန်တွင် နွားမြီးကိုဆွဲ၍ ရှင်မြူးတတ်သည်။]

(၆၄၅) ခုဒ္ဒါဒိ မက္ခိကာ ဘေဒါ၊ ဍံသော ပိင်္ဂလမက္ခိကာ။ အာသာဋိကာ မက္ခိကာဏ္ဍ်၊ ပတင်္ဂေါ သလဘော ဘဝေ။

(၆၄၅) ခုဒ္ဒါဒိ၊ ပျားငယ်-စသည်တို့သည်။ မက္ခိကာ ဘေဒါ၊ ယင်မျိုး တည်း။ ဍံသော၊ ပိင်္ဂလမက္ခိကာ၊ မှက်။ မှက်ပရိယာယ် ၂-ပုဒ်။ အာသာဋိကာ၊ မက္ခိကာဏ္ဍ်၊ ယင်ဥ။ ယင်ဥပရိယာယ် ၂-ပုဒ်။ ပတင်္ဂေါ၊ သလဘော၊ နှံကောင်။ ဝါ၊ ပိုးပရုန်။ ဝါ၊ ပိုးဖလံ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ နှံကောင်, ပိုးပရုန်, ပိုးဖလံပရိယာယ် ၂-ပုဒ်။

[ပျားငယ်သည် အမျိုးမျိုးပြား၏။ ယင်ပျား, ထန်းသီးမှုတ် ပျား, ဖီးကျက်ပျား, သစ်ခေါင်းပျား-စသည်ဖြင့် များစွာရှိ၏။ ကျောက်ခေါင်း, ကမ်းပါးပြတ်, လိုဏ်မြေတွင်း-စသည်တို့၌လည်း မွဲတတ်သည်။ ယင်းပျားငယ်မျိုးအားလုံးသည် ယင်မျိုးတွင် ပါဝင် ကုန်၏။ ခုဒ္ဒါဒိ-၌ အာဒိဖြင့် ဘေသဇ္ဇသိက္ခာပုဒ်လာ ဘမရ,မဓုကရိ-တို့ကို ယူဟု ဆရာတို့ မိန့်ကြကုန်၏။ နွားတို့၏ အနာများ၌ ယင် ညိုကြီးများ၏ ဥကို အာသာဋိကာ-ဟုလည်း ဆိုကြသည်။ အာ-သာဋိကာနန္တိ ဂုန္နံ ပဏေသု နီလမက္ခိကာဟိ ဌပိတအဏ္ဍကာ အာသာဋိကာ နာမ။ နေတ္တိ၊ ဋ္ဌ။ ၁၂၂။

ပတင်္ဂ, သလဘ-တို့ကို နှံကောင်, ပိုးပရန်, ပိုးဖလံ-စသည်ဖြင့် အမျိုးမျိုး ပြန်ဆိုကြသည်။

ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
န ဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ။

ဋီကာကျော်။ ၁၀၇။ "ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ" ဟူသော ဆောင်ပုဒ်လာ ပိုးဖလံ-သည် ပတင်္ဂ,သလဘ-ပင်ဖြစ်၏။]

(၆၄၆) သူစိမ့်ခေါ် စ မကသော၊ စီရိ တု ဈလ္လိကာထ စ။
ဇတုကာ'ဇိနပတ္တာယ၊ ဟံသော သေတစ္ဆဒေါ ဘဝေ။

(၆၄၆) သူစိမုခေါ၊ မကသော၊ ခြင်။ ခြင်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ စီရိ၊ ဈလ္လိကာ၊ ပုစဉ်းကြီး (ပရစ်ဟူ၍လည်း ပေးကြ၏)။ ပုစဉ်း ကြီးပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဇတုကာ၊ အဇိနပတ္တာ၊ လင်းနို့။ လင်းနို့ပရိယာယ် ၂-ပုဒ် အထ၊ ထိုမှတပါး။ ဟံသော၊ သေတစ္ဆဒေါ၊ ဟင်္သာ (ငန်းဝမ်းဘဲလည်း ဟူ)။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဟင်္သာပရိယာယ် ၂-ပုဒ်။

[စီရီ-ကို စီရိတိ သဒ္ဒါယတိတိ စီရီ-ဟု ဋီကာ ဝိဂ္ဂဟ်ပြု၏။ ပုစဉ်းကြီးကို ပုစဉ်းရင်ကွဲဟူ၍လည်း ခေါ်ကြ၏။ ဇတုကာ-ကား လင်းနို့ငယ် ဟောဟုလည်း မိန့်ဆိုကြ၏။ ဇတုကာ ခုဒ္ဒကဝဂ္ဂုလိ-ယော။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၄၁ဂ။

အတောင်မဖြူသော်လည်း "ယထာ ကာထဋ္ဌိ ဗျုပ္ပတ္တိ" ပရိ ဘာသာအရ ဟင်္သာမည်၏။ ဝမ်းဘဲဟင်္သာ မြောင်းကိုပစ်၍ မြစ် ကိုရှာ ရေသာများ၍ ငါးမတွေ့။]

(၆၄၇) တေ ရာဇဟံသာ ရတ္တေဟိ၊ ပါဒတုဏ္ဍေဟိ ဘာ သိတာ။
မလ္လိကာချာ ဓတရဋ္ဌာ၊ မလီနေဟျ သိတေဟိ စ။

(၆၄၇) ယေ၊ အကြင်ဟင်္သာတို့သည်။ ရတ္တေဟိ၊ နီကုန်သော။ ပါဒ-တုဏ္ဍေဟိ၊ ခြေ,နှုတ်သီးတို့ဖြင့်။ ဘာ၊ တင့်တယ်တောက်ပကုန်၏။ သိတာ၊ ကိုယ်အဆင်းအသွေး ဖြူဖွေးကုန်၏။ တေ၊ ထိုဟင်္သာတို့သည်။ ရာဇဟံသာ၊ ရာဇဟံသတို့မည်ကုန်၏။ ယေ၊ အကြင်ဟင်္သာတို့သည်။ မလီနေဟိ၊ စိမ်းညစ်

ကုန်သော။ ပါဒဘုဏ္ဍဟိ၊ ခြေ, နှုတ်သီးတို့ဖြင့်။ ဘာ၊ တင့်တယ်တောက်ပကုန်၏။ သိတာ၊ ကိုယ်အဆင်းအသွေး ဖြူဖွေးကုန်၏။ တေ၊ ထိုဟင်္သာတို့သည်။ မလ္လိကာ၊ မလ္လိကာမည်ကုန်၏။ ယေ၊ အကြင်ဟင်္သာတို့သည်။ အသိတဟိ၊ မည်းနက်ကုန်သော။ ပါဒတုဏ္ဍဟိ၊ ခြေ, နှုတ်သီးတို့ဖြင့်။ ဘာ၊ တင့်တယ်တောက်ပကုန်၏။ သိတာ၊ ကိုယ်အဆင်းအသွေး ဖြူဖွေးကုန်၏။ တေ၊ ထိုဟင်္သာတို့သည်။ ဓတရဋ္ဌာ၊ ဓတရဋ္ဌတို့ မည်ကုန်၏။

[အဘိဓာန်ဆရာသည် ဖော်ပြပါ ရာဇဟံသ, မလ္လိကာဟံသ၊ ဓတရဋ္ဌဟံသ ၃-မျိုးကို အမရကောသ၊ ၁၊၂။ ၂၄-လာ ရာဇဟံသာ တု ဗော စဉ္စု-ပသော ဂါထာအတိုင်း မိန့်ဆိုသည်။ မဟာဟံသ ဇာတ် အဋ္ဌကထာ (ဇာ၊ဋ္ဌ၊၅။၃၇၉)၌ "ပဉ္စမံ တာဝ တိဏဟံသာ အာဂမိံသု၊ တေသံ ဃောသေန ပဏ္ဍုဟံသာ၊ ...မနောသိလာဝဏ္ဏဟံသာ၊ ... သေတဟံသာ၊ .... ပါကဟံသာ၊ .... သုဝဏ္ဏဟံသာ အာဂမိံသု" ဟု လာသဖြင့် ဟင်္သာမျိုးသည် (၁) တိဏဟံသ =မြက်အဆင်းနှင့်တူသော ဟင်္သာ၊ (၂) ပဏ္ဍုဟံသ=ဖျော့တော့သော အဆင်းရှိသော ဟင်္သာ၊ (၃) မနောသိလာဝဏ္ဏဟံသ= ဒေသးမန်း ခြင်းသီလာ အဆင်းရှိသော ဟင်္သာ၊ (၄) သေတဟံသ=ဖြူသော အဆင်းရှိသော ဟင်္သာ၊ (၅) ပါကဟံသ= ပါကဟင်္သာ၊ (၆) သုဝဏ္ဏဟံသ= ရွှေအဆင်းရှိသော ဟင်္သာဟု ၆-မျိုးရှိသေးကြောင်း—

တိဏဟံသော ပဏ္ဍုဟံသော၊ မနောသိလာဟံသောပိ စ။
သေတဟံသော ပါကဟံသော၊ သုဝဏ္ဏဟံသော ဆ သိယုံ-
ဟူသော ဂါထာဖြင့် မှတ်သားရာ၏။]

(၆၃၈) တိရစ္ဆော တု တိရစ္ဆာနော၊ တိရစ္ဆာနဂတော သိယာ။
ဇာတိ အရညာဒိဝဂ္ဂေါ။

(၆၃၈) တု၊ ထိုမှတပါး။ တိရစ္ဆော၊ တိရစ္ဆာနော၊ တိရစ္ဆာနဂတော၊ တိရစ္ဆာန်။ သဒ္ဒမာ၊ အနက်ဘူသည်။ သိယာ၊ ဖြစ်ရာ၏။ တိရစ္ဆာန်ပရိယာယ် ၃-ပုဒ်။

[တိရစ္ဆ-ကို တိရိယံ အဥ္စယတီတိ တိရစ္ဆော-ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြု၏။ ဒုက္ခံ တိရစ္ဆေသု ကာသပတောဒ-ဒဏ္ဍာဘိဃာတာဒိဘာဝံ အနေကံ။ အဘိ၊ ဌ၊ ၂။ ၉၁။ ဥဒ္ဓံ အနုဂန္တွာ တိရိယံ အဥ္စိတာတိ တိရစ္ဆာနာ။ နေတ္တိ၊ ဌ။ ၁၂၉။ တိရိယံ အဥ္စိတာတိ တိရစ္ဆာနာ၊ ဒေဝမနုဿာဒယော ဝိယ ဥဒ္ဓံ ဒီဃာ အဟုတွာ တိရိယံ ဒီဃာတိ အတ္ထော။ သာရတ္ထ၊ ၂။ ၁၉။]

အရညာဒိဝဂ္ဂေါ၊ အရညာဒိဝဂ်သည်။ ဣတိ၊ အောင်လံစိုက်ဆောက်အပြီးသို့ ရောက်ပြီ။

## ၂-ဘူကဏ္ဍ ၇-ပါတာလဝဂ်

(၆၄၉) အဓောဘုဝနံ ပါတာလံ၊ နာဂလောကော ရသာတလံ။
ရန္ဓံ တု ဝိဝရံ ဆိဒ္ဒံ၊ ကုဟရံ သုသိရံ ဗိလံ။

(၆၅၀) သုသိ’တ္ထီ ဆိဂ္ဂလံ သောဗ္ဘံ၊ သစ္ဆိဒ္ဒေ သုသိရံ တိသု။
ထိယံ တု ကာသု အာဝါဋော၊ သပ္ပရာဇာ တု ဝါသုကိ။

(၆၄၉၊ ၆၅၀) အဓောဘုဝနံ၊ ပါတာလံ၊ နာဂလောကော၊ ရသာတလံ၊ နဂါးပြည်။ နဂါးပြည်ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ရန္ဓံ၊ ဝိဝရံ၊ ဆိဒ္ဒံ၊ ကုဟရံ၊ သုသိရံ၊ ဗိလံ၊ သုသိ၊ အပေါက်။ ဣတ္ထီ၊ သုသိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ ဆိဂ္ဂလံ၊ သောဗ္ဘံ၊ အပေါက် (အခေါင်း, အပေါက်, အကြားလည်း ဟူ)။ အပေါက် ပရိယာယ် ၉-ပုဒ်။ သုသိရံ၊ သုသိရ-သဒ္ဒါသည်။ သစ္ဆိဒ္ဒေ၊ အပေါက်ရှိသောဝတ္ထု၌။ ဝါ၊ အခေါင်းရှိသော ဝတ္ထု၌။ ဝတ္တတေ၊ ဖြစ်၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ကာသု၊ တွင်း။ အယံ၊ ဤကာသု-သဒ္ဒါသည်။ ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ အာဝါဋော၊ တွင်း။ တွင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သပ္ပရာဇာ၊ ဝါသုကိ၊ ဝါသုကိ မြွေမင်း။ ဝါသုကိ မြွေမင်းပရိယာယ် ၂-ပုဒ်။

[သုသိရ-သဒ္ဒါ အပေါက်အခေါင်း သာမညဖြစ်လျှင် နပုလ္လိင်တည်း။ အပေါက်အခေါင်းရှိ ဒြဗ်ကိုဟောလျှင် ၃-လိင်၌ ဖြစ်သည်။ ပုံစံကား—သုသိရော ရုက္ခော၊ သုသိရာ စိဋ္ဌာ၊ သုသိရံ ကဋ္ဌံတည်း။

ဝါသုကီ-ကို ဝေသု ရတနံ ယဿတ္ထီတိ ဝါသုကီ-ဟု ဝိဂြိုဟ်ပြု၏။ ပါသုကီ-ဟု ရှိတတ်၏။ ဝါသုကီ-ဟု အမှန်ရှိစေရာ၏။ ဘုရားရှင်၏ ဖဝါးအပြင် စက်လက္ခဏာများတွင် ဝါသုကီနဂါးမင်းရုပ်ပုံလည်း ပါရှိ၏။ ဝါသုကီ နာဂရာဇာ၊ ဟံသရာဇာ၊ ဥသဘရာဇာ။ ဇိနာ-လင်္ကာရဋီကာ။ ဝိဇာတမင်္ဂလာဝတ္ထုနာ။]

(၆၅၁) အနန္တော နာဂရာဇာထ၊ ဝါဟသော’ ဇဂရော ဘဝေ။
ဂေါနသော တု တိလိစ္ဆော ထ၊ ဒေဍ္ဍုဘော ရာဇုလော ဘဝေ။

(၆၅၁) အနန္တော၊ နာဂရာဇာ၊ အနန္တနဂါးမင်း၊ အနန္တနဂါးမင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဝါဟသော၊ အဇဂရော၊ စပါးကြီးမြွေ။ စပါးကြီးမြွေပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဂေါနသော၊ တိလိစ္ဆော၊ စပါးအုံးမြွေ၊ စပါးအုံးမြွေပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဒေဍ္ဍုဘော၊ ရာဇုလော၊ ရေမြွေ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ရေမြွေ ပရိယာယ် ၂-ပုဒ်။

[အဇဂရ-ကို “အဇံ ဆာဂံ ဂိလတီတိ အဇဂရော”ဟု ဋီကာ၌ ဝိဂြိုဟ်ပြု၏။ ဆိတ်ကိုသော်လည်း မျိုနိုင်သောမြွေ ဟူ၏။ ဋီကာ၌ ဂေါနသ, တိလိစ္ဆ-ကို ဒွယံ ဂေါနသသပ္ပေ “ငန်းကျဲ”ဣတိ ချာတော ဟု ဖွင့်သဖြင့် ငန်းကျဲ ဟူ၏။ မဏ္ဍလသပ္ပ-လည်း စပါးအုံးဟော ပရိယာယ်တည်း။ ဂေါနသောတိ ဂေါဏာပိဋ္ဌိကော မဏ္ဍလသပ္ပေါ၊ ယဿ ပိဋ္ဌေ လောဟိတကာနိ မဏ္ဍလာနိ ဒိဿန္တိ။ ဝဇီရ။၁၀၀။ သီဟိုဠ်ဘာသာ ပေါင်ဂူ၊ သို့မဟုတ် ပေါင်ဂါ-ဖြစ်၏။ မြွေပွေး-ဟုလည်း ပြန်ဆိုကြ၏။]

(၆၅၂) ကမ္ဗလော’ ဿတရော မေရု-ပါဒေ နာဂါထ ဓမ္မနီ။
သိလုတ္တော ဃရသပ္ပေါထ၊ နီလသပ္ပေါ သိလာဘု စ။

(၆၅၂) ကမ္ဗလော၊ ကမ္ဗလနဂါး။ အဿတရော၊ အဿတရနဂါး။ ဤနှစ်မ နဂါး၊ ဤနဂါးတို့သည်။ မေရုပါဒေ၊ မြင်းမိုရ်တောင်ခြေ၌။ ဝသန္တိ၊ နေကြကုန်၏။ အထ၊ ထိုမှတပါး။ ဓမ္မနီ၊ သိလုတ္တော၊ ဃရသပ္ပေါ၊ လင်းမြွေ။ လင်းမြွေပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ နီလသပ္ပေါ၊ သိလာဘု၊ မြွေစိမ်း။ မြွေစိမ်းပရိယာယ် ၂-ပုဒ်။

[ယင်း ကမ္ဗလနဂါး, အဿတရနဂါးတို့သည် ဘုရားရှင် မဟာသမယသုတ်ဟောစဉ် လာရောက် တရားနာကြသည်။ ကမ္ဗလဿတရ အာဂုံ။ ဒီ၊၂။၂၀၇။ ကမ္ဗလဿတရာတိ ကမ္ဗလော စ အဿတရော စ။ ဝေတ ကိရ သိနေရုပါဒေ ဝသန္တိ။ ဒီဋ္ဌ၊၂။၂၁၁။ ဓမ္မနီ (ဓမနီ)ကို အဘိဋ္ဌ၊၃။သျှ-၌ မြွေ။ အဘိဋ္ဌ၊၂။သျှ-၌ ကျိုင်းကောင်မြွေ-ဟု အသီးသီး ပြန်ဆိုကြ၏။

သိယာ ဝိသံ သိလုတ္တဿ၊ ဒေဍ္ဍုဘဿ သိလာဘုနော။
နေဝ လောဟိတသီသဿ၊ ဝိသံ နာဂဿ ဝိဇ္ဇတိ။
ဇာ၊၂။၂၂၉။

တတ္ထ သိလုတ္တဿာတိ ဃရသပ္ပဿ။ ဒေဍ္ဍုဘဿာတိ ဥဒကသပ္ပဿ။ သိလာဘုနောတိ နီလဝဏ္ဏသပ္ပဿ။ ဇာဋ္ဌ၊၇။၄၀။ ယင်းမြွေတို့ကား အဆိပ်မရှိသော မြွေတို့တည်း။]

(၆၅၃) အာသီဝိသော ဘုဇင်္ဂေါ’ဟိ၊ ဘုဇဂေါ စ ဘုဇင်္ဂမော။
သရီသပေါ ဖဏီ သပ္ပေါ-လဂဒ္ဒေါ ဘောဂိ ပန္နဂေါ။

(၆၅၄) ဒွိဇိဝှော ဥရဂေါ ဝါဠော၊ ဒီဃော စ ဒီဃပိဋ္ဌိကော။
ပါဒူဒရော ဝိသဓရော၊ ဘောဂေါ တု ဖဏိနော တနု။

(၆၅၃၊၆၅၄) အာသီဝိသော၊ ဘုဇင်္ဂေါ၊ အဟိ၊ ဘုဇဂေါ၊ ဘုဇင်္ဂမော၊ သရီသပေါ၊ ဖဏီ၊ သပ္ပေါ၊ အလဂဒ္ဒေါ၊ ဘောဂီ၊ ပန္နဂေါ၊ ဒွိဇိဝှော၊ ဥရဂေါ၊ ဝါဠော၊ ဒီဃော၊ ဒီဃပိဋ္ဌိကော၊ ပါဒူဒရော၊ ဝိသဓရော၊ မြွေ။ မြွေပရိယာယ် ၁၈-ပုဒ်။ တု၊ ထိုမှတပါး။ ဖဏိနော၊ မြွေ၏။ တနု၊ ကိုယ်သည်။ ဘောဂေါ၊ ဘောဂမည်၏။

[သပ္ပ, အလဂဒ္ဒ, ပန္နဂ-တို့ကို အခိုက်အတန့် ကေဝုစ် ပဌမန္တနှင့် ပြင်သည်။ စက္ကီ, ကုဏ္ဍလီ, ဂူဠ္ဍပါဒေါ, စက္ခုဿဝေါ, ကာကောဒရော, ဒဗ္ဗီကရော, ဗိလေသယော, ဇိမှဂေါ, ပဝနာသနော-တို့လည်း မြွေဟော ပရိယာယ်တို့တည်း။]

ပိဋကတ်တော်၌ ကဏှသပ္ပ-သည်လည်း မြွေဟောပရိယာယ် ဟူ၍ လာ၏။ ယင်း ကဏှသပ္ပ-ကို မြွေပွေး-ဟူ၍ရင်း၊ မြွေဟောက်

ဟူ၍ရင်း ပြန်ဆိုကြသည်။ ဝိ၊၁။သျှ-၌ မြွေငန်း-ဟု ပြန်သည်။ ကဏှာသပ္ပသ္မာ မုခေ။ ဝိ၊၁။၂၄။ ကဏှာသပ္ပံ ပဋိပထေ ပဿိနေ့ာ။ နေ့တ္တံ၊ဋ္ဌ။၄၃။]

(၆၅၅) အာသီ'တ္တိ သပ္ပဒါဌာထ၊ နိမ္မောကော ကဉ္စုကော သမာ။
ဝိသံ တွနိ့တ္တံ ဂရဠံ၊ တဗ္ဘေဒါ ဝါ ဟလာဟလော။

(၆၅၆) ကာဠကူဋာဒယော စာထ၊ ဝါဠဂ္ဂါဟျ' ဟိတုဏ္ဍိကော။

(၆၅၅၊၆၅၆) အာသီ၊ မြွေစွယ်။ ဣတ္တိ၊ ဣတ္ထိလိင်တည်း။ သပ္ပဒါဌာ၊ မြွေစွယ်။ မြွေစွယ်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ နိမ္မောကော၊ ကဉ္စုကော၊ မြွေရေလဲ။ သမာ၊ အနက်တူကုန်၏။ မြွေရေလဲပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိသံ၊ အဆိပ်။ အယံ၊ ဤဝိသ-သဒ္ဒါသည်။ အနိတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ ဂရဠံ၊ အဆိပ်။ အဆိပ်ပရိယာယ် ၂-ပုဒ်။ ဟလာဟလော၊ ဟလာဟလ အဆိပ်သည်ရင်း။ ဝါ၊ ဝိကပ် ပုလ္လိင်, နပုလ္လိင်တည်း။ ကာဠကူဋာဒယော၊ ကာဠကူဋအဆိပ် အစရှိသည် တို့သည်ရင်း။ တဗ္ဘေဒါ၊ ထိုအဆိပ်အထူးတို့ဘည်း။ အထ၊ ထိုမှတပါး။ ဝါဠဂ္ဂါဟီ၊ အဟိတုဏ္ဍိကော၊ အလမ္ပာယ်သမား။ အလမ္ပာယ်သမား ပရိယာယ် ၂-ပုဒ်။

[ကာဠကူဋာဒယော-၌ အာဒိဖြင့် ကာကောလအဆိပ်, သောရဋ္ဌိကအဆိပ်, သုက္ကိကေယျအဆိပ် အစရှိသည်တို့ကို ယူ။ ဋီကာ၌ အမရကောသ၊ ဂ။ ၁၀၊၁၁-လာ—

ပုမေ ပဉ္စေ စ ကာကောလ-ကာဠကူဋဟလာဟလာ။
သောရဋ္ဌိကော သုက္ကိကေယျော၊ ဗြဟ္မပုတ္တော ပဒီပနော့။
ဒါရဒေါ ဝစ္ဆနာဘော စ၊ ဝိသဘေဒါ ဣမေ နဝ —

ဂါထာဖြင့် အာဒိဖြင့်ယူရမည့် အဆိပ်များကို ဖော်ပြ၏။

**ဂါထာအနက်။** ။ကာကောလကာဠကူဋဟလာဟလာ၊ ကာကောလအဆိပ်,ကာဠကူဋအဆိပ်, ဟလာဟလ အဆိပ်တို့ရင်း။ ဣမေ၊ ဤသဒ္ဒါ သုံးပါးတို့သည်။ ပုမေ၊ ပုလ္လိင်၌ရင်း။ ပဉ္စေ စ၊ နပုလ္လိင်၌ရင်း။ သိယုံ၊ ဖြစ်ကုန်၏။ သောရဋ္ဌိကော၊ သောရဋ္ဌိက

အဆိပ်ရှင်း။ သုက္ကိကေယျော၊ သုက္ကိကေယျအဆိပ်ရှင်း။ ဗြဟ္မပုတ္တော၊ ဗြဟ္မပုတ္တအဆိပ်ရှင်း။ ပဒ္မိပနော၊ ပဒ္မိပနအဆိပ်ရှင်း။ ဒါရဒေါ၊ ဒါရဒ အဆိပ်ရှင်း။ ဝတ္ထနာဘော၊ ဝတ္ထနာဘ အဆိပ်ရှင်း။ ဣမေ နဝ၊ ဤကိုးပါးတို့သည်။ ဝိသဘေဒါ၊ အဆိပ်အထူးတို့တည်း။]

(၆၅၇) နိရယော ဒုဂ္ဂတိ'တ္ထိ စ၊ နရကော သော မဟာ'ဌဓော။
သဉ္ဇီဝေါ ကာဠသုတ္တော စ၊ မဟာရောရုဝရောရုဝါ။
ပတာပနော အဝီစိ'တ္ထိ၊ သံဃာတော တာပနော ဣတိ။

(၆၅၇) နိရယော၊ ဒုဂ္ဂတိ၊ ငရဲ။ ဣတ္ထိ၊ ဒုဂ္ဂတိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ နရကော၊ ငရဲ။ ငရဲပရိယာယ် ၃-ပုဒ်။ မဟာ၊ ကြီးသော။ သော၊ ထိုငရဲသည်။ သဉ္ဇီဝေါ၊ သိဉ္ဇိုး ငရဲရှင်း။ ကာဠသုတ္တော၊ ကာဠသုတ်ငရဲရှင်း။ မဟာရောရုဝ ရောရုဝါ၊ မဟာရောရုဝငရဲ, ရောရုဝငရဲတို့ပင်း။ ပတာပနော၊ ပတာပနငရဲရှင်း။ အဝီစိ, အဝီစိငရဲရှင်း။ ဣတ္ထိ၊ အဝီစိ-သဒ္ဒါ ဣတ္ထိလိင်တည်း။ သံဃာတော၊ သံဃာတငရဲရှင်း။ တာပနော၊ တာပန ငရဲရှင်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ခွဲခြား သချပ်အားဖြင့်။ အဌဓာ၊ ရှစ်ပါး အပြားရှိ၏။

[အဘိဓာန်ကျမ်းပြု ဆရာသည် ဤ ၆၅၇-ဂါထာဖြင့် ငရဲပရိယာယ် ၃-ပုဒ်နှင့် ငရဲကြီး ၈-ထပ်သရုပ်ကို ပြသည်။

ယင်း ငရဲကြီး ၈-ထပ် သရုပ်ကား—

သဉ္ဇီဝေါ ကာဠသုတ္တော စ၊ သံဃာတော ဒွေ စ ရောရုဝါ။
အထာပရော မဟာဝီစိ၊ တာပနော စ ပတာပနော။
ဣစ္စေတေ အဌ နိရယာ၊ အက္ခာတာ ဒုရတိက္ကမာ။
အာကိဏ္ဏာ လုဒ္ဒကမ္မေဟိ၊ ပစ္စေကာ သောဠသုဿဒါ–

ဟူ၍ ဇာ၊ ၂၊ ၆ဝ။ သံကိစ္စဇာတ်၌ အခြံအရံငရဲများ သာချာနှင့်တကွ လာ၏။ ယင်း သဉ္ဇီဝ-စသော ပုဒ်များ၏ ဝစနတ္ထကို ဇာ၊ဌ၊၅။ ၂၀၇၊ ၂၀၀၊ ၂၀၉-တို့ ကြည့်။

ယင်း ဇာ၊ ၄၁၅။ ၂၀၉-၌–

ပစ္စေကာ သောဏ္ဍသုဿဒါတိ တေသံ နိရယာနံ ကေကဿ စတူသု ဒွါရေသု ေကကသ္မိံ စတ္တာရော စတ္တာရော ကတွာ သောဠသ သောဠသ ဥဿဒနိရယာတိ သဗ္ဗေပိ သတံ အဋ္ဌဝီသတိ ၁ ဥဿဒနိရယာ, အဋ္ဌ စ မဟာနိရယာတိ ဆတ္တိံသ နိရယသတံ– ဟု ခြေပေါင်း ၁၃၆-ခု လာရှိ၏။]

(၆၅၀) ထိယံ ဝေတရဏီ လောဟ– ကုမ္ဘီ တတ္တ ဇလာသယာ။
ကာရဏံကော နိရယပေါ၊ နေရယိကော တု နာရကော။

(၆၅၀) တတ္ထ၊ ထိုငရဲကြီးရှစ်ထပ်၌။ ဝေတရဏီ၊ ဝေတရဏီငရဲသည် ၎င်း။ လောဟကုမ္ဘီ၊ လောဟကုမ္ဘီငရဲသည်၎င်း။ ဇလာသယာ၊ ရေအိုင် မြစ်ချောင်းငရဲ ဘို မည်ကုန်၏။ ကာရဏိကော၊ နိရယပေါ၊ ငရဲထိန်း။ ငရဲ ထိန်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ နေရယိကော၊ နာရကော၊ ငရဲသူ ငရဲသား။ ငရဲသူ ငရဲသားပရိယာယ် ၂-ပုဒ်။

[တရဏီ နာဝါ၊ သာ နတ္ထိ ယဿံ ဝေတရဏီ။ လောဟမယာ ကုမ္ဘီ လောဟကုမ္ဘီ-ဟု မိုးကောင်း ဝိဂ္ဂဟ်ပြု၏။ ထိန်း, စောင့်သည်ကို နှ-သတ် ရမည်။ "ဆင်ထိန်း, မြင်းထိန်း,၊ ကလိန်း ကလက်"ကို ထောက်ရာ၏။]

(၆၅၉) အဏ္ဏဝေါ သာဂရော သိန္ဓု၊ သမုဒ္ဒေါ ရတနာကရော။
ဇလနိမ္ဗျုဒဓိ ဥဒဓိ၊ ဘေဒါ ခီရဏ္ဏဝါဒယော။

(၆၅၉) အဏ္ဏဝေါ၊ သာဂရော၊ သိန္ဓု၊ သမုဒ္ဒေါ၊ ရတနာကရော၊ ဇလ-နိဓိ၊ ဥဒဓိ၊ သမုဒ္ဒရာ။ သမုဒ္ဒရာပရိယာယ် ၇-ပုဒ်။ ခီရဏ္ဏဝါဒယော၊ ခီရဏ္ဏဝ အစရှိသည်တို့သည်။ တဿ၊ ထို သမုဒ္ဒရာ၏။ ဘေဒါ၊ အထူးတို့တည်း။

[မဟောဒဓိ-လည်း သမုဒ္ဒရာဟော ပရိယာယ်ဘည်း။

ယထာ ယာကာစိ နဒီယော၊ သြသရန္တိ မဟောဒဓိံ။
ပုဒ္ဓ၀၊ ၃၂၁။

ခိရဏ္ဏဝါဒယော-၌ အာဒိဖြင့် လဝဏောဒ, ဒဓျုဒ, ဃတောဒ, ဥစ္ဆုရသောဒ, မဒိရောဒ, သာဒုဒက-ဟူသော သမုဒ္ဒရာ ၆-စင်းတို့ကို ယူရာ၏။ ယင်း သမုဒ္ဒရာ ၆-စင်းကို—

လဝဏောဒေါ စ ဒဓျုဒေါ၊ ဃတောဒေါ စ ဥစ္ဆုရသော။
မဒိရောဒေါ သာဒုဒကော၊ ဉာတဗ္ဗော အာဒိနာ ဟိ ခေါ—

ဟူသော ဂါထာဖြင့် မှတ်ရာ၏။ ၂

(၆၆၀) ဝေလာ'ဿ ကူလဒေသောထ၊ အာဝဋ္ဋော သလိလဗ္ဘမော။
ထေဝေါ တု ဗိန္ဒု ဖုသိတံ၊ ဘမော တု ဇလနိဂ္ဂမော။

(၆၆၀) အဿ၊ ထို သမုဒ္ဒရာ၏။ ကူလဒေသော၊ ကမ်းအရပ်သည်။ ဝေလာ၊ ဝေလာ မည်၏။ အထ၊ ထိုမှတပါး။ အာဝဋ္ဋော၊ သလိလဗ္ဘမော၊ ရေဝဲ။ ရေဝဲ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ထေဝေါ၊ ဗိန္ဒု၊ ဖုသိတံ၊ ရေပေါက်။ ရေပေါက်ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဘမော၊ ဇလ-နိဂ္ဂမော၊ ပြွန်။ (တံတိုင်း, အိမ်နံရံတို့၌ ရေထွက်လမ်းလည်း ဟူ။) ပြွန် ပရိယာယ် ၂-ပုဒ်။

[ဝိဂစ္ဆန္တိ ဣရာ ယဿံ ဝေလာ။ ရေကောင်းရာ ရေမရှိရာ ဖြစ်သဖြင့် ဝေလာ မည်၏ ဟူလို။ အာဝဋ္ဋ-ကို "အာဝဋ္ဋန္တိ ဇလာနိ အတြာတိ အာဝဋ္ဋော"ဟု ဋီကာ၌ ပြု၏။ မဇ္ဈေ ဂင်္ဂါယ အာဝဋ္ဋံ ဥဋ္ဌပေသိ။ မ၄၊၂။၁၆၀။]

(၆၆၁) အာပေါ ပယော ဇလံ ဝါရိ၊ ပါနီယံ သလိလံ ဒကံ။
အဏ္ဏော နီရံ ဝနံ ဝါလံ၊ တောယံ အမ္ဗု'ဒကဉ္စ ကံ။

(၆၆၁) အာပေါ၊ ပယော၊ ဇလံ၊ ဝါရိ၊ ပါနီယံ၊ သလိလံ၊ ဒကံ၊ အဏ္ဏော၊ နီရံ၊ ဝနံ၊ ဝါလံ၊ တောယံ၊ အမ္ဗု၊ ဥဒကံ၊ ကံ၊ ရေ။ ရေပရိယာယ် ၁၅-ပုဒ်။

[ပါနိ-လည်း ရေဟောတည်း။ ပါနီတိ ပါနီယံ။ ဇာ၄၊၆။၁၃၇။ ကေပုက-လည်း ရေဟောဖြစ်၏။ ကေပုကေတိ ကေပုကံ ဝုစ္စတိ ဥဒကံ။ ဇာ၄၊၆။၅၂။ ဥဒ-သဒ္ဒါလည်း ရေဟောပရိယာယ်တည်း။ အမက္ခိတော ကေနစိ ဥဒေန။ မ၃။၁၆၄။ ဥဒေနာတိ ဥဒကေန။

မ၊ဋ္ဌ၊၃။၁၆၄။ ဩဃ-သဒ္ဒါလည်း ရေဟောတည်း။ ဩဃပုဏ္ဏော-ပမိတိ ဥဒကပုဏ္ဏော ပိ။ ဝိ၊ဋ္ဌ၊၃။၃၀၇။ နိန္နဂ-လည်း ရေဟောဖြစ်၏။ နိန္နဂသဒ်ါတံ ဥဒကံ။ ဥဒါန၊ဋ္ဌ။၃၀၁။ ပေါက္ခရ-သဒ္ဒါလည်း ရေဟော ဖြစ်၏။ပေါက္ခရံ ပဒုမေ ဒေဟေ...သလိလေ၊မာတင်္ဂကရကောဋိယံ။ ဓာန်။ဂ၂၇-ဂါထာ။]

(၆၆၂) တရင်္ဂေါ စ ဟာ ဘင်္ဂေါ၊ ဦမိ ဝီစိ ပုမိတ္ထိယံ။
ဥလ္လောလော တု စ ကလ္လောလော၊ မဟာဝီစိသု ကထျတေ။

(၆၆၂) တရင်္ဂေါ၊ လှိုင်းတံပိုး။ ဘင်္ဂေါ၊ ဆိုမှတပါး။ ဘင်္ဂေါ၊ ဦမိ၊ ဝီစိ၊ လှိုင်းတံပိုး။ ပုမိတ္ထိယံ၊ ပုလ္လိင်, ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ လှိုင်း တံပိုးပရိယာယ် ၄-ပုဒ်။ ဟု၊ ဆိုမှတပါး။ ဥလ္လောလော၊ ဥလ္လောလ-သဒ္ဒါ သည်ရင်း။ ကလ္လောလော၊ ကလ္လောလ-သဒ္ဒါသည်ရင်း။ မဟာဝီစိသု၊ လှိုင်း တံပိုးကြီးတို့၌၊ ကထျတေ၊ ဆိုအပ်၏။ လှိုင်းတံပိုးကြီးပရိယာယ် ၂-ပုဒ်။

[ငယ်သော လှိုင်းသည် ဝီစိ၊ ကြီးသော လှိုင်းသည် တရင်္ဂ-ဟု လည်း အရာအားလျော်စွာ အထူးဆိုကြသည်။ ခုဒ္ဒိကာ ဦမိယော ဝီစိယော၊ မဟတိယော တရင်္ဂါ။ သာရတ္ထ၊၁။၃၆၆။ ယူဇနာ ၆၀-တိုင် တက်သော လှိုင်းသည် 'မဟိန္ဒလှိုင်း'၊ ယူဇနာ ၅၀-တိုင် တက်သော လှိုင်းသည် 'တရင်္ဂလှိုင်း' (ဂင်္ဂါလှိုင်း)၊ ယူဇနာ ၄၀-တိုင် တက်သော လှိုင်းသည် 'ရောဟဏလှိုင်း'မည်၏-ဟူ၍လည်း အထူးမိန့်ဆိုကြ၏။ မဟာနိ၊ဋ္ဌ။၃၄၀။]

(၆၆၃) ဇမ္ဗာလော ကလလံ ပင်္ကော၊ စိက္ခလ္လံ ကဒ္ဒမော ပျထ။
ပုလိနံ ဝါလုကာ ဝဏ္ဏု၊ မရူ'ရု သိကတာ ဘဝေ။

(၆၆၃) ဇမ္ဗာလော၊ ကလလံ၊ ပင်္ကော၊ စိက္ခလ္လံ၊ ကဒ္ဒမော၊ ညွန်။ (ရွှံ့လည်း ဟူ)။ ညွန်ပရိယာယ်၅-ပုဒ်။ အထ၊ ထိုမှတပါး။ ပုလိနံ၊ ဝါလုကာ၊ ဝဏ္ဏု၊ မရု၊ ဥရု၊ သိကတာ၊ သဲ။ သမော၊ ဆနက်တူသည်။ ဘဝေ၊ ဖြစ်၏။ သဲပရိယာယ် ၆-ပုဒ်။

[ပလိပ-လည်း ညွန် ဟောတည်း။ ကျမ်းဂန်များ၌ ပင်္ကနှင့် ပလိပ အထူးဆိုကြ၏။ ပင်္ကသည် ပကတိညွန်တည်း။ ပလိပသည် နက်ကျယ် ပြန့်ပြောသော ညွန်တည်း။ ပင်္ကပလိပါတိ ပင်္ကာ စ

ပေပိပါ စ။ ပကော် ဝုစ္စတိ ပကတိကဒ္ဒမော။ ပလိပေါတိ ဂမ္ဘီရ-ပုထုလော မဟာကဒ္ဒမော။ ထေရ၊ဌ၊၁၊၂၃၈။ ကျုံမိလျှင် နှုတ်၍ မလွယ်ကူသော ညွန်မျိုးသည် ပလိပ မည်၏ ဟူလို။]

(၆၆၄) အန္တရိပဥ္စ ဒီပေါ ဝါ၊ ဇလမဇ္ဈဂတံ ထလံ။
တီရံ တု ကူလံ ရောဓဉ္စ၊ ပတီရဥ္စ တဋံ တိသု။

(၆၆၄) ဇလမဇ္ဈဂတံ၊ ရေ၏ အလယ်၌ တည်ဖသော။ ထလံ၊ ကြည်းကုန်းသည်။ အန္တရိပံ၊ အန္တရိပ မည်၏။ ဒီပေါ၊ ဒီပလည်း မည်၏။ အန္တ-ရိပံ၊ ဒီပေါ၊ ကျွန်း။ ဝါ၊ ဒီပ-သဒ္ဒါ ဝိကပ် ပုလ္လိင်, နပုလ္လိင်တည်း။ ကျွန်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ တီရံ၊ ကူလံ၊ ရောဓံ၊ ပတီရံ၊ တဋံ၊ ကမ်း။ အယံ၊ ဤ တဋ-သဒ္ဒါသည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ကမ်းပရိယာယ် ၅-ပုဒ်။

[အန္တရိပ-ကို "ဒွိဓာဂတာနံ အာပါနံ အန္တရဂတံ အန္တရိပံ"ဟု ဋီကာ၌ ဝိဂ္ဂိုဟ်ပြု၏။ အန္တရိယ-ဟူ၍လည်း ရှိတတ်သည်။ ယင်းသို့ ရှိရာ၌ "ဒွိဓာဂတာနံ အာပါနံ အန္တရေ ဘဝံ အန္တရိယံ" ဟု ပြုရာ၏ဟု ဋီကာဆို၏။ ဒီပ-ကိုလည်း "ဒွိဓာဂတာနိ အာပါနိ အသ္မိံ ဟောတုဘူတေတိ ဒီပေါ"ဟု ပြု၏။ ဝ-နှင့် အာ-ကို ချေ။ ထို ကြောင့် "ဒွိဓာအာပ၊ သန္ဒနဖကြောင့်၊ ဒီပခေါ်မှန်း၊ လေးရပ် ကျွန်း၌" ဟု စပ်ဆိုတော်မူကြကုန်၏။]

(၆၆၅) ပါရံ ပရမှိ တီရမှိ၊ ဩရံ တွ'ပါရ မုစ္စတေ။
ဥဠုမ္ပော တု ပ္လဝေါ ကုလ္လော၊ တရော စ ပစ္စရိ'တ္ထိယံ။

(၆၆၅) ပါရံ၊ ပါရ-သဒ္ဒါသည်။ ပရမှိ တီရမှိ၊ ထိုမှာဘက်ကမ်း၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ဩရံ၊ ဤမှာဘက်ကမ်းကို။ အပါရံ၊ အပါရ မည်၏ ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဥဠုမ္ပော၊ ပ္လဝေါ၊ ကုလ္လော၊ တရော၊ ပစ္စရိ၊ ဖောင်။ အယံ၊ ဤ ပစ္စရိ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[မ၊ ဋ၊ ၂။ ၁၅။ အလဂဒ္ဒူပမသုတ်အဖွင့်၌ "ကုလ္လော နာမ တရဏတ္ထာယ ကလာပံ ကတွာ ဗဒ္ဓေါ။ ပတ္ထရိတွာ ဗဒ္ဓါ ပန ပဒရစာဋိအာဒယော ဥဠုမ္ပောတိ ဝုစ္စန္တိ" ဟု ဆို၏။ ဝါးဖောင်,

ကျူဖောင်ဆည် 'ကုလ္လ'၊ ပျဉ်ချပ်ဖောင်, စဉ့်အိုးဖောင်သည် 'ဥဠုမ္ပ' မည်၏ ဟူလို။ သာရတ္ထ၊ ၃။ ၃၁၉-၌ "ဥဠုမ္ပန္တိ ပါရဂမနတ္ထာယ လဟုကေ ဒါရုဒဏ္ဍေ ဂဟေတွာ ကဝါဋဖလကေ ဝိယ အညမညသမ္ဗန္ဓေ ကာတုံ အာဏိယော ကောဋ္ဋေတွာ နာဝါသင်္ခေပေန ကတံ။ ကုလ္လန္တိ ဝေဠုနဠာဒီဟိ သင်္ဃာဋိတွာ ဝလ္လိအာဒီဟိ ကလာပဝသေန ဗန္ဓိတွာ ကတံ" ဟု ဆို၏။ ဆိုလိုရင်းကား သစ်သားဖြင့် ပြုလုပ်ထားသော ဖောင်သည် 'ဥဠုမ္ပ'၊ ဝါး, ကျူ-စသည်မြှင့် (ဝါးဖြင့်) ပြုလုပ်သော ဖောင်သည် 'ကုလ္လ'-ဟူ၏။

(ဆောင်) ဥဠုမ္ပကို၊ သစ်ဖောင်ဆို၊ ဝါးဖောင်ကိုမူ၊ 'ကုလ္လ'ဟူ၏။]

(၆၆၆) တရဏိ တရိ နာဝါ စ၊ ကူပကော တု စ ကုမ္ဘကံ။
ပစ္ဆာဗန္ဓော ဂေါဋ္ဌဝိသော၊ ကဏ္ဏဓာရော တု နာဝိကော။

(၆၆၆) တရဏိ၊ တရိ၊ နာဝါ၊ လှေ။ လှေပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကူပကော၊ ကုမ္ဘကံ၊ ရွက်တိုင် (လင်းယဉ်တိုင်လည်း ဟူ)။ ရွက်တိုင်ပရိယာယ် ၂-ပုဒ်။ ပစ္ဆာဗန္ဓော၊ ဂေါဋ္ဌဝိသော၊ ပဲ့စင်။ (နောက်တွဲသမ္ဗန်, နောက်တွဲလှေငယ်။) ပဲ့စင်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကဏ္ဏဓာရော၊ နာဝိကော၊ ပဲ့သမား (လှေသူကြီး၊ မာလိန် လည်း ဟူ)။ ပဲ့သမားပရိယာယ် ၂-ပုဒ်။

[တရဏိ, တရဏီ-ဟု ရဿ, ဒီဃ ၂-မျိုးလုံးဖြင့် ပုဒ်နေ ရှိ၏။ တရန္တျနေနာတိ တရဏိ၊ နာဝါ သူရိယော စ။ ဏွာဒိ။ ၆၂။ တရဏီသင်္ခါတာယ နာဝါယ မဟန္တံ လောဏသာဂရံ ပဝိသတ္ထိ။ မဟာနိ၊ ၄။ ၂၄၂။ ယင်းတရဏီ-စသည်တို့ကို လှေ,သင်္ဘော,မော်တော်, ရေယာဉ် သင့်သလို ပြန်ဆိုနိုင်၏။]

(၆၆၇) အရိတ္တံ ကေနိပါတောထ၊ ပေါတဝါဟော နိယာမကော။
သံယတ္တိကာ တု နာဝါယ၊ ဝါဏိဇ္ဇာ မာစရန္တိ ယေ။

(၆၆၇) အရိတ္တံ၊ ကေနိပါတော၊ ထိုးဝါး (တက်မ, ခတ်တက်, လှော်တက်, ပဲ့တက် သော်လည်း ဟူ)။ ထိုးဝါးပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ပေါတဝါဟော၊ နိယာမကော၊ လှေသမား (သင်္ဘောသား, မော်တော်သားလည်း ဟူ၏)။ တု၊ ထိုမှတပါး။ ယေ၊ အကြင်ကုန်သည်တို့

သည်။ နာဝါယ၊ လှေဖြင့်။ ဝါ၊ သဘော်၊ မော်တော်ဖြင့်။ ဝါကိဋ္ဌ၊ ဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်းကို။ အာစရန္တိ၊ ပြုကြကုန်၏။ တေ၊ ထိုကုန်သည်တို့သည်။ သံယတ္တိကာ၊ သံယတ္တိကာ မည်ကုန်၏။ ဝါ၊ လှေကုန်သည်တို့ မည်ကုန်၏။ ဝါ၊ သဘော်ကုန်သည်၊ မော်တော်ကုန်သည်တို့ မည်ကုန်၏။

[အရိတ္တေနာ (ရိတ္တေနာ)တိ ဝေဠုဒဏ္ဍေန။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၆၄။ အရိတ္တ-ကို "အရတိ တေန နာဝါတိ အရိတ္တံ၊ ပါဇနဒဏ္ဍော" ဟု သာရတ္ထ၊ ၂။ ၂၁၂-၌ ဆို၏။ ပေါတာဝါဟော-ကို "ပေါတေ ပဝဟန်၊ တံ ဝါဟယတီတိ ပေါတဝါဟော" ဟု ဋီကာ ပြုသည်။]

(၆၆၀) နာဝါယ'င်္ဂါ လက်ာရော စ၊ ဝဋ္ဋာကာရော ဖိယာဒယော။
ပေါတော ပဝဟန် ဝုတ္တံ၊ ဒေါဏိ တိတ္ထိ တထာ'မ္ဗဏံ။

(၆၆၀) လက်ာရော စ၊ လင်းယဉ်တိုင်ငှင်း။ ဝဋ္ဋာကာရော၊ ရွက်ကြိုးငှင်း။ ဖိယာဒယော၊ လှော်တက် အစရှိသည်တို့ငှင်း။ ဣမေ၊ ဤသည်တို့ကား။ နာဝါယ၊ လှေ၏။ အင်္ဂါ၊ အစိတ်အပိုင်း အင်္ဂါတို့တည်း။ ပေါတော၊ လှေငယ်ကို။ ပဝဟန်၊ ပဝဟနဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဒေါဏိ၊ ထွင်းလှေ။ ဝါ၊ လှေကြီး။ ဝါ၊ စကျင်း။ ဝါ၊ ခေါင်း။ တိတ္ထိ၊ ဣတ္ထိလိင်တည်း။ တထာ၊ ထိုမှတပါး။ အမ္ဗဏံ၊ ထွင်းလှေ။ ဝါ၊ လှေကြီး။ ဝါ၊ စကျင်း။ ဝါ၊ ခေါင်း။ ထွင်းလှေ, လှေကြီး, စကျင်း, ခေါင်း ပရိယာယ် ၂-ပုဒ်။

[ဒဗ္ဗိပဒရ-လည်း လှော်တက်ဟော ပရိယာယ်တည်း။ ဖိယေနာတိ ဒဗ္ဗိပဒရေန။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၆၄။ ဒေါဏိ-သဒ္ဒါ လှေကြီးကိုလည်း ဟောသည်။ ဒေါဏိန္တိ ဂမ္ဘီရံ မဟာနာဝံ။ ဇာ၊ ဋ္ဌ၊ ၄။ ၁၆၆။ လှေသာမန်ကိုလည်း ဟောသည်။ ဒေါဏိန္တိ တွေ ဒေါဏိ-သဒ္ဒေါပိ နာဝါပရိယာယဝေယော။ ဇာ၊ ဋီ၊ ၁၂။ ၄၆၆။

အာခေရ, တရပညာ-တို့ကား ရွက်ဟောတို့တည်း။ ခေပန-သဒ္ဒါ လှော်တက်တည်း။ သေတပတ္တ-သဒ္ဒါ, သေစန-သဒ္ဒါတို့ကား ပက်ခွန့် ဟောတို့တည်း။]

(၆၆၉) ဂဘီရ နိန္န ဂမ္ဘီရာ–ထော’တ္တာန တဗ္ဗိပက္ခကေ။
အဂါဓံ တွ’တလမ္ဖဿံ၊ အနုဇ္ဇွာ ကလုသာ’ဝိလာ။

(၆၆၉) ဂဘီရ၊ နိန္န၊ ဂမ္ဘီရ၊ နက်သည်။ (ဉ-လိင်ဆံ ပုဒ်များတည်း။ ဂဘီရာ၊ ဂဘီရော၊ ဂဘီရံ-ဟု ဝိသေသျပုဒ်၏ လိင်သို့လိုက်၍ နေသည်။ နိန္န, ဂမ္ဘီရ-လည်း နည်းတူ။) နက်သည်ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှ တပါး။ ဥတ္တာနံ၊ ဥတ္တာန-သဒ္ဒါသည်။ တဗ္ဗိပက္ခေကာ၊ ထို အနက်၏အပြန် ဖြစ်သော တိမ်သည်၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ အဂါဓံ၊ အတလမ္ဖဿံ၊ အလွန်နက်သည် (မယောက်မှီနိုင်အောင် နက်သည် ဟူလို)။ အလွန်နက်သည်ပရိယာယ် ၂-ပုဒ်။ အနစ္ဆော၊ ကလုသော၊ အာဝိလော၊ နောက်သည်။ နောက်သည်ပရိယာယ် ၃-ပုဒ်။

[ဂဘီရ, ဂမ္ဘီရ-တို့ကို "ဂမ္ဘီရာ ဘာယန္တိ အသိမ္ဟိ ဝါ ဂဘီရော၊ ဂမ္ဘီရော" ဟု ဋီကာ၌ ဝိဂ္ဂြိဟ်ပြု၏။]

(၆၇၀) အစ္ဆော ပသန္နော ဝိမလော၊ ဂဘီရပ္ပဘုတိ တိသု။
မိုဲဝယ္ဘာ မစ္ဆိယော မစ္ဆ–ပန္နကေဝဋ္ဋဇာလိကာ။

(၆၇၀) အစ္ဆော၊ ပသန္နော၊ ဝိမလော၊ ကြည်လင်သည်။ ကြည်လင်သည် ပရိယာယ် ၃-ပုဒ်။ ဂဘီရပ္ပဘုတိ၊ ဂဘီရ-အစရှိသော သဒ္ဒါတို့သည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ မိဝယော၊ မစ္ဆိကော၊ မစ္ဆပန္နော၊ ကေဝဋ္ဋော၊ ဇာလိကော တံငါ။ (၂-ပုဒ်ကို အဆိုက်အတန့်အားဖြင့် ပြင်သည်) တံငါပရိယာယ် ၅-ပုဒ်။

[သစ္ဆ-လည်း ကြည်လင်သည်၊ ကြည်လင်သော ပရိယာယ် ဟောတည်း။ သစ္ဆောဝိ။ ဋီကာ။ ကေဝဋ္ဋ-လည်း တံငါသည် ဟောပရိယာယ်တည်း။ ကေဝဋ္ဋောပိ။ ဋီကာ။ ဒါသ-သဒ္ဒါလည်း တံငါသည်ဟောတည်း။ ဒါသော ကေဝဋ္ဋာဘစ္ဆေသု။ စိန္တာမဏိ-ဋီကာ။ ၁၁၂၆။]

(၆၇၁) မစ္ဆော မီနော ဇလစရော၊ ပုထုလောမော’မ္ဗုဇော ဈသော။
ရောဟိတော မဂ္ဂုရော သိင်္ဂီ၊ ဗလဇော မုဉ္ဇပါဝုသာ။

(၆၇၂) သတ္တဝင်္ကော သဝင်္ကော စ၊ နဠမီနော စ ဂဍ္ဍကော။
သုသုကာ သဖရီ မဟာ–မစ္ဆာတိမိ မကရာဒယော။

(၆၇၁၊ ၆၇၂) မစ္ဆော၊ မီနော၊ ဇလစရော၊ ပုထုလောမော၊ အမ္ဗုဇော၊ ဈသော၊ ငါး။ ငါးပရိယာယ် ၆-ပုဒ်။ ရောဟိတော၊ ငါးကြင်း။ မဂ္ဂုရော၊ ငါးခူ။ သိင်္ဂီ၊ ငါးကြွံ။ ဗလဇော၊ ငါးပတ်။ မုဉ္စော၊ ငါးရံ့။ ပါဝုသော၊ ငါးတန်။ (မုဥ္စ, ပါဝုသာ-တို့ကို အခိုက်အတန့် မုဉ္စော, ပါဝုသော-ဟု ပြင်။) သတ္တဝင်္ကော၊ ငါးရှဉ့်။ သဝင်္ကော၊ ငါးမြွေ။ နဠမီနော၊ ငါးဖောင်ရိုး။ ဂဏ္ဍကော၊ ငါးမန်း။ သုသုကာ၊ ငါးပုတျက်။ သဖရီ၊ ငါးခုံးမ။ မကရာဒယော၊ မကရ်း-စသည်တို့သည်။ မစ္ဆပ္ပဘေဒါ၊ ငါးအထူးတို့တည်း။

[အဏ္ဍဇော, ဝိသာရော, သကလီ-သဒ္ဒါတို့သည်လည်း ငါးဟော ပရိယာယ်တို့တည်း။ သုသုကာ-ကို ငါးပုတျက်ဟု ဋီကာဆရာ ပြန်ဆိုသည်။ မိကျောင်းနှင့်တူသော ငါးဟုလည်း ဆိုကြသည်။ ငါးကြမ်းဟု ပြန်လျှင်လည်း သင့်လျော်၏။ သုသုကာဘယန္တိ စဏ္ဍ-မစ္ဆဘယံ။ မ၊ဋ္ဌ၊၃။၁၂၃။ စာတုမသုတ် အဖွင့်။

နီတိ၊ဓာ။၂၅၄-၌—

မီနောတိ မစ္ဆော။ မစ္ဆဿ ဟိ မီနော မစ္ဆော အမ္ဗုဇော ဝါရိဇော ဝါရိစရောတိ အနေကာနိ နာမာနိ။ ဝိသေသနာမာနိ ပန အမရော ခလိသော စန္ဒကုလော ကန္ဒဖလိ ဣန္ဒဖလိ ဣန္ဒဝလော ကုလိသော ဝါမိ ကုင်္ကုတလော ကဏ္ဍိကော သကုလော မင်္ဂုရော သိင်္ဂီ သတဝင်္ကော ရောဟိတော ပါဌီနော ကာဏော ဝသင်္ကော ပါဝုသော ဣလစ္စေဝမာဒီနိ-ဟု လာ၏။]

(၆၇၃) မဟာမစ္ဆာ တိမိ တိမိ–င်္ဂလော တိမိရပိင်္ဂလော။
အာနန္ဒော တိမိနန္ဒော စ၊ အဇ္ဈာရောဟော မဟာတိမိ။

(၆၇၃) တိမိ၊ တိမိငါးရှင်း။ တိမိင်္ဂလော၊ တိမိင်္ဂလငါးရှင်း။ တိမိရ-ပိင်္ဂလော၊ တိမိရပိင်္ဂလငါးရှင်း။ အာနန္ဒော၊ အာနန္ဒာငါးရှင်း။ တိမိနန္ဒော စ၊ တိမိနန္ဒငါးရှင်း။ အဇ္ဈာရောဟော စ၊ အဇ္ဈာရောဟငါးရှင်း။ မဟာ-တိမိ၊ မဟာတိမိငါးရှင်း။ ဣမေ၊ ဤငါးတို့သည်ကား။ မဟာမစ္ဆာ၊ ကြီးမားသော ငါးတို့တည်း။ ဝါ၊ ဝေလငါးကြီးတို့တည်း။

[ဒီ၊ဋ္ဌ၊၂။၇၇။ သံ၊ဋ္ဌ၊၂။ဂ၁-တို့၌ ဤအဘိဓာန်ကျမ်းလာ ငါးကြီး ၇-မျိုးတွင် တိမိပိင်္ဂလငါး ပို၍လာသဖြင့် ဂ-မျိုး ဖြစ်၏။ တိမိငါး

ယူဇနာ-၂၀၀၊ တိမိင်္ဂလငါး ယူဇနာ-၃၀၀၊ တိမိပိင်္ဂလငါး ယူဇနာ ၄၀၀၊ တိမိရပိင်္ဂလငါး ယူဇနာ ၅၀၀၊ အာနန္ဒာငါး, တိမိနန္ဒာငါး, အဇ္ဈာရောဟငါး, မဟာတိမိငါးတို့ ယူဇနာ ၁၀၀၀-စီ ရှိသောဟူ၏။ ဒီ၊ဋ္ဌ၊၂။၇၇။ သံ၊ဋ္ဌ၊၂။၈၁-တို့ကြည့်။]

(၆၇၄) ပါသာဏမစ္ဆော ပါဌီနော၊
ဝင်္ကော တု ဗလိသော ဘဝေ။
သုသုမာရော တု ကုမ္ဘီလော၊
နက္ကော ကုမ္ဘော တု ကစ္ဆပေါ။

(၆၇၄) ပါသာဏမစ္ဆော၊ ပါဌီနော၊ ငါးပတ်။ ငါးပတ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝင်္ကော၊ ဗလိသော၊ ငါးမျှားချိတ်။ သမော၊ အနက်တူသည်။ ဘဝေ၊ဖြစ်၏။ ငါးမျှားချိတ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သုသုမာရော၊ ကုမ္ဘီလော၊ နက္ကော၊ မိကျောင်း။ မိကျောင်းပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကုမ္ဘော၊ ကစ္ဆပေါ၊ လိပ်။ လိပ်ပရိယာယ် ၂-ပုဒ်။

[ပါသာဏမစ္ဆ-ကို ငါးဖယ်ဟူ၍လည်း ပြန်ဆိုကြသည်။ ပါဌီန-ဝဏ္ဏာတိ ပါသာဏမစ္ဆသဒိသာ။ ဇာ၊ဋ္ဌ၊၇။၃၀၀။ ငါးပုတ်တိ ဝဒန္တိ-ဟု ဋီကာ ဖွင့်သည်။

ဝင်္က-ကို ဝင်္ကတိတိ ဝင်္ကော -ဟု ဋီကာပြု၏။ ဝင်္ကဃသ္တာ၀ အမ္ဗုဇော။ ဒီ၊၂။၂၁၃။ သုသုမာရ, သံသုမာရ-ဟု ပါဠ် ၂-မျိုး ရှိတတ်၏။]

(၆၇၅) ကက္ကဋကော ကုဠီရော စ၊ ဇလူကာ တု စ ရတ္တပါ။
မဏ္ဍူကော ဒဒ္ဒုရော ဘေကော၊ ဂဏ္ဍုပ္ပါဒေါ မဟီလတာ။

(၆၇၅) ကက္ကဋကော၊ ကုဠီရော၊ ပုဇွန်လုံး။ ပုဇွန်လုံးပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဇလူကာ၊ ရတ္တပါ၊ မျှော့။ မျှော့ပရိယာယ် ၂-ပုဒ်။ မဏ္ဍူကော၊ ဒဒ္ဒုရော၊ ဘေကော၊ ဖား။ ဖား ပရိယာယ် ၃-ပုဒ်။ ဂဏ္ဍုပ္ပါဒေါ၊ မဟီလတာ၊ တီ။ တီပရိယာယ် ၂-ပုဒ်။

[ကက္ကဋက-ကို "ကကတီတိ ကက္ကဋော"ဟု ပြု၏။ ညှပ်တတ်သောကြောင့် ကက္ကဋက-မည်၏ ဟူလို။ "ပုဇွန်ကြံတတ်၊ ဗျိုင်းလယ်ပြတ်၊ ရှေကတ်ကျေးအသွင်" ဟူသော လင်္ကာနှင့် ညီ၏။

ဝဿဘူ, သာလူရော, ပ္လဝေါ-တို့လည်း ဖားဟော ပရိယာယ် တည်း။ ကိဋ္ဌလုကော-သည် တီဟောပရိယာယ်တည်း။ ကိဋ္ဌ စလတီတိ ကိဋ္ဌလုကော-ဟု ပြုသည်။ ကိ˙သဒ္ဒူပပဒ စလ-ဓာတ် ဥက-ပစ္စည်း။ စဉ်းငယ်လှုပ်တတ် တွန့်လိမ်တတ်ရကား ကိဋ္ဌလုက-မည်၏ ဟူလို။]

(၆၇၆) အထ သိပ္ပိ စ သုတ္တိ'တ္ထိ၊ သင်္ခေါ တု ကမ္ဗု'နိတ္ထိယံ။
ခုဒ္ဒသင်္ခေါ သင်္ခနခေါ၊ ဇလသုတ္တိ စ သမ္ဗုကော။

(၆၇၆) အထ၊ ထိုမှတပါး။ သိပ္ပိ၊ သုတ္တိ၊ ကနုကမာ။ ဣတ္ထိ၊ ဣတ္ထိလိင် တည်း။ (ယောက်သွားလည်း ဟူ)။ ကနုကမာပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ သင်္ခေါ၊ ကမ္ဗု၊ ခရုသင်းကြီး။ အယံ၊ ဤကမ္ဗု-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ခရုသင်းကြီး ပရိယာယ် ၂-ပုဒ်။ ခုဒ္ဒသင်္ခေါ၊ သင်္ခနခေါ၊ ခရုသင်းငယ်။ ခရုသင်းငယ် ပရိယာယ် ၂-ပုဒ်။ ဇလသုတ္တိ၊ သမ္ဗုကော၊ ခရု။ ခရုပရိယာယ် ၂-ပုဒ်။

[သိပ္ပိ, သုတ္တိ-ကို "ဒွယံ မုတ္တာဖောဋ္ဌေ"ဟု ဋီကာဆို၏။ ပုလဲကို ပွါးစေတတ်သော ယောက်သွား၌ ဖြစ်၏ ဟူ၏။ သိပ္ပိကာ-လည်း သိပ္ပိကဲ့သို့ ကနုကမာ (ယောက်သွား)ဟော ပရိယာယ်တည်း။ သပ္ပတိ ဂစ္ဆတီတိ သိပ္ပိကာ၊ ဇလဇန္တု ဝိသေသော-ဟု ဏွာဒိဝုတ္တိ မောဂ္ဂလ္လာန်၌ ဆို၏။ ရေသတ္တဝါများ ပြဆိုရာ ဤလောင် ပြီးဆုံးသည်။

ရေသတ္တဝါ၌ ထူးဆန်းသော သတ္တဝါတမျိုးကို မှတ်သားရာ၏။ ၎င်းကား ညံသတ္တဝါတည်း၊ ယင်း ညံသတ္တဝါကို ဂါဟ, အဝဂါဟ, တန္တိဂါဟ,-ဟု ခေါ်သည်။ မဟာသမုဒ္ဒြာ, မြစ်ကြီးတို့၏ ဆုံရာ၌ နေလေ့ရှိသည်။ "လတာကာရဇန္တုဝိသေသ"ဟု သက္ကတအဘိဓာန် တို့၌ ဖွင့်သည်။ ဘင်္ဂါလီအခေါ် "ဂရ"ဟူ၏။]

(၆၇၇) ဇလာသယော ဇလာဓာရော၊ ဂမ္ဘီရော ရဟဒေါထ စ။
ဥဒပါနော ပါနကူပေါ၊ ခါတံ ပေါက္ခရဏီ'တ္ထိယံ။

(၆၇၇) ဇလာသယော၊ ဇလာဓာရော၊ ရေအိုင်။ ရေအိုင် ပရိယာယ် ၂-ပုဒ်။ ဂမ္ဘီရော၊ နက်သောအိုင်သည်။ ရဟဒေါ၊ ရဟဒ-မည်သည်။ ဘဝေ၊ ဖြစ်၏။ ရဟဒေါ၊ ရေအိုင်ကြီး။ အထ၊ ထိုမှတပါး။ ဥဒပါနော၊ ပါနကူပေါ၊

ရေတွင်း။ ရေတွင်းပရိယာယ် ၂-ပုဒ်။ ခါတ၊ ပေါက္ခရဏီ၊ ရေကန်။ (လေးထောင့်ကန်)။ အယ်၊ ဤပေါက္ခရဏီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ပေါက္ခရဏီ-သဒ္ဒါနက်ကား ရေပြည့်ကန်။ သို့မဟုတ် ကြာရှိသော ရေကန်ဖြစ်၏။ ပေါက္ခရ-နောင် မန္တုတ္ထ၌ ဤ-ပစ္စည်း သက်။ ဣတ္ထိလိင် ဇောတက ဤ-ပစ္စည်းသက်။ ဤ-ကို နပါတနဖြင့် အ-ပြု။ န-ကို ဏ-ပြု။ ပေါက္ခရဏီ ပြီးသည်။ ဤကား မောဂ္ဂလ္လာန်နည်းတည်း။ ဋီကာ၌ "ပေါက္ခရံ ဇလံ၊ တံယောဂါ အနေဝ၊ နဒါဒီ"ဟု ဖွင့်သည်။ ဋီကာနည်းကား ကစ္စည်းနည်းအတိုင်း ပို၍ လွယ်၏။ ဝဇ္ဇစတုရဿာဒိသဏ္ဌာနာ ဗဟု ပေါက္ခရဏိယော။ မဋ္ဌ၊၃။ ၂၇၃။]

(၆၇၈) တဋ္ဌာကော စ သရော'နိတ္ထီ၊ ဝါပိ စ သရသီ'တ္ထိယံ။
ဒဟော'မ္ဗုဇာကရော စာထ၊ ပလ္လလံ ခုဒ္ဒကော သရော။

(၆၇၈) တဋ္ဌာကော၊ သရော၊ တဘက်ဆည်ကန်။ ဒွယံ၊ တဋ္ဌာက, သရ-သဒ္ဒါ နှစ်ခုသည်။ အနိတ္ထိ၊ ပုလ္လိင်, နပုလ္လိင်တည်း။ ဝါပိ၊ သရသိ၊ တဘက်ဆည်ကန်။ ဒွယံ၊ဝါပိ,သရသီ-သဒ္ဒါနှစ်ခုသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဒဟော၊ အမ္ဗုဇာကရော၊ တဘက်ဆည်ကန်။ တဘက်ဆည်ကန် ပရိယာယ် ၆-ပုဒ်။ အထ၊ ထိုမှတပါး။ ခုဒ္ဒကော၊ ငယ်သော။ သရော။ အိုင်သည်။ ပလ္လလံ၊ ပလ္လလမည်၏။ ပလ္လလံ၊ အိုင်ငယ်။ ဝါ၊ ပက်ကား။

[တဋ္ဌာက-သဒ္ဒါလည်း နပုလ္လိင်ရှိသဖြင့် အနိတ္ထီ-ဖြင့် တဋ္ဌာက-ကိုပါ ဆိုသည်ဟု သိရာ၏။ ဇလဇကုသုမဝိစိတ္တာနိ စ ဗဟိ အနေကာနိ တဋ္ဌာကာနိ ဝါ ဥဒကာဿ နိစ္စဘရိတာနေဝ ဟောန္တိ။ မဋ္ဌ၊၃။ ၂၇၃။ ဝါပိ-ကို ဝပန္တိ ယာယ ဝါပိ-ဟု ပြုသည်။ အာယတစတုရဿာယမ္ပိ-ဟု ဋီကာ၌ ဆက်လက်၍ ဆိုသဖြင့် ဝါပီ-သည် လေးထောင့်ကန်, ကန်ရှည်များကိုလည်း ဟောသည်ဟု သိရာ၏။

ပလ္လလ-ကို "ပလ္လတိ ဂါဂစ္ဆတိ ဥဒကာ မေတာသွာတိ ပလ္လလံ၊ အပ္ပါဒကော သရော" ဟု မောဂ္ဂလ္လာန် ဏွာဒိဝုတ္တိ။ ၁၇၂-၌ ဆို၏။]

(၆၇၉) အနေ့ာတတ္တော တထာ ကဏ္ဏ-မုဏ္ဍော စ ရထကာရကော။
ဆဒ္ဒန္တော စ ကုဏာလော စ၊ ဝုတ္တာ မန္ဒာကိနီ'တ္ထိယံ။

(၆၈၀) တထာ သီဟပ္ပပါတောတိ၊ ဧတေ သတ္တ မဟာသရာ။
အာဟာဝေါ တု နိပါနဉ္စ-ခါတံ တု ဒေဝခါတကံ။

(၆၇၉၊၆၈၀) အနေ့ာတတ္တော၊ အနဝတတ်အိုင်ရင်း။ တထာ၊ ထိုမှတပါး။ ကဏ္ဏမုဏ္ဍော စ၊ ကဏ္ဏမုဏ္ဍအိုင်ရင်း။ ရထကာရကော၊ ရထကာရအိုင်ရင်း။ ဆဒ္ဒန္တော စ၊ ဆဒ္ဒန်အိုင်ရင်း။ ကုဏာလော စ၊ ကုဏာလအိုင်ရင်း။ မန္ဒာကိနီ၊ မန္ဒာကိနီအိုင်ရင်း။ အယံ၊ ဤ မန္ဒာကိနီ-သဒ္ဒါကို။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝုတ္တာ၊ ဆိုအပ်၏။ တထာ၊ ထိုမှတပါး။ သီဟပ္ပ-ပါတော၊ သီဟပ္ပပါတအိုင်ရင်း။ ဣတိ၊ ဤသို့။ ဧတေ၊ ဤသည်တို့ကား။ သတ္တ မဟာသရာ၊ အိုင်ကြီး ခုနစ်အိုင်တို့တည်း။ အာဟာဝေါ၊ နိပါနံ၊ ရေကျင်း။ ရေကျင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အခါတံ၊ ဒေဝခါ-တကံ၊ ထုံးအိုင်။ ဝါ၊ ထူးအိုင်။ ဝါ၊ နတ်ရေတွင်း။ ဝါ၊ နတ်ရေကန်။ ထုံးအိုင်, ထူးအိုင်, နတ်ရေတွင်း, နတ်ရေကန် ပရိယာယ် ၂-ပုဒ်။

[အနေ့ာတတ္တ-ကို "ပဗ္ဗတကူဋေဟိ ပဋိစ္ဆန္နတ္တာ စန္ဒိမသူရိယာနံ သန္တာပေဟိ ဩတတ္တံ ဉဒကံ ဧတ္ထ နတ္ထီတိ အနေ့ာတတ္တော" ဟု အပ၊ဋ္ဌ၊ ၂။ ၂၀၁-၌ ဝိဂ္ဂြိုဟ်ပြု၏။ စတုတ္တသံ ဘိက္ခုဝေ သူရိယဿ ပါတုဘာဝါ ယေ တေ မဟာသရာ၊ ယတော ဣမာ မဟာနဒိယော ပဝတ္တန္တိ။ သေယျထိဒံ၊ အနေ့ာတတ္တာ သီဟပပါတာ ရထကာရာ ကဏ္ဏမုဏ္ဍာ ကုဏာလာ ဆဒ္ဒန္တာ မန္ဒာကိနိယာ၊ တာ ဉဿုဿန္တိ ဝိဿုဿန္တိ န ဘဝန္တိ။ ဧဝံ အနိစ္စာ ဘိက္ခုဝေ သင်္ခါရာ။ အံ၊ ၂။ ၃၇၄။ သတ္တသူရိယသုတ်။

အာဟာဝ, နိပါန-တို့ကား ရေတွင်းအနီး အုတ်ကျောက်တို့ဖြင့် စီ၍ နွား,ကျွဲ အစရှိသော တိရစ္ဆာန်များ သောက်ရန် ပြုလုပ်ထားသည့် ကျင်းဟောတ်ကြည်း။]

(၆၈၁) သဝန္တီ နိန္နဂါ သိန္ဓူ၊ သရိတာ အာပဂါ နဒီ။
ဘာဂီရထီ တု ဂင်္ဂါထ၊ သမ္ဘေဒေါ သိန္ဓုသင်္ဂမော။

(၆၈၁) သဝန္တီ၊ နိန္နဂါ၊ သိန္ဓု၊ သရိတာ၊ အာပဂါ၊ နဒီ၊ မြစ်။ မြစ် ပရိယာယ် ၆-ပုဒ်။ တု၊ ထိုမှတပါး။ ဘာဂီရထီ၊ ဂင်္ဂါ၊ ဂင်္ဂါမြစ်။ ဂင်္ဂါမြစ်

ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သမ္ဘေဒေါ၊ သိန္ဓုသင်္ဂမော၊ မြစ်ဆုံ။ မြစ်ဆုံပရိယာယ် ၂-ပုဒ်။

[အမရကောသ၊ ၁၀။၃၀-၌ ဂင်္ဂါမြစ် ပရိယာယ် ၈-ပုဒ် လာ၏။ ဤ၌ ပိဋကတ်၌ အသုံးရှိသည့် ၂-ပုဒ်သာ လာသည်။ ဘာဂီရသီ-ဟု ပါဠ်ပျက်လျက် တချို့စာပေ၌ ရှိတတ်သည်။ ဘာဂီရထီ-ဟု ပါဠ်မှန် ရှိစေရာ၏။ "ဘာဂီရထေန နိဗ္ဗတ္တိတာ အာနီတာ တံသမ္ဗန္ဓိနီ ဝါ အဏ်၊ ဂင်္ဂါယံ"ဟု ယောမနိမိ ဆို၏။

ဘာဂီရထိ ပါဝက ကုတ္တိကာနာမာနန္ဒဗာပါကုလလောစနာနံ။
တံ နန္ဒနံ ဒိဗ္ဗမုပဏ္ဏမာသိပ္ပရံပရံ ထဒ္ဒတရံ ဝိဝါဒေါ။

ကုမာရသမ္ဘဝ၊ ၁၁။၃။]

(၆၈၂) ဂင်္ဂါစိရဝတီ စ၀၊ ယမုနာ သရဘူ မဟီ။
ဣမာ မဟာနဒီ ပဉ္စ၊ စန္ဒဘာဂါ သရဿတီ။

(၆၈၃) နေရဉ္ဇရာ စ ကာဝေရီ၊ နမ္မဒါဒိ စ နိန္နဂါ။
ဝါရိမဂ္ဂါ ပဏ္ဏာလိ ဘတ္တိ-ပုဏ္ဏမ နန္ဒိကာ တု စ။

(၆၈၄) ဇမ္ဗာလိ သြဿိဝလ္လာ စ၊ ဂါမဒ္ဒါရိမှိ ကာသုယံ။
သရောရုဟံ သတပတ္တံ၊ အရဝိန္ဒံ စ ဝါရိဇံ။

(၆၈၅) အနိတ္ထိ ပဒုမံ ပင်္ကေ—ရုဟံ နလိန ပေါက္ခရံ။
မုဠာလပုပ္ဖံ ကမလံ၊ ဘိသပုပ္ဖံ ကုသေသယံ။

(၆၈၂-၅) ဂင်္ဂါ၊ ဂင်္ဂါမြစ်ရင်း။ အစိရဝတီ စ၀၊ အစိရဝတီမြစ်ရင်း။ ယမုနာ၊ ယမုနာမြစ်ရင်း။ သရဘူ၊ သရဘူမြစ်ရင်း။ မဟီ၊ မဟီမြစ်ရင်း။ ဣမာ၊ ဤသည်တို့ကား။ ပဉ္စ မဟာနဒီ၊ မြစ်ကြီးငါးသွယ်တို့ မည်ကုန်၏။ စန္ဒဘာဂါ၊ စန္ဒဘာဂါမြစ်သည်ရင်း။ သရဿတီ၊ သရဿတီမြစ်သည်ရင်း။ နေရဉ္ဇရာ၊ နေရဉ္ဇရာမြစ်သည်ရင်း။ ကာဝေရီ၊ ကာဝေရီမြစ်သည်ရင်း။ နမ္မဒါဒီ၊ နမ္မဒါမြစ် အစရှိသည်တို့သည်ရင်း။ နိန္နဂါ၊ မြစ်အထူးတို့တည်း။ ဝါရိမဂ္ဂေါ၊ ရေထွက်ရာလမ်းသည်။ ဝါ၊ ရေမြောင်းသည်။ ဝါ၊ ရေတံခါးသည်။ ပဏ္ဏာလိ၊ ပဏ္ဏာလိမည်၏။ အယံ၊ ဤ ပဏ္ဏာလိ-သဒ္ဒါသည်။ ဣတ္ထိ-ပုမေ၊ ဣတ္ထိလိင်, ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

တု၊ ထိုမှတပါး။ စန္ဒနိကာ၊ စန္ဒနိကာ-သဒ္ဒါသည့်ရင်း။ ဇမ္ဗာလိ၊ ဇမ္ဗာလိ-သဒ္ဒါသည့်ရင်း။ ဩလိဂလ္လော စ၊ ဩလိဂလ္လ-သဒ္ဒါသည့်ရင်း။ ဂါမဒ္ဒါရမှို၊ ရွာတံခါး၌။ ကာသုယံ၊ မစင်မကြယ် ရွှံ့စဖွယ်တို့ဖြင့် ပြည့်နှက်၍နေသော တွင်း၌။ ဝါ၊ တံစီးတွင်း၌။ ဝါ၊ တံစီးအိုင်၌။ ဝတ္တတိ၊ ဖြစ်၏။ တံစီးတွင်း, တံစီးအိုင် ပရိယာယ် ၃-ပုဒ်။

သရောရုဟံ၊ သတပတ္တံ၊ အရဝိန္ဒံ၊ ဝါရိဇံ၊ ကြာ။ အနိတ္ထိ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။ ပဒုမံ၊ ပင်္ကေရုဟံ၊ နလိနံ၊ ပေါက္ခရံ၊ မုဠာလပုပ္ဖံ၊ ကမလံ၊ ဘိသပုပ္ဖံ၊ ကုသေသယံ၊ ကြာ။ ကြာပရိယာယ် ၁၂-ပုဒ်။

[နမ္မဒါဒိ-၌ အာဒိဖြင့် သရာဝတီ, ဝေတ္တာဝတီ, ကဏှကိ, ကောသိကီ, ကရတောယာ, အစိရဝတီ, ပိတဟာရ, ပါပသောဃာ-စသော မြစ်တို့ကို ယူရာ၏။ ဇမ္ဗာလီ-ဟူ၍ရင်း၊ ဇမ္ဗာဋ္ဌီ-ဟူ၍ရင်း ပုဒ်နေ ၂-မျိုး ရှိတတ်၏။ ဇမ္ဗာဋ္ဌော ဝေဠ အတ္ထိတိ ဝါ ဇမ္ဗာဋ္ဌီ။ သူစိ။ သေယျထာပိ ဘိက္ခဝေ ဇမ္ဗာလိ အနေကဝဿဂဏိကာ။ အံ၊၁။ ၄၇၅။ ဇမ္ဗာလီတိ ဂါမတော နိက္ခန္တဿ မဟာဥဒကဿ ပတိဋ္ဌာနဘူတော မဟာအာဝါဋော။ အံဋ္ဌ၊၂။၃၅၄။ ရွာမှထွက်သော များစွာသော ရေဆိုး ရေပုပ်ကို၏တည်ရာတွင်းကြီး။ အက္ခရာများနေ၍ အက္ခရာ နည်းလိုလျှင် ပဒုမ-ကို ပဒ္မ-ပြု၍ ပဒ္မ-ကို ကြာဟောဟု သိရာ၏။ ဗဟွက္ခရာနံ အပ္ပတ္တ မညထတ္တဥ္စ။ ....ပဒုမာနိ၊ ပဒ္မါနိ။ နီတိ၊ သုတ္တ။ ၄၂-နှာ။]

(၆၈၆) ပုဏ္ဍရိကံ သိတံ ရတ္တံ၊ ကောကနဒံ ကောကာသကော။ ကိဉ္ဇက္ခော ကေသရော'နိတ္ထိ၊ ဒဏ္ဍော တု နာလ မုစ္စတေ။

(၆၈၆) သိတံ၊ ကြာဖြူသည်။ ပုဏ္ဍရိကံ၊ ပုဏ္ဍရိက မည်၏။ ရတ္တံ၊ ကြာနီသည်။ ကောကနဒံ၊ ကောကနဒ မည်၏။ ကောကာသကော၊ ကောကာသကလည်း မည်၏။ ကောကနဒံ၊ ကောကာသကော၊ ကြာနီ။ ကြာနီပရိယာယ် ၂-ပုဒ်။ ကိဉ္ဇက္ခော၊ ကေသရော၊ ကြာဝတ်ဆံ။ အနိတ္ထိ၊ ကေသရသဒ္ဒါ ဣတ္ထိလိင်မဟုတ် ပုလ္လိင်,နပုလ္လိင်တည်း။ ကြာဝတ်ဆံပရိယာယ်

၂-ပုဒ်။ တု၊ ယိုမှတပါး။ ဓမ္မေသု၊ ကြာချိုးကို။ နာသံ၊ နာလဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

[ကောကနဒ-ကို ကြာနီ-ဟု ဆိုသော်လည်း ပဒုမ္မာကြာနီ-ဟု မှတ်သားရာ၏။ ပဒုမ္မာကြာဖြူ-ဟုလည်း ဆိုကြကြောင်း သိရ၏။ ကောကနဒန္တိ ပဒုမံ ဿစေတံ ဝေဝစနံ။ သံ၊ဋီ၊၁။၁၃၉။ ကောကနဒံ နာမ သေတပဒုမန္တိပိ ဝဒန္တိ။ အံ၊ဋီ၊၁။၁၆၁။]

(၆၈၇) ဘိသံ မုဠာလော တ္ထီ စ၊ ပိဇကောသော တု ကဏ္ဏိကာ။
ပဒုမာဒိသမူဟေ တု၊ ဘဝေ သဏ္ဍ မနိတ္ထိယံ။

(၆၈၇) ဘိသံ၊ မုဠာလော၊ ကြာစွယ်။ အနိတ္ထီ၊ မုဠာလ-သဒ္ဒါ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်လည်း။ ကြာစွယ်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဗီဇကောသော၊ ကဏ္ဏိကာ၊ ကြာခွက်။ (အချက်၊ ကြာစေ့အိမ်လည်း ဟူ) ကြာခွက်ပရိယာယ် ၂-ပုဒ်။ တု၊ ယိုမှတပါး။ သဏ္ဍံ၊ သဏ္ဍ-သဒ္ဒါသည်။ ပဒုမာဒိသမူဟေ၊ ပဒုမ္မာကြာ အစရှိသည်တို့၏အပေါင်း၌။ ဘဝေ၊ ဖြစ်၏။ အယံ၊ ဤသဏ္ဍ-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ဘိသ၊ ကြာဥဟော, မုဠာလ၊ ကြာရင်းဟောလည်း ရှိသေး၏။ ဘိသန္တိ တေသံယေဝ ကန္ဒံ။ မုဠာလန္တိ သေတပဒုမာနံ မူလံ။ သံ၊ဋီ၊၁။၂၉၃။ ဗီဇကောသ, ကဏ္ဏိက-တို့ကို ကြာနားချောင်း-ဟုလည်း ဆရာတို့ ပြန်ဆိုကြသည်။

သဏ္ဍ-သဒ္ဒါ ကြာ-စသည်များ၏ အပေါင်း, နွားပိုင်ရှင်တို့ကို ဟောသည်ဟု နာနတ္ထသင်္ဂဟကျမ်း၌ ဆို၏။ တောအုပ်, တောအပေါင်း, အအုပ်, အုပ်စု-ကိုလည်း ဟောသည်။ သဏ္ဍသဏ္ဍစာရိနိတိ သမူဟသမူဟစာရိနီ။ ဒီ၊ဋီ၊၁။၂၉၂။]

(၆၈၈) ဥပ္ပလံ ကုဝလယဉ္စ၊ နီလံ တံ နီလုပ္ပလံ သိယာ။
သေတေ တု ကုမုဒဉ္စာ၊ ကန္ဒော သာလူက မုစ္စတေ။

(၆၈၈) ဥပ္ပလံ၊ ကုဝလယံ၊ ကုမုဒြာကြာ။ ကုမုဒြာကြာပရိယာယ် ၂-ပုဒ်။ တု၊ ယိုမှတပါး။ နီလံ၊ ကုမုဒြာကြာညိုသည်။ ဣန္ဒီဝရံ၊ ဣန္ဒီဝရ

မည်သည်။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ကုမုဒံ၊ ကုမုဒ-သဒ္ဒါသည်။ သေတေ၊ ကုမုဒြာကြာဖြူ၌။ ဝတ္တတိ၊ ဖြစ်၏။ အဿ၊ ထိုကြာ၏။ ကန္ဒေ၊ အဥကို။ သာလူကံ၊ သာလူက-မည်၏ဟူ၍။ ဝါ၊ ကြာဥဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

[ဥဒကေ ပ္လဝတီတိ ဝါ ဥပ္ပလံ။ ကုယာ ပထဝိယာ ဝလယံ ဣဝ သောဘာဘကရတ္တာ ကုဝလယံ-ဟု ဋီကာဆို၏။ ကုမုဒြာကြာဟူသည်လည်း ကြာသာမန်ပင် ဖြစ်၏။ သို့ဖြစ်၍ ရှေးဆရာတော်တို့ကား ဥပ္ပလ, ကုဝလယ-ကို ကြာဟုသာ သာမန် ပြန်ဆိုကြ၏။]

(၆၈၉) သောဂန္ဓိကံ ကလ္လဟာရံ၊ ဒကသီတလိကံ ပျထ။
သေဝါလော နီလိကာ စာထ၊ ဘိသိန္တ်မူဠာဇိနီ ဘဝေ။

(၆၈၉) သောဂန္ဓိကံ၊ကလ္လဟာရံ၊ ဒကသီတလိကံ၊ ကြာသိမ်။ ကြာသိမ်ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ သေဝါလော၊ နီလိကာ၊ မှော်။ မှော်ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဘိသိနီ၊ အမ္ဗုဇိနီ၊ ကြာတော။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။

[သောဂန္ဓိကံ ကလဟာရံ၊ ဟလ္လကံ ရတ္တသဥ္ဇကံ-ဟူ၍ ရှိသည့်အလိုမူ သောဂန္ဓိကံ၊ ကြာသိမ်။ ကလဟာရံ၊ ကြာသိမ်။ ဟလ္လကံ၊ ကြာသိမ်နီ။ ရတ္တသဥ္ဇကံ၊ ကြာသိမ်နီ။ ကြာတံဆိပ်, ညနေချမ်းပွင့်သော ကြာနီလည်း ဟူ။

ကြာမျိုး ၅-ပါးရှိသည်ဟု လောကဆိုရိုး ရှိ၏။ ယင်း ကြာမျိုး ၅-ပါးကား ကြာဖြူ, ကြာနီ, ကြာညို, ကြာတံဆိပ်, ကြာခေါင်းလောင်းတည်း။ ယင်း ၅-မျိုးတို့တွင် ကြာဖြူ, ကြာနီ, ကြာညို-တို့ကား ဥပ္ပလကြာမျိုး ဟူ၏။ ကြာတံဆိပ်ကား ပုဏ္ဍရိက်ကြာမျိုးတည်း။ ကြာခေါင်းလောင်းကား ပဒုမ္မာကြာမျိုးတည်း။]

(၆၉၀) သေဝါလာ တိလဗီဇဉ္စ၊ သင်္ခေါ စ ပဏကာဒယောတိ။
ဣတိ ပါတာလဝဂ္ဂေါ။
ဘူကဏ္ဍော ဒုတိယော။

(၆၉၀) တိလဗီဇဥ္စ၊ မှော်သေးသည့်ရင်း။ (နှမ်းစေ့ခန့်ရှိသော မှော်ဟုလည်း ပေးကြသည်။ သေးငယ်သည်ကို တိလဗီဇ-ဟု သုံးခြင်းဖြစ်သည်။)

သခေ်ါ စ၊ မှော်ကြီးသည်ရင်း။ ပဏကာဒယော၊ ရေညှိ အစရှိသည်တို့သည်ရင်း။ သေဝါလာ၊ မှော်မျိုးတို့တည်း။

[သစ်မြစ်တို့ရှည် သစ်ရွက်ရှိသော မှော်သည် 'သခ်'၊ စိမ်းညို့သော မှော်သည်'သေဝါလ'၊ သခ်, သေဝါလမှ ကြွင်းသော ရေလွှာနှမ်းစေ့ အတိုင်းအရှည်ရှိသော မှော်စသော ရေညှိသည် 'ပဏက' မည်၏ ဟူ၏။

သခ် သေဝါလ ပဏကန္တိ တွေ သခေ်ါတိ ဒိဿမူလကော ပဏ္ဏ-သေဝါလော ဝုစ္စတိ။ သေဝါလောတိ နီလသေဝါလော၊ အဝသေ-သော ဥဒကပပ္ပဋကတိလဗီဇကာဒိသဗ္ဗောပိ ပဏကောတိ သင်္ချံ ဂစ္ဆတိ။ ဝိ၊ ဋ္ဌ၊ ၂။၁၉၇။]

ပါတာလဝဂ္ဂေါ၊ ပါတာလဝဂ်သည်။ ဣတိ၊ အောင်လံစိုက်ဆောက်အပြီးသို့ရောက်ပြီ။ ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဝါ၊ နှစ်ခုမြောက်သော။ ဘူကဏ္ဍော၊ ဘူကဏ္ဍသည်။ နိဋ္ဌိတော၊ အောင်လံစိုက်ဆောက်အပြီးသို့ရောက်ပြီ။

---

## ၃-သာမညကဏ္ဍ ၁ ဝိသေသျာဓိနဝဂ်

(၆၉၁) ဝိသေသျာဓိနသံကိဏ္ဏ – နေကတ္ထေဟျ'ဗျယေဟိ စ။
သာင်္ဂေါပင်္ဂေဟိ ကထျန္တေ၊ ကဏ္ဍေ ဝဂ္ဂါ ဣဟာက္ကမာ။

(၆၉၁) ဣဟ ဣမသ္မိံ ကဏ္ဍေ၊ ဤဆိုအပ်လတ္တံ့သော သာမညကဏ္ဍ၌။ သာင်္ဂေါပင်္ဂေဟိ၊ ငယ်သောအစိတ်, ကြီးသောအစိတ်နှင့် ထက္ခ ဖြစ်ကုန်သော။ ဝိသေသျာဓိနသံကိဏ္ဏနေကတ္ထေဟိ စ၊ ဝိသေသျနှင့်စပ်သော ဝိသေသနသဒ္ဒါ, ရောပြွမ်းသောသဒ္ဒါ, များသောအနက်ရှိသော သဒ္ဒါတို့ဖြင့်ရင်း။ အဗျယေဟိ စ၊ အဗျယသဒ္ဒါတို့ဖြင့်ရင်း။ ဝဂ္ဂါ၊ ဝိသေသျာဓိနဝဂ်, သံကိဏ္ဏဝဂ်, အနေကတ္ထဝဂ်, အဗျယဝဂ်တို့ကို။ ကမာ၊ အစဉ်အတိုင်း။ ကထျန္တေ၊ ဆိုအပ်ကုန်၏။

[အဘိဓာနပ္ပဒီပိကာကျမ်းပြုဆရာသည် ဘူကဏ္ဍ၏ အခြားမဲ့၌ ဝိသေသျာဓိနဝဂ်, သံကိဏ္ဏဝဂ်, အနေကတ္ထဝဂ်, အဗျယဝဂ် တို့ဖြင့် တန်းဆာဆင်၍ သာမညကဏ္ဍကို စီရင်တော်မူသည်။ ဝိသေသျာ-

ဓိနဝဂ်၌ ဝိသေသျနှင့်စပ်သော ဝိသေသနပုဒ်တွေကို စုပေါင်းပြဆို ထား၏။ သံကိဏ္ဏဝဂ်၌ အချင်းချင်း ဇာတ်မတူသော ဒဗ္ဗ-သဒ္ဒါ, ကြိယာ-သဒ္ဒါ, ဂုဏ-သဒ္ဒါ-စသည်တို့ကို ပြဆိုထား၏။ အနေကတ္ထ ဝဂ်၌ သုတ်တူ အနက်များသော သဒ္ဒါတို့ကို ပြဆိုထား၏။ အဗျယ ဝဂ်၌ စိရဿံ, စိရံ အစရှိသော နိပါတ်ပုဒ်တွေကို ပြဆိုထား၏။ ဤသာမညကဏ္ဍကိုလည်း စာချ, စာသင်, စာပြင်, ကျမ်းပြုသူတို့ လေ့လာသင့်၏။ လေ့လာလျှင် စာပေလုပ်ငန်း၌ အလွန်လျှင် ကျေးဇူးများပါလိမ့်မည်။]

(၆၉၂) ဂုဏဒဗ္ဗကြိယာသဒ္ဒါ၊ သိယုံ သဗ္ဗေ ဝိသေသနာ။
ဝိသေသျာဓိနဘာဝေန၊ ဝိသေသျသမလိင်္ဂိနော။

(၆၉၂) ဝိသေသနာ၊ ဝိသေသနဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဂုဏဒဗ္ဗကြိယာသဒ္ဒါ၊ ဂုဏ-သဒ္ဒါ ဒဗ္ဗ-သဒ္ဒါ ကြိယာ-သဒ္ဒါ တို့သည်။ ဝိသေသျာဓိနဘာဝေန၊ ဝိသေသျနှင့် စပ်သည်၏ အဖြစ်ကြောင့်။ ဝိသေသျသမလိင်္ဂိနော၊ ဝိသေသျနှင့်တူသော လိင်ရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

[ဝိသေသျပုဒ်သို့ ဆိုက်ရစပ်ရသော ဝိသေသနဖြစ်သော ဂုဏ-သဒ္ဒါ, ဒဗ္ဗသဒ္ဒါ, ကြိယာ သဒ္ဒါတို့သည် မိမိတို့ ဆိုက်ရာ စပ်ရာ ဝိသေသျနှင့် လိင်တူရသည် ဟူ၏။ ပုံစံ–သောဘနာ ဣတ္ထီ၊ သောဘနော ပုရိသော၊ သောဘနံ စိတ္တံ-စသည်တည်း။]

(၆၉၃) သောဘနံ ရုစိရံ သာဓု၊ မနုညံ စာရု သုန္ဒရံ။
ဝဂ္ဂု မနောရမံ ကန္တံ၊ ဟာရိ မဉ္ဇု စ ပေသလံ။

(၆၉၄) ဘဒ္ဒံ ဝါမဉ္စ ကလျာဏံ၊ မနာပံ လဒ္ဓကံ သုဘံ။
ဥတ္တမော ပဝရော ဇေဋ္ဌော၊ ပမုခါ'နုတ္တရော ဝရော။

(၆၉၅) မုချော ပဓာနံ ပါမောက္ခော၊ ပရ မဂ္ဂည မုတ္တရံ။
ပဏီတံ ပရမံ သေယျော၊ ဂါမဏီ သေဋ္ဌ သတ္တမာ။

(၆၉၆) ဝိသိဋ္ဌာ'ရိယ'နာဂေ'ကော'–သဘာ'ဂ္ဂါ မောက္ခ ပုင်္ဂဝါ။
သီဟ ကုဉ္ဇရ သဒ္ဒူလာ–ဒီ တု သမာသဂါ ပုမေ။

(၆၉၃–၆) သောဘနံ၊ ရုစိရံ၊ သာဓု၊ မနုညံ၊ စာရု၊ သုန္ဒရံ၊ ဝဂ္ဂု၊ မနောရမံ၊ ကန္တံ၊ ဟာရိ၊ မဉ္ဇု၊ ပေသလံ၊ ဘဒ္ဒံ၊ ဝါမံ၊ ကလျာဏံ၊ မနာပံ၊ လဒ္ဓကံ၊ သုဘံ၊ ကောင်းသည်။ (တင့်တယ်သည်လည်း ဟူ။) ကောင်းသည် ပရိယာယ် ၁၈-ပုဒ်။

ဥတ္တမော၊ ပဝရော၊ ဇေဋ္ဌော၊ ပမုခေါ၊ အနုတ္တရော၊ ဝရော၊ မုချော၊ ပဓာနံ၊ ပါမောက္ခော၊ ပရံ၊ အဂ္ဂည်၊ ဥတ္တရံ၊ ပဏီတံ၊ ပရမံ၊ သေယျော၊ ဂါမဏီ၊ သေဋ္ဌော၊ သတ္တမော၊ ဝိသိဋ္ဌော၊ အရိယော၊ နာဂေါ၊ ဧကော၊ ဥသဘော၊ အဂ္ဂေါ၊ မောက္ခော၊ ပုင်ဝေါ၊ မြတ်သည်။ (ပမုခ, သေဋ္ဌ စသော သဒ္ဒါများ အခိုက်အတန့် ပဋ္ဌမန္တကေဝစ်နှင့် ပြင်သည်။) (ပြဓာန်းသည် လည်း ဟူ။) မြတ်သည်ပရိယာယ် ၂၆-ပုဒ်။

တု၊ ထိုမှတပါး။ သီဟကုဉ္ဇရသဒ္ဒူလာဒီ၊ သီဟ, ကုဉ္ဇရ, သဒ္ဒူလ-အစရှိသော သဒ္ဒါတို့သည်။ သမာသဂါ၊ သမာသ်၌ တည်ကုန်သည်ရှိသော်။ သေဋ္ဌတ္ထဝါစကာ၊ အမြတ်ဟူသော အနက်ကို ဟောကုန်သည်ဖြစ်၍။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ဤ၌ သောဘန-စသည်ကို အနက်ပေးရာ၌ "သောဘနံ၊ ကောင်းသည်"ဟု ပေးရိုးပေးစဉ်အတိုင်း ပေးလိုက်၏။ ကောင်းသော, တင့်တယ်သော-ဟု ပေးလိုရင်းတည်း။ ဝိသေသန-ဟူသမျှ ဤနည်းချည်းဟု မှတ်ရာ၏။ ဤ၌ ဖော်ပြပါ ဝိသေသနပုဒ်အချို့ကို ဋီကာ-စသည်၌ ဖော်ပြသည်မှ လိုရင်းမှတ်မိရုံ ဝိဂြိုဟ်များကို ထုတ်ပြဦးအံ့၊ မှတ်သားရာ၏။

မနံ တောသေတီတိ မနုညံ။ မနံ အာဘုသော တောသေတီတိ ဝါ မနုညံ။ မနော ရမတိ ဧတ္ထာတိ မနောရမံ။ မနော ဇဝတိ ယသ္မိန္တိ မဉ္ဇု။ ပိယသီလယုတ္တတာယ ပေသလံ။ မနံ အပ္ပေတိ ဝဍ္ဎေတီတိ မနာပံ။ မနော အပ္ပေါတိ ယသ္မိန္တိ ဝါ မနာပံ။ အဂ္ဂန္တိ ဇာနိတဗ္ဗန္တိ အဂ္ဂည်။ အဂ္ဂန္တိ ပမာနိတဗ္ဗန္တိ ဝါ အဂ္ဂည်။ သန္တတမတာယ သတ္တမော။ နတ္ထိ အဂ္ဂေါ ယသ္မာ နာဂေါ။ သဒိသရဟိတတာယ ဧကီဘာဝေ တိဋ္ဌတီတိ ဧကော။ ဟီနမဇ္ဈိမဘာဝေဟိ မုစ္စတီတိ မောက္ခော။ ပဓာနဘာဝံ ဂစ္ဆတီတိ ပုင်ဝေါ။

ပုက္ခလ-သဒ္ဒါသည်လည်းကောင်းသော,တင့်တယ်သော-ဟူသော အနက်ကိုဟော၏။တိဟိ အဝယဝေဟိ ...ပုက္ခလော သောဘနေ့ာတိ တိပုက္ခလော။ နေတ္တိ၊ ၄။ ၁၇။ ဥတ္တမ-အစရှိသော သဒ္ဒါများကား သမာသ်၌ တည်သော်ငင်း၊ သမာသ်၌ မတည်သော်ငင်း အမြတ်ဟူသော အနက်ဟောတို့တည်း။

အမရကောသ၌ကား——နောက်ပုဒ်၌ ဖြစ်သော ဗျဂ္ဃ, ပုင်္ဂဝ, ဥသဘ, ကုဉ္ဇရ, သီဟ, သဒ္ဒူလ, နာဂ အစရှိသော သဒ္ဒါတို့ကား ကမ္မဓာရည်း သမာသ်၌ တည်ကုန်မူ ပုလ္လိင်၌ဖြစ်၍ အမြတ်ဟူသော အနက်ကို ဟောကြောင်း အမရ၊ ၂၁။ ၅၉-၌——

ဥတ္တရပဒေ ဗျဂ္ဃ–ပုင်္ဂဝေါသဘကုဉ္ဇရာ။
သီဟသဒ္ဒူလနာဂါဒျာ–ပုမေ သေဋ္ဌတ္ထဂေါစရာ——

ဟု ဆို၏။ အမရကောသ အဆိုအရ ပုံစံကား—— ပုရိသဗျဂ္ဃော၊ (ယောကျ်ားမြတ်။) မုနိပုင်္ဂဝေါ၊ (ဘုရားမြတ်။) စသည်တည်း။

သီဟကုဉ္ဇရသဒ္ဒူလာဒိ-၌ အာဒိဖြင့် ဝရာဟ, ပုဏ္ဍရိက, မော-ရယှ, သောဝီရ-စသည်တို့ကို ယူရာ၏။ သကျသီဟော၊ (သာကီဝင်မြတ်။) ကဝိကုဉ္ဇရော၊ (ပညာရှိမြတ်။) ပုရိသသဒ္ဒူလော၊ (ယောကျ်ားမြတ်။) ပုရိသဝရာဟော၊ (ယောကျ်ားမြတ်။)စသည် ပုံစံ။]

(၆၉၇) စိတ္တကွိပီတိဇနနံ–မဗျာသေကံ မသေစနံ။
ဣဋ္ဌံ တု သုဘဂံ ဟဇ္ဇံ၊ ဒယိတံ ဝလ္လဘံ ပိယံ။

(၆၉၇) စိတ္တကွိပီတိဇနနံ၊ စိတ်၏ နှစ်သက်ခြင်း, မျက်စိ၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော အရာဝတ္ထုသည်။ အဗျာသေကံ၊ အဗျာသေက မည်၏။ အသေစနံ၊ အသေစနလည်း မည်၏။ ဝါ၊ စိတ်ဝင်စားသဖြင့် ကြည့်ရှု၍ မရောင့်ရဲနိုင်သော အရာဝတ္ထုမည်၏။ အဗျာသေကံ၊ အသေစနံ၊ စိတ်ဝင်စားသဖြင့် ကြည့်ရှု၍ မရောင့်ရဲနိုင်သော အရာဝတ္ထု။ စိတ်ဝင်စားသဖြင့် ကြည့်ရှု၍ မရောင့်ရဲနိုင်သော အရာဝတ္ထု ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဣဋ္ဌံ၊ သုဘဂံ၊ ဟဇ္ဇံ၊ ဒယိတံ၊ ဝလ္လဘံ၊ ပိယံ၊ အလိုရှိအပ်သည်။ (နှစ်သက်အပ်သည်လည်း ဟူ)။ အလိုရှိအပ်သည် ပရိယာယ် ၆-ပုဒ်။

[အဗျာသေက, အသေစန-ကို "စိတ္တဿ, အက္ခိနော စ ပီတိဇနကံ ဝတ္ထု အဗျာသေကံ, အသေစနဉ္စ နာမ၊ န ဗျာသိဉ္စန္တိ နက္ခရန္တိ နယနမနာနိ ယသ္မာတိ အဗျာသေကံ, အသေစနဉ္စ၊ န ဗျာသိဉ္စန္တိ စ ယသ္မိံ အာဂန္တုကဘူတာနိ အညရသာနီတိ ဝါ အဗျာသေကံ, အသေစနဉ္စ" ဟု ဋီကာ၌ အဓိပ္ပါယ် ဖွင့်ဆို၏။

သီ၊ ဋီ၊ သစ်၊ ၂။ ဂ၁-၌ကား "ဝိဝိဓံ အာသနံ ခေပနံ ဗျာသေကော၊ တေန ဝိရဟိတော" ဟု ဖွင့်၏။ သွန်းလောင်းခြင်း မရှိသော အရာဝတ္ထု ဟူ၏။ မ၊ ဋီ၊ ၁။ ၃ဂ၂-၌ "အသေစနကန္တိ အသေစိတဗ္ဗကံ" ဟု ဖွင့်သည်။ ပင်ကိုယ်အတိုင်း ပြည့်စုံလုံလောက်သောဟု ဆိုလို၏။]

(၆၉၈) တုစ္ဆဉ္စ ရိတ္တကံ သုညံ၊ အထာ'သာရဉ္စ ဖေဂ္ဂု စ။
မေဇ္ဈံ ပူတံ ပဝိတ္တော'ထ၊ အဝိရဒ္ဓေါ အပဏ္ဏကော။

(၆၉၈) တုစ္ဆံ၊ ရိတ္တကံ၊ သုညံ၊ အချည်းနှီး။ (သုဉ်းသည်, ကင်းသည်, ဆိတ်သည် ဟူ၏။) ဗ-ချည်းနှီး ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ အသာရံ၊ ဖေဂ္ဂု၊ အကာ။ အကာပရိယာယ် ၂-ပုဒ်။ မေဇ္ဈံ၊ ပူတံ၊ ပဝိတ္တော၊ ဖြူစင်သည်။ (အပြစ်မထင် စင်ကြယ်သည် ဟူ၏။) ဖြူစင်သည်ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ အဝိရဒ္ဓေါ၊ အပဏ္ဏကော၊ မချွတ်ယွင်းသည်။ မချွတ်ယွင်းသည် ပရိယာယ် ၂-ပုဒ်။

[မ၊ ဋ္ဌ၊ ၃။ ၆၇-၌ ရိတ္တက, တုစ္ဆက-ကို "ထုသေ ကောဋ္ဋေတွာ တဏ္ဍုလပရိယေသနံ ဝိယ၊ ကဒလိယံ သာရဂဝေသနံ ဝိယ ရိတ္တကော၊ တုစ္ဆကောဝ ဟောတိ" ဟု ဖွင့်သည်။]

(၆၉၉) ဥက္ကဋ္ဌော စ ပကဋ္ဌော'ထ၊ နိဟီနော ဟီနလာမကာ။
ပတိကိဋ္ဌံ နိကိဋ္ဌဉ္စ၊ ဣတ္တရာ'ဝဇ္ဇ ကုစ္ဆိတာ။

(၇၀၀) အဓမော'မက ဂါရယှာ၊ မလီနော တု မလီမသော။
ဗြဟာ မဟန္တံ ဝိပုလံ၊ ဝိသာလံ ပုထုလံ ပုထု။

(၇၀၁) ဂရွ'ရု ဝိတ္ထိဏ္ဏာ မထော၊ ပီနံ ထူလဉ္စ ပီဝရံ။
ထုလ္လဉ္စ ဝဇ္ဇရဉ္စာ'ထ၊ အာစိတံ နိစိတံ ဘဝေ။

(၆၉၉–၇၀၁) ဉက္ကဋ္ဌော၊ ပကဋ္ဌော၊ မြတ်သည်။ မြတ်သည် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ နိဟီနော၊ ဟီနော၊ ယုတ်ညံ့သည်။ (အခိုက်အတန့် ဟီနော-ဟု ပြင်။) လာမကာ၊ ပတိကိဋ္ဌ၊ နိကိဋ္ဌ၊ ဣတ္တရော၊ အဝဇ္ဇံ၊ ကုစ္ဆိတာ၊ အဓမော၊ ဩမကော၊ ဂါရယှာ၊ ယုတ်ညံ့သည်။ (ကဲ့ရဲ့အပ်သည်လည်း ဟူ။) ယုတ်ညံ့သည် ပရိယာယ် ၁၁-ပုဒ်။ မလီနော၊ မလီမသော၊ ညစ်နွမ်းသည်။ ညစ်နွမ်းသည် ပရိယာယ် ၂-ပုဒ်။

ဗြဟာ၊ မဟန္တံ၊ ဝိပုလံ၊ ဝိသာလံ၊ ပုထုလံ၊ ပုထု၊ ဂရု၊ ဉရု၊ ဝိတ္ထိဏ္ဏံ၊ ကျယ်ပြန့်သည်။ ကျယ်ပြန့်သည် ပရိယာယ် ၉-ပုဒ်။ အထော၊ ထိုမှတပါး။ ပီနံ၊ ထူလံ၊ ပီဝရံ၊ ထုလ္လံ၊ ဝဋ္ဋရံ၊ ဝသည်။ (ဆူဖြိုးသည်သည်း ဟူ။) ဝသည် ပရိယာယ် ၅-ပုဒ်။ အာစိတံ၊ နိစိတံ၊ ဆည်းပူးအပ်သည်။ ဒွယံ၊ သဒ္ဒါနှစ်ခုသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ဆည်းပူးအပ်သည် ပရိယာယ် ၂-ပုဒ်။

[ဣတ္တရ-သဒ္ဒါ ခေတ္တ, ခဏ, ကာလမကြာကိုလည်း ဟော၏။

ဣတ္တရံ ဟိ ဓနံ ဓညံ၊ ဣတ္တရံ ဣဓ ဇီဝိတံ။

ပေတ။ ၁၃၆။

မဟန္တ-သဒ္ဒါ ဤ၌ ကျယ်ပြန့်သည်ဟု ဆိုသည်။ သို့ရာတွင်–

ပူဇုတ္တမပစုရေသု၊ သမ္ပတ္တိဿရိယေသု စ။
ဝုဒ္ဓေ စေဝါတိ အတ္ထေသု၊ မဟာ-သဒ္ဒေါ ပဝတ္တတိ—

ဟူ၍ မဓုဋီကာ ဝီသတိဂါထာဝဏ္ဏနာ-၌ လာသည့်အတိုင်း မဟန္တ-သဒ္ဒါသည် ပူဇာအနက်, ဥတ္တမအနက်, အများဟူသော ပစုရအနက်, သမ္ပတ္တိအနက်, ဣဿရိယအနက်, အကြီးဟူသော ဝုဍ္ဎအနက်တို့၌ ဖြစ်သည်ဟု သိရာ၏။]

(၇၀၂) သဗ္ဗံ သမတ္တ မခိလံ၊ နိခိလံ သကလံ တထာ။
နိဿေသံ ကသိဏာ'သေသံ၊ သမဂ္ဂဉ္စ အနူနကံ။

(၇၀၂) သဗ္ဗံ၊ သမတ္တံ၊ အခိလံ၊ နိခိလံ၊ သကလံ၊ အလုံးစုံ။ တထာ၊ ထိုမှတပါး။ နိဿေသံ၊ ကသိဏံ၊ အသေသံ၊ သမဂ္ဂံ၊ အနူနကံ၊ အလုံးစုံ။ (အကြွင်းမဲ့၊ ဉဿုံ၊ အကုန်အစင်-လည်း ဟူ။) အလုံးစုံပရိယာယ် ၁၀-ပုဒ်။

[သကလ-ကို "ကလာဘိ အဝယဝေဟိ သဟ ဝတ္တတေတိ သကလံ"ဟု ဖွင့်ပြ၏။ ကသိဏ-သဒ္ဒါ၏ သကလတ္ထကို အဋ္ဌကထာများ၌ လာရှိ၏။ ကသိဏံ အာဟုန္တိ သကလံ အာဟု။ မဋ္ဌ၊၂။၂၀၂။ ကသိဏာတိ သကလာ။ ဝိဘင်္ဂဋ္ဌ၊၄။၁၁၄။ ကသိဏန္တိ သကလံ၊ နိဿေသံ။ ဝိဘင်္ဂဋ္ဌ၊၂၉၇။ သမဂ္ဂ-ကို "အင်္ဂေန သိဒ္ဓေန သင်္ဂတံ သမဂ္ဂံ"ဟု ပြု၏။ သမဂ္ဂါနီတိ သဗ္ဗာနိ။ နေတ္တိ၊ ဋ္ဌ။ ၉၃။]

(၇၀၃) ဘူရိ ပဟုတံ ပစုရံ ဘိယျော သမ္ဗဟုလံ ဗဟု။
ယေဘုယျံ ဗဟုလဉ္စာထ၊ ဗာဟိရံ ပရိဗာဟိရံ။

(၇၀၃) ဘူရိ၊ ပဟုတံ၊ ပစုရံ၊ ဘိယျော၊ သမ္ဗဟုလံ၊ ဗဟု၊ ယေဘုယျံ၊ ဗဟုလံ၊ များသည်။ (အများ၊ များသောလည်း ဟူ၏။) များသည် ပရိယာယ် ၈-ပုဒ်။ အထ၊ ထိုမှတပါး။ ဗာဟိရံ၊ ပရိဗာဟိရံ၊ ပြင်ပ။ (အပလည်း ဟူ၏။) ပြင်ပ ပရိယာယ် ၂-ပုဒ်။

[ယေဘုယျ-ကို "ယေဘုယျ-သဒ္ဒေါ ဗဟုလတ္ထဝါစကော ပါဋိပဒိကော" ဟု ဖွင့်သည်။ ဗာဟိယ, ပရိဗာဟိယ-လည်း ပြင်ပ ဟော ပရိယာယ်တည်း။]

(၇၀၄) ပရောသတာဒီ တေ ယေသံ၊ ပရံ မတ္တံ သတာဒိတော။
ပရိတ္တံ သုခုမံ ခုဒ္ဒံ၊ ထောကံ အပ္ပံ ကိသံ တနု။

(၇၀၅) စုလ္လံ မတ္တာ'တ္ထိယံ လေသ-လဝါ'ဏု ဟိ ကဏော ပုမေ။
သမိပံ နိကဋာ'သန္နာ-ပကဋ္ဌာ'ဘျာသ သန္တိကံ။

(၇၀၆) အဝိဒူရဉ္စ သာမန္တံ၊ သန္နိကဋ္ဌ မုပန္တိကံ။
သကာသံ အန္တိကံ ၊ တ္တံ၊ ဒူရံ တု ဝိပ္ပကဋ္ဌကံ။

(၇၀၄-၆) ယေသံ၊ အကြင်အရေ ဝတ္ထုတို့၏။ မတ္တံ၊ အတိုင်းအရှည်သည်။ သတာဒိတော၊ သတ အစရှိသည်မှ။ ပရံ၊ ပိုလွန်၏။ တေ၊ ထိုအရာဝတ္ထု ဖြစ်တို့သည်။ ပရောသတာဒီ၊ ပရောသတ အစရှိသည်တို့ မည်ကုန်၏။

ပရိတ္တံ၊ သုခုမံ၊ ခုဒ္ဒံ၊ ထောကံ၊ အပ္ပံ၊ ကိသံ၊ တနု၊ စုလ္လံ၊ မတ္တာ၊ နည်းသည်။ အယံ ဤ မတ္တာ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

လေသံ၊ လဝေါ၊ အဏု၊ ကဏော၊ နည်းသည်။ အယံ၊ ဤ ကဏ-သဒ္ဒါသည်။ ပုမေ၊ ပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ (အခိုက်အတန့် ပြင်သင့်သည်ကို ပြင်၍ ပေးသည်။) နည်းသည် ပရိယာယ် ၁၃-ပုဒ်။

သမိပံ၊ နိကဋံ၊ အာသန္နော၊ ဥပကဋံ၊ အဘျာသော၊ သန္တိကံ၊ အဝိဒူရံ၊ သာမန္တံ၊ သန္နိကဋံ၊ ဥပန္တိကံ၊ သကာသံ၊ အန္တိကံ၊ ဥတ္တံ၊ နီးကပ်သည်။ (အနီးလည်း ဟူ။) နီးကပ်သည် ပရိယာယ် ၁၃-ပုဒ်။ တု၊ ထိုမှတပါး။ ဒူရံ၊ ဝိပ္ပကဋ္ဌကံ၊ ဝေးသည်။ (အဝေးလည်း ဟူ။) ဝေးသည် ပရိယာယ် ၂-ပုဒ်။

[ပရောသတာဒီ-၌ အာဒိဖြင့် ပရောပညာသ, ပရောပဏ္ဏာသ, ပရောသဟဿ- စသည်ထို့ကို ယူရာ၏။ ပရောပညာသံ အာနန္ဒ နာတိကေ ဥပါသကာ ကာလင်္ကတာ။ ဒီ၊ ၂။ ၇၉။ ပရောပညာသ- နာတိကိယာ ပရိစာရကာ အဗ္ဘတီတာ။ ဒီ၊ ၂။ ၁၆၂။ ပရောပဏ္ဏာသ- ကုသလဓမ္မေ။ ဒီ၊ ၃၊ ၃။ ၅၁။.... ဣမေ ပရောပဏ္ဏာသဓမ္မာ ဝေ။ အဘိ၊ ၃၊ ၁။ ၁၇၅။ ပရောသတဋ္ဌေပိ သမာဂတာနံ။ ဇာ၊ ၁။ ၂၃၊ ၂၄။ ပရောသဟဿံ ခေါ ပန ပုတ္တာ ဘဝန္တိ။ ဒီ၊ ၁။ ၈၃။

ပရောသတ-နှင့် ပရောသဟဿ-ကို "သတတော ပရော ပရောသတံ။ သဟဿတော ပရော ပရောသဟဿံ၊ ပရဿ ပုဗ္ဗနိပါတော အာဒိဓာနာ ပရ-သဒ္ဒါ ပြကာရဂမော"ဟု ဋီကာဖွင့်၏။

စူဠက-သဒ္ဒါလည်း အနည်းငယ်ဟော ပရိယာယ်, ၄-ဖို ၁-ဖို ၄-ပုံ ၁-ပုံဟော ပရိယာယ်ဖြစ်သည်။ ကာကဝဋ္ဋယောပိ တံ ဌာနံ ပတ္တော စူဠကံ လဘိ။ မ၊ ဌ၊ ၄။ ၄။ စူဠကန္တိ ဥပစုဘာဂတောပိ ဥပစုံ စတုတ္ထဘာဂဿေတံ အဓိဝစနံ။ သာရတ္ထ၊ ၂။ ၃၇၆။]

(၇၀၇) နိရန္တရံ ဃနံ သန္ဒံ၊ ဝိရဠံ ပေလဝံ တနုံ။
အထာ'ယတံ ဒီဃ မထော၊ နိတ္တလံ ဝဋ္ဋ ဝဋ္ဋုလံ။

(၇၀၇) နိရန္တရံ၊ ဃနံ၊ သန္ဒံ၊ ထူထပ်သည်။ (တခဲနက်လည်း ဟူ။) ထူထပ်သည် ပရိယာယ် ၃-ပုဒ်။ ဝိရဠံ၊ ပေလဝံ၊ တနုံ၊ ကျဲသည်။ (ပါးသည်လည်း ဟူ။) ကျဲသည် ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ အာယတံ၊ ဒီဃံ၊ ရှည်သည်။ (ရှည်လျားသည်လည်း ဟူ။) ရှည်သည်ပရိယာယ် ၂-ပုဒ်။

အထော၊ ထိုမှတပါး။ နိတ္တလံ၊ ဝဋ္ဋံ၊ ဝဋ္ဋုလံ၊ လုံးသည်။ (ဝိုင်းသည်၊ ဝန်းသည်လည်း ဟူ)။ လုံးသည် ပရိယာယ် ၃-ပုဒ်။

[နိရန္တရ-ကို "နတ္ထိ အန္တရံ ဆိဒ္ဒံ ယဿာတိ နိရန္တရံ"ဟု ပြုသည်။ သို့ဖြစ်၍ "နိရန္တရံ၊အစဉ်မပြတ် ကြားမလပ်"ဟု သဒ္ဒါနက် ယောဇနာဘော်မူကြသည်။

ပရိဝဋ္ဋုမ-သဒ္ဒါလည်း လုံးဝန်းပုကွသူကို ဟောသည်။ ပရိဝဋ္ဋု-မောတိ သမန္တတော ဝဋ္ဋာကာရော။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၂၃၅။]

(၇၀၈) ဥစ္စော တု ဥန္နတော တုင်္ဂေါ၊ ဥဒဂ္ဂေါ စေဝ ဥစ္ဆိတော။
နီစော ရဿော ဝါမနော ထ၊ အဇိမှော ပဂုဏော ဥဇု။

(၇၀၈) တု၊ ထိုမှတပါး။ ဥစ္စော၊ ဥန္နတော၊ တုင်္ဂေါ၊ ဥဒဂ္ဂေါ၊ ဥစ္ဆိတော၊ မြင့်သည်။ (အမြင့်လည်း ဟူ။) မြင့်သည် ပရိယာယ် ၅-ပုဒ်။ နီစော၊ ရဿော၊ ဝါမနော၊ နိမ့်သည်။ (ပုကွ ပုတိုသည်လည်း ဟူ။) နိမ့်သည် ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ အဇိမှော၊ ပဂုဏော၊ ဥဇု၊ ဖြောင့်သည်။ (အဖြောင့်လည်း ဟူ။) ဖြောင့်သည် ပရိယာယ် ၃-ပုဒ်။

[ဥဒဂ္ဂ၊ ဥစ္ဆိတ-တို့ကို "ဥဂ္ဂတံ အဂ္ဂံ အဿ ဥဒဂ္ဂေါ။ ဥဒ္ဓံ သိတော ဥစ္ဆိတော"ဟု ပြုသည်။ ပံသု-သဒ္ဒါလည်း အမြင့်ဟော ပရိယာယ်တည်း။ ပကာရေဿ ဒံသု ဒိဋ္ဌိ ယဿ ပံသု-ဟု ပြု၏။]

(၇၀၉) အာဝိဒ္ဓံ ဝေလ္လိတံ ဝင်္ကံ၊ ကုဋိလံ ဇိမှ ကုဉ္စိတံ။
ဓုဝေါ စ သဿတော နိစ္စော၊ သဒါတန သနန္တနာ။

(၇၀၉) အာဝိဒ္ဓံ၊ ဝေလ္လိတံ၊ ဝင်္ကံ၊ ကုဋိလံ၊ ဇိမှံ၊ ကုဉ္စိတံ၊ ကောက်သည်။ (ကွေးသည်လည်း ဟူ။) ကောက်သည် ပရိယာယ် ၆-ပုဒ်။ ဓုဝေါ၊ သဿတော၊ နိစ္စော၊ သဒါတနံ၊ သနန္တနာ၊ မြဲသည်။ (အမြဲလည်း ဟူ၏။) မြဲသည် ပရိယာယ် ၅-ပုဒ်။

[ဝင်္က-သဒ္ဒါလည်း အကောက်ဟောပရိယာယ်တည်း။ ဝင်္ကဂါတိ ဟောဂိသတ္တံ အာလပတိ၊ သဗ္ဗပိ ပန ပက္ခိနော ဥပ္ပတနကာလေ ဂီဝံ ဝင်္ကံ ကတွာ ဥပ္ပတနတော ဝင်္ကဂါတိ ဝုစ္စတိ။ ဇာ၊ ဋ္ဌ၊ ၂။ ၃၄၄။]

(၇၁၀) ကူဋဋ္ဌော တွေ့ကရူပေန၊ ကာလဗျာပီ ပကာသိတော။
လဟု သလ္လဟုကဥ္စာထ၊ သချာတံ ဂဏိတံ မိတံ။

(၇၁၀) တု၊ ထိုမှတပါး။ ကေရူပေန၊ တခုတည်းသော သဘောဖြင့်။ **ကာလဗျာပီ**၊ အခါခပ်သိမ်း နှံ့၍တည်တတ်သော နိဗ္ဗာန်, ကောင်းကင် အစ ရှိ**သည်**ကို။ ကူဋဋ္ဌော၊ ကူဋဋ္ဌ မည်၏ဟူ၍။ ပကာသိတော၊ ပြအပ်**၏**။ လ**ဟု**၊ သလ္လဟုကံ၊ ပေါ့သည်။ (အပေါ့လည်း ဟူ။) ပေါ့သည် ပရိယာ**ယ်** ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သချာတံ၊ ဂဏိတံ၊ မိတံ၊ ရေတွက်အပ်သည်။ **ရေတွက်အပ်သည်** ပရိယာယ် ၃-ပုဒ်။

[ကူဋ္ဌ-သဒ္ဒါ မတုန်လှုပ်ခြင်း ဟူသော အနက်ကိုလည်း ဟောသည်။
ရာသိနိစ္စလမာယာသု၊ ဒမ္ဘာသစ္စေသု့ယောဃနေ။
ဂိရိသိင်္ဂမှိ သိရင်္ဂေ၊ ယန္တေ ကူဋ္ဌ မန်ိတ္ထိယံ။

ဓာန်။ဂ၂ဂ-ဂါထာ။ နိစ္စလော တိဋ္ဌတီတိ ကူဋဋ္ဌော၊ ပဗ္ဗတော။ ကူဋဋ္ဌော ဝိယ သဒါ တိဋ္ဌတီတိ ကူဋဋ္ဌော-ဟု ဋီကာဖွင့်၏။ ပဗ္ဗတ-ကူဋံ ဝိယ ဌိတောတိ ကူဋဋ္ဌော။ ဒီငြ၁။၉၇။ လဟု-လည်း ပေါ့ ခြင်းဟော ပရိယာယ်ဖြစ်သည်။]

(၇၁၁) တိဏှံ တု တိခိဏံ တိဗ္ဗံ၊ စဏ္ဍံ ဥဂ္ဂံ ခရံ ဘဝေ။
ဇင်္ဂမဥ္စ စရဥ္စေဝ၊ တသံ ဧငယံ့ စရာစရံ။

(၇၁၁) တု၊ ထိုမှတပါး။ တိဏှံ၊ တိခိဏံ၊ တိဗ္ဗံ၊ ထက်**သည်**။ **ထက်သည်** ပရိယာယ် ၃-ပုဒ်။ စဏ္ဍံ၊ ဥဂ္ဂံ၊ ခရံ၊ ကြမ်းတမ်းသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ (ကြမ်းကြုတ်,ခက်ထန်သည်လည်း ဟူ**၏**။) ကြမ်းတမ်းသည် ပရိယာယ် ၃-ပုဒ်။ ဇင်္ဂမံ၊ စရံ၊ တသံ၊ စရာစရံ၊ ရွေ့ရှား တတ်သည်။ ဧငယံ၊ အနက်တူဟု သိအပ်၏။ ရွေ့ရှားတတ်သည် ပရိယာယ် ၄-ပုဒ်။

[ဝိသေသျ-ပုဒ်ကို လိုက်၍ တိဏှသည် မြမြထက်သော၊ ချွန် သော၊ အစွမ်းထက်သော-စသည့် အနက်များကိုလည်း ဟောသည်။ ပုံစံ–တိဏှေန ဂေါဝိကန္တနေန။ ဝိ၁။၁၁၄။ တိဏှာယ သတ္တိယာ။ အံ၂။၄၉၆။ တိဏှာနိ လေခနိယာနိ ဘေသဇ္ဇာနိ ဒေတိ။ မိလိန္ဒ။ ၁၇၂။]

(၇၁၂) ကမ္ဗုန် စလန္ဒဥ္စာထ၊ အတိရိတ္တော တထာ’ဓိကော။
ထာဝရော ဇင်္ဂမာ အညော၊ လောလံ တု စဥ္စလံ စလံ။

(၇၁၃) တရလဥ္စ ပုရာဏော တု၊ ပုရာတန သနန္တနာ။
စိရန္တနောထ ပစ္စဂ္ဃော၊ နူတနော’ဘိနဝေါ နဝေါ။

(၇၁၂၊၇၁၃) ကမ္ဗုန်၊ စလန်၊ တုန်လှုပ်ခြင်း။ တုန်လှုပ်ခြင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အတိရိတ္တော၊ အဓိကော၊ ပိုလွန်သည်။ (တထာ၊ အနက်မဲ့။) ပိုလွန်သည် ပရိယာယ် ၂-ပုဒ်။ ဇင်္ဂမာ၊ ဇင်္ဂမဝတ္ထုမှ။ အညော၊ တပါးသော ဝတ္ထုသည်။ ထာဝရော၊ ထာဝရမည်၏။ ဝါ၊ မရွေ့ရှားတတ်သော အရာဝတ္ထုမည်၏။ တု၊ ထိုမှတပါး။ လောလံ၊ စဥ္စလံ၊ စလံ၊ တရလံ၊ တုန်လှုပ်သည်။ (လော်လည်သည်၊ လျှပ်ပေါ်သည်လည်း ဟူ၏။) တုန်လှုပ်တတ်သည် ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ပုရာဏော၊ ပုရာတနံ၊ သနန္တနော၊ စိရန္တနော၊ အဟောင်း။ (လက်ဟောင်း၊ ရှေးကျသည်လည်း ဟူ၏။) အဟောင်းပရိယာယ် ၄-ပုဒ်။ ပစ္စဂ္ဃော၊ နူတနော၊ အဘိနဝေါ၊ နဝေါ၊ အသစ်။ (လက်သစ်၊ ပေါ်ခါစ-လည်း ဟူ။) အသစ်ပရိယာယ် ၄-ပုဒ်။

[တိဋ္ဌတီတိ ထာဝရော။ ပုရေ ဘဝေါ ပေါရာဏော။ ပုရာ ဘဝေါ ပုရာတနော။ သနံ ဘဝေါ သနန္တနော။ စိရံ ဘဝေါ စိရန္တနော-ဟု အသီးသီး ပြုရာ၏။ သနံ-ကား သတ္တမျန္တ ပုရာဏတ္ထ, နိစ္စတ္ထ နိပါတ်ပုဒ်တည်း။ စိရံ-ကား သတ္တမျန္တ ပုရာဏတ္ထ နိပါတ်တည်း။]

(၇၁၄) ကုဋိလံ ကုဉ္စိတံ ဝင်္ကံ၊ နိဏ္ဏုဇ္ဇံ ကုဋိလံ ဘဝေ။
အနိဋ္ဌဥ္စ ဂရဟိတံ၊ ပဂ္ဂေ့ာ စ ပဋိမ’ဒ္ဓိမာ။

(၇၁၅) ဗီဘစ္ဆံ ဇေမ္ဗိ ပုဇ္ဇံ၊ ကဂ္ဂုံ ပဋိပ မာဒိ သော။
ပတိရူပေါ’နုရူပဝါက် အထ မောဃံ နိရတ္ထကံ။

(၇၁၄၊၇၁၅) ကုဋိလံ၊ ကုဉ္စိတံ၊ ဝင်္ကံ၊ နိဏ္ဏုဇ္ဇံ၊ ကုဋိလံ၊ ကြမ်းကြုတ်ခက်မာသည်။ (မပျော့ပျောင်း၊ မချောမွေ့၊ မနူးညံ့သည်လည်း ဟူ။) သမော၊ အနက်ဟူသည်။ ဘဝေ၊ ဖြစ်၏။ ကြမ်းကြုတ်ခက်မာသည် ပရိယာယ် ၅-ပုဒ်။ အဂ္ဂေ့ာ၊ အဆုံး။ အနိဋ္ဌံ၊ ကုဟ္ဂလိုင်မဟုတ် ပုလိုင်,နပုလ္လိင်တည်း။ ပရိယဂ္ဂေ့ာ၊

ပန္တော၊ ပစ္ဆိမော၊ အန္တိမော၊ ဇိဃညံ၊ စရိမံ၊ အဆုံး။ (ပစ္ဆိမ, အန္တိမ-တို့ကို အခိုက်အတန့် ပစ္ဆိမော၊ အန္တိမော-ဟု ပြင်သည်။) အဆုံးပရိယာယ် ၇-ပုဒ်။

တု၊ ထိုမှတပါး။ ပုဗ္ဗံ၊ အဂ္ဂံ၊ ပဌမံ၊ အာဒိ၊ ရှေးဦးအစ။ အယံ၊ ဤအာဒိ-သဒ္ဒါသည်။ သော၊ ပုလ္လိင်တည်း။ (ရှေးဦး၊ ရှေးဖျား၊ ယခေါင်၊ ယခင်၊ လက်မွန်၊ မဆွ-လည်း ဟူ။) ရှေးဦးအစ ပရိယာယ် ၄-ပုဒ်။ ပတိရူပေါ၊ အနုစ္ဆဝိကံ၊ လျောက်ပတ်သည်။ (သင့်လျော်သည်၊ လျော်ကန်သည်လည်း ဟူ။) လျောက်ပတ်သည် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ မောဃံ၊ နိရတ္ထကံ၊ အချည်းနှီး။ (အကျိုးမပြီး အချည်းနှီး၊ အလဟဿ-သော်လည်း ဟူ။) အချည်းနှီးပရိယာယ် ၂-ပုဒ်။

[ကဋ္ဌောရုံ, ဇရင်္ဂံ, မုတ္တိမံ, မုတ္တံ-တို့လည်း ကြမ်းကြုတ် ခက်မာသည်ဟော ပရိယာယ်ဖြစ်၏။ ကလ္လ-သဒ္ဒါလည်း သင့်လျော် လျောက်ပတ်ခြင်း အနက်ဟော ပရိယာယ်ဖြစ်၏။ တတြာယ ကလ္လော ပဌ္ဌော။ သံ၊ ၁။ ၂၅၄။ ကလ္လော ပဌ္ဌောတိ တသ္မိံ မယာ ဝုတ္တေ အယံ ပဌ္ဌော ယုတ္တော ဘဝေယျ။ သံ၊ ဋ္ဌ၊ ၂။ ၂၉။]

(၇၁၆) ဗျတ္တံ ဖုဋ္ဌံ စ မုဒု တု၊ သုကုမာရံ စ ကောမလံ။
ပစ္စက္ခံ ဣန္ဒြိယဂ္ဂယှံ၊ အပစ္စက္ခံ အတိန္ဒြိယံ။

(၇၁၆) ဗျတ္တံ၊ ဖုဋ္ဌံ၊ ထင်ရှားသည်။ (သိသာသည်၊ ပေါ်လွင်သည်လည်း ဟူ။) ထင်ရှားသည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မုဒု၊ သုကုမာရံ၊ ကောမလံ၊ နူးညံ့သည်။ (သိမ်မွေ့နုပျို့သည်လည်း ဟူ။) နူးညံ့သည်ပရိယာယ် ၃-ပုဒ်။ ဣန္ဒြိယဂ္ဂယှံ၊ ဣန္ဒြေငါးပါးတို့ဖြင့် ယူအပ်သော အာရုံသည်။ ပစ္စက္ခံ၊ ပစ္စက္ခမည်၏။ ပါ၊ မျက်မှောက်မည်၏။ အတိန္ဒြိယံ၊ ဣန္ဒြေငါးပါးကို လွန်သော အာရုံသည်။ အပစ္စက္ခံ၊ အပစ္စက္ခမည်၏။ ဝါ၊ မျက်ကွယ်မည်၏။

[ဖုဋ္ဌ-သဒ္ဒါ ပျံ့နှံ့သော, ပျံ့နှံ့စေအပ်သော အရာဝတ္ထုကိုလည်း ဟောသည်။ ရူပကာယေန ဖုဋ္ဌော။ ဝိ၊ ဋ္ဌ၊ ၁။ ၁၂၁။ မဟာသမုဒ္ဒေါ စေတသာ ဖုဋ္ဌော။ အံ၊ ၁။ ၄၄။]

(၇၁၇) ဣတရာ'ညတရော ဧကော၊ အညော ဗဟုဝိဓော တု စ။
နာနာရူပေါ စ ဝိဝိဓော၊ အဗာဓံ တု နိရဂ္ဂလံ။

(၇၁၇) ဣတရော၊ အညတရော၊ ဧကော၊ အညော၊ တပါး။ (တခြားသော်လည်း ဟူ။) တပါး ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ဗဟုဝိဓော၊ နာနာရူပေါ၊ ဝိဝိဓော၊ အထူးထူး အပြားပြား။ (အမျိုးမျိုး၊ အစားစားလည်း ဟူ။) အထူးထူး အပြားပြား ပရိယာယ် ၃-ပုဒ်။ အဗာဓံ၊ နိရဂ္ဂလံ၊ အဆီးအတား မရှိသည်။ (အပိတ်အပင် မရှိသည်လည်း ထင်ခြင်းဟူ၏။) အဆီးအတား မရှိသည် ပရိယာယ် ၂-ပုဒ်။

[အဗာဓ-ကို "နတ္ထိ ဗာဓော နိသေဓော ယဿ အဗာဓံ။ နိရဂ္ဂလ-ကို နတ္ထိ အဂ္ဂဠံ အဿ နိရဂ္ဂဠံ"ဟု ဋီကာပြု၏။]

(၇၁၈) အထေ'ကာကီ စ ဧကစ္စော၊ ဧကော စ ဧကကော သမာ။
သာဓာရဏဉ္စ သာမညံ၊ သမ္ဗာဓော တု စ သံကဋံ။

(၇၁၈) အထ၊ ထိုမှတပါး။ ဧကာကီ၊ ဧကစ္စော၊ ဧကော၊ ဧကကော၊ တယောက်ထီးတည်း။ သမာ၊ အနက်တူကုန်၏။ တယောက်ထီးတည်း ပရိယာယ် ၄ ပုဒ်။ သာဓာရဏံ၊ သာမညံ၊ ဆက်ဆံသည်။ (အများဆိုင်, ဘုံဆိုင်လည်း ဟူ။) ဆက်ဆံသည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သမ္ဗာဓော၊ သံကဋံ၊ ကျဉ်းမြောင်းသည်။ (ကျပ်တည်းသည်)။ ကျဉ်းမြောင်းသည် ပရိယာယ် ၂-ပုဒ်။

[အသဟာယတ္ထ-၌ ဧက-နောင် အာကီ-ပစ္စည်းသက်၍ ဧကာကီ၊ စ္စ-ပစ္စည်း, ဒွိယ-ပစ္စည်း, စ္စယျ-ပစ္စည်း, တိယ ပစ္စည်းများ သက်၍ သိ-ကို ဩ-ပြု၍ ဧကစ္စော, ဧကဒွိယော, ဧကစ္စယျော, ဧကတိယော-ဟု ပြီးသည်။]

(၇၁၉) ဝါမံ ကဠေဝရံ သဗျံ၊ အပသဗျံ တု ဒက္ခိဏံ။
ပဋိကူလံ တွ'ပသဗျံ၊ ဂဟနံ ကလိလံ သမာ။

(၇၁၉) ဝါမံ၊ လက်ဝဲဘက်ဖြစ်သော။ ကဠေဝရံ၊ ကိုယ်သည်။ သဗျံ၊ သဗျမည်၏။ တု၊ ထိုမှတပါး။ ဒက္ခိဏံ၊ လကျာဘက်ဖြစ်သော။ ကဠေဝရံ၊ ကိုယ်သည်။ အပသဗျံ၊ အပသဗျမည်၏။ တု၊ ထိုမှတပါး။ ပဋိကူလံ၊

အပသဗျံ၊ အပြန်။ (ဆန့်ကျင်ဘက်၊ ပြောင်းပြန်-လည်း ဟူ။) အပြန် ပရိယာယ် ၂-ပုဒ်။ ဂဟနံ၊ကလိလံ၊ရှုပ်ထွေးသည်။ (ခက်ခဲသည်-လည်း ဟူ။) သမာ၊ အနက်တူကုန်၏။ ရှုပ်ထွေးသည် ပရိယာယ် ၂-ပုဒ်။

[သဗျ-ကို လက်ဝဲ၊ အပသဗျ-ကို လက်ျာ-ဟု အမရကောသ-စသည်တို့၌ ဆို၏။ ဝါမံ သရီရံ သဗျံ ဟောတိ၊ အပသဗျံ တု ဒက္ခိဏံ။ အမရ၊၂၁။၇၄။ ဤအဘိဓာန်၌ ယင်း အမရကောသ ကို မှီး၍ ဆိုသည်။ မရှိမသေ မလေးမစား ပြုခြင်းသည်လည်း အပသဗျ မည်၏။ အပသဗျတော ကရိတွာ ပက္ကာမိ။ ဥဒါန။၁၃၆။ ဝါမတော အပသဗျတော၊ ဝုတ္တာဝိပရိယာယတော်တ် အမိပ္ပါယော။ မါဋ္ဌီ၊၂။၅၀။]

(၇၂၀) ဥစ္စာဝစံ ဗဟုဘေဒံ၊ သံကိဏ္ဏာ'ကိဏ္ဏသံကုလာ။
ကတဟတ္ထော စ ကုသလော၊ ပဝီဏော'ဘိညသိက္ခိတာ။

(၇၂၁) နိပုဏော စ ပဋ္ဋု ဆေကော၊ စာတုရော ဒက္ခ ပေသလာ။
ဗာလော ဒတ္တု ဇဠော မူဠ္ဟော၊ မန္ဒော'ဝိညူ စ ဗာလိသော။

(၇၂၀၊ ၇၂၁) ဥစ္စာဝစံ၊ အများအပြား။ (ကြီးကြီး ငယ်ငယ်။) ဗဟုဘေဒံ၊ အများအပြား။ အများအပြား ပရိယာယ် ၂-ပုဒ်။ သံကိဏ္ဏံ၊ အာကိဏ္ဏံ၊ သံကုလံ၊ ရောပြွမ်းသည်။ (၎င်းပုဒ်များလည်း တိလိင်ဖြစ်၍ သံကိဏ္ဏံ၊ အာကိဏ္ဏံ၊ သံကုလံ-ဟုလည်း နေနိုင်သည်။ သို့ဖြစ်၍ အခိုက်အတန့် သံကိဏ္ဏံ-စသည် ပြင်သည်။) ရောပြွမ်းသည် ပရိယာယ် ၃-ပုဒ်။ ကတ-ဟတ္ထော၊ ကုသလော၊ ပဝီဏော၊ အဘိညော၊ သိက္ခိတော၊ နိပုဏော၊ ပဋ္ဋု၊ ဆေကော၊ စာတုရော၊ ဒက္ခော၊ ပေသလော၊ လိမ္မာသူ။ (လိမ္မာကျွမ်းကျင်သူလည်း ဟူ။) (အခိုက်အတန့် ပြင်သည်။) လိမ္မာသူ ပရိယာယ် ၁၁-ပုဒ်။ ဗာလော၊ ဒတ္တု၊ ဇဠော၊ မူဠ္ဟော၊ မန္ဒော၊ အဝိညူ၊ ဗာလိသော၊ မိုက်သူ။ (မသိသူ၊ ပညာမဲ့သူ၊ ပညာမွဲသူ၊ ပညာနည်းသူလည်း ဟူ။) မိုက်သူ ပရိယာယ် ၇-ပုဒ်။

[ဥစ္စာဝစံ-ကို ကြီးကြီး ငယ်ငယ်၊ အမြတ်အယုတ်-ဟု ယောဇနာ လျှင်လည်း သင့်မြတ်၏။

ဥစ္စာဝစေဟု ပါယေဟိ၊ ပရေသ မဘိဇိဂီသတိ။ ထေရ။၃၂၃။ ပါရာပရိယထေရဂါထာ။ ဥစ္စာဝစေဟီတိ မဟာန္တေဟိ စေဝ ခုဒ္ဒကေဟိ စ။ ထေရ၊ဋ္ဌ၊၂။၂၇၉။ ဥစ္စာဝစာ နာနပ္ပကာရာ။ သုတ္တနိ၊ဋ္ဌ၊ ၂။၂၁၁။ ဥတ္တမနိဟီနဘေဒတော ဥစ္စာဝစာ။ သုတ္တနိ၊ဋ္ဌ၊၂။၂၁၅။

ဗာလ-ကို "ဗလတီတိ ဗာလော၊ အဿာသိတပဿာသိတမတ္တေန ဇီဝတိ, န ပညာဇီဝိတေနာတျတ္ထော"ဟု ဋီကာဖွင့်သည်။ အညော၊ ယာလာ ဗာလော-ကိုလည်း မိုက်သူဟော ပရိယာယ်တည်း။ န ဇာနာတီတိ အညော၊ ယာဗ်သော ဇာတော ဝိဝေကော ယာထာဇာဟော-ဟု ဋီကာ၌ ဆက်၍ ဝိဂ္ဂြိုဟ်ပြုရာ၏။]

(၇၂၂) ပုညပါ သုကတီ ဓညော၊ မဟုဿာဟော မဟာဓိတိ။
မဟာတဏှော မဟိစ္ဆောထ၊ ဟာဒယီ ဟဒယာလု စ။

(၇၂၂) ပုညဝါ၊ ဘုန်းကံရှိသူ။ (ပုညဝန္တု-ပုဒ်ရင်း။) သုကတီ၊ ဓညော၊ ဘုန်းကံရှိသူ။ (ကံကောင်းသောသူ ဟူ၏။) ဘုန်းကံရှိသူ ပရိယာယ် ၃-ပုဒ်။ မဟုဿာဟော၊ မဟာဓိတိ၊ ကြီးသော လုံ့လရှိသူ။ (ဝီရိယကြီးသူ၊ အလွန်ကြိုးစားသူ၊ မဖြစ်မနေ ကြိုးပမ်းသူ-လည်း ဟူ။) ကြီးသော လုံ့လရှိသူ ပရိယာယ် ၂-ပုဒ်။ မဟာတဏှော၊ မဟိစ္ဆော၊ အလိုကြီးသူ။ (လောဘရမက်ကြီးသူ၊ ရလေလိုလေ ပုဂ္ဂိုလ်မျိုး ဟူလို။) အလိုကြီးသူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဟာဒယီ၊ ဟဒယာလု၊ စိတ်နှလုံး ကောင်းသူ။ (သဘောထား ကြီးသူ၊ သဘောကောင်းသူ၊ စိတ်ထား မြင့်မြတ်သူလည်း ဟူ။) စိတ်နှလုံးကောင်းသူ ပရိယာယ် ၂-ပုဒ်။

[သုကတီ-ကို "သုကတံ ယဿိ အတ္ထီတိ သုကတီ"ဟု ပြုရာ၏။ မဟာသယ - သည်လည်း အလိုကြီးသူဟော ပရိယာယ်တည်း။ မဟိစ္ဆ-ကို "မဟန္တီ ဣစ္ဆာ တဏှာ ယဿ သော မဟိစ္ဆော"ဟု ဝိဂ္ဂြိုဟ်ပြုရာ၏။

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော။
ဗဟုကေ ပစ္စယေ ဒေန္တေ၊ တယောပေတေ န ပူရယေ။
အဘိ၊ဋ္ဌ၊၂။၄၅၅။ (မ၊ဋ္ဌ၊၂။၄၅-လည်း ကြည့်။]

(၇၂၃) သုမနော ဟဋ္ဌစိတ္တော'ထ၊ ဒုမ္မနော ဝိမနော'ပျထ။
ဝဒါနိယော ဝဒညူ စ၊ ဒါနသောဏ္ဍော ဗဟုပ္ပဒေါ။

(၇၂၃) သုမနော၊ ဟဋ္ဌစိတ္တော၊ ဝမ်းမြောက်သူ။ (ဝမ်းသာသူ၊ ရွှင်လန်းသူ-လည်း ဟူ။) ဝမ်းမြောက်သူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထို့မှတပါး။ ဒုမ္မနော၊ ဝိမနော၊ နှလုံးမသာသူ။ (စိတ်မချမ်းမြေ့သူ၊ စိတ်ညစ်သူ-လည်း ဟူ။) နှလုံးမသာသူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထို့မှတပါး။ ဝဒါနိ-ယော၊ ဝဒညူ၊ ဒါနသောဏ္ဍော၊ ဗဟုပ္ပဒေါ၊ အပေးအကမ်း ရက်ရောသူ။ (အလှူပေးကြူးသူ၊ အလှူရေစက် လက်နှင့်မကွာသူလည်း ဟူ။) အပေးအကမ်းရက်ရောသူ ပရိယာယ် ၄-ပုဒ်။

[သုန္ဒရံ မနော ဧတဿ အတ္ထီတိ သုမနော-ဟု ပြုရာ၏။ ဒါနေ သောဏ္ဍော ဒါနသောဏ္ဍော-ဟု မောဂ်၊၃။၁၀-၌ ဆို၏။ သောဏ္ဍ-ကား သုဏ္ဍ-ပုဒ် ဏ-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ သက္ကတ၌ အဏ-ပစ္စည်း ဟူ၏။ သုဏ္ဍာယံ အဘိရတော သောဏ္ဍော-ဟု ပြု။ ယင်း သောဏ္ဍ-ကို ထောမနိမိတ္တ၌ မတ္တေ, ဒက္ခေ-ဟု ဖွင့်သည်။ ယစ်သူ, လိမ္မာသူဟောဟု ဆိုလို၏။]

(၇၂၄) ချာတော ပတိတော ပညာတော-
ဘိညာတော ပထိတော သုတော။
ဝိဿုတော ဝိဒိတော စေဝ၊
ပသိဒ္ဓေါ ပါကဋော ဘဝေ။

(၇၂၄) ချာတော၊ ပတိတော၊ ပညာတော၊ အဘိညာတော၊ ပထိ-တော၊ သုတော၊ ဝိဿုတော၊ ဝိဒိတော၊ ပသိဒ္ဓေါ၊ ပါကဋော၊ထင်ရှားသူ။ (ကျော်ကြားသူ၊ ကျော်စောသူ၊ ကျော်စောကိတ္တိရှိသူလည်း ဟူ။)သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ထင်ရှားသူ ပရိယာယ် ၁၀-ပုဒ်။

[ချာတ-ကား ပကာသနတ္ထ ချာ-ဓာတ် တ-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ပတီတ-ကား ပတိပုဗ္ဗ ဣ-ဓာတ် တ-ပစ္စည်းဖြင့် ပြီး၏။ အဘိညာတ-ကို "အဘိညာယတေတိ အဘိညာတော"ဟု ပြုရာ၏။ အဘိညာတာ အဘိညာတာ သဂ်ျကမာရာ။ဝိ၊၄။၃၃၆။]

(၇၂၅) ဣဿရော နာယကော သာမီ၊ ပတိ'သာ'ဓိပတိ ပဘူ။
အယျော'ဓိပါ'ဓိဘူ နေတာ၊ ဣဗ္ဘော တွဍ္ဎော တထာ ဓနီ။

(၇၂၅) ဣဿရော၊ နာယကော၊ သာမီ၊ ပတိ၊ ဤသော၊ အဓိပတိ၊ ပဘူ၊ အယျော၊ အဓိပေါ၊ အဓိဘူ၊ နေတာ၊ အရှင်သခင်။ (နေတု-ပုဒ်ရင်း။) (အကြီးအကဲ၊ အစိုးရသူ-လည်း ဟူ။) အရှင်သခင် ပရိယာယ် ၁၁-ပုဒ်။ တု၊ ထိုမှတပါး။ ဣဗ္ဘော၊ အဍ္ဎော၊ ဓနီ၊ ကြွယ်ဝသူ။ (ကုံထံကြွယ်ဝသူ၊ လူချမ်းသာလည်း ဟူ။) ကြွယ်ဝသူ ပရိယာယ် ၃-ပုဒ်။

[ဣဗ္ဘ-ကို ဓာန်၊ ဋီ-၌ "ဣဘံ အရဟတီတိ ဣဗ္ဘော၊ ဝေါ၊ ဝဏ္ဏဝိပရိယယော"ဟု ဖွင့်သည်။ ဣဘံ၊ ဥစ္စာကို။ အရဟတိ၊ ထိုက်၏-ဟု ဋီကာနိသျဆရာတော် အနက်ပြန်၏။ ဥစ္စာဟော ဣဘ-နောင် အရဟတ္ထ၌ ဝ-ပစ္စည်းသက်၊ ဝ-ကို ဗ-ပြု၍ ဣဗ္ဘ-ပြီးသည် ဟူ၏။ သို့ရာတွင် ထောမနိဓိနှင့် ပြာကရိတ်အဘိဓာန်၌ ဣဘ-သဒ္ဒါ ဆင်ပေါက်, ဆင်မ-ဟောသာ လာရှိ၏။ ဒီ၊ဌ၊ ၁။ ၂၂၇-၌ "ဣဗ္ဘာတိ ဂဟပတိကာ"ဟု ဖွင့်သဖြင့် ဓာန်၊ဋီအဖွင့်, ဓာန်၊သျ၊ အနက်တို့နှင့် ကိုက်ညီ၏။]

(၇၂၆) ဒါနာရဟော ဒက္ခိဏေယျော၊ သိနိဒ္ဓေါ တု စ ဝစ္ဆလော။
ပရိက္ခကော ကာရဏိကော၊ အာသဇ္ဇော တု စ တပ္ပရော။

(၇၂၆) ဒါနာရဟော၊ ဒက္ခိဏေယျော၊ အလှူခံထိုက်သူ။ အလှူခံထိုက်သူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သိနိဒ္ဓေါ၊ ဝစ္ဆလော၊ ချစ်ခင်တတ်သူ။ ချစ်ခင်တတ်သူ ပရိယာယ် ၂-ပုဒ်။ ပရိက္ခကော၊ ကာရဏိကော၊ စုံစမ်းဆင်ခြင်တတ်သူ။ (ယောက်လှမ်းတတ်သူ၊ ယောက်လှမ်းရေးသမားလည်း ဟူ။) စုံစမ်းဆင်ခြင်တတ်သူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အာသတ္တော၊ တပ္ပရော၊ အမှု၌စွဲလမ်းသူ။ (ကြောင့်ကြသူ၊ ကြောင့်ကြစိုက်သူလည်း ဟူ။) အမှု၌ စွဲလမ်းသူ ပရိယာယ် ၂-ပုဒ်။

["ဒါနံ ပဋိဂ္ဂဟိတုံ အရဟတီတိ ဒါနာရဟော။ ဒက္ခန္တိ ဘောဂသမ္ပဒါဒီဟိ ယာယာတိ ဒက္ခိဏာ၊ ဒက္ခိဏံ အရဟတီတိ ဒက္ခိဏေယျော"ဟု ဝိဂ္ဂြိုဟ်ပြုရာ၏။ တပ္ပရ-ကို "တံ တံ ဝတ္ထုံ ပရံ ပဓာနံ အဿ တပ္ပရော"ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြုသည်။]

(၇၂၇) ကာရူဏိကော ဒယာလုပိ၊ သူရတော ဥဿုကော တု စ။
ဠင္ဓတ္တော ဥယျုတော စာထ၊ ဒီဃသုတ္တော စိရကြိယော။

(၇၂၇) ကာရုဏိကော၊ ဒယာလု၊ သူရတော၊ သနားကြင်နာတတ်သူ။ သနားကြင်နာတတ်သူ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဠင္ဓတ္တော၊ အလို ရှိအပ်သော အကျိုး၌။ ဥယျုတော၊ အားထုတ်သောပုဂ္ဂိုလ်သည်။ ဥဿု-ကော၊ ဥဿုက မည်သည်။ ဘဝေ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ဒီဃသုတ္တော၊ စိရကြိယော၊ နှေးကန်သူ။ (ကြာရှည်သော အမှုလုပ်ငန်းရှိသူ၊ ဖြေးနှေး လေးကန်သောသူ-လည်း ဟူ။) နှေးကန်သူ ပရိယာယ် ၂-ပုဒ်။

[သူရတ-ကို "ဒုက္ခိတေသု သုဋ္ဌု ရမတီတိ သူရတော"ဟု ဋီကာ၌ ဝိဂ္ဂဟ် ပြု၏။ ကမ်္ဘဝိတရဏီ အဋ္ဌကထာ ဂန္ထာရမ္ဘလာ သူရတေန နိဝါတေန-စသော အဘိယာစက အရှင်သောဏထေရ်၏ ဂုဏ်ပုဒ်ပြု သူရတကို "သူရတေနာတိ သောဘနေ ရတောတိ သူရတော၊ ဥ-ကာရဿ ဒီဃံ ကတ္ဗာ၊ တေန သုရတေန, သော-ဘနေ ကာယိကဝါစသိကကမ္မေ ရတေနာတိ အတ္ထော၊ ဝိနီတေ-နာတိ ဝုတ္တံ ဟောတိ"ဟု ကမ်္ဘဋီကာသစ် ၁၂၃-၌ ဖွင့်သည်။ ကမ်္ဘအဋ္ဌကထာလာ သူရတ-ကား တင့်တယ်သော ကာယကံမှု, ဝစီကံမှု၌ မွေ့လျော်သော အရှင်သောဏထေရ် ရ၏။

ဒီဃသုတ္တ-ကို "ယော အာလသျာဒီဟိ အနုတိဋ္ဌတိ၊ သော ဒီဃသုတ္တော၊ ဒီဃဥ္စ တံ သုတ္တဥ္စ၊ တမိဝ စရတီတိ ဒီဃသုတ္တံ၊ ဒီဃသုတ္တပရိယန္တံ ကာရိယံ ကရောတီတိ ဒီဃသုတ္တော"ဟု ဋီကာ ဖွင့်၏။ ဒီဃသုတ္တမေဝ ကရောန္တိ။ မါဋ္ဌ၊၃။၁၀၈။]

(၇၂၈) ပရာဓိနော ပရာယတ္တော၊ အာယတ္တော တု စ သန္တကော။
ပရိဂ္ဂဟော အဓိနော စ၊ သစ္ဆန္ဒော တု စ သေရိနိ။

(၇၂၈) ပရာဓိနော၊ ပရာယတ္တော၊ သူတပါးနှင့်စပ်သူ။ သူတပါးနှင့် စပ်သူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အာယတ္တော၊ သန္တကော၊ ပရိဂ္ဂ-ဟော၊ အဓိနော၊ ဥစ္စာ။ (စပ်ဆိုင်သော အရာ၊ စပ်သွယ် ပတ်သက်သော အရာ-လည်း ဟူ။) ဥစ္စာ ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ သစ္ဆန္ဒော၊ သစ္ဆန္ဒ-သဒ္ဒါသည်။ သေရိနိ၊ မိမိအလိုနှင့် စပ်သူ၌။ ဝတ္တတိ၊ ဖြစ်၏။

သစ္စနေ္တော၊ သေရိ၊ မိမိအလိုအတိုင်းနေသူ။ မိမိအလိုအတိုင်းနေသူ ပရိယာယ် ၂-ပုဒ်။

[ပရတန္တော, ပရပါ, အတ္တာဓိ - တို့လည်း သူတပါးနှင့် စပ်သူဟော ပရိယာယ်တည်း။ ပရတန္တ'ဿ ဘာဝေါ ပါရတန္တံ၊ ။ ရူပသိဒ္ဓိ ဋီကာ။၁၁၇။

သေရိ-ဟူ၍ "သေန အတ္တနာ ဤရိယိ သီလ'ဿာတိ သေရိ" ဟု ငြိကာ၌ ပြုသည်။

ကောကိနိ သာ နိက္ခမ္မ၊ သေရိစာရသုခံ'လ္လိနိ။
မဟာဝံသ၊၆။၄။

သဝသော၊ သယံဝသီ၊ နိရင်္ဂဟော-တို့လည်း မိမိအလိုအတိုင်းနေသူဟော ပရိယာယ်တည်း။]

(၇၂၉) အနိသမ္မကာရီ ဇမ္မော၊ အဟိတဏှော ဝ လောလုပေါ။
ဂိဒ္ဓေါ ဟု လုဒ္ဓေါ လောလောထ၊ ကုဏ္ဍော မန္ဒော ကြိယာသုဟိ။

(၇၂၉) အနိသမ္မကာရီ၊ ဇမ္မော၊ မဂူးမစမ်းလုပ်သူ။ (ဆင်ခြင်နှိုင်းချိန်ခြင်း မရှိပဲ အရမ်းလုပ်သူ-လည်း ဟူ။) မဂူးမစမ်းလုပ်သူပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အတိတဏှော၊ လောလုပေါ၊ အလွန်တပ်မက်မောသူ။ (လောဘကြီးလွန်းသူလည်း ဟူ။)အလွန်တပ်မက်မောသူပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဂိဒ္ဓေါ၊ လုဒ္ဓေါ၊ လောလော၊ တပ်မက်မောသူ။ တပ်မက်မောသူ ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ ကြိယာသု၊ အမှုကိစ္စတို့၌။ မန္ဒော၊ ပျင်းရိထိုင်းမှိုင်းသောသူသည်။ ကုဏ္ဍော၊ ကုဏ္ဍ မည်၏။ ဝါ၊ အစွမ်းသတ္တိညံ့သူ မည်၏။ ဝါ၊ ပညာအသိတုံးသူ မည်၏။

[ လောလုဘ-လည်း အလွန်တပ်မက်မောသူဟော ပရိယာယ်တည်း။ 'မဟာတဏှ' ကား အမျိုးမျိုးသော အာရုံကို အလိုရှိသူတည်း။ 'အတိတဏှ' ကား တခုသော အာရုံ၌ အကြိမ်များစွာ လွန်လွန်ကဲကဲ အလိုရှိသူတည်း။ 'ဂိဒ္ဓ' ကား အမျိုးမျိုးသော အာရုံ, တခုသော အာရုံတို့၌ အလိုရှိသူ အကြိမ်များစွာ တပ်မက်မောသူတည်း။]

(၇၃၀) ကာမယိတာ တု ကမိတာ၊
ကာမနော ကာမိ ကာမုကော။
သောဏ္ဍော မတ္တော ဝိဓေယျော တု၊
အဿဝေါ သုဗ္ဗစော သမာ။

(၇၃၀) တု၊ ထိုမှတပါး။ ကာမယိတာ၊ ကမိတာ၊ အလိုရှိသူ။ (ကာမယိတု၊ ကမိတု-ပုဒ်ရင်း။) ကာမနော၊ ကာမီ၊ ကာမုကော၊ အလိုရှိသူ။ အလိုရှိသူ ပရိယာယ် ၅-ပုဒ်။ တု၊ ထိုမှတပါး။ သောဏ္ဍော၊ မတ္တော၊ ယစ်မူး မေ့လျော့သူ။ ယစ်မူးမေ့လျော့သူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိဓေယျော၊ အဿဝေါ၊ သုဗ္ဗစော၊ ဆိုဆုံးမလွယ်သူ။ (နားထောင်လွယ်သူ၊ ပြောစကားနားထောင်သူ-လည်း ဟူ။) သမာ၊ အနက်တူကုန်၏။ ဆိုဆုံးမလွယ်သူ ပရိယာယ် ၃-ပုဒ်။

[အနုကော, အဘိကော, အတိကော-တို့လည်း အလိုရှိသူဟော ပရိယာယ်တည်း။ အနုကာမယတေ အနုကော။ အဘိကာမယတေ အဘိကော။ အတိကာမယတေ အတိကော-ဟု ပြုပြင်ပြု။

ဝိဓေယျော-ကို "ပဝတ္တိ နိဂ္ဂတ္တိသု ဝိဓာတုံ သက္ကျော ဝိဓေယျော၊ ဠယျော။ အာဒေသိတံ, အာဒရေန ဝါ သုဏာတီတိ အဿဝေါ" ဟု ဋီကာ ဆို၏။]

(၇၃၁) ပဂဗ္ဘော ပဋိဘာယုတ္တော၊
ဘီသီလော ဘီရု ဘီရုကော။
အဓီရော ကာတရော စာထ၊
ဟိံသာသီလော စ ဃာတုကော။

(၇၃၁) ပဂဗ္ဘော၊ ပဋိဘာယုတ္တော၊ ပဋိဘာန် ဉာဏ်ရှိသူ။ (တခဏပွတ္တိ ဉာဏ်ရှိသူလည်း ဟူ။) ပဋိဘာန်ဉာဏ်ရှိသူ ပရိယာယ် ၂-ပုဒ်။ ဘီသီလော၊ ဘီရု၊ ဘီရုကော၊ ကြောက်တတ်သူ။ (မရဲရင့်သူ၊ သတ္တိညံ့သူလည်း ဟူ။) ကြောက်တတ်သူ ပရိယာယ် ၃-ပုဒ်။ အဓီရော၊ ကာတရော၊ မတည်ကြည်သူ။ မတည်ကြည်သူ ပရိယာယ် ၂-ပုဒ်။ တနည်း – အဓီရော၊ ကာတရော၊ မရဲရင့်သူ။ ဝါ၊ ပြေးတတ်သူ။ (ဤကား ဋီကာနည်းတည်း။) အထ၊ ထိုမှ

တပါး။ ဟိံသာသီလော၊ ဿာတုကော၊ ညှဉ်းဆဲတတ်သူ။ ညှဉ်းဆဲတတ်သူ ပရိယာယ် ၂-ပုဒ်။

[အမရကောသ၊ ၂၁။ ၂၆-၌ "အမိရေ ကာတရော။ ကာတ- ရော၊ ကာတရ-သဒ္ဒါသည်။ အမိရေ၊ ကြောက်ခြင်း, ဆာလောင် မွတ်သိပ်ခြင်း အစရှိသည်ကြောင့် ပင်ပြမ်မသက် လောက်လက်ခတ် သော စိတ်ရှိသူ၌။ ဝတ္တတိ၊ ဖြစ်၏" ဟု လာရှိသည်။ သို့ဖြစ်၍ "အမိရော ကာတရော" ဟု အမရကောသနှင့် အညီ ရှိရမည်။ သို့ရာတွင် ဋီကာ၌ "အဝိရော ကာတရော" ဟု ရှိသဖြင့် တနည်း ယောဇနာသည်။]

(၄၃၂) ကောဓနော ရောသနော ကောပီ၊
စဏ္ဍော တွ'စ္စန္တကောဓနော။
သဟနော ခမနော ခန္တာ၊
တိတိက္ခဝါ စ ခန္တိမာ။

(၄၃၂) ကောဓနော၊ ရောသနော၊ ကောပီ၊ အမျက်ထွက်လေ့ရှိသူ။ (စိတ်ဆိုးသူ-လည်း ဟူ။) အမျက်ထွက်လေ့ရှိသူ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ စဏ္ဍော၊ အစ္စန္တကောဓနော၊ ဒေါသကြီးသူ။ (ကြမ်းတမ်း သောသူ၊ ဒေါသလွှမ်းကဲသူလည်း ဟူ။) ဒေါသကြီးသူ ပရိယာယ် ၂-ပုဒ်။ သဟနော၊ ခမနော၊ ခန္တာ၊ တိတိက္ခဝါ၊ သည်းခံတတ်သူ။ (တိတိက္ခဝန္တု- ပုဒ်ရင်း။) ခန္တိမာ၊ သည်းခံတတ်သူ။ (ခန္တိမန္တု ပုဒ်ရင်း။) (ချုပ်တည်း နိုင်သူ၊ အောင့်အီးနိုင်သူ၊ သည်းညည်းခံသူ-လည်း ဟူ။) သည်းခံတတ်သူ ပရိယာယ် ၅-ပုဒ်။

[ အမရိသန-လည်း အမျက်ထွက်လေ့ရှိသူဟော ပရိယာယ် တည်း။ အမရိသနောပိ၊ နတ္ထိ မရိသနံ ခမာ အဿ အမရိသနော။ ဋီကာ။ အမရိသနံ အသဟနံ။ သာရတ္ထ၊ ၂။ ၉။

အစ္စန္တကောဓန-ကို 'အတိရေကံ ကုဇ္ဈတိတိ အစ္စန္တကောဓနော' ဟု ဋီကာ ပြုသည်။ အစ္စန္တကောဓန-လည်း ဒေါသကြီးသူဟော တည်း။ တိတိက္ခဝါ-ကို "တိတိက္ခာ ယဿတ္ထိတိ တိတိက္ခဝါ" ဟု ပြုသည်။]

(၄၃၃) သဒ္ဓါယုတ္တော တု သဒ္ဓါလု၊ ဓဇဝါ တု ဓဇာလု စ။
နိဒ္ဒါလု နိဒ္ဒါသီလောထ၊ ဘဿရော ဘာသုရော ဘဝေ။

(၄၃၃) တု၊ ထိုမှတပါး။ သဒ္ဓါယုတ္တော၊ သဒ္ဓါလု၊ သဒ္ဓါတရားရှိသူ။ သဒ္ဓါတရားရှိသူ ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဓဇဝါ၊ ဓဇာလု၊ တံခွန်စိုက်သူ။ တံခွန်စိုက်သူ ပရိယာယ် ၂-ပုဒ်။ တနည်း—လဇ္ဇဝါ၊ လဇ္ဇာလု၊ ရှက်ခြင်းရှိသူ။ (ရှက်တတ်သူ-လည်း ဟူ။) ရှက်ခြင်းရှိသူ ပရိယာယ် ၂-ပုဒ်။ (ဤကား အမရကောသ-လာသည့်အတိုင်း ဖြစ်သင့်သဖြင့် ယောဇနာချက်တည်း။) နိဒ္ဒါလု၊ နိဒ္ဒါသီလော၊ အိပ်လေ့ရှိသူ။ အိပ်လေ့ရှိသူ ပရိယာယ် ၂-ပုဒ်။ ဘဿရော၊ ဘာသုရော၊ စကားများသူ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ စကားများသူ ပရိယာယ် ၂-ပုဒ်။

[သဒ္ဓါယုတ္တ, သဒ္ဓါလု တို့ကို ရှေးဆရာတော်တို့ သဒ္ဓါသသူ-ဟု ယောဇနာတော်မူကြ၏။ ထိုစဉ်က သဒ္ဓါတရားရှိသူကို သဒ္ဓါသသူ-ဟု ခေါ်ဆိုကြကြောင်း သိနိုင်သည်။

ဓဇဝါ, ဓဇာလု-တို့ကို သုဘူတိ သီဟိုဠ်နိဿျ-၌ တံခွန်များသော ရထား-စသည်ဟု ဆိုသည်။

လဇ္ဇာသီလေ-ဟူသော အမရကောသ၊ ၂၁။ ၂၇-ကို ထောက်၍

"သဒ္ဓါယုတ္တော တု သဒ္ဓါလု၊ လဇ္ဇဝါ တု လဇ္ဇာလု စ"—

ဟု ဂါထာကို ပြင်၍ တနည်းယောဇနာသည်။]

(၄၃၄) နဂ္ဂေါ ဒိဂမ္ဗရော'ဝတ္ထော၊ ဃသ္မရော တု စ ဘက္ခကော။
ဌေမူဂေါ တု ဝတ္တုဥ္စ ယောတုဥ္စ'ကုသလော ဘဝေ။

(၄၃၄) နဂ္ဂေါ၊ ဒိဂမ္ဗရော၊ အဝတ္ထော၊ အဝတ်မဝတ်သူ။ (အချည်းစည်းနေသူလည်း ဟူ။) အဝတ်မဝတ်သူ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဃသ္မရော၊ ဘက္ခကော၊ အစားကြူးသူ။ (အစားကြီးသူ-လည်း ဟူ။) အစားကြူးသူ ပရိယာယ် ၂-ပုဒ်။ ဝတ္တုဥ္စ၊ ပြောဆိုခြင်းငှါလည်းကောင်း။ သောတုဥ္စ၊ နားထောင်ခြင်းငှါလည်းကောင်း။ အကုသလော၊ မလိမ္မာသောသူသည်။ ဌေမူဂေါ၊ ဌေမူဂမည်သည်။ ဝါ၊ လူအ, နားပင်းမည်သည်။ ဘဝေ၊ ဖြစ်၏။

[နဂ္ဂ-ကို "န ဂစ္ဆတီတိ နဂ္ဂေါ" ဟူ၍၎င်း၊ ဒိဂမ္ဗရ-ကို "ဒိသာ ဝေ အမ္ဗရံ ဝတ္ထံ ဧတဿ, န ပကတိဝတ္ထန္တိ ဒိဂမ္ဗရော" ဟူ၍၎င်း ဝိဂ္ဂဟ်ပြု၏။

မဟာဂ္ဃသော-လည်း အစားကြူးသူဟော ပရိယာယ်တည်း။ ယထာ မဟဂ္ဃသော ပုရိသော။ မ၊ဋ္ဌ၊ ၃။ ၁၇၈။]

(၄၃၅) မုခရော ဒုမ္မုခါ'ဗဒ္ဓ–မုခါ စာပ္ပိယဝါဒိနိ။
ဝါစာလော ဗဟုဂါပယှ–ဝစော ဝတ္တာ တု သော ဝဒေါ။

(၄၃၅) မုခရော၊ ဒုမ္မုခေါ၊ အဗဒ္ဓမုခေါ၊ နှုတ်ကြမ်းသူ။ ဣမေ၊ ဤ မုခရ, ဒုမ္မုခ, အဗဒ္ဓမုခ-သဒ္ဒါတို့သည်။ အပ္ပိယဝါဒိနိ၊ မချိုမသာ မုန်းစရာ ပြောတတ်သူ၌။ ဝါ၊ အကျိုးမများ မချစ်ဖွယ်သော စကားကို ပြောကြား တတ်သူ၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဗဟုဂါရယှဝစော၊ များစွာကဲ့ရဲ့ဖွယ်စကား ပြောကြားတတ်သူသည်။ ဝါစာလော၊ ဝါစာလမည်၏။ တု၊ ထိုမှတပါး။ ဝတ္တာ၊ ပြောဆိုတတ်သူ။ (ဝတ္တု-ပုဒ်ရင်း။) ဝဒေါ၊ ပြောဆိုတတ်သူ။ (သော-အနက်မဲ့။) ပြောဆိုတတ်သူ ပရိယာယ် ၂-ပုဒ်။

[မုခရ-ကို "မုခရာတိ မုခခရာ၊ ခရဝစနာတိ ဝုတ္တံ ဟောတိ" ဟု မ၊ဋ္ဌ၊၁။၁၅၇-၌ ဖွင့်၏။ ဝိကိဏ္ဏဝါစ-ကား စောင့်စည်းမှုမရှိပဲ အနက်မဲ့ကင်း သေးသိမ်ပိန်ဖျင်းသော စကားကို ပြောသူတည်း။ နှုတ်သရမ်းသူတည်း။ ဝိကိဏ္ဏဝါစာတိ အသံယတဝစနာ၊ ဒိဝသမ္ပိ နိရတ္ထကာဝစနပ္ပလာပိနော။ မ၊ဋ္ဌ၊၁။၁၅၇။ နှုတ်ခြေကြောကြမ်း၊ လူယုတ်သွမ်းကို၊ ကြင်ကျမ်းမိတ်ဆွေ၊ မတော်လေနှင့်။ ဩဝါဒထူး ပျို။၁၂။]

(၄၃၆) နိဇော သကော အတ္တနိယော၊ ဝိမှယော'စ္ဆရိယော'ဗ္ဘုတော။
ဝိဟတ္ထော ဗျာကုလော စာထ၊ အာတတာယီ ဝဓုဒျတော။

(၄၃၆) နိဇော၊ သကော၊ အတ္တနိယော၊ မိမိနှင့်စပ်သူ။ (မိမိဥစ္စာ လည်း ဟူ။) မိမိနှင့်စပ်သူ ပရိယာယ် ၃-ပုဒ်။ ဝိမှယော၊ အစ္ဆရိယော၊ အဗ္ဘုတော၊ အံ့ဖွယ်။ (အံ့ဩအပ်သည်လည်း ဟူ။) အံ့ဖွယ် ပရိယာယ် ၃-ပုဒ်။ ဝိဟတ္ထော၊ ဗျာကုလော၊ မှိုင်တွေသူ။ (သောက-အစရှိသည်ကြောင့် နောက်ကျသူ၊ ဗျာများသူ၊ မကြည်ကြည် ပငြိမ်ဘက်သူ-လည်း ဟူ။) မှိုင်

တွေ့သူ ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အာတတာယီ၊ ဝဓုဒျတော၊ သတ်ရန်အားထုတ်သူ။ သတ်ရန်အားထုတ်သူ ပရိယာယ် ၂-ပုဒ်။

[နိုဇ-ကို "နေတဗ္ဗောတိ နိယော၊ နိယော ဧဝ နိဇော"ဟူ၍ ၎င်း၊ သက-ကို ဋီဒံ-အနက်၌ က-ပစ္စည်းသက်၍ "သဿ အတ္တနော အယံ သကော" ဟူ၍၎င်း၊ အတ္တနိယ-ကို "အတ္တနိ ဇာတော အတ္တနိယော"ဟူ၍၎င်း ပြုရာ၏။]

(၇၃၇) သီသစ္ဆေဇ္ဇမှိ ဝဇ္ဈောထ၊ နိကတော စ သဌော'နုဇု။
သူစကော ပိသုဏော ကဏ္ဏေ-ဇပေါ မုတ္တော တု ဝဉ္စကော။

(၇၃၇) ဝဇ္ဈော၊ ဝဇ္ဈ-သဒ္ဒါသည်။ သီသစ္ဆေဇ္ဇမှိ၊ ဦးခေါင်းကို ဖြတ်ထိုက်သူ၌။ ဝါ၊ ဦးခေါင်းကိုဖြတ်၍ ကွပ်မျက်ထိုက်သူ၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ နိကတော၊ သဌော၊ အနုဇု၊ ကောက်ကျစ်စဉ်းလဲသူ။ (မရိုးဖြောင့်သူလည်း ဟူ။) ကောက်ကျစ်စဉ်းလဲသူ ပရိယာယ် ၃-ပုဒ်။ သူစကော၊ ပိသုဏော၊ ကဏ္ဏေဇပေါ၊ ကုန်းတိုက်တတ်သူ။ (ချောပစ်တတ်သူ, ကုန်းချောတတ်သူလည်း ဟူ။) ကုန်းတိုက်တတ်သူ ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ မုတ္တော၊ ဝဉ္စကော၊ လိမ်လည်လှည့်ပတ်တတ်သူ။ (သူလှည့်စား၊ လှည့်စားသူ လည်း ဟူ။) လိမ်လည် လှည့်ပတ်တတ်သူ ပရိယာယ် ၂-ပုဒ်။

[သဌ-ကို "သဌယန္တီတိ သဌော၊ န သမ္မာ ဘာသန္တီတိ ဝုတ္တံ ဟောတိ၊ ကေရာဋိကယုတ္တာန မေတံ အဓိဝစနံ"ဟု မဏိ၊ ၁။ ၁၉၃-၌ ဖွင့်၏။

ကဏ္ဏေ ဇပတီတိ၊ အလုတ္တသမာသော၊ အရုစိတဗ္ဗရောစကေပိ ကဏ္ဏေဇပေါ-ဟု ဋီကာဖွင့်ရကား ကဏ္ဏေဇပ-သည် နားဖွဲ့ တိုးတိုး ပြောတတ်သူ, ကုန်းချောသူ, မနှစ်သက်အပ်သည်ကို နှစ်သက်စေ ကတ်သူဟော ပရိယာယ်တည်း။

ကောဏ္ဍ-သဒ္ဒါသည်လည်း မုတ္တ-သဒ္ဒါနှင့်အနက်တူ။ ကောဏ္ဍော ဇာနေတာတိ မုတ္တော ဇာတော။ အံ၊ ဋီ၊ ၁။ ၁၇၆။]

(၇၃၈) အနိသမ္မ ဟိ ယော ကိစ္စံ၊ ပုရိသော ဝဓဗန္ဓနာဒိ မာစရတိ။
အဝိနိစ္ဆိတကာရိတ္တာ၊ သော ခလု စပလောတိ ဝိညေယျော။

(၇၃၈) ယော ပုရိသော၊ အကြင် ယောကျ်ားသည်။ အနိသမ္မ၊ မစူးစမ်း မဆင်ခြင်မူ၍။ ဝဓဗန္ဓနာဒိ ၊သတ်ခြင်း,နှောင်ဖွဲ့ခြင်း အစရှိသော။ ကိစ္စံ၊ ကိစ္စကို။ အာစရတိ၊ ပြုကျင့်တတ်၏။ သော ပုရိသော၊ ထိုယောကျ်ားကို။ အဝိနိစ္ဆိတကာရိတ္တာ၊ မဆုံးဖြတ်အပ်သော အမှုကို ပြုလေ့ရှိသည်၏ အဖြစ်ကြောင့်။ ခလု၊ စင်စစ်။ စပလောတိ၊ စပလ ဟူ၍။ ဝါ၊ ဆင်ခြင်ခြင်းကင်း ညှဉ်းဆဲ နှိပ်စက်တတ်သူ ဟူ၍။ ဝိညေယျော၊ သိအပ်၏။

[အရိယသာမညဂါထာတည်း။ ဟိ-သဒ္ဒါ ပဒပူရဏ။ ဗာလ-ပုရိသ၏ လက္ခဏာကို ပြသော ဂါထာဖြစ်၏။ စပလ-ကို "စုပိဿ ဥဿ အတ္တံ၊ စုပတိ ကေဌ္ဌ န တိဋ္ဌတီတိ စပလော၊ အနဝဋ္ဌိတော" ဟု ဏွာဒိ။ ၁၀၄-၌ပြုသည်။ စပလ-သည် လျှပ်ပေါ်သောစိတ်ရှိသူ၊ မတည်ကြည် မလေးနက် ပေါ့ပျက်သော သူများကိုလည်း ဟော သည်။]

(၇၃၉) ခုဒ္ဒေါ ကဒရိယော ထဒ္ဓ-မစ္ဆရီ ကပဏော ပျထ။
အကိဉ္စနော ဒလိဒ္ဒေါ စ၊ ဒီနော နိဒ္ဓန ဒုဂ္ဂတာ။

(၇၃၉) ခုဒ္ဒေါ၊ ကဒရိယော၊ ထဒ္ဓမစ္ဆရီ၊ ကပဏော၊ နှမြောစေးနှဲသူ။ (ကပ်စေးနှဲ၊ ကော်တရာ၊ လူကတ္တရာ-လည်း ဟူ။) နှမြောစေးနှဲသူ ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ အကိဉ္စနော၊ ဒလိဒ္ဒေါ၊ ဒီနော၊ နိဒ္ဓနော၊ ဒုဂ္ဂတော၊ ဥစ္စာမဲ့မွဲ ဆင်းရဲသူ။ (နိဒ္ဓန, ဒုဂ္ဂတ-တို့ကို အခိုက်အတန့်ပြင်။) ဥစ္စာမဲ့မွဲ ဆင်းရဲသူ ပရိယာယ် ၅-ပုဒ်။

[ခုဒ္ဒ-ကို "ခုဒ္ဒတိ အသဟတီတိ ခုဒ္ဒေါ၊ နီစော" ဟု မောဂ္ဂလ္လာန်၊ ၇။၉၅-၌ ဝိဂ္ဂိုဟ်ပြု၏။ ယုတ်ညံ့သူ၊ အောက်တန်းကျသူ၊ နှမြော စေးနှဲသူဟော ပရိယာယ်တည်း။

ကပဏ-သဒ္ဒါ သနားထိုက်သူ၊ ဆင်းရဲငြိုငြင်စွာ အသက်မွေး ရသူ၊ အထီးကျန်ငြား သနားထိုက်သူ၊အားကိုးရာမဲ့သူ တို့ကိုလည်း ဟောသည်။ မမာနံ ကြူဗ္ဗံ ကပဏော မရိသာတီကိ။ ဝိ၄။၃၆၄။

ဒလိဒ္ဒါ ကပဏာ နာရိ။ ဝိမာန။ ၂၄။ ကပဏာတိ ဝရာကီ။ ဝိမာန၊ဋ္ဌ။၉၁။]

(၇၄၀) အသမ္ဘာဝိတသမ္ဘုတ္တံ၊ ကာကတာလိယ မုစ္စတေ။
အထ ယာစနကော အတ္ထိ၊ ယာစကော စ ဝနိဗ္ဗကော။

(၇၄၀) အသမ္ဘာဝိတသမ္ဘုတ္တံ၊ မကြံစည် မရည်ရွယ်ပဲ ရောက်လာသော အမှုကို။ ကာကတာလိယံ၊ ကာကတာလိယ ဟူ၍။ ငါ၊ ထန်းသီးကြွေခိုက် ကျီးပျံခိုက်တမူ တူသော အမှုဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ ယာစနကော၊ အတ္ထိ၊ ယာစကော၊ ဝနိဗ္ဗကော၊ တောင်းစားတတ်သူ။ (သူတောင်းစားလည်း ဟူ။) တောင်းစားတတ်သူ ပရိယာယ် ၄-ပုဒ်။

[ကာကတာလိယ-ကို ထောမနိဓိ-၌ "ကာကဂမနသမယေ တာလပတန မတက္ကိတပဟောတုကံ တဒိဝ ဆ၊ အဝိတက္ကိတသမ္ဘဝေ့ ယာဋ္ဌစ္ဆိကာဂတေ"ဟု ဆို၏။ ထန်းသီးကြွေချိန်၌ ကျီးကန်း၏ ပျံခြင်းသည် ကြံစည်မှု အကြောင်း မရှိသကဲ့သို့ မကြံစည်ပဲ ရောက်လာသောအမှု ဟူ၏။ ကြံစည်မှု မစပ်ပဲ ရရှိဖြစ်ပေါ်လာသော လာဘ်သည် ကာကတာလိယ-ဟူ၏။

"ကာကတာလိယံ ကာကတာလသဒ္ဒေါ ကာကဿ ဂမနေ ဝေ တာလဿ ပတနေန ကာကဿ မရဏေ ဝတ္တတေ၊ တထေဝ အာကသ္မိကံ သင်္ဂတံ။ ဝေံ ယဒိစ္ဆကရိယံ၊ အဇာခဂ္ဂိယံ၊ အန္ဓဧတိယံ၊ ခလတိဝလ္လိယံ"ဟု မုဒ္ဓဗောဓ၊ ဋီ-၌ လာ၏။ ယင်းအလို ထန်းသီး ကြွေခိုက် ကျီးသေခိုက်နှင့် တူသော အမှု ဟူ၏။

ခြစားရာ၌ အခန့်သင့်၍ အက္ခရာစာလုံး ဖြစ်ပေါ်လာသကဲ့သို့ အခန့်သင့်သဖြင့် ဖြစ်လာသော အမှုကို 'ဃုဏက္ခရိယ'ဟု ခေါ်၏။

ဆိတ်သွားခိုက် သန်လျက်ဓားမြှောင်ကျသဖြင့် ဆိတ်သေခြင်း ကဲ့သို့ အခန့်သင့်၍ ဖြစ်ပေါ်လာသော အမှုကို 'အဇာခဂ္ဂိယ' ဟု ခေါ်သည်။

သူကန်း မျက်မမြင် ရမ်းဆ၍သွားရာ အခန့်သင့်၍ လိုရာခရီး ရောက်သကဲ့သို့ အခန့်သင့်၍ ဖြစ်သော အမှုသည် 'အန္ဓဂတိယ' မည်၏။

ခြေခြောင်းသွားရာ အခန့်သင့်သဖြင့် နွယ်ငြိ၍ မလဲပျိုသကဲ့သို့ မကြံစည်ပဲ, ပပြုရပဲ အခန့်သင့်သဖြင့် ဖြစ်ပေါ်လာသော အမှုကို 'ခလတိဝလ္လယ' ဟု ခေါ်သည်။

ယင်းတို့အားလုံးကို–

ကာကတာလိယံ ဃုဏ–က္ခရိယံ အဇာဂ္ဂိယံ။
အန္ဓဂတိယံ ခလတိ–ဝလ္လိယံ ဘုဝနေ ဂတံ—

ဟူသော ဂါထာဖြင့် လောကဉ္ဇ ဖြစ်တတ်ပုံကို မှတ်သားရာ၏။]

(၇၄၁) အဏ္ဍဇာ ပက္ခိသပ္ပါဒီ၊ နရာဒီ တု ဇလာဗုဇာ။
သေဒဇာ ကိမိဍံသာဒီ၊ ဒေဝါဒီ တွော'ပပါတိကာ။

(၇၄၁) ပက္ခိသပ္ပါဒီ၊ ငှက်, မြွေ အစရှိသော သတ္တဝါတို့သည်။ အဏ္ဍဇာ၊ အဏ္ဍဇသတ္တဝါတို့ မည်ကုန်၏။ ဝါ၊ အဥ၌ဖြစ်သော သတ္တဝါတို့ မည်ကုန်၏။ တု၊ ထိုမှတပါး။ နရာဒီ၊ လူ-အစရှိသော သတ္တဝါတို့သည်။ ဇလာဗုဇာ၊ ဇလာဗုဇ သတ္တဝါ ကို မည်ကုန်၏။ ဝါ၊ သားအိမ်၌ဖြစ်သော သတ္တဝါတို့ မည်ကုန်၏။ ကိမိဍံသာဒီ၊ ပိုးကောင်, မှက်ကောင် အစရှိသော သတ္တဝါတို့သည်၊ သေဒဇာ၊ သေဒဇ (=သံသေဒဇ) သတ္တဝါတို့ မည်ကုန်၏။ ဝါ၊ ချွေးအညှိကို စွဲ၍ဖြစ်သော သတ္တဝါတို့ မည်ကုန်၏။ တု၊ ထိုမှတပါး။ ဒေဝါဒီ၊ နတ်-အစရှိသော သတ္တဝါတို့သည်။ ဩပပါတိကာ၊ ဩပပါတိကသတ္တဝါတို့ မည်ကုန်၏။

[ဒေဝါဒိ-၌ အာဒိဖြင့် ပြိတ္တာနှင့် ငရဲသားများကို ယူရာ၏။ ယင်း အဏ္ဍဇ-စသော ယောနိ ၄-ပါး ဒီ၊၃။၁၉၃-၌ "စတဿော ယောနိယော၊ အဏ္ဍဇယောနိ ဇလာဗုဇယောနိ သံသေဒဇယောနိ ဩပပါတိကယောနိ"ဟု လာ၏။

အဏ္ဍေ ဇာတာတိ အဏ္ဍဇာ။ ဇလာဗုမှိ ဇာတာတိ ဇလာဗုဇာ။ သံသေဒေ ဇာတာတိ သံသေဒဇာ။ သယနသ္မိံ ပူတိမစ္ဆာဒီသု စ နိဗ္ဗတ္တာန မေတံ အဓိဝစနံ။ ဝေဂေန အာဂန္တွာ ဥပပတိတာ ဝိယာတိ ဩပပါတိကာ။ ဒီ၊ဋ္ဌ၊၃။ ၂၀၆။]

(၇၄၂) ဇဏ္ဏုတဂ္ဃေါ ဇဏ္ဏုမတ္တော၊ ကပ္ပေါ တု ကိဉ္စိဒူနကေ။
အန္တဂ္ဂတ န္တု ပရိယာ–ပန္န မန္တောဂဓော'ဂဓာ။

(၇၄၂) ဇဏ္ဏုတဂ္ဃေါ၊ ဇဏ္ဏုမတ္တော၊ ပုဆစ် ဒူးဆစ် ပေါင်ဆစ် အတိုင်းအရှည်ရှိသော ရေ-စသည်။ ပုဆစ် ဒူးဆစ် ပေါင်ဆစ် အတိုင်းအရှည်ရှိသော ရေ-စသည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ကပ္ပေါ၊ ကပ္ပ-သဒ္ဒါသည်။ ကိဉ္စိဒူနကေ၊ စဉ်းငယ်ယုတ်သော ရေ-အစရှိသည်၌။ ဝတ္တတိ၊ ဖြစ်၏။ ကပ္ပေါ၊ ဒူး ပုဆစ် နီးပါးရှိသော ရေ-စသည်။ (ဇဏ္ဏုကပ္ပ-ပုံစံ။) တု၊ ထိုမှတပါး။ အန္တဂ္ဂတံ၊ ပရိယာပန္နံ၊ အန္တောဂဓော၊ ဩဂဓော၊ အကျုံးဝင်သည်။ (အတွင်းဝင်သည်၊ ပါဝင်သည်လည်း ဟူ။) အကျုံးဝင်သည် ပရိယာယ် ၄-ပုဒ်။

[ဇဏ္ဏုတဃ္ဃ, ဇဏ္ဏုမတ္တ-တို့ကား တဂ္ဃေါ စုဒ္ဒံ-ဟူသော မောဂ္ဂလ္လာန် စတုတ္ထကဏ္ဍ။ ၄၇-သုတ်ဖြင့် အမြင့်အစောက် နှိုင်းယှဉ်ခြင်း၌ တဃ္ဃ-ပစ္စည်း, မတ္တ-ပစ္စည်း သက်၍ ပြီးသော ပုဒ်တို့တည်း။ ဇဏ္ဏုတဃ္ဃေါ ဥပတ္ထရော။ ဇာ၊၂။၃၄၄။ ဇဏ္ဏုတဃ္ဃါ ဥပတ္ထရာတိ ဇဏ္ဏုပ္ပမာဏော ဥဒကေ ဥပတ္ထရာ ဖုလ္လာ ဟောန္တိ။ ဇာ၊၄၊၇။၃၁၁။

ဤသဒ္ဒသမတ္တိယံ ကပ္ပဒေဿဒေသိယာ-ဟူသော ပါဏိနိ (၅၊၃။ ၆၇) သုတ်ဖြင့် စဉ်းငယ်ယုတ်လျော့ခြင်းအနက်၌ ကပ္ပ-ပစ္စည်း, ဒေဿ-ပစ္စည်း, ဒေသိယ-ပစ္စည်းများ သက်ရ၏-ဟု ဆို၏။ မုဒ္ဓဗောဓ-၌လည်း တျာဒေ စ ဦနေ ကမ္ပ ဒေဿ ဒေသိယာ-ဟု လာ၏။ ဤ အဘိဓာန်ဂါထာလာ 'ကပ္ပေါ တု ကိဉ္စိဒူနကေ' သည် ဖော်ပြပါ ဗျာကရုဏ်းတို့နှင့် ကေဝလကပ္ပံ အစရှိသော ဥဒါဟရဏ်များကို ရည်ရွယ်၍ စီရင်ခြင်း ဖြစ်သည်။ ကေဝလကပ္ပန္တိ ဝါ မန် ဦနံ အဝသေသံ၊ ဤသကံ အသမတ္တန္တိ အတ္ထော။ ဒီ၊ဋီ၊၂။၂၁၈။

ဝိဒ္ဒါကပ္ပေါ (ပညာရှိနီးပါးလူ)၊ သတ္ထုကပ္ပေါ၊ (ဘုရားလောက်နီးနီး ပညာကြီးသော သာဝက)၊ ကေဝလကပ္ပံ (အားလုံးနီးပါးသော)၊ ပစတိကပ္ပံ (ကျက်ခါနီး၏) စသည် ပုံစံ။]

(၇၄၃) ရာဓိတော သာဓိတော စာထ၊ နိပ္ပက္ကံ ကုထိတံ ဘဝေ။
အာပန္နော တ္ထာ'ပဒပ္ပတ္တော၊ ဝိဝသော တ္ထ'ဝသော ဘဝေ။

(၇၄၃) ရာဓိတော၊ သာဓိတော၊ ပြီးစေအပ်သည်။ ပြီးစေအပ်သည် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါ ။ နိပ္ပက္ကံ၊ ကုထိတံ၊ ကျိုက်ကျိုက်ဆူပွက်သည်။ တုလျ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ (လွန်စွာ ကျိုချက်အပ်သည် လည်း ဟူ။) ကျိုက်ကျိုက်ဆူပွက်သည့် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အာပန္နော၊ အာပဒပ္ပတ္တော၊ ဘေးရောက်သည်။ (ပျက်စီးခြင်းသို့ ရောက်သည်လည်း ဟူ။) ဘေးရောက်သည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိဝသော၊ အဝသော၊ သေခါနီး၍ ဉာဏ်ပျက်စီးသူ။ (သေရမည်ကြောက်၍ သဖြင့် စိတ်ကတောက်ကတက်ဖြစ်သူ-လည်း ဟူ။) သေခါနီး၍ ဉာဏ် ပျက်စီးသူ ပရိယာယ် ၂-ပုဒ်။

(ကုထိတ-သဒ္ဒါတို့ ပြည့်ပြည့်စုံစုံ အနက်ပေးလျှင် "ကျိုက်ကျိုက် ဆူသော၊ လောလောပူသော၊ ပွက်ပွက်ထသော၊ ပြင်းစွာပူသော" ဟူ၍လည်း ပေးနိုင်သည်။ တပေါဒ် ကုထိတာ သန္ဒတိ။ ဝိ၊၁။ ၁၄၉။ ကုထိတာ သန္ဒတီတိ တတ္တာ သန္တတ္တာ ဟုတွာ သန္ဒတိ။ ဝိ၊ဋ္ဌ၊၂။ ၁၀၁။ ဖူးရောင်သော၊ ပုပ်သော-ဟူ၍လည်း ပေးနိုင်သည်။ ကုထိတေတိ ဥဒ္ဓုမာတကဘာဝပ္ပတ္တေ။ ကင်္ခါ၊ဋီ၊သစ်။၁၉၂။)

(၇၄၄) နုဏ္ဏော နုတ္တာ'တ္တ ခိတ္တာ စေ—ရိတာ'ဝိဒ္ဓါ'ထ ကမ္ပိတော။
ဓူတော အာဓူတ'စလိတာ၊ နိသိတံ တု စ တေဇိတံ။

(၇၄၄) နုဏ္ဏော၊ နုတ္တော၊ အတ္တော၊ ခိတ္တော၊ ဤရိတော၊ အာဝိဒ္ဓေါ၊ ပစ်အပ်သည်။ (နုတ္တော၊ အတ္တော၊ ခိတ္တော၊ အာဝိဒ္ဓေါ-ဟု အခိုက်အတန့် ပြင်သည်။) ပစ်အပ်သည် ပရိယာယ် ၆-ပုဒ်။ အထ၊ ထိုမှတပါး။ ကမ္ပိတော၊ ဓူတော၊ အာဓူတော၊ စလိတော၊ တုန်လှုပ်သောအရာ။ (အာဓုတော၊ စလိတော-ဟု အခိုက်အတန့် ပြင်။) တုန်လှုပ်သောအရာ ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ နိသိတံ၊ တေဇိတံ၊ ထက်အောင်ပြုအပ်သည်။ (သွေးအပ် သည်လည်း ဟူ။) ထက်အောင်ပြုအပ်သည် ပရိယာယ် ၂-ပုဒ်။

[နုဏ္ဏ-ကို "တက်ကြွသည်၊ တက်ကြွရှင်လန်းသည်" ဟူ၍ ယောဇနာနိုင်၏။ မဟာထုပ ဝံသဋ္ဌ၊ သဒ္ဒါနုဏ္ဏော အကာ-

ရယိ။ မဟာဝံသ၊ ၃-၄။ ၆၀။ သဒ္ဒါနုဏ္ဏောတိ ဧတ္ထ ရတနတ္တယေ ပတိဋ္ဌိတပြကပ္ပနသဒ္ဒါယ ဥဂ္ဂတော၊ စေတိယေ ပုနပ္ပုနံ အတိရေ-ကပူဇာကရဏေ သဒ္ဒါ အဗ္ဘုဂ္ဂတကာယစိတ္တောတိ အဓိပ္ပါယော။ မဟာဝံသဋီကာ၊ ၄၆၀-၁။ သီဟိုဠ်မူ။]

(၄၄၅) ပတ္တဗ္ဗံ ဂမ္မ မာပဇ္ဇံ၊ ပက္ကံ ပရိဏတံ သမာ။
ဝေဋ္ဌိတံ တု ဝလယိတံ၊ ရုဒ္ဓံ သံဝုတ မာဝုတံ။ .

(၄၄၅) ပတ္တဗ္ဗံ၊ ဂမ္မံ၊ အာပဇ္ဇံ၊ ရောက်အပ်သည်။ (ရောက်သင့်, ရောက်ထိုက်သည်လည်း ဟူ။) ရောက်အပ်သည် ပရိယာယ် ၃-ပုဒ်။ ပက္ကံ၊ ပရိဏတံ၊ ရင့်ကျက်သည်။ သမာ၊ အနက်တူကုန်၏။ (မှည့်သည်လည်း ဟူ။) ရင့်ကျက်သည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝေဋ္ဌိတံ၊ ဝလယိတံ၊ ရစ်ပတ်အပ်သည်။ ရစ်ပတ်အပ်သည် ပရိယာယ် ၂-ပုဒ်။ ရုဒ္ဓံ၊ သံဝုတံ၊ အာဝုတံ၊ ပိတ်အပ်သည်။ ပိတ်အပ်သည် ပရိယာယ် ၃-ပုဒ်။

[ဂမ္မ-ကား ဂမု-ဓာတ်, ဏျ-ပစ္စည်းဖြင့်ပြီးသော ပုဒ်တည်း။ အရေအားလျော်စွာ "သိအပ်သည်၊ ဖြစ်ထိုက်သည်" စသည်လည်း ပေးနိုင်သည်။ "ယေ ဂတျတ္ထာ၊ တေ ဗုဒ္ဓျတ္ထာ ပဝတ္တိ, ပါပုဏာ-နတ္ထာ" ဟူသည်နှင့် အညီတည်း။]

(၄၄၆) ပရိက္ခိတ္တဉ္စ နိဝုတံ၊ ဝိသဋံ ဝိတ္ထတံ တတံ။
လိတ္တော တု ဒိဒ္ဓေါ ဂူဠှော တု၊ ဂုတ္တော ပုဋ္ဌော တု ပေါသိတော။

(၄၄၆) ပရိက္ခိတ္တံ၊ နိဝုတံ၊ ဝန်းရံအပ်သည်။ (ပိတ်ဆီးအပ်သည်၊ ကာရံအပ်သည်-လည်း ဟူ။) ဝန်းရံအပ်သည် ပရိယာယ် ၂-ပုဒ်။ ဝိသဋံ၊ ဝိတ္ထတံ၊ တတံ၊ ဖြန့်အပ်သည်။ (ပြန့်ကျယ်သည်လည်း ဟူ။) ဖြန့်အပ်သည် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ လိတ္တော၊ ဒိဒ္ဓေါ၊ လိမ်းကျံအပ်သည်။ လိမ်းကျံအပ်သည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဂူဠှော၊ ဂုတ္တော၊ လျှို့ဝှက်အပ်သည်။ လျှို့ဝှက်အပ်သည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပုဋ္ဌော၊ ပေါသိတော၊ မွေးမြူအပ်သည်။ မွေးမြူအပ်သည်ပရိယာယ် ၂-ပုဒ်။

[ရုဒ္ဓ, သံဝုတ, အာဝုတ, ပရိက္ခိတ္တ, နိဝုတ-တို့ကို ဝန်းရံအပ်သည်ဟော ပရိယာယ် ၅-ပုဒ်ဟုလည်း ဆရာတို့ ယူကြသေးသည်။ သို့ရာတွင် ရုဒ္ဓ, သံဝုတ, အာဝုတ-တို့ကို ပိတ်အပ်သည်ဟော ပရိယာယ်

ဟု သီးခြား ယူခြင်းသည်သာ သင့်မြတ်ဖွယ် ရှိသည်။ ဋီကာ၌ ရစ်ပတ်အပ်သည် ပရိယာယ်၌ သွင်း၏။

ပုဋ္ဌ-ကား ပုသ-ဓာတ် တ-ပစ္စည်းဖြင့် ပြီးသောပုဒ်တည်း။ ပုသ ပေါသနေ၊ တော၊ သတာနံ ဋ္ဌော။ ဋီကာ။ မဟာဝရာဟော ဝ နိဝါပပုဋ္ဌော။ ထေရ။ ၂၂၃။]

(၇၄၇) • လဗ္ဗိတော ဟိင္ဂိတော စာထ၊ သနိတံ ဓနိတံ ပျထ။
သန္နာနိတော သိတော ဗဒ္ဓေါ၊ ကီလိတော သံယတော ဘဝေ။

(၇၄၇) လဗ္ဗိတော၊ ဟိင္ဂိတော၊ ရှက်ခြင်းရှိသည်။ (ရှက်အပ်သည် လည်း ဟူ။) ရှက်ခြင်းရှိသည် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သနိတံ၊ ဓနိတံ၊ အသံပြုအပ်သည်။ (အသံနှင့်ယှဉ်သည်၊ အသံထွက်သည်လည်း ဟူ။) အသံပြုအပ်သည် ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ သန္ဒာနိတော၊ သိတော၊ ဗဒ္ဓေါ၊ ကီလိတော၊ သံယတော၊ နှောင်ဖွဲ့အပ်သည်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ နှောင်ဖွဲ့အပ်သည် ပရိယာယ် ၅-ပုဒ်။

[ဋီကာ၌ ဖဉ္စကံ ဗန္ဓနိယေ-ဟု ဆိုသည့်အတိုင်း သန္ဒာနိတ-စသည့် ၅-ပုဒ်လုံးကို နှောင်ဖွဲ့အပ်သည်ဟု ယောဇနာသည်။ သုဘူတိ သီဟိုဠ်နိသျ၌လည်း ကီလိတ, သံယတ-တို့ကို နှောင်ဖွဲ့အပ်သည် ပရိယာယ်၌ ထည့်သွင်း၏။ ကီလော ဗန္ဓေ-စသော ဝါတ်ကျမ်း နှင့်လည်း ညီ၏။ ကီလိတ,သံယတ-တို့ကို တံကျင် လျှိုအပ်သူဟု လည်း ယောဇနာကြသည်။]

(၇၄၈) သိဒ္ဓေ နိပ္ဖန္နနိဗ္ဗတ္တာ၊ ဒါရိတေ ဘိန္နဘေဒိတာ။
ဆန္နော တု ဆာဒိတေ စာထ၊ ဝိဒ္ဓေ ဆိဒ္ဒိတဝေဓိတာ။

(၇၄၈) နိပ္ဖန္နနိဗ္ဗတ္တာ၊ နိပ္ဖန္န-သဒ္ဒါ, နိဗ္ဗတ္တ-သဒ္ဒါတို့သည်။ သိဒ္ဓေ၊ ပြီးစီးသည်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဘိန္နဘေဒိတာ၊ ဘိန္န-သဒ္ဒါ, ဘေဒိတ-သဒ္ဒါတို့သည်။ ဒါရိတေ၊ ခွဲအပ်သည်,စိတ်အပ်သည်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တု၊ ထိုမှတပါး။ ဆန္နော၊ ဆန္န-သဒ္ဒါသည်။ ဆာဒိတေ၊ ဖုံးလွှမ်းအပ်သည်၌။ ဝါ၊ မိုးအပ်သည်၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ဆိဒ္ဒိတဝေဓိတာ၊ ဆိဒ္ဒိတ-သဒ္ဒါ, ဝေဓိတ-သဒ္ဒါတို့သည်။ ဝိဒ္ဓေ၊ ဖောက်ထွင်းအပ်သည်၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

[ဆန္ဒ-သဒ္ဒါ၏ ဟောနက် ဆာဒိတ-ဖြင့် မိုးအပ်၊ ဖုံးလွှမ်းအပ်၊ ကာအပ်၊ ထင်စွာမပြအပ်၊ လျှို့ဝှက်အပ်သော အရာ-စသည်များ ပါဝင်၏။ ဆန္နာ ကုဋ္ဋိ အာဟိတော ဂိနိ။ သုတ္တနိ။ ၂၀၂။ ဆန္န မတိဝဿတိ။ ဝိ၊ ၄။ ၄၂၄။ ဆန္နော ကာလော န ဒိဿတိ။ သံ။ ၁။ ၉။

ဝိဒ္ဓေ ဆိဒ္ဒိတဝေဓိတာ-သာ မကပဲ ဝိဒ္ဓေ ဆိန္ဒိတဝေဓိတာ-ဟု လည်း ရှိနိုင်သည်။ ဆိန္ဒိတံ ဝါ ခဏ္ဍိတံ ဝါ နာဟောသိ။ မ၊ ဋ္ဌ၊ ၃။ ၁၁၄။ ဆေဇ္ဇံ ဆိန္ဒိတေ ဆေဇ္ဇဋ္ဌာနဿ သလ္လကတ္တဏံ ဣစ္ဆိတဗ္ဗံ။ မ၊ ဋ္ဌီ၊ ၃။ ၄၂၆။]

(၇၄၉) အာဟဋ္ဌော အာဘတာ'နီတာ၊ ဒန္တော တု ဒမိတော သိယာ။
သန္တော တု သမိတော စေဝ၊ ပုဏ္ဏော တု ပူရိတော ဘဝေ။

(၇၄၉) အာဟဋ္ဌော (အာဟတော)၊ အာဘတော၊ အာနီတော၊ ဆောင်အပ်သည်။ ဆောင်အပ်သည် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဒန္တော၊ ဒမိတော၊ ဆုံးမအပ်သည်။ (ယဉ်ကျေးသည်လည်း ဟူ။) သမော၊ အနက်တူသည်။ သိယာ၊ ဖြစ်ရာ၏။ ဆုံးမအပ်သည်ပရိယာတ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သန္တော၊ သမိတော၊ ငြိမ်သက်သည်။ ငြိမ်သက်သည်ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပုဏ္ဏော၊ ပူရိတော၊ ပြည့်သည်။ သမော၊ အနက် တူသည်။ ဘဝေ၊ ဖြစ်၏။ ပြည့်သည်ပရိယာယ် ၂-ပုဒ်။

[ဒန္တ-သဒ္ဒါ ကောင်းစွာ လေ့ကျင့် သင်ပြအပ်ပြီးသော ဆင်၊ မြင်း-စသည့် သတ္တဝါများကိုလည်း ဟောသည်။ ဒန္တော၀ (အပ၊ ၁။ ၂၀) တီဟိ မာသေဟိ သုသိက္ခိတော ဣဝ။ အပ၊ ဋ္ဌ၊ ၁။ ၂၅၀။]

(၇၅၀) အပစာယိယော မဟိတော၊ ပူဇိတာ'ရဟိတော'စ္စိတော။
မာနိတော စာ'ပစိတော စ၊ တစ္ဆိတံ တု တနူကတေ။

(၇၅၀) အပစာယိတော၊ မဟိတော၊ ပူဇိတော၊ အရဟိတော၊ အစ္စိတော၊ မာနိတော၊ အပစိတော၊ ပူဇော်အပ်သည်။ ပူဇော်အပ်သည် ပရိယာယ် ၇-ပုဒ်။ တု၊ ထိုမှတပါး။ တစ္ဆိတံ၊ တစ္ဆိတ-သဒ္ဒါသည်။ တနူကတေ၊ ရွေအပ်သည်၌။ ဝါ၊ ပါးအောင်ပြုအပ်သည်၌။ ဝါ၊ ဖျဉ်အပ်သည်၌။ ဝါ၊ သေးငယ်အောင် ပြုအပ်သည်၌။ ဂတ္တတိ၊ ဖြစ်၏။

[နမဿိတ-လည်း ပူဇော်အပ်သည်ကိုဟော ပရိယာယ်တည်း။ ရှိခိုးအပ်သည်လည်း ဟူ၏။ နမဿ ဝန္ဒနာနတိယံ။ ဝန္ဒနာနတိ နာမ ဝန္ဒနာသင်္ခါတံ နမနံ။ နီတိ၊ ဓာ။ ၁၇၂။ နမဿိတောပိ၊ နမဿဓာတု ပူဇာယံ။ ဓာန်၊ ဋီ။]

(၇၅၁) သန္တတ္တော မူပိတော စောပ-စရိတော တု ဥပါသိတော။
ဘင္ဂံ တု ဂလိတံ ပန္နံ၊ စုတဥ္စ ဓံသိတံ ဘဝေ။

(၇၅၁) သန္တတ္တော၊ ဓူပိတော၊ ပူလောင်အပ်သည်။ (ပူပန်စေတတ်သည်လည်း ဟူ။) ပူလောင်အပ်သည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဥပစရိတော၊ ဥပါသိတော၊ ဆည်းကပ်အပ်သည်။ (ခစားအပ်သည်လည်း ဟူ။) ဆည်းကပ်အပ်သည် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဘင္ဂံ၊ ဂလိတံ၊ ပန္နံ၊ စုတံ၊ ဓံသိတံ၊ လျှောကျသည်။ တုလျံ၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ လျှောကျသည် ပရိယာယ် ၅-ပုဒ်။

[ဘင္ဂ-စသည်သည် ရွေ့လျောခြင်း, စုတိပြတ်ကြွေ သေလွန်ခြင်းကိုလည်း ဟောသည်ဟု သိရာ၏။ ဂဠိတ-လည်း ဂလိတ-နှင့် ပရိယာယ်တူဟု သိရာ၏။ ကန္န-လည်း ရွေ့လျောစုတေခြင်းဟော ပရိယာယ်ဟု သိရာ၏။ ကန္နမ္ပိ ကန္န ဂတိသောသနေသု။ ဋီကာ။]

(၇၅၂) ပီတော ပမုဒိတော ဟဋ္ဌော၊ မတ္တော တုဋ္ဌောထ ကန္တိတော။
သဥ္ဆန္နော လူန ဒါတာထ၊ ပသတ္ထော ဝဏ္ဏိတော ထုတော။

(၇၅၂) ပီတော၊ ပမုဒိတော၊ ဟဋ္ဌော၊ မတ္တော၊ တုဋ္ဌော၊ နှစ်သက်ဝမ်းမြောက်သည်။ (အားရရွှင်လန်းသည်လည်း ဟူ။) နှစ်သက်ဝမ်းမြောက်သည် ပရိယာယ် ၅-ပုဒ်။ အထ၊ ထိုမှတပါး။ ကန္တိတော၊ သဥ္ဆန္နော၊ လူနော၊ ဒါတံ၊ ဖြတ်အပ်သည်။ (ရိတ်အပ်သည်လည်း ဟူ။) ဖြတ်အပ်သည်ပရိယာယ် ၄-ပုဒ်။ အထ၊ ထိုမှတပါး။ ပသတ္ထော၊ ဝဏ္ဏိတော၊ ထုတော၊ ချီးမွမ်းအပ်သည်။ ချီးမွမ်းအပ်သည် ပရိယာယ် ၃-ပုဒ်။

[ချီးမွမ်းအပ်သည် ပရိယာယ် ဤအဘိဓာန်ကျမ်း၌ ၃-ပုဒ်လာရှိ၏။ နီတိ၊ ဓာ-၌ ချီးမွမ်းခြင်းဟော ပရိယာယ် ၁၀-ပုဒ်လာ၏။ တတြ ထဝနာတိ ပသံသာ။ ပသံသာယ ဟိ အနေကာနိ နာမာနိ။

ထဝနာ စ ပသံသာ စ၊ သိလာဃာ ဝဏ္ဏနာ ထုတိ။
ပနုတိ ထောမနာ ဝဏ္ဏနာ၊ ကတ္ထနာ ဂုဏကိတ္တနာ။

နီတိ၊ ဓာ။ ၆၇။]

(၇၅၇) တိန္တော'လ္လ'ဒ္ဒ ကိလိန္နော'န္နာ၊ မဂ္ဂိတံ ပရိယေသိတံ။
အန္ဝေသိတံ ဂဝေသိတံ၊ လဒ္ဓံ တု ပတ္တ မုစ္စတေ။

(၇၅၇) တိန္တော၊ အလ္လော၊ အဒ္ဒ၊ ကိလိန္နော၊ ဥန္နော၊ စွတ်စိုသည်။ စွတ်စိုသည်ပရိယာယ် ၅-ပုဒ်။ မဂ္ဂိတံ၊ ပရိယေသိတံ၊ အန္ဝေသိတံ၊ ဂဝေသိတံ၊ ရှာမှီးအပ်သည်။ ရှာမှီးအပ်သည်ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ လဒ္ဓံ၊ ပတ္တံ၊ ရအပ်သည်။ တုလျှံ၊ အနက်တူ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

[ဘာဝိတံ, အာသာဒိတံ, ဝိဘူတံ-တို့သည်လည်း ရအပ်သည် ဟော ပရိယာယ်တို့တည်း။]

(၇၅၄) ရက္ခိတံ ဂေါပိတံ ဂုတ္တံ၊ တာတံ ဂေါပါယိတာ'ဝိတာ။
ပါလိတံ အထ ဩဿဋ္ဌံ၊ စတ္တံ ဟီနံ သမုဇ္ဈိတံ။

(၇၅၄) ရက္ခိတံ၊ ဂေါပိတံ၊ ဂုတ္တံ၊ တာတံ၊ ဂေါပါယိတံ၊ အာဝိတံ၊ ပါလိတံ၊ စောင့်ရှောက်အပ်သည်။ (လုံခြုံစေအပ်သည်လည်း ဟူ။) စောင့်ရှောက်အပ်သည် ပရိယာယ် ၇ ပုဒ်။ အထ၊ ထိုမှတပါး။ ဩဿဋ္ဌံ၊ စတ္တံ၊ ဟီနံ၊ သမုဇ္ဈိတံ၊ စွန့်အပ်သည်။ စွန့်အပ်သည်ပရိယာယ် ၄-ပုဒ်။

[ရက္ခိတ-အစ ပါလိတ-အဆုံးရှိသော ၇ ပုဒ်သည် ရက္ခနီယ အရာတွေ၌ ဖြစ်၏။ ဂုတ္တ-၌ ဂုပ-ဓာတ် တ-ပစ္စည်းတည်း။

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေ မာ ဥပစ္စဂါ။

ဓမ္မပဒ။၃၇။]

(၇၅၅) ဘာသိတံ လပိတံ ဝုတ္တာ၊ ဘိဟိတာ'ချာတ ဇပ္ပိတာ။
ဥဒီရိတဥ္စ ကထိတံ၊ ဂဒိတံ ဘဏိတော'ဒိတာ။

(၇၅၅) ဘာသိတံ၊ လပိတံ၊ ဝုတ္တံ၊ အဘိဟိတံ၊ အာချာတံ၊ ဇပ္ပိတံ၊ ဥဒီရိတံ၊ ကထိတံ၊ ဂဒိတံ၊ ဘဏိတံ၊ ဥဒိတံ၊ ဆိုအပ်သည်။ (ဟောအပ်သည်၊

မိန့်အပ်သည်၊ ပြောအပ်သည်၊ ကြားအပ်သည်လည်း ဟူ။) ဆိုအပ်သည် ပရိယာယ် ၁၁-ပုဒ်။

[အခိုက်အတန့် နိဂ္ဂဟိတန္တချည်း ပြင်၍ ယောဇနာသည်။ ၃-လိုင်ဆံ ပုဒ်များတည်း။ ဤရိတ, ဧရိတ လည်း ဆိုအပ်သည်ဟော ပရိယာယ်တည်း။ ဤရ ဝစနေ ဂတိကမ္ပနေသု စ။ ဤရတိ၊ ဤရိတံ၊ ဧရိတံ။ နီတိ၊ဓာ။၁၅၄။ ဝစ္စ-လည်း ဆိုအပ်သည်ဟော ပရိယာယ်တည်း။ ဝဒိတဗ္ဗံ ဝတ္တဗ္ဗန္တိ ဝစ္စံ။ နီတိ၊ဓာ။၉၇။]

(၇၅၆) အဝညာတာ'ဝဂဏိတာ၊ ပရိဘူတာ'ဝမာနိတာ။
ဇိဃစ္ဆိတော တု ခုဒိတော၊ ဆာတော စေဝ ဗုဘုက္ခိတော။

(၇၅၆) အဝညာတော၊ အဝဂဏိတော၊ ပရိဘူတော၊ အဝမာနိတော၊ မထီမဲ့မြင် ပြုအပ်သည်။ (မလေးမစား ပြုအပ်သည်၊ မခန့်လေးစား ပြုအပ်သည်၊ ပမာမခန့် ပြုအပ်သည်လည်း ဟူ။) မထီမဲ့မှင်ပြုအပ်သည်ပရိယာယ် ၄-ပုဒ်။ တု၊ ထိုမှတပါး။ ဇိဃစ္ဆိတော၊ ခုဒိတော၊ ဆာတော၊ ဗုဘုက္ခိတော၊ ဆာလောင်သည်။ (စားလိုသည်လည်း ဟူ။) ဆာလောင်သည် ပရိယာယ် ၄-ပုဒ်။

[ဩကာရန္တနှင့်ချည်း အခိုက်အတန့်ပြင်၍ ယောဇနာသည်။ အဝညိဘ-ဟုလည်း ရှိသည်။ ဟေဠာ ကတွာ ဉာယတီတိ အဝညာ-တော၊ အဝညိတော။ ဟေဠာ ကတွာ ဂဏိယတီတိ အဝဂဏိတော။ ဟေဠာ ကတွာ မညတီတိ အဝမာနိတော-ဟု ဋီကာ၌ ပြု၏။]

(၇၅၇) ဗုဒ္ဓံ ဉာတံ ပဋိပန္နံ၊ ဝိဒိတာ'ဝဂတံ မတံ။
ဂိလိတော ခါဒိတော ဘုတ္တော၊ဘက္ခိတော'ဇ္ဈောဟဋာ'သိတာ။
ဉာတိ ဝိဓသသျာဓိနဝဂ္ဂေါ။

(၇၅၇) ဗုဒ္ဓံ၊ ဉာတံ၊ ပဋိပန္နံ၊ ဝိဒိတံ၊ အဝဂတံ၊ မတံ၊ သိအပ်သည်။ သိအပ်သည်ပရိယာယ် ၆-ပုဒ်။ ဂိလိတော၊ ခါဒိတော၊ ဘုတ္တော၊ ဘက္ခိတော၊ အဇ္ဈောဟဋော၊ အသိတော၊ စားအပ်သည်။ စားအပ်သည် ပရိယာယ် ၆-ပုဒ်။

[ဗုဒ္ဓ-ကား ဗုဓ-ခာတ် တ-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ ဗုဓ-ဓာတ် ၄-နက်ဘွင် ဉာ ဇဇ္ဈာ ဒြန့် ပြီးသည်ဟု သိရာ၏။

ဉာဏော ဝိကာသနေ စေဝ၊ ဂမနေ စာပိ ဇာဂရေ။
စတ္တူသွေ'တေသု အတ္ထေသု၊ ဗုဓ-ဓာတု ပဝတ္တတိ။
မဏိသာရမဉ္ဇူ၊၂၁။၇၉။]

ဝိသေသျာဓိနဝဂ္ဂေါ၊ ဝိသေသျာဓိနဝဂ်သည်။ ဣတိ၊ အောင်လံစိုက်ဆောက် အပြီးသို့ရောက်ပြီ။

---

## ၃-သာမညကဏ္ဍ ၂-သံကိဏ္ဏဝဂ်

(၇၅၈) ဥဒ္ဒယံ့ လိင် မိဟ က္ခာပိ၊ ပစ္စယတ္ထဝသေန စ။
ကြိယာ တု ကိရိယံ ကမ္မံ၊ သန္တိ တု သမထော သမော။
ဒမော စ ဒမထော ဒန္တိ၊ ဝတ္တံ တု သုဒ္ဓကမ္မနိ။
အထော အာသင်္ဂဝစနံ၊ တီသု ဝုတ္တံ ပရာယဏံ။

(၇၅၈) ဣဟ၊ ဤသံကိဏ္ဏဝဂ်၌။ က္ခာပိ၊ အချို့သော ကြိယာ-အစရှိသော ပုဒ်တို့၌။ ပစ္စယတ္ထဝသေန စ၊ လိင်ဇောတကပစ္စည်း၏ အစွမ်းအားဖြင့်လည်း။ လိင်ံ၊ လိင်ကို။ ဥဒ္ဒယံ့၊ သိအပ်၏။ တု၊ ထိုမှတပါး။ ကြိယာ၊ ကိရိယံ၊ ကမ္မံ၊ ပြုခြင်း။ (အမှုလည်း ဟူ။) ပြုခြင်း ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ သန္တိ၊ သမထော၊ သမော၊ စိတ်၏ငြိမ်သက်ခြင်း။ စိတ်၏ငြိမ်သက်ခြင်းပရိယာယ် ၃-ပုဒ်။

ဒမော၊ ဒမထော၊ ဒန္တိ၊ ကိုယ်၏ငြိမ်သက်ခြင်း။ (ဣန္ဒြေတို့ကို ဆုံးမခြင်း၊ ဣန္ဒြေဘို့ကို နှိပ်ကွပ်ခြင်း၊ ဣန္ဒြေ တို့၏ ယဉ်ကျေးခြင်းလည်း ဟူ။) ကိုယ်၏ငြိမ်သက်ခြင်း ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ဝတ္တံ၊ ဝတ္တ-သဒ္ဒါသည်။ သုဒ္ဓကမ္မနိ၊ စင်ကြယ်သောအမှု၌။ ဝါ၊ ကျင့်ဝတ်ပဋိပတ်၌။ ဝတ္တတိ၊ ဖြစ်၏။ အထော၊ ထိုမှတပါး။ ပရာယဏံ၊ ပရာယဏ-သဒ္ဒါသည်။ အာသင်္ဂဝစနံ၊ ကပ်ငြိခြင်းကို ဟော၏။ ဝါ၊ ကပ်ငြိမှီခိုခြင်းကို ဟော၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ကရ-ဓာတ် ဏျ-ပစ္စည်းဖြင့် ကြိယာ၊ ကြိယံ, ရိရိယ-ပစ္စည်းဖြင့် ကိရိယာ၊ ကိရိယံ-ဟူ၍လည်း ပုဒ်နေဖြစ်၏။ ဝတ္တ-အရကား အသီတိ မဟာဝတ်များကို ယူရာ၏။ ပရာယဏ-သဒ္ဒါကား ၃-လိင်ဆံတည်း။ ဝိသေသျသို့လိုက်၍ ပရာယဏာ၊ ပရာယဏော၊ ပရာယဏံ-ဟု နေနိုင်၏။]

(၇၅၉) ဘေဒေါ ဝိဒါရော ဖုဋ္ဌနံ၊ တပ္ပနံ တု စ ပီဏနံ။
အက္ကောသန မဘိသင်္ဂေါ၊ အဘိက္ခာ တု ယာစနာ'တ္ထနာ။

(၇၅၉) ဘေဒေါ၊ ဝိဒါရော၊ ဖုဋ္ဌနံ၊ ခွဲခြင်း။ (စိတ်ခြင်းလည်း ဟူ။) ခွဲခြင်း ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ တပ္ပနံ၊ ပီဏနံ၊ ရောင့်ရဲခြင်း။ (တင်းတိမ်ခြင်းလည်း ဟူ။) ရောင့်ရဲခြင်း ပရိယာယ် ၂-ပုဒ်။ အက္ကောသနံ၊ အဘိသင်္ဂေါ၊ ဆဲရေးခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ အဘိက္ခာ၊ ယာစနာ၊ အတ္ထနာ၊ တောင်းခြင်း။ တောင်းခြင်း ပရိယာယ် ၃-ပုဒ်။

[အက္ကောသန-ဆဲရေးခြင်း ဟူသည် ထိပါး ပြောဆိုခြင်းတည်း။ ဇာတိ, နာမ, ဂေါတ္တ အစရှိသော အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်းကို ယူရာ၏။ အဒ္ဒန-လည်း တောင်းခြင်းဟော ပရိယာယ်တည်း။ အဒ္ဒနေ ပျုတြ၊ အဒ္ဒ ဂတိမှိ၊ ယာစနေ စ။ ဋီကာ။]

(၇၆၀) နိန္နိမိတ္တံ ယဒိစ္ဆာ'ထာ–ပုစ္ဆနာ' နန္ဒနာနိ စ။
သဘာဇန မထော ဉာယော၊ နယော ဖာတိ တု ဝုဒ္ဓိယံ။

(၇၆၀) နိန္နိမိတ္တံ၊ အကြောင်းကင်း၍ ဖြစ်ခြင်းသည်။ ယဒိစ္ဆာ၊ ယဒိစ္ဆာမည်၏။ ဝါ၊ အလိုအလျောက် ဖြစ်ခြင်းမည်၏။ အထ၊ ထိုမှတပါး။ အာပုစ္ဆနံ၊ အာနန္ဒနံ၊ ရွှင်လန်းနှစ်သက်စွာ နှုတ်ဆက်ခြင်း။ (အခိုက်အတန့် ပြင်သည်။) သဘာဇနံ၊ ရွှင်လန်းနှစ်သက်စွာ နှုတ်ဆက်ခြင်း။ ရွှင်လန်းနှစ်သက်စွာ နှုတ်ဆက်ခြင်း ပရိယာယ် ၃-ပုဒ်။ အထော၊ ထိုမှတပါး။ ဉာယော၊ နယော၊ နည်း။ နည်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဖာတိ၊ ဖာတိ-သဒ္ဒါသည်။ ဝုဒ္ဓိယံ၊ ကြီးပွါးခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။

[နိမိတ္တရဟိတံ ယဒိစ္ဆာ နာမ၊ ယာ ယာ ဣစ္ဆာ အဓိပ္ပါယော ယဒိစ္ဆာ နာမ။ ယဒိစ္ဆာယ ပဝတ္တန္တိ၊ ယဒိစ္ဆာယ နိဝတ္တရေ။ ယဒိစ္ဆာယ သုခံ ဒုက္ခံ၊ တသ္မာ ယာဒိစ္ဆကီ ပဇာ။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၂၁၇။ သေရိတာ-လည်း အကြောင်းကင်း၍ဖြစ်ခြင်း ပရိယာယ်တည်း။ အာပုစ္ဆန, အာနန္ဒန တို့ကို မေးမြန်းခြင်း, ပန်ကြားခြင်းဟူ၍လည်း ပြန်ဆိုကြသည်။]

(၇၆၁) ကိလမထော ကိလမနံ၊ ပသဝေါ တု ပသူတိယံ။
ဉက္ကံသော တွ'တိသယော႒ာ၊ ဇယော စ ဇယနံ ဇိတိ။

(၇၆၁) ကိလမထော၊ ကိလမနံ၊ ပင်ပန်းခြင်း။ ပင်ပန်းခြင်းပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပသဝေါ၊ ပသဝ-သဒ္ဒါသည်။ ပသူတိယံ၊ သားဖွားခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ဉက္ကံသော၊ အတိသယော၊ လွန်ကဲခြင်း။ (အလွန်လည်း ဟူ။) လွန်ကဲခြင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ ဇယော၊ ဇယနံ၊ ဇိတိ၊ အောင်နိုင်ခြင်း။ အောင်နိုင်ခြင်း ပရိယာယ် ၃-ပုဒ်။

[**ဘုသ-စသည်ကား** ပမာဏာတိသယ အားဖြင့် လွန်သည်။ **ဉက္ကံသ-ကား** ဂုဏာတိသယ အားဖြင့် လွန်သည်။ **အတိသယ-ကား** ပမာဏာတိသယ, ဂုဏာတိသယ ၂-ပါးစုံ အားဖြင့် လွန်သည်ဟု အထူးသိရာ၏။ မြှောက်ပင့်၍ ပြောဆိုခြင်း, ချီးမွမ်းခြင်းလည်း ဉက္ကံသ မည်၏။ တသ္မာ အတ္တာနံ ဉက္ကံသာပေတုကာမော ပုစ္ဆတိ။ မ၊ ဋ္ဌ၊ ၄။ ၄၉။]

(၇၆၂) ဝသော ကန္တိ ဗျဓော ဝေဓော၊ ဂဟော ဂါဟော ဝရော ဝုတိ။
ပစော ပါကော ဟဝေါ ဟုတိ၊ ဝေဒေါ ဝေဒန မိတ္ထိ ဝါ။

(၇၆၂) ဝသော၊ ကန္တိ၊ အလိုအာသာ။ (နှစ်လိုခြင်း-လည်း ဟူ။) အလိုအာသာ ပရိယာယ် ၂-ပုဒ်။ ဗျဓော၊ ဝေဓော၊ ဖောက်ထွင်းခြင်း။ ဖောက်ထွင်းခြင်း ပရိယာယ် ၂-ပုဒ်။ ဂဟော၊ ဂါဟော၊ ယူခြင်း။ ယူခြင်း ပရိယာယ် ၂-ပုဒ်။ ဝရော၊ ဝုတိ၊ မြစ်ခြင်း။ (ဆည်းကပ်ခြင်း၊ ရစ်ပတ်ခြင်း၊ စောင့်စည်းခြင်း ဟူ၍လည်း ပေးနိုင်သည်။) မြစ်ခြင်း ပရိယာယ် ၂-ပုဒ်။ ပစော၊ ပါကော၊ ချက်ခြင်း။ ချက်ခြင်း ပရိယာယ် ၂-ပုဒ်။ ဟဝေါ၊ ဟုတိ၊ ပူဇော်ခြင်း။ ပူဇော်ခြင်း ပရိယာယ် ၂-ပုဒ်။ ဝေဒေါ၊ ဝေဒနံ၊ သိခြင်း။ (ခံစားခြင်း-လည်း ဟူ။) ဣတ္ထိ ဝါ၊ ဝေဒန-သဒ္ဒါ ဣတ္ထိလိင်လည်း ရှိ၏။ (ဣတ္ထိလိင်နှင့်ကား ပို၍ အရှိများသည်။) သိခြင်း ပရိယာယ် ၂-ပုဒ်။

[ဝသ-မူကား၊ စွမ်း, ပြား, စပ်, လို့၊ အထူးကို၊ ဟောဆိုငါးအတ္ထာ - ဆိုသည့်အတိုင်း ဝသ-အနက်ကား အစွမ်း, အပြား, စပ်သွယ်ခြင်း, အလိုအာသာ, အထူး အားဖြင့် ၅-နက် ရှိ၏။]

(၇၆၃) ဇီရဏ ဇာနိ တာဏ တု၊ ရက္ခဏ ပမိတိပ္ပမာ။
သိလေသော သန္ဓိ စ ခယော၊ တွ'ပစယော ရဝေါ ရဏော။

(၇၆၃) ဇီရဏ၊ ဇာနိ၊ ဆုံးရှုံးခြင်း။ ဆုံးရှုံးခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ တာဏ၊ ရက္ခဏ၊ စောင့်ရှောက်ခြင်း။ စောင့်ရှောက်ခြင်း ပရိယာယ် ၂-ပုဒ်။ ပမိတိ၊ ပမာ၊ နှိုင်းယှဉ်ခြင်း။ နှိုင်းယှဉ်ခြင်း ပရိယာယ် ၂-ပုဒ်။ သိလေသော၊ သန္ဓိ၊ စပ်ခြင်း။ စပ်ခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ခယော၊ အပစယော၊ ကုန်ခြင်း။ (ပျက်စီးခြင်းလည်း ဟူ။) ကုန်ခြင်း ပရိယာယ် ၂-ပုဒ်။ ရဝေါ၊ ရဏော၊ အသံပြုခြင်း။ အသံပြုခြင်း ပရိယာယ် ၂-ပုဒ်။

[ဇီရဏ-သဒ္ဒါ ဆွေးမြေ့ယိုယွင်း အိုမင်းရင့်ရော်ခြင်းကိုလည်း ဟောသည်။ ဇီရဏ၊ ဇရာ။ မရန္တ ဓေတေနာတိ မရဏံ။ အဘိ၊ ဋ္ဌ၊ ၂။ ၁၂၈။ ရင်းပြင် ကြီးပွါးခြင်းကိုလည်း ဇီရဏ-သဒ္ဒါ ဟော သေးသည်။ ဇီရ ဖြူဟာနေ၊ ဖြူဟာန် ဝစုန်။ ဇီရတိ၊ ဇီရံ၊ ဇီရမာနေ၊ ဇီရဏ။ နီတိ၊ ဓာ။ ၁၅၆။]

(၇၆၄) နိဂါဒေါ နိဂဒေါ မာဒေါ၊ မဒေါ ပသိတိ ဗန္ဓနံ။
အာကာရော တွ'ဂ်ိတံ ဣင်္ဂေါ၊ အထ'တ္တာပဂမော ဗျယော။

(၇၆၄) နိဂါဒေါ၊ နိဂဒေါ၊ ပြောဆိုခြင်း။ ပြောဆိုခြင်း ပရိယာယ် ၂-ပုဒ်။ မာဒေါ၊ မဒေါ၊ မူးယစ်ခြင်း။ မူးယစ်ခြင်း ပရိယာယ် ၂-ပုဒ်။ ပသိတိ၊ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်း။ နှောင်ဖွဲ့ခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှ တပါး။ အာကာရော၊ ဣင်္ဂိတံ၊ ဣင်္ဂေါ၊ အခြင်းအရာ။ အခြင်းအရာ ပရိယာယ် ၃-ပုဒ်။ အထ၊ ထိုမှတပါး။ အတ္တာပဂမော၊ ဗျယော၊ ပျက်စီးခြင်း။ ပျက်စီးခြင်း ပရိယာယ် ၂-ပုဒ်။

[ဋီကာစာမူ၌ "မဒေါ စ သိတိ ဗန္ဓနံ"ဟု ရှိ၏။ သိတိ-လည်း နှောင်ဖွဲ့ခြင်းပင် ဖြစ်၏။ သိ ဗန္ဓနေ၊ တိ၊ သိတိ။ ဋီကာ။ ပသိတိ-ကား ပ-ဥပသာရ ရှေးရှိရုံသာ ထူး၏။ သီဟိုဠ်မူ၌လည်း မဒေါ ပသိတိ ဗန္ဓနံ-ဟုပင် ရှိ၏။ အာကာရ-သဒ္ဒါ အကြောင်း, အခြင်း အရာ, အသွင်သဏ္ဍာန်, အဆင်းအရောင်-စသည်တို့ကိုလည်း ဟော သည်။]

(၇၆၅) အန္တရာယော စ ပစ္စူဟော၊ ဝိကာရော တု ဝိကတျ'ပိ။
ပဝိသိလေသော ဝိဓုရံ၊ ဥပဝေသန မာသနံ။

(၇၆၅) အန္တရာယော၊ ပစ္စူဟော၊ အန္တရာယ်။ အန္တရာယ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝိကာရော၊ ဝိကတိ၊ ဖောက်ပြန်ခြင်း။ ဖောက်ပြန်ခြင်း ပရိယာယ် ၂-ပုဒ်။ ပဝိသိလေသော၊ ဝိဓုရံ၊ စင်စစ်ကွေကွင်းခြင်း။ (ဆန့်ကျင်ခြင်းလည်း ဟူ။) စင်စစ်ကွေကွင်းခြင်း ပရိယာယ် ၂-ပုဒ်။ ဥပဝေသနံ၊ အာသနံ၊ နေခြင်း။ (နေရာလည်း ဟူ။) နေခြင်း ပရိယာယ် ၂-ပုဒ်။

[အန္တရာယ-ကို "စုတိပဋိသန္ဓိန မန္တရေ အယတိတိ အန္တရာယော"၊ ပစ္စူဟ-ကို "ပဋိပက္ခဝသေန ဦဟတိ ပဝတ္တတီတိ ပစ္စူဟော" ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ပြု၏။]

(၇၆၆) အဇ္ဈာသယော အဓိပ္ပါယော၊ အာသယော စာ'ဘိသန္ဓိ စ။
ဘာဝေါ'ဓိမုတ္တိ ဆန္ဒော'ထ၊ ဒေါသော အာဒီနဝေါ ဘဝေ။

(၇၆၆) အဇ္ဈာသယော၊ အဓိပ္ပါယော၊ အာသယော၊ အဘိသန္ဓိ၊ ဘာဝေါ၊ အဓိမုတ္တိ၊ ဆန္ဒော၊ အလို။ (နှလုံးသွင်း၊ ထင်မြင်ချက်-လည်း ဟူ။) အလို ပရိယာယ် ၇-ပုဒ်။ ဒေါသော၊ အာဒီနဝေါ၊ အပြစ်။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အပြစ်ပရိယာယ် ၂-ပုဒ်။

[ဆန္ဒ-သဒ္ဒါသည် အာရုံကို အလိုရှိခြင်း၊ အာရုံကို တပ်မက်ခြင်း၊ ကြိုးစားလိုခြင်း၊ မှားယွင်းစွာ ယူလိုခြင်း တို့ကိုလည်း ဟောသည်။]

(၇၆၇) အာနိသံသော ဂုဏော စာထ၊ မဇ္ဈံ ဝေမဇ္ဈ မုစ္စတေ။
မဇ္ဈန္ဒိကော တု မဇ္ဈန္ဟော၊ ဝေမတ္တံ တု စ နာနတာ။

(၇၆၇) အာနိသံသော၊ ဂုဏော၊ အကျိုး။ အကျိုး ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ မဇ္ဈံ၊ ဝေမဇ္ဈံ၊ အလယ်။ တုလျံ၊ အနက်တူ၏ ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ အလယ် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ မဇ္ဈန္ဒိကော၊ မဇ္ဈန္ဟော၊ မွန်းတည့်။ မွန်းတည့် ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ဝေမတ္တံ၊ နာနတာ၊ ထူးသည်၏အဖြစ်။ ထူးသည်၏အဖြစ် ပရိယာယ် ၂-ပုဒ်။

[ဝေမတ္တ-နှင့် နာနတ္တ-ကို "ဝိဂတာ မတ္တာ သဒိသပ္ပမာဏံ ဧတေန ဟေတုဘူတေန ဝေမတ္တံ။ နာနမေဝ နာနတ္တ။ နာန-သဒ္ဒေါ ပုနပ္ပုနံသဒ္ဒေါ။ အဗျယေ တု နာနာ"ဟု ဋီကာ၌ ဆို၏။ အပိစ မေတ္တ ပုဂ္ဂလဝေမတ္တတာ ဝိဒိတာ။ မ၊၂။၅၄။ ပုဂ္ဂလဝေမတ္တတာ ဝိဒိတာတိ ပုဂ္ဂလနာနတ္တံ ဝိဒိတံ။ မဋ္ဌ၊၃။၇၅။ ဝိသိဋ္ဌာ မတ္တာ ဝိမတ္တာ၊ ဝိမတ္တာဝ ဝေမတ္တံ၊ ဝိသဒိသတာတိ အတ္ထော။ ဝိသိဋ္ဌာ မတ္တာ ဝိမတ္တာ၊ ဝိမတ္တာဝ ဝေမတ္တံ၊ တဿ ဘာဝေါ ဝေမတ္တတာ။ နေတ္တိဋ္ဌ။၂၈။ ဝေမတ္တံ ဝိသဒိသတ္တံ။ နေတ္တိဋ္ဌ။၁၃၅။ ဒီဋီ၊၂။၁၆။]

(၇၆၈) ဝါ ဇာဂရော ဇာဂရိယံ၊ ပဝါဟော တု ပဝတ္တိ စ။
ဗျာသော ပပဉ္စော ဝိတ္ထာရော၊ ယာမော တု သံယမော ယမော။

(၇၆၈) ဇာဂရော၊ ဇာဂရိယံ၊ နိုးကြားခြင်း။ (မမေ့မလျော့ခြင်းလည်း ဟူ။) နိုးကြားခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပဝါဟော၊ ပဝတ္တိ၊ ရေအလျဉ်။ (မပြတ်ဖြစ်ခြင်းလည်း ဟူ။) ရေအလျဉ် ပရိယာယ် ၂-ပုဒ်။ ဗျာသော၊ ပပဉ္စော၊ ဝိတ္ထာရော၊ အကျယ်။ (အကျယ်ချဲ့ခြင်းလည်း ဟူ။) အကျယ် ပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ယာမော၊ သံယမော၊ ယမော၊ စောင့်စည်းခြင်း။ စောင့်စည်းခြင်း ပရိယာယ် ၃-ပုဒ်။

[ဇာဂရ-သဒ္ဒါပုလ္လိင်နှင့်သာ ပါဠိ,ဋီ-တို့၌ ရှိ၏။ ဇာဂရိယ-သဒ္ဒါ နပုလ္လိင်နှင့်သာ ပါဠိ,ဋီ-တို့၌ ရှိ၏။ ဇာဂရ-ပုဒ် ဏျ-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ နိုးကြားသူ၏အဖြစ်၊ နိုးကြားခြင်း၊ နိုးကြားသူ၏ အမှု၊ ကမ္မဋ္ဌာန်း ဘာဝနာကို နှလုံးသွင်း၍ အားထုတ်ခြင်းဟုလည်း ယောဇနာ နိုင်၏။ သို့ဖြစ်၍ ဝါ-သဒ္ဒါကို ပဒပူရဏဟုသာ ကြံရာ၏။ ဝိကပ် ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်ဟု အနက်ပေးရန် မလိုချေ။ ဇာဂရဏံ ဇာဂရော နိဒ္ဒါတိက္ကမောတိ အတ္ထော။ အပ၊ ဋ္ဌ၊၁။၂၂၄။]

(၇၆၉) သမ္ဗာဟနံ မဒ္ဒနဉ္စ၊ ပသရော တု ဝိသပ္ပနံ။
သန္ထဝေါ တု ပရိစယော၊ မေလကော သင်္ဂ သင်္ဂမာ။

(၇၆၉) သမ္ဗာဟနံ၊ မဒ္ဒနံ၊ ဆုပ်နယ်ခြင်း။ ဆုပ်နယ်ခြင်း ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ ပသရော၊ ဝိသပ္ပနံ၊ ပြန့်ပွါးခြင်း။ ပြန့်ပွါးခြင်း

ပရိယာယ် ၂-ပုဒ်။ တု၊ ထိုမှတပါး။ သန္ထဝေါ၊ ပရိစယော၊ အကျွမ်းဝင်ခြင်း။ (သိကျွမ်းခြင်း, လေ့ကျင့်ခြင်းလည်း ဟူ။) အကျွမ်းဝင်ခြင်း ပရိယာယ် ၂-ပုဒ်။ မေလကော၊ သင်္ဂေါ၊ သင်္ဂမော၊ ပေါင်းဆုံခြင်း။ (အခိုက်အတန့် သင်္ဂေါ, သင်္ဂမော-ဟု ပြင်သည်။) ပေါင်းဆုံခြင်း ပရိယာယ် ၃-ပုဒ်။

[သန္ထဝ-ဟူသည် ကောင်းစွာ နှီးနှောခြင်း ရောယှက်ခြင်း အရောဝင်ခြင်း အကျွမ်းဝင်ခြင်း တည်း။ သန္ထဝနဝသေန သန္ထဝေါ၊ သံသဂ္ဂေါတိ အတ္ထော။...တေသု ဣဓ တဏှာသန္ထဝေါ အဓိပ္ပေ-တော။ အဘိ၊ဋ္ဌ၊၁။၃၉၇။ မဟာနိ၊ဋ္ဌ။၃၃။]

(၇၇၀) သန္ဒိဝိ သန္ဒိကဋ္ဌမှိ၊ ဝိနာသော တု အဒဿနံ။
လဝေါ'ဘိလာဝေါ လဝနံ၊ ပတ္ထာဝေါ'ဝသရော သမာ။

(၇၇၀) သန္ဒိဝိ၊ သန္ဒိဝိ-သဒ္ဒါသည်။ သန္ဒိကဋ္ဌမှိ၊ နီးကပ်ခြင်း၌။ ဝါ၊ သိမ်မွေ့ဆည်းခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ဝိနာသော၊ အဒဿနံ၊ ပျက်စီးခြင်း။ (ကွယ်ပျောက်ခြင်းလည်း ဟူ။) ပျက်စီးခြင်း ပရိယာယ် ၂-ပုဒ်။ လဝေါ၊ အဘိလာဝေါ၊ လဝနံ၊ ရိတ်ဖြတ်ခြင်း။ ရိတ်ဖြတ်ခြင်း ပရိယာယ် ၃-ပုဒ်။ ပတ္ထာဝေါ၊ အဝသရော၊ အခွင့်။ (အခွင့်ရောက်ခြင်း၊ အလျဉ်းသင့်ခြင်း၊ စကားစပ်ခြင်းလည်း ဟူ။) အခွင့် ပရိယာယ် ၂-ပုဒ်။

[သရ ဂမနေ၊ အဝသရော။ ဋီကာ။ အဝသရံ အဒဟသု။ ထေရ၊ ဋ္ဌ၊၁။၂၀၂။ တဿ အဝသရံ အဒေန္တော....အာဟ။ ဒီ၊ဋီ၊၂။၁၁၁။]

(၇၇၁) ဩသာနံ ပရိယောသာနံ၊ ဥက္ကံသော'တိသယော ဘဝေ။
သန္နိဝေသော စ သဏ္ဌာနံ၊ အထာ'ဗ္ဘန္တရ မန္တရံ။

(၇၇၁) ဩသာနံ၊ ပရိယောသာနံ၊ အဆုံး။ (ပြီးဆုံးခြင်းလည်း ဟူ။) အဆုံး ပရိယာယ် ၂-ပုဒ်။ ဥက္ကံသော၊ အတိသယော၊ အလွန်အကဲ။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ အလွန်အကဲ ပရိယာယ် ၂-ပုဒ်။ သန္နိဝေသော၊ သဏ္ဌာနံ၊ စုဝေး၍ တည်နေခြင်း။ (အသွင်သဏ္ဌာန်-လည်း ဟူ။) စုဝေး၍ တည်နေခြင်း ပရိယာယ် ၂-ပုဒ်။ အထ၊ ထိုမှတပါး။ အဗ္ဘန္တရံ၊ အန္တရံ၊ အတွင်း။ အတွင်းပရိယာယ် ၂-ပုဒ်။

[နိဒ္ဒ, နိဒ္ဒါန-လည်း ပြီးသုံးခြင်းဟော ပရိယာယ်တည်း။ အန္တရာဋ္ဌ-လည်း အဘွင်းဟော ပရိယာယ်တည်း။ အန္တရန္တိ ဥဘိန္န-မန္တရာဋ္ဌံ။ သိဒ္ဓိ၊သစ်၊၂။၃၅၅။]

(၇၇၂) ပါဠိဟီရံ ပါဋိဟေရံ၊ ပါဋိဟာရိယ မုစ္စတေ။
ကိစ္စံ တု ကရဏီယာဉ္စ၊ သင်္ခါရော ဝါသနာ ဘဝေ။

(၇၇၂) ပါဋိဟီရံ၊ ပါဋိဟေရံ၊ ပါဋိဟာရိယံ၊ တန်ခိုး။ (ပြာဋိဟာ။) တုလျ၊ အနက်တူ၏ ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ တန်ခိုးပရိယာယ် ၃-ပုဒ်။ တု၊ ထိုမှတပါး။ ကိစ္စံ၊ ကရဏီယံ၊ ပြုခြင်း။ (ပြုအပ်သော အမှုကိစ္စ၊ ပြုဖွယ် ကိစ္စ-လည်း ဟူ။) ပြုခြင်း ပရိယာယ် ၂-ပုဒ်။ သင်္ခါရော၊ ဝါသနာ၊ ထုံခြင်း။ သမော၊ အနက်တူသည်။ ဘဝေ၊ ဖြစ်၏။ ထုံခြင်း ပရိယာယ် ၂-ပုဒ်။

(၈၄၄) ဘဂံ၊ ဘဂ-သဒ္ဒါသည်။ ယောနိကာမသိရိဿရေ၊ မိန်းမအင်္ဂါဇာတ်, အလို, ကျက်သရေ, အစိုးရခြင်း၌ရင်း။ ဓမ္မုယျာမယသေ၊ သီလအစရှိသော ဂုဏ်ကျေးဇူး, လုံ့လ, ကျော်စောခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ဥဋ္ဌာရော၊ ဥဋ္ဌာရ-သဒ္ဒါသည်။ ဝိပုလေ၊ ပြန့်ပြောသည်၌ရင်း။ သေဋ္ဌေ စ၊ မြတ်သည်၌ရင်း။ မဓုရေ၊ ချိုမြိန်သည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ဘဂ-သဒ္ဒါဟောနက် (၇) နက်။ ဥဋ္ဌာရ-သဒ္ဒါဟောနက် (၃) နက်တည်း။ နီတိ၊ ဓာ။ ၃၆၅-၌ ဘဂသဒ္ဒေါ်တာ လောကိယလောကုတ္တရသမ္ပတ္တိယော........။ ဘဂသဒ္ဒေါ်တံ သိရိံ ဣဿရိယံ ယသဥ္စ ....ဘဂသဒ္ဒေါ်တေ သိနေရု ယုဂန္ဓရ ဥတ္တရကုရု ဟိမဝန္တာဒိဘာဇနလောကေ ဝမိ-ဖြင့် ဘဂ-သရုပ် လာရှိ၏။

ဥဋ္ဌာရ အတ္ထုဒ္ဓါရ ဒီ၊ဋ္ဌ၊ ၂။ ၂၅။ ဒီ၊ ဋ္ဌ၊ ၃။ ၆၂။ သံ၊ ဋ္ဌ၊ ၃။ ၂၄၁။ ဝိမာန၊ ဋ္ဌ။ ၉။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၄၅။ ပဋ္ဌိသံ၊ ဋ္ဌ၊ ၂။ ၂၁၉-တို့၌ လာရှိ၏။]

(၀၇၅) သမ္ပန္နော တိသု သမ္ပုဏ္ဏော၊ မခုရေ စ သမင်္ဂိနိ။
သခါ တု ညာဏော ကောဋ္ဌာသ-ပညတ္တိဂဏနေသု စ။

(၀၇၅) သမ္ပန္နော၊ သမ္ပန္န-သဒ္ဒါသည်။ သမ္ပုဏ္ဏော၊ ပြည့်စုံသည်၌ရင်း။ မခုရေ၊ ချိုမြိန်သည်၌ရင်း။ သမင်္ဂိနိ၊ တကွဖြစ်သည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါး၌။ ဝတ္တတိ ဖြစ်၏။ တု၊ ထိုမှတပါး။ သခါ၊ သခါ-သဒ္ဒါသည်။ ညာဏော၊ ညာဏ်၌ရင်း။ ကောဋ္ဌာသပညတ္တိဂဏနေသု စ၊ အဖို့အစု, ပညတ်, ရေတွက်ခြင်းတို့၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[သမ္ပန္န-သဒ္ဒါဟောနက် ပရိပုဏ္ဏသမ္ပန္န, မခုရသမ္ပန္န, သမင်္ဂီ-သမ္ပန္န-အားဖြင့် ၃-နက်ဟူ၏။ သခါ-သဒ္ဒါဟောနက် ၄-နက်တည်း။ သမ္ပန္န အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၁၅၀။ ဣတိဝုတ်၊ ဋ္ဌ။ ၃၊ ၅။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၁၆။ သာရတ္ထ၊ ၁။ ၄၃၆။ အံ၊ ဋီ၊ ၂။ ၂၃၄-တို့၌ လာ၏။ သခါ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၇၀။ သံ၊ ဋ္ဌ၊ ၁။ ၄၅။ သာရတ္ထ၊ ၂။ ၁၂၇။ အံ၊ ဋီ၊ ၃။ ၁၂၄။ နီတိ၊ ဓာ။ ၁၀-တို့၌ လာ၏။

ယင်း နီတိ၊ ဓာ။ ၁၀-၌—

ညာဏပညတ္တိကောဋ္ဌာသ-ဂဏနာသု ပဒိဿတိ။
သခါ-သဒ္ဒေါတိ ဒီပေယျ၊ မေဓာဝီ သာသနေ—

ဟု သခါ သဒ္ဒါဟောနက်များ အကျဉ်းလာ၏။]

(၀၇၆) ဌာနံ ဣဿရိယောကာသ-ဟေတူသု ဌိတိယမ္ပိ စ။
အထော မာနေ ပကာရေ စ၊ ကောဋ္ဌာ သ စ ဝိဓော ဒွိသု။

(၀၇၆) ဌာနံ၊ ဌာန-သဒ္ဒါသည်။ ဣဿရိယော ကာသ ဟေတူသု၊ အစိုးရခြင်း, ခဏအခွင့်, အကြောင်းတို့၌ရင်း။ ဌိတိယံ၊ ရပ်တည်ခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အထော၊ ထိုမှတပါး။ ဝိဓော၊ ဝိဓ-သဒ္ဒါသည်။ မာနေ၊ ထောင်လွှားတက်ကြွ မာန်မာန၌ရင်း။ ပကာရေ စ၊ အခြင်းအရာ၌ရင်း။ ကောဋ္ဌာသေ စ၊ အဖို့အစု၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ဒွိသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ဌာန-သဒ္ဒါဟောနက် (၄) နက်တည်း။ ဝိဓ-သဒ္ဒါဟောနက် (၃) နက်တည်း။ ဌာန-သဒ္ဒါ၏ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၁၀၅။ ဓမ္မ-

ဒါယာဒသုတ္တာဋ္ဌကထာ၌—အယဉ္စ ဌာန-သဒ္ဒေါ ဣဿရိယ, ဌိတိ, ခဏ, ကာရဏေသု ဝတ္တတိ-စသည်ဖြင့် လာရှိ၏။

မ၊ ဌ၊ ၁၊ ၁၀၅-လာ ခဏ-ကိုပင် ဤအဘိဓာန်၌ ခြကာသ-ဟု သုံးသည်။ နိဿ၊ ဓာ။ ၅၅-၌ အကျယ်အားဖြင့်လာ၏။ အကျဉ်း အားဖြင့်ကား—

ဣဿရိယေ ဌိတိယဉ္စ၊ ခဏသ္မိံ စ ကာရဏေ။
ဝတ္တသ္မိံ ဌာနသဒ္ဒေါ သတော၊ ဌာန-သဒ္ဒေါ ပဝတ္တတိ—

ဟူ၍ လာ၏။

ဝိဓ-သဒ္ဒါ ဒသ္သနာပါဠိရ ဒီ၊ ဌ၊ ၁။ ၄၅။ ဒီ၊ ဌ၊ ၃။ ၁၇၂။ သံ၊ ဌ၊ ၁။ ၄၄။ အဘိ၊ ဌ၊ ၁။ ၃၄၃၊ အဘိ၊ ဌ၊ ၂။ ၄၇၇။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၁၅။ မ၊ ဋီ၊ ၂။ ၂၄၈။ ဒံ၊ ဋီ၊ ၃။ ၁၇၃-တို့၌ လာ၏။]

(၈၄၇) ပညော'ပဝါသခန္တီသု၊ ဒမော ဣန္ဒြိယသံဝရေ။
ဉာဏေ စ သောမနဿေ စ၊ ဝေဒေါ ဆန္ဒသိ စောစ္စတေ။

(၈၄၇) ဒမော၊ ဒမ-သဒ္ဒါကို။ ပညောပဝါသခန္တီသု၊ ပညာ, ဥပုသ် သီတင်းသုံးခြင်း, သည်းခံခြင်းတို့၌၎င်း။ ဣန္ဒြိယသံဝရေ၊ ဣန္ဒြေတို့ကို စောင့်စည်းချုပ်တည်းခြင်း၌၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။ ဝေဒေါ၊ ဝေဒ-သဒ္ဒါကို။ ဉာဏေ စ၊ ဉာဏ်ပညာ၌၎င်း။ သောမနဿေ စ၊ ဝမ်းမြောက်ခြင်း၌၎င်း။ ဆန္ဒသိ စ၊ ဝေဒကျမ်း၌၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။

[ဒမ-သဒ္ဒါဟောနက် (၄)နက်။ ဝေဒ-သဒ္ဒါဟောနက် (၃)နက်။ ဒမ-သဒ္ဒါအတ္ထုဒ္ဓါရ မ၊ ဌ၊ ၄။ ၂၃၄။ သံ၊ ဌ၊ ၁။ ၂၅။ သံ၊ ဌ၊ ၃။ ၂၀။ အံ၊ ဋီ၊ ၂။ ၁၂၃။ အံ၊ ဋီ၊ ၃။ ၁၈၇-တို့၌ လာ၏။

နိဿ၊ ဓာ။ ၂၃၇-၌ အကျယ်, အကျဉ်း ၂-မျိုး လာ၏။ အကျဉ်းကား—

ဣန္ဒြိယသံဝရေ ပညာ၊ ခန္တိ စာပိ ဥပေါသထော။
ဣမေ အတ္ထာ ပဝုစ္စန္တိ၊ ဒမ-သဒ္ဒေန သာသနေ—

ဖြစ်၏။

ဝေဒအတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၁၇၀။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၀၉။ သံ၊ ဋီ၊ ၁။ ၁၁၆။ နီတိ၊ ဓာ။ ၁၀၃-တို့၌ လာ၏။]

(၈၄၈) ခန္ဓကောဋ္ဌာသပဿာဝ·မဂ္ဂဟေတူသု ယောနိ သာ။
ကာလေ တု ကူလေ သီမာယံ၊ ဝေလာ ရာသိမှိ ဘာသိတာ။

(၈၄၈) ယောနိ၊ ယောနိ-သဒ္ဒါကို။ ခန္ဓာကောဋ္ဌာသပဿာဝမဂ္ဂဟေ-တူသု၊ ခန္ဓာတို့၏ အဖို့အစု, ပဿာဝမဂ်, အကြောင်းတို့၌။ ဘာသိတာ၊ ဆိုအပ်၏။ သာ၊ ဣတ္ထိလိင်တည်း။ တု၊ ထိုမှတပါး။ ဝေလာ၊ ဝေလာ-သဒ္ဒါကို။ ကာလေ၊ အခါ၌ရင်း။ ကူလေ၊ ကမ်း၌ရင်း။ သီမာယံ၊ အပိုင်းအခြား၌ရင်း။ ရာသိမှိ၊ အစုအပုံ၌ရင်း။ ဘာသိတာ၊ ဆိုအပ်၏။

[ယောနိ-သဒ္ဒါဟောနက် (၃) နက်။ ဝေလာ-သဒ္ဒါဟောနက် (၄) နက်။ ယောနိ-သဒ္ဒါ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၃၄၁။ သံ၊ ဋ္ဌ၊ ၂။ ၂၄၇။ အံ၊ ဋ္ဌ၊ ၂။ ၈၁။ ဣတိဝုတ်၊ ဋ္ဌ။ ၁၀၇။ နီ၊ ဓာ။ ၁၇၈-တို့၌ အကျယ်လာ၏။

ယင်း နီတိ၊ ဓာ။ ၁၇၉-၌ကား—

ခန္ဓာနဉ္စာပိ ကောဋ္ဌာသေ၊ မုတ္တမဂ္ဂေ စ ကာရဏေ။
ဣမေသု တီသု အတ္ထေသု၊ ယောနိ-သဒ္ဒေါ ပဝတ္တတိ—

ဟု အကျဉ်းချုပ်ဂါထာ လာ၏။

ဝေလာ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၂။ ၁။ အဘိ၊ ဋ္ဌ၊ ၂။ ၁၆၃-တို့၌ လာ၏။ ဝေလ ကာလောပဒေသေ။ ဝေလေတိ၊ ဝေလယတိ၊ ဝေလာ။ နီတိ၊ ဓာ။ ၃၄၄။]

(၈၄၉) ဝေါဟာရော သဒ္ဒပဏ္ဏတ္တိ·ဝဏိဇ္ဇာစေတနာသု စ။
နာဂေါ တု'ရဂဟတ္ထီသု၊ နာဂရုက္ခေ တထု'တ္တမေ။

(၈၄၉) ဝေါဟာရော၊ ဝေါဟာရ-သဒ္ဒါသည်။ သဒ္ဒပဏ္ဏတ္တိဝဏိဇ္ဇာ-စေတနာသု၊ သဒ္ဒါ (စကား), ပညတ် (ခေါ်ဝေါ်ခြင်း), ကုန်သွယ်ခြင်း, စေတနာတို့၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ နာဂေါ၊ နာဂ-သဒ္ဒါသည်။ ဥရဂဟတ္ထီသု၊ မြွေနဂါး, ဆင်တို့၌ရင်း။ နာဂရုက္ခေ၊ ကံ့ကော်ပင်၌ရင်း။ တထာ၊ ထိုမှတပါး။ ဥတ္တမေ၊ မြတ်သည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဝေါဟာရ·သဒ္ဒါ ဟောနက် (၄) နက်။ နာဂ-သဒ္ဒါဟောနက် (၄) နက်။ ဝေါဟာရ·သဒ္ဒါ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၃။ ၂၇။ သံ ဋ္ဌ၊ ၁။ ၁၃၇။ ဥဒါန်၊ ဋ္ဌ။ ၃၀၂။ သံ၊ ဋီ၊ ၂။ ၃၆၄·တို့၌ လာ၏။ နီတိ၊ ဓာ။ ၁၅၂၊ ၁၅၃·၌ အကျယ်, အကျဉ်း ၂·မျိုး လာ၏။ အကျဉ်းကား–

ဗျဝဟာရေ ဝစနေ စ၊ ပဏ္ဏတ္တိစေတနာသု စ။
ဝေါဟာရ·သဒ္ဒေါ စတူသု၊ ဋ္ဌမေသွ'တ္ထေသု ဒိဿတိ–
ဖြစ်၏။

နာဂ·သဒ္ဒါသည် မြင်းကိုလည်း ဟောသည်။ အဿမွိ ခေါ····ဥဒါယိ····ဒိသွာ ဝေ မာဟ "နာဂေါ ဝတ ဘော နာဂေါ"တိ။ အံ၊ ၂။ ၃၀၃။

နာဂ·သဒ္ဒါ နွားကိုလည်း ဟောသည် ဂေါဏမွိ........ဒိသွာ ဝေ·မာဟ "နာဂေါ ဝတ ဘော နာဂေါ"တိ။ အံ၊ ၂။ ၃၀၃။

နာဂ·သဒ္ဒါ လူကိုလည်း ဟောသည်။ မနုဿမွိ........ဒိသွာ ဝေ မာဟ "နာဂေါ ဝတ ဘော နာဂေါ"တိ။ အံ၊ ၂။ ၃၀၃။

နာဂ·သဒ္ဒါ ရဟန္တာကိုလည်း ဟောသည်။ နာဂေါတိ ခေါ ဘိက္ခု ခီဏာသဝဿေတံ ဘိက္ခုနော အဓိဝစနံ။ မ၊ ၁။ ၁၉၈။

နာဂ·သဒ္ဒါ ပစ္စေကဗုဒ္ဓါကိုလည်း ဟောသည်။ ပစ္စေကဗုဒ္ဓေါပိ နာဂေါ။ စူဠနိ။ ၂၆၇။

အယံ နာဂ·သဒ္ဒေါ ဟတ္ထိမှိ စေဝ အဿဂေါဏဥရဂမနုဿေသု စာပိ ဝတ္တတိ။ အံ၊ ဋ္ဌ၊ ၃။ ၁၁၁။ မ၊ ဋီ၊ ၂။ ၃၂၂။]

(၈၅၀) သေဋ္ဌာ' သဟာယသဉ္စာ'ည-
တုလျေသွ'ကော ဇင်လ်ဂိကော။
ဍာဂေ တု မာနသော စိတ္တာ-
ရဟာတ္တေသု စ မာနသံ။

(၈၅၀) တိလိင်္ဂိကော၊ သုံးလိင်ဆံသော။ ကော၊ ကေ·သဒ္ဒါသည်။ သေဋ္ဌသဟာယသဉ္စာညတုလျေသု၊ မြတ်သည်, အဖော်မမှီး တယောက်

တည်း, တခုအရေအတွက်သချာ, တပါး, တူသည်တို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ မာနသော၊ ပုလ္လိင် မာနသ-သဒ္ဒါသည်။ ရာဂေ၊ တဏှာ၌။ သိယာ၊ ဖြစ်ရာ၏။ မာနသံ၊ နပုလ္လိင် မာနသ-သဒ္ဒါသည်။ စိတ္တာရဟတ္တေသု၊ စိတ်, အရဟတ္တဖိုလ်တို့၌။ သိယာ၊ ဖြစ်ရာ၏။

[ကေ-သဒ္ဒါဟောနက် (၅) နက်။ မာနသ-သဒ္ဒါဟောနက် (၃) နက်။ ကေ-သဒ္ဒါ အတ္ထုဒ္ဓါရ ဣတိဝုတ်၊ ဋ္ဌ။ ၃၄။ ဒီ၊ ဋ္ဌိ၊ ၁။ ၄၄။ သီဋ္ဌီ၊သစ်၊ ၁။ ၁၆၅။ မ၊ ဋ္ဌိ၊ ၁။ ၃၄။ သံ၊ ဋ္ဌိ၊ ၁။ ၃၀။ အံ၊ ဋ္ဌိ၊ ၁။ ၃၃-တို့၌ လာ၏။

မာနသ-သဒ္ဒါ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၄၂။ အဘိ၊ ဋ္ဌ၊ ၁။ ၁၀၄။ ဣတိဝုတ်၊ ဋ္ဌ။ ၅၀။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၁၅၅။ မဟာနိ၊ ဋ္ဌ။ ၁၉၊ ၂၅၁။ ပဋ္ဌိသံ၊ ဋ္ဌ၊ ၂။ ၁၁၇။ အံ၊ ဋ္ဌိ၊ ၃။ ၂၀၃။ နီတိ၊ ဓာ။ ၂၆၃-တို့၌ လာ၏။

နီတိ၊ ဓာ။ ၂၆၄-၌—

ရာဂေါ စိတ္တံ အရဟတ္တဉ္စ မာနသန္တိ သမီရိတံ။
သတ္တုနော သာသနေ ပါပ-သာသနေ'ခိလသာသနေ-

ဟူ၍ အကျဉ်း သင်္ဂဟဂါထာဖြင့် လာရှိ၏။]

(၈၅၁) မူလံ ဗေ သန္တိကေ မူလ-မူလေ ဟေတုမှိ ပါဘတေ။
ရူပါဒိံ'သပကန္ဓေသု၊ ခန္ဓော ရာသိဂုဏေသု စ။

(၈၅၁) မူလံ၊ မူလ-သဒ္ဒါသည်။ ဗေ၊ မူလနက္ခတ်၌၎င်း။ သန္တိကေ၊ အနီး၌၎င်း။ မူလမူလေ၊ သစ်မြစ်၌၎င်း။ ဟေတုမှိ၊ လောဘ အစရှိသော ဟိတ်၌၎င်း။ ပါဘတေ၊ အရင်းအနှီး အဖိုးအခ ဥစ္စာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ခန္ဓော၊ ခန္ဓ-သဒ္ဒါသည်။ ရူပါဒိံ'သပကန္ဓေသု၊ ရူပက္ခန္ဓာ အစရှိသည်, ပခုံး, ပင်စည်တို့၌၎င်း။ ရာသိဂုဏေသု စ၊ အစု, ကျေးဇူးတို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[မူလ-သဒ္ဒါဟောနက်(၅)နက်။ ခန္ဓ-သဒ္ဒါဟောနက်(၅)နက်။ မူလ-သဒ္ဒါ အတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၁၃။ ဝိ၊ ဋ္ဌ၊ ၁။ ၈၁။ ဥဒါန၊ ဋ္ဌ။

၂၅။ အံ၊ ဋီ၊ ၃။ ၂၀၀။ နီတိ၊ ဓာ။ ၁၆၄-၌ အကျယ်, အကျဉ်း စုဏ္ဏိယနှင့် ဂါထာ လာ၏။

အကျဉ်းသင်္ဂဟဂါထာကား –

မူလမူလေ မူလ-သဒ္ဒေါ၊ ပဒိဿတိ တထေဝ စ။
အဿာဓာရဏဟေတုမှိ၊ သမိပမှိ စ ဝတ္တတိ –

ဖြစ်၏။

ခန္ဓသဒ္ဒါ အတ္ထုဒ္ဓါရ အဘိ၊ ဋ္ဌ၊ ၁။ ၁၇၅။ အဘိ၊ ဋ္ဌ၊ ၂။ ၁။ ဠတိဝုတ်၊ ဋ္ဌ။ ၁၉၂။ မဟာနိ၊ ဋ္ဌ။ ၂၀၊ ၂၅၂။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၇၅၊ ၁၆၅။ မူလဋီ၊ ၂။ ၂၆။ အနုဋီ၊ ၂။ ၆-တို့၌ လာ၏။

နီတိ၊ ဓာ။ ၃၅၀-၌ –

ခန္ဓ-သဒ္ဒေါ ရာသိဂုဏ-ပဏ္ဏတ္တိသု စ ရူပိယံ။
ကောဋ္ဌာသေ စေဝ အံသေ စ၊ ဝတ္တတီတိ ဝိဘာဝယေ –

ဟူသော အတ္ထုဒ္ဓါရ သင်္ဂဟဂါထာနှင့်တကွ အကျယ်လာ၏။]

(၇၅၂) အာရမ္ဘော ဝီရိယေ ကမ္မေ၊ အာဒိကမ္မေ ဝိကောပနေ။
အထော ဟာဒယဝတ္ထုမှိ၊ စိတ္တေ စ ဟာဒယံ ဥရေ။

(၇၅၂) အာရမ္ဘော၊ အာရမ္ဘ-သဒ္ဒါသည်။ ဝီရိယေ၊ လုံ့လဝီရိယ၌၎င်း။ ကမ္မေ၊ ကံ၌၎င်း။ ဝါ၊ ကောင်းမှု,မကောင်းမှု အလုပ်စု၌၎င်း။ အာဒိကမ္မေ၊ အစလက်ဦးအမှု၌၎င်း။ ဝိကောပနေ၊ ညှဉ်းဆဲဖျက်ဆီးခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အထော၊ ထိုမှတပါး။ ဟာဒယံ၊ ဟာဒယ-သဒ္ဒါသည်။ ဟာဒယဝတ္ထုမှိ၊ ဟာဒယဝတ္ထု၌၎င်း။ စိတ္တေ စ၊ စိတ်၌၎င်း။ ဥရေ၊ ရင်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[အာရမ္ဘ-သဒ္ဒါဟောနက်(၄)နက်။ ဟာဒယ-သဒ္ဒါဟောနက်(၃)နက်။ အာရမ္ဘ-သဒ္ဒါ အတ္ထုဒ္ဓါရ အဘိ၊ဋ္ဌ၊၁။၁၇၉။ အဘိ၊ဋ္ဌ၊၃။၉၆။ မဟာနိ၊ဋ္ဌ။၃၅၉။ အံ၊ဋီ၊၃။၄၀။ နီတိ၊ဓာ။၁၂၀-တို့၌ လာ၏။ ယင်း နီတိ၊ဓာ။၁၂၉-၌ –

ကမ္မေ အာပတ္တိယဉ္စေဝ၊ ဝီရိယေ ဟိံသာကြိယာသု စ။
ဝိဇ္ဇောပနေ စ အာရမ္ဘ-သဒ္ဒေါ ဟောတိတိ နိဒ္ဒိသေ–

ဟု သင်္ဂဟဂါထာ လာ၏။

ဟဒယ-သဒ္ဒါအတ္ထုဒ္ဓါရ အဘိ·ဋ္ဌ၊၁။၁၈၄။ မဟာနိ·ဋ္ဌ။၁၉၊၂၅၁။ ပဋိသံ·ဋ္ဌ၊၂။၁၁၇·တို့၌ လာ၏။]

(၈၅၃) ပစ္စာတာပါ’နုဗန္ဓေသု၊ ရာဂါဒေါ’နုသယော ဘဝေ။
မာတင်္ဂမုဒ္ဓပိဏ္ဍေ တု၊ ဃဋ္ဋေ ကုမ္ဘော ဒသမ္ဗဏေ။

(၈၅၃) အနုသယော၊ အနုသယ-သဒ္ဒါသည်။ ပစ္စာတာပါနုဗန္ဓေသု၊ နောင်တ တဖန် ပူပန်ခြင်း, အစဉ် ဖွဲ့ယှပ်ခြင်းတို့၌ဖြင်း။ ရာဂါဒေါ၊ ကာမရာဂါနုသယ အစရှိသော အနုသယ ခုနစ်ပါး၌ဖြင်း။ ဘဝေ၊ ဖြစ်၏။ တု၊ ထိုမှတပါး၊ ကုမ္ဘော၊ ကုမ္ဘ သဒ္ဒါသည်။ မာတင်္ဂမုဒ္ဓပိဏ္ဍေ၊ ဆင်ဦးကင်း၌ဖြင်း။ ဃဋ္ဋေ၊ အိုး၌ဖြင်း။ ဒသမ္ဗဏေ၊ ဆယ်အမ္ဗဏ၌ဖြင်း။ ဝါ၊ ဆယ်ခါရီ၌ဖြင်း။ ဘဝေ၊ ဖြစ်၏။

[အနုသယ-သဒ္ဒါဟောနက် (၃)နက်။ ကုမ္ဘ-သဒ္ဒါဟောနက် (၃)နက်။ သတ္တာ့ါသန္တာန်၌ ကိန်းတတ်, အဖန်ဖန် ဖြစ်တတ်သော တရားသည် အနုသယတည်း။ တနည်း – ကြွက် အဆိပ်အလား လျော်သောအကြောင်းကို ရရှိလျှင် ဖြစ်ပေါ် နိုင်သော တရားသည် အနုသယတည်း။ ကိန်းခြင်းလည်း အနုသယ မည်၏။ အနုသယဝစနေန …ဥပ္ပတ္တိ ဒဿိတာ ဟောတိ။ မူလဋီ·၃။၁၄၄။]

(၈၅၄) ပရိဝါရော ပရိဇနေ၊ ခဂ္ဂကောသေ ပရိစ္ဆဒေ။
အာလမ္ဗော တု သာရမ္ဘ၊ ဘေရိဘေဒေ စ ဒိဿတိ။

(၈၅၄) ပရိဝါရော၊ ပရိဝါရ-သဒ္ဒါသည်။ ပရိဇနေ၊ အခြံအရံ လူ၌ဖြင်း။ ခဂ္ဂကောသေ၊ သန်လျက်အိမ်၌ဖြင်း။ (ဓားလွယ်အိမ်သည်း ဟူ။) ပရိစ္ဆဒေ၊ အဆောက်အဦ အသုံးအဆောင်၌ဖြင်း။ ဝါ၊ ဖုံးလွှမ်းခြင်း၌ဖြင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ အာလမ္ဗော၊ အာလမ္ဗ-သဒ္ဒါသည်။ သာရမ္ဘေ၊ ဖျက်ဆီးခြင်း၌ဖြင်း။ ဝါ၊ အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်း၌ဖြင်း။ ဝါ၊ အားထုတ်ခြင်း၌ဖြင်း။ ဝါ ပြင်ဆင်ခြင်း၌ဖြင်း။ ဘေရိဘေဒေ စ၊ ထက်စည်အသူး၌ ဖြင်း။ ဒိဿတိ၊ ထင်၏။

[ပရိဝါရ သဒ္ဒါဟောနက်(၃)နက်။ အာရမ္မရ-သဒ္ဒါဟောနက် (၂)နက်။ ကျမ်းဆရာသည် ပရိဝါရော ပရိဇနေ-ဧသော ပရိဝါရ-အဘွဲ့ရှိသည်ကို "ဘဝေ ဇင်္ဂမေ ပရိဝါရော၊ ခဂ္ဂကောသေ ပရိစ္ဆဒေ" ဟူသော အမရကောသ၊ ၂၃။ ၁၆၀-ကို ယူ၍ ဆိုဟန်ရှိ၏။]

(၈၅၅) ခဏော ကာလဝိသေသေ စ၊ နိဗ္ဗျာပါရဋ္ဌိတိမှိ စ။
ကုလေ တွ'ဘိဇနော ဝုတ္တော၊ ဥပ္ပတ္တိဘူမိယမ္ပိ စ၊

(၈၅၅) ခဏော၊ ခဏ-သဒ္ဒါသည်။ ကာလဝိသေသေ စ၊ လက်ဖျစ်ဆယ်တွက်အခါမျှသော အခါအထူး၌၎င်း။ ဝါ၊ ဗုဒ္ဓုပ္ပါဒနဝမခဏ-စသော ကာလအထူး၌၎င်း၊ နိဗ္ဗျာပါရဋ္ဌိတိမှိ စ၊ ဗျာပါရကင်းဆိတ်စွာ တည်ခြင်း၌၎င်း၊ ဝါ၊ ကြာရှည်လေးမြင့်စွာ တည်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး အဘိဇနော၊ အဘိဇန-သဒ္ဒါကို။ ကုလေ၊ အမျိုး၌၎င်း။ ဥပ္ပတ္တိဘူမိယမ္ပိ စ၊ ဖွားမြင်ရာအရပ်၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။

[ခဏ-သဒ္ဒါဟောနက်(၂)နက်။ အဘိဇန-သဒ္ဒါဟောနက်(၂) နက်။ ကာလဝိသေသကို ဒသစ္ဆရကာလော-ဟု ဋီကာဖွင့်သည်။ ဗုဒ္ဓုပ္ပါဒနဝမခဏ-စသည်လည်း သင့်သည်။]

(၈၅၆) အာဟာရော ကဗဠီကာရာ–ဟာရာဒိသု စ ကာရဏေ။
ဝိဿာသေ ယာစနာယဉ္စ၊ ပေမေ စ ပဏယော မတော။

(၈၅၆) အာဟာရော၊ အာဟာရ-သဒ္ဒါကို။ ကဗဠီကာရာဟာရာဒိသု၊ ကဗဠီကာရအာဟာရ အစရှိသည်တို့၌၎င်း။ ကာရဏေ၊ အကြောင်း၌၎င်း။ မတော၊ သိအပ်၏။ ပဏယော၊ ပဏယ-သဒ္ဒါကို။ ဝိဿာသေ၊ အကျွမ်းဝင်ခြင်း၌၎င်း၊ ယာစနာယဉ္စ၊ တောင်းခြင်း၌၎င်း။ ပေမေ၊ ချစ်ခြင်း၌၎င်း။ မတော၊ သိအပ်၏။

[အာဟာရ-သဒ္ဒါဟောနက်(၂)နက်။ ပဏယ-သဒ္ဒါဟောနက် (၃)နက်။ အာဟာရအဘွဲ့ရှိ ဒီ-ဋ္ဌ-၁။၁၅၇။ ခုဒ္ဒကာ-ဋ္ဌ၊၆၃။ ဋီ၊ ဋ္ဌီ၊ ၃။ ၁၆၇-တို့၌ လာ၏။

ပဏယ-ဟောနက်များ ပါဠ်ဋ္ဌ-ဋီ-တို့၌ မတွေ့ရ။ အမရကောသ-စသည့် သက္ကတအဘိဓာန်များ၌လည်း မတွေ့ရ။ ပါဠိအသဒ္ဒ-

မဟဏ္ဏဝေါ ပါကတ အဘိဓာန်၌ မှော်, မြက်အထူး(ပဏာယမြက်), ရေနှောက်, ညွန်ကျဲ-ဟူ၍ ၄-နက် လာရှိ၏။]

(၇၅၇) ဏာဒေါ် သဒ္ဒါစိဝရာဒိ–ဟေတွာ’ဓာရေသု ပစ္စယော။
ကိဋ္ဌာဒိဗ္ဗဝိဟာရာဒေါ၊ ဝိဟာရော သုဂတာလယေ။

(၇၅၇) ပစ္စယော၊ ပစ္စယ-သဒ္ဒါသည်။ ဏာဒေါ၊ ဏ-အစရှိသော ပစ္စည်း၌၎င်း။ သဒ္ဒါစိဝရာဒိဟေတွာဓာရေသု၊ ယုံကြည်ခြင်း, သင်္ကန်း-အစရှိသော ပစ္စည်း, အကြောင်း, တည်ရာတို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဝိဟာရော၊ ဝိဟာရ-သဒ္ဒါသည်။ ကိဋ္ဌာဒိဗ္ဗဝိဟာရာဒေါ၊ ကစားမြူးထူးခြင်း, ဒိဗ္ဗဝိဟာရ အစရှိသည်၌၎င်း။ သုဂတာလယေ၊ ကျောင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ပစ္စယ-သဒ္ဒါဟောနက်(၅)နက်။ ဝိဟာရ-သဒ္ဒါဟောနက်(၃) နက်။ ဝိဟာရအတ္ထုဒ္ဓါရ ဒီ ဋ္ဌ၊၁။၁၂၂။ ပဋိသံ၊ဋ္ဌ၊၂။၁၂၇။ မ၊ဋ္ဌိ၊၁။ ၄၃။ သံ ဋီ၊၁။၄၀။ အံ၊ဋီ၊၁။၁၇-တို့၌ လာ၏။

နီတိ၊ဓာ။၁၅၂-၌ “ဝိဟာရောတိ ဌာနနိသဇ္ဇာဒိနာ ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော၊ဘိက္ခုနံ အာဝါသော။ ဝိဟရဏံ ဝါ ဝိဟာရော၊ ဝိဟရဏကြိယာ”ဟု ဖွင့်၏။ ကျောင်းဟူသော အနက်, နေခြင်း ကြိယာဟူသော အနက် ၂-နက် ဟူ၏။]

(၇၅၈) သမတ္ထနေ မတော စိတ္တေ–ကဂ္ဂတာယံ သမာဓိ စ။
ယောဂေါ သင်္ဂေ စ ကာမာဒေါ၊ ဉာနော’ပါယေသု ယုတ္တိယံ။

(၇၅၈) သမာဓိ၊ သမာဓိ-သဒ္ဒါကို။ သမတ္ထနေ၊ ပြီးစီးခြင်း၌၎င်း။ စိတ္တေကဂ္ဂတာယံ၊ စိတ်၏တည်ကြည်ငြိမ်သက် မလောက်လက်ခြင်း၌၎င်း။ မတော၊ သိအပ်၏။ ယောဂေါ၊ ယောဂ-သဒ္ဒါကို။ သင်္ဂေ စ၊ ကပ်ငြိခြင်း၌ ၎င်း။ ကာမာဒေါ၊ ကာမယောဂ-စသော ယောဂလေးပါး၌၎င်း။ ဉာနော-ပါယေသု၊ ဉာဏ်, ကာမ-အစရှိသော ဥပါယ်တို့၌၎င်း။ ယုတ္တိယံ၊ ယှဉ်ခြင်း၌ ၎င်း။ မတော၊ သိအပ်၏။

[သမာဓိ-သဒ္ဒါ ဟောနက်(၂)နက်။ ယောဂ-သဒ္ဒါ ဟောနက် (၅)နက်။ ယောဂ-သဒ္ဒါ ဝီရိယ-ကိုလည်း ဟောသည်။ ယောဂေါတိ ဝီရိယံ။ တဉ္စ–

"ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ မတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု"န္တိ-

ဝစနတော အဝသံ ကာတုံ ယုဇ္ဇတိ ဥပယုဇ္ဇတီတိ ယောဂေါ ဝုစ္စတိ။
နီတိ၊ ဓာ။ ၂၂၄။]

(၈၅၉) ဘောဂေါ သပ္ပဖဏာဂေ်သု၊ ကောဋိလ္လေ ဘုဉ္ဇနေ ဓနေ။
ဘူမိဘာဂေ ကိလေသေ စ၊ မလေ စာင်္ဂ မုစ္စတေ။

(၈၅၉) ဘောဂေါ၊ ဘောဂ-သဒ္ဒါသည်၊ သပ္ပဖဏာဂေ်သု၊ မြွေပါးပျဉ်း, မြွေကိုယ်တို့၌ရင်း။ ကောဋိလ္လေ၊ ကောက်ကွေးသည်၌ရင်း။ ဘုဉ္ဇနေ၊ သုံးဆောင်ခံစားခြင်း၌ရင်း။ ဓနေ၊ ဥစ္စာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အင်္ဂံ၊ အင်္ဂ-သဒ္ဒါကို။ ဘူမိဘာဂေ၊ နန်းရင်ပြင် အစရှိသော မြေအပြင်၌ရင်း။ ကိလေသေ၊ ကိလေသာ၌ရင်း။ မလေ၊ အညစ်အကြေး၌ရင်း။ ဥစ္စတေ၊ ဆိုအပ်၏။

[ဘောဂ-သဒ္ဒါဟောနက် (၆) နက်။ အင်္ဂ-သဒ္ဒါဟောနက် (၃) နက်တည်း။ အင်္ဂ-သဒ္ဒါအတ္ထုဒ္ဓါရ မ၊ ဋ္ဌ၊ ၁။ ၁၄၄။ အဘိ၊ ဋ္ဌ၊ ၂။ ၄၇၉။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၀၉။ သာရတ္ထ၊ ၁။ ၁၂၇။ နီတိ၊ ဓာ။ ၂၇-တို့၌ လာ၏၊ နီတိ၊ ဓာ။ ၂၇-၌—

ရာဂါဒီသု ကိလေသေသု၊ ပင်္ကော် ကာယမလမှိ စ။
ဝိဝရေ ဘူမိဘာဂေ စ၊ အင်္ဂဏန္တိ ရဝေါ ဂတော—

ဟူသော သင်္ဂဟဂါထာဖြင့် အကျဉ်းလည်း လာရှိ၏။]

(၈၆၀) မနာဒိဒပ္ပေ သညာယ၊ အဘိမာနော မတော'ထ စ။
အပဒေသော နိမိတ္တေ စ၊ ဆလေ စ ကထနေ မတော။

(၈၆၀) အဘိမာနော၊ အဘိမာန-သဒ္ဒါကို။ နောဒိဒပ္ပေ၊ ဥစ္စာပစ္စည်း အစရှိသည်ကို စွဲ၍ဖြစ်သော မာန်၌ရင်း။ သညာယ၊ မှတ်သောအားဖြင့် မှတ်ထင်ခြင်း၌ရင်း။ မတော၊ သိအပ်၏။ အထ၊ ထို့မှတပါး။ အပဒေသော၊ အပဒေသ-သဒ္ဒါကို။ နိမိတ္တေ စ၊ အကြောင်း၌ရင်း။ ဆလေ စ၊ အမြွက်ထောင်ခြင်း စဉ်းလဲကောက်ကျစ်ခြင်း၌ရင်း၊ ကထနေ စ၊ ပြောဆိုခြင်း၌ရင်း။ မတော၊ သိအပ်၏။

[အဘိဓာန်-ဋီကာ-သဒ္ဒါဟောနက် (၂) နက်။ အပဒေသ-သဒ္ဒါဟော နက် (၃) နက်။ မြန်မာမှု၊ သီဟိုဠ်မှု အားလုံးတို့၌ "ခေ့ာဒိဒပ္ပေ ပညာယ" ဟု ရှိသည်။ ပညာယ-မလို၊ သညာယ-သာ လို၏။ အဘိဝဒတိတိ အဘိမာနေန ဥပဝဒတိ-ဟူသော မ၊ ဋ၊ ၄။ ၁၇။ (ပဥ္စတ္တယသုတ် အဖွင့်) ကိုလည်း ထောက်ရာ၏။ ကျော်အောင် စံထား ဆရာတော်ကလည်း ပညာယ ရှိတတ်၏။ "အညတြ အဓိ- မာနာ" စသော ပုဒ်၏ အတ္ထကို ထောက်သဖြင့် သညာယ-လိုမည် ဟု မိန့်တော်မူ၏။]

(၈၆၁) စိတ္တေ ကာယေ သဘာဝေ စ၊ သော အတ္တာ ပရမတ္တနိ။
အထ ဂုမ္ဗော စ ထမ္ဘသ္မိံ၊ သမူဟေ ဗလသဥ္စယေ။

(၈၆၁) အတ္တာ၊ အတ္တ-သဒ္ဒါသည်။ စိတ္တေ၊ စိတ်၌၎င်း။ ကာယေ၊ ကိုယ်၌၎င်း။ သဘာဝေ စ၊ သဘော၌၎င်း။ ပရမတ္တနိ၊ တိတ္ထိတို့သည် ကြံစည်တွေးဆအပ်သော ပရမအတ္တ၌၎င်း။ ဝါ၊ လောကကို ဖန်ဆင်းတတ် သော ဗြဟ္မာ (ထာဝရဘုရား) ၌၎င်း။ ဝိယာ၊ ဖြစ်ရာ၏။ သော၊ ပုလ္လိင် တည်း။ အထ၊ ထိုမှတပါး။ ဂုမ္ဗော၊ ဂုမ္ဗ-သဒ္ဒါသည်။ ထမ္ဘသ္မိံ၊ မြက်ချုံ အစ ရှိသော ချုံ၌၎င်း။ သမူဟေ၊ အပေါင်း၌၎င်း။ ဗလသဥ္စယေ၊ ရဲမက်ဗိုလ်ပါ အစီအရင်၌၎င်း။ ဝိယာ၊ ဖြစ်ရာ၏။

[အတ္တ-သဒ္ဒါဟောနက် (၄) နက်။ ဂုမ္ဗ-သဒ္ဒါဟောနက် (၃) နက်။ ပရမတ္တနိ-ကို တိတ္ထိယာနံ (တိတ္ထိနံ၊ ဝါဒီနံ) ဂါဟလဒ္ဓေ အတ္တနိ- ဟု ဋီကာဖွင့်သည်။ အတ္တ-သဒ္ဒါ အတ္ထုဒ္ဓါရ ထေရ၊ ဋ၊ ၁။ ၈။ ပဋိသံ၊ ဋ၊ ၁။ ၄၀။ မ၊ ဋ၊ ၃။ ၇၅-တို့၌ လာ၏။]

(၈၆၂) အန္တောဃရေ ကုသူလေ စ၊ ကောဋ္ဌော'န္တောကုစ္ဆိယံ ပျထ။
သောပါနင်္ဂမှိ ဥဏှီသော၊ မကုဋေ သီသဝေဌနေ။

(၈၆၂) ကောဋ္ဌော၊ ကောဋ္ဌသဒ္ဒါသည်။ အန္တောဃရေ၊ အိမ်တွင်း၌ ၎င်း။ ကုသူလေ၊ ကျီကျ၌၎င်း။ အန္တောကုစ္ဆိယံ၊ ဝမ်းတွင်း၌၎င်း။ ဝိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ဥဏှီသော၊ ဥဏှီသ-သဒ္ဒါသည်။ သောပါနင်္ဂ- မှိ၊ စောင်းတန်းဦး၌၎င်း။ မကုဋေ၊ မကိုဋ်သရဖူ၌၎င်း။ သီသဝေဌနေ၊ ဦးရစ်ခေါင်းပေါင်း၌၎င်း။ ဝိယာ၊ ဖြစ်ရာ၏။

[ကောဋ္ဌ-သဒ္ဒါဟောနက် (၃) နက်။ ဥဏ္ဏိသ-သဒ္ဒါဟောနက် (၃) နက်၊ ကောဋ္ဌ-သဒ္ဒါ ဝမ်းတွင်းအစာအိမ်ကိုလည်း ဟောသည်။ ကောဋ္ဌံ အနုပဝိဋ္ဌောတိ ကုစ္ဆိံ ဝိသိတွာ အန္တာနံ အန္တော အနုပဝိဋ္ဌော၊ ပက္ကာသယဋ္ဌာနေ နိသိန္နော။ မ၊ ဋ္ဌ၊ ၂။ ၃၁၂။ အမြစ်ရင်းကိုလည်း ဟောသည်။ ကောဋ္ဌံ ဇရဋ္ဌံ ဝုစ္စတိ။ ဝဇိရ။ ၃၁၉။ ငှက်ကိုလည်း ဟောသည်။ ကောဋ္ဌာတိ အာဒယော သကုဏာဝ။ ဇာ၊ ဋ္ဌ၊ ၇။ ၃၁၈။]

(၈၆၃) နိယျာသေ သေခရေ ဒွါရေ၊ နိယျူဟော နာဂဒန္တကေ။
အထော သိခဏ္ဍေ တူဏီရေ၊ ကလာပေါ နိကရေ မတော။

(၈၆၃) နိယျူဟော၊ နိယျူဟ-သဒ္ဒါကို။ နိယျာသေ၊ အစေး၌၎င်း။ ဝါ၊ ဖန်ရည်၌၎င်း။ သေခရေ၊ ဦးဆောက်ပန်း၌၎င်း။ ဒွါရေ၊ တံခါး၌၎င်း။ နာဂဒန္တကေ၊ ဆင်စွယ်ကောက်၌၎င်း။ မတော၊ သိအပ်၏။ အထော၊ ထိုမှတပါး။ ကလာပေါ၊ ကလာပ-သဒ္ဒါကို။ သိခဏ္ဍေ၊ ဥဒေါင်းမြီးစည်း၌၎င်း။ တူဏီရေ၊ မြားကျည်တောက် (မြားပုံး) ၌၎င်း။ နိကရေ၊ အပေါင်း၌၎င်း။ မတော၊ သိအပ်၏။

[နိယျူဟ-သဒ္ဒါဟောနက် (၄) နက်၊ ကလာပ-သဒ္ဒါဟောနက် (၃) နက်၊ နိယျူဟ-သဒ္ဒါ မုခ်ဦးမုခ်ဆောင်ကိုလည်း ဟောသည်။ ဝေဇယန္တဿ ခေါ မာရိသ မောဂ္ဂလ္လာန ပါသာဒဿ ကေသတံ နိယျူဟံ၊ ကေကသ္မိံ နိယျူဟေ သတ္တ သတ္တ ကူဋာဂါရသတာနိ။ မ၊ ၁။ ၃၁၉။]

(၈၆၄) စူဠာသံယတကေသေသု၊ မကုဋေ မောဠိ စ ဒွိသု။
သခေါ် တွ နိတ္ထိယံ ကမ္ဗုနလာဋဋ္ဌိသု ဂေါပ္ဖကေ။

(၈၆၄) မောဠိ၊ မောဠိ-သဒ္ဒါသည်။ စူဠာသံယတကေသေသု၊ ဦးစွန်း, စည်းနှောင် ထုံးဖွဲ့အပ်သော ဆံထုံးတို့၌၎င်း။ မကုဋေ၊ မကိုဋ်၌၎င်း၊ သိယာ၊ ဖြစ်ရာ၏။ ဒွိသု၊ ဣတ္ထိလိင်, ပုလ္လိင် နှစ်လိင်တို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သခေါ်၊ သခ်-သဒ္ဒါသည်။ ကမ္ဗုနလာဋဋ္ဌိသု၊ ခရုသင်း, နဖူးရိုးတို့၌၎င်း။ ဂေါပ္ဖကေ၊ ခြေဖမျက်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ သိယာ၊ ဖြစ်ရာ၏။

[မောဠိ-သဒ္ဒါဟောနက် (၃) နက်။ စူဠာ-သဒ္ဒါဟောနက် (၃) နက်။ မေဒိနီကောသ၊ အဘိဓာနပ္ပဒီပိကာ၊ အင်္ဂုဝိသဝဂ်။ ၄၆-ဂါထာ၌ မောဠိ ဟောနက်များ "မောဠိ ကရိဇ္ဇ မ္မိလ္လေ၊ စူဠာယ မနုပုံသကံ" ဟု လာရှိ၏။ မောဠိ-ကား သက္ကတ 'မော်လိ' ဖြစ်၏။]

(၇၆၅) ပက္ခော ကာလေ ဗလေ သာချေ၊ သခီဝါဇေသု ပဂ္ဂုလေ။
ဒေဟေ'ဏ္ဏဝေ ပုမေ သိန္ဓု၊ သရိတာယံ သ နာရိယံ။

(၇၆၅) ပက္ခော၊ ပက္ခ-သဒ္ဒါသည်။ ကာလေ၊ လဆန်းပက္ခ, လဆုတ်ပက္ခ အခါ၌၎င်း။ ဗလေ၊ စစ်သည်ဗိုလ်ပါ၌၎င်း။ သာချေ၊ ပြီးစေအပ်သည်၌၎င်း၊ သခီဝါဇေသု၊ အဆွေခင်ပွန်း, မြှားလှံ(မြှားရွက်)တို့၌၎င်း။ ပဂ္ဂုလေ၊ ဆံ့အ-သူ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ပုမေ သိန္ဓု၊ ပုလ္လိင် သိန္ဓု-သဒ္ဒါသည်။ ဒေဟေ၊ သိန္ဓု အရပ်၌၎င်း။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တမာနော၊ ဖြစ်သော။ သ=သော၊ ထိုသိန္ဓု-သဒ္ဒါသည်။ သရိတာယံ၊ သိန္ဓုမြစ်၌။ သိယာ၊ ဖြစ်ရာ၏။

[ပက္ခ-သဒ္ဒါဟောနက်(၆)နက်။ သိန္ဓု-သဒ္ဒါဟောနက်(၃)နက်။ အမရကောသ၊၂၃။၂၁၉-၌ ပက္ခော သဟာယေပိ=အသင်းအပင်း မိတ်ဆွေသူငယ်ချင်းနှင့် အပိ-ဖြင့်ယူရသော လဆန်း လဆုတ် ပက္ခ-စသည်၌ဖြစ်၏ဟု ဆို၏။]

(၇၆၆) ဂဇေ ကရေဏု ပုရိသေ၊ သော ဟတ္ထိနိယ မိတ္ထိယံ။
ရတနေ ဝဇိရော' နိတ္ထိ၊ မဏိဝေဓိ'န္ဒဟေတိသု။

(၇၆၆) ပုရိသေ ကရေဏု၊ ပုလ္လိင် ကရေဏု-သဒ္ဒါသည်။ ဂဇေ၊ ဆင်ပေါက်၌။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထိယံ သော၊ ဣတ္ထိလိင် ထိုကရေဏု-သဒ္ဒါသည်။ ဟတ္ထိနိယံ၊ ဆင်မ၌။ သိယာ၊ ဖြစ်ရာ၏။ ဝဇိရော၊ ဝဇိရ-သဒ္ဒါသည်။ ရတနေ၊ စိန်ရတနာ၌၎င်း။ မဏိဝေဓိန္ဒဟေတိသု၊ ပတ္တမြားထွင်းစူး, သိကြားလက်နက်တို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။

[ကရေဏု-သဒ္ဒါဟောနက်(၂)။ ဝဇိရ သဒ္ဒါဟောနက်(၃)နက်။ ကရေဏု-သဒ္ဒါ ဆင်မဟော သာဓကကား ဒန္တာ ကရေဏုဝ ဝသ-

ပနီတာ။ ဇာ၊ ၁။ ၂၁၃-ဖြစ်၏။ ဆင်ပေါက်ဟော သာဓက ပါ, ဋ္ဌ, ဋီ-တို့၌ မတွေ့ရ။]

(၈၆၇) ဂိသာဏ တိသု မာတင်္ဂ-ဒန္တေ စ ပသုသိင်္ဂကေ။
ကောဋ္ဌိယံ တု မတော ကောဏော၊ တထာ ဝါဒိတ္တဝါဒနေ။

(၈၆၇) ဝိသာဏ၊ ဝိသာဏ-သဒ္ဒါကို။ မာဘင်္ဂဒန္တေ စ၊ ဆင်စွယ်၌၎င်း။ ပသုသိင်္ဂကေ၊ သားချိုး၌၎င်း။ မတော၊ သိအပ်၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ကောဏော၊ ကောဏ-သဒ္ဒါကို။ ကောဋ္ဌိယံ၊ အစွန်း၌၎င်း။ တထာ၊ ထိုမှတပါး။ ဝါဒိတ္တဝါဒနေ၊ စောင်း စည်-စသည် တီးခတ်ကြောင်း လက်ခတ်၌၎င်း။ မတော၊ သိအပ်၏။

[ဝိသာဏ-သဒ္ဒါဟောနက် (၂)နက်။ ကောဏ-သဒ္ဒါဟောနက် (၂)နက်။ တိကဏ္ဍသေသဋီကာ၌ ကောဏ-သဒ္ဒါ အဝတ်အထည်-စသည်၏ အစွန်းအမြိတ်, အိမ်-စသည်တို့၏ အထောင့်, စောင်း-စသည် တီးခေါက်ကြောင်း တုတ်တံ, လက်ရိုက်, အိမ်ဝိုင်းခြံအတွင်း တနေရာဆို၌ ဆောက်လုပ်ထားလေ့ရှိသော မင်္ဂလာအိမ်၌ ဖြစ်၏ဟု ဆို၏။]

(၈၆၈) ဝဏိပ္ပထေ စ နဂရေ၊ ဝေဒေ စ နိဂမော’ထ စ။
ဝိဝါဒါဒေါ’ဓိကရဏံ၊ သိယာ’ဓာရေ စ ကာရဏေ။

(၈၆၈) နိဂမော၊ နိဂမသဒ္ဒါသည်။ ဝဏိပ္ပထေ၊ ကုန်သည်တို့ဖြင့် စည်ကားသော နိဂုံး၌၎င်း။ ဝါ၊ ဈေးရုံ ဈေးဆိုင်ရှိသော နိဂုံး၌၎င်း။ ဝါ၊ ကုန်သွယ်ခြင်း၌၎င်း။ နဂရေ၊ မြို့၌၎င်း။ ဝေဒေ စ၊ နိဂမဝေဒဟူသော ဝေဒကျမ်းဂန် အထူး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ အဓိကရဏံ၊ အဓိကရဏ-သဒ္ဒါသည်။ ဝိဝါဒါဒေါ၊ ဝိဝါဒါဓိကရဏ်း-စသည်၌၎င်း။ အာဓာရေ စ၊ တည်ရာ၌၎င်း။ ကာရဏေ၊ အကြောင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[နိဂမ-သဒ္ဒါဟောနက် (၂)နက်။ အဓိကရဏ-သဒ္ဒါဟောနက် (၃)နက်။ အမရကောသ၊၂၃။၁၃၉-၌ ဝဏိပ္ပထော ပုရံ ဝေဒေါ နိဂမော-ဟု လာ၏။ ဝဏိပ္ပထော၊ ကုန်သွယ်ခြင်းသည်၎င်း။ ပုရံ၊

မြို့သည်ဒုင်း။ ဖဝဒေါ၊ ဝေဒကျမ်းသည်ဒုင်း။ နိဂမော၊ နိဂမ
မည်၏-ဟု ယောဇနာရာ၏။ ယင်းကိုယူ၍ အဘိဓာန်ဆရာ ဆိုဟန်
ရှိ၏။]

(၈၆၉) ပသုမှိ ပသုဓာယဋ္ဌ၊ ဝါစာဒေါ ဂေါ ပုမိတ္ထိယံ။
ဟရိတော တုႋ သုဝဏ္ဏေ စ၊ ဝါသုဒေဝေ ဟရိရိတော။

(၈၆၉) ပုမိတ္ထိယံ ဂေါ၊ ပုလ္လိင်, ဣတ္ထိလိင်၌ ဖြစ်သော ဂေါ-သဒ္ဒါသည်။ ပသုမှိ၊ နွား၌ဒုင်း။ ဝသုဓာယဋ္ဌ၊ မြေ၌ဒုင်း။ ဝါစာဒေါ၊ စကား-အစရှိသည်၌ဒုင်း။ သိယာ၊ ဖြစ်ရာ၏။ ဟရိ၊ ဟရိ-သဒ္ဒါကို။ ဟရိတော၊ စိမ်းသော အဆင်း၌ဒုင်း။ သုဝဏ္ဏေ စ၊ ရွှေ၌ဒုင်း။ ဝါသုဒေဝေ၊ ဗိဿဏိုး၌ဒုင်း။ ဤရိတော၊ ဆိုအပ်၏။

[ဂေါ-သဒ္ဒါဟောနက်(၃)နက်။ ဟရိ-သဒ္ဒါဟောနက် (၃)နက်။
ဂေါ-သဒ္ဒါအတ္ထုဒ္ဒါရ နီတိ၊ ပဒ။၃၁၈။ သီဠိုသစ်၊ ၂။၂၁၆-တို့၌—

ဂေါ ဂေါဏေ စိန္ဒြိယေ ဘူမျံ၊ ဝစနေ စေဝ ဗုဒ္ဓိယံ။
အာဒိစ္စေ ရသ္မိယဋ္ဌေ၊ ပါနိယေပိ စ ဝတ္တတေ။
တေသု အတ္ထေသု ဂေါဏော ထီ-ပုမာ စ ဣတရေ ပုမာ—

ဟု လာရှိ၏။

**ဂါထာအနက်။** ။ဂေါ၊ ဂေါ-သဒ္ဒါသည်။ ဂေါဏေ စ၊ နွား၌ဒုင်း။ ဣန္ဒြိယေ၊ ဣန္ဒြေ၌ဒုင်း။ ဘူမျံ၊ မြေ၌ဒုင်း။ ဝစနေ စေဝ၊ စကား၌ဒုင်း။ ဗုဒ္ဓိယံ၊ ပညာ၌ဒုင်း။ အာဒိစ္စေ၊ နေ၌ဒုင်း။ ရသ္မိယဋ္ဌေ၊ အရောင်၌ဒုင်း။ ပါနိယေပိစ၊ ရေ၌ဒုင်း။ ဝတ္တတေ-ဖြစ်၏။ တေသု အတ္ထေသု၊ ထိုအနက်တို့တွင်။ ဂေါဏော၊ နွားဟူသော အနက်၌။ ထီပုမာ၊ ဣတ္ထိလိင်, ပုလ္လိင်တည်း။ ဣတရေ စ၊ နွားမှတပါး အနက်များ၌ကား။ ပုမာ၊ ပုလ္လိင်တည်း-ဟူ၍ အနက်ယောဇနာ ရာ၏။

ဒုင်းပြင် တိကဏ္ဍသေသ-၌လည်း—

သဂ္ဂေ ဟီရကေ ကိရဏော၊ ဗလီဗဒ္ဒေ စ ဂေါ ပုမာ။
ထီ ဗာဏော ရောဟိဏီဒိသာသု၊ ဝစနေ ဝါရိဘူမိယံ-

ဟူ၍ လာ၏။

ဂါထာအနက်။ ။ပုမာ ဂေါ၊ ပုလ္လိင် ဂေါ-သဒ္ဒါသည်။ သဂ္ဂေ၊ နတ်ပြည်၌ရင်း။ ဟီရကေ၊ အမျှင်၌ရင်း။ (ချည်မျှင်, ထန်းသီးမျှင်, အုန်းသီးမျှင် စသည်)။ ကိရဏေ၊ အရောင်၌ရင်း။ ဗလိဗဒ္ဒေ၊ နွားလား နွားပိုက်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ယိ ဂေါ၊ ဣတ္ထိလိင် ဂေါ-သဒ္ဒါသည်။ ဗာဏေ၊ မြှား၌ရင်း။ ရောဟိဏိဒိသာသု၊ ရောဟိဏီနက္ခတ်, အရပ်မျက်နှာဘို့၌ရင်း။ ဝစနေ၊ စကား၌ရင်း။ ဝါခိဘူမိယံ၊ ရေ, မြေ၌ရင်း။ သိယာ ဖြစ်ရာ၏။ သက္ကတဂါထာကို လွယ်ကူရန် ပါဠိပြန်၍ ဖော်ပြသည်။]

(၇၇၀) အာသတ္တော ပရိဂ္ဂါဒ္ဒေ စ၊ ဘရိယာယံ ပရိဂ္ဂဟော။
ဥတ္တံသော တွဝတံသော စ၊ ကဏ္ဏပူရေ စ သေခရေ။

(၇၇၀) ပရိဂ္ဂဟော၊ ပရိဂ္ဂဟ-သဒ္ဒါသည်။ အာသတ္တော၊ စပ်ဆိုင်သော ဥစ္စာ၌ရင်း။ ပရိဝါရေ စ၊ အခြံအရံ၌ရင်း။ ဘရိယာယံ၊ မယား၌ရင်း။ သိယာ၊ ဖြစ်ရာ၏၊ တု၊ ထိုမှတပါး။ ဥတ္တံသော ဥတ္တံသ-သဒ္ဒါသည်ရင်း။ အဝတံသော စ၊ အဝတံသ-သဒ္ဒါသည်ရင်း၊ ကဏ္ဏပူရေ စ၊ နားသွယ်ပန်း၌ ရင်း။ သေခရေ၊ ဦးခေါင်းပန်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ပရိဂ္ဂဟ-သဒ္ဒါဟောနက် (၃)နက်။ ဥတ္တံသ-သဒ္ဒါ, အဝတံသ-သဒ္ဒါဟောနက် (၂)နက်။ ပိဋကတ်၌ ပရိဂ္ဂဟ-သဒ္ဒါ သိမ်းဆည်း တတ်သောသူ, သိမ်းဆည်းအပ်သော အရာ, သိမ်းဆည်းခြင်း-ဟူသော ၃ နက် လာ၏။ အမရကောသ၊ ၂၃၊ ၂၃၆-၌—

ပတ္တီပရိဇနာ ဒါန-မူလ သပထာ ပရိဂ္ဂဟော။

ပရိဂ္ဂဟော၊ ပရိဂ္ဂဟ-သဒ္ဒါ၏ အနက်ကား။ ပတ္တီပရိဇနာဒါန-မူလသပထာ၊ မယား, အခြံအရံ, ဝန်ခံခြင်း, အရင်းဥစ္စာ, ကျိန်ဆိုခြင်းတို့ဘည်း-ဟူသည့်အတိုင်း (၅)နက် လာ၏။]

(၇၇၁) ဝိဇ္ဇုယံ ဝဇိရေ စေဝ သနိ'တ္ထိပုရိသေ ပျထ။
ကောဏေ သချာဝိသေသသ္မိံ၊ ဥက္ကံသေ ကောဋိ နာရိယံ။

(၇၇၁) အသနိ၊ အသနိ-သဒ္ဒါသည်။ ဝိဇ္ဇုယံ၊ လျှပ်စစ်၌ရင်း။ ဝဇိရေ၊ သိကြားစက်ချိန် ဝရဇိန်လက်နက်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထိပုရိသေ၊ ဣတ္ထိလိင်, ပုလ္လိင်၌။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ကောဋိ၊

ကောဋိ-သဒ္ဒါသည်။ ကောဏေ၊ အစွန်းအဖျားး၌ရင်း။ သင်္ချာဝိသေသသ္မိံ၊ ကုဋေ့ဟူသော သင်္ချာအထူး၌ရင်း။ ဥက္ကံသေ၊ အလွန်အကဲ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ နာရိယံ၊ ဣတ္ထိလိင်၌။ သိယာ၊ ဖြစ်ရာ၏။

[အသနိ-သဒ္ဒါ ဟောနက် (၂)နက်။ ကောဋိ-သဒ္ဒါဟောနက် (၃)နက်။ ပိဋကတော်၌ မိုးကြိုး-တနက်သာ လာ၏။ မိုးကြိုး ၉-မျိုး ဒီ၊ဋ္ဌ၊၂။၁၆၀·ကြည့်။

ကောဋိ·သဒ္ဒါ အစွန်းအဖျားကိုလည်း ဟောသည်။ ပုဗ္ဗာ ကောဋိ န ပညာယတိ။ သံ၊၁။၃၇၇။ အထွတ်အထိပ် ကိုလည်း ဟော၏။ ကောဋိံ ပတ္တာ အာဘတာ။ ဒီ၊ဋ္ဌ၊၁၊၆၁။ အကြောင်း ကိုလည်း ဟောသည်။ တီဟိ ကောဋီဟိတိ တီဟိ အာကာရေဟိ၊ တီဟိ ကာရဏေဟီတိ အတ္ထော။ သာရတ္ထ၊၂။၃၅၉။ အဖိုအစု ကို လည်း ဟောသည်။ ဥပနိဿယကောဋိယာ ဥပနိဿယံသေန။ မူလဋီ၊၂။၁၂၄။]

(၇၇၂) ဓူဋ္ဌာဇာလာပမာနဂ္ဂ-မောရစူဠာသု သာ သိခါ။
သပ္ပဒါဋ္ဌာယ မာသီ’တ္ထိ၊ ဣစ္ဆာယာ’သီသနာယပိ။

(၇၇၂) သိခါ၊ သိခါ-သဒ္ဒါသည်။ စူဋ္ဌာဇာလာပမာနဂ္ဂ မောရစူဠာသု၊ ဦးစွန်း, မီးလျှံ, အမြွတ်, အဖျား, ဥဒေါင်း၏ အမောက်တို့၌။ သိယာ၊ ဖြစ်ရာ၏။ သာ၊ ဣတ္ထိလိင်တည်း။ အာသိ၊ အာသီ-သဒ္ဒါသည်။ သပ္ပဒါဋ္ဌာယံ၊ မြွေစွယ်၌ရင်း။ ဣစ္ဆာ၊ အလိုရှိအပ်သော ဝတ္ထုကို။ အာသီသနာယပိ၊ တောင့်တခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[သိခါ-သဒ္ဒါဟောနက် (၅)နက်။ အာသီ-သဒ္ဒါဟောနက် (၂) နက်။ အလိုရှိအပ်သော အကျိုးကို ‡တောင့်တခြင်း အာသီအလင်္ကာ ဟူ၍လည်း အလင်္ကာကျမ်း၌ဆို၏။ ယင်း အာသီအလင်္ကာကိုလည်း ဟောသည်။

အာသိ နာမ သိယာ’တ္ထသ္သ၊ ဣဋ္ဌဿာ’သီသနံ ယထာ။
တိလောကေ’ကဂတိ နာထော၊ ပါတု လောက မပါယတော။

သုဗောဓာလင်္ကာရ။ ၃၃၄။]

(၇၇၃) ဝဿာ ဝိလိနုတေလသ္မိံ၊ ဝဿဂါဝဥျဂါဝီသု။
အဘိလာသေ တု ကိရဏေ၊ အဘိသင်္ဂေ ရုစိ တ္ထိယံ။

(၇၇၃) ဝဿာ၊ ဝဿာ-သဒ္ဒါသည်။ ဝိလိနုတေလသ္မိံ၊ ဆီကြည်၌၎င်း။ ဝဿဂါဝဥျဂါဝီသု၊ အလိုအကြိုက်သို့ လိုက်တတ်သော မိန်းမ, နွားမမြုတို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ရုစိ၊ ရုစိသဒ္ဒါသည်။ အဘိလာသေ၊ အလို၌၎င်း။ ကိရဏေ၊ အရောင်၌၎င်း။ အဘိသင်္ဂေ၊ ငြိကပ်တွယ်တာခြင်း၌၎င်း။ သိယာ ဖြစ်ရာ၏။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ သိယာ၊ ဖြစ်ရာ၏။

[ဝဿာ-သဒ္ဒါဟောနက် (၃) နက်။ ရုစိ-သဒ္ဒါဟောနက် (၃) နက်။ ဝဿဂါဝီ-ကို ဝသံ ဂစ္ဆန္တီ နာဂီ။ ဝဥျဂါဝီ-ကို အနုဝစ္ဆာ သောရဘေယီ-ဟု ဋီကာဖွင့်သည်။]

(၇၇၄) သညာ သဥ္ဇာနနေ နာမေ၊ စေတနာယဥ္စ ဒိဿတိ။
အံသေ သိပ္ပေ ကလာ ကာလေ၊ ဘာဂေ စန္ဒဿ သောဠသေ။

(၇၇၄) သညာ၊ သညာ-သဒ္ဒါသည်။ သဥ္ဇာနနေ၊ သိခြင်း၌၎င်း။ နာမေ၊ အမည်၌၎င်း။ စေတနာယဥ္စ၊ စေ့ဆော်ခြင်း၌၎င်း။ ဒိဿတိ၊ ထင်၏။ ကလာ၊ ကလာ-သဒ္ဒါသည်။ အံသေ၊ အဖို့၌၎င်း။ သိပ္ပေ၊ ခြောက်ဆယ့်လေးရပ်သော အတတ်ပညာ၌၎င်း။ ကာလေ၊ အခါအထူး၌၎င်း။ စန္ဒဿ၊ လဝန်း၏။ သောဠသေ၊ တဆယ့်ခြောက်ခုမြောက်သော။ ဘာဂေ၊ အစိတ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[အတတ်ကြီး ၁၈-ရပ်ကို ထောက်၍ ကလာအတတ် ၆၄-လေးရပ်ကို အတတ်ငယ်ဟု ခေါ်ကြသည်။ ယင်း ၆၄-ရပ်ကို အောက်ပါအတိုင်း သိရာ၏။ (၁) ကခြင်း အတတ်။ (၂) တီးမှုတ်ခြင်း အတတ်။ (၃) အဝတ်တန်ဆာဆင်မှု အတတ်။ (၄) ရုပ်ပြောင်းရုပ်လွှဲ အတတ်။ (၅) အခမ်းအနားပြင်ဆင်ခြင်း အတတ်။ (၆) ကြွေအန်-စသော ကစားနည်း အတတ်မျိုး။ (၇) ကာမဂုဏ် ခံစားမှု အတတ်။ (၈) သေရည်သေရက် ချက်လုပ်မှု အတတ်။ (၉) စူးဝင်သောမြားကို ထုတ်ခြင်း, ၎င်းအနာကို ကုသခြင်း အတတ်။ (၁၀) ချက်နည်းပြုတ်နည်း အတတ်။ (၁၁) စိုက်ပျိုးရေး အတတ်။ (၁၂) တွင်းထွက်ကျောက် ရွှေငွေ-စသည်ကို ခွဲခြား

အကဲခတ်မှု အတတ်။ (၁၃) ကြံသကာ သကြားချက်လုပ်မှု အတတ်။ (၁၄) ရွှေငွေ-စသော ဓာတ်ဖြင့် ဆေးဖော်စပ်နည်း အတတ်။ (၁၅) ရွှေငွေ-စသော ဓာတ်တို့ကို စပ်ခြင်း, ခွဲခြင်း အတတ်။ (၁၆) ဓာတ်-စသည်တို့ကို ရောစပ်နည်း အတတ်။ (၁၇) ဆား, ယမ်း စသည်တို့ကို ထုတ်ယူနိုင်သော အတတ်။ (၁၈) စံနစ်တကျ လက်နက်တို့ကို ချိန်ပစ်လွှတ်နိုင်သော အတတ်။ (၁၉) လက်ပမ်းလုံး (နပမ်းလုံး) အတတ်။ (၂၀) လက်ဝှေ့ သတ်နည်း ထိုးနည်း အတတ်။ (၂၁) ရန်သူလက်မှ လွတ်မြောက်အောင် ရှောင်လွှဲနိုင်သော အတတ်။ (၂၂) သေနင်္ဂဗျူဟာ အတတ်။ (၂၃) နေထိုင်လက်ယှက်ခြင်း အမျိုးမျိုးဖြင့် နတ်တို့ကို နှစ်သက်စေတတ်သော အတတ်။ (၂၄) ရထားမောင်း, ဆင်စီး, မြင်းစီး အတတ်။ (၂၅) အိုးခွက်လုပ်ငန်း အတတ်။ (၂၆) သစ်သားအထည် အမျိုးမျိုးလုပ်နိုင်သော အတတ်။ (၂၇) ကျောက်ဆစ်လုပ်ငန်း အတတ်။ (၂၈) သတ္တုအမျိုးမျိုးကို ပန်းပဲ ပန်းတဉ်း ပြုလုပ်သည့် အတတ်။ (၂၉) ပန်းချီဆေးရေး အတတ်။ (၃၀) ရေတွင်း, ရေကန်, ကျုံးတူး, မြေညှိ အတတ်။ (၃၁) ယန္တယားစက် အတတ်။ (၃၂) အထည်ဆေးဆိုး အတတ်။ (၃၃) ရေ,မြေ, မီးတို့ကို ချင့်၍ စီရင်သော ယန္တရား အတတ်။ (၃၄) လှေ လှည်း ယာဉ်မျိုးစုံ လုပ်နိုင်သော အတတ်။ (၃၅) ချည်ငင်ကြိုးကျစ် အတတ်။ (၃၆) ယက်ကန်း အတတ်။ (၃၇) ရတနာတို့၏ အပြစ်အနာအဆာကို သိသော အတတ်။ (၃၈) ရွှေငွေ-စသည်တို့၏ အကောင်းအဆိုးကို ဆုံးဖြတ်နိုင်သော အတတ်။ (၃၉) ရွှေငွေသတ္တုတို့ကို အဆင်တန်းဆာ ပြုလုပ်နိုင်သော ပန်းထိမ် အတတ်။ (၄၀) ရွှေငွေ-စသည်တို့ကို ဖောက်ပြန်အောင် ပြုလုပ်နိုင်သော အတတ်။ (၄၁) ပန်းရန် ပန်းတော့ အတတ်။ (၄၂) သားရေနယ် အတတ်။ (၄၃) သားရေဆုတ်ခွါယူသော အတတ်။ (၄၄) နွားနို့ ထောပတ်လုပ်ငန်း အတတ်။ (၄၅) စစ်ဝတ် ချုပ်တန်းဆာလုပ် အတတ်။ (၄၆) ရေကူး, ရေငုပ် အတတ်။ (၄၇) အိမ်ထောင်ပစ္စည်းများ စင်ကြယ်အောင် ပြုလုပ်သည့် အတတ်။ (၄၈) ခဝါသည် အတတ်။ (၄၉) ဆေတ္တာသည် အတတ်။ (၅၀)

နှမ်းဆီ, အသားဆီ အမျိုးမျိုး ထုတ်ယူနိုင်သော အတတ်။ (၅၁) လယ်ယာ ဥယျာဉ်ပြုပြင်မှု အတတ်။ (၅၂) သစ်ပင်တက် အတတ်။ (၅၃) အိမ်ထောင်အုပ်ချုပ်မှု အတတ်။ (၅၄) ဖျာ, ရိုင်, သင်ဖြူး ရက်လုပ်မှု အတတ်။ (၅၅) အိုးခွက်-စသည်တို့ကို စဉ့်ဖလ်တို့ဖြင့် ပြုပြင်မှု အတတ်။ (၅၆) ရေကိုလှောင်ခြင်း, လွှတ်ခြင်း အတတ်။ (၅၇) သံမဏိဖြင့် လက်နက်မျိုးစုံ လုပ်နည်း အတတ်။ (၅၈) ဆင်မြင်းကကြိုးတန်းဆာ ပြုလုပ်မှု အတတ်။ (၅၉) ကလေးထိန်း အတတ်။ (၆၀) အပြစ်ပြုသူကို အပြစ်အလျောက် ရိုက်နှက်ပုတ်ခတ် စီရင်သော အတတ်။ (၆၁) ဘာသာစာပေ အမျိုးမျိုးကို တတ်သော အတတ်။ (၆၂) တည့်တပန်းများကို စည်းကမ်းကျကျ ဆုံးမနိုင်သော အတတ်။ (၆၃) ဆိုခဲ့ပြီးသော ပညာရပ်များကို အခွင့်အားလျော်စွာ ဖြည်းညှင်းစွာ ပြုလုပ်နိုင်သော အတတ်။ (၆၄) ဆိုခဲ့ပြီးသော အတတ်များကို မြန်သင့်လျှင် မြန်စွာ ပြုလုပ်နိုင်သော အတတ်တို့ ဖြစ်ကုန်၏။

ရှေးက မင်းညီ မင်းသား, သူဌေး သူကြွယ်တို့သည် ယင်း ကလာအတတ် (၆၄) ပါးနှင့်တကွ အတတ်ကြီး (၁၈) ရပ်ဘို့ကို ဂန္ဓာရတိုင်း တက္ကသိုလ်မြို့ရှိ တက္ကသိုလ် ဆရာကြီးများထံ သွားရောက်၍ သင်ကြားရကြသည်။]

(၈၇၅) ဗိဇကောသေ ဃရကူဋေ၊ ကဏ္ဏဘူသာယ ကဏ္ဏိကာ။
အာဂါမိကာလေ ဒိဃတ္တေ၊ ပဘာဝေ စ မတာ'ယတိ။

(၈၇၅) ကဏ္ဏိကာ၊ ကဏ္ဏိကာ-သဒ္ဒါကို။ ဗိဇကောသေ၊ ကြာစေ့အိမ်၌ ၎င်း။ ဝါ၊ ကြာအုံ, ကြာခွက်, ကြာချက်၌၎င်း။ ဃရကူဋေ၊ အိမ်၏အထွတ်၌၎င်း။ ကဏ္ဏဘူသာယ၊ နားဘန်းဆာ၌၎င်း။ မတာ၊ သိအပ်၏။ အာယတိ၊ အာယတိ-သဒ္ဒါကို။ အာဂါမိကာလေ၊ အနာဂတ်ကာလ၌၎င်း။ ဒိဃတ္တေ၊ ရှည်လျားသည်၏ အဖြစ်၌၎င်း။ ပဘာဝေ စ၊ အစွမ်းတန်ခိုး၌၎င်း။ မတာ၊ သိအပ်၏။

[ကဏ္ဏိကာ-သဒ္ဒါဟောနက် (၃) နက်။ အာယတိ-သဒ္ဒါဟော နက် (၃) နက်။ ကဏ္ဏိကာ-သဒ္ဒါသည် ပန်းကုံး, ပန်းခိုင်ကိုလည်း

ဟောသည်။ ကဏ္ဍိကာတိ ဗဟူနံ ပုပ္ဖါနံ ဝါ မာလာနံ ဝါ ကေတော ဗန္ဓိတဿ နာမံ။ ကဏ္ဍာဘရဏန္တိပိ ဝဒန္တိ။ ဝိမတိ၊၁။ ၃၀၀။]

(၇၇၆) ဥဏ္ဏာ မေသာဒိလောမေ စ၊ ဘူမဇ္ဈေ ရောမဓာတုယံ။
ဝါရုဏီ ကွိတ္ထိယံ ဝုတ္တာ၊ နန္ဒကီမဒိရာဒိသု။

(၇၇၆) ဥဏ္ဏာ၊ ဥဏ္ဏာ-သဒ္ဒါသည်။ မေသာဒိလောမေ စ၊ သိုး-အစရှိသည်တို့၏ အမွေး၌၎င်း။ ဘူမဇ္ဈေ ရောမဓာတုယံ၊ မျက်ခုံးအံလယ်၌ပေါက်သော ဥဏ္ဏာလုံမွေးဓာတ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဝါရုဏီ၊ ဝါရုဏီ-သဒ္ဒါကို။ နန္ဒကီမဒိရာဒိသု၊ ကချေသည်မ, သေရည်သေရက်·စသည်တို့၌။ ဝုတ္တာ၊ ဆိုအပ်၏။

[ဥဏ္ဏာ-သဒ္ဒါဟောနက် (၂) နက်။ ဝါရုဏီ-သဒ္ဒါဟောနက် (၂) နက်။ ဥဏ္ဏာ-သဒ္ဒါ လောက၌ အမွေးသာမန်ဟောအဖြစ်သုံး၏။ ဥဏ္ဏာ-သဒ္ဒေါ လောကေ အဝိသေသတော လောမပရိယာယော။ ဣဓ ပန လောမဝိသေသဝါစကောတိ အာဟ "ဥဏ္ဏာလောဂ"န္တိ။ ဒီ၊ဋ္ဌီ၊၂၊၄၁။ မ၊ဋ္ဌီ၊၃။၁၇၆။]

(၇၇၇) ကြိယစိတ္တေ စ ကရဏေ၊ ကီရိယံ ကမ္မနီ ကြိယာ။
သုဏိသာယံ တု ကညာယ၊ ဇာယာယ စ ဝဓူ မတာ။

(၇၇၇) ကီရိယံ၊ နပုလ္လိင် ကီရိယ-သဒ္ဒါသည်။ ကြိယစိတ္တေ စ၊ ကြိယာစိတ်၌၎င်း။ ကရဏေ၊ ပြုခြင်းကြိယာ၌၎င်း။ သိယာ၊ ဖြစ်၏။ ကြိယာ၊ ဣတ္ထိလိင် ကိရိယာ-သဒ္ဒါသည်။ ကမ္မနိ၊ အမှု၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဝဓူ၊ ဝဓူ·သဒ္ဒါကို။ သုဏိသာယံ၊ ချွေးမ၌၎င်း။ ကညာယ၊ သတို့သမီးငတ်၌၎င်း။ ဇာယာယ စ၊ မယား၌၎င်း။ မတာ၊ သိအပ်၏။

[ကီရိယ-သဒ္ဒါဟောနက် (၃)နက်။ ဝဓူ သဒ္ဒါဟောနက် (၃) နက်။ ကီရိယ-သဒ္ဒါ အာချာတ်ကိရိယာ, ကိတ် ကိရိယာတို့ကိုလည်း ဟော၏။ ကိဋ္ဌာပိ ဟိ ဥပသဂ္ဂေါ ကိရိယံ ဝိသေသေတိ။ ဥဒါန ဋ္ဌ။ ၁၁။ အကျိုးကိုပြုတတ်သော အကြောင်းတရားကံကိုလည်း ဟောသည်။ ဒိုသု ဌာနေသု ကမ္မံ ကိရိယာ နာမ။ အဘိ၊ ဋ္ဌ၊၂။၁၀၄။]

(၇၇၈) ပမာဏေ'ဿရိယေ မတ္တာ၊ အက္ခရာဝယဝေ'ပ္ပကေ။
သုတ္တံ ပါဝစနေ'ရိဋ္ဌေ၊ တန္တေ တံ သုပိတေ တိသု။

(၇၇၈) မတ္တာ၊ မတ္တာ-သဒ္ဒါသည်။ ပမာဏဿရိယေ၊ အတိုင်းအရှည် ပမာဏ, အစိုးရခြင်း၌ရင်း။ အက္ခရာဝယဝေ၊ အက္ခရာအစိတ် မတြာ၌ရင်း။ အပ္ပကေ၊ နည်းသည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ သုတ္တံ၊ နပုလ္လိင် သုတ္တ-သဒ္ဒါသည်။ ပါဝစနေ၊ ပြဓာန်းမြင့်မြတ်သော စကား(သုတ်)၌ရင်း။ အရိဋ္ဌေ၊ ကြာရှည်လေးမြင့် ထုံအပ်သော သေရည်(ဆေးရည်) ၌ရင်း။ ဝါ၊ အရိဋ္ဌ ဆေးရည်၌ရင်း။ တန္တေ၊ ချည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနံ၊ ဖြစ်သော။ တံ၊ ထိုသုတ္တသဒ္ဒါသည်။ သုပိတေ၊ အိပ်သောသူ၌။ သိယာ ဖြစ်ရာ၏။

[မတ္တာ-သဒ္ဒါဟောနက်(၄)။ သုတ္တ-သဒ္ဒါဟောနက် (၄) နက်။ အက္ခရာအစိတ် မတြာဟူသည် အက္ခရာ၌ ခေါ်ဝေါ်အသုံးပြုသည့် မတြာကို ဆိုသည်။ ဗျည်း မတြာဝက်၊ ရဿ ၁-မတြာ၊ ဒီဃ ၂-မတြာ၊ ပ္လုတ ၃-မတြာတည်း။

သက္ကတဗျာကရဏ်းကျမ်းများ၌ မတြာကာလကို ဒူးပေါ်တင်ထားသော လက်ဝါးကို မှောက်ရာက လှန်, လှန်ရာက မှောက်ရာ ပမာဏမျှ ဟူ၍—

ကာခလေန ယာဝဘာ ပါဏိ၊ ပယေတိ ဇာဏုမဏ္ဍလေ။
သ မတ္တာ ဂဝိဘိ ဥေ ယျာ၊ ငုတ္တညူ'မရဝေဒိဘိ—

ဟူသော ဂါထာဖြင့် ဆိုကြသည်။ ဋီကာ၌ သုတ္တံ ပါဝစနေ သိဗ္ဗေ-ဟု ရှိသည်။ သိဗ္ဗေ၊ အယူဝါဒဟု ပေးရာ၏။ သိဗ္ဗေ သိဗ္ဗန္တေ၊ ဋီကာ။]

(၇၇၉) ရာဇလိင်္ဂေ'သတင်္ဂေသု၊ ရုက္ခေ စ ကကုဒေါ ပျထ။
နိမိတ္တက္ခရသူပေသု၊ ဗျဉ္ဇနံ စိဟနေ ပဒေ။

(၇၇၉) ကကုဒေါ၊ ကကုဒ-သဒ္ဒါသည်။ ရာဇလိင်္ဂေ'သတင်္ဂေသု၊ မင်းမြောက်တန်းဆာ, နွားလပိုတို့၌ရင်း။ ရုက္ခေ စ၊ ဖောက်ကြံ့ပင် (ထောက်ကြံ့ပင်)၌ရင်း။ သိယာ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ဗျဉ္ဇနံ၊ ဗျဉ္ဇန-သဒ္ဒါသည်။

နိမိတ္တက္ခရသူဒေပသု၊ အင်္ဂါဇာတ်,အက္ခရာဗျည်း,ဟင်းလျာတို့၌ရင်း။ စိဟနေ၊ အမှတ်(တံဆိပ်)၌ရင်း။ ပဒေ၊ ပုဒ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ကကုဒ-သဒ္ဒါ(၃)နက်။ ဗျဥ္ဇန-သဒ္ဒါ(၅)နက်။ ကကုဒ-ကို ရေခံတက်ဟူ၍လည်း ပြန်ဆိုကြသည်။ ဓ-အောက်ခြိုက်နှင့် ကကုဓ-သဒ္ဒါ ကကုဓနတ်သား,ကကုဓဖြေဟ္မာ,ကကုဓပစ္စေကဗုဒ္ဓါတို့ကိုလည်း ဟော၏။ ဋီကာတ္ထိလိင် ကကုဓာ-ကား ကကုဓာမြစ်ကို ဟောသည်။ အယံ ဘန္တေ ကကုဓာ နဒီ အဝိဒူရေ အစ္ဆောဒကာ။ ဒီ၊၂။၁၀၇။]

(၈၈၀) ဝေါဟာရေ ဇေတု မိစ္ဆာယံ၊ ကီဠာဒေါ စာပိ ဒေဝနံ။
ဘရိယာယံ တု ကေဒါရေ၊ သရီရေ ခေတ္တ မီရိတံ။

(၈၈၀) ဒေဝနံ၊ ဒေဝန-သဒ္ဒါသည်။ ဝေါဟာရေ၊ ခေါ်ဝေါ် ပြောဆိုခြင်း၌ရင်း။ ဝါ၊ ဖောက်ကား ရောင်းဝယ် ကုန်သွယ်ခြင်း၌ရင်း။ ဇေတု-မိစ္ဆာယံ၊ အောင်လိုခြင်း၌ရင်း။ ကီဠာဒေါစာပိ၊ မြူးထူးပျော်ပါး ကစားခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ခေတ္တံ၊ ခေတ္တ-သဒ္ဒါကို။ ဘရိယာယံ၊ မယား၌ရင်း။ ကေဒါရေ၊ လယ်၌ရင်း။ သရီရေ၊ ကိုယ်၌ရင်း။ ဤရိတံ၊ ဆိုအပ်၏။

[ဒေဝန-သဒ္ဒါဟောနက်(၃)နက်။ ခေတ္တ-သဒ္ဒါဟောနက်(၃)နက်။ မေဒိနီကောသ၊ ၂၇။၂၀-၌ "ခေတ္တံ သရီရေ ကေဒါရေ၊ သိဒ္ဓ-ဋ္ဌာနကလတ္တကေ"ဟု ခန္ဓာကိုယ်,လယ်,ထင်ရှားသောအရပ်,မယား-ဟု ၄-နက်လာ၏။]

(၈၈၁) သုဿူသာယံ စ ဝိညေယျံ၊ ဇူဓာဘျာသေ ပျုပါသနံ။
သူလံ တု နိတ္ထိသံ ဟေတိ-ဘေဒေ သင်္ကုရုဇာသု စ။

(၈၈၁) ဥပါသနံ၊ ဥပါသန-သဒ္ဒါကို။ သုဿူသာယံ စ၊ နာလိုခြင်း၌ရင်း။ ဇူဓာဘျာသေ၊ မြှားအစ်ကို လေ့ကျင့်ခြင်း၌ရင်း။ ဝိညေယျံ၊ သိအပ်၏။ တု၊ ထိုမှတပါး။ သူလံ၊ သူလ-သဒ္ဒါသည်။ ဟေတိဘေဒေ၊ လှံတံကျင်ဟူသော လက်နက်အထူး၌ရင်း။ သင်္ကုရုဇာသု စ၊ ချောင့်,နာကျင်ခြင်းတို့၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်,နပုလ္လိင်၌။ သိယာ၊ ဖြစ်ရာ၏။

[ဥပါသန-ကား ဥပပုဗ္ဗ အာသ-ဓာတ် ယု-ပစ္စည်းဖြင့်ပြီးသော ပုဒ်တည်း။ အာသ ဥပဝေသနေ-ဟု ဓာတ်နက်ကြား၏။ ကျမ်းဂန် သင်ယူခြင်း, လေ့ကျင့်ခြင်းတည်း။ ဥပါသန-သဒ္ဒါ ညှဉ်းဆဲခြင်း၌ လည်း ဖြစ်သည်ဟု ဆို၏။ ဟိံသနေပိ ဥပါသနံ။ ဋီကာ။]

(၈၁၂) တန္တိ ဝီဏာဂုဏေ တန္တံ၊ မုချသိဒ္ဓန္တတန္တုသု။
ရထာဒျင်္ဂေ တု စ ယုဂေါ၊ ကပ္ပမှိ ယုဂလေ ယုဂံ။

(၈၈၂) တန္တိ၊ တန္တိ-သဒ္ဒါသည်။ ဝီဏာဂုဏော၊ စောင်းညှို့၌။ ဝါ၊စောင်းကြိုး၌။ သိယာ၊ ဖြစ်ရာ၏။ တန္တံ၊ တန္တ-သဒ္ဒါသည်။ မုချသိဒ္ဓန္တတန္တုသု၊ ပြဓာန်းခြင်း, အယူဝါဒ, ချည်ဘို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ယုဂေါ၊ ပုလ္လိင် ယုဂ-သဒ္ဒါသည်။ ရထာဒျင်္ဂေ၊ ရထား၏ အစိတ်အပိုင်း ထမ်းပိုး၌။ သိယာ၊ ဖြစ်ရာ၏။ ယုဂံ၊ နပုလ္လိင် ယုဂ-သဒ္ဒါသည်။ ကပ္ပမှိ၊ ကတ-စသော ယုဂ်လေးပါး၌၎င်း။ ယုဂလေ၊ အစုံ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[တန္တိ-သဒ္ဒါဟောနက်(၁)နက်။တန္တ-သဒ္ဒါဟောနက်(၃)နက်။ ယုဂ-သဒ္ဒါဟောနက်(၃)နက်။ ကပ္ပ-အရ ကတယုဂ်, တြေတာယုဂ်, ဒွါပရယုဂ်, ကလိယုဂ်-အားဖြင့် ယုဂ် ၄-ပါးတည်း။ ကတယုဂ်ကို သစ္စယုဂ်ဟုလည်း ခေါ်သည်။ ယင်း ယုဂ် ၄-ပါးတို့၏ အသက်ကို–

"လေးယုဂ်ပေါင်းစု၊ စတုသုည၊ ဒွိတိစကို၊ စတိဒွိင်း၊ မြှောက်ရေးလေးနည်း၊ ဆယ်ချည်းစားဘိ၊ အၥ္ဒိသတ်ဒေး၊ သော်နော်ဒွေးငေ၊ လေးခြောက်ရှစ်နှစ်၊ နှစ်သုံးလေးမှို၊ သုံးစီသုည၊ ကတ,တြေတာ၊ ဒွါပရ,ကလိ၊ ဖြစ်ဘိကမာ၊ ထဝါပင်္ဂလုံ၊ မြှောက်လိုတုံမူ၊ သုံးဆူသုည၊ ဒွိတိစကို၊ ကလိဆို၏၊ ထိုကိုဒွိကြွ၊ ဒွါပရတည်း၊ တိကြွတြေတာ၊ စောမှာကတ၊ မှတ်ကြလေမြဲ၊ ရောက်ဆဲကလိ၊ သိလိုဘိမူ၊ နော်တိသတ်တေး၊ နှော်ရေး ဒိဿတ်၊ ကလိမှတ်လေ၊ စောမြွတ်ပွင့်ခါ၊ ကလိမှာကား၊ သုညာဘတ္တ၊ ဗျည်းနှင့်ဒွ၊ ဂေါတမပူရာဏ်"—

ဟူသော ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ လင်္ကာဖြင့်သိရာ၏။မာတွတ္ထ။ ၂၁၄-ကြည့်။]

(၈၈၃) ဣတ္ထိပုပ္ဖေ စ ရေဏုမှိ၊ ရဇော ပကတိဇေ ဂုဏေ။
နျာသပ္ပဏေ တု ဒါနမှိ၊ နိယျာတန မုဒိရိတံ။

(၈၈၃) ရဇော၊ ရဇ-သဒ္ဒါသည်။ ဣတ္ထိပုပ္ဖေ စ၊ မိန်းမတို့၏ ရာသီပန်း၌၎င်း။ ရေဏုမှိ၊ မြူ၌၎င်း။ ပကတိဇေ၊ ပကတိမှဖြစ်သော။ ဂုဏေ၊ ရဇဂုဏ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ နိယျာတနံ၊ နိယျာတန-သဒ္ဒါကို။ နျာသပ္ပဏေ၊ အပ်နှံခြင်း, အပ်ထားသော ဥစ္စာကို ပြန်၍ပေးခြင်း၌၎င်း။ ဒါနမှိ၊ ပေးလှူခြင်း၌၎င်း။ ဤရိတံ၊ ဆိုအပ်၏။

[ရဇ-သဒ္ဒါဟောနက် (၃) နက်။ နိယျာတန- သဒ္ဒါဟောနက် (၃)နက်။ ပကတိဇေ ဂုဏေတိ တိဏ္ဏံ ဂုဏာနံ ဒုတိယေ ဂုဏေ-ဟု ဋီကာဖွင့်၏။ သတ္တဂုဏ်, ရဇဂုဏ်, တမဂုဏ် ၃-ပါးတို့တွင် ၂-ပါး မြောက် ရဇဂုဏ် ဟူ၏။

(၈၈၄) ဂုရု'ပါယာ'ဝတာရေသု၊ တိတ္ထံ ပူတမ္ဗုဒိဋ္ဌိသု။
ပဏ္ဍကေ ဇောတိ နက္ခတ္တ–ရံသီသွ'ဂ္ဂိမှိ ဇောတိ သော။

(၈၈၄) တိတ္ထံ၊ တိတ္ထ-သဒ္ဒါသည်။ ဂုရုပါယာဝတာရေသု၊ ဆရာ, အကြောင်း, ရေဆိပ်တို့၌၎င်း။ ပူတမ္ဗုဒိဋ္ဌိသု နောက်ကျုမထင် သန့်စင်သော ရေ, မှားသောအယူတို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ပဏ္ဍကေ ဇောတိ၊ နပုလ္လိင် ဇောတိ-သဒ္ဒါသည်။ နက္ခတ္တရံသီသု၊ နက္ခတ်, အရောင်တို့၌။ သိယာ၊ ဖြစ်ရာ၏။ သော၊ ပုလ္လိင်၌ ဖြစ်သော။ ဇောတိ၊ ဇောတိ-သဒ္ဒါသည်။ အဂ္ဂိမှိ၊ မီး၌။ သိယာ၊ ဖြစ်ရာ၏။

[တိတ္ထ-သဒ္ဒါဟောနက် (၅)နက်။ ဇောတိ-သဒ္ဒါ ဟောနက် (၃)နက်။ တိတ္ထ-သဒ္ဒါ လှည်း-စသော ကုန်းလမ်းသွားယာဉ်များ ရပ်နားစခန်းချရာ ကုန်းဆိပ်ကိုလည်း ဟောသည်။ သာကဋိကဿ ပုဗ္ဗေဝ အနာဂတံ တိတ္ထံ ဩလောကေတဗ္ဗံ ဟောတိ။ မိလိန္ဒ။ ၁၉၂။ အရိယမဂ်ကိုလည်း ဟော၏။ အမတမဟာပါရဿ တိတ္ထ- ဘူတံ အရိယမဂ္ဂဒဿနံ....အဒက္ခိံ။ ထေရ၊ဋ္ဌ၊ ၂။ ၂၈၇။ အရဟတ္တမဂ် ကိုလည်း ဟောသည်။ တရန္တိ အတိက္ကမန္တိ ဧတေနာတိ တိတ္ထံ၊ အဋ္ဌမဂ္ဂေါ။ မ၊ဋီ၊၃။၁၁၃။

(၈၈၅) ကဏ္ဍော နိတ္တိ သရေ ဒဏ္ဍော၊ ဝဂ္ဂေ စာ'ဝသရေ ပျထ။
ဥဒ္ဓံဗာဟုဒ္ဓယမာနေ၊ သူရတ္တေပိ စ ပေါရိသံ။

(၈၈၅) ကဏ္ဍော၊ ကဏ္ဍ-သဒ္ဒါသည်။ သရေ၊ မြား၌၎င်း။ ဒဏ္ဍော၊ တုတ်လုံးကန့်၌၎င်း။ ဝဂ္ဂေ စ၊ အစုအပေါင်း၌၎င်း။ အဝသရေ၊ အခွင့်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ပေါရိသံ၊ ပေါရိသ-သဒ္ဒါသည်။ ဥဒ္ဓံဗာဟုဒ္ဓယမာနေ၊ ရပ်သည့်အထက် မောင်းနှစ်ဘက်ကို ဆန့်သော အတိုင်းအရှည်၌၎င်း၊ ဝါ၊ တသူ၌၎င်း။ သူရတ္တေ၊ ရဲရင့်သူ၏အဖြစ်၌၎င်း။ ဝါ၊ ရဲရင့်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ကဏ္ဍ-သဒ္ဒါဟောနက် (၄)နက်။ ပေါရိသ-သဒ္ဒါ ဟောနက် (၂)နက်။ ဝဂ္ဂ-ကို အစုအပေါင်းဟု ပြန်ဆိုသော်လည်း အပိုင်း, ကဏ္ဍ, ပရိစ္ဆေဒကိုလည်း ဆိုလို၏။ ကဏ္ဍ-သဒ္ဒါ ဘုံအဆင့်ကိုလည်း ဟောသည်။ သဟဿကဏ္ဍောတိ သဟဿဘူမိကော။ ထေရဂ္ဂါ။ ၃၆၇။]

(၈၈၆) ဥဋ္ဌာနံ ပေါရိသေ'ဟာသု၊ နိသိန္နာဒျု'ဂ္ဂမေ ပျထ။
အနုံဿယမဟီဘာဂေ၊ ဠရိကာ ဦသရေ သိယာ။

(၈၈၆) ဥဋ္ဌာနံ၊ ဥဋ္ဌာန-သဒ္ဒါသည်။ ပေါရိသေဟာသု၊ ယောကျ်ား တို့၏ အမှုလုံ့လတို့၌၎င်း။ နိသိန္နာဒျုဂ္ဂမေ၊ ထိုင်နေရာ-စသည်မှ ထခြင်း ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ဠရိကာ၊ ဠရိကာ-သဒ္ဒါ သည်။ အနုံဿယမဟီဘာဂေ၊ မိုးရာမရှိ လွင်တီးခေါင် မြေအပြင်၌၎င်း။ ဦသရေ၊ ဆား ဆပ်ပြာ ပေါက်သော အရပ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဥဋ္ဌာန-သဒ္ဒါဟောနက် (၃) နက်။ ဠရိကာ-သဒ္ဒါဟောနက် (၂)နက်။ မေဒိနီကောသ၊၁၅။၃၆-၌ "ဠရိကာ ဦသရေ သုညေ" ဟူ၍ ဠရိကာ-ဟောနက် လာ၏။]

(၈၈၇) အာရာမနံ သာဓနေ စ၊ ပတ္တိယံ ပရိတောသနေ။
ပမာနေ တု စ သာနုမှိ၊ ဝိသာဏော သိင် မုစ္စတေ။

(၈၈၇) အာရာမနံ၊ အာရာမန-သဒ္ဒါကို။ သာဓနေ စ၊ ပြီးစေခြင်း၌ ၎င်း။ ပတ္တိယံ၊ ရခြင်း၌၎င်း။ ပရိတောသနေ၊ နှစ်သက်ခြင်း၌၎င်း။ ဥစ္စတေ၊

ဆိုအပ်၏။ တု၊ ထိုမှတပါး။ သိင်္ဂံ၊ သိင်္ဂ-သဒ္ဒါကို။ ပမာဒေ စ၊ ပြမာန်း သည်၌၎င်း။ သာနုမှို၊ တောင်လျှို တောင်ဝှမ်း၌၎င်း။ ဝိသာဏေ၊ သားချို ၌၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။

[အာရုမနေ-ဟောနက် (၃)နက်။ သိင်္ဂ-သဒ္ဒါ ဟောနက် (၃) နက်။ မေဒိနီကောသ၊ ၂၀။၆၇-၌ အာရုမနေဟောနက် "အာရုမနံ့ စ ပမနေ၊ ပတ္တိ သန္တောသနေပိ စ"ဟု လာ၏။ ချက်ခြင်း, ရေက် ခြင်း, ဝမ်းမြောက်နှစ်သက်ခြင်း ၃-နက်၌ဖြစ်၏ ဟူ၏။]

(၈၈၈) ဒိဋ္ဌာဒိမဂ္ဂေ ဉာဏ'က္ခိ—က္ခဏာလမ္ဗိသု ဒဿနံ။
ဟေမေ ပဋ္ဋသုဝဏ္ဏေ စ၊ နိက္ခော နိတ္ထိ ပသာဓနေ။

(၈၈၈) ဒဿနံ၊ ဒဿန-သဒ္ဒါသည်။ ဒိဋ္ဌာဒိမဂ္ဂေ၊ မြင်အပ်သော ရူပါရုံ, သောတာပတ္တိမဂ်၌၎င်း။ ဝါ၊ မြင်ခြင်း, သောတာပတ္တိမဂ်၌၎င်း။ ဉာဏကွိက္ခဏာလမ္ဗိသု၊ ဉာဏ်အမြင်, မျက်စိ, ရှုခြင်း, အယူတို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ နိက္ခော၊ နိက္ခ-သဒ္ဒါသည်။ ဟေမေ၊ ရွှေ၌၎င်း။ ပဋ္ဋသုဝဏ္ဏေ၊ ငါးသုဘဏ်၌၎င်း။ ဝါ၊ တနိက္ခ၌၎င်း။ ပသာဓနေ၊ တန်းဆာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အနိတ္ထိ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်တည်း။

[ဒဿန-သဒ္ဒါဟောနက် (၃)နက်။ နိက္ခ-သဒ္ဒါဟောနက် (၂) နက်။ ဒဿန သဒ္ဒါ ကြည့်ခြင်း ရှုခြင်းကိုလည်း ဟော၏။ အာလော-ကနဋ္ဌ နိဇ္ဈာနံ၊ ဣက္ခနံ ဒဿနံ ပျထ။ ဓာန်။၇၇၅။]

(၈၈၉) တိထိဘေဒေ စ သာခါဒိ—ဖဋ္ဌမှို ပဗ္ဗ မုစ္စတေ။
နာဂလောကေ တု ပါတာလံ၊ ဘာသိတံ ဗလဝါမုခေ။

(၈၈၉) ပဗ္ဗံ၊ ပဗ္ဗ-သဒ္ဒါကို။ တိထိဘေဒေ စ၊ အဋ္ဌမီ, အမာဝါသီ အစရှိသော နေ့ထူး ရက်ထူး၌၎င်း။ သာခါဒိဖဋ္ဌမှို၊ သစ်ခက် သစ်ကိုင်း အစရှိသည်တို့၏ အဆစ်၌၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ပါတာလံ၊ ပါတာလ-သဒ္ဒါကို။ နာဂလောကေ၊ နဂါးပြည်၌၎င်း။ ဗလဝါ-မုခေ၊ ဗလဝါမုခ ဝဲ၌၎င်း။ ဘာသိတံ၊ ဆိုအပ်၏။

[ပဗ္ဗ-သဒ္ဒါဟောနက် (၂)နက်။ ပါတာလ-သဒ္ဒါဟောနက် (၂) နက်။ ပဗ္ဗ-သဒ္ဒါ အပိုင်းအခန်းကိုလည်း ဟောသည်။ ပဗ္ဗံ ပဗ္ဗန္တိ

ပရိစ္ဆေဒ် ပရိစ္ဆေဒ်။ သီ၊ဋီ၊သစ်၊၂။၉၁။ အဆက်အစပ်ကိုလည်း ဟောသည်။ ပဗ္ဗန္တိ သန္ဓိ။ သံ၊ဋီ၊၂။၁၀၇။

'ဗလာဝါမုခ ဝဲ'ဟူသည် ကြီးသော မျက်နှာဝရှိသော ဝဲတည်း။ ဗဠဝါမုခန္တိ မဟာသမုဒ္ဒေ မဟန္တံ အာဝဋ္ဋမုခံ။ ထေရ၊ဋ္ဌ၊၂။၄၆၈။]

(၈၉၀) ကာမဇေ ကောပဇေ ဒေါသေ၊ ဗျသနံ စ ဝိပတ္တိယံ။
အထော'ပကရဏေ သိဒ္ဓိ–ကာရကေသု စ သာဓနံ။

(၈၉၀) ဗျသနံ၊ ဗျသန-သဒ္ဒါသည်။ ကာမဇေ၊ ကာမကြောင့် ဖြစ်သော။ ဒေါသေ စ အပြစ်၌ရှင်း။ ကောပဇေ၊ အမျက်ကြောင့်ဖြစ်သော။ ဒေါသေ စ၊ အပြစ်၌ရှင်း။ ဝိပတ္တိယံ၊ ပျက်စီးခြင်း (စည်းစိမ်ဥစ္စာ အစ ရှိသော ပျက်စီးခြင်း)၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။ အထော၊ ထိုမှတပါး။ သာဓနံ၊ သာဓန-သဒ္ဒါသည်။ ဥပကရဏေ၊ အဆောက်အဦ၌ရှင်း။ သိဒ္ဓိ-ကာရကေသု၊ ပြီးစီးခြင်း သာဓန ခုနစ်ပါးတို့၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

[ဗျသန သဒ္ဒါဟောနက် (၃)နက်။ သာဓန-သဒ္ဒါဟောနက် (၃)နက်။ သိဒ္ဓိကာရကေသု-၌ ကာရက-အရ သာဓန ၇-ပါးကား–

ကတ္တုကမ္မဋ္ဌ ကရဏံ၊ သမ္ပဒါန မပါဒါနံ။
အဓိကရဏံ ဘာဝေါတိ၊ သတ္တဓာ သာဓနေန တု––

ဟူသော ကစ္စာယနဘေဒ။၁၇၄-နှင့် အညီ ကတ္တုသာဓန-စသော သာဓန ၇-ပါးတည်း]

(၈၉၁) တိသ္သိ့ဘတာ ဒါနသီလေ စ၊ ဝဒညူ ဝဂ္ဂုဝါဒိနိ။
ပုရက္ခတော'ဘိသင်္ခတ္တ စ၊ ပူဇိတေ ပုရတောကတေ။

(၈၉၁) ဝဒညူ၊ ဝဒညူ-သဒ္ဒါသည်။ ဒါနသီလေ၊ ပေးကမ်းစွန့်ကြဲလေ့ ရှိသူ၌ရှင်း။ ဝဂ္ဂုဝါဒိနိ၊ ချိုသာသောစကားကို ဆိုလေ့ရှိ (ဆိုတတ်)သူ၌ ရှင်း။ သိယာ၊ ဖြစ်ရာ၏။ ဣတော၊ ဤ ဝဒညူ-သဒ္ဒါမှ။ ယာဝ ဥဿိတံ၊ ဥဿိတဘိုင်အောင်သော သဒ္ဒါသည် (ထည့်)။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ပုရက္ခတော၊ ပုရက္ခတ-သဒ္ဒါသည်။ အဘိသင်္ခတ္တေ စ၊ အဘိသိက်ခံပြီးသော မင်း၌ရှင်း။ ပူဇိတေ၊ ပူဇော်အပ်သူ၌ရှင်း။ ပုရတောကတေ၊ ရှေ့သွားပြုအပ်သူ၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

[ဝဒညူ-သဒ္ဒါဟောနက် (၂)နက်။ ပုရက္ခတ-သဒ္ဒါဟောနက် (၃)နက်။ အမရကောသ၊ ၂၃။ ဂ၃-၌– "ပုရက္ခတော ပူဇိတေ အရာတိ၊ အဘိယုတ္တေ အဂ္ဂတောကတေ" ဟူသော ဂါထာ ၂-ပါဒဖြင့် ပုရက္ခတ-သဒ္ဒါ ပူဇော်အပ်သူ, ရန်သူတို့သည် လွှမ်းမိုး နှိပ်စက်အပ်သူ, ရှေ့သွားပြုအပ်သူ-ဟူသော ၃-နက် လာ၏။]

(၇၉၂) မန္ဒော ဘာဂျဝိဟီနေ စာ–ပ္ပကေ မူဠ္ဟဗာလဒုဿပိ။
ဝုဒ္ဓိယုတ္တေ သမုန္နဒ္ဓေ၊ ဥပ္ပန္နေ ဥဿိတံ ဘဝေ။

(၇၉၂) မန္ဒော၊ မန္ဒ-သဒ္ဒါသည်။ ဘာဂျဝိဟီနေ စ၊ ဘုန်းကံနည်းပါးသူ၌၎င်း။ အပ္ပကေ၊ အနည်းငယ်၌၎င်း။ မူဠ္ဟဗာလဒုဿပိ၊ တွေဝေသူ, မလိမ္မာသူတို့၌၎င်း။ ဘဝေ၊ ဖြစ်၏။ ဥဿိတံ၊ ဥဿိတ-သဒ္ဒါသည်။ ဝုဒ္ဓိယုတ္တေ၊ တိုးတက်ကြီးပွါးခြင်းနှင့် ယှဉ်ခြင်း၌၎င်း။ သမုန္နဒ္ဓေ၊ မာန်မူခြင်း၌၎င်း။ ဝါ၊ မြင့်တက်ခြင်း၌၎င်း။ ဥပ္ပန္နေ၊ ဖြစ်ခြင်း၌၎င်း။ ဘဝေ၊ ဖြစ်၏။

[မန္ဒ-သဒ္ဒါဟောနက် (၄) နက်။ ဥဿိတ-သဒ္ဒါဟောနက် (၃) နက်။ မန္ဒ-သဒ္ဒါ လူယုတ်မာ, လောက-ဟူသော အနက်များကို လည်း ဟော၏။ ခလေ ဇဂတိယဉ္စ မန္ဒော။ ဋီကာ။ မန္ဒ-သဒ္ဒါ ပရိတ္တတ္ထ=အနည်းဟူသော အနက်ကိုလည်း ဟော၏။ မန္ဒပညောတိ ပရိတ္တပညော။ မဂ္ဂဋ္ဌိ ၁။ ၁၁၁။

သမုန္နဒ္ဓ-ကို ဒပ္ပိတ-ဟု ဖွင့်သော အမရကောသဋီကာအလို မာန်မူခြင်းဟု ပေးသည်။ သမုန္နဒ္ဓ အနီစေ-ဟု ဖွင့်သော ခေန်၊ ဋီ-အလို မြင့်ခြင်း, မနိမ့်ကျခြင်းဟု ပေးရာ၏။]

(၇၉၃) ရထင်္ဂေ'က္ခော သုဝဏ္ဏာသို၊ ပါသကေ အက္ခ မိန္ဒြိယေ။
သဿတေ စ ဓုဝေါ တိသု၊ ဓုဝံ တက္ကေ စ နိစ္ဆိတေ။

(၇၉၃) အက္ခော၊ ပုလ္လိင် အက္ခ-သဒ္ဒါသည်။ ရထင်္ဂေ၊ ရထားဝန်ရိုး၌၎င်း။ သုဝဏ္ဏာသို၊ ငါးရွေးအတိုင်းအရှည်ရှိ ရွှေ၌၎င်း။ ပါသကေ၊ အန်စာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အက္ခံ၊ နပုလ္လိင် အက္ခ-သဒ္ဒါသည်။ ဣန္ဒြိယေ၊ ဣန္ဒြေငါးပါး၌။ သိယာ၊ ဖြစ်ရာ၏။ တိသု ဓုဝေါ၊ သုံးလိင်ဆံ ဓုဝ-သဒ္ဒါသည်။ သဿတေ၊ မြဲသည်၌။ သိယာ၊ ဖြစ်ရာ၏။ ဓုဝံ၊ နပုလ္လိင် ဓုဝ-သဒ္ဒါသည်။

တက္ကေ စ၊ ကြံစည်ခြင်း၌၎င်း။ နိစ္ဆိတေ၊ ဆုံးဖြတ်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[အက္ခ-သဒ္ဒါဟောနက်(၄)နက်။ ခုဝ-သဒ္ဒါဟောနက် (၃)နက်။ ဋီကာ၌ သုဝဏ္ဏသိ·-၌ သုဝဏ္ဏ·အရ တပိုလ်၏ ၄-ပုံ ၁-ပုံ ရွှေ·ဟူ၏။ ဋီကာ၌ ဂါသဒ ဂ-အ ၇ အနံ့ပ ကိုလည်း ဆင်စွယ်-စသည်ဖြင့် ပြုလုပ်ထားသည့် ၂၄-လုံး အတိုင်းအရှည်ရှိ အန်စာ၊ သို့မဟုတ် ၃၀-အရေအတွက်ရှိ အန်စာ ဟူ၏။]

(၈၉၄) ဟရေ သိဝေါ သိဝံ ဘဒ္ဒ-မောက္ခေသု ဇမ္ဗုကေ သိဝါ။
သေနာယံ သတ္တိယံ စေဝ၊ ထူလဂ္ဂေ စ ဗလံ ဘဝေ။

(၈၉၄) သိဝေါ၊ ပုလ္လိင် သိဝ-သဒ္ဒါသည်။ ဟရေ၊ ပရမီသွာ၌။ ဘဝေ၊ ဖြစ်၏။ သိဝံ၊ နပုလ္လိင် သိဝ-သဒ္ဒါသည်။ ဘဒ္ဒမောက္ခေသု၊ ကောင်းခြင်း, နိဗ္ဗာန်တို့၌။ သိယာ၊ ဖြစ်ရာ၏။ သိဝါ၊ ဣတ္ထိလိင် သိဝါ-သဒ္ဒါသည်။ ဇမ္ဗုကေ၊ မြေခွေး၌။ ဝါ၊ တောခွေး၌၊ သိယာ၊ ဖြစ်ရာ၏။ ဗလံ၊ ဗလ-သဒ္ဒါသည်။ သေနာယံ၊ စစ်သည်၌၎င်း။ ဝါ၊ စစ်တပ်၌၎င်း။ သတ္တိယံ၊ စွမ်းရည်သတ္တိ၌၎င်း။ ထူလဂ္ဂေ၊ ဆူဖြိုးသည်၏ အဖြစ်၌၎င်း။ ဘဝေ၊ ဖြစ်၏။

[သိဝ-သဒ္ဒါဟောနက် (၄)နက်။ ဗလ-သဒ္ဒါဟောနက် (၃) နက်။ အမရကောသ၊ ၁။ ၃၂—၆ ၌ ပရမီသွာ၏ ပရိယာယ် သမ္ဘု၊ ဤသ၊ ပသုပတိ၊ သိဝ-စသည်ဖြင့် ၅၂-ပုဒ် လာရှိ၏။ ဣတ္ထိလိင် သိဝါ-သဒ္ဒါ မြတ်သောအရာကိုလည်း ဟောသည်။ ပပ္ပဉ္စ သမ္မောဟဝိ မနုတ္တရံ သိဝံ။ သံ၊ ၁။ ၁၈၃။ ကင္ခာဟာရသုတ်။ သိဝန္တိ သေဋ္ဌံ။ သံ၊ဋ္ဌ၊၁။၂၄၄။ ဤ၌ သိဝ-သဒ္ဒါသည် သမ္မောဟဝိ-ကို စပ်ရသော ပုဒ်ဖြစ်၍ ဣတ္ထိလိင်တည်း။ ဣတ္ထိလိင် သိဝါ-သဒ္ဒါ အမြတ်ဟောလည်း ရှိသည် ဟူ၏။]

(၈၉၅) သဉ္ဇာနရကဘေဒေသု၊ ပဒုမံ ဝါရိဇေ ပုမေ။
ဒေဝဘေဒေ ဝသု ပုမေ၊ ပဏ္ဏကံ ရတနေ ဓနေ။

(၈၉၅) ပဒုမံ၊ ပဒုမ-သဒ္ဒါသည်။ သဉ္ဇာနရကဘေဒေသု၊ ပဒုမ အရေအတွက်သင်္ချာ, ပဒုမငရဲတို့၌၎င်း။ ဝါရိဇေ၊ ကြာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

အထ၊ ထိုမှတပါး။ ပုမေ ဝသု၊ ပုလ္လိင် ဝသု-သဒ္ဒါသည်။ ဒေဝဘေဒေ၊ ဝသုနတ်မျိုး၌။ သိယာ၊ ဖြစ်ရာ၏။ ပဏ္ဍကံ ဝသု၊ နပုလ္လိင် ဝသု-သဒ္ဒါသည်။ ရတနေ၊ ရတနာ၌ရင်း။ ဓနေ၊ ဥစ္စာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ပဒုမ-သဒ္ဒါဟောနက် (၃) နက်။ ဝသု-သဒ္ဒါဟောနက် (၃) နက်တည်း။ ကာလက်တော စ ကောကာသလိကော ဘိက္ခု ပဒုမံ နိရယံ ဥပပဇ္ဇိ သာရိပုတ္တ-မောဂ္ဂလ္လာနေသု စိတ္တံ အာဃာတေတွာ။ သံ၊၁။၁၅၂-၌ ပဒုမံသည် ပဒုမငရဲတည်း။

ဝသုနတ်မျိုးသည်—

အာဒိစ္စဝိဿသာဝါ၊ တုသိတာ ဘာသုရာ နိလာ။
မဟာရာဇိကာ သာဓျာ စ၊ ရုဒြာ စ ဂဏဒေဝတာ—

ဟူသော အမရကောသ၊ ၁။ ၁၀-ဂါထာလာ ဂဏဒေဝတာ-ခေါ် အပေါင်းနတ်မျိုးတွင် ပါဝင်သည့် ဝသုနတ်မျိုးတည်း။ ယင်း ဝသုနတ်မျိုးသည် ၈-ပါး ရှိ၏။]

(၇၉၆) နိဗ္ဗာနံ အတ္ထဂမနေ၊ အပဝဂ္ဂေ သိယာထ စ။
သေတမ္ဗုဇေ ပုဏ္ဍရိကံ၊ ဗျဂ္ဃေ ရက္ခန္တရေ ပုမေ။

(၇၉၆) နိဗ္ဗာနံ၊ နိဗ္ဗာန-သဒ္ဒါသည်။ အတ္ထဂမနေ၊ ချုပ်ငြိမ်း ပျက်စီးခြင်းသို့ ရောက်ခြင်း၌ရင်း။ အပဝဂ္ဂေ၊ နိဗ္ဗာန်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ပုဏ္ဍရိကံ၊ နပုလ္လိင် ပုဏ္ဍရိက-သဒ္ဒါသည်။ သေတမ္ဗုဇေ၊ ကြာဖြူ၌။ သိယာ၊ ဖြစ်ရာ၏။ ပုမေ ပုဏ္ဍရိကော၊ ပုလ္လိင် ပုဏ္ဍရိက-သဒ္ဒါသည်။ ဗျဂ္ဃေ၊ ကျား၌ရင်း။ ရက္ခန္တရေ၊ သရက်ဖြူပင် ဟူသော သစ်ပင် အထူး၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[နိဗ္ဗာန-သဒ္ဒါဟောနက် (၂) နက်။ ပုဏ္ဍရိက-သဒ္ဒါဟောနက် (၃) နက်။ တိကဏ္ဍသေသ၊ တတိယကဏ္ဍ၌—

သေတစ္ဆတ္တေ အမ္ဘောဇေ စ၊ ပုဏ္ဍရိကံ ပုမေ ဒိသာဂဇေ။
ဗျဂ္ဃေ စ ကောသကာရေ စ၊ ပါကေ ပစနသာဓကေ—

ဟူ၍ ပုဏ္ဍရိက-သဒ္ဒါဟောနက်များ လာ၏။ နပုလ္လိင် ပုဏ္ဍရိက-သဒ္ဒါ ထီးဖြူ, ကြာ ၂-နက်။ ပုလ္လိင် ပုဏ္ဍရိက-သဒ္ဒါ ဒိသာဆင်,

ကျား, အဘိဓာန်ကျမ်းပြုသူ, ချက်ပြုတ်ကြော်လှော်ခြင်း, အချက် အပြုတ်သမား-ဟူသော ၅-နက်ကို ဟော၏ ဟူ၏။]

(၀၉၇) ဥပဟာရေ ဗလိ ပုမေ၊ ကရသ္မိံ စာ'သုရန္တရေ။
သုက္ကံ တု သမ္ဘဝေ သုက္ကော၊ ဓဝလေ ကုသလေ တိသု။

(၀၉၇) ဗလိ၊ ဗလိ-သဒ္ဒါသည်။ ဥပဟာရေ၊ ပူဇော်သကာ ဗလိ နတ်စာ၌၎င်း။ ကရသ္မိံ စ၊ အခွန်အတုတ်၌၎င်း။ အသုရန္တရေ၊ ဗလိ အသုရာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ပုမေ၊ ပုလ္လိင်၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သုက္ကံ၊ နပုလ္လိင် သုက္က-သဒ္ဒါသည်။ သမ္ဘဝေ၊ သုက်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု သုက္ကော၊ သုံးလိင်ဆံ သုက္က-သဒ္ဒါသည်။ ဓဝလေ၊ ဖြူသည်၌၎င်း။ ကုသလေ၊ ကုသိုလ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဗလိ-သဒ္ဒါဟောနက် (၃) နက်။ သုက္က-သဒ္ဒါဟောနက် (၃) နက်။ ဗလိအသုရာဟူသည် ရာဟုအသုရိန်၏ သားတည်း။ သတ္တဋ္ဌ ဗလိပုတ္တာနံ သဗ္ဗေ ဝေရောစနာမကာ။ ဒီ၊ ၂။ ၂၀၇။ သတ္တဋ္ဌ ဗလိပုတ္တာနဉ္စ ဗလိနော မဟာအသုရဿ ပုတ္တာနံ သတံ။ ဒီဋ္ဌ၊ ၂။ ၂၀၂။]

(၀၉၈) ဒါယော ဒါနေ ဝိဘတ္တဗ္ဗ-ဓနေ စ ပိတုနံ ဝနေ။
ပဘုတ္တာ'ယတ္တဘာ'ယတ္တာ-ဘိသာသေသု ဝသော ဘဝေ။

(၀၉၈) ဒါယော၊ ဒါယ-သဒ္ဒါသည်။ ဒါနေ၊ ပေးကမ်းခြင်း၌၎င်း။ ပိတူနံ၊ မိဘတို့၏။ ဝိဘတ္တဗ္ဗဓနေ စ၊ သား သမီးတို့အား ခွဲဝေပေးအပ်သော အမွေဥစ္စာ၌၎င်း။ ဝနေ၊ တော၌၎င်း။ ဘဝေ၊ ဖြစ်၏။ ဝသော၊ ဝသ-သဒ္ဒါသည်။ ပဘုတ္တာယတ္တတာယတ္တာဘိလာသေသု၊ အစိုးရသူ၏အဖြစ်, သူတပါးနှင့် စပ်သည်၏အဖြစ်, သူတပါးနှင့် စပ်သူ, အလိုတို့၌။ ဘဝေ၊ ဖြစ်၏။

[ဒါယ-သဒ္ဒါဟောနက် (၃)နက်။ ဝသ-သဒ္ဒါဟောနက် (၄) နက်။ ပိတုနံ ဓနေ-ဟု ရှိတတ်သည်။ ဋီကာ၌လည်း "ပိတုနံ ဓနေ ပေတာနံ မာတာပိတူနံ ပုတ္တေဟိ ဝိဘဇိတဗ္ဗဓနေ" ဟု ဖွင့်သည်။ ပိတုနံ ဝနေ-ဟု ပါဌ်မှန်ရှိစေ။ သီဟိုဠ်မူ၌ ပိတုနံ ဓနေ-ရှိသည်။ ဒါယ-သဒ္ဒါ တောဟော ပိဋကတ်၌ လွန်စွာပေါများ၏။ ဒါယန္တိ

သာရကံ့ အဘာယတ္ထာယ ဒိန္နံ အရညံ။ အံ၊၁၂၊၃။၁၇၃။ ဒါယသို့ကိ မိဂါနံ ဝသနတ္ထာယ ဒိန္နဥယျာနေ။ ဇာ၊၁၂၊၃။၂၅၀။ ဒါယပါလောတိ အရညပါလော။ သာရတ္ထ၊၃။၃၅၄။]

(၇၉၉) ပရိဘာသန မက္ကောသေ၊ နိယမေ ဘာသနေပ္ပထ စ။
ခနိမှိ သေဋ္ဌနံ ယောဝ – သီဟနာဒမှိ ဒိဿတိ။

(၇၉၉) ပရိဘာသနံ၊ ပရိဘာသန-သဒ္ဒါသည်။ အက္ကောသေ၊ ဆဲရေး ခြင်း၌၎င်း။ နိယမေ၊ ပိုင်းခြားသတ်မှတ်ခြင်း၌၎င်း။ ဘာသနေ၊ တောက်ပ ခြင်း၌၎င်း။ ဝါ၊ ပြောဆိုခြင်း၌၎င်း။ ဒိဿတိ၊ ထင်၏။ အထ၊ ထိုမှတပါး။ သေဋ္ဌနံ၊ သေဋ္ဌန-သဒ္ဒါသည်။ ခနိမှိ၊ အသံ၌၎င်း။ ယောဓသီဟနာဒမှိ၊ သူရဲတို့၏ မကြောက်မရွံ့ ဟစ်အော်ကြုံးဝါးသံ၌၎င်း။ ဒိဿတိ၊ ထင်၏။

[ပရိဘာသန-သဒ္ဒါဟောနက် (၃)နက်။ သေဋ္ဌန-သဒ္ဒါဟောနက် (၂)နက်၊ သေဋ္ဌန-သဒ္ဒါ သိဋ္ဌ-ဓာတ် ယု-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ သိဋ္ဌ သေဋ္ဌနေ။ သေဋ္ဌေတိ၊ သေဋ္ဌယတိ၊ သေဋ္ဌေန္တော။ တွေ သေဋ္ဌေတိတိ သေဋ္ဌိဘာသန္တံ ကရောတိ။ နီတိ၊ ဓာ။ ၃၅၀။ သေဋ္ဌနေ၊ လေချွန်ခြင်း၌ဟုလည်း ယောဇနာကြသည်။]

(၈၀၀) ပဘဝေါ ဇာတိဟေတုမှိ၊ ဌာနေ စာ'ဒျုပလဒ္ဓိယံ။
အထော'တု နာရိပုပ္ဖသ္မိံ၊ ဟေမန္တာဒိမှိ စ ဒွိသု။

(၈၀၀) ပဘဝေါ၊ ပဘဝ-သဒ္ဒါသည်။ ဇာတိဟေတုမှိ၊ ပေါက်ဖွား ဖြစ်ပေါ်ခြင်း၏ အကြောင်း၌၎င်း။ အာဒျုပလဒ္ဓိယံ၊ လက်မှန်မဆွ သိရာ ဖြစ်သော။ ဌာနေ စ၊ အရပ်ဌာန၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှ တပါး။ ဥတု၊ ဥတု-သဒ္ဒါသည်။ နာရိပုပ္ဖသ္မိံ၊ မိန်းမတို့၏ ရာသီဥတုပန်း၌ ၎င်း။ ဟေမန္တာဒိမှိ၊ ဟေမန္တဥတု အစရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဒွိသု၊ ပုလ္လိင်, နပုံလိင် နှစ်လိင်တို့၌။ သိယာ၊ ဖြစ်ရာ၏။

[ပဘဝ-သဒ္ဒါဟောနက် (၂)နက်။ ဥတု-သဒ္ဒါဟောနက် (၂) နက်။ မေဒိနီကောသ၊ ၁၉။ ၄၁-၌ "ပဘဝေါ ဇမ္မမူလေ စ၊ ဇမ္မဟေတု ပရက္ကမေ"ဟု လာ၏။ ပေါက်ဖွားဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း, ပေါက်ဖွားဖြစ်ပေါ်ခြင်း၏ အကြောင်းဖျား

(အကြောင်းသာမန်), လုံ့လဝီရိယ အားဖြင့် ပဘဝ-ဟောနက် ၃-နက် လာ၏။]

(၉၀၁) ကရဏံ သာဓကတမေ၊ ကြိယာဂတ္တေသု ဧလန္တိယေ။
တာလော တု ကုဉ္စိကာယဥ္စ၊ တူရိယင်္ဂေ ဒုမန္တရေ။

(၉၀၁) ကရဏံ၊ ကရဏ-သဒ္ဒါသည်။ သာဓကတမေ၊ ကရဏကာရက၌၎င်း။ ကြိယာဂတ္တေသု၊ ပြုခြင်းကြိယာ, ကိုယ်တို့၌၎င်း။ ဧလန္တိယေ၊ ဧလန္ဒြေ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ တာလော၊ တာလ-သဒ္ဒါသည်။ ကုဉ္စိကာယံ၊ သံကောက်၌၎င်း။ ဝါ၊ သော့၌၎င်း။ တူရိယင်္ဂေ၊ လင်းကွင်း အစရှိသော တူရိယာအထူး၌၎င်း။ ဒုမန္တရေ၊ ထန်းပင်ဟူသော သစ်ပင်အထူး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ကရဏ-သဒ္ဒါဟောနက် (၄) နက်။ တာလ-သဒ္ဒါဟောနက် (၃)နက်။ ကရဏကာရကသည် ကတ္တားအား လွန်စွာ သင့်လျော်သော ကျေးဇူးကိုပြုတတ်၏။ ကတ္တုကာရကမှ တပါးသောကာရကတို့ထက် သတ္တိလွန်ကဲသဖြင့် သာဓကဟာမ-မည်သည်။ သို့ဖြစ်၍ သာဓကတမေ-ဟု သုံးသည်။

ယံ ကြိယာသာဓနေ ကတ္တု–ပကာရံ တိသယေန တံ။
ကရဏံ ကတ္တုတော ဉေယျ–မဓိကတ္တိ မုဒီရိတံ။

ဘေဒစိန္တာ။၇၀။]

(၉၀၂) ပုပ္ဖေ ဖလေ စ ပသဝေါ၊ ဥပ္ပါဒေ ဂဗ္ဘမောစနေ။
ဂါယနေ ဂါယကေ အဇ္ဈော၊ ဂန္ဓဗ္ဗော ဒေဝတာန္တရေ။

(၉၀၂) ပသဝေါ၊ ပသဝ-သဒ္ဒါသည်။ ပုပ္ဖေ၊ အပွင့်၌၎င်း။ ဖလေ၊ အသီး၌၎င်း။ ဥပ္ပါဒေ၊ ဖြစ်ခြင်း၌၎င်း။ ဂဗ္ဘမောစနေ၊ သားဖွားမြင်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗ-သဒ္ဒါသည်။ ဂါယနေ၊ သီဆိုခြင်း၌၎င်း။ ဂါယကေ၊ သီဆိုတတ်သူ၌၎င်း။ အဇ္ဈော၊ မြင်း၌၎င်း။ ဒေဝတာန္တရေ၊ ဂန္ဓဗ္ဗနတ်ဟူသော နတ်အထူး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ပသဝ-သဒ္ဒါဟောနက် (၄)နက်။ ဂန္ဓဗ္ဗ-သဒ္ဒါဟောနက် (၄) နက်။ အမရကောသ။၄၇၇-၌ "ဘဝေ ဥပ္ပတ္တိဖလေ ပုပ္ဖေ၊ ပသဝေ

ဂဗ္ဘမောစနေ”ဟု လာ၏။ ဖြစ်ခြင်း, အသီး, အပွင့် သားဖွားခြင်း ဟူ၍ ပသဝ-သဒ္ဒါဟောနက် အလားတူ ၄-နက်ပင် လာ၏။

အမရကောသ၊၂၃။၁၃၂ ဂါထာ၌“အန္တရာဘဝသတ္တေ အသော၊ ဂန္ဓဗ္ဗော ဒိဗ္ဗဂါယနေ။ အကြား၌ဖြစ်သော သတ္တဝါ, မြင်း, နတ်သီချင်းသည် ဂန္ဓဗ္ဗနတ်”ဟူ၍ ဂန္ဓဗ္ဗ-သဒ္ဒါဟောနက် ၃-နက် လာ၏။ အန္တရာဘဝသတ္တ=အကြား၌ဖြစ်သော သတ္တဝါဟူသည် အမိဝမ်းသို့ ကပ်ရောက်လတ္တံ့သော သတ္တဝါတည်း။ မာတာ စ ဥတုနီ ဟောတိ ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော ဟောတိ။ မ၊၁။၃၃၂။]

(၉၀၃) ဝိနာ ပုပ္ဖံ ဖလဂ္ဂါဟိ–ရုက္ခေ ရုက္ခေ ဝနပ္ပတိ။
အာဟတေ ဟေမရဇတေ၊ ရူပိယံ ရဇတေပိ စ။

(၉၀၃) ဝနပ္ပတိ၊ ဝနပ္ပတိ-သဒ္ဒါသည်။ ပုပ္ဖံ၊ အပွင့်ကို။ ဝိနာ၊ ကင်း၍။ ဖလဂ္ဂါဟိရုက္ခေ၊ အသီး သီးသော သစ်ပင်၌ရင်း။ ရုက္ခေ၊ သစ်ပင်သာမန်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ရူပိယံ၊ ရူပိယ-သဒ္ဒါသည်။ အာဟတေ၊ အမှတ်တံဆိပ် နှိပ်အပ် ထုခတ်အပ်သော။ ဟေမရဇတေ၊ ရွှေဒင်္ဂါး, ငွေဒင်္ဂါး၌ရင်း။ ရဇတေပိ စ၊ ငွေသာမန်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဝနပ္ပတိ သဒ္ဒါဟောနက် (၂) နက်။ ရူပိယ-သဒ္ဒါဟောနက် (၂)နက်။ နီတိဆရာက ပ-ကို မ-ပြု၍ ဝနမ္ပတိ-ဟု ဆို၏။ ဝနပ္ပ-တိဿ ပဿ ဗမော။ ဝနမ္ပတိ၊ ဝနပ္ပတိ ဝါ။ နီတိ၊သုတ္တ။၉၉-သုတ်။

ဝနပ္ပတိ-သဒ္ဒါ တောစိုးသစ်ပင်ကိုလည်း ဟောသည်။ ဝနပ္ပတိ နာမ ယော မနုဿာနံ ပရိဂ္ဂဟိတော ဟောတိ ရုက္ခော ပရိဘောဂေါ။ ဝိ၊၁။၆၃။ တောအုပ်ကိုလည်း ဟောသည်။ ဝနပ္ပတိနိဋ္ဌာတိ ဝနပ္ပတိနီ စ ဝနသဏ္ဍော စာတိ အဒ္ဓော။ ဇာ၊ဋ္ဌ၊၅။၄၃၇။]

(၉၀၄) ခဂါဒိဗန္ဓနေ ပါသော၊ ကေသပုဗ္ဗော စယေ ပျထ။
တာရာ'ဂ္ဂိမဇ္ဈေ နက္ခတ္တေ၊ တာရော ဥစ္စတရဿရေ။

(၉၀၄) ပါသော၊ ပါသ-သဒ္ဒါသည်။ ခဂါဒိဗန္ဓနေ၊ ငှက်အစရှိသည်တို့ကို ဖွဲ့နှောင် ထောင်ဖမ်းကြောင်းဖြစ်သော ကျော့ကွင်း၌။ သိယာ၊ ဖြစ်ရာ၏။ ကေသပုဗ္ဗော၊ ကေသ-သဒ္ဒါရှေ့ရှိမူကား။ စယေ၊ အပေါင်း၌။ သိယာ

ဖြစ်ရာ၏။ တာရာ၊ ဣတ္ထိလိင် တာရာ-သဒ္ဒါသည်။ အက္ခိမဇ္ဈေ၊ မျက်နက်ဝန်း၌ ၎င်း။ နက္ခတ္တေ၊ နက္ခတ်ကြယ်တာ၌ရာ၎င်း။ သိယာ၊ ဖြစ်ရာ၏။ တာရော၊ ပုလ္လိင် တာရ-သဒ္ဒါသည်။ ဥစ္စတရဿရေ၊ မြင့်ကျယ်သော အသံ၌။ သိယာ၊ ဖြစ်ရာ၏။

[ပါသ-သဒ္ဒါဟောနက် (၂)နက်၊ တာရ-သဒ္ဒါဟောနက် (၃) နက်။ သီ၊ဋီ၊သစ်၊၁၊၁၆၃-၌ တာရ-ကို 'တာရယတိ အဝိဇဟန-ဝသေန အာကာသံ ပါလေတီတိ တာရာ''ဟု ဝိဂ္ဂဟ်ပြု၏။]

(၉၀၅) ပတ္တေ စ လောဟဘေဒသ္မိံ၊ ကံသော စတုကဟာပဏေ။
မဇ္ဈိမော ဒေဟမဇ္ဈသ္မိံ၊ မဇ္ဈဘာဝေ စ သော တိသု။

(၉၀၅) ကံသော၊ ကံသ-သဒ္ဒါသည်။ ပတ္တေ၊ ခွက်သာမန်၌၎င်း။ လောဟဘေဒသ္မိံ၊ ကြေးအထူး(ကံသ) လောဟာ၌၎င်း။ စတုကဟာပဏေ၊ လေးအပြာ၌၎င်း။ ဝါ၊ လေးကျပ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ မဇ္ဈိမော၊ ပုလ္လိင်, နပုလ္လိင် မဇ္ဈိမ-သဒ္ဒါသည်။ ဒေဟမဇ္ဈသ္မိံ၊ ခါး၌(ကိုယ်၏အလယ်၌)။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနော၊ ဖြစ်သော။ သော၊ ထို မဇ္ဈိမ-သဒ္ဒါသည်။ မဇ္ဈဘာဝေ၊ အလယ်၌ဖြစ်သော အရာဝတ္ထု၌။ သိယာ၊ ဖြစ်ရာ၏။

[ကံသ-သဒ္ဒါဟောနက်(၃)နက်။ မဇ္ဈိမ-သဒ္ဒါဟောနက်(၂) နက်။ ကံသအတ္ထုဒ္ဒါရ ဒိ၊ဋီ၊၁၊၂၆၃။ သီ၊ဋီ၊သစ်၊၂၊၁၃၆။ အံ၊ဋီ၊၃၊ ၁၂-တို့၌ လာ၏။]

(၉၀၆) အာဝေသနံ ဘူတာဝေသော၊ သိပ္ပသာလာ ဃရေသု စ။
သောဘာသမ္ပတ္တိသု သိရီ–လက္ခီ'တ္ထီ ဒေဝတာယ စ။

(၉၀၆) အာဝေသနံ၊ အာဝေသန-သဒ္ဒါသည်။ ဘူတာဝေသော၊ ဘုတ်တစ္ဆေ(တစ္ဆေ)ပူးဝင်ခြင်း၌၎င်း။ သိပ္ပသာလာဃရေသု စ၊ အလုပ်ရုံ,နေရာ အိမ်တို့၌၎င်း။ ဝါ၊ အတတ်သင်ကျောင်း,နေရာ အိမ်တို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သိရီ၊ သိရီ-သဒ္ဒါသည်၎င်း။ လက္ခီ၊ လက္ခီ-သဒ္ဒါသည်၎င်း။ သောဘာသမ္ပတ္တိသု၊ တင့်တယ်ခြင်း, ပြည့်စုံခြင်းတို့၌၎င်း။ ဒေဝတာယ စ၊ သိရီနတ်သမီး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထီ၊ ဣတ္ထိလိင်တည်း။

[အာဝေသန-သဒ္ဒါဟောနက်(၃)နက်။  သိရိ-သဒ္ဒါဟောနက် (၃)နက်။ အမရကောသ၊၁၈။၈၁-၌ "သမ္ပတ္တိ သိရိ စ လက္ခီ စ" ဟု လာ၏။ ပြည့်စုံခြင်းဟော ပရိယာယ်။

မေဒိနီကောသ၊၂၇။၁-၌—

သိရီ ဝေသရစနာသောဘာ—ဘာရတာ သရလဒ္ဒုမေ—

ဟုလာ၏။ လှပအောင် ပြင်ဆင်ခြင်း, တင့်တယ်ခြင်း, ဘာရတာ နတ်သမီး ( သိရိနတ်သမီး ), ထင်းရှူးပင် အားဖြင့် ၄-နက်ဟောသည် ဟူ၏။]

(၉၀၇) ကုမာရော ယုဝရာဇေ စ၊ ခန္ဒေ ဝုတ္တော သုသုမှိ စ။
အထာနိတ္ထိ ပဝါဠော စ၊ မဏိဘေဒေ တထာ'ကုံရေ။

(၉၀၇) ကုမာရော၊ ကုမာရ-သဒ္ဒါကို။ ယုဝရာဇေ စ၊ အိမ်ရှေ့မင်း၌ ၎င်း။ ခန္ဒေ၊ ခန္ဒနတ်၌၎င်း။ သုသုမှိ စ၊ သူငယ်၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ ပဝါဠော၊ ပဝါဠ-သဒ္ဒါကို။ မဏိဘေဒေ၊ သန္တာ(ပတ္တမြား အထူး)၌၎င်း။ တထာ၊ ထိုမှတပါး။ အင်္ကုရေ၊ အညွန့်၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ အနိတ္ထိ၊ ပုလ္လိင်, နပုလ္လိင်တည်း။

[ကုမာရ-သဒ္ဒါဟောနက်(၃)နက်။ ပဝါဠ-သဒ္ဒါဟောနက် (၂) နက်။ ဤ၌ အိမ်ရှေ့မင်းကို "အိမ်ရှေ့နန်းလျာ, မဟာဥပရာဇာ"ဟု လည်း ခေါ်ကြသည်၊ အိမ်ရှေ့မင်း၏ အင်္ဂါများကို အင်္ဂုတ္တိုရ်ပါဠိ တော် ပဉ္စကနိပါတ်(အံ၊၂ ၁၃၅)၌ "ဣဓ ဘိက္ခဝေ ရညော ခတ္တိ- ယဿ မုဒ္ဒါဝသိတ္တဿ ဇေဋ္ဌော ပုတ္တော ဥဘတော သုဇာတော ဟောတိ မာတိတော စ ပိတိတော စ"စသည်ဖြင့် ဟောတော် မူသည်။

အိမ်ရှေ့မင်းသည် စစ်မက်အရေးကိစ္စ ပေါ်လာလျှင် ချီတက် တိုက်ခိုက်ရခြင်း, ညီလာခံဝင်ရခြင်း, လွှတ်တော်တက်၍ စီမံခန့်ခွဲ ရခြင်း, အရေးကြီးလျှင် အချိန်မရွေး နန်းတော်သို့ဝင်၍ မင်း ကောဇ်နှင့် တွေ့ဆုံ တိုင်ပင် နှီးနှောရခြင်း-စသည့် တိုင်းကျိုး ပြည်ကျိုးများကို ဆောင်ရွက်ရသည်။]

(၉၀၈) ပဏ္ဏော ဝေတနမူလေသု၊ ဝေါဟာရေ စ ဓနေ မတော။
ပဋိဂ္ဂဟော တု ဂဟဏေ၊ ကထိတော ဘာဇနန္တရေ။

(၉၀၈) ပဏ္ဏော၊ ပဏ-သဒ္ဒါကို။ ဝေတနမူလေသု၊ လခရိက္ခာ, အရင်းအနှီး အဖိုးဥစ္စာတို့၌၎င်း။ ဝေါဟာရေ စ၊ ဖောက်ကား ရောင်းဝယ် ကုန်သွယ်ခြင်း၌၎င်း။ ဓနေ၊ ဥစ္စာ၌၎င်း။ မတော၊ သိအပ်၏။ တု၊ ထိုမှတပါး။ ပဋိဂ္ဂဟော၊ ပဋိဂ္ဂဟ-သဒ္ဒါကို။ ဂဟဏေ၊ ခံယူခြင်း၌၎င်း။ ဘာဇနန္တရေ၊ ထွေးခံ(ခွက်အထူး)၌၎င်း။ ကထိတော၊ ဆိုအပ်၏။

[ပဏ-သဒ္ဒါဟောနက် (၄)နက်။ ပဋိဂ္ဂဟ-သဒ္ဒါဟောနက် (၂) နက်။ ပဏ-သဒ္ဒါ လောင်းတမ်း လောင်းကြေးကိုလည်း ဟောသည်။ အဗ္ဘုတ မကံသူတိ ယဒိ ကရိဿတိ တံ့ တွေကံ ဇိတော၊ ယဒိ န ကရိဿတိ အဟံ တွေကန္တိ ပဏ မကံသု။ ဝိ၊ဋ္ဌ၊၂။၁၄၀။

ဈေးဆိုခြင်းကိုလည်း ပဏ-သဒ္ဒါ ဟောသည်။ ပဏောပဏ-ဝိယာဟဲ ပဏဝိယာ စ ဩပဏဝိယာ စ။ မ၊ဋ္ဌ၊၃။၁၃၄။ ပဏေန ဝေါဟာရေန ဗျာကရဏံ ပဏဝိယာ။ မ၊ဋီ၊၃။၉၀။

ပဋိဂ္ဂဟ-သဒ္ဒါ လက်ဆေးခံကိုလည်း ဟောသည်။ ပဋိဂ္ဂဟန္တိ တတ္ထ ဓောဝနဥဒကဋ္ဌပနဃဋော။ ဓာန်၊ဋီ။]

(၉၀၉) အသုဘေ စ သုဘေ ကမ္မေ၊ ဘာဂျံ ဝုတ္တံ ဒွယေ ပျထ။
ပိပ္ပလံ တရှုဘေဒေ စ၊ ဝတ္ထစ္ဆေဒနသတ္ထကေ။

(၉၀၉) ဘာဂျံ၊ ဘာဂျ-သဒ္ဒါကို။ အသုဘေ ကမ္မေ၊ အကုသိုလ်ကံ၌၎င်း။ သုဘေ ကမ္မေ၊ ကုသိုလ်ကံ၌၎င်း။ ဒွယေပိ၊ နှစ်ပါးသော ကံ၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ ပိပ္ပလံ၊ ပိပ္ပလ-သဒ္ဒါကို။ တရှုဘေဒေ စ၊ ညောင်ကြတ်ပင်၌၎င်း ဝတ္ထစ္ဆေဒနသတ္ထကေ၊ သင်မုန်းဓား၌၎င်း။ ဝါ၊ ဓားငယ်၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။

[ဘာဂျ-သဒ္ဒါဟောနက် (၃)နက်။ ပိပ္ပလ-သဒ္ဒါဟောနက် (၂) နက်။ မေဒိနီကောသ၊၂၈။၁၁၂-၌ "ပိပ္ပလံ သလိလေ ဝတ္ထ-ဘေဒေ ပုမေ တမှမိ စ" ဟု ၃-နက် လာ၏။ နပုလ္လိင် ပိပ္ပလ-သဒ္ဒါ ရေ, အဝတ်ပိုင်း၊ ပုလ္လိင် ပိပ္ပလ-သဒ္ဒါ ညောင်ကြတ်ပင် အားဖြင့် ၃-နက်တည်း။]

(၉၁၀) အပဝဂ္ဂေါ ပရိစ္စာဂေါ–ဝသာနေသု ဝိမုတ္တိယံ။
လိင်္ဂံ တု အင်္ဂဇာတသ္မိံ၊ ပုမတ္တာဒိမှိ လက္ခဏေ။

(၉၁၀) အပဝဂ္ဂေါ၊ အပဝဂ္ဂ-သဒ္ဒါသည်။ ပရိစ္စာဂါဝသာနေသု၊ စွန့်ကြဲခြင်း, အဆုံးတို့၌ရင်း။ ဝိမုတ္တိယံ၊ နိဗ္ဗာန်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ လိင်္ဂံ၊ လိင်္ဂ-သဒ္ဒါသည်။ အင်္ဂဇာတသ္မိံ၊ အင်္ဂါဇာတ်၌ရင်း။ ပုမတ္တာဒိမှိ၊ ယောကျ်ား၏အဖြစ်-စသည်၌ရင်း။ ဝါ၊ ယောကျ်ားဖြစ်ကြောင်း ယောကျ်ားဟုသိကြောင်း-စသော ပုမ္ဘော-စသည်၌ရင်း။ လက္ခဏေ၊ အမှတ်တံဆိပ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[အပဝဂ္ဂ-သဒ္ဒါဟောနက် (၃)နက်။ လိင်္ဂ-သဒ္ဒါဟောနက် (၃)နက်။ အပဝဂ္ဂ-သဒ္ဒါသည် အလုံးစုံ ခြုံဆိုပြီးမှ ခြွင်းချက်ထုတ်ခြင်း၊ တန္တယုတ္တိ ၃၂-ပါးတွင် တပါးကိုလည်း ဟော၏။ အဘိဗျာပေတွာ အပနယနံ အပဝဂ္ဂေါ။ နီတိ၊သုတ္တ။ နှာ-၄၁၆။]

(၉၁၁) စာဂေ သဘာဝေ နိမ္မာနေ၊ သဂ္ဂေါ'ဇ္ဈာယေ ဒိဝေ'ပျထ။
ရောဟိတော လောဟိတေ မစ္ဆ–ဘေဒေ စေဝ မိဂန္တရေ။

(၉၁၁) သဂ္ဂေါ၊ သဂ္ဂ-သဒ္ဒါသည်။ စာဂေ၊ စွန့်ပစ်ခြင်း၌ရင်း။ သဘာဝေ၊ သဘော၌ရင်း။ နိမ္မာနေ၊ ဖန်ဆင်းခြင်း၌ရင်း။ အဇ္ဈာယေ၊ ကျမ်းဂန်၏အပိုင်းကဏ္ဍ ပရိစ္ဆေဒ၌ရင်း။ ဒိဝေ၊ နတ်ပြည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ရောဟိတော၊ ရောဟိတ-သဒ္ဒါသည်။ လောဟိတေ၊ သွေး၌ရင်း။ မစ္ဆဘေဒေ၊ ငါးကြင်း(ငါးအထူး)၌ရင်း။ မိဂန္တရေ၊ စိုင်(သားကောင်အထူး)၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[သဂ္ဂ-သဒ္ဒါဟောနက် (၅)နက်။ ရောဟိတ-သဒ္ဒါဟောနက် (၃)နက်။ လွန်မြတ် ထူးကဲသော ဒိဗ္ဗဝဏ္ဏ-စသည်ကိုလည်း သဂ္ဂ-သဒ္ဒါ ဟောသည်။ သုဋ္ဌု အဂ္ဂါနံ ဒိဗ္ဗဝဏ္ဏာဒီနံ ဒသန္နံ ဝိသေသာနံ နိဗ္ဗတ္တနတော သဂ္ဂသံဝတ္တနိကာ။ အံ၊ဋ္ဌ၊၂။၁၁၄။]

(၉၁၂) နိဋ္ဌာ နိပ္ဖတ္တိယံ စေဝ–ဝသာနမှိ အဒဿနေ။
ကာဏ္ဍော တု သပတ္တသ္မိံ၊ ရုက္ခင်္ဂေ လောမဟံသနေ။

(၉၁၂) နိဋ္ဌာ၊ နိဋ္ဌာ-သဒ္ဒါသည်။ နိပ္ဖတ္တိယံ စေဝ၊ ပြီးခြင်း၌ရင်း။ အဝသာနမှိ၊ အဆုံး၌ရင်း။ အဒဿနေ၊ မမြင်ခြင်း ပျောက်ကွယ်ခြင်း

ပျက်စီးခြင်း၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ကဏ္ဍကော၊ ကဏ္ဍက-သဒ္ဒါသည်။ သပတ္တသို့၊ ရန်သူ၌ရှင်း။ ရုက္ခင်္ဂေ၊ ဆူး၌ရှင်း။ လောမဟံသနေ၊ မွေးညင်းရှင်ပျ ကြက်သီးထခြင်း၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

[နိဋ္ဌာ-သဒ္ဒါဟောနက်(၃)နက်။ ကဏ္ဍက-သဒ္ဒါဟောနက် (၃) နက်။ ကဏ္ဍက-သဒ္ဒါ ကဏ္ဍကမြင်းကိုလည်း ဟောသည်။ ဆန္နော ကဏ္ဍကော နိမိကုမ္ဘော။ ဒီဋ္ဌ၊၂။၁၀။ ခိုးသူကိုလည်း ဟောသည်။.... ကဏ္ဍကသဒိသတာယ စောရာ ဝေ ဣဓ ကဏ္ဍကာတိ ဝုတ္တာ။ သံ၊ဋ္ဌ၊ သစ်၊၂။၃၀၄။]

(၉၁၃) မုခ ချောပါယေသု ဝဒနေ၊ အာဒိသို့ မုခ မိရိတံ။
ဒဗ္ဗံ ဘဗ္ဗေ ဂုဏာခာရေ၊ ဝိတ္တေ စ ဗုဓဒါရုသု။

(၉၁၃) မုခံ၊ မုခ-သဒ္ဒါကို။ မုချောပါယေသု၊ ပြခြာန်းခြင်း,အကြောင်းတို့၌ရှင်း။ ဝဒနေ၊ ခံတွင်း နှုတ်သီး၌ရှင်း။ အာဒိသို့၊ အဦးအစ၌ရှင်း။ ဤရိတံ၊ ဆိုအပ်၏။ ဒဗ္ဗံ၊ ဒဗ္ဗ-သဒ္ဒါကို။ ဘဗ္ဗေ၊ သင့်လျော်လျောက်ပတ်သည်၌ရှင်း။ ဝါ၊ ထိုက်သည်၌ရှင်း။ ဂုဏာခာရေ၊ ဂုဏ်၏တည်ရာ ဒြဗ်၌ရှင်း။ ဝိတ္တေ၊ ဥစ္စာ၌ရှင်း။ ဗုဓဒါရုသု၊ ပညာရှိ, ထင်းတုံးတို့၌ရှင်း။ ဤရိတံ၊ ဆိုအပ်၏။

[မုခ-သဒ္ဒါဟောနက် (၄)နက်။ ဒဗ္ဗ-သဒ္ဒါဟောနက် (၅)နက်။ ဝိသေသျ အနက်ဟူသမျှကို 'ဒြဗ်', တနည်း– ခုတ်-စသည်တို့၏ မှီရာ ဝိသေသျကိုသာ 'ဒြဗ်'ခေါ်ကြောင်း—

ယံ ယံ ဝိသေသျတေ တံ တံ၊ ဒဗ္ဗံ တံ သ ဝိသေသနံ။
ဝိသေသျံ တု နိဿယော ဝါတ္တော၊ ဝိသေသျသ ဝိသေသနော—

ဟု ဘေဒစိန္တာ (၄၄-ဂါထာ)၌ ဆို၏။

ဒဗ္ဗ-သဒ္ဒါ မာန်မူထောင်လွှားခြင်း ကိုလည်း ဟောသည်။ န ဒဗ္ဗော ဒဗ္ဗဘာဝေဗ္ဗာ။ မိလိန္ဒ။၃၀၁။ ဒဗ္ဗော အဘာက်ာ၀ေ။ နိတိ၊ ဓာ။ ၁၂၄။]

(၉၁၄) မာနံ ပမာဏေ ပတ္ထာဒေါ၊ မာနေ ဝုတ္တော ဝိဓာယ စ။
အဓော ပရိဃာမေ ဝုတ္တော၊ ဝါယာမော ဝီရိယေပိ စ။

(၉၁၄) မာနံ၊ နပုလ္လိင် မာန-သဒ္ဒါကို။ ပမာဏေ၊ နှိုင်းယှဉ်ခြင်း၌ရင်း။ ပတ္ထာဒေါ၊ စလယ်-စသည်၌ရင်း။ ဝုတ္တံ၊ ဆိုအပ်၏။ မာနော၊ ပုလ္လိင် မာန-သဒ္ဒါကို။ ဝိဓာယ စ၊ မာန်မူခြင်း၌လည်း။ ဝုတ္တော၊ ဆိုအပ်၏။ အထော၊ ထိုမှတပါး။ ဝါယာမော၊ ဝါယာမသဒ္ဒါကို။ ပရိဃမေ၊ ပင်ပန်းခြင်း၌ရင်း။ ဝီရိယေပိ စ၊ လုံ့လ၌ရင်း။ ဝုတ္တော၊ ဆိုအပ်၏။

[မာန-သဒ္ဒါ ဟောနက် (၃)နက်။ ဝါယာမ-သဒ္ဒါ ဟောနက် (၂)နက်။ ပတ္ထာဒေါ-၌ အာဒိ-အရ ချိန်, လက်သစ်-စသည်ကို ယူ။ ပတ္ထာဒေါ ပတ္ထော, တုလာ, အင်္ဂုလီတိ ပတ္ထာဒိ။ ဋီကာ။]

(၉၁၅) သရောရုဟေ သတပတ္တံ၊ သတပတ္တော ခဂန္တရေ။
ဆိဒ္ဒေ တု ဆိဒ္ဒဝန္တေ စ၊ သုသိရံ တူရိယန္တရေ။

(၉၁၅) သတပတ္တံ၊ နပုလ္လိင် သတပတ္တ-သဒ္ဒါသည်။ သရောရုဟေ၊ ပဒုမ္မာကြာ၌။ သိယာ၊ ဖြစ်ရာ၏။ သတပတ္တော၊ ပုလ္လိင် သတပတ္တ-သဒ္ဒါသည်။ ခဂန္တရေ၊ ကြိုးကြာငှက် (ငှက်အထူး)၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သုသိရံ၊ သုသိရ-သဒ္ဒါသည်။ ဆိဒ္ဒေ၊ အပေါက်၌ရင်း။ ဆိဒ္ဒဝန္တေ စ၊ အပေါက်ရှိသော ဝတ္ထု၌ရင်း။ တူရိယန္တရေ၊ နှဲ,ပုလွေ (တူရိယာအထူး)၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[သတပတ္တ-သဒ္ဒါဟောနက် (၂)နက်။ သုသိရ-သဒ္ဒါဟောနက် (၃)နက်။ သတပတ္တ-ဟော ကြာကား ပွင့်ချပ် ၁-ရာရှိသော ပဒုမ္မာကြာတည်း။ အထ ဝါ ရတ္တံ ဝါ ဟောတု သေတံ ဝါ သတပတ္တံ ပဒုမံ။ သာရတ္ထ၊၂။၁၄၀။ ပွင့်ချပ် ၁-ရာမပြည့်လျှင် ပုဏ္ဍရိက။ ဦနသတပတ္တံ ပုဏ္ဍရိကံ။ သာရတ္ထ၊၂။၁၄၀။]

(၉၁၆) ကေသိုံ သဒိသေ သန္တေ၊ သမာနံ ဝါစ္စလိင်္ဂိကံ။
အဓော ဂါရဝဘီတီသု၊ သံဝေဂေ သမ္ဘမော မတော။

(၉၁၆) ဝါစ္စလိင်္ဂိကံ၊ ဝါစ္စလိင်သို့လိုက်သော။ သမာနံ၊ သမာန-သဒ္ဒါသည်။ ကေသိုံ၊ တခုဟူသော အနက်၌ရင်း။ သဒိသေ၊ တူသည်၌ရင်း။

သန္တေ၊ ထင်ရှားရှိသည်၌ၡင်း။ သိယာ၊ ဖြစ်ရာ၏။ အထော၊ ထိုမှတပါး။ သမ္ဘမော၊ သမ္ဘမ-သဒ္ဒါကို။ ဂါရဝဘီတီသု၊ ရိုသေခြင်း, ကြောက်ခြင်းတို့၌ၡင်း။ သံဝေဂေ၊ ကိတ်လန့်ခြင်း၌ၡင်း။ မတော၊ သိအပ်၏။

[သမာန သဒ္ဒါဟောနက် (၃)နက်။ သမ္ဘမ-သဒ္ဒါဟောနက် (၃) နက်။ သမာန-သဒ္ဒါ ချက်၌တည်သော လေကိုလည်း ဟောသည်။ ယင်းလေသည် အစာကို ကြေစေတတ်၏။ ပါဌော အပါနေ သမာနော စ။ အမရ၊ ၁။ ၆၇။ သမာန-သည် အသ+မာန၊ အ-ကျေ သမာန။ ယင်းသို့ ဖြစ်လျှင် ဖြစ်ဘဲ, ထင်ရှားရှိဆဲဖြစ်သော အရာဝတ္ထု-စသည်ကို ဟောသည်။]

(၉၁၇) ဇုဏှာ စန္ဒပ္ပဘာယဉ္စ၊ တဒ္ဒုပေတနိသာယ စ။
ဝိမာနံ ဒေဝတာဝါသေ၊ သတ္တဘူမိဃရမှိ စ။

(၉၁၇) ဇုဏှာ၊ ဇုဏှာ-သဒ္ဒါသည်။ စန္ဒပ္ပဘာယဉ္စ၊ လရောင်၌ၡင်း။ တဒ္ဒုပေတနိသာယ စ၊ ထို လရောင်နှင့်ယှဉ်သော ညဉ့်၌ၡင်း။ သိယာ၊ ဖြစ်ရာ၏။ ဝိမာနံ၊ ဝိမာန-သဒ္ဒါသည်။ ဒေဝတာဝါသေ၊ နတ်တို့နေရာ နတ်ဗိမာန်၌ၡင်း။ သတ္တဘူမိဃရမှိ စ၊ ဘုံခုနစ်ဆင့်ရှိသော တိုက်အိမ်၌ၡင်း။ သိယာ၊ ဖြစ်ရာ၏။

[ဇုဏှာ-သဒ္ဒါဟောနက် (၂) နက်။ ဝိမာန-သဒ္ဒါဟောနက်(၂) နက်။ ဇုဏှာ-သဒ္ဒါ လဆန်းပက္ခကိုလည်း ဟောသည်။ ကာဠေ ဝါ ယဒိ ဝါ ဇုဏှေတိ ကာဠပက္ခေ ဝါ ဇုဏှပက္ခေ ဝါ။ ဇာ၊ ဋ္ဌ၊ ၁။ ၁၈၂။ မေဒိနီကောသ၊ ၂၀။ ၃၀-၌ "ဝိမာနော ဗျောမယာနေ စ၊ စက္ကဝတ္တိဂေဟေပိ စ" ဟု လာ၏။ ကောင်းကင်သွားယာဉ်(လဗိမာန်လည်း ဟူ), စကြာမင်း၏အိမ် အားဖြင့် ၂-နက်လာ၏။]

(၉၁၈) မာသေ ဇေဋ္ဌော'တိဝုဒ္ဓါ'တိ-ပ္ပသတ္ထေသု စ တီသု သော။
ဓမ္မေ စ မင်္ဂလေ သေဿယျား သော ပသတ္ထာဘေရေ တီသု။

(၉၁၈) ဇေဋ္ဌော၊ ဇေဋ္ဌ-သဒ္ဒါသည်။ မာသေ၊ နယုန်လ၌။ သိယာ၊ ဖြစ်ရာ၏။ အတိဝုဒ္ဓါတိပ္ပသတ္ထေသု၊ အလွန်ကြီးသည်, အလွန်ချီးမွမ်းအပ်သည်တို့၌။ ဝဏ္ဏမာနေ၊ ဖြစ်သော။ သော၊ ထို ဇေဋ္ဌ-သဒ္ဒါသည်။ တီသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။ သေယျော၊ ပုလ္လိင် သေယျ-သဒ္ဒါသည်။

ဓမ္မေ စ၊ လောကုတ္တရာ တရားကိုးပါး၌၎င်း။ မင်္ဂလေ၊ ကောင်းကြွယ်ပွါးစီး ကြီးပွါးတိုးတက်ကြောင်း မင်္ဂလာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ **သော၊** ထို သေယျ-သဒ္ဒါသည်။ ပသတ္ထတရေ၊ အလွန်ဂုဏ် ချီးမွမ်းအပ်သည်၌။ ဝဏ္ဏမာဒနာ၊ ဖြစ်ပါမူ၊ တိသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။

[ဇေယ္ယ-သဒ္ဒါဟောနက် (၃) နက်။ သေယျ-သဒ္ဒါဟောနက် (၃)နက်။ ပုလ္လိင် ဇေယ္ယ-သဒ္ဒါ အစ်ကိုကြီးကိုလည်း ဟောသည်။ ဇေဋ္ဌ ဝါတိ သာမိကဿ ဇေဋ္ဌဘာတရံ။ ဇာ၊ ဋ္ဌ၊ ၅။ ၂၉၄။]

(၉၁၉) အာဒိစ္စာဒိမှိ ဂဟော နာ၊ နိဗန္ဓေ စ ဃရေ ဂဟော။
ကာစော တု မတ္တိကာဘေဒေ၊ သိက္ကာယံ နယနာမယေ။

(၉၁၉) ဂဟော၊ ဂဟ-သဒ္ဒါသည်။ အာဒိစ္စာဒိမှိ၊ တနင်္ဂနွေဂြိုဟ် အစရှိ သည်၌၎င်း။ ဂဟဏေ၊ ယူဟုဖမ်းခြင်း၌၎င်း။ နိဗန္ဓေ စ၊ စွဲလမ်းခြင်း၌၎င်း။ ဃရေ၊ အိမ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ကာစော၊ ကာစ- သဒ္ဒါသည်။ မတ္တိကာဘေဒေ၊ စဉ့်အိုး၊ စဉ့်ခွက်၌၎င်း။ ဝါ၊ ဖန်အိုး ဖလ်ခွက် ၌၎င်း။ သိက္ကာယံ၊ ဆိုင်း၌၎င်း။ နယနာမယေ၊ မျက်စိနာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဂဟ-သဒ္ဒါ (၄) နက်။ ကာစ-သဒ္ဒါ (၃) နက်။ ကာစ-သဒ္ဒါ အညစ်အကြေးကိုလည်း ဟောသည်။ ဥပက္ကိလေသာဘာဝတော အကာစော။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၁၃၇။ ကြမ်းတမ်းသော ပတ္တမြား- စသည်ကိုလည်း ဟော၏။ အကာစောတိ နိက္ကာစော အကက္ကသော။ ဒီ၊ ဋ္ဌ၊ ၂။ ၂၆၁။ အပြစ်ကိုလည်း ဟောသည်။ နိဒ္ဒေါသတာယ အကာစံ။ နေတ္တိ၊ ဋ္ဌ။ ၁၂၀။]

(၉၂၀) တီသု ဂါမဏိ သေဋ္ဌသ္မိံ၊ အဓိပေ ဂါမဇေဋ္ဌကေ။
ဗိမ္ဗံ တု ပဋိဗိမ္ဗေ စ၊ မဏ္ဍလေ ဗိမ္ဗိကာဖလေ။

(၉၂၀) ဂါမဏိ၊ ဂါမဏိ-သဒ္ဒါသည်။ သေဋ္ဌသ္မိံ၊ မြတ်သည်၌၎င်း။ အဓိပေ၊ အကြီးအကဲ၌၎င်း။ ဂါမဇေဋ္ဌကေ၊ ရွာသူကြီး၌၎င်း။ သိယာ၊ ဖြစ် ရာ၏။ တု၊ ထိုမှတပါး။ ဗိမ္ဗံ ဗိမ္ဗ-သဒ္ဒါသည်။ ပဋိဗိမ္ဗေ၊ ရုပ်ပုံဆင်းတု၌ ၎င်း။ မဏ္ဍလေ၊ အဝန်းအဝိုင်း၌၎င်း။ ဗိမ္ဗိကာဖလေ၊ ကျီးအာသီး၌ ၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဂါမဏိ-သဒ္ဒါဟောနက် (၃) နက်။ ဗိမ္ဗ-သဒ္ဒါဟောနက် (၃) နက်။ ဂါမဏိ-သဒ္ဒါ သာမန်ရွာသားနှင့် အကြီးအကဲကို ဟော ကြောင်း လာသေး၏။ ဝေ၀ံ ဇာနာဟိ ဂါမဏီတိ ကတ္ထစိ ဂါမိက-ပုရိသောပိ ဂါမဇေဋ္ဌကောပိ ဂါမဏိ။ ဇာ၊ ဋ္ဌ၊ ၁။ ၁၅၃။]

(၉၂၁) ဘာဇနာဒိပရိက္ခာရေ၊ ဘဏ္ဍံ မူလဓနေပိ စ။
မဂ္ဂေါ တွ'ရိယမဂ္ဂေ စ၊ သမ္မာဒိဋ္ဌာဒိကေ ပထေ။

(၉၂၁) ဘဏ္ဍံ၊ ဘဏ္ဍ-သဒ္ဒါသည်။ ဘာဇနာဒိပရိက္ခာရေ၊ ခွက်-အစရှိသော ပရိက္ခရာ၌၎င်း။ မူလဓနေပိ စ၊ အရင်းအနှီးဥစ္စာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ မဂ္ဂေါ၊ မဂ္ဂ-သဒ္ဒါသည်။ သမ္မာဒိဋ္ဌာဒိကေ၊ သမ္မာဒိဋ္ဌိ အစရှိသော။ အရိယမဂ္ဂေ စ၊ အရိယမဂ်၌၎င်း။ ပထေ၊ လမ်းခရီး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဘဏ္ဍ-သဒ္ဒါဟောနက်(၂)နက်။ မဂ္ဂ-သဒ္ဒါဟောနက်(၂)နက်။ ဘဏ္ဍ-သဒ္ဒါ အခွံကိုလည်း ဟောသည်။ စက္ကုဘဏ္ဍန္တိ ဒက္ခိဒလန္တိ ကေစိ။ ဒီ၊ဋ္ဌီ၊ ၂။၄၁။]

(၉၂၂) သမာ ဝဿေ သမော ခေဒ – သန္တိသု သော နိဘော တိသု။
စာပေ တွိ'ဿာသ မုဋ္ဌနော၊ ဣဿာသော ခေပကမှိ စ။

(၉၂၂) သမာ၊ ဣတ္ထိလိင် သမာ-သဒ္ဒါသည်။ ဝဿေ၊ နှစ်၌။ သိယာ၊ ဖြစ်ရာ၏။ သမော၊ ပုလ္လိင် သမ-သဒ္ဒါသည်။ ခေဒသန္တိသု၊ ပင်ပန်းခြင်း, ငြိမ်းအေးခြင်းတို့၌။ သိယာ၊ ဖြစ်ရာ။ သော၊ ထို သမ-သဒ္ဒါသည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနော၊ ဖြစ်ပါမူ၊ နိဘော၊ တူသည်၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဣဿာသံ၊ နပုလ္လိင် ဣဿာသ-သဒ္ဒါသည်။ စာပေ၊ လေး၌။ သိယာ၊ ဖြစ်ရာ၏။ ဣဿာသော၊ ပုလ္လိင်ဣဿာသ-သဒ္ဒါသည်။ ဥသုနော၊ မြှားကို။ ခေပကမှိ၊ ပစ်တတ်သော လေးသမား၌။ သိယာ၊ ဖြစ်ရာ၏။

[သမ-သဒ္ဒါဟောနက်(၄)နက်။ ဣဿာသ-သဒ္ဒါဟောနက်(၂) နက်။ "ဣဿာသော ဓနု ကောဒဏ္ဍံ"စသော ဥ၈၈-ဂါထာ၌ လေး ဟော ဣဿာသ-သဒ္ဒါ ပုလ္လိင်နှင့် ဣဿာသော-ဟု ဆို၏။ နပုလ္လိင် နှင့် ဣဿာသံ-ဟု ရှိသင့်သည်။]

(၉၂၃) ဗာလော တိဿာ'ဒိဝယသာ၊ သမင်္ဂိနိ အပဏ္ဏိတော။
ရတ္တံ တု သောဏိတေ တမ္ဗာ-နုရတ္တရဉ္ဇိတေ တိသု။

(၉၂၃) ဗာလော၊ ဗာလ-သဒ္ဒါသည်။ အာဒိဝယသာ၊ ပဌမအရွယ်နှင့်။ သမင်္ဂိနိ၊ ပြည့်စုံသော လုလင်ပျို၌ရင်း။ အပဏ္ဍိတော၊ လူမိုက်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ရတ္တံ၊ နပုလ္လိင် ရတ္တ-သဒ္ဒါသည်။ သောဏိတေ၊ သွေး၌။ သိယာ၊ ဖြစ်ရာ၏။ တိသု ရတ္တံ၊ သုံးလိင်ဆံ ရတ္တ-သဒ္ဒါသည်။ တမ္ဗာနုရတ္တရဉ္ဇိတေ၊ နီမြန်းသော အဆင်း, တပ်စွန်းသူ, တပ်ဆိုးအပ်သော အရာဝတ္ထု၌။ သိယာ၊ ဖြစ်ရာ၏။

[ဗာလ သဒ္ဒါဟောနက် (၂)နက်။ ရတ္တ-သဒ္ဒါဟောနက် (၄) နက်။ နိတိ၊ဓာ၊၁၆၁၊၁၃၂-၌——

ဗာလောတိ ဒိဋ္ဌဓမ္မိကသမ္ပရာယိကသင်္ခါတေ ဒွေ အနတ္ထေ ဒေဝဒတ္တကောကာလိကာဒယော ဝိယ လာတိ အာဒါဒတီတိ ဗာလော။ ဣမာနိ ပန တံနာမာနိ—

ဗာလော အဝိဒ္ဒါ အညော စ၊ အညာဏီ အဝိစက္ခဏော။
အပဏ္ဍိတော အကုသလော၊ ဒုမ္မေဓော ကုမတိ ဇဠော။
ဠေမူဂေါ စ နိပ္ပညော၊ ဒုမ္မေဓိ အဝိဒူ မဂေါ။
အဝိညူ အန္ဓဗာလော စ၊ ဒုပ္ပညော စ အဝိဒ္ဒသု—

ဟူ၍ ဗာလ၏ ဝစနတ္ထနှင့် ပရိယာယ်များ လာရှိ၏။]

(၉၂၄) တစေ ကာယေ စ တန္ဒိ'တ္ထိ၊ တိသွ'ပ္ပေ ဝိရဠေ ကိသေ။
ဥတုဘေဒေ တု သိသိရော၊ ဟိမေ သော သီတလေ တိသု။

(၉၂၄) ဣတ္ထိ တနု၊ ဣတ္ထိလိင် တနု-သဒ္ဒါသည်။ တစေ၊ အရေ၌ရင်း။ ကာယေ စ၊ ကိုယ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု တနု၊ သုံးလိင်ဆံ တနု-သဒ္ဒါသည်။ အပ္ပေ၊ နည်းသည်၌ရင်း။ ဝိရဠေ၊ ကျဲသည် ပါးသည်၌ရင်း။ ကိသေ၊ ကြုံလှီပိန်ချုံးသည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သိသိရော၊ သိသိရ-သဒ္ဒါသည်။ ဥတုဘေဒေ၊ သိသိရဥတု(ဥတုအထူး)၌ရင်း။ ဟိမေ၊ ဆီးနှင်း၌ရင်း။ သီတလေ၊ ချမ်းအေးသည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထိုသိသိရ-သဒ္ဒါသည်။ တိသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။

[တန္-သဒ္ဒါဟောနက် (၅)နက်။ သိသိရ-သဒ္ဒါဟောနက် (၃) နက်။ နီတိ၊ ဓာ။ ၂၆၂-၌ "တန္ုတိ သရီရံ။ တဒ္ဓိ ကလလတော မင္ဂာယ ကမ္မာဒီဟိ ယထာသမ္ဘဝံ တနိယျတိ ဝိတ္ထာ-ရီယတိ မဟတ္တံ ပါပီယတိတိ 'တနု'တိ ဝုစ္စတိ။ တနု ဝပု သရီရံ ပုံ ကာဝေယာ ဒေဟောတိအာဒယော သရီရဝါစကသဒ္ဒါ"ဟူ၍ တနု၏ ဝိဂ္ဂဟနှင့် ပရိယာယ်ကို ပြဆို၏။ ၎င်းအပြင် တနု-သဒ္ဒါကို အနိပ္ဖန္န ပါဋိပဒိက ပုဒ်ဟုလည်း ဆိုသည်။ နိစ္စယေန ပန အနိပ္ဖန္နပါဋိပဒိကောတိ ဂဟေတဗ္ဗော။ နီတိ၊ ဓာ။ ၂၆၂။]

(၉၂၅) သက္ခရာ ဂုဠဘေဒေ စ၊ ကထလေပိ စ ဒိဿတိ။
အနုဂ္ဂဟေ တု သဂ်ေပေ၊ ဂဟဏေ သင်္ဂဟော မတော။

(၉၂၅) သက္ခရာ၊ သက္ခရာ-သဒ္ဒါသည်။ ဂုဠဘေဒေ စ၊ သကြား (တင်လဲ အထူး)၌၎င်း။ ကထလေပိ စ၊ အိုးခြမ်းကွဲ၌၎င်း။ ဒိဿတိ၊ ထင်၏။ တု၊ ထိုမှ တပါး။ သင်္ဂဟော၊ သင်္ဂဟ-သဒ္ဒါကို။ အနုဂ္ဂဟေ၊ ချီးမြှောက်ခြင်း၌၎င်း။ သင်္ခေပေ၊ အကျဉ်း၌၎င်း။ ဂဟဏေ၊ ယူခြင်း၌၎င်း။ မတော၊ သိအပ်၏။

[သက္ခရာ-သဒ္ဒါဟောနက် (၂)နက်။ သင်္ဂဟ-သဒ္ဒါဟောနက် (၃) နက်။ သက္ခရာ-သဒ္ဒါ ဓာန်၊ ဋီ-၌ ကျောက်ခဲပိုင်းဟူ၏။ ကျောက် ညို့ ဓားသွေးကျောက်ကိုလည်း ဟောသည်။ သက္ခရဓောတပါဏိတိ သက္ခရာယ ဓောတပါဏိ၊ တေလေန ပါသာဏေ ဓောတ-အသိဟတ္ထော။ ဇာ၊ဋ္ဌ၊၂။ ၂၆၀။]

(၉၂၆) ဒက္ခေ စ တိခိဏေ ဗျတ္တော၊ ရောဂမုတ္တေ ပသုတ္တိသု။
ရာဇာ တု ခတ္တိယေ ဝုတ္တော၊ နရနာထေ ပဘုမှိ စ။

(၉၂၆) ပဋ္ဋု၊ ပဋ္ဋု-သဒ္ဒါကို။ ဒက္ခေ စ၊ မပျင်းမရိသော သူ၌၎င်း။ တိခိဏေ၊ ထက်မြက်သည်၌၎င်း။ ဗျတ္တော၊ လိမ္မာသူ၌၎င်း။ ရောဂမုတ္တော၊ အနာရောဂါမှ လွတ်သူ၌၎င်း။ ဝါ၊ အနာရောဂါ ကင်းကွာသူ၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ အယံ၊ ဤပဋ္ဋု-သဒ္ဒါသည်။ တီသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ် ရာ၏။ တု၊ ထိုမှတပါး။ ရာဇာ၊ ရာဇ-သဒ္ဒါကို။ ခတ္တိယေ၊ ခတ္တိယမျိုး၌၎င်း။ ဝါ၊ မင်းမျိုး၌၎င်း။ နရနာထေ၊ မင်း (ရှင်ဘုရင်)၌၎င်း။ ပဘုမှိ စ၊ အရှင် သခင်၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။

[ပဋ္ဌု-သဒ္ဒါဟောနက်(၄)နက်။ ရာဇ-သဒ္ဒါဟောနက်(၃)နက်။ ရာဇာ-ပုဒ်ကို နီတိ၊ ဓာ။ ၄၆-၌ "ရာဇာတိ ပထဝိဿရော၊ တွေ ဓာတုဒ္ဒယဝသေန နိပ္ဖန္နာနိ နိယျန္တော၊ နာနာသမ္ပတ္တိဟိ ရာဇတိ ဒိပ္ပတိ ဝိရောစတီတိ ရာဇာ။ ဒါနဥ္စ ပိယဝစနဉ္စ အတ္ထစရိယာ စ သမာနတ္တတာ စာတိ ဣမေဟိ စတူဟိ သင်္ဂဟဝတ္ထူဟိ အတ္တနိ မဟာဇနံ ရဥ္ဇေတီတိပိ ရာဇာ"ဟူ၍ ရာဇ, ရဥ္ဇ-ဓာတ်ဖြင့် ဝစနတ္ထ ပြုသည်။]

(၉၂၇) ခလဥ္စ ဧညကရဏော၊ ကဏ္ဍော နီစေ ခလော ဘဝေ။
အထုပ္ပါဒေ သမုဒယော၊ သမူဟော ပစ္စယေပိ စ။

(၉၂၇) ခလံ၊ နပုလ္လိင် ခလ-သဒ္ဒါသည်။ ဧညကရဏော၊ ကောက်နယ်တလင်း၌၎င်း။ ကဏ္ဍော၊ ရေချိုးကသယ်မှုန့်၌၎င်း။ ဘဝေ၊ ဖြစ်၏။ ခလော၊ ပုလ္လိင် ခလ-သဒ္ဒါသည်။ နီစေ၊ ယုတ်ညံ့သူ၌။ ဘဝေ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ သမုဒယော၊ သမုဒယ-သဒ္ဒါသည်။ ဥပ္ပါဒေ၊ ဖြစ်ခြင်း၌၎င်း။ သမူဟော၊ အပေါင်း၌၎င်း။ ပစ္စယေပိ စ၊ အကြောင်း၌၎င်း။ ဘဝေ၊ ဖြစ်၏။

[ခလ - သဒ္ဒါဟောနက် (၃) နက်။ သမုဒယ-သဒ္ဒါဟောနက် (၃)နက်။ ခလ-သဒ္ဒါ အစုအပုံကိုလည်း ဟောသည်။ ခလိယတိ သမာဒိယတီတိ ခလံ၊ ရာသီတိ အာဟ "ကော် မံသခလန္တိ ကော် မံသရာသိ"န္တိ။ မဒွီ၊ ၃။ ၃၁။]

(၉၂၈) ဗြဟ္မစာရီဂဟဋ္ဌာဒေါ၊ အဿမော စ တပေါဝနေ။
ဘယက်ရေ တု ကဋ္ဌနေ၊ ကုရူရော တီသု နိဒ္ဒယေ။

(၉၂၈) အဿမော၊ အဿမ သဒ္ဒါသည်။ ဗြဟ္မစာရီဂဟဋ္ဌာဒေါ၊ ဗြဟ္မစာရီ, ဂဟဋ္ဌ အစရှိသော အဿမ လေးပါး၌၎င်း။ တပေါဝနေ၊ သီတင်းသုံးရာ ကျောင်းသခ်မ်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ကုရူရော၊ ကုရူရ-သဒ္ဒါသည်။ ဘယက်ရေ၊ ဘေးအန္တရာယ်ပြုတတ်သော အရာဝတ္ထု၌၎င်း။ ကဋ္ဌနေ၊ ကြမ်းတမ်းခက်ထန်သော ဝတ္ထု၌၎င်း။ နိဒ္ဒယေ၊ သနားခြင်းမဖက် ရက်စက်သူ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[အဿမ သဒ္ဒါဟောနက်(၂)နက်။ ကုရူရ-သဒ္ဒါဟောနက်(၃)နက်။ ဂဟဋ္ဌာဒေါ-၌ အာဒိဖြင့် ဝနပ္ပတ္ထနှင့် ဘိက္ခုကို ယူရာ၏။

ဖြဟ္မစာရိ ဂဟဋ္ဌော စ၊ ဝနပ္ပတ္ထော စ ဘိက္ခုတိ။
ဘဝန္တိ စတ္တာရော ဧတေ၊ အဿမာ ပုနပုံသကေ။
အဘိဓာန်။၄၀၉-ဖြန့်၍ ကြည့်။

တပေါဝန-ကို ဘိက္ခုနည့္သ ဝသနဋ္ဌာနဘူတံ တပေါဝနံ-ဟု သံဒ္ဒီ၊ ၁။၂၇၅-၌ ဆို၏။ တာပသသေဝိတေ ဝနဘေဒေ တန္ဒမကေ တိတ္ထဘေဒေ စ-ဟု ဝါစပ္ပတိအဘိဓာန်၌ ဆို၏။]

(၉၂၉) ကနိဋ္ဌော ကနိယော တီသု၊ အတျပ္ပေ တိယုဝေ ပျထ။
သီဃမှိ လဟု တံ ဣဋ္ဌ–နိဿာရ ဂရုသုတ္တိသု။

(၉၂၉) ကနိဋ္ဌော၊ ကနိဋ္ဌ-သဒ္ဒါသည့်ရင်း။ ကနိယော၊ ကနိယ သဒ္ဒါသည့်ရင်း။ အတျပ္ပေ၊ လွန်စွာနည်းသည့်၌ရင်း၊ အတိယုဝေ၊ လွန်စွာပျိုမျစ်သူ၌ရင်း။ (မိုးဦးပေါက်သစ် မျစ်စို့ပုံလို ပျိုမျစ်သူ၌ရင်းလည်း ဟူ။) သိယာ၊ ဖြစ်ရာ၏။ တီသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ လဟု၊ ပုလ္လိင် လဟု-သဒ္ဒါသည်။ သီဃမှိ၊ လျင်မြန်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနံ၊ ဖြစ်သော။ တံ၊ ထို လဟု-သဒ္ဒါသည်။ ဣဋ္ဌနိဿာရဂရုသု၊ အလိုရှိအပ်သည်, အနှစ်မရှိသည်, မလေးသည် တို့၌။ သိယာ၊ ဖြစ်ရာ၏။

[ကနိဋ္ဌ, ကနိယ-သဒ္ဒါဟောနက်(၂)နက်။ လဟု-သဒ္ဒါဟောနက် (၄)နက်။ ကဏိယ, ကဏိဋ္ဌ-ကို ဝိသေသေန အပ္ပေပိ ကဏိယော၊ ကဏိဋ္ဌော၊ ရူ။၃၉၅-၌ ဆို၏။ နိဟိ၊သုတ္တ။၅၁၆-၌ ခုဒ္ဒကာဿ ကဏော-ဟူ၏။]

(၉၃၀) အခရော တီသ္ဝဓော ဟီနေ၊ ပုမေ ဒန္တစ္ဆဒေ ပျထ။
သုဿူသာ သောတုမိစ္ဆာယ၊ သာ ပါရိစရိယာယ စ။

(၉၃၀) တီသု အဓရော၊ သုံးလိင်သံ အဓရ-သဒ္ဒါသည်။ အဓော၊ အောက်အဖို့၌ရင်း။ ဟီနေ၊ ယုတ်ညံ့သူ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ပုမေ အဓရော၊ ပုလ္လိင် အဓရ-သဒ္ဒါသည်။ ဒန္တစ္ဆဒေ၊ နှုတ်ခမ်း၌။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ သုဿူသာ၊ သုဿူသာ-သဒ္ဒါသည်။ သောတုမိစ္ဆာယံ၊ နားထောင်လိုခြင်း၌ရင်း။ ပါရိစရိယာယ စ၊ ခစား လုပ်ကျွေးခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ သာ၊ ဣတ္ထိလိင်တည်း။

[အဝရေ-သဒ္ဒါဟောနက်(၃)နက်။သုဿူသာ-သဒ္ဒါဟောနက်(၂) နက်။ အဝရေ-သဒ္ဒါကို "အဝရေ-သဒ္ဒေါပိ ပေဋ္ဌိမဝါစကော ဝတ္တာ-ဝစနော ယေဝ၊ သော စ တိလိင်္ဂေါ 'အဝရော ပတ္တော၊ အဝရာ အရုဏာ၊ အဝရံ ဘာဇနံ'မိတိ"ဟု နိဝိ၊ပဒ။၃၅၃-၌ ဖွင့်၏။]

(၉၃၁) ဟတ္ထော ပါဏိမှိ ရတနေ၊ ဂဏော သောဏ္ဍာယ ဘန္တရေ။
အာဝါဋ္ဌေ ဥဒပါနေ စ၊ ကူပေါ ကုမ္ဘေ စ ဒိဿတိ။

(၉၃၁) ဟတ္ထော၊ ဟတ္ထ-သဒ္ဒါသည်။ ပါဏိမှိ၊ လက်၌၎င်း။ ရတနေ၊ တံတောင်၌၎င်း။ ဂဏော၊ အပေါင်း၌၎င်း။ သောဏ္ဍာယ၊ ဆင်နှာမောင်း၌ ၎င်း။ ဘန္တရေ၊ ဟဿတနက္ခတ်(နက္ခတ်အထူး)၌၎င်း။ ဒိဿာ၊ ဖြစ်ရာ၏။ ကူပေါ၊ ကူပ-သဒ္ဒါသည်။ အာဝါဋ္ဌေ၊ တွင်း၌၎င်း။ ဥဒပါနေ၊ ရေကွင်း၌ ၎င်း။ ကုမ္ဘေ၊ ရွက်တိုင်၌၎င်း။ ပါ၊ လင်းယုန်တိုင်၌၎င်း။ ဒိဿတိ၊ တင်၏။

[ဟတ္ထ-သဒ္ဒါဟောနက် (၅)နက်။ ကူပ-သဒ္ဒါဟောနက် (၃) နက်။ မောဂ်၊ ၇။၁၁၅-၌ ကူပ ကို "ဘဝန္တိ နဒန္တိ ဗော္ဓာတိ ကူပေါ"ဟု ဝိဂ္ဂြိုဟ်ပြု၏။ ကူပ-သဒ္ဒါ ကျင်ကြီးတွင်း မစင်ပေါ်င်းကို လည်း ဟောသည်။ ကဒ္ဒမေ လဂ္ဂါယပိ ကူပေ ပတိတာယပိ ဧသေဝ နယော။ ဝိ၊ဋ္ဌ၊၂။၁၂၉။]

(၉၃၂) အာဒေါ ပဓာနေ ပဌမံ၊ ပမုခဥ္စ တိလိင်္ဂိကံ။
ဝဇ္ဇာဘေဒေ စ ဝိတတံ၊ တံ ဝိတ္ထာရေ တိလိင်္ဂိကံ။

(၉၃၂) ပဌမံ၊ ပဌမ-သဒ္ဒါသည်၎င်း။ ပမုခဥ္စ၊ ပမုခ-သဒ္ဒါသည်၎င်း။ အာဒေါ၊ ရှေးဦးအစ၌၎င်း။ ပဓာနေ၊ ပြဓာန်းသည်၌၎င်း။ ဒိဿာ၊ ဖြစ်ရာ ၏။ တိလိင်္ဂိကံ၊ သုံးလိင်ဆံ၏။ ဝိတတံ၊ နပုလ္လိင် ဝိတတ-သဒ္ဒါသည်။ ဝဇ္ဇ-ဘေဒေ၊ နှစ်ဖက်ပိတ်စည်၌။ ဒိဿာ၊ ဖြစ်ရာ၏၊ တိလိင်္ဂိကံ၊ သုံးလိင်ဆံသော။ တံ၊ ထို ဝိတတ-သဒ္ဒါသည်။ ဝိတ္ထာရေ၊ ကျယ်ပြန့်သည်၌။ ဒိဿာ၊ ဖြစ်ရာ၏။

[ပဌမ-သဒ္ဒါ, ပမုခ- သဒ္ဒါ (၂)နက်။ ဝိတတ-သဒ္ဒါ (၂)နက်။ ပဌမ-သဒ္ဒါ မြတ်သည်ကိုလည်း ဟော၏။ ပဌမောတိ ဂဏနာနု-ပုဗ္ဗတော သဗ္ဗလောကုတ္တမဘာဝတော စ ပဌမော ပုဂ္ဂလော။ ဣတိဝုတ်၊ဋ္ဌ။၂၅၂။]

(၉၃၃) သာရော ဗလေ ထိရံသေ စ၊ ဥတ္တမေ သော တိလိင်္ဂိကော။
ဘာရော တု ခန္ဓဘာရာဒေါ၊ ဒွိသဟဿပလေပိ စ။

(၉၃၃) သာရော၊ ပုလ္လိင် သာရ-သဒ္ဒါသည်။ ဗလေ၊ ခွန်အား၌၎င်း။ ထိရံသေ စ၊ မြဲမြံသော အဖို့၌၎င်း။ ဝါ၊ သစ်သား-စသည်တို့၏ အနှစ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထို သာရ-သဒ္ဒါသည်။ ဥတ္တမေ၊ မြတ်သည်၌။ ဝတ္တမာနော၊ဖြစ်ပါမူ။ တိလိင်္ဂိကော၊လိင်သုံးပါးနှင့်ယှဉ်၏။ တု၊ ထိုမှတပါး။ ဘာရော၊ ဘာရ-သဒ္ဒါသည်။ ခန္ဓဘာရာဒေါ၊ ပခုံးဝန်-စသည်၌၎င်း။ ဝါ၊ ခန္ဓာဝန်-စသည်၌၎င်း။ဒွိသဟဿပလေပိ စ၊ပိုလ်(၂၀၀၀)နှစ်ထောင်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[သာရ-သဒ္ဒါဟောနက် (၃)နက်။ ဘာရ-သဒ္ဒါဟောနက် (၂) နက်။ ထိရံသ-ကို ထိရကောဋ္ဌာသော-ဟု ဋီကာဖွင့်သည်။ ခိုင်ခံ့သော အဖို့ဟူသည် သစ်သား အစရှိသည်တို့၏ အနှစ်ပင်တည်းဟု ယူရာ၏။ သာရ-သဒ္ဒါ အဖိုးတန် စိန် ရွှေ ငွေ အစရှိသော ရတနာ ပစ္စည်းများကိုလည်း ဟောသည်။ ဟတ္ထသာရံ ဂဟေတွာ....ဘူမိယံ နိပဇ္ဇိတွာ။ မဋ္ဌ၊၄၊၇၁။ ခန္ဓဘာရာဒေါ-ကို ပခုံးဝန်-စသည်ဟု ပေးခဲ့၏။ ဋီကာ၌ "ခန္ဓဘာရော ခန္ဓေန ဝဟိတဗ္ဗော ဘာရော။ အာဒိနာ ကဋိဘာရာဒယော ဂဟိတာ"ဟု ဖွင့်သည်။ ဘာရ ဟာဝေ ပဉ္စက္ခန္ဓာ။ သံ၊၂။၂၂-ကို ထောက်၍ ခန္ဓာဝန်-စသည်ဟု လည်း အနက်ပေးလိုက်သည်။]

(၉၃၄) မန္ဒိရေ ရောဂဘေဒေ စ၊ ခယော အပစယမှိ စ။
ဝါဠော တု သာပဒေ သပ္ပေ၊ ကုရူရေ သော တိလိင်္ဂိကော။

(၉၃၄) ခယော၊ ခယ-သဒ္ဒါသည်။ မန္ဒိရေ၊ အိမ်၌၎င်း။ ရောဂဘေဒေ စ၊ ခယရှဂ်အနာ(ရောဂါအထူး)၌၎င်း။ ဝါ၊ ချောင်းဆိုးနာ၌၎င်း။ အပစယမှိ စ၊ ပျက်စီးခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဝါဠော၊ ဝါဠ-သဒ္ဒါသည်။ သာပဒေ၊ သားရဲ၌၎င်း။ သပ္ပေ၊ မြွေ၌၎င်း။ ကုရူရေ၊ ကြမ်းတမ်းသူ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထို ဝါဠ-သဒ္ဒါသည်။ တိလိင်္ဂိကော၊ လိင်သုံးပါးနှင့်ယှဉ်၏။ ဝါ၊ သုံးလိင်ဆံ၏။

[ခယ-သဒ္ဒါဟောနက်(၃)နက်။ ဝါဠ-သဒ္ဒါဟောနက်(၃)နက်။ ခယ-သဒ္ဒါ ကိလေသာတို့၏ ကုန်ရာ နိဗ္ဗာန်ကိုလည်း ဟောသည်။ ခယေ ရတော ကိလေသက္ခယေ ရတော။ သံ၊ဋ္ဌ၊၃။၃၂၀။ ကိလေသာ ခီယန္တိ ဧတ္ထာတိ ကိလေသက္ခယော နိဗ္ဗာနံ။ သံ၊ဋီ၊၂။ ၅၃၆။ အာသဝကုန်ရာ အရဟတ္တဖိုလ်ကိုလည်း ဟော၏။ အာသဝါနံ ခယော ဧတေန ဝုစ္စတီတိ...အာသဝက္ခယော နာမ အရဟတ္တံ။ သံ၊ဋ္ဌ၊၃။၁၆၀။ ကိလေသာတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ကိုလည်း ဟောသည်။ ခယေ ဉာဏန္တိ ကိလေသက္ခယကရေ အရိယမဂ္ဂေ ဉာဏံ။ ဒီ၊ဋ္ဌ၊၃။၁၆၇။]

(၉၃၅) သာလော သဇ္ဇဒုမေ ရုက္ခေ၊ သာလာ ဂေဟေ စ ဒိဿတိ။
သောတေ တု သဝနံ ဝုတ္တံ၊ ယဇနေ့ သုတိယမ္ပိ စ။

(၉၃၅) သာလော၊ ပုလ္လိင် သာလ-သဒ္ဒါသည်။ သဇ္ဇဒုမေ၊ အင်ကြင်းပင်၌၎င်း။ ရုက္ခေ၊ သစ်ပင်သာမာန်၌၎င်း။ ဒိဿတိ၊ ထင်၏။ သာလာ၊ ဣတ္ထိလိင် သာလာ-သဒ္ဒါသည်။ ဂေဟေ၊ အိမ်၌။ ဒိဿတိ၊ ထင်၏။ တု၊ ထိုမှတပါး။ သဝနံ၊ သဝန-သဒ္ဒါကို။ သောတေ၊ နား၌၎င်း။ ယဇနေ၊ ပူဇော်ခြင်း၌၎င်း။ သုတိယံ၊ နာကြားခြင်း၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။

[သာလ-သဒ္ဒါဟောနက် (၃) နက်။ သဝန-သဒ္ဒါဟောနက် (၃) နက်။ သာလအတ္ထုဒ္ဓါရ မ၊ဋ္ဌ၊၁။၁၇၇၊၁၇၈။ နီတိ၊ဓာ။၂၃၊ ၂၄-တို့၌ လာ၏။

နီတိ၊ဓာ။၂၄-၌ပင်—

သာလရုက္ခေ ဇေဋ္ဌရုက္ခေ၊ ယသ္မိံ ကသ္မိံစိ ပါဒပေ။
သာလော ဣတိ ရဝေါ သာလာ၊ သန္ထာဂါရေ ထိယံ သိယာ—

ဟူ၍ သာလအတ္ထုဒ္ဓါရ သင်္ဂဟဂါထာ လာရှိ၏။]

(၉၃၆) တီသု ပေတော ပရေတော စ၊ မတေ စ ပေတယောနိဇေ။
ချာတေ တု ဟဋ္ဌေ ဝိညာတေ၊ ပတီတံ ဝါစ္စလိင်္ဂိကံ။

(၉၃၆) ပေတော၊ ပေတ-သဒ္ဒါသည်၎င်း။ ပရေတော၊ ပရေတ-သဒ္ဒါသည်၎င်း။ မတေ၊ သေသူ၌၎င်း။ ပေတယောနိဇေ၊ ပြိတ္တာမျိုး၌၎င်း။

သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှ တပါး။ ပတိတ၊ ပတိတ-သဒ္ဒါသည်။ ချာတေ၊ ထင်ရှားသည်၌ရင်း။ ဟဋ္ဌေ၊ ရွှင်ပျသည်၌ရင်း။ ဝိညာတေ၊ သိအပ်သည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ဝါစ္စလိင်္ဂိကံ၊ ဝါစ္စလိင်သို့ လိုက်သော ပုဒ်ရှိ၏။

[ပေတ, ပရေတ-သဒ္ဒါဟောနက် (၂) နက်။ ပတိတ-သဒ္ဒါ ဟောနက် (၃) နက်။ အမရကောသ။ ၃၅၉-၌ "ပတီတော ပတီတ-ချာတံ ဝိတ္တဝိညာတဝဲဿုတာ" ဟူ၍ လာ၏။]

(၉၃၇) အမိပ္ပါယေ စ သာဓာရေ၊ အာသယော ကထိတော ထ စ။
ပတ္တံ ပက္ခေ ဒလေ ပတ္တော၊ ဘာဇနေ သော ဂတေ တိသု။

(၉၃၇) အာသယော၊ အာသယ-သဒ္ဒါကို။ အမိပ္ပါယေ စ၊ အလို၌ရင်း။ ဝါ၊ ထင်မြင်ချက်၌ရင်း။ အာဓာရေ၊ တည်ရာ၌ရင်း။ ကထိတော၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ ပတ္တံ၊ နပုလ္လိင် ပတ္တ-သဒ္ဒါသည်။ ပက္ခေ၊ ငှက်တောင်၌ရင်း။ ဒလေ၊ သစ်ရွက်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ပတ္တော၊ ပုလ္လိင် ပတ္တ-သဒ္ဒါသည်။ ဘာဇနေ၊ ခွက်၌ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနော၊ ဖြစ်သော။ သော၊ ထို ပတ္တ-သဒ္ဒါသည်။ ဂတေ၊ ရောက်အပ်သော အရာဝတ္ထု၊ ရောက်သူ၌၊ သိယာ၊ ဖြစ်ရာ၏။

[အာသယ-သဒ္ဒါဟောနက် (၂) နက်။ ပတ္တ-သဒ္ဒါဟောနက် (၄) နက်။ အာသယ သဒ္ဒါ သတ္တဝါတို့၏ နေရာကိုလည်း ဟော သည်။ သာရမ္ဘ နာမ ကိပိလ္လိကာနံ အာသယော။ ဝိ၊၁။ ၂၂၆။ ဂါထာတို့၏ တည်ရာဖြစ်ရာ ကဗျာဆရာကိုလည်း ဟောသည်။ ကဝိ ဂါထာန မာသယော။ သံ၊၁၊ ၃၆။ စည်းစိမ်တို့၏ တည်ရာ ကျက်သရေကိုလည်း ဟောသည်။ သိရီ ဘောဂါန မာသယော။ သံ၊၁။၄၁။]

(၉၃၈) ကုသလေ သုဂတံ သုဋ္ဌု-ဂတေ စ သုဂတော တိသု။
တပဿီ တွ'နုကမ္ပာယာ-ရပေ ဝုတ္တော တပေါဓနေ။

(၉၃၈) သုဂတံ၊ နပုလ္လိင် သုဂတ-သဒ္ဒါသည်။ ကုသလေ၊ ကောင်းမှုကုသိုလ်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု သုဂတော၊ သုံးလိင်ဆံ သုဂတ-သဒ္ဒါသည်။ သုဋ္ဌုဂတေ၊ ကောင်းစွာ ပြုအပ်သော အရာဝတ္ထု၌။ သိယာ၊

ဖြစ်ရာ၏။ တုံ ထိုမှတပါး။ တပဿီ၊ တပဿီ-သဒ္ဒါကို။ အနုကမ္ပာယာရဟော၊ သနားထိုက်သော သတ္တဝါ၌ဎင်း။ ပါ၊ ဒုက္ခိတ သတ္တဝါ၌ဎင်း။ တပေါမနေ၊ ရဟန်း၌ဎင်း။ (ရသေ၌လည်း ဟူ၏။) ဝုတ္တော၊ ဆိုအပ်၏။

[သုကာဘ-သဒ္ဒါဟောနက် (၂) နက်။ တပဿီ-သဒ္ဒါဟောနက် (၂) နက်။ တပဿီ-သဒ္ဒါ အကျယ်ကို နှိပ်စက်ဖျက်ဆီးပြီးသော ဘုရား,ရဟန္တာ, အရိယာပုဂ္ဂိုလ် ကိုလည်း ဟောသည်။ တေ တပေ အဿသိ နိရဿိ ပဟာသိ ဝိဒ္ဓံသေသီတိ တပဿီ။ ဝိ၄၊၁။၁၀၇။]

(၈၃၉) တီသု သုရာဒိလောလသ္မိံ၊ သောဏ္ဍော ဟတ္ထိကရေ ဒွိသု။ အဿာဒနေ တု ရသနံ၊ ဇိဝှါယဥ္စ ဓနိမှိ စ။

(၈၃၉) တီသု သောဏ္ဍော၊ သုံးလိင်ဆံ့ သောဏ္ဍ-သဒ္ဒါသည်။ သုရာဒိလောလသ္မိံ၊ သေရည်သေရက် သောက်ခြင်း, ကြွေအန်ကစားခြင်း အစရှိသည်ဖြင့် ပျော်ပေါ်လော်လည်သူ၌။ သိယာ၊ ဖြစ်ရာ၏။ ဒွိသု သောဏ္ဍော၊ ပုလ္လိင် နပုလ္လိင် နှစ်လိင်ဆံ့ သောဏ္ဍ-သဒ္ဒါသည်။ ဟတ္ထိကရေ၊ ဆင်နှာမောင်း၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ရသနံ၊ ရသန-သဒ္ဒါသည်။ အဿာဒနေ၊ သာယာခြင်း၌ဎင်း။ ဇိဝှါယဥ္စ၊ လျှာ၌ဎင်း။ ဓနိမှိ စ၊ အသံ၌ဎင်း။ သိယာ၊ ဖြစ်ရာ၏။

[သောဏ္ဍ-သဒ္ဒါဟောနက် (၂) နက်။ ရသန-သဒ္ဒါဟောနက် (၃) နက်။ အမရကောသ၊ ၂၁.၂၃.၌ "မဒတ္တ သောဏ္ဍော" ဟူ၍ ပုံယစ်သူ ဘနက်သာ လာ၏။ ၇၂၃-ဂါထာ၌လည်း ကြည့်။]

(၈၄၀) ပဏီဒတာ တီသု မဓုရေ၊ ဥဘ္ဘဓေ ဝိဟိတေ ပျထ။ အဥ္စ္ဆသာ ဝိသိခါယဥ္စ၊ ပန္တိယံ ဝီထိ နာရိယံ။

(၈၄၀) ပဏီတော၊ ပဏီတ-သဒ္ဒါသည်။ မဓုရေ၊ သာယာအပ်သည်၌ ဎင်း။ ဂါ၊ သာယာဖွယ်၌ဎင်း။ ဥတ္တမေ၊ မြတ်သည်၌ဎင်း။ ဝိဟိတေ၊ စီရင်အပ်သည်၌ဎင်း။ ဘဝေ၊ ဖြစ်၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဝီထိ၊ ဝီထိ သဒ္ဒါသည်။ အဥ္စသေ၊ ခရီးလမ်း၌ဎင်း။ ဝိသိခါယဥ္စ၊ ခရီးလမ်းမ၌ဎင်း။ ပါ၊ လမ်းကျယ်၌ဎင်း။ ပန္တိယံ၊ အစဉ်၌ဎင်း။ ဘဝေ၊ ဖြစ်၏။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ပဏီတ-သဒ္ဒါဟောနက် (၃) နက်။ ဝိထိ-သဒ္ဒါဟောနက်(၃) နက်။ ပဏီတ-သဒ္ဒါ မရောင့်ရဲနိုင်သည် ဟူသော အနက်ကိုလည်း ဟောသည်။ ပဏီတောတိ အတပ္ပကော။ ဒီဋ္ဌ၊၂။၅၅။ ဝိထိ-သဒ္ဒါ စိတ်အစဉ်ကိုလည်း ဟောသည်။ ဝိထိ စိတ္တပရမ္ပရာ။ ဋီကာ-ကျော်။ ၁၃၈။]

(၉၄၁) ပါပသ္မိံ ဂဂနေ ဒုက္ခေ၊ ဗျသနေ စာ'ဃ မုစ္စတေ။
သမူဟေ ပဋလံ နေတ္တ-ရောဂေ ဝုတ္တံ ဆဒိမှိ စ။

(၉၄၁) အဃံ၊ အဃ-သဒ္ဒါကို။ ပါပသ္မိံ၊ မကောင်းမှု၌ရင်း။ ဂဂနေ၊ ကောင်းကင်၌ရင်း။ ဒုက္ခေ၊ ဆင်းရဲ၌ရင်း။ ဗျသနေ စ၊ ပျက်စီးခြင်း၌ရင်း။ ဥစ္စတေ၊ ဆိုအပ်၏။ ပဋလံ၊ ပဋလ-သဒ္ဒါကို။ သမူဟေ၊ အပေါင်း၌ရင်း။ နေတ္တရောဂေ၊ မျက်စိရောဂါ၌ရင်း။ ဝါ၊ မျက်စိနာ တိမ်သလာ၌ရင်း။ ဆဒိမှိ စ၊ အမိုး၌ရင်း။ ဝုတ္တံ၊ ဆိုအပ်၏။

[အဃ-သဒ္ဒါဟောနက် (၄) နက်။ ပဋလ-သဒ္ဒါဟောနက် (၃) နက်။ အဃ-သဒ္ဒါ ဆင်းရဲ၏တည်ရာ ခန္ဓာကိုယ် အတ္တဘောကိုလည်း ဟောသည်။ အဃန္တိ အဃဝတ္ထု၊ တေနာဟ ဒုက္ခပတိဋ္ဌာနတ္တာတိ။ သံ၊ဋီ၊၁။၂၂၇။ ပဋလ-သဒ္ဒါ ပျားသလက်ကိုလည်း ဟောသည်။ မဓုပဋလန္တိ မဓုရဟိတံ ကေဝလံ မဓုပဋလံ။ သာရတ္ထ၊ ၂။၄၃၂။]

(၉၄၂) သန္ဓိ သံဃဋ္ဋနေ ဝုတ္တော၊ သန္ဓိ'တ္ထီ ပဋိသန္ဓိယံ။
သတ္တန္နံ ပူရဏေ သေဋ္ဌေ-တိသန္တေ သတ္တမော တိသု။

(၉၄၂) သန္ဓိ၊ ပုလ္လိင် သန္ဓိ-သဒ္ဒါကို။ သံဃဋ္ဋနေ၊ စပ်ခြင်း၌။ ဝုတ္တော၊ ဆိုအပ်၏။ ဣတ္ထီ သန္ဓိ၊ ဣတ္ထိလိင် သန္ဓိ-သဒ္ဒါကို။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေ၌။ ဝုတ္တာ၊ ဆိုအပ်၏။ သတ္တမော၊ သတ္တမ သဒ္ဒါသည်။ သတ္တန္နံ၊ ခုနစ်ခုတို့၏။ ပူရဏေ၊ ပြည့်ကြောင်း၌ရင်း။ သေဋ္ဌေ၊ မြတ်သည်၌ရင်း။ အတိသန္တေ၊ အလွန်ငြိမ်သက်သည်၌ရင်း။ သိယာ၊ ဖြစ်ရာ။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။

[သန္ဓိ-သဒ္ဒါဟောနက် (၂) နက်။ သတ္တမ-သဒ္ဒါဟောနက်(၃) နက်။ သန္ဓိ-သဒ္ဒါ အစပ် အကြား အပေါက်ကိုလည်း ဟောသည်။

သန္ဓိတိ ဘိန္နဃရာနံ သန္ဓိ။ သံ၊ ၄၊ ၂။ ၂၁၃။ ပိတ်ဆို့တတ်သော တံခါးရွက်ကိုလည်း ဟော၏။ အာလောကံ သန္ဓေန္တိ ပိဒဟန္တီတိ အာလောကသန္ဓိတိ ဝုတ္တေ ဝါတပါနကဝါဋကာယေဝါတိ ဒဿေန္တော....။ ပါစိတ်၊ ယော။၃၆။]

(၉၄၃) သြဇာ တု ယာပနာယဋ္ဌ၊ သြဇော ဒိတ္တိဗလေသု စ။
အထော နိသာမနံ ဝုတ္တံ၊ ဒဿနေ သဝနေပိ စ။

(၉၄၃) တု၊ ထိုမှတပါး။ သြဇာ၊ ဣတ္ထိလိင် သြဇာ-သဒ္ဒါသည်။ ယာပနာယံ၊ မျှတကြောင်း အရသာ၌။ သိယာ၊ ဖြစ်ရာ၏။ သြဇော၊ ပုလ္လိင် သြဇ-သဒ္ဒါသည်။ ဒိတ္တိဗလေသု၊ ထွန်းပခြင်း, အားအစွမ်းသတ္တိတို့၌။ သိယာ၊ ဖြစ်ရာ၏။ အထော၊ ထိုမှတပါး။ နိသာမနံ၊ နိသာမန-သဒ္ဒါကို။ ဒဿနေ၊ ရှုမြင်ခြင်း၌၎င်း။ သဝနေ၊ နားထောင်ခြင်း၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။

[သြဇ-သဒ္ဒါဟောနက် (၃)နက်။ နိသာမန-သဒ္ဒါဟောနက် (၂)နက်။ အဘိဓာန်ဆရာသည် သြဇ-အတ္ထုဒ္ဒါရကို "သြဇော ဒိပ္တော် ဗလေ"ဟူသော အမရကောသ၊၂၃။၂၃၂-နှင့်အညီ ဆို၏။]

(၉၄၄) ဂစ္ဆော ကုစ္ဆိဋ္ဌသတ္တေ စ၊ ကုစ္ဆိသြဝရကေသု စ။
ခဏ္ဍနေ တွ'ပဒါနဋ္ဌ၊ ဣတိဝုတ္တေ စ ကမ္မနိ။

(၉၄၄) ဂစ္ဆော၊ ဂဗ္ဘ-သဒ္ဒါသည်။ ကုစ္ဆိဋ္ဌသတ္တေ စ၊ ဝမ်း၌တည်သော သတ္တဝါ၌၎င်း။ ကုစ္ဆိသြဝရကေသု စ၊ ဝမ်းတိုက်, အိပ်ရာတိုက်ခန်း တို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ အပဒါနံ၊ အပဒါန-သဒ္ဒါသည်။ ခဏ္ဍနေ၊ ပိုင်းဖြတ်ခြင်း၌၎င်း။ ဣတိ ဝုတ္တေ၊ ဤသို့ ငါပြုခဲ့, ကျင့်ခဲ့ဘူးပြီဟု ဆိုအပ်သော။ ကမ္မနိ စ၊ ကောင်းမှု မကောင်းမှု၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဂဗ္ဘ-သဒ္ဒါဟောနက် (၃)နက်။ အပဒါန-သဒ္ဒါ ဟောနက် (၂)နက်။ ဂဗ္ဘ-သဒ္ဒါ အတ္ထုဒ္ဒါရ မ၊၄၊၂။ ၂၁၀။ မဋီ၊၂။၂၂၇။ အံ၊ဋီ၊၂။၁၄၇။ အံ၊ဋီ၊၃။၂၁၅။ သာရတ္ထ၊၂။၁၄-တို့၌ လာ၏။

ဂဗ္ဘ-သဒ္ဒါ ဒါန သီလ-စသော ကုသိုလ်ကောင်းမှု အဆောက်အဦကိုလည်း ဟောသည်။ ဓမ္မဂဗ္ဘံ ဝိဝဋ္ဋူပနိဿယံ ဒါနသီလာဒိ-ပုညသမ္ဘာရဂဗ္ဘံ။ အပ၊ဋ္ဌ၊၁။၃၁၇။ အပဒါန အတ္ထုဒ္ဒါရ အပ၊ဋ္ဌ၊၁။ ၁၁၃၊၁၁၄-တို့၌ လာ၏။]

(၈၄၅) စိတ္တကေ ရက္ခဘေဒေ စ၊ တိလကော တိလကာဠကေ။
သီလာဒေါ ပဋိပတ္တိ'တ္ထိ၊ ဗောဓေ ပတ္တိ ပဝတ္တိသု။

(၈၄၅) တိလကော၊ တိလက-သဒ္ဒါသည်။ စိတ္တကေ၊ မှန်ကူခြင်း၌ရှင်း။ ရက္ခဘေဒေ စ၊ ပြောက်စင်ပင်၌ရှင်း၊ ဝါ၊ မဲ့သော သစ်ကြပိုးပင်၌ရှင်း။ တိလကာဠကေ၊ မှဲ့၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထိ၊ ပဋိပတ္တိ၊ ဣတ္ထိလိင် ပဋိပတ္တိ-သဒ္ဒါသည်။ သီလာဒေါ၊ သီလ-စသည်၌ရှင်း။ ဗောဓေ၊ သိခြင်း၌ရှင်း။ ပတ္တိ ပဝတ္တိသု၊ ရောက်ခြင်း, ဖြစ်ခြင်းတို့၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

[တိလက-သဒ္ဒါဟောနက် (၃)နက်။ ပဋိပတ္တိ-သဒ္ဒါဟောနက် (၄)နက်။ တိလက-သဒ္ဒါ နှမ်းခဲ့ကိုလည်း ဟောသည်။ တိလကာ-ကတိ တိလကော။ ဓာန်၊ဋီ၊၃၀၁။ ကန်းဆာကိုလည်း ဟောသည်။ တိလကဘူတောတိ အလက်ခရ ရှုဗော။ ယာရဗ္ဗာ၊ ၁။၁၀၆။ ပဋိပတ္တိ-သဒ္ဒါ သိက္ခာ ၃-ပါးကို ဖြည့်ကျင့်ခြင်းကိုလည်း ဟောသည်။ ပဋိ-ပဇ္ဇနံ ပဋိပတ္တိ၊ သိက္ခတ္တယသမာဒါနဝသေနဝါ။ အံ၊ဋီ၊၁။၁၁၀။]

(၈၄၆) အာယုမှိ စ ဗလေ ပါဏော၊ သတ္တော ဟဒယဂါဝိလေ။
ဆန္ဒော ဝသေ အဓိပ္ပါယေ၊ ဝေဒေ'စ္ဆာနုဋ္ဌာဘာဒိသု။

(၈၄၆) ပါဏော၊ ပါဏ-သဒ္ဒါသည်။ အာယုမှိ စ၊ အသက်၌ရှင်း။ ဗလေ၊ ခွန်အား၌ရှင်း။ သတ္တေ၊ သတ္တဝါ၌ရှင်း။ ဟဒယဂါဝိလေ၊ ထွက်သက် ဝင်သက် လေ၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။ ဆန္ဒော၊ ဆန္ဒ-သဒ္ဒါသည်။ ဝသေ၊ အလိုဆန္ဒနှင့် စပ်သက်၌ရှင်း။ အဓိပ္ပါယေ၊ အလို၌ရှင်း။ ဝေဒေ၊ ဝေဒ ကျမ်း၌ရှင်း။ ဣစ္ဆာနုဋ္ဌာဘာဒိသု၊ အလို, မြက်ခင်မင် လိုချင်ခြင်း, အနုဋ္ဌာ-စသော ဆန္ဒတို့၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

[ပါဏ-သဒ္ဒါ ဟောနက် (၄)နက်။ ဆန္ဒ-သဒ္ဒါဟောနက် (၅)နက်ဖြစ်၏။ ဆန္ဒ-အတ္ထုဒ္ဓါရ ပိသုဋီ၊ ဋီ၊၂။၁၄၆။ မူလဋီ၊၂။၁၆၂-တို့၌ လာ၏။ သာဝိတ္တိ ယေဒ္ဒဘော မုခံ-၌ ဆန္ဒ-ကား ဝေဒ-ကျမ်းကို ဟောသည်။ ဆန္ဒသောတိ ဝေဒဿ။ ဝံမဂ်၊၂။၁၈၁။]

(၉၄၇) ကာမောဃာဒေါ် သမူဟသ္မိံ၊ ဩဃော ဝေဂေ ဇလဿ စ။
ကပါလံ သိရသဋ္ဌိမှိ၊ ဃဋ္ဋာဒိသကလေပိ စ။

(၉၄၇) ဩဃော၊ ဩဃ-သဒ္ဒါသည်။ ကာမောဃာဒေါ၊ ကာမောဃ စသည်၌ရင်း။ သမူဟသ္မိံ၊ အပေါင်း၌ရင်း။ ဇလဿ၊ ရေ၏။ ဝေဂေ စ၊ အလျဉ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ကပါလံ၊ ကပါလ-သဒ္ဒါသည်။ သိရသဋ္ဌိမှိ၊ ဦးခေါင်းရိုး၌ရင်း။ ဃဋ္ဋာဒိသကလေပိ စ၊ အိုး-အစရှိသည်တို့၏ အစိတ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဩဃ-သဒ္ဒါဟောနက် (၃)နက်။ ကပါလ-သဒ္ဒါ ဟောနက် (၂)နက်။ အမရကောသ၊ ၂၇။ ၂၇-၌ "ဩဃော ဝ္ဒေ အမ္ဘသာံ ရယေ"ဟု အပေါင်းနှင့် ရေအလျဉ် ၂-နက်လာ၏။ ကပါလ-သဒ္ဒါ သပိတ်ကိုလည်း ဟော၏။ စီဝရံ နိ့ဝါသေတွာ ကပါလံ ဂဟေတွာ။ သံ၊ ၁၊ ၂။ ၂၇၇။ လိပ်သတ္တဂါ-စသည်တို့၏ အခွံကိုလည်း ဟော၏။ သောဏ္ဍိပဋ္ဌမာနိ အင်္ဂါနို ယဂေ ကပါလေ နိဒဟိတွာ။ မိလိန္ဒ၊ ၃၅၃။]

(၉၄၈) ဝေတ္တာဒိသာခါဇာလသ္မိံ၊ လဂ္ဂကေသေ ဇဋ္ဌာ’လယေ။
သရဏံ တု ဝဓေ ဂေဟေ၊ ရက္ခိတသ္မိံ စ ရက္ခဏေ။

(၉၄၈) ဇဋ္ဌာ၊ ဇဋ္ဌာ-သဒ္ဒါသည်။ ဝေတ္တာဒိသာခါဇာလသ္မိံ၊ ဝါး-အစရှိသည်တို့၏ အချင်းချင်း ယှက်ငင်သော အခက်၌ရင်း။ လဂ္ဂကေသေ၊ ဆံကျစ်၌ရင်း။ အာလယေ၊ တဏှာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှ တပါး။ သရဏံ၊ သရဏ-သဒ္ဒါသည်။ ဝဓေ၊ သတ်ခြင်း၌ရင်း။ ဂေဟေ၊ အိမ်၌ရင်း။ ရက္ခိတသ္မိံ စ၊ စောင့်ရှောက်တတ်သူ၌ရင်း။ ဝါ၊ ကိုးကွယ်ရာ၌ ရင်း။ ရက္ခဏေ၊ စောင့်ရှောက်ခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဇဋ္ဌာ-သဒ္ဒါဟောနက် (၃)နက်။ သရဏ-သဒ္ဒါဟောနက် (၄) နက်။ ဋီကာ၌ ရက္ခိတသ္မိံ-ကို ကမ္မနိ ကတ္တရိ စ-ဟု ၂-မျိုးဖွင့်သည်။ ကမ္မရုပ် သင့်အံ့မယင်။ ကိုးကွယ်ရာဟု ပေးသည်ကား ကာရိပ္ပါယ်နက် တည်း။]

(၉၄၉) ထိယံ ကန္တာ ပိယေ ကန္တော၊ မနုညေ သော တိလိင်္ဂိကော။
ဂဝဂ္ဂေ တု သမူဟေ စ၊ ဇာလံ မစ္ဆာဒိဗန္ဓနေ။

(၉၄၉) ကန္တာ၊ ဣတ္ထိလိင် ကန္တာ-သဒ္ဒါသည်။ ထိယံ၊ မိန်းမ၌။ ဝါ၊ မယား၌။ သိယာ၊ ဖြစ်ရာ၏။ ကန္တော၊ ပုလ္လိင် ကန္တ-သဒ္ဒါသည်။ ပိယေ၊ လင်၌။ သိယာ၊ ဖြစ်ရာ၏။ တိလိင်္ဂိကော၊ လိင်သုံးပါးနှင့်ယှဉ်သော။ သော၊ ထိုကန္တ-သဒ္ဒါသည်။ မနုညေ၊ နှစ်သက်စေခြင်း၌။ ဝါ၊ နှစ်သက်ဖွယ်၌၊ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဇာလံ၊ ဇာလ-သဒ္ဒါသည်။ ဂဝဂ္ဂေ၊ လေသာပြူတင်း၌၎င်း။ သမူဟေ စ၊ အပေါင်း၌၎င်း။ မစ္ဆာဒိဗန္ဓနေ၊ ငါး-စသည် ထောင်ဖမ်းကြောင်း ပိုက်ကွန်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ကန္တ-သဒ္ဒါ ဟောနက် (၃)နက်။ ဇာလ-သဒ္ဒါ ဟောနက် (၃)နက်။ ကန္တ-သဒ္ဒါ မိန်းမ သာမန်ကိုလည်း ဟော၏။ ပမဒါ သုန္ဒရီ ကန္တာ။ ဓာန်။၂၃၀။ မယားကိုလည်း ဟော၏။ ကန္တာတိ ဣဋ္ဌဘရိယာ။ ဇာ၊ဋ္ဌ၊၃။၃၉၇။]

(၉၅၀) ပုစ္ဆာယံ ဂရဟာယဉ္စာ-နိယမေ ကိံ တိလိင်္ဂိကံ။
သဒ္ဓေ တိသု နိဝါပေ၊ သဒ္ဓံ သဒ္ဒါ စ ပစ္စယေ။

(၉၅၀) ကိံ၊ ကိံသဒ္ဒါသည်။ ပုစ္ဆာယံ၊ အမေးပုစ္ဆာ၌၎င်း။ ဂရဟာယံ၊ ကဲ့ရဲ့ခြင်း၌၎င်း။ အနိယမေ၊ အမြဲမရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တိသု သဒ္ဓေ၊ လိင်သုံးပါးတို့၌ ဖြစ်သော သဒ္ဓ-သဒ္ဒါသည်။ သဒ္ဓေ၊ ယုံကြည်ခြင်း ရှိသူ၌။ သိယာ၊ ဖြစ်ရာ၏။ သဒ္ဓံ၊ နပုလ္လိင် သဒ္ဓ-သဒ္ဒါသည်။ နိဝါပေ၊ ကုတ်ဟီးထမင်း၌။ သိယာ၊ ဖြစ်ရာ၏။ သဒ္ဓါ၊ ဣတ္ထိလိင် သဒ္ဓါ-သဒ္ဒါသည်။ ပစ္စယေ၊ ယုံကြည်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။

[ကိံ-သဒ္ဒါဟောနက် (၃)နက်။ "ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ"၌ ကိံ-ကို အနိယမအနက်ဟောဟု ဆို၏။ ဝိမာန၊ဋ္ဌ။ ၁၄။ ကိံ-သဒ္ဒါ အတ္ထုဒ္ဓါရ ဝိမာန၊ဋ္ဌ။၁၄-၌ လာ၏။

နီတိ၊ပဒ။၃၇၁-၌—

ဂရဟာယံ အနိယမေ၊ နိပ္ပယောဇနတာယ စ။
သမ္ပဋိစ္ဆနပုစ္ဆာသု၊ ကိံ-သဒ္ဒေါ သမ္ပဝတ္တတိ—

ဟူသော ဂါထာဖြင့် ၅-နက် လာ၏။ သဒ္ဒ-သဒ္ဒါဟောနက် (၃)နက်တည်း။ သေသူကို ရည်ညွှန်း၍ လှူဒါန်းအပ်သော ထမင်းသည် ကုတ်ဟီး (ကုဗ္ဗိး) ထမင်း မည်၏။]

(၉၅၁) ဗီဇံ ဟေတုမှိ အင္ဂသ္မိံ၊
အင်္ဂဇာတေ စ ဒိဿတိ။
ပုဗ္ဗော ပူယေ'ဂ္ဂတော အာဒေါ၊
သော ဒိသာဒေါ တိလိင်္ဂိကော။

(၉၅၁) ဗီဇံ၊ ဗီဇ-သဒ္ဒါသည်။ ဟေတုမှိ၊ အကြောင်း၌လည်းကောင်း။ အင္ဂသ္မိံ၊ သစ်စေ့၌လည်းကောင်း။ အင်္ဂဇာတေ စ၊ အင်္ဂါဇာတ်၌လည်းကောင်း။ ဒိဿတိ၊ ထင်၏။ ပုဗ္ဗော၊ ပုလ္လိင် ပုဗ္ဗ-သဒ္ဒါသည်။ ပူယေ၊ သွေးပြည်၌လည်းကောင်း။ အဂ္ဂတော၊ ရှေး၌လည်းကောင်း။ အာဒေါ၊ အစ၌လည်းကောင်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထို ပုဗ္ဗ-သဒ္ဒါသည်။ ဒိသာဒေါ၊ ဒိသာ-စသည်၌ဖြစ်မူ။ ဝါ၊ ဒိသာ, ဒေသ, ကာလ၌ ဖြစ်မူ။ တိလိင်္ဂိကော၊ လိင်သုံးပါးနှင့် ယှဉ်၏။

[ဗီဇ-သဒ္ဒါဟောနက် (၃)နက်။ ပုဗ္ဗ-သဒ္ဒါဟောနက် (၄) နက်။ အမရကောသ၂၃။၁၃၃-၌ "ပုဗ္ဗော အညလိင်္ဂေါ ပုဗ္ဗံ အာဟ၊ ပုံဗဟုတ္တေပိ ပုဗ္ဗဇေ"ဟု လာ၏။ ပုဗ္ဗော၊ ပုဗ္ဗ-သဒ္ဒါသည်။ အညလိင်္ဂေါ၊ ဝိသေသျပုဒ်၏ လိင်သို့လိုက်မူ။ ပုဗ္ဗံ၊ အရှေ့အရပ်ကို။ အာဟ၊ ဟော၏။ ပုံဗဟုတ္တေ၊ ပုလ္လိင် ဗဟုဝုစ်၌ ဖြစ်ပါမူ။ ပုဗ္ဗဇေ၊ ဖြဟ္မာမင်း-စသော ပုဗ္ဗပုရိသတို့ကို။ အာဟ၊ ဟော၏။ ဟူ၏။]

(၉၅၂) ဖလစိတ္တေ ဟေတုကတေ၊ လာဘေ ဓညာဒိကေ ဖလံ။
အာဂမနေ တု ဒိဿာဒိ–နိကာယေသု စ အာဂမော။

(၉၅၂) ဖလံ၊ ဖလ-သဒ္ဒါသည်။ ဖလစိတ္တေ၊ ဖိုလ်စိတ်၌လည်းကောင်း။ ဟေတုကတေ၊ အကျိုး၌လည်းကောင်း (အကြောင်းသည် ပြုအပ်သော အကျိုး၌လည်းကောင်း)။ လာဘေ၊ ရအပ်သော အမြတ်အစွန်း၌လည်းကောင်း။ ဓညာဒိကေ၊ စပါး အစရှိသည် ၌လည်းကောင်း။ ဝါ၊ စပါး အစရှိသော အသီး၌လည်းကောင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ တို့မှ တပါး။ အာဂမော၊ အာဂမ-သဒ္ဒါသည်။ အာဂမေ၊ ရောက်လာခြင်း၌လည်းကောင်း။ ဝါ၊ လာကြောင်းလာရာ၌လည်းကောင်း။ ဒိဿာဒိနိကာယေသု စ၊ ဒီဃနိကာယ် အစရှိသော နိကာယ်တို့၌လည်းကောင်း။ သိယာ၊ ဖြစ်ရာ၏။

[ဖလ-သဒ္ဒါဟောနက် (၄) နက်။ အာဂမ-သဒ္ဒါဟောနက် (၂)နက်။ ဓညာဒိကော-ကို "စပါး-စသော အသီး၌" ဟု ယောဇနာ သည်ကား ပို၍ ကောင်းသည်။ ပုပ္ဖေန ဝါ ဖလေန ဝါ စုဏ္ဏေန ဝါ။ ဝိ၊၁။ ၂၇၁။ ဖလ-သဒ္ဒါ အဂ်ကြောတ်ကိုလည်း ဟောသည်။ အင်္ဂဇာတံ မှဟာယိင်္ဂ၊ ဖဲ့ဘွဲ့ ဗဟော စ။ ဓာန်။ ၂၇၂-၃။ အာဂမ-သဒ္ဒါ ပရိယတ္တိ ကျမ်းဂန်ပိဋကကိုလည်း ဟောသည်။ အာဂမေဝါတိ စ ပရိယတ္တိ အာဂမန္တိ အတ္ထုဘွပရတ္တာဒယော ဝေဝေနု၊ အာဘုဝေသာ ဝါ ဂမိတဗ္ဗော ဉာတဗ္ဗောတိ ကေယုဝါ။ သီဋ္ဌီ၊သစ်၊၁။၁၆၀။]

(၉၅၃) သဏ္ဌာနော ဒေဝရက္ခော စ၊ ဝုတ္တော သန္တတိယံ ပျဝ။
ဥတ္တရဝိပရီတေ ဟ စ၊ သေဋ္ဌေ စာ'နုတ္တရံ ဟိသု။

(၉၅၃) သဏ္ဌာနော၊ သဏ္ဌာန-သဒ္ဒါကို။ ဒေဝရက္ခော စ၊ ကုက္ကိုပင်၌ ၎င်း။ သန္တတိယံ၊ အမျိုးအနွယ်၌၎င်း။ ဝါ၊ အစဉ်-အတန်း-သဏ္ဌာန်-၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ အနုတ္တရံ၊ အနုတ္တရ-သဒ္ဒါကို။ ဥတ္တရဝိပရီတေ၊ ယုတ်ညံ့သည်၌၎င်း။ (အမြင့်မှ အပြန် အညံ့၌လည်း ဟူ၏။) သေဋ္ဌေ၊ မြတ်သည်၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။ တိ သု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။

[သဏ္ဌာန-သဒ္ဒါဟောနက် (၂)နက်။ အနုတ္တရ-သဒ္ဒါဟောနက် (၂)နက်။ နတ်သစ်ပင် ၅-မျိုးအနက် ကုက္ကိုပင်ကိုရည်၍ ဒေဝ-ရက္ခ-ဟု ဆိုသည်။ သန္တတိယံ-အနက်ကား - အမျိုးအနွယ်၌-ဟူသော အနက်လည်း သင့်၏။ ကုလံ ဝံသော စ သဏ္ဌာနာ-ဘိဇနာ ဂေါတ္တမန္ဝယော-ဟူသော ဓာန်။၃၃၂။ အစဉ်အတန်းလည်း သင့်သည်ပင်။ ဝလ္လိသဏ္ဌာနမဒ္ဒေသု ကုန္ဒာဒိရူသု ခုဒ္ဒက ၄။ ၃၇။]

(၉၅၄) သတ္တိသမ္ပတ္တိယံ ဝုတ္တော၊ ကန္တိမတ္တေ စ ဝိက္ကမော။
ဆာယာ တု အာတပါဘာဝေ၊ ပဋိဗိမ္ဗ ပဘာသု စ။

(၉၅၄) ဝိက္ကမော၊ ဝိက္ကမ-သဒ္ဒါကို သတ္တိသမ္ပတ္တိယံ၊ အစွမ်းသတ္တိနှင့် ပြည့်စုံခြင်း၌၎င်း။ ကန္တိမတ္တေ စ၊ သွားခြင်းမျှ၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဆာယာ၊ ဆာယာ-သဒ္ဒါသည်။ အာတပါဘာဝေ၊ အရိပ်၌

ရင်း။ (အပူမရှိခြင်း၌လည်း ဟူ၏။) ပဋိဗိမ္ဗေ၊ အရုပ်,အတု အယောင်၌ရင်း။ ပဘာယ စ၊ အရောင်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဝိက္ကယ-သဒ္ဒါဟောနက် (၂)နက်။ ဆာယာ-သဒ္ဒါဟောနက် (၃)နက်။ 'ယခုကာလ ဓာတ်ပုံ, ရုပ်ပုံ, ရုပ်ရှင်, တယ်လီဗေးရှင်း၌ ထင်သော အရုပ် စသည်တို့လည်း ဆာယာပင်တည်း။]

(၉၅၅) ဂိမှ ဃမ္မော နိဒါဃော စ၊ ဥဏှော သေဒမလေ ပျထ။
ကပ္ပန် ဂန္တဓနေ ဝုတ္တံ၊ ဝိကပ္ပေ သဇ္ဇနေ'တ္ထိယံ။

(၉၅၅) ဃမ္မော၊ ဃမ္မ-သဒ္ဒါကိုရင်း။ နိဒါဃော၊ နိဒါဃ သဒ္ဒါကိုရင်း။ ဂိမှေ၊ နွေဥတုနွေ့ရာသီ၌ရင်း။ ဥဏှော၊ အပူ၌ရင်း။ သေဒမလေ၊ ချွေး၌ ရင်း။ ဝုတ္တာ၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ ကပ္ပနံ၊ ကပ္ပန-သဒ္ဒါကို။ ကန္တနေ၊ ဖြတ်ခြင်း၌။ ဝုတ္တံ၊ ဆိုအပ်၏။ ထိယံ ကပ္ပနာ၊ ဣတ္ထိလိင်ဖြစ်သော ကပ္ပနာ-သဒ္ဒါကို။ ဝိကပ္ပေ၊ အထူးကြံခြင်း၌ရင်း။ သဇ္ဇနေ၊ အဆင်သင့် ပြင်ဆင်စီရင်ခြင်း၌ရင်း။ ဝုတ္တာ၊ ဆိုအပ်၏။

[ဃမ္မ, နိဒါဃ-သဒ္ဒါဟောနက် (၃)နက်။ ကပ္ပန-သဒ္ဒါဟောနက် (၃)နက်။ ကိုယ်ပိုင်ဖြစ်လျှင် ဃမ္မ, နိဒါဃကို ပူသော-ဟု ပြန်ဆို ရာ၏။ ဃမ္မေဘ် ဃမ္မသန္တတ္တော ယထော ပေ ။ ၂၄၂။]

(၉၅၆) အင်္ဂေါ ဒေသေ ဝပုမှိ'င်္ဂံ၊ တထာ'ဝယဝ ဟေတုသု။
ဒေဝါလယေ စ ထူပသ္မိံ၊ စေတိယံ စေတိယဒ္ဒုမေ။

(၉၅၆) အင်္ဂေါ၊ ပုလ္လိင် အင်္ဂ သဒ္ဒါသည်။ ဒေသေ၊ အင်္ဂတိုင်း၌။ သိယာ၊ ဖြစ်ရာ၏။ တထာ၊ ထိုမှတပါး။ အင်္ဂံ၊ နပုလ္လိင် အင်္ဂ-သဒ္ဒါသည်။ ဝပုမှိ၊ ကိုယ်၌ရင်း။ အဝယဝ ဟေတူသု၊ အစိတ်, အကြောင်းတို့၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ စေတိယံ၊ စေတိယ-သဒ္ဒါသည်။ ဒေဝါလယေ စ၊ နတ်ကွန်း၌ရင်း။ ထူပသ္မိံ၊ စေတီပုထိုး၌ရင်း။ စေတိယဒ္ဒုမေ၊ လူတို့ ပူဇော်ပသရာ သစ်ပင်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[အင်္ဂ-သဒ္ဒါဟောနက် (,)နက်။ စေတိယ-သဒ္ဒါဟောနက် (၃)နက်။ နပုလ္လိင် အင်္ဂ-သဒ္ဒါ ညီ,အစ်ကိုကိုလည်း ဟောသည်။ အင်္ဂ မေတံ မနုဿာနံ၊ ဘာတာ လောကေ ပဝုစ္စတိ။ ဇာ၊၁။၁၀၀။]

(၉၅၇) သဇ္ဇနော သာဓုပုရိသော၊ သဇ္ဇနံ ကပ္ပနေ ပျထ။
သုပိနံ သုပိနေ သုတ္တ–ဝိညာဏေ တ မနိတ္ထိယံ။

(၉၅၇) သဇ္ဇနော၊ သဇ္ဇန-သဒ္ဒါသည်။ သာဓုပုရိသေ၊ သူတော်ကောင်း၌။ သိယာ၊ ဖြစ်ရာ၏။ သဇ္ဇနံ၊ နပုလ္လိင် သဇ္ဇန-သဒ္ဒါသည်။ ကပ္ပနေ အပိ၊ အဆင်သင့် ပြင်ဆင်စီရင်ခြင်း၌လည်း။ သိယာ၊ ဖြစ်ရာ၏။ သုပိနံ၊ နပုလ္လိင် သုပိန-သဒ္ဒါသည်။ သုပိနေ၊ အိပ်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။ သုတ္တဝိညာဏေ၊ အိပ်ပျော်သူ၏ ဝိညာဉ်၌။ ဝါ၊ အိပ်မက်၌။ ဝတ္တမာနံ၊ ဖြစ်ပါမူ။ တံ၊ ထို သုပိန-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင် မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[ သဇ္ဇန-သဒ္ဒါဟောနက် (၂) နက်။ သုပိန-သဒ္ဒါဟောနက် (၂)နက်။ ဋီကာ၌ သုပိနံ သုပနေ သုတ္တေ၊ ဝိညာဏေ တ' မနိတ္ထိယံ-ဟု ရှိ၏။ ယင်းအလို ၃-နက်ယူ။ ဤနိသျ၌ သီဟိုဠ်မူ အတိုင်း ဆိုလိုက်သည်။]

(၉၅၈) ပစ္စက္ခေ သန္နိဓာနေ စ၊ သန္နိဓိ ပရိကိတ္တိတော။
ဘိယျော ဗဟုတရတ္ထေ သော၊ ပုနရတ္ထေ'ဗျယံ ဘဝေ။

(၉၅၈) သန္နိဓိ၊ သန္နိဓိ-သဒ္ဒါကို။ ပစ္စက္ခေ၊ မျက်မှောက်၌၎င်း။ သန္နိ-ဓာနေ၊ နီးကပ်ခြင်း၌၎င်း။ ဝါ၊ သိုမှီးသိမ်းဆည်းခြင်း၌၎င်း။ ပရိကိတ္တိတော၊ ဆိုအပ်၏။ ဘိယျော၊ ဘိယျ-သဒ္ဒါသည်။ ဗဟုတရတ္ထေ၊ အလွန်အကဲ များပြားသည်ဟူသော အနက်၌။ ဘဝေ၊ ဖြစ်၏။ သော၊ ထိုဘိယျ-သဒ္ဒါသည်။ ပုနရတ္ထေ၊ တဖန်ဟူသောအနက်၌။ အဗျယံ၊ နိပါတ်သည်။ ဘဝေ၊ ဖြစ်၏။

[သန္နိဓိ-သဒ္ဒါဟောနက်(၂)နက်။ ဘိယျ-သဒ္ဒါဟောနက် (၂) နက်။ နီတိ၊ သုတ္တ။ ၃၇၉-၌ ဘိယျော-ကို ပဌမန္တ,ဒုတိယန္တ နိပါတ် ဟူ၏။ ဒိဝါ ဘိယျော နမော ဣစ္စတေ ပဌမာယ စ ဒုတိယာယ စ။.... သုခါ ဘိယျော သောမနဿံ။ ဘိယျော ပလ္လောမ မာပါဒိ။ အစဉ် အတိုင်းပုံစံ။ နီတိ၊သုတ္တ။၃၇၉-ကြည့်။ နေတ္တိ၊ဌ။၂၅၆-၌ ဘိယျောတိ ဥပရူပရိ-ဟု ဖွင့်သည်။]

(၉၅၉) ဝိသလိတ္တသရေ ဒိဒ္ဓေါ၊ ဒိဒ္ဓေါ လိတ္တေ တိလိင်္ဂိကော။
ဝါသေ ဓူပါဒိသင်္ခါရေ–ဓိဝါသော သမ္ပဋိစ္ဆနေ။

(၉၅၉) ဒိဒ္ဓေါ၊ ဒိဒ္ဓ-သဒ္ဒါသည်။ ဝိသလိတ္တသရေ၊ ဆိပ်လူးမြား၌။ သိယာ၊ ဖြစ်ရာ၏။ တိလိင်္ဂိကော၊ လိင်သုံးပါး၌ဖြစ်သော။ ဝါ၊ သုံးလိင်ဆံသော။ ဒိဒ္ဓေါ၊ ဒိဒ္ဓ-သဒ္ဒါသည်။ လိတ္တေ၊ လိမ်းကျံအပ်သောအရာ၌။ သိယာ၊ ဖြစ်ရာ၏။ အဓိဝါသော၊ အဓိဝါသ-သဒ္ဒါသည်။ ဝါသေ၊ နေခြင်း၌၎င်း။ ဓူပါဒိသင်္ခါရေ၊ အခိုးနံ့သာ စသည်ဖြင့် ထုံခြင်း၌၎င်း။ သမ္ပဋိစ္ဆနေ၊ ဝန်ခံခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဒိဒ္ဓ-သဒ္ဒါဟောနက်(၂)နက်။ အဓိဝါသန-သဒ္ဒါဟောနက်(၃) နက်။ စာမူအများ ဓူမာဒိသင်္ခါရေ-ဟု ရှိတတ်၏။ ဓူပါဒိသင်္ခါရေ-ဟု ရှိစေရာ၏။ ဓူပ ဒိတ္တိယံ ဒီပနေ တာပေ။ ခေတ်ကျမ်းများ။]

(၉၆၀) ဝုတ္တော ဝိသာရဒေါ တီသု၊ သုပ္ပဂဗ္ဘေ စ ပဏ္ဍိတေ။
အထ သိတ္ထံ မဓုစ္ဆိဋ္ဌေ၊ ဝုတ္တံ သြဒနသမ္ဘဝေ။

(၉၆၀) ဝိသာရဒေါ၊ ဝိသာရဒ-သဒ္ဒါကို။ သုပ္ပဂဗ္ဘေ၊ အပြောအဆို ရဲရင့်သူ၌၎င်း။ ဝါ၊ ပြောရဲသူ ဆိုရဲသူ၌၎င်း။ ပဏ္ဍိတေ၊ ပညာရှိ၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ သိတ္ထံ၊ သိတ္ထ-သဒ္ဒါကို။ မဓုစ္ဆိဋ္ဌေ၊ ပျားဖယောင်း၌၎င်း။ သြဒနသမ္ဘဝေ၊ ထမင်းစားရာ၌ ကျသော ထမင်းလုံး၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။

[ဝိသာရဒ-သဒ္ဒါဟောနက်(၂)နက်။ သိတ္ထ-သဒ္ဒါဟောနက်(၂) နယ်။ ဝိသာရဒ-သဒ္ဒါ ရှင်လန်းဝမ်းမြောက်သူကိုလည်း ဟောသည်။ ဝိသာရဒေါတိ ဉာဏသောမနဿပ္ပတ္တော။ အံ၊ဋ္ဌ၊၃။ ၂၀။]

(၉၆၁) ဒြဝေ ဝဏ္ဏေ ရသဘေဒေ၊ ကသာဝေါ သုရဘိမှိ စ။
အထော ဥဂ္ဂမနံ ဝုတ္တံ၊ ဥပ္ပတ္တု'ဒ္ဓဂတီသု စ။

(၉၆၁) ကသာဝေါ၊ ကသာဝ-သဒ္ဒါကို။ ဒြဝေ၊ အရည်၌၎င်း။ ဝဏ္ဏေ၊ အဆင်း၌၎င်း။ ရသဘေဒေ၊ အဖန်အရသာ၌၎င်း။ သုရဘိမှိ စ၊ ကောင်းသောအနံ့၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ အထော၊ ထိုမှတပါး။ ဥဂ္ဂမနံ၊ ဥဂ္ဂမန-သဒ္ဒါကို။ ဥပ္ပတ္တုဒ္ဓဂတီသု၊ ဖြစ်ခြင်း, အထက်သို့ တက်ခြင်းတို့၌။ ဝုတ္တံ၊ ဆိုအပ်၏။

[ကသာယ-သဒ္ဒါဟောနက် (၄)နက်။ ဥဂ္ဂမန-သဒ္ဒါဟောနက် (၂)နက်။ ကသာယ-သဒ္ဒါ ရေးဖြစ်ခြင်းဟူသော အနက်ကိုလည်း ဟောသည်။ ကပ္ပ ကသာဝယေ။ ဒီ၊ ၃၊ ၁။ ၄၀။ တဿာယမတ္ထော ကပ္ပသင်္ဂါဟကာလသဥ္စယဿ ယေခနဝသေန ပဝတ္တော။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၈၀။]

(၉၆၂) လူခေ နိဋ္ဌုရဝါစာယံ၊ ဖရုသံ ဝါစ္စလိင်္ဂိကံ။
ပဝါဟော တွမ္ဗုဝေဂေ စ၊ သန္ဒိဿတိ ပဝတ္တိယံ။

(၉၆၂) ဖရုသံ၊ ဖရုသ-သဒ္ဒါသည်။ လူခေ၊ ကြမ်းတမ်းသည်၌၎င်း။ နိဋ္ဌုရဝါစာယံ၊ နားမချမ်းသာသော စကား၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဝါစ္စလိင်္ဂိကံ၊ ဝါစ္စလိင်သို့ ဒိုက်၏။ တု၊ ထိုမှတပါး။ ပဝါဟော၊ ပဝါဟ-သဒ္ဒါသည်။ အမ္ဗုဝေဂေ စ၊ ရေအလျဉ်၌၎င်း၊ ပဝတ္တိယံ၊ စီးဆင်းသွားခြင်း၌၎င်း။ သန္ဒိဿတိ၊ ထင်၏။

[ဖရုသ-သဒ္ဒါဟောနက်(၂)နက်။ ပဝါဟ-သဒ္ဒါဟောနက် (၂)နက်။ ဖရုသံ ဝါစ္စလိင်္ဂိကံ-ဟု ဆိုသဖြင့် ဝိသေသနဂုဏ်ပုဒ်မျိုးဖြစ်ကြောင်း ထင်ရှားသည်။ ကြမ်းကြုတ် ကြမ်းတမ်း ခက်ထန်သော သဲ့ အရာဝတ္ထုလည်း ဟောသည်။ ဖရုသာတိ ကက္ခဠာ။ မဋ္ဌ၊ ၄။ ၂၃၄။]

(၉၆၃) နိဿယေ တပ္ပရေ ဉ္ဇွေ၊ ပရာယဏပဒံ တိသု။
ကဝစေ ဝါရဝါဏော စ၊ နိမ္မောကေပိ စ ကဥ္စုကော။

(၉၆၃) ပရာယဏပဒံ၊ ပရာယဏ-သဒ္ဒါသည်။ နိဿယေ၊ မှီရာ၌၎င်း။ တပ္ပရေ၊ ထို၌ မှီတွယ်ကပ်သည်၌၎င်း။ ဝါ၊ ပြဓာန်းသည်၌၎င်း။ ဉ္ဇွေ၊ အလိုပျိုအပ်သော ဝတ္ထု၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင် ၃-ပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ ကဥ္စုကော၊ ကဥ္စုက-သဒ္ဒါသည်။ ကဝစေ၊ ချပ်ဝတ်၌၎င်း။ ဝါရဝါဏော၊ ကာ၌၎င်း။ နိမ္မောကေ၊ မြွေရေလဲ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ပရာယဏ-သဒ္ဒါဟောနက် (၃)နက်။ ကဥ္စုက-သဒ္ဒါဟောနက် (၃)နက်။ တပ္ပရေ-ကို တပ္ပဓာနေ-ဟု ဋီကာ ဖွင့်သည်။ ကဥ္စုက-သဒ္ဒါ သင်တိုင်း,ဦးစွပ်,ကိုယ်ကျပ်,ဘော်လီ-ကိုလည်း ဟောသည်။]

(၉၆၄) လောဟဘေဒေ မတံ တမ္ဗံ၊ တမ္ဗော ရတ္တေ တိလိင်္ဂကော။
တီသု တဗ္ဗဝသိတံ ဉာတော၊ အဝသာနဂတေ မတံ။

(၉၆၄) တမ္ဗံ၊ နပုလ္လိင် တမ္ဗ-သဒ္ဒါကို။ လောဟဘေဒေ၊ ကြေးနီ၌။ (သံအထူးလည်းဟူ၊ သံအထူးဟူသည် ကြေးနီတည်း။) မတံ၊ သိအပ်၏။ တိလိင်္ဂကော၊ လိင်သုံးပါးနှင့်ယှဉ်သော။ ဝါ၊ သုံးလိင်ဆံသော။ တမ္ဗော၊ တမ္ဗ-သဒ္ဒါကို။ ရတ္တေ၊ နီမြန်းသောဝတ္ထု၌။ မတော၊ သိအပ်၏။ တု၊ ထိုမှတပါး။ အဝသိတံ၊ အဝသိတ-သဒ္ဒါကို။ ဉာတော၊ သိအပ်သည်ရှင်း။ အဝသာနဂတေ၊ အဆုံးသို့ရောက်သည်၌ရှင်း။ မတံ၊ သိအပ်၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။

[တမ္ဗ-သဒ္ဒါဟောနက် (၂)နက်။ အဝသိတ-သဒ္ဒါဟောနက် (၂)နက်။ လိတိင် တမ္ဗ-သဒ္ဒါ နီသော အဆင်းရှိသော, ကြေးနီအဆင်းရှိသော တမ္ဗဆင်-စသည်ကိုလည်း ဟောသည်။ ဟေမဝတော စ တမ္ဗော စ။ ဒီ၊ဋ္ဌ၊၂။၁၆၄။]

(၉၆၅) ဗောဓနေ စ ပဒါနေ စ၊ ဝိညေယျံ ပဋိပါဒနံ။
သေလေ နိဗ္ဗလဒေသေ စ၊ ဒေဝတာသု မရူ ရိတော။

(၉၆၅) ပဋိပါဒနံ၊ ပဋိပါဒန-သဒ္ဒါကို။ ဗောဓနေ စ၊ သိခြင်း၌ရှင်း။ ပဒါနေ စ၊ ပေးခြင်း၌ရှင်း။ ဝိညေယျံ၊ သိအပ်၏။ မရု၊ မရု-သဒ္ဒါကို။ သေလေ၊ ကျောက်တောင်၌ရှင်း။ နိဗ္ဗလဒေသ စ၊ ရေမရှိသော အရပ်၌ရှင်း။ ဒေဝတာသု၊ နတ်တို့၌ရှင်း။ ဤရိတော၊ ဆိုအပ်၏။

[ပဋိပါဒန-သဒ္ဒါဟောနက်(၂)နက်။ မရု-သဒ္ဒါဟောနက် (၃) နက်။ ပဋိပါဒန-သဒ္ဒါ ပြီးဆုံးစေခြင်းကိုလည်း ဟော၏။ သုကထာ ပဋိပါဒနာ။ အဘိ၊ဌ၊၄၊၇။ ပြည့်စုံစေခြင်းကိုလည်း ဟောသည်။ ပဋိပါဒနံ သမ္ပာဒနံ။ ကင်္ခါ၊ ဋီ၊ သစ်။ ၁၉၃။ ထင်ရှားစေခြင်းကိုလည်း ဟောသည်။ ပဋိပါဒနံ ဥဗ္ဘာဝနိကာရဏံ။ မဟာနိ၊ဋ္ဌ။၄။]

(၉၆၆) သတ္ထံ အာယုဓဂန္ထေသု၊ လောဟေ သတ္ထော စ သဥ္စယေ။
ဇီဝိကာယံ ဝိဝရဏေ၊ ဝတ္တနေ ဝုတ္တိ နာရိယံ။

(၉၆၆) သတ္ထံ၊ နပုလ္လိင် သတ္ထ-သဒ္ဒါသည်။ အာယုဓဂန္ထေသု၊ လက်နက်, ကျမ်းဂန်တို့၌ရှင်း။ လောဟေ၊ သံ၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။ သတ္ထော၊ ပုလ္လိင်

သတ္တ-သဒ္ဒါသည်။ သဥ္စယေ၊ အပေါင်း၌။ သိယာ၊ ဖြစ်ရာ၏။ ဝုတ္တိ၊ ဝုတ္တိ-သဒ္ဒါသည်။ ဇီဝိကာယံ၊ အသက်မွေးခြင်း၌၎င်း။ ဝိဝရဏော၊ အကျယ်ဖွင့်ခြင်း၌၎င်း။ ဝတ္တနေ၊ ဖြစ်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ နာရိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[သတ္တ သဒ္ဒါဟောနက်(၄)နက်။ ဝုတ္တိ-သဒ္ဒါဟောနက်(၃)နက်။ နပုလ္လိင် သတ္တ-သဒ္ဒါ သန့်လျက်ကိုလည်း ဟောသည်။ သတ္တံ ဝုစ္စတိ ဒဲသံ။ နီဟာ၊မာ။၁၇၆။ ဆုံးမခြင်းကိုလည်း ဟောသည်။ သတ္တံ သာသနံ။ နီဟာ၊မာ။၁၀၈။ တိလိင် သတ္တကား လှည်းကုန်သည် အပေါင်းကိုလည်း ဟောသည်။သဟ သတ္ထေန ဝတ္တတီတိ သတ္ထော။ ဝိမဟာ၊၁။၅၇။ ဝုတ္တိ-သဒ္ဒါ နေထိုင်ခြင်းကိုလည်း ဟောသည်။ ဣရိယနံ ဝုတ္တိ ပါလနံ ယပနံ ယာပနံ စာရံ ဝိဟာရံ အဘိနိပ္ဖါဒေတိ။ အဘိဋ္ဌ၊၁။၂၁၂။]

(၉၆၇) ဝီရိယေ သူရဘာဝေ စ၊ ကထိယာတိ ပရက္ကမော။
အထ ကမ္ဗု မတော သင်္ခေ၊ သုဝဏ္ဏေ ဝလယေပိ စ။

(၉၆၇) ပရက္ကမော၊ ပရက္ကမ-သဒ္ဒါကို။ ဝီရိယေ၊ လုံ့လဝီရိယ၌၎င်း။ သူရဘာဝေ၊ ရဲရင့်သူ၏အဖြစ်၌၎င်း။ ကထိယာတိ၊ ဆိုအပ်၏။ အထ၊ ထိုမှတပါး။ ကမ္ဗု၊ ကမ္ဗု-သဒ္ဒါကို။ သင်္ခေ၊ ခရုသင်း၌၎င်း။ သုဝဏ္ဏေ၊ ရွှေ၌၎င်း။ ဝလယေပိ စ၊ လက်ကောက်၌၎င်း။ မတော၊ သိအပ်၏။

[ပရက္ကမ-သဒ္ဒါဟောနက်(၂)နက်။ ကမ္ဗု-သဒ္ဒါဟောနက် (၃) နက်။ ပရက္ကမ-ကား ပရာရှေးရှိသော ကမု-ဓာတ် အ-ပစ္စည်းဖြင့် ပြီးသော ပုဒ်ကည်း။ ပါ၊ ဌ၊ ဋီ-တို့၌ လုံ့လတနက်သာ အလာများသည်။ ကမ္ဗု-သဒ္ဒါ ယောက်သွားကိုလည်း ဟော၏။ ကမ္ဗု-ကဇော ကြဲဇော ဗလ မေဃောသန္တိ ဝါ ကမ္ဗောဇာ။ ဓာန်ဋီ။ ၁၀၅။]

(၉၆၈) သရော ဗာဏေ့ အကာရာဒေါ၊ သဒ္ဒေ ဝါပိမှိ နိတ္ထိယံ။
ဒုဇ္ဇသော တိခိဏော တီသု၊ ဂဒြဘော ကကစေ ခရော။

(၉၆၈) သရော၊ သရ-သဒ္ဒါသည်။ ဗာဏေ၊ မြား၌၎င်း။ အကာရာဒေါ၊ အ-အာ-စသော အစရှိသော သရ၌၎င်း။ သဒ္ဒေ၊ အသံ၌၎င်း။ ဝါပိမှိ၊ တဘက်

ဆည်ကန်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်၊ နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ တိသု ခရော၊ လိင်သုံးပါးတို့၌ဖြစ်သော ခရ-သဒ္ဒါသည်။ ဒုဖသော၊ ကြမ်းတမ်းသော အတွေ့ရှိသော အရာဝတ္ထု၌၎င်း။ တိခိဏော၊ ထက်သည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ခရော၊ ပုလ္လိင် ခရ-သဒ္ဒါသည်။ ဂဒြဘော၊ မြည်း၌၎င်း။ ကကစော၊ လွှ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[သရ-သဒ္ဒါဟောနက်(၄)နက်။ ခရ-သဒ္ဒါဟောနက် (၄)နက်။ သရ-သဒ္ဒါ မြှားမြက်, ကိုင်းမြက်ကိုလည်း ဟော၏။ သရေ ဟတ္ထေဟိ ဘဉ္ဇိတွာတိ ပုဗ္ဗေ တာပသကာလေ သရတိဏာနံ့ မမ ဟတ္ထေဟိ ဆိန္ဒိတွာ တိဏကုဋိံ ကတွာ ဒသ္သိသံ ဝသိံ။ ထေရဂါ၊ ၂။၁၄၀။]

(၉၆၉) သုရာယုပဒ္ဒဝေ ကာမာ–သဝါဒိမှိ စ အာသဝေါ။
ဒေဟေ ဝုတ္တော ရထင်္ဂေ စ၊ စတုရောပမိသူပမိ။

(၉၆၉) အာသဝေါ၊ အာသဝ-သဒ္ဒါသည်။ သုရာယ၊ သေအရက်၌၎င်း။ ဥပဒ္ဒဝေ၊ ဥပဒ္ဒဝေါ၌၎င်း။ ပါ၊ ဆင်းရဲ၌၎င်း။ ကာမာသဝါဒိမှိ စ၊ ကာမာသဝ အစရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဥပမိ၊ ဥပမိ-သဒ္ဒါကို။ ဒေဟော၊ ကိုယ်၌၎င်း။ ရထင်္ဂေ စ၊ ရထား၏ အစိတ်အပိုင်း လှည်းဘီး၌၎င်း။ စတုရောပမိသု၊ ဥပမိလေးပါးတို့၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။

[အာသဝ-သဒ္ဒါဟောနက်(၃)နက်။ ဥပဓိ-သဒ္ဒါဟောနက်(၃) နက်။ အာသဝ-အတ္ထုဒ္ဓါရ မငွ၊၁။၆၃။ အံ၊ ၂။၈၁။ အဘိ၊ ၁။ ၄၀၁။ ဥဒါန၊ ၁၅၈။ ဣတိဝုတ်၊ ၁။၃၁၈-တို့၌ လာ၏။ ဥပဓိ ၄-ပါး သရုပ်ကား—(၁) ခန္ဓူပဓိ=ခန္ဓာဟူသော ဆင်းရဲ၏တည်ရာ (၂) ကိလေသူပဓိ=ကိလေသာဟူသော ဆင်းရဲ၏တည်ရာ၊ (၃) အဘိသင်္ခါရူပဓိ=အသစ်အသစ် ပြုပြင်စီရင်မှုဟူသော ဆင်းရဲ၏ တည်ရာ၊ (၄) ပဉ္စကာမဂုဏူပဓိ=ကာမဂုဏ် ၅-ပါးတည်းဟူသော ဆင်းရဲ၏တည်ရာ အားဖြင့် ၄-ပါးတည်း။ မငွ၊၁၊ ၁၈။ မဆောင်ပုဒ် ကား—ခန်, ကိ, အဘိ၊ ကာမ-ယည့်၊ လေးရှိ ဥပဓိ။]

(၉၇၀) ဝတ္ထုံ’တ္တံ ကာရဏော ဒဗ္ဗ၊ ဘူဘောဒေ ရတနတ္တယေ။
ယက္ခော ဒေဝေ မဟာရာဇေ၊ ကုဝေရာနုစရေ နရေ။

(၉၇၀) ဝတ္ထု၊ ဝတ္ထု-သဒ္ဒါကို။ ကာရဏော၊ အကြောင်း၌ရင်း။ ဒဗ္ဗေ၊ အလည်းကိုယ်ဝတ္ထုဒြဗ်၌ရင်း။ ဘူဘောဒေ၊ ခြံမြေလယ်ယာ၌ရင်း။ (မြေအထူး၌သော်လည်း ဟူ။ မြေအထူးဟူသည်လည်း ခြံမြေလယ်ယာတည်း။) ရတနတ္တယေ၊ ရတနာသုံးပါး၌ရင်း။ ဥတ္တံ၊ ဆိုအပ်၏။ ယက္ခော၊ ယက္ခ-သဒ္ဒါကို။ ဒေဝေ၊ နတ်သာမာန်၌ရင်း။ မဟာရာဇေ၊ သိကြားမင်း, စတုမဟာရာဇ်နတ်မင်း၌ရင်း။ ကုဝေရာနုစရေ၊ ဝေဿဝဏ်နတ်မင်း၏ နောက်လိုက်သင်းပင်း ခြွေရံ ဘီလူး၌ရင်း။ နရေ၊ သတ္တဝါ၌ရင်း။ ဥတ္တော၊ ဆိုအပ်၏။

[ဝတ္ထု-သဒ္ဒါဟောနက် (၄)နက်။ ယက္ခ-သဒ္ဒါဟောနက် (၄) နက်။ ယက္ခ-အတ္ထုဒ္ဓါရ မ၊ဋ္ဌ၊၃။၉၆။ ဝိမာန၊ဋ္ဌ။၁၃၃-တို့၌ လာ၏။ နိတိ၊မ၁။၂ဝ၄-၌ ယက္ခ-သဒ္ဒါဟောနက် ၅-နက် လာ၏။

သ႕တ္တ ဒေဝေ စ သက္ကေ စ၊ ခီဏာသဝေ စ ရက္ခသေ။
ပဥ္စသွေတေသု အတ္ထေသု၊ ယက္ခ-သဒ္ဒေါ ပဝတ္တတိ-

ဟူသော ဂါထာဖြင့်လည်း အကျဉ်းပြဆို၏။]

(၉၇၁) ဒါ၊ရက္ခန္ဓေ ပိဋ္ဌိကာယံ၊ အာပဏော ပိဋ္ဌ မာသနေ။
ပရိပါရေ ပရိက္ခာရော၊ သမ္ဘာရေ စ ဝိဘူသနေ။

(၉၇၁) ပီဋ္ဌံ၊ ပီဋ္ဌ-သဒ္ဒါသည်။ ဒါရုက္ခန္ဓေ၊ ထင်တုံး၌ရင်း။ ပိဋ္ဌိကာယံ၊ ကင်းပျဉ်၌ရင်း။ ပါ၊ ကုလားထိုင်၌ရင်း။ အာပဏော၊ ဈေးဆိုင်၌ရင်း။ အာသနေ၊ နေရာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ပရိက္ခာရော၊ ပရိက္ခာရ-သဒ္ဒါသည်။ ပရိပါရေ၊ အခြံအရံ၌ရင်း။ သမ္ဘာရေ စ၊ အဆောက်အဦ၌ရင်း။ ဝိဘူသနေ၊ တန်းဆာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ပီဋ္ဌ-သဒ္ဒါဟောနက်(၄)နက်။ ပရိက္ခာရ-သဒ္ဒါဟောနက် (၃) နက်။ ပီဋ္ဌ-သဒ္ဒါ အတ္ထုဒ္ဓါရ "ပီဋ္ဌန္တိ ယံကိဉ္စိ တာဒိသံ ဒါရုက္ခန္ဓမ္ပိ အာပဏမ္ပိ ဗလိကရဏပီဋ္ဌမ္ပိ ဝေတ္တာသနမ္ပိ မသာရကာဒိဝိသေသနာမံ ဒါရုမယာဒိအာသနမ္ပိ ဝုစ္စတိ"စသည်ဖြင့် ဝိမာန၊ဋ္ဌ။ဂ-၌ လာ၏။ ပရိက္ခာရ-အတ္ထုဒ္ဓါရ ဝိသုဒ္ဓိ၊၁။၃၃။ ဒီ၊ဋ္ဌ၊၂။၂၃ဂ။ ဝိ၊ဋ္ဌ၊၂။

၁၃၇။ မဟာနိ၊ဋ္ဌ။၄၁၁။ ပဋိသံ၊ဋ္ဌ၊၁။၂၁၁။ ဝိသုဒ္ဓိ၊ဋ္ဌိ၊၁။ဂ၁။ အံ
ဋ္ဌိ၊၃။၁၆၉-တို့၌ လာ၏။]

(၈၇၂) ဝေါဟာရသ္မိဉ္စ ဌပနေ၊ ပညတ္တိ’တ္တိ ပကာသနေ။
ပဋိဘာဂနံ တု ပညာယံ၊ ဥပဋ္ဌိတဂိရာယ စ။

(၈၇၂) ပညတ္တိ၊ ပညတ္တိ-သဒ္ဒါသည်။ ဝေါဟာရသ္မိဉ္စ၊ ပညတ်၌၎င်း။ ဌပနေ၊ ထားခြင်း၌၎င်း။ ဝါ၊ နေရာ-စသည်ကို ခင်းခြင်း၌၎င်း။ ပကာသနေ၊ ထင်ရှားပြုခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ တု၊ ထိုမှတပါး။ ပဋိဘာဂနံ၊ ပဋိဘာဂန-သဒ္ဒါသည်။ ပညာယံ၊ ပညာ၌၎င်း။ ဥပဋ္ဌိ-တဂိရာယ စ၊ အရာအားလျော်စွာ ရှတ်တရက် ချက်တဖြုတ် ဉာဏ်အား ထင်လာသော စကား၌၎င်း။ သိယာ၊ ဖြစ်ရာ၏။]

[ပညတ္တိ-သဒ္ဒါဟောနက်(၃)နက်။ ပဋိဘာဂန-သဒ္ဒါဟောနက် (၂)နက်။ ပညတ္တိ-အတ္ထုဒ္ဓါရ အဘိ၊ဋ္ဌ၊၃။၂၅။ ဒီ၊ဋ္ဌိ၊၃။၉၈။ မ၊ဋ္ဌိ၊ ၃။၃၉၆-တို့၌ လာ၏။ ပဋိဘာဂန-အတ္ထုဒ္ဓါရ အဘိ၊ဋ္ဌ၊၃။၇၄။ ဒီ၊ဋ္ဌိ၊ ၃။၇၇-တို့၌ လာ၏။]

(၈၇၃) ဝစနာဝယဝေ မူလေ၊ ကထိတော ဟေတု ကာရဏေ။
ဥဒရေ တု တထာ ပါစ–နလသ္မိံ ဂဟဏီ’ပ္ပယံ။

(၈၇၃) ဟေတု၊ ဟေတု-သဒ္ဒါကို။ ဝစနာဝယဝေ၊ ပဋိညာ, ဥပမာ, ဟေတု, ဥဒါဟရဏ်, နိဂုံးဟူသော သမ္ဗန္ဓဝါကျအစိတ် ဟိတ်၌၎င်း။ မူလေ၊ လောဘ-စသော မူလ၌၎င်း။ ဝါ၊ လောဘ-စသော ဟိတ်၌၎င်း။ ကာရဏေ၊ အကြောင်း၌၎င်း။ ကထိတော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဂဟဏီ၊ ဂဟဏီ-သဒ္ဒါကို။ ဥဒရေ၊ ဝမ်း၌၎င်း။ တထာ၊ ထို့မှတပါး။ ပါစနလသ္မိံ၊ ပါစကတေဇော ၌၎င်း။ ကထိတာ၊ ဆိုအပ်၏။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တကာ၊ ဖြစ်၏။

[ဟေတု-သဒ္ဒါဟောနက် (၃) နက်။ ဂဟဏီ-သဒ္ဒါဟောနက် (၂) နက်။ ဟေတုအတ္ထုဒ္ဓါရ မ၊ဋ္ဌ၊၄။၅၂။ အဘိ၊ဋ္ဌ၊၁။၃၄၂။ အဘိ၊ဋ္ဌ၊၃။၃၄၄။ မ၊ဋ္ဌိ၊၁။၂၄၅။ နေတ္တိ၊ဋ္ဌိ၊၃၉-တို့၌ လာ၏။ ဂဟဏီ-အတ္ထုဒ္ဓါရ ဒီ၊ဋ္ဌ၊၁။၂၅၀-၌ လာ၏။]

(၉၇၄) ပိယော ဘတ္တရိ ဇာယာယံ၊ ပိယာ ဇ္ဇလွေ ပိယော တိသု။
ယမရာဇေ တု ယုဂဠေ၊ သံယမေ စ ယမော ဘဝေ။

(၉၇၄) ပိယော၊ ပုလ္လိင် ပိယ-သဒ္ဒါသည်။ ဘတ္တရိ၊ လင်၌။ သိယာ၊ ဖြစ်ရာ၏။ ပိယာ၊ ဣတ္ထိလိင် ပိယာ-သဒ္ဒါသည်။ ဇာယာယံ၊ မယား၌။ သိယာ၊ ဖြစ်ရာ၏။ တိသု ပိယော၊ လိင်သုံးပါး၌ဖြစ်သော ပိယ-သဒ္ဒါသည်။ ဇ္ဇလွေ၊ အလိုရှိအပ်သော ဝတ္ထု၌၊ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ယမော၊ ယမ-သဒ္ဒါသည်။ ယမရာဇေ၊ ယမမင်း၌၎င်း။ ယုဂဠေ၊ အစုံ၌၎င်း။ သံယမေ စ၊ ဧကျ အစရှိသော ဇ္ဇန္ဒြေတို့ကို စောင့်စည်းခြင်း၌၎င်း။ ဘဝေ၊ ဖြစ်၏။

[ပိယ-သဒ္ဒါဟောနက် (၃) နက်။ ယမ-သဒ္ဒါဟောနက် (၃) နက်။ ယမ-သဒ္ဒါ သေခြင်းကိုလည်း ဟော၏။ ယမန် ဥပရမနန္တိ ယမော၊ မရဏံ။ အနုဋီ၊၃။၁၆၀။ နံစွတာဝရ စောင့်ရှောက်အပ်သော ၅-ပါး သီလကိုလည်း ဟောသည်။ မိလိန္ဒ။၁၂၂။]

(၉၇၅) မုဒ္ဒိကာယ စ ပုပ္ဖသ၊ ရသေ ခုဒ္ဒ မဓု ရိတံ။
ဥလ္လောစေ တု စ ဝိတ္ထာရေ၊ ဝိတာနံ ပုန္နပုံသကေ။

(၉၇၅) မဓု၊ မဓု-သဒ္ဒါကို။ မုဒ္ဒိကာယ၊ မုဒရက်သီး၏။ ဝါ၊ သပြစ်သီး၏။ ရသေ၊ အရည်၌၎င်း။ ပုပ္ဖသ၊ ပန်းပွင့်၏။ ရသေ၊ အရည်၌၎င်း။ ခုဒ္ဒေ၊ ပျားရည်၌၎င်း။ ဤရိတံ၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ဝိတာနံ၊ ဝိတာန-သဒ္ဒါကို။ ဥလ္လောစေ၊ မျက်နှာကြက်၌၎င်း။ ဝိတ္ထာရေ၊ အကျယ်၌၎င်း။ ဤရိတံ၊ ဆိုအပ်၏။ ပုန္နပုံသကေ၊ ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[မဓု-သဒ္ဒါဟောနက် (၃) နက်။ ဝိတာန-သဒ္ဒါဟောနက် (၂) နက်။ မဓု-သဒ္ဒါဟောနက်ကို နာနတ္ထသင်္ဂဟ၌——

မဓုခုဒ္ဒေ ဇလေ ခီရေ၊ မဇ္ဇေ ပုပ္ဖရသေ မဓု။
ဒေတျေ စိတ္တေ ဝသန္တေ စ၊ ဇီဝသာကေ မဓုဒ္ဒုမေ

ဟူသော ဂါထာဖြင့် လာ၏။

ဂါထာအနက်။ ။မဓု၊ မဓု-သဒ္ဒါသည်။ မဓုခုဒ္ဒေ၊ ပျားရည်, ပျားကောင်၌၎င်း။ ဇလေ၊ ရေ၌၎င်း။ ခီရေ၊ နို့ရည်၌၎င်း။ မဇ္ဇေ၊

သေရည်သေရက်၌ရှင်း။ ပုပ္ဖရသော၊ ပန်းရက်၌ရှင်း။ ဒေတော၊ အသုရာ၌ရှင်း။ (တိကဏ္ဍသေသ-၌ ဒဲတျော စိတြဝသန္တေသုဟု ရှိရာ ဒဲတျော-ကို ဒေတျော-ဟု ပါဠိပြန်သည်။) စိတ္တော၊ စိတ်၌ရှင်း။ ဝသန္တော၊ ဝသန္တ ဥတု၌ရှင်း။ ဇီဝသာကော၊ ဟင်းနုနယ်ပင်၌ရှင်း။ မဓုဒ္ဒုမော၊ သစ်မည်စည်ပင်၌ရှင်း။ ဝတ္တတိ၊ ဖြစ်၏။]

(၉၇၆) အပဝဂ္ဂေ စ သလိလေ၊ သုဓာယံ အမတံ မတံ။
မောဟေ တု တိမိရေ သင်္ချာ—ဂုဏေ တမ မနိတ္ထိယံ။

(၉၇၆) အမတံ၊ အမတ-သဒ္ဒါကို။ အပဝဂ္ဂေ စ၊ နိဗ္ဗာန်၌ရှင်း။ သလိလေ၊ ရေ၌ရှင်း။ သုဓာယံ၊ နတ်သုဓာ၌ရှင်း။ ဝါ၊ နတ်ထမင်း၌ရှင်း။ မတံ၊ သိအပ်၏။ တု၊ ထိုမှတပါး။ တမံ၊ တမ-သဒ္ဒါကို။ မောဟေ၊ တွေဝေခြင်း၌ရှင်း။ ဝါ၊ အဝိဇ္ဇာ၌ရှင်း။ တိမိရေ၊ အမိုက်တိုက်၌ရှင်း။ သင်္ချာဂုဏေ၊ သင်္ချာကျမ်းလာ တမဂုဏ်၌ရှင်း။ မတံ၊ သိအပ်၏။ အယံ၊ ဤ တမ-သဒ္ဒါသည်။ အနိတ္ထိယံ၊ ဣတ္ထိလိင်မဟုတ် ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။

[အမတ-သဒ္ဒါဟောနက် (၃)နက်။ တမ-သဒ္ဒါဟောနက် (၃) နက်။ နာနတ္ထသင်္ဂဟနှင့် မေဒိနီကောသတို့၌—

အမတံ ယညသေသေ စ၊ ပီယူသေ သလိလေ ဃတေ။
အာယာစိတေ စ မောက္ခေ စ၊ ဓန္ဝန္တရိသုဓာသိသု။
အမတော အမတာ သိဝါ—ဂဠူစျာမလကီသု စ။

ဟူသော ဂါထာဖြင့် အမတ-ဟောနက်များ လာ၏။

**ဂါထာအနက်။** ။အမတံ၊ နပုလ္လိင် အမတ-သဒ္ဒါသည်။ ယညသေသေ စ၊ ယဇ်ကြွင်း၌ရှင်း။ ပီယူသေ၊ သုဓာဘုတ်၌ရှင်း။ သလိလေ၊ ရေ၌ရှင်း။ ဃတေ၊ ထောပတ်၌ရှင်း။ အာယာစိတေ စ၊ တောင်းပန်ခြင်း၌ရှင်း။ မောက္ခေ စ၊ နိဗ္ဗာန်၌ရှင်း။ ဝတ္တတိ၊ ဖြစ်၏။ အမတော၊ ပုလ္လိင် အမတ-သဒ္ဒါသည်။ ဓန္ဝန္တရိသုဓာသိသု၊ ဓန္ဝန္တရိဆေးဆရာ, သုဓာဘုတ်ကိုစားကာသော နတ်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ အမတာ၊ ဣတ္ထိလိင် အမတာ-သဒ္ဒါသည်။ သိဝါဂဠူစျာမလကီသု စ၊ ဩမ်းအေးခြင်း, ဆင်သမန္တယ်ပင်, သျှိသျှားပင်တို့၌လည်း။ ဝတ္တတိ၊ ဖြစ်၏။]

(၉၇၇) ခရေ စ ကာရိယေ တီသု၊ ရသမ္ဘိ ပုရိသေ ကဋ္ဌ။
ပဏ္ဍကေ သုကတေ ပုညံ၊ မနုညေ ပဝနေ တီသု။

(၉၇၇) တီသု ကဋ္ဌ၊ လိင်သုံးပါးတို့၌ ဖြစ်သော ကဋ္ဌ-သဒ္ဒါသည်။ ခရေ စ၊ ကြမ်းတမ်းသော ဝတ္ထု၌ရင်း။ အကာရိယေ၊ မပြုသင့် မပြုထိုက်သော အမှု၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ပုရိသေ ကဋ္ဌ၊ ပုလ္လိင် ကဋ္ဌ-သဒ္ဒါသည်။ ရသမ္ဘိ၊ စပ်သောအရသာ၌။ သိယာ၊ ဖြစ်ရာ၏။ ပဏ္ဍကေ ပုညံ၊ နပုလ္လိင် ပုည-သဒ္ဒါသည်။ သုကတေ၊ ကောင်းမှု၌။ သိယာ၊ ဖြစ်ရာ၏။ တီသု ပုညံ၊ လိင်သုံးပါး၌ဖြစ်သော ပုည-သဒ္ဒါသည်။ မနုညေ၊ နှစ်လိုဖွယ် တင့်တယ်သည်၌ရင်း။ ပဝနေ၊ ဖြူစင်သည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ကဋ္ဌ-သဒ္ဒါဟောနက် (၃) နက်။ ပုည-သဒ္ဒါဟောနက် (၃) နက်။ ဋီကာထိလိင် ကဋ္ဌ-သဒ္ဒါ ကုလား ဆောင်းမေးခါးကိုလည်း ဟောသည်။ ကဋ္ဌ ကဋ္ဌကာရောဟိနီ။ တချို့ ဓာန်။၅၈၂။ ပုည-အတ္ထုဒ္ဒါရ ဋီကာတိဝုတ်၊၄။၇၁-၌ လာ၏။ ပုည-သဒ္ဒါ၏ ကလျာဏ, ကုသလ, သုဘ-နှင့် ပရိယာယ်တူဖြစ်ကြောင်း —

ကလျာဏံ ကုသလံ ပုညံ၊ သုဘမိစ္စေဝ နိဒ္ဒိသေ—

ဟု နီတိ၊ဓာ။၁၁၉-၌ လာ၏။]

(၉၇၈) ရုက္ခော ဒုမမ္ဘိ ဖရုသော – သိနိဒ္ဓေသု စ သော တီသု။
ဥပ္ပတ္တိယံ ဟု ဟေတုမှိ၊ သင်္ဂေ သုက္ကေ စ သမ္ဘဝေါ။

(၉၇၈) ရုက္ခော၊ ပုလ္လိင် ရုက္ခ သဒ္ဒါသည်။ ဒုမမှိ၊ သစ်ပင်၌။ သိယာ၊ ဖြစ်ရာ၏။ တီသု သော၊ လိင်သုံးပါးတို့၌ ဖြစ်သော ထို ရုက္ခ-သဒ္ဒါသည်။ ဖရုသာသိနိဒ္ဓေသု၊ ကြမ်းတမ်းသော ဝတ္ထု, အဆီမရှိ ခြောက်ထတ်သော ဝတ္ထုတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သမ္ဘဝေါ၊ သမ္ဘဝ-သဒ္ဒါသည်။ ဥပ္ပတ္တိယံ၊ ဖြစ်ခြင်း၌ရင်း။ ဟေတုမှိ၊ အကြောင်း၌ရင်း။ သင်္ဂေ၊ ငြိကပ်ခြင်း၌ရင်း။ သုက္ကေ စ၊ သုက်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ရုက္ခ-သဒ္ဒါဟောနက် (၃) နက်။ သမ္ဘဝ-သဒ္ဒါဟောနက် (၄) နက်။ သမ္ဘဝ-သဒ္ဒါ ဖြစ်ခြင်း, ဖြစ်ခြင်းကြိယာ, အသင့်ယုတ္တိ, ပညတ်, သမ္ဘဝရုပ်, အကြောင်းတို့ကိုလည်း ဟော၏။ သမ္ဘဝ-သဒ္ဒါ

ဟိ ဘဝနကြိယမ္ပိ ဝဒတိ ယုတ္တိမ္ပိ ပညတ္တိမ္ပိ သမ္ဘာဝရူပမ္ပိ ပစ္စယတ္ထမ္ပိ။ နီတိ၊ပဒ။၉၃။]

(၉၇၉) နိမိတ္တံ ကာရဏာ ဝုတ္တံ၊ အင်္ဂဇာတေ စ လဉ္ဆနေ။
အာဒိ သီမာပကာရေသု၊ သမီပေ'ဝယဝေ မတော။

(၉၇၉) နိမိတ္တံ၊ နိမိတ္တ-သဒ္ဒါကို။ ကာရဏာ၊ အကြောင်း၌၎င်း။ အင်္ဂဇာတေ စ၊ အင်္ဂါဇာတ်၌၎င်း။ လဉ္ဆနေ၊ အမှတ်တံဆိပ်၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။ အာဒိ၊ အာဒိ သဒ္ဒါကို။ သီမာပကာရေသု၊ အပိုင်းအခြား, အပြားတို့၌၎င်း။ သမီပေ၊ အနီး၌၎င်း။ အဝယဝေ၊ အစိတ်၌၎င်း။ မတော၊ သိအပ်၏။

[နိမိတ္တ-သဒ္ဒါဟောနက် (၃) နက်။ အာဒိ-သဒ္ဒါဟောနက် (၄) နက်။ အာဒိ-သဒ္ဒါ ဟောနက်ကို "အနီး, ပိုင်းခြား၊ စိတ်ကားအတူ၊ နက်လေးဆူ၊ ဟောမူအာဒိမှာ" ဟူသော လင်္ကာဖြင့် ရှေးဆရာတို့ မှတ်တမ်း ပြုတော်မူခဲ့ကြကုန်၏။]

(၉၈၀) ဝေဒေ စ မန္တနေ မန္တော၊ မန္တာ ပညာယ မုစ္စတေ။
အနယော ဗျသနေ စေဝ၊ သန္ဒိဿတိ ဝိပတ္တိယံ။

(၉၈၀) မန္တော၊ ပုလ္လိင် မန္တ-သဒ္ဒါကို။ ဝေဒေ စ၊ ဝေဒကျမ်း၌၎င်း။ မန္တနေ၊ အတိုင်အပင်၌၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။ မန္တာ၊ ဣတ္ထိလိင် မန္တာ-သဒ္ဒါကို။ ပညာယံ၊ ပညာ၌။ ဥစ္စတေ၊ ဆိုအပ်၏။ အနယော၊ အနယ-သဒ္ဒါသည်။ ဗျသနေ စေဝ၊ စည်းစိမ်ဥစ္စာ-စသည် ဆုတ်ယုတ်ပျက်စီးခြင်း၌၎င်း။ ဝိပတ္တိယံ၊ အကျိုးမဲ့ခြင်း၌၎င်း။ သန္ဒိဿတိ၊ ထင်၏။

[မန္တ-သဒ္ဒါဟောနက် (၃)နက်။ အနယ-သဒ္ဒါဟောနက် (၂) နက်။ မန္တနေ၊ တိုင်ပင်ခြင်း၌-ဟူရာ၌ စတုက္ကဏ္ဍ-စသော အတိုင်အပင်ဟု သိရာ၏။ အနယ သဒ္ဒါ ကြီးစွာသော ပျက်စီးခြင်းကို ပြုတတ်သောသူကိုလည်း ဟောသည်။ မနုဿာနံ အနယော ဟုတ္ဝာ။ ဇာ၊၁။၂၄၀။ တေသံ အနယော မဟာဝိနာသကာရကော ဟုတွာ။ ဇာ၊ဋ္ဌ၊၄။၁၀၄။ န+နယ-ဟု ပုဒ်ခွဲ၍ မသင့်တော်သော အကျင့်ကို လည်း ဟောသည်။ အနယံ နယတိ ဒုမ္မေဓော။ ဇာ၊၁။၂၆၇။]

(၉၀၁) အရုဏော ရုံသိဘေဒေ စ ဝ-ဗျတ္တရာဂေ စ လောဟိတေ။
အနူပဒွေ့ တု ပကတာ-နိဝတ္တေ နသာနက္ခရေ။

(၉၀၁) အရုဏော၊ အရုဏ-သဒ္ဒါသည်။ ရုံသိဘေဒေ စ၊ နေအရုဏ် ရောင်၌၎င်း။ (အရောင်အယှဉ်း၌ဟု သဒ္ဒါနုက်ပေးနိုင်၏။) အဗျတ္တရာဂေ စ၊ စဉ်းငယ်နီသော အဆင်း၌၎င်း။ လောဟိတေ၊ စွေးစွေးနီသော အဆင်း၌ ၎င်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး၊ အနူပဒွေ့၊ အနူပဒ-သဒ္ဒါသည်။ ပကတာနိဝတ္တေ၊ ပင်ကိုယ် ပကတိသဘောမှ မနစ်သည်၌၎င်း။ နသာနက္ခရေ၊ ကျေလေသော ဏ-အနုပန် အစရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[အရုဏ-သဒ္ဒါဟောနက် (၃)နက်။ အနူပဒ-သဒ္ဒါဟောနက် (၂)နက်။ အဗျတ္တရာဂေ-ကို ကိဉ္စိရတ္တေ-ဟုရင်း, လောဟိတေ-ကို ရတ္တေ-ဟုရင်း ဋီကာဖွင့်၏။ အမရကောသ၊ ၂၃။၉၀-၌—

ဒေါသုပ္ပါဒေ အနူပဒွေ့၊ ပကတျာဒိဝိနသာရေ။
ပုဗ္ဗာနုယာယိသုသုမို၊ ပကတာဿာ'နုဝတ္တနေ—

ဟု အနူပဒ္ဒအတ္ထုဒ္ဓါရ လာရှိ၏။

ဂါထာအနက်။ ။အနူပဒွေ့၊ အနူပဒ-သဒ္ဒါသည်။ ဒေါသုပ္ပါဒေ၊ အပြစ်၏ဖြစ်ခြင်း၌၎င်း။ ပကတျာဒိဝိနသာရေ၊ ပကတိပစ္စည်း, အာဂုံ အာဒေသတို့ဝယ် ပျောက်ကွယ်သွားသော အနုပန်အက္ခရာ၌၎င်း။ ပုဗ္ဗာနုယာယိသုသုမို၊ ပဓာနဖြစ်သူသို့ အစဉ်လိုက်သော သူငယ်၌၎င်း။ ပကတာဿ၊ အားထုတ်အပ်သော ပုဒ်၏။ အနုဝတ္တနေ၊ နမိတ်ဘောဘာ အစရှိသောနည်းအားဖြင့် အစဉ်လိုက်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

(၉၀၂) အဝတာရော' ဝတရဏော၊ တိတ္ထမို ဝိဝရေပျထ။
အာကာရော ကာရဏော ဝုတ္တော၊ သဏ္ဍာနေ ဣင်္ဂိတေပိ စ။

(၉၀၂) အဝတာရော၊ အဝတာရ-သဒ္ဒါကို။ အဝတရဏော၊ သက်ဆင်း ခြင်း၌၎င်း။ တိတ္ထမို၊ ရေဆိပ်, လှည်းဆိပ်, ရထားဆိပ် အစရှိသော ဆိပ်၌ ၎င်း။ ဝိဝရေ၊ အပေါက်အကြား၌၎င်း။ ဝုတ္တော၊ ဆိုအပ်၏။ အထ၊ ထိုမှ တပါး။ အာကာရော၊ အာကာရ-သဒ္ဒါကို။ ကာရဏေ၊ အကြောင်း၌၎င်း။

သဏ္ဌာနေ၊ အသွင်သဏ္ဌာန်၌ရင်း။ ဣင်္ဂိတေပိ စ၊ မျက်စိမှိတ်ခြင်း,လည်ညိတ်ခြင်း, မျက်စပစ်ခြင်း အစရှိသော အမူအရာ၌ရင်း။ ဝုတ္တော၊ ဆိုအပ်၏။

[အဝတာရ-သဒ္ဒါဟောနက်(၃)နက်။ အာကာရ-သဒ္ဒါဟောနက်(၃)နက်။ အာကာရ-သဒ္ဒါ သဘောကိုလည်း ဟောသည်။ အာကာရာ ဝုစ္စန္တိ ဝေဒန္တာဒီနံ အညမညံ အသဒိသာဘာဝါ။ ဒီ၊ ဋ္ဌ၊၂။၉၁။ အဖို့အစုကိုလည်း ဟောသည်။ ယေဟိ အာကာရေဟီတိ ယေဟိ ကောဋ္ဌာသေဟိ။ သံ၊ ဋ္ဌ၊ ၃။ ၂၉၁။ အပြားကိုလည်း ဟောသည်။ အာကာရ-သဒ္ဒေါ တု ပကာရတ္တော။ မဏိမဉ္ဇူ၊ ၂။ ၃၅၆။]

(၉၀၃) သုဒ္ဒိ'ထ္တိတနယေ ခတ္တာ၊ ဥဂ္ဂေါ တိဗ္ဗမှိ သော တိသု။
ပဓာနံ တု မဟာမတ္တေ၊ ပကတျ'ဂ္ဂမိတိသု စ။

(၉၀၃) ဥဂ္ဂေါ၊ ပုလ္လိင် ဥဂ္ဂ-သဒ္ဒါသည်။ ခတ္တာ၊ မင်းမျိုးကြောင့်။ သုဒ္ဒိတ္ထိဘနယေ၊ မွေးဖွားသော သူဆင်းရဲမျိုးမ၏သား၌။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနော၊ ဖြစ်သော။ သော၊ ထိုဥဂ္ဂ-သဒ္ဒါသည်။ တိဗ္ဗမှိ၊ ထက်သည်၌။ ဝါ၊ ချွန်သည်၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ပဓာနံ၊ ပဓာန-သဒ္ဒါသည်။ မဟာမတ္တေ၊ အမတ်ကြီး၌ရင်း။ ပကတျဂ္ဂမိတိသု စ၊ ပကတိ, အမြတ်, ယုံ့လာတို့၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဥဂ္ဂ-သဒ္ဒါဟောနက်(၂)နက်။ ပဓာန-သဒ္ဒါဟောနက်(၄)နက်။ တိလိင် ပဓာန-သဒ္ဒါ မြတ်သော၊ ကြီးသော၊ ပဓာနဖြစ်သော၊လိုရင်းဖြစ်သော၊ အချုပ်ဖြစ်သော၊ အဓိကဖြစ်သော ပုဂ္ဂိုလ် စသည်ကို ဟောသည်။ ဒိသာပါမောက္ခာတိ သဗ္ဗဒိသာသု ဝိဒိတော ပါကဋော ပဓာနော ဝါတိ အတ္ထော။ ဝိ၊ ဋ္ဌ၊ ၃။ ၃၉၇။]

(၉၀၄) ကလ္လံ ပဘာတေ နိရောဂ-သဇ္ဇဒက္ခေသု တိသု တံ။
ကုဟနာ ကူဋစရိယာယံ၊ ကုဟနော ဂုဟကေ တိသု။

(၉၀၄) ကလ္လံ၊ ကလ္လ-သဒ္ဒါသည်။ ပဘာတေ၊ မိုးသောက်ချိန်၌။ ဝါ၊ မိုးလင်းစအချိန်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု တံ၊ လိင်သုံးပါးတို့၌ဖြစ်သော ထိုကလ္လ-သဒ္ဒါသည်။ နိရောဂသဇ္ဇဒက္ခေသု၊ အနာရောဂါကင်းကွာ ကျန်းမာ

သူ, အသင့်ပြင်ဆင် ပြုလုပ်အပ်ပြီးသော ဝတ္ထု, လိမ္မာသူတို့၌။ သိယာ၊ ဖြစ်ရာ၏။ ကုဟနာ၊ ဣတ္ထိလိင် ကုဟနာ-သဒ္ဒါသည်။ ကူဋစရိယာဟံ၊ စဉ်းလဲသောအမှု၌။ သိယာ၊ ဖြစ်ရာ၏။ တီသု ကုဟနေ၊ လိင်သုံးပါးတို့၌ဖြစ်သော ကုဟန-သဒ္ဒါသည်။ ကုဟကေ၊ ဝါကြွားပလွှားတတ်သူ၌။ သိယာ၊ ဖြစ်ရာ၏။

[ကလ္လ-သဒ္ဒါဟောနက်(၃)နက်။ ကုဟန-သဒ္ဒါဟောနက်(၂)နက်။ တိလိင် ကလ္လ-သဒ္ဒါ သင့်လျော်လျောက်ပတ်သော (အမေးပုစ္ဆာ ပြဿနာ စသည်) ကိုလည်း ဟော၏။ တတြ ဿ ကလ္လော ပဉှော။ သံ၊ ၁။ ၂၇၄။ ကလ္လော ပဉှောတိ တသ္မိံ မယာ ဝုတ္တေ အယံ ပဉှော ယုတ္တော ဘာဂယော။ သံ၊ ဋ္ဌ၊ ၂။ ၂၃။]

(၉၇၅) ကပေါတော ပဏ္ဍဘေဒေ စ၊ ဒိဇ္ဇော ပါရာဝတေထ စ။
သာရဒေါ သရဒုဗ္ဘဝေ၊ အပ္ပဂဗ္ဘေ မတော တီသု။

(၉၇၅) ကပေါတော၊ ကပေါတ-သဒ္ဒါကို။ ပဏ္ဍဘေဒေ၊ ချိုးငှက်၌ ၎င်း။ ဝါ၊ ချိုးလယ်ပြောက်, ချိုးလင်းပြာ၌၎င်း။ (ငှက်အထူးလည်း ဟူ၏။ ငှက်အထူးဟူသည်လည်း ချိုးငှက်ပင်။) ပါရာဝတေ၊ ခို၌၎င်း။ ဒိဇ္ဇော၊ ရှုအပ်၏။ အထ၊ ထိုမှတပါး။ သာရဒေါ၊ သာရဒ-သဒ္ဒါကို။ သရဒုဗ္ဘဝေ၊ သရဒဥတု၌ဖြစ်သော အရာဝတ္ထု၌၎င်း။ အပ္ပဂဗ္ဘေ၊ ဉာဏ်မရှိသူ၌၎င်း။ ဝါ၊ အပြောအဆို မရဲရင့်သူ မသွက်လက်သူ၌၎င်း။ မတော၊ သိအပ်၏။ တီသု၊ လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။

[ကပေါတ-သဒ္ဒါဟောနက်(၂)နက်။ သာရဒ-သဒ္ဒါဟောနက်(၂)နက်။ ချိုးသည် ချိုးလယ်ပြောက်, ချိုးလင်းပြာ, ချိုးသိမ်း-စသည်ရှိရာ ချိုးလယ်ပြောက်, ချိုးလင်းပြာအနက်နှင့် ဆီလျော်၏။ ပဂဗ္ဘ-သဒ္ဒါ ဉာဏ်ရှိသူကို ဟောသည်ကိုထောက်၍ အပ္ပဂဗ္ဘ-သည် ဉာဏ်မရှိသူလည်း သင့်၏။ ဓာန်။ ၇၃၁-ဂါထာလည်း ကြည့်။]

(၉၇၆) တီသု ခရေ စ ကဂ္ဂိနေ၊ ကက္ကသော သာဟသပ္ပိယေ။
ဒေ ဂါရိယော ပု ဂုယှကေ၊ ဝီရေ ကောပိန မုစ္စတေ။

(၉၇၆) ကက္ကသော၊ ကက္ကသ-သဒ္ဒါသည်။ ခရေ၊ ကြမ်းတမ်းသောအတွေ့၌၎င်း။ ကဂ္ဂိနေ၊ ခက်မာသော ဝတ္ထု၌၎င်း။ သာဟသပ္ပိယေ၊ အနိုင်အထက်ပြုသူ, မချစ်မနှစ်သက်အပ်သူ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တီသု၊

လိင်သုံးပါးတို့၌။ ဝတ္တတိ၊ ဖြစ်၏။ တု၊ ထိုမှတပါး။ ကောပိနံ၊ ကောပိန-သဒ္ဒါကို။ အကာရိယေ၊ မပြုသင့် မပြုထိုက်သော အမှု၌၎င်း။ ဂုယှင်္ဂေ၊ အင်္ဂါဇာတ်၌၎င်း။ စီရေ၊ အဝတ်ပုဆိုး၌၎င်း။ ဥစ္စတေ၊ ဆိုအပ်၏။

[ကက္ကသ-သဒ္ဒါဟောနက် (၃)နက်။ ကောပိန-သဒ္ဒါဟောနက် (၃)နက်။ ကက္ကသ-သဒ္ဒါ အပြစ်အနာအဆာ ချွတ်ယွင်းချက်ကို လည်း ဟောသည်။ မဏိရတနဿ ကောဒေသံ ကက္ကသံ ဥပ္ပဇ္ဇတိ။ မိလိန္ဒ။ ၂၄၅။]

(၉၈၇) မိဂဘေဒေ ပဋ္ဋာကာယံ၊ မောစေ စ ကဒလီ'တ္ထိယံ။
ဒက္ခိဏာ ဒါနဘေဒသ္မိံ၊ ဝါမတော'ညမှိ ဒက္ခိဏော။

(၉၈၇) ကဒလီ၊ ကဒလီ-သဒ္ဒါသည်။ မိဂဘေဒေ၊ ဝံပိုင့်၌၎င်း။ (သားကောင်အထူးဟုလည်း ပေးနိုင်သည်၊ သားကောင်အထူးဟူသည် ဝံပိုင့်တည်း။) ပဋ္ဋာကာယံ၊ တံခွန်၌၎င်း။ မောစေ စ၊ ငှက်ပျောပင်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အယံ၊ ဤကဒလီ-သဒ္ဒါသည်။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တတိ၊ ဖြစ်၏။ ဒက္ခိဏာ၊ ဣတ္ထိလိင် ဒက္ခိဏာ သဒ္ဒါသည်။ ဒါနဘေဒသ္မိံ၊ ဒါနအထူး၌၊ သိယာ၊ ဖြစ်ရာ၏။ ဒက္ခိဏော၊ ပုလ္လိင် ဒက္ခိဏ-သဒ္ဒါသည်။ ဝါမတော၊ လက်ဝဲမှ။ အညမှိ၊ တပါး တခြားသော လကျာ၌။ သိယာ၊ ဖြစ်ရာ၏။

[ကဒလီ-သဒ္ဒါဟောနက် (၃)နက်။ ဒက္ခိဏ-သဒ္ဒါဟောနက် (၂)နက်။ ကဒလီ-ကို ဆရာတချို့တို့က ကျားသစ်ဟုလည်း ပြန်ဆိုကြသည်။ တိလိင် ဒက္ခိဏ-သဒ္ဒါ အလှူခံထိုက်သူကိုလည်း ဟောသည်။ အာစရိယာ ဒက္ခိဏေယျတာယ ဒက္ခိဏာ ဒိသာ။ ဒီ၊ဋ္ဌ၊၃။ ၁၃၅။]

(၉၈၈) ဒုတိယာ ဘရိယာယဥ္စ၊ ဒွိန္နံ ပူရဏိယံ မတာ။
အထုပ္ပါတေ သိယာ ဓူမ—ကေတု ဝဿာနရေပိ စ။

(၉၈၈) ဒုတိယာ၊ ဒုတိယာ-သဒ္ဒါကို။ ဘရိယာယဥ္စ၊ မယား၌၎င်း။ ဒွိန္နံ၊ နှစ်ခုတို့၏။ ပူရဏိယံ၊ ပြည့်ကြောင်းဝတ္ထု၌၎င်း။ မတာ၊ သိအပ်၏။ အထ၊ ထိုမှတပါး။ ဓူမကေတု၊ ဓူမကေတု-သဒ္ဒါကို။ ဥပ္ပါတေ၊ ဥပါတ်နိမိတ် ကိတ်ဂြိုဟ်၌၎င်း။ ဝဿာနရေ၊ မီး၌၎င်း။ မတော၊ သိအပ်၏။

[ဒုတိယ-သဒ္ဒါဟောနက် (၂)နက်။ ဓမ္မကေတု-သဒ္ဒါဟောနက် (၂)နက်။ ဋီကာ၌ ဥပ္ပါတော-ကို ဘူတဝိကတိယံ-ဟု ဖွင့်သည်။ ဥပ္ပါတော ဘူတဝိကတိ၊ ယာ သုဘာသုဘသူစိကာ။ ၄၀၁-ဂါထာနှင့် ကိုက်ညီ၏။]

(၉၇၉) ဘဝနိဂ္ဂမနေ ယာနေ၊ ဒွါရေ နိဿရဏံ သိယာ။
နိယာမကော ပေါတဝါဟော၊ တိလိင်္ဂေါ သော နိယန္တရိ။

(၉၇၉) နိဿရဏံ၊ နိဿရဏ-သဒ္ဒါသည်။ ဘဝနိဂ္ဂမနေ၊ ဘဝမှ ထွက်မြောက်ခြင်း၌၎င်း။ ယာနေ၊ သွားခြင်း၌၎င်း။ ဒွါရေ၊ တံခါး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ နိယာမကော၊ နိယာမက-သဒ္ဒါသည်။ ပေါတဝါဟေ၊ လှေသူကြီး၌၎င်း။ နိယန္တရိ၊ ရထားမောင်းသမား၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထို နိယာမက သဒ္ဒါသည်။ တိလိင်္ဂေါ၊ လိင်သုံးပါး၌ ဖြစ်၏။

[နိဿရဏ-သဒ္ဒါဟောနက် (၃)နက်။ နိယာမက-သဒ္ဒါဟောနက် (၂)နက်။ အမရ၊၁ပ။၁၈-၌ နိယာမကာ ပေါတဝါဟာ ဟု လာ၏။ နိယာမကာ၊ ပေါတဝဟာ၊ လှေသူကြီးတို့-ဟု ဟောဇနာရာ၏။]

(၉၈၀) အပဝဂ္ဂေ ဝိနာသေ စ၊ နိရောဓော ရောဓနေ ပျထ။
ဘယေ ပဋိဘယံ ဝုတ္တံ၊ တိလိင်္ဂံ တံ ဘယံကရေ။

(၉၈၀) နိရောဓော၊ နိရောဓ-သဒ္ဒါသည်။ အပဝဂ္ဂေ၊ နိဗ္ဗာန်၌၎င်း။ ဝိနာသေ စ၊ ပျက်စီးခြင်း၌၎င်း။ ရောဓနေ၊ ပိတ်ဆို့ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ပဋိဘယံ၊ ပဋိဘယ-သဒ္ဒါကို။ ဘယေ၊ ကြောက်ခြင်း၌။ ဝါ၊ ကြောက်ဖွယ်ဘေးဘျမ်း၌။ ဝုတ္တံ၊ ဆိုအပ်၏။ တိလိင်္ဂံ၊ လိင်သုံးပါး၌ဖြစ်သော။ တံ၊ ထို ပဋိဘယ-သဒ္ဒါသည်။ ဘယံကရေ၊ ဘေးကို ပြုတတ်သော ဘယာနကဝတ္ထု၌။ သိယာ၊ ဖြစ်ရာ၏။

(နိရောဓ-သဒ္ဒါဟောနက် (၃)နက်။ ပဋိဘယ-သဒ္ဒါဟောနက် (၂)နက်။ တိလိင် ပဋိဘယသည် ဘေးရန်ကို ဖြစ်စေတတ်သော အရာဝတ္ထု, ဘေးရန်ရှိသောအရာကိုလည်း ဟောသည်။ အာရကာ ပရိဝဇ္ဇေယျ၊ မဂ္ဂံ ပဋိဘယံ ယထာ။ ဒီ၊၃။၂၅၂။]

(၉၉၁) ပိဋ္ဌကံ ဘာဇနေ ဝုတ္တံ၊ တထေဝ ပရိယတ္တိယံ။
ဇရာသိထိလစမ္မသ္မိံ၊ ဥဒရင်္ဂေ မတာ ဝလိ။

(၉၉၁) ပိဋ္ဌကံ၊ ပိဋ္ဌက-သဒ္ဒါကို။ ဘာဇနေ၊ ခွက်၌ရင်း။ ဝါ၊ ခြင်းတောင်း, နှီးခွက်-စသော ထည့်စရာ၌ရင်း။ တထာ၊ ထိုမှတပါး။ ပရိယတ္တိယံ၊ သင်ယူအပ်သော ပိဋ္ဌကတ်၌ရင်း။ ဝုတ္တံ၊ ဆိုအပ်၏။ ဝလိ၊ ဝလိ-သဒ္ဒါကို။ ဇရာသိထိလစမ္မသ္မိံ၊ အိုမင်းရင့်ရော် မှည့်ပျော့သဖြင့် တွန့်သောအရေ၌ရင်း။ ဥဒရင်္ဂေ၊ ဝမ်းပျဉ်း၌ရင်း။ မတာ၊ သိအပ်၏။

[ပိဋ္ဌက-သဒ္ဒါဟောနက် (၂)နက်။ ဝလိ-သဒ္ဒါဟောနက် (၂)နက်။ ပိဋ္ဌကသဒ္ဒါ အတ္ထုဒ္ဓါရ ဒီ၊ ဋ္ဌ၊ ၁။ ၁၉။ ဝိ၊ ဋ္ဌ၊ ၁။ ၁၇။ အဘိ၊ ဋ္ဌ၊ ၁။ ၂၁။ စရိယာ၊ ဋ္ဌ။ ၂-တို့၌ လာ၏။ နီတိ၊ ဓာ။ ၅၃-၌လည်း ပိဋ္ဌ သဒ္ဒသင်္ဃာတေသု၊ ပေဋ္ဌတိ၊ ပေဋ္ဌကော၊ ပိဋ္ဌကံ။ ပိဋ္ဌက-သဒ္ဒေါ "မာ ပိဋ္ဌကသမ္ပဒါနေနာ"တိ အာဒီသု ပရိယတ္တိယံ ဒိဿတိ။ အထ ပုရိသော အာဂစ္ဆေယျ ကုဒ္ဒါလပိဋ္ဌကံ အာဒါယာတိ အာဒီသု ယသ္မိံ ကိသ္မိဉ္စိ ဘာဇနေ"ဟု လာ၏။]

(၉၉၂) ဘိန္နံ ဝိဒါရိတေ’ညသ္မိံ၊ မိဿိတေ ဝါစ္စလိင်္ဂိကံ။
ဥပဇာပေ မတော ဘေဒေါ၊ ဝိသေသေ စ ဝိဒါရဏေ။

(၉၉၂) ဘိန္နံ၊ ဘိန္န-သဒ္ဒါသည်။ ဝိဒါရိတေ၊ ဖောက်ခွဲအပ်သော ဝတ္ထု၌ရင်း။ အညသ္မိံ၊ တပါး တခြား၌ရင်း။ မိဿိတေ၊ ရောပြွမ်းသည်၌ ရင်း။ သိယာ၊ ဖြစ်ရာ၏။ ဝါစ္စလိင်္ဂိကံ၊ ဝါစ္စသို့ လိုက်သော လိင်ရှိ၏။ ဘေဒေါ၊ ဘေဒ-သဒ္ဒါကို။ ဥပဇာပေ၊ ဘေဒဥပါယ်၌ရင်း။ ဝိသေသေ၊ အထူး၌ရင်း။ ဝိဒါရဏေ၊ ဖောက်ခွဲခြင်း၌ရင်း။ မတော၊ သိအပ်၏။

[ဘိန္န-သဒ္ဒါဟောနက် (၃)နက်။ ဘေဒ-သဒ္ဒါဟောနက် (၃) နက်။ ဥပဇာပ-အရ ဥပါယ်ကား ဘေဒဥပါယ်တည်း။

ဥပဇာပေါ တု ဘေဒေါ စ၊ ဒဏ္ဍော တု သာဟသံ ဒမော။ ၃၄၉-ဂါထာ။]

(၉၉၃) မင်္ဂလံ ဂါမသန္ဒေဿဟော၊ ဗိမ္ဗေ ပရိဓိရာယ်သိသု။
အာဇာဘာယ မာဂမေ လေခေ၊ သာသနံ အနုသာသနေ။

(၉၉၃) မင်္ဂလံ၊ မင်္ဂလ-သဒ္ဒါသည်။ ဂါမသန္ဒေဿဟော၊ ရွာအပေါင်း၌ ၎င်း။ ဗိမ္ဗေ၊ အဆင်း၌၎င်း။ ပရိဓိရာသိသု၊ နေအိမ်, လအိမ်, အစုတို့၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သာသနံ၊ သာသန-သဒ္ဒါသည်။ အာဇာဘာယံ၊ အာဇာ၌ ၎င်း။ ဝါ၊ စေခိုင်းခြင်း၌၎င်း။ အာဂမေ၊ ဘုရားရှင့် စကားတော်၌၎င်း။ လေခေ၊ သတင်းစာလွှာ၌၎င်း။ ဝါ၊ ကမ္ပည်းအမှာစာ၌၎င်း။ အနုသာ-သာနေ၊ ဆုံးမခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[မင်္ဂလ-သဒ္ဒါဟောနက် (၄)နက်။ သာသန-သဒ္ဒါဟောနက် (၄)နက်။ မင်္ဂလ-သဒ္ဒါ ဂါမသန္ဒေဿဟ=ရွာအပေါင်းသာ မကပဲ လူအပေါင်း စသည့် အပေါင်းဟူသမျှကိုလည်း ဟောနိုင်၏။ သာကိယမင်္ဂလေ (မ-ဋ္ဌ၊၃။၁၉) တိ သာကိယရာဇသမူဟော။ မဋီ၊ ၃။၁၄။ ဂါမင်္ဂလ-၌ မင်္ဂလ-သဒ္ဒါ ရွာသူသားငယ် ဟောတည်း။ ဂါမင်္ဂလာတိ ဂါမဒါရကာ။ စရိယာ၊ဋ္ဌ။၂၆၀။ မူလဋီ၊၁။၂၆။]

(၉၉၄) အင်္ဂေ တု သိခရဋ္ဌာ’ယော–မယဝိဇ္ဈနကဏ္ဋကော။
ဂုဏ်ကုက္ကုဌေ စ ဝိဘဝေ၊ သမ္ပတ္တိ စေဝ သမ္ပဒါ။
ဘူ ခန္တိသု ခမာ ယောဂေျ၊ ဟိတေ သက္ကေ ခမော တိသု။

(၉၉၄) တု၊ ထိုမှတပါး။ သိခရံ၊ သိခရ-သဒ္ဒါသည်။ အင်္ဂေ၊ အဖျား၌ ၎င်း။ အယောမယဝိဇ္ဈနကဏ္ဋကေ၊ ဖောက်ထွင်းတတ်သော သံစူး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သမ္ပတ္တိ စေဝ၊ သမ္ပတ္တိ-သဒ္ဒါသည်၎င်း။ သမ္ပဒါ၊ သမ္ပဒါ-သဒ္ဒါသည်၎င်း။ ဂုဏ်ကုက္ကဋ္ဌ စ၊ ဂုဏ်လွန်ခြင်း၌၎င်း။ ဝိဘဝေ၊ စည်းစိမ်၌ ၎င်း။ သိယာ၊ ဖြစ်ရာ၏။ ခမာ၊ ဣတ္ထိလိင် ခမာ-သဒ္ဒါသည်။ ဘူခန္တိသု၊ မြေကြီး, သည်းခံခြင်းတို့၌။ သိယာ၊ဖြစ်ရာ၏။ တိသု ခမော၊ လိင်သုံးပါး တို့၌ ဖြစ်သော ခမ-သဒ္ဒါသည်။ ယောဂျေ၊ သင့်လျော်လျောက်ပတ်သည်၌ ၎င်း။ ဟိတေ၊ အစီးအပွါး၌၎င်း။ သက္ကေ၊ စွမ်းနိုင်သည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[သိခရ-သဒ္ဒါဟောနက် (၂)နက်။ သမ္ပတ္တိ-သဒ္ဒါ, သမ္ပဒါ-သဒ္ဒါ ဟောနက်(၂)နက်။ ခမ-သဒ္ဒါဟောနက်(၅)နက်။ ပါ,ဋ္ဌ,ဋီ-တို့၌

ခမ-သဒ္ဒါဟောနက် သည်းခံနိုင်သူ၊ သင့်လျော်သောအရာ၊ အစီး အပွါး ၃-နက် တွေ့ရ၏။]

(၉၉၅) အဒ္ဓေါ ဘာဂေ ပထေ ကာလေ၊ ကေသေ'ဒ္ဓါ'ဗျယံ ဘဝေ။
အထော ကရိသံ ဝစ္စသို'၊ ဝုဇ္ဇတေ စတုရမ္ဗဏေ။

(၉၉၅) အဒ္ဓေါ၊ အဒ္ဓ-သဒ္ဒါသည်။ ဘာဂေ၊ အဖို့အစု၌၎င်း။ ပထေ၊ လမ်းခရီး၌၎င်း။ ကာလေ၊ အချိန်အခါ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အဗျယံ အဒ္ဓါ၊ နိပါတ် အဒ္ဓါ-သဒ္ဒါသည်။ ကေသေ၊ စင်စစ်ကေန် အမှန်မုချ၌။ ဘဝေ၊ ဖြစ်၏။ အထော၊ ထိုမှတပါး။ ကရိသံ သရိသ သဒ္ဒါကို။ ဝစ္စသို'၊ ကျင်ကြီး၌၎င်း။ စတုရမ္ဗဏေ၊ လေးအမ္ဗဏ၌၎င်း။ ဝါ၊ လေးအမ္ဗဏ မျိုးကြဲလောက်သော အရပ်၌၎င်း။ ဝါ၊ တပယ်၌၎င်း။ ဝုစ္စတေ၊ ဆိုအပ်၏။

[အဒ္ဓ-သဒ္ဒါဟောနက်(၃)နက်။ အဗျယ အဒ္ဓါ-သဒ္ဒါဟောနက် (၁)နက်။ ကရိသ-သဒ္ဒါဟောနက်(၂)နက်။ တအမ္ဗဏသည် ၁၁-စိတ်ရှိ၍ ၄၄-စိတ်=၁၁-တင်း ပျိုးကြဲနိုင်သော အရပ်ကို တပယ် ခေါ်၏။ ၇-တောင်တာဖြင့် စတုရန်း ၂၅-တာကို 'ဆင်းရဲသား တပယ်'၊ စတုရန်း တာ ၅၀-ကို 'မင်းတပယ်'ဟူ၍ ပယ် ၂-မျိုးပြဆို ကြ၏။]

(၉၉၆) ဥသဘော' သဝေဂ်ါသေဌ္ဌေ-သူ'သဘံ ဝိသယဋ္ဌိယံ။
သေတုမှိ တန္တိပန္တိသု၊ နာရိယံ ပါဠိ ကထျတေ။

(၉၉၆) ဥသဘော၊ ပုလ္လိင် ဥသဘ-သဒ္ဒါသည်။ ဩသဝေဂါသေဌ္ဌေသု၊ ဥသဘမည်သော ဆေးပင်, နွားလား ဥသဘ, မြတ်သည်တို့၌။ သိယာ၊ ဖြစ် ရာ၏။ ဥသဘံ၊ နပုလ္လိင် ဥသဘ-သဒ္ဒါသည်။ ဝိသယဋ္ဌိယံ၊ တာနှစ်ဆယ် တဥသဘ၌။ သိယာ၊ ဖြစ်ရာ၏။ ပါဠိ၊ ပါဠိ-သဒ္ဒါကို။ သေတုမှိ၊ တံတား ၌၎င်း။ တန္တိပန္တိသု၊ ပါဠိတော်,အစဉ်တို့၌၎င်း။ ကထျတေ၊ ဆိုအပ်၏။

[ဥသဘ-သဒ္ဒါဟောနက် (၃)နက်။ ပါဠိ-သဒ္ဒါဟောနက် (၃) နက်။ နီတိ၊ မ၁။ ၃၄၀-၌ ပါဠိ-သဒ္ဒါ၏ ဝစနတ္ထ-စသည်နှင့် အတ္ထုဒ္ဓါရအကျယ်လာ၏။အတ္ထုဒ္ဓါရအကျယ်၏ ဥဒ္ဒေသကိုလည်း—

ပါဠိ-သဒ္ဒေါ ပါဠိဓမ္မေ၊ တဋ္ဌာကပါဠိယမ္ပိ စ။
ဒိဿတေ ပန္တိယဉ္စေဝ၊ ဣတိ ဧ ယံ့ ဝိဇာနတာ–

ဟူသော ဂါထာဖြင့် ဖော်ပြထား၏။]

(၉၉၇) ကဋ္ဌော ဇယေ’တ္ထိနိမိတ္တေ၊ ကိလဉ္ဇ သော ကတေ တိသု။
မဟိယံ ဇဂတိ ဝုတ္တာ၊ မန္ဒိရာလိန္ဒဝတ္ထုမှိ။

(၉၉၇) ကဋ္ဌော၊ ပုလ္လိင် ကဋ္ဌ-သဒ္ဒါသည်။ ဇယေ၊ အောင်ခြင်း၌၎င်း။ ဣတ္ထိနိမိတ္တေ၊ မိန်းမနမိတ်၌၎င်း။ ကိလဉ္ဇေ၊ ဖျာ,သင်ဖြူး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထိုကဋ္ဌ-သဒ္ဒါသည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနေသာ၊ ဖြစ်ပါမူ။ ကတေ၊ ပြုအပ်သည်၌။ သိယာ၊ ဖြစ်ရာ၏။ ဇဂတိ၊ ဇဂတိ-သဒ္ဒါကို။ မဟိယံ၊ မြေ၌၎င်း။ မန္ဒိရာလိန္ဒဝတ္ထုမှိ၊ အိမ်,ကျောင်း အစရှိသော အဆောက်အဦတို့၏ ရှေ့ဥပစာ သံ့တလင်း အကျဉ်၌၎င်း။ ဝုတ္တာ၊ ဆိုအပ်၏။

[ကဋ္ဌ-သဒ္ဒါဟောနက်(၄)နက်။ ဇဂတိ-သဒ္ဒါဟောနက် (၂) နက်။ ဝေါပါလိတဆရာကမူ––

ကဋ္ဌော သောဏ္ဍိကြိယာကာရေ၊ ကိလဉ္ဇေ’တိသယေ သိဝေ။
သမယေ ဂဗ္ဘဂဏ္ဌေ စ၊ ကဋ္ဌာ ပိပ္ပလိယံ မတာ–

ဟူသော ဂါထာဖြင့် ပုလ္လိင် ကဋ္ဌ-သဒ္ဒါဟောနက် ခါးပြုခြင်း, အခြင်းအရာ, ဖျာသင်ဖြူး, လွန်ကဲခြင်း, သိဝနတ်, အပေါင်း, ဆင်ပါးစောင် အားဖြင့်(၇)နက်ကိုရင်း ဣတ္ထိလိင် ကဋ္ဌာ-သဒ္ဒါ၏ ပိတ်ချင်း ဟူသော ဟောနက်ကိုရင်း ပြဆိုသည်။]

(၉၉၈) ဝိကဏ္ဏေ မထိတေ တက္ကော၊ တထာ သူစိဖလေ မတော။
သုဒဿနံ သက္ကပုရေ၊ တီသု တံ ဒုဒ္ဒသေ’တရေ။

(၉၉၈) တက္ကော၊ တက္က-သဒ္ဒါကို။ ဝိဘင္ဂေ၊ အကြံအစည်၌၎င်း။ မထိတေ၊ ရက်တက်၌၎င်း။ တထာ၊ ထိုမှတပါး။ သူစိဖလေ၊ ကံပြင်းသီး၌၎င်း။ ဝါ၊ စွန်ပလွံသီး၌၎င်း။ မတော၊ သိအပ်၏။ သုဒဿနံ၊ နပုလ္လိင် သုဒဿန-သဒ္ဒါသည်။ သက္ကပုရေ၊ သိကြားစံပျော် သုဒဿနမြို့တော်၌။ သိယာ၊ ဖြစ်ရာ၏။ တီသု တံ၊ လိင်သုံးပါးတို့၌ဖြစ်သော ထိုသုဒဿန-သဒ္ဒါ

သည်။ ဒုဒ္ဒသေတရေ၊ မြင်ခဲသော အရာဝတ္ထုမှတပါး မြင်လွယ်သော အရာဝတ္ထု၌။ သိယာ၊ ဖြစ်ရာ၏။

[တက္က-သဒ္ဒါဟောနက် (၃) နက်။ သုဒဿန-သဒ္ဒါဟောနက် (၂) နက်။ သူစိဖလေ-ကို အမ္ဗိလပတ္တဖလေ-ဟု ဋီကာဖွင့်၏။ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ-စသည့် ဆရာမြတ်တို့က ကံပြင်းသီးဟု ပြန်ဆိုကြသည်။ သိဟိုဠ်နိသျမျာ:၌ စွန်ပလွံသီးဟု ပြန်ဆိုကြ၏။]

(၉၉၉) ဒီပေါ'န္တရိပဇ္ဇောတ-ပတိဋ္ဌာနိဗ္ဗုတိသု စ။
ဗဒ္ဓနိဿိတသေ၎တသု၊ တီသု တံ မိဟိတေ သိတ်း။

(၉၉၉) ဒီပေါ၊ ဒီပ-သဒ္ဒါသည်။ အန္တရိပပဇ္ဇောတပတိဋ္ဌာနိဗ္ဗုတိသု စ၊ ကျွန်း, ဆီမီး, တည်ရာ, နိဗ္ဗာန်တို့၌။ သိယာ၊ ဖြစ်ရာ၏။ တီသု သိတံ၊ လိင်သုံးပါးတို့၌ဖြစ်သော သိတ-သဒ္ဒါသည်။ ဗဒ္ဓနိဿိတသေတေသု၊ နှောင်ဖွဲ့အပ်သည့်, မှီအပ်သည့်, ဖြူသောအဆင်းရှိသော ဝတ္ထုတို့၌။ သိယာ၊ ဖြစ်ရာ၏။ တံ သိတံ၊နပုလ္လိင်၌ဖြစ်သော သိတ-သဒ္ဒါသည်။ မိဟိတေ၊ ပြုံးခြင်း၌။ သိယာ၊ ဖြစ်ရာ၏။

[ဒီပ-သဒ္ဒါဟောနက် (၄) နက်။ သိတ-သဒ္ဒါဟောနက် (၄) နက်။ ဒီပ-သဒ္ဒါ ဆီမီးတိုင်၊ ဆီမီးခွက်၊ ဆီမီးအိမ်-ကိုလည်း ဟောသည်။ ဒဒါတိ ဒီပန္တိ ပဒီပံ ဥဇ္ဇာလေန္တော ဝါ အနုဇ္ဇာလေန္တော ဝါ ပဒီပဒါနံ ဒဒါတိ။ ဝိမာန၊ ဋ္ဌ။ ၄၇။ နပုလ္လိင် ဒီပ-သဒ္ဒါ ကျားသစ်ရေကို ဟောသည်။ ဒီပိနော ဝိကာရော စမ္မံ ဒီပံ။ ဏော။ တိလိင် ဒီပ-သဒ္ဒါ ကျားသစ်ရေဖြင့် ခြံရံအပ်သော ရထားကို ဟော၏။ တေန (ထိုကျားသစ်ရေဖြင့်။) ပရိဝုတော ရထော ဒီပေါ။ ဏော။ ဓာန်၊ ဋီ။ ၃၇၂။]

(၁၀၀၀) ထိယံ ပဇာပတိ ဒါရေ၊ ဗြဟ္မေ မာရေ သုရေ ပုမေ။
ဝါသုဒေဝေ'န္တကေ ကာဏ္ဍေ၊သော ပါပေ အသိတော တီသု။

(၁၀၀၀) ထိယံ ပဇာပတိ၊ ဣတ္ထိလိင် ပဇာပတိ-သဒ္ဒါသည်။ ဒါရေ၊ မယား၌။ သိယာ၊ ဖြစ်ရာ၏။ ပုမေ ပဇာပတိ၊ ပုလ္လိင် ပဇာပတိ-သဒ္ဒါသည်။

ဖြပေ့ါ၊ ဖြပ္ပါ၌ရင်း။ မာရေ၊ မာရ်နတ်၌ရင်း။ သုရေ၊ ပဇာပတိ နတ်မင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ကဏ္ဍော၊ ပုလ္လိင် ကဏ္ဍ-သဒ္ဒါသည်။ ဝါသုဒေဝေ၊ ဗိဿကြိုး၌ရင်း။ အန္တကေ' မာရ်နတ်၌ရင်း။ ပါပေ၊ ယုတ်မာသူ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု သော၊ လိင်သုံးပါးတို့၌ဖြစ်သော ထိုကဏှ-သဒ္ဒါသည်။ အသိတေ၊ မည်းနက်သော အဆင်း၌။ သိယာ၊ ဖြစ်ရာ၏။

[ပဇာပတိ-သဒ္ဒါဟောနက်(၄)နက်။ ကဏှ-သဒ္ဒါဟောနက်(၄) နက်။ နပုလ္လိင် ကဏှ-သဒ္ဒါ မကောင်းမှု အကုသိုလ်ကိုလည်း ဟောသည်။ အပုညာ'ကုသလံ ကဏှံ၊ ခဲန်။ ၈၄။ တိလိင် ကဏှ-သဒ္ဒါ ယုတ်နိမ့် ယုတ်ညံ့သည်ကိုလည်း ဟောသည်။ ကဏှာ အဓမေ ဝဏ္ဏာ။ ဒိ၊ ၃။ ၆၇။]

(၁၀၀၁) ဥပစာရော ဥပဋ္ဌာနေ၊ အာသန္နေ အညရောပနေ။
သက္ကော ဣန္ဒေ ဇနပဒေ၊ သာကိယေ သော ခမေ တိသု။

(၁၀၀၁) ဥပစာရော၊ ဥပစာရ-သဒ္ဒါသည်။ ဥပဋ္ဌာနေ၊ အနီးထံပါး ခစားလုပ်ကျွေးခြင်း၌ရင်း။ အာသန္နေ၊ အနီး၌ရင်း။ အညရောပနေ၊ တပါးအပေါ် တင်စားခြင်း ဥပစာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ သက္ကော၊ ပုလ္လိင် သက္က-သဒ္ဒါသည်။ ဣန္ဒေ၊ သိကြားမင်း၌ရင်း။ ဇနပဒေ၊ သက္ကတိုင်း၌ရင်း။ သာကိယေ၊ သာကီဝင်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု သော၊ လိင်သုံးပါးတို့၌ ဖြစ်သော ထို သက္က-သဒ္ဒါသည်။ ခမေ၊ စွမ်းနိုင်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။

[ဥပစာရ-သဒ္ဒါဟော အနက် (၃) နက်။ သက္က-သဒ္ဒါဟောနက် (၄) နက်။ ဥပစာရ သဒ္ဒါကို ဘေဒစိန္တာ၌—

ဘူတာ မတ္တ မတိက္ကမ္မ၊ ယေနာ'ဘူတ မပေက္ခတိ။
ဘူတတ္ထာဿော'ကာဒေသံ ဝါ၊ သော'ပစာရောတိ ဝုစ္စတိ—

ဟူသော ဂဂ-ဂါထာဖြင့် ဖွင့်ဆို၏။

ဂါထာအနက်။ ။ယေန၊အကြင်သိဟ-စသော ဝေါဟာရဖြင့်။ (ဝတ္တုကာမော၊ ပြောဆိုလိုသူသည်။) ဘူတံ၊ ဟုတ်မှန်သော။ အတ္ထံ ခြင်္သေ့-စသော အနက်ကို။ အတိက္ကမ္မ၊ ကျော်လွန်၍။ အဘူတံ

မဟုတ်မမှန်သော။ အတ္ထံ၊ ယောက်ျား-စသော အနက်ကို။ အပေက္ခတိ၊ ရှင့်၏။ ဝါ၊ ရှင့်၍ပြောဆို၏။ ဝါ၊ တနည်းကား။ ဘူတတ္ထသ၊ ဟုတ်မှန်သော ခြင်္သေ့-စသော အနက်၏။ ကေဒေသံ၊ တစိတ်တဖို့ တချို့ဖြစ်သော။ အတ္ထံ၊ ရဲရင့်ခြင်း-စသော အနက်ကို။ အပေက္ခတိ၊ ရှင့်၏။ ဝါ၊ ရှင့်၍ပြောဆို၏။ သော၊ ထို သီဟ-စသော ဝေါဟာရကို။ ဥပစာရောတိ ဥပစာဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုပညတ် သမုတ်အပ်၏။ ဤကား အနက်ယောဇနာချက်တည်း။]

(၁၀၀၂) ဝဇ္ဇနေ ပရိဟာရေ စ၊ သက္ကာရေ စေဝ ရက္ခဏေ။
သောတာပန္နာဒိကေ အဂ္ဂေ၊ အရိယော တီသု ဒိဋ္ဌေ ပုမေ။

(၁၀၀၂) ပရိဟာရေ၊ ပရိဟာရ-သဒ္ဒါသည်။ ဝဇ္ဇနေ၊ ကြဉ်ခြင်း၌ ၎င်း။ သက္ကာရေ၊ ပူဇော်သက္ကာရ၌၎င်း။ ရက္ခဏေ၊ စောင့်ရှောက်ခြင်း၌ ၎င်း။ သိယာ၊ ဖြစ်နိုင်၏။ တီသု အရိယော၊ လိင်သုံးပါးတို့၌ ဖြစ်သော အရိယ-သဒ္ဒါသည်။ သောတာပန္နာဒိကေ၊ သောတာပန်-စသည်၌၎င်း။ အဂ္ဂေ၊ မြတ်သည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ပုမေ အရိယော၊ ပုလ္လိင်၌ဖြစ်သော အရိယ သဒ္ဒါသည်။ ဒိဋ္ဌေ၊ ပုဏ္ဏား၌။ ဝါ၊ ဗြာဟ္မဏ,ခတ္တိယ, ဝေဿ-ဟူသော အရိယ လူမျိုး၌။ သိယာ၊ ဖြစ်ရာ၏။

[ ပရိဟာရ-သဒ္ဒါဟောနက် (၃)နက်။ အရိယ-သဒ္ဒါဟောနက် (၃)နက်။ အရိယ အတ္ထုဒ္ဓါရ မဇ္ဈ ၁။ ၂၂။ ဇာဋ္ဌ၊ ၂။ ၂၅၆။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၅၁။ ဒီ၊ ဋ္ဌီ၊ ၃။ ၂၂၂-တို့၌သည်း လာ၏။ ဋီကာ၌ ပုဏ္ဏားမျိုး, ကုန်သည်မျိုးတို့ကို ယူသို၏။ ဒ္ဓိဇ ဗြာဟ္မဏ၊ ဝေဿပိ အရိယော။ ဋီကာ။ ]

(၁၀၀၃) သုသုကော သုသုမာရေ စ၊ ဗာလကေ စ ဥလူပိနိ။
ဣန္ဒီဝရံ မတံ နီလ-ပ္ပလေ ဥဒ္ဒါလပါဒပေ။

(၁၀၀၃) သုသုကော၊ သုသုက-သဒ္ဒါသည်၊ သုသုမာရေ စ၊ မိကျောင်း၌၎င်း။ ဗာလကေ စ၊ သူငယ်၌၎င်း။ ဥလူပိနိ၊ လင်းပိုင်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဣန္ဒီဝရံ၊ ဣန္ဒီဝရ-သဒ္ဒါကို။ နီလုပ္ပလေ၊ ကြာညို၌၎င်း။ ဥဒ္ဒါလ-ပါဒပေ၊ ငုပင်၌၎င်း။ မတံ၊ သိအပ်၏။

[ သုသုက-သဒ္ဒါဟောနက် (၃) နက်။ ဇုန္ဒိဝရ-သဒ္ဒါဟောနက် (၂)နက်။ ဥလူပိန့်-ကို ဋီကာ၌ စက္ကမစ္ဆဝိသေသ-ဟု ဖွင့်သည်။ ကြမ်းသော ငါးအထူး-ဟုလည်း ပေးနိုင်၏။ အဘယာရာမ ဆရာတော်ကား ငါးပူတင်း ဟူ၏။]

(၁၁၀၃) အသနော ပိယကော ကဗ္ဗော၊ ဘက္ခကော ခိပနေ'သနံ။
ယုဂေ' မိကာရေ ဝိရိယေ၊ ပဓာနေ စာ'န္တိကေ ခုရော။

(၁၁၀၄) အသနော၊ ပုလ္လိင် အသန-သဒ္ဒါသည်။ ပိယကော၊ ပိတောက်ပင်၌ဖြင်း။ ကဗ္ဗော၊ မြှား၌ဖြင်း။ သိယာ၊ ဖြစ်ရာ၏။ အသနံ၊ နပုလ္လိင် အသန-သဒ္ဒါသည်။ ဘက္ခကော၊ စားခြင်း၌ဖြင်း။ ခိပနေ၊ ပစ်ခြင်း၌ဖြင်း။ သိယာ၊ ဖြစ်ရာ၏။ ခုရော၊ ခုရ-သဒ္ဒါသည်။ ယုဂေ၊ ထမ်းပိုး၌ဖြင်း။ အဓိကာရေ၊ ရထားဦး လှည်းဦး စသည်၌ဖြင်း။ ဝိရိယေ၊ လုံ့လဝီရိယ၌ဖြင်း။ ပဓာနေ၊ ပြဓာန်းသည်၌ဖြင်း။ အန္တိကေ၊ အနီး၌ဖြင်း။ သိယာ၊ ဖြစ်ရာ၏။

[ အသန-သဒ္ဒါဟောနက် (၄)နက်။ ခုရ-သဒ္ဒါဟောနက် (၅) နက်၊ နပုလ္လိင် အသန-သဒ္ဒါ လွှမ်းမိုးခြင်း,ပျံနှံ့ခြင်းအနက်ကိုလည်း ဟော၏။ အသနတောတိ ဗျာပနတော ဘုဥ္စနတော စ၊ တဒုဘယံ ဒဿေတိ "အဇ္ဈောတ္ထရဏတော"တိ အာဒိနာ။ မူလဋီ၊ ၁။ ၁၆၀။ ခုရ-သဒ္ဒါ ဝန်ကိုလည်း ဟောသည်၊ ခုရံ နိက္ခိပတိ။ ဝိ၊ ၁။ ၆၁။ တာဝန်ကိုလည်း ဟောသည်။ ခုရန္တိ ဝဟိတဗ္ဗဘာရံ။ သံ၊ ဋီ၊ ၂။ ၁၉၂။ ရထားသန်၊ လှည်းသန်ကိုလည်း ဟောသည်။ ခုရေ ခုရန္တိ ကေ-ယ ရထိသာယ ဣာဘရဿ ရထီသံ။ စရိယာ၊ ဋ္ဌ။ ၁၅၃။]

(၁၁၀၅) ကာဠေ စ ဘက္ခိတေ တီသု၊ လဝိတ္တေ အသိတော ပုမေ။
ပဝါရဏာ ပဋိက္ခေပေ၊ ကထိတာ'ဇ္ဈေသနာယ စ။

(၁၀၀၅) တီသု အသိတော၊ လိင်သုံးပါးတို့၌ဖြစ်သော အသိတ-သဒ္ဒါသည်။ ကာဠေ၊ မည်းနက်သော အဆင်း၌ဖြင်း။ ဘက္ခိတေ၊ စားအပ်သည်၌ဖြင်း။ သိယာ ဖြစ်ရာ၏။ ပုမေ အသိတော၊ ပုလ္လိင် အသိတ သဒ္ဒါသည်။ လဝိတ္တေ၊ တံစဉ်၌။ သိယာ၊ ဖြစ်ရာ၏။ ပဝါရဏာ၊ ပဝါရဏာ-သဒ္ဒါကို။ ပဋိက္ခေပေ၊ ပယ်မြစ်ခြင်း၌ဖြင်း။ အဇ္ဈေသနာယ၊ တောင်းပန်ခြင်း၌ဖြင်း။ ဝါ၊ ဖိတ်မန်ခြင်း၌ဖြင်း။ ကထိတာ၊ ဆိုအပ်၏။

[အသိတ-သဒ္ဒါဟောနက် (၃) နက်။ ပဝါရဏာ-သဒ္ဒါ ဟောနက် (၂)နက်။ ပဝါရဏာအတ္ထုဒ္ဓါရ ဒီ၊ ဋ္ဌ၊ ၁။ ၁၄၁။ မ၊ဋ္ဌ၊၁။ ၉၇။ မ၊ ဋ္ဌ၊ ၂။ ၁၇၅။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၂၃-တို့၌ လာ၏။]

(၁၀၀၆) ဥမ္မာရေ သေိကတ္ထမ္ဘေ၊ ဣန္ဒခိလော မတောထ စ။
ပေါတ္ထကံ မကစိဝတ္ထေ၊ ဂန္ဓေ လေပျာဒိကမ္မနိ။

(၁၀၀၆) ဣန္ဒခိလော၊ ဣန္ဒခိလ-သဒ္ဒါကို။ ဥမ္မာရေ၊ တံခါးခုံ၌ရင်း။ သေိကတ္ထမ္ဘေ၊ တံခါးတိုင်၌ရင်း။ မတော၊ သိအပ်၏။ အထ၊ ထိုမှတပါး။ ပေါတ္ထကံ၊ ပေါတ္ထက-သဒ္ဒါသည်။ မကစိဝတ္ထေ၊ လျှော်ချည်တမျိုးမျိုးဖြင့် ပြုလုပ်အပ်သော အဝတ်အထည်၌ရင်း။ ဂန္ဓေ၊ ကျမ်းဂန်၌ရင်း။ လေပျာဒိကမ္မနိ၊ မြေညက်ဖြင့် ယဉ်မင်းရုပ် အစရှိသည်ကို ပြုလုပ်ခြင်း-စသော ကြိယာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဣန္ဒခိလ-သဒ္ဒါဟောအနက် (၂)နက်။ ပေါတ္ထက-သဒ္ဒါ ဟောနက် (၃)နက်။ မကစိဝတ္ထ-ကို 'ယံ လောကေ'စက္ကု'တ' ဝုစ္စတိ။ သာဏဝတ္ထန္တိပိ ဧကေ" ဟု ဋီကာဖွင့်သည်။ "ပေါတ္ထကောတိ ဝါကမယဝတ္ထံ"ဟု အံ၊ ဋ္ဌ၊ ၂။ ၂၂၄-၌ ဖွင့်၏။ သို့ဖြစ်၍ "မက-စိဝတ္ထ၊ လျှော်ချည် တမျိုးမျိုးဖြင့် ပြုလုပ်အပ်သော အဝတ်အထည်၌ရင်း"ဟု ယောဇနာသည်။ နိယျူဟာဒီသု ပဋိမာဝသေန ရစိတာနံ ပေါတ္ထကရူပါနံ။ မ၊ ဋီ၊ ၃။ ၃၂၁။ ဤကား ပေါတ္ထက-ရူပ အဖွင့်ဖြစ်၏။ ပေါတ္ထက-ကိုလည်း မှန်းဆ၍သိနိုင်၏။ ဂန္ဓေ-ကို သဒ္ဒသတ္ထာဒိကေ-ဟူ၍ရင်း, လေပျာဒိကမ္မနိ-ကို စိတ္တကာရာဒိဟိ ကတဘူပေ-ဟူ၍ရင်း ဋီကာ ဖွင့်သည်။]

(၁၀၀၇) ဧညံ သာလျာဒိကေ ဝုတ္တံ၊ ဧညော ပုညဝတိ'တ္ထိသု။
ပါဏိ ဟတ္ထေ စ သတ္တေ ဘူ-သဏ္ဍကရဏိယံ မတော။

(၁၁၁၇) ဧညံ၊ နပုလ္လိင် ဧည-သဒ္ဒါကို။ သာလျာဒိကေ၊ ကောက်ကြီး စပါး စသည်၌။ ဝုတ္တံ၊ ဆိုအပ်၏။ တိသု ဧညော၊ လိင်သုံးပါးတို့၌ဖြစ်သော ဧည-သဒ္ဒါကို။ ပုညဝတိ၊ ဘုန်းကံရှိသူ၌။ ဝုတ္တော၊ ဆိုအပ်၏။ ပါဏိ၊ ပါဏိ-သဒ္ဒါကို။ ဟတ္ထေ၊ လက်၌ရင်း။ သတ္တေ၊ သတ္တဝါ၌ရင်း။ ဘူသဏ္ဍကရဏိယံ၊ ပန်းရန်သမားတို့၏ သံလက်၌ရင်း။ မတော၊ သိအပ်၏။

[ ဓည-သဒ္ဒါဟောနက် (၂) နက်။ ပါဏိ-သဒ္ဒါဟောနက်(၃) နက် ။ ပုလ္လိင် နပုလ္လိင် ဓည-သဒ္ဒါ ကျက်သရေနှင့် ပညာကိုလည်း ဟောသည်။ ဓည၊ ညလက္ခဏသမ္ပန္နံ ပုတ္တံ ဝိဇာယိတိအာဒိသို ဓည-သဒ္ဒေန သိရိ၊ ညာဏ ဂဟေတဗ္ဗာ၊ နီတိ၊ ဓာ။၁၁၆။ အရိယ ဖိုလ်ကိုလည်း ဟောသည်။ အရိယဖလမေဝ ဓနာယိတဗ္ဗတော ဓညံ။ သံ၊ ဋီ၊ ၁။ ၂၆၉။]

(၁၁၀၇) တိသု ပီတံ ဟလိဒ္ဒျာဘော၊ ဟဋ္ဌေ စ ပါယိတေ သိယာ။
ဗျူဟော နိဗ္ဗိဒ္ဓရစ္ဆာယံ၊ ဗလန္ယာသေ ဂဏေ မတော။

(၁၁၀၇) ပီတံ၊ ပီတ-သဒ္ဒါသည်။ ဟလိဒ္ဒါဘော၊ ရွှေဝါသော အဆင်း၌ရင်း။ ဝါ၊ နနွင်းရောင် အဆင်းရှိသော အရာဝတ္ထု၌ရင်း။ ဟဋ္ဌေ စ၊ နှစ်သက်အားရမ်း ရွှင်လန်းခြင်း၌ရင်း။ ပါယိတေ၊ သောက်အပ်သည်၌ ရင်း။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ သိယာ၊ ဖြစ်ရာ၏။ ဗျူဟော၊ ဗျူဟ-သဒ္ဒါကို။ အနိဗ္ဗိဒ္ဓရစ္ဆာယံ၊ ထုတ်ချင်း မထွင်းသော ခရီး၌ ရင်း။ ဗလန္ယာသေ၊ စစ်ဆင်ခြင်း စစ်ခင်းခြင်း၌ရင်း။ ဂဏေ၊ အပေါင်း၌ ရင်း။ မတော၊ သိအပ်၏။

[ပီတ-သဒ္ဒါဟောနက် (၃) နက်။ ဗျူဟ-သဒ္ဒါဟောနက် (၃) နက်။ မေဒိနီကောသ-၌ "ဗျူဟော ဘဝေ ဗလဝိန္ယာသေ၊ နိမ္မာဏေ ဝွန္ဒတက္ကယော"ဟု ဗျူဟအတ္ထုဒ္ဓါရ လာ၏။ စစ်ဆင် စစ်ခင်းခြင်း, ဖန်ဆင်းခြင်း, အပေါင်း, ကြံစည်ခြင်း အားဖြင့် ၄-နက်တည်း။]

(၁၁၀၈) လောဟိတာဒိမှိ လောဘေ စ၊ ရာဂေါ စ ရဉ္ဇနေ မတော။
ပဒရော ဖလကေ ဘင်္ဂေ၊ ပဝုဒ္ဓဒရိယမှိ စ။

(၁၁၀၈) ရာဂေါ၊ ရာဂ-သဒ္ဒါကို။ လောဟိတာဒိမှိ၊ နီသောအဆင်း အစရှိသည်၌ရင်း။ လောဘေ စ၊ တပ်မက်မှု တဏှာ၌ရင်း။ ရဉ္ဇနေ၊ အရောင်ဆိုးခြယ်ခြင်း၌ရင်း။ မတော၊ သိအပ်၏။ ပဒရော၊ ပဒရ သဒ္ဒါကို။ ဖလကေ၊ ပျဉ်ချပ်၌ရင်း။ ဘင်္ဂေ၊ လှိုင်းတံပိုး၌ရင်း။ ပဝုဒ္ဓဒရိယမှိ စ၊ ချောက်ကြီး၌ရင်း။ မတော၊ သိအပ်၏။

[ရာဂ-သဒ္ဒါဟောနက် (၃) နက်။ ပဒရ-သဒ္ဒါဟောနက် (၃) နက်။ ပဒရ-သဒ္ဒါ ကွဲအက်သော မြေအရပ် ပပ်ကြားအက်မြေ အရပ်ကိုလည်း ဟောသည်။ ပဒရံ နာမ အဋ္ဌ မာသေ ဒေဝေ အဝဿန္တေ ဖလိတော ဘူမိပ္ပဒေသော။ သံ၊ ဋ္ဌ၊ ၂။ ၅၁။ ပဒရ-သဒ္ဒါ နပုလ္လိင်လည်း ရှိ၏ဟု သိရာ၏။ ဝဲရှိသော မြစ်ကိုလည်း ဟောသည်။ သာဝဋ္ဋာ နဒီယော ပဒရာ။ အံ၊ ဋ္ဌိ၊ ၂။ ၁၉၄။]

(၁၀၁၀) သိဃာ်ဋကံ ကသေရုဿ-ဖလေ မဂ္ဂသမာဂမေ။
ဗဟုလာယဥ္စ ခေဋ္ဌမှိ၊ ဋ္ဌော ဒေါသေ'ဋ္ဌ မီရိတံ။

(၁၀၁၀) သိဃာ်ဋကံ၊ သိဃာ်ဋက-သဒ္ဒါကို။ ကသေရုဿဖလေ၊ ဝက် မြေစာသီး၌၎င်း။ ဝါ၊ ကျွဲခေါင်းသီး၌၎င်း။ မဂ္ဂသမာဂမေ၊ ခရီးလမ်းဆုံ၌ ၎င်း။ ဤရိတံ၊ ဆိုအပ်၏။ ဋ္ဌော၊ ဋ္ဌတ္ထိလိင် ဋ္ဌော-သဒ္ဒါကို။ ဗဟုလာယဥ္စ၊ ဖာလာသီး၌၎င်း။ ခေဋ္ဌမှိ၊ တံတွေး၌၎င်း။ ဤရိတာ၊ ဆိုအပ်၏။ ဋ္ဌံ၊ နပုလ္လိင် ဋ္ဌ-သဒ္ဒါကို။ ဒေါသေ၊ အပြစ်၌။ ဤရိတံ၊ ဆိုအပ်၏။

[သိဃာ်ဋက-သဒ္ဒါဟောနက် (၂) နက်။ ဋ္ဌ-သဒ္ဒါဟောနက် (၃) နက်။ ကသေရုဿဖလေ-ကို ကုက္ကိုသီး၌၎င်း-ဟု ကျော်အောင် စံတား ဆရာတော် ပြန်ဆိုတော်မူ၏။ ဋီကာ၌ သကဏ္ဍကဖလေ-ဟု ဖွင့်သည်။ ကက္ကုဆူးပင်၏ အသီးဟု ဋီကာနိသျ ဆရာတော် အနက်ပြန်၏။ သီဟိုဠ်နိသျတို့၌ ကောကဋ္ဌိယဖလ-ဟူ၏။]

(၁၀၁၁) အာခေရော စ'ဓိကရဏော၊ ပတ္တာခေရေ' လဝါလကေ။
ကာရော' ဂဘောဒေ သက္ကာရေ၊ ကာရာ တု ဗန္ဓနာလယေ။

(၁၀၁၁) အာခေရော၊ အာခေရ-သဒ္ဒါသည်။ အဓိကရဏော၊ တည်ရာ၌ ၎င်း။ ဝါ၊ ဩကာသကာရက၌၎င်း။ ပတ္တာခေရေ၊ သပိတ်ခြေ၌၎င်း။ ဝါ၊ အိုးခွက်တည်ရာ ကရွတ်ခွေ၌၎င်း။ အာလဝါလကေ၊ သစ်ပင်ရင်းရှိ ပတ် ပတ်ချစ်ခွေ ရေနေရာ အရပ်၌၎င်း။ ဝါ၊ သစ်ပင်ရင်းကျင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ကာရော၊ ပုလ္လိင် ကာရ-သဒ္ဒါသည်။ အဂဘောဒေ၊ ကံပြင်းပင်၌ ၎င်း။ သက္ကာရေ၊ ပူဇော်သက္ကာရ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ကာရာ တု၊ ဣတ္ထိလိင် ကာရာ-သဒ္ဒါသည်ကား။ ဗန္ဓနာလယေ၊ နှောင်အိမ်၌။ သိယာ၊ ဖြစ်ရာ၏။

[အာဓာရ-သဒ္ဒါဟောနက် (၃) နက်။ ကာရ-သဒ္ဒါဟောနက် (၃)နက်။ အာလပါလကော-ကို ဋီကာ၌ တရုသေကတ္ထံ တရုမူလ-ဝိဝိတေ သော့ဗ္ဘဇလာဓာရေ-ဟု ဖွင့်သည်။ သစ်ပင်ကို ရေသွန်းရန် အိုင်ကျင်း ဟူ၏။ ပတ်ပတ်လည် မြေထောင်မြောက်၍ ရေနေရန် စီမံထားသည့် ချိုင့်ကျင်းကိုလည်း ဟော၏။]

(၁၀၁၂) ကရကာ မေဃပါသာဏော၊ ကရကော ကုဏ္ဍိကာယ စ။
ပါပနေ စ ပဒါဘိသို့၊ ဂမနေ ပတ္တိ နာရိယံ။

(၁၀၁၂) ကရကာ၊ ဣတ္ထိလိင် ကရကာ-သဒ္ဒါသည်။ မေဃပါသာဏော၊ မိုးသီး၌။ သိယာ၊ ဖြစ်ရာ၏။ ကရကော၊ ပုလ္လိင် ကရက-သဒ္ဒါသည်။ ကုဏ္ဍိကာယ၊ ကရား၌။ သိယာ၊ ဖြစ်ရာ၏။ ပတ္တိ၊ ပတ္တိ သဒ္ဒါသည်။ ပါပနေ စ၊ ရောက်ခြင်း၌၎င်း။ ပဒါတိသို့၊ ခြေသည်သူရဲ၌၎င်း။ ဂမနေ၊ သွားခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ နာရိယံ၊ ဣတ္ထိလိင်၌။ သိယာ၊ ဖြစ်ရာ၏။

[ကရက-သဒ္ဒါဟောနက် (၂)နက်။ ပတ္တိ-သဒ္ဒါဟောနက် (၃) နက်။ သက္ကတ၌ ပုလ္လိင် ကရက-သဒ္ဒါ သင်းဝင်ပင်, သလဲပင်, ငှက်အထူး, ပင်လယ်ကသစ်ပင်, ရေပင်, ဆင်နှာမောင်းပင်, အုန်းမှုတ်ဘိုကို ဟောသည်။ ကရဥ္စရုက္ခေ, ပက္ခိဘေဒေ, ဒါဠိမရုက္ခေ, ကောဝိလာရရုက္ခေ, ဝကုလရုက္ခ, ကရီရေ, နာဠိကေရဋ္ဌိသု စ။ ထောမနိဓိ။]

(၁၀၁၃) ဆိဒ္ဒံ ရန္ဓဉ္စ ဝိဝရံ၊ သုသိရေ ဒူသနေပိ စ။
မုတ္တာ တု မုတ္တိကော မုတ္တံ၊ ပဿာဝေ မုစ္စိတေ တိသု။

(၁၀၁၃) ဆိဒ္ဒံ၊ ဆိဒ္ဒ-သဒ္ဒါသည်၎င်း။ ရန္ဓဉ္စ၊ ရန္ဓ သဒ္ဒါသည်၎င်း။ ဝိဝရံ၊ ဝိဝရ-သဒ္ဒါသည်၎င်း။ သုသိရေ၊ အပေါက်အခေါင်း၌၎င်း။ ဒူသနေပိ စ၊ အပြစ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏၊ တု၊ ထိုမှတပါး။ မုတ္တာ၊ ဣတ္ထိလိင် မုတ္တာ-သဒ္ဒါသည်။ မုတ္တိကော၊ ပုလဲ၌၊ သိယာ၊ ဖြစ်ရာ၏။ မုတ္တံ၊ နပုလ္လိင် မုတ္တ-သဒ္ဒါသည်။ ပဿာဝေ၊ ကျင်ငယ်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု မုတ္တံ၊ လိင်သုံးပါးတို့၌ဖြစ်သော မုတ္တ သဒ္ဒါသည်။ မုစ္စိတေ၊ လွတ်သည်၌။ သိယာ၊ ဖြစ်ရာ၏။

[ဆိဒ္ဒ,ရန္ဒ,ဝိဝရ-သဒ္ဒါများဟောနက်(၂)နက်။ မုတ္တ-သဒ္ဒါဟော နက်(၃)နက်။ ဆိဒ္ဒ, ရန္ဓ, ဝိဝရ-သဒ္ဒါ အခွင့်အလမ်း, အပေါက် အလမ်းကိုလည်း ဟောသည်။ ဩတာရန္တိ ရန္ဓံ ဆိဒ္ဒံ ဝိဝရံ။ ဒီ၊ ၃၊ ၃။ ၃၀။ ဆိဒ္ဒ-သဒ္ဒါ လစ်ဟင်းချက်ကိုလည်း ဟောသည်။ ဣင်မှိ ခေါ ဗြာဟ္မဏာ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ။ အံ၊ ၂။ ၄၃၇။ ဆိဒ္ဒ သဒ္ဒါ အပြစ်ကိုလည်း ဟောသည်။အညမညဿ ဆိဒ္ဒံ အပရာဓံ ဂဝေသမာနာ။ အံ၊ ၃၊ ၂။ ၁၀၀။]

(၁၀၁၄) နိသေဓေ ဝါရဏံ ဟတ္ထိ-လိင်္ဂဟတ္ထိသု ငါရဓဏာ။
ဒါန စာဂေ မဒေ သုဒ္ဓေ၊ ခဏ္ဍနေ လဝနေ ခယေ။

(၁၀၁၄) ဝါရဏံ၊ နပုလ္လိင် ဝါရဏ-သဒ္ဒါသည်။ နိသေဓေ၊ တားမြစ်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။ ဝါရဏော၊ ပုလ္လိင် ဝါရဏ-သဒ္ဒါသည်။ ဟတ္ထိ-လိင်္ဂဟတ္ထိသု၊ ငှက်ဆင်, ပကတိ ဆင်တို့၌။ သိယာ၊ ဖြစ်ရာ၏။ ဒါနံ၊ ဒါန-သဒ္ဒါသည်။ စာဂေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌၎င်း။ မဒေ၊ ဆင်မုန်၌၎င်း။ ခဏ္ဍနေ၊ ပိုင်းဖြတ်ခြင်း၌၎င်း။ လဝနေ၊ ရိတ်ဖြတ်ခြင်း၌၎င်း။ ခယေ၊ ကုန်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဝါရဏ-သဒ္ဒါဟောနက် (၃) နက်။ ဒါန-သဒ္ဒါဟောနက် (၆) နက်။ ဒါန-သဒ္ဒါ ပြတတ်သော ဂါထာကိုလည်း ဟောသည်။ တံ တံ ဝတ္ထုံ ဥဒ္ဒိသိတွာ ဒါနတော ဒဿနတော ဥဒ္ဒါနဘူတာ ဂါထာ ဥဒ္ဒါနဂါထာ။ ဝိမတိ၊ ၁။ ၁၅၃။ သုတ်သင် စင်ကြယ်စေတတ်သော ဂါထာကိုလည်း ဟောသည်။ ဝတ္ထုနံ ပဋ္ဌေက္က နာမဂဏာနံ ဥဒ္ဒိသိတွာ ဥဒ္ဒိသိတွာ ဦနာဓိကဒေါသသော ဓနဋ္ဌေန ဥဒ္ဒါနာ စ....။ ဝဇီရ။ ၁၁၁။]

(၁၀၁၅) မနောတောသေ စ နိဗ္ဗာနေ-ထင်္ဂမေ နိဗ္ဗုတိ'တ္ထိယံ။
နေဂမော နိဂမုဗ္ဘူတေ၊ တထာ ပဏ္ဍ၊ျပဇီဝိနိ။

(၁၀၁၅) နိဗ္ဗုတိ၊ နိဗ္ဗုတိ-သဒ္ဒါသည်။ မနောတောသေ စ၊ စိတ်ကို နှစ်သက်စေခြင်း၌၎င်း။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌၎င်း။ အတ္ထင်္ဂမေ၊ ချုပ်ငြိမ်း ပျက်စီးခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ သိယာ၊ ဖြစ်ရာ၏။ နေဂမော၊ နေဂမ သဒ္ဒါသည်။ နိဂမုဗ္ဘူတေ၊ နိဂုံးမှဖြစ်သော ဝတ္ထု၌

ရင်း။ ဝါ၊ နိဂုံးသူ နိဂုံးသား၌ရင်း။ တထာ၊ ထိုမှတပါး။ ပဏ္ဏောပဇီဝိနံ၊ ဖောက်ကား ရောင်းဝယ် ကုန်သွယ်ခြင်းဖြင့် အသက်မွေးသူ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[နိဗ္ဗုတိ-သဒ္ဒါဟောနက် (၃) နက်။ နေဂမ-သဒ္ဒါဟောနက် (၂)နက်။ သီဟိုဠ်မူ၌ "တထာ ပဏ္ဏောပဇီဝိနံ"ဟု ပါ၍ရှိသည်။ ဋီကာ၌ "တထာ ပဏ္ဏောပဇီဝိနံ"ဟု ပါ၍ရှိသည်။ အာပဏောပဇီဝိနံ အာပဏေန ဇီဝိတဝုတ္တိယံ ကတ္တရိ-ဟု ဋီကာဖွင့်သည်။]

(၁၀၁၆) ဟရိတာသွိဋ္ဌ ပဒေဏ္ဏ စ၊ ပလာသော ကိံ သုကဒ္ဒုမေ။
ပကာသော ပါကဋေ တီသု၊ အာလောကသွိံ ပုမေ မတော။

(၁၀၁၆) ပလာသော၊ ပလာသ-သဒ္ဒါသည်။ ဟရိတသွိံ၊ စိမ်းသော အဆင်း၌ရင်း။ ပဒေဏ္ဏ စ၊ သစ်ရွက်၌ရင်း။ ကိံသုကဒ္ဒုမေ၊ ပေါက်ပင်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တီသု ပကာသော၊ လိင်သုံးပါးတို့၌ဖြစ်သော ပကာသ-သဒ္ဒါကို။ ပါကဋေ၊ ထင်ရှားသည်၌။ မတော၊ သိအပ်၏။ ပုမေ ပကာသော၊ ပုလ္လိင်၌ဖြစ်သော ပကာသ-သဒ္ဒါကို။ အာလောကသွိံ၊ အရောင်အလင်း၌။ မတော၊ သိအပ်၏။

[ပလာသ-သဒ္ဒါဟောနက် (၃) နက်။ ပကာသ-သဒ္ဒါဟောနက် (၂) နက်။ ပကာသ (ပကာသက) သဒ္ဒါ ပြတတ်သော စကား-စသည်ကိုလည်း ဟောသည်။ သုညတပ္ပဋိသံယုတ္တာတိ သတ္တသုညတ-ဓမ္မမတ္တမေဝ ပကာသကာ သံနိတ္တသံယုတ္တသဒိသာ။ သံ၊ဋ္ဌ၊၂။၂၁။ ပကာသက-လည်း ပကာသ-နည်းတူ သိရာ၏။]

(၁၀၁၇) ပက္ကံ ဖလမှိ တံ နာသုမ္မုခေ ပရိဏာတေ တီသု။
ပိဏ္ဍော အာဇီဝနေ ဒေဟော၊ ပိဏ္ဍာဒနေ ဂေါဠကေ မတော။

(၁၀၁၇) ပက္ကံ၊ နပုလ္လိင် ပက္က-သဒ္ဒါသည်။ ဖလမှိ၊ သစ်သီးမှည့်၌။ သိယာ၊ ဖြစ်ရာ၏။ တီသု တံ၊ လိင်သုံးပါးတို့၌ဖြစ်သော ထိုပက္က-သဒ္ဒါသည်။ နာသုမ္မုခေ၊ ပျက်စီးလုနီးသော အရာဝတ္ထု၌ရင်း။ ပရိဏာတေ၊ ရင့်ကျက်ပြီးသော အရာဝတ္ထု၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ပိဏ္ဍော၊ ပိဏ္ဍ-သဒ္ဒါကို။ အာဇီဝနေ၊ အသက်မွေးခြင်း၌ရင်း။ ဒေဟော၊ ကိုယ်၌ရင်း၊ ပိဏ္ဍာဒနေ၊ ပေါင်းစုခြင်း၌ရင်း။ ဂေါဠကေ၊ အလုံးအခဲ၌ရင်း။ မတော၊ သိအပ်၏။

[ပက္က-သဒ္ဒါဟောနက်(၃) နက်။ ပိဏ္ဍ-သဒ္ဒါဟောနက်(၄)နက်။ ခု-လိင်ဆံ ပက္က-သဒ္ဒါသည် ချက်အပ်, ပြုတ်အပ်, ဖုတ်အပ်, ကင်အပ်, ကြော်အပ်, လှော်အပ်, ပေါင်းအပ် ပေါင်းတင်အပ်, အုံးအပ်, ကျိုအပ်-သော အရာဝတ္ထုကို ဟောသည်။ ပစ-ဓာတ် တ-ပစ္စည်းဖြင့် ပြီးသော ပုဒ်တည်း။ ဂေါဋ္ဌကေ-ကို ဝဇ္ဇေလ-ဟု ဋီကာဖွင့်သည်။]

(၁၀၁၇) ဝဇ္ဇော ပရိဗ္ဗယေ ကမ္မာ-ဒိကေ သော ဝဇ္ဇုလေ တိသု။
ပစ္စာဟာရေ ပတိဟာရော၊ ဒွါရေ စ ဒွါရပါလကေ၊

(၁၀၁၇) ဝဇ္ဇော၊ ပုလ္လိင် ဝဇ္ဇ-သဒ္ဒါသည်။ ပရိဗ္ဗယေ၊ လစာရိက္ခာ၌၎င်း။ ကမ္မာဒိကေ၊ ကမ္မဝင်္ဂ-စသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တိသု၊ လိင်သုံးပါးတို့၌။ ဝဏ္ဏမာနော၊ ဖြစ်သော။ သော၊ ထိုဝဇ္ဇ-သဒ္ဒါသည်။ ဝဇ္ဇုလေ၊ လုံးဝန်းသော အရာဝတ္ထု၌။ သိယာ၊ ဖြစ်ရာ၏၊ ပတိဟာရော၊ ပတိဟာရ-သဒ္ဒါသည်။ ပစ္စာဟာရေ၊ တဖန်ဆောင်ခြင်း၌၎င်း။ ဝါ၊ စကားတို့ ပြန်ခြင်း၌၎င်း။ ဒွါရေ၊ တံခါး၌၎င်း။ ဒွါရပါလကေ၊ တံခါးစောင့်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဝဇ္ဇ-သဒ္ဒါဟောနက်(၃)နက်။ ပတိဟာရ-သဒ္ဒါဟောနက်(၃) နက်။ ပုလ္လိင် ဝဇ္ဇ-သဒ္ဒါသည် ငုံးငှက်ကိုလည်း ဟောသည်။ ဝဇ္ဇ-ပေါတကကာလေ မယှမေဝ သစ္စဇလံ။ ဇာ၊ ဋ္ဌ၊ ၁။ ၂၃၁။ နပုလ္လိင် ဝဇ္ဇ-သဒ္ဒါ အကြောင်းကိုလည်း ဟောသည်။ အထ ဝါ ဝဇ္ဇန္တိ ကာရဏံ၊ ပညာပနာယ ကာရဏံ နတ္ထိတိ။ သံ၊ ဋ္ဌ၊ ၂။ ၂၅၅။]

(၁၀၁၈) နာရိယံ ဘီရု ကထိတာ၊ ဘီရုကော သော တိလိင်္ဂိကော။
ဝိကဋံ ဂူထမုတ္တာဒေါ၊ ဝိကဋော ဝိကတေ တိသု။

(၁၀၁၈) ဘီရု၊ ဘီရု-သဒ္ဒါကို။ နာရိယံ၊ မိန်းမ၌။ ကထိတာ၊ ဆိုအပ်၏။ တိလိင်္ဂိကော၊ လိင်သုံးပါးတို့နှင့်ယှဉ်သော။ သော၊ ထို ဘီရု-သဒ္ဒါကို။ ဘီရုကော၊ ကြောက်တတ်သူ၌။ ကထိတော၊ ဆိုအပ်၏။ ဝိကဋံ၊ နပုလ္လိင် ဝိကဋ-သဒ္ဒါသည်။ ဂူထမုတ္တာဒေါ၊ ကျင်ကြီးကျင်ငယ် အစရှိသော ဝိကဋ ဆေးကြီး၌၊ သိယာ၊ ဖြစ်ရာ၏။ တိသု ဝိကဋော၊ လိင်သုံးပါးတို့၌ဖြစ်သော ဝိကဋ-သဒ္ဒါသည်။ ဝိကတေ၊ ဖောက်ပြန်သည်၌။ သိယာ၊ ဖြစ်ရာ၏။

[ဘိရု-သဒ္ဒါဟောနက်(၂)နက်။ ဝိကဋ္ဋ-သဒ္ဒါဟောနက်(၂)နက်။ ဝိကဋ္ဋ·သဒ္ဒါ ဖီလာကန့်လန့် သွားလေ့ရှိသောသူ, ခြေခွင်သောသူကို လည်း ဟောသည်။ ဝိကဋ္ဋောတိ ဝိကဋ္ဋပါဒေါ။ အဗဒ္ဓသန္ဓိတ်ပိ ဝုတ္တံ။ ဇာ၊ ဋ္ဌ၊ ၇။ ၃၂၉။ ဂူထမုတ္တာဒေါ=ကျင်ကြီး ကျင်ငယ် အစရှိသော ဝိကဋ္ဋဆေးဟူရာ၌—ကျင်ကြီး, ကျင်ငယ်, ပြာ, မြေညက်·ဟူသော "မဟာဝိကဋ္ဋဆေး" ဟု သိရာ၏။ ဝိ၊ ၃။ ၂၉ဂ-ကြည့်။]

(၁၀၂၀) ဝါမံ သဗျမိ့ တံ စာရု·ဝိပရီတေသု တီသွထ။
သင်္ချာဘေဒေ သရဗျေ စ၊ စိဟာနေ လက္ခ မုစ္စတေ။

(၁၀၂၀) ဝါမံ၊ နပုလ္လိင် ဝါမ-သဒ္ဒါသည်။ သဗျမ်၊ လက်ဝဲ၌။ သိယာ၊ ဖြစ်ရာ၏။ တီသု တံ၊ လိင်သုံးပါးဘို့၌ဖြစ်သော ထိုဝါမ-သဒ္ဒါသည်။ စာရု-ဝိပရိတေသု၊ တင့်တယ်သည့်, ဖောက်ပြန်သည်တို့၌။ သိယာ၊ ဖြစ်ရာ၏။ အသ၊ ထိုမှတပါး။ လက္ခံ၊ လက္ခ-သဒ္ဒါကို။ သင်္ချာဘေဒေ၊ တသိန်းဟူသော သင်္ချာအထူး၌ရင်း။ သရဗျေ၊ မှတ်တိုင်စက်ဝန်း၌ရင်း။ စိဟာနေ၊ တံဆိပ်၌ ရင်း။ ဥစ္စတေ၊ ဆိုအပ်၏။

[ဝါမ-သဒ္ဒါဟောနက် (၃) နက်။ လက္ခ-သဒ္ဒါဟောနက် (၃) နက်။ မှားယွင်းသော အကြောင်းအရာ, မသင့်မတင့်သော အကြောင်းအရာကိုလည်း ဟောသည်။ ယထာ ကေစ္စော ဩဝဒိယ-မာနော ဝါမတော ဂစ္ဆာတိ။ ဒီ၊ ဋ္ဌ၊ ၃။ ၂၂၉။ ဝါမတောတ် မိစ္ဆာ။ အယောနိသော ဝါ ဂစ္ဆာတိ။ ဒီ၊ ဋီ၊ ၃။ ၂၆၆။]

(၁၀၂၁) သေဏီ'တ္ထီ သမသိပ္ပီနံ၊ ဂဏေ စာ'ဝလိယမ္ပိ စ။
သုဓာယံ မူလိယံ စုဏ္ဏော၊ စုဏ္ဏာ၌ ဝါသစုဏ္ဏကေ။

(၁၀၂၁) သေဏိ၊ သေဏိ·သဒ္ဒါသည်။ သမသိပ္ပိနံ၊ တူသော အတတ် ရှိကုန်သူတို့၏။ ဂဏေ စ၊ အပေါင်း၌ရင်း၊ အာဝလိယံ၊ အစဉ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ စုဏ္ဏော၊ စုဏ္ဏ သဒ္ဒါသည်။ သုဓာယံ၊ အင်္ဂတေ၌ရင်း။ ဝါ၊ ထုံး၌ရင်း။ မူလိယံ၊ မှုန့်မှုန့်၌ရင်း၊၊ သိယာ၊ ဖြစ်ရာ၏။ စုဏ္ဏံ၊ နပုလ္လိင် စုဏ္ဏ-သဒ္ဒါသည်။ ဝါသစုဏ္ဏကေ၊ နံ့သာမှုန့်၌။ သိယာ၊ ဖြစ် ရာ၏။

[သေဏီ-သဒ္ဒါဟောနက် (၂) နက်။ စုဏ္ဏ-သဒ္ဒါဟောနက်(၃) နက်။ ထုံးကို စုဏ္ဏ-ဟု ပါဠိစီကြသည်။ ထုံးမပါသော ကွမ်းကို "တမ္ဗူလံ စုဏ္ဏဝဇ္ဇိတံ" ဟု စူဠဝံသ-စသည်၌ ပါဠိစီသည်ကို တွေ့ရ၏။ စုဏ္ဏ-သဒ္ဒါ အနည်းငယ်ဟူသော အနက်ကိုလည်း ဟောသည်။ အပ္ပမတ္တကဘာဝေန စုဏ္ဏဝိစုဏ္ဏိယဘူတာ ဇရိယာ-ပထာ။ အပ္ပမတ္တ-ကမ္ပိ ဟိ "စုဏ္ဏဝိစုဏ္ဏ"န္တိ လောကေ ဝဒန္တိ။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၀၇။]

(၁၀၂၂) ဇေတဗ္ဗေ'တိ ပ္ပသတ္တေ'တိ-ဝုဒ္ဓေ ဇေယျံ တိသု'ရိတံ။
တက္ကေ တု မထိတံ ဟောတျာ-လောလိတေ မထိတော တိသု။

(၁၀၂၂) ဇေယျံ၊ ဇေယျ-သဒ္ဒါကို။ ဇေတဗ္ဗေ၊ အောင်အပ်သည်၌၎င်း။ အတိပ္ပသတ္တေ၊ အလွန်ချီးမွမ်းအပ်သည်၌၎င်း။ အတိဝုဒ္ဓေ၊ အလွန်ကြီးသူ၌၎င်း။ ဤရိတံ၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ မထိတံ၊ နပုလ္လိင် မထိတ-သဒ္ဒါသည်။ တက္ကေ၊ ရက်ဖက်၌။ ဟောတိ၊ ဖြစ်၏။ တိသု မထိတော၊ လိင်သုံးပါးတို့၌ဖြစ်သော မထိတ-သဒ္ဒါသည်။ လောလိတေ၊ မွှေနှောက်အပ်သော အဆုဝတ္ထု၌။ ဟောတိ၊ ဖြစ်၏။

[ဇေယျ-သဒ္ဒါဟောနက်(၃)နက်။ မထိတ-သဒ္ဒါဟောနက်(၂) နက်။ ဇေယျ-သဒ္ဒါ ၃-လိင်ဆံတည်း။ မဂ်လကာမတာယ ဟိ ဇေ-ယျောတိ တေသံ့ အတ္တေ ဇေတောတိ ဝုတ္တံ။ အံ၊ ဋီ၊ ၁။ ၃၉။ ကစ္စည်း 'ငုစ္စုဃ ဇော ဣယိဋ္ဌေသု'သုတ်နှင့် 'ပသတ္ထဿ သော စ' သုတ်တို့လည်း ကြည့်။]

(၁၀၂၃) အဗ္ဘုတော'စ္ဆရိယေ တီသု၊ ပဏော စေဝါ'ဗ္ဘုတော ပုမေ။
မေစကော ပုစ္ဆမူလမှိ၊ ကဏှေပိ မေစကော တိသု။

(၁၀၂၃) တိသု အဗ္ဘုတော၊ လိင်သုံးပါးတို့၌ ဖြစ်သော အဗ္ဘုတ-သဒ္ဒါသည်။ အစ္ဆရိယေ၊ အံ့ဩဖွယ်၌။ သိယာ၊ ဖြစ်ရာ၏။ပုမေ အဗ္ဘုတော၊ ပုလ္လိင်၌ ဖြစ်သော အဗ္ဘုတသဒ္ဒါသည်။ ပဏေ၊ လောင်းတမ်း၌။ သိယာ၊ ဖြစ်ရာ၏။ (စေဝ-အနက်မဲ့။) မေစကော၊ ပုလ္လိင် မေစက-သဒ္ဒါသည်။ ပုစ္ဆမူလမှိ၊ မြီးထူး၌။ သိယာ၊ ဖြစ်ရာ၏။ တိသု မေစကော၊ လိင်သုံးပါး

တို့၌ ဖြစ်သော မေစက-သဒ္ဒါသည်၊ ကဏ္ဍေပိ၊ အမည်း၌လည်း။ ဝါ၊အနက် ရောင်၌လည်း။ သိယာ၊ ဖြစ်ရာ၏။

[ အဗ္ဘုတ-သဒ္ဒါဟောနက် (၂)နက်။ မေစက-သဒ္ဒါဟောနက် (၂) နက်။ အဗ္ဘုတ-သဒ္ဒါ တစုံတခုသော အကြောင်းကြောင့် မဖြစ်သည်သာလျှင်ဖြစ်၍ ထင်ရှားရှိသော တရား, နိမ္မာန်ကိုလည်း ဟောသည်။ အဗ္ဘုတဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အဗ္ဘုတဂါ-မိဉ္စ မဂ္ဂံ။ သံ၊ ၂။ ၅၄၂။ အဘူတမေဝ ဘူတံ, အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ။ သံ၊ ဋ၊ ၃။ ၁၄၉။ ]

(၁၀၂၄) ဝသာဝတ္တိ ပုမေ မာရေ၊ ဝသဝတ္တာပကေ တိသု။
သမ္ဘဝေ စာ' သုစိ ပုမေ၊ အမေဇ္ဈေ တိသု ဒိဿတိ။

(၁၀၂၄) ပုမေ ဝသာဝတ္တီ၊ ပုလ္လိင် ဝသဝတ္တီ - သဒ္ဒါသည်။ မာရေ၊ မာရ်နတ်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု ဝသဝတ္တီ၊ လိင်သုံးပါးတို့၌ဖြစ်သော ဝသဝတ္တီ-သဒ္ဒါသည်။ ဝသဝတ္တာပကေ၊ မိမိအလိုသို့ လိုက်စေတတ်သူ၌။ ဝါ၊ အစိုးရသူ၌။ သိယာ၊ ဖြစ်ရာ၏။ ပုမေ အသုစိ၊ ပုလ္လိင် အသုစိ-သဒ္ဒါသည်။ သမ္ဘဝေ၊ သုက်၌။ ဒိဿတိ၊ ထင်၏။ တိသု အသုစိ၊ လိင်သုံးပါး တို့၌ဖြစ်သော အသုစိ-သဒ္ဒါသည်။ အမေဇ္ဈေ၊ မစင်ကြယ်သည်၌။ ဒိဿတိ၊ ထင်၏။

[ဝသာဝတ္တိ-သဒ္ဒါဟောနက် (၂)နက်။ အသုစိ-သဒ္ဒါဟောနက် (၂) နက်။ မစင်မကြယ် ရွံစဖွယ် အညစ်အကြေးဟော နပုလ္လိင် အသုစိ-သဒ္ဒါလည်း ရှိသေးသည်။ အမက္ခိတော ကေနစိ အသု-စိနာ။ ဒီ၊၂။ ၁၂။ ]

(၁၀၂၅) အဇ္ဈော ဣဿေ ပုမေ ဝုတ္တော၊ ပသန္နမှိ တိလိင်္ဂိကော။
ဗဠိသေ သေလဘေဒေ စ၊ ဝင်္ကော သော ကုဋိလေ တိသု။

(၁၀၂၅) ပုမေ အဇ္ဈော၊ ပုလ္လိင် အစ္ဆ-သဒ္ဒါကို။ ဣဿေ၊ ဝက်ဝံ၌။ ဝုတ္တော၊ ဆိုအပ်၏။ တိလိင်္ဂိကော၊ လိင်သုံးပါးတို့၌ဖြစ်သော။ အစ္ဆော၊အစ္ဆ-သဒ္ဒါကို။ ပသန္နမှိ၊ ကြည်လင်သည်၌။ ဝုတ္တော၊ ဆိုအပ်၏။ ဝင်္ကော၊ ပုလ္လိင် ဝင်္က-သဒ္ဒါသည်။ ဗဠိသေ၊ ငါးမျှားချိတ်၌ရင်း။ သေလဘေဒေ၊ ဝက်တောင်

၌ဖြင့်။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထို ဝင်္က-သဒ္ဒါသည်။ တိသု၊ လိင်သုံးပါး
တို့၌။ ဝတ္တမာနော၊ ဖြစ်ပါမူ။ ကုဋိလေ၊ ကောက်ကွေးသည်၌။ သိယာ၊
ဖြစ်ရာ၏။

[ အစ္ဆ-သဒ္ဒါဟောနက် (၂) နက်။ ဝင်္က-သဒ္ဒါဟောနက် (၃) နက်။ ပါးလှပ်သော အရေရှိသော ဝတ္ထုသည်လည်း ကြည်လင်သည်နှင့် တူ၏။ အစ္ဆောတိ တနုစ္ဆဝိ။ ဒီ၊ဋ္ဌ၊၁။၁၉၇။ မပျစ်သော အရာဝတ္ထုသည် ကြည်လင်သော အရာဝတ္ထု၏ ပရိယာယ်ကည်း။ အစ္ဆောတိ အဗဟလော၊ ပသန္နောတိပိ ဝုတ္တတိ။ အံ၊ဋ္ဌ၊၁။၄၃။]

(၁၀၂၆) ကုဏပမှိ ဆဝေါ ဧဝ ယျော၊
လာမကေ သော တိလိင်္ဂကော။
သဗ္ဗသ္မိံ သကလော တိသု၊
အဒ္ဓမှိ ပုရိသေ သိယာ။

(၁၀၂၆) ဆဝေါ၊ ပုလ္လိင် ဆဝ-သဒ္ဒါကို။ ကုဏပမှိ၊ အသေကောင်၌။ ဧဝ ယျော၊ သိအပ်၏။ တိလိင်္ဂကော၊ လိင်သုံးပါးတို့၌ ဖြစ်သော။ သော၊ ထို ဆဝ-သဒ္ဒါကို။ လာမကေ၊ အယုတ်၌။ ဧဝ ယျော၊ သိအပ်၏။ တိသု သကလော၊ လိင်သုံးပါးတို့၌ ဖြစ်သော သကလ-သဒ္ဒါသည်။ သဗ္ဗသ္မိံ၊ အလုံးစုံ၌။ သိယာ၊ ဖြစ်ရာ၏။ ပုရိသေ သကလော၊ ပုလ္လိင်၌ဖြစ်သော သကလ-သဒ္ဒါသည်။ အဒ္ဓမှိ၊ ထက်ဝက်အစိတ်၌။ သိယာ၊ ဖြစ်ရာ၏။

[ ဆဝ-သဒ္ဒါဟောနက် (၂) နက်။ သကလသဒ္ဒါဟောနက် (၂) နက်။ သုံးလိင်ဆံ ဆဝ (ဆဝ+ဏ) သဒ္ဒါ သူသေကောင်နှင့် တူ သူကိုလည်း ဟောသည်။ ဆဝေါ ဆဝါယ သဒ္ဒံ သံဝသတိ။ အံ၊ ၁။ ၃၆ဂ။ ပုရိသေ သကလော-ဟု ဆိုသည်ကား ယေဘုယျ။ သကက သဒ္ဒါ နပုလ္လိင်လည်း ရှိ၏။ ဝါ ခဏ္ဍံ သကလံ ပုမေ။ ဓာန်။ ၅၃-ကြည့်။ ]

(၁၀၂၇) စန္ဒဂ္ဂါဟာဒိကေ စေဝ-ပ္ပါဒေါ ဥပ္ပတ္တိယမ္ပိ စ။
ပဒုဿနေ မဒေါသော စ၊ ကထိတော သံဝရိမုခေ။

(၁၀၂၇) ဥပ္ပါဒေါ၊ ဥပ္ပါဒ-သဒ္ဒါသည်။ စန္ဒဂ္ဂါဟာဒိကေ စ၊ လကြတ်ခြင်း အစရှိသည်၌ဖြင့်။ ဥပ္ပတ္တိယမ္ပိ စ၊ ဖြစ်ခြင်း၌ဖြင့်။ သိယာ၊ ဖြစ်ရာ၏။

ပဒေါသော၊ ပဒေါသ-သဒ္ဒါကို။ ပဒုဿနေ၊ ပြစ်မှားခြင်း၌ရှင်း။ သံဝရိမုခေ၊ ညှဥ့်ဦး၌ရှင်း။ ကထိတော၊ ဆိုအပ်၏။

[ ဥပ္ပါဒ-သဒ္ဒါဟောနက် (၂) နက်။ ပဒေါသ-သဒ္ဒါဟောနက် (၂)နက်။ သုံးလိင်ဆံ ပဒေါသသည် ပျက်စီးတတ်သော ကောဓ-ကိုလည်း ဟောသည်။ ဝိကာရာပတ္တိယာ ပဒုဿတိ, ပရံ ဝါ ပဒုသေတိ ဝိနာသေတီတိ ပဒေါသော။ ဥဘယ မေတံ ကောဓ-ဿေဝါဓိဝစနံ။ ဒီ၊ ၄၊ ၁။ ၁၇၉။ ]

(၁၀၂၀) ရှမိရေ လောဟိတံ ဝုတ္တံ၊ ရတ္တမှိ လောဟိတော တိသု။
ဥတ္တမင်္ဂေ ပုမေ မုဒ္ဓါ၊ မုဒ္ဓေါ မူဠေ တိလိင်္ဂိကော။

(၁၀၂၀) လောဟိတံ၊ နပုလ္လိင် လောဟိတသဒ္ဒါကို။ ရုဓိရေ၊ သွေး၌။ ဝုတ္တံ၊ ဆိုအပ်၏။ တိသု လောဟိတော၊ လိင်သုံးပါးတို့၌ ဖြစ်သော လောဟိတ-သဒ္ဒါကို။ ရတ္တမှိ၊ နီသောအဆင်း၌။ ဝုတ္တော၊ ဆိုအပ်၏။ ပုမေ မုဒ္ဓါ၊ ပုလ္လိင် မုဒ္ဓါ-သဒ္ဒါသည်။ ဥတ္တမင်္ဂေ၊ ဦးခေါင်း၌။ သိယာ၊ ဖြစ်ရာ၏။ တိလိင်္ဂိကော၊ လိင်သုံးပါးတို့နှင့်ယှဉ်သော။ မုဒ္ဓေါ၊ မုဒ္ဓ-သဒ္ဒါသည်။ မူဠေ၊ မိုက်သူ၌။ သိယာ၊ ဖြစ်ရာ၏။

[လောဟိတ-သဒ္ဒါဟောနက် (၂) နက်။ မုဒ္ဓ-သဒ္ဒါဟောနက် (၂) နက်။ လောဟိတ-သဒ္ဒါ အမိ နို့ရည်ကိုလည်း ဟောသည်။ လောဟိတဥ္စေတံ ဘိက္ခဝေတိ ထဒါ ကိရ မာတုလောဟိတံ တံ ဌာနံ သမ္ပတ္တံ ပုတ္တသိနေဟေန ပဏ္ဍရံ ဟောတိ။ မ၊ ၄၊ ၂။ ၂၁၀။]

(၁၀၂၉) ရဋ္ဌမှိ ဝိဇိတံ ဝုတ္တံ၊ ဇိ-တ စ ဝိဇိတော တိသု။
ပရိတ္တံ တု ပရိတ္တာဏော၊ ပရိတ္တော တိသု အပ္ပကော။

(၁၀၂၉) ဝိဇိတံ၊ နပုလ္လိင် ဝိဇိတသဒ္ဒါကို။ ရဋ္ဌမှိ၊ တိုင်းနိုင်ငံ၌။ ဝုတ္တံ၊ ဆိုအပ်၏။ တိသု ဝိဇိတော၊ လိင်သုံးပါးတို့၌ ဖြစ်သော ဝိဇိတ-သဒ္ဒါကို။ ဇိတေ၊ အောင်အပ်သည်၌။ ဝုတ္တော၊ ဆိုအပ်၏။ တု၊ ထိုမှတပါး။ ပရိတ္တံ၊ နပုလ္လိင် ပရိတ္တ-သဒ္ဒါသည်။ ပရိတ္တာဏေ၊ အရံအတား၌။ ဝါ၊ ပရိတ်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု ပရိတ္တော၊ လိင်သုံးပါးတို့၌ဖြစ်သော ပရိတ္တ-သဒ္ဒါသည်။ အပ္ပကေ၊ နည်းသည်၌။ သိယာ၊ ဖြစ်ရာ၏။

[ဝိဇိတ-သဒ္ဒါဟောနက် (၂) နက်။ ပရိတ္တ-သဒ္ဒါဟောနက် (၂)နက်။ ၃-လိင်ဆံ ဝိဇိတ-သဒ္ဒါသည် အောင်တတ်သူ, လွှမ်းမိုးတတ်သူကိုလည်း ဟောသည်။ ဝိဇိတာဝိတိ ပုရိသာဇာနီယေန ဝိဇေတဗ္ဗာ သဗ္ဗာပိ သံကိလေသပက္ခာ ဝိဇိတတ္တာ ဝိဓမိတတ္တာ ဝိဇိတာဝီ။ ထေရ၊ဋ္ဌ၊၁။၅၅။ ]

(၁၀၃၀) ကုမ္ဘဏ္ဍော ဒေဝဘေဒေ စ၊ ဒိဿတေ ဝလ္လိဇာတိယံ။
စတုတ္ထံသေ ပဒေ ပါဒေါ၊ ပစ္စန္တသေလရံသိသု။

(၁၀၃၀) ကုမ္ဘဏ္ဍော၊ ကုမ္ဘဏ္ဍ-သဒ္ဒါသည်။ ဒေဝဘေဒေ စ၊ ကုမ္ဘဏ်နတ်၌၎င်း။ ဝလ္လိဇာတိယံ၊ ကျောက်ဖရုံ၌၎င်း။ ဝါ၊ဖရုံမွှဲ၌၎င်း။ ဒိဿတိ၊ ထင်၏။ ပါဒေါ၊ ပါဒ-သဒ္ဒါသည်။ စတုတ္ထံသေ၊ လေးဖို့တဖို့၌၎င်း။ ပဒေ၊ ခြေ၌၎င်း။ ပစ္စန္တသေလရံသိသု၊ တောင်ခြေ တောင်ရံ, အရောင်တို့၌၎င်း။ ဒိဿတိ၊ ထင်၏။

[ကုမ္ဘဏ္ဍ-သဒ္ဒါဟောနက် (၂) နက်။ ပါဒ-သဒ္ဒါဟောနက် (၄)နက်။အိုးပမာဏကြီးသော လိင်ဥ ရှိသောကြောင့် ကုမ္ဘဏ္ဍနတ် (ကုမ္ဘဏ်နတ်) ဟု ခေါ်သည်။ ကုမ္ဘဏ္ဍာနန္တိ တေ ကိရ ဒေဝါ မဟောဒရာ ဟောန္တိ၊ ရဟဿင်္ဂမ္ပိ စ နေသံ ကုမ္ဘော ဝိယ မဟန္တံ ဟောတိ။ တသ္မာ ကုမ္ဘဏ္ဍာတိ ဝုစ္စန္တိ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၄၆။]

(၁၀၃၁) ဝဂ္ဂေါ လောဟန္တရေ ဝဂ္ဂ-ဒေသေ ပုမေ ဗဟုမ္ပိ စ။
ကမ္မာရဘဏ္ဍဘေဒေ စ၊ ခဋ္ဂကေ မုဋ္ဌိ စ ဒွိသု။

(၁၀၃၁) ဝဂ္ဂေါ၊ ပုလ္လိင် ဝဂ်-သဒ္ဒါသည်။ လောဟန္တရေ၊ ခဲမဖြူ၌။ သိယာ၊ ဖြစ်ရာ၏။ ဝဂ္ဂဒေသေ၊ ဝဂ်တိုင်း၌။ ဝုတ္တမာနေသု၊ သုံးစွဲ ဟောဆိုအပ်သည်ရှိသော်။ ပုမေ ဗဟုမ္ပိ၊ ပုလ္လိင် ဗဟုဝုစ်၌။ သိယာ၊ ဖြစ်ရာ၏။ မုဋ္ဌိ၊ မုဋ္ဌိ-သဒ္ဒါသည်။ ကမ္မာရဘဏ္ဍဘေဒေ စ၊ ပန်းပဲသမားတို့၏ တူ၌၎င်း။ ခဋ္ဂကေ၊ လက်ဆုပ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဝဂ်-သဒ္ဒါဟောနက်(၂)နက်။ မုဋ္ဌိ-သဒ္ဒါဟောနက်(၂)နက်။ ကမ္မာရဘဏ္ဍဘေဒ-ကို "တူ" ဣတိ ချာတေ-ဟု ဋီကာဖွင့်သည်။ ဝဂ်တိုင်းကား တိုင်းကြီး ၁၆-တိုင်း အပါအဝင် ယခုခေတ် အိန္ဒိယ အရှေ့ပိုင်း ဘင်္ဂလားပြည်နယ် ဖြစ်၏။]

(၁၀၃၂) အမ္ဗဏံ ဒေါဏိယံ စေကာ-ဒသဒေါဏပ္ပမာဏကေ။
အမ္ဗိဏ္ဋိတိယ မာဓာရေ၊ ဌာနေ'မ္ဗဏ္ဌာန မုစ္စတေ။

(၁၀၃၂) အမ္ဗဏံ၊ အမ္ဗဏ-သဒ္ဒါကို။ ဒေါဏိယံ၊ ဇလား၌ရင်း။ ဝါ၊ စကျင်း စည်ပိုင်း၌ရင်း။ ဧကာဒသဒေါဏပ္ပမာဏကေ၊ တဆဲ့တစိတ်ခန့်ဝင်သော တောင်း, ပုတ်အထူး၌ရင်း။ ဥစ္စတေ၊ ဆိုအပ်၏။ အမ္ဗဏ္ဌာနံ၊ အမ္ဗဏ္ဌာန-သဒ္ဒါကို။ အမ္ဗိဏ္ဋိတိယံ၊ ဆောက်တည်ခြင်း၌ရင်း။ အာဓာရေ၊ တည်ရာ၌ရင်း။ ဌာနေ၊ ရပ်တည်ခြင်း၌ရင်း။ ဥစ္စတေ၊ ဆိုအပ်၏။

[အမ္ဗဏ-သဒ္ဒါဟောနက်(၂)နက်။ အမ္ဗဏ္ဌာန-သဒ္ဒါဟောနက်(၃)နက်။ အမ္ဗဏ-သဒ္ဒါ ရေကန်နှင့်ဟူသော ရေထည့်စရာ စည်ပိုင်းကြီးကိုလည်း ဟောသည်။ အမ္ဗဏန္တိ ဖလကေဟိ ပေါက္ခရဏိသဒိသံ ကတပါနီယဘာဇနံ။ သာရတ္ထ၊ ၃။ ၄၀၅။]

(၁၀၃၃) ပုမေ မဟေသီ သုဂတေ၊ ဒေဝိယံ နာရိယံ မတာ။
ဥပဒ္ဒဝေ ဥပသဂ္ဂေါ၊ ဒိဿတိ ပါဒိကေပိ စ။

(၁၀၃၃) ပုမေ မဟေသီ၊ ပုလ္လိင် မဟေသီ-သဒ္ဒါကို။ သုဂတေ၊ ဘုရားရှင်၌။ မတော၊ သိအပ်၏။ နာရိ မဟေသီ၊ ဣတ္ထိလိင် မဟေသီ-သဒ္ဒါကို။ ဒေဝိယံ၊ မိဖုရား၌။ မတာ၊ သိအပ်၏။ ဥပသဂ္ဂေါ၊ ဥပသဂ္ဂ-သဒ္ဒါသည်။ ဥပဒ္ဒဝေ၊ ဥပဒ္ဒဝေါ၌ရင်း။ ပါဒိကေပိ စ၊ ပ-အစရှိသော ဥပသာရပုဒ်၌ရင်း။ ဒိဿတိ၊ ထင်၏။

[မဟေသီ-သဒ္ဒါဟောနက် (၂)နက်။ ဥပသဂ္ဂ-သဒ္ဒါဟောနက် (၂)နက်။ နီတိ၊ ပဒ။ ၂၂၀-၌ ဘုရားရှင်ဟော မဟေသီ-ကို အဂ္ဂိ-သဒ္ဒါနည်းတူ ပဒမာလာ စဉ်ရန် မှာ၏။ "သင်္ကါယိံသု မဟေသယော" ဟူသော ဝိမာန၊ ဌ၊ ၁။ ပေတ၊ ဌ။ ၁-တို့ကို အကိုးသာဓကပြု၏။ "မဟာ ဣသိ မဟေသိ" ပြု။ "မဟေသိ၊ မဟေသီ၊ မဟေသယော၊ မဟေသိံ၊ မဟေသီ၊ မဟေသယော၊ မဟေသိနာ" စသည်ဖြင့် ဂိုဏ်းစဉ်ရ၏။ မိဖုရားဟော မဟေသီ-ကိုမူ "မဟေသီ၊ မဟေသီ၊ မဟေသိယော၊ မဟေသိံ၊ မဟေသီ၊ မဟေသိယော၊ မဟေသိယာ" စသည်ဖြင့် စဉ်ရာ၏။ နီတိ၊ ပဒ။ ၂၅၉-ကြည့်။]

(၁၀၃၄) ဝဏ္ဏံ ကောဋ္ဌာသဘေဒသ္မိံ၊ ဝဏ္ဏော ဝဏ္ဏေ တိသု'စ္စတေ။
ဝိဇ္ဇာ ဝေဒေ စ သိပ္ပေ စ၊ တိဝိဇ္ဇာဒေါ စ ဗုဒ္ဓိယံ။

(၁၀၃၄) ဝဏ္ဏံ၊ နပုလ္လိင် ဝဏ္ဏ-သဒ္ဒါကို။ ကောဋ္ဌာသဘေဒသ္မိံ၊ အည္ဆိုင်၌။ ဥစ္စတေ၊ ဆိုအပ်၏။ တိသု ဝဏ္ဏော၊ လိင်သုံးပါးတို့၌ဖြစ်သော ဝဏ္ဏ-သဒ္ဒါကို။ ဝဏ္ဏေ၊ ကောက်သည်၌။ ဥစ္စတေ၊ ဆိုအပ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာ-သဒ္ဒါသည်။ ဝေဒေ စ၊ ဒေဝကျမ်း၌၎င်း။ သိပ္ပေ စ၊ အတတ်၌၎င်း။ တိဝိဇ္ဇာဒေါ၊ ဝိဇ္ဇာသုံးပါး အစရှိသည်၌၎င်း။ ဗုဒ္ဓိယံ၊ အသိပညာ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဝဏ္ဏ-သဒ္ဒါဟောနက်(၂)နက်။ ဝိဇ္ဇာ-သဒ္ဒါဟောနက်(၄)နက်။ တိဝိဇ္ဇာဒေါ-၌ အာဒိဖြင့် ဝိဇ္ဇာ ၈-ပါးကို ယူရာ၏။ အဋ္ဌ ဝိဇ္ဇာ အမ္ဗဋ္ဌသုတ္တေ။ တတြ ဟိ ဝိပဿနာဉာဏေန မနောမယိဒ္ဓိယာ စ သဟ ဆ အဘိညာ ပရိဂ္ဂဟေတွာ အဋ္ဌ ဝိဇ္ဇာ ဝုတ္တာ။ ဝိ၊ ၁။ ၈၈။]

(၁၀၃၅) သမာဓိမှိ ပုမေ'ကဂ္ဂေါ၊ နာကုလေ ဝါစ္စလိင်္ဂကော။
ပစ္စံ သိလောကေ ပဇ္ဇာ'ဒ္ဓေ၊ ပဇ္ဇော ပါဒဟိတေ တိသု။

(၁၀၃၅) ပုမေ ဧကဂ္ဂေါ၊ ပုလ္လိင် ဧကဂ္ဂ-သဒ္ဒါသည်။ သမာဓိမှိ၊ တည်တည်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။ ဝါစ္စလိင်္ဂကော၊ ဝါစ္စလိင်သို့လိုက်သော။ ဧကဂ္ဂေါ၊ ဧကဂ္ဂ-သဒ္ဒါသည်။ အနာကုလေ၊ နှောင့်ယှက်ခြင်း ကင်းသည်၌။ သိယာ၊ ဖြစ်ရာ၏။ ပဇ္ဇံ၊ နပုလ္လိင် ပဇ္ဇ-သဒ္ဒါသည်။ သိလောကေ၊ ဂါထာဗန္ဓ၌။ သိယာ၊ ဖြစ်ရာ၏။ ပဇ္ဇာ၊ ဣတ္ထိလိင် ပဇ္ဇာ-သဒ္ဒါသည်။ အဒ္ဓေ၊ ထက်ဝက်သော အဖို့၌၊ သိယာ ဖြစ်ရာ၏။ တိသု ပဇ္ဇော၊ လိင်သုံးပါးတို့၌ဖြစ်သော ပဇ္ဇ-သဒ္ဒါသည်။ ပါဒဟိတေ၊ ခြေ၏ အစီးအပွါးဖြစ်သော ခြေနယ်ဆီ-စသည်၌။ သိယာ၊ ဖြစ်ရာ၏။

[ဧကဂ္ဂ-သဒ္ဒါဟောနက်(၂)နက်။ ပဇ္ဇ-သဒ္ဒါဟောနက်(၃)နက်။ "ပဇ္ဇာ၊ ဣတ္ထိလိင် ပဇ္ဇာ သဒ္ဒါသည်။ အဒ္ဓေ၊ လမ်းခရီး၌။ သိယာ၊ ၏။" ဟု နိဿျတစောင်၌ ယောဇနာ၏။ ဤ၌ အဒ္ဓ ဘာဂေ-ဟူသော ဋီကာနှင့်အညီ ယောဇနာသည်။ လမ်းခရီးဟော ပဇ္ဇ-သဒ္ဒါ ပုလ္လိင်တည်း။ မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော....။ ဒီ၊ ဋ္ဌ၊ ၂။ ၃၃၅။ မ၊ ဋ္ဌ၊ ၁။ ၂၃၄။ သံ၊ ဋ္ဌ၊ ၃။ ၂၁၂။ မဂ္ဂ ကိတ္တေန္တေန "မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော" တိ ဒသသု....။ ဝိ၊ ဋ္ဌ၊ ၃။ ၃၂၁။]

(၁၀၃၆) ကတကော ရက္ခဘေဒသို့၊ ကတကော ကိတ္တိမေ တိသု။
ဝိဓေယျေ အဿဝေါ တိသု၊ ပုမ္ဘို ပုရိသေ သိယာ။

(၁၀၃၆) ကတကော၊ ပုလ္လိင် ကတက-သဒ္ဒါသည်။ ရုက္ခဘေဒသို့၊ ခပေါင်း ရေကြည်ပင်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု ကတကော၊ လိင်သုံးပါးတို့၌ဖြစ်သော ကတက-သဒ္ဒါသည်။ ကိတ္တိမေ၊ ပြုလုပ်သဖြင့် ပြီးစီးအောင်မြင်သော အရာ၌။ သိယာ၊ ဖြစ်ရာ၏။ တိသု အဿဝေါ၊ လိင်သုံးပါးတို့၌ဖြစ်သော အဿဝ-သဒ္ဒါသည်။ ဝိဓေယျေ၊ နားထောင်လွယ်သူ၌။ ဝါ၊ လိုက်နာလွယ်သူ၌။ သိယာ၊ ဖြစ်ရာ၏။ ပုရိသေ အဿဝေါ၊ ပုလ္လိင်၌ဖြစ်သော အဿဝ-သဒ္ဒါသည်။ ပုမ္ဘို၊ သွေးပြည်၌။ သိယာ၊ ဖြစ်ရာ၏။

[ကတက-သဒ္ဒါဟောနက် (၂)နက်။ အဿဝ-သဒ္ဒါဟောနက် (၂)နက်။ ကတက-သဒ္ဒါ ပြုအပ်သော ခွက်ကိုလည်း ဟောသည်။ ကတကော ကတမလ္လကာ။ ရူ၊ ဋီ။ ၁၆၉။ နပုလ္လိင် ကတက-သဒ္ဒါ ကြာချပ်သဏ္ဌာန် အဆူး ဖူးရှူးလခစ၍ ပြုအပ်သော ခြေပွတ်အိုးခြမ်းကိုလည်း ဟောသည်။ နှ ဘိက္ခုဝေ ကတကံ ပရိဘုဉ္ဇိတဗ္ဗံ။ ဝိ၊ ၄။ ၂၆၀။ ကတကံ နာမ ပဒုမကဏ္ဏိကာကာရံ ပါဒဃံသနတ္ထံ ကဏ္ဍကေ ဥဋ္ဌာပေတွာ ကတံ။ ဝိ၊ ဋ္ဌ၊ ၄။ ၅၂။]

(၁၀၃၇) ကလျာဏော ကထိတံ ခေမံ၊ တိသု လဒ္ဓတ္ထရက္ခဏော။
အထော နိယောဇနေ ဝုတ္တံ၊ ကာရိယေပိ ပယောဇနံ။

(၁၀၃၇) ခေမံ၊ ခေမ-သဒ္ဒါကို။ ကလျာဏော၊ ကောင်းသည်၌။ ကထိတံ၊ ဆိုအပ်၏။ တိသု ခေမံ၊ လိင်သုံးပါးတို့၌ဖြစ်သော ခေမ-သဒ္ဒါကို။ လဒ္ဓတ္ထ-ရက္ခဏော၊ ရအပ်ပြီးသော ဥစ္စာစည်းစိမ်ကို စောင့်ခြင်း၌။ ကထိတံ၊ ဆိုအပ်၏။ အထော၊ ထို့မှတပါး။ ပယောဇနံ၊ ပယောဇန-သဒ္ဒါကို။ နိယောဇနေ၊ တိုက်တွန်းခြင်း၌၎င်း။ ကာရိယေပိ၊ အကျိုး၌၎င်း။ ဝုတ္တံ၊ ဆိုအပ်၏။

[ခေမ-သဒ္ဒါဟောနက်(၂)နက်။ ပယောဇန-သဒ္ဒါဟောနက် (၂)နက်။ ခေမ-သဒ္ဒါ ဘေးကင်းရာ နိဗ္ဗာန်ကိုလည်း ဟောသည်။ ခေမံ ဝုစ္စတိ အမတံ နိဗ္ဗာနံ။ မဟာနိ။ ၁၀၀။ ၃-လိင်ဆံ ခေမ-သဒ္ဒါ ဘေးကင်းသောအရာ, ဘေးမရှိသောအရာကိုလည်း ဟောသည်။ ခေမန္တိ နိဗ္ဘယံ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၀၄။]

(၁၀၃၈) အဿတ္ထော တိသု အဿာသ-ပ္ပတ္တေ ဗောဓိဒ္ဒုမေ ပုမေ။
တိသု လုဒ္ဒေါ ကုရူရေ စ၊ နေသာဒမှိ ပုမေ သိယာ။

(၁၀၃၈) တိသု အဿတ္ထော၊ လိင်သုံးပါးတို့၌ဖြစ်သော အဿတ္ထ-သဒ္ဒါသည်။ အဿာသပ္ပတ္တေ၊ သက်သာရာ ရသူ၌။ သိယာ၊ ဖြစ်ရာ၏။ ပုမေ အဿတ္ထော၊ ပုလ္လိင် အဿတ္ထ-သဒ္ဒါသည်။ ဗောဓိဒ္ဒုမေ၊ ညောင်ဗုဒ္ဓဟောပင်၌။ သိယာ၊ ဖြစ်ရာ၏။ တိသု လုဒ္ဒေါ၊ လိင်သုံးပါးတို့၌ဖြစ်သော လုဒ္ဒ-သဒ္ဒါသည်။ ကုရူရေ၊ ကြမ်းကြုတ်သူ၌။ သိယာ၊ ဖြစ်ရာ၏။ ပုမေ လုဒ္ဒေါ၊ ပုလ္လိင် လုဒ္ဒ-သဒ္ဒါသည်။ နေသာဒမှိ၊ မုဆိုး၌။ သိယာ၊ ဖြစ်ရာ၏။

[အဿတ္ထ-သဒ္ဒါဟောနက် (၂) နက်။ လုဒ္ဒ-သဒ္ဒါဟောနက် (၂) နက်။ ဗောဓိဒ္ဒုမေ၊ ငါတို့ဘုရား လေးပါးသစ္စာ ထိုးထွင်းသိမြင်ရာ ညောင်ဗုဒ္ဓဟော ဗောဓိပင်၌-ဟု ယောဇနာရာ၏။ ဗောဓိဒုမေ အမှာကံ ဘဂဝသော ဗောဓိရုက္ခေ။ ဋီကာ။]

(၁၀၃၉) ဝိလဂ္ဂေါ တိသု လဂ္ဂသ္မိံ၊ ပုမေ မဇ္ဈမှိ ဒိဿတိ။
အဒ္ဓေါ တွ’ နိတ္ထိယံ ဘာဂေ၊ ဓနိမှိ ဝါစ္စလိင်္ဂိကော။

(၁၀၃၉) တိသု ဝိလဂ္ဂေါ၊ လိင်သုံးပါးတို့၌ဖြစ်သော ဝိလဂ္ဂ-သဒ္ဒါသည်။ လဂ္ဂသ္မိံ၊ ကပ်ငြိသော အရာဝတ္ထု၌။ ဒိဿတိ၊ ထင်၏။ ပုမေ ဝိလဂ္ဂေါ၊ ပုလ္လိင်၌ဖြစ်သော ဝိလဂ္ဂ-သဒ္ဒါသည်။ မဇ္ဈမှိ၊ ခါး၌။ ဒိဿတိ၊ ထင်၏။ တု၊ ထိုမှတပါး။ အနိတ္ထိယံ အဒ္ဓေါ၊ ပုလ္လိင်, နပုလ္လိင်၌ဖြစ်သော အဍ္ဍ-သဒ္ဒါသည်။ ဘာဂေ၊ ထက်ဝက်သော အဖို့၌။ သိယာ၊ ဖြစ်ရာ၏။ ဝါစ္စလိင်္ဂိကော၊ ဝါစ္စလိင်သို့လိုက်သော။ အဍ္ဍော၊ အဍ္ဍ-သဒ္ဒါသည်။ ဓနိမှိ၊ ဥစ္စာဓန ကြွယ်ဝသူ၌။ သိယာ၊ ဖြစ်ရာ၏။

[ဝိလဂ္ဂ-သဒ္ဒါဟောနက် (၂) နက်။ အဍ္ဍ-သဒ္ဒါဟောနက် (၂) နက်။ ဝိလဂ္ဂ-သဒ္ဒါ နှင့်ဆိုင်သော အရာဝတ္ထုကိုလည်း ဟောသည်။ မံသံ ကဏ္ဍေ ဝိလဂ္ဂံ ဟောတိ။ ဝိ၊ ၁။ ၁၁၁။ သေးသွယ်ရှည်လျားသော ခါး-စသည်ကိုလည်း ဟောသည်။ ဝိလဂ္ဂမဇ္ဈာတိ ဝိလဂ္ဂ-သရိရာ တနုမဇ္ဈိမာ။ ဇာ၊ ၄၊ ၅။ ၂၂၇။]

(၁၀၄၀) ကဋ္ဌံ ဒါရုမှိ တံ ကိဋ္ဌေ၊ ဂဟနေ ကသိတေ တိသု။
သသန္တာနေ စ ဝိသယေ၊ ဂေါစရေ'ဇ္ဈတ္တ မုစ္စတေ။
ဣတိ အဒ္ဒါနေကတ္ထဝဂ္ဂေါ။

(၁၀၄၀) ကဋ္ဌံ၊ နပုလ္လိင် ကဋ္ဌ-သဒ္ဒါသည်။ ဒါရုမှိ၊ သစ်သား၌။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထို ကဋ္ဌ-သဒ္ဒါသည်။ တိသု၊ လိင်သုံးပါးတို့၌။ ဝတ္တမာနံ၊ ဖြစ်ပါမူ။ ကိဋ္ဌေ၊ ဆင်းရဲသည်၌ရင်း။ ဂဟနေ၊ ခက်ခဲသည်၌ရင်း။ ကသိတေ၊ ထွန်ယက်သော လယ်ယာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တ-သဒ္ဒါကို၊ သသန္တာနေ စ၊ မိမိသန္တာန်၌ရင်း။ ဝိသယေ၊ အစိုးရ ပိုင်ဆိုင်သော ဟုဆိုအပ်သော ဝိသယဇ္ဈတ္တ၌ရင်း။ ဂေါစရေ၊ အာရုံခြောက်ပါး ဟူသော ဂေါစရဇ္ဈတ္တ၌ရင်း။ ဝါ၊ ဖလသမာပတ်၏ အာရုံ နိဗ္ဗာန်ဟူသော ဂေါစရဇ္ဈတ္တ၌ရင်း။ ဥစ္စတေ၊ ဆိုအပ်၏။

[ကဋ္ဌ-သဒ္ဒါ-ဟောနက် (၄) နက်။ အဇ္ဈတ္တ-သဒ္ဒါဟောနက်(၃) နက်။ သသန္တာနေ-ကို " မိမိ၏ သန္တာန်၌ဖြစ်သော နိယကဇ္ဈတ္တ၌ ရင်း " ဟူ၍လည်း ယောဇနာနိုင်၏။ အဇ္ဈတ္တံ သမ္မသာဒနံ။ အဘိ၊ ၁။ ၄၄။ အဇ္ဈတ္တန္တိ ဣဓ နိယကဇ္ဈတ္တံ အဓိပ္ပေတံ။ အဘိ၊ ဋ္ဌ၊ ၁။ ၂၁၃။ အတွင်းကျသော အဇ္ဈတ္တ=အဇ္ဈတ္တဇ္ဈတ္တ-ကိုလည်း အဇ္ဈတ္တ-သဒ္ဒါ ဟော၏။ ဆ အဇ္ဈတ္တိကာနိ အာယတနာနိတိအာဒီသု အဇ္ဈတ္တဇ္ဈတ္တေ။ အဘိ၊ ဋ္ဌ၊ ၁။ ၇၇။]

အဒ္ဒါနေကတ္ထဝဂ္ဂေါ၊ အဒ္ဒါနေကတ္ထဝဂ်သည်။ ဣတိ၊ အောင်လံစိုက် ဆောက် အပြီးသို့ ရောက်ပြီ။

---

## ပါဒါနေကတ္ထဝဂ်

(၁၀၄၁) ဘုဝနေ စ ဇနေ လောကော၊ မောရေ တွဂ္ဂိမှိ သော သိခီ။
သိလောကော တု ယသေ ပဇ္ဇေ၊ ရုက္ခေ တု သာမိကေ ဓဝေါ။

(၁၀၄၁) လောကော၊ လောက-သဒ္ဒါသည်။ ဘုဝနေ စ၊ လောက၌ ရင်း။ ဝါ၊ ကာမဘုံ, ရူပဘုံ, အရူပဘုံ-ဟူသော ဘုံသုံးပါး၌ရင်း။ ဇနေ၊ သတ္တဝါ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သိခီ၊ သိခီ-သဒ္ဒါသည်။ မောရေ၊ ဥဒေါင်း၌ရင်း။ အဂ္ဂိမှိ၊ မီး၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ သော၊

သိခီ-သဒ္ဒါ ပုလ္လိင်တည်း။ တု၊ ထိုမှတပါး။ သိလောကော၊ သိလောက-သဒ္ဒါသည်။ ယသေ၊ အကျော်အစောဌ်ရင်း။ ပဇ္ဇေ၊ ဂါထာဗန္ဓဌ်ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ခဂေါ၊ ခဂ-သဒ္ဒါသည်။ ရှကွေ၊ မျောက်ငိုပင်ဌ်ရင်း။ သာမိကေ၊ လင်ဌ်ရင်း။ သိယာ၊ ဖြစ်ရာ၏။

[လောက-သဒ္ဒါဟောနက်(၂)နက်။ သိခီ(၂)နက်။ သိလောက (၂)နက်။ ခဂ (၂)နက်။ လောက-သဒ္ဒါဟောနက် (၂) နက်ဟု ဆိုသော်လည်း ကျယ်ဝန်းလှ၏။ သတ္တလောက, ဩကာသလောက, သင်္ခါရလောက ကိုလည်း ဟော၏။ တဖန် ယင်း သတ္တလောကမှ ဖြာထွက်သော ရုပ်တရား နာမ်တရားအပေါင်း, ဗာလလောက= လူမိုက်သတ္တဝါ-စသည်ဖြင့် များစွာလာ၏။ တဖန် ဩကာသ လောကမှ ဖြာထွက်သော နတ်ပြည်, ဗြဟ္မာ့ပြည်-စသည်ဖြင့် များစွာ ရှိ၏။ သင်္ခါရလောကမှလည်း ရုပ်-စသည့် တပါးပါးသော တရား, ဥပါဒါနက္ခန္ဓာ ၅-ပါး-စသည်ဖြင့် များလှ၏။]

(၁၀၄၂) ဝဋ္ဋဗျာမေသု နိဂြောဓော၊ ခေဋော တု ဝါယသေ ဗကေ။
ဝါရော တွ'ဝသရ'ဟေသု၊ ကုစေ တွ'ဗ္ဘေ ပယောဓရော။

(၁၀၄၂) နိဂြောဓေ၊ နိဂြောဓ-သဒ္ဒါသည်။ ဝဋ္ဋဗျာမေသု၊ ပညောင်ပင်, (ကိုယ်) တလံတို့ဌ်။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ခေဋော၊ ခေဋ-သဒ္ဒါသည်။ ဝါယသေ၊ ကျီးကန်းဌ်ရင်း။ ဗကေ၊ ဗျိုင်းငှက်ဌ်ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဝါရော၊ ဝါရ-သဒ္ဒါသည်။ အဝသရဟေသု၊ အခွင့်, နေ့ရက်တို့ဌ်။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ပယောဓရော၊ ပယောဓရ-သဒ္ဒါသည်။ ကုစေ၊ မိန်းမ၏ နို့ဌ်ရင်း။ အဗ္ဘေ၊ မိုးတိမ်ဌ်ရင်း။ သိယာ၊ ဖြစ်ရာ၏။

[နိဂြောဓ (၂) နက်။ ခေဋ (၂) နက်။ ဝါရ (၂) နက်။ ပယောဓရ (၂) နက်။ ပယောဓရ-သဒ္ဒါသည် "ပယော ဓာရေ-တီတိ ပယောဓရော"ဟူသည်နှင့်အညီ နို့ရည်ကို ဆောင်တတ်သော နို့ဖြစ်ရာ မိန်းမ၏နို့သာလျှင် ဆိလျော်၏။ သို့ဖြစ်၍ ဋီကာဌ် ကုစေ နာရိထနေ-ဟု ဆိုသည်။ သံခိတ္တကဏ္ဍ သေတကွိ၊ လမ္ဗာသုဘ-

ပယောဓရော။ အပ၊ ၂။ ၂၂၆။ ပယောဓရ-သဒ္ဒါ မိုးတိမ်ကိုလည်း ဟော၏။ နိန္နာဒိတာ တဒါ ဘူမိ၊ ဂဇ္ဇိံသု စ ပယောဓရာ။ အပ၊ ၂။ ၁၅၆။]

(၁၀၄၃) ဥစ္ဆင်္ဂေ လက္ခဏော စာ'က္ကော၊ ရသ္မိ'တ္တိ ဇုတိ ရုစ္စ္ဆုသု။
ဒိဋ္ဌောဘာသေသု အာလောကော၊ဗုဒ္ဓေါ တု ပဏ္ဍိတေ ဇိနေ။

(၁၀၄၃) အက္ကော၊ အက်-သဒ္ဒါသည်။ ဥစ္ဆင်္ဂေ၊ ရင်ခွင်၌၎င်း။ လက္ခဏေ၊ အမှတ်တံဆိပ်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ရသ္မိ၊ ရသ္မိ-သဒ္ဒါသည်။ ဇုတိရုစ္စ္ဆုသု၊ အရောင်အလင်း, ကြိုးတို့၌။ သိယာ၊ ဖြစ်ရာ၏။ ဣတ္တိ၊ ဣတ္ထိ လိင်တည်း။ အာလောကော၊ အာလောက-သဒ္ဒါသည်။ ဒိဋ္ဌောဘာသေသု၊ ကြည့်ရှုခြင်း, အရောင်အလင်းတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-သဒ္ဒါသည်။ ပဏ္ဍိတေ၊ ပညာရှိ၌၎င်း။ ဇိနေ၊ ဘုရား၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ အက် (၂)နက်။ ရသ္မိ (၂)နက်။ အာလောက (၂) နက်။ ဗုဒ္ဓ(၂)နက်။ အက်-သဒ္ဒါ ရင်ခွင်ကိုဟောသည်ဟု ဆိုသော်လည်း ဥပလက္ခဏဖြစ်၏။ ပေါင်ခွင်ကိုလည်း ဟောသည်။ အင်္ကေ နိသိန္နော ဟောတီတိ ဦရူသု နိသိန္နော ဟောတိ။ မ၊ ဋ္ဌ၊ ၃။ ၇၇။ လက်ရုံး ပခုံးကိုလည်း ဟောသည်။ အင်္ကေနေဝ အင်္ကန္တိ အညမညံ ဗာဟုနာဝ အညမညံ ဗာဟုံ။ အညမညံ စ အံသကူဋ္ဌေနေဝ အညမညံ အံသကူဋ္ဌံ။ ဒီ၊ ဋ္ဌ၊ ၂။ ၄၃။ သစ်ပင်ခွကိုလည်း ဟောသည်။ အင်္ကသ္မိံ ဝိဋပဘိယံ။ ဇာ၊ ဋ္ဌ၊ ၃။ ၁၉၅။ ]

(၁၀၄၄) သူရိ'သူသု ပုမေ ဘာနု၊ ဒဏ္ဍော တု မုဂ္ဂရေ ဒမေ။
ဒေဝမစ္ဆေသွ'နိမိသော၊ ပတ္တော တု မာနသာနုသု။

(၁၀၄၄) ဘာနု၊ ဘာနု-သဒ္ဒါသည်။ သူရိသူသု၊ နေ့,အရောင်တို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ဒဏ္ဍော၊ ဒဏ္ဍ-သဒ္ဒါသည်။ မုဂ္ဂရေ၊ ဆောက်ပုတ်၌၎င်း။ ဝါ၊ လက်ရိုက်တုတ်၌၎င်း။ ဒမေ၊ ဆုံးမခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ အနိမိသော၊ အနိမိသ-သဒ္ဒါသည်။ ဒေဝမစ္ဆေသု၊ နတ်,ငါးတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ပတ္တော၊ ပတ္တ-သဒ္ဒါ

သည်။ မာနသာနူသု၊ စလယ် ချင့်တောင်း, တောင်လျှဉ် တောင်ဝှမ်းတို့၌" သိယာ၊ ဖြစ်ရာ၏။

[ဘာန္န(၂)နက်။ ဒဏ္ဍ (၂)နက်။ အနိမိသ (၂) နက်။ ပတ္ထ (၂) နက်။ ဒဏ္ဍ-သဒ္ဒါ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ် ကိုလည်း ဟောသည်။ သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ။ သုတ္တနိ။ ၂၀၄။ ဒဏ္ဍစစ်ဆင်နည်းကိုလည်း ဟောသည်။ အနိကာနံ ဝိရိယတော ဝုတ္တိ ဒဏ္ဍော။ ဓာန်၊ ဋီ။ ၃၀၀။]

(၁၀၄၅) အာတင်္ကော ရောဂတာပေသု၊ မာတင်္ဂေါ သပစေ ဂဇေ။
မိဂေါ ပသုကုရင်္ဂေသု၊ ဥလူကိ'န္ဒေသု ကောသိယော။

အသောဘနေ အဘာဝေ စ၊ ကုစ္ဆိတေ အသမိဒ္ဓိယံ။
ကိစ္ဆေ ဝိရူပတာဒိမှိ၊ ဒု-သဒ္ဒေါ သမ္ပဝတ္တတိ။
တတ္ထ အသောဘနေ—ဒုဂ္ဂန္ဓော။ အဘာဝေ—ဒုဗ္ဘိက္ခံ။ ကုစ္ဆိ- တေ—ဒုဂ္ဂတိ။ အသမိဒ္ဓိယံ—ဒုဿဿံ။ ကိစ္ဆေ—ဒုက္ခံ။ ဝိရူပတာ- ယံ—ဒုဗ္ဗဏ္ဏော။ ဒုမ္မုခေါ-ဟု ဒု-ဥပသာရအနက်များ ဥဒါဟရုဏ်နှင့် တကွ လာရှိ၏။]

(၁၁၇၀) သံ သမောဓာနသခ်ေပ—သမန္တတ္တသမိဒ္ဓိသု။
သမ္မာ ဘုသ သဟ’ပ္ပတ္တာ—ဘိမုခတ္ထေသု သင်္ဂတေ။
ဝိဓာနေ ပဘဝေ ပူဇာ—ပုနပ္ပုနကြိယာဒိသု။

(၁၁၇၀) သံ၊ သံ-သဒ္ဒါသည်။ သမောဓာနသခ်ေပသမန္တတ္တသမိဒ္ဓိသု၊ ပေါင်းခြင်း, အကျဉ်းချုံးခြင်း, ထက်ဝန်းကျင်အဖြစ်, ပြည့်စုံခြင်းတို့၌ဖြင်း။ သမ္မာဘုသသဟပ္ပတ္တာဘိမုခတ္ထေသု၊ ကောင်းခြင်း(=မဖောက်မပြန်ခြင်း), ပြင်းထန်ခြင်း, တကွဟူသော အနက်, အနည်းငယ်ဟူသော အနက်, ရှေးရှု ခြင်းအနက်တို့၌ဖြင်း။ သင်္ဂတေ၊ ပေါင်းဆုံခြင်း၌ဖြင်း။ ဝိဓာနေ၊ စီရင်ခြင်း၌ ဖြင်း။ ပဘဝေ၊ အမွန်အစ၌ဖြင်း။ ပူဇာပုနပ္ပုနကြိယာဒိသု၊ ပူဇော်ခြင်း, အဖန်ဖန် အထပ်ထပ်ပြုခြင်း စသည်တို့၌ဖြင်း။ သိယာ၊ ဖြစ်ရာ၏။

["သံ"အနက်(၁၄)နက်။ နီတိ၊သုတ္တ။၁၆၆-၌—
သမ္မာသမေသု သံ-သဒ္ဒေါ၊ သမောဓာနေ စ သင်္ဂတေ။
သမန္တဘာဝေ သခ်ေပေ၊ ဘုသတ္ထေ အပ္ပကေပိ စ။

သဟတ္ထေ ပဘဝတ္ထေ စ၊ သင်္ဂဟာဘိမုခေသု စ။
သံသရဏေ ပိဓာနေ စ၊ သမိဒ္ဓါဒီသု ဒိဿတိ။

တတ္ထ သမ္မာသမေသု—သမာဓိ။ သမောဓာနေ—သန္ဓိ။ သင်္ဂ-တေ—သင်္ဂမော။ သမန္တဘာဝေ—သံကိဏ္ဏာ၊ သမုလ္လပနာ။ သခေ်-ပေ—သမာသော။ ဘုသတ္ထေ—သာရတ္တော၊သာရဇ္ဇတိ။ အပ္ပကေ—သမဂ္ဃေါ။ သဟတ္ထေ—သံဝါသော။ ပဘဝတ္ထေ—သမ္ဘဝေါ။ သင်္ဂ-ဟေ—ပုတ္တဒါရသ္သ သင်္ဂဟော၊ ပုတ္တဒါရံ သင်္ဂဏှာတိ။ အဘိမုခေ—သမ္မုခံ။ သံသရဏေ—သန္ဓာဝတိ။ ပိဓာနေ—သံဝုတံ။ သမိဒ္ဓိယံ—သမ္ပန္နော-ဟု သံ-သဒ္ဒါအနက်များ ဥဒါဟရုဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၁) ဝိဝိဓာ’တိသယာ’ဘာဝ—ဘုသတ္တိ’ဿရိယာ’စ္စယေ။
ဝိယောဂေ ကလဟေ ပါတု—ဘာဝေ ဘာသေ စ ကုစ္ဆနေ။

(၁၁၇၂) ဒူရာ’နဘိမုခတ္ထေသု၊ မောဟာ’နဝဋ္ဌိတီသု စ။
ပဓာနဒက္ခတာခေဒ—သဟတ္ထာဒေါ ဝိ ဒိဿတိ။

(၁၁၇၁၊၁၁၇၂) ဝိ၊ ဝိ-သဒ္ဒါသည်။ ဝိဝိဓာ’တိသယာ’ဘာဝဘုသတ္တိ-ဿရိယာစ္စယေ၊ အထူးထူး အပြားပြား, လွန်ကဲခြင်း, မရှိခြင်း, ပြင်းထန်ခြင်း, အစိုးရခြင်း, ကွယ်(ကျော်)လွန်ခြင်း၌ရင်း။ ဝိယောဂေ၊ မယှဉ်ခြင်း၌ရင်း။ ကလဟေ၊ ငြင်းခုံခြင်း၌ရင်း။ ပါတုဘာဝေ၊ ထင်ရှားဖြစ်ခြင်း၌ရင်း။ ဘာသေ၊ အရောင်အလင်း၌ရင်း။ ကုစ္ဆနေ၊ စက်ဆုပ်ခြင်း၌ရင်း။ ဒူရာနဘိမုခတ္ထေသု၊ ဝေးကွာခြင်း, ရှေးရှုမဟုတ်ဟူသော အနက်တို့၌ရင်း။ မောဟာနဝဋ္ဌိတီသု စ၊ တွေဝေခြင်း, မတည်တံ့ခြင်းတို့၌ရင်း။ ပဓာန-ဒက္ခတာခေဒသဟတ္ထာဒေါ၊ ပြဓာန်းခြင်း, လိမ္မာခြင်း, ပင်ပန်းခြင်း, တကွ အနက် အစရှိသည်၌ရင်း။ ဒိဿတိ၊ ထင်၏။

[“ဝိ”အနက်(၁၉)နက်။ နီတိ၊သုတ္တ။၃၆၇-၌—

ဝိသေသေ ဝိဝိဓေ ဝိတိ၊ ဝိရုဒ္ဓေ ဝိဂတေပိ စ။
အာဒိကမ္မေ ဝိရူပတ္ထေ၊ ဝိယောဂါဒီသု ဒိဿတိ။

တတ္ထ ဝိသေသေ—ဝိမုတ္တိ၊ ဝိသိဋ္ဌော။ ဝိဝိဓေ—ဝိမတိ၊ ဝိစိတြံ။ ဝိရုဒ္ဓေ—ဝိဝါဒေါ။ ဝိဂတေ—ဝိမလံ။ အာဒိကမ္မေ—ဝိပ္ပကတံ။

ဝိရူပတ္တေ—ဝိရူပေ၊ ဝိယောဂေ—ဝိပ္ပယုတ္တော-ဟု ဝိ-ဥပသာရ အနက်များ ဥဒါဟရဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၃) ဝိယောဂေ ဇာနနေ စာဓော—ဘာဂနိစ္ဆယသုဒ္ဓိသု။
ဤသဒတ္တေ ပရိဘဝေ၊ ဒေသဗျာပနဟာနိသု။
ဝစောကြိယာယ ထေယျေ စ၊ ဉာဏပ္ပတ္တာဒိကေ အဝ။

(၁၁၇၃) အဝ၊ အဝ-သဒ္ဒါသည်။ ဝိယောဂေ၊ မယှဉ်ခြင်း၌၎င်း။ ဇာနနေ စ၊ သိခြင်း၌၎င်း။ အဓောဘာဂနိစ္ဆယသုဒ္ဓိသု၊ အောက်အဖို့, ဆုံးဖြတ်ခြင်း, စင်ကြယ်ခြင်းတို့၌၎င်း။ ဤသဒတ္တေ၊ စဉ်းငယ် ဟူသော အနက်၌၎င်း။ ပရိဘဝေ၊ မထီမဲ့မြင်ပြုခြင်း၌၎င်း။ ဝါ၊ လွှမ်းမိုးခြင်း၌၎င်း။ ဒေသဗျာပနဟာနိသု၊ အရပ်ဒေသ, ပျံ့နှံ့ခြင်း, ယုတ်လျော့ခြင်းတို့၌၎င်း။ ဝစောကြိယာယ၊ ဆိုခြင်းကြိယာ၌၎င်း။ ထေယျေ စ၊ ခိုးဝှက်ခြင်း၌၎င်း။ ဉာဏပ္ပတ္တာဒိကေ၊ သိခြင်း, ရောက်ခြင်း အစရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

["အဝ"အနက်(၁၄)နက်။ နီတိ၊သုတ္တ။၃၆၃-၌—
အဓောဘာဝေ(ဂေ)ဝိယောဂေ စ၊ဒေသေ နိစ္ဆယသုဒ္ဓိသု။
ပရိဘဝေ ဇာနနေ စ၊ ထေယျာဒီသု စ ဒိဿတိ။
အဝက္ခိတ္တစက္ခူပသဂ္ဂေါတိ၊ ဝိညာတဗ္ဗံ ဝိဘာဝိနာ။

တတ္ထ အဓောဘာဝေ(ဂေ)—အဝကုဇ္ဇော၊ အဝက္ခိတ္တစက္ခု၊ ဩက္ခိတ္တစက္ခု။ ဝိယောဂေ—ဩမုက္ကဉပါဟနော၊ အဝကောကိလံ ဝနံ။ ဒေသေ—အဝကာသော၊ ဩကာသော။ နိစ္ဆယေ—အဝဓာရဏံ။ သုဒ္ဓိယံ—ဝေါဒါနံ။ ပရိဘဝေ—အဝဇာနန္တိ၊ အဝမညတိ၊ ဒဟရောတိ န ဥညာတဗ္ဗော။ ဇာနနေ—အဝဂစ္ဆတိ။ ထေယျေ—အဝဟာရော-ဟု အဝ-ဥပသာရအနက်များ ဥဒါဟရဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၄) ပစ္စာဘုသတ္ထသာဒိသျာ'—နုပစ္ဆိန္နာ'နုဝတ္တိသု။
ဟီနေ စ တတိယတ္ထာ'ဓော—ဘာဂေသ္ဝ'နုဂတေ ဟိတေ။
ဒေသေ လက္ခဏဝိစ္ဆေ'တ္ထ—မ္ဘူတဘာဂါဒိကေ အနု။

(၁၁၇၄) အနု၊ အနု-သဒ္ဒါသည်။ ပစ္စာဘုသတ္ထသာဒိသျာနုပစ္ဆိန္နာနုဝတ္တီသု၊ နောက်၌ဖြစ်ခြင်း, ပြင်းထန်ခြင်း, တူခြင်း, မပြတ်ခြင်း, အစဉ်

တစိုက်လိုက်ခြင်းတို့၌ရှင်း။ ဟိနေ စ၊ ယုတ်သည်၌ရှင်း။ တတိယတ္ထာဓော-ဘာဂေသု၊ တတိယာအနက်, အောက်အဖို့ဟူသော အနက်တို့၌ရှင်း။ အနု-ဂတေ၊ အစဉ်လိုက်ခြင်း၌ရှင်း။ ဟိတေ၊ အစီးအပွါး၌ရှင်း။ ဒေသေ အရပ်၌ရှင်း။ လက္ခဏဝိစ္ဆေတ္ထမ္ဘူတဘာဂါဒိကေ၊ လက္ခဏအနက်,ဝိစ္ဆာ'အနက်, ဣတ္ထမ္ဘူတအနက်, ဘာဂအနက် အစရှိသည်၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

["အနု"အနက်(၁၅)နက်။ နီတိ၊သုတ္တ။၃၆၅-၌—

အနု-သဒ္ဒေါ အနုဂတေ၊ အနုပစ္ဆိန္နေ စ ဝတ္တတိ။
ပစ္ဆာဘုသတ္ထသာဒိသ–ဟီနေသု တတိယတ္ထကေ။

လက္ခဏိတ္ထမ္ဘူတက္ခာန–ဘာဂေသုပိ စ ဝတ္တတိ။
ဝိစ္ဆာဒိသု စ သမ္ဘောတိ၊ မိရော ဣစ္စုပလက္ခယေ။

တတ္ထ အနုဂတေ–အန္ဝေတိ။ အနုပစ္ဆိန္နေ–အနုသယော။ ပစ္ဆာတ္ထေ–အနုရထံ။ ဘုသတ္ထေ–အနုရတ္တော။ သာဒိသေ–အနု-ရူပံ။ ဟီနေ–အနု သာရိပုတ္တံ ပညဝါ။တတိယတ္ထေ–နဒိံ မန္ဝသိတာ သေနာ။ လက္ခဏေ–ရုက္ခမနု ဝိဇ္ဇောတတေ ဝိဇ္ဇု။ ဣတ္ထမ္ဘူတက္ခာ-နေ–သာဓု ဒေဝဒတ္တော မာတရ မနု။ ဘာဂေ–ယဒေတ္ထ မံ မနု သိယာ၊ တံ ဒီယတု။ ဝိစ္ဆာယံ–ရုက္ခံ ရုက္ခံ အနု ဝိဇ္ဇောတတေ စန္ဒော-ဟု အနု-ဥပသာရအနက်များ ဥဒါဟရဏ်နှင့်တကွ လာ၏။]

(၁၁၇၅) သမန္တတ္ထေ ပရိစ္ဆေဒေ၊ ပူဇာ'လိင်္ဂနဝဇ္ဇနေ။
ဒေါသက္ခာနေ နိဝါသနာ'–ဝညာ'ဓာရေသု ဘောဇနေ။
သောကဗျာပနတတ္တေသု၊ လက္ခဏာဒေါ သိယာ ပရိ။

(၁၁၇၅) ပရိ၊ ပရိ-သဒ္ဒါသည်။ သမန္တတ္ထေ၊ ထက်ဝန်းကျင်၌ရှင်း။ ပရိစ္ဆေဒေ၊ အပိုင်းအခြား၌ရှင်း။ ပူဇာလိင်္ဂနဝဇ္ဇနေ၊ ပူဇော်ခြင်း, လည်ဖက်ခြင်း, ကြဉ်ခြင်း၌ရှင်း။ ဒေါသက္ခာနေ၊ အပြစ်ကိုဆိုခြင်း၌ရှင်း။ နိဝါသနာ-ဝညာဓာရေသု၊ အဝတ်ဝတ်ခြင်း, မထီမဲ့မြင်ပြုခြင်း, တည်ရာတို့၌ရှင်း။ ဘောဇနေ၊ ဆွမ်းလုပ်ကျွေးခြင်း၌ရှင်း။ သောကဗျာပနတတ္တေသု၊ စိုးရိမ်ခြင်း, ပျံ့နှံ့ခြင်း, သဘောတို့၌ရှင်း။ လက္ခဏာဒေါ၊ လက္ခဏအနက် အစရှိသည်၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

[“ပရိ”အနက်(၁၄)နက်။ နီတိ၊သုတ္တ။၃၆၃-၌—

ပရိ သမန္တတောဘာဝေ၊ ပရိစ္ဆေဒေ စ ဝဇ္ဇနေ။
အာလိင်္ဂနေ နိဝသနေ၊ ပူဇာယံ ဘောဇနေပိ စ။
တထာ’ဝဇာနနေ ဒေါသ-က္ခာနေ စ လက္ခဏာဒိသု။

တတ္ထ သမန္တတောဘာဝေ—ပရိဝုတော။ ပရိစ္ဆေဒေ—ပရိညေ-ယျံ။ ဝဇ္ဇနေ—ပရိဟရတိ။ အာလိင်္ဂနေ—ပရိဿဇတိ။ နိဝသနေ—ဝတ္ထံ ပရိဝသတိ။ ပူဇာယံ—ပါရိစရိယာ။ ဘောဇနေ—ဘိက္ခုံ ပရိ-ဝိသတိ။ အဝဇာနနေ—ပရိဘဝတိ။ ဒေါသက္ခာနေ—ပရိဘာသတိ။ လက္ခဏာဒိသု—ရုက္ခံ ပရိ ဝိဇ္ဇောတတေ ဝိဇ္ဇု၊ ဣစ္စာဒိ-ဟု ပရိ-ဥပ-သာရအနက်များ ဥဒါဟရဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၆) အာဘိမုချဝိသိဋ္ဌု’ဒ္ဓ—ကမ္မသာရုပ္ပဝုဒ္ဓိသု။
ပူဇာ’ဓိကကုလာ’သစ္စ—လက္ခဏာဒိမှိ စာပျ’ဘိ။

(၁၁၇၆) အဘိ၊ အဘိ-သဒ္ဒါသည်။ အာဘိမုချဝိသိဋ္ဌုဒ္ဓကမ္မသာရုပ္ပ-ဝုဒ္ဓိသု၊ ရှေးရှုသည်၏အဖြစ်, ထူးကဲခြင်း, အထက်၌ပြုခြင်း, လျောက်ပတ်ခြင်း, ပွါးခြင်းတို့၌ရင်း။ ပူဇာ’ဓိကကုလာ’သစ္စလက္ခဏာဒိမှိ စ၊ ပူဇော်ခြင်း, လွန်ကဲခြင်း, အမျိုးကောင်း ဟူသော အနက်,မမှန်ကန်ခြင်း,လက္ခဏာအနက် အစရှိသည်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[“အဘိ”အနက်(၁၀)နက်။ နီတိ၊သုတ္တ။၃၆၄-၌—

ဝိသိဋ္ဌေ’ဘိမုခီဘာဝေ၊ ဥဒ္ဓကမ္မေ တထေဝ စ။
အဓိကတ္ထေ ကုလေ စာပိ၊ သာရုပ္ပေ ဝန္ဒနေပိ စ။

လက္ခဏိတ္ထမ္ဘူတက္ခာန—ဝိစ္ဆာဒိသု စ ဒိဿတိ။
အဘိဣစ္စုပသဂ္ဂေါတိ၊ ဝေဒိတဗ္ဗံ သုဓီမတာ။

တတ္ထ ဝိသိဋ္ဌေ—အဘိဓမ္မော။ အဘိမုခီဘာဝေ—အဘိမုခေါ၊ အဘိက္ကမတိ။ ဥဒ္ဓကမ္မေ—အဘိရူဟတိ။ အဓိကတ္ထေ—အဘိဝဿတိ။ ကုလေ—အဘိဇာတော။ သာရုပ္ပေ—အဘိရူပေါ။ ဝန္ဒနေ—အဘိ-ဝါဒေတိ။ လက္ခဏေ—ရုက္ခမဘိ ဝိဇ္ဇောတတေ ဝိဇ္ဇု။ ဣတ္ထမ္ဘူ-တက္ခာနေ—သာဓု ဒေဝဒတ္တော မာတရမဘိ။ ဝိစ္ဆာယံ—ရုက္ခံ

ရုက္ခံ အဘိ ဝိဇ္ဇောတတေ စန္ဒော-ဟု အဘိ-ဥပသာရ အနက်များ ဥဒါဟရုဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၇) အဓိကိဿရပါဌော'ဓိ–ဌာနပါပုဏနေသ္ဝ'ဓိ။
နိစ္ဆယေ စောပရိတ္တာ'ဓိ–ဘဝနေ စ ဝိသေသနေ။

(၁၁၇၇) အဓိ၊ အဓိ-သဒ္ဒါသည်။ အဓိကိဿရပါဌာဓိဋ္ဌာနပါပုဏနေသု၊ လွန်ကဲခြင်း, အစိုးရခြင်း, ရွတ်ဖတ်ခြင်း, ဆောက်တည်ခြင်း, ရောက်ခြင်း တို့၌ရှင်း။ နိစ္ဆယေ စ၊ ဆုံးဖြတ်ခြင်း၌ရှင်း။ ဥပရိတ္တာဓိဘဝနေ စ၊ အထက်၌ ဖြစ်ခြင်း, လွှမ်းမိုးခြင်း၌ရှင်း။ ဝိသေသနေ၊ အထူးပြုခြင်း၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

["အဓိ"အနက် (၉)နက်။ နီတိ၊သုတ္တ၊၃၆၄-၌—

အဓိကေ ဣဿရေ စေဝ·ပရိဘာဝေ စ နိစ္ဆယေ။
အဓိဋ္ဌာနေ' ဓိဘဝနေ၊ တထာ အဇ္ဈာယနေပိ စ။
ပါပုဏနာဒိကေ စတ္ထေ၊ အဓိ-သဒ္ဒေါ ပဝတ္တတိ။

တတ္ထ အဓိကေ–အဓိသီလံ။ ဣဿရေ–အဓိဗြဟ္မဒတ္တော ပဉ္စာ-လာ။ ဥပရိဘာဝေ–အဓိရောဟတိ၊ အဓိသယတိ။ နိစ္ဆယေ–အဓိ-မောက္ခော။ အဓိဋ္ဌာနေ–ဘူမိကမ္ပာဒိံ အဓိဋ္ဌာတိ။ အဓိဘဝနေ–အဓိဘဝတိ။ အဇ္ဈာယနေ–ဗျာကရဏံ မဓိတေ။ ပါပုဏနေ–ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ-ဟု အဓိ-ဥပသာရအနက်များ ဥဒါဟရုဏ်နှင့်တကွ လာ၏။]

(၁၁၇၈) ပဋိဒါနနိသေဓေသု၊ ပါမာ'ဒါနနိ'ဝတ္တိသု။
သာဒိသျေ ပတိနိဓိမှိ၊ အာဘိမုချဂတီသု စ။

(၁၁၇၉) ပတိဗောဓေ ပတိဂတေ၊ တထာ ပုနကြိယာယ စ။
သမ္ဘာဝနေ ပဋိစ္စတ္ထေ၊ ပတီတိ လက္ခဏာဒိကေ။
သု သောဘနေ သုခေ သမ္မာ-ဘုသသုဋ္ဌုသမိဒ္ဓိသု။

(၁၁၇၈၊၁၁၇၉) ပတီတိ၊ ပတိ-ဟူသော သဒ္ဒါသည်။ ပဋိဒါနနိသေ-ဓေသု၊ အစားပေးခြင်း, တားမြစ်ခြင်းတို့၌ရှင်း။ ဝါမာ'ဒါနနိ'ဝတ္တီသု၊ ဆန့်ကျင်ဘက် အပြန်ဟူသောအနက်, ယူခြင်း, ဆုတ်နစ်ခြင်း တို့၌ရှင်း။

သာဒိသျေ၊ တူသည်၏အဖြစ်၌ရှင်း။ ပတိနိဓိမှိ၊ အတူပြုခြင်း၌ရှင်း။ အာဘိမုချဂတီသု စ၊ ရှေးရှုသည်၏အဖြစ်, လားခြင်းတို့၌ရှင်း။ ပတိဗောဓေ၊ ထိုးထွင်း၍ သိခြင်း၌ရှင်း။ ပတိဂတေ၊ ရှေးရှုဖြစ်ခြင်း၌ရှင်း။ တထာ၊ ထိုမှတပါး။ ပုနကြိယာယ၊ တဖန်ပြုခြင်း၌ရှင်း။ သမ္ဘာဝနေ၊ ချီးမွမ်းခြင်း၌ရှင်း။ ပဋိစ္စတ္ထေ၊ ပဋိစ္စ-သဒ္ဒါ၏ အနက်၌ရှင်း။ လက္ခဏာဒိကေ၊ လက္ခဏာအနက် အစရှိသည်၌ရှင်း။ ဒိဿတိ၊ ထင်၏။

သု၊ သု-သဒ္ဒါသည်။ သောဘနေ၊ တင့်တယ်ခြင်း၌ရှင်း။ သုခေ၊ ချမ်းသာခြင်း၌ရှင်း။ သမ္မာဘုသသုဋ္ဌုသမိဒ္ဓိသု၊ မဖောက်မပြန်ခြင်း, ပြင်းထန်ခြင်း, ကောင်းခြင်း, ပြည့်စုံခြင်းတို့၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

["ပတိ"အနက် (၁၅)နက်။ နီတိ၊သုတ္တ။ ၃၆၂-၌–

ပတိ-သဒ္ဒေါ ပဋိဂတေ၊ တထာ ပဋိနိဓိမှိ စ။
ပဋိဒါနေ နိသေဓေ စ၊ သာဒိသေ စ နိဝတ္တနေ။
အာဒါနေ ပဋိကရဏေ၊ ပဋိစ္စေ ပဋိဗောဓနေ။
လက္ခဏိတ္ထမ္ဘူတက္ခာန-ဘာဂေသု ပဋိလောမကေ။
ဝိစ္ဆာဒီသု စ သမ္ဘောတိ၊ ဝိညူ ဉာတ္ဗုပလက္ခယေ။

တတ္ထ ပဋိဂတေ–ပစ္စက္ခံ။ ပဋိနိဓိမှိ–အာစရိယတော ပတိ သိဿော။ ပဋိဒါနေ–တေလတ္ထိကဿ ဃတံ ပဋိဒဒါတိ။ နိသေဓေ–ပဋိသေဓေတိ။ သာဒိသေ–ပတိရူပကံ။ နိဝတ္တနေ–ပဋိက္ကမတိ။ အာဒါနေ–ပဋိဂ္ဂဏှာတိ။ ပဋိကရဏေ–ပဋိကာရော။ ပဋိစ္စေ–ပစ္စယော။ ပဋိဗောဓနေ–ပဋိဝေဓော။ လက္ခဏေ–ရုက္ခံ ပတိ ဝိဇ္ဇောတတေ ဝိဇ္ဇု။ ဣတ္ထမ္ဘူတက္ခာနေ–သာဓု ဒေဝဒတ္တော မာတရံ ပတိ။ ဘာဂေ–ယဒေတ္ထ မံ ပတိ သိယာ၊ တံ ဒီယတု။ ပဋိလောမေ–ပဋိသောတံ။ ဝိစ္ဆာယံ–ရုက္ခံ ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒော-ဟု ပတိ-ဥပသာရအနက်များ ဥဒါဟရုဏ်နှင့်တကွ လာရှိ၏။

"သု"အနက် (၆)နက်။ နီတိ၊သုတ္တ။ ၃၆ဂ-၌—

သောဘနတ္ထေ သုခတ္ထေ စ၊ သုဋ္ဌုသမ္မာရတ္ထေသု စ။
သမိဒ္ဓိယာဒီသု စေဝ၊ သု-သဒ္ဒေါ သမ္ပဝတ္တတိ။

တတ္ထ သောဘနတ္ထေ–သုဂန္ဓော။ သုခတ္ထေ–သုကရော။ သုဋ္ဌုသမ္မာရတ္ထေသု–သုဋ္ဌု ဂတော သမ္မာ ဂတောတိပိ သုဂတော။ သမိဒ္ဓိယံ–သုဘိက္ခံ–ဟု သု-ဥပသာရအနက်များ ဥဒါဟရုဏ်နှင့်တကွ လာရှိ၏။]

(၁၁၀၀) အာဘိမုချသမီပါ’ဒိ–ကမ္မာ’လိင်္ဂနပတ္တိသု။
မရိယာဒု’ဒ္ဓကမ္မိ’စ္ဆာ–ဗန္ဓနာ’ဘိဝိဓိသု အာ။

(၁၁၀၁) နိဝါသာ’ဝှါနဂဟဏ–ကိစ္စေ’သတ္ထနိဝတ္တိသု။
အပ္ပသာဒါ’သိသရဏ–ပတိဋ္ဌာ’ဝိမှယာဒိသု။

(၁၁၀၀၊၁၁၀၁) အာ၊အာ-သဒ္ဒါသည်။ အာဘိမုချသမီပါဒိကမ္မာလိင်္ဂနပတ္တိသု၊ ရှေးရှုသည်၏အဖြစ်, အနီး, အစအဦး, လည်ဖက်ခြင်း, ရောက်ခြင်းတို့၌ရှင်း။ မရိယာဒုဒ္ဓကမ္မိစ္ဆာဗန္ဓနာ’ဘိဝိဓိသု၊ ပိုင်းခြားခြင်း, အထက်၌ ပြုခြင်း, လိုချင်ခြင်း, နှောင်ဖွဲ့ခြင်း, နှံ့၍ဖြစ်ခြင်း တို့၌ရှင်း။ နိဝါသာဝှါနဂဟဏကိစ္စေသတ္ထနိဝတ္တိသု၊ နေခြင်း, ခေါ်ခြင်း, ယူခြင်း,ဆင်းရဲငြိုငြင်ခြင်း, အနည်းငယ်, ဆုတ်နစ်ခြင်းတို့၌ရှင်း။ အပ္ပသာဒါ’သိသရဏပတိဋ္ဌာဝိမှယာဒိသု၊ မကြည်လင်ခြင်း, တောင့်တခြင်း, အောက်မေ့ခြင်း, တည်ရာ, အံ့ဖွယ်အစရှိသည်တို့၌ရှင်း။ သိယာ၊ ဖြစ်ရာ၏။

["အာ"အနက် (၂၁)နက်။ နီတိ၊သုတ္တ။၃၆၁-၌—

အာ-သဒ္ဒေါ’ဘိမုခီဘာဝေ၊ ဥဒ္ဓကမ္မေ တထေဝ စ။
မရိယာဒါဘိဝိဓီသု၊ ပရိဿဇနပတ္တိသု။
ဣစ္ဆာယံ အာဒိကမ္မေ စ၊ နိဝါသေ ဂဟဏေပိ စ။
အဝှါနေ စ သမီပါဒိ-အတ္ထေသုပိ ပဝတ္တတိ။

တတ္ထ အဘိမုခီဘာဝေ–အာဂစ္ဆတိ။ ဥဒ္ဓကမ္မေ–အာရောဟတိ။ မရိယာဒါယံ–အာပဗ္ဗတာ ခေတ္တံ။ အဘိဝိဓိမှိ–အာကုမာရံ ယသော ကစ္စာနဿ။ ပရိဿဇနေ–အာလိင်္ဂတိ။ ပတ္တိယံ–အာပတ္တိံ အာပန္နော။ ဣစ္ဆာယံ–အာကင်္ခါ။ အာဒိကမ္မေ–အာရမ္ဘော။ နိဝါသေ–အာဝသထော၊ အာဝါသော။ ဂဟဏေ–အာဒိယတိ။ အဝှါနေ–အာမန္တေသိ။ သမီပေ–အာသန္န-ဟု အာ-ဥပသာရ အနက်များ ဥဒါဟရုဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၂) အန္တောဘာဝဘူသတ္တာ’တိ-သယပူဇာသု’တိက္ကမေ။
ဘူတဘာဝေ ပသံသာယံ၊ ဒဋ္ဌတ္ထာဒေါ် သိယာ အတိ။

(၁၁၇၂) အတိ၊ အတိ-သဒ္ဒါသည်။ အန္တောဘာဝဘူသတ္တာတိသယ-ပူဇာသု၊ အတွင်း၌ဖြစ်ခြင်း, ပြင်းထန်ခြင်း, လွန်ကဲခြင်း, ပူဇော်ခြင်းတို့၌၎င်း။ အတိက္ကမေ၊ ကျော်လွန်၍ သွားခြင်း၌၎င်း။ ဘူတဘာဝေ၊ အတိတ်၌၎င်း။ ပသံသာယံ၊ ချီးမွမ်းခြင်း၌၎င်း။ ဒဋ္ဌတ္ထာဒေါ်၊ မြဲမြံခြင်း အစရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

["အတိ"အနက် (၈)နက်။ နီတိ၊သုတ္တ။၃၆၂-၌—

အတိ-သဒ္ဒေါ အတိက္ကန္တေ၊ တထာ’တိက္ကမနေပိ စ။
အတိသယေ ဘုသတ္ထာဒိ-အတ္ထေသု စ ပဝတ္တတိ။

တတ္ထ အတိက္ကန္တေ–အစ္စန္တံ။ အတိက္ကမနေ–အတိရောစတိ အမှေဟိ၊ အတီတော။ အတိသယေ–အတိကုသလော။ ဘုသတ္ထေ –အတိကောဓော၊ အတိဝုဋ္ဌိ-ဟု အတိ-ဥပသာရ အနက်များ ဥဒါဟရုဏ်နှင့်တကွ လာရှိ၏။]

(၁၁၇၃) သမ္ဘာဝနေ စ ဂရဟာ–ပေက္ခာသု စ သမုစ္စယေ။
ပဉှေ သံဝရဏေ စေဝ၊ အာသီသတ္ထေ အပိ’ရိတံ။

(၁၁၇၃) အပိ၊ သပိ-သဒ္ဒါကို။ သမ္ဘာဝနေ စ၊ ချီးမွမ်းခြင်း၌၎င်း။ ဂရဟာပေက္ခာသု စ၊ ကဲ့ရဲ့ခြင်း, ရှုငဲ့ခြင်းတို့၌၎င်း။ သမုစ္စယေ၊ ပေါင်းဆည်းခြင်း၌၎င်း။ ပဉှေ၊ အမေးပုစ္ဆာ၌၎င်း။ သံဝရဏေ စေဝ၊ ပိတ်ဆို့ခြင်း၌၎င်း။ အာသီသတ္ထေ၊ တောင့်တခြင်း၌၎င်း။ ဤရိတံ၊ ဆိုအပ်၏။

["အပိ"အနက် (၇)နက်။ နီတိ၊သုတ္တ။၃၆၆-၌—

အပိ သမ္ဘာဝနာပေက္ခာ–ပဉှသမုစ္စယေသု စ။
ဂရဟာဒီသု စတ္ထေသု၊ ဝတ္တတီတိ ပကာသိတော။

တတ္ထ သမ္ဘာဝနာယံ—အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိဂစ္ဆတိ။ တဏှာက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။ မေရုမ္ပိ ဝိနိဝိဇ္ဈိတွာ ဂစ္ဆေယျ။ အပေက္ခာယံ—အယမ္ပိ ဓမ္မော အနိယတော။ ပဉှေ–အပိ ဘန္တေ ဘိက္ခံ လဘိတ္ထ။သမုစ္စယေ

–ဏ္ဍတိပိ အရဟံ၊ အနုမ္ဗိ အနုဂ္ဂုဏ္ဏမ္ဗိ အာဒါယ။ ဂရဟာယံ–
အမ္ဗုကမ္ဗိ ပဏ္ဍိတက–ဟု အပိ-ဥပသာရအနက်များ ဥဒါဟရဏ်နှင့်
တကွ လာရှိ၏။]

(၁၁၈၄) နိဒ္ဒေသေ ဝဇ္ဇနေ ပူဇာ–ပဂတေ ဝါရဏေပိ စ။
ပဒုဿနေ စ ဂရဟာ–စောရိကာဒေါ သိယာ အပ။

(၁၁၈၄) အပ၊ အပ-သဒ္ဒါသည်။ နိဒ္ဒေသေ၊ ညွှန်ပြခြင်း၌၎င်း။
ဝဇ္ဇနေ၊ ကြဉ်ခြင်း၌၎င်း။ ပူဇာပဂတေ၊ ပူဇော်ခြင်း, ကင်းခြင်း၌၎င်း။
ဝါရဏေပိ စ၊ တားမြစ်ခြင်း၌၎င်း။ ပဒုဿနေ စ၊ ပြစ်မှားခြင်း၌၎င်း။
ဂရဟာ စောရိကာဒေါ၊ ကဲ့ရဲ့ခြင်း, ခိုးခြင်း အစရှိသည်၌၎င်း။ သိယာ၊
ဖြစ်ရာ၏။

["အပ"အနက် (၈)နက်။ နီတိ၊သုတ္တ။၃၆၆-၌–

အပ-သဒ္ဒေါ အပဂတေ၊ ဂရဟာဝဇ္ဇနေသု စ။
ပဒုဿနေ ပူဇနာဒိ–အတ္ထေသုပိ စ ဒိဿတိ။

တတ္ထ အပဂတေ–အပဂတော။ ဂရဟာရယံ–အပဂဗ္ဘော
သမဏော ဂေါတမော။ ဝဇ္ဇနေ–အပသာလာယ အာယန္တိ
ဝါဏိဇာ။ ပဒုဿနေ–အပရဇ္ဈတိ။ ပူဇနာယံ–ဝုဒ္ဓါပစာယီ-ဟု
အပ-ဥပသာရအနက်များ ဥဒါဟရဏ်နှင့်တကွ လာရှိ၏။]

(၁၁၈၅) သမီပပူဇာသာဒိဿ–ဒေါသက္ခာနေသု'ပပတ္တိသု။
ဘုသတ္တေ'ပဂမာ'ဓိက္ကျ–ပုဗ္ဗကမ္မနိဝတ္တိသု။
ဂယှာကာရေ'ပရိတ္တေသု၊ ဥပေ'တျ'နသနာဒိကေ။

(၁၁၈၅) ဥပေတိ=ဥပဣတိ၊ ဥပ-ဟူသော သဒ္ဒါသည်။ သမီပပူဇာ-
သာဒိဿဒေါသက္ခာနေသုပပတ္တိသု၊ အနီး, ပူဇော်ခြင်း, တူသည်၏အဖြစ်,
အပြစ်ပြောခြင်း, အသင့်ယုတ္တိ (=ကပ်ရှိဖြစ်ခြင်း)တို့၌၎င်း။ ဘုသတ္တေ-
ပဂမာဓိက္ကျပုဗ္ဗကမ္မနိဝတ္တိသု၊ ပြင်းထန်ခြင်း, ချဉ်းကပ်ခြင်း, လွန်ကဲခြင်း,
ရှေးဦးပြုခြင်း, ဆုတ်နစ်ခြင်းတို့၌၎င်း။ ဂယှာကာရေပရိတ္တေသု၊ ယူအပ်
သော အခြင်းအရာ, အထက်၏ အဖြစ်တို့၌၎င်း။ အနသနာဒိကေ၊ အစာ
မစားခြင်း အစရှိသည်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[“ဥပ”အနက် (၁၃)နက်။ နီတိ၊သုတ္တ။၃၆၅-၌—

ဥပ-သဒ္ဒေါ သမီပတ္ထေ၊ တထာ ဥပဂတေပိ စ။
သာဒိသေ အဓိကေ စေဝ၊ ယုတ္တိယံ ဥပပတ္တိယံ။

သညာယ မုပရိဘာဝေ၊ တထာ အနုသနေပိ စ။
ဒေါသက္ခာနေ ပုဗ္ဗကမ္မေ၊ ဂယှာကာရေ စ အစ္စနေ။
ဘုသတ္ထာဒိသု စ’တ္ထေသု၊ ဝတ္တတီတိ ဝိဘာဝယေ။

တတ္ထ သမီပတ္ထေ—ဥဂနုဂရံ။ ဥပဂမနေ—နိသိန္နံ ဝါ ဥပနိသိ- ဒေယျ။ သာဒိသေ—ဥပမာနံ၊ ဥပမာ။ အဓိကေ—ဥပခါရိယံ ဒေါဏော။ ယုတ္တိယံ—ဥပပတ္တိတော ဣက္ခတိ။ ဥပပတ္တိယံ— သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ သညာယံ—ဥပဓာ၊ ဥပသဂ္ဂေါ။ ဥပရိဘာဝေ—ဥပသမ္ပန္နော။ အနုသနေ—ဥပဝါဒေါ။ ဒေါသက္ခာ- နေ—ပရံ ဥပဝဒတိ။ ပုဗ္ဗကမ္မေ—ဥပက္ကမော၊ ဥပကာရော။ ဂယှာကာရေ—သောဝစေယျပစ္စုပဋ္ဌာနံ။ အစ္စနေ—ဗုဒ္ဓုပဋ္ဌာကော၊ မာတုပဋ္ဌာနံ။ ဘုသတ္ထေ—ဥပါဒါနံ၊ ဥပါယာသော၊ ဥပနိဿယော- ဟု ဥပ-ဥပသာရအနက်များ ဥဒါဟရဏ်နှင့်တကွ လာရှိ၏။]

(၁၁၈၆) ဧဝံ နိဒဿနာ’ကာရော—ပမာသု သမ္ပဟံသနေ။
ဥပဒေသေ စ ဝစန—ပဋိဂ္ဂါဟေ’ ဝဓာရဏော။
ဂရဟာယေ’ဒမတ္ထေ စ၊ ပရိမာဏေ စ ပုစ္ဆနေ။

(၁၁၈၆) ဧဝံ၊ ဧဝံ-သဒ္ဒါသည်။ နိဒဿနာကာရောပမာသု၊ ညွှန်ပြ ခြင်း, အခြင်းအရာ, ဥပမာတို့၌၎င်း။ သမ္ပဟံသနေ၊ ရွှင်လန်းခြင်း၌၎င်း။ ဥပဒေသေ စ၊ နည်းလမ်းပြခြင်း၌၎င်း။ ဝစနပဋိဂ္ဂါဟေ၊ စကားကို ဝန်ခံ ခြင်း၌၎င်း။ အဝဓာရဏော၊ ပိုင်းခြား ကန့်သတ် ဆုံးဖြတ်၌၎င်း။ ဂရဟာယံ၊ ကဲ့ရဲ့ခြင်း၌၎င်း။ ဣဒမတ္ထေ စ၊ ဣဒံ-သဒ္ဒါ၏ အနက်၌၎င်း။ ပရိမာဏေ၊ နှိုင်းယှဉ်ခြင်း၌၎င်း။ ပုစ္ဆနေ၊ မေးမြန်းခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[“ဧဝံ”အနက် (၁၁) နက်။ ဧဝံ-သဒ္ဒါ အတ္ထုဒ္ဓါရ ဒီ၊ဋ္ဌ၊၁။၂၇။ မ၊ဋ္ဌ၊၁။၄။ သံ၊ဋ္ဌ၊၁။၃။ အံ၊ဋ္ဌ၊၁။၃။ ခုဒ္ဒက၊ဋ္ဌ။၈၉။ ဥဒါန၊ဋ္ဌ။၆။ ဒီ၊ဋီ၊၁။၃၄။ သီ၊ဋီ၊သစ်၊၁။၁၄၄။ မ၊ဋီ၊၁။၂၄။ သံ၊ဋီ၊၁။၂၁။ အံ၊ ဋီ၊၁။၂၃။ နေတ္တိ၊ဋီ။၃၅-တို့၌လာ၏။]

(၁၁၀၇) သမုစ္စယေ သမာဟာရေ–န္တာစယေ စေ'တရိတရေ။
ပဒပူရဏမတ္တေ စ၊ စ-သဒ္ဒေါ အဝဓာရဏော။

(၁၁၀၇) စ-သဒ္ဒေါ၊ စ-သဒ္ဒါသည်။ သမုစ္စယေ၊ ကာရကတပါး၌ ကြိယာအများ, ကြိယာတပါး၌ ကာရကအများကို ဆည်းခြင်း သမုစ္စည်း အနက်၌၎င်း။ သမာဟာရေ၊ ပုဒ်အများကို ပေါင်းခြင်း၌၎င်း။ ဝါ၊ သမာဟာရဒွန်၌၎င်း။ အန္ဝာစယေ စ၊ ယှဉ်တွဲ၍ဆိုသော ပဓာန, အပဓာန စကား၌၎င်း။ ဣတရိတရေ၊ ဣတရိတရဒွန်၌၎င်း။ ပဒပူရဏမတ္တေ စ၊ အနက်မရ ပုဒ်ပြည့်ကာမျှ၌၎င်း။ အဝဓာရဏော၊ တားမြစ်ခြင်း အဝဓာရဏ အနက်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[စ-အနက် (၆)နက်။ သမုစ္စည်းသည် ပဒသမုစ္စည်း, ကြိယာသမုစ္စည်း, ဝါကျသမုစ္စည်း အားဖြင့် ၃-ပါး ပြားသေး၏။ ပဒသမုစ္စည်းနှင့် ကာရကသမုစ္စည်း တူ၏။ တနည်း–ဝုတ္တသမုစ္စည်း, အဝုတ္တသမုစ္စည်း, ဝုတ္တာဝုတ္တသမုစ္စည်း အားဖြင့်လည်း ၃-ပါး ပြားသည်။]

(၁၁၀၈) ဣတိ ဟေတုပကာရေသု၊ အာဒိမှိ စာ'ဝဓာရဏော။
နိဒဿနေ ပဒတ္ထေသု၊ ဝိပလ္လာသေ သမာပနေ။

(၁၁၀၈) ဣတိ၊ ဣတိ-သဒ္ဒါသည်။ ဟေတုပကာရေသု၊ အကြောင်း, အပြားတို့၌၎င်း။ အာဒိမှိ စ၊ အစ၌၎င်း။ အဝဓာရဏော၊ ဆုံးဖြတ်ခြင်း၌၎င်း။ နိဒဿနေ၊ ညွှန်ပြခြင်း၌၎င်း။ ပဒတ္ထသု၊ ပုဒ်နက်၌။ ဝိပလ္လာသေ၊ ပြန်ခြင်း၌၎င်း။ သမာပနေ၊ ပြီးဆုံးခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဣတိ-အနက် (၇) နက်။ ဂန္ထာဘရဏ-၌လည်း—

အာဒျတ္ထေ စ ပကာရေ စ၊ ဟေတွတ္ထေ စာ'ဝဓာရဏေ။
နိဒဿနေ ပဒတ္ထာနံ၊ ဝိပလ္လာသေ စ ဝုစ္စတိ။

ပရိသမာပနေ စာပိ၊ ဣတိ-သဒ္ဒေါ ဝိဘာဝိနာ—

ဟု အဘိဓာန်နည်းတူ (၇)နက် လာ၏။ အမရကောသ၊၂၃။ ၂၄၄-၌—

ဣတိ ဟေတုပြကရဏ–ပြာကာသာဒိသမာပနေ။

ဣတိ-သဒ္ဒါ အကြောင်း, အပြား (အခွင့်အခါ), ထင်ရှားခြင်း-စသည်, ပြီးဆုံးခြင်း၌ ဖြစ်၏ဟု ဣတိ (၄)နက် လာ၏။]

(၁၁၈၉) သမုစ္စယေ စော'ပမာယံ၊ သံသယေ ပဒပူရဏေ။
ဝဝတ္ထိတဝိဘာဝသာယံ၊ ဝါ'ဝဿဂ္ဂေ ဝိကပ္ပနေ။

(၁၁၈၉) ဝါ၊ ဝါ-သဒ္ဒါသည်။ သမုစ္စယေ၊ ပေါင်းဆည်းခြင်း၌ရင်း။ ဥပမာယံ၊ ဥပမာ၌ရင်း။ သံသယေ၊ ယုံမှားခြင်း၌ရင်း။ ပဒပူရဏေ၊ အနက်မရ ပုဒ်ပြည့်ကာမျှ၌ရင်း။ ဝဝတ္ထိတဝိဘာဝသာယံ၊ ရုပ်အထူးကို ပိုင်းခြားခြင်း၌ရင်း။ အဝဿဂ္ဂေ၊ ဆုံးဖြတ်ခြင်း၌ရင်း။ ဝိကပ္ပနေ၊ အထူး ကြံခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဝါ-အနက် (၇) နက်။ "သမုစ္စယ၊ ပဒပူရိဏ်၊ သမ္ပိဏ် ဝိကပ်၊ အတ္ထန္တရ၊ ကွစာနိဝတ်၊ ဝဝတ်တရပ်၊ အနုကပ်၊ ကိုးရပ် ဝါအနက်" ဟူသော ဆောင်ပုဒ်ဖြင့် ဝါ-သဒ္ဒါအနက် (၉) နက်ဟုလည်း ဆိုကြသေးသည်။]

(၁၁၉၀) ဘူသနေ ဝါရဏေ စာ'လံ၊ ဝုစ္စတေ ပရိယတ္တိယံ။
အထော'ထာ'နန္တရာ'ရမ္ဘ–ပဉှေသု ပဒပူရဏေ။

(၁၁၉၀) အလံ၊ အလံ-သဒ္ဒါကို။ ဘူသနေ၊ တန်းဆာဆင်ခြင်း၌ရင်း။ ဝါရဏေ၊ တားမြစ်ခြင်း၌ရင်း။ ပရိယတ္တိယံ၊ စွမ်းနိုင်ခြင်း၌ရင်း။ ဝုစ္စတေ၊ ဆိုအပ်၏။ အထော၊ အထော-သဒ္ဒါသည်ရင်း။ အထ၊ အထ-သဒ္ဒါသည်ရင်း။ အနန္တရာရမ္ဘပဉှေသု၊ အခြားမဲ့, အားထုတ်ခြင်း, အမေးတို့၌ရင်း။ ပဒပူရဏေ၊ အနက်မရ ပုဒ်ပြည့်ကာမျှ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[အလံ-အနက် (၃) နက်။ နီတိ၊သုတ္တ။၃၇၄-၌ "အလံ ဣတိ ပရိယတ္တိဘူသနေသု စ" ဟု လာသည်။ အပ၊ဠ၊၁။၁၁၁။ ကစ္စည်း။ ၂၁၅-တို့၌—

အဓိကာရေ မင်္ဂလေ စေဝ၊ နိပ္ဖန္နတ္ထေ'ဝဓာရဏေ။
အနန္တရေ'ပဂမနေ (စ'ပါဒါနေ)၊ အထ-သဒ္ဒေါ ပဝတ္တတိ—

ဟု အထ-သဒ္ဒါဟောနက် (၆) နက် လာ၏။]

(၁၁၉၁) ပသံသာဂရဟာသညာ – သိ္ဂကာရာဒေါပိ နာမ ထ။
နိစ္ဆယေ စာ’နုမာနသ္မိံ၊ သိယာ နူန ဝိတက္ကနေ။

(၁၁၉၁) နာမ၊ နာမ-သဒ္ဒါသည်။ ပသံသာဂရဟာသညာသိဂ်ကာရာ-ဒေါပိ၊ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, အမည်, ဝန်ခံခြင်း အစရှိသည်၌လည်း။ သိယာ၊ ဖြစ်ရာ၏။ အသ၊ ထိုမှတပါး။ နူန၊ နူန-သဒ္ဒါသည်။ နိစ္ဆယေ စ၊ ဆုံးဖြတ်ခြင်း၌၎င်း။ အနုမာနသ္မိံ၊ မျက်ရမ်း မှန်းဆခြင်း၌၎င်း။ ဝိတက္ကနေ၊ ကြံစည်ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[နာမ-အနက် (၄) နက်။ သိ္ဂကာရာဒေါပိ-၌ သီကာရာဒေါပိ-ဟုလည်း ရှိတတ်သည်။ သိဟိုဠ်စကား သိ္ဂကာရ-ကို ပါဠိအနေ ကျမ်းဆရာ သုံးသည်။ သီဟိုဠ်မူ၌လည်း သိ္ဂကာရာဒေါ-ဟုပင် ရှိ၏။ အမရကောသ၊ ၂၃။၂၅၀-၌—

နာမ ပကာသ သမ္ဘာဝျ၊ ကောဓေ ပဂမေ ဇိဂုစ္ဆနေ။

ထင်ရှားခြင်း, တစုံတခု, အမျက်ထွက်ခြင်း, ဝန်ခံခြင်း, စက်ဆုပ်ခြင်းအားဖြင့် နာမ-အနက် (၅) နက် လာ၏။]

(၁၁၉၂) ပုစ္ဆာ’ဝဓာရဏာ’နုညာ – သန္တနာ’လပနေ နနု။
ဝတော’ကံသ ဒယာဟာသ – ခေဒါ’လပနဝိမှယေ။

(၁၁၉၂) နနု၊ နနု-သဒ္ဒါသည်။ ပုစ္ဆာဝဓာရဏာနုညာသန္တနာလပနေ၊ မေးခြင်း, ဆုံးဖြတ်ခြင်း, ခွင့်ပြုခြင်း, ချော့မော့ ဖျောင်းဖျ ပြောဆိုခြင်း၌။ သိယာ၊ ဖြစ်ရာ၏။ ဝတ၊ ဝတ-သဒ္ဒါသည်။ ကံသဒယာဟာသ-ခေဒါလပနဝိမှယေ၊ စင်စစ်, သနားကြင်နာခြင်း, ရွှင်လန်းခြင်း, ပင်ပန်းခြင်း, ခေါ်ဝေါ်ခြင်း, အံ့ဩခြင်း၌။ သိယာ၊ ဖြစ်ရာ၏။

[နနု-အနက် (၅) နက်။ ဝတ-အနက် (၆) နက်။ နီတိ၊သုတ္တ။ ၇၇၇-၌ — "ဝတ ဣတိ ကံသခေဒါနုကမ္ပာသက်ပ္ပေသုပိ။ တတ္ထေကံသေ—အဇ္ဇေဝ ဝတ လောကသ္မိံ၊ ဥပ္ပဇ္ဇန္တိ ဝိစက္ခဏာ။ ခေဒေ—ကိစ္ဆံ ဝတာယံ လောကော အာပန္နော။ အနုကမ္ပာယံ—ကပဏော ဝတာယံ သမဏော၊ မုဏ္ဍော သင်္ဃာဋိပါရုတော။ အမာတုကော အပိတုကော၊ ရုက္ခမူလမှိ ဈာယတိ။ သက်ပ္ပေ—

အဟော ဝတာဃံ နသေယျ။”ဟု ဝတ-ဟောနက်များ ဥဒါဟရဏ်နှင့်တကွ လာရှိ၏။]

(၁၃၉၃) ဝါကျာရမ္ဘဝိသာဒေသု၊ ဟန္ဒ ဟာသေ’နုကမ္ပနေ။
ယာဝ တု တာဝ သာကလျ–မာနာ’ဝဓျ’ဝဓာရဏေ။

(၁၃၉၃) ဟန္ဒ၊ ဟန္ဒ-သဒ္ဒါသည်။ ဝါကျာရမ္ဘဝိသာဒေသု၊ စကားအသစ်ကို အားထုတ်ခြင်း, ပင်ပန်းခြင်းတို့၌ရင်း။ ဟာသေ၊ ရွှင်လန်းခြင်း၌ရင်း။ အနုကမ္ပနေ၊ အစဉ်သနားခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ယာဝ၊ ယာဝ-သဒ္ဒါသည်ရင်း။ တာဝ၊ တာဝ-သဒ္ဒါသည်ရင်း။ သာကလျမာနာဝဓျဝဓာရဏေ၊ အလုံးစုံ၏အဖြစ်, နှိုင်းချိန်ခြင်း, ပိုင်းခြားကန့်သတ်ခြင်း, ဆုံးဖြတ်ခြင်း၌။ သိယာ၊ ဖြစ်ရာ၏။

[ဟန္ဒ-အနက် (၄) နက်။ ယာဝ, တာဝ (၄) နက်။ ယာဝ-သဒ္ဒါ ‘အတိုင်းထက်အလွန်’ ဟူသော အနက်ကိုလည်း ဟောသည်။ ယာဝ ဂမ္ဘီရောတိ ယာဝ-သဒ္ဒေါ ပမာဏာတိက္ကမေ။ ဒီ၊ဋ္ဌ၊၂။၇၉။ ‘ အလွန်အကဲသာလျှင် ’ ဟူသော အနက်ကိုလည်း ဟောသည်။ ယာဝဋ္ဌ အတိဝိယ။ အံ၊ဋ္ဌ၊၁။၄၅။ ‘အလွန်မြဲမြံစွာပြု၍’ ဟူသော အနက်ကိုလည်း ဟောသည်။ ယာဝါတိ ဒဠှတ္တေ နိပါတော။ အတိဝိယ ဒဠှံ ကတွာ။ ဇာ၊ဋ္ဌ၊၂။၂၅၂။]

(၁၃၉၄) ပါစီပုရတ္ထတောတ္တေသု၊ ပုရတ္ထာ ပဌမေ ပျထ။
ပဗန္ဓေ စ စိရာတီတေ၊ နိကဋ္ဌာဂါမိကေ ပုရာ။

(၁၃၉၄) ပုရတ္ထာ၊ ပုရတ္ထာ-သဒ္ဒါသည်။ ပါစီပုရဂ္ဂတောတ္တေသု၊ အရှေ့အရပ်, ပုရာ-သဒ္ဒါ၏အနက်, ရှေးရှုဟူသော အနက်တို့၌ရင်း။ ပဌမေပိ၊ လက်မှန်မဆွ အဦးအစ ပဌမဟူသော အနက်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ပုရာ၊ ပုရာ-သဒ္ဒါသည်။ ပဗန္ဓေ၊ ရှေးဟောင်း စကားအစဉ်၌ရင်း။ စိရာတီတေ၊ ကြာမြင့်သော ရှေးလွန်လေပြီး ကာလ၌ရင်း။ နိကဋ္ဌာဂါမိကေ၊ အနီးဖြစ်သော အနာဂတ်၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ပုရတ္ထာ-အနက် (၄) နက်။ ပုရာ-အနက် (၃) နက်။ ဝဇိရ။ ၂၂-၌ ပုရာ-သဒ္ဒါ၏ ဟောနက်များ—

အနာဂတေ သန္တိကင္ဟေ၊ တထာတီတေ စိရန္တနေ။
ကာလဒ္ဒယေပိ ကဝိဟိ၊ ပုရာ-သဒ္ဒေါ ပယုဇ္ဇတေ—

ဟူသော ဂါထာဖြင့် လာ၏။

ဂါထာအနက်။ ။သန္တိကင္ဟေ၊ နီးကပ်သော။ အနာဂတေ၊ အနာဂတ်၌ၤင်း။ တထာ၊ ထိုမှတပါး။ စိရန္တနေ၊ အလွန်ကြာခဲ့သော။ အတီတေ၊ အတိတ်အနက်၌ၤင်း။ ကာလဒ္ဒယေပိ၊ ကာလနှစ်ပါး၌ၤင်း။ ကဝိဟိ၊ ပညာရှိတို့သည်။ ပုရာ-သဒ္ဒေါ၊ ပုရာ-သဒ္ဒါကို။ ပယုဇ္ဇတေ၊ ယှဉ်စပ်သုံးစွဲအပ်၏-ဟု ယောဇနာရာ၏။

ပုရာ-သဒ္ဒါအယှဉ် အနာဂတ်ကာလ၌ ပစ္စုပ္ပန်ဝိဘတ် သက်။ ပုရာ ဝဿတိ ဒေဝေါ။ နီတိ၊သုတ္တ။၂၆၉။]

(၁၁၉၅) နိသေဓဝါကျာလင်္ကာရာ–ဝဓာရဏပ္ပသိဒ္ဓိသု။
ခလွာ'သနေ္န တု အဘိတော'–ဘိမုခေါ'ဘယတောဒိကေ။

(၁၁၉၅) ခလု၊ ခလု-သဒ္ဒါသည်။ နိသေဓဝါကျာလင်္ကာရာဝဓာရဏပ္ပသိဒ္ဓိသု၊ တားမြစ်ခြင်း, ဝါကျတန်းဆာ (စကားတန်းဆာ), ပိုင်းခြားခြင်း, ထင်ရှားခြင်းတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ အဘိတော၊ အဘိတော-သဒ္ဒါသည်။ အာသနေ္န၊ အနီး၌ၤင်း။ အဘိမုခေ၊ ရှေးရှုသည်၏ အဖြစ်၌ၤင်း။ ဥဘယတောဒိကေ၊ ဥဘယတော-သဒ္ဒါ အစရှိသည်တို့၏ အနက်၌ၤင်း။ သိယာ၊ ဖြစ်ရာ၏။

[ခလု-အနက် (၄) နက်။ အဘိတော-အနက်(၃) နက်။ ခလု-ပစ္ဆာဘတ္တိကော-ဟူသောပုဒ်၌ ခလု-သည် နိသေဓတ္ထ(ပဋိသေဓတ္ထ) တည်း။ ခလုပစ္ဆာဘတ္တိကော၊ ပဝါရိတ်သင့်ပြီးနောက်၌ မစား-ဟု ပဋိသေဓတ္ထပေါ်အောင် ယောဇနာရာ၏။ ပဋိသေဓေ န ပစ္ဆာ-ဘတ္တိကော ခလုပစ္ဆာဘတ္တိကော။ နီတိ၊သုတ္တ။၃၇၇။

ခလု-သဒ္ဒါ အနုဿဝနတ္ထလည်း ရှိ၏။ ခလု ဣတိ အနုဿဝ-နတ္ထေပိ။ တသာ ဟိ "သမဏော ခလု ဘော ဂေါတမော"တိ ဣမိဿာ ပါဠိယာ အတ္ထံ သံဝဏ္ဏေန္တေဟိ "ခလူတိ အနုဿဝနတ္ထေ နိပါတော"တိ ဝုတ္တံ။ နီတိ၊သုတ္တ။၃၇၇။

နီတိ၊သုတ္တ။၃၇၈-၌ အနုဿဝနတ္ထ-စသော အနက်နှင့် ဝိသုဒ္ဓိ၊၁။ ၅၈-၌ဖွင့်သည့်အတိုင်း ခလု-သဒ္ဒါ 'အထူး'ဟူသောအနက်ကို ဟော ကြောင်း "ခလု-သဒ္ဒေါ နိပါတတ္ထေ၊ ပဋိသေဓေ စ ဒိဿတိ" ဟု မိန့်ဆို၏။]

(၁၁၉၆) ကာမံ ယဒျပိသဒ္ဒတ္ထေ၊ ဧကံသတ္ထေ စ ဒိဿတိ။
အထော ပန ဝိသေသသ္မိံ၊ တထေဝ ပဒပူရဏော။

(၁၁၉၆) ကာမံ၊ ကာမံ-သဒ္ဒါသည်။ ယဒျပိသဒ္ဒတ္ထေ၊ ယဒိပိ-သဒ္ဒါ၏ အနက်၌၎င်း။ ဧကံသတ္ထေ စ၊ စင်စစ်ဟူသော အနက်၌၎င်း။ ဒိဿတိ၊ ထင်၏။ အထော၊ ထိုမှတပါး။ ပန၊ ပန-သဒ္ဒါသည်။ ဝိသေသသ္မိံ၊ အထူး၌၎င်း။ တထေဝ၊ ထိုမှတပါးသာလျှင်။ ပဒပူရဏော၊ အနက်မရှိ ပုဒ်ပြည့် ကာမျှ၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ကာမံ (၂)နက်။ ပန(၂)နက်။ ကာမံ-သဒ္ဒါ ယဒိပိ-သဒ္ဒါ၏ အနက်၌သာ မက,ပဲ ကိဉ္စာပိ-သဒ္ဒါ၏ အနက်၌လည်း ဖြစ်သည်။

ကိဉ္စာပိ ယဒိပိ ယတ္ထ၊ ကာမဉ္စာပိ ရဝေါ ဘဝေ။
ပုစ္ဆာ စ စောဒကာဘောဂေ၊ ဇာနိတဗ္ဗော တဟိံ သဒါ—

ဟု ဂန္ထာဘရဏ။၆၁-၌ ဆို၏။ ကိဉ္စာပိ, ယဒိပိ, ကာမဉ္စ တွေ့လျှင် ပုစ္ဆာ, စောဒကာဘောဂ ထုတ် ဟူ၏။

ဤအဘိဓာန်ကျမ်း၌ ပန-သဒ္ဒါ(၂)နက်သာ လာ၏။ ဂန္ထာ-ဘရဏ။ ၉-၌——

ဝါကျာရမ္ဘေ ဝိသေသေ စ၊ ဟေတုဖလေသု အန္တယေ။
ဒဠှီတပ္ပါကဋီကရေ၊ ဗျတိရေကေ ပက္ခန္တရေ။
သမ္ဘာဝနေ ဂရဟေ စ၊ ပန-သဒ္ဒေါ ပကာသိတော——

ဟူသော ဂါထာဖြင့် ပန-အနက်(၉)နက်လာ၏။]

(၁၁၉၇) ဟိ ကာရဏေ ဝိသေသာ'ဝ—ဓာရဏေ ပဒပူရဏေ။
တု ဟေတုဝစ္စေ တတ္ထာ'ထ၊ ကု ပါပေ'သတ္တကုစ္ဆနေ။

(၁၁၉၇) ဟိ၊ ဟိ-သဒ္ဒါသည်။ ကာရဏော၊ အကြောင်း၌၎င်း။ ဝိသေ-သာဝဓာရဏေ၊ အထူး,ပိုင်းခြားခြင်း၌၎င်း။ ပဒပူရဏော၊ အနက်မရှိ ပုဒ်

ပြည့်ကာမျှ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ တု-သဒ္ဒါသည်။ ဟေတုဝစ္ဆေ၊ ဟိတ်အနက်သည် ကြဉ်အပ်သော။ တတ္ထ၊ ထို ဟိ-သဒ္ဒါ၏အနက်၌။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ကု၊ ကု-သဒ္ဒါသည်။ ပါပေ၊ မကောင်းမှု၌ ရင်း။ ဤသတ္ထကုစ္ဆနေ၊ အနည်းငယ် အနက်, စက်ဆုပ်ခြင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[ဟိ(၄)နက်။တု(၃)နက်။ ကု(၃)နက်။ ဂန္ထာဘရဏ။၇-၌——
ဝါကျာရမ္ဘေ ဝိတ္ထာရေ စ၊ ဒဠှီယံ ဖလဟေတုကေ။
တပ္ပါကဋီကရေ စေဝ၊ ဝိသေသေ အနုယေပိ စ၊
ဗျတိရေကေ စ ဟိ-သဒ္ဒေါ၊ နဝတ္ထေသု ပကာသိတော—

ဟု ဟိ-အနက်(၉)နက် လာရှိ၏။]

(၁၁၉၇) နု သံသယေ စ ပဉှေထ၊ နာနာ'နေကတ္ထဝဇ္ဇနေ။
ကိံ တု ပုစ္ဆာဇိဂုစ္ဆာသု၊ ကံ တု ဝါရိမှိ မုဒ္ဓနိ။

(၁၁၉၇) နု၊ နု-သဒ္ဒါသည်။ သံသယေ၊ ယုံမှား တွေးတောခြင်း၌ရင်း။ ပဉှေ၊ အမေးပုစ္ဆာ၌ရင်း။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ နာနာ၊ နာနာ-သဒ္ဒါသည်။ အနေကတ္ထဝဇ္ဇနေ၊ အများဟူသော အနက်, ကြဉ်ခြင်း ဟူသောအနက်၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ ကိံ၊ ကိံ-သဒ္ဒါသည်။ ပုစ္ဆာဇိဂုစ္ဆာသု၊ မေးခြင်း,စက်ဆုပ်ခြင်းတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှ တပါး။ ကံ၊ ကံ-သဒ္ဒါသည်။ ဝါရိမှိ၊ ရေ၌ရင်း။ မုဒ္ဓနိ၊ ဦးခေါင်း၌ရင်း။ သိယာ၊ ဖြစ်ရာ၏။

[နု (၂)နက်။ နာနာ (၂)နက်။ ကိံ (၂)နက်။ ကံ(၂)နက်။ နု-သဒ္ဒါ ဝေ-သဒ္ဒါ၏အနက်, နာမ-သဒ္ဒါ၏ အနက်များကိုလည်း ဟောသည်။ နု ဣတိ ဝေ-သဒ္ဒတ္ထေပိ။ မာရ ဒိဋ္ဌိဂတံ နု တေ။ နာမသဒ္ဒတ္ထေပိ။ ယံ နု ဂိဇ္ဈော ယောဇနသတံ၊ ကုဏပါနိ အဝေက္ခတိ။ နီတိ၊ သုတ္တ။ ၃၇၇။]

(၁၁၉၈) အမာ သဟသမီပေထ၊ ဘေဒေ အပ္ပဋ္ဌမေ ပုန။
ကိရာ'နုဿဝ'ရုစီသု၊ ဥဒါ'ပျတ္ထေ ဝိကပ္ပနေ။

(၁၁၉၈) အမာ၊ အမာ-သဒ္ဒါသည်။ သဟသမီပေ၊ တကွအနက်,အနီး အနက်၌။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုမှတပါး။ ပုန၊ ပုန-သဒ္ဒါသည်။

ဘာဒေ၊ အထူး၌ဍင်း။ အပ္ပဌမေ၊ ရှေးဦးပဌမ မဟုတ်သည်၌ဍင်း။ ဝါ၊ နောက်တဖန်၌ဍင်း။ သိယာ၊ ဖြစ်ရာ၏။ ကိရ၊ ကိရ-သဒ္ဒါသည်။ အနုဿဝါရှစီသု၊ တဆင့်ကြားခြင်း, မနှစ်မြို့ခြင်းတို့၌။ သိယာ၊ဖြစ်ရာ၏။ ဥဒ၊ ဥဒ-သဒ္ဒါသည်။ အပျတ္ထေ၊ အပိ-သဒ္ဒါ၏ အနက်၌ဍင်း။ ဝိကပ္ပနေ၊ အထူးကြံခြင်း၌ဍင်း။ သိယာ၊ ဖြစ်ရာ၏။

[အမာ (၂)နက် ။ပုန (၂)နက်။ ကိရ (၂)နက်။ ဥဒ (၂) နက်။ နီတိ၊သုတ္တ။ ၃၇၇-၌ "သဟ သဒ္ဓိံ အမာ ဣစ္စေတေ သမကြိယာယံ"ဟု လာ၏။သဟ,သဒ္ဓိံ,အမာ-တို့ သမကြိယာဇောတက နိပါတ်တို့ ဟူလို။ သဟ-ကို သမ္ပန္နတ္ထ-ဟုလည်း သီးခြားဆိုသေး၏။ သဟဣတိ သမ္ပန္နတ္ထေ။သဟာဝတ္ထေပိ သောဘာတိ။နီတိ၊သုတ္တ။၃၇၇။]

(၁၂၀၀) ပတီစိစရိမေ ပစ္ဆာ၊ သာမိ တွ'ဒ္ဓေ ဇိဂုစ္ဆနေ။
ပကာသေ သမ္ဘဝေ ပါတု၊ အညောညေ တု ရဟော မိထော။

(၁၂၀၀) ပစ္ဆာ၊ ပစ္ဆာ-သဒ္ဒါသည်။ ပတီစိစရိမေ၊ အနောက်အရပ်, နောက်အဖို့ အဆုံးစွန်၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ သာမိ၊ သာမိ-သဒ္ဒါသည်။ အဒ္ဓေ၊ ထက်ဝက်၌ဍင်း။ ဇိဂုစ္ဆနေ၊ စက်ဆုပ်ခြင်း၌ဍင်း။ သိယာ၊ ဖြစ်ရာ၏။ ပါတု၊ ပါတု-သဒ္ဒါသည်။ ပကာသေ၊ ထင်ရှားခြင်း၌ဍင်း။ သမ္ဘဝေ၊ ဖြစ်ခြင်း၌ဍင်း။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ မိထော၊ မိထော-သဒ္ဒါသည်။ အညောညေ၊ အချင်းချင်း၌ဍင်း။ ရဟော၊ ဆိတ်ကွယ်ရာ၌ဍင်း။ သိယာ၊ ဖြစ်ရာ၏။

[ပစ္ဆာ (၂)နက်။ သာမိ(၂)နက်။ ပါတု (၂) နက်။ မိထော၊ (၂)နက်။ နီတိ၊သုတ္တ။၃၇၁-၌ ပစ္ဆာကို သတ္တမီအနက်၌ဖြစ်သော နိပါတ်-ဟု သာမန်ဆို၏။ ပစ္ဆာ-သဒ္ဒါ မရောက်သေးသော အနာဂတ်၌ဟူသော အနက်ကိုလည်း ဟော၏။ ပစ္ဆာတိ အနာဂတေ။ မဋ္ဌ၊၃။ ၃၀၀။ နောက်ကာလ, နောက်အခါ, တပါးသော အဖို့၌-ဟူသော အနက်ကိုလည်း ဟော၏။ ကျော(ကျောက်)ကုန်းကိုလည်း ဟောသည်။ ပစ္ဆာဘာဂေနာတိ ထေရဿ ပိဋ္ဌိပဿေန။ အံ၊ဋီ၊၂။၁၂၂။]

(၁၂၀၁) ဟာ ခေဒသောကဒုက္ခေသု၊ ခေဒေတွ'ဟဟ ဝိမှယေ။
ဘိံ သာပနေ ဓိ (ဓီ) နိန္ဒာယံ၊ ပိဓာနေ တိရိယံ တိရော။

(၁၂၀၁) ဟာ၊ ဟာ-သဒ္ဒါသည်။ ခေဒသောကဒုက္ခေသု၊ ပင်ပန်းခြင်း, စိုးရိမ်ခြင်း, ဆင်းရဲခြင်းတို့၌။ သိယာ၊ ဖြစ်ရာ၏။ တု၊ ထိုမှတပါး။ အဟဟ၊ အဟဟ-သဒ္ဒါသည်။ ခေဒေ၊ ပင်ပန်းခြင်း၌၎င်း။ ဝိမှယေ၊ အံ့သြခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ ဓိ၊ ဓိ(ဓီ)-သဒ္ဒါသည်။ ဘိံသာပနေ၊ ခြိမ်းခြောက်ခြင်း၌၎င်း။ နိန္ဒာယံ၊ ကဲ့ရဲ့ခြင်း၌၎င်း။ သိယာ၊ ဖြစ်ရာ၏။ တိရော၊ တိရော-သဒ္ဒါသည်။ ပိဓာနေ၊ ပိတ်ဆီးကာကွယ်ခြင်း၌၎င်း။ တိရိယံ၊ ဖီလာကန့်ကန့်၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

[ဟာ (၃)နက်။ အဟဟ (၂)နက်။ ဓိ (ဓီ) (၂)နက်။ တိရော (၂) နက်။ တိရော- သဒ္ဒါ 'အတွင်း' ဟူသော အနက် ကိုလည်း ဟောသည်။ မာတုကုစ္ဆိဂတော တိရော (နရော)တိ မာတုယာ တိရောကုစ္ဆိဂတော၊ ကုစ္ဆိယာ အဗ္ဘန္တရဂတောတိ အတ္ထော။ သံ၊ ဋ္ဌ၊၁။၂၇၅။ 'ပြင်ဘက်အရပ်'ကိုလည်း ဟောသည်။ တိရောကုဋ္ဋံ ဝါ တိရောပါကာရံ ဝါတိ ပရကုဋ္ဋေ ဝါ ပရပါကာရေ ဝါ။ အံ၊ဋ္ဌ၊၃။ ၁၆၇။]

(၁၂၀၂) တုန တွာန တဝေ တွာ တုံ၊ ဓာ သော ထာ ကွတ္တုမေဝ စ။
တော ထ တြ ဟိဥ္စနံ ဟိံ ဟံ၊ ဓိ ဟ ဟိ ဓ ဓုနာ ရဟိ။

(၁၂၀၃) ဒါနိ ဝေါ ဒါစနံ ဒါ ဇ္ဇု၊ ထံ ထတ္တံ ဗ္ဗ ဇ္ဇုအာဒယော။
သမာသောစာ'ဗျယီဘာဝေါ၊ယာဒေသော စာ'ဗျယံ ဘဝေ။

ဣတိ အဗျယဝဂ္ဂေါ။

သာမညကဏ္ဍော တတိယော။

(၁၂၀၂၊၁၂၀၃) တုန၊ တုန-ပစ္စည်းသည်၎င်း။ တွာန၊ တွာန-ပစ္စည်းသည်၎င်း။ တဝေ၊ တဝေ-ပစ္စည်းသည်၎င်း။ တွာ၊ တွာ-ပစ္စည်းသည်၎င်း။ တုံ၊ တုံ-ပစ္စည်းသည်၎င်း။ ဓာ၊ ဓာ-ပစ္စည်းသည်၎င်း။ သော၊ သော-ပစ္စည်းသည်၎င်း။ ထာ၊ ထာ-ပစ္စည်းသည်၎င်း။ ကွတ္တုမေဝ၊ ကွတ္တုံ-ပစ္စည်းသည်၎င်း။

တော၊ တော-ပစ္စည်းသည်ရင်း။ ထ၊ ထ-ပစ္စည်းသည်ရင်း။ တြ၊ တြ-ပစ္စည်းသည်ရင်း။ ဟိဉ္စနံ၊ ဟိဉ္စနံ-ပစ္စည်းသည်ရင်း။ ဟိံ၊ ဟိံ-ပစ္စည်းသည်ရင်း။ ဟံ၊ ဟံ-ပစ္စည်းသည်ရင်း။ ဓိ၊ ဓိ-ပစ္စည်းသည်ရင်း။ ဟ၊ ဟ-ပစ္စည်းသည်ရင်း။ ဟိ၊ ဟိ-ပစ္စည်းသည်ရင်း။ ဓ၊ ဓ-ပစ္စည်းသည်ရင်း။ ဓုနာ၊ ဓုနာ-ပစ္စည်းသည်ရင်း။ ရဟိ၊ ရဟိ-ပစ္စည်းသည်ရင်း။ ဒါနိ၊ ဒါနိ-ပစ္စည်းသည်ရင်း။ ဝေ၊ ဝ-ပစ္စည်းသည်ရင်း။ ဒါစနံ၊ ဒါစနံ-ပစ္စည်းသည်ရင်း။ ဒါ၊ ဒါ-ပစ္စည်းသည်ရင်း။ ဇ္ဇ၊ ဇ္ဇ-ပစ္စည်းသည်ရင်း။ ထံ၊ ထံ-ပစ္စည်းသည်ရင်း။ ထတ္တံ၊ ထတ္တံ-ပစ္စည်းသည်ရင်း။ ဇ္ဇု၊ ဇ္ဇု-ပစ္စည်းသည်ရင်း။ ဇ္ဇုအာဒယော၊ ဇ္ဇု-အစရှိသော ပစ္စည်းတို့သည်ရင်း။ အဗျယီဘာဝေါ သမာသော စ၊ အဗျယီဘောသမာသ်သည်ရင်း။ ယာဒေသော စ၊ တုန်-အစရှိသော ပစ္စည်းတို့၏ ယ-အပြုသည်ရင်း။ အဗျယံ၊ အဗျယမည်သည်။ ဘဝေ၊ ဖြစ်၏။

[ကာတုန်၊ ကတွာန၊ ကာတဝေ၊ ကတွာ၊ ကာတုံ၊ သဗ္ဗဓာ၊ သဗ္ဗသော၊ သဗ္ဗထာ၊ စတုက္ခတ္တုံ၊ သဗ္ဗတော၊ သဗ္ဗတ္ထ၊ သဗ္ဗတြ၊ ကုဟိဉ္စနံ၊ ကုဟိံ၊ ကုဟံ၊ သဗ္ဗဓိ၊ ဣဟ၊ ယဟိံ၊ ဣဓ၊ အဓုနာ၊ တေရဟိ၊ ဣဒါနိ၊ ကွ၊ ကုဒါစနံ၊ ကဒါ၊ အဇ္ဇ၊ ကထံ၊ အညထတ္တံ၊ ကေဇ္ဇု၊ သဇ္ဇု၊ ဥပနဂရံ၊ အန္တောပါသာဒံ၊ အဘိဝန္ဒိယ-တို့ကား ပုံစံများတည်း။

အဗျယလက္ခဏာကို နီတိ၊ သုတ္တ။ ၃၇၉။ ဂါထာဖြင့် သိရာ၏။

သဒိသံ တီသု လိင်္ဂေသု၊ သဗ္ဗာသု စ ဝိဘတ္တိသု။
ဝစနေသု စ သဗ္ဗေသု၊ ယံ န ဗျေတိ တဒဗျယံ။

ယံ ပဒံ၊ အကြင်ပုဒ်သည်။ တီသု၊ သုံးပါးကုန်သော။ လိင်္ဂေသု စ၊ လိင်တို့၌ရင်း။ ဝါ၊ လိင်တို့ကြောင့်ရင်း။ သဗ္ဗာသု၊ အလုံးစုံကုန်သော။ ဝိဘတ္တီသု စ၊ ဝိဘတ်တို့၌ရင်း။ ဝါ၊ ဝိဘတ်တို့ကြောင့်ရင်း။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဝစနေသု စ၊ ဝုစ်တို့၌ရင်း။ ဝါ၊ ဝုစ်တို့ကြောင့်ရင်း။ သဒိသံ၊ တူ၏။ န ဗျေတိ၊ မပျက်စီးတတ်။ တံ ပဒံ၊ ထိုပုဒ်သည်။ အဗျယံ၊ အဗျယ မည်၏။]

အဗျယဝဂ္ဂေါ၊ အဗျယဝဂ်သည်။ ဣတိ၊ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဝါ၊ သုံးခုမြောက်သော။ သာမညကဏ္ဍော၊ သာမညကဏ္ဍသည်။ နိဋ္ဌိတော၊ အောင်လံစိုက်ဆောက် အပြီးသို့ရောက်ပြီ။

---

အဘိဓာနပ္ပဒီပိကာ နိဂုံး

(၁) သဂ္ဂကဏ္ဍော စ ဘူကဏ္ဍော၊ တထာ သာမညကဏ္ဍိတိ။
ကဏ္ဍတ္တယာ'ဂတာ သော၊ အဘိဓာနပ္ပဒီပိကာ။

(၁) သော အဘိ နပ္ပဒီပိကာ၊ ဤ အဘိဓာနပ္ပဒီပိကာကျမ်းသည်။ သဂ္ဂကဏ္ဍော စ၊ သဂ္ဂကဏ္ဍရင်း။ ဘူကဏ္ဍော စ၊ ဘူကဏ္ဍရင်း။ တထာ၊ ထိုမှတပါး။ သာမညကဏ္ဍော၊ သာမညကဏ္ဍရင်း။ ဣတိ၊ ဤသို့။ ကဏ္ဍတ္တယာဂတာ၊ ကဏ္ဍသုံးပါးတို့နှင့် ယှဉ်စပ်၏။

[ဤအဘိဓာနပ္ပဒီကာကျမ်း၌-(၁) သဂ္ဂကဏ္ဍ၊ (၂) ဘူကဏ္ဍ၊ (၃) သာမညကဏ္ဍ-ဟူသော ကဏ္ဍအားဖြင့် အပိုင်းအခန်း ကဏ္ဍ ၃-ခု ပါရှိ၏ ဟူလို။ ယင်း ၃-ကဏ္ဍတွင် (၁) သဂ္ဂကဏ္ဍ၌ ဝဂ် တစုံတခု မရှိပဲ (၂) ဘူကဏ္ဍ၌-(၁) ဘူမိဝဂ်၊ (၂) ပုရဝဂ်၊ (၃) နရဝဂ်၊ (၄) စတုဗ္ဗဏ္ဏဝဂ်(ခတ္တိယဝဂ်၊ ဗြာဟ္မဏဝဂ်၊ ဝေဿဝဂ်၊ သုဒ္ဒဝဂ်)၊ (၅) အရညဝဂ်၊ (၆) အရညာဒိဝဂ်၊ (၇) ပါ-တာလဝဂ်တို့ ပါရှိ၏။ (၃) သာမညကဏ္ဍ၌-(၁) ဝိသေသျာဓိန ဝဂ်၊ (၂) သံကိဏ္ဏဝဂ်၊ (၃) အနေကတ္ထဝဂ်၊ (၄) အဗျယဝဂ်တို့ ပါရှိ၏။]

(၂) တိဒိဝေ မဟိယံ ဘုဇဂါဝသထေ၊
သကလတ္ထသမဝှယဒီပနိ'ယံ။
ဣဟ ယော ကုသလော မတိမာ သ နရော၊
ပဋု ဟောတိ မဟာမုနိနော ဝစနေ။

(၂) အယံ အဘိဓာနပ္ပဒီပိကာ၊ ဤ အဘိဓာနပ္ပဒီပိကာ ကျမ်းသည်။ တိဒိဝေ၊ နတ်ပြည်၌ရင်း။ ဝါ၊ နတ်ပြည်, ဗြဟ္မာ့ပြည်၌ရင်း။ မဟိယံ၊ မြေ၌ရင်း။ ဝါ၊ လူ့ပြည်၌ရင်း။ ဘုဇဂါဝသထေ၊ နဂါးပြည်၌ရင်း။ သကလတ္ထ-သမဝှယဒီပနီ၊ အလုံးစုံသော အနက်ဒြဗ်တို့၏ အမည် နာမပညတ်ကို

ပြတတ်၏။ ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ ဣဓ၊ ဤအဘိဓာနပ္ပဒီပိကာ ကျမ်း၌။ ကုသလော၊လိမ္မာကျွမ်းကျင်၏။ မတိမာ၊ပညာရှိသော။ သ=သော နရော၊ ထို ပုဂ္ဂိုလ်သည်။ မဟာမုနိနော၊ မြတ်စွာဘုရား၏။ ဝစနေ၊ ပိဋက သုံးပုံဟု ဆိုအပ်သော စကားတော်၌။ ပဋု၊ ယထာဘူတ ကျနပေါက်ရောက် တတ်မြောက်လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

[တိဒိဝေ-အစရှိသော ဤဂါထာသည် တောဒကဂါထာတည်း။ ဤဂါထာဖြင့် အကျိုးကို ပြဆို၏။ တိဒိဝေ-ဖြင့် နတ်ပြည်, ဗြဟ္မာ့ ပြည်ကို ယူ၊ မဟိယံ-ဖြင့် လူ့ပြည်ကို ယူ။ နတ်ပြည်, ဗြဟ္မာ့ပြည်, လူ့ပြည်, နဂါးပြည်ရှိ အနက်ဒြဗ်တို့၏ အမည်ပညတ် ပါဠိတွေကို ဤကျမ်း၌ ပြဆိုထားရာ ဤအဘိဓာန်ကျမ်းကို ပါရဂူပေါက် တတ်မြောက်လျှင် ဘုရားဟော ပိဋက ၃-ပုံ၌ ကျွမ်းကျင်တတ် မြောက်တော့သည် ဟူလို။]

(၃) ပရက္ကမဘုဇော နာမ၊ ဘူပါလော ဂုဏဘူသနော။
လင်္ကာယ မာသိ တေဇဿီ၊ ဇယီ ကေသရိဝိက္ကမော။

(၃) ဂုဏဘူသနော၊ ဒါန,ဝီရ စသည်ရှိစုံလင် ဂုဏ်များဖြင့်တို့ဖြင့် တန်းဆာ ဆင်အပ်သော။ တေဇဿီ၊ ကြီးမားသော စွမ်းရည်သတ္တိ ဗလရှိသော။ ဇယီ၊ ရန်မာန်အားလုံးကို ချေမှုန်း သုတ်သင် အောင်မြင်တတ်သော။ ကေသရိဝိက္ကမော၊ ခြင်္သေ့မင်းတပဲ ရဲရင့်ခြင်းရှိသော။ (တပဲ-ဟူသည် ကဲ့သို့- နှင့် တူ၏။) ပရက္ကမဘုဇော နာမ၊ မဟာ ပရက္ကမဗာဟု အမည်ရှိသော။ ဘူပါလော၊ ရေမြေသနင်း မင်းတရားသည်။ လင်္ကာယံ၊ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်း၌။ အာသိ၊ ကွပ်ကဲအုပ်ချုပ် မင်းပြုလုပ်ပြီ။

[ဤ ဂါထာကား ဤ အဘိဓာနပ္ပဒီပိကာကျမ်းပြုဆရာတော် အရှင်မောဂ္ဂလ္လာန်မထေရ်၏ ပစ္စည်း ၄-ပါး ဒါယကာ ပရက္ကမဗာဟု မင်းကြီး၏ ဂုဏ်ကိုပြသော ဂါထာဖြစ်၏။ ဖော်ပြပါ မင်းတရား၏ ပရက္ကမဗာဟု မည်ကြောင်းကို——

တဿာ’ရိဇန သမ္ဗုဒ္ဓိ–ပတာပဘုဇယောဂတော။
သော ပရက္ကမဗာဟူ’တိ၊ အန္ဝတ္ထံ နာမ မဂ္ဂဟိ–

ဟူသော ဂါထာဖြင့် မဟာဝံသ၊၆၀။၅၂-၌ မှတ်တမ်းတင်ခဲ့လေသည်။ ဖော်ပြပါ မဟာပရက္ကမဗာဟု မင်းကြီးသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သာသနာသက္ကရာဇ် ၁၇၀၇-မှစ၍ ၁၇၄၀-အထိ နှစ်ပေါင်း ၃၃-နှစ်ကြာမျှ မင်းပြုခဲ့၏။]

(၄) ဝိဘိန္န စိရံ ဘိက္ခုသံဃံ နိကာယ-
တ္တယသိ္မဥ္စ ကာရေသိ သမဂ္ဂံ သမဂ္ဂေ။
သဒေဟ'ဝ နိစ္စာဒရော ဒီဃကာလံ၊
မဟာထေရပဟိ ရက္ခေသိ ယော ပစ္စယေဟိ။

(၄) ယော ရာဇာ၊ အကြင် မဟာပရက္ကမဗာဟုမင်းကြီးသည်။ နိကာယတ္တယသ္မိံ၊ မဟာဝိဟာရ, အဘယဂိရိ, ဇေတဝန ဟူသော နိကာယ်ကြီး (ဂိုဏ်းကြီး)သုံးပါး၌။ စိရံ၊ ကြာမြင့်စွာ။ ဝိဘိန္နံ၊ ကွဲပြားသော။ ဘိက္ခုံ၊ ရဟန်းအပေါင်းကို။ သမ္မာ၊ ကောင်းစွာ။ သမဂ္ဂေ စ၊ ညီညွတ်သည်တို့ကိုလည်း။ ကာရေသိ၊ ပြုစေပြီ။ နိစ္စာဒရော၊ အမြဲထာဝစဉ် ရိုသေခြင်း ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဒီဃကာလံ၊ ကြာရှည်စွာသော ကာလပတ်လုံး။ မဟာထေရေဟိ၊ အဖိုးများစွာ ထိုက်တန်သော။ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ သဒေဟံဝ၊ မိမိကိုယ်ကဲ့သို့။ ရက္ခေသိ၊ စောင့်ရှောက်စေပြီ။

[ဤဂါထာ ဘုဇင်္ဂပ္ပယာတဂါထာတည်း။ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လဆုတ် ၂-ရက်နေ့တွင် အရှင်မဟိန္ဒထေရ်သည် မဟာဝိဟာရ ကျောင်းတိုက်ကြီးကို ဒေဝါနံပိယတိဿမင်းကြီး လှူဒါန်းသဖြင့် အလှူခံတော်မူခဲ့သည်။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ မဟာဝိဟာရဂိုဏ်းကြီး ပေါ်လာသည်။ သာသနာသက္ကရာဇ် ၄၅၄ (၄၅၅) တွင် အဘယဂိရိဂိုဏ်းကြီး ပေါ်လာသည်။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ သံဃာဂိုဏ်းကြီး ၂-ဂိုဏ်း ပေါ်ထွန်းခဲ့လေသည်။ သာသနာသက္ကရာဇ် ၈၁၉-ခုနှစ်တွင် နန်းတက်သော မဟာသေနမင်းလက်ထက်တွင် ဇေတဝနဂိုဏ်းကြီး ပေါ်လာသည်။ ယင်းသို့ဖြင့် သီဟိုဠ်ကျွန်း၌ မဟာဝိဟာရဂိုဏ်း, အဘယဂိရိဂိုဏ်း, ဇေတဝနဂိုဏ်း ၃-ဂိုဏ်းတို့ နှစ် ရာပေါင်းများစွာကြာ ကွဲခဲ့လေသည်။ သာသနာသက္ကရာဇ် ၁၇၀၇ ၁၇၄၀-နှစ်တွင် နန်းတက်သော မဟာပရက္ကမဗာဟုမင်းကြီးသည် ဖော်ပြပါဂိုဏ်းကြီး ၃-ဂိုဏ်းကို ညီညွတ်

အောင် ပြုခဲ့သည်။ ညီညွတ်အောင်ပြုသည်ဟု ဆိုသော်လည်း သာသနာတော်ကို သုတ်သင်ခြင်းဖြစ်သည်။ မသန့်ရှင်းသည့် မဟာယာနပိဋက, ဝေတုလ္လပိဋကတို့ကို ယုံကြည်သည့် အဘယဂိရိဂိုဏ်းဝင်, ဇေတဝနဂိုဏ်းဝင် ရဟန်းတို့ကို လူထွက်စေသည်။ မဟာဝိဟာရဂိုဏ်းမှလည်း သုတ်သင်ထိုက်သည့် ရဟန်းတချို့ကို လူဝတ်လဲစေပြီး ညီညွတ်အောင် ပြုတော်မူသည်။ နှစ်စဉ် မဟာဝေလိင်္ဂါမြစ်အတွင်း အမျိုးသားများစွာတို့ကို ပရိက္ခရာစသည် လှူဒါန်း၍ ရဟန်းပြုစေကာ သာသနာကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။ အကျယ် မဟာဝံသ။ ၇၆-ပရိစ္ဆေဒ ကြည့်။ သီဟိုဠ်သာသနာဝင်-လည်း ကြည့်။]

(၅) ယေန လင်္ကာ ဝိဟာရေဟိ၊ ဂါမာရာမပုရီဟိ စ။
ကိတ္တိယာ ဝိယ သမ္ဗာဓီ-ကတာ ခေတ္တေဟိ ဝါပိဟိ။

(၅) ယေန ရညာ၊ အကြင် မဟာပရက္ကမဗာဟု မင်းကြီးသည်။ ကိတ္တိယာ၊ မိမိ၏ သဒ္ဓါ, ဝီရိယ အစရှိသော ကျော်စောကိတ္တိဖြင့်။ လင်္ကာ၊ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်းကို။ သမ္ဗာဓီကတာ ဝိယ၊ ကျဉ်းမြောင်းအောင် ပြုအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဝိဟာရေဟိ၊ ကျောင်းတိုက်တို့ဖြင့်၎င်း။ ဂါမာရာမပုရီဟိ စ၊ ရွာ,ဥယျာဉ်,မြို့တို့ဖြင့်၎င်း။ ခေတ္တေဟိ၊ လယ်ယာတို့ဖြင့်၎င်း။ ဝါပိဟိ၊ ရေကန်ကြီး ရေကန်ငယ်တို့ဖြင့်၎င်း။ လင်္ကာ၊ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်းကို။ သမ္ဗာဓီကတာ၊ ကျဉ်းမြောင်းအောင် ပြုအပ်ပြီ။

[သဒ္ဓါ ဝီရိယ အစရှိသော ကျော်စောကိတ္တိဖြင့် သီဟိုဠ်တကျွန်းလုံး ပျံ့နှံ့ ကျဉ်းမြောင်းသလို မင်းကြီးလှူဒါန်းခဲ့သော ကျောင်းတိုက်ကြီးငယ်များ, ရွာကြီးရွာငယ်များ, မြို့ကြီးမြို့ငယ်များ, လယ်ယာများ, ကန်ကြီးကန်ငယ်များဖြင့် ပြည့်ကျပ်ကျဉ်းမြောင်းလျက်ရှိသည် ဟူ၏။]

(၆) ယဿာ'သာဓာရဏံ ပတွာ-နုဂ္ဂဟံ သဗ္ဗကာမဒံ။
အဟမ္ပိ ဂန္ထကာရတ္တံ၊ ပတ္တော ဝိဗုဓဂေါစရံ။

(၆) အဟမ္ပိ၊ ငါသည်လည်း။ ယဿ ရညော၊ အကြင် မဟာပရက္ကမဗာဟုမင်းကြီး၏။ သဗ္ဗကာမဒံ၊ အလိုရှိသမျှ ကပ္ပိယဝတ္ထုကို ပေးကမ်းလှူ

ဒါန်းခြင်းဟု ဆိုအပ်သော။ အသာဓာရဏံ၊ သူတပါးတို့နှင့် မဆက်ဆံသော။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ပတ္တာ၊ ရ၍။ ဝိဗုဓဂေါစရံ၊ ပညာရှိ ကဝိတို့၏ အရာဖြစ်သော။ ဂန္ထကာရတ္တံ၊ ကျမ်းပြုလိမ္မာ ဆရာ၏အဖြစ်သို့။ ပတ္တော၊ ရောက်ပြီ။

[ဤဂါထာဖြင့် ကျမ်းဆရာသည် မဟာပရက္ကမဗာဟုမင်းကြီး၏ အကိုးကွယ်ခံ ဆရာတော်တပါးဖြစ်ကြောင်း ပြတော်မူသည်။ မဟာပရက္ကမဗာဟုမင်းတရားကြီး၏ ထောက်ပံ့လှူဒါန်းမှုကြောင့် ပစ္စည်းလေးဖြာ၌ မငြိုငြင်မပင်ပန်းရပဲ စိတ်ချလက်ချ စာပေကို လေ့လာခွင့်ရသဖြင့် ကျမ်းပြုပုဂ္ဂိုလ် အကျော်အမော် ဖြစ်ရကြောင်းကိုလည်း ပြတော်မူသည်။]

(၇) ကာရိတေ တေန ပါသာဒ-ဂေါပုရာဒိဝိဘူသိတေ။
သဂ္ဂကပ္ပေ ဝ တတ္တောယာ-သယသ္မိံ ပတိဗိမ္ဗိတေ။

(၈) မဟာဇေတဝနာချမှိ၊ ဝိဟာရေ သာဓုသမ္မတေ။
သရောဂါမသမူဟမှိ၊ ဝသတာ သန္တဝုတ္တိနာ။

(၉) သဒ္ဓမ္မဋ္ဌိတိကာမေန၊ မောဂ္ဂလ္လာနေန ဓီမတာ။
ထေရေန ရစိတာ ဧသာ၊ အဘိဓာနပ္ပဒီပိကာတိ။

အဘိဓာနပ္ပဒီပိကာ သမတ္တာ။

(၇၊ ၈၊ ၉) တေန ရညာ၊ ထို မဟာပရက္ကမဗာဟုမင်းသည်။ ကာရိတေ၊ ဆောက်လုပ်စေအပ်သော။ ပါသာဒဂေါပုရာဒိဝိဘူသိတေ၊ ပြာသာဒ်, တံခါးမုခ် အစရှိသည်တို့ဖြင့် တန်းဆာဆင်အပ်သော။ တတ္တောယာသယသ္မိံ၊ ထိုမဟာပရက္ကမဗာဟုမင်း၏ ပရက္ကမသမုဒ္ဒ အမည်ရှိသော ရေကန်ကြီး၌။ ပတိဗိမ္ဗိတေ၊ ပေါ်ပေါ်လွင်လွင်အရိပ်ထင်သော။ သဂ္ဂကပ္ပေ ဝ၊ နတ်တို့ ဌာနီနတ်ပြည်အစုအပေါင်းကဲ့သို့။ ဝါ၊ ထက်ရပ်ဌာနီ နတ်ပြည်အစုအပေါင်းတမျှ အလားတူသော။ မဟာဇေတဝနာချမှိ၊ ဇေတဝန်အမည်ရှိသော ကျောင်းတိုက်ကြီး၌။ သာဓုသမ္မတေ၊ သဒ္ဓါပြည့်ညီ သီလစင်ဖြူ သူတော်ကောင်းများဟူ၍ သမုတ်အပ်သော။ သရောဂါမသမူဟမှိ၊ သရောဂါမနိကာယ်၌။ ဝါ၊ ဝိလ်ဂမ္မုလ်သမာဂမ၌ (သီဟိုဠ်နိသျနက်)။ ဝါ၊ သရောဂါမမူလာယတနနိကာယ်ဝင် ရဟန်းများအတွက် ဆောက်လုပ်အပ်သော ဘုံ၃-ဆင့်

ပြာသာဒ်၌။ ဝသာတာ၊ သီတင်းသုံးနေထိုင်သော။ သန္တဝုတ္တိနာ၊ ငြိမ်သက်တည်ကြည်သော အကျင့်ရှိသော။ သဒ္ဓမ္မဋ္ဌိတိကာမေန၊ သူတော်ကောင်းတရား၏ တည်တံ့ခြင်းကို အလိုရှိသော။ ဝါ၊ ဘုရားမြတ်စွာ သာသနာတော်၏ တည်တံ့ခြင်းကို အလိုရှိသော။ ဓီမတာ၊ ထူးချွန်ကဲလွန်သော ပညာရှိသော။ မောဂ္ဂလ္လာနေန၊ မောဂ္ဂလ္လာန်အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ သော အဘိဓာနပ္ပဒီပိကာ၊ ဤအဘိဓာနပ္ပဒီပိကာကျမ်းကို။ ရစိတာ၊ နောင်လာအများ ဆောင်မှတ်စေသား ကျက်စေသားဟု စိတ်ထားရှယ်ချည် ရေးသားစီရင်အပ်ပြီ။ ဣတိ၊ ဤတွင်ပြီးပြီ။

အဘိဓာနပ္ပဒီပိကာ၊အဘိဓာနပ္ပဒီပိကာကျမ်းသည်။ သမတ္တာ၊အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ပြီ။

[မဟာ ပရက္ကမဗာဟု မင်းကြီးသည် ပုလတ္ထိမြို့တော်ကို ဝန်းရံ၍ ပုဗ္ဗာရာမကျောင်းတိုက်, ကပိလဝတ္ထုကျောင်းတိုက်, ဣသိပတနကျောင်းတိုက်, ကုသိနာရာမကျောင်းတိုက်, ဝေဠုဝန်ကျောင်းတိုက်, လက်ာတိလကကျောင်းတိုက်, ဟတ္ထိဗဒ္ဓလေဏကျောင်းတိုက်, မဟာဇေတဝန်ကျောင်းတိုက် အစရှိသည်တို့ကို ဆောက်လုပ်စေတော်မူ၍ လှူဒါန်းတော် မူခဲ့သည်။ ဇေတဝန်ကျောင်းတိုက်ကြီး၏ အရှေ့တောင်ဘက်၌တည်သော ပရက္ကမသမုဒ္ဒခေါ် ရေကန်ကြီး၌ ကျောင်းပြာသာဒ်အရိပ်, တံခါးမုခ်အရိပ်များ ထင်နေသည်ဟူ၏။ ထို့ကြောင့်"တတ္တောယာသယသို ပတိဗိမ္ဗိတေ"ဟု ဆိုသည်။ ဇေတဝန်ကျောင်းတိုက်ကြီး၏ လွန်စွာခမ်းနားလှပုံကို ယခုမြင်တွေ့ရသော နေရာနှင့် အကြွင်းအကျန် ရှေးဟောင်းဝတ္ထုတို့ဖြင့် ခန့်မှန်း၍ သိနိုင်သည်။ မင်းတရားသည် ယင်းဇေတဝန်ကျောင်းတိုက်ကြီး၌ ပြာသာဒ်ပေါင်းတရာကျော်ကို တည်ဆောက်စေ၍ သံဃာတော်များကို သီတင်းသုံး နေစေတော်မူခဲ့သည်။ ၎င်းပြင်——

၁။ သေလန္တရမူလာယတနနိကာယ်၊

၂။ ဥတ္တရမူလာယတနနိကာယ်၊

၃။ သရောဂါမမူလာယတနနိကာယ်၊

၄။ မဟာနေတ္တပ္ပသာဒမူလာယတနနိကာယ်၊

၅။ ဒက္ခိဏာမူလာယတနနိကာယ်၊

၆။ ကပ္ပူရမူလာယတနနိကာယ်၊

၇။ သေနာပတိမူလာယတနနိကာယ်၊

၈။ ဝါဟဒိပကမူလာယတနနိကာယ်—

ဟူသော နိကာယ် (ဂိုဏ်း)ကြီး ၈-ခုတို့မှ သင့်လျော်သော ဆရာတော် သံဃာတော်များ သိတင်းသုံးရန်ထူးခြားကောင်းမွန်လှသည့် ဘုံ ၃-ဆင့်ရှိ ပြာသာဒ်ကြီး ၈-ဆောင်ကိုလည်း ဆောက်လုပ် လှူဒါန်းတော်မူခဲ့လေသည်[၁]။ ဤ အဘိဓာနပ္ပဒီပိကာကျမ်းပြု ဆရာတော် အရှင်မောဂ္ဂလ္လာန်သည် ဖော်ပြပါ ဘုံ ၃-ဆင့် ပြာသာဒ်ကြီး ၈-ဆောင်အနက် သရောဂါမမူလာယတန နိကာယ်ဝင် ရဟန်းများအတွက် ဆောက်လုပ်လှူဒါန်းသော ပြာသာဒ်၌ သိတင်းသုံးတော်မူသည် ဟူ၏။]

---

(၁) အဋ္ဌာယတနဝါသီနံ၊ ထေရာနံ ထိရသီလိနံ။
မဟာဂ္ဃေ အဋ္ဌ ပါသာဒေ၊ ကာရာပေသိ တိဘူမကေ။
မဟာဝံသ၊ ၇၈။၃၈။

# ပစ္စုက္ကူ အဘိဓာန်နိဿယသစ် နိဂုံး

ကျေးဇူးရှင် မဟာဝိသုဒ္ဓာရာမိက ဂဏာဝါစက နိကာယဝန်ဆောင် ဆရာတော်တပါး ဖြစ်တော်မူသော ဂဏဝါစက, ဓမ္မာစရိယ, ပရိယတ္တိ ပဌမကျော် ဆရာတော် အရှင်နာယက မဟာထေရ်၏ အဖြစ်တော်စဉ် "အဓ္ဆရိယာ ပဒါန်နှင့် အဖိုးတန်စာပေများကျမ်း"ကို ရေးသားပြီး ၁-ရက်ကျော် ဖြစ်သော ၁၃၃၉-ခုနှစ် သီတင်းကျွတ်လဆန်း ၁၁-ရက် တနင်္ဂနွေနေ့တွင် ဤမည်သော **ပစ္စုက္ကူ**အဘိဓာန်နိဿယသစ်ကျမ်းကြီးကို ပိဋကသုံးပုံ နိကာယ်ငါးရပ်, ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများ၊ အမရကောသ, မေဒိနီကောသ, တိကဏ္ဍသေသ, ရာဇနိဃဏ္ဍု, ထောမနိဓိ, စိန္တာမဏိ အစရှိသော သက္ကတကျမ်းများ၊ သီဟိုဠ်ဘာသာရေး ရှေးဟောင်းအဘိဓာန်နိဿယ၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်းပြု မဟာဝိဘာဝီ ရာဇဂုရု သံဃနာယက အရှင်သုဘူတိထေရ် ပြုစုသော သီဟိုဠ်အဘိဓာန်နိဿယနှင့် ဆေးကျမ်း, နက္ခတ်ကျမ်း, သမိုင်းကျမ်း စသည်တို့ကို မှီငြမ်းပြု၍ ရေးသားပြုစုပါသည်။ မိမိသည် နှစ်မကူးခင် တပေါင်းလလောက်က ဤနိဿယကို အပြီးရေးမည်ဟု ကြံရွယ်ပါသည်။ သို့ရာတွင် အရေးပေါ် "တိပိဋကဓရ ဝုတ္တန္တသန္ဒိပနီကျမ်း" ကို ကြားဖြတ်ရေးသားနေရသဖြင့် ၁၃၃၉-ခုနှစ် တပေါင်းလတွင် မပြီးနိုင်ပဲ ၁၃၄၀-ခုနှစ် ကဆုန်လဆန်း ၇-ရက် စနေနေ့ညနေ ၆-နာရီ ၂၅-မိနစ်အချိန်တွင်မှ အောင်လံစိုက်ဆောက် ပြီးမြောက်ရပါသည်။ တ-ဝဂ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများနှင့် တ-ဝဂ် တိပိဋကပါဠိပဒကျမ်းကြီးတို့ကို ဦးဆောင်ရေးသားခြင်း, မဇ္ဈိမနိကာယ် အပါအဝင် ဥပရိပဏ္ဏာသ ပါဠိတော်ကို အဋ္ဌကထာနှင့်တွဲဖက်၍ချုပ်ဆိုခြင်း အစရှိသောအလုပ်ကိစ္စများကြားတွင် ရေးရသဖြင့် ဤမျှကြာညောင်းရခြင်းဖြစ်ကြောင်း စာရှုသူတို့အား သိစေယင်း အောက်ပါ နိဂုံးဂါထာများနှင့် ဘာသာပြန် စကားပြေတို့ဖြင့် အထွတ်တပ်ကာ နိဂုံးအုပ်လိုက်ပါပြီ။

(၁) ပခုက္ကူပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဘက် ၄-ဂါဝုတ် ပမာဏ ဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသော ရွာ၏ လေးဘက်လေးတန်၌ ကျောင်း, ကန်, ဘုရား, စေတီ, ပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်သာယာလှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒွိနေဒွိဝေက သာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လက်ာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလ ချက်မြှုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော, သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ နိုင်ငံ), ဘာရတခေါ်သည့် အိန္ဒိယ နိုင်ငံ အစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ,ပရာကရိုက်, အင်္ဂလိပ်, သီဟိုဠ် အစရှိသော ထိုထို ဘာသန္တရစာပေ ဗဟုဿုတ, သမိုင်း ရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီးလေ့လာ သင်ယူလေ့ရှိသော—

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ် ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင် မထေရ်မြတ်တို့အထံ၌ ကိုးနှစ်တိုင်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော,ဆဋ္ဌ သံဂါယနာ မဟာဓမ္မ သဘင်ကြီး၌ စာပေ လုပ်ငန်း အဝဝကို ပြုလုပ်ဆောင်ရွက်လေ့ရှိသော—

(၄) ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန သတ္တဝိဿ-ဝဿိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်

တို့၏ အထံတို့၌လည်း သင်ယူအပ်သော နည်းနာနယ အတတ်ပညာ အဝဝရှိသော ရဟန်းသိက္ခာ ၂၇-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော—

(၅) သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ်ကောင်းလှသော ပခုက္ကူ ပိဋကတ် အတတ်မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်စော ထင်ရှားလှသော မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးအတွင်း၌ တိပိဋက ပါရဂါမီ ကျေးဇူးရှင် ဒိဿဒဿိ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံး၍ ဓုရ နှစ်ပါး ပွါးများအားသစ်ရာ ဌာနမွန် ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာ ကောင်းလှသော သာသန ဇောတိပါလကျောင်းကြီး၌ နေထိုင်လျက် နိကာယ်ငါးခန်း ကျမ်းဂန် ပါဠိ, အဋ္ဌကထာ, ဋီကာဟူသော မာဂဓနှင့် မုဒ္ဓဗောဓ, အမရကောသ, စိန္တာမဏိ အစရှိသော သက္ကတ-စသည့် ဘာသန္တရ ကျမ်းဂန် အမျိုးမျိုးတို့ကို ချပို့ လေ့လာလေ့ရှိသော အကျွန်ုပ်သည်—

(၆) နိဿာယ ပေဋကေ စေဝ၊ တဒညေ သာခုသမ္မတေ။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတော’ယံ ဝိဒုမာနိတော။

ပိဋကသုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုရင်း၊ ဋီကာကျော်, ရူပသိဒ္ဓိ မောဂ္ဂလ္လာန်, မဏိသာရမဉ္ဇူ, အနုဋီကာ, မဓုဋီကာ စသော ကျမ်းများနှင့် အမရကောသ, ဗျာချာသုဓာ, မေဒိနီကောသ, ရာဇနိဃဏ္ဍု, တိကဏ္ဍ သေသ, စိန္တာမဏိ-စသည့် သက္ကတကျမ်းဂန်-စသော ပညာရှင်တို့ ‘ဂန္ထဝင် စာပေ’ ဟု သမုတ်အပ်ကုန်သော ကျမ်းစာမြတ် များစွာတို့ကိုရင်း မှီငြမ်း ပြု၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ်သော ဤ ပခုက္ကူ အဘိဓာန်နိဿယသစ် ကျမ်းကြီးကို ကြိုးပမ်း ရေးသားစီရင်အပ်ပါ သတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊ သုသာရံ သုပကာသယံ။

အကျွန်ုပ်၏ မျှားလှုထွေပြား စာချ, စာရေး, စာပေ အလုပ်ကိစ္စတွေ အကြားမှ စိတ်အားထက်သန်စွာ ပြုစီရင်အပ်သော ဤ ပခုက္ကူအဘိဓာန် နိဿယသစ်ကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာတော်တည်သရွေ့ ကာလပတ်လုံး အဘိဓာန်ကျမ်းလာ ပုဒ်ပါဌ် သဘောသကန် ဆိုလိုရင်းနှင့် စပ်သည့် ကောင်းမြတ်သော အဓိပ္ပါယ်ကို ပြလျက် တည်ထွန်းနေပါစေ သတည်း။

(၈) အနေန သုဝိသိဋ္ဌေန၊ ပုညေန’ ညေန ကမ္မုနာ။
မနိသိဘိ ဂုရူဟေဝ၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤ ပခုက္ကူ အဘိဓာန် နိဿယသစ် ကျမ်းကြီးကို ကြိုးပမ်းရသော ကောင်းမှုထူးနှင့် အခြားကျမ်းဂန်များစွာတို့ကို ရေးသားရသောကောင်းမှု, စာပေကျမ်းစာ ချပို့ရသောကောင်းမှု အစုစုတို့ကြောင့် ပညာရှင်ကြီးများ သာ ဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့် အတူ အမတကျွန်း သိဝနန်းသို့ စံမြန်းရပါစေသတည်း။

ပခုက္ကူအဘိဓာန်နိဿယသစ်ကျမ်းကြီး အလုံးစုံ ပြီးပြီ။

# အဘိဓာန်ပုဒ်-အက္ခရာစဉ်


| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [အ] | |
| အံသ | ၂၆၄,၄၇၅,*၁၁၀၂ |
| အံသု | ၆၄,*၁၁၂၁ |
| အံသုက | ၂၉၀ |
| အံသုမာလီ | ၆၃ |
| အ | ၁၁၄၈ |
| အကတ | ၈ |
| အကလ္လ | ၃၂၃ |
| အကိဉ္စန | ၈၁၉ |
| အကိ ပသု | ၅၁၆ |
| အကုသလ | ၇၄ |
| အက္က | ၆၃,၅၇၁,*၁၁၀၂ |
| အက္ကောသန | ၈၁၉ |
| အက္ခ | ၁၄၉,၃၈၅,၄၈၉,၅၃၂, ၅၆၉,*၇၉၃ |
| အက္ခက | ၂၈၇ |
| အက္ခဏ | ၄၇ |
| အက္ခတ | ၄၆၃,*၁၁၃၃ |
| အက္ခဒဿ | ၃၄၁ |
| အက္ခဒေဝီ | ၅၃၁ |
| အက္ခဓုတ္တ | ၅၃၁ |
| အက္ခရ | ၈,၃၄၇,*၁၀၆၃ |
| အက္ခိ | ၁၄၉ |
| အက္ခက | ၂၅၉ |
| အက္ခိကောဋိ | ၂၆၁ |
| အက္ခောဘိနီ(ဏီ) | ၄၈၅ |
| အက္ခောဘိနီသေနာ | ၃၇၂ |
| အခါတ | ၆၇၀ |
| [အ] | |
| အခိလ | ၈၀၂ |
| အဂ | ၅၃၉,*၁၁၁၈ |
| အဂဒ | ၃၃၀ |
| အဂရု | ၃၀၂ |
| အဂဠု | ၃၀၂ |
| အဂါဓ | ၆၆၉ |
| အဂါရ | ၂၀၅ |
| အဂ္ဂ | ၅၄၂,၆၉၆,၈၁၅,*၇၄၃ |
| အဂ္ဂဇ | ၂၅၄ |
| အဂ္ဂည | ၆၉၅ |
| အဂ္ဂဘော | ၁၁၄၇ |
| အဂ္ဂလတ္ထမ္ဘ | ၂၁၈ |
| အဂ္ဂိ | ၃၄ |
| အဂ္ဂိဇာလာ | ၅၇၉ |
| အဂ္ဂိနန္ဒ | ၅၈၄ |
| အဂ္ဂိသညိတ | ၅၁၉ |
| အဂ္ဂိသာလာ | ၂၁၄ |
| အဂ္ဃ | ၄၂၄,*၁၀၅၇ |
| အဂ္ဃိယ | ၄၂၄ |
| အဃ | ၄၆,၇၄,၇၉,*၉၄၁ |
| အင်္ဂ | ၅၅,၂၈၆,*၁၀၄၃ |
| အင်္ဂုရ | ၅၄၃ |
| အင်္ဂုသ | ၃၆၈ |
| အင်္ဂေါလ | ၅၅၈ |
| အင်္ဂျ | ၁၄၃ |
| အင်္ဂ | ၁၇၅,၂၇၈,၁၁၃၉ |
| အင်္ဂဇာတ | ၂၈၂ |

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [ အ ] | |
| အင်္ဂဏ(န်) | ၂၁၈,*၈၅၉ |
| အင်္ဂဒ | ၂၈၇ |
| အင်္ဂနာ | ၂၃၀ |
| အင်္ဂဝိက္ခေပ | ၁၁၁ |
| အင်္ဂဟာရ | ၁၀ |
| အင်္ဂါနုသာရီ | ၃၉ |
| အင်္ဂါရ | ၄၆ |
| အင်္ဂီရသ | ၁,၁၇၉ |
| အင်္ဂုဋ္ဌ | ၂၆၆ |
| အင်္ဂုလ | ၁၉၅ |
| အင်္ဂုလိမာန | ၄၇၁ |
| အင်္ဂုလိမုဒ္ဒါ | ၂၈၇ |
| အင်္ဂုလီ | ၂၆၆ |
| အင်္ဂုလီယက | ၂၆၆ |
| အင်္ဂုလျာဘရဏ | ၂၈၆ |
| အစလ | ၆၁၅ |
| အစိရပ္ပဘာ | ၄၈ |
| အစိရဝတီ | ၆၈၂ |
| အစေလက | ၄၄၀ |
| အစ္စနာ | ၄၂၅ |
| အစ္စန္တကောဓန | ၇၃၂ |
| အစ္စယ | ၄၀၄,*၁၁၁၇ |
| အစ္စိ | ၃၅,*၁၁၀၂ |
| အစ္စိတ | ၇၂၀ |
| အစ္စိမန္တု | ၃၇ |
| အစ္စုတ | ၈ |
| အစ္ဆ | ၆၁၂,၆၇၁,*၁၀၂၅ |
| အစ္ဆရ | ၁၀၇ |
| အစ္ဆရာ | ၂၄,၆၆ |
| အစ္ဆရိယ | ၇၄၆ |
| အစ္ဆာဒန | ၂၉၀,၁၁၀၄ |
| အစ္ဆိ | ၁၄၉ |

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [ အ ] | |
| အဇ | ၅၀၂ |
| အဇဂရ | ၆၅၁ |
| အဇည | ၄၀၁ |
| အဇပါလက | ၃၀၃ |
| အဇာ | ၅၀၂ |
| အဇိန | ၄၄၂ |
| အဇိနပတ္တာ | ၆၄၆ |
| အဇိနယောနိ | ၆၁၇ |
| အဇိမှ | ၇၀၈ |
| အဇိရ | ၂၁၈ |
| အဇ္ဇ | ၁၁၅၅ |
| အဇ္ဇုက | ၅၇၉ |
| အဇ္ဇုန | ၅၆၂ |
| အဇ္ဈက္ခ | ၃၄၃ |
| အဇ္ဈာစာရ | ၄၃၀ |
| အဇ္ဈာရောဟ | ၆၇၃ |
| အဇ္ဈာသယ | ၇၆၆ |
| အဇ္ဈေသနာ | ၄၂၇ |
| အဇ္ဈောဟရ | ၇၅၇ |
| အဉ္ဇန | ၃၀,၁၈၆ |
| အဉ္ဇလိ | ၂၆၈ |
| အဉ္ဇသ | ၁၉၀ |
| အည | ၇၁၇ |
| အညတရ | ၇၁၇ |
| အညထာဘာဝ | ၇၇၆ |
| အညဒတ္ထု | ၁၁၇၀ |
| အညာ | ၄၃၆ |
| အညာဏ(န်) | ၁၆၈ |
| အဍ္ဎ | ၄၇၅ |
| အဍ္ဎန်(နိ) | ၃၁၉ |
| အဍ္ဎဝိ (ဝီ) | ၅၃၆ |
| အဏ္ဏ | ၂၀၄,*၁၁၂၆ |

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [ အ ] | |
| အဋ္ဋဟာသ | ၁၇၅ |
| အဋ္ဋာလက | ၂၀၄ |
| အဍ္ဎက | ၁၀၉ |
| အဍ္ဎင်္ဂိကသရ | ၁၂၉ |
| အဍ္ဎပဒ | ၅၃၂ |
| အဍ္ဎပရိက္ခာရ | ၄၃၉ |
| အဍ္ဎပရိသာ | ၄၁၅ |
| အဍ္ဎမဟာနိရယ | ၆၅၇ |
| အဍ္ဎာနရိယဝေါဟာရ | ၁၂၂ |
| အဍ္ဎိ | ၂၇၈ |
| အဏု | ၅၃,၇၂၅,*၁၀၃၉ |
| အဏုတိယ | ၄၇၇ |
| အဏုဘေယျ | ၄၄၈ |
| အဏုယောဂ | ၂၀၉ |
| အဏုရတ္တ | ၇၀ |
| အဏုဏု | ၄၇၇ |
| အဏ္ဏု | ၁၉၄,၇၀၅ |
| အဏ္ဍ | ၂၇၃,၆၂၇,*၁၀၉ |
| အဏ္ဍဇ | ၆၂၄,၇၄၁,*၁၀၈၀ |
| အဏ္ဍုပက | ၄၅၈ |
| အဏ္ဏ | ၆၆၁ |
| အဏ္ဏဝ | ၆၅၉ |
| အတလမ္ဖဿ | ၆၆၉ |
| အတသီ | ၄၅၂ |
| အတိ | ၁၁၃၈,*၁၁၈၂ |
| အတိက္ကမ | ၇၇၆ |
| အတိစာရိကာ(နီ) | ၂၃၈ |
| အတိတဏှ | ၇၂၉ |
| အတိထိ | ၄၂၄ |
| အတိန္ဒြိယ | ၇၁၆ |
| အတိပါတ | ၇၇၆ |
| အတိမုတ္တ | ၄၁ |

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [ အ ] | |
| အတိမုတ္တ | ၅၇၇ |
| အတိမုတ္တက | ၅၅၅ |
| အတိရိတ္တ | ၇၁၂ |
| အတိဝိသာ | ၅၈၆ |
| အတိသယ | ၄၁,၇၆၁,၇၇၁ |
| အတီဝ | ၁၁၃၈ |
| အတ္တ | ၇[illegible]၄ |
| အတ္တနိယ | ၇၃၆ |
| အတ္တဘာဝ | ၁၅၁ |
| အတ္တမနတာ | ၈၇ |
| အတ္တာ | ၉၂,*၈၆၁ |
| အတ္ထံ | ၁၁၅၄ |
| အတ္ထ | ၄၈၅,၆၀၆,*၇၈၅,၁၁၆၁ |
| အတ္ထနာ | ၇၅၉ |
| အတ္ထသတ္ထ | ၁၁၃ |
| အတ္ထာပဂမ | ၇၆၄ |
| အတ္ထိ | ၁၁၅၄ |
| အတ္ထီ | ၇၄၀ |
| အတ္ထု | ၁၁၅၁ |
| အတြ | ၁၁၆၁ |
| အတြဇ (အတ္တဇ) | ၂၄၀ |
| အထ | *၁၁၉၀ |
| အထော | *၁၁၉၀ |
| အဒဿန | ၇၇၀ |
| အဒါသ | ၅၁၆ |
| အဒိတိ | ၈၃ |
| အဒုက္ခမသုခါ | ၁၅၉ |
| အဒ္ဒ | ၇၅၃ |
| အဒ္ဒက | ၄၅၉ |
| အဒ္ဒါ | ၅၈ |
| အဒ္ဒိ | ၆၀၅ |
| အဒ္ဓ | ၅၃,၅၄,၆၆,၁၉၀,*၉၉၅ |

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [အ] | |
| အဒ္ဓဂု (ဂူ) | ၃၄၇ |
| အဒ္ဓါ | *၉၉၅,၁၁၄၀ |
| အဒ္ဓါန | ၁၉၂,*၁၁၀၀ |
| အဒ္ဓုဝ | ၂၀၂ |
| အဓမ | ၇၀၀,*၁၀၇၁ |
| အဓမ္မ | ၄၇၀ |
| အဓရ | ၂၆၂,*၉၃၀ |
| အဓိ | *၁၁၇၇ |
| အဓိက | ၇၁၂ |
| အဓိကတ | ၃၄၃ |
| အဓိကရဏ | *၈၆၈ |
| အဓိကရဏီ | ၅၂၇ |
| အဓိကောဋ္ဋန | ၅၂၁ |
| အဓိဂတ | ၄၃၅ |
| အဓိစ္စကာ | ၆၁၀ |
| အဓိဋ္ဌာန | *၁၀၃၂ |
| အဓိပ | ၇၂၅ |
| အဓိပတိ | ၇၂၅ |
| အဓိပ္ပါယ | ၇၆၆ |
| အဓိဘူ | ၇၂၅ |
| အဓိမုတ္တိ | ၇၃၆ |
| အဓိမောက္ခ | ၁၅၉ |
| အဓိရောဟိဏီ | ၂၁၆ |
| အဓိဝါသန | ၁၀၄ |
| အဓိဝါဟ | *၉၅၉ |
| အဓီန | ၇၂၈ |
| အဓီရ | ၇၃၁ |
| အဓုနာ | ၁၁၄၁ |
| အဓော | ၁၁၅၆ |
| အဓောဂမ | ၃၈ |
| အဓောဘုဝန | ၆၄၉ |
| အန | ၃၇၃ |
| [အ] | |
| အနဏ္ဏ | ၆၆၉ |
| အနဓိဝရ | ၂ |
| အနန္တ | ၇,၆၅၁ |
| အနဘိရဒ္ဓိ | ၁၆၄ |
| အနယ | *၉၈၀ |
| အနရိယ | ၄၃၅ |
| အနရိယဝေါဟာရ | ၁၂၂ |
| အနလ | ၃၃ |
| အနဝယတ | ၄၁ |
| အနာထပိဏ္ဍိက | ၄၃၇ |
| အနာဒရ | ၁၇၂ |
| အနာမယ | ၃၃၁ |
| အနာမိကာ | ၂၆၆ |
| အနာယတ | ၄၁ |
| အနာလယ | ၆ |
| အနာသဝ | ၇ |
| အနိဒဿန | ၇ |
| အနိဋ္ဌုရိ | ၂၀၂ |
| အနိမိသ | ၁၂,*၁၀၄၄ |
| အနိလ | ၃၇ |
| အနိလပထ | ၄၅ |
| အနိသမ္မကာရီ | ၇၂၈ |
| အနီက | ၃၈၁ |
| အနီကဋ္ဌ | ၃၄၂ |
| အနီတိက | ၇ |
| အနု | *၁၁၇၄ |
| အနုကမ္ပာ | ၁၆၀ |
| အနုက္ကမ | ၄၂၈ |
| အနုစရ | ၃၈၀ |
| အနုစ္ဆဝိက | ၇၁၅ |
| အနုဇ | ၂၅၄ |
| အနုဇီဝီ | ၃၄၂ |

[အ]

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| အနုဇ | ၇၃၇ |
| အနုတာပ | ၁၆၉ |
| အနုတ္တရ | ၆၉၄,*၉၅၃ |
| အနုဒိသာ | ၂၉ |
| အနုဒ္ဒယာ | ၁၆၀ |
| အနုပုဗ္ဗီ | ၄၂၉ |
| အနုဗန္ဓ | *၉၈၁ |
| အနုယောဂ | ၁၁၅ |
| အနုရာဓာ | ၅၉ |
| အနုရောဓ | ၃၄၅ |
| အနုလာပ | ၁၂၃ |
| အနုဝတ္တန | ၃၄၅ |
| အနုဝါဒ | ၁၂၀ |
| အနုသယ | *၈၅၃ |
| အနုသာသန | ၃၅၄ |
| အနုသိဋ္ဌိ | ၃၅၄ |
| အနုဿတိ | ၁၅၈ |
| အနူနက | ၇၀၂ |
| အနူပ | ၁၈၇ |
| အနောတတ္တ | ၆၇၉ |
| အန္တ | ၄၀၄,၇၁၄,*၇၉၁ |
| အန္တက | ၄၃ |
| အန္တဂ္ဂတ | ၇၁၂ |
| အန္တရ | ၂၃၂,၇၇၁,*၈၀၂ |
| အန္တရဓာန | ၅၁ |
| အန္တရဝါသက | ၂၉၂ |
| အန္တရာ | ၁၁၇၀ |
| အန္တရာယ | ၇၆၅ |
| အန္တိချပ | ၆၆၄ |
| အန္တရီယ | ၂၉၂ |
| အန္တရေန | ၁၁၃၇,၁၁၅၁ |
| အန္တလိက္ခ | ၄၅ |

[အ]

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| အန္တဝဏ္ဏ | ၅၀၃ |
| အန္တိက | ၆၇၉ |
| အန္တိမ | ၇၁၄ |
| အန္တေပုရ | ၂၁၅ |
| အန္တေဝါသီ | ၄၀၈ |
| အန္တော | ၁၁၅၀ |
| အန္တောဂဓ | ၇၄၂ |
| အန္တောဇာတ | ၅၁၅ |
| အန္ဒုက | ၃၆၄ |
| အန္ဓ | ၃၂၁ |
| အန္ဓကာရ | ၇၀ |
| အန္ဓတမ | ၇၂ |
| အန္န | ၄၂၂,၄၆၅*၁၁၀၃ |
| အန္ဝယ | ၃၃၂ |
| အန္ဝေသနာ | ၄၂၈ |
| အန္ဝေသိတ | ၇၅၃ |
| အပ | ၁၁၈၄ |
| အပက္ကမ | ၄၀၂ |
| အပစယ | ၇၆၃,*၁၀၈၂ |
| အပစာယိတ | ၇၅၀ |
| အပစိတ | ၇၅၀ |
| အပစိတိ | ၄၂၅,*၁၁၁၈ |
| အပစ္စ | ၂၄၀ |
| အပဏ္ဏက | ၆၉၈ |
| အပထ | ၁၉၃ |
| အပဒါန | *၉၆၄ |
| အပဒေသ | *၈၆၀ |
| အပဓာရဏာ | ၅၀ |
| အပမာရ | ၃၂၅ |
| အပရဂေါယာန | ၁၈၃ |
| အပရဏ္ဏ | ၄၅၀ |
| အပရသေလ | ၆၀၆ |

| အဘိဓာန်ပုဒ် | ဂါထာအမှတ် |
|---|---|
| [ အ ] | |
| အပရာဇိတာ | ၅၈၄ |
| အပရာဓ | ၃၅၅ |
| အပလောကိတ | ၇ |
| အပဏ္ဏ | ၈,*၉၁၀ |
| အပဝဋ္ဋန | ၄၂၀ |
| အပဝါဒ | ၁၂၁ |
| အပသဗျ | ၇[illegible]၉ |
| အပဿာရ | ၃၂၅ |
| အပါယ် | ၂၆၁,*၁၁၀၈ |
| အပါဠိ | ၂၉ |
| အပါန် | ၄၉ |
| အပါမဂ္ဂ | ၅၀၃ |
